www.shwezinu.com မှကူးယူပါသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၁)

ပထမအကြိမ် ထုတ်ဝေစဉ်က မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်၏ မူရင်းဝတ္ထုရေးသူ ကမ္ဘာကျော် စာရေးဆရာကြီး ဝီးလ်ဘားစမစ် (WILBUR SMITH) ၏ အကြောင်းနှင့်တကွ ဤ ဝတ္ထုဇာတ်လမ်း ဖြစ်ပျက်ရာ နောက်ခံဒေသ အကြောင်းကို စာဖတ်သူများ သိထားခြင်းအားဖြင့် ဝတ္ထုဇာတ်လမ်း အရသာကို ပိုမိုပြည့်စုံစွာ ခံစားနိုင်လိမ့်မည်ဟု ယူဆမိပါသဖြင့် စာရေးဆရာနှင့်တကွဇာတ်လမ်း၏နောက်ခံဒေသတို့အကြောင်းကိုမိတ်ဆက်သဘော ရေးသားတင်ပြလိုက်ရပါသည်။

စာရေးဆရာကြီး ဝီလ်ဘားစမစ်သည် မျက်နှာဖြူလူမျိုးတစ်ဦး ဖြစ်လင့်ကစား အာဖရိကတိုက် ဇင်ဘီယာနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပါသည်။ အာဖရိကရှိ ရို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး သူ၏ဘဝတစ်လျှောက်လုံးတွင် အာဖရိကၵ်ပင် နေထိုင်ခဲ့သည်။ သူသည် အာဖရိကတိုက်ရှိ တောရိုင်း တိရစ္ဆာန်များကို အထူးစိတ်ဝင်စားကာ ရှားပါးတိရစ္ဆာန် မျိုးဆက်မပြုတ်ရေးကိုလည်း အလွန်လိုလား သူဖြစ်သည်။

သူသည် စာပေရေးသားမှု ဝါသနာပါသည့်အလျောက် ၁၉၆၄ ခုနှစ်မှစ၍ အချိန်ပြည့် စာရေးဆရာ အဖြစ် တောက်လျှောက် ရေးသားခဲ့ရာ သူ၏ဝတ္ထု အားလုံးလိုလိုမှာ အာဖရိကတိုက်ရှိ နိုင်ငံများကို နောက်ခံကားအဖြစ်ထားပြီး ရေးသားလေ့ရှိသည်။

အာဖရိကတိုက်တွင် မွေးဖွား ကြီးပြင်းပြီး အာဖရိကတိုက်တွင်ပင် တောက်လျှောက်နေခဲ့သူဖြစ်သည့် အလျောက် ဝီးလ်ဘားစမစ်၏ဝတ္ထုများမှာ အာဖရိကတိုက်၏ အခြေအနေကို အလွန်တိကျ မှန်ကန်စွာ သရုပ်ဖော်နိုင်စွမ်းရှိရုံမက နိုင်ငံတကာစာဖတ်ပရိတ်သတ်၏ စိတ်အာရုံကိုထူးခြားစွာဆွဲဆောင်ဖမ်းစားနိုင်သဖြင့် ယခုဆိုလျှင် သူ၏ဝတ္ထုများသည် ကမ္ဘာ့စာပေလောကတွင် အရောင်းရ အတွင်ကျယ်ဆုံး၊ စောင်ရေအများဆုံး ဘက်စ်ဆယ်လာ စာရင်းဝင်ဖြစ်နေပေပြီ။

ဤဝတ္ထုတွင် အဓိဇာတ်ဆောင်အဖြစ် အာဖရိကတိုက်တွင် မွေးဖွားကြီးပြင်းခဲ့သူ မျက်နှာဖြူလူမျိုး ကမ္ဘာကျော်စာရေးဆရာခရိတ်ဆိုသူအားဖန်တီးထားပြီး ဇာတ်လမ်းဖြစ်ပျက်ရာဒေသအဖြစ် အာဖရိကတိုက်ဇင်ဘာဘွေနိုင်ငံကို နောက်ခံဒေသအဖြစ် ရေးသားထားပါသည်။

ဇင်ဘာဘွေနိုင်ငံအကြောင်းအနည်းငယ်ရှင်းပြရန်လိုပါမည်။ ဇင်ဘာဘွေနိုင်ငံ၏မူလနာမည်မှာရိုဒီးရှား နိုင်ငံဖြစ်လေသည်။ ထိုနိုင်ငံကို စတင်အခြေစိုက် တည်ထောင်ခဲ့သူ မျက်နှာဖြူလူမျိုးရိုဒ်ဆိုသူ၏ နာမည်ကို အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် ရိုဒီးရှားဟု အမည်ပေးခဲ့ပြီး မကြာသေးမီကာလအထိ မျက်နှာဖြူ လူနည်းစုကသာ စိုးမိုး အုပ်ချုပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားသည့်နောက်ပိုင်းတွင် ထိုနိုင်ငံ၏ ဒေသခံတိုင်းရင်းသား အများစုဖြစ်သော ကပွလီ(လူမည်း)များသည် မျက်နှာဖြူလူနည်းစု၏အုပ်စိုးမှုလက်အောက်မှ လွတ်မြောက်ရန်လက်နက်ကိုင် တော်လှန်တိုက်ခိုက်ခဲ့ကြရာ ယင်းတော်လှန်ရေးတိုက်ပွဲမှာ ပြင်းထန်သလောက် အလွန်ကြာရှည်ခဲ့လေသည်။

ထိုအခါ ကိုလိုနီနယ်ချဲ့စနစ်ကိုဆန့်ကျင်သူ အာဖရိကတိုက်ရှိ အခြားအင်အားစုများကလည်း လူမည်းတို့၏တော်လှန်ရေးကို အားပေးခဲ့ကြရုံမကအခြားနိုင်ငံများကပါ ထောက်ခံအားပေးခဲ့ကြသည်။

နောက်ဆုံးတွင်တိုင်းရင်းသားလူမည်းတို့၏တော်လှန်ရေးအောင်မြင်ထမြောက်ပြီး လူမည်းများအာဏာရကာ အောင်ပွဲခံနိုင်ခဲ့သည်။ နိုင်ငံ၏အမည်ကိုလည်း ကိုလိုနီနယ်ချဲ့စနစ်၏ အမှတ်အသား ဖြစ်သည့် ရိုဒီးရှားအမည်ကို ပယ်ဖျက်ကာ မူလအာဖရိကတိုင်းရင်းတို့၏ အခေါ်အဝေါ်ဖြစ်သော ဇင်ဘာဘွေဟု နာမည်ပြောင်းခဲ့ကြသည်။ ယခုဆိုလျှင် ဇင်ဘာဘွေသည် ကုလသမဂ္ဂအဖွဲ့ကြီးတွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခွင့်ပင်ရရှိနေပြီဖြစ်သည်။

သို့ရာတွင် ဝမ်းနည်းဖွယ်ကောင်းသည်ကား ဇင်ဘာဘွေနိုင်ငံတွင် ဒေသခံတိုင်းရင်းသား လူမည်းများမှာ တစ်မျိုးတည်းမဟုတ်ဘဲ လူဦးရေ အင်အားအများဆုံးလူမျိုး အုပ်စုနှစ်ခု ရှိနေလေသည်။ လူမျိုးအုပ်စုတစ်စုကရှိနာအုပ်စုဖြစ်ပြီး ကျန်အုပ်စုတစ်ခုမှာမာတာဘယ်လီဟုခေါ်လေသည်။ လက်ရှိအစိုးရအဖွဲ့တွင် ရှိနာအုပ်စုက အင်အားများ၍ လက်ဝါးကြီးအုပ်ကြီးစိုး ခြယ်လှယ်ကာ မာတာဘယ်ဘီအုပ်စုထဲမှ ဝန်ကြီးတစ်ဦးသာနေရာရလေသည်။

လူမျိုးအုပ်စုချင်း မသင့်မတင့်ရှိရုံမက တစ်ဖက်နှင့်တစ်ဖက် ရန်သူသဖွယ်မုန်းတီးကြလေရာ အာဏာရရှိနာတိုင်းရင်းသားတို့က မာတာဘယ်လီ လူမျိုးအုပ်စုတို့အား နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်း၊ အနိုင်ကျင့်ညှင်းပန်းခြင်းများ ပြုလုပ်နေကြလေသည်။ ဤသို့လျှင် ဇင်ဘာဘွေနိုင်ငံအတွင်းတိုင်းရင်းသားလူမျိုးအုပ်စုကြီးနှစ်ခု ပဋိပက္ခပြင်းထန်နေချိန်တွင် ကမ္ဘာ့နိုင်ငံကြီးများကမသိမသာဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများပါ စတင်ပေါ်ပေါက်လာလေသည်။

ယင်းအခြေအနေတွင် ဇင်ဘာဘွေနိုင်ငံသား ဇာတိမျက်နှာဖြူ စာရေးဆရာခရိတ်က သူ၏ဇာတိနိုင်ငံသို့ တစ်ကျော့ပြန်ရောက်ရှိလာချိန်၌ လူမျိုးအုပ်စုကြီးများ ပဋိပက္ခမှုအကြား တွေ့ကြုံခံစားရပုံများကို စိတ်ဝင်စားဖွယ် ဇာတ်လမ်း ဖန်တီးထားခြင်းဖြစ်ပါသတည်း။

အခန်း (၁)

အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံ တစ်နေရာရှိ တောတောင် ထူထပ်သော ဒေသတစ်ခုမှာ ဇမ်ဘောဇီ မြစ်ဝှမ်း ဒေသတစ်နေရာပင် ဖြစ်သည်။ တောင်ဘက်စူးစူးရှိ နာမည်ကြီး ကာလာဟာရီ သဲကန္တာရကြီးပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသောလေသည် ထိုဒေသရောက်ချိန်တွင် လေက မထန်လှတော့ချေ။ အလွန် ထွားကျိုင်းသော ဆင်ထီးကြီး တစ်ကောင်သည် တောင်ကုန်းတစ်ခု၏ အောက်ခြေတွင် ရပ်ပြီး လေကို ရှူရှိုက်ရင်း အနှံ့ခံနေလေသည်။

ထိုဆင်ကြီးသည် ဆင်ရိုင်းအုပ်စုကြီးတစ်အုပ်၏ ဦးစီးခေါင်းဆောင် ဆင်ထီးကြီးပင်ဖြစ်ပြီး ကျန်ဆင်များ သွားလာ လှုပ်ရှားရာ ၌ ဘေးအန္တရာယ် ကင်းမည့်နေရာများကို ဆင်ထီးကြီးက ဦးဆောင် လမ်းပြလျက် ခေါ်သွားတတ်လေသည်။ ဆင်ထီးကြီး၏ နာခေါင်းတွင် သစ်ရိုင်းပင်၊ သစ်သီးရိုင်းပင်တို့၏ အနှံ့၊ ဝေးလံသောဒေသမှ ငရုတ်ကောင်းနှံများ၊ တောင်အောက်ရှိကျွဲရိုင်းအုပ်များ၏အနှံများရနေလေသည်။ သို့သော် ဆင်ထီးကြီး ရှာဖွေနေသည့်အနှံမှာ ထိုအနှံများ မဟုတ်ချေ။ သူ ရှာနေသည်ကား ဆင်တို့၏ အကြီးဆုံး ရန်သူဖြစ်သောလူနှံ့ဖြစ်သည်။ လူတို့သောက်သော ဆေးလိပ်နှံ့အပါအဝင် အသားစားသော လူသားတို့၏အနှံ့ကို ရှာနေခြင်းဖြစ်သည်။

ဆင်ထီးကြီးသည် အတန်ကြာကြာရပ်၍ အနှံ့ခံနေပြီးနောက် သူသတိထားရှာနေသော လူနှံ့ကိုရလေသည်။ ချက်ချင်းပင် ဆင်ကြီးသည် ဒေါသထွက်လာလေသည်။ သူတို့ ဆင်အုပ်ကြီးနောက်သို့ လူတွေလိုက်နေခဲ့သည်မှာ ရက်ပေါင်း အတော်ကြာပြီဖြစ်သည်။ ဆင်ထီးကြီးက လိမ္မာပါးနပ်စွာဖြင့် ရန်သူဖြစ်သော လူ၏အနှံ့ကို ခံကာ အန္တရာယ်ကင်းဝေးအောင် ဆင်အုပ်ကြီးကို ဦးဆောင်လျက် တိမ်းရှောင်နိုင်ခဲ့သည်။ သို့သော် ယခု တစ်ဖန် ရန်သူ၏ အနှံ့ကို ရနေပြန်လေပြီ။

ဆင်ထီးကြီးသည် ငယ်ရွယ်စဉ် ဆင်ပေါက်ကလေး ဘဝကပင် လူသားတို့၏ အနှံ့ကို ရလျှင် ရန်သူဟူ၍ သတ်မှတ် ရမည်ဖြစ်ကြောင်း နားလည်ခဲ့သည်။ လူနှံ့ရပြီဆိုလျှင် အလွန်ကြောက်ရွံ့သလောက် မုန်းတီးခဲ့သည်။ ထို့ကြောင့် အသက်ရှင်ရေးအတွက် လူနှံ့ကို အထူးသတိထားလျက် အန္တရာယ်ကို ရှောင်နိုင်ခဲ့သောကြောင့် ယခု အချိန်အထိ အသက်ရှင်နေရခြင်းပင်ဖြစ်လေသည်။

ဇမ်ဘောဇီ မြစ်ဝှမ်းတစ်လျှောက် ရေကြည်ရာ မြက်နရာ ဒေသသည်ကား တောရိုင်း ဆင်အုပ်များ သွားလာလျက် ကျက်စားရာနေရာဖြစ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်သည်။ ထိုမြစ်ဝှမ်း တစ်လျှောက်မှာပင် လူသားတို့ကအဆက်မပြတ် ဆင်များကို လိုက်လံသတ်ဖြတ်ခဲ့ကြသည်။ လောဘ ရမ္မက်ကြီးစွာဖြင့် ဆင်စွယ်များကို ဖြတ်ယူခဲ့ကြသည်။ ဆင်အုပ်များကလည်း လူသားမုဆိုးတို့၏ ရန်ကို လိမ္မာပါးနပ်စွာ တိမ်းရှောင်လျက် အသက်ရှင်ကာ ရပ်တည်နိုင်အောင် ကြိုးစားခဲ့ကြလေသည်။

ဆင်ထီးကြီးအနေဖြင့် နားမလည်နိုင်သော အချက်တစ်ခုရှိသည်။ ယင်းကား ဇမ်ဘောဇီမြစ်ဝှမ်းတစ် လျှောက် လူသားမုဆိုးများ ဆင်အုပ်များကို လိုက်လံသတ်ဖြတ်ခြင်း မပြုဘဲနေခဲ့သည့် ကာလတစ်ခု ပင်ဖြစ်သည်။ အချိန်ကာလ ဆယ့်တစ်နှစ်ခန့် မုဆိုးများတောလိုက်ပြီး ဆင်များကို မပစ်မခတ်တော့ ဘဲနေခဲ့ကြသည်။ ထို့ကြောင့် ယင်းကာလအတွင်း ဆင်အုပ်ကြီးများမှာ အန္တရာယ်ကင်းနေသည်။ ဆင်ထီးကြီးနားမလည်သော ယင်းသို့ဆင်များသတ်ဖြတ်မှုရပ်စဲနေသည့် အကြောင်းကား ဇင်ဘာဘွေ နိုင်ငံ၌ ပြင်းထန်သော ပြည်တွင်းစစ်ကြီး ဖြစ်ပွားနေခဲ့သောကြောင့်ပင်ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်တိုက်ခိုက်နေကြသောပြည်တွင်းစစ်ကာလအတွင်းမုဆိုးများအနေဖြင့်လည်းအန္တရာယ် များလှသောကြောင့် ဆင်များကို ပစ်ခတ်မှု ရပ်စဲနေခဲ့ခြင်း ဖြစ်သည်။ ထိုကာလအတွင်း ဆင်အုပ်ကြီး များမှာ ဘေးအန္တရာယ်ကင်းစွာဖြင့် လူပ်ရှားသွားလာ ကျက်စားနေနိုင်သောကြောင့် ဆင်အုပ်များတိုး ပွားလာခဲ့သည်။

သို့ရာတွင် ယခုတစ်ဖန် ဆင်များကိုသဲသဲမဲမဲ လိုက်လံသတ်ဖြတ်မှုများ ပြန်လည်စတင်လာပြန်သဖြင့် ဆင်အုပ်များမှာ လူတည်းဟူသောရန်သူကို အထူးကြိုးစားရှောင်တိမ်းနေရလေသည်။ ဆင်ထီးကြီး သည် လူနုံ့ ရပြီးဖြစ်၍ သူ၏ဆင်အုပ်ထဲမှ အခြားဆင်များကိုသတိပေးရန် တောင်ကုန်းမှ မြေနိမ့်ရာသို့ ဆင်းလာခဲ့လေသည်။

ဆင်ထီးကြီး ဦးစီးခေါင်းဆောင်သော ဆင်အုပ်မှာ ဆင်ကောင်ရေ သုံးရာခန့် ရှိလေသည်။ ယင်းတို့ အထဲတွင် သားသည်အမေဆင်မများနှင့် ယင်းတို့သားငယ်ဆင်ပေါက်ကလေးများလည်း ပါဝင် လေ သည်။ ဆင်ပေါက်ကလေးများက မိခင် ဆင်မကြီးများထံ နို့စို့နေကြပြီး ကျန်ဆင်ကြီးများကမူ နီးရာ သစ်ပင်များမှ သစ်ရွက်များ၊ သစ်သီးရိုင်းများကို ဆွတ်ခူးစားသောက်နေကြလေသည်။ အရွယ်ရောက် ကာစ ဆင်ထီးငယ်နှစ်ကောင်သည် သစ်ရွက်စိမ်းများပေါများသောသစ်ပင်တစ်ပင်ကို နှစ်ကောင်ပေါင်း သောအင်အားဖြင့်ဆွဲလဲ့ကာ သစ်ရွက်စိမ်းများကို အားပါးတရစားနေကြသည်။ ဆင်အုပ် မှဆင်များ အနေဖြင့် အန္တရာယ်ကို မသိကြသေးချေ။ ခေါင်းဆောင် ဆင်ထီးကြီးသည် ဆင်အုပ်ရှိရာ ခပ်သွက်

သွက်လျှောက်လာရာ ဆင်စွယ်ကြီးများထောင်နေအောင်ဦးခေါင်းထောင်လျက် နားရွက်များပါထောင်နေသဖြင့် အန္တရာယ်ကိုသတိပေးရန် လာနေကြောင်း သိသာထင်ရှားနေပေသည်။

ဆင်အုပ်အနီးသို့ ရောက်လျှင် ဆင်ထီးကြီးသည် သူတို့ ဘာသာသဘာဝအန္တရာယ်ကို သတိပေးသည့်အနေဖြင့် နှာမောင်းကြီးကိုထောင်ကာ တအားမှုတ်လျက် အသံပေးလိုက်လေသည်။ ကျန်ဆင်များအားလုံးသည် ချက်ချင်းပင် ရိပ်မိဟန်ဖြင့် စားသောက်ခြင်းကို ရပ်ဆိုင်းကာ လေစုန်ဘက်ဆီသို့ လျှောက်ပြေးကြလေတော့သည်။ လေစုန်ဘက်သို့ ပြေးသည့်သဘောမှာ နောက်မှရန်သူများ လိုက်လာလျှင် ရန်သူ၏အနံ့ကိုဆင်များကရမည်ဖြစ်ပြီး လွတ်ရာသို့တိမ်းရှောင်ထွက်ပြေးနိုင်ရန် ဖြစ်လေသည်။

ယခုကဲ့သို့ ရန်သူလိုက်လာပြီဆိုလျှင် ဆင်များသည် လုံးဝမရပ်နားဘဲ နှစ်ရက်နှင့် တစ်ညတိတိတောက်လျှောက် ပြေးသွားနိုင်စွမ်းရှိပေသည်။ ခေါင်းဆောင် ဆင်ထီးကြီးသည် ရန်သူ (လူသား)တို့၏အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေလေသည်။ မှတ်မှတ်ရရ လူနံ့ရခဲ့သည်မှာ ရှစ်ရက်ခန့်ရှိပြီဖြစ်သည်။ လူနံ့ရလိုက် တိမ်းရှောင်ထွက်ပြေးလိုက်နှင့် ရှစ်ရက်ကြာခဲ့သည်။ ဘာကြောင့် လူတွေက သဲသဲမဲမဲ လိုက်နေရလေသနည်းဟု ဆင်ထီးကြီးမှာ နားမလည်နိုင်အောင် ဖြစ်နေရှာသည်။

လေစုန်အတိုင်း သွားနေသဖြင့် ဆင်များက လူနံ့ကို ကောင်းစွာရနေခြင်းဖြစ်သည်။ လူတွေကလည်း အတော်များပုံရသည်။ ဆင်တွေက လူနံ့ရနေအောင် တမင်သက်သက် လုပ်နေသည်ဟုလည်း ထင်ရသည်။ သို့သော် အနံ့သာရပြီး လူတွေကိုတော့ ဆင်များက မမြင်ရချေ။ တမင်သက်သက် ဆင်တွေ မမြင်အောင် ရှောင်နေခြင်းလည်း ဖြစ်နိုင်သည်။

ဆင်အုပ်ခေါင်းဆောင် ဆင်ထီးကြီးသည် တစ်ကြိမ်သာလျှင် လူ အရိပ်အယောင် မြင်ခဲ့ရသည်။ လူနံ့ရပြီး ငါးရက်မြောက်သောနေ့က ဆင်ထီးကြီးသည် စိတ်တိုတိုနှင့် ဆင်အုပ်မှ ခွဲထွက်လာကာ လာသည့်လမ်းအတိုင်း တောင်စူးစူးဘက်သို့ ပြန်လှည့်သွားကြည့်ရာ လူတွေကို မြင်ခဲ့ရသည်။ သို့သော် လူများက ဆင်ကြီးသွားသည့်လမ်းမှ ပိတ်ကာဆီးပြီး သံပုံးများဆူညံစွာ ရိုက်တီး၍ တောခြောက်ခဲ့ကြသည်။
ဆင်ထီးကြီးကလည်း ဆက်မသွားနိုင်တော့ဘဲ ပြန်လှည့်ကာ ဆင်အုပ်ရှိရာသို့ ပြန်လှည့်ခဲ့ရသည်။ ထို့နောက် ဆင်ထီးကြီးအား ရှေ့ဆောင်လျက် ဇမ်ဘောဇီမြစ်ကြီးရှိရာသို့ ဦးတည် ခေါ်ဆောင်သွားပြန်လေသည်။

ဆင်အုပ်ကြီး ယခု သွားနေသော တောလမ်းမှာ ရှေးနှစ်ပေါင်း ထောင်ချီ၍ ဆင်များ လူပ်ရှားသွား လာနေကျဆင်လမ်းတစ်ခုပင်ဖြစ်သည်။ လူတည်းဟူသောရန်သူနှင့် ဝေးနိုင်သမျှဝေးအောင် သွားရန် လိုအပ်သောကြောင့် ဆင်ထီးကြီးသည် ဆင်အုပ်မှဆင်များအား တစ်ညလုံး တောက်လျှောက် မရပ် မနား ဆက်သွားစေလေသည်။ လရောင်မရှိသောညဖြစ်၍ မှောင်မိုက်ထဲမှာပင် ဆင်အုပ်ကြီးများသည် သစ်တောများအကြား ဆက်လက်သွားလေသည်။

ညသန်းခေါင်ယံ အချိန်တွင် ခေါင်းဆောင်ဆင်ထီးကြီးသည် ဆင်အုပ်နောက်မှချန်ရစ်ပြီး အခြေအနေ ကို စောင့်ကြည့်ရာ လူနှံ့ရနေသေးသဖြင့် ဆင်အုပ်ရှိရာသို့ လျင်မြန်စွာပြန်သွားပြီး ခပ်သွက်သွက် သွားစေ လေသည်။

နံနက် အရုဏ်တက်ချိန်တွင် ဆင်အုပ်ကြီးသည် လွန်ခဲ့သော ဆယ်နှစ်အတွင်း မရောက်ခဲ့သော နေရာ တစ်ခုသို့ ရောက်သွားလေသည်။ မြစ်ကမ်းနံဘေးတစ်နေရာဖြစ်ပြီး မကြာသေးမီက လူသား အချင်း ချင်း တိုက်ခိုက် သတ်ဖြတ်ခဲ့ကြသော ပြည်တွင်းစစ်ပွဲကြီးဖြစ်ပွားရာ စစ်တလင်းတစ်နေရာပင် ဖြစ် သည်။ ထို့ကြောင့်ပင်လျှင် ဆင်အုပ်များက ယင်းနေရာကို သတိထား ရှောင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်ယခုတော့မူ နောက်မှလူတွေကတောခြောက် မောင်းနှင်သဖြင့် ရှောင်ရင်းတိမ်းရင်း ဤနေရာ သို့ ရောက်လာ ရခြင်းဖြစ်လေသည်။

ဆင်အုပ်ထဲမှ ဆင်များသည် အန္တရာယ်ဝေးသွားပြီဟုယူဆလျက် စောစောကလောက် လျင်မြန်စွာ မသွားတော့ဘဲ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် သွားနေလေသည်။ ခေါင်းဆောင် ဆင်ထီးကြီးကမူ နောက်မှ လူတွေနှင့်ဝေးလာလင့်ကစား ရှေ့တွင်အန္တရာယ်တစ်စုံတစ်ရာရှိနေလိမ့်မည်ဟု အလိုလိုသင်္ကာမကင်း ဖြစ်မိသဖြင့် အထူးသတိထားလျက် ဖြည်းဖြည်းချင်းဆက်သွားလေသည်။ အန္တရာယ်ရှိမည့်အသံတို့ကို လည်း နားစွင့်လျက်သူ၏ရှေ့ရှိရှုခင်းကို သေချာစွာရှာဖွေကြည့်လေသည်။ ဆင်ကြီးသည် မသင်္ကာ ဖွယ်တစ်စုံတစ်ခုမြင်မိသဖြင့် ရုတ်တရက်ရပ်တန့်လိုက်သည်။

မြင်လိုက်သည့်အရာကား သူ၏မျက်စိတစ်ဆုံးတွင် နံနက်ခင်း၏ နေရောင်ကြောင့် ဝင်းလက်နေသော သတ္တုပစ္စည်းတစ်ခုပင် ဖြစ်လေသည်။ ဆင်ထီးကြီးသည် ကျန်ဆင်များအား အန္တရာယ်ရှိကြောင်း အချက်ပြသည့်အနေဖြင့် နောက်သို့ လျင်မြန်စွာဆုတ်လိုက်ရာ ဆင်အုပ်မှဆင်များလည်း ချက်ချင်း ရပ်တန့်သွားကြသည်။ အတန်ကြာကြာ ငေးစိုက်ကြည့်နေပြီးနောက် ခေါင်းဆောင် ဆင်ထီးကြီးသည်

စိုးရိမ်မကင်းဖြစ်မှု လျော့ပါးသွားလေသည်။ သူကြည့်နေစဉ်အတွင်း လူပ်ရှားမှုတစ်စုံတစ်ရာ အလျဉ်းမတွေ့ရသည့်အပြင် မိမိတို့၏ရန်သူလူအရိပ်အယောင်လည်းမတွေ့ရသဖြင့် စိုးရိမ်မှုလျော့ပါးသွားခြင်းဖြစ်သည်။ သေချာစွာကြည့်လိုက်သောအခါ သတ္တုပြားပစ္စည်းအများအပြား မြေပြင်တွင်ရှိနေသည်ကို တွေ့ရလေသည်။ယင်းသတ္တုပစ္စည်းများတွင်ဝါယာကြိုးများလည်းသွယ်တန်းထားလေသည်။ တိရစ္ဆာန်သာဖြစ်သော ဆင်ထီးကြီးနားမလည်နိုင်သော အရာဝတ္ထုတစ်ခုကား တစ်ချိန်ကရေးထားသောဆိုင်းဘုတ်တစ်ခုပင်ဖြစ်သည်။ ဆိုင်းဘုတ်တွင် အန္တရာယ်ပြု အမှတ်အသားဖြစ်သော လူခေါင်းရိုးနှင့် အရိုးနှစ်ခုကြက်ခြေခတ်ပြထားပြီး အင်္ဂလိပ်ဘာသာဖြင့်...'အန္တရာယ်' သတိ မိုင်းပုံးများရှိသည် ဟုရေးသားထားလေသည်။

ဆင်ထီးကြီးသည် သတိထား၍ အနံ့ခံကြည့်သော်လည်း လူနံ့လုံးဝမရချေ။ အမှန်က ထိုမြေမြှုပ်မိုင်းပုံးများမှာ ယခင်ရိုဒီးရှား (မျက်နှာဖြူ)အစိုးရက တပ်ဆင်ထားသောမိုင်းများ ဖြစ်လေသည်။ တိုင်းရင်းသားလူမည်း(ကပွလီ)ဇင်ဘာဘွေလူမျိုးများကမျက်နှာဖြူအစိုးရအားပြောက်ကျားစစ်ဆင်၍လက်နက်ကိုင် တော်လှန်ခဲ့စဉ်ကာလက ဖမ်ဘေဇီမြစ်တစ်ဖက်ကမ်းမှ လူမည်းပြောက်ကျားများ မြစ်ကိုကူးလာလျှင် မိုင်းပုံးထိစေရန် မျက်နှာဖြူအစိုးရက မိုင်းပုံးများဆင်ထားခဲ့ခြင်း ဖြစ်လေသည်။

ယခု ပြည်တွင်းစစ်ပြီးဆုံး၍ တိုင်းရင်းသားလူမည်းအစိုးရ အာဏာရက၊ ရိုဒီးရှားနိုင်ငံကိုလည်း ဇင်ဘာဘွေဟုအမည်ပြောင်းလျက်လွတ်လပ်သောသမ္မတနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့သည်မှာကြာပြီဖြစ်သည်။ သို့သော် ထိုမိုင်းပုံးများကို မည်သူကမှ မရှင်းဘဲထားခဲ့သဖြင့် ယခုတိုင်ရှိနေခြင်းဖြစ်သည်။ လူသူနှင့်ကင်းဝေးခဲ့ပြီးဖြစ်၍ဆင်ထီးကြီးကလူနံ့ရှာ၍မရခြင်းဖြစ်လေသည်။ ဆင်ထီးကြီးသည်ရှေ့သို့ဆက်သွားသင့် မသွားသင့် ဝေခွဲ၍မရဟန်ဖြင့် ရပ်တန့်နေစဉ် ပတ်ဝန်းကျင် တစ်ခုလုံး ကျယ်လောင်စွာ ဆူညံသည့်အသံများ ထွက်ပေါ်လာလေသည်။ အသံတွေက ဆင်အုပ်ကြီး၏ နောက်ဘက်၊ တောင်စူးစူးဘက်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆင်အုပ်ကြီးအား လူတွေက တောခြောက်၍ မောင်းနှင်နေခြင်းဖြစ်လေသည်။ တောခြောက်သံများ ဆူညံနေသည့်ပြင် သစ်ပင်များ၏ ထိပ်ဖျားအထက်နားဆီမှ ရဟတ်ယာဉ်၏ ပန်ကာဒလက်သံများကပါ ဆူညံစွာ ထွက်ပေါ် လျက်ရှိလေသည်။ ခေါင်းဆောင် ဆင်ထီးကြီးသည် လူသားတို့၏ အန္တရာယ်နီးကပ်လာပြီဖြစ်၍ သူရှေ့ဆောင်လျက် မိုင်းပုံးများရှိရာနေရာဘက်သို့ ပြေးလေတော့သည်။ ကျန်ဆင်များကလည်း ဆင်ထီးကြီးနောက်မှ ပြေးလိုက် လာကြလေသည်။ ခေါင်းဆောင် ဆင်ထီးကြီးသည် မိုင်းပုံးများဆင်ထားရာ နေရာအတွင်း ကိုက်ငါးဆယ်မျှ ဝင်သွားမိချိန်တွင် ပထမဆုံး မိုင်းပုံး

တစ်လုံးသည် ပြင်းထန်စွာ ပေါက်ကွဲလေတော့သည်။ ယမ်းအား အလွန်ပြင်းသော မိုင်းအမျိုးအစား ဖြစ်သောကြောင့် ပေါက်ကွဲသည်နှင့် ဆင်ထီးကြီး၏ နောက်ခြေထောက်ကို လွှနင့်တိုက်ဖြတ်သလို ပြတ်ထွက်သွားစေကာ သွေးသံရဲရဲ ဖြစ်သွားစေလေသည်။ တစ်ချိန်တည်းမှာပင် နောက်ထပ် မိုင်းဗုံး တစ်လုံးပေါက်ကွဲပြန်ရာ ဆင်ထီးကြီးသည် မြေပြင်ပေါ်လဲကျသွားကာ ပြင်းစွာနာကျင်ခြင်း ဝေဒနာ ကြောင့် ဟစ်အော်ညည်းညူနေရှာလေသည်။

ထိုအချိန် ၌ အခြားမိုင်းဗုံးများသည်လည်း တစ်လုံးပြီးတစ်လုံး ဆက်တိုက်ပေါက်ကွဲကုန်သဖြင့် အခြား ဆင် များလည်း မိုင်းဗုံးထိပြီး အတုံးအရုံး လဲကျကုန်ကြလေသည်။ ဆင်ပေါက်ငယ် တစ်ကောင်သည် မိုင်းဗုံး အတော်များများကို လွတ်ကင်းသွားပြီး တအားကြိုးစားပြေးသော်လည်း နောက်မိုင်းဗုံးတစ်လုံး ထိမှန်သွားရှာလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ဆင်များ၏ဟစ်အော် ညည်းညူသံများဖြင့် ဆူညံ လျက်ရှိလေသည်။

မိုင်းဗုံးများကလည်း အဆက်မပြတ် ပေါက်ကွဲလျက်ရှိရာ ဆင်အုပ်ကြီးထဲမှ ဆင်များအားလုံး ထိမှန် ကုန်လေသည်။ ဆင်မအိုကြီး တစ်ကောင်မှာ မိုင်းဗုံးထိ၍ ခြေထောက် လေးဘက်စလုံးပြတ်ထွက် လျက် ဘေးစောင်း လဲကျနေရာမှ နာကျင်သည့်ကြားမှပင် ပြန်ထရန် ကြိုးစားနေရှာလေသည်။ နောက် ဆင်တစ်ကောင်က ဝမ်းဗိုက်နှင့်ပင် မြေပြင်တွင်တွားပြီး ရှေ့သို့တိုးရန် ကြိုးစားနေလေသည်။ ဆင်ပေါက်ငယ်များသည် မိခင်ဆင်မများနှင့်ကွဲသွားရာမှ ထိတ်လန့်တကြား ဟစ်အော်ရင်း လျှောက် ပြေးနေရင်း မိုင်းဗုံးထိမှန်ကုန်ကြလေသည်။

သို့နှင့် စိတ်ထိခိုက်ရင်နာဖွယ်ရာ ဖြစ်ရပ်မှာ အတော်ကြာကြာ ဖြစ်နေရာမှ နောက်ဆုံးဆင်များ၏ ဟစ်အော်သံများ တိတ်ဆိတ် ရပ်စဲသွားလေသည်။ ထိုအခါ မိုင်းဗုံးများရှိရာနေရာ၏ အပြင်ဘက် မြေပြင်သို့ ရဟတ်ယာဉ်တစ်စင်း ဆင်းသက်လေသည်။ အင်ဂျင်စက် ရပ်သွားပြီးနောက် ရဟတ် ယာဉ်ပေါ်မှ လူတစ်ယောက် ဆင်းလာလေသည်။ ထိုလူမှာ ကပ္ပလီ (လူမည်း) တိုင်းရင်းသားတစ်ဦး ဖြစ်ပြီး မျက်နှာဖြူ အစိုးရအား တော်လှန်စဉ်ကာလအတွင်းက လူမည်းပြောက်ကျားများ ဝတ်ဆင် သော ဘောင်းဘီအင်္ကျီဝတ်စုံကို ဝတ်ဆင်ထားလေသည်။ သို့သော်ဖိနပ်ကမူ အနောက်နိုင်ငံသားများ သုံးသည့် ဘွတ်ဖိနပ် အကောင်းစားတစ်ရန် စီးထားပြီး သူ၏ ညာဘက်လက်တွင် အေကေ ၄၇ အမျိုးအစား မောင်းပြန် ရိုင်ဖယ်တစ်လက် ကိုင်ထားလေသည်။ ပုံပန်းသဏ္ဌာန်အားဖြင့် သူသည် ဇင်ဘာဘွေ လူမည်းပြောက်ကျားတပ်မှ အရာရှိကြီး တစ်ဦးဖြစ်ပုံရလေသည်။

ထိုလူကြီးသည် မိုင်းဗုံးများရှိရာ နေရာ အနီးသို့ လျှောက်သွားပြီး ဆင်ကြိုးများမိုင်းဗုံးထိ၍ အတုံးအရုံး သေဆုံးနေသည်ကို ငါးမိနစ်ခန့် လေ့လာကြည့်ရှုနေလေသည်။ ထို့နောက် ရဟတ်ယာဉ် ရှိရာသို့ ပြန်လျှောက်လာလေသည်။

ရဟတ်ယာဉ်ပေါ်မှ ပိုင်းလော့ (လေယာဉ်မှူး)သည် ထိုအရာရှိကို မကြည့်ဘဲ သူ၏ ရဟတ်ယာဉ် ကိုသာ ဂရုစိုက် စစ်ဆေးနေလေသည်။ ရဟတ်ယာဉ်၏ ကိုယ်ထည် အပြင်ဘက်တွင် မူလကပါရှိ သော အမှတ်အသားများကို တိပ်(ပလတ်စတာ)ဖြင့် သေချာစွာကပ်၍ ဖုံးအုပ်ထားလေသည်။ ယင်း ရဟတ်ယာဉ်သည် မည်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းပိုင် ပစ္စည်းမှန်း ရုတ်တရက် မသိအောင် အမှတ်အသားများကို ဖုံးကွယ်ထားခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသူ အရာရှိသည် သူ၏ အေကေ ၄၇ ရိုင်ဖယ်သေနတ်ကို သစ်ပင်ရင်းတွင် ထောင်ထားလိုက်ပြီးနောက် လက်ကိုင် ပဝါတစ်ထည်မြေကြီးပေါ်ခင်းပြီးထိုင်ချလိုက်သည်။ ထို့နောက်စီးကရက်တစ်လိပ်ထုတ်ယူ၍ဒန်းဟီးလ် အမျိုးအစား အဖိုးတန်မာတ်မီးခြစ်တစ်ခုဖြင့် မီးညှိသောက်လေသည်။

သူသည် အခြေအနေကို ကျေနပ်သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။ တစ်နည်းအားဖြင့် သူ၏ အကြံ အစည်ချောမောအောင်မြင်ခြင်းကို ကျေနပ်၍ပြုံးခြင်းဖြစ်သည်။ ယခုဆိုလျှင် ဆင်အုပ်ကြီးကို စိတ်ရှည် လက်ရှည် တောခြောက်မောင်းနှင်လျက် မိုင်းဗုံးများရှိရာသို့ ပြေးသွားစေခြင်းအားဖြင့် ဆင်များအား လုံးလိုလို သတ်ဖြတ် ပြီးသားဖြစ်နေပေသည်။ အကယ်၍သာ ဤဆင်အုပ်မှ ဆင်ကောင်ရေ သုံးရာခန့်ကို သမားရိုးကျနည်းအတိုင်း တစ်ကောင်ချင်း လိုက်လံ ပစ်ခတ်သတ်ဖြတ်ရမည်ဆိုလျှင် အချိန်များစွာ ကုန်ရုံမက လူအင်အားနှင့် ခဲယမ်းမီးကျောက် ပမာဏလည်း များစွာကုန်ရမည်မဟုတ်ပါလော။

သူသည် ဇင်ဘာဘွေ လွတ်လပ်ရေးအတွက် မျက်နှာဖြူအစိုးရအား လက်နက်ကိုင် တိုက်ခိုက်ခဲ့သော ပြောက်ကျားစစ်ပွဲ ဆင်နွှဲစဉ်ကကဲ့သို့ပင် ကြံရည်ဖန်ရည် စိတ်ကူးဉာဏ် အလွန်ကောင်းလျက် ရှိနေ သေး ပေသည်။ စီးကရက်တစ်လိပ်ကုန်အောင်သောက်ပြီးနောက် ထိုလူသည် စီးကရက်တိုကို မီးငြိမ်း သတ်လိုက် သည်။ တစ်ဖန် အိပ်ငိုက်ချင်သလိုဖြစ်လာသဖြင့် သစ်ပင်ကိုအသာမှီပြီး မျက်စိမှိတ်ထား လိုက်ရာ ခဏချင်းပင် အိပ်ပျော် သွားလေသည်။

အတန်ကြာအောင် အိပ်ပျော်နေပြီးနောက် လူသံများ ဆူဆူညံညံ ကြားရသဖြင့် အိပ်ရာမှနိုးလာ လေသည်။ ထိုလူသည် ကောင်းကင်မှနေကို မော်ကြည့်ရာ မွန်းတည့်လုနီးပြီဖြစ်ကြောင်း တွေ့ရ လေသည်။ ထိုလူသည် ချက်ချင်းပင် ထ၍ ရဟတ်ယာဉ်ဆီသို့ လျှောက်သွားလေသည်။ ရဟတ်ယာဉ် မောင်းသူ ပိုင်းလော့(လေယာဉ်မှူး)မှာလည်း အိပ်ပျော်နေသဖြင့် ပခုံးကိုပုတ်နှိုးလိုက်ပြီး -

' ဟေ့လူ ထတော့၊ လူတွေ လာနေကြပြီ ' ဟု ပြောလိုက်သည်။

ထို့နောက် သူသည် ရဟတ်ယာဉ်ပေါ်မှ ရဲအရာရှိ အသုံးပြုသည့် လက်ကိုင်အသံချဲ့စက် (ဟွန်း)တစ်ခု ယူလိုက်ပြီး ရပ်စောင့်နေလေသည်။ လာသည့် လူအုပ်မှာ နှစ်ရာ သုံးရာခန့် ရှိပြီး အဝတ်အစား အနေဖြင့် အနောက်တိုင်းသားတို့၏ ဘောင်းဘီဟောင်းများ၊ တိရွစ္ဆာန်သားရေဖြင့် ချုပ်လုပ်ထားသောဝတ်စုံ စသည်တို့ကို ဝတ်ဆင်ထားသူ တိုင်းရင်းသား လူမည်းများ ဖြစ်လေသည်။

လူအုပ်တွင် ယောကျ်ားက ရှေ့ဆောင်ပြီး သူတို့နောက်မှ အမျိုးသမီးများလည်း တန်းစီလိုက်ပါလာကြသည်။အမျိုးသမီးအတော်များများမှာ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် လုံးဝအဝတ်အစားမရှိဘဲ အောက်ပိုင်းသာလျှင် ဂါဝန်လိုလို အဝတ်အထည်များ ဝတ်ဆင်ထားကြသည်။ လူအုပ်ထဲမှ လူအားလုံးသည် မိုင်းဗုံးထိ၍ အတုံးအရုံး လဲကျသေဆုံးနေသော ဆင်ကြီးများကိုကြည့်ပြီး သဘောကျဟန်ဖြင့် အချင်းချင်း စကားပြောလိုက်၊ ဆင်သေကောင်ကြီးများကို လက်ညှိုးထိုးပြပြီး ရယ်မောလိုက် နှင့် ပျော်ရွှင်အားရနေပုံ ရလေသည်။

ရဟတ်ယာဉ်အနီးမှ အရာရှိသည် ထိုလူများကို ကြည့်နေပုံမှာ အထင်အမြင်သေးဟန်၊ ကဲ့ရဲ့ ရွံတ်ချသည့် ဟန်မျိုး ဖြစ်နေလေသည်။ သို့ရာတွင် လူများ ပျော်ရွှင်ကျေနပ်နေကြသည်ကို ဟန့်တားခြင်း မပြုချေ။ အမှန်တော့ ထိုလူများသည် ရှစ်ရက်တိုင်တိုင် ဆင်အုပ်နောက်မှလိုက်၍ တောခြောက်လျက် ဤမိုင်းဗုံးများရှိရာနေရာသို့ ဆင်များကို မရောက်ရောက်အောင် မနားတမ်း မောင်းနှင်ပေးခဲ့ကြသဖြင့် ယခု သူတို့၏ကြိုးပမ်းချက် အောင်မြင်ခြင်းကြောင့် ဝမ်းသာအားရ ဖြစ်နေခြင်းကို မဟန့်တားဘဲနေခဲ့ခြင်းဖြစ်လေသည်။
အတန်ကြာမှ အရာရှိသည် လက်ကိုင်အသံချဲ့စက်ကိရိယာကို သူ၏ပါးစပ်တွင်တေ့ပြီး 'ဟေ့ အားလုံး ငြိမ်ကြစမ်း၊ အားလုံးငြိမ် ဟု ဟစ်အော် အမိန့်ပေးလိုက်သည်။ အားလုံး တိတ်ဆိတ် ငြိမ်သက်သွားတော့မှ အရာရှိသည် လူများ အုပ်စုခွဲ၍ အလုပ်လုပ်ရမည့် တာဝန်များကို ပြောပြလေသည်။ ပုဆိန်၊ ဓား၊ လက်နက်များ ကိုင်ဆောင်သူ ယောကျ်ားများအား ဆင်သေကောင်များကို လှီးဖြတ်ဖျက်ရန် တာဝန်ပေးပြီး အမျိုးသမီးများကိုမူ မီးဖိုများဖိုရန်အတွက် ထင်းများအဖြစ်အသုံးပြုရန် သစ်ကိုင်းသစ်ခြောင်းများ ရှာဖွေ စုဆောင်းခိုင်းလေသည်။ သူတို့ ရောက်ရှိနေသည့် နေရာနှင့် သေနေသော မိုင်းဗုံးရှိသောနေရာက အတော်ကလေးအလှမ်းဝေးလေရာ ခုတ်ထစ်လှီးဖြတ်မည့် လူအုပ်စုတစ်စုကို ရဟတ်ယာဉ်ဖြင့်တင်လျက် အနီးဆုံး ဆင်သေကောင်ဆီသို့ ခေါ်သွားလေသည်။

ဆင်သေကောင်အနီးသို့ ရောက်သွားသောအခါ လူမည်းအဖွဲ့ထဲမှ အသက်ကြီးကြီး လူတစ်ယောက်အား ...

' ဟေ့ အရင်ဆုံး ဆင်စွယ်တွေကို ထုတ်ယူရမယ်၊ ပြီးတော့မှ အသားတွေ ဖျက်ယူကြရမယ်၊ နားလည်လား' ဟု အမိန့် ပေးလိုက်သည်။ လူမည်း အမျိုးသားကလည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ အရာရှိ သည် သူကိုယ်တိုင် ဆင်ထီးကြီး ကိုယ်ပေါ်သို့ တက်ပြီး ကျေနပ်အားရဟန်ဖြင့် ကြည့်နေ လေသည်။ တိုင်းရင်းသား လူမည်းများက ဆင်သေကောင်ကို ခုတ်ထစ်၍ ဖျက်ရန် အဆင်သင့် ပြင်ဆင်ကြ လေသည်။ တစ်နေရာတွင် ဆင်မကြီး တစ်ကောင်သည် မသေသေးဘဲ လှုပ်ရှားနေသဖြင့် အရာရှိက သူ၏ အေကေ ၄၇ ရိုင်ဖယ်ဖြင့် အသေပစ်သတ်လိုက်သည်။ သည်တော့ မှ ဆင်မကြီးလည်း တုံးလုံးလဲကျကာ ငြိမ်သွားလေတော့သည်။

အလားတူ မသေမရှင် ဖြစ်နေသော ဆင်များလည်း ရှိလေရာ ထိုဆင်များကိုလည်း မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် အသေပစ်သတ်လိုက်သည်။ တိုင်းရင်းသား လူမည်းများသည် အုပ်စုလိုက် တာဝန်ခွဲပေးထားချက်အရ ဆင်သေကောင်များကို ခုတ်ဖြတ်လှီးဖျက် လုပ်ငန်းစတင်ကြလေသည်။ သို့သော် ရိုင်ဖယ် သေနတ်ကိုင်အရာရှိ၏ ညွှန်ကြားချက်အရ ဆင်စွယ်ကြီးများကို ရှေးဦးစွာလှီးဖြတ်ထုတ်ယူကြသည်။

တိုင်းရင်းသား လူမည်းများသည် ရိုင်ဖယ်သေနတ်ကိုင်အရာရှိကို အလွန်ကြောက်ကြပုံရသည်။ ထို့ကြောင့် ဆင်စွယ်များကို ဖြတ်ထုတ်ရာ၌ အထူးသတိထားလျက် ဖြတ်ထုတ်ကြသည်။ တစ်ခါက တိုင်းရင်းသားတစ်ဦး က အမိန့်တစ်ခု မရှင်းလင်း၍ ပြန်မေးရာ အရာရှိကစိတ်ဆိုးပြီး ရိုင်ဖယ်သေနတ်ဒင်ဖြင့် တအားလွှဲရိုက် လိုက်သောကြောင့် ထိုလူမှာ မေးရိုးကျိုးခဲ့ဖူးသည်။ ဆင်စွယ်များတွင် မား၊ ပုဆိန် လက်နက်များဖြင့် ခုတ်ထစ်မိသည့် အရာများထင်သွားပါက ဆင်စွယ်တန်ဖိုးများစွာ ကျသွားနိုင်ကြောင်းသိကြသဖြင့် အထူးသတိထားကာ ဆင်စွယ်များကို ဖြတ်ထုတ်ကြခြင်းဖြစ်သည်။ ဆင်စွယ်တွင် ထိခိုက်မှု အပြစ်အနာအဆာများ ဖြစ်သွားပါက အရာရှိက မည်သို့ ရက်စက်စွာ အရေးယူ မည်ကို မတွေးဝံ့ကြချေ။
ဆင်တစ်ကောင်မှ ဆင်စွယ်တစ်စုံကို ဖြတ်ထုတ်ပြီးသည်နှင့် ရဟတ်ယာဉ်ပေါ်သို့ စက်သီးကြိုးဖြင့် ဆွဲတင် ယူလိုက်လေသည်။ ထို့နောက် ရဟတ်ယာဉ်က နောက်ထပ် ဆင်တစ်ကောင် ရှိရာသို့ သွားလေသည်။

သို့နှင့်ပင် တိုင်းရင်းသား လူမည်းတို့၏ လုပ်အားဖြင့် ထိုနေ့ မွန်းလွဲပိုင်းမှစပြီး မနားမနေ အလုပ် လုပ်ကြရာ ညလုံးပေါက်လုပ်၍ နံနက် အရုဏ်တက်ချိန် ရောက်သောအခါ ဆင်စွယ်အားလုံးလိုလို လှီးဖြတ် ထုတ်ယူပြီးသား ဖြစ်သွားလေသည်။ သူတို့သည် တစ်ညလုံး မီးတုတ်များ ထွန်းညှိ၍ တောက်လျှောက် အလုပ်လုပ်ခဲ့ကြသည်။ ဆင်စွယ်များ ထုတ်ယူခြင်းကို အဓိကဦးစားပေး လုပ်ပြီး သောအခါ ဆင်သေကောင်များမှ အသားများကို ခုတ်ထစ် ဖျက်ကြပြန်သည်။ ဆင်များ၏ ရင်ပုံနှင့် ပခုံးမှ အသားကောင်းကောင်း၊ ပေါင်သားကောင်းကောင်းများကို ရဟတ်ယာဉ်ဖြင့် အခေါက်ခေါက် သယ်၍ မိုင်းပုံးရှိရာ ဇရီယာမှ လွတ်လွတ်ကင်းကင်း ခပ်ဝေးဝေး နေရာသို့ ပြောင်းရွှေ့ယူဆောင်လေ သည်။ ထိုနေရာတွင် တိုင်းရင်းသူ လူမည်းအမျိုးသမီးများက ဆင်သားများကို လှီးဖြတ်၍ မီးသွေး မီးဖိုများဖြင့် ကင်ကြ လေသည်။ ရိုင်ဖယ် သေနက်ကိုင် အရာရှိသည် တိုင်းရင်းသား လူမည်းများအား ကြီးကြပ်ကွပ်ကဲလျက်ရှိရာမှ ထိုနေ့အဖို့ ဆင်အုပ်ကြီးမှ ရရှိမည့် အကျိုးအမြတ်များကို စိတ်ထဲမှ ခန့်မှန်းတွက်ချက် ကြည့်လေသည်။ ယခု ဆင်စွယ်နှင့် ဆင်သားများကိုသာ ယူပြီးဆင်သားရေများကို မသယ်ယူနိုင်ခြင်းအတွက် ဝင်ငွေအတော်လျော့သွားမည်ဟုလည်း တွက်မိသည်။ ဆင်တစ်ကောင်၏ သားရေကို စနစ်တကျခွာယူ၍ ရောင်းချပါက တစ်ခုလျှင် ဒေါ်လာငွေ တစ်ထောင် တန်ဖိုးရှိပေသည်။ သို့ရာတွင် ဆင်သားရေများသည် အလွန်ထုထည်ကြီးမားသဖြင့် သယ်ယူရာ၌ ခက်ခဲသည့်ပြင် ကြာရှည်ခံအောင် ပြုပြင်စီမံရသည်မှာလည်း မလွယ်ကူလှသောကြောင့် မယူဘဲစွန့်ပစ်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်လင့်ကစား ဆင်စွယ်များနှင့် ဆင်သားများကိုရောင်း၍ရမည့်ငွေ ပမာဏက အလွန် များလှပေသည်။ အာဖရိကတိုက်မှ တိုင်းရင်းသားများသည် ဆင်သားဆိုလျှင် အလွန်မက်မောစွာ ဝယ်ယူ စားသောက်လေ့ ရှိကြပေသည်။

ယခု ဆင်သေများမှရရှိသည့် ဆင်သားက တန်ချိန် ငါးရာခန့် ရှိမည်ဖြစ်သည်။ မီးကင်ထားသော ဆင်သားကို ရောင်းလျှင် တစ်ပေါင်လျှင် နှစ်ဒေါ်လာနှုန်းရရှိရန်လည်း ကြိုတင်ပြောဆိုထားပြီး ဖြစ်သည်။ ယင်းနှုန်းဖြင့် ဆင်သားတန်ချိန်ငါးရာကို ရောင်းလျှင် အမေရိကန်ဒေါ်လာငွေ ဆယ်သိန်း ခန့် ရရှိ မည်ဖြစ်သည်။ ဆင်စွယ်များကိုလည်း ရဟတ်ယာဉ်ဖြင့် သီးသန့်တစ်နေရာသို့ သယ်ယူ၍ နေရာချထားပြီးဖြစ်သည်။ ထိုဆင်စွယ်များ ကို တိုင်းရင်းသား လူမည်းများက ဆေးကြော တိုက်ချွတ်၍ သန့်စင်အောင် ပြုလုပ်နေကြသည်။ ဆင်စွယ်များတွင် သွေးစ သွေးနများပင် မကျန်အောင် သန့်ရှင်း ရေး လုပ်နေကြသည်။

စုစုပေါင်းဆိုလျှင် ဆင်စွယ် အချောင်းလေးရာခန့်ရှိရာ အချို့ ဆင်စွယ်များမှာ အရွယ်မရောက်သေး သောဆင်များမှဖြတ်ယူ၍ အလေးချိန် ခပ်ပေါ့ပေါ့ ဖြစ်နေသည်။ ဈေးလည်း အနည်းငယ်လျှော့၍ ရောင်းရမည် ဖြစ်သည်။ သို့သော် ဆင်ထီးကြီးများ၏ ဆင်စွယ်များကမူ တစ်ခု လျှင် အလေးချိန် (၈၀)ပေါင်ခန့် ရှိမည် ဖြစ်သည်။ ဟောင်ကောင်မြို့တွင် ဆင်စွယ်ဈေးနှုန်းမှာ တစ်ပေါင်လျှင် ဒေါ်လာ တစ်ရာခန့်ရှိသဖြင့် စုစုပေါင်း အမေရိကန် ဒေါ်လာငွေရှစ်သိန်းခန့်ရရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုနေ့ တစ်နေ့တာအတွက် ရရှိသည့်ဝင်ငွေမှာ ဒေါ်လာငွေ ဆယ်သိန်းကျော် ဖြစ်သည်။

(မှတ်ချက်။ ။ အာဖရိကတိုက် ဇင်ဘာဘွေလို နိုင်ငံ၌ လူတစ်ယောက်၏ တစ်နှစ် ပျမ်းမျှ ဝင်ငွေမှာ ဒေါ်လာ ခြောက်ရာသာ ရှိသည်။)ထိုနေ့က ဆင်ကြီးများ သတ်ဖြတ်၍ ဆင်စွယ်၊ ဆင်သားရယူခဲ့ သည့် စစ်ဆင်ရေးတွင် ထိခိုက်မှုများတော့ အနည်းငယ် ရှိခဲ့ပေသည်။ တိုင်းရင်းသား လူမည်းတစ်ဦး သည် ပုဆိန်ကိုင်လျက် ဆင်သေကြီးတစ်ကောင်ပေါ်သို့တက်၍ ဖျက်နေခိုက် ခြေချော်ပြီး ဘေးသို့ လွင့်စဉ် ကျသွားရာ မပေါက်သေးသော မိုင်းဗုံးတစ်လုံးပေါ်သို့ တိုက်ရိုက်ကျသွားသဖြင့် မိုင်းဗုံးကွဲပြီး သေဆုံးခဲ့သည်။ နောက် တစ်ယောက်ကလည်း ဆင်သေကောင်ကို ပုဆိန်ဖြင့် တအားလွှဲခုတ်လိုက်စဉ် သူ၏ခြေထောက်တစ်ဖက်ကို ခုတ်မိသွားသည်။ အလားတူပင် ထိခိုက်ဒဏ်ရာရသူ များလည်း ရှိခဲ့သည်။ ရိုင်ဖယ်သေနတ် အရာရှိကမူ တိုင်းရင်းသား လူမည်းများ ဆင်ခြင်ဉာဏ်ကင်းမဲ့လွန်း၍ ဖြစ်ကုန်ကြသည် ဟု သတ်မှတ်ကာ လျစ်လျူရှုလိုက်သည်။ တတိယမြောက် နံနက်ခင်းတွင် ဆင်စွယ် အားလုံးကို တိုက်ချတ် ဆေးကြောသန့်စင်ခြင်း လုပ်ငန်း လုံးဝပြီးစီးသွားလေသည်။ ထိုအခါ ကပ္ပလီ အလုပ်သမားများသည် ဆင်သားများ လိုးဖြတ်မီးကင်ရာသို့ သွားရောက်၍ ကူညီလုပ်ကိုင် ပေးကြ ရလေသည်။

လက်နက်ကိုင် အရာရှိသည် ဤလုပ်ငန်း တစ်ခုလုံးကို လာရောက် စစ်ဆေးကြည့်ရှုမည့် သူ၏ အထက်လူကြီးကို အသင့်စောင့်နေလေသည်။ ထိုပုဂ္ဂိုလ်ကြီး လာရောက်သည့်အခါ သူသည် မည်သူ မည်ဝါဖြစ်ကြောင်းမည်သူမှမသိရန်အရေးကြီးသဖြင့် တိုင်းရင်းသားလူမည်းများအားလုပ်ငန်းပြီးပြီးချင်း ခပ်ဝေးဝေး တစ်နေရာသို့ မောင်းနှင် လွှတ်လိုက်သည်။ မကြာမီ စစ်ဆေးမည့် ပုဂ္ဂိုလ်ကြီးသည် ရဟတ်ယာဉ်နှင့် ရောက်ရှိလာလေသည်။

သူသည် ထောင်ထောင်မောင်းမောင်းခုံညား ချောမွေ့သူ ဇင်ဘာတွေ အမျိုးသား လူမည်းတစ်ဦးပင် ဖြစ်သည်။ သို့သော် အလွန်လှပ ပုံကျစွာ ချုပ်ထားသော အနောက်တိုင်း ဝတ်စုံတစ်စုံကို ဝတ်ဆင်

ထားလေ သည်။ ထိုပုဂ္ဂိုလ်သည် အသင့်စောင့်နေသော အရာရှိအား လက်ဆွဲနှုတ်ဆက်ပြီး ဆင်စွယ်များကို ကြည့်ကာ ကျေနပ်သဘောကျသွားပုံ ရလေသည်။ လူငယ်အရာရှိ က "ရဲဘော် နိုင်ငံရေးခေါင်းဆောင်ကြီး ခင်ဗျား" ဟု စကားစလိုက်လျှင် ထိုပုဂ္ဂိုလ်က လက်ကာပြီး ပြုံးလိုက်သည်။

"ကျုပ်ကို ရဲဘော် နိုင်ငံရေးသမားလို့ မခေါ်နဲ့တော့၊ ကျုပ်က အခုဗဟိုအစိုးရအဖွဲ့မှာ ဝန်ကြီးတစ်ဦး ဖြစ်နေပြီဗျ၊ အရင်ကလို ပြောက်ကျား ခေါင်းဆောင် မဟုတ်တော့ဘူး"

ဤသို့လျှင် သူ၏ဂုဏ်ပုဒ်ကို ဖော်ထုတ် ပြောလိုက်သည်။

အခန်း (၂)

ခရိတ်သည် နယူးယောက်မြို့ ပဉ္စမရိပ်သာ လမ်းပေါ်တွင် တက္ကစီ ကားတစ်စီး ငှားစီးသွားရင်း စိတ်တွေ ဂနာမငြိမ် ဖြစ်နေလေသည်။ သူ၏ ဘဝကို မကျေနပ်သလို ငြီးငွေ့သလိုလည်း ဖြစ်နေသည်။

အမှန်တော့ သူသည် အလွန်နာမည်ကျော်ကြား လူကြိုက်များသော ဝတ္ထုစာအုပ်များ ရေး၍ ဝင်ငွေအထူးကောင်းသူ ထိပ်တန်းစာရေးဆရာတစ်ဦး ဖြစ်သည်။ [မှတ်ချက်။ ။သူ၏နာမည် အပြည့်အစုံမှာ ခရိတ်မယ်လို ဖြစ်သည်။ သို့သော်မြန်မာ စာဖတ်ပရိသတ် မှတ်သားရ လွယ်ကူစေရန် ခရိတ်ဟူ၍ ရေးသွားသွားမည် ဖြစ်ပါသည်။] သူသည်တက္ကစီကားပေါ် ထိုင်လိုက်လာသော်လည်း သူ၏စိတ်တွေက အဝေးသို့ရောက်နေသည်။ နယူးယောက်မြို့ကြီးပေါ်မှ ကတ္တရာလမ်းတွင် တက္ကစီကား စီးရခြင်းထက် အာဖရိကတောတွင်းလမ်းများပေါ်၌ လင်းရိုဗာကားစီးရတာကမှ ပိုကောင်းသေးသည်ဟုလည်း ထင်နေမိလေသည်။

စင်စစ်အားဖြင့် သူသည် အာဖရိကတိုက် ယခု ဇင်ဘာဘွေဟုခေါ်သော နိုင်ငံသား ဇာတိဖြစ်သည်။ မိဘမျိုးရိုးအားဖြင့် မျက်နှာဖြူလူမျိုး ဖြစ်သော်လည်း ဇင်ဘာဘွေသို့မဟုတ် ယခင် အမည်ရိုဒီရှားနိုင်ငံတွင် မွေးဖွားကြီးပြင်းလာသဖြင့် အာဖရိကတိုက်သားစစ်စစ် ဖြစ်လေသည်။

သူသည် ယခု ကမ္ဘာပေါ်တွင် ကြီးကျယ်ခမ်းနားဆုံး မြို့တစ်မြို့ဖြစ်သော နယူးယောက် မြို့ကြီးသို့ရောက်နေသော်လည်း စိတ်ကြည်လင် ပျော်ရွှင်ခြင်းမရှိချေ။ သူ၏ ဇာတိ နေရပ် အာဖရိကတိုက် ဇင်ဘာဘွေ နိုင်ငံကိုသာ လွမ်းဆွတ် အောက်မေ့သလို တမ်းတသလို ဖြစ်နေမိသည်။ ဇင်ဘာဘွေနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းသော ဇမ်ဘေဇီ မြစ်ကြီးနှင့်တကွ မြစ်ရိုးတစ်လျှောက် သဘာဝတောတောင် ရေမြေ ရှုခင်းများကိုလည်း မြင်ယောင်နေမိသည်။

အာဖရိကတိုက်သား ခရိတ်သည် သူ၏ ဇာတိ နေရပ် အာဖရိကကိုပင် လွမ်းနေမိပြီ ဖြစ်သည်။ ခရိတ်သည် စိတ်တွေ့မတည်မငြိမ် ဖြစ်နေသဖြင့် စီးကရက် သောက်ချင်သလို ဖြစ်လာကာ ဆေးလိပ် သောက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူသည် ဆေးလိပ် ဖြတ်ထားပြီးဖြစ်ကြောင်း ချက်ချင်း သတိရမိသဖြင့် အသာငြိမ်နေလိုက်သည်။

နယူးယောက်မြို့၏ ရှုခင်းသည် အလွန်ခေတ်မီလှပပြီး ရှုမငြီးအောင် ရှိလင့်ကစား ခရိတ်အဖို့မှာ အာဖရိကတိုက်၏ တောတောင် ရေမြေ ရှုခင်းများကမှ ပို၍ သာယာကြည်နူးဖွယ် ကောင်းသည်ဟု ထင်မိ လေသည်။

သူသည် နယူးယောက်မြို့ကြီး၏ အိမ်ခြေ တိုက်တာများ၊ မြောက်မြားစွာသော မော်တော် ယာဉ်များ၊ မြို့သူမြို့သားများအကြားဝယ် အသက်ရှူကျပ်သလိုလည်း ဖြစ်မိလေသည်။ သူ၏စိတ်ထဲမှ အာဖရိကတိုက်၏ ကျယ်ပြန့် လွတ်လပ်စွာသော လွင်တီးခေါင် တောတောင် ရှုခင်းများနှင့် အမြဲတမ်း မြင်နေရသော ကျယ်ပြန့်သည့် ကောင်းကင်ပြင်ကြီးကိုလည်း သတိရ တမ်းတနေမိလေသည်။

တက္ကစီ မော်တော်ကားသည် ရုတ်တရက် ရပ်သွားပြီး ယာဉ်မောင်းသူက

"ဆယ့်ခြောက်လမ်းကို ရောက်ပြီခင်ဗျ" ဟု ပြောလိုက်သည်။

ခရိတ်သည် ဆယ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက်ကို ဒရိုင်ဘာအား ထုတ်ပေးရင်း-

"ပိုတဲ့ အကြွေကိုတော့ ခင်ဗျားပဲ ယူလိုက်ပါတော့" ဟု ပြောကာ ကားပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် သူ ရှာဖွေသည့် စားသောက်ဆိုင်ကို လှမ်းမြင်သဖြင့် ဆက်လျှောက် သွားလေသည်။

လမ်းလျှောက်ရာ၌သာမန်လူကောင်းတစ်ယောက်ကဲ့သို့ ကွန်ဒြေမပျက်လမ်းလျှောက်သွားသော်လည်း စင်စစ်အားဖြင့် ခရိတ်၏ခြေတစ်ဖက်မှာ ဒူးဆစ်မှဖြတ်ထားရပြီး သစ်သားခြေတု တပ်ဆင်ထား လေသည်။ သို့သော် ကွန်ဒြေမပျက် လမ်းလျှောက်နိုင်သောကြောင့် သူ၏ခြေတစ်ဖက် ပြတ်နေခြင်းကို ရုတ်တရက် မည်သူမှမရိပ်မိနိုင်ချေ။ စားသောက်ဆိုင်အတွင်းရှိ ရောက်သွားသောအခါ သူ၏ကိုယ်စား လှယ် (သို့မဟုတ်) မန်နေဂျာဖြစ်သူက ခရိတ်ကို လှမ်းမြင်ပြီး သူ၏စားပွဲသို့ ခေါ်လေသည်။

"ဟဲလို ခရိတ်၊ ခင်ဗျားကို ကြည့်ရတာ ကျန်းမာလန်းဆန်းလို့ ပါပဲလား"

အက်ရှိုက ခရိတ် ပခုံးတစ်ဖက်ကို ရင်းနှီးစွာ ပုတ်ရင်း ပြောလိုက်သည်။

[မှတ်ချက်။ ။ နိုင်ငံခြားမှ နာမည်ကြီး စာရေးဆရာများသည် မိမိတို့၏ စာမူများနှင့် ပက်သက်၍ ပုံနှိပ်ထုတ်ဝေရေး၊ ငွေရေးကြေးရေး ကိစ္စများကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ် "ဇျင်း" သို့မဟုတ် မန်နေဂျာများ ထားလေ့ရှိသည်။ ယခုလည်း ခရိတ်က သူ၏ ကိုယ်စားလှယ်အဖြစ် အက်ရှိဆိုသူအား တာဝန်ပေးထားခြင်း ဖြစ်သည်။ မြန်မာပြန်သူ]

ယခု အက်ရှိနှင့် ချိန်းထားသဖြင့် ခရိတ်က ဤစားသောက်ဆိုင်သို့ လာခဲ့ခြင်း ဖြစ်သည်။

အက်ရှိသည် ရွှေကိုင်းမျက်မှန် တပ်ထားပြီး အဝတ်အစားကို သားနားသပ်ရပ်စွာ ဝတ်စားလေ့ရှိသူ ဖြစ်သည်။ လူနေမှု အဆင့်အတန်းမြင်မြင့် အထက်တန်းကျကျ နေတတ်သူ ဖြစ်သည်။ ဆေးလိပ်သောက်ရာတွင် အကောင်းဆုံး ဈေးအကြီးဆုံး ဆေးလိပ်အမျိုးအစားကိုမှ သောက်လေ့ရှိသူဖြစ်သည်။

"ဒီစားသောက်ဆိုင်က အတော်ကလေး သားနားပါကလားဗျ၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီဆိုင်ကို ရှာတွေ့ တာလဲ"

ခရိတ်က ဆိုင်အတွင်း လှည့်ပတ်ကြည့်ရင်း မှတ်ချက်ချသလို ပြောလိုက်ရာ အက်ရှိက သူ့ကိုယ်သူ သဘောကျ ဟန်ဖြင့် ပြုံးလိုက်သည်။

"ဒါတော့ ဗျာ ကျုပ်က ခါတိုင်းသွားလာနေကျ စားသောက်ဆိုင်တွေကို ကြာတော့ာ ငြီးငွေ့လာလို့ ဆိုင် ကောင်းကောင်း လိုက်ရှာတုန်း၊ ဒီဆိုင်ကို တွေ့တာပါ။ နောက်အကြောင်း တစ်ခု ရှိသေးတယ်ဗျ၊ ဒီမယ် ခရိတ်၊ ကျုပ်ကခင်ဗျားကို အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ အမျိုးသမီးတစ်ဦးနဲ့ တွေ့ဆုံစေချင်လို့ပါ"

ပြောပြော ဆိုဆို အက်ရှိသည်ပြုံးလျက် သူ၏ဘေးနားရှိ မိန်းကလေးတစ်ဦးအား ညွှန်ပြလိုက်သည်။

သူမသည် စောစောပိုင်းက ဘာသိဘာသာနေရာမှ ယခု အက်ရှိက မိတ်ဆက်ပေးလိုက်တော့မှ ခရိတ်အား လက်ဆွဲနှုတ်ဆက်ရန် သူမ၏ ညာလက်ကိုဆန့်တန်းပေးလိုက်သည်။

ခရိတ်သည် ယဉ်ကျေးမှုထုံးစံအရ မိန်းကလေး၏ လက်ကိုကိုင်ပြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။ သူမ၏ လက်သည် သေးသွယ်ပြီး အချိုးကျနေသော်လည်း လက်ချောင်းများ ထိပ်ဖျားတွင် ခပ်ကြမ်းကြမ်းဖြစ်ကာ မာကျောနေသဖြင့် အလုပ်ကြမ်းလုပ်ဖူးသူတစ်ဦးဖြစ်ရမည်ဟု ခရိတ်က ကောက်ချက်ချမိလေသည်။ ဆက်လက်၍ သူမ၏ မျက်နှာ ကို အကဲခတ် ကြည့်လိုက်ပြန်သည်။

အမျိုးသမီးဇာ်မျက်လုံးများက အစိမ်းရောင်အဆင်းရှိပြီး အထူးတောက်ပြောင်လှပလျက် မျက်ခုံးကလည်း မျက်နှာနှင့်အဆင်ပြေပန်ရကာ ကြည့်ကောင်းနေပေသည်။ ခြံ၍သုံးသပ်ရလျှင် လှပ ကြော့ရှင်းသော မိန်းကလေး တစ်ယောက်ပေတည်း။ သူမသည် ခရိတ်အား မျက်နှာချင်းဆိုင်လျက် တိုက်ရိုက်ပင် လှမ်းကြည့်နေရာ ခရိတ်ဇာ်စိတ်ထဲ၌ ဤအမျိုးသမီးသည် အလွန်ရိုးသား ပွင့်လင်းသူ ဖြစ်ရမည်ဟု ယူဆမိလေသည်။

"ကိုင်း ဆယ်လီ၊ ဟောဒါက ကျုပ်ပြောတဲ့ စာရေးဆရာ မစ္စတာ ခရိတ်ဆိုတာပဲ"

အက်ရှိက မိတ်ဆက်ပေးလိုက်သဖြင့် ခရိတ်လည်း မိန်းကလေးဇာ် နာမည်မှာ ဆယ်လီဖြစ်ကြောင်း သိရလေသည်။ တစ်ချိန်တည်းမှာပင် အက်ရှိက ဆယ်လီအား ခရိတ်ဇာ်နာမည်ကိုပါ ကြေညာ မိတ်ဆက်ပြီးသား ဖြစ်သွား လေသည်။

ခရိတ်သည် သူမဇာ်မျက်နှာကို ကြည့်လိုက်ပြန်သည်။ သည်တစ်ခါတော့ မိန်းကလေးဇာ် နှာတံနှင့် ပါးစပ်တို့ကို လေ့လာကြည့်နေမိသည်။ ထိုအခိုက်မှာပင် ဆယ်လီအမည်ရှိ အမျိုးသမီးက ခရိတ်အား လှမ်းစကားပြောလေသည်။

"ကျွန်မ ရှင့်ရဲ့ နောက်ဆုံးစာအုပ်ကို ဖတ်ပြီးပြီးရှင့်၊ စာအုပ်ထဲပါတာတွေက အလွန်သဘာဝကျတယ်လို့ ယူဆ မိပါတယ်"

စကားပြောလိုက်သည့် အသံကလည်း အလွန်သာယာကြည်လင်ပေသည်။ သို့သော် ယခု ဆယ်လီ ပြောလိုက်ခြင်းသည် မိမိအား ချီးကျူးခြင်းလော၊ ဝေဖန်သည့် သဘောဖြစ်နေသလောဟု ဝေခွဲ၍ မရချေ။

"ဟုတ်ပါတယ် ရှင့်၊ အဲဒီစာအုပ်က တော်တော်ကောင်းပါတယ်"

ဆယ်လီက ထပ်ပြောလိုက်တော့မှ ခရိတ်သည် သဘောကျ ကျေနပ်သွားမိလေသည်။ သူ ကျေနပ်သွားပုံကို ပြသည့်အနေဖြင့် ဆယ်လီဇာ် လက်တစ်ဖက်ကိုလည်း ဆုပ်ကိုင်လိုက်သည်။ သို့သော် သူမက လက်ကို ချက်ချင်း ပြန်ရုပ်လိုက်သည်။

"ကဲပါ၊ ဟောဒီက မိတ်ဆွေကြီး အက်ရှိကို ကျုပ်တို့အတွက် ယမကာ တစ်ခွက်စီ ဝယ်တိုက်ခိုင်းကြရင် ကောင်းမယ် ထင်တယ်"

ခရိတ်က ဆယ်လီအား ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်ရာ အက်ရှီကလည်း အလိုက်သိစွာနှင့်ပင် အကောင်းဆုံး ယမကာတစ်ခွက်စီ မှာယူပေးလေသည်။

စားပွဲထိုးက အရက်ခွက်များ လာပေးချိန်တွင် အက်ရှီက

"ကျုပ်တို့ရဲ့ ဇည့်သည် နောက်တစ်ယောက် လာဖို့ရှိသေးတယ်၊ သူ့အတွက် ယမကာကိုတော့ သူလာ မှပဲ မှာတော့မယ်" ဟု ပြောလိုက်ပြီးမှ ခရိတ်နှင့် ဆယ်လီတို့ဘက်သို့ လှည့်၍

"ကိုင်း၊ ဆယ်လီက မင်းရဲ့လက်ရာတွေကို မစ္စတာခရိတ်သိသွားအောင် ပြလိုက်စမ်းပါ"

ဟုပြောလိုက်သည်။

ခရိတ်ကလည်း ဆယ်လီအားကြည့်ရင်း

"ကောင်းသားပဲ၊ ကြည့်ရအောင် ပြစမ်းပါဦး"ဟု ပြောလိုက်သည်။

ဆယ်လီသည် ကုလားထိုင်ဘေးနားမှ ကြမ်းပြင်ပေါ်ချထားသော ကတ်ထူဖုံးနှင့်ဖိုင်တစ်ခုကို ကောက်ယူပြီး ခရိတ်ရှေ့နား စားပွဲမှာ ချပေးလိုက်သည်။ ဖိုင်တွဲကို ဖဲကြိုးဖြင့်သပ်ရပ်စွာ ချည်နှောင်ထားလေရာ ဆယ်လီက ဖဲကြိုးကိုဖြေ၍ ခရိတ်အား ဖွင့်ကြည့်ရန် လှမ်းပေးလေသည်။ ခရိတ်လည်း ဖိုင်၏အဖုံးကို လှန်ကြည့်လိုက်ပြီး အလွန်အံ့အား သင့်သွားမိလေသည်။

ဖိုင်တွင်း၌ကား အလွန်လက်ရာမြောက်သော ဓာတ်ပုံများ ပါရှိလေသည်။ ဗီသုကာ အနုပညာလက်ရာ ပြောင်မြောက်လှသော ရှေးဟောင်း အဆောက်အအုံ ဘုရားရှိခိုးကျောင်း စသည့်တို့ကို အလွန် သေသပ်လှပစွာ ရိုက်ကူးထားသော ဓာတ်ပုံများပင်ဖြစ်သည်။ ခရိတ်အနေဖြင့် အထူးတလည် စိတ်ဝင်စားမိသော ဓာတ်ပုံတစ်ပုံကို ငေးစိုက်ကြည့်နေ မိလေသည်။ ဓာတ်ပုံက အာဖရိကတိုက်မှ ဆင်ထီးကြီးတစ်ကောင်၏ ပုံဖြစ်ပြီး ရိုက်ကူးထားသော ဓာတ်ပုံလက်ရာက အလွန်ပင် အနုပညာ မြောက်လှပေသည်။

ဆင်ထီးကြီး၏ အနေအထားက ဓာတ်ပုံရိုက်သည့် ကင်မရာဘက်သို့ တည့်တည့်ကြည့်နေပြီး ဆင်နားရွက်ကြီးနှစ်ဖက်က ဘေးသို့ကားထွက်နေသည်။ အနေအထားက အလွန်ခံ့ညားနေသည်။

ဓာတ်ပုံတွင် ဆင်ကြီးနှင့်အတူ အာဖရိကတိုက်၏ သဘာဝရှုခင်းကိုပါ မြင်နေရလေသည်။ ဆေးရောင်စုံ ဓာတ်ပုံဖြစ်၍ နီကျင့်ကျင့် အဆင်းရှိသော အာဖရိကတိုက်၏ သဘာဝ မြေပြင်နှင့်တကွ ကောင်းကင်ပြင်ကျယ်ကြီးတို့သည်လည်း ဓာတ်ပုံတွင် တစ်စိတ်တစ်ဒေသ မြင်နေရလေသည်။

ခပ်လှမ်းလှမ်း နောက်ခံကားအဖြစ် ဆီးနှင်းများ ဖုံးအုပ်နေသော တောင်တန်းကြီးတစ်ခုလည်း ပါရှိနေသည်။ မာတ်ပုံရိုက်သူ၏ လက်ရာအလွန်ကောင်းသဖြင့် သဘာဝရှုခင်း၏အလှအပကို ရာနှုန်းပြည့် ဖော်ပြနိုင်စွမ်းရှိသောပုံတစ်ပုံဟု ဆိုရမည် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆယ်လီသည် မာတ်ပုံရိုက်ကူးခြင်း အတတ်ပညာ အထူးကျွမ်းကျင်သူ တစ်ဦးဖြစ်ကြောင်း ထင်ရှားလှပေသည်။

ခရိတ်သည် မာတ်ပုံထဲမှ သူ၏ဇာတိရပ်မြေ အာဖရိကတိုက်၏ ရှုခင်းကို မြင်လိုက်ရသည်တွင် စိတ်တွေ လှုပ်ရှားလာမိလေသည်။ အာဖရိကတိုက်ကို အထူးပင် လွမ်းဆွတ်သတိရသလို ဖြစ်လာမိသည်။

"ဒါထက် ဆယ်လီက ဘယ်အရပ် ဇာတိများလဲ"

ခရိတ်က မေးလိုက်ရာ ဆယ်လီက ချက်ချင်းပင် သွက်လက်စွာ ပြန်ဖြေလေသည်။

"ကျွန်မရဲ့ဇာတိချက်ကြွေ အရပ်ကတော့ အမေရိကန်နိုင်ငံ ကော်လိုရာဒို ပြည်နယ် ဒင်ဗျာမြို့က ဖြစ်ပါတယ်။ ကျွန်မရဲ့ ဖခင်ကြီးက လန်ဒန်မြို့ အမေရိကန်သံရုံးမှာ တာဝန်ထမ်းဆောင်နေတာကြာပါပြီ။ ကျွန်မ ကိုယ်တိုင် အင်္ဂလန်နိုင်ငံမှာပဲ ပညာသင်ကြားပေးခဲ့ပါတယ်။ ကျွန်မက ဆယ့်ရှစ်နှစ်သမီး အရွယ်တုန်းက အာဖရိကတိုက်ကို အလည်အပတ်ရောက်သွားပြီးတော့ အဲဒီအချိန်ကစပြီး ကျွန်မဟာ အာဖရိကတိုက်ကို သံယောဇဉ်ကြီးစွာနဲ့ ချစ်ခင်မြတ်နိုးခဲ့ပါတယ်"

ခရိတ်သည် နောက် မာတ်ပုံတစ်ပုံကို ကြည့်လိုက်ပြန်သည်။ ထိုပုံတွင် အာဖရိကတိုက်မှ တိုင်းရင်းသူ ကပွလီ အမျိုးသမီးတစ်ဦး ကလေးငယ်အား ရင်ခွင်ပိုက်၍ နို့တိုက်နေပုံ ဖြစ်သည်။ ထို အမျိုးသမီး ဝတ်ဆင်ထားပုံအရ အာဖရိကတိုက်မှ အိုဗာဟင်ဘာခေါ် တိုင်းရင်းသား လူမျိုးအုပ်စုမှ အမျိုးသမီး တစ်ဦးဖြစ်ကြောင်း ခရိတ်က ချက်ချင်းပင် ရိပ်မိလေသည်။ မာတ်ပုံရိုက်ကူးထားပုံက ယခုချက်ချင်း အာဖရိကတိုက်သို့ သွားကြည့်ရဘိသကဲ့သို့ ပကတိ နဂိုသဘာဝအတိုင်း ပီပြင်ထင်ရှားလှသဖြင့် ခရိတ်သည် ဆယ်လီ၏ မာတ်ပုံပညာအစွမ်းကို စိတ်ထဲမှကျိတ်၍ ချီးကျူးမိလေသည်။

နောက် မာတ်ပုံကိုလည်း ခရိတ်သည် ငေးစိုက်ကြည့်မိပြန်သည်။ ထိုပုံမှာ ခရိတ်ကိုယ်တိုင် အလွန်မြတ်နိုးနှစ်သက်သော အာဖရိကတိုက်မှ ဘီဂေလီယာခေါ် သဘာဝတောပန်းများ၏ပုံ ဖြစ်လေသည်။ ပန်းများ ဝေဝေဆာဆာ ပွင့်နေပုံတို့ကို အလှဆုံးဖြစ်အောင် ရိုက်ကူးထားသော မာတ်ပုံဖြစ်သည်။ အထူးသဖြင့် ဆေးရောင်စုံ မာတ်ပုံဖြစ်၍ သဘာဝ အရောင်အသွေးတို့၏အလှကို ပြည့်စုံစွာ ဖော်ပြနိုင်ပေသည်။

နောက်ထပ် အခြားမာတ်ပုံများကလည်း အာဖရိကတိုက်မှ ပုံများပင် ဖြစ်သည်။ မာတ်ပုံ တစ်ပုံမှာ ကပွလီလူမည်းပြောက်ကျားတစ်ဦး ရိုင်ဖယ်သေနတ်ထမ်းလျက် ပြုံးနေပုံဖြစ်သည်။ ကိုင်ထားသော ရိုင်ဖယ်သေနတ်က အေကေ ၄၇ အမျိုးအစား မောင်းပြန်သေနတ် ဖြစ်သည်။ ထိုကပွလီ(လူမည်း) ပြောက်ကျား၏ လည်ပင်းတွင် သူတို့တိုင်းရင်းသား မှော်ဆရာက အဆောင်အဖြစ်ပေးသော လက်ဖွဲ့ သို့မဟုတ် အကာအကွယ်ပစ္စည်းကို ပုတီးသဖွယ် ပြုလုပ်၍ ဆွဲထားလေသည်။

နောက်တစ်ပုံကတော့ အာဖရိကမှ ကပွလီလူမည်း တိုင်းရင်းမှော်ဆရာ(ဆေးဆရာ) အသက်ကြီးကြီး အဘိုးကြီး တစ်ဦးဖြစ်ပြီး ဦးခေါင်းတွင် တိရစ္ဆာန်ချို ခေါင်းဆောင်းတစ်ခုဆောင်းထားကာ လည်ပင်းတွင်လည်း ပုတီးမျိုးစုံ ဆွဲထားလေသည်။ ဤပုံတွင်လည်း ဆယ်လီသည် အာဖရိကတိုက် ကျေးလက်ဒေသ မြင်ကွင်းကို ပီပြင်အောင် ရိုက်ကူးထားပေသည်။ နောက်ပုံတစ်ပုံမှာ အာဖရိကတိုက်ကျေးလက်ဒေသ တစ်နေရာမှ စာသင်ကျောင်း တစ်ကျောင်းတွင် ကလေးသူငယ်များ စာသင်နေကြပုံ ဖြစ်သည်။ ကျောင်း အဆောက်အအုံက ဝါးသက်ငယ်တို့ဖြင့် ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသည်။ ကပွလီ(လူမည်း) အမျိုးသမီးဆရာမတစ်ဦးက စာသင်ပေးနေရာ ကျောင်းပစ္စည်းတို့ ချို့တဲ့သဖြင့် ဖတ်စာအုပ် တစ်အုပ်ကို ကလေးငယ်သုံးဦးတို့က အတူဝိုင်း၍ ဖတ်နေကြရသည်။ ထိုပုံကို ကြည့်ခြင်းအားဖြင့် အာဖရိကတိုက်မှ လူဦးရေအများစုဖြစ်သော ကပွလီလူမည်းတို့ဆင်းရဲနွမ်းပါးကြောင်း သိသာထင်ရှား နေပေသည်။

ခရိတ်သည် မာတ်ပုံများကို ဆက်လက်ကြည့်သွားရင်း ပုံတစ်ပုံကို မြင်ပြီး အလွန်ပင် စိတ်လှုပ်ရှားစွာဖြင့် ငေးစိုက် ကြည့်နေမိလေသည်။ ထိုပုံကို ဆယ်လီက ဆေးရောင်စုံ ဖလင်ဖြင့် မရိုက်ဘဲ ရိုးရိုး(အဖြူနှင့်အမည်း)ဖလင်ဖြင့် ရိုက်ကူးထားသောကြောင့် ရှုခင်းကို ပို၍ပေါ်လွင် ထင်ရှားလျက် ရှိစေသည်။

ပုံမှာ အာဖရိကတောအတွင်း တစ်နေရာ၌ ဆင်ကြီးတွေ စုပြုံသေဆုံးနေရာမှ အချိန်ကြာမြင့်လာသဖြင့် ဇရာမ အရိုးစုကြီးတွေ စုပုံကျန်နေသည့်ပုံပင် ဖြစ်လေသည်။ မာတ်ပုံ ရိုက်ကူးချိန်က နေရောင်အလွန်ကောင်းနေသည်ဖြစ်၍ အရိုးစုကြီးများသည် အထူးပင် ပေါ်လွင်ထင်ရှားနေရာ မြင်ရသူအဖို့ စိတ်ချောက်ချားဖွယ်လည်း ဖြစ်နေပေသည်။ အာဖရိကတိုက်တွင် လူတွေ ပြောလေ့ရှိသော ဒဏ္ဍာရီပုံပြင်ဆန်ဆန် ဆင်သချိုင်းကြီးများသည် ဤသို့ပင် ဖြစ်လေမည်လားဟုပင် ခရိတ်က ထင်လိုက်မိ

သည်။ အမှန်တော့ သူသည် တောရိုင်းတိရစ္ဆာန်များကို ချစ်ခင်တတ်သူဖြစ်ရာ ဆင်ကြီးတွေ ယခု အစုလိုက် အပြုံလိုက် အသတ်ခံရပုံကို မြင်သည်တွင် ရင်နာသလို စိတ်မကောင်း ဖြစ်မိလေသည်။

"အဲဒီမှာ ဆင်သေကောင်ပေါင်း နှစ်ရာ့ရှစ်ဆယ်ကျော် ရှိတယ်ရှင့်၊ ဆင်စွယ်လိုချင်တဲ့ လောဘသမားတွေက တိတ်တိတ်ခိုးပြီး ရက်ရက်စက်စက် သတ်တာပါပဲရှင်" ဆယ်လီ က ရှင်းပြရာ ခရိတ်က သူမအား မော်ကြည့်လိုက်ပြီး

"ဒီဆင်နှစ်ရာ့ ရှစ်ဆယ်ကျော်ကို တစ်ချိန်တည်းမှာ သတ်ခဲ့တာလား"ဟု မေးလိုက်သည်။

"မဟုတ်ဘူးရှင့်၊ ဆင်ခိုးသတ်တဲ့ဂိုဏ်းက ဆင်အုပ်ကြီးကို မိုင်းပုံးတွေရှိတဲ့နေရာ ရောက်အောင် တောခြောက်မောင်းသွားလို့ ဆင်တွေခမျာ မိုင်းပုံးထိပြီး သေကုန်ကြရှာတယ်"

ဆယ်လီက ရှင်းပြလိုက်ရာ ခရိတ်သည် ကြက်သီးထသွားပြီးမှ ဓာတ်ပုံကို တစ်ခေါက် ပြန်ကြည့် မိလေသည်။ သူသည် မိုင်းပုံးများအကြောင်း ကောင်းစွာ သိပေသည်။ သူကိုယ်တိုင် တစ်ချိန်က မိုင်းပုံးတစ်ခု တက်နင်းမိရာမှ ပေါက်ကွဲပြီး ခြေတစ်ဖက်ဖြတ်ပစ်ခဲ့ရသည်အထိ ပြင်းစွာ ဒဏ်ရာရခဲ့ဖူး လေရာ မိုင်းပုံးများ ပေါက်ကွဲလျှင် မည်မျှပြင်းထန်ပြီး ကြောက်စရာကောင်းကြောင်း ကောင်းစွာ သိပေသည်။ ထိုအချက်ကို သတိရမိရင်း ခရိတ်သည် လက်တစ်ဖက်ဖြင့် ဖြတ်ထားသော ခြေထောက်မှ သစ်သားခြေတု ရှိရာသို့ အသာ စမ်းလိုက်မိသည်။

ယင်း အပြုအမူကို ဆယ်လီက သတိပြုမိပြီး -

' ကျွန်မ ရှင့်အတွက် ဝမ်းနည်းပါတယ်၊ ရှင့် ခြေထောက် တစ်ဖက်အကြောင်း ကျွန်မ သိနေပါတယ် '

ဟု နှစ်သိမ့် အားပေး သလို ပြောလိုက်သည်။ သူ၏ ကိုယ်စားလှယ် အက်ရီကလည်း ပြုံးလျက် -

' ဆယ်လီကမခေဘူးဗျ၊ သူ တွေ့ဆုံရမယ့် ပုဂ္ဂိုလ်အကြောင်း ကြိုတင်လေ့လာတတ်တဲ့ ဝါသနာ ရှိတယ် ' ဟု ဝင်ပြောလေသည်။ ခရိတ်သည် သူ၏ခြေတစ်ဖက် ဖြတ်ထားရခြင်းအကြောင်း ပြောလျှင် သဘောမကျဘဲ ပြောသူကို မုန်းတီးတတ်သည်။ ယခု ဆယ်လီက စကားစပ် ပြောလိုက်သဖြင့် သူမ အပေါ် မကျေမနပ် ဖြစ်သွားမိသည်။ ပက်ပက် စက်စက် ပြန်ပြောရန်လည်း စိတ်ကူးမိသည်။

သို့သော် ခရိတ်က ဘာမှမပြောနိုင်သေးမီ အက်ရီ ချိန်းထားသည်ဆိုသော ဇည့်သည် ရောက်လာ သဖြင့် ခရိတ် လည်း ဆိတ်ဆိတ်နေလိုက်ရသည်။ အက်ရီ က ဇည့်သည်နှင့် မိတ်ဆက်ပေးလေသည်။

' ကိုင်း ခရိတ်၊ မိတ်ဆက်ပေးပါရစေ၊ ဟောဒီ ပုဂ္ဂိုလ်က မစ္စတာ ဟင်နရီ ဖြစ်ပါတယ်။ သူဟာ ကမ္ဘာ့ဘဏ်မှာ ဒုတိယဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေပါတယ်။ ကမ္ဘာ့ဘဏ်ဆိုတော့ ခင်ဗျားသိတဲ့အတိုင်း ကမ္ဘာ့နိုင်ငံ အသီးသီးကို ဒေါ်လာငွေ သန်းချီပြီး ထုတ်ချေး ထောက်ပံ့နေတဲ့ အဖွဲ့အစည်းပါပဲ '

ဤသို့ ပြောပြီးနောက် အက်ရှီသည် ဧည့်သည်ဘက်သို့ လှည့်၍ -

' မစ္စတာ ဟင်နရီခင်ဗျား၊ ဟောဒါက အာဖရိကတိုက်သား ကမ္ဘာကျော် စာရေးဆရာကြီး မစ္စတာခရိတ် ပါပဲ။ အာဖရိကအကြောင်း သရုပ်ဖော်ရေးတတ်တဲ့ သူ့ရဲ့စာအုပ်တွေက အလွန် နာမည်ကြီးနေပါ တယ် ' ဟု မိတ်ဆက် ပေးပြန်သည်။

ဟင်နရီ ဆိုသူကလည်း -

' ဟုတ်ကဲ့၊ ကျုပ်လည်း သူ့စာအုပ် ဖတ်ဖူးပါတယ် ' ဟု ပြောလေသည်။ ဟင်နရီ ဆိုသူကား အရပ် မြင့်မြင့်၊ ပိန်ပိန်ပါးပါး ထိပ်ပြောင်ပြောင်နှင့် လူတစ်ယောက် ဖြစ်လေသည်။ ထိုလူသည် ခရိတ်အား နှုတ်ဆက်ပြီးနောက် အနောက်တိုင်း ယဉ်ကျေးမှုအရ ဆယ်လီ၏ လက်တစ်ဖက်ကို နမ်း၍ နှုတ်ဆက် လေရာ ခရိတ်က ထိုလူအားသဘောကျသွားမိလေသည်။ ကုလားထိုင်တွင် ထိုင်ပြီးနောက် ဟင်နရီက စားပွဲပေါ်တွင်ချထားသော ဆယ်လီ၏ မာတ်ပုံဖိုင်တွဲကို လှမ်းကြည့်ရင်း -

' အဲဒါတွေကို မစ္စတာခရိတ်က ဘယ်လို သဘောရပါသလဲ ' ဟု မေးလေသည်။ ထိုစကား ကို ခရိတ်က ပြန်မဖြေမီ အက်ရှီက ဝင်၍ လျင်မြန်စွာ ဖြေလိုက်သည်။

' ဟာ ခရိတ်က သိပ်ပြီး သဘောကျနေတယ်ဗျ၊ သူဟာ အာဖရိကတိုက်က ပုံတွေ ကြည့်ပြီး မျက်တောင်မခတ်ဘဲ ငေးမောကြည့်နေတယ် '

' ဟုတ်လား၊ ဒါဖြင့် ကောင်းတာပေါ့၊ ဒါထက် မစ္စတာခရိတ်ကို ကျုပ်ရဲ့ အကြံပြုချက်အကြောင်း ပြော ပြီးပြီလား '

ဟင်နရီ ဆိုသူက မေးလိုက်ရာ အက်ရှီက ခေါင်းခါပြလေသည်။

' မပြောရသေးဘူးဗျ၊ ကျုပ်က ခင်ဗျားကိုယ်တိုင် ရောက်လာမှပဲ ပြောမယ်လို့ စိတ်ကူးထားတယ်၊ ဒါမှ သူ အံ့သြသွားအောင်လို့ပါ '

ဤသို့ပြောပြီး အက်ရှိသည် ခရိတ်ဘက်သို့လှည့်၍ ဆက်ပြောလေသည်။ ' ဒီလိုဗျ၊ မစ္စတာ ဟင်နရီက ခင်ဗျားကို စာအုပ်တစ်အုပ် ရေးသားပြုစုဖို့ တာဝန်ပေးချင်တယ်၊ စာအုပ် နာမည်ကတော့ ' မစ္စတာ ခရိတ်၏ ကိုယ်တွေ့အာဖရိက' ဆိုပါတော့။ ခင်ဗျားက အာဖရိကတိုက်ပြန်သွားပြီး အနီးကပ် လေ့လာရင်း အာဖရိကအကြောင်း စိတ်ဝင်စားဖွယ်ကောင်းအောင် ရေးဖို့ပါပဲ။ ခင်ဗျားရဲ့ ဇာတိရပ်မြေကို ပြန်သွားပြီး ဟိုကလူတွေနဲ့လည်း တွေ့ဆုံရမယ် ' ဤတွင် ဟင်နရီ ဆိုသူက ကြားဖြတ်လျက်

' နေပါဦးဗျ၊ ကျုပ် သိသလောက် မစ္စတာ ရိတ်ဟာ အာဖရိကတိုက် ဇင်ဘာဘွေ နိုင်ငံက မာတာဘယ်လီ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ ဆင်ဒီဘယ်လ်ဘာသာကို တတ်ကျွမ်းတယ်လို့ သိရတယ်၊ ဟုတ်ပါသလား ' ဟု ဝင်မေးရာ အက်ရှိက ခေါင်းညိတ်လိုက်သည်။

' ဟုတ်တယ်၊ တတ်တာမှ ခရိတ်က တကယ့် တိုင်းရင်းသားအစစ် တစ်ယောက်လို ဆင်ဒီဘယ်လ် ဘာသာစကားကို တတ်ကျွမ်းတယ် ' ဟင်နရီ ဆိုသူသည် အထူးသဘောကျသွားဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် ခရိတ်အား ဆက်၍ မေးပြန် သည်။

' ခင်ဗျားအနေနဲ့ ဇင်ဘာဘွေနိုင်ငံမှာ ရင်းနှီးတဲ့ မိတ်ဆွေတွေ အများကြီးရှိတဲ့အပြင် ထိပ်တန်း အစိုးရအရာရှိကြီးတွေနဲ့လည်း ခင်မင်တယ် ဆိုတာကော မှန်ပါသလား ' ထိုမေးခွန်း ကိုလည်း အက်ရှိကပင် ဝင်ဖြေလိုက်သည်။
' မှန်တာပေါ့ဗျ၊ ခရိတ်ရဲ့ မိတ်ဆွေတချို့ဆိုရင် အခု ဇင်ဘာဘွေ အစိုးရအဖွဲ့မှာ ဝန်ကြီးတွေ ဖြစ်နေပြီ၊ ဒါထက် ကောင်းတာ ဘာရှိသေးသလဲ '

ထိုအချိန်၌ ခရိတ်သည် ဓာတ်ပုံဖိုင်ထဲမှ ဆင်ကြီးများ သေဆုံးနေသည့် အရိုးစုများ ဓာတ်ပုံကို ပြန်ကြည့် နေလေသည်။ သူ၏ စိတ်သည်လည်း ဓာတ်ပုံထဲမှ အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံဆီသို့ ပြန်ရောက်နေလေသည်။ အမှန်တော့ ခရိတ်သည် ဇင်ဘာဘွေ ဟူသော နာမည်ကိုသဘောမကျမိ ချေ။ တိုင်းရင်းသားလူမည်း (ကပွလီ)များက မျက်နှာဖြူအစိုးရအား တော်လှန် တိုက်ခိုက်အောင်မြင်ပြီးနောက် နိုင်ငံ၏အမည်ကို ဇင်ဘာဘွေဟု ပြောင်းခဲ့ခြင်းဖြစ်လေသည်။ မူလနာမည်က ရိုဒီရှားဖြစ်သည်။ ခရိတ်အဖို့မှာ သူ၏မွေးရာဇာတိလည်းဖြစ်သော ယင်းနိုင်ငံ၏မူလအမည် (သူ၏မိဘဘိုးဘွားလက်ထက်ကအမည်)ရိုဒီးရှားကိုပင် သဘောကျမိလေသည်။ ယခု ဇင်ဘာဘွေဟု ခေါ်တွင်နေသော ရိုဒီးရှားနိုင်ငံသည် သူ၏ ဇာတိရပ်မြေ အစစ်အမှန်ဖြစ်သည်ဟုလည်း သံယောဇဉ်ကြီးစွာဖြင့် ယူဆထားလေသည်။ အက်ရှိ က စကားဆက်ပြောပြန်သည်။

' ဒီမယ် ခရိတ်၊ အခု ခင်ဗျားတို့ စာအုပ်ရေးဖို့ တာဝန် ပေးထားတာဟာ အခွင့်အရေးကောင်းလွန်းလို့ လက်ခံသင့်ပါတယ်။ စာအုပ်ရေးဖို့ လက်တွေ့သွားရောက် လေ့လာရတဲ့ စရိတ်စက အားလုံးကိုလည်း ကမ္ဘာ့ဘဏ်က တာဝန်ယူမှာဖြစ်တယ်။ လိုတဲ့ အကူအညီ မှန်သမျှကိုလည်း ပေးလိမ့်မယ် '

အက်ရီ က အားပါးတရ ပြေလေရာ ခရိတ်က မစ္စတာ ဟင်နရီဆိုသူအား လှမ်းကြည့်ပြီး

' နေပါဦးဗျ၊ ကမ္ဘာ့ဘဏ်ကြီးက စာအုပ်ထုတ်ဝေရေး လုပ်ငန်းလုပ်လို့လား ' ဟု မေးလိုက်သည်။

ထိုအခါ ဟင်နရီသည် အက်ရီဘာမှဆက်မပြောရန်ဟန့်တားလိုက်ပြီးနောက် သူကိုယ်တိုင် ခရိတ်အား ရှင်းပြ လေသည်။

' ဒီလိုရှိပါတယ်၊ ကျုပ်တို့ ကမ္ဘာ့ဘဏ်ဆိုတဲ့ အဖွဲ့အစည်းရဲ့ အဓိကတာဝန်က မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေကို ထောက်ပံ့ကူညီဖို့ပါပဲ။ ဇင်ဘာဘွေနိုင်ငံမှာဆိုရင် ကျုပ်တို့ကမ္ဘာ့ဘဏ်အနေနဲ့ ဒေါ်လာငွေသန်းပေါင်းတစ်ထောင်လောက် ရင်းနှီးမြှုပ်နှံထားတယ်။ ဒီလောက်များများ ရင်းနှီးမြှုပ်နှံထားရတဲ့ ကျုပ်တို့ငွေတွေ အလဟဿမဖြစ်အောင် ထိန်းသိမ်းကာကွယ်မှုလည်း လုပ်ချင်တယ်။ တစ်နည်းအားဖြင့် အဲဒီနိုင်ငံ တိုးတက်ဖွံ့ဖြိုးလာအောင် မဖြစ်မနေ လုပ်ချင်တယ်။ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီနဲ့ ဇင်ဘာဘွေနိုင်ငံဟာ ကမ္ဘာမှာ စံပြနိုင်ငံတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးလာတာကို ကမ္ဘာကို ပြချင်တယ်။ ဒါ့အပြင် လက်ရှိ အစိုးရက တိုင်းရင်းသား ကပွလီ(လူမည်း)အစိုးရဖြစ်ပေမယ့် ကျုပ်တို့ အကူအညီနဲ့ ဆိုရင် ဘယ်လောက် တိုးတက် အောင်မြင် လာတယ်ဆိုတာ လက်တွေ့ပြချင်တယ်။ ဒီလို ဖြစ်လာအောင် ခင်ဗျားရေးမယ့်စာအုပ်က အထောက်အကူ ဖြစ်စေလိမ့်မယ်လို့လည်း ကျုပ်တို့ ယုံကြည်မိတယ်' ' ထားပါတော့၊ ဒီမာတ်ပုံတွေကကော ဘယ်လို ပတ်သက်နေတာလဲ ' ခရိတ် က ဆယ်လီ၏ မာတ်ပုံဖိုင်ကို ညွှန်ပြရင်း မေးလိုက်သည်။

' ခင်ဗျားရဲ့စာအုပ်မှာ ဇင်ဘာဘွေနိုင်ငံအကြောင်း ပိုပြီး သရုပ်ပေါ်ထင်ရှားအောင် မာတ်ပုံတွေလည်း ပါစေချင်တယ်။ ဒါကြောင့် ခင်ဗျားရဲ့ စာအုပ်အတွက် လိုအပ်မယ့်မာတ်ပုံတွေ စိတ်တိုင်းကျရိုက်ဖို့ ဆယ်လီက တာဝန်ယူပါလိမ့်မယ်' ခရိတ်သည် ရုတ်တရက် ဘာမှ ပြန်မပြောဘဲ ခေတ္တစဉ်းစားနေမိလေသည်။ စာအုပ်ထဲ မာတ်ပုံတွေ ထည့်သွင်းဖော်ပြရန် ကိစ္စကို သဘောမကျသလိုလည်း ဖြစ်မိသည်။ မိမိ၏ စာရေးသားမှုစွမ်းရည်ဖြင့် ပြည့်စုံအောင် သရုပ်မဖော်နိုင်၍ မာတ်ပုံအကူအညီ ရယူရမလို သဘောမျိုး ဖြစ်နေသည်ဟု ယူဆမိသည်။ ဤအတိုင်းဆိုလျှင် နာမည်ကြီး စာရေးဆရာတစ်ဦးအဖြစ် သူ၏နာမည်နှင့် ဂုဏ်သိက္ခာပါ ထိခိုက်ဖွယ်ရာ ဖြစ်နေမည်လော။ ဆယ်လီဆိုသူ အမျိုးသမီး

သည် မိမိနှင့် အနုပညာ ယှဉ်ပြိုင်ဘက်သဖယ် ဖြစ်လာနိုင်ပေသည်။ ထိုအချိန်၌ ဆယ်လီကိုယ်တိုင်က ခရိတ်အား ရွှန်းရွှန်းစားစား စိုက်ကြည့်နေလေသည်။ သူမ၏ အမူအရာက ခရိတ်၏ စာအုပ်အတွက် မာတ်ပုံများ အာဖရိကတိုက်သို့ သွားရောက် ရိုက်ကူးရမည်ကို အထူးစိတ်ဝင်စားသည့်ဟန်မျိုး ဖြစ်နေပေသည်။ သူမ၏ပါးစပ်နှင့်နှုတ်ခမ်းတို့က အလွန်လှပ ကြည့်ကောင်းနေလေရာ ခရိတ်သည် စိတ်တွေလှုပ်ရှားချောက်ချားလျက် ရှိနေသည့်ကြားမှပင် ဆယ်လီ၏ နှုတ်ခမ်းလှလှကလေးကို နမ်းလိုက်ရလျှင်မည်သို့ နေမည်နည်းဟု မဆီမဆိုင် တွေးမိလေ သည်။

ထိုအခိုက် ဆယ်လီက လှမ်း၍ စကားပြောလေသည်။

' ဒီမယ် ခရိတ်၊ ကျွန်မအနေနဲ့ ရှင်နဲ့သာ အတူလိုက်ရမယ်ဆိုရင် အခု ရှင်မြင်နေရတဲ့ မာတ်ပုံတွေ ထက်ကောင်းတဲ့ပုံမျိုးတွေ ရိုက်ကူးပေးနိုင်ပါလိမ့်မယ်။ ကျွန်မက ရှင်နဲ့အတူလိုက်ပြီး အစွမ်းကုန် ကြိုးစားပေးပါ့မယ်။ ဒါကြောင့် ကျွန်မကို အဲဒီအခွင့်အရေး ပေးစမ်းပါလားရှင်နော် '

သူမက တိုးလျှိုးတောင်းပန်သလို ပြောရာ ခရိတ်သည် စိတ်ဝင်စားမိလေသည်။

' ဩော် ဆယ်လီက ဆင်ကြိုးတွေကို စိတ်ဝင်စားပြီး သဘောကျတယ် ထင်တယ်။ ဒါဖြင့် ကျုပ်က ဆင်နဲ့ ပတ်သက်တဲ့ ဒဏ္ဍာရီပုံပြင်တစ်ခု ပြောပြမယ်။ သေသေချာချာ နားထောင်နော်၊ ရှေးရှေးတုန်းက ဆင်ထီးအိုကြီးတစ်ကောင် ရှိသတဲ့။ အဲဒီဆင်ကြီးရဲ့ နားရွက်ထဲမှာ ပိုးမွှားသေးသေးကလေးတစ်ကောင်က အမြဲနေတယ်။ တစ်နေ့တော့ ဆင်ထီးကြီးဟာ သိပ်ပြီးမခိုင်ခံ့တော့တဲ့ တံတားတစ်ခုကို ဖြတ်ကျော်သွားတယ်။ တံတားဟိုဘက်ရောက်သွားတော့ ဆင်ကြီးနားရွက်ထဲက ပိုးကောင်ကလေးက ' ဟေ့ ဆင်ကြီးခင်ဗျားနဲ့ကျုပ် တံတားပေါ်ဖြတ်ခဲ့တာ တံတားကြီးဟာ အကြီးအကျယ် တုန်လှုပ်သွားတာပဲ 'လို့ ပြောသတဲ့။ ဆယ်လီသည် နားထောင်နေရင်းက မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်ရည်များပင် လည်လာလေသည်။

ခရိတ်လည်း ဆယ်လီကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားမိလေသည်။ သူမသည် စိတ်သဘောထားနူးညံ့ သိမ်မွေ့သူဖြစ်ကြောင်း သိရသဖြင့် သနားသွားမိသည်။ နှစ်သိမ့် အားပေးလိုစိတ်လည်း ဖြစ်ပေါ်လာမိသည်။ သူကိုယ်တိုင် စိတ်လှုပ်ရှား ချောက်ချားနေမိပုံကိုလည်း နားလည်အောင် ပြောပြချင်သည်။ ဆယ်လီ သည် မာတ်ပုံများကို ပြန်လည်သိမ်းဆည်း၍ ထိုင်ရာမှ ထလိုက်သည်။

' ရှင်ရဲ့ နောက်ဆုံးစာအုပ်ကို ဖတ်ကြည့်ပြီးတော့ ကျွန်မဖြင့် ရှင်နဲ့အတူလိုက်ပြီး အလုပ်လုပ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာမိပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ ဆန္ဒပြည့်ဝဖို့က မလွယ်ဘူးဆိုတာ သဘော ပေါက်မိပါ တယ်' ဤသို့ ပြောပြီး သူမသည် အက်ရှီဘက်သို့ လှည့်၍

' ကျွန်မ ဝမ်းနည်းပါတယ်၊ သိပ်မဆာလို့ ဘာမှ မစားချင်တော့ဘူး ' ဟု ပြောလိုက်သည်။ အက်ရှီ လည်း ချက်ချင်းပင် ထိုင်ရာမှ ထလိုက်သည်။

' ဟုတ်လား၊ ဒါဖြင့် အတူတူ ပြန်ကြတာပေါ့၊ ကျုပ်ပါလိုက်ပြီး တက္ကစီကားတစ်စီး ငှားစီးသွားကြမယ်' အက်ရှီက ဆယ်လီအားပြောပြီး ခရိတ်ဘက်သို့လှည့်၍

' အိုကေ၊ ခင်ဗျား နောက်ထပ်ရေးထားတဲ့ စာမူတွေ လက်နှိပ်စက်ရိုက်ပြီးရင် ကျုပ်ကို အကြောင်းကြား လိုက်ပါ'ဟုပြောကာ ဆယ်လီနှင့်အတူလိုက်ထွက်သွားလေသည်။ ခရိတ်သည်ဆယ်လီအား နောက်မှ လှမ်းကြည့်နေရာ သူမကိုယ်လုံးကိုယ်ဟန် အချိုးကျလှပပြေပြစ်ပုံကို သတိပြုမိလေသည်။

ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ ဟင်နရီဆိုသူကတော့ စားပွဲတွင် ဆက်ထိုင်လျက် ရှိလေသည်။ သူသည် ယမကာခွက်ကို မသောက်ဘဲ ကြည့်နေရာ ခရိတ်က သတိပြုမိသဖြင့် -

' ဒီ အရက်က လုံးလုံး မစွဲဘူးဗျ၊ နောက်တစ်မျိုးမှာသောက်မှ ကောင်းမယ် ' ဟု ဆိုကာ စားပွဲထိုး တစ်ဦးကို လှမ်းခေါ်၍ နောက်အရက်တစ်မျိုးမှာလိုက်သည်။ ဟင်နရီသည် နောက်ရောက်လာသော အရက်ခွက်ကို စမ်းသောက်ကြည့်ပြီး -

' ဒါကမှ တော်သေးတယ် ' ဟု ပြောလေသည်။

ထို့နောက် ဟင်နရီကပင် သူ၏ လက်ပတ်နာရီကို ကြည့်ပြီး

' ကျုပ်တို့ စားစရာတွေမှာကြဖို့ တော်ပြီထင်တယ်'ဟု ပြောကာ စားပွဲထိုးအား စားသောက်ဖွယ်များ မှာလိုက်လေသည်။ နှစ်ယောက်သားထိုင်ရင်း စကားပြောကြရာတွင် အမေရိကန်သမ္မတ ရီဂင်၏ အစိုးရအဖွဲ့အကြောင်း၊ မက္ကဆီကိုနိုင်ငံမှ ပြည်ပကြွေးမြီများ မဆပ်နိုင်ဘဲ အခက်အခဲတွေ့နေရသည့် အကြောင်း၊ လက်ရှိ ရွှေဈေး အခြေအနေ အကြောင်း စသည်ဖြင့် အကြောင်းအရာမျိုးစုံကို စကားစပ် ပြောဆို ဆွေးနွေးနေကြ လေသည်။ စားသောက်ဖွယ်များ စားသောက်ပြီး၍ ကော်ဖီသောက်နေချိန် တွင် ရွှေဝါရောင်ဆံပင်နှင့် လှပချောမောသော မိန်းကလေးတစ်ဦးသည် အခြားစားပွဲတစ်ခုမှ ထလာ ပြီး ခရိတ်အနီးသို့ ချဉ်းကပ်လာလေသည်။ ' ရှင်က စာရေးဆရာကြီး မစ္စတာခရိတ်မဟုတ်လား ရှင့်၊

ရှင့်ကို ကျွန်မ ရုပ်မြင်သံကြားမှာလည်း ကြည့်ရတယ်။ ရှင်ရဲ့ စာအုပ်တွေကိုလည်း သိပ်သဘောကျမိပါတယ်။ ဒါကြောင့် အမှတ်တရ ဟောဒီမှာ ရှင့်လက်မှတ် (အော်တို) ထိုးပေးစေချင်ပါတယ် '

ပြောရင်းနှင့် မိန်းကလေးသည် ဟိုတယ်ဆိုင်၏ စားသောက်ဖွယ်များ စာရင်းစာရွက် (မီနူး)တစ်ခုကို ပေးလေရာ ခရိတ်ကလည်း လိုက်လျောစွာပင်လက်မှတ်ထိုးပေးလိုက်သည်။ မိန်းကလေးသည် ခရိတ် အနီးသို့ လိုသည်ထက်ပို၍ နီးကပ်စွာမတ်တတ်ရပ်ပြီး ပြုံးလျက်

' ကျွန်မက ၅ လမ်းက အလှကုန်ပစ္စည်းဆိုင်မှာ အလုပ်လုပ်တယ်ရှင့်။ ကျွန်မကို တွေ့ချင်ရင် အဲဒီဆိုင်နေရာမှာ အချိန်မရွေး လာတွေ့နိုင်ပါတယ် ' ဟု ကန့်ကလျကြောပြီးမှ ပြန်ထွက်သွားလေသည်။

ဘေးမှ ထိုင်ကြည့် စိတ်ဝင်စားနေသူ ဟင်နရီသည် ခရိတ်အနီးသို့ကပ်၍ -

' ခင်ဗျားက ဘယ်လိုလဲ၊ မိန်းကလေး ချောချောလှလှကလေးတွေ အခုလို ချဉ်းကပ်လာရင် ခင်ဗျား ခပ်တည်တည်နဲ့ ပလွှတ်လိုက်တာချည်းပဲလား' ဟု မေးလေသည်။ ခရိတ်က ရယ်မောလိုက်သည်။
' ဒါတော့ဗျာ၊ ယောကျ်ားမှန်သမျှ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ချည်းပါပဲ။ စဉ်းစားသာ ကြည့်ပေတော့'
ထိုမျှနှင့် စကားပြတ်သွားပြီးနောက် စားသောက်ဖွယ်များအတွက် ကျသင့်ငွေကို ဟင်နရီကပင် စိုက်ထုတ် ရှင်းပေး လိုက်သည်။

' ကျုပ်မှာ မော်တော်ကား ပါလာတယ်။ ခင်ဗျား သွားချင်တဲ့ဆီကို လိုက်ပို့ပေးပါမယ် '

' ကိစ္စမရှိပါဘူး။ ကျုပ်က လမ်းလျှောက်ချင်လို့ပါ '

' ဒီမယ် မစ္စတာခရိတ်၊ ခင်ဗျားစိတ်ထဲမှာ အာဖရိကတိုက်ကို ပြန်သွားချင်နေပုံရတယ်လို့ ကျုပ် အကဲခတ်မိတယ်။ စောစောက ခင်ဗျားမာတ်ပုံတွေကို ကြည့်နေတုန်း ခင်ဗျားရဲ့ မျက်နှာမူအရောက အလွန် ဆာလောင် မွတ်သိပ်နေတဲ့ လူတစ်ယောက် ပုံမျိုးဖြစ်နေတယ်။ အာဖရိကကို ပြန်လွမ်းနေပုံ မျိုးပဲဗျ'
' ဒါတော့ ဖြစ်နိုင်ပါတယ် '

' နောက်ပြီး ခင်ဗျားရေးမယ့် စာအုပ်အကြောင်း ဆက်ပြောချင်သေးတယ်။ ဒါနဲ့ ပတ်သက်လို့ မစ္စတာ အက်ရိက အပြည့်အစုံ မသိပါဘူး။ ခင်ဗျားက အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံ ထိပ်သီးလူမည်း ခေါင်းဆောင်တွေနဲ့ သိကျွမ်းရင်းနှီးတယ် မဟုတ်လား။ အဲဒီအချက်ကို ကျုပ်တို့ အထူး စိတ်ဝင်စားမိတယ်။ ခင်ဗျားရဲ့စာအုပ်ထဲကပါတဲ့ အတွေးအခေါ် အယူအဆတွေကိုလည်း ကျုပ်တို့ လက်ခံသဘော

တူပါတယ်။ တကယ်လို့ ခင်ဗျားအနေနဲ့ အာဖရိကကိုပြန်သွားဖို့ ဆုံးဖြတ်မယ်ဆိုရင် ကျုပ်ဆီ တယ်လီဖုန်းနဲ့ ဆက်သွယ်လိုက်ပါ။ ခင်ဗျားနဲ့ ကျုပ်နဲ့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကျေးဇူးပြုနိုင်လိမ့်မယ်ထင်ပါတယ် '

ဤသို့ စကားကို အဆုံးသတ်ပြီး ဟင်နရီသည် သူ၏ မော်တော်ကားဆီကို လျှောက်သွားလေသည်။ တစ်ဖန် ကားပေါ် တက်ပြီးနောက် ခရိတ်အား လှမ်း၍ -

' ကျုပ် သဘောအရတော့ ဆယ်လီရဲ့ ဓာတ်ပုံတွေက အလွန်ကောင်းတယ်လို့ ထင်မိတယ် ' ဟု ပြောသွား လေသည်။

အခန်း (၃)

ဘာဂူအမည်ရှိ ဇိမ်ခံ(ယော့တ်)သဘော်သည် အလျား လေးဆယ့်ငါးပေရှိ ခေတ်မီသဘော်ဘ တစ်စင်းဖြစ်ပြီး ခရိတ်က အပိုင်ဝယ်ယူပြီးနောက် ပို၍ကောင်းသည်ထက် ကောင်းအောင် ပြုပြင် ထားလေသည်။ ယခု ဘာဂူ သဘော်သည် နယူးယောက်မြို့ ဆိပ်ကမ်းရှိ ပုဂ္ဂလိက ကိုယ်ပိုင်သဘော်များ ထားရှိရာ ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားလေသည်။ သဘော်၏သက်တမ်းက ငါးနှစ်ရှိပြီဖြစ်သော်လည်း အသစ်ကဲ့သို့ပင် အလွန်အခြေအနေ ကောင်းမွန်လျက်ရှိပေသည်။

ဆိပ်ကမ်း၌ ကိုယ်ပိုင်သဘော်များ ဆိုက်ကပ်ထားရာတွင် တာဝန်ယူ စောင့်ရှောက်ပေးသည့် မာရီနာ ရုံးတစ်ရုံးရှိရာ ခရိတ်သည် ဝင်းတံခါးမှ ရုံးရှိရာသို့ လျှောက်သွားစဉ် တာဝန်ကျ မိန်းကလေးက သူ့အား လှမ်းခေါ် လေသည်။

' မစ္စတာခရိတ်ရှင့်၊ ခဏကြွပါဦး။ ရှင့်ဆီကို တယ်လီဖုန်းတွေ လာတာကျွန်မ ဟောဒီမှာ မှတ်ထားပါတယ်။ ရှင် ပြန်ဆက်ချင်ရင် ဒီက တယ်လီဖုန်း သုံးနိုင်ပါတယ် ' ပြောပြော ဆိုဆို မိန်းကလေးသည် ရေးမှတ်ထားသော စာရွက်ငယ်များကို လှမ်းပေးလေသည်။

ခရိတ်လည်း စာရွက်များကို ယူကြည့်ရာ တစ်ခုက သူ၏ စီးပွားရေးလုပ်ငန်းပွဲစားထံမှ အရေးတကြီး ပြန်ဆက်သွယ်စေလိုကြောင်း ရေးမှတ်ထားသည်ကို တွေ့ရသည်။ နောက် စာရွက်တစ်ရွက် မှာ အမေရိကန်ပြည် အနောက်အလယ်ပိုင်းဒေသ သတင်းစာတစ်စောင်မှ စာပေရေးရာ အယ်ဒီတာထံမှ ဖြစ်လေသည်။ ခရိတ်သည် ရှေးဦးစွာ သူ၏ ပွဲစားထံသို့ တယ်လီဖုန်းဆက်လိုက်ရာ သူ ဝယ်ယူထားသောရွှေများကို (ဝယ်စဉ်က တစ်အောင်စလျှင် ဒေါ်လာ သုံးရာ့ နှစ်ဆယ်ဈေး) ယခု ဈေးကောင်း

ရသဖြင့် ဒေါ်လာ ငါးရာ့နှစ်ဆယ်နှုန်း ဖြင့် ရောင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။ ခရိတ်က ငွေများကို သူ၏ ဘဏ်စာရင်းတွင် သွင်းထားရန် ညွှန်ကြားလိုက်သည်။ ထို့နောက် စာပေရေးရာ အယ်ဒီတာထံသို့ တယ်လီဖုန်း လှည့်လိုက်ပြန်သည်။

တာဝန်ကျ မိန်းကလေးသည် ခရိတ်အား စိတ်ဝင်စားဟန်ဖြင့် အနီးတွင် မယောင်မလည် လုပ်နေလေသည်။ သူမ၏ ခန္ဓာကိုယ် အချိုးကျ လှပပုံကိုလည်း ဖြစ်ကြောင်း သိသာထင်ရှားပေသည်။ တစ်ဖက် မှ စာပေရေးရာ အယ်ဒီတာ ဆိုသူက အမျိုးသမီး ဖြစ်နေသည်။

' ဟဲလို မစ္စတာခရိတ်၊ ရှင့် စာအုပ်သစ်ကို ဘယ်တော့လောက် ထုတ်ဝေမှာလဲရှင့် '

' စာအုပ်သစ်ထုတ်ဝေဖို့ရယ်က သိပ်မသေချာသေးပါဘူး။ ဘာလဲ၊ ခင်ဗျားက ကျုပ်နဲ့တွေ့ဆုံဆွေးနွေးတဲ့ အင်တာဗျူးလုပ်ပြီး ရေးချင်လို့လား' ခရိတ်က ပြန်မေးလိုက်သည်။

' မဟုတ်သေးပါဘူး၊ ရှင့်စာအုပ် ထွက်လာတော့မှပဲ တွေ့ဆုံလိုပါတယ် '

' ဒါဖြင့် ခင်ဗျား အကြာကြီး စောင့်ရမှာပဲ '

ဤသို့ ပြောပြီး ခရိတ် စကားဖြတ်လိုက်သည်။

တာဝန်ကျ မိန်းကလေးသည် ခရိတ်အား စကားလာပြောပြန်သည်။

'ဒီနေ့ည ဖိုင်ယားဝါတာ သဘော်ပေါ်မှာ ပျော်ပွဲရွှင်ပွဲပါတီရှိတယ် ရှင့် ' ပြည့်ဖြိုး လှပနေသည်ကို သတိပြု မိလေသည်။ ဤမိန်းကလေးသည် ယောကျ်ားအဖော် လိုချင်တောင့်တနေပုံရသည်ဟု ယူဆမိသဖြင့်

' ငါကလည်း ငှါသဘော်ာ ဘာဂူပေါ်မှာ ဒီည ပါတီပွဲလုပ်မလို့ပဲ၊ ဒါပေမဲ့ ငှါပါတီက လူနှစ်ယောက် အတွက်ပဲ ဖြစ်တယ်။ မင်းလာခဲ့မလား'ဟု အဓိပ္ပာယ်ပါပါပြုံး၍ ပြောလိုက်ရာ မိန်းကလေးသည် ချက်ချင်း စိတ်ဝင်စားဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။

' ဒီမှာ ကျွန်မရဲ့ တာဝန်က ငါးနာရီဆိုရင် ပြီးပါမယ် '

' အေး ကောင်းတယ်၊ ဒါဖြင့် မင်းရဲ့ ဂျူတီ ပြီးပြီးချင်း တိုက်ရိုက်သာ လာခဲ့ပေတော့ '

*

ခရိတ်သည် သူ၏သဘော် ဘာဝူပေါ်ရှိ အိပ်ခန်းထဲတွင် လဲလျောင်းရင်း စဉ်းစားနေလေသည်။ သူ၏ဘေးတွင်ကား မာရီနာရုံးမှစာရေးမအမျိုးသမီးသည် နှစ်ခြိုက်စွာအိပ်ပျော်နေလေသည်။ မိန်းကလေးသည် ခရိတ်အား စိတ်ဝင်စားနေခဲ့သဖြင့် ယခုကဲ့သို့ နှစ်ယောက်ချင်း လွတ်လပ်စွာ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင် ခရိတ်သည် စိတ်တွေ ဂနာမငြိမ်ဖြစ်ခြင်းကို ပြေပျောက်လိုငြားထို မိန်းကလေးနှင့် ကိုယ်ထိလက်ရောက် ချစ်တင်းနှီးနှောခဲ့ခြင်း ဖြစ်လင့်ကစား ယခု သူ၏စိတ်လှုပ်ရှားမှုများ လုံးဝ မပြေပျောက်ဘဲ ဖြစ်နေပြန်လေသည်။ သူ၏ အတွင်းစိတ်သည် မွေးရပ်မြေအာဖရိကသို့ပင် ရောက်နေလေရာ အမျိုးသမီးဓာတ်ပုံဆရာ ဆယ်လီရိုက်ကူးခဲ့သော အာဖရိကတိုက်မှ ဓာတ်ပုံများကိုလည်းမြင်ယောင်နေမိလေသည်။ သူ၏နားထဲတွင်လည်း အာဖရိကတိုက် တောတွင်းဒေသမှ သဘာဝအသံများကို ကြားယောင်နေမိလေသည်။

အထူးသဖြင် အာဖရိကတိုက်မှ တိုင်းရင်းသား လူမည်းများ ညအချိန် ရိုးရာ ဂီတအဖြစ် တိုင်းရင်းဖြစ်စဉ်(သို့မဟုတ်) ဗုံရှည်ကြီးများ တီးသံကို ကြားယောင်ကာ လွမ်းဆွတ်သတရနေမိသည်။ အာဖရိကတိုက်ရှိ မြစ်ကြီးများထဲမှ တသွင်သွင် ရေစီးသံများကိုလည်း ပြန်လည်ကြားချင်စိတ် ဖြစ်ပေါ်မိလေသည်။ ယင်းသို့ အာဖရိကတိုက်အကြောင်း တောက်လျှောက် စဉ်းစားနေမိခြင်းကြောင့် ခရိတ်သည် ထိုညအဖို့ နောက်ထပ် အိပ်မပျော်တော့ချေ။ နံနက် မိုးလင်းသောအခါ စာရေးမကလေးက နံနက်စာကိုကျနစွာ ချက်ပြုတ်တည်ခင်းကျွေးလေသည်။ သူမသည်အပျိုစင်မဟုတ်ကြောင်း သိသာလင့်ကစား ခရိတ်က ဘာမှမပြောဘဲ မသိချင်ဟန်ဆောင် နေလိုက်သည်။

နံနက်စာ စားသောက်ပြီးသောအခါ ခရိတ်သည် သဘော်အပေါ်ထပ်အခန်းရှိ စာရေးစားပွဲဆီသို့ တက်သွား လေသည်။ စားပွဲပေါ်တွင် ရေးလက်စစာမူများရှိရာ ခရိတ်သည် ရေးပြီးသားစာရွက်ဆယ်ရွက် ကိုပြန်ဖတ်ကြည့် ပြီးနောက် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားကာ ဆက်ရေးနေလေသည်။ သို့ရာတွင် စိတ်လှုပ်ရှားနေခြင်းကြောင့် အာရုံစူးစိုက်ရန် ခက်ခဲနေလေသည်။ တစ်နာရီခန့် ကြိုးစားရေးသော်လည်း လက်မသွက်ဘဲ ဖြစ်နေသည်။ အရေးထဲ သူ၏စာမူတွင် ထည့်ရေးရမည့် စာလုံးတစ်လုံးကိုမသေချာသဖြင့် ဝေါဟာရအဘိဓာန်စာအုပ်ကိုကြည့်ရန် စားပွဲဘေးရှိစာအုပ်စင်မှ အဘိဓာန်စာအုပ်ကို ဆွဲယူလိုက်သည်။ စာအုပ်ကို ဖွင့်လိုက်သောအခါ လှပသော လက်ရေးစက္ကူစာရွက်တစ်ရွက်ခေါက်လျက်သား စာအုပ်ကြားမှ ထွက်ကျလာလေသည်။ ခရိတ်သည် ထိုစာရွက်ကို ဖြန့်ကြည့်လိုက်ရာ အံ့အားသင့်သွားမိလေသည်။ စာမှာ ဂျေနီအမည်ရှိ မိန်းကလေးတစ်ဦးက သူ့ထံသို့ ရေးလိုက်သောစာဖြစ်လေသည်။ ထိုစာကိုရရှိခဲ့သည်မှာ ကြာပြီဖြစ်၍ ခရိတ်က ဖတ်ပြီးသားဖြစ်သော်

လည်း ယခုတစ်ဖန်ပြန်တွေ့ရ၍ အံ့သြမိခြင်းဖြစ်လေသည်။ အမှန်တော့ ဂျွန်သည် တစ်ချိန်က အာဖရိကတိုက်တွင် ခရိတ်နှင့် ခင်မင်ရင်းနှီးခဲ့သူဖြစ်သည့်ပြင် ရိုဒီးရှား (ဇင်ဘာဘွေ) နိုင်ငံ ပြည်တွင်းစစ်အတွင်းက သူနှင့်အတူ ရှိနေခဲ့သူလည်းဖြစ်သည်။ ပြည်တွင်းစစ်ဖြစ်နေစဉ် ခရိတ်ဒဏ်ရာရခဲ့စဉ်က လည်း ထိုမိန်းကလေးက သူ့အား အထူးဂရုစိုက်ပြီး အနီးကပ် ပြုစုခဲ့သည်။ ခရိတ်၏ ခြေတစ်ဖက် ဖြတ်ပစ်လိုက်ရပြီး ဒဏ်ရာပျောက်ကင်း၍ ခြေတုတပ်ကာ စတင်စမ်းသပ် လမ်းလျှောက်ခဲ့စဉ်ကလည်း ထိုမိန်းကလေးက သူနှင့်အတူ ရှိခဲ့သည်။ ခရိတ် ကလည်း ထိုမိန်းကလေးအား အထူးခင်မင်မိကာ လက်ထပ်ထိမ်းမြားရန်ပင် စိတ်ကူးခဲ့သေးသည်။ သို့သော် ခက်နေသည်ကား ယခု ခရိတ်သည် ထိုမိန်းကလေး၏ ပုံပန်းသဏ္ဌာန်မည်သို့ရှိသည်ကို လုံးဝမမှတ်မိတော့ခြင်းပင် ဖြစ်လေသည်။ ထိုစာကို ဂျွန်ကသူ၏ ဇာတိနေရပ် အင်္ဂလန်နိုင်ငံ ယောက်ရှိုင်းယားခရိုင်မှ ရေးလိုက်ခြင်းဖြစ်သည်။ ရေးသည့် အချိန်က သူမသည် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးနှင့် လက်ထပ်ခါနီး သုံးရက်အလိုက ရေးလိုက် ခြင်းဖြစ်သည်။ စာကလည်း တိုတိုတုတ်တုတ်မဟုတ်။ စာမျက်နှာ ဆယ်ရွက်တိတိရှိသော စာရှည်ကြီး ဖြစ်သည်။ ခရိတ်သည် ထိုစာကို ရရှိပြီးနောက် အဘိဓာန် စာအုပ်ကြားတွင် ညှပ်ကာ သိမ်းဆည်းထား ခဲ့ခြင်းဖြစ်သည်။

ယခုတစ်ဖန် ပြန်၍ဖတ်ကြည့်သောအခါ ဂျွန်၏စာတွင် စိတ်ဝင်စားဖွယ်ကောင်းသော အချက်များပင် ရှိနေကြောင်း တွေ့ရလေသည်။ အထူးသဖြင့် ဂျွန်က ခရိတ်အား ဝေဖန်သုံးသပ်ထားပုံအချက်များက အလွန် မှန်နေပေသည်။ ဂျွန်၏ စာထဲမှ အောက်ပါ စာပိုဒ်များဆိုလျှင် မိမိ၏ ချို့ယွင်းချက်၊ အားနည်းချက်များကို ပွင့်လင်းစွာ ထောက်ပြထားသလို ဖြစ်နေသည်။

' ရှင်ဟာ ဘဝခရီးလမ်းတစ်လျှောက် ဘာမှအောင်မြင်မှုမရဘဲ အရေးနိမ့်ခဲ့တာချည်း များလွန်းတဲ့ အတွက် အခုရှင်မမျှော်လင့်ဘဲ ရုတ်တရက် တိုးတက်အောင်မြင်လာတာကြောင့် အောက်ခြေလွတ် သွားတဲ့ သဘောမျိုးပဲရှင့် '

' ဒီမယ် ခရိတ်၊ ရှင်ဟာ တစ်ချိန်က ရိုးသား အပြစ်ကင်းတယ်၊ သိမ်မွေ့ညှင်သာတယ်၊ ချစ်ဖို့လည်း ကောင်းတယ်၊ ကျွန်မက ရှင့်ကို အဲဒီပုံအတိုင်း သဘောကျလို့ အမြဲတမ်း ဒီလိုပဲ နေလိမ့်မယ်လို့ မျှော်လင့်ခဲ့မိတယ်။ ဒါပေမဲ့ ကျွန်မတို့ အာဖရိကတိုက်က ထွက်ခွာလာပြီးတဲ့ နောက်ပိုင်းကျတော့ ရှင်ဟာတစ်မျိုးပြောင်းလဲလာတယ်၊ ချစ်စရာကောင်းတဲ့ သိမ်မွေ့မှုတွေ ပျောက်ကွယ်ပြီး ကြမ်းတမ်း လာတယ်'

' ရှင်နဲ့ကျွန်မ ပထမဆုံး တွေ့ဆုံခဲ့ရတဲ့နေ့ကို မှတ်မိသေးရဲ့လား၊ အဲဒီတုန်းက ကျွန်မက ရှင့်ကို 'ရှင်ဟာ မိဘ အလိုလိုက်ထားလို့ပျက်ပြီး နွဲ့ဆိုးဆိုးနေတဲ့ကောင်ကလေး တစ်ယောက်နဲ့တူတယ်' လို့ ပြောခဲ့သေးတယ်လေ၊ နောက်ပြီး ရှင်ဟာ စိတ်တွေ မတည်ငြိမ်တဲ့ကလေးငယ်လို ရုပ်ပြီးသား အရာဝတ္ထုကို လွယ်လွယ်နဲ့ စွန့်လွှတ်ချင်တယ်လို့လည်း ကျွန်မကဝေဖန်ခဲ့တယ်၊ အဲဒါ သိပ်မှန်တာပေါ့၊ ရှင်ဟာ ကျွန်မနဲ့ ဆက်ဆံရေးကို စွန့်လွှတ်ခဲ့တယ် မဟုတ်လား၊ ကဲ ဒါတွေ ထားပါတော့လေ၊ ရှင့်ကို ကျွန်မတစ်ခုအကြံပေးပါရစေ၊ ရှင်ဟာ ဘာမဆို လွယ်လွယ်နဲ့ စွန့်လွှတ်ချင်တဲ့ ဝါသနာရှိပေမယ့် တစ်ခုကိုတော့ ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့လို့ ကျွန်မ အကြံပေးချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ရှင်စာရေးတဲ့ အလုပ်ပါပဲ၊ စာရေးတာကိုတော့ ဘယ်တော့မှ မစွန့်လွှတ်လိုက်ပါနဲ့၊ အမြဲတမ်းဆက်ပြီး စာရေးနေဖို့ ကြိုးစားစေချင်ပါတယ်' ယင်းစာပိုဒ်ကို ဖတ်ရင်း ခရိတ်သည် စိတ်လှုပ်ရှားချောက်ချားမိလေသည်။ ဂျနီ၏ ဝေဖန်ချက်က မှန်လွန်း၍ စိတ်ထိခိုက်မိခြင်း ဖြစ်လေသည်။

နောက်တစ်ပုဒ်ကို ဆက်ဖတ်ကြည့်မိပြန်သည်။

' ကျွန်မလေ ရှင့်ကို တကယ်ပဲ ချစ်ခဲ့မိပါတယ်။ ချစ်တာကလည်း ရုတ်တရက် အလောတကြီး ချစ်တာမျိုးမဟုတ်ဘဲ ဖြည်းဖြည်းချင်း တည်ဆောက်ယူရတဲ့သဘောမျိုး အချိန်ယူပြီးချစ်ခဲ့တာမျိုး ဖြစ်ပါတယ်။ အဲဒီလို အချစ်မျိုးဆိုတာ ပြန်ပြီးဖျောက်ဖျောက်ပစ်ဖို့က မလွယ်ဘူးရှင့်။ ကဲပါလေ၊ ကျွန်မ ရှင်းရှင်းပြောပါတော့မယ်၊ ကျွန်မ အခု ရှင့်ကိုမချစ်တော့ဘူး၊ ရှင့်ကိုသာမဟုတ်ဘူး၊ ကျွန်မအနေနဲ့ တခြားဘယ်ယောကျ်ားကိုမှလည်း ချစ်နိုင်တော့မှာမဟုတ်ဘူး။ ကုန်ကုန်ပြောမယ်ရှင့်၊ အခုလာမယ့် စနေနေ့ ကျွန်မနဲ့ လက်ထပ်မယ့်လူကိုလည်း ကျွန်မ တကယ်ချစ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မ ရှင့်ကို ခင်မင်ပါတယ်၊ နောင်ကိုလည်း အမြဲပဲရှင့်ကို ခင်မင်နေမှာပါပဲ။ ရှင် တိုးတက်ကြီးပွားပါစေ၊ စိတ်ချမ်းသာပါစေလို့လည်း မျှော်လင့်ပါတယ်၊ တစ်ခုတော့ ရှင် သတိထားဖို့ လိုလိမ့်မယ်။ ရှင့်မှာ သတိထားရမယ့် ရန်သူတစ်ဦး ရှိနေတယ်၊ အဲဒီရန်သူက တခြားမဟုတ်ဘူး၊ ရှင်ကိုယ်တိုင်ပဲ ဖြစ်နေတယ် '

ခရိတ်သည် စာကို ဖတ်ပြီးလျှင် ပြန်ခေါက်သိမ်းလိုက်သည်။ ထိုအချိန်၌ သူသည် အာခေါင်ခြောက်လာသလိုဖြစ်လာကာ ယမကာတစ်ခုခု သောက်ချင်စိတ်ဖြစ်ပေါ်လာမိလေသည်။ ထို့ကြောင့် သဘော်အောက်ထပ် စားသောက်ခန်းသို့ ဆင်းသွားပြီး အရက်တစ်ခွက် ငှဲ့သောက်ရင်း ဂျနီ၏ စာကို တစ်ခေါက်ပြန်ဖတ်ကြည့်ပြန်သည်။ စာထဲမှာ အောက်ပါစာပိုဒ်ကို ပြန်ဖတ်မိသည်။

' အာဖရိကတိုက်က ထွက်ခွာလာပြီးတဲ့နောက်ပိုင်း ရှင်ဟာ တစ်မျိုး ပြောင်းလဲလာတယ်၊ သိမ်မွေ့မှုတွေ ပျောက်ပြီး ကြမ်းတမ်းလာတယ် ' စာပိုဒ်ပါ ဝေဖန်ထောက်ပြချက်က မှန်ကန်သလောက် သူ၏ နှလုံးသားကို ပြင်းစွာ နာကျင်အောင် ဆုပ်ကိုင် လှုပ်ရှား လိုက်ဘိသကဲ့သို့ ခံစားရလေသည်။

' ဟုတ်ပါတယ်၊ ငါဟာ ပြောင်းလဲလာခဲ့တယ်၊ သိမ်မွေ့မှုတွေ ပျောက်ပြီး ကြမ်းတမ်းလာခဲ့တယ် '

ဤသို့ တစ်ယောက်တည်း ရေရွတ်ရင်း ခရိတ်သည် စာရွက်များကို အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်ပြီးနောက် ပန်းကန်ဆေးသည့် ရေခွက်တွင် သွန်ချကာ ရေဖြင့် လောင်းချပစ်လိုက်သည်။
ထိုအချိန်၌ သူ၏စိတ်ထဲ၌ ဆုံးဖြတ်ချက်တစ်ခု ချပြီးနေပြီဖြစ်သည်။ ခရိတ်သည် သဘော်ဘမှ ကမ်းပေါ်သို့တက်၍ အများသုံးတယ်လီဖုန်းတစ်ခုမှ ကွမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ မစ္စတာ ဟင်နရီထံသို့ ဆက်လိုက်သည်။
' ဟဲလို ကျုပ် ခရိတ် စကားပြောနေတယ် '

' ဟဲလို မစ္စတာခရိတ်၊ ဘယ်လိုလဲဗျ၊ နေကောင်းရဲ့နော်'

တစ်ဖက်မှ ဟင်နရီက နှုတ်ဆက်လိုက်လျှင် ခရိတ်က

' ဒီမယ်၊ ဇင်ဘာဘွေနိုင်ငံက မာတာဘတ်လီ တိုင်းရင်းသားတွေရဲ့ ရှေးဟောင်းဆိုရိုးစကားတစ်ခု ရှိတယ်။ ဇမ်ဘေဇီမြစ်ရေကို တစ်ခါသောက်ဖူးရင် နောက်ထပ်သောက်ဖို့ ပြန်မလာဘဲ မနေနိုင်ဘူးတဲ့' ဟု ပြော လိုက်သည်။

' ဩော် ... ဒီလိုလား၊ ဒါဖြင့် ခင်ဗျား အခု ရေတပ်နေပြီဆိုပါတော့ ကျုပ်လည်း ထင်မိသားပဲ '

' ခင်ဗျားဆီ တယ်လီဖုန်း ဆက်ပါဆိုလို့ အခု ဆက်လိုက်တာပဲ '

' ကျုပ်နဲ့ လာတွေ့ပါလား '

' ဘယ်တော့လဲ၊ ဒီနေ့ပဲ လာရမှာလား '

' ဟာ ခင်ဗျားက လောမယ့်လောတော့ ခုချက်ချင်းမှ ဆိုသလို ဖြစ်နေပါပေါ့လား။ နေဦးဗျ၊ ကျုပ်ရဲ့ ဒိုင်ယာရီ မှတ်တမ်းမှာ တခြားကိစ္စတွေ ရှိသလား ကြည့်လိုက်ဦးမယ်။ အိုကေ ကောင်းပြီ၊ ဒီနေ့ညနေ

ခြောက်နာရီမှာ ကျုပ်ဆီ လာခဲ့ပါလား။ ဒါထက်စောပြီး'တွေ့ဖို့ အချိန်မပေးနိုင်ဘူး ဖြစ်နေတယ်' မစ္စတာဟင်နရီက ဤသို့ပြောသဖြင့် ခရိတ်လည်း လာတွေ့ပါမည်ဟု ကတိပေးလိုက်သည်။

*

ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ မစ္စတာဟင်နရီ၏ ရုံးခန်းမှာ နယူးယောက်မြို့ ဗဟိုဥယျာဉ်ကြီးနှင့် မလှမ်း မကမ်းရှိ မိုးမျှော်တိုက်ကြီး တစ်ခု၏ နှစ်ဆယ့်ခြောက်ထပ်တွင် တည်ရှိလေသည်။ ခရိတ် ရောက်သွား သောအခါ ဟင်နရီက ဖော်ရွေစွာ ခရီးဦးကြိုပြုပြီး ဝိစကီအရက်ဖြင့် တည်ခင်းဧည့်ခံလေသည်။ အလွန်မြင့်မားသောတိုက်ဖြစ်၍ ဝင်လုဆဲနေမင်း၏ ညနေရှုခင်းသာယာလှပပုံကို ကောင်းစွာ မြင်နေရ လေသည်။ နှစ်ယောက်သား ဝိစကီဖန်ခွက်ကိုယ်စီဖြင့် ခေတ္တသောက်နေကြပြီးနောက် ခရိတ်က လိုရင်းကိစ္စကို တိုက်ရိုက်ပြောရန် ဆုံးဖြတ်လိုက်သည်။

' ကိုင်း မစ္စတာဟင်နရီ၊ ကျုပ်တို့ ပွင့်ပွင့်လင်းလင်းပဲ စကားပြောကြရင် ကောင်းမယ်ထင်တယ်၊ ခင်ဗျား ကျုပ်ကို ဘာလုပ်စေချင်တယ်ဆိုတာ အမှန်အတိုင်းသာ ပြောစမ်းပါ။ '

' ကောင်းပြီလေ၊ ခင်ဗျားက အခုလို စပြောမှတော့ ကျုပ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောရတာပေါ့။ ဇင်ဘာဘွေနိုင်ငံအကြောင်း စာအုပ်ရေးဖို့ဆိုတာက အများသိအောင် ဟန်ပြလုပ်ငန်း သဘောသာဖြစ် တယ်။ ကျုပ်ကိုယ်တိုင်ကတော့ ခင်ဗျားက စာအုပ်ရေးပြီး အဲဒီစာအုပ်မှာ ဆယ်လီရိုက်တဲ့ ဓာတ်ပုံတွေ ဖော်ပြတာကို တကယ်လိုလားပါတယ် ' ဤတွင် ခရိတ်က လိုရင်းအချက်ကိုသာ သိလိုသဖြင့် စိတ်မရှည်ဟန်ဖြစ်လာရာ ဟင်နရီကလည်း ရိပ် မိပြီး

' ဒီလိုပါ၊ ကျုပ်က ဒီကမ္ဘာ့ဘဏ် အဖွဲ့အစည်းမှာ အာဖရိကတိုက်ဆိုင်ရာ ဌာနရဲ့ အကြီးအကဲ ဒုဥက္ကဋ္ဌ ဖြစ်ပါတယ်' ဟု ပြောလေသည်။ခရိတ် က ခေါင်းညိတ်လိုက်သည်။

' ခင်ဗျားရဲ့ ရုံးခန်း ပြင်ဘက်မှာရှိတဲ့ ဆိုင်းဘုတ်မှာလည်း ဒီအတိုင်းရေးထားသားပဲ '

' ဟုတ်ပြီ ကျုပ် ဆက်ပြောပါ့မယ်၊ ကျုပ်တို့ ကမ္ဘာ့ဘဏ်အဖွဲ့အစည်းဟာ တချို့လူတွေ ယူဆသလို ဒေါ်လာငွေတွေကို ဖြုန်းတီးသလို အလကား လျှောက်ပေးပစ်နေတာမဟုတ်ဘူး။ ကမ္ဘာ့ဘဏ်ဟာ အရင်းရှင် စီးပွားရေးစနစ်ရဲ့ အဓိကမဏ္ဍိုင်တစ်ခုတော့ဖြစ်တယ်။ ဒါကို ထားပါတော့၊ အာဖရိကတိုက် ကြီးရဲ့ အခြေအနေကို ကြည့်လိုက်ရင် စီးပွားရေး အခြေမခိုင်တဲ့နိုင်ငံတွေ အများဆုံးရှိနေတာ တွေ့ရ လိမ့်မယ်။ မျက်နှာဖြူအစိုးရအုပ်ချုပ်တဲ့ တောင်အာဖရိကနဲ့ မြောက်ပိုင်းက ရေနံထွက်တဲ့ နိုင်ငံတချို့ က လွဲရင် အာဖရိကနိုင်ငံ အများစုဟာ လယ်ယာကိုင်းကျွန်း အလုပ်ကိုသာမှီနေရပြီး စက်မှုလက်မှု

လုပ်ငန်းမရှိသလောက် နည်းပါးတဲ့အပြင် သယံဇာတ သဘာဝပစ္စည်းတွေလည်း မထွက်သလောက် နည်းပါးကြတယ်'ဤတွင်လည်း ခရိတ်ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်ရာ ဟင်နရီကဆက်ပြောလေသည်။

' အဲဒီ အာဖရိကနိုင်ငံတွေထဲက လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ အရင်ကိုလိုနီဟောင်းက မျက်နှာဖြူမျိုးတွေ အခြေစိုက် လုပ်ကိုင်ခဲ့တဲ့လုပ်ရပ်တွေကြောင့် အကျိုးခံစားခွင့်ရရှိနေတဲ့ နိုင်ငံတချို့တော့ ရှိတယ်။ တချို့နိုင်ငံတွေကျတော့လည်း (ဥပမာဇမ်ဘီယာနဲ့ တန်ဇန်နီယာနိုင်ငံတို့လို) လွတ်လပ်ရေးရပြီးကာမှ စီးပွားရေး ကမောက်ကမ ဖြစ်တာတို့၊ နိုင်ငံရေး သဘောတရား အယူအဆတွေကြောင့် အချင်းချင်း သဘောကွဲလွဲပြီး စည်းလုံးညီညွတ်မှု ပျက်ပြားတာတို့ရှိခဲ့တယ်။ သို့သော်လည်း ဇင်ဘာဘွေရယ်၊ ကင်ညာနဲ့ မာလာဝီနိုင်ငံတို့က တိုးတက်ဖွံ့ဖြိုးဖို့ မျှော်လင့်ချက် အလားအလာ ရှိသင့်သလောက် ရှိနေတယ်။ မျက်နှာဖြူတွေ လုပ်ကိုင်သွားခဲ့တဲ့ စီးပွားရေး လုပ်ငန်းတချို့ဆိုရင်လည်း အခုထိ ဆက်လက်ရပ်တည် လည်ပတ်နေတယ်။ ဒါ့အပြင် ကြေးနီလို သတ္တုမျိုးထွက်လို့ နိုင်ငံခြားဝင်ငွေလည်း ရသင့်သလောက် ရရှိနေတယ်။ ဒီနိုင်ငံမျိုးကျတော့ ဆက်ပြီး တိုးတက်ဖွံ့ဖြိုးလာအောင် ကျုပ်တို့က ကူညီဆောင်ရွက်ရင် ဖြစ်မြောက် နိုင်စရာရှိတယ် '

' နေပါဦးဗျ၊ ခင်ဗျားတို့ ကမ္ဘာ့ဘဏ်က ငွေတွေကို အလှူပေးနေတာ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ ဒီအာဖရိက နိုင်ငံတွေကို စိတ်ဝင်စားနေရတာလဲ ' ခရိတ် က ပြန်မေးလိုက်သည်။

' ဘာဖြစ်လို့လဲဆိုတော့ ကျုပ် ပြောပြပါမယ်၊ ဘာကြောင့်လည်းဆိုတော့ အဲဒီနိုင်ငံတွေက လူတွေကို ကျုပ်တို့ အစာရေစာ ဝဝလင်လင် မကျွေးဘဲထားရင် တစ်နေ့ ဒီလူတွေနဲ့ ကျုပ်တို့ တိုက်ခိုက်ရမယ့် အခြေအနေမျိုးရောက်သွားနိုင်တယ်။ ရှင်းရှင်းပြောရရင်အာဖရိကနိုင်ငံက တိုင်းရင်းသားတွေတော်မွတ်လာတဲ့အခါ မလိုလားအပ်တဲ့ နိုင်ငံရေးပယောဂတွေ ဝင်လာနိုင်တယ်။ နိုင်ငံကြီးတွေက ဝင်ရောက်စွက်ဖက် ခြယ်လှယ်ပြီး နိုင်ငံရေးဩဇာ လွှမ်းမိုးနိုင်အောင် ကြံစည်ကြိုးစားတာတွေ ဖြစ်လာနိုင်တယ်'
' ဒါတော့လည်း မှန်ပါတယ် 'ခရိတ်က ဝီစကီဖန်ခွက်ကို ယူသောက်ရင်း ပြောလိုက်သည်။

' ကျုပ်တို့ စိတ်ဝင်စားတဲ့ အာဖရိကနိုင်ငံတွေမှာ ရွှေလည်း မထွက်ပါဘူး အဖိုးတန် သယံဇာတပစ္စည်းတွေလည်းမရှိပါဘူး။ ဒါပေမဲ့ သဘာဝတောတောင်ရေမြေ အနေအထားအရ ကမ္ဘာလှည့်ခရီးသည်တွေ အထူးစိတ်ဝင်စားကြတဲ့အတွက် တိုးရစ္စခရီးသွားလုပ်ငန်း အကြီးအကျယ် ဖြစ်ထွန်းလာနိုင်တယ်။ နိုင်ငံခြားငွေတွေလည်း အများကြီး ရလာနိုင်တယ်။ ကျုပ်တို့ ကမ္ဘာ့ဘဏ်က ဒေါ်လာငွေတွေ

ကုဋ္ဌေနဲ့ချီပြီး ကူညီထောက်ပံ့ထားတာကို နှစ်စဉ်ကျသင့်တဲ့ အတိုးငွေမှန်မှန် ပေးဆပ်နိုင်အောင် အဲဒီနိုင်ငံရဲ့ စီးပွားရေး အခြေအနေကောင်းမှ ဖြစ်မယ်မဟုတ်လား '

' ဟုတ်ပါပြီ၊ အခြေအနေကောင်းအောင် ခင်ဗျားတို့က ဘယ်လို လုပ်နိုင်မှာလဲ '

' ကျုပ်ပြောပြပါမယ်၊ ဥပမာ ကင်ညာနိုင်ငံကို လေ့လာကြည့်ကြပါစို့။ ကမ္ဘာလှည့်ခရီးသည်တွေ သဘောကျတဲ့ ပင်လယ်ကမ်းခြေရှုခင်းလှလှတွေ မရှိတာမှန်တယ်။ ဒါပေမဲ့ ဂရိနိုင်ငံနဲ့ ဆာဒီနီးယားတို့မှာလည်း ပင်လယ်ကမ်းခြေလှလှ မရှိပါဘူး။ မြေထဲပင်လယ် ရှုခင်းပဲရှိတယ်။ အဲဒီ မြေထဲပင်လယ်မှာလုံးဝ မရှိတာက ဘာလဲဆိုတော့ အာဖရိကတိုက်က တောရိုင်း တိရစ္ဆာန်တွေနဲ့ သဘာဝတောတောင်ရေမြေရှုခင်းတွေပဲ။ ဒါတွေကို ကမ္ဘာလှည့်ခရီးသည်တွေကအလွန်သဘောကျတယ်။ သူတို့ သဘောကျတယ်ဆိုရင်ပဲ တိုးရစ္စခရီးသွားလုပ်ငန်း ဖွံ့ဖြိုးအောင်မြင်လာပြီး ဒေါ်လာငွေတွေလည်း ရနိုင်တယ်။ ရှင်းရှင်းပြောရရင် ကျုပ်တို့ ကမ္ဘာ့ဘဏ်က ကူညီထောက်ပံ့ထားတဲ့ နိုင်ငံတွေမှာ တိုးရစ္စ ခရီးသွားလုပ်ငန်းအောင်မြင်ရင် ကျုပ်တို့အဖို့ အလုပ်ဖြစ်တာပဲ '

' ဟုတ်ပါပြီ၊ ဒါပေမဲ့ ဒီကိစ္စမှာ ကျုပ်က ဘယ်လိုပါဝင် ပတ်သတ်နိုင်ပါတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ မရဘူး '

' ကျေးဇူးပြုပြီး ခင်ဗျားက နည်းနည်းလေး စိတ်ရှည်ရှည်ထားပြီး နားထောင်စေချင်ပါတယ်။ ဘယ်လို ပတ်သက်နိုင်တယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။ အာဖရိကတိုက် နိုင်ငံတစ်ခုဟာ လွတ်လပ်ရေးရပြီး မျက်နှာဖြူလူနည်းစုတွေ ထွက်ခွာသွားတာနဲ့ ပထမဆုံး မျက်စိကျစရာ ဘာလဲဆိုတော့ ဆင်စွယ်တွေ၊ ကြံ့သတ္တဝါရဲ့ ဦးချိုတွေ၊ တိရစ္ဆာန်အသား(အစာအာဟာရ)တွေပဲ ဖြစ်တယ်။ တိုင်းရင်းသားလူမည်းတစ်ယောက်အဖို့ ဆင်ထီးကြီးတစ်ကောင် သို့မဟုတ် ကြံ့ကြီးတစ်ကောင် ရလိုက်မယ်ဆိုရင် သူအလုပ်ကဆယ်နှစ်လုပ်လို့ရတဲ့ ဝင်ငွေထက် အဆမတန် ပိုများများရပြီး ချမ်းသာလာနိုင်တယ်။ မျက်နှာဖြူအစိုးရက တောရိုင်းတိရစ္ဆာန်တွေကို ကာကွယ်စောင့်ရှောက်တဲ့ ဌာနတစ်ခု သီးသန့်ဖွင့်ထားပြီး ဆင်တွေ၊ ကြံ့တွေ ပစ်ခတ်သတ်ဖြတ်မှုကို ကာကွယ်ပိတ်ပင်ထားခဲ့တယ်။ အခုတော့ မျက်နှာဖြူလူမျိုးတွေက သြစတြေလျ သို့မဟုတ် တောင်အာဖရိက(မျက်နှာဖြူအစိုးရရှိရာ)ကိုအပြီးပိုင်ပြောင်းထွက်သွားတော့ အဲဒီဌာနလည်း မရှိတော့တဲ့အတွက် တိုင်းရင်းသား လူမည်းတွေအဖို့ အလွန်အခွင့်အရေး ကောင်းလာတယ်။ ရနိုင်တဲ့ အမြတ်အစွန်းအလားအလာကိုလည်း ကြည့်ဦးလေ၊ အလွန်ကြွယ်ဝတဲ့ အာရုပ်စော်ဘွားတွေဆိုရင် ကြံ့ချိုအစစ်နဲ့ လက်ကိုင်လုပ်ထားတဲ့ ဓားမြှောင်တစ်လက်ကို

ဒေါ်လာငွေ နှစ်သောင်းကျော် ပေးဝယ်ကြတယ်။ ဒီနေ့ တိုင်းရင်းသား လူမည်းတွေ ပြောက်ကျား စစ်ဆင်နွှဲခဲ့တာမို့ သူတို့လက်မှာ အေကေ ၄၇ မောင်းပြန် သေနတ်တွေလည်း အဆင်သင့် ရှိနေတယ်။ ဒီတော့ ဘာတွေ ဖြစ်မလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့ '

' ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ' ခရိတ် က ခေါင်းညိတ်ရင်း ဝန်ခံလိုက်သည်။

' ကျုပ်တို့ လေ့လာကြည့်ရသလောက် ကင်ညာနိုင်ငံမှာဆိုရင် ဒီတိုင်းဖြစ်ခဲ့တယ်။ တောရိုင်းတိရွစ္ဆာန်တွေတရားမဝင်တိတ်တိတ်ခိုးပြီးသတ်ဖြတ်မှု အလွန်ကြီးကျယ်တဲ့စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်လာရုံမက ထိပ်သီးပိုင်းက ကြီးကြီးလူတွေ ပါဝင်နေတယ်။ ကြီးကြီးလူဆိုတာ တကယ့် ထိပ်သီးအာဏာပိုင် အဆင့်ကလူတွေကို ဆိုလိုတယ်။ အဲဒီလို တိရွစ္ဆာန်တွေ တရားမဝင်သတ်ပြီး ဆင်စွယ်တွေ၊ ကြံ့ချိုတွေ မှောင်ခိုထုတ်ရောင်းနေတာကို ပိတ်ပင်တားမြစ်ဖို့ ကြိုးစားခဲ့တာ ဆယ့်ငါးနှစ်တောင် ကြာခဲ့တယ်။ ဒီအတောအတွင်းမှာ အာဖရိက တိုင်းရင်းသား သမ္မတတစ်ဦးလည်း အသက်ဆုံးရှုံးခဲ့ရတယ်။ အခုတော့ ကင်ညာနိုင်ငံမှာ တောရိုင်းတိရွစ္ဆာန်တွေ သတ်ဖြတ်မှုကို ကာကွယ်စောင့်ရှောက်ဖို့ အလွန်တင်းကျပ်တဲ့ စည်းကမ်း ဥပဒေ ပြဋ္ဌာန်းပြီး စနစ်တကျ ဖန်တီးထားတာဟာ အာဖရိကမှာ အကောင်းဆုံး အခြေအနေဖြစ်နေတယ်။ ဒီလို ဖြစ်လာအောင် ကျုပ်တို့ရဲ့ ဩဇာအများကြီးသုံးပြီး တွန်းအားပေးခဲ့ရတယ်။ ကျုပ်တို့ ကမ္ဘာ့ဘဏ်ရဲ့ ကူညီ ထောက်ပံ့မှုတွေ ရပ်စဲပစ်လိုက်မယ်လို့တောင် ခြိမ်းခြောက်ခဲ့ရသေးတယ်။ ကောင်းပြီ၊ အဲဒါထားပါတော့။ လက်တလော ပြဿနာက ဇင်ဘာဘွေ နိုင်ငံမှာ ဖြစ်တယ်။ ဆင်အုပ်ကြီး တစ်အုပ်လုံး မိုင်းဗုံးတွေ ထောင်ထားတဲ့နေရာကို မောင်းသွင်းပြီး ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တဲ့ မာတ်ပုံတွေ ခင်ဗျားမြင်ရပြီးပြီမဟုတ်လား။ ဇင်ဘာဘွေမှာ အဲဒီလို တိရွစ္ဆာန်တွေ ခိုးသတ်နေတာကို အကြီးအကျယ်စနစ်တကျ လုပ်နေပုံက ထိပ်သီးပိုင်းက ပုဂ္ဂိုလ်ကြီးကြီးတစ်ယောက် ပါဝင်ပတ်သက်နေတယ်လို့ ကျုပ်တို့ သင်္ကာမကင်းဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလုပ်ရပ်ကို ဖြစ်တဲ့နည်းနဲ့ ရပ်ဆိုင်းပစ်ဖို့ လိုတယ် '

' ဒီ ကိစ္စမှာ ကျုပ်က ဘယ်လို ပါဝင်ပတ်သက်နေနိုင်တယ် ဆိုတာကို ပြောပါဦးဗျ '

' ပြောမယ်လေ၊ ကျုပ်တို့ အဖွဲ့အစည်းအနေနဲ့ ဇင်ဘာဘွေနိုင်ငံမှာ လူယုံဇျင်း (သူလျှို) တစ်ဦး လိုတယ်။ ဒီလူက ဒေသဆိုင်ရာ အတွေ့အကြုံရှိရမယ့်အပြင် အာဖရိကတိုက်က တိရွစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးဌာနမှာ အလုပ်လုပ်ဖူးတဲ့လူ တိုင်းရင်းသား ဘာသာစကားကို တတ်ကျွမ်းတဲ့လူ၊ ပြီးတော့ အာဖရိကကိုသွားပြီး လေ့လာမေးမြန်းစုံစမ်းဖို့ တရားဝင် အကြောင်းပြချက်ကောင်းကောင်း

ရှိတဲ့ လူလည်းဖြစ်ဖို့ လိုအပ်တယ်။ ဥပမာ ဟိုနိုင်ငံက အစိုးရပိုင် ပုဂ္ဂိုလ်တွေနဲ့ သိကျွမ်းရင်းနှီးတဲ့ စာရေးဆရာတစ်ယောက် ဆိုပါတော့။ စာအုပ်သစ် တစ်အုပ်ရေးဖို့ အကြောင်းပြပြီး လွတ်လပ်စွာ လှုပ်ရှားသွား လာနိုင်လိမ့်မယ်။ ကျုပ်တို့ရဲ့ လူယုံ ဇဂျင်းဆိုတာတော့ ဘယ်သူမှ မသိအောင် လှို့ဝှက်ထားရမယ်။ မူလက ဟိုနိုင်ငံမှာ နေထိုင်ခဲ့ဖူးသူ အတွက်လည်း အစိုးရဘက်က ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ်ရနိုင်တယ်။ တကယ်လို့သာ ဒီလူက ကျုပ်တို့ရဲ့ လုပ်ငန်း အပေါ် ယုံကြည်မယ်ဆိုရင် လုံးဝအောင်မြင်နိုင် တယ်'

' လက်စသတ်တော့ ကျုပ်က ဂျိမ်းစ်ဘွန်းလို သူရဲကောင်းစုံထောက် သူလျှို့မျိုးလုပ်ရမယ်ဆိုပါတော့ '

' ဒီလိုလည်း တိုက်ရိုက်ပြောလို့ မရဘူး။ ခင်ဗျားကို ကျုပ်တို့က တရားဝင် တာဝန်ပေးမှာက ကမ္ဘာ့ဘဏ်ရဲ့ ကွင်းဆင်းလေ့လာရေး အရာရှိအဖြစ်ခန့်ပြီး လစာငွေကလည်း တစ်နှစ်ကို ဒေါ်လာငွေ လေးသောင်းပေးမယ်။ ဒါ့အပြင်သွားလာလှုပ်ရှားလေ့လာရတဲ့ကုန်ကျစရိတ်အားလုံးကိုလည်း ကျုပ်တို့ကပဲ ကျခံပါ့မယ်။ တကယ်လို့ ကိစ္စတွေပြီးသွားချိန်မှာ ခင်ဗျားက စာအုပ်တစ်အုပ် မရေးနိုင်ခဲ့ဘူးဆိုရင်လည်း ပြဿနာမရှိဘူး'

' မစ္စတာ ဟင်နရီ ခင်ဗျား၊ ကျုပ် စောစောကပြောခဲ့သလို ကျုပ်ကို အစစအရာရာ ပွင့်ပွင့်လင်းလင်း ပြောစေ ချင်ပါတယ် '

ခရိတ်က ပြောလိုက်ရာ မစ္စတာ ဟင်နရီဆိုသူက ရယ်မောလိုက်သည်။

' သဘောကျသဗျား၊ ခင်ဗျား အခုလို ပြောလိုက်တာနဲ့ ကျုပ်က ခင်ဗျားကို တာဝန်ပေးဖို့ ရွေးချယ်တာဟာ မှန်ကြောင်းသေချာတယ်။ ခင်ဗျားက ကွက်ကျော်ကြိုမြင်တတ်တဲ့လူပဲ။ ကောင်းပြီ၊ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ခပ်ရှည်ရှည်ပဲပြောရလိမ့်မယ်။ ကဲ... ခင်ဗျားရဲ့ ယမကာခွက်ကို ထပ်ဖြည့်လိုက်ပါရစေဦး။ ပြီးတော့ ဆက်ပြောပါမယ် '

ပြောပြောဆိုဆို ဟင်နရီက ဝီစကီထပ်ဖြည့်ထည့်ပေးပြီး စကားဆက်လေသည်။ ကျုပ်တို့ ကမ္ဘာ့ဘဏ်အနေနဲ့ ကူညီထောက်ပံ့ထားတဲ့နိုင်ငံတွေမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ အမှန်အတိုင်းသိထားဖို့ အလွန်အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် အဲဒီနိုင်ငံတွေမှာ လှို့ဝှက်ထောက်လှမ်းရေး အစီအစဉ် ရှိထားဖို့လိုတယ်။ ဇင်ဘာဘွေနိုင်ငံက ကျုပ်တို့ရဲ့ ထောက်လှမ်းရေးလုပ်ငန်းက ကျေနပ်အားရဖွယ် မရှိဘဲ ဖြစ်နေတယ်။ မကြာသေးခင်ကပဲ ကျုပ်တို့ရဲ့ လူယုံတစ်ဦး ဆုံးရှုံးခဲ့ရတယ်။ မော်တော်ကားတိုက်ခံရပြီး သေသွားတယ်။ ဒါဟာလည်း ရိုးရိုးသားသား မတော်တဆ ထိခိုက်မှုမှ ဟုတ်ရဲ့လားလို့

သံသယရှိစရာ ဖြစ်နေတယ်။ ဒီလူက မသေခင်မှာ သူမသက်ာတဲ့ အချက်တစ်ခု သတင်းပို့ခဲ့တယ်။ ဘာလည်းဆိုတော့ ဇင်ဘာဘွေမှာ ရုရှရဲ့တိတ်တိတ်ပုန်းအားပေးမှုနဲ့ အာဏာသိမ်းမှုတစ်ခု ဖြစ်ပေါ် လိမ့်မယ်ဆိုတဲ့ သတင်းပဲ '

' ဒီမယ် ကျုပ်တို့ အာဖရိကတိုက်သားတွေရဲ့ သဘာဝက ဒီမိုကရေစီစနစ်နဲ့ မဲဆန္ဒပေး ရွေးချယ်တင်မြှောက်တဲ့စနစ်ကို တယ်ပြီးအယုံအကြည်မရှိကြဘူး။ အရေးကြီးတာက တိုင်းရင်းသား လူမျိုးစုတွေ အချင်းချင်းသစ္စာရှိစွာ စည်းရုံးနေဖို့နဲ့ အင်အားကောင်းနေဖို့ပဲ။ ရှင်းရှင်းပြောရရင် အာဖရိကတိုင်းရင်းသားတွေက မဲပေးရွေးကောက်ပွဲထက် အာဏာသိမ်းတာကမှ ပိုကောင်းတယ်လို့ ယူဆကြတယ် '

' ခင်ဗျားရဲ့ သဘောထားကကော၊ ကျုပ် ပြောတာကို ဘယ်လို သဘောရသလဲ '

' နေဦးဗျ၊ ခင်ဗျားတို့က ကျုပ်အတွက် ကုန်ကျစရိတ်အားလုံး ကျခံမယ်ဆိုတာ လေယာဉ်စီးတဲ့အခါ ပထမတန်း လက်မှတ်ဝယ်စီးရင်ကော ကုန်ကျခံမှာလား ' ခရိတ် က ခပ်တည်တည်မေးလိုက်သည်။

' အင်း... လူတိုင်းကတော့ ကိုယ်လိုချင်တဲ့ အခွင့်အရေး တောင်းကြတာပဲ၊ တစ်နည်းအားဖြင့် လူတိုင်းဟာ ကိုယ်ကြိုက်တဲ့ဈေး တောင်းတတ်ကြတယ်။ အခု ခင်ဗျားပြောတာ ခင်ဗျားရဲ့ ဈေးနှုန်းပဲလား'
ကျုပ်က ဈေးပေါပေါနဲ့ လိုက်မှာမဟုတ်ဘူးဗျ။ သို့သော်လည်း ကျုပ်ရဲ့ ဇာတိရပ်မြေ၊ ကျုပ်ရဲ့ ခြေတစ်ဖက်ဖြတ်ပြီး မြှုပ်နှံထားခဲ့တဲ့ ဇင်ဘာဘွေနိုင်ငံကို ရုရှသြဇာခံတွေ ခြယ်လှယ်တာကိုတော့ လက်မခံနိုင်ဘူး။ ဒါကြောင့် ကျုပ် အခုခင်ဗျားပေးတဲ့ အလုပ်ကို လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီ '
ဤတွင် မစ္စတာဟင်နရီက ခရိတ်အား လက်ဆွဲနှုတ်ဆက်လေသည်။

' ကျုပ်လည်း ခင်ဗျား လက်ခံလိမ့်မယ်လို့ ထင်မိသားပဲ။ ကိုင်း ... ဒါဖြင့် ဒီလို လုပ်ကြမယ်။ ကျုပ်က ဖိုင်တစ်ခုရယ်၊ နောက်ပြီးအာဖရိကမှာ အသုံးပြုဖို့ အသက်ရှင်ရေးအတွက် လိုအပ်တဲ့ပစ္စည်းတွေပါတဲ့ သေတ္တာတစ်ခုရယ်ကို ခင်ဗျားအခုနေတဲ့ သဘော်ပေါ် လူတစ်ယောက်နဲ့ ပို့ပေးလိုက်မယ်။ ခင်ဗျားက ဖိုင်ကိုဖတ်နေချိန်မှာ ကျုပ်လူကစောင့်နေပြီး ဖိုင်ကိုပြန်ယူလာခဲ့မယ်။ သေတ္တာကိုတော့ ခင်ဗျား ယူထား လိုက်ပေတော့ '

*

မစ္စတာဟင်နရီ ပို့ပေးလိုက်သော သေတ္တာတွင်ပါရှိသည့် ပစ္စည်းများမှာစုံလှပေသည်။ စာရေးဆရာသတင်းစာဆရာအဖြစ် အသုံးပြုရန်အတွက် တရားဝင်ကတ်ပြားများ၊ နာမည်ကြီး ' တီ၊ ဒဗလျူ၊ အေ' သံတမန်ကလပ်တွင်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သက်သေခံကတ်ပြား၊ ကွမ္ဘာဘဏ် အမည်ဖြင့် နေရာ

တွင် ဝယ်ယူသုံးစွဲနိုင်သော ကြွေးယူခွင့်ကတ်ပြား၊ (ယင်းကတ်ပြားမှာ သုံးစွဲခွင့်တန်ဖိုး ကန့်သတ်ချက် မရှိ) ထို့အပြင် လှပသောကြယ်ပွင့် (ရာထူးတံဆိပ်)တစ်ခုပါရှိသော သားရေအိတ် (သားရေအိတ်တွင် ကမ္ဘာ့ဘဏ်ကွင်းဆင်းအရာရှိဟု ကမ္ဘည်းထိုးထားသည်)စသည်တို့ ပါရှိလေသည်။ ခရိတ် သည် သေတ္တာကို ပြန်ပိတ်ပြီး လက်ဖြင့်အသာဆကြည့်ရင်း ...

' အင်း ... ဒီသေတ္တာကတော့ တောထဲမှာ ခြင်္သေ့တွေ့ရင် လက်နက်အဖြစ် ရိုက်သတ်ဖို့ဖြစ်မယ်။ တခြားနည်းနဲ့ အသုံးဝင်စရာတော့ ရှိမှာမဟုတ်ဘူး'ဟု တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ဖိုင်တွဲကတော့ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ခရိတ်သည် ဖိုင်ကိုဖွင့်ဖတ်ရင်း သူ လွန်ခဲ့သော နှစ်အနည်းငယ်မှ စွန့်ခွာခဲ့သော ဇာတိရပ်မြေဇင်ဘာဘွေနိုင်ငံ (မူလ အမည် ရိုဒီးရှား) အား အလွန် သတိရ နေမိလေသည်။

အခန်း (၄)

ခရိတ်သည် အာဖရိကတိုက်သို့ ပြန်လည်ရောက်နေပြီဖြစ်သည်။ ဘူလာဝေယိုမြို့လေဆိပ်ဆက်သွယ် ရေးဌာနတွင် ကိုယ်ပိုင်မောင်းနှင်ရန်အတွက် မော်တော်ကား တစ်စီးငှားရာ ဗောက်ဝက်ဂွန်းအမျိုး အစား ကားတစ်စီးရသဖြင့် လက်ခံယူလိုက်သည်။ တာဝန်ကျ စာရေးမလေးက မော်တော်ကား သော့အပ်ရင်း -

' ကားထဲမှာ မာတ်ဆီအပြည့် ထည့်ထားပါတယ်။ ဒါပေမဲ့ နောက်ထပ် ရှင်မာတ်ဆီဘယ်ကျမှ ရမယ် ဆိုတာတော့ မပြောနိုင်ဘူး။ ရှင် အခု သွားမယ့် မာတာဘယ်လီ တိုင်းရင်းသားနယ်မြေမှာက မာတ်ဆီ အလွန်ရှားတယ်ရှင့်' ဟု ပြောလိုက်လေသည်။

မြို့တွင်းမှ ဟိုတယ်ပိုင်ရှင်ကလည်း မာတ်ဆီရှားပါးခြင်းအကြောင်းကို ပြောပြလိုက်သေးသည်။
' မာတ်ဆီရှားတဲ့ အဓိကအကြောင်းက အရှေ့ဘက် ကမ်းရိုးတန်းကလာတဲ့ မာတ်ဆီပိုက်လိုင်းကို မာပူတိုသူပုန်တွေကမကြာခဏချိုးဖောက်ဖျက်ဆီးလို့ပါပဲ။နယ်ခြားရဲ့တောင်ဘက်ကတောင်အာဖရိက နိုင်ငံမှာတော့ မာတ်ဆီတွေအလွန်ပေါနေတယ်။ ခက်တာက ကျုပ်တို့ဆီကလူငယ်တွေဟာ စီးပွားရေး ကို လုံးဝ ထည့်မစဉ်းတာဘဲ နိုင်ငံရေးကိုသာ သဲသဲမဲမဲ စိတ်ဝင်စားနေကြတော့ ခက်နေတာပေါ့'

ခရိတ်သည် ဘာမှမပြောဘဲ ဗောက်ဝက်ဂွန်းကားကို မြို့ပြင်သို့ မောင်းထွက်ခဲ့ရာ တစ်မိုင်ကျော်ကျော် ခန့်မောင်းသွားပြီးနောက် နယ်စပ်သို့ရောက်လေသည်။ တစ်ချိန်က သူအမြဲတမ်း လူပ်ရှားသွားလာ နေခဲ့သောနေရာသို့ ယခုပြန်ရောက်လာသောအခါ ခရိတ်သည် စိတ်ထဲမှ သာယာကြည်နူးသလို

ဖြစ်မိလေသည်။ သူ၏မိခင်ဘက်မှ အဘိုးဖြစ်သူ ဂျွန်နာသန်အမည်ရှိ အဘိုးကြီးကိုလည်း သတိရမြင်ယောင်မိလေသည်။ ခရိတ်သည် မော်တော်ကားကို ဆက်မောင်းလာရင်း ပတ်ဝန်းကျင် ရှုခင်းများကို အကဲခတ် လေ့လာကြည့်မိရာ တစ်ချိန်က အလွန်ကောင်းခဲ့သော တိရစ္ဆာန် စားကျက်မြေများ အခြေအနေမကောင်းတော့ဘဲ ပျက်စီးနေသည်ကို သတိပြုမိလေသည်။ တစ်နေရာတွင် သူသည် မော်တော်ကားကို ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်ပြန်သည်။

ထိုနေရာကား သူ၏အဘိုးဖြစ်သူ ဂျွန်နာသန် ပိုင်ဆိုင် လုပ်ကိုင်ခဲ့သော မြေနေရာပင်ဖြစ်ရာ ခရိတ်အဖို့ သံယောဇဉ် ရှိသော မြေပင်ဖြစ်သည်။ (သူ၏ အဘိုး၏ နာမည်မှန်က ဂျွန်နာသန်ဖြစ်သော်လည်း ဒေသခံ တိုင်းရင်းသားများက သူတို့၏ ဘာသာဖြင့် အာဝူ ဟု ခေါ်လေ့ရှိသည်။ ထို့ကြောင့် ခရိတ်က အမေရိကန်တွင် အပိုင်ဝယ်ယူထားသော သူ၏ ဇိမ်ခံသဘော်အမည်ကို ဘာဝူ ဟုမှည့်ခေါ်ထားခြင်းမှာ ဘိုးအေကြီးအား အမှတ်တရ ဂုဏ်ပြုသည့်သဘောပင်ဖြစ်သည်။)

သို့ရာတွင် ယခုတော့မူ သူ့အဘိုး ဘာဝူ အလွန်မြတ်နိုးခဲ့သော မြေယာများမှာ ပျက်စီးလျက် ရှိနေပြီဖြစ်သည်။ စားကျက်မြေအတွင်း၌ ယခင်ကလိုအလွန်မျိုးကောင်းသော နွားများမရှိတော့ဘဲ ဆိတ်အုပ်တွေသာမြင်နေရသည်။ သူ၏ အဘိုးရှိစဉ်က ဆိုလျှင် နွားမျိုးကောင်း အမြောက်အများ ရှိခဲ့သလောက် ယခုတော့ ဆိတ်သတ္တဝါတွေသာ ရောက်ရှိနေခြင်းကိုလည်း ခရိတ်က ဝမ်းနည်းမိလေသည်။ ခရိတ်သည် ဆိတ်အုပ်များရှိရာသို့ လျှောက်သွားကြည့်ရာ ဆိတ်ကျောင်းသားမာတာဘယ်လီ တိုင်းရင်းသားလူငယ်ကိုတွေ့ရသဖြင့် ခရိတ်က သူတို့၏ တိုင်းရင်းသားဘာသာစကားဖြင့် နှုတ်ဆက်စကား ပြောလိုက်သောအခါ ဆိတ်ကျောင်းသားလူငယ်နှစ်ဦးမှာ အလွန်အံ့ဩသလောက်သဘောကျသွားလေသည်။

ခရိတ်သည် သူ့တွင် ပါလာသော အမေရိကန်မှ သကြားလုံးချိုချဉ်များ ပေးသောအခါလည်း လူငယ်နှစ်ဦးက ဝမ်းသာအားရ လက်ခံယူကာ စားရင်း စကားတွေ အဆက်မပြတ်ပြောလေတော့သည်။ ထိုလူငယ်နှစ်ဦး၏ ပြောပြချက်အရ ခရိတ်သည် နယ်မြေအခြေအနေအကြောင်းများကို အသေးစိတ်သိရ လေသည်။ သူ၏ အဘိုးပိုင်ဆိုင်ခဲ့သော မြေယာဒေသကို အင်္ဂလိပ်ဘာသာဖြင့် ကင်းလင်းဟု အမည်ပေးထားရာ ယခုယင်းနယ်မြေတွင် တိုင်းရင်းသားကပ္ပလီလူမည်း (မာတာတယ်လီတိုင်းရင်းသားလူမျိုးစု) မိသားစုသုံးဆယ်ခန့် နေထိုင်လျက်ရှိကြောင်း သိရသည်။

မိသားစုတိုင်းတွင် ဆိတ်များ မွေးမြူထားကြောင်း၊ ဆိတ်တွေကလည်း မျိုးကောင်းမျိုးသန့်ဖြစ်၍ အကောင်းဆုံး ဆိတ်များဖြစ်ကြောင်း စသည်ဖြင့်လည်း ဆိတ်ကျောင်းသားနှစ်ဦးက ပြောပြလေသည်။ ခရိတ်က သူ သိလိုသောအချက်ကို မေးကြည့်လိုက်သည်။

'သွားကြကုန်ပြီလေ၊ မရှိကြတော့ဘူး၊ သူတို့ကို ကျွန်တော်တို့တိုင်းရင်းသားစစ်သည်တွေက မောင်းနှင်ထုတ်လိုက်လို့ ထွက်ပြေးသွားကုန်ပြီ။ ဒါကြောင့် အခုဆိုရင် ဒီမြေတွေဟာ တော်လှန်ရေးရဲ့ သားသမီးတွေ ပိုင်ဆိုင်လာတယ် ' လူငယ်နှစ်ဦးက ဂုဏ်ယူကြွားဝင့်စွာဖြင့် ပြန်ပြောသည်။

ဆိတ်ကျောင်းသား နှစ်ဦးမှာ ကလေးသာသာ အရွယ်မျှသာ ရှိသေးသော်လည်း တော်လှန်ရေးစကား ပြောနေကြသဖြင့် ခရိတ်သည် အံ့သြမိလေသည်။ သူတို့သည် သားရေလောက်လေးခွ တစ်ခုစီကိုင်ဆောင်ထားကြပြီး သူတို့ပစ်ခတ်ရရှိသော ငှက်သေကောင်များကိုလည်း ခရိတ်က သတိပြုမိလေသည်။
ခရိတ်က သူ၏ မော်တော်ကားဆီသို့ ပြန်လာသောအခါ ဆိတ်ကျောင်းသားလေးနှစ်ဦးက နောက်မှ လိုက်လာပြီး သကြားလုံး ချိုချဉ်များ နောက်ထပ်ပေးရန် တောင်းကြသေးသည်။ လူငယ် နှစ်ဦးမှာ ဇင်ဘာဘွေနိုင်ငံမှ မာတာဘယ်လီခေါ် တိုင်းရင်းသားလူမျိုးများဖြစ်ရာ ခရိတ်သည် ထိုလူမျိုးများအပေါ် အထူးပင်သံယောဇဉ်ဖြစ်မိလေသည်။ သူ၏ စိတ်ထဲ၌ ထိုတိုင်းရင်းသားများကို ဆွေမျိုးသားချင်းများလို သဘောထားမိသည်။ ယခု သူ ဤနေရာသို့ ပြန်ရောက်လာချိန်၌ နှစ်ရှည်လများ ခရီးရှည်သွားရာမှ မိမိ၏ဇာတိရပ်မြေသို့ ပြန်ရောက်လာသလို စိတ်ထဲမှဖြစ်ပေါ်မိလေသည်။ ခရိတ်သည် ကုန်းမြင့်တစ်နေရာတွင်ရပ်ပြီး သူ၏အဘိုးနေထိုင်ခဲ့သည့် အိမ်ရှိခဲ့ရာနေရာကို ပြန်ကြည့်မိလေသည်။ ယခင်က စိမ်းစိုလှပသော မြက်ခင်းပြင်များ ရှိရာနေရာမှာ ယခုတော့ ခြောက်သွေ့ပျက်စီးနေပြီဖြစ်သည်။ ပန်းခြံရှိရာတွင် မည်သည့် ပန်းပင်မှ မရှိတော့ချေ။

တစ်ဖန် ဘိုးအေကြီး၏ အိမ်ဆီသို့ လှမ်းကြည့်လိုက်ရာ လူမနေတော့ဘဲ ပစ်ထားခြင်းကြောင့် ပျက်စီးယိုယွင်း နေသည်ကို တွေ့ရသည်။ ပြူတင်းပေါက်များမှ မှန်များ အားလုံး ကွဲနေပြီး အိမ်အမိုးလုပ်ထားသည့် မီးခံပြားများလည်း မရှိတော့။ တိုင်းရင်းသားများက မီးခံကျောက်ပြားများကို ဖြုတ်ယူ၍ သူတို့၏ ယာယီတဲအိမ်များတွင် မိုးထားကြောင်း ထင်ရှားပေသည်။ တစ်ချိန်က သုံးရေသိုလှောင်ထားရာ အုတ်ကန်ဆီသို့သွားကြည့်ရာ ရေလုံးဝမရှိတော့ဘဲ အမှိုက်သရိုက်များ ပြည့်လျက် ညစ်ပတ်နေသည်ကို တွေ့ရပြန်သည်။ ခရိတ်သည် မော်တော်ကားဖြင့် တိုင်းရင်းသားများ၏ ကျူးကျော်နေအိမ်များရှိရာအနီးမှ ဖြတ်မောင်းရင်း အကဲခတ်ကြည့်မိလေသည်။ ထိုနေရာ၌ မိသားစုဆယ့်နှစ်ဦးခန့် နေထိုင်

လျက်ရှိကြောင်း သတိပြုမိပြီး ခရိတ်သည် မော်တော်ကားကို ရပ်လိုက်၍ ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် မီးဖိုတစ်ခုအနီးတွင်ထိုင်နေသော တိုင်းရင်းသား လူမည်းအဘိုးကြီး တစ်ယောက်ဆီသို့ လျှောက်သွားပြီး နှုတ်ဆက်စကား ပြောလေသည်။

' အဖေကြီး၊ နေကောင်းရဲ့နော် '

ခရိတ်က တိုင်းရင်းသား ဘာသာစကားဖြင့် ကျွမ်းကျင်စွာ ပြောလိုက်ရာ လူမည်း အဘိုးကြီးသည် အလွန် အံ့အားသင့် သွားသလောက် သဘောကျသွားပုံ ရလေသည်။ ခရိတ်သည် မီးဖိုဘေးတွင် ဝင်ထိုင်၍ အချိန်တစ်နာရီခန့် ကြာအောင် အဘိုးကြီးနှင့် စကားပြောနေလေသည်။ အဘိုးကြီးထံမှ မာတာဘယ်လီ တိုင်းရင်းသားတို့ ဒေသနယ်မြေ အကြောင်းမျိုးစုံနှင့် လက်ရှိ အခြေအနေအမှန်ကို ပြည့်စုံစွာ သိရလေသည်။ အဘိုးကြီးသည် ခရိတ်က တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်စွာ တတ်မြောက်နေပုံကို အလွန် ဝမ်းသာကျေနပ်ဟန်ဖြင့် စကားတွေ အဆက်မပြတ် ပြန်ပြောလေသည်။
' သူတို့ကပြောတော့ တော်လှန်ရေးပြီးသွားရင် တိုင်းရင်းသားတွေ အားလုံးဟာ လူတစ်ယောက် မော်တော်ကားတစ်စီးနှင့် နွားအမျိုးကောင်း (မျက်နှာဖြူပိုင်ဆိုင်ခဲ့သောနွားများ) အကောင်ရေ ငါးရာစီ ရလိမ့်မယ်လို့ ပြောခဲ့တယ်။ အဲဒါ အလကားဖြစ်နေတယ်၊ အခုတော့ မော်တော်ကားရှိသူဆိုလို့ အစိုးရအဖွဲ့က ဝန်ကြီးတွေလောက်ပဲ ရှိတယ်။ ပြီးတော့ ကျုပ်တို့ တိုင်းရင်းသားတွေ မငတ်တော့ဘဲ ထမင်း ဝဝ စားရမယ်လို့လည်း ပြောခဲ့တယ်။ အခု လက်တွေ့ကျတော့ စားသောက်ကုန် ဈေးနှုန်းက အရင်ကထက် ငါးဆလောက်ပိုပြီး များနေတယ်။ ဆား၊ သကြား၊ ဆပ်ပြာတို့ ကုန်ပစ္စည်းအားလုံးဟာ ငါးဆလောက် ဈေးပိုကြီးနေတယ်ကွဲ့'

အဘိုးကြီးက အခြေအနေကိုမကျေနပ်ဟန်ဖြင့် ပြောလေသည်။ ခရိတ်ကိုယ်တိုင် သိရှိထားသည်ကား ဇင်ဘာဘွေနိုင်ငံတွင် မျက်နှာဖြူအစိုးရ အုပ်ချုပ်နေခဲ့စဉ်က နိုင်ငံခြား ငွေကြေး လဲလှယ်ရေးကို အထူးစည်းကမ်း တင်းကျပ်စွာ ထိန်းချုပ်ထားခဲ့သည့်ပြင် ပြည်တွင်း၌ ကုန်ပစ္စည်း ဈေးနှုန်းများကိုလည်း အစိုးရကကန့်သတ်ထားခဲ့ပေသည်။ ဤနည်းအားဖြင့် ငွေကြေး ဖောင်းပွမှု ပမာဏကိုလည်း ထိန်းချုပ်နိုင်ခဲ့လေသည်။ သို့သော် ယခု လွတ်လပ်ရေးရပြီး တိုင်းရင်းသား လူမည်းအစိုးရ လက်ထက်တွင်မူ အဆိုပါ ထိန်းချုပ်မှု၊ ကန့်သတ်မှုများပယ်ဖျက်လိုက်ကြသည်။ ယင်းအခြေအနေ၏အကျိုးသက်ရောက်မှုကား ပြည်တွင်းသုံး ငွေတန်ဖိုးသည် ရာခိုင်နှုန်းနှစ်ဆယ်ခန့် လျော့ကျသွားလေသည်။

တိုင်းရင်းသား အဘိုးကြီးသည် စကားဆက်ပြန်သည်။

' ကျုပ်တို့ မာတာဘယ်လီ တိုင်းရင်းသားတွေက ဆင်းရဲနွမ်းပါးလို့ နွားတွေဝယ်မမွေးနိုင်ကြဘူး။ ဒါကြောင့် ဆိတ်တွေပဲ မွေးကြရတယ်။ ဆိတ်မွေးရတာ သဘောမကျပေမယ့် အခြေအနေအရ မတတ်နိုင်တော့ ဆိတ်ပဲ မွေးရတယ်။ ကျုပ်တို့က ဆိတ်တွေကို အလွန်မုန်းတယ်၊ စက်ဆုပ်တယ်။ ဟိုခွေးတိရွစ္ဆာန် ရှိနာလူမျိုးတွေလိုပဲ မုန်းတီးရွံ့ရှာတယ် .... ထွီ '

(မှတ်ချက်။ ။ ရှိနာဆိုသည်မှာ ဇင်ဘာဘွေနိုင်ငံ၌ မာတာဘယ်လီ လူမျိုးများ၏ အမြဲထာဝစဉ် ရန်သူဖြစ်သော တိုင်းရင်းသားလူမျိုး အုပ်စုပင်ဖြစ်သည်။ ဇင်ဘာဘွေ အစိုးရအဖွဲ့အတွင်လည်း ရှိနာတိုင်းရင်း သား အုပ်စုက ကြီးစိုးနေသည်။ မြန်မာပြန်သူ)

အဘိုးကြီးကဲ့သို့ မာတာဘယ်လီ လူမျိုးများလည်း ရှိနာလူမျိုးတို့အား အလွန်စက်ဆုပ် မုန်းတီးကြကြောင်းကို ခရိတ် က သိရှိထားပြီးဖြစ်သည်။ ခေတ္တမျှ ဆက်ထိုင်နေပြီးနောက် ခရိတ်သည် တစ်ချိန်က သူ၏အဘိုးနေထိုင်ခဲ့သော အိမ်ကြီးဆီသို့ လျှောက်သွားကြည့်လေသည်။ ထိုအိမ်ကြီးကို ခရိတ်အနေဖြင့် အလွန်သံယောဇဉ်ကြီးမားခဲ့ပေသည်။ လေ့ကားမှတက်၍ ကျယ်ဝန်းသော ဝရန်တာသို့ရောက်လျှင် သူ၏အဘိုး ရုတ်တရက် အိမ်ထဲမှ ထွက်လာလေမည်လောဟုပင် စိတ်ထဲက ဖြစ်မိလေသည်။ သူသည် ဘိုးအဖြစ်သူအား ထင်ထင်ရှားရှား မြင်ယောင်နေမိလေသည်။

ထို့ပြင် ယခုမှ မိမိ၏ ဇာတိရပ်မြေ မူလနေအိမ်သို့ ပြန်ရောက်လာဘိသကဲ့သို့လည်း ခံစားမိလေသည်။ သို့ရာတွင် စိတ်ကူးယဉ်မှုကို ပြန်လည်ပယ်ဖျောက်ပြီး လက်တွေ့ အခြေအနေကို ကြည့်လိုက်သော အခါ ဝရန်တာ ကြမ်းပြင်တစ်ခုလုံး အမှိုက်သရိုက်များ၊ ကျေးငှက်တို့စွန့်ခဲ့သော အညစ်အကြေးများဖြင့် ညစ်ပတ်ရွံပ်ပွနေသည်ကို မြင်ရလေသည်။ ခိုငှက်ရိုင်းများသည် ဝရန်တာ၏ မျက်နှာကြက်တွင် အသိုက်ပြုလုပ်ထားကြသည်ကိုလည်း သတိပြုမိသည်။ ခရိတ်သည် ဝရန်တာမှတစ်ဆင့် တစ်ချိန်က စာကြည့်ခန်း ပြုလုပ်ထားခဲ့သော အခန်းတွင်းသို့ ဝင်ကြည့်လေသည်။ ယခင်ကဆိုလျှင် ထိုစာကြည့်ခန်း၏ တံခါးဝတွင် အလွန်ကြီးမားလှသော ဆင်စွယ်ကြီးနှစ်ချောင်းကို အလှချိတ်ဆွဲ၍ တန်ဆာဆင်ထားခဲ့သည်။

ယင်းဆင်စွယ်ကြီး တစ်စုံမှာ ဘိုးအေ ဘာဝူ၏ ဖခင်ကြီးက ၁၈၆၀ ခုနှစ်က ပစ်ခတ်ရရှိခဲ့သော ဆင်ထီးကြီးတစ်ကောင်မှအစွယ်များပင်ဖြစ်သည်။ ဘိုးအေဘာဝူခေါ် ဂျွန်နာသန်သည် ထိုဆင်စွယ်ကြီးများကို အလွန်ပင် တန်ဖိုးထားမြတ်နိုးခဲ့လေသည်။ ထို့ပြင် ဆင်စွယ်များသည် မိမိတို့ မိသားစု၏ ရိုးရာအမွေအနှစ်ဟုလည်း ယူဆခဲ့သည်။ သို့သော် ယခုတော့မူ ဆင်စွယ်ကြီးများ မရှိတော့ဘဲ ဆင်စွယ်ချိတ်ဆွဲထားရာ သံချိတ်များသာ ကျန်ရှိလေတော့သည်။ ခရိတ်အနေဖြင့် မိသားစု အမွေအနှစ်အဖြစ်

လက်ဝယ်ရရှိထားသည့် ပစ္စည်းဆိုး၍ သေသပ်စွာချုပ်ထားသော မိသားစုမှတ်တမ်းစာအုပ်များသာ ရှိလေသည်။ ယင်းမှတ်တမ်းများမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်ကျော်က သူတို့၏ ဘိုးစဉ် ဘောင်ဆက် အဆက်အနွယ်များ အာဖရိကသို့ စတင်လာရောက် အခြေစိုက်နေထိုင်ခဲ့ချိန်မှစ၍ အတွေ့အကြုံ အဖြစ်အပျက်များ အားလုံးကို အမှတ်တရ မှတ်တမ်းရေးသားပြုစုထားသည့် စာအုပ်များပင် ဖြစ်သည်။

ယခု ပျောက်နေသော ဆင်စွယ်ကြီးတစ်စုံသည်လည်း စင်စစ်အားဖြင့် မိသားစု အမွေအနှစ်ပင်ဖြစ်ရာ ခရိတ်သည် ဆင်စွယ်များကို မတွေ့တွေ့အောင် ပြန်ရှာယူမည်ဟု ဆုံးဖြတ်လိုက်မိလေသည်။ ထို့နောက် အခြားအခန်းများသို့ ဝင်ကြည့်ပြန်သောအခါ မူလကရှိခဲ့သော ပစ္စည်းအသုံးအဆောင်များ ဘာမှ မကျန် ရှိတော့ကြောင်း တွေ့ရလေသည်။

ထိုအိမ်ကြီးကို သူ့ဘိုးအေ၏ဖခင်ကြီး ကိုယ်တိုင် အပင်ပန်းခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုလို ပျက်စီး ယိုယွင်းနေသည်ကိုမြင်ရသည်တွင် အလွန်စိတ်မကောင်းဖြစ်မိလေသည်။ အိမ်ပေါ်မှပြန်ဆင်းပြီးနောက် ခရိတ်သည် အိမ်နောက်ဘက်ရှိ မိသားစု သင်္ချိုင်းဂူများရှိရာသို့ သွားကြည့်လေသည်။ တစ်ချိန်က အလွန်သန့်ရှင်းသပ်ရပ်နေခဲ့သော သင်္ချိုင်းနေရာမှာလည်း နှစ်ရှည်လများ ဂရုစိုက် ကြည့်မည့်သူမရှိသောကြောင့် အလွန် စိတ်ပျက်ဖွယ်ရာ ပျက်စီးနေလေသည်။

ခရိတ်သည် ဘိုးအေးကြီး၏ သင်္ချိုင်းဂူရှိရာသို့ သွား၍ ဒူးထောက်လိုက်ပြီး -

' ဘိုးဘိုး ဘာဂူ၊ ကျွန်တော် အခု အိမ်ပြန်လာပြီလေ ဘိုးဘိုး ဟု ပါးစပ်မှ ရေရွက်လိုက်မိလေသည်။ မီးဖိုဘေး မှ တိုင်းရင်းသား အဘိုးကြီး ပြောလိုက်သော အောက်ပါစကားများကိုလည်း ပြန်သတိရနေမိသည်။
' အိမ်ကြီးကအလွန်ပျက်စီးနေပြီ။ ဆင်စွယ်ကြီးတွေလည်းမရှိတော့ဘူး။ ပြီးတော့ မင်းတို့ရဲ့အကောင်းဆုံးမြက်ခင်းတွေကိုလည်း ဆိတ်စားကျက်မြေ လုပ်ထားကြတယ် '

ခရိတ်သည် ဘိုးအေကြီး၏ သင်္ချိုင်းဂူကိုကြည့်ရင်း ...

' ဘိုးဘိုး၊ ကျွန်တော်က ဘိုးဘိုးရဲ့ မြေပေါ်က ဆိတ်အုပ်တွေကို မောင်းထုတ်ပစ်ပါ့မယ်' ဟု တိုင်တည်ပြောဆို မိပြန်သည်။

ထို့နောက် သူ၏ ဇောက်ဝက်ဂွန်း မော်တော်ကား ထားခဲ့ရာသို့ ပြန်လျှောက်သွားလေသည်။

*

ခရိတ်သည် မော်တော်ကားမောင်း၍ မြို့တွင်းသို့ ပြန်ရောက်လာသောအခါ အချိန်မှာ ငါးနာရီမထိုးသေးသဖြင့် ရုံးများ၊ ဆိုင်များ ဖွင့်ထားဆဲရှိကြောင်း တွေ့ရလေသည်။ စတင်းဒတ်ဘဏ်တိုက်နှင့် မျက်နှာချင်းဆိုင်ရှိ 'အိမ်၊ မြေ၊ ရောင်းဝယ်ရေးဇျင်စီ' ရုံးခန်းလည်းဖွင့်လျက် ရှိသေးသဖြင့် ခရိတ်သည် ထိုရုံးသို့ ဝင်သွားလေသည်။ အိမ်၊ မြေ ရောင်းဝယ်ရေး ဇျင်စီသည် လေလံတင်ရောင်းချခြင်း လုပ်ငန်းကိုလည်း လုပ်လေရာ လေလံအရာရှိ ဒင်နီရယ်ဆိုသူကို ခရိတ်က နဂိုကပင် သိကျွမ်းနေပေသည်။
ဒင်နီရယ်သည် ရှပ်အင်္ကျီလက်တိုနှင့် ကာကီဘောင်းဘီတို့ ဝတ်ဆင်ထားလျက် ခရိတ်အား ဆီး၍ နှုတ်ဆက်လေသည်။ ' ဟဲလို ခရိတ်၊ ဘယ်လိုလဲဗျ၊ နောက်ဆုံးကျတော့ ခင်ဗျားလည်း နိုင်ငံခြားမှာ ကြာရှည်မနေနိုင်လို့ ဒီကို ပြန်လာတာထင်တယ် '

(မှတ်ချက်။ ။ ဇင်ဘာဘွေနိုင်ငံတွင် တိုင်းရင်းသား လူမည်းတို့၏ တော်လှန်ရေး အောင်မြင်ပြီး လူမည်းခေါင်းဆောင် မူဂါဘီ အစိုးရတက်လာသောအခါ မူလကရှိနေသော မျက်နှာဖြူလူမျိုးနှစ်သိန်းခွဲအနက် လူတစ်သိန်းခွဲတို့က အင်္ဂလန်၊ ဩစတြေးလျ သို့မဟုတ် တောင်အာဖရိကစသော မျက်နှာဖြူအစိုးရရှိရာ နိုင်ငံများသို့ ထွက်ခွာပြောင်းရွှေ့သွားခဲ့ကြသည်။ အချို့ မျက်နှာဖြူ အနည်းငယ်ကသာ ဇင်ဘာဘွေတွင် ဆက်လက် နေထိုင်ခဲ့ကြသည်။)ဒင်နီရယ်ကပင် ဆက်ပြောပြန်သည်။

' ကျုပ်ကတော့ ဘယ်မှ မသွားဘဲ ဒီမှာပဲ ဆက်နေလိုက်တယ်။ အရင်က အပေါင်းအသင်းဟောင်းတွေ မရှိတော့လို့ တစ်ခါတစ်ခါတော့ ငြီးငွေ့စရာကောင်းသားဗျ။ ခင်ဗျားကတော့ ဒီကထွက်သွားပြီးမှ သိပ်ပြီးကြီးပွားနေတယ်လို့ ကြားရပါကလား။ သတင်းစာတွေထဲမှာ ခင်ဗျား စာအုပ်ရေးတာ စာမူခငွေဒေါ်လာ ဆယ်သိန်းလောက် ရတယ်လို့တောင် ရေးကြတယ်။ ဒီကလူတွေဖြင့် မယုံနိုင်လောက်အောင် အံ့သြနေကြတယ်။ လက်စသတ်တော့ ကိုယ့်လူကတကယ်ပဲ ကြီးပွားနေတာကိုး '

' ဟုတ်လား၊ ဒီလိုပဲ သတင်းဖြစ်နေသလား 'ခရိတ်က ပြုံး၍ ပြောလိုက်သည်။

' ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင်ကတော့ ခင်ဗျားရဲ့စာအုပ်ကို တယ်ပြီးမကြိုက်ပါဘူး။ ခင်ဗျားရေးထားပုံက တိုင်းရင်းသား ကပွလီလူမည်းတွေကို တကယ့်သူရဲကောင်းကြီးတွေလို အမွှမ်းတင်လွန်းတယ်။ ဒါပေမဲ့ နိုင်ငံခြားမှာက လူမည်းတွေကို ချီးကျူးအမွှမ်းတင်မှသာ လူကြိုက်များပုံရတယ်။ ဒါကြောင့် စာအုပ်ရောင်းရအောင် ခင်ဗျားက လူမည်းတွေဘက်က ရပ်တည်ပြီး ရေးလိုက်ပုံရတယ် '

ဒင်နီရယ်က ပြောလိုက်ပုံမှာ ဝေဖန်သလို သရော်သလို လေသံမျိုးဖြစ်နေ၍ ခရိတ်က သဘောမကျ မိချေ။

' စာအုပ်ဝေဖန်ရေး ဆရာတချို့က ကျုပ်ကို အသားအရောင် ခွဲခြားရေးဝါဒ သမားလို့တောင် ဝေဖန်ရေးခဲ့ကြတယ်။ ဒါပေမဲ့ ကျုပ်အနေနဲ့က လူတစ်ရာမှာတစ်ရာလုံးကြိုက်အောင်တော့ ဘယ်တတ်နိုင်ပါ့မလဲ '

ဤသို့ ပြောရင်း ခရိတ်သည် စကားကို ပြောင်းသည့်အနေဖြင့်

' ခင်ဗျား နဲ့ ကျုပ် ယမကာ အတူတူသောက်ကြရအောင်။ ဘယ်လို သဘောရသလဲ ' ဟု ပြောလိုက်သည်။ သည်တော့ မှ ဒန်နီရယ်သည် သဘောကျသွားပုံရလေသည်။

' အေး ... ကောင်းသားပဲ။ ကျုပ်လည်း အာခေါင်ခြောက်နေတာနဲ့ အတော်ပဲ။ ကိုင်း ကျုပ် ဒီရုံးခန်းကို ပိတ်လိုက်ဦးမယ်။ ပြီးတော့မှ ဆိုင်မှာ သွားသောက်ကြတာပေါ့ '

' ပုလင်းသွားဝယ်ပြီး ဒီမှာပဲ သောက်ကြရင်း မကောင်းဘူးလားဗျ။ ခင်ဗျားနဲ့ ကျုပ်အေးအေးဆေးဆေး စကားပြောရင်းပေါ့ '

ခရိတ် က ပြောလိုက်လျှင် ဒင်နီရယ်သည် အကြီးအကျယ် သဘောကျသွားလေသည်။

' ဟာ သိပ်ကောင်းတာပေါ့၊ ခင်ဗျားသွားဝယ်မယ်ဆိုရင် ဆိုင်မှာ ဝီစကီအကောင်းစား ဂျွန်ဟိတ်ပုလင်းတွေ ရှိတယ်ဗျ။ အဲဒါသာဆွဲခဲ့ပါ။ ဩော် နောက်ပြီး ခင်ဗျားသွားရင်း ရေခဲပါ ဝင်ဝယ်ခဲ့ပါ '

သို့နှင့်ပင် ခရိတ်နှင့် ဒင်နီရယ်တို့သည် နှစ်ယောက်သား ဝီစကီအရက်သောက်ရင်း စကားပြောနေကြလေသည်။ ဒင်နီရယ်သည် အရက်သောက်ရင်း စောစောကလို ခရိတ်အား ဝေဖန်ရေးစကားတွေ မပြောတော့ဘဲ ဖော်ဖော် ရွေရွေ ဖြစ်လာလေသည်။

' ကျုပ် ဒီတိုင်းပြည်က ဘယ်ကိုမှထွက်မသွားတာ ကျုပ်အနေနဲ့သွားစရာနေရကိုမရှိလို့ဗျ။ အင်္ဂလန်ကို သွားဖို့ဆိုတာကလည်း ကျုပ်ကအင်္ဂလန်ပြည်နဲ့ အဆက်အသွယ်ပြတ်နေတာကြာပြီ။ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်း အင်္ဂလန်ကိုလည်းတစ်ခေါက်မှမရောက်တော့ဘူး။ တောင်အာဖရိကကို သွားဖို့ဆိုတာကလည်း ဟိုမှာအခြေအနေကတယ်ပြီးမကောင်းလှဘူး။ တစ်နေ့ကျရင် ဒီနိုင်ငံလိုပဲ ဖြစ်လာနိုင်တယ်။ နောက်တစ်ခုက ဒီတိုင်းပြည်က ထွက်သွားရင် ငွေအနေနဲ့ ဒေါ်လာနှစ်ရာပဲ ယူသွားခွင့်ပြုတယ်။ အသက် ခြောက်ဆယ်ကျော်နေတဲ့ လူတစ်ယောက်အဖို့ တိုင်းတစ်ပါးမှာ ဒေါ်လာနှစ်ရာနဲ့

ဘဝသစ်ထူထောင်လို့ ဖြစ်နိုင်ပါ့မလား။ ဒါကြောင့် ကျုပ်ကဘယ်မှမသွားဘဲ ဒီမှာ ဆက်နေခဲ့ခြင်းဖြစ်တယ် '

' ဟုတ်ပါပြီ၊ ဒါတွေ အသာထားလိုက်ပါတော့။ ဒီမှာနေရထိုင်ရတာ အခြေအနေ ဘယ်လိုရှိသလဲ '

ခရိတ်က မေးလိုက်ရာ ဒင်နီရယ်က ရယ်မောလိုက်ပြီးမှ ပြန်ပြောလေသည်။

' ဒီမှာအခြေအနေ အခုထက်ပိုဆိုးမလာဘူးလို့ ယုံကြည်တဲ့လူတွေအဖို့တော့ စိတ်သက်သာရာရတယ်လို့ ဆိုရမယ်။ တကယ်တော့လည်း မဆိုးလှပါဘူး။ အရင်အစိုးရခေတ်ကလိုတော့ မမျှော်လင့်ဘဲ နှုတ်ပိတ်နေရင် နေရတာ သိပ်မဆိုးလှပါဘူး '

'စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြီးကျယ်ကျယ် လုပ်တဲ့လူတွေကတော့ ဘယ်လိုအခြေအနေရှိသလဲ'
'သူတို့ကတော့ ထိပ်တန်းအထက်တန်းလွှာ လူတန်းစားပါပဲ။ အစိုးရက အခုဆိုရင် အားလုံးပြည်သူပိုင် သိမ်းပစ်ရမယ်ဆိုတဲ့ မူဝါဒကိုစွန့်လွှတ်လိုက်ပြီဗျ။ တိုင်းရင်းသားလူမည်းတွေ ထမင်းဝအောင် စားနိုင်ဖို့ အတွက် မျက်နှာဖြူလူမျိုး စိုက်ပျိုးမွေးမြူရေးသမားတွေရှိမှ ဖြစ်မယ်လို့ အစိုးရက သဘောပေါက်လာတယ်။ အခုဆိုရင် ဇင်ဘာဘွေအစိုးရက မျက်နှာဖြူတွေရဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ဂုဏ်ယူနေပြီး နိုင်ငံခြားက အထူးဧည့်သည်တော် (ဥပမာ-တရုတ် သို့မဟုတ် လစ်ဗျား နိုင်ငံက ပုဂ္ဂိုလ်ကြီး) တွေ အလည်လာရင် အစိုးရက အဲဒီဧည့်သည်တွေကို မျက်နှာဖြူ စိုက်ပျိုးမွေးမြူရေးခြံတွေတောင် လိုက်ပြလေ့ရှိတယ် '

'မြေယာ ဈေးနှုန်းတွေကတော့ ဘယ်လို အခြေအနေ ရှိသလဲ '

ခရိတ်က သူသိချင်သော အချက်ကို မေးကြည့်လေသည်။

' ပြည်တွင်းစစ် ပြီးဆုံးကာစ၊ တိုင်းရင်းသားလူမည်းတွေက မြေယာကို သိမ်းယူပြီး ပြည်သူအများကို ဝေငှပေးမယ်လို့ ကြွေးကြော်ခဲ့ချိန်တုန်းကတော့ မျက်နှာဖြူတွေအနေနဲ့ ကိုယ်ပိုင်ဆိုင်တဲ့မြေတွေကို ရောင်းခွင့်(သို့မဟုတ်)ပေးခွင့်မရှိဘူး။ ခင်ဗျားတို့မိသားစုပိုင်တဲ့မြေယာနဲ့ စိုက်ပျိုးမွေးမြူရေးကုမ္ပဏီရဲ့ အဖြစ်ကိုပ ကြည့်တော့။ အဲဒီကုမ္ပဏီကကင်းလင်းမွေးမြူရေး ခြံကြီးအပါအဝင် မြေယာကွက်ကြီးသုံးခုကို ပိုင်ဆိုင်ခဲ့တယ်မဟုတ်လား။ ခင်ဗျားရဲ့ဦးလေး မစ္စတာဒေါက်ကလပ်က အခြေအနေမဟန်တော့ တာနဲ့ ကုမ္ပဏီပိုင် မြေကွက်အားလုံးကို ဒေါ်လာနှစ်သိန်းခွဲနဲ့ ရောင်းပစ်လိုက်တယ်။ တကယ်တော့ အဲဒီမြေကွက်တွေရဲ့ တန်ဖိုးဟာ စစ်မဖြစ်ခင်ကဆိုရင် ဒေါ်လာသိန်းတစ်ရာလောက် တန်တယ်'

' ဟင် ဒေါ်လာနှစ်သိန်းခွဲနဲ့လား၊ ဒါက အလကားပေးလိုက်တာနဲ့ ဘာထူးသလဲ '

ခရိတ်က အလွန်အံ့အားသင့်စွာ ပြန်ပြောလိုက်သည်။

' အဲဒီစျေးနဲ့ ရောင်းလိုက်တာဟာ မြေကွက်ချည်း မဟုတ်သေးဘူး။ ရှိနေတဲ့မွေးမြူရေး တိရွဆ္ဆာန်တွေ အားလုံးလည်းပါတယ်။ အလွန်မျိုးကောင်းတဲ့ အာဖရိကသားစပ်နွားထီးကြီးတွေ၊ နို့စားနွားမတွေ အကုန်အပါအဝင်ဖြစ်တယ်။ ခင်ဗျားရဲ့ဦးလေးကတစ်ချိန်တုန်းက ဝန်ကြီးချုပ်မစွတာစမစ်ရဲ့မျက်နှာဖြူ အစိုးရဝန်ကြီး(ကက်ဘိနက်) အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးလေတော့ လာမယ့်အခြေအနေကို ကြိုတင် သုံးသပ် မိတယ်။

ပြည်တွင်းစစ်ပြီးသွားလို့ တိုင်းရင်းသားလူမည်းအစိုးရတက်လာတာနဲ့ သူဟာ မစားသာတော့ဘူး ဆိုတာတထစ်ချတွက်မိလို့ တိုင်းပြည်ကအမြန်ဆုံးထွက်သွားမှဖြစ်မယ်ဆိုတာတွက်မိတယ်။ သူရောင်း လိုက်တာ ဆွစ်ဇာလန်နဲ့ ဂျာမန်ဖက်စပ် ကုမ္ပဏီတစ်ခုကိုဗျ။ ဒါကြောင့် ငွေချေတော့ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာငွေချေတယ်။ ခင်ဗျားရဲ့ အန်ကယ်ဒေါက်ကလပ်ဟာ သူ့မိသားစုတွေနဲ့အတူ ဩစတြေလျ နိုင်ငံကို ထွက်သွားတယ်။ တစ်ခုရှိတာက သူဟာ စောစောပိုင်းကတည်းက သူ့ငွေအတော်များများ နိုင်ငံခြားမှာ ကြိုတင်ပို့ထားပြီးဖြစ်တဲ့အတွက် ဩစတြေလျနိုင်ငံကျတော့ မွေးမြူရေးလုပ်ငန်းကောင်း ကောင်းဝယ်ယူလုပ်ကိုင်နိုင်တဲ့ အခြေအနေရှိတယ်။ သူ့အဖို့မဆိုးလှဘူးဆိုရမယ်။ ကျုပ်တို့လို ငမွဲတွေ တော့ ဘယ်မှမသွားနိုင်ဘဲ ဒီမှာပဲကြံဖန်ကုတ်ကတ်ပြီးနေကြရတယ်'

' ကဲ ယမကာနောက်ထပ် သောက်ပါဦး '

ခရိတ်က ဒင်နီရယ်၏ ဖန်ခွက်ထဲတွင် ဝီစကီအရက် ထပ်ဖြည့်ပေးလိုက်ပြီးမှ သူတို့မိသားစုပိုင် မြေယာ ကုမ္ပဏီ အကြောင်း ဆက်မေးလေသည်။

' ဝယ်ယူလိုက်တဲ့ ကုမ္ပဏီက ဘာတွေ ဆက်လုပ်သလဲ '

' အဲဒီဂျာမန်နဲ့ ဆွစ်ဇာလန် ဖက်စပ်ကုမ္ပဏီက လူတွေက အလွန်ပါးနပ်တဲ့ လူတွေပဲ။ အစိုးရပိုင်က အရေးပါတဲ့ လူတစ်ယောက်နဲ့ လာဘ်ပေးနားလည်မှုယူပြီး ပြည်ပကိုထုတ်ခွင့် ' ထုတ်ကုန်လိုင်စင် ' ရအောင်တောင်းယူ ပြီးတော့ရှိသမျှ မွေးမြူရေးတိရွဆ္ဆာန်တွေအားလုံးကို တောင်အာဖရိကနိုင်ငံကို ထုတ်ယူသွားတယ်။ ဟိုနိုင်ငံရောက်တော့ မျိုးကောင်းမျိုးသန့်ဖြစ်တဲ့ နွားတွေရောင်းလိုက်တာချည်း

ဒေါ်လာ ဆယ့်ငါးသိန်းရတယ်လို့ သတင်းကြားရတယ်။ နောက်ပြီး ရောင်းရတဲ့ငွေကို ရွှေတွေဝယ်ယူ ပြီး ပြန်ရောင်းတော့လည်း နောက်ထပ် ဒေါ်လာသိန်းနှစ်ဆယ်လောက် အမြတ်ရသွားသတဲ့ဗျ '

' မွေးမြူရေး ခြံတွေကိုတော့ ဘာမှမလုပ်ဘဲ ပစ်ထားလိုက်သလား '

ခရိတ်က မေးလိုက်ရာ ဒင်နီရယ်က ခေါင်းညိတ်ပြလေသည်။

' ဟုတ်တယ်၊ အခုတော့ သူတို့က ကုမ္ပဏီကို တစ်ဆင့်ပြန်ရောင်းဖို့ ကြိုးစားနေတယ်။ ရောင်းဖို့လည်း ကျုပ်တို့ရဲ့ မြေယာရောင်းဝယ်ရေးကုမ္ပဏီကိုပဲ အပ်ထားတယ်။ ဒါပေမဲ့ မွေးမြူရေးခြံတွေရဲ့ အခြေ အနေက ပျက်စီးနေလို့ ဝယ်သူက လုပ်ငန်းပြန်လည်လုပ်ချင်ရင် နောက်ထပ်ငွေရင်းအများကြီး လိုက်ရလိမ့်မယ်။ ဒါကြောင့် ဘယ်သူကမှ ဝယ်ဖို့ စိတ်မဝင်စားကြဘူး '

' ရောင်းဖို့ခေါ်တဲ့ ဈေးက ဘယ်လောက်တဲ့လဲ '

ခရိတ်က မေးလိုက်ရာ ဒင်နီရယ်က အံ့အားသင့်သွားပုံ ရလေသည်။

' ခင်ဗျားအနေနဲ့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ဒါထက် နေပါဦး၊ ခင်ဗျားစာအုပ်ရေးတာ စာမူခ ဒေါ်လာ ငွေဆယ်သိန်း ရတယ်ဆိုတာ အဟုတ်ပဲလား '

ဒင်နီရယ်က ဤသို့မေးသည်ကို ခရိတ်က ပြန်မဖြေဘဲ၊

' သူတို့ ခေါ်တဲ့ ရောင်းဈေးက ဘယ်လောက်လဲ ' ဟု ထပ်မံ၍ မေးလိုက်သည်။

' ဒေါ်လာငွေ သိန်းနှစ်ဆယ်တဲ့ဗျ။ ဒါကြောင့် ကျုပ်က ဝယ်သူစပ်နေတာ၊ ဘယ်သူကမှ စိတ်မဝင် စားကြဘူး။ ဒါလောက်များတဲ့ ငွေတွေကို ဘယ်သူက ဒီတိုင်းပြည်မှာလာပြီး မြှုပ်နှံချင်ပဲ့ါမလဲ'

' တကယ်လို့ ငွေကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ပေးချေမယ်ဆိုရင်ကော အဲဒီဈေးနှုန်းက လျော့ပေး မှာလား။ ငွေဘယ်လောက် ကွာလာနိုင်မလဲ '

' ဟာ၊ ခင်ဗျားကလည်း '

' ကျုပ်မေးတာသာ ဖြေစမ်းပါဗျ။ ဇူးရစ်မြို့မှာ ငွေချေမယ်ဆိုရင် ဈေးက ဘယ်လောက် ကွာနိုင်မလဲ '

ခရိတ်က ခပ်တည်တည်နှင့်ထပ်မံ၍မေးတော့မှ ဒင်နီရယ်သည် ထိုမေးခွန်းကို ပြန်ဖြေလေသည်။

'ဇူးရစ်မြို့မှာငွေချေးယ်ဆိုရင်တော့ သူတို့ကဒေါ်လာဆယ်သိန်းလောက်နဲ့ လက်ခံလိမ့်မယ်ထင်တယ်'
' နှစ်သိန်းခွဲ လောက်နဲ့ဆိုရင် မဖြစ်နိုင်ဘူးလား '

ခရိတ်က စျေးဆစ်သလို ပြောလိုက်ရာ ဒင်နီရယ်က ခေါင်းခါပြလေသည်။

' ဒါတော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး '

'ဒါဖြင့် ခင်ဗျားသူတို့ဆီတယ်လီဖုန်းလှမ်းဆက်စမ်းပါ။ ပြောရမှာကဒီကမြေယာကွက်တွေမှာကျူးကျော်သူတွေပြည့်နေလို့၊ အဲဒါတွေကို ဖယ်ရှားပစ်ဖို့က နိုင်ငံရေးနည်းနဲ့မှသာ ရနိုင်မယ်ဆိုတဲ့ အကြောင်း၊ အခု လောလောဆယ် စားကျက်တွေမှာ ဆိတ်အုပ်တွေ လွှတ်ထားလို့ နောက်တစ်နှစ်လောက်ကြာရင် စားကျက်မြေတွေအားလုံး ပျက်စီးသွားမှာ သေချာတဲ့အကြောင်း၊ နောက်ပြီးဒီတိုင်းပြည်က ဒီမှာမရှိတဲ့ နိုင်ငံခြားသားပိုင်မြေယာတွေကို သိမ်းယူမယ်လို့ ခြိမ်းခြောက်နေတဲ့အတွက် သူတို့ပဲနစ်နာမှာဖြစ်တဲ့အကြောင်း၊ အဲဒါတွေကို ဖုန်းဆက်ပြီး ပြောလိုက်ပါ '

' ခင်ဗျား ပြောတာတွေအားလုံးမှန်တယ်။ ဒါပေမဲ့ ဒေါ်လာနှစ်သိန်းခွဲနဲ့ ရဖို့ကတော့ လုံးဝ မဖြစ်နိုင်ဘူးဗျ နိုင်ငံခြားကို လှမ်းဆက်ရမှာဆိုတော့ တယ်လီဖုန်းဆက်ခ ဘယ်သူက ပေးမှာလဲ '

' ကျုပ်က ပေးပါ့မယ် '

' ကောင်းပြီ၊ ဒါဖြင့် ကျုပ် ဆက်ကြည့်ပါ့မယ် '

' ဘယ်တော့ ဆက်မှာလဲ '

' ဒီနေ့က သောကြာနေ့ဖြစ်နေပြီ။ တနင်္ဂနွေမှ ဆက်ဖြစ်လိမ့်မယ် '

'ဟုတ်ပြီ၊ ဒါထက် လောလောဆယ် ကျုပ်ဓာတ်ဆီလိုချင်တယ်။ လေးငါးဂါလံလောက် မရနိုင်ဘူးလား
' နေပါဦး၊ ခင်ဗျားက ဓာတ်ဆီဘာလုပ်ဖို့လဲ '

' ကျုပ် ချီဇာရီအရပ်ကို သွားချင်တယ်။ ကျုပ် အဲဒီ မရောက်တာ ဆယ်နှစ်လောက်ရှိသွားပြီမို့ သွားကြည့် ချင်တယ် '

' ဟာ၊ ခင်ဗျား အဲဒီကိုသွားဖို့ မသင့်ဘူး။ ဟိုမှာက ပြောက်ကျားသူပုန်တွေရှိတယ် '

' သူပုန် မဟုတ်ပါဘူးဗျ။ နိုင်ငံရေးအရ အယူအဆကွဲလွဲတဲ့ လူတွေပါ '

' သူတို့က မာတာဘယ်လီ တိုင်းရင်းသားတွေဗျ။ ခင်ဗျားကိုမြင်တာနဲ့ အသေပစ်သတ်လိမ့်မယ် '

' ဒါတော့ ကျုပ်ဘာသာ ကျုပ် အန္တရာယ်ကို ကြည့်ရှောင်သွားမှာပေါ့။ ကဲပါ၊ မာတ်ဆီသာ ရအောင် ရှာပေးစမ်းပါ။ နောက်ပြီး ရှေ့အပတ်ကျတော့ ခင်ဗျား ဇူးရစ်မြို့ကို ဖုန်းဆက်လို့ရတဲ့ အဖြေကို သိချင်တယ်' ထိုမျှနှင့်ပင် ခရိတ်က စကားကို ဖြတ်လိုက်သည်။

အခန်း (၅)

ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိတ်ကြည်နူးသာယာဖွယ် ကောင်းလှသော သဘာဝရှုခင်းများဖြင့်အတိ ပြီးနေသည်ဟု ဆိုရပေမည်။ သဘာဝမိခင်၏ ဖန်တီးထားခြင်းကို လူတို့၏ လက်ဖြင့်ပြုပြင်စီရင်ခြင်း (တစ်နည်းအားဖြင့်)ဖျက်ဆီးထားခြင်းအလျှင်းမရှိသေးဘဲ ပကတိ သဘာဝအလှအပတို့ မပျက်မယွင်းဘဲ ရှိနေပေသည်။ လူတို့ လာရောက်အခြေစိုက်ခြင်း အမှတ်အသားဖြစ်သော ခြံစည်းရိုးများ ကာရံထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ထားခြင်းစသည်တို့ လုံးဝမရှိချေ။ ထိုဒေသသို့ ကျွန်းတိရစ္ဆာန်များနှင့် စိုက်ပျိုးရေးသမား လယ်သမားများ မလာရောက်နိုင်အောင်လည်း သဘာဝ အဟန့်အတားတစ်ခုက ရှိနေသောကြောင့်လည်း ဖြစ်တန်ရာသည်။

ယင်း အဟန့်အတားကား ဇမ်ဘေဇီမြစ်ဝှမ်းတစ်လျှောက် မြောက်မြားစွာရှိနေသော ဆက်ဆီး ခေါ် ပိုးမွှားတိရစ္ဆာန်တစ်မျိုး၏ အန္တရာယ်ပင်ဖြစ်သည်။ ထို့ကြောင့် လူသူများ ခပ်ဝေးဝေးက ရှောင်နေခဲ့ခြင်းပင် ဖြစ်လေသည်။

ဤဒေသ၏ တစ်ဖက်တွင် ချီဇာရီအမည်ရှိ တောရိုင်းတိရစ္ဆာန်များ မျိုးဆက်မပြုန်းရေးအတွက် ဘေးမဲ့လွှတ်ထားသော သီးသန့်တိရစ္ဆာန်ဥယျာဉ်ကြီးရှိပြီး တစ်ဖက်တွင်မူ မာဇိုလို သစ်တောကြီးဝိုင်းကြီးရှိသည်။ ယင်းနေရာနှစ်ခုလုံးတွင် တောရိုင်းတိရစ္ဆာန် အမြောက်အများရှိလေသည်။

၁၉၃၀ ခုနှစ် ကမ္ဘာ့စီးပွားရေးကပ်ကြီးဆိုက်ချိန်က ခရိတ်၏ဘိုးအေ ဘာဝူခေါ် မစ္စတာဂျန်နာသန်သည် ထိုနေရာ ဒေသအနေအထားကို သဘောကျသဖြင့် တစ်ဇကလျှင် အင်္ဂလိပ်ငွေ ခြောက်ပယ်နီနှုန်းဖြင့် ဝယ်ယူထားခဲ့ရာ စတာလင်ပေါင်နှစ်ထောင့်ငါးရာနှင့် မြေရိုင်းဇကပေါင်းတစ်သိန်းရရှိခဲ့ပေသည်။

' ဒီနေရာ မှာက မွေးမြူရေးလုပ်ငန်း လုပ်လို့တော့ ရမှာမဟုတ်ဘူးကွဲ့ '

ဤသို့လျှင် တစ်ခါက ဘိုးအေကြီးကိုယ်တိုင်က ခရိတ်အား ပြောခဲ့ဖူးလေသည်။ ထိုစဉ်က မြေးအဘိုး နှစ်ယောက်သား ချီဇာရီမြစ်အနီး သစ်ပင်တစ်ပင်အောက်တွင် စခန်းချ ညအိပ်ရင်း အဘိုးကြီးက ပြောခဲ့ခြင်း ဖြစ်သည်။

' ဒီနေရာမှာက တိရွစ္ဆာန်တွေ စားကျက်ဖြစ်ဖို့ရာ မြက်ပင်တွေကလည်း မကောင်းတဲ့အပြင် ဆက်ဆီး ပိုးကောင်တွေ ကိုက်တာနဲ့ အားလုံးသေကုန်မှာပဲ။ ဒါကြောင့် ဒီနေရာဟာ အာဖရိကတိုက်ရဲ့ သဘာဝ ရှုခင်းအလှတွေ မပျက်မစီးဘဲအမြဲရှိနေလိမ့်မယ်' ဤသို့လည်း အဘိုးကြီး ဘာဝူက ပြောခဲ့သေးသည်။ အဘိုးကြီး ကိုယ်တိုင်က အာဖရိကတိုက်၏ တောတောင်သဘာဝ ရှုခင်းတွေကို အလွန်နှစ်သက် မြတ်နိုးလေသည်။ ရံဖန်ရံခါ သူသည် ဤဒေသသို့ တောလိုက်အမဲပစ်ထွက်၍ ဆင်၊ ကြံ့၊ ခြင်္သေ့ သတ္တဝါများ ပစ်ခတ်လေ့ရှိသည်။ သူသည် လွန်အန္တရာယ်များလှသော တောလိုက်ခြင်းကိုမှ နှစ်သက် သူဖြစ်သည်။ သို့ရာတွင် အခြားလူများ ဤနေရာသို့လာရောက်အမဲပစ်ခြင်းကိုမူ လုံးဝပိတ်ပင်တားဆီး ထားခဲ့သည်။ သူ၏ သားများ မြေးများ ပင်လျှင် ထိုနေရာ၌ တောလိုက် အမဲပစ်ခွင့် မရှိချေ။

' ဒီမယ် လူကလေး၊ ဒီနေရာက ငှဲ့ရဲ့ လောကနိဗ္ဗာန်ကလေးတစ်ခုလိုပါပဲ။ ဒါကြောင့် ငါက ဒီနေရာကို မူလ သဘာဝ အတိုင်း မပျက်မယွင်းအောင် ကြိုးစားပြီး ထားခဲ့တာပဲ '

အဘိုးကြီးက ဤသို့ပြောခဲ့ဖူးသည်ကိုလည်း ခရိတ်က သတိရ ကြားယောင်မိလေသည်။ ခရိတ် သည် ငယ်စဉ်က အကြိမ်ကြိမ် ရောက်ခဲ့ဖူးသော ဤနေရာသို့ ယခု တစ်ဖန် ပြန်ရောက်လာသောအခါ စိတ်လှုပ်ရှားမှုတစ်မျိုး ခံစားမိလေသည်။ သူနှင့် သူ့အဘိုး ဤဒေသသို့ နောက်ဆုံးရောက်ခဲ့သည် မှာ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖြစ်သည်။

ယခုတော့ ချုံနွယ်ပိတ်ပေါင်းများအလွန်ထူထပ်စွာပေါက်နေပြီဖြစ်သည်။ သူသည်ဇောက်ဝက်ဂွန်းကား ကလေးဖြင့်မောင်းနှင်လာခဲ့ရာ လမ်းဟူ၍ပီပီပြင်ပြင်မရှိသဖြင့် မြေရိုင်းပေါ်တွင်သာ ကြိုးစားမောင်းနှင် ခဲ့ရသည်။ ယခင်က ရှိခဲ့သော လူသွားလမ်း သို့မဟုတ် လှည်းလမ်းများလည်း ပျောက်နေပြီဖြစ်၍ ခဲခဲယဉ်းယဉ်း မောင်းရလေသည်။

သူ သွားချင်သောနေရာသို့ ရောက်လုနီးသောအခါ မည်သို့မျှဆက်မောင်း၍ မရတော့သဖြင့်မော်တော် ကားကိုရပ်ထားလိုက်ပြီး ခြေကျင်ဆက်လျှောက်သွားရလေသည်။ နောက်ဆုံးတွင် သူ သွားချင်သည့် ရေအိုင်များရှိရာဒေသသို့ ရောက်သွားသောအခါ ညနေစောင်း၍ နေဝင်လုပြီဖြစ်သည်။ ခရိတ်သည် ထိုနေရာတွင်ပင်စခန်းချကာ မြို့မှယူဆောင်လာသောစောင်များခင်း၍အိပ်လိုက်ရာ နှစ်နှစ်ခြိုက်ခြိုက်

ပင် အိပ်ပျော်သွားလေသည်။ တစ်ရေးမှမနိုး၊ အိပ်မက်လည်း မမက်ဘဲ တောက်လျှောက် အိပ်ပျော်သွားရာ နံနက်လင်းမှပင် နိုးလာလေသည်။ ထိုအခါ သူ၏ ကျောပိုးအိတ်တွင် ပါလာသော စည်သွတ် ဘူးစားစရာများနှင့် ကော်ဖီကျိုး၍ စားသောက်လေသည်။ စားသောက်ပြီးသော ကျောပိုးအိတ်နှင့် စောင်များကို သူစခန်းချရ ဝက်သစ်ချပင်အောက်မှာပင်ထားခဲ့၍ မြစ်ကမ်းဆီသို့ လျှောက်သွားလေသည်။

ခြေကျင်လျှောက်ရသဖြင့် ခရိတ်သည် ဇက တစ်သိန်းကျော်ရှိသော မြေကွက်ကြီးတွင် နေရာနှံ့အောင် သွားကြည့်ရန် မဖြစ်နိုင်သော်လည်း ချီဇာရီမြစ်က ယင်းမြေကွက် အလယ်ဗဟို သွေးကြောသဖွယ် ဖြစ်နေပေသည်။ ထို့ကြောင့်သူသည်မြစ်ကမ်းနားဆီသို့လျှောက်ကြည့်ခြင်းဖြစ်လေသည်။ ဤမြစ်ကမ်း နေရာတစ်ဝိုက်ရှိ အခြေအနေကို အကဲခတ် ကြည့်ခြင်းအားဖြင့် မြေကွက်ကြီးတစ်ခုလုံး၏ အခြေအနေကို ခန့်မှန်း သိရှိနိုင်မည်ဖြစ်ပေသည်။

မြစ်အနီးသို့ ရောက်သွားလျှင် ဤနေရာ၌ တောရိုင်းတိရွစ္ဆာန်တွေ အတော်များများ ရှိနေသည်ကို ချက်ချင်း သတိပြုမိလေသည်။ အထူးသဖြင့် မျိုးဆက်ပြုတ်လုမတတ် ရှားပါးလှသော တိရွစ္ဆာန်များပါ ကျန်ရှိနေသေးကြောင်း တွေ့ရသည်။ ရေစပ်နားတွင် ယမန်နေ့ညက ရေလာသောက်သွားသော ကျားသစ်ခြေရာများ ထင်ရှားစွာတွေ့ရသည်။ မြစ်ကမ်းတစ်နေရာတွင်လည်း အလွန်ရှားပါးသော သမင်တစ်မျိုး မစင်စွန့်သွားခြင်းကို မြင်ရသဖြင့် ဤမြေကွက်ဒေသသည် မူလသဘာဝအခြေအနေ အတိုင်းရှိသေးသဖြင့် တောရိုင်းတိရွစ္ဆာန်များ သွားလာကျက်စား နေကြသေးကြောင်း တထစ်ချတွက်မိလေသည်။

ခရိတ်သည် နေ့လယ်စာအဖြစ် သူ မြို့မှ သယ်ဆောင်လာသော ဝက်အူချောင်းစသော စားစရာများကို စားသောက်လိုက်သည်။ ထို့နောက် မြစ်ကမ်းမှ သစ်ပင်တောအုပ်များရှိရာသို့ လျှောက်သွားကြည့်ပြန်လေသည်။

ချုံနွယ်ပိတ်ပေါင်း ထူထပ်သော မြေရိုင်းဖြစ်သော်လည်း တစ်ချိန်က အမဲပစ်ရန် သွားသည့် လူသွားလမ်းများ၏ အစအနရှိနေသေးသဖြင့် ခရိတ်သည် ထိုလူသွားလမ်းဟောင်းများကို ရှာဖွေရင်း ဖြည်းဖြည်းချင်း လျှောက်သွားလေသည်။ ကိုယ်တစ်ရာမျှသွားမိသော် တောအုပ်များအကြား မြေကွက်လပ်ငယ်တစ်ခု တွေ့ရလေသည်။

တောထဲ၌ ယခုလို မြေကွက်လပ်တွေ့ရခြင်းအားဖြင့် လူတို့ခုတ်ထွင်ရှင်းလင်းထားသော မြေကွက်လပ် ဖြစ်ကြောင်း ထင်ရှားပေသည်။ သေချာစွာ လေ့လာကြည့်ရှုသောအခါ မွေးမြူရေး နွားများထားရှိ

ခဲ့သည့် အမှတ်အသား လက္ခဏာများလည်း တွေ့ရပြန်သည်။ ကွက်လပ်၏ တစ်နေရာတွင်ကား အလွန်ရှားပါးပြီး မျိုးပြုန်းလုမတက်ဖြစ်နေသော ကြံ့နက်သတ္တဝါများ ကျက်စားသည့် အရိပ်အယောင်များကို တွေ့ရလေသည်။

ကြံ့နက်သတ္တဝါများမှာ ကြံ့ဖြူဟုခေါ်သော ကြံ့မျိုးနှင့် မတူချေ။ အလွန်ရှားပါးပြီး မကြာမီ မျိုးဆက်ပြုတ်တော့မည့် အန္တရာယ်ရှိနေပြီဟု သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးပါရဂူများက ဆိုကြသည်။ ထို့ကြောင့် ခရိတ်အနေဖြင့် ဤဒေသတွင် ကြံ့နက်များရှိနေသေးကြောင်း သိရသော အခါ အလွန် အံ့သြမိသလောက် ဝမ်းသာအားရ ဖြစ်မိလေသည်။ ကြံ့နက် များသည် အစာစားရာ၌ပင် သာမန်ကြံ့ဖြူများနှင့် မတူချေ။ ကြံ့ဖြူက မြက်ပင်များ စားသော်လည်း ကြံ့နက်သည် သစ်ပင်များ၏ အောက်ခြေနားရှိ သစ်ကိုင်းသစ်ရွက်များ၊ ချဉ်နွယ်များကို စားတတ်သည်။

သဘာဝအားဖြင့် စိတ်တိုလာပြီး တိုက်ခိုက်တတ်သည်။ စိတ်တိုလာလျှင် တွေ့သမျှကို တရကြမ်း တိုက်ခိုက်လေ့ရှိသည်။ တွေ့သမျှဆိုရာ၌ လူနှင့်တိရစ္ဆာန်များသာမက ကုန်တင်လော်လီကားများ၊ မီးရထားစက်ခေါင်းများကိုပင် အတင်းဝင်တိုက်ခိုက်တတ်လေသည်။

ဇင်ဘာဘွေနိုင်ငံ ပြည်တွင်းစစ်မဖြစ်မီ တစ်ချိန်က ဇမ်ဘေဇီမြစ်ဝှမ်းတွင် အလွန်သောင်းကျန်းသော ကြံ့နက်ကြီးတစ်ကောင်ရှိခဲ့ဖူးသည်။ သူသွားလာကျက်စားရာ နေရာအနီး မီးရထားလမ်းနှင့် မော်တော်ကားလမ်းများ ဖောက်လုပ်လျက်ရှိရာ ကြံ့နက်ကြီးသည် လူတို့၏ယာဉ်များကို မျက်စိနောက်လာသဖြင့် အတင်း ဝင်တိုက်ခိုက်ခဲ့လေသည်။ ကုန်တင်လော်လီကားများကို ရှေ့တည့်တည့်မှ ဦးချိုကြီးဖြင့် အတင်းဝင်တိုက်ခိုက်သဖြင့် လော်လီကား၏ ရေတိုင်ကီများပင် ပေါက်ကွဲပျက်စီးသွားခဲ့လေသည်။ ယင်းသို့ မော်တော်ကားများကို တိုက်ခိုက် ဖျက်ဆီးပစ်ပြီးနောက် ကြံ့ကြီးလည်း ကျေနပ်အားရသွားဟန်ဖြင့် တောထဲသို့ ပြန်ဝင်သွားခဲ့လေသည်။

နောက် များမကြာမ ဝိတိုရိယရေတံခွန်စခန်းသို့ ခုတ်မောင်းသွားလာသည့် အမြန်မီးရထားကြီးကို ဝင်တိုက်ခိုက် ပြန်လေသည်။ သည်တစ်ခါတော့ မီးရထားစက်ခေါင်းက ထုထည်ကြီးမားပြီး တစ်နာရီမိုင် နှစ်ဆယ်နှုန်းဖြင့်ခုတ်မောင်းလာရာ ကြံ့ကြီးကလည်းသူ၏ကိုယ်အလေးချိန် နှစ်တန်ခန့်ရှိသည့်ခွန်အားကို အပြည့်သုံးလျက် ရထားစက်ခေါင်းကို ဝင်တိုက်ခိုက်သောကြောင့် ရထားရပ်သွားပြီး ကြံ့ကြီးလည်း ဒဏ်ရာပြင်းစွာရကာ သေဆုံးသွားလေတော့သည်။

ခရိတ်သည် ကြံ့နက်စွန့်သွားသော မစင်များကို ကြည့်ပြီး ခန့်မှန်းတွက်ကြည့်ရာ လွန်ခဲ့သော ဆယ်နာရီအတွင်း ဤနေရာသို့ ကြံ့ကြီးလာသွားကြောင်းသိရသဖြင့် ဝမ်းမြောက်ကျေနပ် သွားမိလေသည်။ ခြေရာများကို ကြည့်ခြင်းအားဖြင့် ကြံ့တစ်ကောင်သာမဟုတ်။ ကြံ့ထီးတစ်ကောင်၊ ကြံ့မ တစ်ကောင်နှင့် သားငယ်ကြံ့ကလေး တစ်ကောင်ပါ သုံးကောင်လာသွားကြောင်း သိရလေသည်။ ကြံ့နက်သည် အလွန်ရှားပါးသော သတ္တဝါဖြစ်၍ တစ်ကမ္ဘာလုံးတွင် စုစုပေါင်း ကြံ့နက်ကောင်ရေ တစ်ထောင် မျှပင် မကျန်တော့ဟု ဆိုကြလေသည်။ ထို့ကြောင့် ခရိတ်က ယခု ဤနေရာဒေသတွင် ကြံ့နက်အချို့ ကျန်ရှိသေးကြောင်း သိရသည်တွင် သူစိတ်ကူးထားသော အကြံအစည်အတွက် ဝမ်း မြောက်အားတက်ဖွယ်ရာ ဖြစ်နေ၍ကျေနပ်အားရမိခြင်းဖြစ်လေသည်။

ခရိတ်သည် ဆက်လက်လျှောက်သွားကြည့်ရာ အခြားတောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်များကိုလည်း တွေ့ရလေသည်။ တစ်နေရာတွင် ကျေးငှက်များ အုပ်လိုက်ပျံသွားသည်ကို မြင်ရလေရာ သားရဲ တိရစ္ဆာန် တစ်ကောင်ကောင်ရှိ၍ ဖြစ်ရမည်ဟု တွက်မိလျက် အထူးသတိထား ကြည့်နေလေသည်။

သူကြည့်နေစဉ်မှာပင် ရှေ့ကိုက်သုံးဆယ်မျှသာ ကွာဝေးသော ချုံပုတ်အတွင်းမှ အလွန်ထွားကျိုင်း သော ကြံ့ကြီးတစ်ကောင် ထွက်လာလေသည်။ ခရိတ် အံ့အားသင့် တုန်လှုပ်သွားမိသော်လည်း မလှုပ်မယှက် ရပ်နေလိုက်သည်။ အကယ်၍ ကြံ့ကြီးက သူရှိရာသို့ ပြေးဝင် တိုက်ခိုက်ပါက သူ၏ ကိုယ်ကို တစ်ဖက်သို့ ပစ်လဲတိမ်းရှောင်ရန်လည်း အသင့်ပြင်ထားလိုက်သည်။ ကြံ့ကြီးသည် ခြေလှမ်း ဆယ့်ငါးလှမ်းခန့်အကွာမှ ရပ်ပြီးခရိတ်အား စိုက်ကြည့်နေလေသည်။ သူ၏ ခန္ဓာကိုယ်ကြီးလည်း ဝဲယာနှစ်ဖက်သို့ယိမ်း၍ လှုပ်ရှားနေရာ ခရိတ်သည် သင့်ပါလာသော ဓားမြှောင်ကို လက်တစ်ဖက် ဖြင့် ဆုပ်ကိုင် လိုက်သည်။

ကြံ့ကြီးသည် အနည်းငယ် ရှေ့သို့တိုးလာပြန်သည်။ ကြံ့သတ္တဝါတို့သည် မျက်လုံးအားမကောင်းဘဲ အဝေးသို့ ကောင်းစွာမမြင်နိုင်ကြချေ။ သို့သော် ယခုကဲ့သို့ နီးကပ်လာလျှင်ကား လှုပ်ရှားမှု မှန်သမျှကို မြင်နိုင်လေသည်။ ထို့ကြောင့် ခရိတ်သည် အန္တရာယ် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ရိပ်မိလေသည်။ ဤတွင် အကြံတစ်ခုရလာသဖြင့် ခရိတ်သည် သူ၏ ဓားမြှောင်ကို ကြံ့ကြီးကိုယ်ပေါ်မှကျော်၍ နောက် ဘက်ရှိ ချုံဖုတ်များရှိရာသို့ တအားလွှဲပစ်လိုက်သည်။ ဓားသည် ချုံဖုတ်ပေါ်သို့ကျရောက်ချိန်၌ အသံ မြည်သွားလေရာ ကြံ့ကြီးသည် အလွန်လျင်မြန်စွာ နောက်သို့ပြန်လှည့်၍ အသံကြားရာ နေရာဆီသို့ (ရန်သူရှိသည် ထင်မှတ်လျက်) တအား ပြေးလွှားကာ ဦးချိုကြီးနှင့် အတင်းတိုက်ခိုက်လေတော့သည် ကြံ့ကြီး၏ ပြေးလွှားတိုက်ခိုက်ပုံမှာ စစ်မြေပြင်တွင် သံချပ်ကာ (တင့်ကား)ကြီးတစ်စီး တရကြမ်းမောင်း

ဝင် တိုက်ခိုက်ပုံနှင့် တူလှပေသည်။ ချုပုတ်အတွင်း၌ ဘာမှမရှိဘဲ အတင်းဝင်ဝှေ့တိုက်ခြင်းသာဖြစ်ရာ ကြံ့ကြီးသည် ချုပုတ်ကို ထွင်းဖောက်ကျော်သွားပြီးနောက် တစ်ဖက်သို့ ရောက်သွားသော်လည်း ရန်သူကို ရှာလိုဟန်ဖြင့် ဆက်လက်ပြီး ပြေးသွား လေသည်။

သည်တော့မှ ခရိတ်လည်း သက်ပြင်းချနိုင်တော့လျက် မြေကြီးပေါ်တွင် ခေတ္တထိုင်၍ အပန်းဖြေ နေလိုက်သည်။
ခရိတ်၏အကြံမှာ ဤမြေကွက်ကြီး ပတ်ဝန်းကျင် သဘာဝအနေအထားကို ကမ္ဘာလှည့်ခရီးသွား ဇည့်သည်(တိုးရစ္စ)များ စိတ်ဝင်စားလိမ့်မည်ဟု ယူဆလျက် 'တောရိုင်းတိရစ္ဆာန်များ လွတ်လပ်စွာ နေကြပုံကို လေ့လာကြည့်ရှုနိုင်သည့် စခန်းတစ်ခု'အဖြစ် ဖန်တီးကာ စီးပွားရေးလုပ်ရန်ပင်ဖြစ်သည်။ ထို့ကြောင့် ယခု သူသည် မြေယာဒေသ အခြေအနေကို လေ့လာကြည့်ရှုနေခြင်း ဖြစ်လေသည်။ တိုးရစ္စစခန်းဖြစ်လာအောင် မည်သို့မည်ပုံ ပြုပြင်ဖန်တီးရမည်ကိုလည်း သူသည် စိတ်ကူးထားပြီးဖြစ်သည်။ ဥပမာ တောရိုင်းတိရစ္ဆာန်များ ရေလာသောက်ချင်စဖွယ် ရေအိုင်များ ဖန်တီးထားခြင်းအားဖြင့် လာရောက် ကြည့်ရှုသူ တိုးရစ္စများသည် တိရစ္ဆာန်များအား ကြည့်ရှုခြင်း၊ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပေသည်။

ဤနေရာသို့ သွားလာရေးကလည်း လွယ်ကူနေသည်။ ကမ္ဘာလှည့် တိုးရစ္စခရီးသည် အများဆုံးလာရောက်လေ့ရှိသော နာမည်ကျော် ဝိတိုရိယရေတံခွန်စခန်းမှဆိုလျှင် လေယာဉ်ခရီးနှင့် တစ်နာရီခန့်လာလျှင် ရောက်နိုင်ပေသည်။ ကမ္ဘာ့တိုးရစ္စ ခရီးသွားလာရေးလုပ်ငန်း အေဂျင်စီကုမ္ပဏီများနှင့် ဆက်သွယ်ပြီး ဝိတိုရိယရေတံခွန်ကြီးသို့ လာရောက်ကြည့်သူများ ဤနေရာသို့ ဆက်လာအောင် စီစဉ်နိုင်ပေသည်။ အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များ သဘာဝအလျောက် လွတ်လပ်စွာနေကြသည်ကို လေ့လာကြည့်ရှုနိုင်ခြင်းကြောင့် တိုးရစ္စခရီးသည်များသည် ဤနေရာသို့လာရန် စိတ်ဝင်စားကြမည်မှာ သေချာပေသည်။
ခရိတ်သည် ဤနေရာတွင် ခရီးသည်များ တည်းခိုနေထိုင်ရေး၊ စားရေးသောက်ရေးမှစ၍ အစစအဆင်ပြေအောင် တိုးရစ္စစခန်းများကျနစွာ ဖန်တီးဆောက်လုပ်ထားရန်လည်း စိတ်ကူးထားပြီးဖြစ်သည်။ အစားအသောက်ဆိုလျှင်လည်း ဥရောပတိုက်သား မျက်နှာဖြူလူမျိုးတို့ အကြိုက်ရှာပိန်အရက် အပါအဝင် ယမကာမျိုးစုံ၊ အနောက်တိုင်း အစားအသောက်မျိုးစုံ ဝယ်ယူစားသောက်နိုင်အောင်လည်း စီစဉ်ထားမည် ဖြစ်သည်။ တိုးရစ္စခရီးသည်များကို ဒေသအခြေအနေအကြောင်း ရှင်းလင်းပြောပြရင်း လိုက်ပြသည့် တိုရစ္စဂိုက်ခေါ်လမ်းပြရွှေကြိုများလည်း အဆင်သင့်ရှိအောင် ရွေးချယ်ခန့်ထားမည်ဖြစ်

သည်။ နေ့ဘက်တွင် တိုးရစ္စခရီးသည်များအား ခြေကျင်သွား၍ တစ်မျိုး၊ လင်းရိဗာကားများဖြင့် တစ်ဖုံ၊ တောရိုင်းတိရစ္ဆာန်များ ကျက်စားရာနေရာများကို သွားရောက်ကြည့်ရှုလေ့လာစေပြီး၊ ညနေဘက် မောမောပန်းပန်းနှင့် စခန်းသို့ပြန်သောအခါ တည်းခိုဆောင်များတွင် အဲယားကွန်ဒီးရှင်း လေအေးစက် တပ်ဆင်ထားသည့် အခန်းများ၌ သက်သောင့်သက်သာ အနားယူနိုင်အောင် စီစဉ်ထားမည့်အပြင်၊ ဧည့်သည်များအား ပြုစုရန်အတွက် ချောမောလှပသော မိန်းကလေးများကို (လေယာဉ်မယ်များလို) ဧည့်ခံရေး တာဝန်ပေးထားမည်ဖြစ်သည်။

ထို့ပြင် အချို့ညများတွင် တောရိုင်းတိရစ္ဆာန်များအကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ကားများပြခြင်း၊ တောရိုင်းတိရစ္ဆာန်များအကြောင်း ကျွမ်းကျင်သူပါရဂူများက ဗဟုသုတဖြစ်ဖွယ် ဟောပြောပို့ချခြင်းတို့ ကိုလည်းစီစဉ်ပေးရန် ခရိတ်ကရည်ရွယ်လေသည်။ ညနေစောင်း၍ နေဝင်လုချိန်ကျမှပင် ခရိတ်သည် သူစခန်းချရာ ဝက်သစ်ချပင်ရှိရာသို့ ပြန်လျှောက်လာခဲ့လေသည်။ အတော်ဝေးဝေး လျှောက်ကြည့်ခဲ့ခြင်းကြောင့်ခြေအတု တပ်ဆင်ထားသည့် သူ၏ခြေတစ်ဖက်မှာ နာကျင်ကျိန်းစပ်နေသည့်ပြင် တစ်နေကုန် နေပူထဲသွားခဲ့ရသဖြင့် အသားများ နေလောင်ပြီး အထူးပင် ပင်ပန်း နွမ်းနယ်နေလေရာ ညနေစာစားချင်စိတ်ပင် မရှိသလောက်ဖြစ်နေတော့သည်။

ခရိတ်သည် သူ၏ခြေတုကို ခေတ္တဖြုတ်ထားလိုက်ပြီးနောက် အသင့်ပါလာသော ဝီစကီပုလင်းမှ တစ်ခွက်ငှဲ့သောက်လိုက်သည်။ ထို့နောက် သစ်ပင်ရင်းတွင် စောင်များဖြန့်၍ လှဲအိပ်ချလိုက်ရာ ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။ ည၌သန်းခေါင်ယံတွင် ခေတ္တနိုးလာပြီး ထ၍အပေါ့သွားစဉ် ခပ်လှမ်းလှမ်းမှ ခြင်္သေ့ကြီးများ၏ ဟိန်းဟောက်သံများကိုပင် ကြားရလေသည်။ သို့သော် ခရိတ်သည် အိပ်ချင်နေသဖြင့် ပြန်၍အိပ်လိုက်ရာ နှစ်ခြိုက်စွာပင် အိပ်ပျော်သွားလေသည်။

နံနက်မိုးလင်းသည်နှင့် သစ်ပင်ထက်မှ ခိုရိုင်းငှက်များ၏ ဆူညံစွာမြည်သံကြောင့် အိပ်ရာမှ နိုးလာလေသည်။ ထိုအချိန်၌ ခရိတ်သည် (ညကဘာမှမစားခဲ့ခြင်းကြောင့်) အလွန်ဆာလောင်မွတ်သိပ်လျက်ရှိနေပြီဖြစ်သည်။ သူ၏စိတ်သည်လည်း (အမေရိကန်ပြည် နယူးယောက်မြို့မှာ နေစဉ်ကလိုမဟုတ်တော့ဘဲ) အထူး ကြည်လင်လန်းဆန်းလျက်ရှိလေသည်။ ပါလာသော စားစရာများကို နံနက်စာအဖြစ် စားသောက်ပြီးနောက် ခရိတ်သည် အာဖရိကထုတ် စိုက်ပျိုးမွေးမြူရေး ဂျာနယ်စာအုပ်တစ်အုပ်ကို ယူ၍ ရေစပ်နားသွားကာ သဲသောင်ပြင် တစ်နေရာတွင် ဂျာနယ်စာအုပ်ကို ထိုင်ဖတ်နေလေသည်။

ယင်း ဂျာနယ်တွင် စိုက်ပျိုးမွေးဖြူရေးသမားများအတက် မြေယာကွက်များ၊ ဥယျာဉ်ခြံမြေများ၊ မွေးမြူရေးတိရွစ္ဆာန်များ ရောင်းချရန်ရှိကြောင်း ကြော်ငြာများပါသဖြင့် ခရိတ်သည် ကြော်ငြာများကို လေ့လာကြည့်ရင်း သူ၏အကြံအစည်အတွက် ကုန်ကျမည့်စရိတ်စကများကို စိတ်တွက် တွက်ကြည့်မိလေသည်။ ကင်းလင်း အမည်ရှိ ခြံမြေအပါအဝင် သူ၏ဘိုးအေကြီး ပိုင်ဆိုင်ခဲ့သော မြေကွက်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ပါက ကုန်ကျမည့်စရိတ်ကို တွက်မိသောအခါ အဆမတန်များပြားနေသဖြင့် ခရိတ်သည်အားလျော့သွားမိပြန်သည်။

ယင်းမြေကွက်ကို ဝယ်ယူခဲ့သော နိုင်ငံခြားကုမ္ပဏီက မူလကရှိခဲ့သောမွေးမြူရေးတိရွစ္ဆာန်များကို ဒေါ်လာ ငွေဆယ့်ငါးသိန်းဖြင့် ရောင်းချခဲ့သော်လည်း ယခုဆိုလျှင် ဈေးနှုန်းတွေက အဆမတန် တက်နေပြီဖြစ်သည်။
အကယ်၍ ယခု သူသည် မွေးမြူရေးလုပ်ငန်းလုပ်မည်ဆိုပါက သားစပ်နွားသိုးကောင်များ၊ မျိုးကောင်းနို့စားနွားများကို စတင်ဝယ်ယူပြီး တဖြည်းဖြည်း တိုးချဲ့သွားရမည်ဖြစ်သည်။ ဤသို့ အနည်းအကျဉ်းမျှဖြင့် လုပ်ငန်းစတင်မည်ဆိုလျှင်ပင် ကုန်ကျစရိတ်က အတော်များမည်ဖြစ်သည်။ မွေးမြူရေးခြံကို အစက ပြန်လည်ထူထောင်ရမည်ဖြစ်ရာ လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ယူခြင်း၊ ခြံကို အသစ် ပြန်လည်တည်ဆောက်ရခြင်းတို့ကြောင့် ငွေကုန်ကြေးကျ အလွန်များမည်ဖြစ်သည်။

ထို့ပြင် သူ စိတ်ကူးယဉ်မိသော၊ လုပ်ချင်နေသော ကဿာလှည့်ခရီးသည်စခန်းလုပ်ရမည့် စရိတ်စကသည်လည်း အမြောက်များ ကုန်ကျမည်ဖြစ်ပေသည်။ ထို့ပြင် မြေကွက်တွင်း၌ လောလောဆယ် ရှိနေသော ကျူးကျော်တဲအိမ်များနှင့် ဆိတ်အုပ်များကိုပါ ဖယ်ရှားပစ်ရန် လိုအပ်ပေသည်။ ခရိတ်သည် သူ၏ အဘိုးအေကြီး ဘာဝူတစ်ခါက ပြောခဲ့ဖူးသောစကားကို ပြန်လည် သတိရမိသည်။

' ဟော့ ... မင်း အလုပ်တစ်ခုလုပ်ဖို့ ကုန်ကျစရိတ်တွက်တဲ့အခါ တွက်လို့ရတဲ့ ငွေပမာဏကို နှစ်ဆတိုးပြီးမှ စ လုပ်ကွ၊ ဒါမှ တော်ရုံကျမယ် '

ဤသို့လျှင် သူ၏အဘိုး ဘာဝူက ပြောခဲ့ဖူးလေသည်။

ခရိတ်သည် မွေးမြူရေးဂျာနယ် စာအုပ်ကိုဘေးသို့ပစ်ချလိုက်ပြီး သဲသောင်ပြင်ပေါ်တွင် ပက်လက်လှန် အိပ်နေရင်း ဆက်လက်စဉ်းစားကြည့်လေသည်။ သူသည် အမေရိကန်တွင် နေစဉ်က သူ၏ကိုယ်ပိုင်သဘော်ပေါ်တွင်သာနေခဲ့ပြီး အခြားနာမည်ကြီး စာရေးဆရာများလို အသုံးအဖြုန်းမကြီးဘဲ ခြိုးခြံချွေတာ၍ နေခဲ့သည်။ ခရိတ် ၏ စာအုပ်ကလည်း ကဿာပေါ်တွင် အရောင်းရတွင်ကျယ်ဆုံး

'ဘတ်စ်ဆယ်လာ'စာရင်းဝင်ဖြစ်ပြီး အုပ်ရေ အမြောက်အများရောင်းရသဖြင့် ဝင်ငွေအထူးကောင်းခဲ့သည်။ နိုင်ငံခြားဘာသာ လေးဘာသာသို့ ဘာသာပြန်ထုတ်ဝေရခြင်း၊ ရုပ်မြင်သံကြားမှ ဇာတ်လမ်းအဖြစ်ဖန်တီးတင်ပြခြင်း၊ ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းကြီးထဲ၌ ထည့်သွင်းဖော်ပြခဲ့ခြင်းတို့မှလည်း နောက်ထပ် ဝင်ငွေများရရှိခဲ့သည်။ ရရှိသော ဝင်ငွေများဖြင့် ခရိတ်သည် ရွှေနှင့်ငွေများ ဝယ်ယူပြီး ရောင်းဝယ်ခြင်း၊ ကုမ္ပဏီအစုရှယ်ယာများ ဝယ်ရောင်းခြင်း လုပ်ခဲ့ရာတွင်လည်း ကံကောင်း၍ အမြတ်အစွန်းရရှိခဲ့သည်။ ယခုသူ၏ ဝင်ငွေအားလုံးနီးပါးကို ဆွစ်ဇာလန်နိုင်ငံသုံးငွေအဖြစ် လဲလှယ်ပြောင်းရွှေ့ထားပြီးဖြစ်သည်။ လိုအပ်လျှင် သူ၏သဘော်ကိုလည်း ရောင်းချနိုင်ပေသည်။ ဘာဝူဟူ၍ ဘိုးအေကြီး၏နာမည် ပေးထားသော သူ၏သဘော်ကို လွန်ခဲ့သော တစ်လကပင် ဒေါ်လာတစ်သိန်းခွဲနှင့် ဝယ်ယူလိုကြောင်း စကားကမ်းလှမ်းလာခဲ့သေးသည်။ သို့သော် ထိုအချိန်က ခရိတ်သည် သဘော်ကို သံယောဇဉ်ဖြစ်မိ၍ မရောင်းခဲ့ချေ။

နောက်တစ်နည်းက ငွေလိုအပ်လျှင် သူ၏ကိုယ်စားလှယ် (ဇျင်း)အက်ရှိအား စာအုပ်ထုတ်ဝေသူများထံမှ စာအုပ်သစ်တစ်အုပ်အတွက် စာမူခငွေ ကြိုတင်တောင်းလျှင်လည်းဖြစ်သည်။ ဤသို့လျှင် ရှူထောင့်စုံမှ လေ့လာသုံးသပ်ကြည့်ပြီးနောက် ခရိတ်သည် စုစုပေါင်းဒေါ်လာငွေတစ်သန်းခွဲ (ဆယ့်ငါးသိန်း)ခန့်ရှာ၍ ရနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ သူ့အနေဖြင့် ရရှိနိုင်သည့် အထက်ပါအလားအလာများကိုအကြောင်းပြု၍ ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌ မစ္စတာဟင်နရီအား ချဉ်းကပ်အကူအညီတောင်းလိုက်လျှင် ဒေါ်လာငွေတစ်သန်းခွဲချေးယူရရှိရန် ကောင်းစွာဖြစ်နိုင်ပေသည်။

ခရိတ်သည် ကြည်လင်အေးမြသော မြစ်ရေကို ငုံ့သောက်လိုက်သည်။ ဤချီဇာရီမြစ်သည် ဇမ်ဘေဇီမြစ်ကြီး ၏ မြစ်လက်တက် တစ်ခုပင် ဖြစ်လေသည်။ မြစ်ရေကို သောက်ရင်း သူ စိတ်ကူးထားသော တိုးရစ္စကမ္ဘာလှည့် ခရီးသည်စခန်းကို နာမည်ပေးရန် စိတ်ကူးရမိလေသည်။ စခန်းအမည်ကို ဇမ်ဘေဇီမြစ်ရေများဟုပင် အမည်ပေးလိုက်လျှင် မကောင်းပါလော။ ဤနာမည်မျိုး ဆိုလျှင် နိုင်ငံခြားသားအနေဖြင့် စိတ်ဝင်စားကြမည်မှာ သေချာပေသည်။

' ဇမ်ဘေဇီမြစ်ရေများ၊ ဇမ်ဘေဇီမြစ်ရေများ၊ ဟုတ်ပြီ ဒီနာမည်ပဲ ကောင်းတယ်၊ ဒီအတိုင်းပဲ နာမည်ပေးမယ်' ခရိတ်သည် စိတ်ကူးယဉ်နေရာမှ စိတ်အားထက်သန်လာသဖြင့် ပါးစပ်ကပါ ရေရွတ်အော်ပြောလိုက်မိသည်။ ထိုအခိုက် သူလဲလျောင်းနေရာအနီးမှ စကားပြောသံတစ်ခု ကြားလိုက်ရသဖြင့် အံ့အားသင့်သွားမိလေသည်။

မာတာဘယ်လီ တိုင်းရင်းသားတို့ ဘာသာစကားဖြင့် ပြောလိုက်ခြင်းဖြစ်ပြီး -

' ဒီလူက ရှူးနေတာဖြစ်ရမယ်။ သူဟာ ဒီလိုနေရာမျိုးကို လက်နက်မပါဘဲ တစ်ယောက်တည်းလာတယ်။ ပြီးတော့ မိကျောင်းရှိတဲ့မြစ်ကမ်းစပ်ကိုလာပြီး တစ်ယောက်တည်း သစ်ပင်တွေနဲ့စကားပြောနေတယ်' ဟု ပြောလိုက်ခြင်း ဖြစ်လေရာ ခရိတ်မှာ မာတာဘယ်လီတိုင်းရင်းသားတို့ ဘာသာစကားတတ်ကျွမ်းသဖြင့် ကောင်းစွာနားလည်လေသည်။ သူသည် ကပျာကယာထ၍ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်ရာ သူနှင့် ခြေလှမ်းဆယ်လှမ်းအကွာတွင် ရပ်ကြည့်နေသော တိုင်းရင်းသား လူမည်းသုံးဦးကိုမြင်ရလေသည်။ သုံးယောက်စလုံးမှာ ဇင်ဘာဘွေ ပြည်တွင်းစစ်ကာလအတွင်းက တိုင်းရင်းသား ပြောက်ကျားများ ဝတ်ဆင်လေ့ ရှိသော ယူနီဖောင်းအင်္ကျီများ ဝတ်ဆင်ထားပြီး အေကေ ၄၇ မောင်းပြန် ကိုင်ဆောင်သော လက်နက်ကိုမြင်ရုံနှင့် ခရိတ်သည်ထိုလူများသည် မည်သူတွေဖြစ်ကြောင်း ရိပ်မိလေသည်။

ယခု လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံ၏ တရားဝင် စစ်တပ်များသည် ဗြိတိသျှစစ်တပ်သုံးကာကီစိမ်း ယူနီဖောင်းဝတ်ဆင်ပြီး ကိုင်သည့်လက်နက်များကလည်း နေတိုးမဟာမိတ်အဖွဲ့တပ်များ အသုံးပြုသည့် ခေတ်မီလက်နက်များဖြစ်ကြသည်။

ယခု လူသုံးယောက်၏ ဝတ်ဆင်ထားပုံနှင့် အေကေ ၄၇ ရိုင်ဖယ်သေနတ်တို့ကိုကြည့်ခြင်းအားဖြင့် သူတို့သည် (တစ်ချိန်က မျက်နှာဖြူ အစိုးရကို တော်လှန်တိုက်ခိုက်ခဲ့ပြီး ယခု ဖျက်သိမ်းထားသော) ဇင်ဘာဘွေ ပြည်သူ့တော်လှန်ရေးတပ်မှ တပ်သားဟောင်းများဖြစ်ကြောင်း ထင်ရှားနေပေသည်။ ယင်းတော်လှန်ရေးတပ်မှ လူအချို့သည် သူတို့တပ်ဖျက်သိမ်းချိန်တွင် လက်နက်များပြန်မအပ်ဘဲ နိုင်ငံရေးသူပုန်များအဖြစ် တောခိုကာ ဆက်လက်လှုပ်ရှားနေကြကြောင်းကိုလည်း ခရိတ်ကသိထားပေသည်။ တစ်နည်းအားဖြင့် ထိုလူများသည် လက်ရှိတရားဝင် ဇင်ဘာဘွေ (လူမည်း) အစိုးရအားဆန့်ကျင်နေကြသူများ ဖြစ်လေသည်။

အထက်ပါအချက်များကို ခရိတ်ကကြိုတင်သိထားသော်လည်း ယခုပြောက်ကျားသူပုန်သုံးဦးနှင့် ထိပ်တိုက် ရင်ဆိုင်တွေ့လိုက်ရသောအခါ အံ့အားသင့်တုန်လှုပ်မိလေသည်။ တိုင်းရင်းသား လူမည်းသုံးဦးသည် အချင်းချင်း စကားပြောနေကြပြန်သည်။

' ဒီလူကို အရှင်ဖမ်းစရာမလိုဘူး။ ပစ်သတ်ပြီး တစ်နေရာမှာ တိတ်တိတ်မြှုပ်ထားလိုက်ရင်ပြီးတာပဲ။ ဒီနည်းက ပြန်ပေး ဓားစားခံဆွဲတာနဲ့ သဘောတရားအတူတူပဲ ဟုတ်လား '

ပြောက်ကျားသုံးဦးအနက် အငယ်ဆုံးလူက ပြောလိုက်ခြင်းဖြစ်သည်။ သူ၏အသက်ကနစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသော်လည်း လူအတော်များများ သတ်ခဲ့ဖူးသည့် အတွေ့အကြုံရှိရမည်ဟု ခရိတ်က ခန့်မှန်းမိလေသည်။

ဒုတိယပြောက်ကျား (ပထမလူထက် အနည်းငယ်သာ အသက်ကြီးပုံရသူ)က ပြောပြန်သည်။

' ဝိတိုရိယရေတံခွန်စခန်းသွားတဲ့လမ်းမှာ ကျုပ်တို့ ပြန်ပေးဆွဲခဲ့တဲ့ မားစာခံခြောက်ယောက်က အများကြီး ဒုက္ခပေးခဲ့တယ်။ နောက်ဆုံးကျတော့ သူတို့ကို ပစ်သတ်လိုက်ရတာပဲမဟုတ်လား '

ဤသို့ပြောရင်း လူငယ်နှစ်ဦးစလုံးက တတိယမြောက်လူကို လှမ်းကြည့်လိုက်ကြသည်။ ခရိတ်သည် ဒုတိယပြောက်ကျား ပြောလိုက်သောပြန်ပေးဆွဲမှုအကြောင်း မှတ်မိလေသည်။ ဝိတိုရိယရေတံခွန်ကြီးသို့ သွားသည့်လမ်းတွင် တိုးရစ္စခရီးသည်များ လိုက်ပါလာသော ဘတ်စ်ကားတစ်စီးကို ပြောက်ကျားသူပုန်များကလမ်းမှ ရပ်တန့်စေပြီး လူခြောက်ဦးကို မားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင် သွားခဲ့ကြသည်။ ထိုလူခြောက်ဦးမှာအမေရိကန်နှင့် ကနေဒါနိုင်ငံသားများဖြစ်ပြီး ဗြိတိန်နိုင်ငံသားတစ်ဦး ပါဝင်သည်။

ယင်းသို့ ပြန်ပေးဆွဲခြင်းအတွက် သူပုန်တို့၏ တောင်းဆိုချက်က ဇင်ဘာဘွေနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရမည်ဟု ဆိုလေသည်။ ဇင်ဘာဘွေအစိုးရ ရဲတပ်ဖွဲ့ဝင်များနှင့် တရားဝင် စစ်တပ်တို့က အစွမ်းကုန် ကြိုးစား၍ ရှာဖွေခဲ့သော်လည်း မားစာခံများကို လုံးဝရှာမတွေ့ခဲ့ချေ။ အထက်ပါဖြစ်ရပ်ကို ခရိတ်မှတ်မိလေသည်။

ပြောက်ကျားသုံးဦးအနက် ခေါင်းဆောင်နှင့်တူသော တတိယလူသည် ခရိတ်အား အတန်ကြာကြာစိုက်ကြည့်နေပြီးနောက် သူ၏အင်္ကျီ ၄၇ ရိုင်ဖယ်သေနတ်၏ မောင်းပြန် (အော်တိုမက်တစ်) ခလုတ်ကို ဆွဲတင်လိုက်သည်။

တကယ်ပစ်ခတ်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်၍ ခရိတ်လည်း တစ်ခုခုလုပ်မှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

'မာတာဘယ်လီတိုင်းရင်းသားအစစ်အမှန်ဆိုတာကိုယ့်လူမျိုးအုပ်စုရဲ့သွေးချင်းညီအစ်ကိုတစ်ယောက်ကို ဘယ်တော့မှ မသတ်ဘူး '

ခရိတ်က မာတာဘယ်လီ တိုင်းရင်းသား ဘာသာစကားဖြင့် ပြောလိုက်လေသည်။ သူသည် ယင်းဘာသာစကားကို အထူးကျွမ်းကျင်စွာ တတ်မြောက်သဖြင့် ပြောလိုက်ပုံက တကယ့်တိုင်းရင်းသား

လူမည်းမာတာဘယ်လီအမျိုးသားတစ်ယောက်၏လေသံအတိုင်းဖြစ်နေရာ ပြောက်ကျားခေါင်းဆောင်သည် အကြီးအကျယ် အံ့အားသင့်သွားမိတော့သည်။

' အလို ခင်ဗျား စကားပြောတာ တကယ့်ယောကျ်ားပီသတဲ့ လူတစ်ယောက်ပြောသလိုပါပဲလား။ ဒါပေမဲ့ခင်ဗျားက ကျုပ်တို့နဲ့ သွေးချင်းညီအစ်ကိုတော်တယ်လို့ဆိုရအောင် ခင်ဗျားနဲ့ ညီအစ်ကိုရင်းလို ခင်မင်တဲ့ မာတာဘယ်လီ အမျိုးသားရှိလို့လား အဲဒီလူက ဘယ်သူလဲ '

ပြောက်ကျား ခေါင်းဆောင်က တိုင်းရင်းသား ဘာသာစကားဖြင့် မေးလိုက်လျှင် ခရိတ်ကလည်း သူတို့ ဘာသာစကားဖြင့် သွက်လက်စွာပြန်ဖြေလိုက်သည်။

' ကျုပ်နဲ့ သွေးချင်း ညီအစ်ကိုဟာ တခြားလူ မဟုတ်ဘူး။ ရဲဘော်ဝန်ကြီး တွန်ဂါတာ ပဲဖြစ်တယ် '

(မှတ်ချက်။ ။ တွန်ဂါတာဆိုသူမှာ ခရိတ်နှင့် တကယ့်ညီအစ်ကိုရင်းကဲ့သို့ ခင်မင်ရင်းနှီးခဲ့သူ မာတာဘယ်လီ အမျိုးသားတစ်ဦးဖြစ်သည်။ ယခု လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံတွင် ရှိနှာ တိုင်းရင်းသား လူမျိုးအုပ်စုက အများစုအဖြစ် အာဏာရနေသော်လည်း မာတာဘယ်လီ လူမျိုးအုပ်စုကိုလည်း အထိုက်အလျောက် အာဏာခွဲပေးရန်လိုသဖြင့် တွန်ဂါတာက ဝန်ကြီးတစ်နေရာ ရရှိထားပေသည်။)

ဝန်ကြီးတွန်ဂါတာ၏ နာမည်ကို ခရိတ်က ပြောလိုက်သည်နှင့် ပြောက်ကျားသုံးဦးစလုံးသည် အကြီးအကျယ် အံ့အားသင့်တုန်လှုပ်သွားကြလေသည်။ စောစောက ခရိတ်အားပစ်သတ်ရန် ရည်ရွယ်ခဲ့သော်လည်း ယခုတော့ ဘာလုပ်ရမှန်းမသိတော့သလို ဖြစ်သွားကြသည်။ သို့ရာတွင် ခေါင်းဆောင်လုပ်သူ၏မောင်းပြန်ရိုင်ဖယ်သေနတ်က ခရိတ်အားချိန်ရွယ်ထားလျက်ပင် ရှိနေသေးသည်။ ခေတ္တာမျှ အားလုံးငြိမ်သက်နေကြပြီးနောက်အသက်အငယ်ဆုံးပြောက်ကျားက သူ၏သဘောထားကိုထုတ်ဖော်ပြောလေသည်။

' ဘာမဟုတ်တဲ့ မျောက်တစ်ကောင်ဟာ ခြင်္သေ့မင်းရဲ့နာမည်ကို ပြောပြီး အကာအကွယ် ယူတာမျိုးလည်းရှိတတ်တယ်။ တကယ်တော့ ခြင်္သေ့မင်းဟာ အဲဒီမျောက်ကို သိချင်မှတောင်သိမယ်။ ဒါကြောင့် ကျွန်တော့်သဘောက ဒီလူကို သတ်ပစ်လိုက်ရင်ပြီးတာပဲလို့ ပြောချင်တယ် '

ပြောက်ကျားလူငယ်က ခပ်ထန်ထန် ပြောလိုက်သော်လည်း ခေါင်းဆောင်လုပ်သူကမူ တည်ငြိမ်အေးဆေးစွာနှင့်ပင် ...

' ဒီလူ စကားပြောတာဟာ ငါတို့ သားချင်းတွေ ပြောပုံမျိုးဖြစ်နေတယ်၊ နောက်တစ်ခုက ရဲဘော်တွန်ဂါ တာဆိုတာ စိတ်ငြိုငြင်ရင် အလွန်ကြောက်စရာကောင်းတယ် ' ဟု ပြောလိုက်သည်။ ခရိတ် သည် ရင်တမမနှင့်ပင် သူ၏အသက်အန္တရာယ် စိတ်မချရသေးကြောင်း တွေးမိလေသည်။ တိုင်းရင်းသား ပြောက်ကျားတို့၏ စိတ်မြန်လက်မြန် သဘာဝအကြောင်းကိုလည်း သူသည် ကောင်းစွာ သိထား ပေသည်။

ဤတွင် ရုတ်တရက် အကြံတစ်ခုရလာသဖြင့် ...

' ဒီမယ်၊ ခင်ဗျားတို့ ယုံကြည်အောင် ကျုပ်အထောက်အထားပြပါမယ်။ ကျုပ်ရဲ့ ကျောပိုးအိတ် ထားတဲ့ နေရာကိုပြန်သွားခွင့်ပြုပါ'ဟု တိုင်းရင်းသားဘာသာဖြင့် ပြောလိုက်သည်။ ပြောက်ကျားခေါင်းဆောင် က ချက်ချင်း ခွင့်မပြုဘဲ စဉ်းစားနေရာ၊ ခရိတ်ကပင် ဆက်၍ ' ဒီမယ်၊ ကျုပ်မှာ ဘာလက်နက်မှ မရှိဘူး။ ဓားတစ်လက်တောင် မပါဘူး၊ ခင်ဗျားတို့က သုံးယောက်စလုံး သေနတ် ကိုယ်စီနဲ့၊ ကျုပ် ကို ဘာစိုးရိမ်စရာရှိသလဲ' ဟု ပြောလိုက်သည်။

သည်တော့ မှ ပြောက်ကျားခေါင်းဆောင်က သဘောတူလေတော့သည်။

' ကောင်းပြီ၊ ခင်ဗျား သွားနိုင်တယ်။ ဒါပေမဲ့ သတိထားပြီးသွားပါ။ ကျုပ်က လူ မသတ်တာ အတော် ကြာသွားပြီမို့ သတ်ဖို့အကြောင်းရှိလာတာနဲ့ လက်ယားနေတတ်တယ် '

ခရိတ်သည် သတိထား၍ ဖြည်းညင်းစွာ ထလိုက်ရာ သူ၏ ခြေတစ်ဖက်၌ ခြေတုတပ်ထားသည်ကို လူမည်းသုံးဦး က သတိပြုမိပြီး ဝိုင်းကြည့်နေကြလေသည်။ သို့ရာတွင် ခရိတ် ခြေတစ်ဖက်အကောင်း ကို အားပြုပြီး ကောင်းစွာလျှောက်သွားနိုင်ပုံကို မြင်ရသောအခါ ထိုလူများသည် အံ့သြကာ ခရိတ်အား ချီးကျူးဟန်ဖြင့် ဆက်ကြည့်နေကြလေသည်။

ခရိတ်သည် ယခုလိုအဖြစ်မျိုး ကြုံတွေ့နိုင်ကြောင်း ကြိုတင်တွက်ထားမိသဖြင့် အသင့်ပြင်ဆင်လာခဲ့ လေသည်။ သူ၏ ကျောပိုးအိတ်ရှိရာသို့ရောက်လျှင် ပိုက်ဆံထည့်သည့် သားရေအိတ်အတွင်းမှ မာတာတယ်လီ ပြောက်ကျားခေါင်းဆောင် (ယခု ဝန်ကြီးဖြစ်နေသူ)တွန်ဂါတာ၏ ဓာတ်ပုံတစ်ပုံကို ထုတ်ယူ လိုက်သည်။

ဓာတ်ပုံမှာ ဆေးရောင်စုံ ဓာတ်ပုံဖြစ်ပြီး တွန်ဂါတာနှင့် ခရိတ်တို့ နှစ်ယောက်သား ပြုံးရွှင်စွာဖြင့် လည်ပင်းဖက်ကာ လင်းရိုဗာကား၏ စက်ဖုံးပေါ်တွင် ထိုင်နေကြပုံဖြစ်လေသည်။ သူတို့ နှစ်ယောက်

စလုံး ဘီယာစည်သွတ်ဘူးတစ်ဘူးစီ ကိုင်ထားကြသည်။ လူချင်းအလွန် ခင်မင်ရင်းနှီးကြောင်းထင်ရှား နေသည့်ပုံပင်ဖြစ်သည်။

ခရိတ်က ထိုဓာတ်ပုံကို ပြလိုက်ရာ ပြောက်ကျားခေါင်းဆောင်သည် အတန်ကြာကြာ ကြည့်ရှုနေပြီး နောက်
' ဒီပုံထဲက လူက ငါတို့ရဲဘော်ကြီး တွန်ဂါတာ အမှန်ပဲ ' ဟု ပြောရင်း ကျန်လူနှစ်ဦးကြည့်ရန် လှမ်းပေး လိုက်သည်။ အသက်အငယ်ဆုံး ပြောက်ကျားကမူ လက်ခံချင်ပုံမရချေ။

' ဟုတ်ချင် ဟုတ်မယ်။ ဒါပေမဲ့ ဒီဓာတ်ပုံရိုက်ထားတာ အလွန်ကြာလှပြီဖြစ်ရမယ်။ ကျွန်တော်ကတော့ ဒီလူကို သုတ်သင် လိုက်ရင် ကောင်းမယ်လို့ ထင်ပါတယ် '

ထိုအခါ ပြောက်ကျားခေါင်းဆောင်က ' မင်း ဒီလိုလုပ်ရင် ရဲဘော်တွန်ဂါတာက မင်းကို အစိမ်းလိုက် ဝါးစားပစ်မှာကွ၊ နားလည်လား'ဟု ဝေဖန်သလို ပြောလိုက်ပြီးနောက် သူ၏ရိုင်ဖယ်သေနတ်ကို ပခုံးတွင် ပြန်လွယ် ထားလိုက်သည်။

ခရိတ်သည် သူ၏ခြေတုတစ်ဖက်ကို သေချာစွာပြန်လည်တပ်ဆင်ရာ ပြောက်ကျားလူမည်းသုံးဦးစလုံး က စိတ်ဝင်စားစွာဖြင့် ဝိုင်းကြည့်နေကြလေသည်။ သူတို့သည် စောစောကလို ခရိတ်အား ရန်သူ သဖွယ် သဘောမထားတော့ကြောင်း ထင်ရှားလာပြီဖြစ်သည်။

အာဖရိကတိုက်မှ တိုင်းရင်းသားလူမည်းများသည် ရယ်စရာဟာသကို အလွန်သဘောကျတတ် ကြောင်း ခရိတ်က သိထားလေရာ ပြောက်ကျားသုံးဦးအား ဖျော်ဖြေသည့်အနေဖြင့် ရယ်စရာပြက်လုံး ဆန်ဆန်လှုပ်ရှားမှုများ လုပ်ပြလေသည်။

သူ၏ ခြေထောက်အကောင်းတစ်ဖက်ကိုအားပြု၍ ခုန်ပေါက်ကစားသလိုကပြခြင်း စသည်ဖြင့် အမျိုး မျိုး လုပ်ပြပြီးနောက် အသက်အငယ်ဆုံး ပြောက်ကျားလူငယ်၏ ဦးထုပ်ကိုဆွဲယူကာ လုံးထွေး၍ မြေကြီးပေါ် ချလိုက်သည်။ ဦးထုပ်ကို ဘောလုံးသဖွယ်ထားပြီး ခရိတ်က သူ၏သစ်သားခြေတုဖြင့် တအား ကန်ပြလိုက်သည်။

ပြောက်ကျားသုံးဦးတို့သည် အလွန်သဘောကျကာ အားပါးတရာ ရယ်မောကြလေရာ မျက်ရည်ထွက် သည်အထိပင် ဖြစ်သွားလေသည်။ ထိုလူသုံးယောက်စလုံးမှာ စောစောကလို ရန်ပြုမူမည့်ဟန် လုံးဝ

မရှိတော့သဖြင့် ခရိတ်က ပိုမိုရင်းနှီးလာစေရန် သူ၏ဝီစကီပုလင်းကိုထုတ်၍ မတ်ခွက်ဖြင့် တစ်ခွက်ထည့်ကာ ပြောက်ကျားခေါင်းဆောင်အား လှမ်းပေးလိုက်သည်။

ပြောက်ကျားခေါင်းဆောင်လည်း သူ၏ ရိုင်ဖယ်သေနတ်ကို သစ်ပင်ရင်းတွင် ထောင်ထားလိုက်ပြီးနောက် မတ်ခွက်ကို လှမ်းယူ၍ မော့သောက်ချလိုက်သည်။ ဝီစကီအရက်အရသာကိုလည်း အလွန်သဘောကျသွားပုံ ရလေသည်။

ကျန်ပြောက်ကျားနှစ်ဦးတို့သည် မတ်ခွက်ဖြင့် ဝီစကီအရက် တစ်လှည့်စီ သောက်ကြလေသည်။ သုံးယောက်စလုံးသည် ဝီစကီယမကာအရသာကို အလွန်နှစ်ခြိုက် သဘောကျပုံရလေသည်။ ခရိတ်သည် ဝီစကီပုလင်းကို ရှေ့တွင်ချ၍ သူ၏ကျောပိုးအိတ်ကိုခင်းပြီး ထိုင်ချလိုက်သောအခါ ပြောက်ကျားသုံးဦးကလည်း ခရိတ်၏ရှေ့တွင် ထိုင်ကြလေသည်။ ထိုအချိန်၌ သူတို့၏လက်နက်များကို ကိုင်မထားတော့ဘဲ ဘေးနားတွင်ချထားလိုက်ကြသည်။

' ကျုပ်နာမည်က ခရိတ်လို့ ခေါ်ပါတယ် '

ခရိတ် က မာတာဘယ်လီ လူမျိုးတို့၏ တိုင်းရင်းဘာသာဖြင့် သူ့ကိုယ်သူ မိတ်ဆက်သလို ပြောလိုက်သည်။
' ကျုပ်တို့ကတော့ ခင်ဗျားကို ကူဖီလာလို့ခေါ်မယ်။ အဲဒါ ကျုပ်တို့ တိုင်းရင်းသား ဘာသာစကားဖြစ်ပြီး ခင်ဗျားနဲ့ ကိုက်ညီတယ်။ အဓိပ္ပာယ်ဟာ ခင်ဗျားရဲ့ ခြေတုတစ်ဖက်ဟာ သူ့အလိုလို လမ်းလျှောက်နိုင်စွမ်းရှိတယ်ဆိုတဲ့သဘောပဲ '

ပြောက်ကျားခေါင်းဆောင်က ပြောလိုက်ရာ ကျန်လူနှစ်ဦးကပါ ထောက်ခံသည့်အနေဖြင့် လက်ခုပ်တီးသြဘာပေးကြလေသည်။ ခရိတ်က လိုက်လျောလက်ခံကာ သူ့အတွက် နာမည်သစ်ပေးခြင်း အထိမ်းအမှတ်သဘောဖြင့် လူမည်းသုံးဦးစလုံးအား ဝီစကီတစ်ခွက်စီ ငှဲ့တိုက်လိုက်လေသည်။ ထို့နောက် ပြောက်ကျားအကြီးအကဲက သူ့ကိုယ်သူ မိတ်ဆက်လေသည်။

' ကျုပ်နံမည်က ရဲဘော်လွတ်ကောက် ဖြစ်ပါတယ် '

ဤကား သူ၏နာမည်ရင်း မဟုတ်ဘဲ ပြောက်ကျားအများစုသည် နာမည်ဂုဏ်ယူလေ့ ရှိသည့်အတိုင်း ယခု လွတ်ကောက်ဆိုသည်မှာလည်း နာမည်ဂုဏ်ဖြစ်ကြောင်း ခရိတ်က သဘောပေါက်လေသည်။
' ဟောဒါကတော့ ရဲဘော်ပီကင်း ဖြစ်ပါတယ် '

ဇင်ဘာဘွေနိုင်ငံ၌ တော်လှန်ရေးစစ်ပွဲအတွင်းက တိုင်းရင်းသားပြောက်ကျားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပြဆရာများ လာရောက်ကူညီ၍ လှို့ဝှက်စွာ စစ်သင်တန်းများပေးခဲ့သည်ကို အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် ရဲဘော်ပီကင်းဟူသော နာမည်ဝှက် ယူထားခြင်းဖြစ်ဟန်တူပေသည်။

' ဟောဒါ ကတော့ ရဲဘော် ဒေါ်လာလို့ ခေါ်ပါတယ် '

ပြောက်ကျား ခေါင်းဆောင်က အသက်အငယ်ဆုံးလူအား ညွှန်ပြရင်း မိတ်ဆက်ပေးလေသည်။

ခရိတ်သည် ပြောက်ကျားခေါင်းဆောင်၏ မျက်နှာမှ အမာရွတ်ကိုကြည့်ပြီး

' ရဘော် လွတ်ကောက် ခင်ဗျား၊ ခင်ဗျားရဲ့ မျက်နှာက အမာရွတ်က ကန်ကာတွေရဲ့ လက်ချက်နဲ့ တူတယ်'ဟု ပြောလိုက်သည်။ ကန်ကာ ဆိုသည်မှာ ဇင်ဘာဘွေ တိုင်းရင်းဘာသာ မာတာဘယ်လီ စကားဖြစ်ပြီး အဓိပ္ပာယ်ကတောခွေးဟူ၍ ဖြစ်သည်။ သို့သော် တောခွေးအစစ်ကို ဆိုလိုခြင်းမဟုတ်။ လက်ရှိ အာဏာရ အစိုးရ၏ စစ်တပ်များကို ဆိုလိုသည်။

ရဲဘော် လွတ်ကောက်ဆိုသူသည် သူ၏ပါးမှ အမာရွတ်ကြီးကို လက်တစ်ဖက်ဖြင့် အသာစမ်းရင်း ခေါင်းညိတ်ပြလေသည်။' ဟုတ်တယ်၊ ဒါက လုံစွပ်နဲ့ ထိုးခံရတဲ့ ဒဏ်ရာပါ။ ကျုပ်ကို သူတို့က လုံစွပ်နဲ့ ထိုးပြီးတော့ သေပြီမှတ်လို့ ပစ်ထား ခဲ့ကြတယ် '

' ခင်ဗျား ရဲ့ ခြေထောက်တစ်ဖက်ကကော ပြည်တွင်းစစ်အတွင်းက ဖြစ်ခဲ့တာပဲလား '

ရဲဘော်ဒေါ်လာဆိုသူကမေးလိုက်ရာ ခရိတ်သည်ချက်ချင်းမဖြေဘဲ ခဏတာစဉ်းစားနေမိသည်။ အကယ်၍ ပြည်တွင်းစစ်အတွင်းက ခြေတစ်ဖက်ဖြတ်ခဲ့ရတာပါဟု ပြောလိုက်လျှင် သူသည် မျက်နှာဖြူ အစိုးရတပ်များဘက်မှ တိုင်းရင်းသားပြောက်ကျားတို့အား တိုက်ခဲ့သည်ဟု တထစ်ချ မှတ်ယူကြလိမ့်မည်။ ဤသို့ စဉ်းစားမိ ပြီးနောက် ခရိတ်က ခေါင်းညိတ်လျက်

' ဟုတ်တယ်၊ စစ်အတွင်းကပဲ ဆိုပါတော့။ ကျုပ်က ကျုပ်တို့ရဲ့ မိုင်းဗုံးတစ်ခုပေါ် တက်နင်းမိခဲ့လို့ပါပဲ ' ဟု ပြောလိုက်သည်။

ဤတွင် ရဲဘော်လွတ်ကောက် ရယ်စရာဟာသ တစ်ခုကဲ့သို့ သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။' ဟုတ်လား၊ ခင်ဗျားက ကိုယ့်မိုင်းဗုံးကို ကိုယ့်ဘာသာကိုယ် ပြန်တက်နင်းမိတယ်လား၊ ဟား ... ဟား ... ဟား '

ရဲဘော် ပီကင်းဆိုသူက ' ဘယ်နေရာမှာ ဖြစ်တာလဲ 'ဟု မေးပြန်သည်။

' ဝိတိုရိယ ရေတံခွန်နဲ့ ကာဖွန်ဝူလာအရပ်ကြားက မြစ်ကမ်းတစ်နေရာမှာပါ '

ခရိတ်ကပြောလိုက်လျှင် ပြောက်ကျားသုံးဦးသည်သဘောပေါက်ဟန်ဖြင့် တစ်ဦးကိုတစ်ဦးခေါင်းညိတ်လေသည်။
' ဟုတ်လား၊ အဲဒီနေရာက တော်တော်ဆိုးတယ်။ ကျုပ်တို့လည်း ဒီနေရာက တစ်ဆင့် မြစ်ကို ဖြတ်ကူးလေ့ရှိတယ်။ အဲဒီမှပဲ ကျုပ်တို့ဟာ ကင်းထောက်စစ်တပ်နဲ့ တိုက်ခိုက်ခဲ့ကြတယ် '

(မှတ်ချက်။ ကင်းထောက်စစ်တပ်ဆိုသည်မှာ ဇင်ဘာဘွေနိုင်ငံတွင် မျက်နှာဖြူ အစိုးရလက်ထက်က အထူးတပ်ဖွဲ့(ကွန်မန်ဒိုအဖွဲ့)ဖြစ်ပြီး ခရိတ်ကိုယ်တိုင် ယင်းတပ်တွင် စစ်လက်နက်ပစ္စည်းတာဝန်ခံအဖြစ် အမှုထမ်းခဲ့ဖူးလေသည်)

' ကျုပ် မိုင်းပုံးတက်နင်းမိတဲ့နေ့က ကင်းထောက်စစ်တပ်က ခင်ဗျားတို့ ပြောက်ကျားတွေကိုမြစ်တစ်ဖက်ကမ်းထိအောင် လိုက်တိုက်ခဲ့ကြတဲ့နေ့ပဲဖြစ်တယ်။ မြစ်တစ်ဖက်ကမ်းဇင်ဘီယာနိုင်ငံ နယ်စပ်မှာ အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီး ကင်းထောက်တပ် တစ်တပ်လုံး တစ်ယောက်မကျန် ပြုတ်အောင် အရေး နိမ့်ခဲ့ကြတယ် '

ခရိတ်က ပြောလိုက်ရာ ပြောက်ကျားသုံးဦးသည် အလွန်သဘောကျဟန်ဖြင့် ရယ်မောကြလေသည်။
' အဲဒီနေ့က အစိုးရကင်းထောက်တပ် အားလုံးပြုတ်ခဲ့တာအမှန်ပဲ။ တိုက်ပွဲမှာ ကျုပ်တို့က ရဲဘော် တွန်ဂါတာ နဲ့ အတူတိုက်ခဲ့ကြတယ် '

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်တို့က သူတို့တပ်တွေကို ထောက်ချောက်ထဲဝင်အောင် မျှားခေါ်သွားပြီးမှ ရေရေ လည်လည် ချေမှုန်းပစ်လိုက်တာပဲ '

ရဲဘော်ဒေါ်လာဆိုသူက အားရပါးရ ပြောပြန်သည်။

ခရိတ်ကိုယ်တိုင်လည်း ထိုတိုက်ပွဲကို ကောင်းစွာမှတ်မိနေသဖြင့် အလွန်ရင်နာမိလေသည်။ ထိုစဉ်က ကင်းထောက်တပ်ကို ဦးစီးသူမှာ သူနှင့်ညီအစ်ကိုဝမ်းကွဲတော်သော ရိုလင် ဆိုသူ ဖြစ်လေသည်။ ထိုနေ့က ခရိတ် မိုင်းပုံးတက်နင်းမိပြီး ပြင်းစွာ ဒဏ်ရာရလျက် လဲကျနေစဉ် ရိုလင်ဦးဆောင်သော ကင်းတပ်အထူးတပ်ဖွဲ့သည် မိုင်အနည်းငယ်မျှအကွာတွင် တိုင်းရင်းသား လူမည်းပြောက်ကျားများနှင့်

အင်အားချင်းမမျှဘဲ ရင်ဆိုင်တိုက်ရသဖြင့် အားလုံးအသက်ဆုံးရှုံးခဲ့ရလေသည်။ မျက်နှာဖြူ အစိုးရ တပ်တခုလုံး ပြုတ်ကျဆုံးခဲ့ရသည့် တိုက်ပွဲပင်ဖြစ်သည်။

ယခု ပြောက်ကျားသုံးဦးတို့က ယင်းတိုက်ပွဲအကြောင်းကို ဘောလုံးပွဲတစ်ခုအကြောင်း စားမြုံ့ပြန် သလို ပျော်ရွှင်အားရစွာ ပြောနေကြသဖြင့် ခရိတ်က စိတ်မကောင်းဖြစ်မိလေသည်။ သို့သော် ကွန်ဒြေ မပျက်ဟန်ဆောင်လျက် လူမည်းသုံးဦးတို့အား ဝီစကီအရက် နောက်ထပ်ငှဲ့ပေးလိုက်သည်။ တစ်ချိန်က ရန်သူဖြစ်ခဲ့သော လူမည်းပြောက်ကျားများနှင့် မိမိက လက်ရည်တစ်ပြင်တည်းအတူ ထိုင်သောက် နေပုံကိုကြည့်ရင်း ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးခါစက ဗြိတိသျှလေတပ်မှ လေသူရဲများနှင့် ဂျာမန် လေတပ်မှလေယာဉ်မှူးများအတူ တွေ့ဆုံကာရင်းနှီးစွာ စားသောက်ခဲ့ကြပုံကိုပါ သတိရမိလေသည်။ စစ်ဖြစ်နေချိန်ကမျက်နှာချင်းဆိုင်တိုက်ခဲ့သူများသည် စစ်ပြီးသွားသောအခါခင်မင်ရင်းနှီးသော ရဲဘော် ရဲဘက်များ ဖြစ်လာနိုင်သည်ပါတကားဟုလည်း ဆင်ခြင်သုံးသပ်မိလေသည်။

'ဟာရာရေမြို့မှာ ရေနံနဲ့ဓာတ်ဆီလောင်တဲ့တိုင်ကီတွေကို ဒုံးကျည်နဲ့ပစ်ခတ်ပြီး ကျုပ်တို့က လောင်စာ ဆီတွေအားလုံး မီးရှို့ပစ်ခဲ့တုန်းကကော ခင်ဗျားဘယ်မှာရှိနေသလဲ' ပြောက်ကျားသုံးဦးက ခရိတ် အား မေးပြန် သည်။

(မှတ်ချက်။ ဟာရာရေမြို့မှာဇင်ဘာဘွေနိုင်ငံ၏ မြို့တော်ပင်ဖြစ်သည်။ မျက်နှာဖြူအစိုးရလက်ထက် က ထိုမြို့၏မူလအမည်မှာ ဆော်လ်စ်ဘာရီဖြစ်သည်။ မြန်မာပြန်သူ)

တစ်ဖန် ရဲဘော်ပီကင်းက ပြည်တွင်းစစ်အတွင်းက ဖြစ်ရပ်တစ်ခုအကြောင်းပြောပြသည်။

' ကျုပ်တို့ရဲ့ မိုလင်ဝူရှိစခန်းကို ကင်းထောက်စစ်တပ်တွေက ကောင်းကင်က လေထီးနဲ့ ခုန်ဆင်းပြီး တိုက်ခဲ့တာကိုကော ခင်ဗျားမမှတ်မိဘူးလား။ အဲဒီနေ့တစ်နေ့တည်းမှာ သူတို့က ကျုပ်တို့ တိုင်းရင်း သား ရှစ်ရာကျော်ကို သတ်ဖြတ်ခဲ့တယ်။ ဒါပေမဲ့ ကျုပ်ကိုတော့ သူတို့ မမိလိုက်ဘူး ']

အခန်း (၅) အဆက်

ထိုစကားမျိုး ကြားနေရသော်လည်း ခရိတ်သည် တိုင်းရင်းသား လူမည်းများ အပေါ်မုန်းတီးစိတ် မဖြစ် ပေါ်မိချေ။ တော်လှန်ရေးစစ်ပွဲ (သို့မဟုတ်) ပြည်တွင်းစစ် ဖြစ်ပွားစဉ်ကာလက မျက်နှာဖြူနှင့် တိုင်းရင်းသားလူမည်းများသည် တစ်ဖက်နှင့် တစ်ဖက် မုန်းတီးစက်ဆုပ်စွာဖြင့် သဲသဲမဲမဲတိုက်ခိုက် ခဲ့ကြသည်မှာ မှန်သော်လည်း ခရိတ်အနေဖြင့်ကား မာတာဘယ်လီ တိုင်းရင်းသားများအပေါ် အထူး

ခင်မင်လျက် သံယောဇဉ်ရှိခဲ့လာသည်။ သူတို့တိုင်းရင်းသားများ၏ မျိုးရိုးဇာတိဂုဏ်ကို တန်းဖိုးထား ကြပုံ၊ ဇာတိမာန် တက်ကြွပုံတို့ကိုလည်း လေးစားမိခဲ့သည်။

ထို့ကြောင့် ယခုပြောက်ကျား လူမည်းသုံးဦးတို့က မျက်နှာဖြူတပ်များနှင့် တိုက်ခိုက်ခဲ့ပုံတွေကို မြိန်ရေရှက်ရေ ပြောနေလင့်ကစား ခရိတ်သည် စိတ်ငြိုငြင်ခြင်း ဒေါသထွက်ခြင်းမဖြစ်ပဲ ခင်မင်ရင်းနှီး စွာပင် ဆက်ဆံ စကားပြောလေသည်။

လူမည်းသုံးဦးကလည်း ခရိတ်၏ဆက်ဆံပုံကိုကြည့်ပြီး မိတ်ဆွေအဖြစ် သဘောထားလိုသည့်ဟန်မျိုး ဖြစ်လာလေသည်။ စရိတ်ကိုလည်း နာမည်ရင်းကို အသုံးမပြုဘဲ သူတို့ပေးသည့် ကူဖီလာ ဟူသော နာမည်နှင့်ပင် ခေါ်ကြလေသည်။

"ဒါထက်ကူဖီလာ၊ ခင်ဗျားကဘာကြောင့် ဒီတိုင်းပြည်ကိုပြန်လာခဲ့ရတာလဲ။ ခင်ဗျားလာပုံကလက်နက် ဆိုလို့တုတ်တစ်ချောင်းမပါဘဲ ကျားသစ်ရဲ့ဂူတွင်းကိုဝင်လာတာနဲ့တူတယ်။ ခင်ဗျားအနေနဲ့ကျုပ်တို့ တော်လှန်ရေးပြောက်ကျားတွေ ရှိနေတာကိုလည်း သိထားမှာပါ။ ဒါနဲ့များ ခင်ဗျားက ဒီအရပ်ကို တစ်ယောက်တည်း အရဲစွန့်ပြီးလာခဲ့တာ ဘာကြောင့်လဲ"

ပြောက်ကျား လူမည်းများက မေးရာခရိတ်ကလည်း သွက်လက်စွာပင် ပြန်ပြောလေသည်။

"ဟုတ်ပါတယ်၊ ကျုပ်က ခင်ဗျားတို့တွေအကြောင်း၊ ကြိုတင်ကြားသိနေတာ အမှန်ပါပဲ။ ခင်ဗျားတို့ ဟာ အလွန်သတ္တိရှိပြီး တိုက်ရည်ခိုက်ရည် ကောင်းတယ်ဆိုတာလည်းသိတယ်။ ခင်ဗျားတို့က တစ်ချိန်က နာမည်ကျော်ကြားခဲ့တဲ့ မာဇီလီကာဇီရဲ့ စစ်သည်ရဲမက်တွေလိုပဲ ထူးချွန်တက်မြက်တဲ့ လူတွေဆိုတာလည်း ကြားရပါတယ်"

ခရိတ် မြှောက်ပင့်သလို ပြောလိုက်ရာ လူမည်းသုံးဦးတို့သည် ကျေနပ်သဘောကျသွားပုံရလေသည်။
"ကျုပ် အခုလာခဲ့တာကတော့ ခင်ဗျားတို့နဲ့ စကားပြောချင်လို့ ပါပဲ"

ခရိတ် က ဆက်ပြောလိုက်ရာ ရဲဘော် လွတ်ကောက်ဆိုသူက.....

"ဘာကြောင့် စကားပြောချင်တာလဲ"ဟု ပြန်မေးလိုက်သည်။

"ကျုပ်က စာအုပ်တစ်အုပ်ရေးမလို့ပါ။ အဲဒီစာအုပ်ထဲမှာ ခင်ဗျားတို့ မာတာဘယ်လီ တိုင်းရင်းသား တွေအကြောင်း၊ ဘာကြောင့် ခင်ဗျားတို့ကဆက်ပြီး တိုက်နေရတယ်ဆိုတဲ့ အကြောင်းတွေကို အမှန် အတိုင်း ကျုပ်က ထည့်ရေးဖို့ရည်ရွယ်တယ်"

"စာအုပ်ရေးမှာလား"
ရဲဘော် ပီကင်းက မယုံသင်္ကာဖြစ်ဟန်နှင့် မေးပြီး ရဲဘော်ဒေါ်လာကလည်း.....

"ဘယ်လို စာအုပ်မျိုးလဲ"ဟု မေးလေသည်။

ရဲဘော် လွက်ကောက်ခေါ် ပြောက်ကျားခေါင်းဆောင်ကလည်း သဘောမကျသည့်ဟန်မျိုး ဖြစ်လာသည်။
"ခင်ဗျားက ဘယ်သူမို့လို့ စာအုပ်ရေးမှာလဲ၊ ခင်ဗျားကိုကြည့်ရတာ အသက်ငယ်ငယ် ရှိသေးတယ်။ ကျုပ် နားလည်သလောက် စာအုပ်ရေးတဲ့ စာရေးဆရာများဟာ အသက်ကြီးကြီး ပညာဗဟုသုတ ကြွယ်ဝတဲ့ လူကြီးတွေသာ ဖြစ်တယ်"

အမှန်တော့ ရဲဘော်လွတ်ကောက်သည် အာဖရိကတိုင်းရင်းသား အများစုနည်းတူ စာအုပ်များကို ကြောက်ရွံ့လေးစားပြီး စာအုပ်ရေးသူ စာရေးဆရာကြီးများကိုလည်း ကြောက်လန့်သည့် သဘာဝ ရှိသဖြင့် ဤသို့ပြောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျား က ခြေတစ်ဖက်တည်းရှိတဲ့ စာရေးဆရာပေါ့၊ ဟုတ်လား"

ဒေါ်လာ ဆိုသူက ရယ်စရာလို သရော်သည့်ဟန်ဖြင့် ပြောပြန်သည်။ ထိုအချိန်၌ ရဲဘော်ပီကင်းသည် သူ၏ ရိုင်ဖယ်သေနတ်ကို ပြန်ကောက်ယူလိုက်သည်။

"ဒီလူက စာအုပ်အကြောင်းကို လိမ်ပြောတာဖြစ်ရင် ရဲဘော်ကြီး တွန်ဂါတာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ ဆိုတာလည်း လိမ်ပြောတာ ဖြစ်မှာပဲ"

ဒေါ်လာက ဤသို့ပြောပြန်ရာ ခရိတ်သည် လုံးဝစိုးရိမ်တုန်လှုပ်ခြင်း မဖြစ်ဘဲသူ၏ ကျောပိုးအိတ်ထဲ မှ စာအိတ်ထူထူ တစ်အိတ်ကို ဆွဲထုတ်ယူလိုက်သည်။ ထိုစာအိတ်ကို ဖွင့်လိုက်သောအခါ သတင်းစာဖြတ်ပိုင်း အတော်များများ ထွက်လာလေသည်။

ခရိတ်သည် သတင်းစာဖြတ်ပိုင်းထဲမှ တစ်ခုခုရွေးထုတ်ပြီး ပြောက်ကျားခေါင်းဆောင် ရဲဘော် လွတ်ကောက်အား လှမ်းပေးလိုက်သည်။ ပြောက်ကျားသုံးဦးစလုံး သည် သတင်းစာဖြတ်ပိုင်းများကို မြင်လျှင် စောစောကလိုအထင်သေးပြီး လှောင်ပြောင်သရော်လိုသည့် ဟန်မျိုးမဟုတ်တော့ဘဲ စိတ်ဝင်စားလာပုံ ရလေသည်။ အမှန်အားဖြင့်လည်း ခရိတ်၏စာအုပ်မှဇာတ်လမ်းကို ဇင်ဘာဘွေနိုင်ငံ ရုပ်မြင်သံကြား အစီအစဉ်မှ တီဗွီဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသခဲ့ပြီး ဖြစ်သည်။ ယင်းဇာတ်လမ်းမှ

ဇင်ဘာဘွေနိုင်ငံမာတာဘယ်လီ တိုင်းရင်းသားတို့အကြောင်းဖြစ်ပြီး သူတို့၏ခေါင်းဆောင် (တိုင်းရင်းသားများက ဘုရင်ဟုသတ်မှတ်သူ) မာဇီလီကာဇီ အကြောင်း ပါဝင်လေသည်။

သတင်းစာဖြတ်ပိုင်းမှာ ရုပ်မြင်သံကြားဇာတ်လမ်း ဖန်တီးရိုက်ကူးပုံအကြောင်း ရေးသားထားသော သတင်းဆောင်းပါး တစ်ပုဒ်ဖြစ်လေသည်။ သတင်းဓာတ်ပုံလည်း ဖော်ပြထားရာ ဓာတ်ပုံထဲတွင် ခရိတ်သည် ထိုဇာတ်လမ်းရိုက်ကူးစဉ် သရုပ်ဆောင်များနှင့်အတူ တွဲရိုက်ထားသောပုံဖြစ်သည်။

မာတာဘယ်လီ တိုင်းရင်းတို့၏ဘုရင် မာဇီကာဇီအဖြစ် အမေရိကန်လူမည်း (ကပွလီ) ရုပ်ရှင် သရုပ်ဆောင်တစ်ဦးက ပါဝင်သရုပ်ဆောင်ထားလေရာ ပြောက်ကျားသုံးဦးတို့သည် ဓာတ်ပုံထဲမှ ထိုလူအား ချက်ချင်း မှတ်မိကြပုံရလေသည်။

"ဟာ ဘုရင်ကြီး မာဇီလီကာဇီပါကလား"

ရဲဘော်လွတ်ကောက်က တအံ့တသြ ရေရွတ်လိုက်သည်။

ဓာတ်ပုံထဲမှ အမေရိကန်လူမည်းသရုပ်ဆောင်သည်ဇာတ်လမ်းအရ ကျားသစ်ရေဝတ်စုံနှင့်ငှက်တောင်ခေါင်းဆောင်း(ဦးထုပ်)တို့ဖြင့် ဝတ်စားဆင်ယင်ထားလေရာ မာတာဘယ်လီ တိုင်းရင်းသားဘုရင်ကြီးမာဇီလီကာဇီနှင့် အလွန်တူနေပေသည်။

"ဘုရင်ကြီး နဲ့အတူ ရပ်နေတာက ခင်ဗျားပါကလား"

ပြောက်ကျားများက ဓာတ်ပုံထဲမှ ခရိတ်ကိုမြင်ပြီး မှတ်ချက်ချကြလေသည်။ နောက် သတင်းစာဖြတ်ပိုင်းတစ်ခုမှ ခရိတ်ကိုမြင်ပြီး မှတ်ချက်ချကြလေသည်။

နောက်သတင်းစာ ဖြတ်ပိုင်းတစ်ခုမှာ ခရိတ်၏စာအုပ်ထုတ်ဝေသူ နယူယောက်မြို့ စာပေထုတ်ဝေရေးတိုက်မှ အထူးအစီအစဉ်အဖြစ် ဖန်တီးရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံဖြစ်လေသည်။ဓာတ်ပုံတွင် နယူးယောက်မြို့ နာမည်ကြီးစာအုပ်ဆိုင်ရှေ့၌ ခရိတ်က ရပ်နေပြီး သူ၏နောက်တွင် သူရေးသော စာအုပ်ပုံဇရာမပိုစတာကြီးတစ်ခုထောင်ထားလေသည်။ ထိုပုံ ကိုမြင်လျှင် ပြောက်ကျား လူမည်းသုံးဦးတို့သည် အလွန်အံ့သြသွားကြလေသည်။

"ဟာ.....အဲဒီစာအုပ်ကို ခင်ဗျားကိုယ်တိုင် ရေးတာလား"

ဤသို့ တအံ့တသြ ရေရွတ်လိုက်ကြသည်။

"ကိုင်း၊ အခုခင်ဗျားတို့ ကျုပ်ပြောတာ ယုံပြီလား"

ခရိတ်က မေးလိုက်ရာ ပြောက်ကျားခေါင်းဆောင် လွတ်ကောက်သည် ချက်ချင်း ပြန်မဖြေဘဲ သတင်းစာဖြတ်ပိုင်းမှာတ်ပုံကို သေချာစွာပြန်ကြည့်နေသည်။ ခဏမျှ ကြာတော့ သတင်းစာဖြတ်ပိုင်းကို ခရိတ်လက်သို့ ပြန်ပေးရင်း.....

"ကူဖီလာ၊ ခင်ဗျားဟာ အသက်ငယ်ပေမယ့် တကယ်အရေးပါတဲ့ စာအုပ်ရေး ဆရာတစ်ဦး အမှန်ပါပဲ"ဟု ပြောလေသည်။ ပြောက်ကျားသုံးဦးတို့သည် ခရိတ်အား ကောင်းစွာယုံကြည် စိတ်ချလာပြီဖြစ်ရာ သူတို့၏ခံစားချက်၊ မကျေနပ်ချက်၊ နစ်နာချက်တွေအကြောင်း အဆက်မပြတ်ပြောကြလေတော့သည်။ အာဖရိကတိုက်မှ တိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာ ဓလေ့တစ်ခုမှာ မကျေနပ်ချက်၊ နစ်နာချက် တစ်စုံတရာရှိလျှင် ရံဖန်ရံခါ ထိုကိစ္စများကို ကြားနာအဆုံးဖြတ်ပေးသည့် အင်ဒါဘာခေါ် အခမ်းအနားတစ်ခု ပြုလုပ်ပေးလေ့ရှိသည်။

ထိုအခါ အသက်ကြီးကြီး ဉာဏ်အမြော်အမြင်ရှိသူ တိုင်းရင်းသား လူကြီးများက တရားရုံးသဖွယ် ထိုင်၍ ကြားနာကြသည်။ ထိုနောက် လူကြီးများကပင် တရားသူကြီး အဖွဲ့ကဲ့သို့ စဉ်းစားချိန်ဆပြီး အဆုံးအဖြတ် ပေးလေ့ရှိသည်။

ယခုပြောက်ကျား လူမည်းသုံးဦးက ခရိတ်အား သူတို့၏ နစ်နာချက်၊ မကျေနပ် ချက်များကို ပြောဆို တင်ပြနေပုံမှာ ရိုးရာတိုင်းရင်းသား အင်ဒါဘာပွဲတွင် တင်ပြအရေးဆို နေကြပုံနှင့် တူနေလေသည်။ သုံးယောက်သား ပြောနေကြသည်မှာ အဆက်မပြတ်နိုင်သဖြင့် အချိန်ကတဖြည်းဖြည်း ကုန်သွားလေရာ ကောင်းကင်မှနေသည် မွန်းတည့်သွားပြီးနောက် ညနေစောင်း နေဝင်လုဆဲ အချိန်ထိအောင်ပင် ကြာသွား လေသည်။

သူတို့ ပြောဆိုင်တင်ပြသည့် အဓိကအချက်များကတော့ အာဖရိကတိုက်ကြီး တစ်ခုလုံး ဝမ်းနည်းဖွယ် အခြေအနေအကြောင်း၊ အကြမ်းဖက်မှုတွေများနေ၍ တိုင်းရင်းသားများသာလျှင် ထိခိုက်နစ်နာနေရသည့်အကြောင်း၊ အထူးသဖြင့် တိုင်းရင်းသား လူမျိုးအုပ်စုအချင်းချင်း ရန်သူသ ဖွယ်ပဋိပက္ခဖြစ်ပြီး တိုက်ခိုက်နေခြင်းကြောင့် အလွန်ဝမ်းနည်းဖွယ် ဖြစ်နေရပုံအကြောင်းစသည်တို့ပင်ဖြစ်သည်။

ခရိတ်သည် စိတ်ရှည်လက်ရှည် နားထောင်နေရင်း အခြေအနေကိုသဘောပေါက် မိလေသည်။ ယခုပြောက်ကျားသုံးဦး ပြောနေသော တိုင်းရင်းသားလူမျိုးအုပ်စု အချင်းချင်းပဋိပက္ခဆိုသည်မှာလည်း

ထိုသူသုံးဦးတို့၏ မာတာဘယ်လီလူမျိုးနှင့် လက်ရှိအာဏာရ ရှိနာလူမျိုးတို့ ပဋိပက္ခပင် ဖြစ်ကြောင်း ကိုလည်း ခရိတ်က သိထားပြီး ဖြစ်ပေသည်။

"သူတို့တွေက အလကားလူတွေ၊ တိရစ္ဆာန်သာသာပဲရှိတယ်။ သတ္တိလည်းမရှိဘူး။ ရင်ဆိုင်လည်း မတိုက်ဝံ့ဘဲ တောခွေးများလို နောက်ကျောကမှ အလစ်ဝင်တိုက်ဝံ့တဲ့ သတ္တဝါတွေ ဖြစ်တယ်"

ရဲဘော်လွတ်ကောက်က ရှိနာလူမျိုးတို့အား အလွန်နာကြည်းဟန်ဖြင့် ပြောလေသည်။

ဤသို့ ပြောသည်ကိုလည်း ခရိတ်က အဓိပ္ပယ်နားလည် လေသည်။ မာတာဘယ်လီ တိုင်းရင်းသားတို့သည်ရိုးရာအစဉ်အလာအားဖြင့်သတ္တိရှိပြီးစစ်တိုက်ဝါသနာပါကြသည်။ ရှိနာလူမျိုးတို့ကအရောင်းအဝယ် စီးပွားရေးလုပ်ငန်း ဝါသနာပါသူကပါပြီး နိုင်ငံရေးလုပ်ရန် ဝါသနာ ပါသူတွေလည်း များသည်။ ဉာဏ်နီဉာဏ်နက်များတတ်သည်။ ယင်းကြောင့်ပင်လျှင် မာတာဘယ်လီတို့က ရှိနာလူမျိုးများအား အထင်သေးတတ်ကြသည်။
"ကျုပ်တို့ရဲ့ မူလခေါင်းဆောင် ဘုရင်ကြီးမာဇီလီကာဇီက လင်ပိုပို အရပ်က တစ်ဆင့်မြစ်ကြီးကို ဖြတ်ကူးလာခဲ့တဲ့အချိန်ကစပြီး ရှိနာလူမျိုးတွေဟာ ကျုပ်တို့ရဲ့ နောက်လိုက်ခွေးတွေဖြစ်ခဲ့တယ်"

ဤသို့လည်း ပြောက်ကျားသုံးဦးတို့က ရှိနာလူမျိုးများအား စက်ဆုပ်ဟန်ဖြင့် ပြောကြလေသည်။

အာဖရိကတိုက်တွေ တိုင်းရင်းသား လူမျိုးအုပ်စု တစ်စုက ဩဇာလွှမ်းမိုးပြီး ကျန်တိုင်းရင်းသား လူမျိုးအုပ်စုများနေရာမရဘဲ အနှိမ်ခံရသည့်အဖြစ်မျိုးမှာ ဇင်ဘာတွေ နိုင်ငံတစ်ခုတွင်သာဖြစ်သည် မဟုတ်ချေ။ မြောက်ပိုင်းဒေသတွင်လည်း စစ်မက်တိုက်ခိုက်ခြင်း ဝါသနာပါသော မာဆိုင်တိုင်းရင်းသားအုပ်စုက ကီကူယူလူမျိုးများအား တိုက်ခိုက်အနိုင်ကျင့်ပြီး ကြီးစိုးလွှမ်းမိုးခဲ့လေသည်။ တစ်ဖန် အာဖရိကတိုင်းရင်းသားများတွင် ခန္ဓာကိုယ်အထွားကျိုင်းဆုံး ဝါတူဆီလူမျိုးများ (အရပ် အမောင်း ခုနစ်ပေကျော်ပြီး ခြောက်ပေခွဲထက် အရပ်နိမ့်သူများကို အလွန်စက်ဆုပ် အထင်သေးတတ်သူများ)က အကြမ်းဖက်မှု လုံးဝဝါသနာမပါသူ ဟူတူတိုင်းရင်းသားတို့အား အနိုင်ကျင့်ကာ ကျေးပိုင်ကျွန်ပိုင်များ အဖြစ် ဖမ်းဆီး ဖိနှိပ်ထားခဲ့လေသည်။

သို့သော်မျက်နှာဖြူတို့၏ ကိုလိုနီအစိုးရ ထွက်ခွာသွားသောအခါ၌မူ အနှိပ်ခံဟူတူ လူမျိုးတို့သည် မခံမရပ်နိုင် ဖြစ်လာရာမှ နာကြည်းဒေါသထွက်လျက် သူတို့အား နှိပ်စက်ခဲ့သူ ဝါတူဆီတို့အား ပြန်လည် တိုက်ခိုက်သတ်ဖြတ်သည့် ဖြစ်ရပ်မျိုးတွေလည်းရှိပေသည်။

စစ်တိုက်ဝါသနာမပါသူ တိုင်းရင်းသား လူမျိုးများသည် နိုင်ငံရေးတွင် ပိုမိုကျွမ်းကျင်ကြသဖြင့် မျက်နှာဖြူ အစိုးရလက်အောက်မှ လွတ်မြောက်လာချိန်တွင် နိုင်ငံရေးပရိယာယ် ကြွယ်ဝမှုကြောင့် အစိုးရအာဏာရရှိတတ်ကြသည်။ ယင်းအဖြစ်မျိုး ဇင်ဘာဘွေနိုင်ငံတွင် ဖြစ်လာခဲ့ပေသည်။ လူဦးရေအားဖြင့် ပိုများသော ရှိုနာတိုင်းရင်းသားတို့က မာတာဘယ်လီ လူမျိုးများအပေါ် လွှမ်းမိုးကြီးစိုးနိုင်သည့် အခြေအနေမျိုး ဖြစ်လာခဲ့ ပေသည်။

"ကျုပ်တို့လူတစ်ယောက်ဆိုရင် ရှိုနာလူမျိုးငါးယောက်ရှိနေတယ်။ ဒီလိုလူဦးရေများတာနဲ့ပဲ ကျုပ်တို့အပေါ် သြဇာလွှမ်းမိုး ကြီးစိုးခွင့်ရှိမယ်ဆိုရင် ဘယ်အဓိပ္ပာယ်ရှိမလဲ။ တရားမျှတမှု ဘယ်ရှိပါ့မလဲ။ ကျေးကျွန် ငါးယောက်ရှိတာနဲ့ တစ်ယောက်တည်းဖြစ်တဲ့ ဘုရင်ကိုနိုင်ရမှာလား။ မျောက်ငါးကောင်က စုပြီးခြိမ်းခြောက်တာနဲ့ ခြင်္သေ့မင်းက ကြောက်ရမှာလား"

ရဲဘော်လွတ်ကောက် က နာကြည်းစွာဖြင့် ပြန်ပြောသည်။

"အင်္ဂလန်နဲ့ အမေရိကန်မှာတော့ ဒီစနစ်သဘောမျိုးပဲ ကျင့်သုံးနေကြတယ်ဗျ၊ လူအများစုရဲ့သဘောထားဆန္ဒ ကို အဓိကထား ဦးစားပေးကြရတယ်"

ခရိတ်က ဒီမိုကရေစီစနစ်၏ အခြေခံသဘောကို ပြောလိုက်ရာ ရဲဘော်လွတ်ကောက်က လက်မခံ ဘဲ ခေါင်းခါ လိုက်သည်။

' ကျုပ်တို့ကတော့ အဲဒီလို လူအများစုရဲ့ ဆန္ဒကို ဦးစားပေးတဲ့ စနစ်ကို လုံးဝ လက်မခံနိုင်ဘူး။ ဒီစနစ်မျိုးက အင်္ဂလန် နဲ့ အမေရိကန်လို နိုင်ငံတွေမှာ နေရာကျချင်ကျမယ်။ ဒါပေမဲ့ အာဖရိကတိုက်မှာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျုပ်တို့အနေနဲ့ ကျုပ်တို့ထက် လူဦးရေများတဲ့ ရှိုနာလူမျိုးတွေ သြဇာလွှမ်းမိုးပြီး ပိုလ်ကျနေတာကို လုံးဝလက်မခံနိုင်ဘူး။ သူတို့က ကျုပ်တို့ထက် လူဦးရေ ငါးဆ မကလို့ အဆတစ်ရာ ပိုများနေရင်တောင် လူများလို့ဆိုပြီး ပိုလ်ကျတာမျိုးကို မခံနိုင်ဘူး။ ကျုပ်ဟာ မာတာဘယ်လီလူမျိုးဖြစ်တယ်။ ကျုပ်ကို အမိန့်ပေးနိုင်သူဆိုလို့ မာတာဘယ်လီ ဘုရင်တစ်ဦးတည်းပဲ ရှိတယ်။ တခြား ဘယ်သူ့အမိန့်ကိုမှ မနာခံဘူး '

ခရိတ်သည် ထိုစကားကို စဉ်းစားမိလေသည်။ ရဲဘော်လွတ်ကောက်ကဲ့သို့ မာတာဘယ်လီ တိုင်းရင်းသားတို့၏ တွေးခေါ်ယူဆပုံကိုလည်း နားလည်မိသည်။ ဤကား အာဖရိကတိုက်မှ တိုင်းရင်းသားတို့၏သမားရိုးကျ အယူအဆပင်ဖြစ်သည်။ မျက်နှာဖြူတို့ကကိုလိုနီစနစ်ဖြင့်အုပ်စိုးနေခဲ့စဉ်က ထိုအတွေးအခေါ်မျိုးတွေအခိုက်အတန့် တိမ်မြုပ်နေသော်လည်း ယခုတစ်ဖန် ပြန်လည် နိုးကြားရှင်သန်လာခြင်း

ဖြစ်လေသည်။ ထောင်ပေါင်းများစွာသော အင်္ဂလိပ် လူမျိုးလူငယ်များအကြောင်းကိုလည်း ခရိတ်က ဆက်လက်တွေးမိပြန်သည်။ ထိုလူငယ်များသည် ဗြိတိသျှကိုလိုနီဝန်ထမ်းခေါ် ကိုလိုနီနိုင်ငံများတွင် အုပ်ချုပ်ရေးဘက်၌ မများလှသောလစာငွေဖြင့် အမှုထမ်းကြသူများဖြစ်ရာ ယခု ဇင်ဘာဘွေဖြစ်လာသော ရိုဒီရှားနိုင်ငံတွင်လည်း လာရောက်၍ ဆင်းရဲပင်ပန်းခံကာ အမှုထမ်းခဲ့ကြသည်။ သူတို့သည် ဇင်ဘာဘွေကဲ့သို့သော နိုင်ငံများကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်အမှုထမ်းကြသူများ ဖြစ်သည်။

သို့သော် လက်တွေ့အားဖြင့်မူကား သူတို့ ရည်မှန်းသလို ဖြစ်မလာခဲ့ချေ။ နောက်ဆုံး အကြီးအကျယ် စိတ်ဓာတ်ကျဆင်းလျက် အင်္ဂလန်နိုင်ငံသို့ ပြန်ကြရကုန်လေသည်။ သူတို့အကြီးအကျယ် မျှော်မှန်းခဲ့သော ရည်ရွယ်ချက်များ အကောင်အထည်ပေါ်မလာသည့် အခြေအနေဖြင့်သာ အဆုံးသတ်ခဲ့ရလေသည်။ အာဖရိကတိုက်တွင် ဗြိတိသျှ ကိုလိုနီစနစ်အရ ပိုင်းခြားသတ်မှတ်ခဲ့သည့် နယ်ခြားသတ်မှတ်ချက်များသည် အလွန် ပိရိသေသပ်ပြီး စနစ်ကျလှပေသည်။ များသောအားဖြင့် နယ်ခြားသတ်မှတ်ရာတွင် မြစ် ချောင်း တစ်လျှောက် သို့မဟုတ် ရေအိုင်ကြီး၊ ကမ်း၊ သို့မဟုတ် တောင်တန်းတစ်ခု စသည်တို့ကို နယ်ခြားအဖြစ် သတ်မှတ် လေ့ရှိသည်။

သို့သော် ယင်းသို့ နယ်ခြား သတ်မှတ်ရာတွင် ဒေသခံတိုင်းရင်းသား လူမျိုးစုတို့ကို ထည့်သွင်းမစဉ်းစားခဲ့ချေ။ ထို့ကြောင့် ကိုလိုနီ အစိုးရက နယ်ခြားသတ်မှတ်လိုက်ခြင်းအားဖြင့် တိုင်းရင်းသား လူမျိုးစုများသည် တစုတဝေးတည်း မဖြစ်တော့ဘဲ နိုင်ငံနှစ်ခုခွ၍ ဟိုဘက်သည်ဘက် နေထိုင်ရသည့် အခြေအနေ မျိုးဖြစ် လာတတ်လေသည်။ ယင်းအချက်ကိုလည်း တိုင်းရင်းသား လူမည်းတို့က မကျေမနပ် ဖြစ်ခဲ့ကြသည်။

' ကျုပ်တို့ မာတာဘယ်လီ လူမျိုးတချို့ဟာ ဟိုဘက်က တောင်အာဖရိက နိုင်ငံမှာ နေကြရတယ်။ သူတို့သာ ဒီဘက်မှာရှိရင် ကျုပ်တို့ လူဦးရေ အခုထက်ပိုများမှာဖြစ်တယ်။ အခုတော့ ကျုပ်တို့ လူမျိုးတွေဟာ နှစ်နိုင်ငံ ကွဲနေ တဲ့ အခြေအနေမျိုးရောက်နေတယ် '

ဤသို့လျှင် ပြောက်ကျားရဲဘော် ပီကင်းက မကျေနပ်ဟန်ဖြင့် ပြောလေသည်။

' နောက်ပြီး ရှိနာလူမျိုးတွေက အလွန်ဉာဏ်များတယ်၊ ကျုပ်တို့ မာတာဘယ်လီလူမျိုးတွေက သတ္တိကောင်းတဲ့ စစ်သည်တွေ ဖြစ်တာကိုသိလို့ ကျုပ်တို့စပြီး တော်လှန်တော့ သူတို့ကိုယ်တိုင် မတိုက်ဘဲ မျက်နှာဖြူအစိုးရလက်ထက်က ကျန်တဲ့စစ်သားတွေကိုသုံးပြီး တိုက်ခိုက်ကြတယ် '

ဤကား မာတာဘယ်လီ တိုင်းရင်းသားပြောက်ကျားများက ရှိနာတို့အား ရှုတ်ချပြောဆိုသည့် ဝေဖန်ချက်ဖြစ်လေသည်။

(ဇင်ဘာဘွေနိုင်ငံကိုမူလက အုပ်စိုးခဲ့သော ဝန်ကြီးချုပ်စမစ်၏ မျက်နှာဖြူအစိုးရ၏ စစ်တပ်မှမျက်နှာဖြူ စစ်မှုထမ်းအချို့သည် လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံတွင် ဆက်လက်အမှုထမ်းခဲ့ကြရာ လက်ရှိဝန်ကြီးချုပ် မူဂါဘီ အစိုးရက မာတာဘယ်လီတိုင်းရင်းသား တော်လှန်ရေး ပြောက်ကျားများတို့အား နှိမ်နင်းရာတွင် မျက်နှာဖြူစစ်သားများကို အသုံးပြုခဲ့ခြင်းဖြစ်လေသည်။)

' ကျုပ်တို့ တော်လှန်ရေးပြောက်ကျားတပ်တွေကို နှိမ်နင်းဖို့ မျက်နှာဖြူလေယာဉ်မှူးတွေမောင်းတဲ့ စစ်လေယာဉ်တွေလည်း လာတယ်။ မျက်နှာဖြူတပ်တစ်တပ် (ရိုဒီရှားတပ်ရင်း)လည်း လာတိုက်တယ်'
' ရှိနာလူမျိုးတွေက သူရဲဘောကြောင်တဲ့လူတွေပီပီ မျက်နှာဖြူစစ်သားတွေကို တိုက်ခိုက်ပြီးတော့ ဝန်ကြီးချုပ်မူဂါဘီနဲ့အပေါင်းပါက ဟာရာရေမြို့မှာ ဘေးရန်ကင်းကင်းချောင်ခိုနေကြတယ်။ မျက်နှာဖြူစစ်သားတွေက ကျုပ်တို့လူတွေကို တိုက်ခိုက်ပြီး လက်နက်တွေပါ သိမ်းလိုက်ပြီးတော့မှသာ ရှိနာသတ္တဝါတွေက တကယ့်စစ်အောင်နိုင်သူ ဟန်နဲ့ထွက်လာပြီး အသားယူကြတယ် '

ပြောက်ကျားသုံးဦးတို့သည် အာဇာရ ရှိနာလူမျိုးတို့အား အလွန်စက်ဆုပ်မုန်းတီးဟန်ဖြင့် ပြောကြလေသည်။ ခရိတ် ကိုယ်တိုင်ကလည်း ဇင်ဘာဘွေ ပြည်တွင်းနိုင်ငံရေး အခြေအနေကို ကောင်းစွာသိလေသည်။
မာတာဘယ်လီတိုင်းရင်းသားတို့၏ ခေါင်းဆောင်နိုကိုမိုအား သူပုန်အားပေးသူ၊ တရားမဝင် လက်နက်ခဲယမ်းတွေ လှုံ့ဝှက်စုဆောင်း သိုလှောင်သူအဖြစ် ရှိနာအစိုးရက စွပ်စွဲပုတ်ခတ်ရာမှ နောက်ဆုံးတွင် နိကိုမိုသည် နိုင်ငံရေးမှ အနားမယူ၍ မဖြစ်တော့သည့် အခြေအနေသို့ ရောက်ခဲ့ရလေသည်။

' သူတို့က ကျုပ်တို့ရဲ့ ခေါင်းဆောင်တွေကို ဖမ်းပြီး လှုံ့ဝှက်အကျဉ်းစခန်းတွေမှာ ချုပ်နှောင်ထားတယ်။ ပြီးတော့ ကျုပ်တို့လူတွေကို သူတို့က မတရားနှိပ်စက်ညှဉ်းပန်းပုံတွေက ပြောပြလို့တောင် မကောင်းဘူး။ ဒါတင်မကသေးဘူး။ ကျုပ်တို့မာတာဘယ်လီ လူမျိုးတွေဆီက လက်နက်တွေ သိမ်းယူလိုက်ပြီးတဲ့နောက်ပိုင်းမှာ သူတို့ရဲ့ သီးသန့်တပ်ဖွဲ့တွေက ကျုပ်တို့ မာတာဘယ်လီ ကျေးရွာတွေကို ဝင်ပြီး မတရား အနိုင်ကျင့်ကြတယ်။ သက်ကြီးရွယ်အို အဘိုးကြီးအမယ်ကြီးတွေကို ရိုက်နှက်နှိပ်စက်တယ်။ မိန်းကလေးတွေကို အဓမ္မစော်ကားတယ်။ လူငယ်ယောကျ်ားတွေကိုလည်း ဖမ်းခေါ်သွားလိုက်တာ နောက်ထပ်ဘာမှသတင်းမရတော့ဘူး။ ပြန်လည်မလာကြတော့ဘူး '

ခရိတ်နားထောင်နေရင်း သူမြင်ခဲ့ဖူးသောဓာတ်ပုံတစ်ပုံကို ပြန်လည်သတိရမိသည်။ ဓာတ်ပုံ၏အောက်မှစာတွင် ဤသို့ ရေးထားလေသည်။

' အမေရိကန်နှင့် ဗြိတိသျှ တိုးရစ္စခရီးသည်များအား ပြန်ပေးဆွဲခဲ့သူ မာတာဘယ်လီ သူပုန်များအား ဇင်ဘာဘွေ ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းနေပုံ '

ဓာတ်ပုံတွင်ကား မာတာဘယ်လီ တိုင်းရင်းသားလူမည်းတစ်ဦးအား ဝက်လစ်စလစ်ချွတ်၍ မြေကြီးပေါ်၌ (ယခင် ဗြိတိသျှတောင်အာဖရိကရဲတပ်ဖွဲ့ဝင်များ၏ အပြာရောင်နှင့် ကာကီရောင် ယူနီဖောင်းဝတ်ထားသူ)ရဲတစ်ဦးက ဘွတ်ဖိနပ်ဖြင့် ခြေချင်းဝတ်နေရာတွင် တက်နင်းထားပြီး နောက်ထပ် ရဲနှစ်ဦးက မြေပြင်ပေါ်မှလူအား နံပါတ်တုတ်ကြီးများဖြင့် တအားလွှဲ ရိုက်နှက်နှိပ်စက်နေလေသည်။

' ခင်ဗျားတို့ကိုယ်တိုင် စောစောကဝန်ခံခဲ့တဲ့အတိုင်း ခင်ဗျားတို့က နိုင်ငံခြားဧည့်သည်တွေကို မားစာခံအဖြစ် ပြန်ပေးဆွဲထားတာကို အစိုးရတပ်တွေက အဲဒီမားစာခံခရီးသည်တွေ လိုက်ရှာဖို့ ကြိုးစားတာဖြစ်ချင်ဖြစ်မှာပေါ့။ လက်တွေ့ကျကျပြောရရင် စောစောကပဲ ခင်ဗျားတို့က ကျုပ်ကိုတောင် သက်ပစ်ဖို့(ဒါမှမဟုတ်)မားစာခံအဖြစ် ပြန်ပေးဆွဲဖို့ ကြံစည်နေကြသေးတယ် မဟုတ်လား '

ခရိတ်က ပြောက်ကျားသုံးဦးတို့အား အကဲစမ်းသလို ပြောလိုက်ရ ပြောက်ကျားခေါင်းဆောင် လွတ်ကောက် က -

' ရှိနာလူမျိုးတွေက အခုလို မတရားနှိပ်စက်တာဟာ ကျုပ်တို့က ခရီးသည်တွေ မားစာခံအဖြစ် စပြီး မဖမ်းခင် အစောကြီးကတည်းက လုပ်နေခဲ့တာပဲ ' ဟု ပြန်ပြောလေသည်။

' ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့က အပြစ်မရှိတဲ့ ခရီးသည်တွေကို မားစာခံအဖြစ် ဖမ်းခဲ့ကြတယ်။ မျက်နှာဖြူစိုက်ပျိုးရေးလုပ်ငန်းရှင်တွေကိုလည်း ပစ်သတ်ခဲ့ကြတယ် ' ခရိတ်က ထောက်ပြလိုက်ပြန်သည်။

' ဒါတော့ ကျုပ်တို့ မာတာဘယ်လီလူမျိုးတွေ ခံစားနေရတဲ့ ဒုက္ခအကြောင်း လူတွေ သိအောင်လုပ်ဖို့က တခြားနည်းမှမရှိဘဲ။

ကျုပ်တို့ခေါင်းဆောင်တွေထဲမှာ အသတ်မခံရတဲ့လူ၊ ထောင်ချမခံရတဲ့လူဆိုလို့ မရှိသလောက် ဖြစ်နေတယ်။ ကျုပ်တို့ ခေါင်းဆောင်တွေမှာ ဘာမှမတတ်နိုင်တဲ့ အခြေအနေ ဖြစ်နေရ တယ်။ ကျုပ်တို့မှာ အင်အားကြီးမားတဲ့ မိတ်ဆွေ မဟာမိတ်ရယ်လို့လည်း လုံးဝမရှိဘူး။ ရှိနာလူမျိုးတွေ မှာတော့ တရုတ်တွေ၊ ဗြိတိသျှတွေ၊ အမေရိကန်တွေ မိတ်ဆွေ(မဟာမိတ်)အဖြစ် ရှိနေတယ်။ ကျုပ်တို့ရဲ့

လွတ်မြောက်ရေး ကြိုးပမ်းမှုအတွက် ရန်ပုံငွေရယ်လို့လည်း ဘာမှမရှိဘူး။ သူတို့မှာတော့ အဖိုးတန်တဲ့ မြေတွေလည်းပိုင်တယ်။ အင်အားကြီးမားတဲ့ မဟာမိတ်တွေဆီက ဒေါ်လာငွေသန်းချီပြီး ကူညီထောက်ပံ့မှုတွေရနေတယ်။ ဒီလိုအခြေအနေမှာ ကျုပ်တို့ရဲ့ဘဝဖြစ်ရပ်အကြောင်း ကမ္ဘာကသိနားလည်လာအောင်လုပ်ဖို့အတွက် တခြားဘာနည်းလမ်းများ ရှိလို့လဲ '

ရဲဘော် လွတ်ကောက်က စိတ်အား တက်ကြွစွာဖြင့် ပြောပြန်ရာ ခရိတ်သည် တစ်မျိုး စဉ်းစားမိလေသည်။ ဤအချိန် ဤနေရာ၌ နိုင်ငံရေးနှင့် ပတ်သက်၍ လိုက်နာသင့်သော ကျင့်ဝတ်အကြောင်း၊ သဘောတရားအကြောင်း၊ ဆွေးနွေးရန်မသင့်ဟု သုံးသပ်မိလေသည်။ နားလည်သော လူ့ကျင့်ဝတ်သိက္ခာက ရှေးကျလွန်းပြီး ခေတ်မမီတော့သော အယူအဆဟောင်းများ ဖြစ်ချင် ဖြစ်နေပေမည်ဟုလည်း သူ့ကိုယ်သူ ဝေဖန်မိသည်။

ယခု ပါလက်စတိုင်း ပြောက်ကျားများ၊ အိုင်ယာလန်နိုင်ငံ မြောက်ပိုင်းမှ အကြမ်းဖက်ဝါဒီများ၏ လုပ်ရပ်များအကြောင်းကိုလည်းနှိုင်းယှဉ်စဉ်းစားမိသည်။ ထို့ကြောင့် ယခုမာတာဘယ်လီပြောက်ကျားတို့သည်လည်း အကြမ်းနည်းဖြင့် နိုင်ငံရေး ပြောင်းလဲမှုဖန်တီးရန် ကြိုးစားနေကြခြင်း ဖြစ်ဟန်တူပေသည်။ ခရိတ်အနေဖြင့် ယင်း အကြမ်းဖက်နည်းဖြင့် နိုင်ငံရေးလုပ်ခြင်းကို မည်သို့မှ သဘောတူထောက်ခံခြင်းမပြုလင့်ကစား သူ၏စိတ်ထဲ၌ မာတာဘယ်လီတိုင်းရင်းသားများအပေါ် မုန်းတီးစက်ဆုပ်ခြင်းမဖြစ်မိချေ။ ခရိတ်တို့ မိသားစု အဆက်အနွယ်များနှင့် မာတာဘယ်လီ လူမျိုးတို့ နှစ်ပေါင်းများစွာ ရင်းနှီးဆက်ဆံခဲ့ခြင်းကြောင့် ဖြစ်တန်ရာသည်ဟုလည်း သုံးသပ်မိလေသည်။ မာတာဘယ်လီတို့သည် မျိုးရိုးဇာတိမာန် ထက်သန်ပြီး သတ္တိရှိသော တိုင်းရင်းသားဖြစ်ခြင်းကြောင့်လည်း ခရတ်တို့၏ မိဘဘိုးဘွား လက်ထက်မှစ၍ ထိုလူမျိုးများအပေါ် ခင်မင်လေးစားခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ချေသည်။ ခရိတ်၏ ပင်ကိုစရိုက်တွင် လူများစုက လူနည်းစုကို အနိုင်ကျင့်မှု၊ ကြီးနိုင်ငယ်ညှင်းပဲါဒကို မုန်းတီးစက်ဆုပ်သော သဘောရှိလေသည်။ နိုင်ငံရေးတွင် မလိုမုန်းထားစိတ်ဖြင့် အနိုင်ကျင့်မှုကိုလည်း မုန်းတီးသည်။ ထို့ကြောင့် ယခု မာတာဘယ်လီ ပြောက်ကျားတို့သည် အကြမ်းဖက်သမားများဖြစ်လင့်ကစား သူတို့၏ နစ်နာချက်၊ ခံစားချက်များကို ခရိတ်က ကိုယ်ချင်းစာကာ နားလည်မိခြင်းဖြစ်ပေသည်။

' ဒါထက် ခင်ဗျားက ကျုပ်တို့ရဲ့ ခေါင်းဆောင် ရဲဘော်တွန်ဂါတာနဲ့ တွေ့မှာလား '

ပြောက်ကျားသုံးဦးကမေးရာ ခရိတ်က

' ဟုတ်တယ်၊ ကျုပ် မကြာခင် သူနဲ့တွေ့ဖို့ရှိတယ် 'ဟု ပြန်ပြောလိုက်သည်။

' ဒါဖြင့် ကျုပ်တို့က ဒီမှာအဆင်သင့် စောင့်နေပြီဆိုတာ သူ့ကို ပြောပြလိုက်ပါ '

' ကောင်းပါပြီ၊ ပြောလိုက်ပါ့မယ် '

ထို့နောက် ပြောက်ကျားသုံးဦးတို့သည် ခရိတ်နှင့်အတူ မော်တော်ကားရှိရာသို့ လျှောက်သွားကြလေသည်။ ခေါင်းဆောင်ဖြစ်သူ ရဲဘော်လွတ်ကောက်က ...

' ကျုပ်တို့ ခင်ဗျားနဲ့အတူ ဝိတိုရိယ ရေတံခွန်လမ်းမကြီးထိအောင် လိုက်ခဲ့မယ်။ လမ်းမှာ ကျုပ်တို့ရဲ့ကင်းလှည့်အဖွဲ့တွေနဲ့ဆုံမိရင် ခင်ဗျားတစ်ယောက်တည်းဆိုတော့ ပြဿနာဖြစ်နေပါဦးမယ်'ဟု ပြောလေသည်။
သို့နှင့်ပင်သူတို့သည်ညမှောင်စပြုချိန်တွင် ကတ္တရာခင်းထားသော ဟိုင်းဝေးလမ်းမကြီးသို့ရောက်သွားကြလေသည်။ ခရိတ်က သူ၏ကျောပိုးအိတ်ထဲမှ လက်ကျန်စည်သွတ် စားသောက်ဖွယ်များနှင့် ဝီစကီအရက်တို့အပြင် သူ့တွင်ပါလာသော ငွေဒေါ်လာနှစ်ရာကိုပါ ပြောက်ကျားများအား ပေးလိုက်ပြီးနောက် လက်ဆွဲနှုတ်ဆက်ကြလေသည်။

' ကျုပ်တို့ မှာ လက်နက်တွေလိုနေတယ်လို့ ရဲဘော်တွန်ဂါတာကို ပြောလိုက်ပါ '

ရဲဘော်ဒေါ်လာက ပြောလိုက်ပြီးနောက် ရဲဘော်လွတ်ကောက်ကလည်း နှုတ်ဆက်လေသည်။

' ကူဖီလာ၊ ချမ်းသာစွာ သွားပေရော့။ ခင်ဗျားရဲ့ ထူးခြားတဲ့ သစ်သားခြေထောက်က ခရီးရှည်ရှည်ကို မြန်မြန်ကြီး သွားနိုင်ပါစေ '

ခရိတ်သည် မော်တော်ကားကို စက်နှိုးမောင်းထွက်ပြီးနောက်ပြန် လှည့်ကြည့်လိုက်သောအခါ ပြောက်ကျားသုံးဦးတို့သည် တောတွင်းမှ သားရဲကျားသစ်များကဲ့သို့ လျင်မြန်စွာ ပျောက်ကွယ်သွားကြပြီဖြစ်လေသည်။

အခန်း (၆)

' ကျုပ်က ခင်ဗျားကို ပြန်မှ တွေ့ရပါတော့မလားလို့ ထင်နေမိတယ်။ ဘယ်လိုလဲ၊ ခင်ဗျားက ချီဇာရီနယ်ကို တကယ်ရောက်ခဲ့ရဲ့လား။ ဒါမှတဟုတ် ပြန်စဉ်းစားပြီးတော့ မသွားဘဲ နေလိုက်သလား '

မြို့သို့ ပြန်ရောက်ရောက်ချင်း လေလံတင် ရောင်းချရေး ကုမ္ပဏီမှဒင်နီရယ်က ခရိတ်အား လှမ်းနှုတ်ဆက်လေသည်။ သို့သော် ခရိတ်ကမေးခွန်းကိုမဖြေဘဲ ' ကျုပ်အခု အသက်ရှင်ပြီး ပြန်လာတယ်မဟုတ်လား ' ဟု ပြန်ပြောလိုက်သည်။

' ခင်ဗျားဟိုကို မသွားတာဘဲ ကောင်းပါတယ်ဗျာ။ မာတာဘယ်လီ လူမျိုးတွေက ဓားပြလူဆိုးတောပုန်းတွေပဲ '

ဤတွင်လည်း ခရိတ်က ထိုအကြောင်းကို မပြောဘဲ၊

' ခင်ဗျား ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့က လူတွေကို ဆက်သွယ်လို့ ရသလား ' ဟု ပြန်မေးလိုက်ရာ ဒင်နီရယ် က ခေါင်းခါပြလေသည်။

' ကျုပ်က ဒီနေ့မနက် ကိုးနာရီကမှ တဲလ်လက်စ် ကြေးနန်းရိုက်လိုက်တယ်။ သူတို့ဆီက ဒေသစံတော်ချိန်ကဒီထက် တစ်နာရီနောက်ကျတဲ့အတွက် အခုအချိန်အထိ ဘာမှအကြောင်းပြန်ချက် မရသေးဘူး'
' ဟုတ်လား၊ ဒါထက် ခင်ဗျားရဲ့ တယ်လီဖုန်း ခဏသုံးပါရစေ။ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဆက်စရာရှိလို့ပါ'
' တယ်လီဖုန်းဆက်ရင် ဒီမြို့တွင်းပဲ ဆက်မှာလား။ တော်တော်ကြာ ခင်ဗျားက နယူးယောက်မြို့လိုပြည်ပကိုဆက်နေရင် ကျုပ် တယ်လီဖုန်းဆက်ခတွေ အများကြီး ပေးနေရဦးမယ် '

' ဟုတ်ပါပြီ၊ ကျုပ်က မြို့တွင်းပဲ ဆက်မှာပါ '

' ကောင်းပြီ၊ ကျုပ်စားပွဲမှာ ထိုင်ဆက်ပေတော့ '

ခရိတ်သည် ဒင်နီရယ်၏စားပွဲတွင် ထိုင်ပြီး ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌဟင်နရီ၏ ဖိုင်ထဲမှ သူ ကူးယူမှတ်သားခဲ့သော မှတ်စုများ ခေတ္တပြန်ကြည့်လေသည်။ ပထမဆုံး တယ်လီဖုန်း ဆက်လိုက်သည်မှာ ဟာရာရေမြို့တော်ရှိ ဇင်ဘာဘွေ နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးသို့ ဖြစ်လေသည်။

(မှတ်ချက်။ ။ ဟာရာရေမြို့တော်သည် ယခု သူ ရောက်ရှိနေသော ဘူလာဝေယိုမြို့မှ မြောက်ဘက်မိုင်သုံးရာခန့်အကွာတွင် တည်ရှိသည်။)

အမေရိကန်သံရုံးမှ တယ်လီဖုန်းအော်ပရေတာ၏ အသံကို ကြားရသည်နှင့် ခရိတ်က -

' သံရုံးက ယဉ်ကျေးမှုသံမှူး မစ္စတာမော်ဂင်နဲ့ စကားပြောချင်လို့ပါ' ဟု ပြန်ပြောလိုက်သည်။ ချက်ချင်းလိုပင် တစ်ဖက်မှ မော်ဂင်၏အသံကို ကြားရလေသည်။

' ဟဲလို၊ မော်ဂင်စကားပြောနေတယ် '

' ဟဲလို မစ္စတာမော်ဂင် ကျွန်တော့်နာမည် ခရိတ်ဖြစ်ပါတယ်။ ခင်ဗျားနဲ့ ခင်မင်တဲ့ မိတ်တွေတစ်ဦးက ကျွန်တော် ဒီရောက်ရင် ခင်ဗျားကို နှုတ်ဆက်ဖို့ မှာလိုက်လို့ပါ '

ခရိတ်က ပြောလိုက်သည်နှင့် တစ်ဖက်မှ မော်ဂင်ဆိုသူက သွက်လက်စွာ ပြန်ပြောလေသည်။
' ဟဲလို ခရိတ် ခင်ဗျားလာမယ်ဆိုတာ ကျုပ်က ကြိုသိနေလို့ မျှော်နေပါတယ်။ ခင်ဗျားအားရင် အချိန်မရွေး ကျုပ်ဆီကို ခဏလာတွေ့ပါလား '

' ဟုတ်ကဲ့၊ ကောင်းပါပြီ။ ကျွန်တော်ကလည်း လာချင်နေပါတယ် '

ထိုမျှ နှင့် ခရိတ်က စကားဖြတ်လိုက်သည်။

ကမ္ဘာ့ဘဏ် ဒု ဥက္ကဋ္ဌ ဟင်နရီသည် ခရိတ်အား ပြောလိုက်သည့်အတိုင်း အစီအစဉ်များ ပြုလုပ်ထားရှိကြောင်း ထင်ရှားနေပြီဖြစ်သည်။ အကယ်၍ မိမိက ဟင်နရီထံသို့ ဆက်သွယ်လိုလျှင် အမေရိကန်သံရုံးမှမော်ဂင်မှ တစ်ဆင့် ဆက်သွယ်နိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။ မိမိကစာရေးပြီး မော်ဂင်ထံပေးလိုက်ပါက သံရုံး၏တမန်စာအိတ်ဖြင့် အမေရိကန်သို့သွားမည်ဖြစ်ပြီး ဆယ့်နှစ်နာရီအတွင်း ဟင်နရီထံသို့ ရောက်သွားမည်ဖြစ်သည်။

အမေရိကန်သံရုံးသို့ ဆက်ပြီးနောက် ခရိတ်သည် ဆက်လက်၍ ဇင်ဘာဘွေ အစိုးရ ပြန်ကြားရေးနှင့် ခရီးသွားလာရေးဌာန ဝန်ကြီးထံသို့ တယ်လီဖုန်း ဆက်ပြန်လေသည်။ ထုံးစံအတိုင်း ဝန်ကြီးနှင့် တိုက်ရိုက် ဆက်၍မရဘဲ ဝန်ကြီး၏အတွင်းရေးမှူး (အမျိုးသမီး)နှင့်သာ စကားပြောခွင့်ရလေသည်။

ခရိတ်က မာတာဘယ်လီ တိုင်းရင်းသားတို့၏ ဘာသာစကားဖြင့် ကျွမ်းကျင်စွာ ပြောလိုက်သောအခါ အတွင်းရေးမှူး အမျိုးသမီးသည် ချက်ချင်းပင် ဖော်ရွေစွာ စကားပြောလေသည်။

' ဝန်ကြီးက ပါလီမန်လွှတ်တော်မှာ ရောက်နေတယ်ရှင့် '

ဤသို့ပြောပြီး သူမကခရိတ်အား ဝန်ကြီး၏သီးသန့်တယ်လီဖုန်းနံပါတ်ကို ပေးလိုက်သည်။ ထိုနံပါတ်အတိုင်းဆက်လိုက်ပြန်သောအခါ ပါလီမန်အတွင်း(အမျိုးသမီး)တစ်ဦးက ပြန်ဖြေလေသည်။ ထိုအမျိုး

သမီးမှာ မာတာဘယ်လီလူမျိုး မဟုတ်ဘဲ ရှိနာတိုင်းရင်းသားတစ်ဦးဖြစ်လေရာ (သူတို့၏ လူမျိုးသည် ပညာတတ်ဖြစ်ကြောင်း ကြွားလိုဟန်ဖြင့်) အင်္ဂလိပ်လို စကားပြောလေသည်။

' လူကြီးမင်း က ဝန်ကြီးနဲ့တွေ့ရင် ဘာအကြောင်းကိစ္စ ဆွေးနွေးမယ်ဆိုတာ ကြိုတင်ပြောပါရှင့် '

' ဆွေးနွေးစရာရယ်လို့ ကိုယ်ရေးကိုယ်တာကိစ္စပဲ ဆိုပါတော့။ ကျုပ်က ဝန်ကြီးနဲ့ သိကျွမ်းသူ မိတ်ဆွေ တစ်ဦး ဖြစ်ပါတယ် '

' ကောင်းပါပြီ၊ ကျွန်မက ဝန်ကြီးရဲ့ဒိုင်ယာရီမှတ်တမ်းစာအုပ်ထဲ ချိန်းထားတာတွေကို လေ့လာကြည့်ရ ပါဦးမယ်။ လူကြီးမင်းက နောက်ထပ်တယ်လီဖုန်း ဆက်စေချင်ပါတယ် '

ပါလီမန် အတွင်းဝန်အမျိုးသမီးက ပြောပြီး စကားဖြတ်လိုက်သည်။

ခရိတ်သည် သူ တယ်လီဖုန်းဆက်ရန် ကြိုတင်ရေးမှတ်ထားသော စာရင်းကိုပြန်ကြည့်ပြီးနောက် ဇင်ဘာဘွေအစိုးရ ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ တယ်လီဖုန်းဆက်လိုက်သည်။ သည်တစ်ခါတော့ ကံကောင်းသည်ဟု ဆိုရလောက်အောင် အဆင်ပြေသွားပြီးသူ သိချင်သော အချက်အလက် များကို ပြောပြနိုင်သူ စာရေးကြီးတစ်ဦးနှင့် ပြောခွင့်ရလေသည်။

' ကျုပ် သိချင်တာက အရင်တုန်းက ရိုဒီးရှား မြေယာနှင့် သတ္တုတွင်း ကုမ္ပဏီလီမိတက်လို့ ခေါ်ပြီး အခုတော့ ရိုလင်လီမိတက်လို့ခေါ်တဲ့ ကုမ္ပဏီအကြောင်းပါပဲ။ အဲဒီကုမ္ပဏီ အစုရှယ်ယာပိုင်ရှင်များ စာရင်းရယ်၊ ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွေ အကြောင်းရယ် သိချင်ပါတယ် ' ခရိတ်က ပြောလိုက်ရာ တစ်ဖက်မှ စာရေးကြီး က

' ကောင်းပါပြီ၊ ခင်ဗျား လိုချင်တာတွေကို ကျုပ်မိတ္တူကူးပြီး လေးနာရီအချိန်မှာ ပြီးနေအောင် လုပ်ထား ပါမယ်။ အခုလို မှတ်တမ်းတွေ ပြန်ရှာဖွေပြီး ကူးပေးရတဲ့ ကျသင့်ငွေက ဆယ့်ငါးဒေါ်လာ ဖြစ်ပါတယ် ' ဟု ပြန်ပြောလေသည်။

ခရိတ်လည်းသဘောတူကြောင်းပြော၍စကားဖြတ်လိုက်လေသည်။ ထို့နောက်ခရိတ်သည်ဇင်ဘာဘွေ အစိုးရမြေတိုင်းဦးစီးဌာနသို့ တယ်လီဖုန်းဆက်၍ သူ၏အဘိုးပိုင်ကုမ္ပဏီနယ်မြေရှိ ကင်းလင်းအမည်ရှိ စိုက်ပျိုးမွေးမြူရေးခြံနေရာနှင့် ပတ်သက်သော ပိုင်ဆိုင်မှုဆိုင်ရာ စာရွက် စာတမ်း စာချုပ် စသည် တို့ကို မိတ္တူကူးယူရန် အစီအစဉ် ပြုလုပ်လိုက်လေသည်။ တယ်လီဖုန်းဆက်ရန် မှတ်ထားသော စာရင်းတွင် နောက်ထပ်လူဆယ့်လေးဦး၏ အမည်ကျန်နေသေးရာ ထိုလူအားလုံးမှာ ခရိတ်ထွက်သွား

ခဲ့စဉ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်နေသူများချည်းဖြစ်ကြသည်။ သူ၏ အဘိုးဘာဝူနှင့် ခင်မင်ပြီး ယုံကြည်စိတ်ချရသူ အိမ်နီးချင်းများ၊ မိသားစု၏ မိတ်ဆွေများလည်း ဖြစ်ကြ၏။

သို့ရာတွင် ယခု တယ်လီဖုန်း ဆက်ကြည့်သောအခါ ထိုလူ ဆယ့်လေးဦးအနက် လေးဦးကိုသာ ဆက်သွယ်၍ရလေသည်။ ကျန်လူများက မိမိတို့၏ ခြံမြေများကို ထုခွဲရောင်းချပြီး တောင်အာဖရိက နိုင်ငံသို့ ပြောင်းရွှေ့ သွားကြကြောင်း သိရသည်။ ကျန်ရှိသူ လေးဦးတို့၏ မိသားစုများကတော့ ခရိတ် ပြန်ရောက်လာကြောင်း သိရသည်တွင် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

'ဟဲလို ခရိတ်၊ မင်းပြန်ရောက်လာတာ သိပ်ဝမ်းသာပါတယ်။ ဇင်ဘာဘွေနိုင်ငံက မင်းကိုလှိုက်လှိုက် လဲလဲ ကြိုဆို နေပါတယ်ကွဲ့။ တို့တွေ အားလုံးက မင်းရေးတဲ့ စာအုပ်ကို ဖတ်ပြီးကြပြီ။ ရုပ်မြင်သံကြား ဇာတ်လမ်းအဖြစ် ပြတော့လည်းကြည့်ကြရတယ် '

ဤသို့ အားလုံး ဝမ်းသာအားရ နှုတ်ဆက်ကြရလေသည်။

သို့ရာတွင် ခရိတ်က သူသိချင်သော မေးခွန်းများကို စတင်မေးမြန်းသောအခါ ထိုလူများသည် ပြန်ဖြေ ချင်ပုံ မရဖေ့။ လူတစ်ယောက်ကဆိုလျှင်

' တယ်လီဖုန်းနဲ့ ပြောရတာ မကောင်းပါဘူးကွာ။ ဒီမယ် ခရိတ်၊ ကျုပ်တို့ မွေးမြူရေးခြံကို လာခဲ့ပြီး ညစာစားရင်း တစ်ညတလေ အိပ်ပါလား။ မောင်ရင်လာမယ်ဆိုရင် အိပ်ရာနေရာကအစ အားလုံး တာဝန်ယူ ပါ့မယ်။ မောင်ရင်တို့လို လူဟောင်းတွေ မတွေ့ရတာကြာလို့ လူချင်းလည်း တွေ့ချင်လို့ပါ '

ဟု ပြော လေသည်။

ထူးဆန်းသည်ကား ဇင်ဘာဘွေနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပတ်သက်၍ ခရိတ် မေးမြန်းသည်ကို ထိုလူများ က ပြန်မဖြေချင်ကြခြင်းပင် ဖြစ်လေသည်။ ညနေစောင်းသော် ဒင်နီရယ်ဆိုသူ ပြန်ရောက် လာလေသည်။
' ဘယ်လိုလဲဗျ၊ အခုအချိန်အထိ တယ်လီဖုန်း ဆက်နေတုန်းပဲလား။ ဒါထက် ကိုယ့်လူ နောက်ထပ် ဟိတ်ဝီစကီ တစ်လုံးလောက် သောက်ရရင် ကောင်းမှာပဲ။ ဟဲ ... ဟဲ ... ဟဲ '

ခရိတ်လည်း လိုက်လျောသည့်အနေဖြင့် ဝီစကီ တစ်ပုလင်း ဝယ်ပေးလိုက်ရာ ဒင်နီရယ်သည် သဘောကျ သွားလေသည်။

ငါးနာရီထိုးရန် ဆယ်မိနစ်အလိုတွင် ခရိတ်သည် ဇင်ဘာဘွေ ပြန်ကြားရေးဝန်ကြီး၏ ပါလီမန်ရုံးသို့ တယ်လီဖုန်း ဆက်လိုက်သည်။ ပါလီမန် အတွင်းဝန် အမျိုးသမီး က ချက်ချင်းပင် ပြန်ဖြေလေသည်။
' ဝန်ကြီး မစ္စတာတွန်ဂါတာက လူကြီးမင်းကို သောကြာနေ့မနက် ဆယ်နာရီအချိန်မှာ လက်ခံတွေ့ဆုံဖို့ သဘောတူလိုက်ပါပြီ။ သူ့အနေနဲ့ လူကြီးမင်းကို မိနစ်နှစ်ဆယ်လောက် အချိန်ပေးနိုင်မယ်လို့ ဆိုပါတယ် '

' ဟုတ်ကဲ့၊ ကောင်းပါပြီ။ ဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ကြောင်း ပြောလိုက်ပါ '

ခရိတ် က ပြန်ပြောလိုက်သည်။ ဤအတိုင်းဆိုလျှင် ဝန်ကြီးနှင့်တွေ့ရန် နောက်ထပ် သုံးရက်လိုသေးသည်။ ဝန်ကြီးရှိရာ ဟာရာရေမြို့တော်သို့ မိုင်သုံးရာခရီးကိုလည်း မော်တော်ကားဖြင့် အတော် ပင်ပန်းစွာသွားရမည်ဖြစ်သည်။
' ဒါထက် ဇူးရစ်မြို့က ဘာမှ အကြောင်းကြားချက် မရသေးဘူးလားဗျ '

ခရိတ် က ဒင်နီရယ်အား မေးလိုက်သည်။

' ခင်ဗျားက ပေးတဲ့စျေးနှုန်းမျိုးနဲ့ ကျုပ်တောင် သူတို့နေရာမှာဆိုရင် အရေးစိုက်ပြီး အကြောင်းပြန်မှာ မဟုတ်ဘူး '

ဒင်နီရယ်က သူ၏ဖန်ခွက်ထဲသို့ ဝီစကီအရက် ထပ်ငှဲ့ရင်း ပြန်ပြောလိုက်သည်။ နောက်ရက်များတွင် ခရိတ်သည် သူ၏ဘိုးအေကြီးဘာဝူ၏ မိတ်ဆွေဟောင်းများထံသို့ သွားရောက်လည်ပတ်ခဲ့ရာ အားလုံးက သူ့အား လှိုက်လှိုက်လဲလဲကြိုဆိုဧည့်ခံကြလေသည်။

' အရင်တုန်းကလိုတော့ ဇိမ်ခံပစ္စည်းတွေ လိုချင်သလောက် ဝယ်လို့မရဘူးပေါ့ကွယ်။ ဒါပေမဲ့ နေရတာတော့ တယ်ပြီးမဆိုးလှပါဘူး '

အိမ်ရှင်မတစ်ဦးက ခရိတ်အား စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံရင်း ပြောလေသည်။

'မာတာဘယ်လီ တိုင်းရင်းသားတွေနေတဲ့ ဒီဒေသရဲ့ထူးခြားချက်က မွေးမြူရေးလုပ်ငန်းအတွက် စားကျက်တွေကအလွန်ကောင်းတယ်။ ဒီဒေသကမွေးမြူရေးခြံတွေက ထုတ်လုပ်တဲ့အမဲသားဆိုရင်လည်း အကောင်းဆုံး အမျိုးအစား အမဲသားဖြစ်တယ်။ ရောင်းချဖို့ စျေးကွက်ကတော့ တောင်အာဖရိကနိုင်ငံမှာရှိလို့ ဟိုကိုပို့ရတာပဲ နည်းနည်းပင်ပန်းတယ်။ သို့သော်လည်း ရတဲ့စျေးနှုန်းက သိပ်ကောင်းတဲ့အတွက်ပင်ပန်းရကျိုးနပ်ပါတယ်။ ဩော် ဒါထက် မောင်ရင်တို့ ကျုပ်တို့ရဲ့ မိတ်ဆွေကြီးဆင်းဒါး တစ်

ယောက်ဆီက စာရတယ်။ သူက နယူးဇီလန်နိုင်ငံကို ပြောင်းရွှေ့သွားပြီး ဟို မွေးမြူရေးခြံမှာ ဝင် အလုပ်လုပ်နေတယ် လို့ သိရတယ် ' ဤသို့လည်း နောက်တစ်ဦးက ခရိတ်အား ပြောပြလေသည်။

စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းရှင်တစ်ဦးကမူ အခက်အခဲအချို့ရှိကြောင်း ပြောပြပြန်သည်။

'ပြဿနာလုံးလုံးမရှိဘူးတော့မဟုတ်ဘူးပေါ့ကွာ။ နိုင်ငံခြားသုံးငွေရဖို့ကအလွန်ခက်ခဲတယ်။ ဒါကြောင့် ငါတို့မှ လယ်ထွန်စက်ယန္တရားအပိုပစ္စည်းတွေရဖို့ ခက်နေတာပေါ့။ ဒါပေမဲ့လည်းအခုတော့ ဝန်ကြီးချုပ် မူဂါဘီအစိုးရအနေနဲ့ တဖြည်းဖြည်း အမြင်ကျယ်စပြုလာပါပြီ။ စားကုန်ထုတ်လုပ်သူတွေကို အရေး တကြီး လိုအပ်တဲ့ပစ္စည်းတွေ နိုင်ငံခြားကဝယ်နိုင်အောင် သွင်းကုန်ပါမစ်တွေ ထုတ်ပေးနေပြီ။ နောက် ပြောစရာက ဇင်ဘာဘွေနိုင်ငံမှာ တယ်လီဖုန်းလိုင်းတွေကမကောင်းလို့ မကြာခဏ တယ်လီဖုန်း ဆက်မရဘဲဖြစ်တယ်။ မီးရထားတွေဆိုရင်လည်းအချိန်မမှန်ဘူး ငွေကြေးဖောင်းပွမှုကလည်း ရှိတယ်။ အစိုးရက စာသင်ကျောင်းတွေ ဖွင့်ထားပေမယ့် ငါတို့ကတော့ကလေးတွေကို တောင်အာဖရိကကို ပို့ပြီး စာသင်စေတယ်' 'နိုင်ငံရေး အခြေအနေကကော ဘယ်လိုရှိပါသလဲ ' ခရိတ်က မေးလိုက်သည်။ 'နိုင်ငံရေးအကြောင်း ပြောရရင်တော့ လူမည်းအချင်းချင်း ပဋိပက္ခအကြောင်းပြောရမှာပဲ။ မာတာ ဘယ်လီတိုင်းရင်းသားတွေနဲ့ရှိနာအမျိုးသားတွေဟာ ကပွလီလူမည်းအချင်းချင်းဖြစ်ပေမယ့်မသင့်တင့် ကြဘူး။ တစ်ဖက်နဲ့တစ်ဖက် မုန်းတီးကြတယ်။ အဲဒီ ပဋိပက္ခထဲမှာ မျက်နှာဖြူလူမျိုးတွေ ဝင်မပါတာ တော်သေးတာပေါ့။ တိုင်းရင်းသား လူမည်းအချင်းချင်း တိုက်ခိုက်သတ်ဖြတ်နေတာတော့ ဘယ်တတ် နိုင်ပါ့မလဲ။ သူတို့ လုပ်ချင်သလို လုပ်ကြပါစေ။ ကျုပ်တို့ကတော့ လုံးဝဝင်ပြီး မပတ်သက်အောင် ခပ်ဝေးဝေးက ရှောင်နေလိုက်တာပဲ။ ဒါကြောင့် အခုဒီမှာနေထိုင်ရတဲ့ ဘဝအခြေအနေက မဆိုးလှ ဘူးလို့ပြောတာပေါ့။ အရင် ခေတ်ဟောင်းတုန်းကလိုတော့ ဘယ်ဟုတ်မလဲ။ ဒါလည်း ဘယ်တတ်နိုင် ပါ့မလဲ။ အရင်ခေတ်က အခြေအနေမျိုးတော့ ဘယ်နည်းနဲ့မှ ပြန်မရောက်နိုင်တော့ဘူး မဟုတ်လား '

' ခင်ဗျားတို့ အနေနဲ့ နောက်ထပ် မြေယာတွေ မဝယ်ဘူးလား '

ခရိတ်က မေးလိုက်ရာ လုပ်ငန်းရှင်တစ်ဦးက -

' ဝယ်စရာငွေ မရှိဘူး မောင်ရင်ရဲ့ ' ဟု ပြန်ပြောလေသည်။

' တကယ်လို့ ဝယ်စရာငွေရှိရင်ကော '

' အင်း ဝယ်မယ်ဆိုရင်တော့ ဝယ်နိုင်တာပေါ့။ အဲဒီလို ရင်းနှီးမြှုပ်နှံထားလိုက်ခြင်းအားဖြင့် ဒီတိုင်းပြည်အခြေအနေ တည်ငြိမ်တိုးတက်လာရင် အကျိုးရှိနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ တိုင်းပြည်အခြေအနေ မကောင်းရင်တော့ ရင်းနှီးထားတဲ့ငွေတွေ ဆုံးရှုံးသွားနိုင်တယ် '

' ဒါတော့ စီးပွားရေးဆိုတာ နိုင်ငံရေး အခြေအနေ တည်ငြိမ်မှုအပေါ် မူတည်တယ်ဆိုတဲ့ သဘောပါပဲ။ ဘာပဲဖြစ်ဖြစ် အခု ခင်ဗျားတို့ ဒီမှာနေရတဲ့ အခြေအနေက မဆိုးလှဘူး မဟုတ်လား '

' ဟုတ်တယ် မဆိုးပါဘူး။ ကျုပ်ဆိုရင် ဒီတိုင်းပြည် ဇမ်ဘောဇီမြစ်ရေသောက်ပြီး လူလားမြောက်လာတာပဲ။ အခုကျမှကျုပ်က အင်္ဂလန်ပြည် လန်ဒန်မြို့က မော်တော်ကားမီးခိုးတွေ ထူတဲ့လေကို အသက်ရှူလို့ဝမှာမဟုတ်ဘူး။ ဩစတြေးလျလိုနိုင်ငံကို သွားလို့လည်း ပျော်ပိုက်မှာ မဟုတ်ဘူး '

*

ကြာသပတေးနံနက်တွင် ခရိတ်သည် သူတည်းခိုရာ ဟိုတယ်သို့ ပြန်လာခဲ့ပြီးနောက် ကျသင့်ငွေကို ရှင်းပေးကာ ဟိုတယ်မှ ထွက်လာခဲ့လေသည်။ ထို့နောက် လေလံတင်ရောင်းချရေး ကုမ္ပဏီသို့ဝင်၍ ဒင်နီရယ်အား သတင်းမေးလေသည်။

' ဘယ်လို လဲဗျ။ ဇူးရစ်မြို့က ဘာမှ သတင်းမရဘူးလား '

' လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ တဲလ်တက်စ်ကြေးနန်းရောက်လာတယ်။ ဟောဒီမှာ ရော့ '

ပြောပြောဆိုဆိုဒင်နီရယ်က ကြေးနန်းစာကိုလှမ်းပေးသဖြင့် ခရိတ်လည်းယူ၍ဖတ်ကြည့်ရာ အောက်ပါအတိုင်းရေးထားသည်ကို တွေ့ရလေသည်။

"ရိုလင်ကုမ္ပဏီ၏ အစုရှယ်ယာအားလုံးကို ဒေါ်လာငွေငါးသိန်းဖြင့် ရောင်းမည်။ ငွေကို ဇူးရစ်မြို့တွင် ပေးချေရမည်။ ဤကမ်းလှမ်းချက်သည် ရက်ပေါင်း သုံးဆယ်အတွင်းသာ အတည်ဖြစ်သည်။ ထိုရက်ကျော်လွန်လျှင် တာဝန်မခံနိုင်၊ ထိုစျေးနှုန်းထက်လည်း မလျှော့နိုင်"

ဒင်နီရယ်သည် ခရိတ်၏ မျက်နှာကို အကဲခတ်ကြည့်နေရာမှ -

"ဘယ်နယ့်လဲ ကိုယ့်လူ၊ ဒေါ်လာငွေ ငါးသိန်း ရှာနိုင်ပါ့မလား"ဟု မေးလိုက်သည်။

"ဒါတော့ ကြံဖန် ကြိုးစားရမှာပေါ့။ ဒါပေမယ့် ကျုပ်အဖို့ ရက်ပေါင်းသုံးတယ် အချိန်ရသေးတယ် မဟုတ်လား။ အဲဒီအချိန်မတိုင်မီ ကျုပ်တစ်ခေါက် ထပ်လာဦးမယ်"

"ဆက်သွယ် ချင်ရင် ခင်ဗျားကို ဘယ်မှာ ဆက်သွယ်ရမလဲ"

"ခင်ဗျားက ဆက်သွယ်ဖို့ မကြိုးစားနဲ့၊ ကျုပ်က ခင်ဗျားကို ဆက်သွယ်ပါ့မယ်"

ဤသို့ပြောပြီး ခရိတ်သည် ဒင်နီရယ်ထံမှ နောက်ထပ် မာတ်ဆီတောင်း၍ ဗောက်ဝက်ဂွန်ကားတွင် တိုင်ကီအပြည့်ထည့်လိုက်သည်။ ထို့နောက် အရှေ့မြောက်စူးစူးရှိ ဟာရောရေမြို့ဆီသို့ မောင်းထွက်ခဲ့လေသည်။ မြို့ပြင်ထွက်၍ ဆယ်မိုင်ခန့်သွားမိသောအခါ စစ်ဆေးရေး ဂိတ်တစ်ခု တွေ့ရလေသည်။ လုံခြုံရေးအတွက် မော်တော်ယာဉ်များအားရပ်တန့်ရာဖွေစစ်ဆေးသည့်ဂိတ်ပင်ဖြစ်သည်။ခရိတ်သည်လည်း သူ၏ဗောက်ဝက်ဂွန်းကားကိုရပ်ပေးလိုက်ရာ ကပ္ပလီ(လူမည်း)စစ်သားနှစ်ဦးတို့မော်တော်ကားအတွင်း လက်နက်ခဲယမ်း တစ်စုံတစ်ရာ ရှိမရှိ သေချာစေ့စပ်စွာ ရှာဖွေကြလေသည်။ ထိုအချိန်မှာပင် ဇင်ဘာဘွေ တတိယတပ်မဟာ အမှတ်တံဆိပ်ပါ ဦးထုပ်ဆောင်းထားသူ အရာရှိ (လက်ဖတင်နင်) တစ်ဦးက ခရိတ်၏ ပတ်စ်ပို့ကို တောင်းယူပြီး စစ်ဆေးကြည့်ရှုလေသည်။

(တတိယမြောက် တပ်မဟာသည် လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံ၏ စစ်တပ်တွင် နာမည်ကြီး တပ်တတပ်ဖြစ်ပြီး ယင်းတပ်မှ စစ်သည်များအား နိုင်ငံခြားနည်းပြရာများက လေ့ကျင့် သင်ကြားပေးခဲ့ သည်ဟု သိရသည်။)

ခရိတ်၏ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်)မှာ ဗြိတိသျှပတ်စ်ပို့ဖြစ်ရာ ယခုအချိန်အထိ ထိုပတ်စ်ပို့များကို ဇင်ဘာဘွေနိုင်ငံတွင် လေးစားလျက်ရှိကြသေးသဖြင့် နာမည်ကြီး "တတိယတပ်မဟာ"မှ အရာရှိသည်လည်း ခရိတ်၏ပတ်စ်ပို့ကြောင့် ရည်မွန်စွာဆက်ဆံလေသည်။ ညနေစောင်းသော် ခရိတ်သည် ဇင်ဘာဘွေနိုင်ငံ၏ မြို့တော်ဟာရောရေမြို့သို့ ရောက်ရှိသွားလေသည်။

[မှတ်ချက်။ ။ဟာရောရေမြို့၏ မူလနာမည်မှာ ဆောလ်စ်ဘာရီမြို့သည် ဗြိတိသျှ အင်ပါယာကြီး ဘုန်းမီး ထွန်းလင်းတောက်ပစဉ်က ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး လောဒ်ဆော်လ်စ်ဘာရီအား ဂုဏ်ပြုသည့် အနေဖြင့် သူ၏နာမည်ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

ရိုဒီးရှားနိုင်ငံ လွတ်လပ်ရေးရပြီး ဇင်ဘာဘွေနိုင်ငံ ဖြစ်လာသောအခါ မြို့တော်၏အမည်ကိုလည်း ဟာရောရေဟု ပြောင်းလိုက်ခြင်းဖြစ်သည်။ ဟာရောရေဆိုသည်မှာ ဒေသခံတိုင်းရင်းသား ရှိနာလူမျိုး၏အကြီးအကဲ (စော်ဘွားကဲ့သို့ပုဂ္ဂိုလ်တစ်ဦး)၏ နာမည်ကို ယူထားခြင်း ဖြစ်သည်။

ခရိတ်သည် မြို့တွင်းသို့ရောက်လျှင် အခြေအနေကို အကဲခတ် ကြည့်လေသည်။

အမှတ်တမဲ့ကြည့်လိုက်သော် ဟာရောရေမြို့မှာ ဖွံ့ဖြိုးတိုးတက်နေသည့်ပုံမျိုး ဖြစ်နေပြီ လမ်းများတွင်လည်း အထူးစည်ကားနေသည်ကို တွေ့ရသည်။ ဆယ့်ခြောက်ထပ်ရှိသော မိုနိမာတာပါဟိုတယ်ကြီးကလည်း အလွန်ခေတ်မီပြီး ခမ်းနားသပ်ရပ်လှပေသည်။ ထိုဟိုတယ်၌ ဘာသာစကားမျိုးစုံလည်း ကြားနေ ရသည်။

တိုးရစ္စ ကမ္ဘာလှည့်ခရီးသည်များအပြင် နိုင်ငံခြားမှ လာရောက်သည့် စီးပွားရေးကုန်သွယ်ရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ဘဏ်တိုက်သူဌေးကြီးများ၊ နိုင်ငံခြားမှ ထိပ်သီးနိုင်ငံရေးခေါင်းဆောင်များ ကဲ့သို့ သော အထူးဧည့်သည်တော်များ ယင်းဟိုတယ်၌ တည်းခိုကြသောကြောင့် ဘာသာစကားမျိုးစုံကြားနရခြင်းပင် ဖြစ်သည်။ ဇင်ဘာဘွေစစ်တပ်အား လေ့ကျင့်သင်ကြားပေးသူ နိုင်ငံခြားမှ စစ်ဘက်အကြံပေးပုဂ္ဂိုလ်များလည်း ရှိပေသည်။

ခရိတ်သည် ထိုဟိုတယ်ကြီး၌ပင် တည်းခိုရန် စိတ်ကူးပြီး သွားရောက်သောအခါ တာဝန်ကျဟိုတယ်စာရေးကအခန်းလွတ်မရှိဟုပြောလေသည်။သို့သော်ခရိတ်ကလက်မလျှော့ဘဲလက်ထောက်မန်နေဂျာထံသို့ သွားရောက်ပြောကြည့်လေသည်။

ကံအားလျော်စွာ ထိုလူမှာ ခရိတ်၏ စာအုပ်ကို ဖတ်ဖူးသည့်ပြင်၊ ရုပ်မြင်သံကြားဇာတ်လမ်း အဖြစ် ထုတ်လွှင့်သည်ကိုလည်း ကြည့်ရသဖြင့် အဆင်ပြေသွားကာ ခရိတ်အား ဟိုတယ်ဆယ့်ငါးထပ်ရှိ အခန်းတစ်ခန်း ရရှိအောင်စီစဉ်ပေးလေသည်။

ခရိတ်လည်း ထိုအခန်းကို လက်ခံယူပြီးနောက် ရေမိုးချိုး ကိုယ်လက်သန့်စင်နေစဉ် ဟိုတယ်ဝန်ထမ်းများက သူ့အတွက်ပန်းစည်းများ၊ သစ်သီးများနှင့် ဝောင်အာဖရိကနိုင်ငံလုပ် ရှန်ပိန်အရက်တစ်ပုလင်းပါ လာပို့ပေးသည်။ ဟိုတယ်မန်နေဂျာက ခရိတ်အား မိတ်ဆက်လက်ဆောင်အဖြစ် ပို့ခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

ခရိတ်သည် ထိုနေ့အဖို့ ပြင်ဘက်မထွက်တော့ဘဲ ဟိုတယ်အခန်းတွင်းမှာပင်နေပြီး ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌဟောင်နရီထံသို့ အစီရင်ခံစာထိုင်ရေးရာ ညသန်းခေါင်အချိန်ကျမှပင် ပြီးသွားလေသည်။ နောက်တစ်နေ့နံနက် ကိုးနာရီခွဲတိတိတွင် သူသည် ဇင်ဘာဘွေဝန်ကြီးတွန်ဂါတာနှင့်တွေ့ဆုံရန် ပါလီမန်လွှတ်တော် အဆောက်အအုံသို့ သွားလေသည်။ သို့ရာတွင် ဝန်ကြီး၏အတွင်းရေးမှူးက ခရိတ် အား လေးဆယ့်ငါးမိနစ်တိတိ စောင့်ခိုင်းပြီးမှ ဝန်ကြီး၏ရုံးခန်းသို့ ခေါ်သွားလေသည်။

ဇင်ဘာဘွေဝန်ကြီး တွန်ဂါတာသည် ခရိတ်ကို မြင်မြင်ချင်း သူ့၏ စားပွဲတွင် ထိုင်နေရာမှ မတ်တပ်ထလိုက်သည်။ ခရိတ်သည်တစ်ချိန်ကရင်းနှီးစွာ သိကျွမ်းခင်မင်ခဲ့သူ မာတာဘယ်လီအမျိုးသား တွန်ဂါတာအား အကဲခတ်ကြည့်လိုက်လျှင် ယခင်ကထက်စာလျှင် ထူးထူးခြားခြား တည်ငြိမ်ရင့်ကျက်ကာ ဩဇာညောင်းသည့် ခေါင်းဆောင်တစ်ဦးအသွင် ဆောင်လျက်ရှိကြောင်း သတိပြုမိလေသည်။

တစ်ချိန်တည်းမှာပင် ခရိတ်သည် အတိတ်က ဖြစ်ရပ်အချို့ကို သတိရမိသည်။

တစ်ချိန်က တွန်ဂါတာသည် ခရိတ်၏တပည့်ဖြစ်ခဲ့ဖူးသည်။ တောနက်များသို့ သွားသည့်အခါ တွန်ဂါတာက ခရိတ်၏သေနတ်ကို ထမ်းလိုက်ရလေသည်။ ဤကား ယခင်မျက်နှာဖြူ အစိုးရလက်ထက်၊ ခရိတ်သည် အစိုးရ၏ တောရိုင်းတိရွစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဌာနတွင် အရာရှိအဖြစ် အမှုထမ်းခဲ့စဉ်ကဖြစ်သည်။ တစ်ခုတော့ရှိသည်။ တွန်ဂါတာသည် သာမန်တိုင်းရင်းသားလူမည်းတစ်ဦးမဟုတ်။ မာတာဘလီ တိုင်းရင်းသားတို့တွင် ရှေးအခါက ဘုရင်ရှိခဲ့ရာ တွန်ဂါတာသည် မာတာဘယ်လီဘုရင်များ၏ မျိုးရိုးနွယ်မှ ဆင်းသက်ပေါက်ဖွား လာခဲ့သူဖြစ်သည်။

သူ၏အဘိုး၏ ဘခင် ဘာဇိုသည် ၁၈၉၆ ခုနှစ်က မျက်နှာဖြူ ငြိတိသျှ အစိုးရအား လက်နက်ကိုင်တော်လှန်ရေး ခေါင်းဆောင် ဖြစ်ခဲ့သည်။ သို့သော် တော်လှန်ရေး မအောင်မြင်ဘဲ အရေးနိမ့်သွားသဖြင့် ဘာလီသည် ကြိုးပေးကွပ်မျက်ခြင်း ခံခဲ့ရသည်။ တစ်ဖန် သူ၏ အဘိုး၏ အဘိုး ဂန်ဒန်ဆိုသူမှာ မာတာဘယ်လီ လူမျိုးတို့၏ နောက်ဆုံးဘုရင် လိုတင်ဂူလာနှင့် ဖအေတူ မအေကွဲ ညီအစ်ကို တော်စပ်လေသည်။ ယခု ဘူလာဝေယိုမြို့သည် မာတာဘယ်လီဘုရင်နှင့်တကွ ခေါင်းဆောင်အားလုံးကို တိုက်ခိုက်သတ်ဖြတ်ခဲ့သည်။

ယခု ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးအတွက် တိုင်းရင်းသား လူမည်းတို့၏ မျက်နှာဖြူ အစိုးရအား တိုက်ခိုက် တော်လှန်ခဲ့သော တော်လှန်ရေးစစ်ပွဲတွင် တွန်ဂါတာသည်အလွန်ထူးချွန် ထက်မြက်သော ပြောက်ကျား စစ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ခရိတ်သည်ယခုတစ်ဖန် မိတ်ဆွေဟောင်း တွန်ဂါတာအား နှုတ်ဆက်လိုက်ရာ တွန်ဂါတာကလည်း ယင်းဘာသာဖြင့်ပင် ပြန်ပြောလေသည်။ သို့သော် သူ၏ ဟန်အမူအရာက ခရိတ်အားတွေ့ဆုံရသည်ကို ဝမ်းသာသည့်ဟန်မဟုတ်ဘဲ မျက်နှာထား ခပ်တင်းတင်းဖြစ်နေသည်။

"တစ်ချိန်တုန်းက ကျုပ်က ခင်ဗျားကို ဒီနိုင်ငံက ထွက်သွားဖို့ တိုက်တွန်းခဲ့တယ်။ ခင်ဗျားနဲ့ ကျုပ်၊

တစ်ယောက်ပေါ်တစ်ယောက် ကျေးဇူးရှိခဲ့တာတွေလည်း စာရင်းရှင်းခဲ့ပြီးတော့ ကျုပ်က ခင်ဗျားကို ထွက်သွားခိုင်း တယ်မဟုတ်လား"

"ခင်ဗျား ကျုပ်အတွက် ဆောင်ရွက်ပေးခဲ့တာတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်"

ခရိတ် ကလည်း မပြုံးမရယ်ဘဲ ခပ်တည်တည် ပြန်ပြောလိုက်သည်။

ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းမှပစ္စည်းများ ပြည်ပသို့ ထုတ်ယူသွားခြင်းကို ကျပ်တည်းစွာ တားမြစ်ထားရာ ခရိတ်၏ကိုယ်ပိုင်သဘော် ဘာဝကို နိုင်ငံခြားထုတ်ယူခွင့် ထုတ်ကုန် ပါမစ်ရရှိအောင် ဝန်ကြီး တွန်ဂါတာက ကူညီဆောင်ရွက်ပေးခဲ့သဖြင့် ခရိတ်က ကျေးဇူးတင်ကြောင်း ပြော လိုက်ခြင်း ဖြစ်သည်။

"ကျုပ်က ခင်ဗျား ကျေးဇူးတင်တာကို မလိုချင်ဘူး"

"အခု ကျုပ်က ခင်ဗျားကို မိတ်ဆွေအဖြစ်နဲ့ လာပြီး ဆက်ဆံတာကိုကော လက်မခံချင်ဘူးလား"

ခရိတ် က အကဲစမ်းသည့် သဘောဖြင့်မေးလိုက်သည်။

"မိတ်ဆွေအဖြစ် ဆက်ဆံရေးဟာ တော်လှန်ရေးတိုက်ပွဲ စစ်မြေပြင်မှာ ကျန်ရစ်ခဲ့ပြီ။ ခင်ဗျားဟာ ဒီနိုင်ငံက ခင်ဗျားရဲ့ဆန္ဒအလျောက် ထွက်ခွာသွားခဲ့တယ်။ အခု ဘာကြောင့် ပြန်လာတာလဲ"

"ဘာကြောင့်လဲဆိုတော့ ဒီနိုင်ငံကို ကျုပ်ရဲ့ မြေယာလို သဘောထားတဲ့ အတွက်ပဲ"

ခရိတ် ပြောလိုက်လျှင် တွန်ဂါတာသည် ဒေါသထွက်သည့်ဟန်မျိုး ဖြစ်လာသည်။

"ဩော် ဒီနိုင်ငံကမြေယာတွေဟာ ခင်ဗျားရဲ့မြေယာလို့ပြောလိုက်တာလား၊ ခင်ဗျားပြောလိုက်ပုံက မျက်နှာဖြူနယ်ချဲ့သမားတစ်ယောက် ပြောသလိုလေသံမျိုး ဖြစ်နေပါကလား"

"ကျုပ်က အဲဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး"

"ဒီနိုင်ငံမြေယာတွေကို ခင်ဗျားတို့ မျက်နှာဖြူလူမျိုးတွေ သေနတ်နဲ့ ခြိမ်းခြောက်ပြီး အဓမ္မယူခဲ့ တယ်။ နောက်ပိုင်းကျတော့ ကျုပ်တို့ တိုင်းရင်းသားတွေက သေနတ်နဲ့ ပြန်ခြိမ်းခြောက်ယူတော့မှပဲ မြေယာတွေကို ပြန်စွန့်လွှတ်ခဲ့တယ်။ ဒါကြောင့် ခင်ဗျားရဲ့ မြေယာဆိုတဲ့ စကားမျိုး မပြောပါနဲ့"

"ခင်ဗျားက စစ်တိုက်တဲ့နေရာမှာ ပြင်းထန်သလောက် မုန်းတီးတဲ့နေရာမှာလည်း ပြင်းထန်နေတာကိုး။ ကျုပ်ကတော့ဒီနိုင်ငံကိုပြန်လာတာဟာ မုန်းတီးတဲ့စိတ်မွေးဖို့လာခဲ့တာ မဟုတ်ဘူး။ ပြန်လာရတဲ့အကြောင်းက ကျုပ်ရဲ့နှလုံးသားအတွင်းက ဆွဲဆောင်မှုကြောင့် ပြန်လာတာပဲ။ ပြည်တွင်းစစ်ကြောင့် ပျက်စီးခဲ့ရတဲ့ ဒီနိုင်ငံပြန်လည်ထူထောင်ရေးမှာ ကျုပ်ကတစ်ဖက်တစ်လမ်း ကူညီနိုင်လိမ့်မယ်ထင်လို့လည်း လာခဲ့တာပဲ"

ခရိတ်၏ စကားအဆုံးတွင် တွန်ဂါတာသည် ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေဟန်ဖြင့် ဆိတ်ဆိတ်နေလေသည်။ ခဏကြာမှ စကားဆက်ပြောလေသည်။

"ခင်ဗျားဟာ ကင်းလင်းစိုက်ပျိုးမွေးမြူရေးခြံရှိရာကို သွားခဲ့တယ်။ ပြီးတော့ အဲဒီကတဆင့် မြောက်ဘက် ချီဇာရီနယ် ကို သွားခဲ့တယ်"

တွန်ဂါတာ ဤသို့ ပြောလိုက်လျှင် ခရိတ်သည် အံ့သြသွားမိသည်။

"ခင်ဗျားရဲ့ မျက်လုံးတွေက အလွန်စူးရှပြီး အမြင်လည်း သိပ်သန်ပါကလား။ ခင်ဗျားက ကျုပ်ရဲ့လှုပ်ရှားမှု အားလုံးကို မြင်တာပဲကိုး"

ခရိတ်က ဝန်ခံသည့်အနေဖြင့် ပြန်ပြောလိုက်သည်။

"နောက်ပြီး ခင်ဗျားဟာ အဲဒီမြေတွေရဲ့ ပိုင်ဆိုင်မှုစာရွက်စာတမ်းတွေကို မိတ္တူကူးယူဖို့ စီစဉ်ခဲ့တယ်။ မြေယာဝယ်ယူဖို့ ပြင်ဆင်မှုတွေပြုလုပ်ခဲ့တယ်။ ခင်ဗျားနားလည်ထားဖို့က ဇင်ဘာဘွေနိုင်ငံမှာ မြေယာ အရောင်းအဝယ်လုပ်ရင် အစိုးရရဲ့ သဘောတူ ခွင့်ပြုချက်ရမှသာ လုပ်နိုင်တယ်ဆိုတာ နားလည်တယ်မဟုတ်လား မြေယာဝယ်ယူမယ်ဆိုရင် အဲဒီမြေကိုဘယ်ပုံဘယ်နည်း အသုံးချတယ်ဆိုတာရယ်၊ လုပ်ငန်းလုပ်ဖို့ ရင်းနှီးမြှုပ်နှံငွေ ဘယ်လောက်ရှိတယ်ဆိုတာကိုပါ အစိုးရကိုတင်ပြဖို့လိုတယ်"

"ကျုပ် ဒါတွေ နားလည်ပါတယ်"

"ဒါနဲ့များ ခင်ဗျားကမိတ်ဆွေအဖြစ် ဆက်ဆံလိုပါတယ်ဆိုပြီး ကျုပ်ဆီကိုလာခဲ့တယ်။ မိတ်ဆွေဟောင်းအဖြစ် ခင်ဗျားက ကျုပ်ဆီက အကူအညီတောင်းမလို့မဟုတ်လား"

ခရိတ်သည် စိတ်ပျက်ဟန်ဖြင့် ဆိတ်ဆိတ်နေလိုက်ရာ တွန်ဂါတာက ဆက်လက်၍ "မျက်နှာဖြူလုပ်ငန်းရှင် တစ်ဦးက မာတာဘယ်လီ မိသားစု ငါးဆယ်ကို စားဝတ်နေရေး ပြေလည်အောင် ဖန်တီး

ပေးနိုင်တယ်။ ဒါပေမဲ့ အဲဒီမျက်နှာဖြူလုပ်ငန်းရှင်တစ်ဦးက အကြီးအကျယ် တိုးတက်ကြီးပွား ချမ်းသာ နိုင်သလောက် တိုင်းရင်းသား အလုပ်သမား ဆင်းရဲသားတွေကတော့ မသေရုံတမည် မဝတဝစားရပြီး အဝတ်အစားတောင် ကောင်းကောင်းမဝတ်နိုင်ကြဘူးမဟုတ်လား"ဟု သရော်သလို ပြောလိုက်သည်။

ထိုအခါ ခရိတ်သည် စိတထဲမှ ထောင်းခနဲ ဒေါသထွက်မိလေသည်။

"ဒီမယ် ကျုပ်ပြောပါဦးမယ်။ မျက်နှာဖြူလူမျိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်တစ်ဦးက အလုပ်လုပ်ဖို့ အတွက် ဒီနိုင်ငံအတွင်းကို ဒေါ်လာငွေသန်းချီပြီး ရင်းနှီးမြှုပ်နှံငွေတွေ သွင်းယူလာရတာတယ်။ မာတာ ဘယ်လီ တိုင်းရင်းသား အမြောက်အများကို အလုပ်အကိုင်ပေးတဲ့အပြင် သူတို့ရဲ့ စားဝတ်နေရေး သာမက သားသမီးတွေ ပညာသင်ကြားရေးပါ အဆင်ပြေအောင် ဖန်တီးပေးတယ်။ မျက်နှာဖြူလူမျိုး တွေက အကျိုးပြုနိုင်ခဲ့တာတွေကိုတော့ ထည့်မစဉ်းစားတော့ဘူးလား"

ခရိတ် က မခံချင်သဖြင့် ပြောလိုက်သော်လည်း တွန်ဂါတာက လက်မခံချေ။

"ခင်ဗျားအဖို့ ဒီနိုင်ငံမှာ ဘာမှ လုပ်စရာမလိုဘူး။ ခင်ဗျားရဲ့ ဇီမ်ခံသဘော်ကို ပြန်သွားရင် ကောင်း လိမ့်မယ်။ ခင်ဗျားနာမည်ကျော်ကြားတဲ့ နေရာကိုပဲ ပြန်သွားလိုက်ပါ။ ကျုပ်တို့နိုင်ငံမှာ ခင်ဗျားရဲ့ ခြေတစ်ဖက် ပြတ်ခဲ့ရတာလောက်နဲ့ တော်လောက်ပြီလို့ ယူဆပါ။ ကြာရင် ခင်ဗျားရဲ့ခေါင်းပါ ပြုတ်သွားနိုင်တဲ့ အခြေအနေမျိုး ရောက်သွားလိမ့်မယ်။ ကျုပ်ခင်ဗျားကို ဆက်ပြောစရာဘာမှ မရှိ တော့ဘူး" ပြောရင်းနှင့် တွန်ဂါတာသည် ထိုင်ရာမှ ထလိုက်သည်။

သို့ရာတွင် သူ၏ မျက်လုံးများက တစ်စုံတစ်ခုကို ဖုံးကွယ်လျက်ပင် ရှိနေသည်ဟု ခရိတ်က ထင်မိလေသည်။ ဘာကို ဖုံးကွယ်ထားသည်ဟူ၍ကား ခန့်မှန်း၍မရချေ။ ခရိတ်သည် တစ်စုံတစ်ခုကို သတိရသဖြင့် တွန်ဂါတာအနီးသို့ ချဉ်းကပ်သွားပြီး ခပ်တိုးတိုးပြောလေသည်။

"ကျုပ် ချီဇာရီအရပ်ကိုသွားတော့ လူသုံးယောက်နဲ့တွေ့ခဲ့တယ် သူတို့နာမည်တွေက လွတ်ကောက်၊ ပီကင်းနဲ့ဒေါ်လာဖြစ်တယ်။ သူတို့က ခင်ဗျားကို မှာလိုက်တယ်"

ခရိတ်စကားမဆုံးမီ တွန်ဂါတာသည် အကြီးအကျယ် ဒေါသထွက်လာဟန်ဖြင့် ခပ်ထန်ထန် ပြောလေသည်။

"ခင်ဗျား ဆက်မပြောပါနဲ့။ တိတ်တိတ်နေလိုက်ပါ။ ခင်ဗျားဟာ ကိုယ်နားမလည်တဲ့ ကိစ္စတွေမှာ ဝင်စွက်ဖက်တယ်။ ခင်ဗျားနဲ့လည်း ဘာမှမဆိုင်ဘူး၊ ဒါကြောင့် ခင်ဗျား ဒီတိုင်းပြည်က အမြန်ဆုံး ထွက်သွားရင် ကောင်းမယ် '

ခရိတ် သည်လည်း စိတ်တိုလာသဖြင့်

' ကောင်းပြီ၊ ကျုပ် ဒီတိုင်းပြည်က ထွက်သွားပါမယ်။ ဒါပေမဲ့ ကျုပ်က ဒီမှာမြေယာဝယ်ဖို့ လျှောက်လွှာ တင်တာကို အစိုးရက တရားဝင်ပယ်ချလိုက်မှပဲ သွားနိုင်မယ် ' ဟု ပြန်ပြောလိုက်သည်။

' ဒါဖြင့် ခင်ဗျား အမြန်ဆုံးထွက်သွားစေရမယ်၊ အဲဒါတော့ ကျုပ် အာမခံတယ် '

ဝန်ကြီးတွန်ဂါတာသည် တစ်ချိန်က ခရိတ်နှင့် အလွန်ခင်မင်ရင်းနှီးခဲ့သူဖြစ်ပါလျက် ယခု တင်းမာစွာ ဆက်ဆံနေခြင်းမှာ ထူးဆန်းနေပေသည်။ ခရိတ်အနေဖြင့် ယင်းသို့ ဆက်ဆံလိုက်ခြင်းကို အောင့် သက်သက် ဖြစ်မိလေသည်။ သူ၏ သွားလာလှုပ်ရှားမှုအားလုံးကို တွန်ဂါတာက သိနေခြင်းမှာ ဇင်ဘာဘွေ့ အစိုးရ ထောက်လှမ်းရေးမှ သူ၏နောက်မှ မျက်ခြည်မပြတ် လိုက်ကြည့်နေခြင်းကြောင့် ဖြစ်ရပေမည်။

ခရိတ်သည် ဝန်ကြီးထံမှ ပြန်ထွက်လာပြီး သူ၏မော်တော်ကားပေါ်သို့ ပြန်တက်ထိုင်ကာ ချက်ချင်း စက်မနှိုးသေးဘဲ တွန်ဂါတာ၏ ဆက်ဆံလိုက်ပုံကို ပြန်လည်သုံးသပ် ဆင်ခြင်ကြည့်လေသည်။ မိမိ၏ ဇင်ဘာဘွေနိုင်ငံတွင် မြေဝယ်ယူရန် စီစဉ်သည်ကို တွန်ဂါတာကမလိုလားဘဲ ဆန့်ကျင်သည့်စကား တွေ့ချည်းပြောခဲ့သည်။ သူ၏အကြောင်းပြချက်များကလည်းခိုင်လုံခြင်းမရှိ။ ခရိတ်အနေဖြင့်တွန်ဂါတာ ကို ကောင်းစွာသိခဲ့လေရာ သူသည် ယခင်က မည်သည့်အခါမှ အကြောင်းပြချက် မခိုင်လုံသော စကားမျိုး ပြောလေ့မရှိချေ။ သူပြောလိုက်ပုံကို အကဲခတ်ကြည့်ရသည်မှာ စိတ်ထဲမှ ယုံကြည်ချက် မရှိဘဲ မပြောမဖြစ်၍ ဇွတ်အတင်း မိမိအား ဆန့်ကျင်သည့် စကားတွေ ပြောနေရသည့်ဟန်မျိုး ဖြစ်နေ သည်။
တစ်ဖန် ချီဇာရီဒေသတွင် မိမိနှင့်တွေ့ဆုံခဲ့သော မာတာဘယ်လီ တိုင်းရင်းသားပြောက်ကျား သုံးဦး အကြောင်းစတင်ပြောလိုက်ချိန်တွင် တွန်ဂါတာကစိတ်ဆိုးဟန်ဖြင့် ဆက်မပြောရန်ဟန့်တားလိုက်ခြင်း ကလည်း စဉ်းစားဖွယ်ရာဖြစ်နေသည်။ မိမိက လွတ်ကောက်၊ ပီကင်း၊ ဒေါ်လာစသော ပြောက်ကျား တို့၏ နာမည်ဝှက်များကိုပြောလိုက်စဉ် တွန်ဂါတာသည် ထိုနာမည်များကို ကောင်းစွာ သိနေပုံရသော် လည်း စိတ်ဆိုးမာန်ဆိုးနှင့် မိမိအား ဆက်မပြောရန် တားမြစ်ခြင်းမှာ သဘာဝမကျချေ။

ဇင်ဘာဘွေနိုင်ငံနှင့်ပတ်သက်၍ မိမိမသိသေးသော လျှို့ဝှက်ကိစ္စများအတွင်းရေးများ အတော်များ များ ရှိနေ၍သာ ဖြစ်ရမည်ဟုလည်း ဆင်ခြင်သုံးသပ်မိသည်။ ခရိတ်သည် သူ၏ ဗောက်စ်ဝက်ဂွန် မော်တော်ကားဖြင့် မောင်းထွက်လာရာ တည်းခိုသည့် ဟိုတယ်သို့ ရောက်သောအခါ မွန်းတည့်လုပြီ

ဖြစ်သည်။ သူ၏ အခန်းတွင်းသို့ရောက်လျှင် အရက်သောက်ရန် ဂျင်ပုလင်းကို ကိုင်လိုက်ပြီးမှ စိတ်တစ်မျိုး ပြောင်းလာသဖြင့် ဟိုတယ်အောက်ထပ်သို့ တယ်လီဖုန်းဆက်၍ ကော်ဖီမှာယူလိုက်သည်။ သူသည် အမေရိကန်ပြည် နယူးယောက်မြို့တွင် ရှိစဉ်က နေ့လယ်နေ့ခင်းမှာပင် အရက်သောက်သော အလေ့အကျင့်ဖြစ်ခဲ့သည်။ သို့သော် ယခု ဇင်ဘာဘွေနိုင်ငံသို့ ပြန်ရောက်လာချိန်၌ ထိုအလေ့အကျင့်ကို ဖျောက်ပစ်မှသင့်မည်ဟု ဆုံးဖြတ်လျက် အရက်မသောက်ဘဲ နေလိုက်ခြင်းဖြစ်သည်။

ကော်ဖီသောက်ပြီးနောက် စားပွဲတွင်ထိုင်ကာ ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌ ဟင်နရီထံသို့ပေးပို့မည့် သူ၏ စီရင်ခံစာကို ပြန်၍ထပ်မံ ဖြည့်စွက်ရေးသားလေသည်။ ဝန်ကြီးတွန်ဂါတာနှင့် မာတာဘယ်လီတိုင်းရင်းသား ပြောက်ကျားတော်လှန်ရေးသမားများတို့ ပတ်သက်နေပုံအကြောင်း၊ မိမိက မြေဝယ်ယူရန် စီစဉ်ခြင်းကို တွန်ဂါတာက ဆန့်ကျင်နေကြောင်း စသည်တို့ကိုလည်း အစီရင်ခံစာတွင် ထည့်သွင်းရေးသား လိုက်သည်။

ထို့နောက် သူ ရည်ရွယ်ထားသော ကင်းလင်းမြေယာကွက်ကို ဝယ်ယူပြီး တိုးရစ္စခရီးသွား ဇည့်သည်များအတွက် စခန်းတစ်ခု တည်ဆောက်ရန် အစီအစဉ်များကို ကုန်ကျမည့် ရင်းနှီးမြှုပ်နှံငွေ ပမဏနှင့် တကွ သူ၏သုံးသပ်ချက်များအကြောင်း အပြည့်အစုံ စာတမ်းတစ်ခုရေးလေသည်။ အထူးသဖြင့် ဇမ်ဘဇီမြစ်ဘေး၌ တိုးရစ္စခရီးသည်စခန်း ဖန်တီးပါက မည်မျှအောင်မြင်အကျိုးရှိနိုင်ပုံကို အကျယ်တဝင့် ရေးသားလိုက်သည်။

ခရိတ်သည် ယင်းစာတမ်းနှင့်တကွ သူ၏ အစီရင်ခံစာတို့ကို စာအိတ်နှစ်လုံးဖြင့် ခွဲထည့်ပြီးနောက် သူ၏ မော်တော်ကားဖြင့် အမေရိကန်သံရုံးသို့ မောင်းထွက်ခဲ့လေသည်။ သံရုံးမှ ယဉ်ကျေးမှုအရာရှိမှာ အသက်သုံးဆယ်ကျော်အရွယ် လူငယ်တစ်ဦးဖြစ်နေ၍ ခရိတ်သည် အံ့သြမိလေသည်။

ထိုလူသည် ခရိတ်အား ခရီးဦးကြိုပြုပြီး ရုံးခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။ ခရိတ်ကပေးသော စာအိတ် နှစ်အိတ်ကို လက်ခံယူပြီးနောက် ထိုလူက

' ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ညွှန်ကြားထားတာ ရှိပါတယ်။ ညနေဘက် ပြင်သစ်သံအမတ်ကြီးနေအိမ်မှာ ဧည့်ခံပွဲတစ်ခုရှိတယ်။ အဲဒီပွဲကို ခင်ဗျားလာလိုက်ရင် လူတွေနဲ့ မိတ်ဆက်ဖို့ရာ အဆင်ပြေလိမ့်မယ်။ ဧည့်ခံပွဲက ညနေခြောက်နာရီလောက်ဖြစ်တယ်။ ခင်ဗျားလာနိုင်ရင် ကောင်းမှာပဲ' ဟု ပြောလေသည်။

ခရိတ်ကလည်း လိုက်လျောသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

' ကျုပ်လည်း ဧည့်ခံပွဲကို လာချင်ပါတယ် '

' ခင်ဗျားက အခု ဘယ်ဟိုတယ်မှာ တည်းနေပါသလဲ '

' မိုနိုမာတာပါ ဟိုတယ်မှာပါ '

' ဒါဖြင့် ကျွန်တော်ကိုယ်တိုင် ခြောက်နာရီမထိုးမီ ခင်ဗျားကို လာခေါ်ပါ့မယ် '

သံရုံးမှ ပြန်ထွက်လာသောအခါ ခရိတ်သည် ယဉ်ကျေးမှုအရာရှိဆိုသူအကြောင်း စဉ်းစားနေမိလေသည်။ ထိုလူသည် သံရုံးတွင် ယဉ်ကျေးမှုအရာရှိ အမည်ခံထားသော်လည်း စင်စစ်အားဖြင့် ထောက်လှမ်းရေး အဖွဲ့အစည်းတစ်ခုခုမှ လှျို့ဝှက်တာဝန်ဖြင့် ဇင်ဘာဘွေနိုင်ငံသို့ လာရောက်နေခြင်းပေလော။

အခန်း (၇)

ဧည့်ခံပွဲကျင်းပရာ နေရာကား ဟာရာရေမြို့တော်ရှိ ပြင်သစ်သံအမတ်ကြီး၏ နေအိမ်မြက်ခင်းပြင်တွင် ဖြစ်လေသည်။ အိမ်ဝင်းအတွင်း လွှင့်ထူထားသော သုံးရောင်ခြယ် ပြင်သစ်နိုင်ငံတော်အလံသည် ညနေခင်း၏ လေပြည်လေညင်းအရှိန်ဖြင့် တလူလူလွင့်လျက်ရှိနေပြီး လှပသောပန်းပင်များကလည်း ရှုခင်းကို တင့်တယ်စေ လေသည်။

ဧည့်သည်များအား စားသောက်ဖွယ်များ တည်ခင်းဧည့်ခံသူ သံရုံးမှ စားပွဲထိုးများသည် အနီရောင် ဦးထုပ်၊ အဖြူရောင်ဝတ်စုံတို့ဖြင့် အထူးသပ်ရပ်စွာ ဝတ်ဆင်ထားကြသည်။ ရှန်ပိန်အရက်ကတော့ နာမည်ကြီး ဘိုလင်ဂျာ အမျိုးအစား ရှန်ပိန်အကောင်းစားဖြစ်သည်။

မြက်ခင်းပြင်တစ်နေရာတွင်ကား ရဲတပ်ဖွဲ့ တီးဝိုင်းက သာယာငြိမ့်ညောင်းသော ဂေးဂီတသံများဖြင့် တီးမှုတ် ဖျော်ဖြေလျက်ရှိသည်။ ခရိတ်သည် ရှုခင်းကိုကြည့်ရင်း တစ်ချိန်က (မျက်နှာဖြူအစိုးရ လက်ထက်) ရိုဒီးရှားနိုင်ငံ ဘုရင်ခံချုပ်၏ ဧည့်ခံပွဲနှင့်မခြားပါတကားဟု စဉ်းစားမိလေသည်။

လာရောက်သော ဧည့်သည်များအနက် အများဆုံးမှာ တရုတ်နှင့် ကိုရီးယား လူမျိုးတို့ဖြစ်ကြလေသည်။ သူတို့သည် ဇင်ဘာဘွေအစိုးရက အထူးအလေးပေးခြင်းခံရသူ အထူးဧည့်သည်တော်များဖြစ်နေကြပေသည်။ အရေးပေးရလောက်အောင်လည်း တရုတ်နှင့်ကိုရီးယားတို့က ဇင်ဘာဘွေအစိုးရ

အား အများဆုံး အကူအညီ ပေးနေကြသူများဖြစ်ကြသည်။ အထူးသဖြင့် တော်လှန်ရေးစစ်ပွဲအတွင်းက လက်ရှိအာဏာရ ရှိနာတိုင်းရင်းသားတို့၏ တပ်များကိုထိရောက်စွာ ကူညီအားပေးခဲ့ကြလေသည်။ ထိုအချိန်က ဆိုဗီယက်ရုရှတို့ကမူမာတာဘယ်လီတိုင်းရင်းသားလူမျိုးအုပ်စုဘက်ကိုသာ အားပေးခြင်းကြောင့် ခြေလှမ်းမှားသွားသလို ဖြစ်ခဲ့လေသည်။ ယခု လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံ တွင် ရှိနာလူမျိုးအုပ်စုက အင်အားအများစုဖြင့် အစိုးရဖွဲ့လိုက်သော ဝန်ကြီးချုပ်မူဂါဘီအစိုးရသည် ဆိုဗီယက်တို့အား လုံးဝမျက်နှာသာ မပေးတော့ချေ။

ဇည့်ခံပွဲသို့ လာရောက်သူများသည် ပြုံးကာရယ်ကာဖြင့် အချင်းချင်း စကားပြောနေကြလေသည်။ ရုရှအမျိုးသားတို့ကမူ အခြားလူများနှင့် မရောနှောဘဲ သူတို့အုပ်စုလိုက် တစ်နေရာတွင် စုံရုံးနေကြသည်။ သူတို့ထဲတွင် ယူနီဖောင်းဝတ်အချို့ကို ခရိတ်က သတိပြုမိလေသည်။ သို့သော် ရာထူးအဆင့်အားဖြင့် အရာရှိငယ်များသာဖြစ်ပြီး ကာနယ်(ဗိုလ်မှူးကြီး)အဆင့်ရှိသူဆို၍ တစ်ယောက်မှမပါချေ။ အမေရိကန်သံရုံးမှ အရာရှိမော်ဂင်သည် ခရိတ်ကိုအိမ်ရှင်ပြင်သစ်သံအမတ်ကြီး ဇနီးမောင်နှံနှင့် မိတ်ဆက်ပေးလေသည်။ ဇနီးဖြစ်သူမှာ ခင်ပွန်းသံအမတ်ကြီးထက် အသက်သုံးဆယ်ခန့် ငယ်လိမ့်မည်ဟု ခန့်မှန်းရပေသည်။ သူမသည် ပြင်သစ်ပြည် ပဲရစ်မြို့တော်မှ နောက်ဆုံးပေါ် ဖက်ရှင်ဝတ်စုံ ဖြစ်ဟန်တူသော အလွန်လှပသည့် ဝတ်စုံတစ်စုံ ဝယ်ဆင်ထားလေသည်။

မိတ်ဆက်ပေးချိန်တွင် ခရိတ်သည် ဥရောပလူမျိုးတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ဦးညွှတ်၍ သံအမတ် ကတော်၏ လက်တစ်ဖက်ကို ငုံ၍ နမ်းရှုပ်ရင်း -

' တွေ့ရတာ အထူးဝမ်းမြောက်ဂုဏ်ယူပါတယ်ခင်ဗျာ ' ဟု ပြင်သစ်ဘာသာဖြင့် နှုတ်ဆက်လိုက်ရာ သံအမတ်ကတော်လည်း သဘောကျသွားဟန်ဖြင့် ခရိတ်အား အကဲခတ်သလို သေချာစွာကြည့်လိုက်ပြီး အခြား ဧည့်သည်တစ်ဦးထံသို့ ထွက်သွားလေသည်။

သံရုံးမှ ယဉ်ကျေးမှုအရာရှိ မော်ဂင်သည် ခရိတ်အနားသို့ကပ်၍ ပြုံးဖြဲဖြဲနှင့် ...

' မစ္စတာဟင်နရီက ပြောတယ်။ ခင်ဗျားဟာ အမျိုးသမီးတွေ ကျလောက်အောင် ဆွဲဆောင်နိုင်တဲ့ ညှို့မှာတ် ရှိတယ်လို့ဆိုတယ်။ ဒီမှာတော့ သံတမန်ရေးရာ ပြဿနာတော့မပေါ်မှ ကောင်းမယ်ထင်တယ်၊ ဟဲ ... ဟဲ ' ဟု ရယ်စရာလုပ်၍ ပြောလိုက်သည်။

'ကောင်းပါပြီဗျာ၊ လောလောဆယ် ကျုပ်ကရှန်ပိန်အရက် သောက်တာကလွဲလို့ဘာမှ မလုပ်ပါဘူးဗျ' ခရိတ်ကလည်း ရယ်ကာမောကာဖြင့် အလိုက်သင့်ပြန်ပြောလိုက်သည်။ အာဖရိကတိုက် အလယ်ပိုင်း

ရှိ သမ္မတနိုင်ငံများမှ အမျိုးသမီးတို့သည် ဇည့်ခံပွဲသို့ တိုင်းရင်းသားဝတ်စုံ များဝတ်၍လာကြရာ သူတို့၏ဝတ်စုံများကလည်း အရောင်အသွေးစုံပြီး လှပတင့်တယ် နေလေသည်။ ခရိတ် သည် ဇည့်ခံပွဲရှုခင်း ကိုကြည့်ရင်း သူ၏ဘိုးအေကြီး ဘာဝူကို သတိရမိလေသည်။

' ဘိုးဘိုး အခု မရှိတော့တာဘဲ တစ်မျိုးကောင်းပါတယ်။ ရှိနေရင် ဒီလိုရှုခင်း တွေကို မြင်နေရဦးမယ် '

ဤသို့လည်း စိတ်ထဲမှ ဘိုးအေကြီးအား တိုင်တည်လိုက်မိသည်။

ထို့နောက် မော်ဂင်က ...

' ခင်ဗျားက ဗြိတိသျှလူမျိုးတွေနဲ့ ရင်းနှီးမှ ကောင်းမယ် ထင်တယ်' ဟု ဆိုကာ ဗြိတိသျှသံအမတ်ကြီး ကတော်နှင့်မိတ်ဆက်ပေးပြန်သည်။ အမျိုးသမီးမှာ စိတ်ဓာတ်ပြင်းထန် ခိုင်မာပုံရပြီး ဆံပင်ကိုဝန်ကြီး ချုပ်မစ္စက်သက်ချာ၏ ဆံပင်ပုံမျိုးဆန်ဆန် ဆင်ယင်ထုံးဖွဲ့ထားလေသည်။

သံအမတ်ကတော်သည် ခရိတ်၏ စာအုပ်ကို ဖတ်ဖူးသူ ဖြစ်၍ ...

' ရှင့်စာအုပ်ထဲက အကြမ်းဖက်မှု အခန်းတွေကများလွန်းလို့ ကျွန်မတော့်တယ်ပြီး သဘောမကျမိဘူး ရှင့်၊ အဲဒီအခန်းမျိုးတွေ စာအုပ်ထဲထည့်ရေးဖို့ တကယ်ပဲ လိုအပ်လို့လား 'ဟု ဝေဖန်သလို ပြောလိုက်သည်။
' ဒါကတော့ ဒီလို ရှိပါတယ်။ အာဖရိကတိုက်ကြီးဟာ အကြမ်းဖက်မှုတွေ အမြဲလိုလို ရှိတတ်တဲ့ဒေသ ဖြစ်ပါတယ်။ စာရေးဆရာတစ်ယောက်အနေနဲ့ ဒီအချက်ကို ဖုံးကွယ်ပြီး ဖျောက်ထားလိုက်ရင် စာရေးဆရာကောင်း ဘယ်ပီသတော့မှလည်း ခင်ဗျာ '

ခရိတ်က ပြန်၍ ရှင်းပြလိုက်သည်။

ထိုအချိန်၌ အမျိုးသမီးတစ်ဦးသည် ခရိတ်အား သေချာစွာ ကြည့်နေလေသည်။ ဝတ်ထားပုံကတော့ အပေါ်ပိုင်း၌တီရှပ်တစ်ထည်ဝတ်ထားပြီး ချည်ထည်စကတ်ဖြင့်ရိုးရိုးကလေးပင်ဖြစ်သည်။ မျက်နှာတွင်လည်း မိတ်ကပ်အလှပြုပြင် ခြယ်သထားခြင်းအလျှင်းမရှိချေ။ ပခုံးတစ်ဖက်တွင်မူ နီကွန် အမျိုးအစားကင်မရာတစ်လုံး လွယ်ထားလေသည်။ သူမသည် ခရိတ်အား အထူးစိတ်ဝင်စားဟန်ဖြင့် စိုက်ကြည့်နေလေသည်။ သို့ရာတွင် ခရိတ်က သူမကိုမြင်၍ ပြန်ကြည့်လိုက်သောအခါ၌မူ အမျိုးသမီးသည် လျင်မြန်စွာ မျက်နှာလွှဲလိုက်ပြီး သူမ၏ဘေးနားရှိ လူတစ်ယောက်ဘက်သို့ လှည့်သွားလေသည်။ ထိုလူမှာ ဇင်ဘာဘွေ စစ်တပ် ယူနီဖောင်းဝတ်ထားသူ တိုင်းရင်းသား လူမည်းတစ်ဦးဖြစ်သည်။ ရှိနှာ

တိုင်းရင်းသား ဖြစ်ကြောင်းလည်း ထင်ရှားသည်။ သူ၏ပခုံးမှာ ရာထူးတံဆိပ်ကိုကြည့်ရှုခြင်းအားဖြင့် ဗိုလ်မှူးချုပ်အဆင့်ရှိကြောင်း သိသာပေသည်။ အင်္ဂါရုပ်အားဖြင့် ထိုလူသည် အမေရိကန်မှ ကပ္ပလီ ရုပ်ရှင်မင်းသားဟယ်ရီဘယ်လာဖန်တီးကဲ့သို့ ခုံညားချောမွေ့သူဖြစ်လေသည်။

ခရိတ်က ထိုလူအား စိတ်ဝင်စားဟန်ဖြင့် ကြည့်နေသည်ကို မော်ဂင်က သတိပြုမိသဖြင့် ...

'ကဲ လာဗျာ၊ ခင်ဗျားနဲ့ မိတ်ဆက်ပေးပါမယ်'ဟုဆိုကာ ခရိတ်အား ထိုလူအနီးသို့ ခေါ်သွားလေသည်။
' ဗိုလ်ချုပ် ဖွန်ဂါဘီရာခင်ဗျား မိတ်ဆက်ပေးပါရစေ။ ဟောဒါက နာမည်ကျော် စာရေးဆရာ မစ္စတာ ခရိတ် ဖြစ်ပါတယ် '

မော်ဂင်က မိတ်ဆက်ပေးလိုက်လျှင် ထိုလူကလည်း သွက်လက်စွာပင် ...

' ဟဲလို... မစ္စတာခရိတ် တွေ့ရတာဝမ်းသာပါတယ်။ ကျုပ်ကတော့ ခင်ဗျားရဲ့ စာအုပ်တွေကို မဖတ်ဖူးသေးတဲ့အတွက် ဝမ်းနည်းပါတယ်။ ကျုပ်မှာက အလုပ်တွေများလွန်းလို့ ဖတ်ဖို့အချိန်မရလို့ပါ' ဟု အင်္ဂလိပ်ဘာသာဖြင့် ကျွမ်းကျင်စွာ ပြန်ပြောလေသည်။

တစ်ဖန် မော်ဂင်က ခရိတ်ဘက်သို့လှည့်၍ ...

' ဗိုလ်ချုပ် ဖွန်ဂါဘီရာက ပြည်ထဲရေးနဲ့ လုံခြုံရေးဌာနဝန်ကြီးဖြစ်ပါတယ် ' ဟု ရှင်းပြလေသည်။

ခရိတ်သည် ထိုလူနှင့် လက်ဆွဲနှုတ်ဆက်ရင်း ...

' ဗိုလ်ချုပ် တာဝန်ယူထားတဲ့ ဌာနကတော့ အလွန်ခက်ခဲတဲ့ ဌာနတစ်ခုပါပဲ 'ဟု ပြောလိုက်ပြီး ထိုလူ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

မျက်လုံးများက အထူးပင် တောက်ပြောင်စူးရှပြီး စိတ်ဓာတ်ပြင်းထန် ထက်မြက်သူတစ်ယောက်၏ အသွင်ဆောင်နေရာ ခရိတ်သည် ထိုလူအားမြင်မြင်ချင်း သဘောကျသွားမိလေသည်။ စိတ်ဓာတ်ပြင်းထန်၍ လိုအပ်လာလျှင် ရက်စက်မည့်သူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသော်လည်း ခရိတ်သည် ထိုလူနှင့် ဆက်ဆံ၍ အဆင်ပြေနိုင်လိမ့်မည်ဟု ယူဆမိလေသည်။

' အလုပ်တာဝန်က ခက်ခဲတယ်လို့ဆိုရပေမယ့် လောကမှာ ဘာအလုပ်မဆို မလွယ်ကူလှပါဘူး။ ခင်ဗျားတို့လို စာအုပ်ရေးတဲ့ အလုပ်ကလည်း မလွယ်လှပါဘူး။ မဟုတ်ဘူးလား မစ္စတာခရိတ် ' ဗိုလ်ချုပ် ဖွန်ဂါဘီရာကပြောလိုက်ရာ ခရိတ်သည် ထိုလူအား ပို၍ပင်သဘောကျမိသွားလေသည်။

သံရုံးအရာရှိ မော်ဂင်အန်းရှိ အမျိုးသမီးကို ညှဉ်ပြရင်း -

' ဟောဒါ ကတော့ မစ္စဆယ်လီ ဖြစ်ပါတယ် ' ဟု မိတ်ဆက်ပေးပြန်သည်။ သူမသည် စောစောက ခရိတ်အား လှမ်းကြည့်နေသူပင်ဖြစ်ပြီး ခရိတ်ကလည်း စိတ်ဝင်စား၍ ပြန်ကြည့်ခဲ့သည်။ သူသည် ဆယ်လီနှင့်နောက်ဆုံးတွေ့ဆုံခဲ့ရသည်မှာ တစ်လခန့် ရှိပြီဖြစ်သော်လည်း သူမနှင့် တွေ့ဆုံခဲ့ရပုံကို ကောင်းစွာ မှတ်မိနေသည်။

' ကျွန်မနဲ့ မစ္စတာခရိတ်တို့က တွေ့ဆုံခဲ့ပြီးပါပြီရှင့်။ ဒါပေမဲ့ သူက ကျွန်မကို မှတ်မိပုံမလား မပြောတတ် ဘူး '

ပြောပြောဆိုဆို ဆယ်လီသည် ခရိတ်၏လက်ကို ရင်းနှီးစွာ ကိုင်လိုက်ပြီးမှ မော်ဂင်ဘက်သို့လှည့်၍ ... ' ကျွန်မ အမေရိကန်က ပြန်ရောက်ပြီးတော့ ရှင်နဲ့မတွေ့ရသေးတာဝမ်းနည်းပါတယ်။ ဘာပဲဖြစ်ဖြစ် ဓာတ်ပုံပြပွဲ စီစဉ်ပေးတာကိုတော့ ကျေးဇူးတင်လို့ မဆုံးပါဘူး' ဟုပြောလိုက်သည်။

' ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ ဒါထက် ရှေ့အပတ်ထဲ တစ်ရက်ရက် နေ့လယ်စာအတူစားကြရအောင်နော် ' မော်ဂင်ကပြောပြီး ခရိတ်ဘက်သို့လှည့်၍ ရှင်းပြလေသည်။

' ဒီလိုပါခင်ဗျ။ ကျွန်တော်တို့က ဆယ်လီရဲ့ ဓာတ်ပုံတွေကို ပြပွဲတစ်ခုဖြစ်အောင်စုပြီး အာဖရိက တိုက်မှာရှိတဲ့ အမေရိကန်ကောင်စစ်ဝန်ရုံးတွေကို လှည့်လည်ပြသခဲ့ပါတယ်။ ဓာတ်ပုံတွေကတော့ အလွန် ကောင်းလှပါတယ်။ ဆယ်လီရဲ့ ဓာတ်ပုံလက်ရာဘယ်လောက် အဆင့်အတန်းမြင့်တယ်ဆိုတာ ခင်ဗျားကို ပြရဦးမယ် '

ဤတွင် ဆယ်လီက ပြုံးလိုက်သည်။

' မစ္စတာခရိတ်က ကျွန်မရဲ့ ဓာတ်ပုံလက်ရာတွေကို မြင်ဖူးခဲ့ပြီးပါပြီရှင့်။ ဒါပေမဲ့ သူက ကျွန်မရဲ့ ကြိုးပမ်းမှုကို တယ်ပြီး စိတ်ဝင်စားပုံ မရပါဘူး' ခရိတ်က ထိုစကားကို ကန့်ကွက်မည်ပြုသော်လည်း ဆယ်လီက ပြောခွင့်မပေးသလို မော်ဂင်အား ဆက်ပြောပြန်လေသည်။

' ဒီမယ်၊ ဗိုလ်ချုပ် ဖွန်ဂါဘီရာက ကျွန်မနဲ့အတူ ပြန်လည်ထူထောင်ရေးစခန်းတစ်ခုကို လိုက်ပြမယ်လို့ ကတိပေးထားပါတယ်။ ပြီးတော့ ကျွန်မကိုလည်း ဓာတ်ပုံရိုက်ကူးဖို့ ခွင့်ပြုမယ်တဲ့ရှင့် '

သူမ၏ အမူအရာမှာ ခရိတ်အား စကားပြောခွင့် မရအောင် တမင်သက်သက် လုပ်နေသည်နှင့် တူနေသည်။ သူ့အား ဂရုမစိုက်သလိုပုံမျိုးလည်း ဖြစ်နေသည်။ ခရိတ်သည် ရှက်အမ်းအမ်းဖြစ်နေရာ ကံအားလျော်စွာ ဗိုလ်ချုပ် ဖွန်ဂါမီရာက သူ၏လက်မောင်းကို အသာဆွဲ၍ ခပ်လှမ်းလှမ်း တစ်နေရာသို့ ခေါ်သွားပြီး စကားပြောလေသည်။

' မစ္စတာခရိတ်က လူတကာနဲ့ ရန်သူဖြစ်အောင် လုပ်တတ်တယ် ထင်တယ် '

ဗိုလ်ချုပ်သည် ဆယ်လီက ခရိတ်ကို သဘောမကျသည့်ဟန်ဖြင့် ဆက်ဆံပုံကို အကဲခတ်မိသဖြင့် ပြောလိုက်ခြင်းဖြစ်ဟန်တူသဖြင့် ခရိတ်က ...

' နယူးယောက်မြို့ မှာတုန်းက သူနဲ့ကျုပ်တို့ တစ်ယောက်ကို တစ်ယောက် အထင်အမြင် လွဲခဲ့ဖူးလို့ပါ' ဟု ရှင်းပြလိုက်သည်။

' ကျုပ်က အမျိုးသမီး ဓာတ်ပုံဆရာအကြောင်း ပြောနေတာ မဟုတ်ပါဘူး။ ဒီနေ့မနက် ခင်ဗျားက ကျုပ်တို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးနဲ့တွေ့ဆုံခဲ့တာကို ပြောတာပါ။ ခင်ဗျား ဝန်ကြီးနဲ့ တွေ့ဆုံခဲ့ရတာ အဆင်မပြေဘူး မဟုတ်လား '

' အင်း... ဟုတ်ကဲ့၊ အဆင်မပြေခဲ့ဘူး ဆိုပါတော့ '

ခရိတ်က ဝန်ခံလိုက်သည်။

' ဟို ဝန်ကြီးက ခင်ဗျားရဲ့ဆန္ဒကို မလိုက်လျောတာဟာ ဝမ်းနည်းစရာပါပဲ။ တကယ်တော့ ကျုပ်တို့ နိုင်ငံဟာ စားသောက်ကုန် မဖူလုံတဲ့အတွက် လူဖြူလူမည်း ခွဲခြားရေးဝါဒ လက်ကိုင်ထားတဲ့ တောင်အာဖရိကကို အားကိုးနေရတယ်။ အဲဒီလို သူတစ်ပါးကို အားမကိုးရဘဲ ကိုယ့်နိုင်ငံတွင်းမှာ စားနပ်ရိက္ခာဖူဖူအောင် လုပ်မယ်ဆိုရင် ငွေပင်ငွေရင်း တတ်နိုင်တဲ့ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်တွေလိုအပ်တာ အမှန်ပဲ။ ဒါမှလည်း ကျုပ်တို့ ဇင်ဘာဘွေနိုင်ငံမှာ အလဟဿဖြစ်နေတဲ့ မြေယာတွေကို အသုံးချနိုင်မှာဖြစ်တယ် '

' ဟုတ်ကဲ့၊ ဗိုလ်ချုပ်ကတော့ တကယ်အမြင်ကျယ်ပါပေတယ် '

' ဒီလိုပြောတာ ကျေးဇူးတင်ပါတယ် မစ္စတာခရိတ်။ ဒီတော့ ခင်ဗျား ကျုပ်ပြောသလိုလုပ်ပါ။ ခင်ဗျား အနေနဲ့ မြေယာဝယ်ယူဖို့ အစီအစဉ်တွေပြီးရင် ကျုပ်ဆီကိုလာတွေ့ပါ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ကျုပ်ရဲ့ ယောက်ဖတော်ပါတယ် '

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ပြုံးလိုက်ပြီးမှ ဆက်ပြောပြန်သည်။

' ခင်ဗျား စောစောကကြားလိုက်တဲ့ ကျုပ်က မစ္စဆယ်လီနဲ့အတူ ပြန်လည်ထူထောင်ရေးတစ်ခုကို သွားဖို့ရှိပါတယ်။ ဒီလိုနေရာမျိုးတွေက သာမန်လူတွေ ဝင်ကြည့်ခွင့်မရှိပါဘူး။ နိုင်ငံတကာက သတင်းစာဆရာတွေက ဒီစခန်းတွေနဲ့ပတ်သက်ပြီးအမျိုးမျိုး လုပ်ကြံရေးသားနေကြပါတယ်။ ခင်ဗျားကတော့ နာမည်ကျော် စာရေးဆရာ တစ်ဦးအနေနဲ့ တကယ်လက်တွေ့မြင်ရရင် အမှန်ကို ကမ္ဘာကသိအောင် ရေးသားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ကျုပ်နဲ့ မစ္စဆယ်လီတို့ စခန်းကို သွားကြည့်တဲ့အခါ ခင်ဗျားကိုပါ လိုက်စေချင်ပါတယ်။ သူနဲ့ခင်ဗျား အမေရိကန်မှာ အထင်အမြင်လွဲခဲ့ကြတယ်ဆိုတာကိုလည်း ပြေလည်အောင် ရှင်းခွင့်ရပါလိမ့်မယ်။ မဟုတ်ဘူးလား မစ္စတာခရိတ် '

အခန်း (၈)

ခရိတ်သည် သူ၏ ဗောက်ဝက်ဝွန်ကားဖြင့် ဆာရွန်လေတပ်စခန်းသို့ မောင်းသွားရာ သူရောက်သွားချိန်၌ မှောင်မည်းလျက်ပင်ရှိသေးသဖြင့် ရာသီဥတုကလည်း အတော်အေးလျက်ရှိလေသည်။ ဝန်ကြီးဗိုလ်ချုပ်ဖွန်ဂါဘီရာက ခရိတ်ထက်ပင်စောစောရောက်နေပြီး ဇင်ဘာဘွေလေတပ်မှအရာခံဗိုလ် နှစ်ဦးနှင့် စကားပြောနေလေသည်။ သူသည်ခရိတ်ကိုမြင်သည်နှင့် ထိုလူနှစ်ယောက်အား ထွက်သွားခိုင်းပြီးနောက် ခရိတ်ရှိရာသို့လျှောက်လာလေသည်။

ဖွန်ဂါဘီရာသည် စစ်မြေပြင်သုံး ယူနီဖောင်းဝတ်စုံ ဝတ်ထားပြီး အနီရောင် ဦးထုပ်ပျော့ ဆောင်းထားလေသည်။ ဦးထုပ်တွင် တပ်ဆင်ထားသော ကျားသစ်ဦးခေါင်းတံဆိပ်မှာ ဇင်ဘာဘွေစစ်တပ်၌ နာမည်ကြီး တတိယတပ်မဟာအမှတ်တံဆိပ်ပင်ဖြစ်သည်။ လက်နက်အနေဖြင့်ကား ခါးတွင်ချိတ်ထားသော ပစ္စတိုသေနတ်အပြင် လက်ကိုင်တုတ်တိုတစ်ချောင်းသာလျှင် ကိုင်ထားလေသည်။

' ဟဲလို ဖွန်ဂါဘီရာသည် ခရိတ်ကိုင်ထားသော အဝတ်အစား ထည့်သည့်လက်ဆွဲအိတ်ကို လှမ်းကြည့် ပြီး' နောက်ပြီး ခရီးသွားတဲ့အခါ ပစ္စည်းများများ မယူဘဲ ပေါ့ပေါ့ပါးပါး သွားတတ်တဲ့ လူမျိုးမှ ကြိုက်တယ် ' ဟု ဆက်ပြော လေသည်။

ထို့နောက် နှစ်ယောက်သား လေယာဉ်များရှိရာသို့ အတူလျှောက်သွားကြလေသည်။ ခရိတ်သည် လှမ်းကြည့်လိုက်ရာ ကင်ဘာရာ အမျိုးအစား ဗြိတိသျှ ဗုံးကြဲလေယာဉ်ဟောင်းကြီးနှစ်စင်း ဆိုက်ထားသည်ကို မြင်ရလေသည်။

ထိုလေယာဉ်များမှာ တစ်ချိန်က(မျက်နှာဖြူအစိုးရလက်ထက်က) ဇင်ဘာဘွေတိုင်းရင်းသားတော်လှန်ရေး ပြောက်ကျားစခန်းများအား တရကြမ်း ဗုံးကြဲတိုက်ခိုက်ခဲ့သော လေယာဉ်များဖြစ်လင့်ကစား ယခုတော့မူ လွတ်လပ်သော ဇင်ဘာဘွေနိုင်ငံလေတပ်ဖ၏ အဓိက အားကိုးနေရသော လေယာဉ်များဖြစ်နေပေပြီ။ ယင်း ဗုံးကြဲလေယာဉ်နှစ်စင်း၏ ဘေးဘက် မလှမ်းမကမ်းတွင်ကား စက်ဆနာ အမျိုးအစား ငွေရောင်နှင့်အပြာရောင်ဆေးသုတ်ထားသည့် လှပသော လေယာဉ်ငယ်အသစ်တစ်စင်း ရှိလေသည်။ ဝန်ကြီး ဖွန်ဂါဘီရာသည် ထိုစက်ဆနာ လေယာဉ်ငယ်ဆီသို့ ဆက်လျှောက်သွားရာ ခရိတ်လည်း လိုက် လျှောက်သွားလေသည်။ သူတို့ ချဉ်းကပ်သွားချိန်မှာပင် ဓာတ်ပုံဆရာ အမျိုးသမီး ဆယ်လီသည် လေယာဉ်ကိုယ်ထည်ဖ၏ တစ်ဖက်မှထွက်ပေါ်လာလေသည်။ သူမသည် လေယာဉ်ကို သေချာစွာ စစ်ဆေးကြည့်ရှုနေပုံကို ထောက်ခြင်းအားဖြင့် ဆယ်လီပင်လျှင် ထိုလေယာဉ်ကို ပိုင်းလော့(လေယာဉ်မှူး)အဖြစ် မောင်းနှင်လိမ့်မည်ဟု ခရိတ်က တွက်မိလေသည်။

မူလကတော့ ဝန်ကြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာ စီးနင်းလိုက်ပါမည့် လေယာဉ်ကို ဇင်ဘာဘွေ လေတပ်မှ လေယာဉ်မှူး တစ်ဦး မောင်းနှင်လိမ့်မည်ဟု ထင်ခဲ့မိသည်။ ဆယ်လီသည် လေယာဉ်မှူးဝတ်စုံဝတ်ထားပြီး ဦးခေါင်းမှဆံပင်များကို ပိုးပဝါတစ်ထည်ဖြင့် စည်းထားလေသည်။ သူမသည် ကျွမ်းကျင်သော လေယာဉ်မှူးတစ်ယောက်ကဲ့သို့ လေယာဉ်၏စက်ခလုတ်များနှင့် ဓာတ်ဆီအနည်းအများပမာဏကိုပါ သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် လေယာဉ်ပေါ်မှ ပြန်ဆင်းလာကာ နူတ်ဆက်လေသည်။

' ဂွတ်မောနင်း ဗိုလ်ချုပ်၊ လေယာဉ်စီးတဲ့အခါ ဗိုလ်ချုပ်က လက်ယာဘက်က ထိုင်ခုံမှာ စီးချင်ပါသလား '

' အဲဒီနေရာ ကို မစ္စတာခရိတ်ကို ပေးလိုက်ရင် ကောင်းမယ်ထင်တယ်။ ဒါမှ သူက ရှုခင်းတွေကို ကောင်းကောင်းမြင်ရမယ်။ ကျုပ်ကဒီရှုခင်းတွေကို ခဏခဏ မြင်နေရလို့ရိုးနေပါပြီ '

ဗိုလ်ချုပ်ဖွန်ဂါဘီရာ က ပြောလိုက်လျှင် ဆယ်လီသည် ခေါင်းညိတ်လျက် ...

' ဒါဖြင့် ဗိုလ်ချုပ်သဘောအတိုင်းပါဘဲ' ဟု ပြောကာ ခရိတ်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး ဖြတ်လတ် သွက်လက်စွာ လေယာဉ်မောင်းသည့်နေရာကို တက်ထိုင်လိုက်သည်။ ခရိတ် နှင့် ဖွန်ဂါဘီရာတို့သည် လေယာဉ်ပေါ်သို့ တက်လိုက်ကြသည်။

ဆယ်လီသည် လေဆိပ်မျှော်စင်သို့ ရေဒီယိုဖြင့် ဆက်သွယ်၍ ထွက်ခွာပျံသန်းခွင့်ရယူပြီးနောက် လေယာဉ်ကို လေယာဉ်ပြေးလမ်းကြောင်းရှိရာသို့ စတင်မောင်းထွက်လေသည်။ သူမသည် လေယာဉ်တွင်းရှိ စက်ခလုတ်ယန္တရားများကို အထူးကျွမ်းကျင်စွာ ကိုင်တွယ်တတ်ပုံကို မြင်ရတော့မှ ခရိတ်သည် မူလက အမျိုးသမီး လေယာဉ်မှူးများအပေါ် အထင်သေးခဲ့မိသည့် ယူဆချက် မှားယွင်းကြောင်း သိလာလေသည်။ ဆယ်လီကား လေယာဉ်မောင်း အထူးကျွမ်းကျင်သူ လေယာဉ်မှူး တစ်ဦးဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

လေယာဉ်ငယ်သည် ကောင်းကင်သို့ပျံတက်မိသောအခါ ဆယ်လီက အနောက်ဘက်ဆီသို့ လေယာဉ်ထိန်းခလုတ်ကို ဦးတည်ကာ အော်တိုပိုင်းလော့ခ်ေ အလိုအလျောက်ထိန်းမောင်းနှင်သည့် ကိရိယာခလုတ်ကို ဖွင့်လိုက်သည်။ ဤနည်းအားဖြင့် လေယာဉ်မှူးကထိန်းပေးရန် မလိုတော့ဘဲ အော်တိုပိုင်းလော့က ဆက်လက် ထိန်းမောင်းသွားမည်ဖြစ်သည်။

' လေယာဉ် က အလွန်ကောင်းတာပဲ၊ ဒါဟာ ကိုယ်ပိုင်လေယာဉ်လား '

ခရိတ်က စကားစသည့်အနေဖြင့် ပြောလိုက်ရာ ဆယ်လီသည် ရှေ့တည့်တည့်သို့ကြည့်ရင်း -

' ကမ္ဘာတောရိုင်း တိရွစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ပိုင် လေယာဉ်ဖြစ်ပါသည်။ အခုတော့ ကျွန်မ အသုံးပြုဖို့အတွက် ပေးထားပါတယ် ' ဟု ပြန်ပြောလေသည်။

' ဒီလေယာဉ်က တစ်နာရီ ဘယ်နှမိုင်လောက် ပျံသန်းနိုင်သလဲ ' ' ရှင့်ရှေ့တည့်တည့်မှာ မိုင်နှုန်းကို ညွှန်ပြခဲ့တဲ့ ဇယားဒိုင်ခွက်ရှိပါတယ် '

ဆယ်လီက ဘုကျကျ ပြန်ပြောလိုက်သည်။

ခရိတ်သည် ရုက်အမ်းအမ်းဖြစ်သွားလျက် ဘာဆက်ပြောရမှန်းမသိအောင်ဖြစ်နေစဉ် ဗိုလ်ချုပ် ဖွန်ဂါဘီရာက နောက်ထိုင်ခုံမှ ရှေ့သို့တိုးလျက် ခရိတ်အား ရှုခင်းကိုညွှန်ပြရင်း ရှင်းပြလေသည်။

' ဟောဟိုက ရေကာတာကြီး မြင်တယ်မဟုတ်လား။ ဒီဒေသမှာ ခရိုမီယံ ပလက်တီနမ်စတဲ့ အဖိုးတန်သတ္တု တွေ ထွက်တယ် '

ခရိတ်လည်း အောက်သို့ ကြည့်လိုက်ရာ ရေကာတာကြီးအပြင် ဘေးပတ်ဝန်းကျင်၌ လယ်ယာစိုက်ပျိုးရေးမြေကွက်များနှင့် တောတောင်ရှုခင်းများကို မြင်ရလေသည်။

' ကျုပ်တို့က သွန်ဂိုလာ တောင်တန်းဘေးနားက လေယာဉ်ကွင်းငယ်တစ်ခုရှိတယ်။ သွားလာရေး ခက်ခဲတဲ့ နေရာတစ်ခုပါပဲ။ အဲဒီလေယာဉ်ကွင်းကမှ မော်တော်ကားနဲ့ ထူထောင်ရေးစခန်းကို ဆက်သွား ကြမယ် '

ဗိုလ်ချုပ်ဖွန်ဂါဘီရာဇ၏ စကားအဆုံးတွင် ဆယ်လီက

' ဗိုလ်ချုပ်၊ ကျွန်မ လေယာဉ်ကို အခုထက်ပိုပြီး ခပ်နိမ့်နိမ့် ပျံချင်ပါတယ် ဖြစ်မလား ' ဟု မေးလိုက်ရာ ဖွန်ဂါဘီရာက ပြုံးလိုက်ပြီး ခရိတ်ဘက်သို့ လှည့်၍

' သူက ဘာကြောင့် လေယာဉ်နိမ့်နိမ့် ပျံချင်တယ်ဆိုတာ ကျုပ်သိတယ်။ ဆယ်လီက တောရိုင်း တိရစ္ဆာန်တွေ မျိုးဆက်မပြုတ်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သူကကျုပ်ကို ပညာပေးနေတယ်ဗျ ' ဟု ပြောလိုက်သည်။

ဆယ်လီသည် လေယာဉ်ကို ခပ်နိမ့်နိမ့် ပျံသန်းလေသည်။ လေယာဉ်နိမ့်လာသည်နှင့်အမျှ အပူရှိန်က ပို၍ ပြင်းထန် လာလေသည်။ ခရိတ်သည် အောက်သို့ငုံ့ကြည့်လိုက်ရာ တောတောင်ရှုခင်းများ သာရှိပြီး လူသူနေထိုင်ခြင်း၊ သီးနှံ စိုက်ပျိုး ထားခြင်းများ လုံးဝမရှိကြောင်း တွေ့ရလေသည်။
'ဒီနေရာတွေ အခြေအနေတော်တော်ဆိုးတယ်ဗျ။ ရေအလွန်ရှားတဲ့အပြင် တိရစ္ဆာန်တွေအဖို့ စားကျက် ကောင်းကောင်းလည်း မရှိဘူး။ နောက်ပြီး အန္တရာယ်ပေးတဲ့ ဆက်ဆီးယင်ကောင်တွေ အလွန်ပေါတယ်'
ဗိုလ်ချုပ် ဗွန်ဂါဘီရာက ထိုနေရာအကြောင်း ခရိတ်အား ပြောပြလေသည်။

သို့ရာတွင်ဆယ်လီသည် ရေခန်းခြောက်နေသောချောင်းတစ်ခုရှိရာဘက်သို့ လေယာဉ်ကိုဆက်မောင်းသွားရာ မိုင်နှစ်ဆယ်ခန့်သွားမိသော် ဆင်ထီးကြီးတစ်ကောင်ကို တွေ့ရလေသည်။ ဆယ်လီသည် လေယာဉ်ကို သစ်ပင်ထိပ်ဖျားသာသာထိအောင် အလွန်နိမ့်စွာပျံသန်းလျက် ဆင်ထီးကြီးရှိရာနေရာအနီးတွင် ကွေ့၍ပျံသန်းလေသည်။ ဆင်ကြီးနှင့် တောအုပ်ကြားနေရာ၌ လေယာဉ်ကို အစုန်အဆန် ပျံသန်းလိုက်ခြင်းအားဖြင့် ဆင်ကြီးသည် တောအုပ်အတွင်းသို့ ပြေးဝင်တိမ်းရှောင်ခြင်းမပြုနိုင်ဘဲ တောအုပ်ပြင်ဘက် မြေကွက်လပ်ဘက်သို့သာ သွားနိုင်လေသည်။

ဤတွင် ဆယ်လီသည် လက်တစ်ဖက်ဖြင့် လေယာဉ်ကို ထိန်းမောင်းပြီး ကျန်လက်တစ်ဖက်နှင့် ဆင်ကြီးအား ဓာတ်ပုံရိုက်ယူလေသည်။ ရုပ်ရှင်ဖလင်ဖြင့် ရုပ်ရှင်ရိုက်ယူခြင်းဖြစ်သည်။

' ဆင်ကြီးက တကယ့်ခံညားတာပဲ၊ ဆင်စွယ်ကြီးတွေကလည်း ဆစ်ဖက်ကို အနည်းဆုံး အလေးချိန် ပေါင်တစ်ရာလောက်ရှိမယ် '

ဤသို့လည်း သူမသည် ရုပ်ရှင်ကင်မရာဖြင့် ရိုက်ကူးနေရင်း မှတ်ချက်ချလိုက်သည်။

ဆယ်လီက လေယာဉ်ကို ပျံသန်းနေသည်မှာ အလွန်နိမ့်လှသဖြင့် ခရိတ်သည် ဆင်ကြီးက လေယာဉ် တောင်ပံကို နာမောင်းဖြင့် ချိတ်ဆွဲလိုက်လေမည်လောဟု တွေးတော စိုးရိမ်မိလေသည်။ အတန်ကြာ တော့မှ ဆယ်လီသည် ဆင်ကြီးရှိရာနေရာမှထွက်ခွာပြီး လေယာဉ်ကို ကောင်းကင်အမြင့်သို့ ပျံသန်း တက်မောင်းနှင်လေသည်။
သည်တော့မှ ခရိတ်လည်း စိတ်အေးသွားကာ သက်ပြင်းချနိုင်တော့သည်။ လေယာဉ်ကို အန္တရာယ်နီး ကပ်စွာ ပျံသန်းသည့်အတွက် ဆယ်လီကို စိတ်ထဲမှ ကျိန်ဆဲမိလေသည်။ ဆယ်လီ ကမူ ဗိုလ်ချုပ်ဖွန်ဂါ ဘီရာအား လှမ်းစကားပြောနေလေသည်။

' ဒီဆင်ကြီးရဲ့တန်ဖိုးကိုပြောရရင် အသေသတ်လိုက်ရင်တော့ ဒေါ်လာငွေ တစ်သောင်းတန်မယ်။ ဒါပေမဲ့ မသေဘဲရှင်နေရင်တော့ အဲဒါထက်ဆယ်ဆမကကို တန်ဖိုးရှိတယ်။ ဒီဆင်ထီးကြီးက တစ်ဆင့် နောက်ထပ် ဆင်အကောင် တစ်ရာလောက်သားစပ် မွေးလာနိုင်တယ် '

ထိုအခါ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခရိတ်ဘက်သို့ လှည့်၍ ...

' ဆယ်လီ ကတော့ ဒီဒေသမှာ တောဆင်ရိုင်းတွေကို တရားမဝင် ခိုးသတ်ဖြတ်နေသူတွေ ရှိတယ်လို့ ယုံကြည်နေတယ်ဗျ။ သူကိုယ်တိုင် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ကျုပ်ကြည့်ရတယ်။ ဆင်ရိုင်းတွေကို ရိုက်ထားတဲ့ပုံတွေက အလွန်လည်းကောင်းပါတယ်။ ကျုပ်ကိုယ်တိုင်တောင် ဆယ်လီ ပြောသလိုပဲ ဆင်တွေ ခိုးသတ်တာတွေအတွက် စိုးရိမ်စပြုလာမိပြီ' ဟု ပြောလိုက်သည်။

' ကျွန်မ တကယ်ပြောတာပါ ဗိုလ်ချုပ်၊ ဆင်ခိုးသတ်တဲ့ဂိုဏ်းတွေကို မတွေ့တွေ့အောင်ရှာပြီး ဖြိုခွင်း နှိမ်နင်းဖို့ သိပ်အရေးကြီးနေပြီရှင့် '

ဆယ်လီက ဝင်ပြောလိုက်ရာ ဗိုလ်ချုပ်ကလည်း ခေါင်းညိတ်လိုက်သည်။

' ဆင်ခိုးသတ်တဲ့ ဂိုဏ်းတွေကို ဆယ်လီကသာ လိုက်ရှာပေးစမ်းပါ။ ကျုပ်က အပြတ်နိမ်နင်းပေး ပါ့မယ်'
သူတို့နှစ်ဦး စကားပြောနေသည်ကို နားထောင်ရင်း ခရိတ်သည် စိတ်လှုပ်ရှားမှုတစ်မျိုး ခံစားမိလေ သည်။ ယင်းကား ဆယ်လီနှင့်ဗိုလ်ချုပ်ဖွန်ဂါဘီရာ ရင်းရင်းနှီးနှီး စကားပြောနေသည်ကို မနာလို ဝန်တို စိတ် ဖြစ်ပေါ်မိခြင်းပင်ဖြစ်သည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ကပွလီလူမည်းတစ်ဦးဖြစ်လင့်ကစား အလွန်ခံ့ညားချောမွေ့သော အင်္ဂါရုပ် ရှိသဖြင့် အမျိုးသမီးများအဖို့ ကျလောက်စရာ ယောကျ်ားတစ်ဦးဖြစ်နေသည်မှာ အမှန်ပင် ဖြစ်သည်။ ဤသို့ စိတ်ထဲမှ ဖြစ်ပေါ်မိရင်း ခရိတ်သည် နောက်သို့ လှည့်ကြည့်မိရာ ဗိုလ်ချုပ် ဖွန်ဂါဘီရာကလည်း သူ့အားပြန်၍သေချာစွာ အကဲခတ်ကြည့်နေသည်ကို မြင်ရလေသည်။ ဗိုလ်ချုပ်သည် ခရိတ်အား အဓိပ္ပာယ်ပါပါပြုံးလျက် 'ဒါထက် မစ္စတာခရိတ်ကတော့ ဒီကိစ္စအပေါ် ဘယ်လို သဘောရပါသလဲ ' ဟု မေးလိုက်သည်။
ထိုအခါ ခရိတ်က ဇင်ဘာဘွေနိုင်ငံတွင် သူလုပ်ရန် ရည်ရွယ်သောလုပ်ငန်းစီမံကိန်းအကြောင်း ပြောပြ လိုက်လေသည်။ ချီဇာရီဒေသတွင် ကမ္ဘာလှည့် တိုးရစ္စခရီးသည်များ လာရောက်အပန်းဖြေ လေ့လာ နိုင်အောင်စခန်းတစ်ခု တည်ဆောက်ဖွင့်လှစ်ရန် ရည်ရွယ်ကြောင်း၊ သူကိုယ်တိုင် ရင်ဆိုင်တွေ့ခဲ့ရ သော ကြုံနက်ကြီးတစ်ကောင်အကြောင်းနှင့် ပတ်ဝန်းကျင်ဒေသတွင် တောတောင်ရှုခင်းများ မူလ သဘာဝအတိုင်း မပျက်မကွက်ရှိနေ၍ အလွန်တန်ဖိုးရှိလှကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောပြလိုက်သည်။
ခရိတ်ကပြောနေစဉ် ဆယ်လီသည်အလွန်စိတ်ဝင်စားဟန်ဖြင့် နားစိုက်ထောင်နေလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာကမူ ခရိတ်၏လုပ်ငန်းစီမံကိန်းကို သဘောကျပုံ ရလေသည်။

' မစ္စတာခရိတ်ခင်ဗျား၊ အခုပြောနေတဲ့ ခင်ဗျားရဲ့ စီမံကိန်းက အလွန်ကောင်းပါတယ်။ ဒါမျိုးတွေ ကျုပ်တို့နိုင်ငံက အလွန်လိုအပ်ပါတယ်။ ဒီလုပ်ငန်းလုပ်ရင် မုချ အကျိုးရှိမယ်ဆိုတာလည်း ကျုပ်တို့ နိုင်ငံသားတွေက သဘောပေါက်ပါလိမ့်မယ် '

နာရီဝက်ခန့် ဆက်သွားမိကြသောအခါ ခပ်လှမ်းလှမ်းတွင် သွပ်မိုးနှင့် အဆောက်အအုံတစ်ခုကို မြင်ရ လေသည်။
' အဲဒါ တူဘီ သာသနာပြု မစ်ရှင်စခန်းပဲ ရှင့် '

ဆယ်လီကပြောရင်းလေယာဉ်ကို မြေပြင်သို့ဆင်းသက်ရန်ပြင်ဆင်လေသည်။ ခရိတ်သည်အောက်သို့ ငုံ့ကြည့်လိုက်ရာ လူအချို့လေယာဉ်ကိုမော့ကြည့်ရင်း လက်ပြန္တတ်ဆက်နေကြသည်ကို မြင်ရလေသည်။

လေယာဉ်ကွင်းမှာ အလွန်သေးငယ် ကျဉ်းမြောင်းပြီး လေယာဉ်ပြေးလမ်းကြောင်းကလည်း ကြမ်းတမ်းလှပေသည်။ သို့ရာတွင် ဆယ်လီသည် လေယာဉ်ကို အထူးကျွမ်းကျင်စွာ ထိန်းမောင်းလျက် ညင်ညင်သာသာပင် ဆင်းသက်နိုင်လေသည်။ လေယာဉ်ကွင်းတွင် စစ်သားသုံးဦးသည် စစ်တပ်လင်းရိုဗာမော်တော်ကားတစ်စီးဖြင့် အသင့်စောင့်နေရာ ဗိုလ်ချုပ် ဖွန်ဂါဘီရာအား စစ်သားများက အလေးပြုလိုက်ကြသည်။ ခရိတ်က ဆယ်လီအား လေယာဉ်ပေါ်မှဆင်းရန် ကူညီနေစဉ်မှာပင် စစ်သားများက ဝန်စည်စလယ်များကို လင်းရိုဗာကားပေါ်သို့ ပြောင်းရွှေ့တင်လိုက်ကြသည်။

ထို့နောက် အားလုံးကားပေါ်တက်၍ မောင်းထွက်ကြလေသည်။ လေဆိပ်ပြင်ဘက် မလှမ်းမကမ်းတွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့် သာသနာပြု မစ်ရှင်စာသင်ကျောင်းရှိရာ လင်ရိုဗာကားသည် ထိုနေရာအနီး သို့ ရောက်သောအခါဆယ်လီက ....

' ဒီမှာ အမျိုးသမီးရေချိုးခန်း ရှိမလားဟင် ' ဟု ပြောလိုက်သည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကားမောင်းသူစစ်သားအား ချက်ချင်းပင်ကားကို ခေတ္တရပ်ခိုင်းလိုက်သည်။ စာသင်ကျောင်း၏ ဝရန်တာတွင် ကပွလီ(လူမည်း)ကလေးငယ်များ ရှိနေကြပြီး ကျောင်းဆရာမကိုယ်တိုင်ထွက်လာကာ ဆယ်လီအား ခရီးဦးကြိုပြုလေသည်။ ဆရာမသည် ဆယ်လီ၏ အရွယ်ခန့်ပင် ဖြစ်ပြီး အဝတ်အစားကို အထူးသပ်ရပ်စွာ ဝတ်ဆင်ထားသည်။ လှပကြော့ရှင်းသော ရုပ်ရည်လည်းရှိပေသည်။ ဆရာမသည် ဆယ်လီအားနှုတ်ဆက်စကားပြောပြီနောက် ကျောင်းတွင်းသို့ ခေါ်သွားလေသည်။ အမျိုးသမီးနှစ်ဦး ဝင်သွားချိန်တွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခရိတ်အားပွင့်လင်းစွာ စကားပြောလေသည်။

' ခင်ဗျားနဲ့ကျုပ် တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိမှ ကောင်းလိမ့်မယ်ထင်တယ်။ လေယာဉ်ပေါ်တုန်းက ကျုပ်နဲ့ဆယ်လီစကားပြောနေတုန်းက ခင်ဗျားလှမ်းကြည့်နေတာသတိပြုမိတယ်။ ခင်ဗျားကြည့်ပုံက ကျုပ်နဲ့ဆယ်လီကို မသက်ာပုံမျိုး ဖြစ်နေတယ်။ ဒီမယ် မစ္စတာခရိတ်၊ ကျုပ် ရှင်းရှင်းပဲ ပြောပါမယ်။ ကျုပ်ဟာ ဆယ်လီရဲ့ ဉာဏ်အမြော်အမြင်ရှိမှု၊ လုပ်ငန်းကျွမ်းကျင်မှုတွေကို သဘောကျတာမှန်တယ်။ ဒါပေမဲ့ အဲဒါထက် မပိုဘူး။ ကျုပ်ဟာ မျက်နှာဖြူ အမျိုးသမီးကို လုံးဝ စိတ်မဝင်စားဘူး။

တပ်မက်တဲ့ စိတ်လည်းမရှိဘူး။ ဒါကြောင့် အခုလည်း ကျုပ်ဟာ ဆယ်လီကို ရိုးရိုးခင်မင်တာကလွဲလို့ ဘယ်လိုမှ စိတ်ထဲမှာ မရှိဘူး '

' ဒီလိုကြားရတာ ဝမ်းသာပါတယ်ဗျာ ' ခရိတ်က ပြုံး၍ ပြောလိုက်သည်။

' ဒါပေမဲ့ ဒီကျောင်းက ဆရာမကလေးကို ခင်ဗျားမြင်လိုက်တယ် မဟုတ်လား။ အဲ သူ့ကိုတော့ ကျုပ် စိတ်ဝင်စား မိတယ်ဗျ '

' ဩော် ဟုတ်လား '

' ဟုတ်တယ်၊ ဆရာမလေးရဲ့ နာမည်က ဆာရာ တဲ့။ သူဟာ ရုပ်ရည်ချောမောလှပသလောက် ဉာဏ်ပညာ ထက်မြက်သူလည်းဖြစ်တယ်။ အထက်တန်းပြ ဆရာမသင်တန်းမှာ ထိပ်ဆုံးက အောင်မြင်ခဲ့တယ်။ ဒါ့အပြင် ယဉ်ကျေးရည်မွန်ပြီး ကျုပ်တို့ရဲ့ ရိုးရာထုံးတမ်းစဉ်လာ ယဉ်ကျေးမှုကိုလည်း တန်ဖိုးထား မြတ်နိုးသူလည်းဖြစ်တယ်။ တစ်နည်းအားဖြင့် ဆရာမဆာရာဟာ ခေတ်ပညာတတ် မိန်းကလေး တစ်ယောက်ဖြစ်ပေမယ့် ရှေးထုံးကိုမပယ်သူဖြစ်တယ်။ ဒါပေမဲ့ သူရဲ့ဖခင်က တိုင်းရင်းသား မော်ဆရာ ဆေးဆရာကြီး တစ်ဦးဖြစ်တယ်။ ဒါမျိုးတွေကတော့ ကျုပ်တို့ အာဖရိကတိုက်မှာ ပျောက်ကွယ်မသွားသေးဘူးဗျ။ ဘာပဲဖြစ်ဖြစ် အဲဒီလို ရှေးရိုးရာထုံးစံတွေ မပျောက်ကွယ်တာကိုက စိတ်ဝင်စားရာပိုကောင်းတယ် '

ထိုအချိန်၌ အမျိုးသမီးနှစ်ဦးတို့သည် ကျောင်းတွင်းမှ ပြန်ထွက်လာပြီး စကားလက်ဆုံကျနေကြလေသည်။ ထို့နောက် ဆယ်လီက သူ၏ကင်မရာနှင့် ကျောင်းမှကလေးများကို မာတ်ပုံရိုက်ယူနေရာ ခရိတ်နှင့်ဖွန်ဂါဘီရာတို့က လင်းရိုဗာကားပေါ်မှ ထိုင်ကြည့်နေကြလေသည်။

' ဒါထက် ဗိုလ်ချုပ်၊ ခင်ဗျားကိုကြည့်ရတာ လုပ်စရာရှိတာကို အချိန်မဆိုင်းဘဲ ချက်ချင်းလုပ်တတ်တဲ့ လူတစ်ယောက် ဖြစ်ပုံရတယ်။ ဒါနဲ့များ ဆရာမလေးကိစ္စမှာ ဘာကြောင့် လက်နှေးနေရတာလဲ '

ခရိတ်ကမေးလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာကမျက်နှာထားတည်တည်နှင့်ဆိုတော့အဲဒါက ပြဿနာပါပဲ' ထိုအခိုက် ဆရာမ ဆာရာ ဦးဆောင်လျက် ကျောင်းသူကျောင်းသား ကလေးငယ်များသည် ဇည့်သည်များအား ခရီးဦးကြိုပြုသည့် တေးသီချင်းတစ်ပုဒ် သီဆိုကြလေရာ ဆယ်လီက သဘောကျသဖြင့် သီချင်းဆိုနေပုံကို မာတ်ပုံရိုက်ယူကြပြန်လေသည်။

ထို့နောက် ဆယ်လီက လင်ရိုဗာကားပေါ် ပြန်တက်လိုက်ရာ ကလေးငယ်များက လက်ဝှေ့ယမ်းပြ၍ နှုတ်ဆက် ကြလေသည်။ သာသနာပြု မစ်ရှင်ကျောင်းမှ ဆက်လက် မောင်းထွက်လာသောအခါ လမ်းက အလွန်ကြမ်းတမ်းသဖြင့် သတိထားပြီး မောင်းသွားရလေသည်။ လမ်းတစ်လျှောက် မိုးရာသီ အတွင်းက မိုးရေများကြောင့် ဖြစ်လာသော ချိုင့်ကြီးများရှိနေ၍ လမ်းမကောင်းဘဲ ဖြစ်နေသည်။

မြောက်ဘက်သို့ မျှော်ကြည့်လိုက်သော် ညို့ညို့ဆိုင်းဆိုင်းနှင့် တောင်တန်းကြီးများ မြင်နေရလေ သည်။
' အဲဒါ သွန်ဂိုလာတောင်တန်းပဲဗျ၊ ဒီဒေသက အခြေအနေ အတော်ဆိုးတယ် '

ဗိုလ်ချုပ် ဖွန်ဂါဘီရာကပင် ပြောပြလေသည်။

တဖြည်းဖြည်းနှင့် သူတို့ ဦးတည် သွားနေသည့် ပြန်လည်ထူထောင်ရေး စခန်းနှင့် နီးလာသောအခါ ဖွန်ဂါဘီရာကပင် ရှင်းပြလေသည်။

' ခင်ဗျား သိထားရအောင် ပြောရဦးမယ်၊ ကျုပ်တို့ရဲ့ ပြန်လည်ထူထောင်ရေးစခန်းတွေဆိုတာက ဒုတိယ ကမ္ဘာစစ်အတွင်းက နာဇီဖက်စစ်တွေရဲ့ သုံ့ပန်းအကျဉ်းစခန်းတွေလိုမဟုတ်ပါဘူး။ လူတွေကို အတွေးအခေါ်မှန်လာအောင်ပညာပေးတဲ့ တကယ့်ပြန်လည်ထူထောင်ရေးစခန်းမျိုးဖြစ်တယ်။ ခင်ဗျား သိတဲ့အတိုင်း ကျုပ်တို့ ဇင်ဘာဘွေနိုင်ငံမှာ ဆယ်နှစ်ကျော်ကျော် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲ ခံခဲ့ကြရတယ်။ အဲဒီကာလ အတောအတွင်း အခုဆယ်ကျော်သက်အရွယ် လူငယ်တွေကဆိုရင် မောင်းပြန်ရိုင်ဖယ်သေနတ်ကိုင်ပြီး ကြီးပြင်းလာရတဲ့အတွက် သူတို့အနေနဲ့ ရန်သူကိုတိုက်ခိုက် သတ်ဖြတ်ဖို့လောက်ပဲ သိကြတယ်။ သူတို့ဟာလောကမှာ လိုရာဆန္ဒပြည့်ဝရေးအတွက် နှောင့်ယှက် တားဆီးနေသူတွေကို သတ်ပစ်မှပဲရမယ်ဆိုတဲ့ အသိမျိုးရှိနေကြတယ် '

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စကားကိုခေတ္တ ဖြတ်ထားပြီး သက်ပြင်းချလိုက်သည်။

အမှန်တော့ သူကိုယ်တိုင် ဖြတ်သန်းကျော်လွှားခဲ့ရသည့် လက်တွေ့ဘဝကိုပင် ပြန်ပြောင်း ပြောနေ ခြင်း ဖြစ်ကြောင်း ခရိတ်က ရိပ်မိလေသည်။ ဖွန်ဂါဘီရာ က စကားဆက်ပြန်လေသည်။

' ဒီလူငယ်တွေမှာ သူတို့ရဲ့ ခေါင်းဆောင်အချို့ကြောင့် အတွေးအခေါ် အယူအဆတွေ လွဲမှားနေ တယ်။ တော်လှန်ရေးစစ်ပွဲအတွင်းက အနေအထိုင် အစားအသောက် အလွန်ဆင်းရဲနေတုန်းက ခေါင်းဆောင်အချို့က လူငယ်တွေကိုကတိအမျိုးမျိုးအလွယ်တကူပေးခဲ့ကြတယ်။ တကယ့်လက်တွေ့

ကျတော့ အဲဒီကတိအတိုင်း လုပ်ပေးနိုင်တာလည်း မဟုတ်ဘူး။ ဥပမာ ခေါင်းဆောင်တွေက လူငယ်တွေကို တော်လှန်ရေး အောင်မြင်သွားရင် မြေဩဇာ အလွန်ကောင်းတဲ့ စိုက်ပျိုးရေးမြေကွက်တွေ၊ မွေးမြူရေးတိရစ္ဆာန်တွေ၊ မော်တော်ကားတွေ၊ ငွေကြေးတွေရမယ့်အပြင် မိန်းမတွေလည်း အများကြီး ရမယ်လို့ ပြောခဲ့တယ် '

ဤနေရာတွင် ဖွန်ဂါဘီရာသည် ဒေါသထွက်လာဟန်ဖြင့် အံကြိတ်လိုက်ပြီးမှ ဆက်ပြောလေသည်။
' အဲဒီ ကတိမျိုးတွေကြောင့် လူငယ်တွေဟာ အကြီးအကျယ် မျှော်လင့်ချက်တွေ ထားခဲ့ကြတယ်။ နောက်တော့ တော်လှန်ရေးပြီးဆုံးတဲ့အခါ မူလက ပေးထားတဲ့ ကတိတွေအတိုင်း ဖြစ်မလာတော့ လူငယ်တွေဟာ စိတ်နာပြီး ကတိပေးခဲ့သူ ခေါင်းဆောင်တွေကို ဆန့်ကျင်ပြီး ရန်လုပ်လာကြတယ်။ လူငယ်တွေ ဆိုတာကလည်း စစ်လေ့ကျင့်မှုသင်တန်းတွေ တက်ခဲ့ဖူးပြီး လက်နက်တွေလည်း ကိုယ်စီရှိကြတယ်။ တော်လှန်ရေးစစ်ပွဲကာလ သတ်ဖြတ်ခဲ့ဖူးတဲ့ အတွေ့အကြုံတွေကြောင့် နောက်ထပ် လူသတ်ရမှာ ဝန်မလေးကြသူတွေလည်း ဖြစ်တယ်။ ဒီတော့ ကျုပ်တို့ဘာလုပ်ရမလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့ '

ဤတွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာ သည် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်ပြီး

' ကိုင်း၊ နေ့လယ်စာ စားဖို့ အချိန်တော်ပြီ ကားခဏရပ်ပြီး အညောင်းဆန့်ဖို့လည်း ကောင်းတယ် ' ဟု ပြောလိုက်သည်။ ယာဉ်မောင်းသူ စစ်သားသည် မော်တော်ကားကို သစ်သားတံတားတစ်ခု အနီးတွင် ရပ်လိုက်သည်။ တံတားအောက်တွင် ဖြတ်သန်းစီးဆင်းနေသော ချောင်းထဲတွင် ကြည်လင်သန့်ရှင်းသော ရေများတသွင်သွင် စီးလျက်ရှိလေသည်။

လိုက်ပါလာသော စစ်သားများက ချက်ချင်းမီးမွှေးပြီး စားသောက်ဖွယ်ရာများကို ပြင်ဆင်နေစဉ် ဗိုလ်ချုပ် ဖွန်ဂါရာသည် ခရိတ်နှင့် ဆယ်လီတို့နှင့်အတူ အညောင်းပြေလျှောက်ရင်း သူ ပြောလက်စ စကားများကို ဆက်ပြော လေသည်။

' ကျုပ်တို့ အာဖရိကတိုက်က တိုင်းရင်းသားတွေမှာ ရှေးရိုးအစဉ်အလာ ဓလေ့တစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ လူငယ်တစ်ယောက်ဟာ ဆိုးသွမ်းပြီး မိမိတို့တိုင်းရင်းသား လူမျိုးစုရဲ့ စည်းကမ်း ဥပဒေတွေကျူးလွန်ဖောက်ဖျက်လာရင် အဲဒီလူငယ်ကိုရွာထဲကထုတ်ပြီး တောထဲမှာသွားနေစေတယ် ဟိုကျတော့ ကျေးရွာလူကြီးတွေကဒီသူငယ်ကို အမြန်မှန်ရပြီးလူကောင်းပြန်ဖြစ်လာအောင်ဆုံးမပဲ့ပြင်သွန်သင် လေ့ကျင့်ပေးတယ်။

အခု ကျုပ်တို့ရဲ့ ပြန်လည် ထူထောင်ရေးစခန်းဆိုတာလည်း အဲဒီရိုးရာဓလေ့ကို အခြေပြုတဲ့ ခေတ်မီ လေ့ကျင့်ရေး စခန်းတစ်ခုပါပဲ။ ကျုပ်အနေနဲ့ ခင်ဗျားမသိအောင် ဘာကိုမှဖုံးကွယ်မထားပါဘူး။ တစ်ခု တော့ရှိတယ် ကျုပ်တို့ အခုသွားလေ့လာကြည့်မယ့် ပြန်လည်ထူထောင်ရေးစခန်းဟာ ဇိမ်ခံအပန်းဖြေ အနားယူ စခန်းတော့ မဟုတ်ဘူး။ စခန်းမှာရောက်နေတဲ့ လူတွေက ခေါင်းမာတဲ့လူတွေဖြစ်လေတော့ သူတို့ကို စည်းကမ်းရှိလာအောင် ပညာပေးရာမှာ ခပ်ကြမ်းကြမ်း လုပ်မှာပဲရတယ်။

ဒါတောင်မှ ပြန်လည်ထူထောင်ရေးစခန်းဟာ လူတွေကိုညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တဲ့နေရာ မဟုတ် ပါဘူး။ နှိုင်းယှဉ်ပြီးပြောရရင် ဗြိတိသျှစစ်တပ်က စစ်အကျဉ်းသားတွေထားတဲ့ အကျဉ်းစခန်း တစ်ခုလို ပါပဲ။ ဟိုရောက်တဲ့အခါ ခင်ဗျားအနေနဲ့စခန်းက လူတွေကို လွတ်လပ်စွာ စကားပြောနိုင်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ သတိပေးချင်တယ်။ စခန်းပတ်ဝန်းကျင်က တောထဲကို ခင်ဗျားတို့သဘောနဲ့ ထွက်မသွားပါနဲ့။ အထူးသဖြင့် ဆယ်လီက တစ်ယောက်တည်း တောထဲထွက်သွားဖို့ လုံးဝမကြံပါနဲ့။ ဒီနေရာက အလွန်တောခေါင်တဲ့အတွက် ကျားသစ်နဲ့တောခွေးရိုင်းတွေရှိတယ်။

အလွန်အန္တရာယ်များတယ်။ တကယ်လို့ ခင်ဗျားတို့က စခန်းပြင်ဘက်ထွက်ချင်တယ်ဆိုရင် ကျုပ်ကို သာပြောပါ။ လက်နက်ကိုင် အစောင့်အရှောက်စီစဉ်ပေးပါမယ် '

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ပွင့်လင်းစွာ ပြောသည်ကို ခရိတ်က သဘောကျမိလေသည်။ ထို့နောက် စားသောက်ဖွယ်ရာများ ပြင်ဆင်ပြီးသဖြင့် သူတို့သည် နေ့လယ်စာစားပြီးကြလေသည်။ နေ့လယ်စာ ဆိုသော်လည်း ဒေသထွက်ပြောင်းဖူးများကို မီးကင်ထားသော ဟင်းလျာသာဖြစ်ပြီး လက်ဖက် ရည်ကြမ်း သောက်ရင်း စားကြရလေသည်။

စားသောက်ပြီး၍ ဆက်လက်ထွက်ကြရာ တစ်နာရီခန့်ကြာသော် တူတီပြန်လည်ထူထောင်ရေးစခန်း သို့ ရောက်သွားကြလေသည်။ စခန်းပြုလုပ်ထားရာနေရာသည် တစ်ချိန်က(ဇင်ဘာဘွေတော်လှန်ရေး စစ်ပွဲအတွင်းက) မျက်နှာဖြူ ဝန်ကြီးချုပ်စမစ်၏ အစိုးရခံတပ်စခန်းတစ်ခု ဖြစ်ခဲ့သည်။

ချုံနွယ်ပိတ်ပေါင်းအားလုံး ရှင်းလင်းထားသော ကွက်လပ်ကြီးတွင် ကျောက်တုံးကြီးများကိုစီ၍ဆင့်ကာ ရှင်းလင်းထားသောကွက်လပ်ကြီးတွင် ကျောက်သဖွယ်ဖန်တီးထားလေသည်။ စက်သေနတ်တပ်ဆင် ပြီး တိုင်းရင်းသား ပြောက်ကျားများအား ပစ်ခတ်တိုက်ခိုက်ရန် နေရာများလည်းရှိသည်။ မြေကွက် လပ်၏ ဘေးပတ်ဝန်းကျင်ပတ်လည်တွင် ရှုံ့စေးဖြင့်တည်ဆောက်၍ သက်ငယ်မိုးထားသော အိမ်ငယ်များ ရှိလေသည်။

မျက်နှာဖြူအစိုးရက ထိုဒေသရှိ လယ်သမားများအား ပြောက်ကျားတော်လှန်ရေးသမားများရန်မှ ကာကွယ်ပေးရန် တည်ဆောက်ထားခဲ့သော ခံတပ်စခန်းတစ်ခုပင်တည်း။ စခန်းပတ်လည်တွင်ကျုံးကဲ့သို့ မြောင်းကြီးဖော်လုပ်ထားပြီး မြောင်း၏နှစ်ဖက်ကမ်းတွင် သံဆူးကြိုးများ ကာရံထားလေသည်။ သံဆူးကြိုးများကို ခပ်စိပ်စိပ်ကာထားပြီး အမြင့်ဆယ်ပေခန့်ရှိလေသည်။ ကျုံးသို့မဟုတ် မြောင်းကြီး အတွင်းဘက်အောက်ခြေတွင် သစ်သားဆူးငြောင့်ကြီးများ စိုက်ထူထားသည်။ စခန်း၏ လေးထောင့်တွင်ကား လက်နက်ကိုင်အစောင့်များ နေ့ညမပြတ်စောင့်ရန် မျှော်စင်ကြီးများတည်ဆောက် ထားလေသည်။

လင်းရိုဇာကားသည် စခန်း၏ဂိတ်ဝသို့ ချဉ်းကပ်မိသောအခါ ဂိတ်မှတာဝန်ကျအစောင့်များက ဗိုလ်ချုပ် ဖွန်ဂါဘီရာကိုမြင်ပြီး အလေးပြုကြသည်။ စခန်းတစ်ခုလုံးတွင် ဝင်ထွက်သည့် တံခါးပေါက်ဆို၍ တစ်ခု တည်းသာရှိလေသည်။ ခရိတ်သည် စခန်းအတွင်းသို့ လှမ်းကြည့်လိုက်ရာ ကာကီဘောင်းဘီတိုသာ လျှင် ဝတ်ဆင်ထားသူ တိုင်းရင်းသား လူမည်းလူငယ်သုံးရာခန့်တို့သည် နေပူကဲ့ကဲ့တွင် ကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်နေကြသည်ကို မြင်ရလေသည်။

သက်ငယ်မိုး ရွှံ့တဲများ၏ပြင်ဘက်တွင် နောက်ထပ်လူငယ်အတော်များများသည် စည်းကမ်းတကျ တန်းစီထိုင်၍ ကြည့်နေကြလေသည်။

' စခန်းအတွင်း လှည့်လည် လေ့လာကြည့်တာကိုတော့ နောက်မှပဲ လုပ်ကြတာပေါ့။ လောလောဆယ် ခင်ဗျားတို့ နေသားတကျရှိအောင် နေရာချပေးဖို့လိုတယ် '

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ပြောပြီးနောက် ယာယီတည်းခိုရန် နေရာများကို စီစဉ်ပေးလေသည်။

ခရိတ် တည်းခိုနေထိုင်ရန်အတွက် ရွှံ့ဖြင့်တည်ဆောက်ထားသော သက်ငယ်မိုးတဲတစ်တဲ စီစဉ်ပေး လေသည်။ တဲအတွင်း၌ ကြမ်းခင်းဆို၍ မြေကြီးသာ ဖြစ်နေသော်လည်း သန့်ရှင်းစွာ လှည်းကျင်းပြီး ရေများဖျန်းထားလေသည်။ အိပ်ရာနေရာအဖြစ်ကား မြေကြီးပေါ်တွင် ကျူဖျာတစ်ချပ် ခင်းပေးထား သည်။ ဖျာပေါ်တွင် ဖယောင်းတိုင် တစ်ထုပ်နှင့် မီးခြစ်တစ်လုံး ချထားသည်ကို တွေ့ရလေသည်။ ဤကားအရေးကြီးသောပုဂ္ဂိုလ် အထူးဧည့်သည်တော်များအတွက် သီးသန့်စီစဉ်ပေးသည့်တည်းခိုခန်း ပင် ဖြစ်တန်ရာသည်ဟု ခရိတ်က အောက်မေ့မိလေသည်။

ဆယ်လီကိုလည်း ခရိတ်၏တဲနှင့်ခပ်လှမ်းလှမ်းရှိ တဲတစ်တဲတွင် နေရာချပေးလေရာ သူမသည် အလွန်ချို့တဲ့သော တည်းခိုခန်းကို မည်သို့မှ စိတ်ပျက်ပုံမရချေ။ ခရိတ်က သူမ၏ တဲဘက်သို့ လှမ်း

ကြည့်လိုက်သောအခါ ဆယ်လီသည် ကျူဖျာပေါ်တွင် တင်ပျဉ်ခွေထိုင်လျက် သူမ၏ကင်မရာမှမှန်ဘီလူးကို စိတ်ရှည် လက်ရှည်ပွတ်တိုက်ပြီး ဖလင်လိပ်အသစ်များထည့်နေသည်ကို မြင်ရလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်ခရိတ်နှင့်ဆယ်လီတို့အား နေရာချထားပေးပြီးနောက် ခပ်လှမ်းလှမ်းကုန်းမြင့်ပေါ်ရှိ စခန်း၏ဦးစီးဌာနရုံးသို့ ထွက်သွားလေသည်။

နောက် မိနစ်အနည်းငယ်အတွင်း လျှပ်စစ်အင်ဂျင်စက်တစ်လုံး ခုတ်မောင်းသံကြားရပြီး ဖွန်ဂါဘီရာက ရေဒီယိုဖြင့် ဆက်သွယ်စကားပြောနေသံ ကြားရလေသည်။ သို့သော် ရှိနာတိုင်းရင်းသား ဘာသာစကားဖြင့် ပြောခြင်းဖြစ်၍ ခရိတ်ကဘာတွေ ပြောသည်ကိုနားမလည်ချေ။ နောက် နာရီအနည်းငယ်ခန့် ကြာသော် ဖွန်ဂါဘီရာ ပြန်ရောက်လာလေသည်။

' နောက် တစ်နာရီလောက် ကြာရင်မှောင်လာတော့မယ်။ ဒါကြောင့် ကျုပ်တို့ အခု စခန်းထဲကို သွားပြီး လူတွေ ညနေစာကျွေးတာ ကို လေ့လာကြည့်ကြမယ် '

ပြန်လည်ထူထောင်ရေးစခန်းဟု နာမည်ပေးထားပြီးစခန်း၌ ထိန်းသိမ်းထားသူများကို သင်တန်းသားများဟု ခေါ်လင့်ကစား စခန်းရှိလူငယ်များမှာ အကျဉ်းသားများသာ ဖြစ်ကြလေသည်။ ခရိတ် တို့သည် ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့်အတူ လိုက်သွားပြီး ကြည့်ရှုနိုင်တွင် သင်တန်းသား (သို့မဟုတ်) အကျဉ်းသား လူငယ်များသည် လုံးဝစကားမပြောဘဲ တိတ်ဆိတ် ငြိမ်သက်စွာပင် တန်းစီလျက် ညနေစာကျွေးခြင်းကို တစ်ယောက်ချင်း လက်ခံယူကြသည်ကို မြင်ရလေသည်။

သူတို့သည် ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့် တကွ အတူပါလာသော မျက်နှာဖြူဧည့်သည်နှစ်ဦးအား လုံးဝ စိတ်ဝင်စားပုံလည်းမရ။ ဂရုစိုက်၍လည်း မကြည့်ကြချေ။

' အစားအစာ ကတော့ ရိုးရိုးပါပဲ။ ပြောင်းနဲ့ လုပ်ထားတဲ့ ပေါရစ် (စွပ်ပြုတ်)နဲ့ ဟင်းသီးဟင်းရွက် တွေ ကျွေးပါတယ် ' ဗိုလ်ချုပ် ဖွန်ဂါဘီရာက ရှင်းပြလေသည်။

အခန်း (၈) အဆက် (၃)

တန်းစီးနေကြသော အကျဉ်းသားများအား တစ်ဦးချင်း သံဇလုံထဲသို့ စွပ်ပြုတ်ယောက် ချိုးွန်းကြီးနှင့် တစ်ဇွန်းစီထည့်ပေးပြီး အပေါ်မှဟင်းသီးဟင်းရွက် ပြုတ်ကြော်အနည်းငယ်စီ ထည့်ပေးသည် ကိုမြင်ရလေသည်။

"အသားဟင်းကိုတော့ တစ်ပတ်မှာ တစ်ကြိမ်ကျွေးတယ်။ ဆေးလိပ်ကိုလည်း တစ်ပတ်တစ်ကြိမ်

ပဲပေးတယ်။ တကယ်လို့ကောင်းကောင်းမွန်မွန်မနေဘဲ စည်းကမ်းဖောက်ဖျက်ရင်တော့ အသားဟင်းနဲ့ ဆေးလိပ်ကို မပေးဘဲ ပိတ်ပစ်လိုက်နိုင်တယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ဆက်ရှင်းပြနေစဉ် ခရိတ်သည် အကျဉ်းသားများကို အကဲခတ် ကြည့်လေသည်။ လူတွေက လုံးလုံးအစာမငတ်သော်လည်း အာဟာရမတ် ကြွယ်ဝသော အစားအစားများ မစားရသဖြင့် ပိန်ချုံးကြုံလှိုနေသည်ကို မြင်ရလေသည်။ ယင်းသို့ကြည့်နေရင်း လူတစ်ယောက်ကိုသတိပြုမိသဖြင့် ခရိတ်က.....

"ဟိုလူတစ်ယောက် ဒဏ်ရာရနေပါကလားဗျ"ဟု ပြောရင်းထိုလူအား ညွှန်ပြလိုက်သည်။

ထိုအခါ ဗိုလ်ချုပ်ဖွန်ဂါဘီရာက "အဲဒီလူကို ခင်ဗျားစကားပြောကြည့်နိုင်ပါတယ်"ဟု ခွင့်ပြုလိုက်သဖြင့် ခရိတ်လည်း ကျောကုန်းဒဏ်ရာရနေသူ တိုင်းရင်းသား လူမည်းအနီးသို့ ချဉ်းကပ်သွားပြီး မာတာဘယ်လီ တိုင်းရင်းဘာသာ စကားဖြင့်ပြောကြည့်ရာ ထိုလူက ချက်ချင်းပင် ပြန်ဖြေလေသည်။
"ခင်ဗျားကျောကုန်းက ဒဏ်ရာကဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် အရိုက်နှက်ခံရလို့ပါ"

"ဘာကြောင့် ရိုက်ခံရတာလဲ"

"တခြား လူတစ်ယောက်နဲ့ ရန်ဖြစ်ပြီး ထိုးကြိတ်ကြလို့ပဲ"

ထိုအချိန်၌ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် အစောင့်နှစ်ဦး အားခေါ်၍ ရှိနာတိုင်းရင်းသား ဘာသာဖြင့် တစ်စုံတစ်ခု ပြောဆိုမေးမြန်းပြီးနောက် ခရိတ်အား အင်္ဂလိပ်လို ပြန်ရှင်းပြလေသည်။

"ဒီလူက နောက်တစ်ယောက်နဲ့ ရန်ဖြစ်ပြီး သံဆူးကြိုးတစ်ချောင်းကို ဓားလိုချွန်ထက်အောင် သွေးပြီး ထိုးခဲ့တယ်။ ဒီအဖြစ်ကြောင့် သူဟာအသားဟင်းနဲ့ ဆေးလိပ်နှစ်လတိတိမပေးဘဲ ဖြတ်ထားခံရတဲ့အပြင် ကြိမ်ဒဏ်ဆယ့်ငါးချက် အရိုက်ခံခဲ့ရတယ်။ ခိုက်ရန်ဖြစ်တဲ့ လူတွေဆိုရင် ဒီလိုပဲအပြစ်ပေးရတယ်"
ခေတ္တမျှ ဆက်ကြည့်ပြီးနောက် အားလုံးပြန်ထွက်လာကြရာ ဖွန်ဂါဘီရာက ဆက်၍ "နက်ဖြန်ဆိုရင် ခင်ဗျားတို့ ဒီစခန်းအတွင်းမှာ လှည့်လည် လေ့လာနိုင်တယ်။ ဘန်ဘက်ခါမနက် စောစောကျတော့ ကျုပ်တို့ ပြန်ထွက်ကြမယ်"ဟု ပြောလေသည်။

ခရိတ်တို့သည် အစားအသောက်ကို အရာရှိရိပ်သာတွင် ရှိနာလူမျိုးအရာရှိများနှင့်အတူ စားသောက်ကြရလေသည်။ အစားအသောက်ကတော့ သင်တန်းသား ခေါ် အကျဉ်းသားများအား ကျွေးသည့် အစားအစာများနှင့် မထူးလှဘဲ အရသာမရှိသော အသားဟင်းတစ်ခွက်သာ အပိုပါလေသည်။

စားသောက်ပြီးကြသည်နှင့် ဝိုလ်ချုပ်ဖွန်ဂါဘီရာက ကိစ္စရှိသေးသည်ဟုဆိုကာ စခန်းမှအရာရှိများနှင့် အတူ ထွက်သွားသဖြင့် ခရိတ်နှင့်ဆယ်လီတို့နှစ်ဦးတည်းသာ ကျန်ရစ်လေသည်။ ခရိတ်က မည်သို့စကားစပြောရမှန်းမသိ၍ စဉ်းစားနေချိန်မှာပင် ဆယ်လီသည် ရုတ်တရက်ထ၍ လျှောက်ထွက်သွားလေသည်။ ခရိတ်သည် သူ့အား စကားမပြောချင်၍ ထွက်သွားခြင်း ဖြစ်ရမည်ဟူ၍ ယူဆလျက် ဆယ်လီအပေါ် ဒေါသထွက်လေသည်။

ခဏမျှကြာသောအခါ ခရိတ်သည် ထလိုက်သွားရာ ဆယ်လီကို သဲအိတ်များဖြင့် မြေကတုတ်လုပ်ထားသောနေရာအနီးတွင်တွေ့ရသည်။ သူမသည် သဲအိတ်ပေါ်တွင် ထိုင်၍စခန်း၏ ရှုခင်းများကို ငေးကြည့်နေလေသည်။ ထိုအချိန်၌ ကောင်းကင်မှ လရောင်ထွက်လာနေပြီဖြစ်သည်။ ဆယ်လီသည် ညှဉ့်ယံ၏လေအေးကြောင့် ချမ်းနေဟန်ဖြင့် လက်နှစ်ဖက်ကို ဒူးဆစ်အကြားတွင် ထည့်ထားပြီး ခရိတ်ချဉ်းကပ်လာသည်ကို သိသော်လည်း လှည့်မကြည့်ဘဲ နေလေသည်။

နီးနီးကပ်ကပ် မြင်လိုက်ရသောအခါ ခရိတ်သည် စောစောက သူမအား ဒေါသထွက်မိသလောက် ယခုတော့ ချက်ချင်းပင် စိတ်ပြောင်းသွားလေသည်။

"စောစောပိုင်းက ကျုပ်က မင်းအပေါ် ဆက်ဆံခဲ့ပုံက အလွန်ရိုင်းရာကျသွားပါတယ်။ အဲဒါ ကျုပ်ရဲ့အမှားပဲ"
ခရိတ်သည် စကားစပြောလိုက်ရာ ဆယ်လီက ဘာမှပြန်မပြောဘဲနေသဖြင့် ဆက်ပြောသည်။

"အမှန်က မင်းနဲ့စတွေ့ခဲ့တဲ့ အချိန်တုန်းက ကျုပ်ဟာ အလွန်စိတ်ညစ်နေခဲ့တယ်။ အသေးစိတ်အကြောင်း အချက်အလက်တွေကိုတော့ မပြောတော့ပါဘူး။ အတိုချုပ်က ကျုပ်ရေးလက်စဖြစ်နေတဲ့ စာအုပ်တစ်အုပ် ရေးနေတုန်း အနှောင့်အယှက် ဖြစ်ပြီးဆက်မရေးနိုင်တဲ့ အခြေအနေ ဖြစ်နေခဲ့တယ်။ အဲဒါကြောင့် ကျုပ်က ကိုယ့်ဘာသာကိုယ် စိတ်ပျက်စိတ်တိုနေတာကို ဘာမှမဆိုင်တဲ့ မင်းနဲ့တွေ့ဆုံချိန်မှာ ဘုကျကျ ဆက်ဆံမိခဲ့တာပါပဲ။

ခရိတ်က ဆက်ပြောလိုက်သော်လည်း ဆယ်လီသည် လုံးဝမကြားသလို ဆိတ်ဆိတ်ပင် နေလေသည်။
"အဲဒါ တောခွေးရိုင်းတွေ အသံပဲ"

ခရိတ် က ပြောလိုက်လျှင် ဆယ်လီစိုးရိမ် တုန်လှုပ်သွားဟန်ဖြင့် ထိုင်ရာမှထရန် ပြင်ဆင်လိုက်သည်။ ဤတွင် ခရိတ်သည် စိတ်အားထက်သန်စွာဖြင့် "ခဏလေးနေပါဦး။ ကျုပ်ကမင်းကို တောင်ပန်ချင်လို့ အခွင့်အရေးစောင့်နေခဲ့ပါတယ်။ တကယ်တောင်းပန်ချင်ပါတယ်" ဟုပြောလိုက်သည်။ "တောင်းပန်ဖို့ မလိုပါဘူးရှင်၊ ကျွန်မကိုယ်က မှားသွားခဲ့ပါတယ်။ ကျွန်မလုပ်ကိုင်နေတဲ့ တောရိုင်း တိရွစ္ဆာန်တွေ မျိုးဆက်မပြုတ်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို အာဖရိကတိုက်ဇာတိစာရေးဆရာတစ်ဦးဖြစ်တဲ့ ရှင်ကစိတ်ဝင်စားလိမ့်မယ်လို့ တထစ်ချထွက်လိုက်မိတယ်။ အဲဒါကိုက ကျွန်မရဲ့ အမှားပါပဲ"
ဆယ်လီ က မျက်နှာထားတည်တည်ဖြင့် ပြန်ပြောလိုက်သည်။

"ဒီလိုရှိပါတယ်။ မင်းရဲ့လုပ်ငန်းနဲ့တကွ မင်းရိုက်ကူးခဲ့တဲ့ဓာတ်ပုံတွေမြင်ရတော့ ကျုပ်စိတ်ထဲ တုန်လှုပ်ချောက်ချားသွားမိတယ်။ ဒါအမှန်အတိုင်း ပြောတာပါ။ အဲဒီလို တုန်လှုပ်ချောက်ချား သွားမိတာဟာ ကလေးဆန်တယ်လို့လည်း ဆိုနိုင်ပါတယ်"

"ဟင်၊ ရှင်က စိတ်ထဲ တုန်လှုပ်ချောက်ချား သွားမိတယ်လား"

ဆယ်လီက အံ့အားသင့်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ တကယ်ပဲ တန်လှုပ်ချောက်ချားသွားမိတယ်။ အဲဒီအချိန်တုန်းက ကျုပ်ဟာ အလုပ်လုပ်လို့မရဘဲ အလွန်စိတ်ညစ်နေတဲ့အချိန် ဖြစ်ပါတယ်။ ရေးလက်စစာအုပ်ကို ဆက်ရေး ဖို့အရည်အချင်းတွေ မရှိတော့ဘူး။ ကုန်ခန်းနေပြီလို့လည်း ထင်မိတယ်။ ဒါနဲ့ကျုပ်ဟာ စိတ်ညစ်ရာက အရက်တွေ ဖိသောက်နေခဲ့မိတယ်။ ကျုပ်အနေနဲ့ အလိုလိုစိတ်ဓာတ်ကျပြီး သိမ်ငယ်နေတဲ့အချိန်မှာ ရုတ်တရက် မင်းနဲ့တွေ့ဆုံရတယ်။ မင်းကလည်း အကောင်းဆုံး ရိုက်ကူးထားတဲ့ အာဖရိကတိုက် တောတွင်းရှုခင်း ဓာတ်ပုံတွေပြတော့ ကျုပ်စိတ်ထဲ သိပ်ပြီးထိခိုက်သွားမိတယ်။ မင်းက အဲဒီဓာတ်ပုံတွေ ပြလိုက်တာကိုက ကျုပ်ကို စိန်ခေါ်သလိုလည်း ဖြစ်လို့ပိုပြီးတုန်လှုပ်မိတယ်"

ဆယ်လီက ယင်းသို့မရည်ရွယ်ကြောင်း ငြင်းဟန်ဖြင့် ခေါင်းခါပြသော်လည်း ခရိတ်က သူ၏စကားကိုသာ ဆက်ပြောလေသည်။

"မင်းစိတ်ထဲက ဘယ်လိုပဲရှိပေမယ့် အာဖရိကတိုက်က တောတွင်းရှုခင်း ဓာတ်ပုံတွေ ပြလိုက်တာ ဟာ ကျုပ်ကို စိန်ခေါ်သလို သဘောမျိုး ဖြစ်သွားတယ်။ အဲဒီစိန်ခေါ်ချက်ကိုလည်း လက်ခံယှဉ်ပြိုင် နိုင်တဲ့ သတ္တိမရှိဘူး။ ဒါနဲ့ကျုပ်က ကိုယ့်ဘာသာကိုယ် သိမ်ငယ်နေတာကို ဖုံးကွယ်တဲ့အနေနဲ့ မင်းကိုဘုကျကျ ဆက်ဆံလိုက်မိတယ်။ ဒါပေမဲ့ အဲဒီအချိန်ကစပြီး ကျုပ်ဘာသာကျုပ် အကြီးအ ကျယ်နောင်တရနေ မိတယ်"

"ဒါဖြင့် ရှင်က ကျွန်မရိုက်ထားတဲ့ ဓာတ်ပုံတွေကို သဘောကျလို့လား"

"သဘောကျလွန်းလို့ ခက်တာပေါ့။ မင်းရဲ့ဓာတ်ပုံတွေက အာဖရိက်တိုက်ရဲ့ သဘာဝရှုခင်းတွေ ကို ပကတိအတိုင်း ပီပီပြင်ပြင် ထင်ထင်ရှားရှားကြီးပေါ်လွင်နေတာမို့ ကျုပ်အဖို့အကြီးအကျယ် စိတ်လှုပ် ရှားမှုတွေ ခံစားရတယ်။ ကျုပ်ရဲ့ ဇာတိရပ်မြေဖြစ်တဲ့ အာဖရိကတိုက်ကိုအောက်မေ့ သတိရတမ်းတ စိတ်တွေလည်း ဖြစ်လာရတယ်။ အဲဒီအချိန်က ကျုပ်ဟာ ဘာနဲ့သဏ္ဌာန်တူသလဲဆိုရင် ကလေးငယ် တစ်ယောက် ပထမဆုံးအကြိမ် ဝေးလံတဲ့စာသင်ကျောင်းတစ်ကျောင်းမှာ ဘော်ဒါသွားနေရခါစ မိမိရဲ့ အိမ်ကိုပြန်လွမ်းလို့ စိတ်အားငယ်နေရတာနဲ့တူတယ်။ ရှင်းရှင်း ဝန်ခံရမယ်ဆိုရင် မင်းရဲ့ဓာတ်ပုံတွေ ကို မြင်လိုက်ရတဲ့အတွက် ကျုပ်ဟာ ဒီအာဖရိကတိုက်ကို ပြန်လာဖြစ်တာပါပဲ"

"ဟုတ်လား၊ ကျွန်မဖြင့် ကောင်းကောင်း သဘောမပေါက်ဘူးရှင့်"

ဆယ်လီက ပြန်ပြောလိုက်ပြီးနောက် နှစ်ယောက်စလုံး ဘာမှဆက်မပြောဘဲ ငြိမ်နေကြလေသည်။ ခရိတ်သည် တကယ်ပင် စိတ်ထဲလှုပ်ရှား ထိခိုက်နေသဖြင့် နောက်ထပ် ဆက်စကားပြောလျှင် ငိုသံ ပါနေတော့မည်ဟု သူ့ကိုယ်သူ သိနေလေသည်။ ထိုအခိုက် ခပ်လှမ်းလှမ်းရှိ စခန်းဘက်ဆီမှ တစ်စုံတစ်ယောက် သီချင်းဆိုသံကို ကြားရလေသည်။

သီချင်းက မာတာဘယ်လီ တိုင်းရင်းသား သာဘာဖြင့် သီဆိုသည့် သီချင်းတစ်ပုဒ် ဖြစ်၍ ခရိတ်သည် သီချင်းစာသားနှင့် အဓိပ္ပာယ်ကို ကောင်းစွာနားလည်လေသည်။ သီချင်း၏ အဓိပ္ပာယ်မှာ မာတယ် ဘယ်လီ တိုင်းရင်းသားတို့ ကံဆိုးမိုးမှောင် ကျချိန်တွင် ဆင်းရဲဒုက္ခ မျိုးမျိုး ရင်ဆိုင်ကြုံတွေ့နေရပုံကို ရင်နင့်ဖွယ် ဖွဲ့ဆိုသီကျူးထားသည့်တေးပင်ဖြစ်ရာ ခရိတ်သည် နားထောင်ရင်း စခန်းတွင်းရှိ မာတာ ဘယ်လီ တိုင်းရင်းသားလူငယ်အားလုံး ထိုသီချင်းသံကို ကြားပြီးမည်မျှ စိတ်လှုပ်ရှားထိခိုက်နေကြ မည်နည်းဟု စဉ်းစားမိလေသည်။ မာတာဘယ်လီ ဘာသာစကား မတတ်ကျွမ်းသူများအဖို့မှာမူ

ထိုသီချင်းစာသားများ၏ အဓိပ္ပာယ်ကို လုံးဝနားလည်ကြမည် မဟုတ်ချေ။ ဆယ်လီသည် ခရိတ်၏ လက်မောင်းတစ်ဖက်ကို အသာကိုင်လိုက်ပြီး.....

"အခုလို ကျွန်မလို ပွင့်ပွင့်လင်းလင်း ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ရှင်"ဟု ပြောလေသည်။ ထိုသို့ဆယ်လီက ရင်းနှီးစွာသူ၏လက်မောင်းကို အသာကိုင်လိုက်သည့် အတွက်ခရိတ်သည် ရင်ထဲမှ ဖိလှိုက်ကာ ထူးခြားစွာ စိတ်လှုပ်ရှားမှု တစ်မျိုးခံစားမိလေသည်။ ထိုနောက် ဆယ်လီသည် သူမ၏ တဲရှိရာသို့ လျှောက်ထွက်သွားလေသည်။

ခရိတ်လည်း အတန်ကြာကြာ ရပ်ကြည့်နေပြီးမှ ပြန်ထွက်လာခဲ့လေသည်။ သူမအဖို့ စိတ်လှုပ်ရှားနေသဖြင့် အိပ်ရာဝင်လျှင် အိပ်ပျော်မည်မဟုတ်ဟုတွက်လျက် ခရိတ်သည် တဲ၏အပြင်ဘက် လရောင်အောက်တွင် အတန်ကြာကြာ ထိုင်နေလေသည်။ အာဖရိကတိုက်၏ ညရှု့ခင်းနှင့် ကောင်းကင်မှ လရောင်တို့က သူ၏စိတ်ကိုထူးခြားစွာ ဆွဲဆောင်နေသည်ဟု ထင်ရလေသည်။ တဖြည်းဖြည်းနှင့် ဝမ်းနည်းခြင်း၊ စိတ်မတည်မငြိမ် လှုပ်ရှားနေခြင်းတို့သည် ပပျောက်သွားလေသည်။

ခရိတ်သည် တည်းခိုရာ တဲအတွင်းသို့ဝင်၍ ဖယောင်းတိုင်တစ်တိုင် မီးထွန်းညှိပြီး သူ၏မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကိုယူလျက် စတင်ရေးသားလေသည်။ စိတ်ကြည်လင်ပေါ့ပါးနေသဖြင့် သူ၏ လက်က အလွန်သွက်ကာ စာလုံးတွေ အလိုအလျောက် ဖြစ်ပေါ်လာသကဲ့သို့ လျင်မြန်စွာဆက် တိုက်ရေးနိုင်လေသည်။ အထူးစိတ်ပါဝင်စားနေသဖြင့် အဆက်မပြတ်ရေးသွားရာ ဖယောင်းတိုင်ကုန်၍ နောက်ထပ်ဖယောင်းတိုင် တစ်တိုင်ပြီးတစ်တိုင် ထွန်းညှိချိန်တွင်သာ ခေတ္တရပ်ကာ ဆက်တိုက်ရေးသွားလေသည်။ နံနက်မိုးလင်းသောအခါ တစ်ညလုံးမအိပ်ရသဖြင့် ခရိတ်၏မျက်လုံးနီကျင်ကျင်ဖြစ်ကာ ကျိန်းစပ်နေလေသည်။ လူတစ်ကိုယ်လုံးမှာ နုံးချည့်နွမ်းနယ်နေတော့သည်။ သို့ရာတွင် သူ၏မှတ်စုစာအုပ်တွင် လေးပုံသုံးပုံခန့် ရေးသားပြီးစီးနေသည်ကိုကြည့်၍ စိတ်ကျေနပ်မိလေသည်။

ခရိတ်အဖို့ စိတ်ကျေနပ်မိရာမှ ပို၍ကြည်နူးဝိတိဖြစ်စရာ တွေ့ရသည်မှာ နံနက်လင်းသောအခါ ဆယ်လီက သူ့အပေါ်ဆက်ဆံပုံ တစ်မျိုးပြောင်းလဲလာခြင်းပင်ဖြစ်သည်။ သူမသည် မူလအချိုးအတိုင်း ခပ်တည်တည် ကွန်ဒြေနှင့်နေသော်လည်း ခရိတ်စကားပြောသည့်အခါ စိတ်ပါဝင်စားစွာဖြင့် ဂရုစိုက် နားထောင်လာသည်။ တစ်ခါတစ်ရံ ဆယ်လီက ပြုံးသည်ကိုလည်း ခရိတ် သတိပြုမိသည်။

ထို့ကြောင့် ဆယ်လီက စကားပြောသောအခါ ခရိတ်ကလည်း ဂရုစိုက်၍ နားထောင်နေလိုက်သည်။ အထူးသဖြင့် သူမက တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ခိုးသတ်ဖြတ်သူများ နှိမ်နင်းရေးကိစ္စကို အလေး အနက် ထား၍ ပြောလေသည်။

"ဒီလူမျိုးတွေကို သာမန်ပြစ်မှု ကျူးလွန်သူတွေအဖြစ် သဘောထားလို့ မဖြစ်ဘူးရှင့်။ တိရစ္ဆာန်တွေ ခိုးသတ်ဖြတ်တဲ့ ဂိုဏ်းခေါင်းဆောင်တွေကို ပြင်းပြင်းထန်ထန်နှိမ်နင်းမှဖြစ်မယ်။ သူတို့ရဲ့ အဖွဲ့သားတွေ စည်းရုံးခေါ်ယူပုံကိုလည်း ကြည့်ဦး၊ ကျောင်းတွေမှာ စာသင်နေတဲ့ ဆယ်ကျော်သက်ရွယ်လူငယ်ကလေးတွေကို ပြန်ပေးဆွဲသလို အတင်းဖမ်းခေါ်သွားပြီး တောထဲက ပြောက်ကျားစခန်းတွေမှာ သေနတ်ပစ်လေ့ကျင့် သင်ကြားပေးတယ်"

ဤသို့ပြောရင်း ဆယ်လီသည် စခန်းမှအကျဉ်းသားလူငယ် တစ်ဦးအား ညွှန်ပြလျက် "အဲဒီ သူငယ်ကို ရှင် မေးကြည့်စမ်းပါ။ သူ့အသက် ဘယ်လောက်ရှိပြီလဲလို့"ဟု ပြောလိုက်သည်။ ခရိတ်လည်း ထိုသူငယ်အား မာတာဘယ်လီ ဘာသာစကားဖြင့် မေးမြန်းကြည့်ပြီးနောက် ဆယ်လီ နားလည်အောင် အင်္ဂလိပ်လို ဘာသာပြန်ပြောပြလေသည်။ "သူ့အသက် ကို သူကိုယ်တိုင် မသိဘူးတဲ့။ သူဘယ်တုန်းက မွေးတယ်ဆိုတာလည်းမသိဘူး။ ပြီးတော့ သူ့မိဘတွေ အခုဘယ်မှာ ရှိတယ် ဆိုတာလည်း မသိဘူးလို့ ပြောတယ်"

"ဟင်၊ ဟုတ်လား ဒါဖြင့် သူ့ခမျာ မွေးရာပါ အခွင့်အရေးဆိုလို့ ဘာတစ်ခုမှ မရှိဘူးပေါ့"

ဆယ်လီက တအံ့တသြပြောလိုက်ရာ ခရိတ်သည် သူမ၏သဘောထားကို လေးစားသွားမိလေသည်။ "ဒီနေ့ ကမ္ဘာကြီးရဲ့ ဆင်းရဲကျပ်တည်းသူတွေနဲ့ ချမ်းသာကြွယ်ဝသူတွေရဲ့ကွာဟမှုဟာ သိပ်များလွန်းတယ်။ အဲဒီကွာဟမှုကြောင့်ပဲ တစ်နေ့ကျရင် ကမ္ဘာကြီးပျက်စီးရတော့မယ် ထင်တယ်"ဟု ပြောပြီးနောက် သူမ၏ကင်မရာဖြင့် စခန်းရှိ အကျဉ်းသားလူငယ်များအား ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်နေလေသည်။ ဓာတ်ပုံရိုက်ကူးရင်း အလွန်စိတ်ပျက်နေပုံရသော အကျဉ်းသားတစ်ဦးကို ဆယ်လီ က ညွှန်ပြလျက် "သူ့ကို မေးကြည့်စမ်းပါ၊ ဒီစခန်းမှာ သူနေထိုင်ရတာ အခြေအနေ ဘယ်လိုရှိပါသလဲလို့ မေးလိုက် စမ်းပါ"ဟု ပြောပြန်သည်။

ခရိတ်လည်း ထိုသူအား မာတာဘယ်လီ တိုင်းရင်းဘာသာဖြင့် မေးမြန်းကြည့်ရာ ဘာမှပြန်မပြောဘဲ ခရိတ်ကိုသာ ငေးစိုက်ကြည့်နေလေသည်။ သူ၏ဟန်အမှုအရာက လုံးဝအဓိပ္ပာယ်မရှိသော မေးခွန်း

ဖြစ်၍ မဖြေလိုသည့်ဟန်မျိုး ဖြစ်နေလေသည်။ ခရိတ်သည် စောစောက စိတ်ကြည်လင်ကြည်နူးခဲ့မိသလောက် ယခုစိတ်ဓာတ်ကျသွား ပြန်သည်။

အကာမရှိဘဲ အမိုးသာရှိသော တဲကြီးတစ်ခုတွင် သင်တန်းသားများအား နိုင်ငံရေး သဘောတရား သင်တန်း ပို့ချပေးကြောင်း သိရလေသည်။ အထူးသဖြင့် နိုင်ငံသားတို့ထားရှိအပ်သော ကျင့်ဝတ် သိက္ခာ၊ ဝတ္တရား စသည်တို့ အကြောင်းပို့ချပေးသည်ဟု ဆိုသည်။ ထိုတဲကြီးအတွင်း၌ စာသင် ကျောင်းမှာကဲ့သို့ ကျောက်သင်ပုန်းကြီးများရှိပြီး ကျောက်သင်ပုန်းပေါ်တွင် နိုင်ငံအုပ်ချုပ်ရေး စနစ်၌ စိမံခန့်ခွဲရေးအပိုင်း၊ တရားစီရင်ရေးအပိုင်းနှင့် ဥပဒေပြုလွှတ်တော်(ပါလီမန်)တို့ ဆက်စပ်ပုံ၊ ဆက်သွယ်ပုံ စသည်တို့ကို ဇယားများ ရေးဆွဲပြထားလေသည်။

စခန်းအတွင်းလှည့်လည်လေ့လာကြည့်ရှုပြီးနောက်သူတို့သည်တည်းခိုဆောင်ဘက်သို့ပြန်လျှောက်လာကြစဉ် ခရိတ်သည် တစ်စုံတစ်ခုကို သတိရမိသဖြင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာအား မေးခွန်းထုတ်လေသည်။
"ဒီစခန်းက လူတွေအားလုံးဟာ မာတာဘယ်လီ တိုင်းရင်းသားတွေချည်းပဲ မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့သဘောက တိုင်းရင်းသား လူမျိုးစု တစ်မျိုးတည်း အတူစုထားခြင်း အားဖြင့် လူမျိုးစု အုပ်စုအချင်းချင်း ပဋိပက္ခဖြစ်တာမျိုးတွေ နည်းပါးလိမ့်မယ်လို့ ယူဆတယ်"

"ရှိုနာလူမျိုးထဲက အခုလို အကျဉ်းစခန်းတွေမှာ ထိန်းသိမ်းထားတာကော ရှိသလား" ခရိတ်က သူသိလိုသော အဓိကအချက် ကို မေးလိုက်သည်။

"ဟာ ရှိတာပေါ့၊ ရှိုနာ တိုင်းရင်းသားတွေရဲ့ စခန်းတွေက အရှေ့ဘက် တောင်တန်းဒေသ မှာရှိတယ်။ ဒီပုံစံ မျိုးပါပဲ"

ဖွန်ဂါဘီရာက ပြောလိုက်ပုံမှာ သူတို့အာဏာလက်ရှိ ရှိုနာလူမျိုးတို့၏ အစိုးရက တိုင်းရင်းသား ပြည်သူများအပေါ် ကျောသားရင်သား မခွဲခြားဘဲ တန်းတူဆက်ဆံ အုပ်ချုပ်လျက်ရှိကြောင်းကို ပေါ်လွင်စေရန် ပြောပုံမျိုးဖြစ်လေသည်။

ထိုနေ့ ညနေဘက် မိုးချုပ်စပြုချိန်တွင် အင်ဂျင်စက်နှိုးသံ ကြားရလေသည်။ ရေဒီယိုဆက်သွယ်ရေး အတွက် အင်ဂျင်စက်နှိုးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။ ခရိတ်သည် သူ၏တဲအတွင်း

သူယမန်နေ့ ညကရေးသားခဲ့သော စာမူများကို ပြန်လည်ဖတ်ကြည့်ပြီး ပြင်ဆင်စရာ ရှိသည်တို့ကို ပြင်ဆင်နေစဉ် ဗိုလ်ချုပ် ဖွန်ဂါဘီရာ ရောက်လာလေသည်။

"ခင်ဗျားအတွက် သတင်းဆက်သွယ်ပို့ချက်တစ်ခု ရောက်လာတယ်။ အမေရိကန်သံရုံး က မစ္စတာ မော်ဂင် က တစ်ဆင့် ပို့လိုက်တာပဲ"

ခရိတ်သည် ဝမ်းသာအားရ ထိုင်ရာမှ ထလိုက်သည်။ သူသည် ကမ္ဘာဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီထံမှ အကြောင်းပြန်ချက်ကို မျှော်လင့်နေခဲ့ရာ ယခုလာခြင်းဖြစ်ရမည်ဟု တထစ်ချတွက်လျက် ဝမ်းသာသွားမိခြင်း ဖြစ်သည်။

ရေဒီယိုဖြင့် ပေးပို့လိုက်သော အကြောင်းပြန်ချက်ကို ဗိုလ်ချုပ်ဖွန်ဂါဘီရာက စာရွက်တစ်ရွက်ဖြင့် ရေးမှတ်ထားရာ ခရိတ်သည် ထိုစာရွက်ကို သွက်လက်စွာလှမ်းယူ၍ ဖတ်ကြည့်လိုက်သည်။ သူထင်သည့်အတိုင်း ဟင်နရီထံမှ အကြောင်းကြားချက်ပင်ဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်လေသည်။

ခင်ဗျား ရည်ရွယ်သော စီမံကိန်းကို ကျွန်ုပ်အထူးသဘောကျ၍ အပြည့်အဝထောက်ခံသည်။ သို့သော် အခြားလူများကတော့ စိတ်မဝင်စားကြ။ ခင်ဗျားရဲ့ကိုယ်စားလှယ်(ဇျင်း)အက်ရှိက ခင်ဗျားလိုနေသောငွေကိုကြိုတင်ထုတ်ပေးရန်ငြင်းသည်။ အာမခံ၍ချေးယူရန်လည်းငြင်းသည်။ ကမ္ဘာ့ဘဏ်ငွေချေးကော်မတီက နောက်ထပ် ခိုင်လုံသော အကြောင်းပြချက်များ တင်ပြရန်လိုသည်ဟု ဆိုသည်။ ကျွန်ုပ်အနေဖြင့် ဝမ်းနည်းပါသည်။

ရွှင်လန်းပါစေ

ဟင်နရီ

ခရိတ်သည် စာရွက်ကို တစ်ခေါက်ဖတ်ပြီးမှ နောက်ထပ်တစ်ခေါက် သေချာစွာ ဖတ်ကြည့်လေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ်အား အကဲခတ်ကြည့်နေရာမှ

"ကျုပ်နဲ့တော့ ဘာမှမဆိုင်ပါဘူး၊ ဒါပေမဲ့ ဒီစာကြည့်ရတာ ခင်ဗျားလုပ်ဖို့ ရည်ရွယ်တဲ့ ဇမ်ဘေဇီ မြစ်ရေ စီမံကိန်းနဲ့ ပတ်သတ်တယ်လို့ ထင်မိတယ်"ဟု ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ သို့သော်လည်း ကျုပ်ကြံစည်ထားတဲ့ ရည်မှန်းချက်တွေ အားလုံးခဲလေသမျှ သဲရေကျဖြစ်ကုန်ပါပြီ" ခရိတ်က စိတ်ပျက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒါထက် ဟင်နရီဆိုတာ ဘယ်သူများလဲ"

"ကျုပ်ရဲ့ မိတ်တွေတစ်ဦးပါပဲ။ သူက ဘဏ်တိုက်အရာရှိဆိုတော့ သူ့ကို ကျုပ်က သိပ်ပြီးအားကိုးမိတယ်။ အဲဒါကြောင့် ခက်သွားတာ"

"အင်း ဟုတ်မှာပေါ့"

ဖွန်ဂါဘီရာက တစ်စုံတစ်ခုကို စဉ်းစားဟန်ဖြင့် ပြောလိုက်ပြီးနောက် စကားပြတ်သွားကြသည်။ ထိုနေ့ ညတွင်လည်း ခရိတ်သည် ယမန်နေ့ညက လုံးဝမအိပ်ခဲ့ရလင့်ကစား အိပ်ချိမပျော်ဘဲ ဖြစ်နေပြန်သည်။ အရေးထဲ အိပ်ရသည့် ဖျာကလည်း အလွန်မာကျော တောင့်တင်းနေသဖြင့် လဲအိပ်ရသည်မှာ သက်သောင့် သက်သာမရှိချေ။

နောက်တစ်နေ့ နံနက်တွင် ပြန်လည်ထူထောင်ရေးစခန်းမှ တူတီသာသနာပြုမစ်ရှင်အနီးရှိ လေဆိပ်သို့ မော်တော်ကားဖြင့် ပြန်ထွက်ခဲ့ကြလေသည်။ ခရိတ်သည် ယာဉ်မောင်းသူ၏ဘေးမှ ထိုင်လိုက်လာပြီး လမ်းခရီးတစ်လျှောက် ဖွန်ဂါဘီရာနှင့်ဆယ်လီတို့ စကားပြောနေကြသည်ကို လုံးဝစိတ်မဝင်စားသလို ဘာမှဝင်မပြောဘဲ ငုတ်တုတ်ထိုင်လိုက်လာလေသည်။

သူ၏စိတ်ထဲတွင်ကား ဇင်ဘာဘွေနိုင်ငံတွင် မျှော်လင့်ခြင်းကြီးစွာဖြင့်လုပ်ကိုင်ရန် ရည်ရွယ်ထားသော လုပ်ငန်းသည် ငွေကြေးမပြည့်စုံမှုကြောင့် ပျက်ပြယ်သွားရတော့မည်ပါတကားဟုတွေးပြီး စိတ်မာတ်ကျနေမိသည်။ သူ၏ ကိုယ်စားလှယ် (ဇျင်း)အက်ရှိဆိုသူကိုလည်း ဤကိစ္စတွင် ထောက်ခံအားပေးမှုမပြုသည်ကို ဒေါသထွက်မိလေသည်။ ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီကိုလည်း မိမိ၏လုပ်ငန်းအောင်မြင်ရေးအတွက် အင်တိုက် အားတိုက်ကူညီရန် မကြိုးစားရကောင်းလားဟု မကျေမနပ် ဖြစ်မိလေသည်။
သာသနာပြုမစ်ရှင်သို့ ရောက်သောအခါ ဆယ်လီသည် အလာတုန်းက တွေ့ဆုံသိကျွမ်းခဲ့သူ မာတာဘယ်လီ တိုင်းရင်းသူ ဆရာမကလေးဆာရာနှင့် တွေ့လိုသေးသည်ဟုဆိုသဖြင့် မင်ရှင်စာ သင်ကျောင်းသို့ ဝင်ကြရပြန်လေသည်။

သည်တစ်ခါတော့ ဆရာမဆာရာသည် သူတို့ပြန်လာမည်ဟု မျှော်လင့်ထားပြီး အသင့်ပြင်ထားကာ ဧည့်သည်များအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံလေသည်။ ခရိတ်သည် အများနှင့်စကားဝင်မပြောလိုသဖြင့် စာသင်ကျောင်း၏ ဝရန်တာတစ်နေရာတွင် တစ်ယောက်တည်းထိုင်ကာ သူလိုအပ်

သော ငွေပင်ငွေရင်းကို မရရအောင် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီအား မည်သို့မည်ပုံ ဆက်လက်ကြံစည်ရပါမည်နည်းဟု စဉ်းစားအကြံထုတ်နေလေသည်။

သို့သော် ဆရာမဆာရာ က ခရိတ်ရှိရာသို့လာပြီး လက်ဖက်ရည် လာပေးလေသည်။ လက်ဖက်ရည်ခွက်ကို လှမ်းပေးချိန်တွင် ဆာရာသည် ဝိုလ်ချုပ်ဖွန်ဂါဘီရာဘက်သို့ ကျောပေးထားသဖြင့် သူမ၏ မျက်နှာကို ဝိုလ်ချုပ်က မမြင်နိုင်သည်ကို ချက်ကောင်းယူကာ ခရိတ်အား မာတာဘယ်လီ ဘာသာဖြင့် အရေးတကြီး တီးတိုးစကားပြောလေသည်။

"မိကျောင်းမင်းဟာ သူ့ကိုသတ်ဖို့လိုက်ရှာနေတဲ့ မုဆိုးအွန်ရာယ်နီးလာမှန်းသိရင် ရေနက်ထဲဆင်းပြီး ရေအောက်က ရွံ့တွေကြားမှာ ဝင်ပုန်းနေတတ်တယ်"

ဆာရာက စကားဝှက်ဆန်ဆန် ပြောလိုက်သဖြင့် ခရိတ်သည် အံ့အားသင့်လျက် သူ၏မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ သူမ၏ မျက်လုံးများသည် စူးရှတောက်ပြောင်လျက် ဇာတိမာန်တက်ကြွခြင်း၊ ဒေါသထွက်ခြင်း စသည့်စိတ်လှုပ်ရှားမှုများပေါ်သည့်အသွင် ဆောင်နေလေသည်။

ဆာရာက ဆက်လက်၍ ပြောပြန်သည်။

"ဖွန်ဂါဘီရာနဲ့ နောက်လိုက်ခွေးတွေဟာ အလွန်ဆူညံစွာ ဟောင်နေကြပြီဖြစ်တယ်။ ရှင်ရှိနေတုန်းမှာ သူတို့ဟာ အစာမစားရလို့ ဆာလောင်မွတ်သိပ်ပြီး ဟောင်နေတာရှင့်။ အဲဒီနောက်လိုက်ခွေးတွေရဲ့ ဟောင်သံကို ရှင် မကြားဘူးလားဟင်။ ရှင် ကြားမှာပါပဲ ကူဖီလာရယ်"

ခရိတ်သည် ပို၍ပင် အံ့အားသင့်သွားမိတော့သည်။ မိမိအား ကူဖီလာဟူသော နာမည်ဖြင့်ခေါ်လိုက်ခြင်းမှာ အလွန်အံ့သြဖွယ် ကောင်းနေပေသည်။ မိမိအားမာတာဘယ်လီ တိုင်းရင်းသားပြောက်ကျားလွတ်ကောက်ဆိုသူက ခေါ်လိုက်သော နာမည်ဖြစ်နေပေသည်။

ထိုနာမည်ကို ဆာရာက မည်သို့ သိနေလေသနည်း။ ဖွန်ဂါဘီရာ၏ နောက်လိုက်ခွေးများဟု ဆာရာက ပြောလိုက်ခြင်းသည် ဘာကိုဆိုလိုသနည်း။

ခရိတ်က အံ့အားသင့်လွန်းပြီး ဘာမှပြန်မပြောနိုင်လောက်အောင် ဖြစ်နေစဉ် ခပ်လှမ်းလှမ်းမှ ဝိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ်၏မျက်နှာအမူအရာကိုမြင်ပြီး လျင်မြန်စွာလျှောက်လာလေသည်။ ခရိတ်နှင့် ဆရာမ ဆာရာတို့ တစ်စုံတစ်ရာ တီးတိုးပြောနေသလောဟု မယုံသင်္ကာဖြစ်လျက် ချဉ်းကပ်လာခြင်းဖြစ်သည်။ သို့သော် ဆာရာကလည်း အကင်းပါးသူပီပီ ဝိုလ်ချုပ် ဖွန်ဂါဘီရာ ရောက်လာသည်နှင့်

ဘာမှမပြောဘဲ ခရိတ်အား ဦးညွှတ်နှုတ်ဆက်ကာ လက်ဖက်ရည်ခွက်ယူပြီး ချက်ချင်းပြန်ထွက်သွား လေသည်။ ဖွန်ဂါဘီရာသည် ခရိတ်မျက်နှာပျက်နေခြင်းမှာ နယူးယောက်မှ မစ္စတာဟင်နရီထံမှ ငွေကြေးမပြေလည်ခြင်း အကြောင်းကြောင့်ပင် ဖြစ်ရမည်ဟု တွက်လိုက်ဟန်ဖြင့်-

"သိပ်လည်း စိတ်ဓာတ်ကျမနေစမ်းပါနဲ့ဗျာ။ ကျုပ်တို့နဲ့လာပြီး စိတ်ပြေလက်ပျောက် စကားပြော နေစမ်းပါ"ဟု ပြောကာ ခင်မင်ရင်းနှီးစွာ ခရိတ်၏ပခုံးပေါ်သို့ လက်တစ်ဖက် အသာတင်လိုက်သည်။ မကြာမီ မစ်ရှင်ကျောင်းမှ လေဆိပ်ရှိရာသို့ ဆက်သွားကြရာ ဆယ်လီက ခရိတ်၏ပခုံးကို အသာပုတ် လိုက်ပြီး-
"ကျွန်မ စဉ်းစားမိတယ်ရှင့်၊ ရှင် လုပ်ငန်းလုပ်ဖို့ ရည်ရွယ်တဲ့ ဇမ်ဘေဇီမြစ်ရေများ ဆိုတဲ့နေရာက လေကြောင်းခရီးနဲ့ဆိုရင် ဒီနေရာက နာရီဝက်လောက်သွားရင် ရောက်နိုင်တယ်။ ကျွန်မကိုယ်တိုင် မြေပုံကြည့်ပြီး ချီဇာရီဒေသကို ရှာတွေ့တယ်။ ကျွန်မတို့အပြန်ခရီးမှာ လေယာဉ်ကို အဲဒီဒေသဘက် ကွေ့မောင်းရင်းကြည့်သွားပြီးမှ ပြန်ကြရင်ကောင်းမလားလို့"ဟု ပြောလေသည်။ သို့ရာတွင်ခရိတ်က စိတ်ပျက်ဟန်နှင့် "အကြောင်းမထူးပါဘူးဗျာ"ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲရှင့်"
ခရိတ်က ဟင်နရီထံမှ အကြောင်းကြားစာကို ဆယ်လီအား လှမ်းပေးလိုက်သည်။ ဆယ်လီလည်း စာရွက်ကို ဖတ်ကြည့်ပြီးနောက် "ဟင်...ဒီလိုလား။ ကျွန်မ စိတ်မကောင်းပါဘူးရှင်"ဟု ပြောလေသည်။ သူမသည် တကယ်ပင် စိတ်မကောင်းဖြစ်လျက် ခရိတ်အတွက် ဝမ်းနည်းသည့်ဟန်ဖြင့် ပြောလိုက် ခြင်းဖြစ်ကြောင်း သိသာထင်ရှားသောကြောင့် ခရိတ်သည် အနည်းငယ် စိတ်သက်သာရာရသလို ခံစားမိ လေသည်။

ထိုအခိုက် ဗိုလ်ချုပ်ဖွန်ဂါဘီရာက ကြားဖြတ်လျက် "အဲဒီဒေသကို ကျုပ်လည်း ကြည့်ချင်တယ်။ လေယာဉ်ကို ချီဇာရီဒေသဘက်က ကွေ့မောင်းရင်ကောင်းမယ်"ဟု ပြောလေသည်။ ခရိတ် က မလိုလားဟန်ဖြင့် ခေါင်းခါပြသော်လည်း ဖွန်ဂါဘီရာသည် လက်မခံဘဲ "ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သွားကြည့်ကြမယ်"ဟု ခပ်တည်တည် ပြောလိုက်ရာ ဆယ်လီကလည်း ခေါင်းညိတ်လိုက်သည်။
"ကောင်းပါပြီ၊ နောက်ထပ် မိနစ်နှစ်ဆယ်လောက်သွားရင် ရောက်ပါလိမ့်မယ်" ဆယ်လီသည် မြေပုံကို စိုက်ကြည့်ရင်း လေယာဉ်ကို ကျင်လည်စွာ မောင်းနှင်သွားလေသည်။

ခရိတ်ကမူ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေကာ မာတာဘယ်လီ တိုင်းရင်းသားဆရာမလေး ဆာရာ ပြောလိုက်သော စကားများအကြောင်း ပြန်လည်စဉ်းစားနေမိသည်။

"ဖွန်ဂါဘီရာ ရဲ့ နောက်လိုက်ခွေးတွေ"

သူမက ယင်းစကားလုံးသုံးလိုက်ပုံမှာ အဓိပ္ပါယ်အတိအကျမသိသော်လည်း ကြောက်စရာ အန္တရာယ် တစ်မျိုးဖြစ်ကြောင်းကား ထင်ရှားပေသည်။ တစ်ဖန် မိမိအား ပြောက်ကျား တော်လှန်ရေးသမား ရဲဘော်လွတ်ကောက်က ခေါ်သည့်အတိုင်း ကူဖီလာဟူသောအမည်ဖြင့် ခေါ်လိုက်ခြင်းကြောင့် ခရိတ်သည် ရင်ဖိုသလို တုန်လှုပ်ချောက်ချားသလို ဖြစ်ခဲ့လေသည်။

ယင်းနာမည်ကို ဆာရာကသိနေခြင်းမှာ သူမသည် မာတာဘယ်လီ တော်လှန်ရေးပြောက်ကျားတို့ နှင့်အဆက်အသွယ်ရှိ၍သာ ဖြစ်ရမည်ဟုလည်းကောက်ချက်ချမိလေသည်။ တစ်ဖန်ဆရာမဆာရာက မိကျောင်းမင်းအကြောင်း ပြောလိုက်ပြီးနောက်

"ကျားသစ်ဟာ သားကောင်ရှာတဲ့အခါ ညအခါမှသာ ထွက်ရှာလေ့ရှိတယ်"ဟုလည်း ပြောလိုက်လေရာ မိကျောင်းမင်းနှင့် ကျားသစ်အကြောင်းကို စကားဝှက်သဖွယ် ပြောလိုက်ခြင်းသည် ဘာကိုဆိုလို ပါလိမ့်ဟု စဉ်းစား၍မရ ဖြစ်နေပြန်သည်။

ဆာရာသ် မာတာဘယ်လီ တိုင်းရင်းသား တော်လှန်ရေးသမား ပြောက်ကျားများအား လိုလားသူ အမှန်ပင်ဖြစ်နေ လေသလော။ ခရိတ်က ဤသို့ အမျိုးမျိုး တွေးနေမိစဉ် ဆယ်လီသည် မြေပြင်ဆီသို့ ညွှန်ပြလျက် "ဟောဟိုမှာ မြစ်ကို မြင်နေရပြီရှင်"ဟုဆိုကာ လေယာဉ်ကို အလွန်နိမ့်စွာ ပျံသန်းကာ မြစ်ရိုးအတိုင်း မောင်းသွားလေသည်။ လေယာဉ်က အလွန်နိမ့်စွာ ပျံသန်းနေသဖြင့် မြေပြင်မှ သစ်ပင်တောအုပ်များကို ကောင်းစွာမြင်နေရသည့် တစ်ချိန်တွင် အလွန်ထွားကျိုင်းသော ကြံ့နက်ကြီး တစ်ကောင်ကိုပါ လှမ်းမြင်လိုက်ရလေသည်။

"ဟောဟို မှာ ကြည့်စမ်းပါဦး"

ဆယ်လီက ရုတ်တရက် ညွှန်ပြလိုက်သဖြင့် ခရိတ်နှင့် ဖွန်ဂါဘီရာတို့သည် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသည်။ မြင်ရသည့်ရှုခင်းမှာ ကောက်ကွေ့နေသည့် မြစ်ကမ်းပါးဘေးတစ်နေရာမှ မြက်ပင်များနှင့် မြေကွက်လပ်ကြီးတစ်ခု ဖြစ်သည်။ ယင်းမြေကွက်လပ်ကြီးသည် စားကျက်သဖွယ် ဖြစ်နေ၍ မြင်းကျားတစ်အုပ် အစာစားနေကြရာ လေယာဉ်စက်သံကြောင့် မြင်းကျားများ လန့်ဖျပ် ထွက်ပြေး

ကြကုန်လေသည်။
"အဲဒီ မြေကွက်လပ် အကျယ်အဝန်းနဲ့ ဆိုရင် ကျွန်မရဲ့ လေယာဉ်ကို ဆင်းလို့ရလိမ့်မယ် ထင်တာပဲ"
ပြောပြောဆိုဆို ဆယ်လီသည် လေယာဉ်ကို ဆင်းသက်ရန် ပြင်ဆင်လေသည်။

သူမအနေဖြင့် ဤဒေသရှိ သဘာဝတောတောင် ရေမြေရှုခင်း အခြေအနေကို အနီးကပ် လေ့လာ ကြည့်ရှုလိုသဖြင့် လေယာဉ်ကိုဆင်းသက်ရန် ပြင်ဆင်ခြင်းဖြစ်ဟန်တူလေသည်။ ဆယ်လီသည် လေယာဉ်ကို မြေပြင်နှင့်ထိလုနီးပါး အလွန်နိမ့်စွာ ပျံသန်းလျက် မြေကြီးအခြေအနေကို အနီးကပ် လေ့လာကြည့်ရှုပြီးနောက် ကျင်လည်စွာပင် ဆင်းလိုက်လေသည်။ လေယာဉ်မောင်းရာ၌ အထူး ကျင်လည်သူဖြစ်၍လည်း သူမသည် လေယာဉ်၏ဘီးများ မြေပြင်နှင့်ထိပြီး ပေတစ်ရာ့ငါးဆယ် အတွင်းမှာပင် အောင်မြင်စွာ ရပ်တန့်လိုက်နိုင်လေသည်။

"အင်း ဆယ်လီက အတောင်နဲ့ သဘာဝအတိုင်း ပျံသန်းတဲ့ ငှက်မကလေး ကျနေတာပဲ"

ခရိတ် က ရယ်မောပြီး ပြောလိုက်ရာ ဆယ်လီသည် သဘောကျသွားဟန်ဖြင့် ပြုံးလိုက်လေသည်။

သူတို့သည်လေယာဉ်ပေါ်မှဆင်း၍လျှောက်သွားကြရာ မြစ်ကမ်းစပ်အနီးသို့ ရောက်သွားလေသည်။ ထိုနေရာ၏ရှုခင်းမှာ အာဖရိကတိုက်၏ သဘာဝတောတောင် ရေမြေကို လူတို့၏ပြုပြင်မှု၊ ဖျက်ဆီးမှု အလျှင်းမရှိဘဲ ပကတိအတိုင်း ဖြစ်နေလေသည်။ ကမ်းစပ်အနီးရှိ သစ်ပင်များပေါ်၌ တောငှက်တို့၏ အသိုက်များလည်း ရှိသည်။

ရေစပ်ရှိ သဲသောင်ပြင်များ၏ ဖြူလွလွအဆင်းကလည်း အလွန်လှပ ကြည့်ကောင်း နေပေသည်။ တောစပ်ရှိ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ကလည်း သဘာဝရှုခင်းကို ပို၍တင့်တယ်အောင် အလှတန်ဆာဆင်ပေးထားသည် ဟု ထင်ရလေသည်။

"ဒီနေရာက သဘာဝရှုခင်းတွေက သိပ်လှတာပဲနော်"

ပြောပြောဆိုဆို ဆယ်လီသည် သူမ၏ကင်မရာကိုကိုင်လျက် ရှုခင်းများကို မာတ်ပုံရိုက်ယူရန် လျှောက်ထွက် သွားလေသည်။

ကမ်းစပ်တစ်နေရာတွင် တောဆင်ရိုင်းများ သွားလာကျက်စားသည့် အထိမ်းအမှတ်အဖြစ် ဆင်ချေး တုံးကြီးများစုပုံ ရှိနေလေရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ထိုနေရာကို ညွှန်ပြလျက်

"ဒါထက် မစ္စတာခရိတ်၊ ခင်ဗျားစိတ်ကူးတဲ့ တိုးရစ္စခရီးသည်စခန်းမျိုးက ဒီနေရာမှာ တည်ဆောက်ရင် အကောင်းဆုံးပဲ"ဟု ပြောလိုက်ရာ ခရိတ်ကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့၊ ဒီနေရာကဆိုရင် ကမ္ဘာလှည့် တိုးရစ္စခရီးသည်တွေအနေနဲ့ တောရိုင်းတိရစ္ဆာန်တွေ ညဘက် ရေဆင်းသောက်တာကို ကောင်းကောင်းကြည့်နိုင်တဲ့ အထူးတန်း ပွဲကြည့်စင်လိုဖြစ်မှာ သေချာတယ်"

"အေးဗျာ၊ ခင်ဗျားရည်ရွယ်ထားတာ စီမံကိန်းက မုခုအောင်မြင်ပြီး အကျိုးရှိနိုင်တယ်။ အမြတ်အစွန်း လည်း အများကြီးရမှာပဲ။ ဒီလိုစီမံကိန်းမျိုးကို လက်လွှတ်လိုက်ရမှာ ဝမ်းနည်းဖို့ကောင်းတယ်"

ဖွန်ဂါရာက ဤသို့ပြောလိုက်လျှင် ခရိတ်ကသရော်သလိုဟန်မျိုးဖြင့်

"ခင်ဗျား အခုပြောလိုက်ပုံက အရင်းရှင်တစ်ယောက် ကျနေတာပဲ" ဟုပြောလိုက်သည်။

အမှန်တော့ ခရိတ်သည် သူအလုပ်လုပ်ရန် လိုအပ်နေသော ရင်းနှီးငွေ မရနိုင်ကြောင်း သိရခြင်းကို စိတ်ပျက်နာကြည်းသဖြင့် ရွဲ့ပြီးပြောလိုက်ခြင်းဖြစ်သည်။ သို့သော်ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စိတ်ဆိုးပုံ မရဘဲ ပြုံးလိုက်သည်။

''ဘာပဲဖြစ်ဖြစ် ပြန်လည်ထူထောင်ဖို့ ကုန်ကျစရိတ်နဲ့ ငွေပင်ငွေရင်းကို စိုက်ထုတ်ပေးမယ့် အရင်းရှင်တွေတော့ ရှိဖို့လိုတာပါပဲ''

ထိုစကားကြောင့် ခရိတ်သည် ဖွန်ဂါဘီရာအား လျင်မြန်စွာ လှမ်းကြည့်လိုက်မိသည်။ ထိုအခါ ဖွန်ဂါ ဘီရာ၏မျက်လုံးများတွင် ဥရောပတိုက်သား မျက်နာဖြူများကဲ့သို့ အမြတ်အစွန်းရလိုမှု လောဘရှိ သည့် အရိပ်အယောင် ပေါ်ထွက်နေသည်ဟု ထင်ရလေသည်။

ထိုအချိန်၌ နှစ်ယောက်စလုံး စကားမပြောဘဲ ဆိတ်ဆိတ်နေကာ ရေစပ်အနီးတွင် ဓါတ်ပုံရိုက် နေသူ ဆယ်လီအား လှမ်းကြည့်နေကြလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် တစ်စုံတစ်ခု စဉ်းစားနေ ဟန်ဖြင့် ငြိမ်နေရာမှ ရုတ်တရက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခရိတ်အား လှမ်းပြောလေသည်။

''ဒီမယ်၊ တကယ်လို့ခင်ဗျား လိုအပ်နေတဲ့ ငွေပင်ငွေရင်း ချေးယူရရှိဖို့အတွက် ကမ္ဘာဘဏ်က တောင်းဆိုတဲ့ အထောက်အထားနဲ့ လိုအပ်ချက်တွေကို ကူညီဖန်တီးပေးနိုင်မယ်ဆိုရင် ခင်ဗျားရဲ့ လုပ်ငန်းမှာ ကျုပ်လည်း အထိုက်အလျောက် ဝေစုရနိုင်ခွင့် မရှိဘူးလား''

"ဒါတော့ ခင်ဗျားအနေနဲ့ ထိုက်သင့်သလောက် ရပိုင်ခွင့် ရှိတာပေါ့" ခရိတ်ကပြန်ပြောလိုက်စဉ် မှာပင် ဆယ်လီ၏လှမ်းအော်ပြောသံ ကြားရလေသည်။

"ကျွန်မတို့ ခရီးဆက်ကြမှ ကောင်းမယ်ရှင့်၊ ဒီကနေ ဟာရာရေမြို့ရောက်အောင်အချိန် နှစ်နာရီခွဲလောက် ပျံသန်းရလိမ့်မယ်"

သို့နှင့် သူတို့သည်ဆက်လက်၍ လေယာဉ်ဖြင့်ပျံသန်းခဲ့ကြပြီး ဆာရွန်လေတပ်စခန်းသို့ ပြန်ရောက်သွားကြသောအခါ ခရိတ်က ဖွန်ဂါဘီရာနှင့် ဆယ်လီတို့နှစ်ယောက်စလုံးကို လက်ဆွဲနှုတ်ဆက်လေသည်။

ဖွန်ဂါဘီရာသည် "ဆယ်လီရိုက်ခဲ့တဲ့ဓာတ်ပုံတွေအားလုံးကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောလိုက်ပြီး နောက် ခရိတ်ဘက်သို့ လှည့်၍

"ခင်ဗျားက မိုနိုမာတာပါဟိုတယ်မှာ တည်းနေတယ်မဟုတ်လား၊ နောက်သုံးရက်အတွင်း ခင်ဗျားကို ကျုပ်ဆက်သွယ်ပါမယ်"ဟုပြောပြီး အသင့်ရှိနေသော စစ်တပ်သုံးဂျစ်ကားတစ်စီးဖြင့် ထွက်သွားလေသည်။

ခရိတ်သည် ဆယ်လီအား လေဆိပ်မှပြန်ရန် မော်တော်ကားပါမပါမေးရာ ဆယ်လီက ခေါင်းခါပြသဖြင့်

"ကျုပ်ကတော့ ကားမောင်းရာမှာ မင်းလေယာဉ်မောင်း ကျင်လည်သလိုတော့ မတော်ပါဘူး၊ ဒါပေမဲ့ ကျုပ်ကားနဲ့လိုက်မယ်ဆိုရင် လိုက်ပို့ပါမယ်"ဟု ပြောလိုက်သည်။

ဆယ်လီကပြုံးလျက် လိုက်ခဲ့မည်ဟု ပြောသဖြင့် ခရိတ်သည် သူမအား တည်းခိုရာတိုက်ခန်းသို့ မောင်းပို့လိုက်လေသည်။ဆယ်လီနေထိုင်သည့်နေရာကား အစိုးရအိမ်တော်(ယခင်ဘုရင်စံအိမ်တော်နှင့် မျက်နှာချင်းဆိုင်ရှိ အဆောက်အအုံတစ်ခုမှ တိုက်ခန်းဖြစ်လေသည်။)

ယင်း တိုက်ခန်းရှေ့သို့ မော်တော်ကားဆိုက်၍ ဆယ်လီက ကားပေါ်မှ ဆင်းနေစဉ် ခရိတ်က "ဒီနေ့ည ညစာ ကျုပ်နဲ့အတူ လိုက်စားပါလား" ဟု ဖိတ်ခေါ်လိုက်သည်။

သို့သော် ဆယ်လီက

"ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မမှာ လုပ်စရာအလုပ်တွေ အများကြီးရှိတယ်ရှင့်" ဟု ပြန်ပြောလေသည်။

"ညစာစားတယ်ဆိုပေမယ့် အချိန်မကြာစေရပါဘူး။ အမြန်ဆုံး စားသောက်ပြီး ဆယ်နာရီမထိုးခင် ဒီအရောက် ပြန်ပို့ပေးပါမယ်။ လိုက်စားပါလားကွယ်"

ခရိတ်က ထပ်မံ၍ ပြောကြည့်သောအခါ ဆယ်လီသည် ခေတ္တာမျှစဉ်းစားနေပြီး "ဒါဖြင့် ကောင်းပြီလေ၊ ခုနှစ်နာရီလောက် ကျွန်မကို ဒီမှာပဲလာခေါ်ပါ"ဟု ပြောလိုက်သည်။ ခရိတ်သည် ကျေနပ်သဘောကျသွားလျက် သူ၏ဖောက်ဝက်ဂွန်ကားကလေးဖြင့် မောင်းထွက်သွားလေသည်။

ခရိတ်သည် ညစာစားရန်အတွက် မည်သည့်စားသောက်ဆိုင်သို့ သွားရမှန်းမသိဖြစ်နေရာ ဆယ်လီကပင် သူမနှင့် သိကျွမ်းသောဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေသည်။ ထိုစားသောက်ဆိုင်မှ ဆိုင်ရှင်ကိုယ်တိုင် ဆယ်လီကိုမြင်မြင်ချင်း ဝမ်းသာအားရပြေးလာပြီး လှိုက်လှိုက်လဲလဲ ခရီးဦးကြို ပြုလေသည်။ တကယ်လည်း ထိုဆိုင်မှ စားသောက်ဖွယ်များက အလွန်အရသာရှိလေသည်။ ခရိတ်အဖို့ ထိုညက စားသောက်ရသည့် စားစရာများသည် မကြုံစဖူး ထူးခြားစွာ စားကောင်းလှသည်ဟု ထင်မိလေသည်။ သူတို့သည် ယမကာအဖြစ် တောင်အာဖရိက နိုင်ငံလုပ် အကောင်းဆုံးဝိုင် အရက်ကို မှာသောက်ကြလေသည်။
ညစာ အတူစားရင်း ခရိတ်သည် စကားပြောခွင့်ရသဖြင့် ဆယ်လီအကြောင်းကို တီးခေါက် မေးမြန်းကြည့်ရာ ဆယ်လီကလည်း သူမ၏အတွေ့အကြုံများနှင့်ဖြစ်စဉ်ကို ပြောပြလေသည်။

"ကျွန်မဟာမူလကနာမည်ကြီးကိုဒတ်ဓာတ်ပုံဖလင်နဲ့ကင်မရာကုမ္ပဏီမှာ ကျွမ်းကျင်သူလက်ထောက်အဖြစ် အမှုထမ်းခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မမှာ အိမ်ထောင်ရှိခဲ့ပါတယ်။ နောက်ပိုင်း ကျွန်မ ရဲ့ဓာတ်ပုံရိုက်ပညာကျွမ်းကျင်မှုကြောင့် ကျွန်မရဲ့လက်ရာဓာတ်ပုံတွေကို ပြပွဲတွေမှာ ပြခွင့်ရတဲ့အပြင် နိုင်ငံခြားဝေလံခေါင်းပါး ဒေသတွေကို ဓာတ်ပုံရိုက်ဖို့ ခရီးထွက်ကြတဲ့ အဖွဲ့တွေကလည်း ကျွန်မကို ဖိတ်ခေါ်လာကြပါတယ်။

အဲဒါကို ကျွန်မရဲ့ ယောကျ်ားကမနာလိုဖြစ်ရာက နောက်ဆုံးကျွန်မတို့ အိမ်ထောင်ရေးဇာတ်လမ်းနိဂုံးချုပ် လိုက်ရတော့တယ် ဆိုပါတော့"

"မင်းတို့ အိမ်ထောင်ကျခဲ့တာ အချိန်ဘယ်လောက် ကြာခဲ့သလဲ" ခရိတ်ကမေးလိုက်ရာ ဆယ်လီက "နှစ်နှစ် လောက်ပါပဲ"

"သားသမီး ကော ရခဲ့သလား"

"သားသမီး မထွန်းကားခဲ့လို့ တော်သေးတာပေါ့ရှင်"

ဤသို့ သွက်လက်စွာပြောနေသော်လည်း ဆယ်လီသည် အစားအသောက်ကိုလည်း အဆက်မပြတ် စားနေလေရာ ခရိတ်သည်သူမကိုအကဲခတ်ကြည့်ရင်း ဤအမျိုးသမီးသည် စိတ်ဓာတ်ခိုင်မာ ပြင်းထန်သလောက် တုန်လှုပ်မှုကင်းစွာဖြင့် အရာရာကို လုပ်ဆောင်သွားတတ်သူပါတကားဟု စိတ်ထဲမှ မှတ်ချက်ချမိလေသည်။
စားသောက်ပြီးသည်နှင့် ဆယ်လီသည် သူမ၏လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ရှင်က ကျွန်မကို ဆယ်နာရီလောက် အိမ်ပြန်ပို့ပါမယ်လို့ ကတိပေးခဲ့တယ် မဟုတ်လား"

ပြောပြော ဆိုဆို ထိုင်ရာမှ ထလိုက်သည်။ စားသောက်ဆိုင်မှ ကျသင့်ငွေကို ခရိတ်ကရှင်းပေးမည် ပြုသောအခါ ဆယ်လီက လက်မခံဘဲ တစ်ယောက် တစ်ဝက်ကျခံရမည်ဟုဆိုကာ ဖွတ်အတင်းပင် ကျသင့်ငွေ၏ တစ်ဝက်တိတိကို ထုတ်ပေးသဖြင့် ခရိတ်လည်း မတတ်သာဘဲ လက်ခံလိုက်ရလေသည်။
သူမ၏ တိုက်ခန်းဝသို့ ရောက်သောအခါ ဆယ်လီက ချက်ချင်းကားပေါ်မှ မဆင်းသေးဘဲ

"ရှင် ကျွန်မရဲ့ အခန်းကို လိုက်ပြီးကော်ဖီ သောက်ပါဦးလား ရှင့်"ဟု ဖိတ်ခေါ် လိုက်သည်။

ခရိတ်လည်း ဝမ်းသာအားရ ဖြစ်သွားလျက်

"ဟာ..... သောက်ချင်တာပေါ့၊ ကျေးဇူးပါပဲ"ဟု ပြောကာသွက်လက်စွာ ကားပေါ်မှဆင်းမည်ပြုစဉ် ဆယ်လီက လက်ဖြင့် အသာတားလိုက်ပြန်သည်။ "ဒါပဲနော်။ ရှင့်ကို ကျွန်မရဲ့ တိုက်ခန်းထဲခေါ်မသွားခင် ရှင်းရှင်းပြောထားရဦးမယ်။ သောက်ရမယ့် ကော်ဖီက အလွယ်တကူ ဖျော်လို့ရတဲ့ နက်စ်ကော်ဖီပဲ၊ ရှင်ကလိုက်လာပြီး ကော်ဖီသောက်ရုံပဲသောက်ရမယ်။ တခြားဘာမှမလုပ်ရဘူး"

"ကောင်းပါပြီ။ စိတ်ချပါ။"

ခရိတ်က သဘောတူလက်ခံလိုက်မှ ဆယ်လီသည် ပြုံးရွှင်ခေါင်းညိတ်လိုက်ပြီး သူမ၏တိုက်ခန်းသို့ ခေါ်သွားလေသည်။ ဆယ်လီနေသည့်တိုက်ခန်းမှာ မကျယ်ဝန်းလှသော်လည်း သပ်သပ်ရပ်ရပ်ရှိလေသည်။ အခန်းတွင်း၌ အသံဖမ်း တိတ်ရကော်ဒါစက်တစ်လုံးရှိပြီး ထောင့်တစ်ထောင့်တွင် သူမအိပ်သည့် ခုတင်တစ်လုံးရှိသည်။ ခုတင်ဆိုသော်လည်း ဥရောပတိုက်သားအရာရှိများ နယ်လှည့်ခရီးထွက်သည့်အခါ ပေါ့ပေါ့ပါးပါးယူသွားလေ့ရှိသော ကင်းကော့ခေါ် ခေါက်ကုတင်မျိုးသာဖြစ်သည်။ ခုတင်

ဘေးနားတွင်လည်း ဆယ်လီ ခရီးသွားလျှင်အသုံးပြုသည့် အိပ်ရာလိပ်ငယ်တစ်ခု အသင့်ပြင်ထားလေသည်။

ပရိဘောဂ များများစားစားမရှိလင့်ကစား ကြမ်းပြင်ကို ပြောင်လက်အောင် ပွတ်တိုက်ထားသဖြင့် သန့်ရှင်းသပ်ရပ် နေပေသည်။ အခန်းနံရံတွင်ကား ဆယ်လီ၏ လက်ရာမာတ်ပုံများ ကပ်ထားလေသည်။ ဆယ်လီက မီးခိုခန်းတွင်ဝင်၍ ကော်ဖီဖျော်နေစဉ် အခန်းနံရံမှမာတ်ပုံများကို လေ့လာကြည့်နေလေသည်။

"ရှင် ရေချိုးခန်းဝင်ချင်ရင် ဒီဘက်ကိုလာခဲ့ပါ။ ဒါပေမဲ့ သတိထားပြီးလည်း လျှောက်ရှင့်"

ဆယ်လီက လှမ်းပြောလိုက်သဖြင့် ခရိတ်လည်း သူပြောသည့်အတိုင်း လျှောက်ဝင်သွားရာ ရေချိုးခန်းတွင် ဆယ်လီက မာတ်ပုံဆေးကူးသည့် အမှောင်ခန်း ပြုလုပ်ထားကြောင်း တွေ့ရလေသည်။ ဖလင်ဆေးကူးသည့် မာတုဇဒ မာတ်ဆေးပုလင်းများနှင့် ဆေးပြီး ဖလင်များလည်း တွေ့ရသည်။

နှစ်ယောက်သား ကော်ဖီထိုင်သောက်ရင်း အာဖရိကတိုက်အကြောင်း စကားစပ်ပြောနေကြလေသည်။ ယင်းသို့စကားပြောနေရင်း ဆယ်လီက ခရိတ်ရေးသော စာအုပ်အကြောင်း ထည့်ပြောသဖြင့် သူမအနေဖြင့် ယင်းစာအုပ်ကို သေချာစွာဖတ်ရှုလေ့လာထားသည်ဟု ခရိတ်ကခန့်မှန်း သိရှိလေသည်။ အတန်ကြာကြာ စကားပြောဆိုနေကြပြီးနောက် ဆယ်လီသည် လက်ပတ်နာရီကို ကြည့်ရင်း-

"ကဲ- အချိန်လည်း နောင်းလှပြီ။ မနက်စောစောမှာ လုပ်စရာတွေလည်း ရှိသေးတယ်။ ဝတ်နိုက်" ဟု ခရိတ်အားပြန်ရန် အရိပ်အမြွက်သဘောပြောလိုက်ရာ ခရိတ်လည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"နောက်ထပ် ကျုပ်က မင်းကို ဘယ်တော့ တွေ့ရဦးမှာလဲ"

"ဒါတော့ မပြောတတ်သေးဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"မနက်ဖြန်ကျွန်မကတောင်တန်းဒေသကို လေယာဉ်မောင်းပြီးသွားရလိမ့်မယ်။ ဟိုမှာဘယ်လောက်ကြာမယ်ဆိုတာလည်း မပြောတတ်ဘူး"

ဤသို့ပြောရင်း ခရိတ် ဝမ်းနည်းသလိုဟန်မျိုး ဖြစ်သွားသည်ကို သတိပြုမိသဖြင့် ဆယ်လီက

"ကျွန်မ ပြန်ရောက်ရောက်ချင်း ရှင်တည်းခိုနေတဲ့ ဟိုတယ်ကို တယ်လီဖုန်းဆက် အကြောင်းကြားလိုက်မယ်လေ။ ဒါကလည်း ရှင်ကဆက်စေချင်ရင်ပေါ့" ဟု ဆက်ပြောလိုက်သည်။

"ကျုပ်က ဆက်စေချင်ပါတယ်"

ခရိတ်က စိတ်အားထက်သန်စွာ ပြောလိုက်သည်ကို ဆယ်လီသည် သဘောကျသွားသယောင် ဖြစ်သွားလေသည်။

ပြန်ခါနီး တံခါးဝ၌ လက်ဆွဲနှုတ်ဆက်ကြစဉ် ဆယ်လီက

"ဒီမယ် ကျွန်မပွင့်ပွင့်လင်းလင်းပြောရရင် ရှင့်ကို သဘောကျစပြုလာမိတယ်။ ဒါပေမဲ့ ရိုးရိုး မိတ်ဆွေအဖြစ်ခင်မင်လိုတဲ့သဘောသာဖြစ်တယ်။ အဲဒါထက်ပိုပြီး ရင်းနှီးတဲ့အဆင့်မျိုးကိုဆိုလိုတာမဟုတ်ဘူး။ ကျွန်မဟာ ပထမအိမ်ထောင်ပျက်ခဲ့တဲ့ဒဏ်ကို ခံနေရတုန်းပဲဖြစ်လို့ပါ။ ဒါကို ရှင့်အနေနဲ့ နားလည်မှုရှိစေချင်ပါတယ်" ဟုပြောလေသည်။

ဆယ်လီက ဤသို့ ပြောလိုက်သော်လည်း ခရိတ်သည် ပျော်ရွှင်ကြည်နူးလျက် သူ၏ဖောက်ဝက်ဂွန်းကားလေးဖြင့် မိုနိမာတာပါဟိုတယ်သို့ မောင်းပြန်လာခဲ့လေသည်။ သူကိုယ်တိုင်က ဆယ်လီအား နီးနီးကပ်ကပ် တွေ့ဆုံသိကျွမ်းရချိန်တွင် သဘောကျလာမိသဖြင့် ယခုကဲ့သို့ သူမကိုယ်တိုင်က ရည်မွန်စွာဆက်ဆံခြင်းကို ကြည်နူးပီတိ ဖြစ်မိလေသည်။

ထို့ပြင် ဆယ်လီ၏ ဓာတ်ပုံပညာ အရည်အချင်းကို လေးစားမိပြီး အာဖရိကတိုက်ကြီးနှင့်တကွ တိုင်းရင်းသားလူမျိုးများအပေါ် စေတနာမေတ္တာထားကြောင်းသိရ၍လည်း ခရိတ်သည် ဆယ်လီအား သဘောကျမိခြင်း ဖြစ်လေသည်။

ဟိုတယ်မန်နေဂျာသည် ခရိတ်ကိုမြင်မြင်ချင်း သူ၏သီးသန့်ရုံးခန်းတွင်းသို့ ခေါ်သွားပြီး အရေးတကြီးစကား ပြောလေသည်။

"မစ္စတာခရိတ်ခင်ဗျား၊ ကျွန်တော်တော့ အတော်ကို စိတ်ညစ်သွားတာပဲ။ ခင်ဗျားမရှိတုန်းမှာ ရဲတပ်ဖွဲ့ အထူးထောက်လှမ်းရေးဌာနက စုံထောက်အအရာရှိတွေလားပြီး ခင်ဗျားအကြောင်း မေးမြန်းစုံစမ်းတယ်။ သူတို့က အတင်းအကျပ် တောင်းဆိုတဲ့အတွက် ဒီဟိုတယ်က ခင်ဗျား သီးသန့်အာမခံသေတ္တာကို ဖွင့်ပြရတဲ့အပြင် ခင်ဗျားရဲ့အခန်းကိုပါ ဖွင့်ပြလိုက်ရပါတယ်"

ခရိတ်သည် စိတ်ထဲမှ ထောင်းခနဲ ဒေါသတွက်မိလေသည်။

"နေပါဦး၊ ရဲထောက်လှမ်းရေးတွေက ဒီလိုပဲ ကာယကံရှင် မရှိခိုက် ကိုယ်ပိုင်အခန်းထဲဝင်ပြီး ရှာဖွေနိုင်ခွင့် ရှိလို့လား"

"ခင်ဗျား သဘောမပေါက်သေးဘူးနဲ့တူတယ်။ ဒီနိုင်ငံမှာက သူတို့လုပ်ချင်တာ လုပ်နိုင်တယ်ဗျ။ ဒါပေမဲ့ ခင်ဗျားရဲ့သီးသန့်မီးခံသေတ္တာထဲက ဘာပစ္စည်းမှသူတို့ယူမသွားပါဘူး။ ဒါကိုတော့ကျုပ် တာဝန်ခံ ပါတယ်"

"ဘာပဲဖြစ်ဖြစ် ကျုပ်က သေချာအောင် ပြန်စစ်ကြည့်ချင်သေးတယ်"

ဤသို့ပြောပြီး ခရိတ်သည် သူ၏သီးသန့်မီးခံသေတ္တာကိုဖွင့်၍ အတွင်းမှပစ္စည်းများကို သေချာစွာ စစ်ကြည့်လေသည်။ သူ၏ ခရီးသွား ချက်လက်မှတ်များကို ရေတွက်ကြည့်ရာ မူလကထားခဲ့သည့် အတိုင်းပင် ပြည့်စုံစွာရှိသည်ကို တွေ့ရသည်။ သူ၏နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ်များ သည်လည်း လက်ရာမပျက် ရှိနေသည်။

သို့သော် ခရိတ်အတွက် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌဟင်နရီက ဖန်တီးပေးလိုက်သောတောထဲ၌ အရေးပေါ် သုံးရန် ဆေးသေတ္တာကိုမူ ထောက်လှမ်းရေးက မွှေနှောက် ရှာဖွေသွားကြောင်း သိသာထင်ရှားလေသည်။ ခရိတ်အား ကမ္ဘာ့ဘဏ် ကွင်းဆင်းလေ့လာရေး အရာရှိအဖြစ် အသိအမှတ်ပြု တာဝန်ပေးထားကြောင်း ဖော်ပြထားသည့် စိစစ်ရေးကတ်ပြားမှာ လက်ရာပျက်နေသည်ကို တွေ့ရလေသည်။

"အခုလို ကျုပ်ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို ဝင်ရောက်ရှာဖွေဖို့ ဘယ်သူများအမိန့်ပေးလိုက်တယ် ထင်သလဲ"
ခရိတ်က မီးခံသေတ္တာကို ပြန်ပိတ်ပြီး မေးလိုက်ရာ ဟိုတယ်မန်နေဂျာက

"ထိပ်သီး အရာရှိကြီးကြီးတစ်ယောက် ဖြစ်မှာပေါ့"ဟု ပြန်ပြောလေသည်။ ခရိတ်လည်း စိတ်ထဲမှ နာကြည်းစွာဖြင့် "ဇကွန္တ ဝန်ကြီးဘွန်ဂါတာ ဖြစ်မှာပဲ။ ဒီလူက အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲ သွားတာကိုး" ဟု တွေးမိလေသည်။

အခန်း(၉)

ခရိတ်သည် ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ကြည့်ရှု့လေ့လာခဲ့ရပုံကို အစီရင်ခံစာ တစ်စောင်ရေး၍ ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌဟင်နရီထံသို့ပို့ပေးရန်အတွက် အမေရိကန်သံရုံးသို့ သွားပို့ရာ ယဉ်ကျေးမှု အရာရှိမော်ဂင်က လက်ခံယူပြီးနောက် ကော်ဖီဖြင့် ဧည့်ခံလေသည်။

"ကျုပ်အနေနဲ့ ဒီမြို့မှာ မူလကရည်မှန်းထားတာထက် ပိုကြာကြာနေဖြစ်လိမ့်မယ်ထင်တယ်။ ခက်တာက ကျုပ်က ဟိုတယ်အခန်းထဲမှာနေပြီး အလုပ်လုပ်ရတာ အလွန်စိတ်ကျဉ်းကျပ်တယ်"

ခရိတ်က သူ့အတွက် အိမ်ခန်းတစ်ခန်း ရလိုသည့်သဘောဖြင့် ပြောလိုက်ရာ မော်ဂင်က ခေတ္တစဉ်း စားနေ ပြီးနောက်

"ဒီမြို့မှာ အိမ်ခန်းရဖို့က တော်တော်ခဲယဉ်းတယ်ဗျ။ ဒါပေမဲ့ ကြိုးစားပြီး ကြံဖန်ကြည့်ပါဦးမယ်"ဟု ပြန်ပြောလေသည်။

နောက်တစ်နေ့တွင်ပင် ခရိတ်ထံသို့ သံရုံးမှမော်ဂင်က တယ်လီဖုန်းဆက်လေသည်။

"ကျုပ်တို့ သံရုံးက ဝန်ထမ်းမိန်းကလေးတစ်ဦးက ခွင့်တစ်လယူပြီးအမေရိကန်ကို ခဏပြန်လိမ့်မယ်။ သူရဲ့တိုက်ခန်းကို အဲဒီကာလအတွင်းမှာ ဒေါ်လာခြောက်ရာနဲ့ငှားမယ်လို့ပြောတယ်။ မိန်းကလေးက နက်ဖြန်ပဲ ထွက်သွားလိမ့်မယ်"

ခရိတ်သည် ထိုတိုက်ခန်းကိုပင် ဒေါ်လာခြောက်ရာပေး၍ ငှားနေရန်ဆုံးဖြတ် လိုက်လေသည်။

တိုက်ခန်းမှာ သပ်သပ်ရပ်ရပ်နှင့်သားနားပြီး အေးဆေးစွာစာရေးရန် သင့်တော်သဖြင့် သဘောကျမိ လေသည်။ ချက်ချင်းပင် သူသည်စာရေးရန် စားပွဲကြီးတစ်လုံးကို နေရာတကျ ထားလိုက်ပြီးနောက် စာရေးစက္ကူများ၊ အောက်စဖို့ အဘိဓာန် စာအုပ်တစ်အုပ်နှင့်တကွ အခြားလိုအပ်သည်တို့ကို အသင့်ပြင်ဆင်ကာ ရောက်သည့်နေ့မှာပင် စတင်စာရေးလေသည်။ စိတ်ပါလက်ပါ ရေးခြင်းဖြစ်၍ သူသည် စာမူများကို အလွန်သွက်လက်လျင်မြန်စွာ ရေးသားနိုင်သည့်ပြင် ရေးနေသည့် စာမူထဲအထူးစိတ်ဝင် စားနေသဖြင့် အချိန်တွေကုန်သွားသည်ကိုပင် သတိမပြုမိတော့ချေ။

ထိုအတောအတွင်း အမေရိကန် သံရုံးမှမော်ဂင်က ခရိတ်အား နှစ်ကြိမ်တိုင်တိုင် တယ်လီဖုန်းဆက် လေသည်။ ဆက်သည့်အကြောင်းက သံတမန်ဇည့်ခံပွဲများသို့ တက်ရန်ဖိတ်ကြားခြင်းပင် ဖြစ်သည်။ သို့သော် နှစ်ကြိမ်စလုံးပင် ခရိတ်ကမတက်ရောက်လိုကြောင်း ငြင်းပယ်ခဲ့သည်။ နောက်ထပ်အလား တူတယ်လီဖုန်းတွေ လာနေပါက စာရေးရာတွင် အနှောင့်အယှက် ဖြစ်ချေတော့မည်ဟု တွေးမိသဖြင့် သူ၏ အခန်းမှတယ်လီဖုန်းပလပ်ကို အသာထုတ်ထားလိုက်သည်။ လေးရက်မြောက်သောနေ့တွင် ခရိတ်သည် တယ်လီဖုန်းပလပ်ကို ပြန်တပ်လိုက်ရာ ချက်ချင်းပင် တယ်လီဖုန်းလာလေသည်။ တဖက်မှပြောသည့်အသံမှ အာဖရိကတိုင်းရင်းသားတစ်ဦး၏ အသံဖြစ်သည်။

"မစ္စတာခရိတ် ခင်ဗျား၊ ကျွန်တော်တို့က ခင်ဗျားကို လိုက်ရှာက်ဆက်သွယ်နေတာ အတော်ကြာပါပြီ၊ ဘယ်နေရာမှာမှ ရှာမရဘူးဖြစ်နေပါတယ်။ အခုတစ်ဆိတ်လောက် တယ်လီဖုန်းကို ခဏကိုင်ထားပါ။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခင်ဗျားနဲ့စကားပြောချင်လို့ပါ"

ခရိတ်လည်း ဘာမှမပြောဘဲ တယ်လီဖုန်းစကားပြောခွက်ကို ကိုင်၍စောင့်နေစဉ် တက်ဖက်မှ ဖွန်ဂါဘီရာ၏ ကြည်လင်ပီသသောအသံကို ကြားရလေသည်။

"ဟဲလို ခရိတ်၊ ခင်ဗျားနဲ့ကျုပ် ဒီနေ့တွေ့ကြရအောင်။ မွန်းလွဲသုံးနာရီလောက်တွေ့ချင်တယ်။ ကျုပ်ကခင်ဗျားကို မော်တော်ကားတစ်စီးနဲ့ အခေါ်လွှတ်လိုက်မယ်"

ခရိတ် လည်း သုံးနာရီအချိန်တွင် စောင့်နေပါမည်ဟု ပြန်ပြောလိုက်ရလေသည်။

သွားရသည့်နေရာကား ဖွန်ဂါဘီရာ၏ သီးသန့်နေအိမ်ဖြစ်ပြီး မြို့ပြင်ဘက် ဆယ့်ငါးမိုင်ခန့်အကွာ မာစီပိန်းရေအိုင်ကြီးအနီးတွင် တည်ရှိလေသည်။ ထိုအိမ်ကို မူလတည်ဆောင်ခဲ့သူမှာ အင်္ဂလိပ်လူမျိုး လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်၏သားဖြစ်ပြီး ကိုလိုနီခေတ် ဗြိတိသျှလူမျိုးတို့ ဝါသနာအတိုင်း အထူးခမ်းနားသပ်ရပ်စွာ ဆောက်လုပ်ထားလေသည်။

အိမ်၏ ပတ်ပတ်လည်တွင် ကျယ်ဝန်းသော ဝရန်တာများရှိပြီး ဇရိယာအားဖြင့် ငါးဧကနီးပါး ကျယ်ဝန်းသောဝင်းခြံကြီးအတွင်း ပန်းဥယျာဉ်များ မြက်ခင်းပြင်များ ပြုလုပ်ဖန်တီးထားလေသည်။ ဝင်းဝရိုဗဟိုတံခါးတွင် နာမည်ကြီး ဇင်ဘာဘွေတတိယတပ်မဟာမှ ကိုယ်ရံတော်တယ်ဖွဲ့က ခရိတ်နှင့်တကွ မော်တော်ကားမောင်းသူတို့အား သေချာစွာ စစ်ဆေးပြီးမှ အတွင်းသို့ဆက်မောင်းခွင့်ပြုလေသည်။

အိမ်ကြီးက ခပ်မြင့်မြင့်ဖြစ်ပြီး ဧည့်ခန်းတံခါးဝဆီသို့ ရောက်အောင်လှေကားထစ်များဖြင့် တက်ရလေသည်။ ခရိတ်သည် မော်တော်ကားဆိုက်ဆိုက်ချင်း ဆင်း၍လှေကားထစ်များအတိုင်း လျှောက်တက်သွားရာ လှေကားထိပ်တွင် ဖွန်ဂါဘီရာက အသင့်ရပ်စောင့်နေသည်ကို တွေ့ရလေသည်။ သူသည် အဖြူရောင် ချည်ဘောင်းဘီအဖြူနှင့် ကြက်သွေးရောင် ပိုးရှပ်လက်တိုတို့ ဝတ်ဆင်ထားရာ အလွန်သပ်ရပ် တင့်တယ်နေသည်ဟု ထင်ရပေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ်အား ရင်းနှီးစွာ ပခုံးဖက်လျက် ဝရန်တာတစ်နေရာ၌ ရှိနေသော လူတစ်စုဆီသို့ ခေါ်သွားလေသည်။ ထို့နောက် ဖွန်ဂါဘီရာသည် ခရိတ်အားလူများနှင့် မိတ်ဆက်ပေးလေသည်။

"ကိုင်း မစ္စတာခရိတ်၊ မိတ်ဆက်ပေးရဦးမယ်။ ဟောဒါက ဇင်ဘာဘွေနိုင်ငံ မြေယာဘဏ်ရဲ့ အုပ်ချုပ်ရေးမှူး မစ္စတာမူရာရီဝါ ဖြစ်ပါတယ်။ ဟောဟိုဘက်က ပုဂ္ဂိုလ်ကသူရဲ့လက်ထောက် အရာရှိ မစ္စတာကာပွေပွေဖြစ်ပါတယ်။ ဟောဒီဘက်ကလူကတော့ ကျုပ်ရဲ့ရှေ့နေကြီးမစ္စတာကိုဟင်ပါပဲ" ဤသို့ ပြောပြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ထိုလူသုံးဦးဘက်သို့လှည့်၍ "မိတ်ဆွေများခင်ဗျား၊ အခု ရောက်လာတဲ့ပုဂ္ဂိုလ်က နာမည်ကျော်စာရေးဆရာကြီး မစ္စတာခရိတ်ဖြစ်ပါတယ်ခင်ဗျား"ဟု မိတ်ဆက်ပေးလိုက်သည်။ ထိုလူသုံးဦးစလုံးက ခရိတ်အား လက်ဆွဲနှုတ်ဆက်ကြလေသည်။

"မစ္စတာခရိတ် ခင်ဗျား၊ ကျုပ်တို့နဲ့အတူ ယမကာတစ်ခွက်သောက်ပါဦး"

တစ်ယောက် က ပြောလိုက်ချိန်တွင် ဗြိတိသျှကိုလိုနီခေတ်က တိုင်းရင်းသားအမှုထမ်းများ အိမ်စေများ ဝတ်လေ့ရှိသည့် ကာဇာခေါ်အဖြူရောင် ယူနီဖောင်းဝတ်စုံဝတ်စားပွဲထိုးတစ်ဦးက ခရိတ်အား ယမကာဖန်ခွက်တစ်ခွက် လာပေးလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စကားကိုသွယ်ဝိုက်မပြောတော့ဘဲ လိုရင်းအချက်ကို တိုက်ရိုက်ပြောလေသည်။

"ကဲ- မစ္စတာခရိတ်၊ ခင်ဗျားလိုနေတဲ့ ဒေါ်လာငွေသိန်းငါးဆယ်ကို ကမ္ဘာ့ဘဏ်က ချေးယူရရှိဖို့ အတွက် ကျုပ်တို့ရဲ့ဇင်ဘာဘွေ မြေယာဘဏ်အနေနဲ့ ခင်ဗျားဘက်က အာမခံပေးပြီး ထောက်ခံဖို့ အဆင်သင့် ရှိပါတယ်"

ခရိတ်က အံ့အားသင့်လွန်း၍ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေစဉ် ဖွန်ဂါဘီရာက ဆက်ပြောလေသည်။
"ဒီလိုပါခင်ဗျာ။ ခင်ဗျားဟာ ကမ္ဘာ့ဘဏ်အဖွဲ့အစည်းနဲ့ အဆက်အသွယ်ရှိတယ်ဆိုတာ အထူးလျှို့ဝှက်ချက်တစ်ခု မဟုတ်လေတော့ ကျုပ်တို့လည်းသိနေတယ်ဆိုပါတော့။ မစ္စတာဟင်နရီဆိုတာ ကလည်း ဒီနိုင်ငံက လူတွေ အတော်များများသိနေသူ ဖြစ်ပါတယ်"

ဤတွင် ဖွန်ဂါဘီရာသည် ပြုံးလိုက်ပြီးမှ ဆက်ပြောလေသည်။

"အခု ခင်ဗျားလိုတဲ့ ဒေါ်လာငွေ သိန်းငါးဆယ်ကို ချေးယူရရှိဖို့အတွက် ကျုပ်တို့က ဝင်ကူညီမယ်ဆိုတာ စည်းကမ်းချက် ကန့်သတ်ချက်တချို့တော့ ရှိရလိမ့်မယ်။ ဒါပေမဲ့ အဲဒီစည်းကမ်းချက်တွေကလည်း ခက်ခက်ခဲခဲ မဟုတ်ဘူး"

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သူ၏ရှေ့နေကြီး (မျက်နှာဖြူလူမျိုး) ကိုဟင်ဆိုသူဘက်သို့ လှည့်၍-

"စာချုပ်စာတမ်းတွေ အားလုံးပါခဲ့တယ် မဟုတ်လား။ ဟုတ်ပြီ။ ဒါဖြင့် မစ္စတာခရိတ်ကို စာချုပ် မိတ္တူ တစ်စောင် ပေးဖတ်လိုက်ပါ။ ပြီးတော့ ကျုပ်တို့အားလုံး နားထောင်ရအောင် ခင်ဗျားကိုယ် တိုင်ကလည်းဖတ်ပြပါ" ဟု ပြောလိုက်သည်။

ရှေ့နေကိုဟင်သည် သူ၏စာကြည့်မျက်မှန်ကို တပ်လိုက်ပြီးတောက် သူ၏ရှေ့ရှိစားပွဲပေါ်မှ စာရွက် စာတမ်းများကို ကောက်ယူပြီး စတင်ဖတ်ပြလေသည်။

"ဒါဟာ မြေယာဝယ်ယူရေးနဲ့ ပတ်သတ်တဲ့ သဘောတူခွင့်ပြုချက်ပဲ ဖြစ်ပါတယ်။ ဗြိတိသျှနိုင်ငံသား တစ်ဦး ဖြစ်သူ မစ္စတာခရိတ်သည် ဇင်ဘာဘွေ နိုင်ငံသားတစ်ဦးလည်း ဖြစ်သည့်အလျောက် မြေယာ ဝယ်ယူခွင့်ကို သဘောတူခွင့်ပြုလိုက်သည်။ ဝယ်ယူမည့်မြေယာသည် ရိုခင်ကုမ္ပဏီပိုင် မြေယာများ ပင်ဖြစ်သည်။ ဤသဘောတူခွင့်ပြုမိန့်ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထားပြီး လယ်ယာ စိုက်ပျိုးရေးဝန်ကြီးက ထပ်ဆင့်လက်မှတ်ရေးထိုးထားသည်။"

ခရိတ်သည် ဝန်ကြီးတွန်ဂါတာက ယင်းမြေဝယ်ယူရေး ခွင့်ပြုချက်မရရှိအောင်လုပ်မည်ဟု ခြိမ်းခြောက် ခဲ့သည်ကို သတိရမိနေသည်။ သို့သော် ယခုတော့ ယင်းခွင့်ပြုချက်ရရှိခြင်းမှာ ဝန်ကြီးဗိုလ်ချုပ်ဖွန်ဂါ ဘီရာက လယ်ယာစိုက်ပျိုးရေးဝန်ကြီးနှင့် ယောက်ဖတော်နေ၍ ရရှိလာခြင်းဖြစ်နိုင်သည်ဟုလည်း စဉ်းစားမိသည်။ စဉ်းစားရာက ခရိတ်သည် ဖွန်ဂါဘီရာအား လှမ်းကြည့်ရာ ရှေ့နေကြီးဖတ်ပြနေသည့် စာချုပ်ပါအချက်များကိုသာ အာရုံစိုက်နားထောင်နေသည်ကို တွေ့ရလေသည်။ ရှေ့နေကြီးကိုဟင် သည် စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို တစ်ခုပြီးတစ်ခုကောက်ယူ၍ သေချာစွာဖတ်သွားလေ သည်။ နားထောင်နေသူများက မရှင်းလင်း၍ မေးမြန်းနိုင်ရန်အတွက်လည်း စာပိုဒ် တစ်ပိုဒ် ပြီးလျှင် ခေတ္တရပ်နားပြီး မေးစရာမရှိတော့မှ ဆက်လက်၍ဖတ်သွားလေသည်။

ခရိတ်သည် သူလိုနေသော ဒေါ်လာငွေသိန်းငါးဆယ် ချေးယူရရှိရန် မမျှော်လင့်တော့ဘဲ နေရာမှ ယခုတော့ နည်းလမ်းပေါ်လာသဖြင့် စိတ်လှုပ်ရှားကာ ကုလားထိုင်တွင် ငြိမ်ငြိမ်ထိုင်နေရန်ပင် ခက် သလို ဖြစ်နေလေသည်။ အလွန်မြတ်နိုးတွယ်ထားသော ကင်းလင်းမြေကွက် အပါအဝင် ရိုလင်ကုမ္ပဏီ ပိုင် မြေယာများကိုရရှိပြီး သူရည်မှန်းသည့် ဇမ်ဘေဇီမြစ်နေရေများ စီမံကိန်း အကောင်အထည် ပေါ်ချေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ စိတ်လှုပ်ရှားမိခြင်း ဖြစ်လေသည်။

သို့ရာတွင် ရှေ့နေကြီး ဖတ်ပြသွားသော စာချုပ်ပါစည်းကမ်းချက်တစ်ခုကို ခရိတ်က ဘဝင်မကျမိ သဖြင့်-

"နေပါဦးဗျ၊ အခုဖတ်သွားတဲ့စာပိုဒ်ထဲက အကယ်၍ **နိုင်ငံတော်နှင့် ပြည်သူတို့၏ရန်သူဖြစ်ခဲ့သော်** ဆိုတာက ဘာအဓိပ္ပာယ်လဲဗျ"ဟု မေးလိုက်သည်။

ထိုအခါ ရှေ့နေကြီး မစ္စတာ ကိုဟင်က ရှင်းပြလေသည်။

"ဒါကတော့ ဒီနိုင်ငံက စာချုပ်စာတမ်းတွေမှာ ထည့်ရိုးထည့်စဉ် စာပိုဒ်ပဲ ဖြစ်ပါတယ်။ နိုင်ငံကိုချစ်တဲ့ စိတ်(မျိုးချစ်စိတ်) ထက်သန်တဲ့သဘောကို ဖော်ပြတဲ့စာပိုဒ်ပဲ"

"ဒါဟာ တရားဥပဒေ စည်းကမ်းဘောင်နဲ့ ကိုက်ညီရဲ့လားဗျ"

ခရိတ် က သံသယဖြစ်ဟန်နှင့် မေးလိုက်ရာ ရှေ့နေကြီးက ဥပဒေနှင့် အံဝင်ကိုက်ညီကြောင်း ပြောပြလေသည်။
"ဒီစာပိုဒ်ကို ငွေထုတ်ချေးရမယ့် ဘဏ်တိုက်က လက်ခံပဲ့ါမလား"

ခရိတ်က ထပ်မေးလိုက်လျှင် ဇင်ဘာဘွေ မြေယာအုပ်ချုပ်ရေးမှူးက

"တခြားစာချုပ်တွေမှာလည်း ဒီစာပိုဒ်ပါတာပဲ။ အဲဒီစာချုပ်တွေကို သက်ဆိုရာဘဏ်တွေက လက်ခံကြတာချည်းပဲ။ အမှန်တော့ ဒီစာပိုဒ်ဟာ ရှေ့နေကြီး ရှင်းပြသလို ဘာရယ်လို့မဟုတ်ပါဘူး။ ထည့်ရိုးထည့်စဉ် စာပိုဒ်တစ်ခုသာဖြစ်ပါတယ်"ဟု ပြောလေသည်။

ထိုအခါ ဝိုလ်ချုပ် ဖွန်ဂါဘီရာကလည်း ခရိတ်အား ပြုံးလျက်-

"ခင်ဗျားကလည်း ဒီစာပိုဒ်အတွက် စိတ်အနှောင့်အယှက် ဖြစ်မနေစမ်းပါနဲ့။ တကယ်တော့ ခင်ဗျားက ကျုပ်တို့အစိုးရကို လက်နက်ကိုင် တော်လှန်မဲ့သူမှမဟုတ်တာ"ဟု ပြောလိုက်သည်။

ခရိတ်လည်း မတတ်သာဘဲ ပြန်၍ ပြုံးလိုက်သည်။

"ဒါဖြင့်လည်း ကောင်းပြီလေ၊ ငွေထုတ်ချေးမယ့် ဘဏ်တိုက်ကသာ လက်ခံမယ်ဆိုရင် ကျုပ်အနေနဲ့ဘာမှ ပြောစရာ မရှိပါဘူး"

စာရွက်စာတမ်းစာချုပ်များကို ရှေ့နေကြီးကဖတ်ပြရာ အချိန်တစ်နာရီပါးကြာသွားပြီးနောက် ဘဏ်အုပ်ချုပ်ရေးမှူးမူရာရီဝါက လက်မှတ်ရေးထိုးလေသည်။ ထို့နောက် ခရိတ်က လက်မှတ်ရေးထိုးပြီး အသိသက်သေနှစ်ဦးက လက်မှတ်ထိုးကြသည်။ နောက်ဆုံးတွင် ရှေ့နေကြီးကိုဟင်က စာချုပ်စာတမ်းတရားဝင်ဖြစ်စေရန် သူ၏တံဆိပ်ရိုက်နှိပ်ကာ လက်မှတ်ထိုးလေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ကျေနပ် သဘောကျဟန်ဖြင့်

"မြေယာဘဏ်ရဲ့ လက်ထောက်အကြီးအကဲ မစ္စတာကာပွေပွေကိုယ်တိုင် ကမ္ဘာ့ဘဏ်ဒုက္ကဋ္ဌ ဟင်နရီကို မနေ့ကပဲ တယ်လီဖုန်းဆက်ပြောပြီးပြီ။ ဒီကအာမခံပေးတဲ့ စာချုပ်တွေ သူ့ဆီရောက်သွားတာနဲ့ ခင်ဗျားလိုတဲ့ငွေဟာ ခင်ဗျားလက်ထဲကို ချက်ချင်းရောက်လာပါမယ်"ဟု ရယ်ကာ မောကာဖြင့် ပြောပြီးနောက် အစေခံတစ်ဦးအား ရှက်ပိန်အရက် ယူလာရန် အမိန့်ပေးလိုက်သည်။ ထို့နောက် အနောက်တိုင်း ယဉ်ကျေးမှုထုံးစံအတိုင်း ကိစ္စတစ်ခုအောင်မြင်လျှင် ဝမ်းမြောက်ဝမ်းသာ ရှန်ပိန်အရက်သောက်ကြသလို လူအားလုံး ဖန်ခွက်ကိုယ်စီကိုင်မြှောက်ပြီး ရှန်ပိန်အရက်သောက်ကာ ဆက်လက်တိုးတက် အောင်မြင်ပါစေဟု ဆုတောင်းကြလေသည်။

မြေယာဘဏ်မှ ပုဂ္ဂိုလ်များ ပြန်သွားကြသောအခါ ဗိုလ်ချုပ် ဖွန်ဂါဘီရာက-

"ကဲ အားလုံး ကိစ္စပြီးပြီးဆိုရင် ကျုပ်က ကူညီစီစဉ်ပေးတဲ့အတွက် ပွဲခ(ကော်မရှင်)သဘော ရသင့်တဲ့ ဝေစုအကြောင်း ဆက်လက်ဆွေးနွေးရအောင်၊ ကျုပ်လိုချင်တဲ့ စည်းကမ်းချက်တွေ မစ္စတာကိုဟင် ဆီမှာရှိပါတယ်။ ခင်ဗျားဖတ်ကြည့်ပါဦး"ဟု ပြောလေသည်။

ခရိတ်လည်း လက်နှိပ်စက်ရိုက်ထားသောစာရွက်ကိုယူပြီး ဖတ်ကြည့်လိုက်ရာ ဖွန်ဂါဘီရာအတွက် ဝေစုမှာ ရှိလင်ကုမ္ပဏီ၏ ပိုင်ဆိုင်ခွင့်အစုရှယ်ယာများမှ ဆယ်ရာခိုင်နှုန်းဖြစ်ပြီးကြောင်း တွေ့ရသဖြင့် အံ့အား သင့်ကာ-

"ဟာရှိလင် ကုမ္ပဏီရဲ့ ရှယ်ယာတစ်ဆယ် ရာခိုင်နှုန်းတောင် ပါလား"ဟု ရေရွတ်လိုက်မိလေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် တစ်စုံတစ်ရာ သဘောမကျသလို မျက်မှောင်ကြုတ်လျက်-

"အဲဒီ ရှိလင်ကုမ္ပဏီရဲ့ နာမည်ကိုတော့ ပြောင်းပစ်မှဖြစ်မယ်"ဟု ပြောလိုက်ပြီးနောက် ဆက်လက်၍-
"ဟုတ်တယ်၊ အဲဒီပိုင်ဆိုင်ခွင့် အစုရှယ်ယာတစ်ဆယ်ရာခိုင်နှုန်းကို မစ္စတာကိုဟင်က ကျုပ်ရဲ့ ကိုယ်စားလှယ်အဖြစ် ကိုင်ထားမှာ ဖြစ်တယ်။ ဒါမှနောက်ပိုင်း ပြဿနာမပေါ်အောင် ကြိုတင်ကာကွယ်ရာရောက်မယ်" ဟု ပြောလိုက်သည်။

ခရိတ်သည် စာချုပ်ကိုတစ်ခေါက် ပြန်ဖတ်ချင်ဟန်ဆောင်ရင်း စဉ်းစားနေမိသည်။ ပွဲခ(သို့မဟုတ်) ကော်မရှင်အဖြစ် ကုမ္ပဏီ၏အစုရှယ်ယာ တစ်ဆယ်ရာခိုင်နှုန်းပေးရမည်ဆိုခြင်းမှာ မတရားရာကျလွန်းသည်။ ထို့ကြောင့်မည်သို့ ကန့်ကွက်အရေးဆိုရမည်နည်းဟု စဉ်းစားနေခြင်းဖြစ်သည်။

သို့သော် စဉ်းစား၍ မရချေ။ သူ့အနေဖြင့် ထိုမျှများများ ငွေလုံးငွေရင်းချေးယူ ရရှိနိုင်ရန် အခြားနည်းလမ်းလည်းမရှိကြောင်း ဆင်ခြင်သုံးသပ်မိလေသည်။ ရှေ့နေကြီး ကိုဟင်သည် သူ၏ဖောင်တိန်အဖုံးကိုချွတ်၍ ခရိတ်အားလှမ်းပေးလိုက်သည်။

"မစ္စတာခရိတ်ခင်ဗျား၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးရဲ့ စစ်တပ်က တပ်မှူးကြီး တစ်ယောက် ကုမ္ပဏီ အစုရှယ်ယာဝင် အဖြစ်ပါဝင်နေတာဟာ ခင်ဗျားအတွက် အများကြီး အကျိုးရရှိစေနိုင်ပါတယ်"

ခရိတ်က ဖောင်တိန်ကို လှမ်းယူလိုက်ချိန်တွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ပြုံးလျက်

"ဒီစာချုပ်က မူရင်းတစ်စောင်ပဲရှိတယ်။ မိတ္တူမရှိဘူး။ အဲဒီမူရင်းကို ကျုပ်ကပဲသိမ်းထားပါမယ်"ဟု ပြောရာ ခရိတ်လည်း သဘောတူသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။ ဤအတိုင်းဆိုလျှင် ခရိတ်၏လုပ်ငန်းတွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာက အစုပါဝင်နေခြင်းကို ပြင်ပမှ လူအများ သိရှိနိုင်ရန် အကြောင်းမရှိချေ။ မူရင်းစာချုပ်က ဖွန်ဂါဘီရာလက်တွင်သာ လုံခြုံစွာရှိနေမည် ဖြစ်နေပေသည်။

ခရိတ်အနေဖြင့် ယင်းအစီအစဉ်ကို သဘောမကျမိသော်လည်း ရိုလင်ကုမ္ပဏီ ပိုင်မြေများကို သူသည် အလွန်လိုချင်သည့် ဆန္ဒပြင်းပြနေသဖြင့် ဘာပဲဖြစ်ဖြစ်ဟု သဘောထားကာ လက်မှတ်ရေးထိုးလိုက်လေသည်။ ခရိတ်အဖို့ စာရေးဆရာအဖြစ် လိုအပ်ချက်ဆို၍ စာရေးရန် ကလောင်သာလျှင် လိုအပ်ခဲ့သော်လည်း ယခုတော့မူ ဇရာမလုပ်ငန်းကြီးတစ်ခု၏ ပိုင်ရှင်အဖြစ် လုပ်စရာလုပ်ငန်းတာဝန်တွေ အလွန် များပြားလာတော့မည် ဖြစ်သည်။

တိုတောင်းသော အချိန်အတွင်း အရေးတကြီး လုပ်ကိုင်ဆောင်ရွက်စရာ လုပ်ငန်းတွေ အများကြီး ရှိလာပြီး ဖြစ်သည်။ ယင်းသို့ ရှေ့လုပ်မည့် လုပ်ငန်းတာဝန်တွေအကြောင်း စဉ်းစားရင်းစိတ်မောသလို ဖြစ်နေရာမှ ဆယ်လီကိုရုတ်တရက်သတိရမိလေသည်။ ဆယ်လီနှင့်တွေ့လိုက်ရလျှင် သူမကနှစ်သိမ့်အားပေး စကားပြောမည်မှာ သေချာသည်။

ထို့ကြောင့် ခရိတ်သည် ဆယ်လီ၏ တိုက်ခန်းကို သူ၏မော်တော်ကားဖြင့် မောင်းသွားလိုက်သည်။ သို့ရာတွင် အိမ်တံခါး ပိတ်ထားပြီး သူမအတွက် စာတိုက်မှလာသော စာများအိမ်ရှေ့ရှိ စာပုံတွင် ပြည့်လျှံစုပုံနေသည်ကို တွေ့ရလေသည်။ ပို၍ သေချာစေရန်ခရိတ်က အိမ်တံခါးကို ခေါက်ကြည့်ပါသော်လည်း မည်သူမှ တံခါးလာမဖွင့်သဖြင့် ဆယ်လီမရှိကြောင်း သေချာပေသည်။

ခရိတ်သည် သူ၏အိမ်သို့ ပြန်လာပြီး စာရေးစာပွဲတွင် ထိုင်ကာ စာရွက်တစ်ရွက်ယူကာ "လုပ်ရန် လုပ်ငန်းများ"ဟု ခေါင်းစဉ် ရေးလိုက်သည်။ ထိုအချိန်၌ ခရိတ်သည် မိန်းကလေးတစ်ယောက်က သူ့အား ပြောခဲ့ဖူးသော စကားကို သတိရမိလေသည်။

"ရှင်ဟာ ရှင့်ဘဝတစ်သက်တာမှာ ကောင်းကောင်းမွန်မွန် လုပ်ခဲ့တာဆိုလို့ စာအုပ်ကောင်းကောင်း ရေးတာ တစ်ခုပဲရှိတယ်"

ဤသို့ မိန်းကလေးက ပြောခဲ့ခြင်းမှာ ခရိတ်သည် စာအုပ်ရေးခြင်း အလုပ်တစ်ခုသာလျှင် ကောင်း ကောင်းလုပ်နိုင်သည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။ ယခုတော့မူ မိမိလုပ်ကိုင်ရမည့် အလုပ်က စာအုပ်ရေးခြင်းထက် အဆပေါင်းများစွာ တာဝန်ကြီးသော ဒေါ်လာငွေ သန်းချီရင်းနှီးမြှုပ်နှံ လုပ်ကိုင် ရမည့် မြေယာကုမ္ပဏီလုပ်ငန်းကြီး ဖြစ်နေလေရာ ခရိတ်သည် ထိုလုပ်ငန်းကြီးကို နိုင်နင်းအောင် လုပ်နိုင်ပါမည်လောဟု သံသယဖြစ်မိလေသည်။

သို့သော် သူ၏မျိုးရိုးစဉ်ဆက် အခြေအနေကို ပြန်တွေးမိသောအခါ စိုးရိမ်ပူပန်စိတ်၊ သံသယစိတ် များ အနည်းငယ် လျော့နည်းလာလေသည်။ သူ၏ဘိုးဘွားများ လက်ထက်ကပင် မိသားစုအနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်း အကြီးအကျယ်လုပ်ကိုင်ခဲ့ကြသည်။ ခရိတ် ကိုယ်တိုင် ငယ်စဉ် ကလေးဘဝကပင် ဘိုးအေကြီး ဘာဝူ၏သင်ပြပေးချက်ဖြင့် တိရွစ္ဆာန်မွေးမြူရေးလုပ်ငန်းကို အတော် ပင် နားလည်တီးခေါက်မိခဲ့သည်။ ဘိုးအေကြီးသည် မြေးဖြစ်သူ ခရိတ်အား နေ့စဉ် သူ၏ မြင်းပေါ်တင်ကာ အတူခေါ်သွားပြီး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုရင်း သူ၏မြေးကလေး တစ်နေ့ကြီးပြင်းလာလျှင် မွေးမြူရေးလုပ်ငန်း ကျွမ်းကျင်စေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပြသ ပေးခဲ့သည်။

ယင်းသို့ ပြန်လည်သုံးသပ် စဉ်းစားမိသောအခါ ခရိတ်သည် စိတ်ဓာတ်တက်လာပြီး စာရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးချလိုက်သည်။

၁။ ဒင်နီရယ်ထံ ဖုန်းဆက်၍ ရိုလင်ကုမ္ပဏီပိုင် မြေယာများဝယ်ယူရန် အကြောင်းကြား။

၂။ အမေရိကန်ပြည် နယူးယောက်မြို့သို့ လေယာဉ်ဖြင့် အမြန်လိုက်သွား။

က။ ကွမ္ဘာ့ဘဏ် အစည်းအဝေး။

ခ။ ဘဏ်တွင် စာရင်းရှင်ဖွင့်၍ ငွေသင်း၊ ကိုယ်ပိုင်သဘော်ဘာဝူကို ထုခွဲရောင်းချ။

၃။ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ လေယာဉ်ဖြင့် လိုက်သွား

ကာ။ အစုရှယ်ယာများဝယ်ရန် စာချုပ်လက်မှတ်ထိုး။

ခ။ ငွေပေးချေရန် စီစဉ်။

ဤသို့လုပ်စရာရှိသည်တို့ကို ရေးမှတ်ပြီးသောအခါ ခရိတ်သည် စိတ်ပေါ့ပါးကြည်လင်လာလေသည်။ ထိုနောက် ဗြိတိသျှလေကြောင်း ကုမ္ပဏီသို့ တယ်လီဖုန်း ဆက်ကြည့်သောအခါ ကံအားလျော်စွာ ဒင်နီရယ်ရှိနေသဖြင့် တိုက်ရိုက်စကား ပြောရလေသည်။

"ဟော့လူ၊ ခင်ဗျား ဘယ်ပျောက်နေတာလဲ"

ဒင်နီရယ်က ပြောလိုက်သည့်လေသံအရ စောစောစီးစီး ယမကာအရက် စတင်မှိုဝဲထားပြီး ဖြစ်ကြောင်း သိသာထင်ရှားနေသည်။

"ဒီမယ်၊ ခင်ဗျား ကံကောင်းတာပဲ။ ခင်ဗျားအတွက် ပွဲခဒေါ်လာနှစ်သောင်း ငါးထောင်ရမယ့်အရောင်း အဝယ် အခုဖြစ်တော့မှာ သေချာပြီခင်ဗျ"

ဤသို့ အစချီကာ ခရိတ်က သူလိုအပ်သော ဒေါ်လာငွေသိန်းငါးဆယ် ချေးယူရရှိတော့မည်အ ကြောင်း အသေးစိတ် ပြောပြလိုက်သည်။ ထိုနောက် ခရိတ်သည် သူလုပ်စရာများကို ဆက်လက် စာရင်းပြုရာ အတော်ပင် များလာလေသည်။

"အိုကီဆိုသူကား တစ်ချိန်က ကင်းလင်းခြံကြီးတွင် စက်ပြင်ဆရာ(မက်ကဲနစ်)အဖြစ် နှစ်ပေါင်းနှစ် ဆယ်ခန့် အလုပ်လုပ်ခဲ့ဖူးသူ ဖြစ်သည်။ စက်ပြင်ဆရာအဖြစ် အလွန်ကျွမ်းကျင်သူဖြစ်၍ သူသည် လက်ထွန်စက်တစ်လုံးကို အစတစ်စစီဖြုတ်ပြီး ရရှိသောအပိုပစ္စည်းများဖြင့် မော်တော်ကားနှစ်စီး ဖြစ်အောင် ဖန်တီးတည်ဆောက် နိုင်စွမ်းရှိသူဟု ခရိတ်၏ ဘိုးအေကြီးက ကြွားဝံ့ပြောခဲ့ဖူးလေသည်။ ယခုခရိတ်က လုပ်ငန်းစလုပ်တော့မည်ဆိုလျှင် အိုကီလိုကျွမ်းကျင်သူ စက်ပြင်ဆရာတစ်ဦး အထူး လိုအပ်သောကြောင့် ရှာဖွေဆက်သွယ်ရန် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။ ခရိတ်သည် ဖောင်တိန် ကို ခေတ္တာချထားလိုက်ပြီး သူကိုယ်သူ ကျေနပ်ဟန်ဖြင့် ပြုံးလိုက်မိသည်။

"ဘိုးဘိုး ရေ၊ အခု ကျွန်တောက ဘိုးဘိုးရဲ့ ပိုင်နက်မြေကို ပြန်လာခဲ့ပြီခင်ဗျာ" ဤသို့လည်း ပါးစပ်မှ ရေရွတ် လိုက်မိသည်။

လက်ပတ်နာရီကို ကြည့်လိုက်သောအခါ အချိန်မှာ ဆယ်နာရီကျော်နေပြီ ဖြစ်ကြောင်း တွေ့ရလေသည်။ သို့သော် သူ့အနေဖြင့် စိတ်လှုပ်ရှားမှုကြောင့် အိပ်ရာဝင်လျှင် အိပ်ပျော်မည်မဟုတ် တထစ်ချသိနေလေသည်။ ထို့ကြောင့် သူသည်ဆွယ်တာအင်္ကျီတစ်ထည် ဝတ်၍ ပြင်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့လေသည်။ နောက် တစ်နာရီခန့်ကြာသော ခရိတ်သည် ဆယ်လီ၏ တိုက်ခန်းရှေ့သို့ရောက်သွားလေသည်။ သည်တစ်ခါတော့ ပြတင်ပေါက်ပွင့်နေပြီး မီးများလင်းနေလျက်ရှိရာ ခရိတ်သည် ဝမ်းမြောက်ဝမ်းသာ အားတက်သွားကာ တိုက်ခန်းတံခါးသို့သွား၍ အသာတံခါးခေါက်လိုက်သည်။ ချက်ချင်းလိုပင် အိမ်ခန်းတွင်း မှ ဆယ်လီ ၏ အသံကိုကြားရလေသည်။

"ဘယ်သူပါလဲရှင်"
"ကျုပ်ပါ၊ ခရိတ်ရယ်ပါ"

"ဟင် ဟုတ်လား၊ အခုအချိန်က ည၌သန်းခေါင် နီးနေပြီရှင့်"

"ဆယ့်တစ်နာရီခွဲပဲ ရှိပါသေးတယ်။ ကျုပ်အခုလာခဲ့တာဟာ မင်းကိုပြောစရာရှိလို့"

"ဒါဖြင့်လည်း လာလေ"

ဆယ်လီက တံခါးဖွင့်ပေးသဖြင့် ခရိတ်သည် အတွင်းသို့ ဝင်လိုက်သည်။ ဆယ်လီမှာ ဓာတ်ပုံအမှောင်ခန်းအတွင်း၌ ဖလင်များ ဆေးလက်စဖြစ်နေ၍ အမှောင်ခန်းထဲသို့ ပြန်ဝင်သွားလေသည်။

"ရှင်ငါးမိနစ်လောက် ခဏစောင့်နေဦးနော်။ ကျွန်မ သိမ်မကြာတော့ဘူးရှင့်။ ရှင်စောင့်နေတုန်း ကော်ဖီဖျော် သောက်နှင့် ပါလား"

ဤသို့ ဆယ်လီက အမှောင်ခန်းတွင်းမှ လှမ်းအော်ပြောလိုက်သည်။ ငါးမိနစ် ခန့်ကြာလျှင် ဆယ်လီသည် ပြန်ထွက်လာလေသည်။

"အခုလိုအချိန်မတော်ကြီး လာခဲ့တယ်ဆိုတော့ ရှင်ပြောစရာဆိုတာက တကယ်အရေးကြီးလို့ပဲ ဖြစ်မယ်"
"ကျုပ်က အခုရှိလင်ကို ပိုင်ဆိုင်လာပြီ" ခရိတ်၏စကားကို ဆယ်လီက နားလည်ပုံမရခဲ့"

"နေပါအုံးရှင့်။ ရှိလင်ဆိုတာ ဘယ်သူလဲ ဘာလဲ"

"ကျုပ် တိုးရစ်စခန်းဖွင့်ဖို့ရည်ရွယ်တဲ့ ဇမ်ဘောဇီဖြစ်ရေများဒေသ နယ်မြေကိုပိုင်ဆိုင်တာကရိုလင်ကုမ္ပဏီလေ"
သည်တော့မှ ဆယ်လီသည် သဘောပေါက်သွားကာ ဝမ်းမြောက်ဟန်ဖြင့် ခရိုတ်အနီးသို့ ချဉ်းကပ်လာလေသည်။
"ဟင်၊ ဟုတ်လား။ ကျွန်မက ဒီကစ္စ ရေစုန်မျောသွားပြီလို့ အောက်မေ့နေမိတယ်"

"ဗိုလ်ချုပ်ဖွန်ဂါဘီရာ ကိုယ်တိုင်က ဒေါ်လာငွေ သိန်းငါးဆယ် ချေးယူနိုင်ဖို့အတွက် အာမခံတယ်"

"ဟာ၊ ဒေါ်လာသိန်းငါးဆယ်ဆိုတော့ များလှချည်လားရှင့်။ ရှင်ကအဲဒီလောက်များများ ငွေကို ချေးယူမယ် ဆိုတော့ အတိုးက ဘယ်လောက်ကျနေမှာလဲ"

ထိုကိစ္စ ကို ခရိတ်သည် မပြောလိုသဖြင့် ခေတ္တငိုင်နေမိရာ ဆယ်လီကလည်းချက်ချင်းရိပ်မိပြီး အားနာသွားပုံ ရလေသည်။

"ကျွန်မမေးတာ စိတ်မရှိပါနဲ့နော်။ ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ရှင့်အတွက်သိပ်ဝမ်းသာတာပဲ။ အခုလို သတင်းကောင်း ကြားရမှတော့ ဝမ်းမြောက်တဲ့အထိမ်းအမှတ် ယမကာသောက်မှ ဖြစ်မယ်"

ပြောပြောဆိုဆို သူမသည် ဝီစကီအရက်ပုလင်းထုတ်ယူလာပြီး ဖန်ခွက်နှစ်ခွက်တွင်ထည့်ကာ နှစ်ယောက်သား ဂုဏ်ပြုဧည့်ခံပွဲများမှာလို ခွက်မြှောက်ဆုတောင်းပြီး သောက်ကြလေသည်။

"ဇမ်ဘောဇီ မြစ်ရေများ စီမံကိန်းကြီး အောင်မြင်ပါစေ" ဆယ်လီက ဤသို့ဆုတောင်းပြီးမှ ဆက်လက်၍ "ကဲ အသေးစိတ် အချက်တွေ ပြောပြပါဦး၊ ရှင်ပြောလို့ ပြီးတော့မှ ကျွန်မကလည်း ရှင့်အတွက် သတင်းကောင်းတစ်ခု ထပ်ပြောရဦးမယ်" ဟုပြောလေသည်။

ခရိတ်ကလည်း သူရည်ရွယ်ထားသော စီမံကိန်းအကြောင်း အသေးစိတ်ပြောပြလေရာ ညဉ့်သန်းခေါင်ကျော်တိုင်အောင်ပင် ဖြစ်သွားလေသည်။ မြေယာကွက်ကြီး၏တောင်ဘက်တွင် မွေးမြူရေးခြံကြီးနှစ်ခု တည်ဆောက်ပြီး မိမိတို့လူနေအိမ်ကြီးကိုလည်း ပြန်လည်တည်ဆောက်မည့် အကြောင်း၊မွေးမြူရေးခြံများတွင် နို့စားနွား၊ ခိုင်းနွားအမျိုးအစားကောင်းများကို ရယူမွေးမြူထားမည့်အကြောင်း စသည်တို့ကို အသေးစိတ်ပြောပြပြီးနောက်၊ ခရိတ်ကအဓိကအားဖြင့် သူ၏ဇမ်ဘောဇီမြစ်ရေများ စီမံကိန်းအကြောင်းနှင့်တောရိုင်းတိရစ္ဆာန် မျိုးဆက်မပြုတ်အောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေး စီမံချက်အကြောင်းကို အကျယ်တဝင့် ပြောပြလိုက်လေသည်။

ဆယ်လီ ကိုယ်တိုင်က အာဖရိက တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးကို အထူးစိတ်ဝင်စားမှန်း သိရှိလည်း ခရိတ်က အသေးစိတ်ပြောပြလိုက်ခြင်း ဖြစ်လေသည်။

"နောက်ပြီး၊ ကျုပ်တစ်ခုလည်း စဉ်းစားမိသေးတယ်။ ကျုပ်ရဲ့လုပ်ငန်းမှာ အမျိုးသမီးတစ်ယောက် ပါရင်ကောင်းမယ်ထင်တယ်။ စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ စိတ်ကူးကောင်းကောင်းနဲ့ အကွက်ချ စီမံပေးဖို့လိုတယ်။ အဲဒီအမျိုးသမီးကလည်း အာဖရိကတိုက်ရဲ့ သဘာဝရှုခင်းတွေ အကြောင်းစိတ်ဝင်စားပြီး နားလည်မှုရှိတဲ့ အမျိုးသမီးဖြစ်ဖို့လိုတယ်"

ခရိတ် က စကားကို အဆုံးသတ်လိုက်လျှင် ဆယ်လီသည် ချက်ချင်းပင်ဆိုလိုသည့် အဓိပ္ပာယ်ကို သဘော ပေါက် သွားလေသည်။

"ဒီမယ်ခရိတ်၊ ရှင်အခုပြောလိုက်တာဟာ ကျွန်မကိုရည်ရွယ်ပြီး ပြောတာဆိုရင် မလွယ်ဘူးထင်တယ်။ ကျွန်မဟာ ကမ္ဘာတောရိုင်းများ ကာကွယ်စောင့်ရှောင့်ရေးအဖွဲ့ချုပ်ရဲ့ ထောက်ပံ့မှုနဲ့ ဒီကို လာနေရသူဖြစ်တော့ ကျွန်မကသူတို့အတွက်ပဲ အချိန်ပြည့် လုပ်အားပေးရမယ်ရှင့်"

"မင်းအနေနဲ့ ကျုပ်ရဲ့ အလုပ်မှာအချိန်ပြည့် ဝင်လုပ်ဖို့မလိုပါဘူးကွဲ့။ လုပ်ငန်းရဲ့အတိုင်ပင်ခံ အကြံပေး ပုဂ္ဂိုလ်သဘော သက်သက်ပါပဲ။ မင်းအားလပ်လို့ အချိန်ရတဲ့ တစ်နေ့တလေ မင်းရဲ့လေယာဉ်နဲ့မောင်း လာပြီး ကြည့်ရှုအကြံပေးဖို့လောက်ပဲတာဝန်ရှိမှာပါ။ ကျုပ်အခြေကျလို့ လည်ပတ်လာတဲ့အခါကျတော့ လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေကို မင်းကအာဖရိကတိုက် အကြောင်း တောရိုင်း တိရစ္ဆာန် တွေရဲ့သဘာဝအကြောင်းတွေကိုဟောပြောပို့ချတာတို့၊ မင်းရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုဆလိုက် ရုပ်ရှင်ပြစက်နဲ့ ပြသရင်းရှင်းပြတာတို့၊ အဲဒီလုပ်ငန်းတွေရံဖန်ရံခါလုပ်ပေးဖို့ပဲ ဖြစ်ပါတယ်ဆယ်လီရယ်" ခရိတ်က ဤသို့ပြောလိုက်ခြင်းမှာ ဆယ်လီအနေဖြင့် မုချစိတ်ပါဝင်စားမည့်အချက်ကို အဓိကထား ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏ ဓာတ်ပုံလက်ရာများ ခင်းကျင်းပြသရန် အခွင့်အရေး ရမည်ဆိုလျှင် ဆယ်လီသည် မလွဲမသွေ စိတ်ပါဝင်စားလိမ့်မည်ဟုတွက်၍ ပြောလိုက်ခြင်းဖြစ်သည်။ တကယ်လည်း ဆယ်လီက အနုပညာသမားပီပီ စိတ်ဝင်စားလာပုံ ရလေသည်။

"ကျွန်မက အတိအကျ ကတိတော့ မပေးနိုင်သေးဘူးရှင့်"

ဤသို့ ဆယ်လီ က ခပ်တည်တည်ပြောလိုက်သော်လည်း တကယ်တော့ ဟန်ဆောင်ပြောခြင်းသာ ဖြစ်ပြီး စိတ်ထဲ ကတော့ သူမသည် ခရိတ်၏ ကမ်းလှမ်းချက်ကို စိတ်ဝင်စားရုံမက လက်ခံသည့် အသွင်မျိုး ဖြစ်နေသည်မှာ သိသာထင်ရှားနေပေသည်။

"သြော်ဒါထက် မင်းက ကျုပ်အတွက် သတင်းကောင်း ပြောစရာရှိသေးတယ်ဆို"

ခရိတ် က အသိပေးလိုက်မှ ဆယ်လီသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါရဲ့၊ မေ့နေလိုက်တာ၊ ကျွန်မကသတင်းကောင်း ပြောစရာရှိတာ အမှန်ပဲ။ ဒီမယ် တောရိုင်း တိရစ္ဆာန်တွေကို မတရားခိုးသတ်ဖြတ်တဲ့ဂိုဏ်းရဲ့ အဓိကထိပ်သီးခေါင်းဆောင်ကိုသိရဖို့ ကျွန်မက သဲလွန်စ ရထားပြီရှင့်"

"ဟေ၊ ဟုတ်လား၊ အဖိုးတန် ဆင်ကြီးတွေ ခိုးသတ်နေတဲ့ ဂုဏ်းရဲ့ခေါင်းဆောင်လား။ ဒါဟာ တကယ့် သတင်းကောင်းပဲပေါ့။ အဲဒီလူကဘယ်မှာလဲ။ ဘယ်လိုလုပ်ပြီး ခိုးသတ်တာလဲ"

ခရိတ်က ဝမ်းသာအားရဖြစ်လျက် ပြန်မေးလိုက်သည်။

"လွန်ခဲ့တဲ့ဆယ်ရက်အတွင်း အရှေ့ပိုင်းတောင်တန်းဒေသကို ကျွန်မသွားနေခဲ့တာရှင်သိတယ်မဟုတ်လား။ ဒါပေမဲ့ ကျွန်မက ရှင့်ကိုဘာသွားလုပ်တယ်ဆိုတာ အသေးစိတ်ပြောမပြခဲ့ဘူး။ တကယ်တော့ ကျွန်မဟာ ကမ္ဘာတောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီးရဲ့ တာဝန်ပေးချက်အရ ကျားသစ်သတ္တဝါတွေ အကြောင်းလေ့လာရေးသွားတာ ဖြစ်တယ်။ ကျားပေါက်တဲ့ ဒေသမှာ ကျွန်မနဲ့ အဆက်အသွယ်ရှိတဲ့လူတွေ တော်တော်များများရှိတယ်။ ကျွန်မရဲ့လုပ်ငန်းက တောထဲလက်ရှိရှိနေတဲ့ကျားသစ်သတ္တဝါတွေရဲ့ ကောင်ရေစာရင်းကို ကောက်ယူပြုစုရတဲ့အပြင် ကျားသစ်တွေ သွားလာကျက်စားတဲ့နေရာတွေကိုပါ လေ့လာမှတ်သားကြရပါတယ်။

ဒါအပြင် ကျားသစ်တွေအစာအဖြစ် သားကောင်ဖမ်းယူတာတို့၊ ကျားသစ်မတစ်ကောင်က သားပေါက်ပြီဆိုရင် ဘယ်နှစ်ကောင် မွေးတယ်ဆိုတာကအစ အတိအကျ စာရင်းပြုစု မှတ်တမ်းတင်ရပါတယ်။ ကျွန်မရဲ့လုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးတဲ့ လူတစ်ယောက်အကြောင်း ပြောရဦးမယ်။ ဒီလူဟာ အသက်ရှစ်ဆယ်အရွယ် အဘိုးကြီးဖြစ်ပြီး တစ်ချိန်က သားရဲတိရစ္ဆာန်တွေ ခိုးသတ်တဲ့ဂိုဏ်းထဲမှာပါခဲ့ဖူးတယ်။ သူကရှန်ဂါနီ တိုင်းရင်းသားလူမျိုးတစ်ဦးပါ။ အလွန်ပျော်ပျော်နေတတ်ပြီး ဝီစကီအရက်ကိုလည်း သိပ်ကြိုက်တယ်။ ခပ်တေတေ အဘိုးကြီးတစ်ယောက်ဆိုပါတော့ရှင်။ ဒါနဲ့ ကျွန်မတို့ဟာ ဗန်ကောက်တောင်ပေါ်ဒေသကို သွားလေ့လာကြတုန်း၊ တစ်နေ့စခန်းမှာ သူနဲ့ကျွန်မ နှစ်ယောက်တည်း ရှိနေတုန်း အဘိုးကြီးလွှတ်ခနဲစကားတစ်ခု ပြောလိုက်မိတယ်။ တကယ်လို့ သူကကျားသစ်ရေတစ်ခုရအောင်ယူနိုင်ရင် ဒေါ်လာငွေနှစ်ရာ ပေးဝယ်ယူဖို့ အသင့်ရှိသတဲ့။ အဲဒီ ဝယ်နိုင်သူကလည်း ကျားသစ်ရေဆိုရင် ရနိုင်သလောက် ဝယ်ယူဖို့အသင့်ရှိသတဲ့။ နောက်ပြီး ကျားသစ်တွေကို အလွယ်

တကူ ဖမ်းနိုင်အောင် သံမဏိထောင်ချောက်တွေကို ဝယ်သူတွေက ပေးမယ်လို့လည်း ပြောတယ်တဲ့။ ကျွန်မကလည်း စိတ်ဝင်စားလာတာနဲ့ အကြောင်းစုံသိရအောင် အဘိုးကြီးကို အရက်ထပ်တိုက်ပြီး အစ်မေးကြည့်တာပေါ့။ အဲဒီလိုကျားသစ်ရေတွေကို ဈေးကောင်းပေးပြီး ဝယ်မယ့်လူက အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့ တိုင်းရင်းသား လူမည်း လူငယ်တစ်ယောက်ပဲတဲ့။

အဲဒီလူကလာတဲ့အခါ အစိုးရပိုင်လင်ရိုဗာကားတစ်စီးနဲ့ လာတတ်တယ်လို့လည်းဆိုတယ်။ အဘိုးကြီးက ကျားသစ်တွေကိုခိုးသတ်တာကိုမိသွားရင် ဖမ်းဆီးထောင်ချခံရမှာ ကြောက်တယ်လို့ပြောတော့ လူငယ်က အဖမ်းမခံရဘူးလို့ အာမခံချက်လည်းပေးတယ်ဆိုပဲရှင့်။ ဒါတင်မကသေးဘူး။ အဘိုးကြီးကို ဟာရာရေမြို့တော်က ထိပ်သီးပုဂ္ဂိုလ်ကြီးတစ်ဦးက ကာကွယ်စောင့်ရှောက်ထားမယ် လို့လည်းပြောသေးတယ်တဲ့။ အဲဒီ ပုဂ္ဂိုလ်က တစ်ချိန်က တော်လှန်ရေးစစ်ပွဲအတွင်းက နာမယ်ကြီး စစ်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အခုတော့ ဇင်ဘာဘွေအစိုးရအဖွဲ့မှာ ဝန်ကြီးတစ်ဦးဖြစ်နေတဲ့အပြင် သူ့ကိုယ်ပိုင် စစ်တပ်တစ်ခုကိုလည်း ဖွဲ့စည်းကွပ်ကဲထားတယ်လို့လည်းဆိုတယ်"

ဤသို့ပြောပြီး ဆယ်လီသည် ခရိတ်အား ဖိုင်တွဲတစ်ခုကို ယူ၍ပြလေသည်။

ဖိုင်တွဲ၏အပေါ်ဆုံးစာရွက်တွင် ဇင်ဘာဘွေနိုင်ငံအစိုးရအဖွဲ့(ကက်ဘိနက်)ဝန်ကြီးများ အမည်စာရင်း အပြည့်အစုံ ဖော်ပြထားလေသည်။ စုစုပေါင်း ဝန်ကြီးနှစ်ဆယ့်ခြောက်ဦးရှိပြီး ယင်းတို့၏နာမည် နှင့်တကွ တာဝန်ယူထားသည့် ဝန်ကြီးဌာနများ၏စာရင်းကိုပါတွဲလျက် ဖော်ပြထားသည်။ ဆယ်လီသည် ထိုအမည်စာရင်းကို ထောက်ပြရင်း ထပ်မံ၍ရှင်းပြလေသည်။

"ဒီစာရင်းမှာ နာမည်နှစ်ဆယ့်ခြောက်ခုပါပေမယ့် ကျွန်မတို့က အားလုံးကိုစဉ်းစားဖို့ မလိုဘူးရှင့်။ ရှန်ဂါနိ အဘိုးကြီးပြောတဲ့အတိုင်းဆိုရင် ဂိုဏ်းခေါင်းဆောင်ဝန်ကြီးက တော်လှန်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့တယ်လို့ဆိုတယ် မဟုတ်လား။ အခုဒီစာရင်းထဲပါတဲ့ ဝန်ကြီးတွေထဲမှာ တော်လှန်ရေးစစ်ပွဲ အတွင်းက လက်တွေ့ပါဝင်တိုက်ခိုက်သူဆိုလို့ လူနည်းနည်းပဲရှိတယ်။ ကျန်တဲ့ဝန်ကြီးတွေက လန်ဒန်မြို့က ဇိမ်ခံဟိုတယ်လို နေရာမျိုးမှာ သာနေရင်း တော်လှန်ရေးစစ်ပွဲ ပြီးသွားတာပဲ"

ဒုတိယ စာမျက်နှာတွင်ကားလူခြောက်ဦး၏ အမည်များကို ဖော်ပြထားသည်။

"အဲဒီ လူခြောက်ယောက်ကတော့ ဇင်ဘာဘွေတော်လှန်ရေးစစ်ပွဲအတွင်းက တပ်မှူးတွေအဖြစ်ပါဝင် တိုက်ခိုက် ခဲ့ကြတယ်"

ဆယ်လီက ရှင်းပြလျှင်ခရိတ်က

"ခြောက်ယောက်ဆိုတော့ များလွန်းတယ်။ ဒီထဲက ဘယ်သူဖြစ်နိုင်တယ်ဆိုတာ စဉ်းစားရမယ်" ဟုပြောရင်း ဒုတိယစာရွက်ကို ပြန်ကြည့်လိုက်ရာ လူခြောက်ဦး၏ နာမည်ထိပ်ဆုံး၌ ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏အမည်ကိုတွေ့ရလေသည်။
"ကျွန်မတို့အနေနဲ့ ဒီနာမည်ခြောက်ခုထဲက စဉ်းစားရွေးထုတ်ဖို့ကမခက်ပါဘူးရှင့်။ မှောင်ခိုဂိုဏ်းကြီးကို ကြီးကြပ်ကွပ်ကဲတဲ့ ခေါင်းဆောင်ဟာ လက်ရှိဝန်ကြီးတစ်ဦးဖြစ်နေတဲ့အပြင် ကိုယ်ပိုင်သီးသန့် စစ်တပ်လည်း ဖွဲ့စည်းထားတယ်လို့လည်းဆိုတယ်။ ဒါဆိုရင် လက်ရှိဇင်ဘာဘွေအစိုးရကို ဆန့်ကျင်နေတဲ့ သူပုန်အုပ်စုရဲ့ စစ်တပ်ဖြစ်နိုင်တာပေါ့။ ကျွန်မသိသလောက် လက်ရှိအစိုးရကို ဆန့်ကျင်နေတဲ့ သူပုန်တွေက မာတာဘယ်လီတိုင်းရင်းသားတွေဖြစ်တယ်။ ဒီတော့ သူတို့ရဲ့ခေါင်းဆောင်ဟာလည်း မာတာဘယ်လီလူမျိုးပဲဖြစ်ရမယ်မဟုတ်လား" ဆယ်လီသည် ပြောပြောဆိုဆို ဖိုင်တွဲမှတတိယစာရွက်ကို လှန်ပြလေသည်။ ထိုစာရွက်အား အမည်တစ်ခုတည်းသာ ရေးထားလေသည်။

"တော်လှန်ရေးစစ်ပွဲတုန်းက ထူးထူးချွန်ချွန် အောင်မြင်ခဲ့တဲ့ တပ်မှူးတစ်ဦးက မာတာဘယ်လီ လူမျိုးလည်းဖြစ်တယ်။ အခုသူဟာ တိုးရစ္စခရီးသွားလာရေးဌာနဝန်ကြီးဖြစ်နေတယ်။ တောရိုင်းတိရစ္ဆာန်များထိန်းသိမ်း ကာကွယ်ရေး ဌာနကလည်း အဲဒီဝန်ကြီးဌာနလက်အောက်မှာ ရှိနေတယ်။ သေသေချာချာစဉ်းစားကြည့်ရင် ကျွန်မကို အရက်သမားအဘိုးကြီး ပြောတာတွေနဲ့ ကိုက်ညီနေတယ်ရှင့်"

ခရိတ်သည် စာရွက်ပေါ်တွင် ရေးထားသောအမည်ကို အသံထွက်အောင်ဖတ်လိုက်သည်။

"တွန်ဂါတာ"
သူ၏ငယ်ပေါင်း မိတ်ဆွေရင်း တွန်ဂါတာဖြစ်နေ၍ ခရိတ်သည် ဆင်ခိုးသတ်ဂိုဏ်း၏ ထိပ်သီးခေါင်းဆောင်ဟူ၍ ခက်နေလေသည်။ မဟုတ်ပါစေနှင့်ဟုလည်း စိတ်ထဲမှာကျိတ်၍ မျော်လင့်မိသည်။
"ဒါပေမဲ့ကွာ တွန်ဂါတာဟာ ကျုပ်နဲ့အတူ တစ်ချိန်က တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး ဌာနမှာ အလုပ်လုပ်ခဲ့ဖူးတဲ့လူပဲ။ သူကကျုပ်လက်အောက်မှာ အလုပ်လုပ်ခဲ့တယ်"

ခရိတ်ကပြောနေစဉ် ဆယ်လီက ကြားဖြတ်လျက်

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ရှေးလူကြီးများရဲ့ ဆိုရိုးစကားတစ်ခု ရှိတယ်မဟုတ်လားရှင့်။ အဖိုးတန်ရတနာတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ကျတဲ့လူတွေက အဲဒီရတနာတွေခိုးယူဖို့အခွင့်အရေးပိုပြီးရှိတယ်ဆိုတဲ့စကားလေ" ဟုပြောလိုက်သည်။

"မင်းပြောတာမှန်ပါတယ်။ သို့သော်လည်း တွန်ဂါတာအနေနဲ့ ဘာဖြစ်လို့ ငွေကြေးအမြောက်အများ လိုချင်တဲ့ လောဘထွက်မှာလဲ။ တိရစ္ဆာန်တွေ ခိုးသတ်တဲ့ဂိုဏ်းရဲ့ အကြီးအကဲဆိုရင် ဒေါ်လာငွေ သန်းချီပြီး ချမ်းသာကြွယ်ဝနေမှာဘဲ။ တွန်ဂါတာကရိုးရိုးကလေး နေတတ်တဲ့လူ ဖြစ်တယ်။ သူ့မှာ ကိုယ်ပိုင်အိမ်တို့ အဖိုးတန် မော်တော်ကားတို့လည်းမရှိတာ လူတိုင်းသိတယ်။ သူ့မှာကိုယ်ပိုင်မြေယာ တွေလည်း မရှိဘူး"

"ဒါတွေမရှိတာမှန်ပေမယ့် အဲဒါတွေထက် ပိုပြီးငွေကုန်ကြေးကျများတဲ့ ရည်မှန်းချက်တစ်ခု ရှိချင်ရှိနေ မှာပေါ့။ အဲဒါ ကတော့ နိုင်ငံရေးအာဏာ ရလိုမှုပဲ"

ခရိတ် က အံ့အားသင့်ပြီး ငေးကြည့်နေမိစဉ် ဆယ်လီကပင် ဆက်ပြောပြန်သည်။

"ရှင်ပဲစဉ်းစားကြည့်လေ၊ နိုင်ငံရေးအာဏာ လိုချင်တဲ့လူဆိုရင် ကိုယ်ပိုင်သီးသန့် လက်နက်ကိုင် ဖွဲ့စည်းထားရမယ် မဟုတ်လား။ အဲဒီလက်နက်ကိုင်တပ်အတွင်း စရိတ်စက ငွေကြေးအမြောက် အများလိုမှာ သေချာတယ်"

ဆယ်လီပြောသည့်အတိုင်း တကယ်ပင်ဖြစ်နိုင်ကြောင်း ခရိတ်ရင်ထဲမှ ရင်နင့်စွာနှင့်ပင် ဆင်ခြင် သုံးသပ်မိလေသည်။ ကမ္ဘာဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီကလည်း ဇင်ဘာဘွေနိုင်ငံတွင် ဆိုဗီယက်တို့၏ လျှို့ဝှက်အားပေးကူညီမှုဖြင့် အာဏာသိမ်းရန် ကြံစည်မှုတစ်ခု ဖြစ်နိုင်ဖွယ်ရာ ရှိကြောင်းသတိပေး ပြောခဲ့သည်။ လက်တွေ့အားဖြင့်လည်း ဆိုဗီယက်တို့သည် ဇင်ဘာဘွေ တော်လှန်ရေးစစ်ပွဲအတွင်းက မျက်နှာဖြူအစိုးရအား တိုက်ခိုက်ခဲ့ကြသော တိုင်းရင်းသား တော်လှန်ရေးအုပ်စုနှစ်စုအနက် မာတာ ဘယ်လီ လူမျိုးတို့၏အုပ်စုဘက်မှ အားပေးကူညီခဲ့ကြောင်း ခရိတ်ကမှတ်မိလေသည်။

ထို့ကြောင့် အကယ်၍ ဆိုဗီယက်ရုရှတို့၏ ဇင်ဘာဘွေနိုင်ငံတွင် သူတို့သြဇာခံအစိုးရ အာဏာရရေး ကိုလျှို့ဝှက်စွာ အားပေးမည်ဆိုပါက ခေါင်းဆောင်အဖြစ် မာတာဘယ်လီလူမျိုးတစ်ဦးကိုသာရွေးချယ် ထောက်ခံမည် ဖြစ်ပေသည်။ သို့ဖြစ်လင့်ကစား ခရိတ်သည် သူ၏မိတ်ဆွေ တွန်ဂါတာလိုလူက တိရစ္ဆာန်များ မတရားခိုးသတ်သည့် မှောင်ခိုဂိုဏ်းကြီးကို ကြီးကြပ်ကွပ်ကဲသူ ဖြစ်ပါမည်လောဟု သံသယ ဖြစ်မိလေသည်။ တွန်ဂါတာသည် ငယ်စဉ်က ခရစ်ယာန် သာသနာပြုကျောင်းတွင် ပညာ သင်ကြားခဲ့ရသဖြင့်ရည်မွန်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ကြောင်း ခရိတ်ကောင်းစွာသိပေ သည်။ မျက်နှာဖြူ အစိုးရလက်ထက်က တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးဌာနတွင် ခရိတ်နှင့်အတူ အမှုထမ်းခဲ့စဉ်ကလည်း လုံးဝအပြစ်ဆိုစရာမရှိအောင် ရိုးသားဖြောင့်မတ်စွာအမှုထမ်း

ခဲ့သူလည်း ဖြစ်သည်။ စစ်ပွဲအတွင်းက ခရိတ်၏ခြေထောက်တွင် ပြင်းထန်စွာဒဏ်ရာရခဲ့စဉ်ကလည်း တွန်ဂါတာကပင် မိတ်ဆွေကောင်းပီသစွာ ကူညီစောင့်ရှောင့်ခဲ့သည်။

ယခုတွန်ဂါတာသည် နိုင့်ငံရေးအာဏာရူး တိရစ္ဆာန်ခိုးသတ်ဂိုဏ်း၏ ထိပ်သီးခေါင်းဆောင်ဖြစ်နေသည်ဆိုခြင်းမှာ ဖြစ်နိုင်ပါမည်လော။ ထို့ကြောင့် ခရိတ်သည် ဆယ်လီအား လှမ်းကြည့်လျက် "ဒီလူက ကျုပ်ရဲ့ မိတ်ဆွေပဲ" ဟုပြောလိုက်သည်။

"တစ်ချိန်ကတော့ ရှင့်မိတ်ဆွေ ဖြစ်ခဲ့တာ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့အခုသူက ပြောင်းလဲသွားပြီရှင့်။ မကြာသေးခင်က ရှင်သူနဲ့သွားတွေ့တော့ ရှင့်ကိုရန်သူလို ဆက်ဆံလိုက်တယ် မဟုတ်လား၊ ရှင်ကိုယ် တိုင်ပဲ ကျွန်မကို ပြောပြခဲ့တယ်လေ"

ခရိတ်လည်း ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်လေသည်။ တစ်ချိန်တည်မှာပင် သူတည်းခိုသည့် ဟိုတယ်သို့ ထောက်လှမ်းရေးအထူးရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေသွားပုံကို သတိရမိသည်။ ဟိုတယ် မန်နေဂျာ၏ ပြောပြချက်အရ ယင်းသို့ရှာဖွေရခြင်းမှာ ထိပ်သီးပုဂ္ဂိုလ်ကြီးကြီးတစ်ဦး၏ ညွှန်ကြားချက် အရဟုလည်းဆိုသည်။
ဝန်ကြီးတွန်ဂါတာအနေဖြင့် မိမိသည်ကမ္ဘာဘဏ်၏ဧဂျင်း(သူလျှို)တစ်ဦးဖြစ်ကြောင်း သံသယဖြစ်ဟန် တူသည်။ ဇင်ဘာဘွေနိုင်ငံတွင် သားရဲတိရစ္ဆာန်များ တရားမဝင် ခိုးသတ်ခြင်းကိစ္စ နိုင်ငံရေးအာဏာ သိမ်းယူရန် လျှို့ဝှက်ကြံသည်မှုကိစ္စတို့ကို လာရောက်စုံစမ်းထောက်လှမ်းရန်တာဝန်ဖြင့် မိမိလာ ရောက်ခြင်းဖြစ်သည်ဟု သင်္ကာမကင်းဖြစ်ပုံရသည်။

ထို့ကြောင့်သာလျှင် ဝန်ကြီးတွန်ဂါတာသည် ဇင်ဘာဘွေနိုင်ငံတွင် မြေယာဝယ်ပြီး အခြေစိုက် အလုပ်လုပ်ရန်ရည်ရွယ်ခြင်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နှောက်ယှက်ခြင်း ဖြစ်တန်ရာသည်။

"အင်း... ကျုပ်စိတ်ထဲတော့ ဘဝင်မကျသလို ဖြစ်မိတယ်။ ဒါပေမဲ့လည်း တကယ်ကတော့ မင်းပြော သလို ဖြစ်နိုင် ပါတယ်"

ခရိတ် က ဝန်ခံသလို ပြောလိုက်ရာ ဆယ်လီက

"ကျွန်မ တော့ သိပ်သေချာတယ်လို့ ထင်မိတယ်ရှင့်" ဟုပြန်ပြောလေသည်။

"ဒီတော့ မင်းက ဘာလုပ်မယ် စိတ်ကူးသလဲ"

"ကျွန်မကတော့ ဒီအထောက်အထားတွေယူပြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာ ဆီကိုသွားမယ်"

"ဒီလိုဆိုရင် ဖွန်ဂါဘီရာက တွန်ဂါတာကို အပြုတ်တိုက်ချတော့မှာပဲ"

"တွန်ဂါတာက ကောင်းမှ မကောင်းဘဲရှင့်။ သူဟာတကယ့် လူဆိုးကြီးဖြစ်နေတယ်"

"သူက ကျုပ်ရဲ့ မိတ်ဆွေဖြစ်တယ်"

"အတိတ်ကာလ တစ်ချိန်ကသာ ရှင်ရဲ့မိတ်ဆွေ ဖြစ်ခဲ့တာပါ။ သူဟာဘယ်လောက် ပြောင်းလဲလာတတ်တယ်ဆိုတာ သိတယ်မဟုတ်လား။ နိုင်ငံရေးအာဏာနဲ့ပတ်သက်လာရင်လည်း လူတွေဟာ အကြီးအကျယ် ပြောင်းလဲလာနိုင်တယ်။ စိတ်ထားပြောင်းနိုင်တယ်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ကျုပ်အနေနဲ့ ဒီအဖြစ်ကို စက်ဆုပ်မိတယ်"

"ဒီမယ် ကျွန်မနဲ့အတူရှင်ပါ ဗိုလ်ချုပ်ဖွန်ဂါဘီရာဆီ လိုက်ခဲ့ပါလား။ ကျွန်မကတွန်ဂါတာအပေါ် စွပ်စွဲချက်တင်ပြတဲ့အခါ ရှင်ပါရှိနေစေချင်ပါတယ်။ ပြောပြောဆိုဆို ဆယ်လီသည် ခရိတ်၏ လက်တစ်ဖက်ကို အသာဆုပ်ကိုင်လိုက်သည်။

"ကျွန်မ ရှင့်အတွက် ဝမ်းနည်းပါတယ်ရှင်၊ တကယ်ပဲ စိတ်မကောင်းပါဘူး"

ဤသို့လည်း ဆယ်လီ က နှစ်သိမ့်သလို ပြောလိုက်သည်။

အခန်း(၁၀)

နောက်တစ်နေ့ နံနက်စောစောတွင် ဆယ်လီနှင့်ခရိတ်တို့သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ သီးသန့်နေအိမ်သို့ သွားကြလေသည်။ အခန်းသို့ ခေါ်သွားလေသည်။ ထိုအခန်းမှာ (မျက်နှာဖြူလူမျိုးရှိစဉ်က) ဘိလိယက်ထိုးကစားသည့် အခန်းကြီးဖြစ်လေသည်။

အခန်း၏နံရံတစ်ခုတွင် ကြီးမားသောမြေပုံကြီး ချိတ်ဆွဲထားသည်။ စစ်ရုံးများမှ မြေပုံဖြစ်ပြီး နေရာအချို့တွင် အမှတ်အသားအဖြစ် ရောင်စုံအလံငယ်များ စိုက်ထားလေသည်။ ပြတင်းပေါက် အနီးတွင် စာရေးစားပွဲရှည်ကြီး တစ်ခုရှိပြီး စားပွဲပေါ်တွင် စာရွက်စာတမ်းများ၊ ပါလီမန် လွှတ်တော် အစီရင်ခံစာမှတ်တမ်းများ ပါရှိလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကျွန်သား စားပွဲငယ်တစ်ခုတွင် ထိုင်နေရာမှ ခရိတ်တို့ကိုမြင်လျှင် နှုတ်ဆက်ရန်ထိုင်ရာမှထလိုက်သည်။ သူ၏အိမ်တွင်းရုံးခန်း၌တစ်ယောက်တည်း ထိုင်အလုပ်လုပ်ခြင်း ဖြစ်သောကြောင့် သူသည်ဖိနပ်လည်းစီးမထား၊ အင်္ကျီအစားလည်း ဝတ်မထားဘဲ ခါးတွင် အဖြူရောင်ပိတ်စ(နံငယ်ပိုင်း)တစ်ခုသာ ပတ်ထားလေသည်။ သူ၏ခန္ဓာကိုယ်မှာ အလွန်တောင့်တင်းသန်မာပြီး ခွန်အားဗလ အထူးပြည့်စုံသူတစ်ယောက်၏ အသွင်ဆောင်နေသည်။

"ကဲလာကြပါ။ ကျုပ်က အဝတ်အစား ဝတ်မထားတာကိုတော့ ခွင့်လွှတ်ပါ။ ကျုပ်က အခုလို အာဖရိကတိုက်သားပီပီ နေရမှလွတ်လပ်ပြီး နေသာထိုင်သာရှိတယ်ဗျ"

ဖွန်ဂါဘီရာက ပြုံး၍ပြောရင်း ခရိတ်နှင့်ဆယ်လီတို့အား အခန်းတွင်းရှိ ခွေးခြေများတွင် ထိုင်ရန် ညွှန်ပြလိုက်သည်။
"ဒီမှာက ဇည့်သည်များများ လာလေ့မရှိလို့ ခွေးခြေပဲရှိတယ်။ ခင်းဗျားတို့ ထိုင်ချင်ရင် ကုလားထိုင် ယူခိုင်း လိုက်ပါ့မယ်"

"မလိုပါဘူးရှင့်၊ ဒီလိုပဲ ထိုင်ပါ့မယ်"

ဆယ်လီ က ပြောပြောဆိုဆို ခွေးချေတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ခင်ဗျားတို့ကို တွေ့ရတာ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျုပ်က ဆယ်နာရီတိတိမှာ ပါလီမန်လွှတ်တော်ကို သွားစရာ ရှိနေတယ်"

ဖွန်ဂါဘီရာ က ခရိတ်တို့အား ပြောစရာရှိလျှင် မြန်မြန်ပြောစေရန် အကြောင်းပြလိုက်သည်။

"ကျွန်မတို့ကလည်း အချိန်ဖြုန်းပြီး ဝေ့လည်ကြောင်ပတ် မပြောပါဘူး။ ဒီလိုပါ တောရိုင်းတိရစ္ဆာန်တွေကို မတရားခိုးသတ်နေတဲ့ မှောင်ခိုဂိုဏ်းကြီးရဲ့အဓိကခေါင်းဆောင်ဟာ ဘယ်သူဆိုတာ ကျွန်မတို့ ရိပ်မိပြီရှင့်"ဆယ်လီက လိုရင်းအချက်ကို တိုက်ရိုက်ပင် ပြောချလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာ ထိုင်မည် ပြုနေရာမှမထိုင်ဘဲ ရှေ့သို့တိုးလာပြီး အံ့အားသင့်ဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

"ဒါဖြင့် ကျုပ်ကို ပြောပြစမ်းပါ"

ဤသို့ပြောသဖြင့် ဆယ်လီလည်း မည်သို့မည်ပုံ ကောက်ချက်ချ၍ မှောင်ခိုဂိုဏ်းခေါင်းဆောင် မည်သူ မည်ဝါ ဖြစ်ကြောင်း တွက်ချက်သိရပုံကို ပြောပြလိုက်လေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဘာမှ ဝင်မပြောဘဲ မျက်မှောင်ကြုတ်လျက် သေချာစွာ နားစိုက်ထောင် နေလေသည်။ ဆယ်လီက ဝန်ကြီး အဖွဲ့နာမည်စာရင်းမှ ခြောက်ဦးရွေးချယ်စဉ်းစားပုံ၊ နောက်ဆုံးတစ်ဦးတည်း၏ နာမည်သာကျန်သဖြင့် ထိုသူပင် ဖြစ်ရမည်ဟု ကောက်ချက်ချယူပုံ စသည်တို့ကိုပြော၍ အဆုံးသတ် လိုက်လေသည်။

"လက်စသတ်တော့ ကျုပ်တို့ရဲ့ ရဲဘော်ဝန်ကြီး တွန်ဂါတာ ဖြစ်နေတာကိုး"

ဖွန်ဂါဘီရာက ပါးစပ်မှ ရေရွှတ်လိုက်ပြီးနောက် နံရံတွင် ချိတ်ဆွဲထားသော ဇင်ဘာဘွေ နိုင်ငံ၏ မြေပုံကြီးကို လှမ်းကြည့်လေသည်။

ခဏာ မျှကြာလျှင် ဆယ်လီက "ဘယ်လို သဘောရလဲ ဗိုလ်ချုပ်" ဟုမေးလိုက်သည်။

"အခုခင်ဗျားတို့ပြောတာ ကြားလိုက်ရတော့ ကျုပ်အနေနဲ့ မီးသွေးခဲရဲရဲကို လက်နဲ့ကိုင်ရမလို ဖြစ်သွားတယ်။ ဒီမယ် ဆယ်လီ၊ အခု ကောက်ချက်ချယူတာဟာ ဝန်ကြီးတွန်ဂါတာက ခရိတ်ကို မချေမငံ ဆက်ဆံလိုက်ပုံကြောင့် ဆက်စပ်ပြီးကောက်ချက်ချယူတာများ ဖြစ်နေမလား"

"မဟုတ်ပါဘူးရှင့်"
ဆယ်လီက ပြောလိုက်ပြီးနောက် ဖွန်ဂါဘီရာသည် ခရိတ်ဘက်သို့ လှည့်၍

"ခင်ဗျား ကကော ဘယ်လို ထင်သလဲ" ဟုမေးလိုက်ပြန်သည်။

"သူကကျုပ်ရဲ့ မိတ်ဆွေလည်းဖြစ်တယ်။ ကျုပ်ကိုလည်း အများကြီး ကူညီခဲ့ဖူးတယ်"

"ဒါက တစ်ချိန် က ဖြစ်ခဲ့တာပါ။ အခုသူက ခင်ဗျားကို ရန်သူလို ဆက်ဆံတယ် မဟုတ်လား"

"ဒါပေမဲ့ ကျုပ်က အခုအထိ သူ့ကို ခင်မင်လေးစားစိတ် ရှိတုန်းပဲ"

"ဒါက ဟုတ်ပါပြီ၊ အခုတော့ ခင်ဗျား လေးစားတဲ့လူက"

"ဟုတ်ပါတယ်၊ဒီလူက အခုတော့ ဆယ်လီက ကောက်ချက်ချတဲ့အတိုင်း မှန်နေပုံရပါတယ်။"

ခရိတ်က စိတ်မကောင်းစွာနှင့်ပင် ဝန်ခံလိုက်ရသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် နံရံကပ် မြေပုံကြီး အနီးသို့လျှောက်သွားပြီး မြေပုံပေါ်၌ရောင်စုံ အလံကလေးများကို စိုက်ထားသည်ကို ကြည့်ရင်း ပြောလေသည်။
"ကျုပ်တို့ဇင်ဘာဘွေ နိုင်ငံကပေါက်ကွဲတော့မယ့်ဆဲဆဲ ယမ်းဘီလူး(မိုင်းဗုံး)ကြီးတစ်ခုလိုဖြစ်နေတယ်။ မာတာဘယ်လီလူမျိုးတွေက ကျုပ်တို့အစိုးရကို ဖြောင်တော်လှန်တော့မလို့ ပြင်ဆင်နေကြပြီ။ ဟောဒီ နေရာတွေကို ကြည့်"

(ဤနေရာတွင် ဖွန်ဂါဘီရာသည် မြေပုံမှ နေရာတချို့ကိုထောက်ပြရင်း ပြောသည်။)

"အဲဒီနေရာက တောတွေထဲမှာ မာတာဘယ်လီ တိုင်းရင်းသားတွေ လူစုရုံးနေကြပြီ။ ဒါကြောင့် ကျုပ်တို့လည်း ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ခေါင်းဆောင်တွေကို အချိန်မီအရေးယူနေရတယ်။ မာတာဘယ်လီလူမျိုးတို့ရဲ့ ထိပ်သီးနိုင်ငံရေးခေါင်းဆောင် နိကိုမိုဆိုရင် လုံးဝနိုင်ငံရေးလှုပ်ရှားမှုမလုပ်ရအောင် အတင်းအကျပ်အနားယူခိုင်းထားရတယ်။ ဝန်ကြီးအဖွဲ့ထဲက မာတာဘယ်လီဝန်ကြီးနှစ်ဦးကိုလည်း နိုင်ငံတော် သစ္စာဖောက်မှုနဲ့ ဖမ်းဆီးအရေးယူထားရတယ်။ အခုဆိုရင် ဝန်ကြီးအဖွဲ့ထဲမှာ မာတာဘယ်လီတိုင်းရင်းသားဆိုလို့ တွန်ဂါတာတစ်ဦးတည်းပဲကျန်တယ်။

ဒီလူတကယ်လည်း သြဇာရှိတယ်။ သူ့ကို မာတာဘယ်လီ လူမျိုးတွေသာမက တခြားတိုင်းရင်းသားများက လေးစားကြည်ညိုကြတယ်။ မာတာဘယ်လီ တိုင်းရင်းသားတွေကတော့ မပြောရဲတော့ တွန်ဂါတာကို သူတို့ရဲ့တစ်ဦးတည်း ကျန်တဲ့ခေါင်းဆောင်ကြီးလို့ ယူဆကြတယ်။ ဒါကြောင့်ကျုပ်တို့က သူ့ကိုသွားထိရမယ်ဆိုရင်" ဤတွင် ဆယ်လီက ကြားဖြတ်လျက် ဝင်ပြောလေသည်။

"ဘာလဲ၊ ဗိုလ်ချုပ်တို့က သူ့ကို ဘာမှမလုပ်ဘဲ လွှတ်ထားမှာလား။ ဒီလိုဆိုရင် ရှင်တို့ရဲ့ နိုင်ငံတော်ကြီးက ဘယ်လိုဖြစ်သွားမလဲ။ တရားဥပဒေကလည်း သာမန်လူတွေ အတွက်သာဖြစ်ပြီး ထိပ်သီးပုဂ္ဂိုလ်တွေကျတော့"
ဆယ်လီပြော၍ မဆုံးသေးမီ ဖွန်ဂါဘီရာသည် စိတ်တိုလာဟန်ဖြင့်

"မင်း တိတ်တိတ်နေစမ်းပါ " ဟုခပ်ထန်ထန် ပြောလိုက်သည်။

ဆယ်လီ သည် ဆက်မပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။

သည်တော့မှ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သူ၏စားပွဲသို့ ပြန်လျှောက်သွားပြီး ထိုင်၍စကား ပြောလေသည်။ ကျုပ်ပြောနေတာက ဒီကိစ္စမှာ ရှေ့လောတကြီး အရေးယူလိုက်ရင် ဖြစ်ပေါ်လာနိုင်တဲ့ ဂယက်ရိုက်မှု အကျိုးသက်ရောက်မှုတွေကို ရှင်းပြနေတာပါ။ ဝန်ကြီးတွန်ဂါတာကို အရေးယူ ဖမ်းဆီးလိုက်တာနဲ့ ဇင်ဘာဘွေနိုင်ငံမှာ အကြီးအကျယ် ပြည်တွင်းစစ်ပွဲကြီးဖြစ်ပြီး တစ်နိုင်ငံလုံး မီးဟုန်းဟုန်း တောက်သွားနိုင်တယ်။ ဒီလို ပြောလိုက်တာနဲ့ ကျုပ်က ဘာမှအရေးမယူဘဲ ထိုင်ကြည့်နေမယ်လို့ မထင်လိုက်ပါနဲ့ ဒီလိုဆိုလိုတာ မဟုတ်ဘူး။ ဒါပေမဲ့ ခိုင်လုံတဲ့ အထောက်အထားမရှိဘဲ ကျုပ်က ဘာမှမလုပ်နိုင်ဘူးလို့ ဆိုလိုတယ်။ ပြီးတော့ ဘယ်ဘက်မှမလိုက်တဲ့ ကြားနေပုဂ္ဂိုလ်တွေရဲ့ ထွက်ဆိုချက် သက်သေခံချက်တွေလည်း လိုအပ်တယ်"

ဤသို့ပြောစဉ် သူသည် အခန်းနံရံရှိ မြေပုံကြီးကို ကြည့်မြဲကြည့်နေသည်။

"အခုတောင်မှကမ္ဘာက ကျုပ်တို့ဟာလူနည်းစုမာတာဘယ်လီ တိုင်းရင်းသားလူမျိုးတွေအပေါ်မတရား ဖိနှိပ်နေတယ်လို့ စွပ်စွဲနေကြတယ်။ တကယ်တော့ကျုပ်တို့က တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပ ဒေစိုးမိုးရေးအတွက် ကြိုးစားနေတာသာဖြစ်တယ်။ စစ်တိုက်ဝါသနာပါတဲ့ မာတာဘယ်လီ လူမျိုးတွေ နဲ့ နားလည်မှုရအောင် စေ့စပ်ညှိနှိုင်းရေးအတွက် အထောက်အကူပြုနိုင်မယ့်လူဆိုလို့ တွန်ဂါတာ တစ်ဦးတည်းပဲရှိတယ်။ ဒါကြောင့် ကျုပ်တို့အနေနဲ့ သူ့တို့အကြောင်းမခိုင်လုံဘဲ ပေါ့ပေါ့တန်တန် သဘောထားပြီး ချေမှုန်းပစ်တာမျိုး မလုပ်နိုင်ဘူး"

ဖွန်ဂါဘီရာက စကားကို ခေတ္တဖြတ်ထားလိုက်စဉ် ဆယ်လီက ဝင်ပြောလေသည်။

"ဗိုလ်ချုပ်ရှင့်၊ ကျွန်မပြောမပြရသေးတဲ့ အချက်တစ်ခု ရှိပါတယ်။ ဒါကိုကျွန်မနဲ့ ခရိတ်တို့က ဆွေးနွေး ပြီးကြပါပြီ၊ တကယ်လို့ တွန်ဂါတာဟာ မှောင်ခိုတိစ္ဆာန် သတ်ဖြတ်ရေးဂိုဏ်းရဲ့ ထိပ်သီးခေါင်းဆောင် ဖြစ်ရိုးမှန်ရင် သူဟာ အဲဒီကရတာတဲ့ငွေတွေကို တခြားတစ်နေရာမှာ လှို့ဝှက်အသုံးချနေရတာဖြစ်ရ မယ်။ အမြင်အားဖြင့်တော့ သူဟာငွေကို ရေလိုသုံးဖြုန်းနေတာ မဟုတ်ပါဘူး၊ သို့သော်လည်း သူဟာ မာတာဘယ်လီတိုင်းရင်းသားပြောက်ကျားတွေနဲ့ အဆက်အသွယ်ရှိတာတော့ကျွန်မတို့သိထားတယ်။ ဤတွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သိသိသာသာ မျက်နှာထား တင်းမာလာသည်။

"တွန်ဂါတာဟာ တကယ်ပဲ မှောင်ခိုဂိုဏ်းရဲ့ခေါင်းဆောင်အမှန်ဖြစ်နေရင် ကျုပ်ကလုံးဝ မညာမတာ ဘဲအရေးယူမယ်။ ဒါပေမဲ့ အဲဒီလိုအရေးယူတဲ့အခါ ကျုပ်အနေနဲ့ အလွန်ခိုင်လုံတဲ့ အထောက်အထား တွေလိုတယ်။ ဒါမှ အဲဒီအထောက်အထားတွေကို ကမ္ဘာကသိအောင်ပြနိုင်ပြီး သူလည်း ကျုပ်လက် တွင်းက လွတ်မြောက်မှာ မဟုတ်ဘူး"

"ဒီလိုဆိုရင် ဗိုလ်ချုပ်အနေနဲ့ အချိန်ဆွဲမနေဘဲ အမြန်ဆုံးလှုပ်ရှားမှ ဖြစ်လိမ့်မယ်" ဆယ်လီက အကြံပေးသလို ပြောလိုက်သည်။

ခရိတ်၏ ကိုယ်ပိုင်သဘော် ဘာဝူကို ထုခွဲရောင်းချရန် စီစဉ်သောအခါ ပွဲစားလုပ်သူက သဘော်ရှိရာ သို့ ကိုယ်တိုင်လာကြည့်ရင်း ဝမ်းသာစရာ သတင်းကောင်း ပြောလေသည်။

"ခင်ဗျားက ကံကောင်းတယ်လို့ ဆိုရမယ်။ ခင်ဗျားရောင်းဖို့ စိတ်ကူးတဲ့အချိန်က ဈေးတွေတက်နေတဲ့ အချိန် ဖြစ်တယ်။ အခုတလော လူတွေက ဒီသဘော်မျိုးတွေကို တော်တော် အဝယ်များနေကြတယ်"

ပွဲစားက ဤသို့ ဝမ်းသာအားရပြောသော်လည်း ခရိတ်သည် အထူးတလည် ဝမ်းမြောက်ခြင်းမဖြစ်မိချေ။ သူ့အနေဖြင့် ဇင်ဘာဘွေနိုင်ငံတွင် လုပ်ငန်းလုပ်ရန်ငွေလိုချေ ရောင်းရခြင်းဖြစ်လင့်ကစား ခရိတ်သည် သူ၏ဘိုးအေကြီးကို အမှတ်တရ နာမည်ပေးထားသော ဘာဝူသင်္ဘောအပေါ် အလွန်သံယောဇဉ် ကြီးမားသဖြင့် ရောင်းချခါနီးတွင် နမြောသလို စိတ်မကောင်းသလို ဖြစ်နေမိလေသည်။

" ခင်ဗျား သင်္ဘောက အခြေအနေလည်း ကောင်းတယ်။ ခင်ဗျား သတ်မှတ်ထားတဲ့ဈေးနှုန်းကလည်း သင့်တော်တဲ့အတွက် ချက်ချင်း ရောင်းလို့ စွံမှာပဲ။ မနက်ဖြန်ပဲ ဝယ်သူတချို့ကို ကျုပ်ခေါ်လာခဲ့မယ်" သင်္ဘောပွဲစားက အားပါးတရ ပြောပြန်ရာ ခရိတ်က "သူတို့ လာရင် ကျုပ် မရှိတဲ့အချိန် လာပါစေ " ဟု ပြောလိုက်သည်။ သူ၏ စိတ်ထဲ ခံစားနေရပုံကို ပွဲစားကလည်း နားလည်သဘောပေါက်ပုံရလေသည်။ "ကောင်းပါပြီ မစ္စတာခရိတ်၊ ကျုပ် နားလည်မှု ရှိပါတယ် "

*

ခရိတ်သည် သူ၏စာပေဆိုင်ရာ ဇာတ်(ကိုယ်စားလှယ်)အက်ရှီထံသို့ တယ်လီဖုန်းဆက်၍ ယခုရေးနေဆဲ စာမူအတွက် ငွေကြိုတင်တောင်းပေးရန် ပြောသောအခါ အက်ရှီက ခရိတ်၏လုပ်ငန်းစီမံကိန်းကို သဘောကျပုံမရချေ။ သို့သော် အာဖရိကတိုက်တွင် ခရိတ်က ရေးသားပြီးစီးနေသော ပထမဆုံးအခန်းသုံးခန်း စာမူကိုရယူရန် ဘာဝူသင်္ဘောသို့ လူတစ်ယောက် လွှတ်လိုက်လေသည်။ အက်ရှီနှင့် အစီအစဉ်ပြုလုပ်ပြီးနောက် ခရိတ်သည် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီနှင့်အတူ နေ့လယ်စာ သွားစားလေသည်။

" ဟဲလို ခရိတ်၊ မတွေ့ရတာကြာလို့ အခုပြန်တွေ့ရတာ ဝမ်းသာသဗျာ "

ဟင်နရီ က ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ပြီးနောက် ...

" နေဦးဗျ၊ ဘာမှ စကားမပြောခင် အရင်ဆုံး စားသောက်စရာတွေ မှာလိုက်ကြရအောင် "

ဟုဆိုကာ အကောင်းဆုံး ယမကာအရက်တစ်ပုလင်းနှင့် စားစရာများကို မှာယူလိုက်လေသည်။ ယမကာတစ်ခွက်စီငှဲ့၍ သောက်နေကြတော့မှ ဟင်နရီက စတင်စကားပြောလေသည်။

" ကိုင်း ၊ ပိုလ်ချုပ် ဖွန်ဂါဘီရာဆိုတဲ့လူအကြောင်း ခင်ဗျား ဘယ်လိုမြင်တယ်ဆိုတာ ပြောစမ်းပါ "

" ကျုပ်ရဲ့ အစီရင်ခံစာထဲမှာ အပြည့်အစုံရေးထားတာပဲ၊ ခင်ဗျား ဖတ်မကြည့်ဘူးလား " ခရိတ်က ပြန်ပြော လိုက်သည်။

" ကျုပ် ဖတ်ပြီးပါပြီ။ ဒါပေမဲ့ ခင်ဗျား ကိုယ်တိုင် ပြောတာကို နားထောင်ချင်သေးတယ်။ တစ်ခါတလေ ကျတော့ စကားပြောရင်းနဲ့ အစီရင်ခံစာထဲမပါတဲ့ အချက်အလက်တချို့ ထွက်ပေါ်လာတတ်တယ်"

" ကောင်းပြီ၊ ကျုပ် ပြောပါမယ်။ ဖွန်ဂါဘီရာဟာ ခေတ်ပညာတတ် ရည်ရည်မွန်မွန် လူတစ်ယောက် ပါပဲ။ အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျင်တယ်။ စကားပြောရင်တောင် အာဖရိကတိုက်သား လေသံ နည်းနည်းဝဲနေတာကလွဲလို့ ရေရေလည်လည် ပြောနိုင်တယ်။ စစ်ဝတ်စုံ ယူနီဖောင်း ဝတ်ထားလိုက်ရင် ဗြိတိသျှစစ်တပ်က အရာရှိကြီးတစ်ယောက်အသွင် ဖြစ်နေတယ်။

အရပ်ဝတ်အရပ်စား ဝတ်လိုက်ရင်လည်း ရုပ်မြင်သံကြား (တီဗီ) ဇာတ်လမ်းထဲက ရုပ်ရှင်မင်းသား တစ်ယောက်လားလို့ထင်ရတယ်။ ဒါပေမဲ့တိုင်းရင်းသားဝတ်စုံ ဝတ်လိုက်ရင်တော့ တကယ့်အာဖရိက တိုင်းရင်းသားအသွင် ဘွင်းဘွင်းပေါ်နေတယ်။ အဲဒီအချက်ကို ကျုပ်တို့ကမေ့မထားဖို့လိုတယ်။ ဖွန်ဂါဘီရာဟာဘယ်လိုပဲခေတ်ပညာတတ်တစ်ယောက်ဖြစ်ပေမဲ့အာဖရိကတိုင်းရင်းသားတစ်ယောက် ဖြစ်တယ်ဆိုတာကို အမြဲသတိရနေဖို့ လိုတယ်။ ဒါကြောင့် သူ့မှာ အာဖရိက တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့နဲ့ အတွေးအခေါ်တွေ ရှိတယ်ဆိုတာ ကျုပ်တို့မေ့မထားဖို့ အရေးကြီးတယ် "

" ဟုတ်ပြီ၊ အဲဒါမျိုး ကျုပ်က ဆိုလိုတာပေါ့။ အခု ခင်ဗျား ပြောတဲ့အချက်ဆိုရင် အစီရင်ခံစာထဲမှာ မပါဘူး။
ဒါလည်း အရေးကြီးတာပဲ။ ကဲ ဆက်ပြောပါဦး " " ခင်ဗျားတို့ ကျုပ်တို့ အနောက်နိုင်ငံသားတွေအနေနဲ့ အာဖရိကတိုင်းရင်းသားတွေအပေါ် ထင်မြင်ယူဆချက်က မှားနေတယ်။ ကျုပ်တို့က သူတို့ဟာပျင်းရိတယ်။ လူပ်ရှားထကြွမှုမရှိဘူးလို့ အထင်သေးကြတယ်။ တကယ်တော့ ဒီလိုမဟုတ်ဘူးဗျ။ အာဖရိကတိုက်သားတွေဟာ သွက်သွက်လက်လက် မရှိတာ၊ လူပ်ရှားရာမှာ အထနေးတာ အကြောင်းရှိတယ်။ သူတို့က လူပ်ရှားမှုတစ်ခု လုပ်တော့မယ်ဆိုရင် စိတ်ထဲကလေးလေးနက်နက်စဉ်းစားလေ့ရှိတယ်။ ပြီးတော့မှ လက်တွေ့ထလုပ်တယ်။ ဒါဟာ ရိုးတယ် အတယ် ပွင့်လင်းတယ်လို့ ယူဆတယ်။ သို့သော်လည်းအမှန်က သူတို့ဟာအလွန်လျှို့ဝှက်တတ်တဲ့လူတွေဖြစ်တယ်။ စိတ်မှတ်လည်းကြီးတယ်။တုံ့ပြန်ကလဲ့စားချေလိုတဲ့စိတ် ပြင်းထန်တယ်။ ပုဂ္ဂိုလ်ချင်း သို့မဟုတ် လူမျိုးအုပ်စုချင်း ပဋိပက္ခဖြစ်ပြီဆိုရင် အဲဒီရန်စဟာ တော်တော်နဲ့ မငြိမ်းတော့ဘူး။ သားစဉ်မြေးဆက် သဲသဲမဲမဲ ဆက်တိုက်ကြ၊ သတ်ကြ၊ ဖြတ်ကြလုပ်လေ့ရှိတယ်။ ဒီနေရာမှာ သူတို့ဟာ အီတလီက ဆီစလီကျွန်းသားတွေနဲ့ တော်တော်တူတယ် "

ခရိတ်က ဤသို့ပြောနေစဉ် ကမ္ဘာ့ဘဏ် ဒု ဥက္ကဋ္ဌ ဟင်နရီသည် စိတ်ပါဝင်စားစွာ ဂရုစိုက် နားထောင်နေပြီး ရံဖန်ရံခါ ကြားဖြတ်၍ မေးခွန်းတစ်ခုစ နှစ်ခုစ မေးလေသည်။ တစ်ကြိမ်တွင် သူက အောက်ပါအတိုင်း ကြားဖြတ်ပြောလေသည်။

" ကျုပ်အနေနဲ့ မရှင်းတာ တစ်ခုရှိတယ်။ ဇင်ဘာဘွေနိုင်ငံက မာတာဘယ်လီ၊ နဒီဘီလီ၊ ဆင်ဒီဘီလီ ဆိုတဲ့ ဝေါဟာရ တွေကို ကျုပ် နားမလည်ဘူးဗျ။ ခင်ဗျားရှင်းပြနိုင်သလား "

" ဟုတ်ကဲ့ ရှင်းပြနိုင်ပါတယ်။ ဥပမာ ပြင်သစ်လူမျိုးတစ်ဦးကို ခင်ဗျားတို့ ကျုပ်တို့က ဖရင့်ချ်မင်း (ပြင်သစ် အမျိုးသား)လို့ ခေါ်တယ် မဟုတ်လား။ အဲဒီပြင်သစ်လူမျိုး ကိုယ်တိုင်ကတော့ သူ့ကိုယ်သူ ဖရန်ဝေးလို့ခေါ်တယ်။ အလားတူပဲ ဇင်ဘာဘွေနိုင်ငံက မာတာဘယ်လီတိုင်းရင်းသားတွေက သူတို့ကိုယ်သူတို့ နဒီဘီလီလို့ခေါ်တယ်။ ကျုပ်တို့ကတော့ မာတာဘယ်လီ လို့ခေါ်တယ်။ နာမည်အခေါ်အဝေါ်ကွဲတာပဲရှိတယ်။ အမှန်ကတော့ အတူတူပဲ "

" ဩော် ... ဒီလိုလား။ ပြောတဲ့ ဘာသာစကားကတော့ ဆင်ဒီဘီလီလို့ ခေါ်တယ်လား "

" ဟုတ်ပါတယ်။ စင်စစ်အားဖြင့် မာတာဘယ်လီဆိုတဲ့ ဝေါဟာရက ဗြိတိသျှတို့ရဲ့ ကိုလိုနီစနစ်လက်ထက် အသုံးများခဲ့တဲ့အတွက် အခုဇင်ဘာဘွေနိုင်ငံ လွတ်လပ်တဲ့အခါ အဲဒီစကားလုံးကို ကိုလိုနီနယ်ချဲ့စနစ်ရဲ့ အမွေအနှစ်လို့ ယူဆကြတယ် "

သို့နှင့်ပင် သူတို့နှစ်ဦးသည် ဇင်ဘာဘွေနိုင်ငံအကြောင်းကို ပြည့်ပြည့်စုံစုံ ဆွေးနွေးပြောဆိုနေကြရာ စကားပြောကောင်းနေသဖြင့် သူတို့ထိုင်စားနေသည့် စားသောက်ဆိုင်အတွင်း လူများကုန်သလောက် ဖြစ်သွားကာ သူတို့ချည်းကျန်ရစ်ကြောင်းတွေ့ရတော့မှ အချိန်မည်မျှကုန်သွားကြောင်း သိလိုက်ရသည်။ ခရိတ်သည် စကားဖြတ်လိုက်တော့မှ ဖြစ်ချေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

" ကျုပ်ဆိုလိုတဲ့ အဓိကအချက်ကိုပဲ ပြောပါမယ်။ အာဖရိကတိုက်မှာ ကိုလိုနီဝါဒက ဆိတ်သုဉ်းသွားပြီဖြစ်တယ်။ အဲဒီစနစ်ကအမွေအနှစ်အဖြစ် လူ့ကျင့်ဝတ်တွေ အတွေးအခေါ်တွေ ထားရှိသင့်တဲ့ စည်းကမ်းတွေကိုလည်း ချန်ထားပစ်ခဲ့တယ်။ ဒါပေမဲ့ အာဖရိကတိုက်ကြီးက ကိုလိုနီစနစ်ရဲ့ အမွေအနှစ်မှန်သမျှကိုပယ်ချပြီး သူတို့ရဲ့ ရိုးရာဓလေ့နဲ့ အတွေးအခေါ်တွေအတိုင်း ပြန်သွားကြလိမ့်မယ်"

" ဒါလည်း တစ်မျိုးကောင်းတာပဲ။ သူတို့ရဲ့ ရိုးရာ လူနေမှုစနစ်အတိုင်း သွားတာကမှ သူတို့တွေ စိတ်ချမ်းသာမှု ရနိုင်လိမ့်မယ်ထင်တယ်။ ကိုင်း ... မစ္စတာခရိတ်၊ ခင်ဗျားက အခု လေ့လာခဲ့တာ အလွန်

ပြည့်စုံပါတယ်။ ခင်ဗျားကိုကျုပ်တို့ပေးရတဲ့ လစာငွေနဲ့ထိုက်တန်အောင် အလုပ်လုပ်ခဲ့တာပဲ။ ခင်ဗျားကို ကျုပ်တို့ရဲ့ကွင်းဆင်းအရာရှိ(ဇျင်း)တစ်ယောက်အဖြစ်အလွန်ထူးချွန်တဲ့လူအဖြစ်လည်းသတ်မှတ်ပါတယ်။ ဒါထက် ခင်ဗျားက အာဖရိကကိုဘယ်တော့လောက် ပြန်သွားမှာလဲ "

" အမြန်ဆုံး ပြန်မှာပဲ။ ကျုပ်က အခု နယူးယောက်မြို့ကိုလာတာဟာ ရစရာရှိတဲ့ငွေယူဖို့ လာခဲ့တာပဲ " ခရိတ်က ပြောလိုက်လျှင် ဟင်နရီသည် သဘောကျဟန်ဖြင့် ရယ်မောလိုက်သည်။

" ဟုတ်ပါ့ဗျာ၊ ခင်ဗျား လိုချင်တာကို အရိပ်အမြွတ်ပြောရုံနဲ့ မရိပ်မိတာ ကျုပ်အနေနဲ့ တော်တော်ထုံအတဲ့ လူတစ်ယောက်ဖြစ်နေပြီ"

ပြောပြောဆိုဆို ဟင်နရီသည် စားပွဲထိုးအားခေါ်၍ ကျသင့်ငွေကို ရှင်းပေးလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။
" ကိုင်း ... ကျုပ်တို့သွားကြမယ်။ ဟိုမှာ ကျုပ်တို့ရဲ့ ရှေ့နေက စာရွက်စာတမ်းတွေနဲ့ အသင့်စောင့်နေမယ်။ ခင်ဗျားက လက်မှတ်ထိုးပြီးရင် ခင်ဗျားအနေနဲ့ ဒေါ်လာငွေ သိန်းငါးဆယ်အထိ ထုတ်ယူနိုင်အောင် ကျုပ်က စီစဉ်ပေးပါမယ် "

ထို့နောက် နှစ်ယောက်သား မော်တော်ကားဖြင့်သွားကြရာ ကားတွင်း၌ခေတ်မီလေအေးစက်တပ်ဆင်ထားသဖြင့် လုံးဝမပူအိုက်ဘဲ အေးနေသည်ကို ခရိတ်က သတိပြုမိလေသည်။ ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီသည် ခရိတ်၏ အစီရင်ခံစာထဲမှ အချက်တချို့ထပ်မံ၍ ရှင်းပြခိုင်းလေသည်။

" နေပါဦးဗျ၊ တောရိုင်းတိရွစ္ဆာန်တွေကို မတရား ခိုးသတ်နေတဲ့ မှောင်ခိုဂိုဏ်းရဲ့ အကြီးအကဲ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဆယ်လီကကောက်ချက်ချယူပုံကို ထပ်ပြီးအကျယ်ရှင်းပြပါဦး"

" ဒါတော့ သိပ်ရှည်ရှည်ဝေးဝေး ရှင်းပြစရာလိုမယ် မထင်ပါဘူး။ ဆယ်လီကို သတင်းပေးတဲ့ အရက်သမား အဘိုးကြီး ပြောပြချက်အရဆိုရင် မှောင်ခိုဂိုဏ်းရဲ့ အဓိကခေါင်းဆောင်ဟာ တခြားလူ ဖြစ်နိုင်စရာမရှိဘူးလို့ ကျုပ်ကိုယ်တိုင်ကလည်း ကောက်ချက်ချမိတယ်"

ခရိတ်က ပြန်ပြောလိုက်ရာ ဟင်နရီသည် ခေတ္တ စဉ်းစားနေပြီးနောက် -

" ဒါထက် ဗိုလ်ချုပ် ဖွန်ဂါဘီရာက ချက်ချင်း အရေးမယူချင်တာကို ခင်ဗျား ဘယ်လို သဘောရသလဲ " ဟု မေးပြန်သည်။

" ဖွန်ဂါဘီရာ က အာဖရိကတိုင်းရင်းသားတစ်ယောက်ဖြစ်ပေမယ့် ဆင်ခြင်ဉာဏ် အမြော်အမြင်ရှိသူ ဖြစ်တယ်။ သူ့အနေနဲ့ ရှေ့လောတကြီးလုပ်တာ မကောင်းဘူးလို့ ယူဆပုံရတယ်။ သူဟာ အချိန်ယူ စဉ်းစားပြီးမှ အကြံပိုင်တဲ့ မုဆိုးလို သားကောင်ကို အပိုင်မိအောင် ပိုက်ကွန် သို့မဟုတ် ထောင်ချောက်ကို သေသေချာချာ ဆင်ပြီးတော့မှ လုပ်မယ့် လူစားမျိုးဖြစ်တယ်။ အခုသာ သူက အထနေး နေပေမယ့် တကယ်တမ်း လှုပ်ရှားပြီဆိုရင် ကျူပ်တို့အားလုံး အံ့ဩြလောက်အောင် လျင်မြန်သွက်လက်ပြီး ခပ်ကြမ်းကြမ်း လှုပ်ရှားမှာ သေချာပါတယ် "

" ကောင်းပြီ၊ ခင်ဗျားအနေနဲ့ ဗိုလ်ချုပ်ဖွန်ဂါဘီရာကို လိုအပ်သလို အကူအညီ ပေးစေချင်တယ်။ သူနဲ့ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပါ။ ဒါဟာ ကျူပ်တို့ရဲ့ ဆန္ဒပဲ "

" ကျူပ်ဟာ တွန်ဂါတာနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဆိုတာကော ခင်ဗျား သိပါသလား "

" ဘာလဲ၊ ခင်ဗျားက မိတ်ဆွေကောင်း တွန်ဂါတာကို ဆန့်ကျင်ပြီး အရေးယူရမှာကို ဝန်လေး နေလို့လား "

" ဒီလိုတော့ မဟုတ်ပါဘူး။ တွန်ဂါတာသာ တကယ်အပြစ်ရှိရင် ကျူပ်က အားနာစရာ မရှိပါဘူး "

" ဟုတ်ပြီ၊ အခုအချိန်အထိ ခင်ဗျား လှုပ်ရှား ဆောင်ရွက်ခဲ့တာကို ကျူပ်တို့ ကမ္ဘာ့ဘဏ် ဘုတ်အဖွဲ့က အလွန်ကျေနပ် သဘောကျနေကြတယ်။ ခင်ဗျားရဲ့လစာငွေကိုလည်း တစ်နှစ်ကို ဒေါ်လာငွေ ခြောက်သောင်းအထိ တိုးမြှင့်ပေးဖို့ ဘုတ်အဖွဲ့ကကျူပ်ကိုညွှန်ကြားထားတယ် "

ဟင်နရီ၏ စကားအဆုံးတွင် ခရိတ်က ပြုံးဖြဲဖြဲနှင့်

" ဟုတ်လား၊ ဒီလိုဆိုရင် ဟန်ကျတာပဲ။ ကျူပ်က ချေးယူတဲ့ ဒေါ်လာငွေ သိန်းငါးဆယ်အပေါ် ကျသင့်တဲ့ အတိုးငွေပေးရာမှာ အထောက်အကူဖြစ်တာပေါ့ဗျ" ဟဲ ဟဲ ဟုပြောလိုက်သည်။

*

ခရိတ်၏ကိုယ်ပိုင်သဘော်ဘ ဆိုက်ကပ်ထားရာ ဆိပ်ကမ်းသို့ မော်တော်ကား ဆိုက်ရောက်ချိန်တွင် နေရောင်ပင် မပျောက်သေးချေ။ ခရိတ်သည် သဘော်ပေါ်သို့ တက်လိုက်သည်နှင့် ဦးပိုင်းတွင် ထိုင်နေသူကိုမြင်ပြီး အံ့အားသင့်သွား မိလေသည်။ ထိုလူမှာ သူ၏စာပေရေးရာဇဂျင်း(ကိုယ်စားလှယ်) အက်ရှီဆိုသူပင်ဖြစ်သည်။

" ဟဲလို အက်ရှီ၊ ဘယ်လိုလဲဗျ၊ ကျူပ်ဖြင့် ခင်ဗျားဒီကို လာလိမ့်မယ်လို့ လုံးဝ မမျှော်လင့်မိဘူး "

" ကျုပ်ကလည်း ခင်ဗျားနဲ့ တွေ့လို့ မဖြစ်တဲ့အတွက် လာခဲ့တာပဲ " အက်ရှိက ပြန်ပြောလိုက်သည်။

" ခင်ဗျားကတော့ စာရေးဆရာတွေအနေနဲ့ တကယ် အားကိုးလောက်တဲ့ ကိုယ်စားလှယ်ကြီးပါပဲ။ ကျုပ်မှာ အရေးတကြီး လိုအပ်လာပြီဆိုရင် ခင်ဗျားကချက်ချင်း ပြေးလာတာပါပဲ "

ခရိတ်က အက်ရှိ၏ မျက်နှာထားကို ကြည့်ပြီး သရော်သလို ငေါ့သလို ပြောလိုက်သော်လည်း အက်ရှိသည် ဂရုမစိုက်ဘဲ သူပြောချင်သည့်စကားကိုသာ ဆက်ပြောလေသည်။

" ခင်ဗျား ရဲ့ စာမူကို ကျုပ် ဖတ်ပြီးပြီ၊ ဖတ်ပြီးတော့ နောက်ထပ် တစ်ခေါက် ဖတ်ကြည့်သေးတယ်။ ပြီးတော့ စာမူကို ကျုပ်ရဲ့ မီးခံသေတ္တာထဲမှာ သော့ခတ်ထားလိုက်တယ်။ စာမူကကောင်းပါတယ်"

" ကျုပ်အနေနဲ့ ရေးခဲ့သမျှထဲမှာ ဒီစာမူက အကောင်းဆုံးပါပဲ "

" ဒါပေမဲ့ အခုမှ အခန်းသုံးခန်းပဲ ပြီးသေးတယ် "

" ဟုတ်တယ်လေ၊ ကျုပ်က အလွန်စိတ်ပါဝင်စားပြီး ကြိုးစားရေးနေပါတယ် "

" ရှင်းရှင်း ပြောရရင် ခင်ဗျားရဲ့စာမူကို သဘောမကျဘူး။ ဒီလိုပြောရတာလည်း စိတ်မကောင်းပါဘူး " အက်ရှိက တကယ်ပင် စိတ်မကောင်းဖြစ်ဟန်ဖြင့် ပြောလိုက်သည်။

"စာမူက အကြမ်းပဲ ရှိပါသေးတယ်။ နောက်ထပ် အချောကိုင်ရဦးမှာပါ။ ဒီမယ် အက်ရှိ၊ ဒီစာမူအတွက် ခင်ဗျားက ကျုပ်ကို ကြိုတင်ငွေ ထုတ်ယူနိုင်အောင် လုပ်ပေးမလား "

" ခင်ဗျားက ငွေဘယ်လောက် လိုသလဲ။ ဒေါ်လာ နှစ်သိန်း လောက်လား "

အက်ရှိ က ပြောလိုက်လျှင် ခရိတ်သည် အားတက် သွားမိလေသည်။

" ဒါဖြင့် ခင်ဗျားက တကယ်တော့ ကျုပ်စာမူကို သဘောကျတယ်ပေါ့ဟုတ်လား။ ဒါဖြင့် ဝမ်းသာတဲ့ အထိမ်းအမှတ် နဲ့ ယမကာ သောက်ကြရအောင်ဗျာ "

" ကောင်းတယ်၊ ယမကာ သောက်ရုံတင် မကဘူး။ ကျုပ်တို့ မူးအောင်သောက်ကြမယ် "

*

သို့နှင့်ပင်နှစ်ယောက်သား ယမကာအရက်ကို သောက်နေကြပြီးနောက်အတန်ကြာသော် ခရိတ်သည် ဖန်ခွက်ကိုကိုင်ရင်း စိတ်ကူးယဉ်နေမိလေရာ ဘေးနားမှအက်ရှိက စာမူအကြောင်း ပြောနေသည်ကို

ပင် ဂရုစိုက်နားမထောင်နိုင်တော့ချေ။ ခရိတ်၏စိတ်က အာဖရိကတိုက်ကြီးဆီသို့ ရောက်နေလေသည်။ တစ်ချိန်က သူ၏ဘိုးအေကြီး ပိုင်ဆိုင်ခဲ့သော ကင်းလင်းမွေးမြူရေးခြံကြီးနှင့်တကွ မြေယာများကိုလည်း သတိရ မြင်ယောင်နေမိသည်။ ဇမ်ဘောဇီမြစ်ရေများဟု သူကအမည်ပေး၍ တိုးရစ္စစခန်း ပြုလုပ်ရန် ရည်ရွယ်ထားသော ဒေသ၏ရှုခင်းကိုလည်း မြင်ယောင်မိသည်။

ဤအတိုင်းဆိုလျှင် သူသည် မကြာမီကာလအတွင်း ကမ္ဘာပေါ်တွင် စိတ်ချမ်းသာပျော်ရွှင်ဆုံး လူတစ်ယောက်ဖြစ်လာတော့မည်ပါတကားဟုလည်း စိတ်ကူးယဉ်မိလေသည်။ သူယခု ရေးသားပြီးစီးနေသောစာအုပ်၏စာမူအခန်းသုံးခန်းကိုလည်း ဆယ်လီအား ဖတ်ကြည့်စေချင်သည့် ဆန္ဒဖြစ်ပေါ်လာသည်။ ခရိတ်သည် ဆယ်လီရှိရာ အာဖရိကတိုက်ကြီးကို အထူးပင် လွမ်းဆွတ်သတိရ အောက်မေ့နေမိလေသည်။

အခန်း (၁၁)

လေလံတင် ထုခွဲရောင်းချရေး လုပ်ငန်းလုပ်သူ ဒင်နီရယ်တွင် အသုံးပြုပြီးသား မော်တော်ယာဉ် ဟောင်းများလည်းရှိရာ ခရိတ်သည် ကားဟောင်းများအနက် တစ်ပတ်ရစ်လင်းရိုဗာကားတစ်စီးကို မျက်စိကျမိလေ သည်။

သေချာစွာစစ်ဆေးကြည့်ရှုသောအခါအင်ဂျင်စက်ကအစကား၏အခြေအနေမှာအတော်ပင်ကောင်းမွန်လျက်ရှိသေးသဖြင့် ခရိတ်သည်သူ၏ လုပ်ငန်းအတွက် သင့်တော်လိမ့်မည်ဟု ယူဆမိလေသည်။ ထို့ကြောင့်ပိုင်ရှင်ဒင်နီရယ်က အခြားကားတစ်စီးယူရန်တိုက်တွန်းပြောဆိုသည်ကို လက်မခံဘဲလင်းရိုဗာကားကိုပင် ဒေါ်လာငွေတစ်ထောင်ပေး၍ ဝယ်ယူလိုက်လေသည်။ အမှန်တော့ ထိုကား၏အခြေအနေအရ ဒေါ်လာငွေတစ်ထောင်ဆိုသည့် ဈေးနှုန်းကများနေသော်လည်း ခရိတ်ကကြာရှည် အချိန်မဖြုန်းလိုသဖြင့် ဈေးမဆစ်တော့ဘဲ ဝယ်ယူလိုက်ခြင်းဖြစ်လေသည်။

သူ၏ ကိုယ်ပိုင်သဘော်ဘာဝူကို ရောင်းချလိုက်ပြီဖြစ်၍ ငွေကြေးလည်းပြည့်စုံနေသဖြင့် လိုအပ်သောပစ္စည်းများအားလုံးဝယ်ယူကာ လင်းရိုဗာကားပေါ်တင်လိုက်လေသည်။ အဝတ်အစား အပြည့်ပါသောသားရေသေတ္တာတစ်လုံး၊ သူအလွန်နှစ်ခြိုက်၍ ဖတ်လေ့ရှိသောစာအုပ်များ၊ လုပ်ငန်းအတွက် လိုအပ်သောကိရိယာပစ္စည်းများ၊ သူတို့မိသားစု၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းများပါရှိသော ဂျာနယ်စာအုပ်များစသည်တို့ကို ခရိတ်က လိုလေသေးမရှိ ရယူစုဆောင်းပြီး ကားပေါ်တင်ထားလိုက်ခြင်းပင်ဖြစ်သည်။ အဆိုပါ ဂျာနယ်ခေါ် မိသားစုမှတ်တမ်းများမှာ ခရိတ်အနေဖြင့် ဘိုးအေကြီးထံမှ ရရှိလိုက်

သောအမွေအနှစ်ပင်ဖြစ်သည်။
ဘိုးအေကြီး ဘာဝူ၏ ကျန်အမွေပစ္စည်းများ (ရိုလင်ကုမ္ပဏီပိုင် အစုရှယ်ယာများပါမကျန်)ကိုမူ သူ့သားအကြီးဆုံး(ခရိတ်၏)ဦးလေး)ရရှိခဲ့သည်။ ဦးလေးဒေါက်ကလပ်ဆိုသူက နောက်ပိုင်းတွင်အစုရှယ်ယာများကို ရောင်းချပြီး ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ခရိတ်သည် ကုမ္ပဏီအစုရှယ်ယာစသော အမွေပစ္စည်းများကိုမရ၍ ဝမ်းမနည်းမိ။ မိသားစု မှတ်တမ်းဂျာနယ်များကို သူရရှိသည်ကိုပင်ကျေနပ်ဝမ်းမြောက်မိလေသည်။ မှတ်တမ်းဂျာနယ်များကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ခရိတ်သူတို့မိသားစုမျိုးရိုး အဆက်အနွယ်ဇစ်မြစ်နှင့် တကွရိုဒီးရှား(ယခုဇင်ဘာဘွေ)နိုင်ငံစတင်ထူထောင်ခဲ့စဉ်က မိမိတို့မိသားစုပါဝင်ခဲ့သော အခန်းကဏ္ဍကြောင့် ဂုဏ်ယူကြွားဝင့်ဖွယ်ရာအချက်အလက်များကိုလည်းသိရလေသည်။ ယင်း အချက်အလက်များကပင်လျှင် ယခု ခရိတ်ရေးနေသော စာအုပ်အတွက် အထောက်အကူပြုစေသည့် ကုန်ကြမ်းသဖွယ် ဖြစ်နေပေသည်။

မှတ်တမ်းဂျာနယ်များကို လေ့လာဖတ်ရှုရင်း ခရိတ်သည် ကင်းလင်းမွေးမြူရေးခြံကြီးသို့ သူကိုယ်တိုင် အကြိမ်ပေါင်းမရေနိုင်အောင် သွားလာခဲ့ပုံများကိုပါ ပြန်လည်သတိရမိလေသည်။ ဤသို့လျှင် အတိတ်ဖြစ်ရပ်များကို အထူးပင်သတိရရင်း ခရိတ်သည် လင်းရိုဇာကားဖြင့် မောင်းထွက်ခဲ့လေသည်။ သူ၏ဘိုးအေကြီး ပိုင်ဆိုင်ခဲ့သောမြေယာမရောက်မီ တောင်ခြေတစ်နေရာ၌ အရပ်မြင့်မြင့်ပိန်ပိန်ပါးပါး လူတစ်ယောက် မျက်နှာချင်းဆိုင်ဘက်မှ လျှောက်လာသည်ကို တွေ့ရလေသည်။ ထိုလူ၏ ပခုံးတွင် ဟောင်းနွမ်းသော စောင်တစ်ထည်ပတ်ခြုံထားပြီး ခါးတွင်မူပိတ်စ(နံငယ်ပိုင်း)တစ်ခုသာ ပတ်ဝတ်ထားလေသည်။ နားတွင်လည်း နားကွင်းများဆွဲထားသည်။ ထိုလူသည် ဆိတ်အုပ်တစ်အုပ်ကို မောင်းလာခြင်းဖြစ်၍ ဆိတ်ကျောင်းသားတစ်ဦးဖြစ်ဟန်တူသည်။ အသက်ကြီးကြီး အဘိုးကြီးတစ်ဦး ဖြစ်သည်။ တိုင်းရင်းသား လူမည်းတစ်ဦးဖြစ်၍ လူချင်းနီးလာချိန်တွင် ခရိတ်က တိုင်းရင်းသား ဘာသာစကားဖြင့် နှုတ်ဆက် လေသည်။

" အို နောင်တော်ကြီး၊ သင့်အား ကျွန်ုပ် နှုတ်ဆက်ပါ၏ "

ဤသို့ နှုတ်ဆက်လိုက်ရင်း အဘိုးကြီးအား သေချာစွာ ကြည့်ရာမကြာသေးမီက ကင်းလင်မွေးမြူရေးခြံနေရာတွင် မီးဖိုတစ်ခုရှေ့၌ တင်ပျဉ်ခွေထိုင်နေသူ အဘိုးကြီးပင်ဖြစ်ကြောင်း ခရိတ်က မှတ်မိလေသည်။

အဘိုးကြီးလည်း သူတို့၏တိုင်းရင်းသား ဘာသာစကားဖြင့် နှုတ်ဆက်လိုက်သည်ကို သဘောကျသွားလျက် သူ၏ ဝါကျင့်ကျင့်အရောင် သွားများပေါ်အောင် ပြုံးလိုက်သည်။

" သင့်အားလည်း ကျွန်ုပ်နှုတ်ဆက်ပါ၏ "

" မိုးဘယ်တော့ ရွာမှာလဲ နောင်တော်ကြီး "

ခရိတ်က မေးရင်း အသင့်ပါလာသော စီးကရက်တစ်ဘူးကို အဘိုးကြီးအား လှမ်းပေးလိုက်သည်။ ဤသို့လျှင် အာဖရိက တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအတိုင်း စကားပဏာမ ပျိုးပြီးနောက် ခရိတ်က " ခင်ဗျား နာမည် ဘယ်လိုခေါ်ပါသလဲ " ဟု မေးလိုက်သည်။

" ကျုပ်နာမည်က ရှာဒရပ်လို့ ခေါ်ပါတယ် "

" ဟုတ်ကဲ့၊ ရှာဒရပ်၊ ခင်ဗျားရဲ့ ဆိတ်တွေက ရောင်းဖို့လား "

ထိုမေးခွန်းကို ကြားသည်နှင့် အဘိုးကြီး၏မျက်လုံးများ စူးရှတောက်ပြောင်လာလေသည်။

" ဒီဆိတ်တွေက အလွန်ကောင်း အလွန်လှတယ်။ သူတို့ကို ရောင်းလိုက်ရင် ကျုပ်မှာ ကိုယ့်သားသမီးတွေနဲ့ ခွဲခွာရသလို ခံစားရမှာပဲ "

အဘိုးကြီးက အရောင်းအဝယ် ကျွမ်းကျင်သူ ကုန်သည်တစ်ဦးကဲ့သို့ သူ၏ကုန်ပစ္စည်းများကို အမှမ်းတင်သလို ပြောလိုက်ခြင်းဖြစ်သည်။ ရှာဒရပ် အမည်ရှိ တိုင်းရင်းသား အဘိုးကြီးသည် ခေသူမဟုတ်။ ကင်းလင်းမြေယာတွင် ကျူးကျော် ဝင်ရောက်နေသူ တိုင်းရင်းသားအုပ်စု၏ ခေါင်းဆောင်နှင့်ပြောရေးဆိုခွင့်ရှိသူလူကြီးဖြစ်လေသည်။ အဘိုးကြီးမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းမည်ဆိုပါက ကျူးကျော်သူများကို မြေကွက်အတွင်းမှ ဖယ်ရှားနိုင်ရန် အလားအလာရှိပေသည်။

ယင်းသို့ စဉ်းစားမိသောအခါ ခရိတ်သည် စိတ်ထဲပေါ့ပါးသွားလေသည်။ သို့သော် မာတာဘယ်လီတိုင်းရင်းသားတို့သည် ရောင်းဝယ်ရာ၌ ဈေးဆစ်ဝါသနာပါသဖြင့် ကျူးကျော်သူများ ဖယ်ရှားပေးခဲ့ကြေးပမာဏကို အတော်ပင် အချိန်ကြာကြာ ဆွေးနွေးယူရမည်ဖြစ်သည်။

ခရိတ်က သူ၏ဘိုးအေကြီး ပိုင်ဆိုင်ခဲ့သောမြေကွက်ရှိ လူနေအိမ်ဟောင်းကြီးကို ယာယီနေနိုင်ရန် စတင် ပြုပြင်လိုက်လေသည်။ ကျူးကျော်နေထိုင်သူ တိုင်းရင်းသားတို့၏ ဆိတ်အုပ်များကိုလည်း ဝယ်ယူရန် ကမ်းလှမ်းပြောဆိုရာ အတန်ကြာကြာ ဈေးနှုန်းကိုဆစ်ပြီး အရောင်းအဝယ် ထည့်သွား

လေသည်။ ဤနည်းအားဖြင့် ခရိတ်သည် နေ့ချင်းညချင်း ဆိတ်ကောင်ရေနှစ်ထောင်၏ ပိုင်ရှင်ဖြစ်လာလေသည်။ ဆိတ်ပိုင်ရှင် တိုင်းရင်းသားများကို ငွေသားလက်ငင်းပေးချေလိုက်ပြီးနောက် ဆိတ်အားလုံးကို လော်လီကားကြီးများဖြင့် တင်ဆောင်ကာ ဘူလာဝေယိုမြို့သို့ တင်ပို့ပြီး အပြတ်ရောင်းချပစ်လိုက်သည်။
ဤသို့လျှင် သူ လုပ်ငန်းလုပ်ရန် ရည်ရွယ်သော မြေကွက်မှ ဆိတ်အုပ်များကို ရှင်းပစ်လိုက်လေသည်။ ခရိတ်သည် ရှာဒရပ်အမည်ရှိအဘိုးကြီးကိုပင် ချဉ်းကပ်၍ နွားမွေးမြူရေးလုပ်ငန်းအကြောင်း ဆွေးနွေးကြည့် ပြန်သည်။

" ခင်ဗျားအနေ နဲ့ နွားမွေးမြူရေးနဲ့ ပတ်သက်လို့ ဘာတွေ သိပါသလဲ "

"ဟာ၊ ကျုပ်က ငယ်စဉ်ကလေးဘဝကတည်းက မွေးမြူရေးခြံထဲမှာ ကြီးပြင်းလာတာမို့ သိပ်ကျွမ်းကျင်တာပေါ့။ ကျုပ်က ကိုယ်တိုင်နွားနို့ ညှစ်လာခဲ့တဲ့ ကလေးတစ်ယောက်ပဲ။ အဲဒီတုန်းက တစ်ခါတလေ နို့ညှစ်ရင်းက ကိုယ်တိုင် နွားမကြီးရဲ့ နို့ရည်ကို စို့ခဲ့သေးတယ်။ ဒါကြောင့် မွေးမြူရေးဆိုရင် ငယ်စဉ်ကတည်းက တစ်ခါတော့ ကျုပ်ရဲ့နွားအုပ်ကို ခြင်္သေ့တစ်ကောင်က ဝင်ဆွဲမယ်ကြံတော့ ကျုပ်က အဲဒီခြင်္သေ့ကို လှံနဲ့ထိုးသတ်ခဲ့တယ် "

" ဟင် ဟုတ်လား "

" ဟုတ်ပါတယ်။ ပြီးတော့ကျွန်တော့်အနေနဲ့ နွားမွေးမြူရေးလုပ်ငန်းအကြောင်း ကောင်းကောင်းကျွမ်းကျင်သူတစ်ယောက် လိုပါတယ်။ ဒီလူက နွားတွေအကြောင်းကောင်းကောင်း သိမှဖြစ်မယ်။ ဒါ့အပြင် အလုပ်သမား အဖြစ်ခိုင်းဖို့လူတွေလည်းလိုမယ် "

ခရိတ် ပြောလိုက်ပြီးနောက် အဘိုးကြီး ရှာဒရပ်သည် အချိန်မဆိုင်းဘဲ လျင်မြန်စွာ လှုပ်ရှားကာ ခရိတ်လိုချင်သော လူများကို အမြန်ဆုံး ရှာပေးလေသည်။

မြေကွက်တွင် ကျူးကျော်နေထိုင်သူ တိုင်းရင်းသားထဲမှ လူနှစ်ဆယ် ရွေးခေါ်လိုက်သည်။ထိုနှစ်ဆယ်မှာ ခွန်အားဗလနှင့်ပြည့်စုံသူ ကျန်းမာသန်စွမ်းသူများဖြစ်သည့်ပြင် အသက်အရွယ်အားဖြင့် မငယ်လွန်းမကြီးလွန်း သူများဖြစ်သည်။ ရှာဒရပ်သည် ထိုလူများကို ယာယီပြင်ဆင်ထားသော အိမ်ရှေ့တွင် တန်းစီခိုင်းပြီးနောက် သူက ရှေ့မှ တပ်မှူးကြီးပမာရပ်လျက် ခပ်တည်တည် မိန့်ခွန်းပြောလေသည်။
" မင်းတို့အားလုံး ငါ့ကို ကောင်းကောင်းသိကြတယ် မဟုတ်လား။ ငါ့အဘိုးရဲ့ မိခင်ဟာ မာတာဘယ်လီ ဘုရင်ကြီး လိုတင်ဝူလာရဲ့ သမီးတော်ဖြစ်တယ်။ အဲဒါ ငါ့ရဲ့ မျိုးရိုးဇာတိ အဆက်အနွယ်ပဲ "

" အေး ... ဟီး ... အေး ... ဟီး "

မာတာဘယ်လီ တိုင်းရင်းသား နှစ်ဆယ်တို့က ဟစ်အော် သြဘာပေးကြလေသည်။

အဘိုးကြီး ရှာဒရပ် လည်း အားရကျေနပ်ဟန်ဖြင့် ဆက်၍ ဟစ်အော်ကြွေးကြော်ပြန်သည်။

" ဒါဟာ မင်းမျိုးမင်းနွယ်က ဆင်းသက်လာတာဆိုတာ မင်းတို့ သိကြတယ်။ အခြေအနေအရ ငါဟာ အခုလိုနေရပေမယ့် တကယ်တော့ ငှက်တောင်ဦးခေါင်းဆောင်း တန်ဆာပလာနဲ့ အဆောင်အယောင်တွေ အပြည့်အစုံ ရရှိသင့်တဲ့ လူဖြစ်တယ် "

" အေး ... ဟီး ... အေး ... ဟီး "

" ဘာပဲဖြစ်ဖြစ် အခုတော့ ဟောဒီက ပုဂ္ဂိုလ်ရဲ့ (ဤတွင် အဘိုးကြီးက ခရိတ်အား ညွှန်ပြသည်။) အမြော်အမြင် ကြီးမားမှုကြောင့် ငါဟာ ကင်းလင်းမွေးမြူရေးခြံကြီးမှာ မင်းတို့ကို ဦးစီး ကွပ်ကဲရမယ့် အင်ဒူနာ(အကြီးအကဲ) ဖြစ်လာတော့မယ်။ မင်းတို့ကတော့ ငါ့ရဲ့ အာမာဒိုဒါ (လုပ်သားကောင်းကြီးတွေ၊ စစ်သည်ကောင်းကြီးတွေ)ဖြစ်တယ် "

" အေး ... ဟီး ... အေး .... ဟီး "

တိုင်းရင်းသား များက စိတ်ပါ တက်ကြွစွာဖြင့် ဟစ်အော်ကြွေးကြော်ကြပြန်သည်။

" ကောင်းပြီ၊ မင်းတို့အားလုံး ဟောဒီကမျက်နှာဖြူ အမျိုးသားကို ကြည့်ကြစမ်း၊ သူဟာလူငယ် တစ်ယောက်ဖြစ်လို့ အထင်မသေးကြနဲ့။ သူဟာ မင်းတို့အားလုံးသိပြီဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးဘဝရဲ့မြေး ဖြစ်တယ်။ တာကာ တာကာ လို့ မင်းတို့ သိကြတဲ့ပုဂ္ဂိုလ်ကြီးရဲ့ မြစ်တော်တယ် "

" ဟော ... ဟေး ... ဟေး "

မာတာဘယ်လီ တိုင်းရင်းသားများက တဒှံတသြ ရေရွက်လိုက်ကြသည်။

သူတို့အနေဖြင့် ခရိတ်၏ အဘိုးကြီးဘဝကို ကောင်းစွာသိကြပြီး တာကာတာကာဟု တိုင်းရင်းသားများက ခေါ်သော (ဘဝ၏ဖခင်) ဆာဘာလင်တိုင်အမည်ရှိ ပုဂ္ဂိုလ်ကြီးကိုမူ မမီလိုက်ကြချေ။ တာကာတာကာဟု တိုင်းရင်းသားများ အမည်ပေးထားခဲ့ရခြင်း အကြောင်းကတော့ ဆာဘာလင် တိုင်သည် တစ်ချိန်က ပုန်ကန်ထကြွသူ မာတာဘယ်လီ တိုင်းရင်းသားတို့အား စက်သေနတ်ဖြင့် တရကြမ်း တိုက်ခိုက်နှိမ်နင်းခဲ့၍ တိုင်းရင်းသားများက အလွန်ကြောက်ရွံ့ တုန်လှုပ်ခဲ့ ကြသောကြောင့်

ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများသည် ယင်းပုဂ္ဂိုလ်ကြီး၏ မြစ်တော်သူ ခရိတ်အား တအံ့တသြ ငေးမောကြည့်နေကြစဉ် အဘိုးကြီး ရှာဒရပ်က အသံကျယ်ကျယ်ဖြင့် ပြောပြန်သည်။

" မင်းတို့အားလုံး သူ့ကို သေသေချာချာ အကဲခတ်ကြည့်ကြစမ်းပါ။ သူဟာ ပြည်တွင်းစစ်အတွင်းက ရွှပ်ရွှပ်ခွှံခွှံ တိုက်ခိုက်ခဲ့တဲ့ စစ်သည်သူရဲကောင်းတစ်ဦးလည်းဖြစ်တယ်။ သူကိုယ်တိုင် သူရဲဘောကြောင်တဲ့ ရှိနာလူမျိုးတွေကို ရာနဲ့ချီပြီး သုတ်သင်ချမှုန်းခဲ့သူဖြစ်တယ်။ ခြင်္သေ့မင်းလို သတ္တိကောင်းတဲ့ ငါတို့ မာတာဘယ်လီ စစ်သည်တချို့တောင် သူ့လက်ချက်နဲ့ ကျဆုံးခဲ့ရတယ်။ ဒါကြောင့် မင်းတို့က သူ့ကို လူငယ်တစ်ယောက်ဆိုပြီး အထင်မသေးကြနဲ့ "

" အေး ... ဟီး ... အေး ... ဟီး "

" အခု ဒီပုဂ္ဂိုလ်က မင်းတို့ကို ဘာမဟုတ်တဲ့ ဆိတ်ကျောင်းသား ဘဝကနေပြီး တကယ့် မျိုးကောင်းမျိုးသန့် နွားမွေးမြူရေး လုပ်သားကြီးများ ဖြစ်လာအောင် အဆင့်မြင့် ပေးလိမ့်မယ်။ မကြာခင် ဒီနယ်မြေမှာ အလွန်မျိုးကောင်းတဲ့နွားတွေ အမြောက်အများရှိလာလိမ့်မယ် "

ရှာဒရပ်က ဤသို့ အာဝဇ္ဇန်း ကောင်းကောင်းဖြင့် ပြောသည်ကို ခရိတ်သည် ဘေးမှနားထောင်နေရင်း ချီးကျူးမိလေသည်။ အဘိုးကြီးက တကယ်စကားပြောကောင်းပါလားဟု စိတ်ထဲမှ မှတ်ချက်ချမိလေသည်။ ထို့နောက် ခရိတ်ကိုယ်တိုင် ရှေ့သို့တိုးသွားပြီး တိုင်းရင်းသားများအား မာတာဘယ်လီ ဘာသာစကားဖြင့် ကျွမ်းကျင်စွာ ပြောလေသည်။

" မကြာခင် ဒီနေရာကိုမွေးမြူရေးနွားတွေ ရောက်လာပါတော့မယ်။ နွားတွေရောက်မလာခင် လုပ်စရာအလုပ်တွေ အများကြီးရှိနေပါတယ်။ ခင်ဗျားတို့ရဲ့ လုပ်အားခငွေကိုတော့ အစိုးရက သတ်မှတ်ထားတဲ့ စျေးနှုန်းအတိုင်း ကျေပ်ကပေးမှာ ဖြစ်ပါတယ်။

လုပ်ခငွေအဖြစ် အခြေခံစားကုန်တွေကို ရာရှင်အဖြစ် ခင်ဗျားတို့နဲ့တကွ ခင်ဗျားတို့ရဲ့ မိသားစုတွေ အတွက်ပါ ပေးပါမယ်။ နောက်ပြီး ခင်ဗျားတို့လုပ်သားတွေကို ဒီမှာအလုပ်လုပ်တာ တစ်နှစ်ပြည့်တိုင်း ဘောနပ်စ်ဆုအဖြစ် လူတစ်ယောက်ကို နွားငယ်တစ်ကောင်အပိုင်ပေးမယ်။ အဲဒီ နွားငယ်တွေကိုလည်း ကျေပ်တို့ရဲ့ ကင်းလင်းမွေးမြူရေးခြံ ပိုင်နက်အတွင်းက စားကျက်တွေမှာ လွှတ်ထားခွင့်ပြုပါမယ်။ ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်နွားတွေ အစာကောင်းကောင်း စားနိုင်အောင် စီစဉ်ပေးတဲ့ သဘောပါပဲ။ ခင်ဗျားတို့ရဲ့ နွားမတွေကို ကျေပ်ပိုင်ဆိုင်တဲ့ မျိုးကောင်းနွားထီးကြီးတွေနဲ့ သားစပ်ခွင့်လည်းပြုပါမယ် "

" အေး .... ဟီး .... အေး .... ဟီး "

တိုင်းရင်းသား ပရိတ်သတ်က သဘောကျဟန်ဖြင့် ဟစ်အော်သြဘာပေးကြလေသည်။

" နောက်တစ်ခု ဆက်ပြောချင်သေးတယ်။ ခင်ဗျားတို့ထဲမှာ ကျုပ်ရဲ့ ပစ္စည်းတွေကို လောဘထွက်ပြီး ခိုးယူချင်စိတ် ပေါက်လာသူတွေတချို့ ရှိချင်ရှိမယ်။ ကျုပ်ရဲ့ နွားမျိုးကောင်း သို့မဟုတ် တခြား လုပ်ငန်းထဲက ပစ္စည်းတွေ ခိုးယူရောင်းစားလိုက်ရင် ဒီမှာလို ပင်ပင်ပန်းပန်း အလုပ်ကြမ်း မလုပ်ရဘဲ အေးအေး ထိုင်စားနိုင်မှာပဲလို့ စိတ်ကူးယဉ်မိသူ ရှိကောင်းရှိမယ်၊ ဒါနဲ့ပတ်သက်လို့ ခင်ဗျားတို့သိ အောင် ကျုပ်ရှင်းရှင်းပဲပြောပါမယ်။ လက်ရှိ ဇင်ဘာဘွေနိုင်ငံ အစိုးရဟာ ဥာဏ်အမြော်အမြင်ရှိတဲ့ အတွက် လူတွေလိုက်နာရမယ့် ကျင့်ဝတ်နဲ့ပတ်သက်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းထားတယ်။ လူတစ် ယောက်ဟာ နောက်လူတစ်ယောက်ကို ရန်ပြုဖို့ဝေးလို့ ခြေထောက်နဲ့တောင်မကန်ရဘူးလို့ ဥပဒေနဲ့ တားမြစ်ထားတယ်။ ကိုယ်ကျင့်တရားပျက်ပြားမှုနဲ့ ပတ်သက်ရင် တရားဥပဒေက တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားတယ်။ ခင်ဗျားတို့ သိထားဖို့က တကယ်လို့ ခင်ဗျားတို့ထဲက ကိုယ်ကျင့်တရား ပျက်လာရင်တော့ ကျုပ်က ကိုယ့်ခြေထောက် အသုံးမပြုဘဲနဲ့ ခင်ဗျားတို့ကို လှိမ့်ကန်နိုင်တယ်ဆိုတဲ့ အချက်ပဲ "

ပြောပြောဆိုဆို ခရိတ်က သူ၏ခြေတဲ့ တစ်ဖက်ကို ဖြုတ်၍ လက်ဖြင့် ကိုင်ထားလိုက်သည်။ တိုင်းရင်း သားများသည် အံ့အားသင့်စွာဖြင့် ငေးကြည့်နေကြသည်။

" ဟေ့ ... ဒီမှာကြည့်ကြစမ်း၊ ဒါက ကျုပ်ရဲ့ ခြေထောက်အစစ် မဟုတ်ဘူးဆိုတာမြင်တယ် မဟုတ် လား "

ခရိတ်ကခပ်တည်တည်ထပ်ပြောလိုက်လျှင် တိုင်းရင်းသားလူမည်းများသည် မျက်လုံးပြူးကာတုန်လှုပ် ချောက်ချားနေပုံရလေသည်။ သူတို့၏ စိတ်ထဲတွင် မှော်ဆရာတစ်ဦးက လောကီပညာ အဆန်းတစ်ခု လုပ်ပြသည်ကို ကြည့်နေရသလို ထင်မှတ်နေကြလေသည်။

ခရိတ်က အသံကျယ်ကျယ်ဖြင့် ဆက်ပြောပြန်သည်။

" ဒါကြောင့် ကျုပ်က ဥပဒေကို မချိုးဖောက်ဘဲနဲ့ ခင်ဗျားတို့ကို ပိတ်ကန်လို့ ရတယ်"

ပြောပြောဆိုဆို ခရိတ်သည် သူ၏သစ်သားခြေထောက်တုကြီးကို ကိုင်၍ အနီးဆုံး တိုင်းရင်းသား တစ်ဦးအား ရိုက်တော့မလို ရိုက်ဟန်ပြုပြီးမှ မရိုက်ဘဲရပ်ထားကာ ပြုံးပြလေသည်။ တိုင်းရင်းသား လူမည်းများသည် ခရိတ်က ရယ်စရာလုပ်ပြကြောင်း သဘောပေါက်သွားကာ အားရပါးရ ရယ်မောကြလေသည်။ သူတို့အားလုံးသည် ခရိတ်အား ခေါင်းဆောင်အဖြစ် အသိအမှတ် ပြုကြပြီဖြစ်ကြောင်း သိသာထင်ရှား နေပေသည်။ နောင်အခါတွင် တိုင်းရင်းသား လူမည်းများသည် မိမိအပေါ် လေးစားကာ သစ္စာရှိရှိ အမှုထမ်းရုံမက မိမိနှင့် တစ်မိသားစုတည်းသဖွယ် ဖြစ်လာတော့မည်ဟုလည်း ခရိတ်က စိတ်ထဲမှအကဲဖြတ်မိလေသည်။

အခန်း(၁၂)

ခရိတ်အနေဖြင့် ပထမဆုံးတွေ့ရသည့်အခက်အခဲမှာ သူ၏မြေယာပတ်ပတ်လည် သံဆူးကြိုးဖြင့်လုံခြုံစွာ ဝင်းခတ်ရေးပင်ဖြစ်သည်။ ယခင်ကရှိခဲ့ဖူးသော ခြံစည်းရိုးဟောင်းများမှ သံဆူးကြိုးများအားလုံးပြည်တွင်းစစ်ကာလအတွင်းက လူခိုးခံရဟန် တူလေသည်။ ခက်နေသည်က ယခုသူခြံစည်းရိုးအသစ်ပြန်ကာလိုပါသော်လည်း လောလောဆယ် ဇင်ဘာတွေနိုင်ငံတွေ သံဆူးကြိုးလုံးဝ ဝယ်မရခြင်းပင်ဖြစ်သည်။ အကြောင်းကတော့ နိုင်ငံခြားမှ သံဆူးကြိုးများ မှာယူတင်သွင်းရန် သွင်းကုန်ပါမစ် သို့မဟုတ် လိုင်စင်ကို အစိုးရက လုံးဝထုတ်မပေးသောကြောင့်ပင် ဖြစ်သည်။

ဘူလာဝေယိုမြို့မှ လယ်ယာကုန်ထုတ် သမဝါယမအသင်းဥက္ကဋ္ဌ ခရိတ်အား စိုက်ပျိုးမွေးမြူရေး လုပ်ငန်းလာလုပ်ခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရင်း-

"အခြေအနေကတော့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ သံဆူးကြိုးဝယ်လို့မရဘူး၊ မကြာသေးခင်က လူတစ်ယောက်က အစိုးရအဖွဲ့ကို ချဉ်းကပ်နားလည်မှုယူပြီး နိုင်ငံခြားချောကလက်နဲ့ သကြားလုံးချိုချဉ်တွေ ဒေါ်လာဆယ်သိန်းဖိုး မှာယူတင်သွင်းခွင့် သွင်းကုန်ပါမစ် ရသွားတယ်လို့ သိရတယ်။ ဒါပေမဲ့ သံဆူးကြိုးတင်သွင်းဖို့ပါမစ်တော့ ဘယ်တော့မှမရဘူး"ဟု ပြောလေသည်။

ခရိတ် သည် အတော်ပင် စိတ်ဓာတ်ကျ မိလေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ သံဆူးကြိုးမရလို့ မဖြစ်ဘူးဗျ၊ ကျုပ်ရဲ့ မြေယာပတ်ပတ်လည်မှာ ခြံစည်ရိုးကာဖို့ အရေးကြီးတယ်။ ခြံစည်းရိုးကာထားမှလည်း ကျုပ်လုပ်ချင်တဲ့ မွေးမြူရေး လုပ်ငန်း

လုပ်နိုင်မှာ၊ ဒီမယ် ခင်ဗျားတို့ သမဝါယမအသင်းမှာ သံဆူးကြိုးတွေ ဘယ်တော့များ ရောက်လာမှာလဲ” ခရိတ်က ပြောလိုက်လျှင် သမဝါယမဥက္ကဋ္ဌက အခြေအနေကို ထပ်၍ရှင်းပြလေသည်။

“ဒါတော့ဗျာ၊ ရှင်းရှင်းပြောရမယ်ဆိုရင် ဟာရာရေမြို့တော်မှာရှိတဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက စာရေးကြီးအပေါ်မူတည်တာပဲ”

ခရိတ်လည်း စိတ်ပျက်ပျက်နှင့် သူ၏လင်းရိုဗာကားရှိရာသို့ လျှောက်လာစဉ် ရုတ်တရက် အကြံတစ်ခု စိတ်ကူးရမိလေသည်။ ထို့ကြောင့် ကားပေါ်သို့မတက်သေးဘဲ သမဝါယမအသင်းတိုက်သို့ ပြန်လှည့်လာပြီး ဝန်ကြီးဖွန်ဂါရာသီ၏ သီးသန့်တယ်လီဖုန်း နံပါတ်ကို လှည့်လိုက်သည်။

ခရိတ်က မည်သူမည်ဝါဖြစ်ကြောင်းနှင့် ဝန်ကြီးနှင့် စကားပြောလိုကြောင်း ပြောလိုက်သောအခါ တစ်ဖက်မှ နားထောင်သူ အတွင်းရေးမှူးက ချက်ချင်းပင် ဝန်ကြီးနှင့် ဆက်သွယ်ပေးလေသည်။

“ဗိုလ်ချုပ်ခင်ဗျား၊ ကျုပ်မှာ အရေးပေါ် ပြဿနာတစ်ခု ရင်ဆိုင်နေရပါတယ်”

ခရိတ် က စတင်ပြောလိုက်ရာ ဝန်ကြီးဖွန်ဂါဘီရာကလည်း

“ဘာဖြစ်လို့လဲဗျ၊ ကျုပ်ဘယ်လို ကူညီရမလဲ”ဟု ပြန်မေးလိုက်သည်။ ဤတွင် ခရိတ်လည်း သူအခက်အခဲ တွေ့နေသော သံဆူးကြိုးပြဿနာကို ပြောပြလိုက်သည်။

“မစ္စတာခရိတ်အနေနဲ့ သံဆူးကြိုး ဘယ်လောက်များများ လိုနေပါသလဲ”

“ဘေထုပ်လို့ ခေါ်တဲ့ သံဆူးကြိုးအထုပ် အနည်းဆုံး တစ်ထောင့်နှစ်ရာလောက် လိုနေပါတယ်”

“ကောင်းပြီ၊ တခြားဘာအခက်အခဲများ ရှိသေးသလဲ”

“လောလောဆယ်တော့ ဘာမှမရှိသေးပါဘူး၊ သြော်နေဦးဗျ၊ ကျုပ်ဒီပြန်ရောက်တဲ့ အချိန်ကစပြီး ဆယ်လီကို လိုက်ရှာနေတာ ဘယ်လိုမှ အဆက်အသွယ်မရဘူး၊ သူ့တိုက်ခန်းကို တယ်လီဖုန်း ဆက်လို့လည်း မရဘူး”

“သြော်.....ခင်ဗျားက ဆယ်လီနဲ့ ဆက်သွယ်ချင်လို့လား။ ဒါဖြင့် နောက်ဆယ်မိနစ် ကြာရင် ကျုပ်ဆီ ပြန်ဖုန်းဆက်လိုက်ပါ”

ဝန်ကြီး ဖွန်ဂါဘီရာက စကားဖြတ်လိုက်သည်။

ခရိတ်လည်း ဆယ်မိနစ် စောင့်နေပြီး နောက်တယ်လီဖုန်း ပြန်ဆက်ကြည့်ရာ ဖွန်ဂါဘီဂါက အကျိုး အကြောင်း ပြောပြလေသည်။

"ဆယ်လီကို ခင်ဗျား ဆယ်သွယ်လို့မရတာက လောလောဆယ် သူဟာ ဇင်ဘာတွေနိုင်ငံ ပြင်ပကို ရောက်နေလို့ပါပဲ။ ကျွေးအထင်တော့ သူလေယာဉ်နဲ့ ကင်ညာနိုင်ငံကို ခဏသွားပုံရတယ်၊ အခု ဆယ်လီဟာ ကစ်ချာတင်ဘူလို့ခေါ်တဲ့အရပ်ကို ရောက်နေတယ်လို့ သိရတယ်"

"ဟုတ်လား၊ သူက ဘယ်တော့လောက် ပြန်လာမှာတဲ့လဲ"

"ဒါတော့ ကျွေးမပြောတတ်ဘူး၊ ဒါပေမဲ့ ဆယ်လီက ဒီနိုင်ငံထဲကို ပြန်ဝင်လာတာနဲ့ ကျွေးကခင်ဗျားကို အကြောင်းကြား လိုက်ပါ့မယ်"

ထိုမျှနှင့်ပင် စကားပြတ်သွားလေသည်။ ခရိတ်သည် ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဘီရာဇ၏သတင်း စုံစမ်းရယူ ပြီး လျင်မြန်ထိရောက်ပုံနှင့် ဩဇာညောင်းမှုကို အံ့ဩချီးကျူးမိလေသည်။ ဇင်ဘာဘွေနိုင်ငံပြင်ပသို့ ရောက်နေသူတစ်ဦး၏ သွားလာလှုပ်ရှားမှုကို ဤမျှလျင်မြန်စွာ စုံစမ်းသိရှိခြင်းမှာ သူ၏ဩဇာလွှမ်းမိုးမှု ကျယ်ပြန့်ပုံကိုထင်ရှားစေသည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

နောက်တစ်ချက် စဉ်းစားမိသည်မှာ ဗိုလ်ချုပ်ဖွန်ဂါဘီရာအနေဖြင့် ဆယ်လီ၏ စိတ်လှုပ်ရှားသွားလာ မှုကို မျက်ခြည်မပြတ် ခြေရာခံလိုက်စုံစမ်းရန် ကြိုတင်စီစဉ်ထားခြင်းဖြစ်နိုင်သော်ပေသည်။ အလားတူ ပင် မိမိ(ခရိတ်)ကိုလည်း ဇင်ဘာဘွေ ထောက်လှမ်းရေးက ခြောရာခံလိုက်ကြည့်ရန်လည်း အစီအစဉ် ရှိကောင်းရှိပေမည်။ စင်စစ်အားဖြင့် ခရိတ်သည် ဆယ်လီဆိုသူ အမျိုးသမီး ဘာကြောင့် ကစ်ချာ တင်ဘူအရပ်သို့ သွားနေကြောင်းကို သိလေသည်။

ထိုအရပ်မှာ မာရာလွင်ပြင်ဒေသတွင် တည်ရှိပြီး နိုင်ငံခြား ဧည့်သည်များ အာဖရိကတောတွင်းသို့ လည်ပတ်လေ့လာရင်း အမဲပစ်ထွက်ရ အဆင်ပြေသော ဆာဖာရီစခန်းတစ်ခု ရှိသည်။ ယင်းစခန်းသို့ ခရိတ်ကိုယ်တိုင် လွန်ခဲ့သောနှစ်နှစ်ခန့်က ရောက်ခဲ့ဖူးလေသည်။ ဆာဖာရီ စခန်းပိုင်ရှင်ဖြစ်သော ဂျော့နှင့်ဂျူရီကုမွက်၏ ဖိတ်ကြားချက်အရ ခရိတ်က သွားရောက်လေ့လာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က တောကျွဲများ သားပေါက်ချိန်ဖြစ်ရာ အာဖရိက တောတွင်းဒေသရှုခင်းသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည့်အချိန်ပင် ဖြစ်လေသည်။

ယခုဆယ်လီ ထိုအရပ်သို့ သွားနေသည်ဆိုခြင်းမှာ ကျွဲမကြီးများ သားပေါက်ချိန်တွင် တောတွင်း သဘာဝ ရှုခင်းများကို မာတ်ပုံရိုက်ယူရန်ပင် ဖြစ်ပေလိမ့်မည်။ ခရိတ်သည် ကင်းလင်းမွေးမြူရေးခြံသို့ အပြန်တွင်စာတိုက်သို့ ခေတ္တဝင်၍ ဆယ်လီထံသို့ ကြေးနန်းတစ်စောင် ရိုက်လိုက်လေသည်။ ကြေးနန်းကို ဒိုရိုဘီမြို့တော်မှ တစ်ဆင့်ရိုက်လိုက်ပြီး အောက်ပါအတိုင်း လိုရင်းကို တိုတိုပင် ရေးလိုက်သည်။

"ဇမ်ဘေဇီ မြစ်ရေများ" စီမံကိန်းအတွက် အကြံဉာဏ်ကောင်းများ ယူလာခဲ့ပါ။ ဟိုကိစ္စကို ဆက်စုံစမ်း နေတုန်းပဲ။ မင်းကော ဘာများ ထူးထူးခြားခြား စုံစမ်းလို့ရသလဲ။

ရွှင်လန်းပါစေ

ခရိတ်

နောက်သုံးရက်ကြာသောအခါ ကုန်တင်လော်လီကားကြီးများနှင့် ဇင်ဘာဘွေ့ တတိယတပ်မဟာမှ စစ်သည်များ ကင်းလင်းမွေးမြူရေးခြံသို့ ရောက်လာပြီး သံဆူးကြိုးဘောထုပ် တစ်ထောင့်နှစ်ရာကို လာပို့ပေး လေသည်။

"ဒီပစ္စည်းအတွက် ငွေဘယ်လောက်ပေးရမလဲ၊ လက်မှတ်ထိုးပေးရမယ့် စာရွက်စာတမ်းတွေကော ရှိပါ သလား"

ခရိတ်က မေးလိုက်ရာ တပ်ဖွဲ့ကို ခေါင်းဆောင်လာသူ ဆာဂျင့်(တပ်ကြပ်ကြီး)က

"ကျွန်တော် ဘာမှမသိဘူးခင်ဗျ။ ကျွန်တော့်ကို အမိန့်ပေးလိုက်တာက ဒီပစ္စည်းတွေ လာပို့ပေးဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုလူကြီးမင်းကို လာပို့တာပါ"ဟု ပြောၿပီးပစ္စည်းများကို ချပြီး နောက် ချက်ချင်းပင်ပြန်သွားလေသည်။

လော်လီကားကြီးများ ပြန်မောင်းထွက်သွားသည်ကို ငေးကြည့်ရင်းခရိတ်သည် စဉ်းစားနေမိသည်။ မိမိလိုချင်သော သံဆူးကြိုးများကိုတော့ ရရှိပြီးဖြစ်သည်။ ယင်းပစ္စည်းများအတွက် လက်မှတ်ထိုးပေး ရန် အင်ပွိုက်စ် ခေါ် စာရွက်စာတမ်းများလည်း ရှိမည်မဟုတ်။ ကျသင့်ငွေကိုလည်း ပေးချရလိမ့်မည် မဟုတ်ဟု ထင်မိသည်။ အကြောင်းမူကား သူသည် အာဖရိကတိုက်ကြီးနှင့်တကွ အာဖရိကတိုက်နေ တိုင်းရင်းသားတို့အကြောင်း ကောင်းစွာသိနေသောကြောင့်ပင်ဖြစ်သည်။ ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဘီရာ လိုလူမျိုးနှင့် မိမိသည် သင့်မြတ်အောင်ဆက်ဆံရန် လိုအပ်သည်ဟုလည်း ကောက်ချက်ချမိလေ

သည်။ နောက်ငါးရက် လုံးလုံး ခရိတ်သည် မာတာဘယ်လီ တိုင်းရင်းသားလုပ်သားများ၏ အကူအညီဖြင့် သံဆူးကြိုးခြံစည်းရိုး ကာရံသည့်အလုပ်ကို အာရုံစိုက်လုပ်ခဲ့သည်။

သူကိုယ်တိုင်လည်း ကာယကံမြောက် ဝင်ကူလုပ်ကိုင်ပေးသည့်ပြင် အလုပ်လုပ်ရာ၌ ညာသံပေး၍ တိုင်းရင်းသား သီချင်းများ ဟစ်အော်သီဆိုလေရာ အလုပ်သမားများ စိတ်အားတက်ပြီးပျော်ရွှင်စွာ အလုပ်လုပ်ကြလေသည်။ သို့ဖြစ်လင့်ကစား ခရိတ်အဖို့ သူ၏ နှလုံးသားထဲ၌ ပျော်ရွှင်ကြည်နူးမှု မဖြစ်ဘဲ လိပ်ပြာမလုံသလို ဖြစ်နေလေသည်။ မြေယာဝယ်ယူရေးနှင့် ပတ်သက်၍ အပြီးသတ်စာချုပ် ချုပ်ရန်ကျန်သေးရာ ဘူလာဝေယိုမြို့သို့ တယ်လီဖုန်း အဆက်အသွယ် မရသေးသဖြင့် သူကိုယ်တိုင် မြို့တွင်းသို့ လိုက်သွားလေသည်။ ရောက်ရောက်ခြင်း ခရိတ်သည် ပါလီမန်လွှတ်၌ ရှိနေသူ ဝန်ကြီး ဖွန်ဂါဘီရာနှင့် သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြလေသည်။

မစ္စတာခရိတ်ကလည်းဗျာ ဘာမှအရေးမကြီးတဲ့ကိစ္စတစ်ခုကို ရေးကြီးခွင်ကျယ် လုပ်ပြောနေတာကိုး။ သံဆူးကြိုးအတွက် ငွေမပေးချေရသေးတာကိုလည်း ဘယ်လိုမှစိတ်ထဲမထားပါနဲ့။ စစ်ထောက်ချုပ်က သံဆူးကြိုးတွေ ထုတ်ပေးလိုက်တာကို ကျုပ်ဆီ တရားဝင် သတင်းမပို့သေးဘူး။ ဒါပေမယ့် ခင်ဗျားစိတ်ထဲ လိပ်ပြာမလုံသလို ဖြစ်နေရင်တော့ ပစ္စည်းတန်ဖိုး ခန့်မှန်းချက်တွက်ပြီး ကျုပ်ဆီကို ချက်လက်မှတ် တစ်စောင် ပို့ထားလိုက်ပါ။ ကျုပ်ကြည့်လိုက်ပါ့မယ်။ သြော်... တစ်ခုတော့ရှိတယ်။ ချက်လက်မှတ်ရေးတဲ့အခါ ဘယ်သူ့နာမည်မှ မရေးဘဲ လက်ရှိ (ငွေသား)လို့ပဲ ရေးလိုက်ပါ။ ဤသို့ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ပြောလေသည်။

နောက်ရက်သတ္တပတ်များတွင် ခရိတ်သည် စိတ်ကူးနေရလွန်း၍ပဲလား မသိ။ ညဘက်ကြောက်မအိပ်နိုင်ဘဲ နာရီအနည်းငယ်မျှသာ အိပ်စက်သဖြင့် သူ့ကိုယ်သူပင် အံ့သြမိလေသည်။ ထူးခြားသည်ကား ညဘက် အိပ်ချိန်နည်းသော်လည်း နံနက်အိပ်ရာမှ ထချိန်တွင် ပင်ပန်းနွမ်းနယ်ခြင်းမရှိဘဲ ကြည်လင်လန်းဆန်းနေခြင်းပင်ဖြစ်သည်။ နံနက်လေးနာရီခွဲပြီဆိုလျှင် သူသည် အိပ်ယာမှထပြီး မာတာဘယ်လီ တိုင်းရင်းသားများနေသည့်တဲများသို့သွား၍ အားလုံးကိုနှိုးကာ လုပ်ငန်းစောစော စတင်နိုင်အောင် ဆော်သြလေ့ ရှိသည်။

ထိုအခါ တိုင်းရင်းသားလူမည်းများသည် အိပ်ချင်မူးတူးဖြင့်ထလာပြီး အိပ်ရေးမဝသေးဟု ညည်းညူကြသော်လည်း ခရိတ်၏ လှုံ့ဆော်တွန်းအားပေးမှုကြောင့် ကြိုးစား၍လုပ်ငန်းခွင်သို့ ဝင်လေ့ရှိကြသည်။ နေ့လည်မွန်းတည့်ချိန်တွင်ကား ရာသီဥတုပူပြင်းလာပြီးဖြစ်၍ ခရိတ်သည်သစ်ပင် အရိပ်

ကောင်းကောင်းရှာပြီး တစ်ရေးတစ်မော အိပ်လေ့ရှိသည်။ အာဖရိကတိုက်သား လူမည်းများသည်လည်း နေ့လည်အပူရှိန်ပြင်းချိန်တွင် ခေတ္တအိပ်စက် အနားယူတတ်သော အလေ့ရှိလေသည်။

တစ်ရေးအိပ်လိုက်ခြင်းဖြင့် ပြန်လည် လန်းဆန်းလာသောအခါ ခရိတ်သည် မာတာဘယ်လီတိုင်းရင်းသား အလုပ်သမားများနှင့်အတူ အလုပ်ဆက်လုပ်ပြန်ရာ ညနေစောင်းသည်အထိပင် ဖြစ်လေသည်။ ဤသို့လျှင် သူသည် ဘိုးအေကြီး၏ မြေယာဟောင်း၌ ခေတ်မီ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးတစ်ခု ဖြစ်လာအောင် အထူးကြိုးစား လုံးပန်းခဲ့လေသည်။ ညနေ အလုပ်သိမ်း၍ ကိုယ်လက်သန့်စင်ကာ စားသောက်ပြီးနောက် ခရိတ်သည် ယာယီပြုပြင်ထားသော နေအိမ်တစ်နေရာတွင် စားပွဲတစ်လုံးနှင့် ထိုင်လေ့ရှိလေသည်။ စားပွဲပေါ်တွင်ကား စာရွက်လွတ်များနှင့်ဘောလ်ပင်တစ်ချောင်း အသင့်ချထားပြီး လုပ်ငန်းနှင့်ပတ်သက်၍ စိတ်ကူးရသည်တို့က ရေးမှတ်ထားလေ့ရှိသည်။

သူ၏ရေးလက်စ စာမူကိုလည်း ထိုအချိန်မှာပင်ရေးလေ့ရှိသည်။ လျှပ်စစ်ဓါတ်မီး မရှိသော်လည်း ဂတ်စ်ဓါတ်ငွေ့သုံး လက်ဆွဲမှန်အိမ်တစ်လုံးမှ အလင်းရောင်ဖြင့်စာရေးပြီး အချို့ညများတွင် အာရုံစူးစိုက်ကောင်းလျှင် ကောင်းသလောက် ဆက်တိုက်ရေးတတ်သဖြင့် ညဉ့်သန်းခေါင်ကျော် အချိန်ထိအောင် ဆက်တိုက်ရေးတတ်လေသည်။ အိပ်ရာဝင်နောက်ကျ၍ နံနက်အိပ်ရာထချိန် နေမြင့်ခြင်းမရှိအောင်လည်း ကြိုးစားလေ့ကျင့်ထားသည့်အလျှောက် နံနက်လေးနာရီခွဲပြီးဆိုလျှင် ခရိတ်သည် အိပ်ရာမှထကာ လူမည်းတိုင်းရင်းသားများအား လိုက်နှိုးပြီး လုပ်ငန်းခွင်သို့ စောစောဝင်ရန် ပြင်ဆင်လေ့ရှိသည်။

ပူပြင်းသော နေပူရှိန်အောက်တွင် အလုပ်လုပ်ရခြင်းကြောင့် ခရိတ်၏အသားအရေသည် နေလောင်ကာ ညိုရောင်သန်းလာလေသည်။ သို့သော် ပင်ပင်ပန်းပန်း အလုပ်လုပ်ရသည့်အတွက် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်သလိုဖြစ်ကာ သူသည်သိသိသာသာ ကျန်းမာသန်စွမ်းကြံ့ခိုင်လာလေသည်။ သံဆူးကြိုး ခြံစည်းရိုးကာရံပြီးသလောက် နေရာအနှံ့အပြားသို့ မပင်မပန်းလျှောက်၍ စစ်ဆေးကြည့်ရှုနိုင်လေသည်။ ပြတ်နေသောခြေတစ်ဖက်မှ သစ်သားခြေတုဖြင့် လျှောက်ရသော်လည်း ဖျတ်လတ်သွက်လက်စွာ လျှောက်လာနိုင်လေသည်။

အလုပ်များလွန်း၍ အားလပ်ချိန်နည်းသောကြောင့် အမေရိကန်မှာတုန်းကလို ဝီစကီအရက်လည်း မသောက်ဖြစ်လေရာ အသင့်ရှိနေသည့် ဝီစကီပုလင်းအသစ်တစ်လုံးကိုပင် မဖောက်ဖြစ်သေးချေ။ တညနေတွင် ခရိတ်သည် သူ၏ လင်ရိုဗာကားဖြင့် ကင်းလင်းခြံမြေတစ်ခုလုံးကို လှည့်ပတ်မောင်းကြည့်ပြီးနောက် အိမ်ကို ပြန်မောင်းလာစဉ် အိမ်နားသို့ချဉ်းကပ်မိသည်နှင့် ရုတ်တရက်အံ့အားသင့်

သွားလျက် ကားကိုခေတ္တရပ်ထားလိုက်မိသည်။ အံ့အားသင့်သည်အကြောင်းကား အလွန်မွေးကြီင်
သော အမဲသားကင်အနံ့နှင့် အာလူးကြော်အနံ့တို့ကိုရပြီး ချက်ခြင်းပင် ဆာလောင်သလိုဖြစ်လာ
မိသောကြောင့်ပင်ဖြစ်သည်။ ခရိတ် လည်း ထူးဆန်းလှသည်ဟု အောက်မေ့လျက် အိမ်၏ ပြင်ဘက်ရှိ
ယာယီဆောက်လုပ်ထားသော ထမင်းချက်ခန်းသို့ သွားကြည့်လိုက်တော့မှ အဖြစ်မှန်ကို သိရလေ
တော့သည်။
ထမင်းချက်ခန်းထဲတွင်ကား ဆံပင်ဖြူဖြူနှင့်တိုင်းရင်းသား လူမည်းအဖိုးကြီးတစ်ဦးသည် အမဲသားရိုစ်
ခေါ် မျက်နှာဖြူလူမျိုးတို့အကြိုက်ဟင်းလျာကို အထူးဂရုစိုက် ချက်ပြုတ်နေလေသည်။ အဘိုးကြီး
သည် ခရိတ်ကိုမြင်လျှင် အပြစ်တင်သည့်ဟန်မျိုးဖြင့် လှမ်းကြည့်လေသည်။ ဘာဖြစ်လို့ ကျုပ်ကို
စောစောက အကြောင်းမကြားလိုက်တာလဲ ကင်းလင်းမွေးမြူရေးခြံမှာ ကျုပ်ကလွဲလို့ ဘယ်သူကမှ
ထမင်းလာချက်ခွင့်မရှိဘူး။ ကျုပ်တစ်ယောက်တည်းသာ ချက်နေကျ မဟုတ်လား။

အဘိုးကြီးက မာတာဘယ်လီ တိုင်းရင်းသား ဘာသာစကားဖြင့်ပြောလိုက်ရာ ခရိတ်လည်း ချက်ချင်း
မှတ်မိပြီး ဟင် ဂျိုးဇက်ပါလား... ဟုရေရွတ်ကာ အဘိုးကြီးအား ဖက်လဲတကင်း ရင်းနှီးစွာ နှုတ်ဆက်
လိုက်လေသည်။ ဂျိုးဇက်အမည်ရှိ မာတာဘယ်လီတိုင်းရင်းသားကြီးသည် ခရိတ်၏ဘိုးအေကြီး ဘာဂူ
ထံတွင် နှစ်ပေါင်းသုံးဆယ်ခန့် ထမင်းချက်အဖြစ် အမှုထမ်းခဲ့ဖူးသူ လူရင်းတစ်ယောက်ပင်ဖြစ်သည်။
အထူးသဖြင့် မျက်နှာဖြူဥရောပသားတို့အကြိုက် အစားအစာများကို အလွန်ကျွမ်းကျင်စွာ ချက်ပြုတ်
တတ်ပြီး သူ၏လက်ရာများကိုလည်း လူတကာက ချီးကျူးခဲ့ကြရသည်။ ခရိတ်၏ အဘိုးဖြစ်သူ
ဘာဂူက ရံဖန်ရံခါ မျက်နှာဖြူဧည့်သည်များ ဖိတ်ကြား၍ ညစာစားပွဲ တည်ခင်းဧည့်ခံတတ်ရာ
ထမင်းချက် အဘိုးကြီး ဂျိုးဇက်က ဧည့်သည်ငါးဆယ်ကျော်အတွက် အကောင်းဆုံး ဟင်းလျာများ
ချက်ပြုတ် တည်ခင်းနိုင်လေသည်။

သူသည် ဥရောပတိုက်သား ဟင်းလျာများသာ ချက်တတ်သည် မဟုတ်။ တောလိုက် အမဲပစ်ထွက်
သည့်အခါ ရောက်လေရာ တောတောင်ထဲမှာပင် ယာယီမီးဖိုပြုလုပ်၍ ဧည့်သည်အားလုံးတွင် အရေး
ပေါ်အစားအစာများ ကောင်းစွာချက်ပြုတ်နိုင်စွမ်းလည်း ရှိပေသည်။

သူသည် ခရိတ်အား ငယ်စဉ်ကပင် သိကျွမ်းခင်မင် ရင်းနှီးခဲ့ပြီး ခရိတ်၏ အမည်ကိုလည်း တိုင်းရင်း
သားဘာသာဖြင့် နီကိုဆာနာဟု ခေါ်လေ့ရှိသည်။ နီကိုဆာနာ၊ မောင်ရင့် အဝတ်အစားတွေ အားလုံး
က ညစ်ပတ်နေပြီး အိပ်ရာကလည်း ဖရိုဖရဲနဲ့ လုံးဝကြည့်မကောင်းအောင် အရုပ်ဆိုးလှတယ်။
ဒါကြောင့် ကျုပ်တို့ကအတော်အချိန်ကုန်ခံပြီး သန့်ရှင်းရေးလုပ်ခဲ့ရတယ် အဘိုးကြီးဂျိုးဇက်က ပြောရာ

တွင် ကျုပ်တို့ဟုဆိုခြင်းကြောင့် သူနှင့်အတူ အဖော်တစ်ယောက်ယောက် ပါလာကြောင်း ထင်ရှား သဖြင့် သေချာစွာကြည့်လိုက်တော့မှ တိုင်းရင်းသားလူငယ်တစ်ဦးကို သတိပြုမိလေသည်။

ထိုလူငယ်ကား တစ်ချိန်က ခရိတ်တို့ မိသားစုနေအိမ်တွင် အောက်ခြေသိမ်းအလုပ်မျိုး လုပ်ရသူဘွိုင် အဖြစ် အမှုထမ်းခဲ့သော ကာပါလာလာဆိုသူပင် ဖြစ်လေသည်။ အဘိုးကြီးဂျိုးဇက်နှင့် ကာပါလာလာ တို့သည် သူတို့သံယောဇဉ်ကြီးလှသောမိသားစုမှ ခရိတ်ပြန်လည်ရောက်ရှိလာကြောင်း သတင်းကြား ကြားချင်း ယခုကဲ့သို့ ဝမ်းသာအားရ လာရောက် အလုပ်လုပ်ကြခြင်း ဖြစ်လေသည်။

ဟေး..... ကာပါလာလာ မင်းကိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ ခရိတ်နှုတ်ဆက်လိုက်ရာ ကာပါလာလာကလည်း ဝမ်းသာအားရဖြစ်လျက် သွားများပေါ်အောင်ပြုံးနေလေသည်။ ကာပါလာလာ သည် ခရိတ်၏အဝတ်အစားများကို ကောင်းစွာလျှော်ဖွပ်၍ မီးပူတိုက်နေလေသည်။ သူသည် ခရိတ် ၏ အိပ်ခန်းကိုလည်း သန့်ရှင်းသပ်ရပ်အောင် ရှင်းလင်းပြုပြင်ထားပြီးဖြစ်သည်။ အဘိုးကြီး ဂျိုးဇက်က ခရိတ်အား လှမ်းပြောပြန်သည်။

ကျုပ်က ဒီအိမ်မှာ လိုအပ်တဲ့ပစ္စည်းတွေကို စာရင်းတစ်ခုလုပ်ထားတယ်။ ပစ္စည်းတွေက သိပ်ပြီးတော့ မများပါဘူး၊ လောလောဆယ် လိုအပ်မယ့်ဟာတွေ လောက်ပါပဲ။ ဒါပေမယ့် မောင်ရင့်အနေနဲ့ ဒီလို အိမ်စုတ်မျိုးမှာ နေထိုင်ဖို့မသင့်တော်ဘူး။ တကယ်လို့သာ မောင်ရင့်ဘိုးအကြီး ဘာဂူရှိနေရင်လည်း သူ့မြေး ဒီလို အိမ်စုတ်မျိုးမှာနေတာကို သဘောတူလက်ခံမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်က ဒီအိမ်ကို အမြန်ဆုံးပြုပြင်ပြီးတည်ဆောက်ဖို့ အစီအစဉ်တွေ လုပ်ထားလိုက်ပြီ။

ကျုပ်ဇနီးအကြီးဆုံးရဲ့ ဦးလေးတစ်ယောက်က အိမ်အမိုး မိုးတဲ့နေရာမှာ အလွန်ကျွမ်းကျင်ပါတယ်။ ဒါကြောင့် ကျုပ်က သူ့ကို အမြန်ဆုံးလာခဲ့ဖို့ အကြောင်းကြားလိုက်တယ်။ သူတင်မကဘူး။ ပန်းရန် အလုပ်အလွန်တော်တဲ့ သူ့သားကြီးနဲ့ လက်သမားဆရာတစ်ဦးဖြစ်တဲ့ သူ့တူတစ်ယောက်ကိုပါ ခေါ်ခဲ့ ဖို့အကြောင်းကြားလိုက်တယ်။ နက်ဖြန်ဆိုရင် သူတို့တွေ ဒီလိုရောက်လာလိမ့်မယ်။ ရောက်ရောက် ချင်းပဲ သူတို့ကဒီအိမ်ကို အမြန်ပြုပြင်တည်ဆောက်ဖို့ အလုပ်စကြလိမ့်မယ်။

ဟိုခွေးသား ရှိုနာလူမျိုးတွေ ဗျက်ဆီးသွားတာတွေကို ပြန်ပြုပြင်မှဖြစ်မယ်။ ပန်းခြံကို ပြုပြင်မွမ်းမံဖို့ လည်း လူတစ်ယောက်တွေ့ထားတယ်။ အဲဒီလို အိမ်ကိုပြုပြင်ပြီးမှလည်း ဒီနှစ် ခရစ္စမတ်ပွဲတော်ကျ တော့ ဧည့်သည် သုံးဆယ်လောက် ညစာစားပွဲဖိတ်ခေါ်လို့ ကောင်းမှာ။ ကဲ.... မောင်ရင် ရေမိုးချိုး ချည်ပါအုံး၊ နောက်ဆယ့်ငါးမိနစ်ကြာရင် ညစာအဆင်သင့် ဖြစ်တော့မယ် ဣျိသို့လျှင် အဘိုးကြီး

ဂျိုးဇက်သည် တစ်ချိန်က သူ ဤအိမ်တွင် အမှုထမ်းခဲ့စဉ်ကလို ပုံမှန်ဖြစ်အောင် ပြုလုပ်ရန် ဆန္ဒပြင်းပြ ဟန်ဖြင့် ပြောလေသည်။

ခြံစည်းရိုးများ ခိုင်ခံစွာကာရံပြီး နေအိမ်ကိုလည်း ပြုပြင်နေပြီဖြစ်သောကြောင့် ခရိတ်သည် တကယ့် လုပ်ငန်း စတင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လေသည်။ မွေးမြူရေး လုပ်ငန်းအတွက် လိုအပ် သောပစ္စည်းများနှင့် မျိုးကောင်းနွားများ ဝယ်ယူဖြည့်တင်းရန်အတွက် ခရီးထွက်ရန်လည်း ပြင်ဆင် လေသည်။ ခရိတ်သည် အလုပ်သမားများကို ကြီးကြပ်ကွပ်ကဲသူ ရှာဒရပ်နှင့် ထမင်းချက်အဘိုးကြီး ဂျိုးဇက်တို့ကိုခေါ်၍ သူ ခရီးထွက်နေခိုက် နှစ်ယောက်စလုံးက ကောင်းစွာကြည့်ထားကြရန် တာဝန် ပေးပြီးနောက် လင်းရိုဟကားဖြင့် လေဆိပ်သို့သွားသည်။

လေဆိပ်ရှိ မော်တော်ယာဉ်များထားရန် သတ်မှတ်ထားသော သီးသန့်နေရာတွင် လင်းရိုဟကားကို ထားပစ်ခဲ့ပြီး တောင်အာဖရိကသို့ ပျံသန်းမည့် မီရာလေယာဉ်တစ်စင်းဖြင့် စီးနင်းလိုက်ပါသွားလေ သည်။ တောင်အာဖရိကနိုင်ငံ ထရန်စ်ဗားလ်နယ်သည် ရာသီဥတု သင့်တင့်ကောင်းမွန်သဖြင့် မွေးမြူ ရေး လုပ်ငန်းကြီးများကို လေ့လာကြည့်ရှုလေသည်။ မျိုးကောင်းမျိုးသန့်နွားများ ဝယ်ယူရရှိရေး အတွက်လည်း သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းဒေသရှိ လူများမှာ အာဖရိကန်နာ ခေါ်အာဖရိကတိုက်ဖွား မျက်နှာဖြူလူမျိုးနွယ်များ ဖြစ်ကြ သည်။ မျိုးရိုးစဉ်ဆက်အားဖြင့် ဒပ်ချ်ခေါ် နယ်သာလင်နိုင်ငံသား မျိုးရိုးဖြစ်ပြီး တစ်ချိန်က ဗြိတိသျှ အစိုးရနှင့် စစ်မက် တိုက်ခိုက်ခဲ့သူ ဘိုဝါးလူမျိုးများ ဖြစ်ကြသည်။ အစဉ်အဆက်အားဖြင့် မွေးမြူရေး လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့ကြသူများလည်း ဖြစ်လေရာ သူတို့မွေးမြူထားသော တိရစ္ဆာန် များအပေါ် သံယောဇဉ်ကြီးကြလေသည်။

ထို့ကြောင့် ခရိတ်က ထိုလူများထံမှ မျိုးကောင်းနွားများ ဝယ်ယူရာတွင် စိတ်ရှည်ထား၍ ပြေလည် ချောမောအောင် ဆွေးနွေးညှိနှိုင်းရလေသည်။ ခရိတ်သည် မေထုန်မဲ့ သားစပ်နည်းဖြင့် ပေါက်ဖွား လာသော မျိုးကောင်းနွားမငယ်များကို ရှေးဦးစွာ ဝယ်ယူလိုက်သည်။ ထိုနောက် အလွန်မျိုးကောင်း အဆင့်အတန်းမြင့်သော နွားသိုးများလည်း ဝယ်ယူလိုက်သည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများကိုလည်း နွားအားလုံးတွင် ထိုးပေးလိုက်ပြီးနောက် ထိုဒေသမှ မိမိ တို့၏ ကင်းလင်းမွေးမြူရေးခြံကြီးသို့ အရောက်သယ်ယူပို့ဆောင်ရေးကိုပါ ယင်းလုပ်ငန်း ကျွမ်းကျင်သူ ကန်ထရိုက်တာများနှင့် အစီအစဉ်ပြုလုပ်လေသည်။ ဤနည်းအားဖြင့် ခရိတ်သည် သူချေးယူရရှိသော

ငွေများအနက် ဒေါ်လာသိန်းနှစ်ဆယ်နီးပါး ကုန်သွားလေသည်။ အစီအစဉ်များ ပြုလုပ်ပြီးနောက် လေယာဉ်ဖြင့် ပြန်လာခဲ့ပြီး မွေးမြူရေးနွားများ ရောက်ရှိလာလျှင် အဆင်သင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေသည်။

တောင်အာဖရိကနိုင်ငံမြောက်ပိုင်းက ထရန်စ်ဗာလ်ဒေသသည်ဇင်ဘာဘွေနိုင်ငံ ခရိတ်တို့၏ကင်းလင်း မွေးမြူရေးခြံရှိရာနှင့် ခရီးအလွန်ဝေးလံသဖြင့် နွားများရွှေ့ပြောင်းသယ်ယူရေး လုပ်ငန်းသည် လနှင့်ချီ၍ ကြာမြင့်မည်ဖြစ်ကြောင်းကိုလည်း ခရိတ်ကသိထားပေသည်။

နွားများအားလုံး တစ်ပြိုင်တည်းရောက်ရှိနိုင်မည်မဟုတ်ဘဲ အသုတ်လိုက်ခွဲ၍ရောက်ရှိလာမည်ဖြစ် သောကြောင့် ခရိတ်သည် ယင်းအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားလိုက်သည်။ သို့နှင့် ပင်မကြာမီ ခရိတ်ဝယ်ယူထားသော နွားများအနက်ပထမအသုတ်အဖြစ် သားစပ်နွားသိုးလေးကောင် ရောက်ရှိလာလေသည်။အလွန်မျိုးကောင်းမျိုးသန့်နွားသိုးများဖြစ်၍ ခရိတ်ကတစ်ကောင်လျှင်ဒေါ်လာ တစ်သောင်းငါးထောင်စီပေး၍ ဝယ်ယူခဲ့ရသည်။

ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ်၏မွေးမြူရေးလုပ်ငန်းကို အထူးစိတ်ဝင်စားပုံရလေသည်။ ပထမအသုတ်အဖြစ် နွားသိုးငယ်လေးကောင် ရောက်ရှိလာခြင်းကိုလည်း ဝမ်းသာပျော်ရွှင်သည့် အထိမ်းအမှတ်အဖြစ်ဇည့်ခံပွဲသို့ တက်ရောက်ရန် တိုက်တွန်းစည်းရုံးခဲ့လေသည်။ သို့သော် ဝန်ကြီး ချုပ်နှင့် တိုးရစ္စရခရီးသွားလာရေးဌာန ဝန်ကြီးထွန်ဂါတာတို့ကမူ ခရိတ်၏ဇည့်ခံပွဲသို့ မလာ ရောက်ကြ ဇချ။

ထမင်းချက်အဘိုးကြီးဂျိုးဇက်သည်ဇည့်ခံပွဲပြုလုပ်ခြင်းကို အလွန်ဝမ်းမြောက်ပျော်ရွှင်လျက်အကောင်း ဆုံးစားစရာများကို အထူးစီမံကာ ချက်ပြုတ်လေသည်။ ခရိတ် ကိုယ်တိုင်ကမူ နွားများဝယ်ယူလိုက် သည့်အတွက် ဒေါ်လာငွေ သိန်းနှစ်ဆယ်ခန့်ကုန်သွားရသည်ကို နမြောသလို ဖြစ်မိသောကြောင့် ဇည့်ခံပွဲ၌ ရှန်ပိန်အရက်တည်ခင်းဇည့်ခံရာတွင် အဖိုးတန်ရှန်ပိန်မျိုး မဝယ်ယူတော့ဘဲ သာမန်ဈေးနှုန်း ချိုသာသော အမျိုးအစားဖြင့်သာ ဇည့်ခံရန်ဆုံးဖြတ်လိုက်သည်။

အစိုးရအဖွဲ့ဝင် ဝန်ကြီးသုံးဦးတို့သည် အနက်ရောင် မာစီဒီကားကိုယ်စီဖြင့် ရောက်လာကြရာ သူတို့၏ ကားများနှင့်အတူ လက်နက်ကိုင် ဘော်ဒီဂတ်အစောင့်များလည်း အင်အားအပြည့်နှင့် လိုက်ပါလာ ကြသည်။ ဇည့်ခံပွဲသို့ အမျိုးသမီးလည်း တက်ရောက်ပြီး အကောင်းဆုံး အလှဆုံးဝတ်စုံများ ဝတ်ဆင် လာသဖြင့် တင့်တယ် လှပနေလေသည်။ ရှန်ပိန်အရက်တွေ ရေကဲ့သို့ တရောဟော စီးနေသည့်

ပါတီမျိုးဖြစ်၍ လူတိုင်းကသောက်လိုက် စားလိုက်နှင့်ပျော်ရွှင် နေကြလေသည်။ ဇင်ဘာဘွေနိုင်ငံ ပညာရေးဝန်ကြီးဇ၏ဇနီးသည် ဇည့်ခံပွဲသို့လာရာတွင် သူမဇ၏နို့စို့အရွယ်ကလေးကို ခေါ်လာရုံမက ကလေးသည် အချိန်တန်၍ နို့ဆာလာသဖြင့် ငိုသောအခါ ဝန်ကြီးကတော်သည် လူရှေ့သူရှေ့မှာပင် ကလေးငယ်အား နို့တိုက်နေလေသည်။

ဤအပြုအမူမျိုးမှာ မျက်နှာဖြူ ဥရောပတိုက်သားတို့ အနေဖြင့် ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည်ဟု ဆိုကြမည် ဖြစ်သော်လည်း အာဖရိကတိုက်မှ တိုင်းရင်းသားလူမည်းတို့က အဖို့မှာမူ လုံးဝရှက်စရာ မရှိသည့် သဘာဝအပြုအမူတစ်ခုဟု ယူဆကြဟန် တူပေသည်။

ဇည့်ခံပွဲသို့ နောက်ဆုံးရောက်ရှိလာသူကား ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဘီရာပင် ဖြစ်သည်။ သူသည် စစ်ဝတ်စုံ ယူနီဖောင်း အပြည့်အစုံဝတ်ထားပြီး သူဇ၏ကားကို မောင်းလာသူက တတိယ တပ်မဟာမှ လူငယ် ကက်ပတိန်တစ်ဦး ဖြစ်လေသည်။ ထိုကက်ပတိန်ကို ခရိတ်က ယခင်ကလည်း မြင်ဖူးနေသည်။ ယခု တစ်ကြိမ်တွင် ဗိုလ်ချုပ်ဖန်ဂါဘီရာက ခရိတ်အား ထိုလူနှင့် မိတ်ဆက်ပေးလေသည်။
"ဟောဒါက ကျုပ်တို့ တတိယ တပ်မဟာက အရာရှိတစ်ဦးပါပဲ၊ ကက်ပတိန် နိဘောဘီလို့ ခေါ်တယ်"
ခရိတ် လည်း ထိုကပတိန်အား အကဲခတ်ကြည့်လိုက်မိသည်။ လူကပိန်ပိန်၊ပါးပါး၊ မျက်မှန်တပ်ထားပြီး စစ်သားတစ်ယောက်အသွင်နှင့်မတူပါကလားဟုစိတ်ထဲမှမှတ်ချက်ချမိသည်။ ဟန်အမူအရာကလည်း တည်ငြိမ် အေးဆေးပုံမရဘဲ တစ်စုံတစ်ခုသော အကြောင်းတစ်ခုကြောင့် စိုးရိမ်ကြောင့်ကြရပုံရလေသည်။
ခရိတ်သည် ထိုလူငယ်နှင့် စကားပြောကြည့်ချင်သော်လည်း အချိန်မရဘဲ ဖြစ်သွားလေသည်။ အကြောင်းမူကား ယခုကြိုဆိုပွဲလုပ်နေသည့် သူဇ၏နွားသိုးများ တင်ဆောင်လာသော သီးသန့် မော်တော်ယာဉ်ကြီးသည် ထိုအချိန်မှပင် ရောက်ရှိလာသောကြောင့်ပင်တည်း။

နွားများရောက်ရှိလာလျှင် တခင်းတနား ကြိုဆိုရန် စီစဉ်ထားသည့်အတိုင်း စင်မြင့်တစ်ခု ထိုးထားပြီး ပရိတ်သတ်များ စုရုံးနေကြလေသည်။ မော်တော်ယာဉ်ကြီးပေါ်မှ နွားများကိုအောက်သို့မချမီ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စင်မြင့်ပေါ်သို့တက်၍ ပရိတ်သတ်အား မိန့်ခွန်းပြောလေသည်။

"ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား။ မစ္စတာခရိတ်ဟာ ကမ္ဘာကျော် စာရေးဆရာကြီး တစ်ဦးဖြစ်တဲ့အတွက် ဘယ်နိုင်ငံမှာမဆို သွားရောက် နေထိုင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ သူသွားတဲ့နိုင်ငံတိုင်းကလည်း မစ္စတာခရိတ်ကို လှိုက်လှိုက်လဲလဲ ခရီးဦးကြိုပြုကြမှာဖြစ်ပါတယ်။

ဒါပေမဲ့ သူဟာမိမိရဲ့ နေရင်းဇာတိဖြစ်တဲ့ ကျုပ်တို့ဇင်ဘာဘွေနိုင်ငံကို ပြန်လာပြီး အခြေချနေထိုင်ဖို့ ဆုံးဖြတ်လိုက်ခြင်းအားဖြင့် ကျုပ်တို့ဇင်ဘာဘွေနိုင်ငံဟာ လူမျိုးမရွေးလူဖြူလူမည်းမခွဲခြားဘဲ လူမည်း အချင်းချင်းလည်း မာတာဘယ်လီ၊ ရှိုနာရယ်လို့မခွဲခြားဘဲ အေးအတူပူအမျှ လွတ်လပ်ပျော်ရွှင်စွာနဲ့ ငြိမ်းချမ်းစွာ တရားဥပဒေစိုးမိုးရေးအောက်မှာ နေထိုင်နိုင်ကြပါတယ်လို့ မစ္စတာခရိတ်အနေနဲ့ ကမ္ဘာကို ကြွားဝင့် ကြေညာလိုက်တာနဲ့ အတူတူပါပဲ"

"အခုကျုပ်တို့အနေနဲ့ ဒီနိုင်ငံကို လာရောက်အခြေချ၊ နေထိုင်တဲ့ နိုင်ငံခြားသားများနဲ့ အလားတူသော နွားသိုးငယ်များကို ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုကြရမှာ ဖြစ်ပါတယ်။ ဒီနွားသိုးငယ်တွေဟာ မကြာတော့သောကာလမှာဆိုရင် အင်မတန်မှ မျိုးကောင်းမျိုးသန့် နွားထီး၊ နွားမကလေးများကို မွေးလာအောင် စွမ်းဆောင် ဖန်တီးကြမယ့် ဖခင်လောင်းများလည်း ဖြစ်ပါတယ်။ ဒီနွားသိုးငယ်တွေရဲ့ အစွမ်းအစကြောင့်မြောက်များစွာသောမျိုးကောင်းနွားကလေးများမွေးလာတဲ့အခါကျုပ်တို့ဇင်ဘာဘွေ နိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုလာမှာလည်း သေချာပါတယ်"

ဤသို့ နွားကိုလူနှင့်နှိုင်းကာ ဟာသဆန်ဆန် ပြောပြီးချိန်၌ ခရိတ်ကမော်တော်ယာဉ်ပေါ်မှ နွားသိုးများကို အောက်သို့ချလိုက်စဉ် ဗိုလ်ချုပ်ဖွန်ဂါဘီရာကိုယ်တိုင် ဦးဆောင်လျက် လက်ခုပ်တီး သြဘာပေးလေရာ ပရိတ်သတ်ကလည်း အားပါးတရလက်ခုပ်တီး၍ နွားသိုးငယ်များကို ကြိုဆိုကြလေသည်။ နွားသိုးငယ်ဟု ဆိုသော်လည်း မျိုးကောင်းသလောက် အလွန်ထွားကျိုင်းသော နွားများဖြစ်ပေသည်။ ပထမဆုံး ကားပေါ်မှဆင်းလာသော နွားသိုးလျှင် ကိုယ်အလေးချိန် တစ်တန်ခန့် ရှိပြီး အထူးပင် သန်မာထွားကျိုင်း လှပပေသည်။

နွားကဲ့သို့ တိရစ္ဆာန်များကို တစ်နေရာမှ တစ်နေရာသို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်သည့်အခါ လမ်းခရီး၌ နွားများငြိမ်အောင် စိတ်ငြိမ်အေး(ထရက်ဂိုလိုင်ဇာ)များထိုး၍ သယ်ယူလေ့ရှိကြသည်။ ယခု ကားပေါ်မှဆင်းလာသော နွားသိုးသည်လည်း ဆေးထိုးထားသဖြင့် သာမန်အခြေအနေလို မဖျတ်လတ်ဘဲ ခပ်ငိုင်တိုင်တိုင် ဖြစ်နေလေသည်။ ဆယ့်ခြောက်နာရီခန့် မော်တော်ကားကြီးပေါ်တွင် ကျဉ်းကျပ်စွာ လိုက်ပါလာခဲ့ရခြင်းကြောင့်လည်း ညောင်းညာ ထိုင်းမှိုင်းနေပုံ ရလေသည်။

သို့သော် ခဏမျှကြာသောအခါ နွားသိုးများသည် မူးဝေထိုင်းမှိုင်းခြင်းပပျောက်ပြီး စိတ်တိုလာပုံရလေသည်။ ဝိုင်းအုံကြည့်နေသော လူအုပ်ကိုလည်း မျက်စိနောက်ဟန်တူသည်။ ကြာရှည်ချုပ်နှောင်ခံရ

သလို မော်တော်ကားပေါ် လိုက်ပါလာခဲ့ရခြင်းကြောင့်လည်း မကျေမနပ် ဖြစ်နေဟန်တူသည်။ နွားသိုးသည် ဒေါသထွက်လျက် ဝိုင်းကြည့်နေသော ပရိတ်သတ်အား ရန်မူချင်လာဟန်ဖြင့် တိုက်ခိုက်ဝှေ့ပစ်ရန် အတင်းပြေးလာလေသည်။

ဤတွင် လူအုပ်ကြီးသည်ထိတ်လန့်တကြားဖြစ်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကြလေတော့သည်။ အရာရှိကြီးများဆိုလျှင်ထွက်ပြေးရာ၌ သူတို့ဇနီးများကိုပင်ချန်ထားကာ ခြေကုန်သုတ် ပြေးကြလေသည်။
သားသည် အမေမျာကလည်း ကြောက်အားလန့်အားနှင့် နီးရာအကာအကွယ်ရှိရာသို့ ပြေးလွှားသွားကြရာ သူတို့၏ကလေးများလန့်၍ အော်ငိုသည်ကိုပင်ဂရုမစိုက်နိုင်ကြချေ။ နွားသိုးသည် လူအုပ်ကို ရန်မရှုနိုင်တော့သည့်အဆုံး၌ ယာယီထိုးထားသော ရွက်ထည်တဲကို အတင်းတိုး၍ ဝင်ဝှေ့ရာ ရွက်ထည်တဲပြိုကျသွားလေသည်။ ထိုနောက်တဲ၏တစ်ဖက်သို့ ပြေးထွက်သွားလေသည်။

ထိုအချိန်မှာပင် ဝန်ကြီးတစ်ဦး၏ဇနီးငယ်သည် နွားသိုးပြေးလာသည့်လမ်းသို့ ရောက်နေရာ အမျိုးသမီးခမျာ ကြောက်အားလန့်အားနှင့် ငယ်သံပါအောင် သံကုန်ဟစ်အော်ရှာလေသည်။ နွားသိုးသည် အမျိုးသမီးကို ခေတ္တကြည့်ပြီးနောက် အတင်းပြေးဝင်သွားလေသည်။ နွား၏ဦးချိုက သူမ၏ ဝတ်စုံအောက်နားတွင်ချိတ်မိစဉ် နွားသိုးဦးခေါင်းကိုရုတ်တရက်အပေါ်သို့ မော့တင်လိုက်သည်။ အမျိုးသမီး၏ တစ်ကိုယ်လုံး မြောက်ပါသွားပြီး လေထဲတွင် တစ်ပတ်လည်ကာ မြေပြင်ပေါ်သို့ ပြန်ချချိန်တွင် သူမကိုယ်၌ အဝတ်လုံးဝမရှိတော့၊ ဗလာကျင်းနေလေသည်။ သို့သော် ကြောက်စိတ်ဖြင့် မရှက်နိုင်ဘဲ ဝင်းခြံပြင်ဘက်သို့ တအားထွက်ပြေးသွားရှာလေသည်။

အမျိုးသမီးကိုယ်မှ ကျွတ်ကျန်ရစ်ခဲ့သော ဝတ်စုံသည် နွားသိုး၏ ဦးခေါင်းတွင်ရစ်ပတ်ဖုံးအုပ်လျက်ရှိရာ နွားကအဝတ်ကို ဖယ်ပစ်ရန် ကြိုးစားသည့်အနေဖြင့် ဦးခေါင်းကို ဝဲယာအတင်း လှုပ်ယမ်းလျက် ခါချနေလေသည်။ ယင်းသို့ဦးခေါင်းကို လှုပ်ခါနေရင်း အကျီသည် နွား၏မျက်လုံးတစ်ဖက် ဖုံးအုပ်နေရာမှ လွတ်သွားလေသည်။ နွားသိုးလည်း မျက်လုံးတစ်ဖက်ဖြင့် ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် ရှိနေသူ ပညာရေးဝန်ကြီးကို လှမ်းမြင်လေသည်။

ဤတွင် နွားသိုးသည် ဒေါသထွက်လာပြန်ကာ ဝန်ကြီးအား ရန်မူရန်ဟန်ပြင်လိုက်သည်။ ပညာရေးဝန်ကြီးဆိုသူကား အစားအသောက်ကျူးသူဖြစ်၍ ဝဝဖိုင့်ဖိုင့် ဗိုက်ရွဲရွဲနှင့်လူတစ်ယောက် ဖြစ်သည်။ သူသည်နွားသိုးက သူ့အား တိုက်ခတ်ဝှေ့သတ်တော့မည်ဟု အန္တရာယ်ကို သိမြင်ပြီး အကြီးအကျယ်

ထိတ်လန့်တုန်လှုပ်လာကာ "ဟေ့...ဒီနွားကို ပစ်သတ်လိုက်ကြပါတော့လား၊ မြန်မြန် ပစ်သတ်လိုက်ကြ" ဟု ဟစ်အော်လေသည်။

ဝန်ကြီး၏လက်နက်ကိုင် ကိုယ်ရံတော်များသည် နွားသိုး၏ရန်ကို ကြောက်ပြီးစောစောကပင် ကြိုတင်ထွက်ပြေးနေကြသဖြင့် ဝန်ကြီး၏အမိန့်ပေးခြင်းကို ဂရုမစိုက်ကြချေ။ ခရိတ် သည် နွားများတင်ဆောင်လာသော မော်တော်ယာဉ်ကြီးပေါ်၌ ရပ်ကြည့်နေရင်း ကြံရမရဖြစ်နေလေသည်။ နွားသိုးသည် ပညာရေးဝန်ကြီးအား ရန်မူရန်သေချာသလောက် ဖြစ်နေပေပြီ။ ဝန်ကြီး က ကြောက်အားလန့်အားနှင့် ခြေကုန်သုတ် ပြေးနေသော်လည်း နွားသိုးကမူ သူ၏နောက်မှ လျင်မြန်စွာ တအားပြေးလိုက်နေပြီ ဖြစ်သည်။ ခရိတ်သည် သူဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရသလို ဖြစ်ခြင်းကို အလွန် စိတ်ပျက်နေမိ လေသည်။ ကံအားလျော်စွာ ဝန်ကြီးပြေးသွားရာလမ်း၌ သစ်ပင်ရှိနေရာ ဝန်ကြီးသည် ရုတ်တရက်အကြံရပြီး သစ်ပင်ပေါ်သို့ကမန်းကတန်း ပြေးတက်လိုက်လေသည်။ သစ်ပင်တက်တက်၍ တော်သေးသည်ဟု ဆိုရပေမည်။ ဝန်ကြီးက သစ်ကိုင်းတစ်ခုပေါ်သို့ ရောက်အောင် တက်လိုက်မိချိန်မှာပင် နွားသိုးသည် သစ်ပင်အောက်တည့်တည့်သို့ ရောက်ရှိလာလေသည်။

နွားသိုးသည် သစ်ပင်ပေါ်မှ ဝန်ကြီးကို လှမ်းကြည့်ပြီး မကျေမချမ်းဖြစလျက် ဒေါသထွက်ဟန်ဖြင့် ကျယ်လောင်စွာ အော်လေသည်။ ရှေ့ခြေတစ်ဖက်ကလည်း မြေကြီးကို တူးဆွနေသည်။

"ဟေ့လုပ်ကြပါဦးကွ၊ ဒီနွားသိုးတခြားကို ထွက်သွားအောင် တစ်ခုခုလုပ်ကြပါ"

ဝန်ကြီးက သစ်ပင်ထက်မှ ဟစ်အော်လိုက်ရာ ခပ်လှမ်းလှမ်းသို့ ရောက်နေသော သူ၏ကိုယ်ရံတော်တစ်ဦးက ကြားသွားပြီး လှမ်းကြည့်လေသည်။

သည်တော့မှ ထိုသူသည် တာဝန်ဝတ္တရားကို သတိရကာ ဝန်ကြီးအားကာကွယ် စောင့်ရှောက်ရန် စိတ်ကူးရလာတော့သည်။ သူနှင့်အတူပါလာသော ကိုယ်ရံတော်တပ်ဖွဲ့ဝင်များကိုပါ ခေါ်၍ သေနတ်လက်နက်များ ထုတ်ကိုင်ကာ နွားသိုးရှိရာသို့ သတိထားပြီး ဝိုင်းလာကြသည်။ ဝန်ကြီး၏ကိုယ်ရံတော်တပ်ဖွဲ့ဝင်များက နွားသိုးအားသေနတ်နှင့်ပစ်သတ်ရန် ဝိုင်းလာသောအခါ ခရိတ်သည် လှမ်းကြည့်နေရာမှ ရိပ်မိသဖြင့် ပျာပျာသလဲဖြစ်ကာ

"ဟေ့လူတွေ နေကြပါဦး၊ နွားသိုး ကို မပစ်ကြပါနဲ့" ဟုလှမ်းအော်ပြောလိုက်သည်။

သူဝယ်ယူထားသော နွားသိုးများအတွက် အာမခံထားရှိသော်လည်း ယခုကဲ့သို့ တစ်စုံတစ်ယောက်က ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်မှုကြောင့် သေဆုံးသွားလျှင် အာမခံကုမ္ပဏီက အာမခံငွေ ပေးလျော်မည် မဟုတ်ကြောင်း သိထားသဖြင့် ခရိတ်သည် စိုးရိမ်တကြီး ဟစ်အော်ထားမြစ် လိုက်ခြင်း ဖြစ်သည်။
နွားသိုး တစ်ကောင်၏ တန်ဖိုးဒေါ်လာငွေ တစ်သောင်းငါးထောင် ဆုံးရှုံးရမည်သာမက ကိုယ်ရံတော် (ဘော်ဒီဂတ်)များ မောင်းပြန်သေနတ်များဖြင့် ရမ်းပစ်လိုက်ပါက နွားသိုးနောက်ဘက်တွင် ရှိနေသော လူသူပရိသတ် (အမျိုးသမီးနှင့် ကလေးများအပါအဝင်)ကိုမတော်တဆ ထိသွားနိုင်သည့် အန္တရာယ် ကလည်းရှိသဖြင့် စိုးရိမ်မိခြင်းဖြစ်လေသည်။

ယူနီဖောင်းဝတ်ထားသူ လက်နက်ကိုင် ကိုယ်ရံတော်တစ်ဦးသည် သူ၏ရိုင်ဖယ်သေနတ်ကို မြှောက်၍ ပစ်ရန် ချိန်နေပြီဖြစ်သည်။ သို့သော် စောစောကကြောက်ပြီး ပြေးလွှားခဲ့သောကြောင့် မောပန်းနေ သဖြင့် သေနတ်ကို ကောင်းစွာမချိန်နိုင်ဘဲ လက်များတုန်နေလေသည်။

"ဟေ့ မပစ်ပါနဲ့၊ နွားကိုမပစ်ပါနဲ့"

ခရိတ် က ထပ်မံ၍ လှမ်အော်လိုက်ပြန်သည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသား လူမည်းအဘိုးကြီး တစ်ဦးသည်ပြေးဝင်လာပြီး ချိန်ရွယ်ထားသော သေနတ်နှင့်နွားသိုးကြားတွင် ခပ်တည်တည်ဝင်ရပ်နေ လိုက်သည်။

အဘိုးကြီးမှာ ရှာဒရပ်အမည်ရှိ တိုင်းရင်းသားကြီးပင်ဖြစ်သည်။ ခရိတ်သည် စိတ်ထဲမှ ကျိတ်၍ ဝမ်းသာသွားမိသည်။
အဘိုးကြီးရှာဒရပ်သည် ကိုယ်ရံတော်အနီးသို့ချဉ်းကပ်ပြီး ချိန်ထားသောသေနတ်ပြောင်းကို ဖမ်းကိုင်ပြီး ရဲ့ဝံ့စွာပင် အပေါ်သို့မြှောက်ထားလိုက်သည်။ ထို့နောက်သူသည် ချာခနဲလှည့်၍ မလှမ်းမကမ်းရှိ နွားသိုးဆီသို့ လျှောက်သွားကာ မျက်နှာချင်းဆိုင်လိုက်သည်။

"အို.....အသင်....ကာခူလူ.....ကာခူလူ" ဟုသူတို့တိုင်းရင်းဘာသာဖြင့် ရှေးရိုးရာ နှုတ်ဆက်နည်း အတိုင်း နှုတ်ဆက် လေသည်။

[မှတ်ချက်။ ။ အာဖရိကတိုက်မှ မွေးမြူရေးခြံများတွင် ရှာဒရပ်ကဲ့သို့ တိရစ္ဆာန်များ ချစ်ခင်မြတ်နိုး သူအချို့ ရှိတတ်သည်။ သူတို့သည် မွေးမြူရေးတိရစ္ဆာန်များကို လူများကဲ့သို့ စကားပြောလေ့ရှိသည်။ ချော့မော့ နှစ်သိမ့် တတ်သည်။ တိရစ္ဆာန်ကလည်း ထိုလူမျိုးတွေကို သံယောဇဉ် ဖြစ်လာတတ်သည်။

ဤနည်းအားဖြင့် တိရစ္ဆာန်များအား ထိန်းကျောင်းရာ၌ လွယ်ကူချောမောသည် ဟုယုံကြည်လေ့ရှိကြသည်။]
နွားသိုးသည် ရှာဒရပ်၏အသံကို ကြားလျှင် ချက်ချင်းပင် အဘိုးကြီးဘက်သို့လှည့်၍ ကြည့်လေသည်။ ကြည့်ပုံကလည်း ရန်မူတော့မည့်ဟန်မျိုး ဖြစ်နေသည်ဟု ထင်ရသည်။

"အို.... အသင်နွားမင်းသား၊ သင်သည် အလွန်လှပတင့်တယ်သော နွားသိုးဖြစ်သည်ပါတကား"

ဤသို့လျှင် အဘိုးကြီးရှာဒရပ်သည် နွားသိုးဒေါသပြေလာအောင် ချော့မော့နှစ်သိမ့်ရင်း နွားသိုးရှိရာသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားလေသည်။

နွားသိုးသည် အဘိုးကြီးရှာဒရပ်အား ရန်မူရန် ချိန်နေရာမှ အဘိုးကြီး၏ ညင်သာသော စကားပြောသံကြောင့် ခေတ္တစဉ်းစားသလို ငြိမ်သွားလေသည်။ ရှာဒရပ်က မာတာဘယ်လီ တိုင်းရင်းဘာသာဖြင့်ပင် ဆက်ပြောပြန်သည်။
"အို... အသင်နွားမင်းသား၊ သင်၏ခန္ဓာကိုယ်သည်ကား လှပသလောက် ကြံ့ခိုင်တောင့်တင်းလှပေစွ။ ပြောရင်းနှင့် အဘိုးကြီးသည် နွားသိုးရှိရာသို့ ခြေလှမ်းတစ်လှမ်းလှမ်း လိုက်ပြန်သည်။

"အို..အသင်နွားမင်းသား၊ သင်သည် အလွန်ဂုဏ်ယူဖွယ်ကောင်းလေစွ၊ သင်၏ခွန်အားနှင့် စွမ်းပကားဖြင့် မျိုးသန့်နွားကလေးပေါင်း များစွာ ပေါက်ဖွားလာပေတော့အံ့။ ဤသို့လျှင် အဘိုးကြီးရှာဒရပ်သည် ချော့မော့နှစ်သိမ့်သလို ညင်သာစွာ ဆက်ပြောနေလေရာ နွာသိုးသည် ဒေါသပြေသွားဟန်ဖြင့် ငြိမ်သွားလေသည်။ အဘိုးကြီးကအနီးသို့ ချဉ်းကပ်လျက် ဦးခေါင်းကိုကိုင်တွယ်ပွတ်သပ်သည့်တိုင်အောင် နွားသိုးသည် လုံးဝရန်မမူတော့ချေ။

မြင်ရသူ ပရိတ်သတ်များမှာ အလွန်အံ့သြနေကြတော့သည်။ အဘိုးကြီးသည် ခရိတ်ရှိရာဘက်သို့ လှမ်း၍ မာတာဘယ်လီဘာသာဖြင့်

"အို.... နီကိုဆီ၊ သတ္တိကြောင်သော ရိုးနာလူမျိုးတွေကို ကျွန်ုပ်တို့၏ မြေပေါ်မှ ထွက်သွားပါစေတော့၊ ဟု ခပ်တည်တည် အော်ပြောလိုက်သည်။ ခရိတ်သည် အဘိုးကြီးက ဟန်ပါပါနှင့် ပြောလိုက်ခြင်းကို ဧည့်သည်တော်(ရိုးနာလူမျိုး)များ နားမလည်ပါစေနှင့်ဟု စိတ်ထဲမှကျိတ်၍ ဆုတောင်းလိုက်မိသည်။ သို့မဟုတ်ပါက လွန်စွာအားနာဖွယ်ရာကောင်းမည် ဖြစ်ပေသည်။

ခရိတ်ကိုယ်တိုင်ကလည်း အဘိုးကြီး ရှဒရပ်က ဒေါသကြီးနေသော နွားသိုးအားချော့မော့ နှစ်သိမ့်ခြင်းကို အံ့သြ မိလေသည်။ အမှန်တော့ ရှာဒရပ်သည် မာတာဘယ်လီ ဘာသာစကားပြောသူ ငွန်နီခေါ် တိုင်းရင်းသားလူမျိုး အုပ်စုငယ်တစ်ခု မှ ပေါက်ဖွားလာသူဖြစ်သည်။ ယင်းတိုင်းရင်းသားများသည် ဘိုးစဉ်ဘောင်ဆက်မှစ၍ မွေးမြူရေးလုပ်ငန်းလုပ်ခဲ့ကြပြီး တိရစ္ဆာန်များထိန်းကျောင်းရာ၌ အလွန်ကျွမ်းကျင် လိမ္မာကြလေသည်။ တိရစ္ဆာန်များ ရန်မမူဘဲ ကျိုးနွံလာအောင် ချော့မော့နှစ်သိမ့်နိုင်သည့် လှို့ဝှက်ထူးဆန်းသော သတ္တိတစ်မျိုး ယင်းတိုင်းရင်းသားများတွင် ရှိသည်ဟုလည်း ခရိတ်ငယ်စဉ်က ကြားဖူးသည်။

ယခုအဘိုးကြီး ရှာဒရပ်က နွားသိုးအား ပိုင်နိုင်စွာ ထိန်းလိုက်နိုင်ခြင်းအားကြောင့် အထက်ဖော်ပြပါ ရှေးရိုးရာ စကားမှန်နေလေပြီဟု ဆိုရမလို ဖြစ်လေသည်။ ခရိတ်လေ့လာ မှတ်သားမိသလောက် ငွန်နီတိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းရာစုများစွာကပင် အီဂျစ်ပြည်မှတောင်ဘက်စူးစူး အာဖရိကတိုက်တောင်ပိုင်းဒေသများဆီသို့ ပြောင်းရွှေ့ကာ ရေကြည်ရာမြက်နရာ အရပ်များ ရှာဖွေအခြေစိုက်နေထိုင်ခဲ့စဉ်ကပင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို ရိုးရာအသက်မွေးဝမ်းကျောင်း အလုပ်အဖြစ် လုပ်ကိုင်ခဲ့ကြသည်ဟု သိရှိရပေသည်။ အာဖရိက တောင်ပိုင်းဒေသမှ ဒေသခံ ဇူလူး၊မာဆိုင်စသော တိုင်းရင်းသားများက စစ်မက်တိုက်ခြင်း ဝါသနာပါသလောက် ငွန်နီတိုင်းရင်းသားများကမူ တိရစ္ဆာန်မွေးမြူရေးကိုသာ စိတ်ဝင်စား ဝါသနာ ပါကြလေသည်။ ထို့ကြောင့်လည်း သူတို့သည် တိရစ္ဆာန်များအား ကိုင်တွယ်ရာ၌ ကျွမ်းကျင်လိမ္မာခြင်း ဖြစ်နိုင်ပေသည်။

ဤသို့လျှင် ခရိတ်သည် တွေးတောနေမိစဉ် အဘိုးကြီးရှာဒရပ်က နွားသိုးကို အသာဆွဲခေါ် သွားလေသည်။ ဂုဏ်ပြုပွဲအခမ်းအနားမှ ပရိတ်သတ်များ ပြန်သွားကြရာတွင် ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဗီရာသည် ရုတ်တရက်မပြန်သေးဘဲ အတန်ကြာအောင်ဆက်နေပြီးမှ ပြန်သွားလေသည်။ သူသည်ခရိတ်နှင့် အတူ စိုက်ပျိုးမွေးမြူရေး ခြံကြီးအတွင်း နေရာအနှံ့အပြားသို့လည်း စိတ်ဝင်စားဟန်ဖြင့် လိုက်ကြည့်လေသည်။ ခြံအလယ်ရှိ လူနေအိမ်နှင့် ပတ်သက်၍ ခရိတ်က ဤသို့ရှင်းပြလေသည်။

"စစ်အတွင်းက ကျုပ်ရဲ့အဘိုးကြီးက အိမ်အမိုးကို မူလက သက်ငယ်မိုးအစား သွပ်မိုးနဲ့ အစားထိုးခဲ့တယ်။ စစ်အတွင်းတုန်းက ခင်ဗျားတို့ ပြောက်ကျားတပ်တွေရဲ့ အာရပ်ပီဂျီ ဂု ဒုံးကျည်လက်နက်က တော်တော် အစွမ်း ထက်တာပဲ"

"ဟုတ်တာပေါ့၊ ကျုပ်တို့က အဲဒီလက်နက်အသုံးပြုပြီး မျက်နှာဖြူ အဆောက်အအုံတွေ အတော်များများ မီးလောင်ပျက်စီးအောင် လုပ်နိုင်ခဲ့တယ်"

ဖွန်ဂါဘီရာ က ဂုဏ်ယူဟန်ဖြင့် ပြန်ပြောလေသည်။

"မှန်တာပြောရရင် ကျုပ်ကိုယ်တိုင်ကတော့ သက်ငယ်မိုးကို ပိုသဘောကျမိတယ်။ သက်ကယ်မိုးက သွပ်မိုးလို နွေရာသီမှာ မပူဘူးဗျ"

"ဘာပဲဖြစ်ဖြစ်လေ၊ အခုလောက် တိုတောင်းတဲ့အချိန်အတွင်းမှာ ခင်ဗျားက ဒီခြံကြီးကို ဒီလောက် ထိအောင် ပြန်လည်ထူထောင်နိုင်တာကို ချီးကျူးပါတယ်။ နောက် မကြာခင်မှာဆိုရင် ခင်ဗျားတို့ရဲ့ ဘိုးဘေးဘီဘင်တွေ ဒီမြေယာကို စတင်သိမ်းယူပြီး နေထိုင်ခဲ့သလို ခင်ဗျားလည်း စည်းစိမ်ရှိရှိ နေနိုင်တော့မှာပဲ"
ဝန်ကြီးဖွန်ဂါဘီရာ ဤသို့ပြောလျှင် ခရိတ်သည် သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ ဖွန်ဂါဘီရာ အနေဖြင့် မိမိတို့လို မျက်နှာဖြူလူမျိုးများအား နားကြည်းမုန်းတီးသည့် သဘောနှင့် ပြောလိုက်ခြင်း ပေလော ဟု အကဲခတ်ကြည့်မိခြင်းပင် ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ မျက်နှာမှာ ချိုသာရွှင်ပျလျက် မလိုမုန်းထားစိတ် အရိပ်အယောင် မတွေ့ရချေ။
"ကျုပ်က အခုလို ပြန်လည်ပြုပြင်လိုက်တဲ့အတွက် ဒီမြေယာနဲ့ပစ္စည်းတွေတန်ဖိုးဟာ မြင့်တက်လာတယ်။ ဒီမြေယာမှာ ဗိုလ်ချုပ်ကိုယ်တိုင်က အစုရှယ်ယာ အတော်များများ ပိုင်ဆိုင်တာပဲ မဟုတ်လား"
ခရိတ်က ထောက်ပြလိုက်ရာ ဖွန်ဂါဘီရာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ တိုးတက်ကြီးပွားဖို့တော့ ခင်ဗျားကနောက်ထပ်အများကြီး အလုပ်လုပ်ရလိမ့်မယ်။ ဒါထက်ခင်ဗျားရည်ရွယ်ထားတဲ့ ဇမ်လေဇီမြစ်ရေများ စီမံကိန်းဆိုတာကော ဘယ်တော့လောက် စမယ် စိတ်ကူးသလဲ"

လုပ်ငန်းစတင်ဖို့ အဆင်သင့်ဖြစ်သလောက်ပါပဲ။ ကျုပ်ဝယ်ယူထားတဲ့ မွေးမြူရေးနွားတွေအားလုံး ဒီကိုရောက်လာပြီးရင်စနိုင်ပါလိမ့်မယ်။ ဒီနေရာမှာ အသေးစိတ်လုပ်ငန်းတွေကိုတော့ ဆယ်လီရဲ့အကူအညီတောင်းရပါမယ်။ အခုလောလောဆယ် သူက မရှိသေးဘူးလို့ သိရတယ်။

"ဒါဖြင့် ခင်ဗျား မကြာခင် လုပ်ငန်းစနိုင်ပါလိမ့်မယ်။ မနေ့မနက်ကပဲ ဆယ်လီဟာ ဟာရာရေမြို့လေဆိပ်ကို သူ့လေယာဉ်နဲ့ ရောက်လာပြီဗျ"

"ဟင်.....ဆယ်လီ ပြန်ရောက်လာပြီလား။ ဒါဖြင့် ကျွုပ် ဒီနေ့ညနေပဲ မြို့ကိုသွားပြီး သူ့ဆီ တယ်လီဖုန်း ဆက်ဦးမှပဲ"

ခရိတ် က ဝမ်းသာအားရ ပြောလိုက်သည်။

"ဒီမှာ တယ်လီဖုန်း အခုအထိ မရှိသေးဘူးလား။ ဒါဖြင့် ခင်ဗျား ဘာမှမပူနဲ့။ နက်ဖြန်ပဲ တယ်လီဖုန်း လာတပ်ဆင်ပေးအောင် ကျွုပ်စီစဉ်လိုက်မယ်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ပြောသည့်အတိုင်း နောက်တစ်နေ့တွင်ပင် ဆယ်သွယ်ရေးဌာနမှ လူများ ရောက်ရှိလာပြီး ခရိတ်၏ ယာယီနေအိမ်တွင် တယ်လီဖုန်း တပ်ဆင်ပေးလေသည်။ ကင်းလင်း မွေးမြူရေးခြံကြီး၏ ပြင်ဘက်တစ်နေရာတွင် တစ်ချိန်က အသုံးပြုခဲ့သော လေယာဉ်ကွင်းငယ်တစ်ခု ရှိရာ ခရိတ်သည် ယင်းလေဆိပ်ငယ်ကို ပြန်လည်အသုံးပြုနိုင်အောင် တိုင်းရင်းသား အလုပ်သမားများ၏ အကူအညီဖြင့် အလျင်အမြန် ပြုပြင်လိုက်လေသည်။

 ဆယ်လီနှင့် တယ်လီဖုန်း အဆက်အသွယ်ရပြီးနောက် နာရီပိုင်းအတွင်းမှာပင် သူမသည် စက်ဆနာ အမျိုးအစားလေယာဉ်ငယ်ကို ကိုယ်တိုင်မောင်းလျက် ရောက်ရှိလာလေသည်။ လေယာဉ်ပေါ်မှာ သွယ်လက်ဖျတ်လတ်စွာ ဆင်းလာသော ဆယ်လီအား မြင်လျှင် ခရိတ်၏ စိတ်ထဲမှာ ကြည်နူးပီတိဖြစ်မိကာ အလွန်ကြော့ရှင်း လှပချစ်စရာ ကောင်းလှပါကလားဟုလည်း တွေးမိလေသည်။

သူ၏မျက်လုံးများက ဆယ်လီအား ရွှန်းရွှန်းစားစား ငေးစိုက်ကြည့်နေသည်ကို ဆယ်လီက သတိပြုမိသော်လည်း မနှစ်သက်သည့် အမူအရာ မပြချေ။

"ရှင်းရဲ့ မွေးမြူရေးခြံကြီးကို လေယာဉ်ပေါ်က ကြည့်တော့ သိပ်လှတာပဲရှင့်"

"ကျုပ်က မင်းကို ခြံတစ်ခုလုံးနှံ့အောင် လိုက်ပြပါဦးမယ်"

ပြောပြောဆိုဆို ခရိတ်သည် ဆယ်လီ၏ ခရီးသွားအိတ်ကိုယူ၍ လင်းရိုးဗာကားပေါ် တင်လိုက်ပြီး နောက် ဆယ်လီကိုပါ တင်ခေါ်လျက် ကျယ်ဝန်းသော ခြံကြီးအနှံ့အပြားကို လိုက်ပြလေသည်။ လှည့်လည် ကြည့်ရှုကြရာ၌ အချိန်အတော်ကြာသွားပြီ ညနေစောင်းမှပင် ခရိတ်၏ နေအိမ်သို့ ပြန်ရောက် လာကြသည်။ ခရိတ် က သူ၏လူယုံတပည့်များ တာဝန်ကျပုံကိုပါ ဆယ်လီအား ပြောပြလေသည်။

"ကျုပ်ရဲ့တပည့်တွေ တာဝန်ကျတာတော့ မပြောနဲ့တော့။ မင်းလာမယ်ဆိုတာ သိတာနဲ့ တပည့်ကျော်ကာပါလာလာက မင်းအတွက်သီးသန့်အိပ်ခန်းတစ်ခန်း အသင့်ပြင်ထားလိုက်တယ်။ အဘိုးကြီးဂျူးဇက်က မင်း မြိန်မြိန်စားရအောင်ဆိုပြီး ညစာကို အကောင်းဆုံးချက်ပြုတ် ထားတယ်။ မကြာသေးခင်ကပဲ ကျုပ်တို့ လျှပ်စစ်မာတ်အား စက်တစ်လုံးရလို့ အခုလျှပ်စစ်မီးတွေလင်းနေပြီ ရေချိုးဖို့ ရေနွေးလည်း အဆင်သင့်ရတယ်။ တကယ်လို့ မင်းဒီမှာ မတည်းချင်ရင်လည်း မြို့ထဲကဟိုတယ်တစ်ခုကို ကားနဲ့လိုက်မောင်း ပို့ပါမယ်"

"နေပါစေရှင်၊ ဒီမှာပဲ တည်းပါ့မယ်။ မြို့ထဲကို ကားနဲ့သွားရင် ကုန်မယ့်မာတ်ဆီလည်း ဈေးတာရာရောက် အောင်ပေါ့"

ဆယ်လီက ပြုံး၍ပြောလိုက်သည်။ သို့နှင့်ပင် ဆယ်လီသည် ခရိတ်၏တပည့် ကာပါလာလာ ပြင်ပေးသော အခန်းမှာပင် တည်းခိုလိုက်လေသည်။ အခန်းတွင်းသို့ဝင်၍ နေရာတကျဖြစ်သွားပြီးနောက် ခဏမျှအကြာတွင် သူမသည် အပြင်ဘက် ဝရန်တာသို့ ထွက်လာလေသည်။ ရေမိုးချိုးကိုယ်လက်သန့်စင်ပြီး ခေါင်းလျှော်ထားသဖြင့် စိုနေသောဆံပင်ကို မျက်နှာသုတ်ပါဝါ တစ်ထည်ဖြင့် ပတ်ပေါင်းထား လေသည်။

"အင်း..... အခုမှပဲ တစ်ကိုယ်လုံး ညစ်ပတ်နေတာ သန့်ရှင်းသွားတော့တယ်"

ဆယ်လီက ခရိတ်အားပြောလိုက်ချိန်တွင် သူမ၏ကိုယ်မှ ဆပ်ပြာမွှေးနံ့ သင်းပျံ့နေလေသည်။ ခရိတ်သည် ဝီစကီပုလင်းဖောက်၍ ဖန်ခွက်ထဲသို့ ငှဲ့မည်ပြုရင်း

"မင်းအတွက် ဝီစကီကို ဘယ်လို ရောစပ်ပေးရမလဲ"ဟု မေးလိုက်သည်။

"ဝီစကီ နည်းနည်းပဲထည့်ပြီး ရေခဲများများသာ ထည့်ပေးပါ"

ထို့နောက် ခရိတ်သည် စာရွက်များ အထပ်လိုက် ဆယ်လီလက်သို့ လှမ်းပေးလိုက်သည်။

"ဒါက ဘာလဲရှင့်"

"မင်းက ကျုပ်ရဲ့ ဇမ်ဘောဇီမြစ်ရေများ စီမံကိန်းမှာ အကြံပေးပုဂ္ဂိုလ် အဖြစ်ဆောင်ရွက်တဲ့အတွက် ပထမအရစ် ဉာဏ်ပူဇော်ခ ပေးတာဆိုပါတော့"

ပြောပြောဆိုဆို ခရိတ်သည် ဆယ်လီ၏ခေါင်းပေါ်တည့်တည့်ရှိ လျှပ်စစ်မီးကို ဖွင့်ပေးလိုက်သည်။

ဆယ်လီသည် စာရွက်များကို တစ်ရွက်ပြီးတစ်ရွက် သေချာစွာ ဖတ်ကြည့်လေသည်။ အလောတကြီး မဖတ်ဘဲ ဖြည်းဖြည်းချင်းဖတ်ပြီး စာရွက်တစ်ရွက်ကို သုံးလေးကြိမ်ထပ်၍ ဖတ်ကြည့်လေသည်။ စာရွက်အားလုံးဖတ်ပြီးနောက် သူမသည်ဘာမှမပြောသေးဘဲ အပြင်ဘက်သို့ငေးကြည့်နေလေသည်။
"ဒါက မူကြမ်းသဘောဘဲ ရှိသေးတယ်။ ကျုပ်က သရုပ်ဖော်စာသားနဲ့ အတူဖော်ပြတဲ့ မာတ်ပုံတွေကိုလည်း အကြံပြုထားတယ်။ ဒါတောင် ကျုပ်က မင်းရဲ့ လက်ရာမာတ်ပုံအများကြီး မြင်ဖူးသေးတာ မဟုတ်ဘူး။ အာဖရိက တောတွင်းရှုခင်းနဲ့ပတ်သက်လို့ မင်းမှာ မာတ်ပုံတွေရာနဲ့ချီပြီး အများကြီးရှိနေမှာပါပဲ။ အခု ကျုပ်ရဲ့မူကြမ်းမှာ ကမ္ဘာ့လှည့်တိုးရစ်ခရီးသည် ပရိသတ် စိတ်ဝင်စားနိုင်မယ့် စာအုပ်တစ်အုပ်(ကြော်ငြာသဘော) ထုတ်လုပ်ဖြန့်ချီဖို့ တင်ပြထားတယ်။ စာအုပ်မှာစာမျက်နှာနှစ်ရာ့ငါးဆယ်လောက်ရှိပြီး မင်းရဲ့လက်ရာ မာတ်ပုံနှစ်ရာ့ငါးဆယ်ပဲ ထည့်ပေးဖော်ပြဖို့ ရည်ရွယ်တယ်"

ခရိတ် က ပြောလိုက်ရာ ဆယ်လီသည် စိတ်ကူးယဉ်သလို ငေးနေရာမှ ဖြည်းညင်းစွာ ခရိတ်ဘက်သို့ လှည့်လိုက်သည်။

သူမ၏မျက်နှာမှာ တစ်စုံတစ်ရာသော အကြောင်းကြောင့် စိတ်မကောင်းဖြစ်နေပုံ ရလေသည်။

"ရှင့်စိတ်ထဲမှာ စိုးရိမ်နေတာ ရှိတယ်မဟုတ်လား။ ကျွန်မကလည်း စိုးရိမ်ရုံတင်မကဘူး။ အလွန်တုန်လှုပ် ချောက်ချား မိတယ်ရှင့်"

ပြောရင်းနှင့် သူမသည် မျက်ရည်ဝဲလာလေသည်။

"ရှင့် ထုတ်ဝေဖို့ ရည်ရွယ်တဲ့ စာအုပ်မှာ ကျွန်မရဲ့ မာတ်ပုံတွေ ဖော်ပြလိုက်မယ် ဆိုရင်.....အို ရှင်..... ရှင့်အနေနဲ့ ဒီနိုင်ငံအပေါ် သံယောဇဉ်ကြီးမားတာကို ဒီနည်းနဲ့ မဖော်ပြသင့်ဘူးလို့ ထင်မိပါတယ်"
ခရိတ် က ငြင်းဟန်ဖြင့် ခေါင်းခါလိုက်လျှင် ဆယ်လီကပင် ဆက်လက်၍-

"ဒီမယ် ခရိတ်၊ ရှင်က ဒီစာအုပ်ကို တကယ်ပဲ ကျွန်မနဲ့အတူ ပူးတွဲထုတ်ဝေချင်သလား"ဟု မေးလိုက်သည်။
"ဟုတ်တယ်၊ မင်းနဲ့တွဲပြီး ဒီစာအုပ်ကို ကြိုးစားဖန်တီးချင်တယ်"

"ဒီလို ဆိုရင်တော့ ကျေးဇူးတင်ပါတယ်"

ဆယ်လီက ထိုမျှသာ ပြောလိုက်သည်။

သူမ၏မျက်နှာကိုကြည့်ရင်း ခရိတ်၏စိတ်ထဲတွင် ထူးခြားစွာ လှုပ်ရှားနေမိလေသည်။ မကြာမီ မိမိနှင့် ဆယ်လီတို့သည် တစ်ဦးကိုတစ်ဦး ချစ်မြတ်နိုးသော ချစ်သူများ ဖြစ်လာလိမ့်မည်ဟုလည်း ယုံကြည်မိလေသည်။ ယင်းအချက် ကို ဆယ်လီကိုယ်တိုင်က သိနေပြီဟုလည်း ယူဆရပေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘော့ အခန်း (၁၃)

ယခုလောလောဆယ် သူမ၏မျက်နှာကလေး ရှက်သွေးဖြာသယောင်ဖြစ်နေခြင်းကလည်း ထိုအချက်ကို အတည်ပြုရာရောက်နေသည်ဟု ထင်ရပေသည်။ ဆယ်လီသည် ခရိတ်အား မျက်နှာချင်းဆိုင် မကြည့်ဘဲ မျက်နှာလွှဲနေရှာသည်။

ညစာစားသောက်ပြီး၍ ပြင်ဘက်ဝရန်တာတွင် ပြန်ထိုင်နေကြစဉ် အဘိုးကြီးဂျိုးဇက်က ကော်ဖီလာပေးလေသည်။ ထိုနောက် နှစ်ယောက်သား အာဖရိကတိုက်၏ ညဘက်သာယာမှု အရသာကိုခံစားကာ ထွက်လာစပြုနေသော လမင်းကြီးကို ငေးကြည့်နေကြလေသည်။ အတော်ညဉ့်နက်မှ အိပ်ရာဝင်ရန် ထကြသောအခါ ဆယ်လီသည် ခရိတ်၏အနီးသို့ ချဉ်းကပ်လာပြီး "ကျေးဇူးတင်ပါတယ်" ဟု ပြောရင်း ခရိတ်အား ယုယစွာနမ်းရှုတ် နှုတ်ဆက်လေသည်။

(၁၃)

ခရိတ်သည် ဝယ်ယူထားသော မျိုးကောင်းမျိုးသန့်နွားများ နောက်ဆုံးအသုတ် ရောက်ရှိလာချိန် တွင် ယာယီနေအိမ် တည်ရာမှ ငါးမိုင်ခန့်အကွာ ယခင်က ကွင်းလင်း (ဘုရင်မ၏မြေ)ဟု ခေါ်သောနေရာ၌ လူနေ အိမ်တစ်လုံးတည်ဆောက်ပြီး၍ အဆင်သင့် ဖြစ်နေလေသည်။ ထိုအိမ်၌ ခရိတ်က ငှားရမ်းထားသော မျက်နှာဖြူ အိုဗာဆီယာ (လုပ်ငန်းတာဝန်ခံ)က သူ၏မိသားစုနှင့်အတူနေလေသည်။

ထိုလူမှာ တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ဖြစ်ပြီး မျက်နှာဖြူဆိုသော်လည်း အင်္ဂလန်နိုင်ငံသားမဟုတ်ဘဲ အာဖရိကန်နာ ခေါ် အာဖရိကတိုက်တွင် မွေးဖွားကြီးပြင်းလာသူ မျက်နှာဖြူတစ်ဦး ဖြစ်လေသည်။

ထိုသို့ အိုဗာဆီယာသည်လည်း ခရိတ်ကဲ့သို့ပင် မာတာဘယ်လီ တိုင်းရင်းသားတို့၏ ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်သည့်ပြင် တိုင်းရင်းသားလူမည်းတို့အား ဆက်ဆံရေးကောင်းမွန်ပြေပြစ်သဖြင့် တိုင်းရင်းသားများကလည်း သူ့အပေါ်လေးစားကြလေသည်။ ထို့ပြင် ထိုလူသည် အာဖရိက

တိုက်သား အားလုံးနည်းတူ မွေးမြူရေးတိရွစ္ဆာန်များအပေါ် သံယောဇဉ်ရှိသူလည်း ဖြစ်သည်။ ထိုလူ၏ နာမည်မှာ ဂရိုနီဝေါလ် ဖြစ်လေသည်။ မွေးမြူရေးခြံတွင် အိုဗာဆီယာခေါ် အလုပ်ကြီးကြပ်မည့် တာဝန်ခံတစ်ဦး ရရှိထားပြီးဖြစ်၍ ခရိတ်သည် တိုးရစ္ဆခရီးသည်များ လာရောက်လည်ပတ် အပန်းဖြေရန် ဇမ်ဘောဇီမြစ်ရေများ စီမံကိန်းကို အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစတင်နိုင်လေသည်။

ကမ္ဘာလှည့်ခရီးသည်များ သက်သောင့်သက်သာ တည်းခိုနေထိုင်ရန်အတွက် တည်းခိုဆောင်များ ကို လူငယ် ဗီသုကာတစ်ဦး ဂုဏ်းရမ်းခေါ်ယူ တည်ဆောက်စေလေသည်။ ထိုဗီသုကာမှာ တောင်အာဖရိက နိုင်ငံမှဖြစ်ပြီး ပုဂ္ဂလိကတည်းခိုဆောင်များ၊ နေအိမ်များဆောက်လုပ်ရာ၌ အတွေ့အကြုံရှိသူလည်း ဖြစ်သည်။ ထို့ကြောင့် ခရိတ်က ထိုလူအား တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္ဘတ်မြို့မှ လေယာဉ်ဖြင့် ခေါ်ယူ လိုက်သည်။

ခရိတ်၊ ဆယ်လီနှင့် ဗီသုကာ လူငယ်တို့ သုံးဦးသားသည် ဇမ်ဘောဇီမြစ်ကမ်းအနီး အပန်းဖြေစခန်း တည်ဆောက်မည့် နေရာသို့သွား၍ ရက်သတ္တတစ်ပတ်ခန့် စခန်းချနေထိုင်ကာ တည်ဆောက်မည့် နေရာကို သေချာစွာ လေ့လာရွေးချယ်ကြလေသည်။ ထိုနေရာမှ လူသူမနီးဘဲ တောနက်ဒေသတစ်ခု ဖြစ်၍လုံခြုံရေးအတွက် ဗိုလ်ချုပ်ဖွန်ဂါဘီရာက သူ၏လက်ရွေးစင် တတိယတပ်မဟာမှ လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့ကို လုံခြုံရေးအစောင့် ချပေးထားလေသည်။

လက်နက်ကိုင်တပ်ဖွဲ့ကို ကြီးကြပ်ကွပ်ကဲသူ တပ်မှူးမှာ ကက်ပတိန် (ဗိုလ်ကြီး) နီဘောဘီဆိုသူ ဖြစ်သည်။ ခရိတ် သည် ထိုအရာရှိ ကက်ပတိန်အား အကဲခတ် ကြည့်လေလာမိလေသည်။ တည်ကြည်လေးနက်သော ကုန်ရှိသူ လူငယ်တစ်ဦးဖြစ်ပြီး စာဖတ်အလွန်ဝါသနာပါသူလည်း ဖြစ်ကြောင်း သိရသည်။ လန်ဒန်တက္ကသိုလ်မှ စာပေးစာယူသင်တန်း တက်နေပြီး နိုင်ငံရေးသိပ္ပံနှင့် ဘောဂဗေဒ ဘာသာရပ်များ အဓိကယူ၍ လေ့လာနေသည်ဟုလည်း သိရသည်။ သူသည် ဇင်ဘာဘွေနိုင်ငံမှ ရှိုနာတိုင်းရင်းသား ဖြစ်သော်လည်း မာတာဘယ်လီလူမျိုးတို့၏ ဘာသာစကားကို တတ်ကျွမ်းသည့် အပြင် အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်သည်။ ညဘက် အားလပ်ချိန်များတွင် ကက်ပတိန်နီဘောတီသည် ခရိတ်နှင့် ဆယ်လီတို့ထံလာ၍ အလာပ သလ္လာပ စကား ပြောလေ့ရှိလေသည်။

ရှိုနာတိုင်းရင်းသားတို့ဖြင့် ဖွဲ့စည်းထားသော တတိယတပ်မဟာမှ အရာရှိတစ်ဦးဖြစ်လင့်ကစား သူ၏ တွေးခေါ်ယူဆပုံများသည်အယူသီးခြင်း၊ တစ်ဖက်စွန်းရောက်ခြင်းလုံးဝမရှိကြောင်းကိုလည်း ခရိတ်က

သတိပြုမိ လေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏တန်ဖိုးကို ကောင်းစွာနားလည်သဘော ပေါက်ပြီး ညီညွတ်ရေးကို လိုလားသူ လူငယ်တစ်ဦးလည်း ဖြစ်လေသည်။

"မစ္စတာခရိတ် ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ မုန်းတီးစိတ်တွေ လွှမ်းမိုးနေရင် ဘယ်လိုလုပ်ပြီး သာယာဝပြောတဲ့နိုင်ငံ ဖြစ်လာနိုင်ပါ့မလဲ။ ကျွန်တော် ဆိုရင် အိုင်ယာလန်ပြည်မှာဖြစ်ပျက်နေပုံကိုကြည့်ပြီး အကြီးအကျယ်သင်ခန်းစာရမိပါတယ်။ တိုင်းရင်း သားအချင်းချင်းပဋိပက္ခမှုဖြစ်ရင် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာသဘောပေါက်ပြီး ကျောချမ်းအောင် စိုးရိမ်မိပါတယ်"
"ဤသို့ ကက်ပတိန် နီဘောဘီက ပြောလိုက်ရာ ခရိတ်လည်း နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ခင်ဗျားက ရှိုနာအမျိုးသားတစ်ယောက် မဟုတ်လား။ ခင်ဗျားအနေနဲ့ ကိုယ့်လူမျိုးအုပ်စု အပေါ် သာ သစ္စာစောင့်သိရမယ့်တာဝန် အဓိကဖြစ်တယ်"

"မှန်ပါတယ်။ ကျွန်တော်ဟာရှိုနာ တိုင်းရင်းသားတစ်ယောက်ပါ။ သို့သော်လည်း ကျွန်တော်က မျိုးချစ်စိတ်ရှိတဲ့ လူတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ သားသမီးအတွက် ငြိမ်းချမ်းရေး ရရှိဖို့ အေကေ ၄၇ မောင်းပြန်သေနတ်ကိုင်ပြီး ဖန်တီးတာမျိုးကိုတော့ မလိုလားပါဘူး။ ကျွန်တော်တို့ ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မာတာဘယ်လီတိုင်းရင်းသားတွေ အားလုံးကို သတ်ပစ်ရမယ်ဆိုရင် ကျွန်တော်ဟာ ဂုဏ်ယူကြွားဝင့်နိုင်တဲ့ ရှိုနာတစ်ယောက်မဖြစ်နိုင်ပါဘူး"

ဤသို့လျှင် ကက်ပတိန်နီဘောဘီသည် ခရိတ်နှင့် စကားပြောရင်း သူ၏သဘောထား အာဘော်ကို ထုတ်ဖော်ပြောလေ့ရှိသည်။ ယင်းသို့ပြောဆို ဆွေးနွေးချက်များသည် ထိရောက်သောအကျိုး သက်ရောက်မှုဟူ၍ မရှိပါချေ။မည်သို့ပင်ဖြစ်စေ ခရိတ်တို့အဖို့ ဤဒေသသို့ လာရောက်နေစဉ်အတွင်း လက်နက်ကိုင် အစောင့်အရှောက် အမှန်လိုအပ်ကြောင်းကတော့ ယုံမှားဖွယ်မရှိချေ။ လိုအပ်၍လည်း ဗိုလ်ချုပ်ဖွန်ဂါဘီရာက သူ၏လက်ရွေးစင်တပ်မှ တပ်ဖွဲ့တစ်ဖွဲ့ ချပေးထားခြင်း ဖြစ်သည်။

သို့ရာတွင် ခရိတ်နှင့် ဆယ်လီတို့အဖို့ လက်နက်ကိုင် အစောင့်များ ရှိနေခြင်းကြောင့် မလွတ်လပ် သလို ထင်မိလေသည်။ သူတို့သွားလေရာသို့ လက်နက်ကိုင်အစောင့်များ အမြဲမပြတ်လိုက်ပါ နေခြင်း ကိုလည်း စိတ်ပျက်မိသည်။ အချုပ်တရားခံများကို ခံစားမိလေသည်။ ထို့ကြောင့် တစ်ညနေတွင် ခရိတ်နှင့်ဆယ်လီတို့သည် လက်နက်ကိုင်တပ်သားများအလစ်တွင် တောစပ်တွင်းသို့ လစ်ထွက်သွား

ကြလေသည်။ နစ်ယောက်သား လွတ်လပ်စွာ သွားလာလှုပ်ရှားလိုသဖြင့် တိတ်တဆိတ် ထွက်သွားခြင်းဖြစ်လေသည်။

သစ်ပင်တောအုပ်များအတွင်း လွတ်လပ်စွာ သွားလာရတော့မှ သူတို့နှစ်ဦးစလုံးသည် စိတ်ကြည်လင်လာတော့သည်။ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးမှုသည် ခုလိုနှစ်ယောက်တည်း လွတ်လပ်စွာ ဆိတ်ငြိမ်ရာနေရာသို့ ရောက်ချိန်တွင် ပေါ်လွင်လာလေသည်။ ရံဖန်ရံခါ စကားပြောရင်း ဆယ်လီသည် ခရိတ်၏လက်ကို ညင်သာစွာထိ၍ ပြောတတ်လေသည်။ သည်လိုအခါများတွင် ခရိတ်သည် သာယာကြည်နူးမိလေသည်။

လမ်းလျှောက် သွားကြရင်း သူတို့သည် ကုန်းမြင့် ကမူငယ်တစ်ခုဆီသို့ ရောက်သွားကြရာ ထိုနေရာ မှ ကြည့်လိုက်လျှင် စီးချီမြင်ရသည့် သဘာဝရှုခင်းက အထူးလှပနေသည့်ပြင် ကြံသတ္တဝါများ သဘာဝ အလျောက် နေထိုင်ပုံကိုလည်း မြင်နေရသည်။ ဆယ်လီအနေဖြင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ရန် အထူးသင့် လျော်သည့်နေရာပင် ဖြစ်သည်။ ခရိတ်နှင့် ဆယ်လီတို့ ကမူငယ်ပေါ်တွင် ထိုင်၍ ရင်းနှီးစွာ စကားပြောနေသြည်။
ခရိတ်သည် သူတို့ရှိရာနေရာအောက်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများဆီသို့ အကဲခတ်ကြည့်ရင်း ရုတ်တရက် ဆယ်လီ အား လက်တို့လိုက်သည်။

"ဒီမယ်ဆယ်လီ၊ အသာကလေး ငြိမ်ငြိမ်နေလိုက်စမ်းပါ။ လုံးဝ မလှုပ်ရှားပါနဲ့"

ခရိတ်က သတိပေးသလို ခပ်တိုးတိုး ပြောလိုက်သည်။ ဆယ်လီသည် ခရိတ်စိုက်ကြည့်နေသော နေရာသို့ လှမ်းကြည့်လိုက်ရာ အလွန်အံ့အားသင့်သွားမိလေသည်။

"ဟင် ... သူတို့တွေက ဘယ်သူတွေလဲရှင်"

ဆယ်လီက မေးလိုက်သော်လည်း ခရိတ်ပြန်မဖြေဘဲ ဆိတ်ဆိတ်နေလိုက်သည်။ သူသည် ချုံပုတ် အကွယ်မှ လူများကိုသာ အာရုံစိုက်ကြည့်နေလေသည်။ လောလောဆယ် လူနစ်ယောက်ကို ခရိတ်က သတိပြုမိလေသည်။ ထိုလူများသည် ကျားသစ်သတ္တဝါကဲ့သို့ လုံးဝအသံမကြားအောင် လှုပ်ရှား နိုင်သူများဖြစ်လေသည်။ ထိုလူများကားတောထဲ၌ လူမမြင်အောင် ပုန်းအောင်းခြင်း၌ ဝါရင့်သူများ ဖြစ်ကြသော ကြောင့်ပင်တည်း။ ခဏမျှကြာလျှင် လူတစ်ယောက်သည် ခရိတ်ရှိရာသို့ ချဉ်းကပ်လာပြီး မာတာဘယ်လီ တိုင်းရင်းသားဘာသာဖြင့် ပြောလေသည်။

"အို ... ကူဖီလာ၊ သင်သည် ကျွန်ုပ်တို့အား အမဲလိုက်သလို လိုက်သတ်ရန်အတွက် ရှိုနာလူမျိုး အမဲလိုက်ခွေးတွေကို ခေါ်ယူခဲ့သည့် မဟုတ်လော"

သည်တော့ ခရိတ်လည်း ထို့လူအား မှတ်မိပြီး ပျာပျာသလဲ ပြန်ဖြေလိုက်ရသည်။

"ရဲဘော်လွတ်ကောက်၊ သင် ထင်သလို မဟုတ်ပါ။ ရှိုနာလူမျိုး လက်နက်ကိုင်တပ်ဖွဲ့သည် အစိုးရ က ကျွန်ုပ်တို့လုံခြုံရေးအတွက် စောင့်ရှောက်ရန် ထည့်လိုက်ခြင်းသာ ဖြစ်ပါသည်"

ခရိတ်က မာတာဘယ်လီဘာသာဖြင့် ပြန်ပြောလိုက်သော် ရဲဘော်လွတ်ကောက်အမည်ခံ တိုင်းရင်းသား ပြောက်ကျား က လက်မခံချေ။

"အို ကူဖီလာ သင်သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သည်။ ထို့ကြောင့် သင့်အနေဖြင့် တွေ့ဆုံခဲ့သည် ကိုလည်း မည်သူမှမသိကြပါ။ သင်တို့ ဤဒေသတွင် ရှိနေကြောင်းကိုလည်း မည်သူမှမသိကြ၊ ကျွန်ုပ် ကျမ်းကျိန် ၍ ပြောပါသည်"

"ရှိပါစေတော့၊ ယခု သင်သည် ဤနေရာသို့ ဘာကြောင့် ရောက်ရှိလာသနည်း။ ကျွန်ုပ်တို့အား သစ္စာ ဖောက်ရန်လာခြင်းဖြစ်သလော၊ သင် အမြန်ဆုံး ဖြေကြားလော့"

"ကျွန်ုပ်သည် မြေနေရာကို ဝယ်ယူလိုက်ပြီ ဖြစ်သည်။ ကျွန်ုပ်တို့နှင့်အတူ ပါလာသူ မျက်နှာဖြူလူမျိုး ကား တည်ဆောက်ရေး ဗိသုကာတစ်ဦး ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်က တိုးရစ္စခရီးသည်များ လာရောက် အပန်းဖြေရန် စခန်းတစ်ခု ဖန်တီးတည်ဆောက်ရန် ရည်ရွယ်ပါ၏။ ဝမ်ကီဥယျာဉ် ကဲ့သို့ သော နေရာမျိုးပင် ဖြစ်၏"

ဝမ်ကီ ဥယျာဉ်ဟု ဆိုလိုက်သည်နှင့် လွတ်ကောက်ကဲ့သို့ တိုင်းရင်းသား လူမည်းများက ချက်ချင်း နားလည် သဘော ပေါက်ကြသည်။ အလွန် နာမည်ကြီးသော ဝမ်ကီ သဘာဝ တိရစ္ဆာန်ဥယျာဉ်တော် ကြီးသည် မာတာဘယ်လီ တိုင်းရင်းသားတို့၏ ဒေသအတွင်း၌ တည်ရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ခရိတ်က ဝမ်ကီဥယျာဉ်အကြောင်း ပြောလိုက်သောအခါ တိုင်းရင်းသား (လူမည်း) ပြောက်ကျားနှစ်ဦးသည် ခေတ္တမျှအချင်းချင်းတီးတိုးတိုင်ပင်ပြီးနောက် ရဲဘော်လွတ်ကောက်က ခရိတ် အား မော့ကြည့် လိုက်သည်။

"သို့ဖြစ်လျှင် သင်၏အဆောက်အအုံများ တည်ဆောက်ပြီးပါက ကျွန်ုပ်တို့၏ ကံကြမ္မာမည်သို့ ဖြစ် လာမည်နည်း"

"အို အချင်း ရဲဘော်လွတ်ကောက်၊ ကျွန်ုပ်နှင့် သင်တို့သည် မိတ်ဆွေများ ဖြစ်သည် မဟုတ်ပါလော။ ကျွန်ုပ်၏ လုပ်ငန်းတွင် သင်တို့အတွက်နေရာရှိပါ၏။ ကျွန်ုပ်က သင်တို့အား စားနပ်ရိက္ခာ ငွေကြေးတို့ဖြင့် ကူညီပါမည်။ သင်တို့ကလည်း တံ့ပြန်သည့်အနေဖြင့် ကျွန်ုပ်ပိုင်အဆောက်အအုံများ၊ တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက် ပေးနိုင်ပါ၏။ ဤနေရာသို့ လာရောက်သည့် တိုးရစ္စ ခရီးသည်များကိုလည်း သင်တို့က ကြည့်ရှု စောင့်ရှောက်နိုင်ပါ၏။ ဤအစီအစဉ်ကို သဘောတူ လက်ခံပါသလော"
"လက်ခံလျှင် ကျွန်ုပ်တို့အတွက် မည်သို့ အကျိုးရှိမည်နည်း"

"တစ်လ လျှင် ဒေါ်လာငွေ ငါးရာ မှန်မှန် ရရှိပါမည်"

"ငါးရာ နည်းလွန်းလှသည်။ ဒေါ်လာငွေ တစ်ထောင် ပေးပါလော့"

"အို ရဲဘော်လွတ်ကောက်၊ မိတ်ဆွေစစ်တို့ မည်သည် ငွေရေးကြေးရေး ကိစ္စတွင် အငြင်းပွားခြင်းငှာ မသင့်။ ထို့ကြောင့် ကျွန်ုပ်အငြင်းမပွားလိုပါ။ ယခု လောလောဆယ်ကျွန်ုပ်တွင် ဒေါ်လာငွေ ခြောက်ရာသာလျှင်ပါ၍ ထိုငွေကို ပေးခဲ့ပါမည်။ ကျန်ငွေကို ကျွန်ုပ်စခန်း ပြီးမြောက်သည့်အခါ ဝက်သစ်ချပင်ကြီး အောက်တွင်မြှုပ်၍ထားလိုက်ပါမည်"
"ကောင်းပါပြီ ကူဖီလာ၊ သင်မြှုပ်ထားမည့်ငွေကို ကျွန်ုပ်တို့ တွေ့အောင်ရှာယူပါမည်။ လစဉ် သင်နှင့် ကျွန်ုပ်တို့သည် ဤနေရာသို့မဟုတ် ဟိုလှမ်းလှမ်းနေရာတွင်မှန်မှန်တွေ့ဆုံကြပါမည်။ ဤတွင် ရဲဘော်လွတ်ကောက်က မြစ်ကမ်းမှ ခပ်လှမ်းလှမ်း တစ်နေရာသို့ ညွှန်ပြလေသည်။

"တွေ့ဆုံရန် အချက်ပေးလိုက်လျှင် သစ်ရွက်သစ်စိမ်းများကို မီးရှို့၍ အချက်ပေးကြမည်။ သို့တည်း မဟုတ် ရိုင်ဖယ် သေနတ် သုံးချက်တိတိဆင့်၍ ပစ်ဖောက်ကြမည်"

"ကောင်းပါပြီ၊ ကျွန်ုပ်သဘောတူပါသည်"

"အို ... ကူဖီလာ၊ သို့ဖြစ်လျှင် ငွေကို သင်၏ခြေရင်းရှိ မြေကြီးပေါ်တွင် ချထား၍ သင်၏ အမျိုးသမီးကို စခန်း သို့ ပြန်ခေါ်သွားလေတော့"

ခရိတ်လည်း ညွှန်ကြားသည့်အတိုင်း ငွေကို မြေကြီးပေါ်တွင် ချထားပေးလိုက်ပြီးနောက် ဆယ်လီနှင့်အတူ စခန်းသို့ ပြန်လာခဲ့လေသည်။

ဆယ်လီခမျာ ရဲဘော်လွတ်ကောက်နှင့် တခြားပြောက်ကျားတို့အား အလွန်ကြောက်လန့်ပုံရပြီး အပြန်လမ်းလျှောက်လုံး ခရိတ်လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရှာသည်။

"အမယ်လေး။ တကယ်ကြောက်စရာ ကောင်းတဲ့လူတွေပါပဲလားရှင်။ ကျွန်မဖြင့် သူတို့က ကျွန်မ တို့ကို ပြန်လွှတ်လိမ့် မယ်လို့တောင် မထင်ဘူး"

ဆယ်လီက တကယ်ကြောက်၍ ပြောရာ ခရိတ်သည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ကို ပြန်လွှတ်လိုက်တာက ဒေါ်လာငွေကြောင့်ပဲကွဲ့။ အခုဆိုရင် ကျုပ်က တစ်လကို ဒေါ်လာ ငွေတစ်ထောင်ပေးပြီး လက်နက်ကိုင် (ဘော်ဒီဂတ်) ငှားလိုက်ရသလို ဖြစ်သွားပြီ။ ဒါပေမဲ့ ကျုပ်အဖို့ မနစ်နာပါဘူး။ ဒေါ်လာငွေတစ်ထောင် တန်ပါတယ်"

"ဒီမယ် ရှင်က ပြောက်ကျား သူပုန်တွေနဲ့ အပေးအယူ လုပ်မှာလား။ အဲဒါ အလွန်ကြောက်စရာ ကောင်းတယ် မဟုတ်လားရှင့်။ ဒါမျိုးဆိုတာ နိုင်ငံတော် ပုန်ကန်မှု၊ သစ္စာဖောက်မှုနဲ့ အကျုံးဝင် နိုင်တယ်"
"ဒါတော့ ဟုတ်ချင်ဟုတ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် အရေးကြီးတာက ဒီကိစ္စ ဘယ်သူ မှ မသိအောင် လျှို့ဝှက်ထားဖို့ပဲ" ခရိတ်က ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

ခရိတ်က ငှားရမ်းခေါ်ယူထားသော တောင်အာဖရိကနိုင်ငံမှ ဗိသုကာ လူငယ်သည် ကံအားလျော်စွာ လူတော်တစ်ယောက် ဖြစ်နေလေသည်။ အဆောက်အအုံများနှင့် ပတ်သက်၍ သူရေးဆွဲသော ပုံစံ (ဒီဇိုင်း)များသည် အထူးပင် ကောင်းမွန် အဆင့်အတန်း မြင့်လှသည်။ လူနေအိမ်များကို သဘာဝဖြစ် ကျောက်တုံး၊ ပြည်တွင်းထွက်သစ်သားတို့ဖြင့် တည်ဆောက်ပြီး ခေါင်မိုးကိုမူသက်ငယ်မိုးရန်အတွက် ဗိသုကာဆရာက အကြံပေးလေသည်။ သို့မှသာလျှင် အဆောက်အအုံများက ဤဒေသ၏ သဘာဝ ရှုခင်းနောက်ခံနှင့် ဟပ်မိပနာရလိမ့်မည်ဟုလည်း သူက ထောက်ပြလေသည်။

အိမ်များ၏အတွင်းဘက် မွမ်းမံအလှတန်ဆာဆင်ခြင်းကိုမူ ဆယ်လီကပါ ဗိသုကာဆရာနှင့်အတူ ကူညီလုပ်ကိုင်ပေးလေသည်။ အိမ်တွင် မွမ်းမံပြင်ဆင်ရာဝယ် ဆယ်လီကိုယ်တိုင်၏ စိတ်ကူးအချို့က အလွန် သဘာဝကျပြီး ကောင်းမွန်နေပေသည်။

သို့ရာတွင်ဆယ်လီသည် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ချုပ်၏ဝန်ထမ်း တစ်ဦးဖြစ်နေသောကြောင့် မကြာခဏ ခရီးထွက်ရသေလည်။ တစ်ခါတစ်ခါ ထွက်လျှင်လည်း ရက် ပေါင်း အတော်ကြာ တတ်သည်။

သို့ဖြစ်လင့်ကစား ဆယ်လီသည် ခရီးသွားဟန်လွှဲဆိုသလို လုပ်ငန်းတာဝန်ဖြင့် ခရီးထွက်ရင်း ခရိတ်၏ ဇမ်ဘောဇီမြစ်ရေများ စီမံကိန်းအတွက် သင့်တော်သော အမှုထမ်းများကို ရှာဖွေစည်းရုံး ခေါ်ယူခဲ့သည်။ ပထမဦးစွာ ဆယ်လီသည် အလွန်တော်သော စားဖိုဆောင်မှူး (ထမင်းချက်) တစ်ဦးကို နာမည်ကြီး ဟိုတယ်တစ်ခုမှ စည်းရုံးခေါ်ထုတ်နိုင်ခဲ့သည်။ ထိုလူမှာ ဆွမ်ဇာလန်နိုင်ငံမှ ကျွမ်းကျင် စားဖိုဆောင်မှူးသင်တန်းကျောင်းမှ ထွက်ခဲ့ပြီး အတွေ့အကြုံများသူလည်းဖြစ်၍ သူမတူအောင် ထူးချွန်သူတစ်ဦး ဖြစ်လေသည်။

ထို့နောက် သူမသည် ဆာဖာရီခေါ် အာဖရိက တောတွင်းလှည့်လည် လေ့လာသူ ခရီးသည်များအား စနစ်တကျလိုက်ပါ ရှင်းလင်းပြောပြတတ်သူ ဂိုက်ခေါ်လမ်းပြလူငယ်ငါးဦးကိုလည်း ငှားရမ်း ခေါ်ယူလိုက်သည်။ ထိုလူငယ် အားလုံးမှာ အာဖရိကတိုက်တွင် မွေးဖွားကြီးပြင်းလာသူ ဖြစ်ကြသည့်ပြင် တောရိုင်းတိရစ္ဆာန်များအကြောင်း နိုင်ငံခြားဧည့်သည်များ နားလည်အောင် အသေးစိတ် ရှင်းလင်းပြောပြတတ်သူများလည်း ဖြစ်ကြသည်။

ထိုနောက် ဆယ်လီသည် အသစ်ဖွင့်လှစ်မည့် တိုးရစ္စခရီးသည်များ အပန်းဖြေ လေ့လာရေးစခန်းသစ် အကြောင်းကို ဖန်တီးထုတ်လုပ်ရေးအတွက် အစီအစဉ်များပြုလုပ်လေသည်။ ယင်းလက်ကမ်း ကြော်ငြာစာရွက်များတွင် ခရိတ်ကရေးပေးသော စာသားများနှင့် သူမကိုယ်တိုင်ရိုက်ကူးခဲ့သော အာဖရိကတောရိုင်းတိရစ္ဆာန်များ၏ မာတ်ပုံများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်ထည့်သွင်း အသုံးပြုလေသည်။
ကြော်ငြာစာရွက်များ စီစဉ်နေရင်း ဆယ်လီသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္ဘတ်မြို့မှနေ၍ ခရိတ်ထံသို့ တယ်လီဖုန်း ဆက်စကားပြေလေသည်။

"တကယ်တော့ ကျွန်မ အခုစီစဉ်နေတဲ့ လက်ကမ်းကြော်ငြာဟာ ရှင် ရေးသားမယ့် စာအုပ်အသစ် အတွက်လည်း အထောက်အကူဖြစ်မှာ သေချာတယ်ရှင့်"

ဤသို့ ပြောလိုက်သောအခါ ခရိတ်သည်ကျေနပ်ပီတိ ဖြစ်မိလေသည်။ တစ်ချိန်တည်းမှာပင် သူသည် ဘာကြောင့် ဆယ်လီနှင့်အတူ ပူးတွဲအလုပ်လုပ်ရန် စိတ်ကူးရခဲ့ပုံကိုလည်း ပြန်ပြောင်း ဆင်ခြင်မိလေသည်။ ဆယ်လီသည် မည်သည့်ကိစ္စမဆို လိုလေသေးမရှိအောင် အကောင်းဆုံး အပြည့်စုံဆုံးဖြစ်အောင် လုပ်ကိုင်တတ်သူ မိန်းကလေးတစ်ဦးဖြစ်သည်။

အင်္ဂလိပ်လို ပါဖိတ်ရှင်းနစ္စ (Prefectionist)ဟုခေါ်သည့် ဘာမဆို အကောင်းဆုံးမှ လုပ်တတ်သူ ဖြစ်သည်။ မိမိကိုလည်း အကောင်းဆုံးဖြစ်အောင် တွန်းအားပေးမည့်သူလည်းဖြစ်သည်။ ထို့ကြောင့်ပင် လျှင် ခရိတ်သည် ဆယ်လီနှင့် ပူးတွဲလုပ်ကိုင်လိုစိတ် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ဆယ်လီကိုယ်တိုင် ကြီးကြပ်စီစဉ် ထုတ်လုပ်သည့် လက်ကမ်းကြော်ငြာစာအုပ်ငယ်ပြီးစီး သွားသောအခါ မြင်ရသူတိုင်း စိတ်ဝင်စားချင်စဖွယ် လှပကောင်းမွန်သော ကြော်ငြာ စာအုပ်ငယ် ဖြစ်လာပေသည်။ အတ်ပေပါခေါ် ကြွေရောင်စက္ကူချောဖြင့်ရိုက်ထားပြီး ဆယ်လီ၏လက်ရာ အာဖရိက တောတွင်းသဘာဝ ရှုခင်းဓာတ်ပုံများ၊ ခရိတ်၏စကားလုံးလှလှဖြင့်ရေးထားသော စာတမ်းများကြောင့် အထူးကောင်းမွန်ပြီး စွဲမက်ချင်စရာ ဖြစ်လာလေသည်။

ဆယ်လီကိုယ်တိုင် ယင်းကြော်ငြာစာအုပ်ငယ်များကို ကမ္ဘာ့အနှံ့အပြားရှိ ခရီးသွားအေဂျင်စီ ကုမ္ပဏီများသို့ ကျယ်ပြန့်စွာ တင်ပို့ ဖြန့်ချိလိုက်လေသည်။

"ကျွန်မတို့အနေနဲ့ ဒီခရီးသည်အပန်းဖြေစခန်းကို တခမ်းတနားဖွင့်လှစ်ဖို့ နေ့ရက်သတ်မှတ်ဖို့ လိုပြီ ရှင့်။ အဲဒီဖွင့်ပွဲမှာ ကြော်ငြာတဲ့အနေနဲ့ အထူးဧည့်သည်တချို့ကိုလည်း ဖိတ်ကြားဖို့လိုတယ်။ တိုးရစ္စ ခရီးသည်တွေ လာချင်အောင် စွဲမက်စရာတွေလည်း အဲဒီဖွင့်ပွဲမှာ ရှိနေအောင် လုပ်သင့်တယ်"

တစ်နေ့ ဆယ်လီက ခရိတ်အား အကြံပေးသလို ပြောလိုက်ရာ ခရိတ်သည် သူမ၏ စိတ်ပါတက်ကြွမှုကို သဘောကျပြီး ပြုံးမိလေသည်။

"ဘာလဲ၊ မင်းက ကမ္ဘာကျော် စတီရီယို အဆိုတော်တွေကို ဖိတ်ခေါ်ဖို့ စိတ်ကူး မိလို့လား"

"အဲဒီအကြံလည်း မဆိုးဘူးရှင့်၊ ဒီလို လုပ်ငန်းကြော်ငြာတဲ့ အခမ်းအနားမျိုးဆိုတာ နာမည်ကြီး အနုပညာရှင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေပါမယ်ဆိုရင် အကောင်းဆုံးပေါ့။ ကျွန်မကလန်ဒန်မှာရှိနေတဲ့ ကျွန်မရဲ့ဖခင်ကြီးကို ဗြိတိသျှမင်းသားအင်ဒရူးကို ကြိုးစားဖိတ်ခေါ်ဖို့ တယ်လီဖုန်းဆက် ထားတယ်" ခရိတ် သည် အံ့အားသင့်သွားမိစဉ် ဆယ်လီကပင် ဆက်ပြောပြန်သည်။

"အဲဒါ ဖြစ်မဖြစ်တော့မပြောနိုင်သေးဘူး။ ဒါပေမဲ့ကြိုးစားကြည့်တာမမှားဘူး မဟုတ်လားရှင့်။ ပြီးတော့ ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ မစ္စတာဟင်နီဆိုရင် ရုပ်ရှင်မင်းသမီး ဂျိန်းဖွန်ဒါနဲ့ တော်တော်ခင်မင် ရင်းနှီးတော့ ဖိတ်ခေါ်ကြည့်ရင် ကောင်းမလားလို့"

"မင်းက လက်စသတ်တော့ ဘာမဆို ကြီးကြီးကျယ်ကျယ် ကြံစည်တတ်တဲ့ မိန်းကလေး တစ်ယောက် ပါကလား"
ခရိတ် က တအံ့တသြ ပြောလိုက်မိသည်။

"နာမည်ကြီး ပုဂ္ဂိုလ်တွေအကြောင်း စကားစပ်ပြောရင်း ရှင့်အကြောင်းလည်း ပြောရဦးမယ်။ ရှင်က ကမ္ဘာကျော်စာအုပ်တွေ ရေးနိုင်စွမ်းရှိတဲ့ စာရေးဆရာကြီး ဖြစ်လာတော့မှန်တယ်။ ဒါပေမယ့် ရှင်ဟာ စာရေးကောင်းသလောက် ရယ်စရာဟာသအကြောင်းပြောရရင် ဘယ်လိုမှပွဲကျအောင် မပြောနိုင်ဘူး။ ပြီးတော့ ရှင်ဟာ ဝိစကီအရက် လိုအပ်တာထက် ပိုပြီးသောက်တတ်တဲ့ လူတစ်ယောက်လည်း ဖြစ်တယ်လို့ အဲဒီလို ရှင်ကိုဝေဖန်ချင်တယ်" ဆယ်လီက ပွင့်လင်းစွာပင် ဝေဖန်လိုက်သည်။

ဇမ်ဘောဇီမြစ်ရေများ စီမံကိန်းအတွက် အဆောက်အအုံများ စတင်ဆောက်လုပ်ရန် အသင့်ဖြစ်သော အခါ ခရိတ်သည် ဝန်ကြီးဗိုလ်ချုပ် ဖွန်ဂါဘီရာထံသို့သွား၍ သူ၏ဆောက်လုပ်ရေးလုပ်ငန်း တွင် အလုပ်သမားများ ငှားရမ်းရာ၌ အခက်အခဲ တွေ့နေရကြောင်း ပြောလေရာ ဖွန်ဂါဘီရာက

"ဒါအတွက် ခင်ဗျား ဘာမှမပူပါနဲ့၊ ကျုပ် ကြည့်လုပ်ပေးပါမယ်" ဟု ပြောလေသည်။

နောက်ငါးရက်ကြာသောအခါ ခရိတ်တို့တည်ဆောက်မည့်နေရာသို့ အလုပ်ကြမ်းလုပ်ရန် လူနှစ်ရာခန့် စစ်တပ်လော်လီကားကြီးများဖြင့် ရောက်ရှိလာလေသည်။ ထိုလူများသည် တကယ့်အလုပ်သမားများ တော့မဟုတ်ချေ။ ပြန်လည်ထူထောင်ရေးစခန်းဟု အစိုးရက နာမည်ပေးထားသော အကျဉ်းစခန်းမှ နိုင်ငံရေး အကျဉ်းသားများသာ ဖြစ်လေသည်။ အလုပ်သမားများရရှိသော်လည်း ဆယ်လီသည် အကျဉ်းသားများအား ယခုကဲ့သို့ခေါ်ယူစေခိုင်းခြင်းကို သဘောမကျဘဲ "ဒါက ရှေး ကျေးပိုင်ကျွန်ပိုင် ခေတ်က လူတွေကိုအဓမ္မအလုပ်လုပ်ခိုင်းတာနဲ့ ဘာထူးလို့လဲ"ဟု ဝေဖန်ပြောဆိုလေသည်။

သို့သော်လည်း လုပ်စရာလုပ်ငန်းက အရေးကြီးသဖြင့် ခရိတ်သည်ထိုလူနှစ်ရာကိုပင် အသုံးချလိုက်ရ သည်။ နောက်ဆယ်ရက်ကြာသောအခါ ချီဇာရီမြစ်ကမ်းသို့သွားသည့်မော်တော်ကားလမ်းဖောက်လုပ် ပြီးစီးသွားလေသည်။ ဆယ်လီသည် ဟာရာရေမြို့တော်တွင် ရှိနေသဖြင့် ခရိတ်က သူမထံသို့ တယ်လီဖုန်း လှမ်းဆက် လိုက်သည်။

"ဟော့ကားလမ်းတော့ ပြီးသွားပြီကွဲ့၊ ကျုပ်တို့ရဲ့ ခရိတ်က သူမထံသို့ တယ်လီဖုန်း လှမ်းဆက် လိုက်သည်။

"ဟင် ... ဟုတ်လား၊ ဝမ်းသာစရာကြီးပါပဲ"

"ဒါထက် ဆယ်လီ၊ မင်း ဘယ်တော့လောက် ဒီကို လာခဲ့နိုင်မလဲ။ ကျုပ်ဖြင့် မင်းနဲ့ မတွေ့ရတာ တစ်လ လောက်တောင် ရှိသွားပြီ"

"ဘယ်ကလာ တစ်လရှိရမှာလဲရှင့်၊ ခုမှ သုံးပတ်ပဲ ရှိသေးတယ်"

"ထားပါတော့လေ၊ ဒီမယ် ကျုပ်အခုစာအုပ်ဆက်ရေးနေတာ နောက်ထပ်စာမျက်နှာနှစ်ဆယ်လောက် ပြီးသွားပြီ၊ အဲဒါကို မင်းနဲ့အတူ ပြန်ဖတ်ပြီး ပြင်စရာရှိတာ ပြင်ချင်တယ်"

"ဒါဖြင့် စာမူကို ကျွန်မဆီကို ပို့ပေးလိုက်ပါလား"

"ပို့တော့ မပေးနိုင်ဘူး။ မင်းကိုယ်တိုင် ဒီမှာ လာယူမှ ပေးမယ်"

ခရိတ် က ကျိစပယ်သလို ပြောလိုက်သည်။ သည်တော့မှ ဆယ်လီက လျှော့ပေးလေသည်။

"ကောင်းပြီလေ၊ ရှေ့အပတ် ဗုဒ္ဓဟူးနေ့ ကျွန်မလာခဲ့မယ်။ ရှင်က ဘယ်မှာရှိမှာလဲ။ ကင်းလင်းမွေးမြူရေးခြံမှာ ရှိနေမလား။ ဒါမှမဟုတ် ဇမ်ဘောဇီ မြစ်ရေများ စခန်းမှာ ရှိနေမှာလား"

"စခန်းမှာရှိမယ်။ ဒီမှာလျှပ်စစ်ဆက်သွယ်ရေးနဲ့ ရေပိုက်တပ်ဆင်ရေး အလုပ်သမားတွေက အပြီးသတ်လုပ်နေ ကြတယ်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ။ ကျွန်မ လေယာဉ်နဲ့ လာခဲ့ပါမယ်"

ဗုဒ္ဓဟူးနေ့ ရောက်သောအခါ ဆယ်လီသည် သူမ၏ လေယာဉ်ငယ်ဖြင့် ပျံသန်းလာပြီး မြစ်ကမ်းအနီး မြေကွက်လပ် ကျယ်တစ်ခုတွင် ဆင်းသက်လိုက်သည်။ ယင်းမြေကွက်လပ်မှာ ခရိတ် ကိုယ်တိုင် ရာသီမရွေး လေယာဉ်ငယ်များ ဆင်းနိုင်အောင် ဖန်တီးပြုလုပ်ထားသော လေယာဉ်ကွင်းငယ်အကြမ်းဖြစ်လေသည်။ ခရိတ်က လာစောင့်ကြိုနေရာ ဆယ်လီ လေယာဉ်ပေါ်မှ ဆင်းလိုက်သည်ကို မြင်သည်နှင့် သူမသည် တစ်စုံတစ်ခုအတွက် ဒေါသထွက်နေပုံရကြောင်း ချက်ချင်း အကဲခတ်မိလေသည်။

"ဟေး ... ဆယ်လီ၊ ဘာဖြစ်နေတာလဲကွ။ ဘာများ အလိုမကျ ဖြစ်နေတာလဲ"

ခရိတ် က မေးလိုက်ရာ ဆယ်လီက အကြောင်းကို ပြောပြလေသည်။

"ရှင့်ရဲ့ တောတွင်းစခန်းလုပ်ထားတဲ့နေရာမှာ ကြံ့ကြီးနှစ်ကောင် သေနေပြီရှင့်၊ ကျွန်မ လေယာဉ်ပေါ်က မြင်လိုက် ရတယ်"

"ဘယ်နေရာ မှာလဲ"

"ဟိုဘက်နားက လှိုဏ်မြောင်တစ်ခုနားမှာ။ အဲဒါ ဇကွန္တ မှောင်ခိုတိရစ္ဆာန် ခိုးသတ်တဲ့ဂိုဏ်း လက်ချက်ပဲ ဖြစ်ရမယ်။ ကြံ့ကြီးနှစ်ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ကိုက်ငါးဆယ်အကွာမှာ သေနေတယ်။ ကျွန်မလည်း လေယာဉ်ကို ခပ်နိမ့်နိမ့်ပျံပြီး ကြည့်လိုက်တော့ ကြံ့ချို့တွေကို ဖြတ်ထားတာ သတိပြုမိတယ်"

"ကျုပ်တို့က ချာလီနဲ့ လေဒီဒီးတို့ နာမည်ပေးထားတဲ့ ကြံ့ဖိုမ စုံတွဲများ ဖြစ်နေမလား"

စောစောပိုင်းက ဆယ်လီသည် ထိုဒေသရှိတောများကို လေယာဉ်ဖြင့် ပျံသန်းရင်း လေ့လာကြည့်စဉ် တိုးရစ္စစခန်းပြုလုပ်မည့် မြေဇရိယာအတွင်း ကြံ့နှစ်ဆယ့်ခုနှစ်ကောင်တိတိရှိကြောင်း တွေ့ရှိမှတ်သားခဲ့သည်။ ထိုကြံ့များကို ခရိတ်နှင့်ဆယ်လီတို့က တစ်ကောင်ချင်းနာမည်ပေးခဲ့စဉ် ကြံ့ထီးနှင့် ကြံ့မ တစ်စုံကို ချာလီနှင့် လေဒီဒီး ဟု နာမည်ပေးခဲ့ကြသည်။

ထိုကြံ့နှစ်ကောင်လုံးတွင် အလွန်လှပသော ဦးချို့ကြီးများရှိကြသည်။ တိရစ္ဆာန် ခိုးသတ်သူများအဖို့ ထိုကြံ့ချို့များကို ရောင်းချပါက တစ်ချောင်းလျှင်အနည်းဆုံး ဒေါ်လာငွေတစ်သောင်းစီ ရနိုင်ရန် သေချာပေသည်။

"ဟုတ်မယ်ရှင့်၊ ကျွန်မ လေယာဉ်ပေါ်က ကြည့်ရသလောက် အဲဒီ ကြံ့ကြီးစုံတွဲပဲ ဖြစ်မယ်လို့ ထင်တယ်"

"ဒါဖြင့် ကျုပ်တို့ သွားကြည့်ဦးမှ ထင်တယ်"

"ကြံ့တွေသေတဲ့နေရာကို ရှင့် လင်းရိုနာကားနဲ့တော့ သွားလို့ မရဘူးရှင့်၊ ဒါပေမဲ့ ကျွန်မရဲ့ လေယာဉ်နဲ့ အဲဒီနေရာနဲ့ မလှမ်းမကမ်းမှာ ဆင်းလို့ရမယ်ထင်တယ်။ မလှမ်းမကမ်းမှာ မြေကွက်လပ် ခပ်ကျယ်ကျယ် တစ်ခုရှိတယ်။ ကွက်လပ်ဆိုရင် ကြံ့ကြီးတွေရှိတဲ့နေရာကို တစ်မိုင်တောင် မဝေးဘူး"

"အိုကေ၊ ဒါဖြင့် သွားကြည့်ကြမယ်"

ပြောပြောဆိုဆို ခရိတ်သည် သူ၏လင်းရိုဗာကားပေါ်မှ ရိုင်ဖယ်သေနတ်ကိုဆွဲယူလိုက်သည်။ ကြံ့ကြီးနှစ်ကောင်ကို သတ်ထားသောနေရာမှာ ခရိတ် ဝယ်ယူထားသော မြေယာ၏ အလွန်ချောင်ကျသော

အစွန်ဆုံး နေရာ ဖြစ်လေသည်။ ဆယ်လီသည် ထိုနေရာမှ မလှမ်းမကမ်းရှိ မြေကွက်လပ်တစ်ခုတွင် လေယာဉ်ကိုဆင်းသက်ရန်ကြိုးစားရာ ပထမအကြိမ်တွင် ဆင်း၍မဖြစ်သောကြောင့် ဆက်ပျံသွားပြီး လေယာဉ်ကိုပြန်ကွေ့ကာ နောက်တစ်ခေါက် ခပ်နိမ့်နိမ့်ပျံလျက် ချဉ်းကပ်ပြီးမှ ချောမောစွာ ဆင်းနိုင်လေသည်။ သူမသည် လေယာဉ်မောင်း အထူးကျင်လည်၍လည်း သစ်ပင်တောအုပ်တွေကြားမှ ရှောင်တိမ်းမောင်းနှင်လျက် ဆင်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထိုနေရာသို့ ချဉ်းကပ်မိသောအခါ ကောင်းကင်တွင် လင်းတဂက်များ ပျံဝဲနေသည်ကို သတိပြုမိကြလေသည်။ လင်းတတို့ ထုံးစံအတိုင်း မြေပြင်တွင် ကြံ့သေကောင်များကိုမြင်၍ စားရန် ပျံဝဲနေခြင်း ဖြစ်လေသည်။ ဆယ်လီနှင့် ခရိတ်တို့သည် ဆက်လျှောက်သွားစဉ် ခွေးရိုင်းတစ်အုပ်သည် လူသံကြားသဖြင့် လျင်မြန်စွာထွက်ပြေး သွားကြလေသည်။ တောခွေးရိုင်းများက ကြံ့သေကောင်မှ အသားများစတင် စားသောက်နေကြဟန် တူလေသည်။

အနီးသို့ရောက်၍ သေချာစွာကြည့်လိုက်သောအခါ ကြံ့ကြီးများသေနေသည်မှာ အနည်းဆုံး ရက်သတ္တတစ်ပတ်ခန့်ရှိသွားပြီဟု ခန့်မှန်း၍ရလေသည်။ ပတ်ဝန်းကျင်မြေကြီးပေါ်တွင် လင်းတခွေးများလည်း တွေ့ရသည်။ လေယာဉ်ပေါ်မှ ဆယ်လီမြင်ခဲ့သည့်အတိုင်း ကြံ့ကြီးနှစ်ကောင်မှ ဦးချိုများ ဖြတ်ယူသွားပြီးဖြစ်ကြောင်း တွေ့ရလေသည်။ ခရိတ်သည် ကြံသေကောင်များကိုကြည့်ပြီး ပြင်းစွာ ဒေါသထွက်မိလေသည်။
"ကြံ့ကြီးတွေကို သတ်တဲ့လူသာ တွေ့ရင်တော့ ကျုပ်က သူတို့ကို သတ်ပစ်မှာပဲ"

ခရိတ်က ကြုံးဝါးပြောလိုက်ရာ ဆယ်လီမှာ ကြောက်လန့်ဟန်နှင့် မျက်နှာကလေး ဖြူဖပ်ဖြူရော်ဖြစ်နေ ရှာသည်။

"ဟုတ်ပါရဲ့ရှင်၊ အလွန်ရက်စက် ယုတ်မာတဲ့လူတွေပါပဲ"

ဆယ်လီကပြောပြီးနောက် နှစ်ယောက်သား သေနေသော ကြံ့မကြီးအနီးသို့ ချဉ်းကပ်သွားကြလေသည်။ ကြံ့မကြီးမှာ ဝမ်းဗိုက်အတွင်း၌ သားငယ်သန္ဓေတည်နေပြီဖြစ်၍ တောခွေးရိုင်းများက ဝမ်းဗိုက်ကိုဖောက်ကိုက်ကာ သန္ဓေသားကို ထုတ်ယူ စားသောက်လိုက်ကြပြီဖြစ်ကြောင်း အရိပ်လက္ခဏာများ တွေ့ရ လေသည်။

"သနားစရာ ကောင်းလိုက်တာရှင်"

ဆယ်လီက စိတ်မကောင်းဟန်ဖြင့် မှတ်ချက်ချလိုက်သည်။

"ကိုင်း ... ဒီမှာ ကျုပ်တို့ ဘာမှ လုပ်စရာမရှိတော့ဘူး။ သွားကြစို့"

ခရိတ်က ပြောရင်း ဆယ်လီ၏ လက်မောင်းကို အသာဆုပ်ကိုင်လျက် ခေါ်သွားလေသည်။

(၁၄)

ရဲဘော်လွတ်ကောက်အမည်ခံ မာတာဘယ်လီ တိုင်းရင်းသား ပြောက်ကျားနှင့်တွေ့ဆုံရန် ကြိုတင် သတ်မှတ်ထားသည့်နေရာမှ ခရိတ်နှင့် ဆယ်လီတို့သည် မြစ်ကမ်းရှိရာဘက်သို့ လှမ်းမျှော်ကြည့် နေကြသည်။

ထိုနေ့ မွန်းလွဲချိန်သာသာတွင် ခရိတ်သည် ရဲဘော်လွတ်ကောက်နှင့် ညှိနှိုင်း စီစဉ်ထားသည့် အတိုင်း သစ်ရွက်စိမ်း အနည်းငယ်ကို မီးရှို့၍ အချက်ပြခဲ့သည်။ မီးခိုးများကို ရဲဘော်လွတ်ကောက်တို့ မြင်နိုင် ရန်အတွက် မကြာခဏ သစ်ရွက်အသစ်များ မီးပုံထဲသို့ဖြည့်တင်းထည့်ပေးခဲ့လေသည်။ ယခု ညနေ စောင်းလာပြီဖြစ်၍ ကောင်းကင်တွင် အပြာနှင့် ခရမ်းသွေးရောင်များ သမ်းလျက်ရှိပြီး ညနေခင်း ၏ လေကလည်းအေးလာသဖြင့် ဆယ်လီသည် ချမ်းနေပုံရသည်။

"တော်တော် ချမ်းနေသလားကွဲ့" သူမက မေးလိုက်ရာ ဆယ်လီက ခေါင်းညိတ်ပြလေသည်။

"ချမ်းလည်းချမ်းတယ်။ စိတ်လည်း မကောင်းဘူး"

သူမက ဝမ်းနည်းသည့်ဟန်ဖြင့် ပြောရှာသည်။ ခရိတ်လည်း ကရုဏာသက်သွားမိလျက် ဆယ်လီ၏ ပခုံးတစ်ဖက်ကို ယုယစွာဖက်ထားလိုက်သည်။ သူမသည် ရုန်းမထွက်ဘဲ အနွေးဓာတ်ကို ရယူလို ဟန်ဖြင့် ခရိတ်၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ ဤတွင်ခရိတ်သည် စိတ်ထဲမှကြည်နူးပီတိ ဖြစ်သွား မိသည်။

"အို ... ကူဖီလာ၊ သင့်အား ကျွန်ုပ် နှုတ်ဆက်ပါ၏။ သင်သည် ကျွန်ုပ်အား အချက်ပေး၍ ခေါ်ယူ လိုက်သည် မဟုတ်ပါလော"

မာတာဘယ်လီ တိုင်းရင်းသား ဘာသာဖြင့် ပြောသံ ရုတ်တရက် ပေါ်ထွက်လာသဖြင့် ခရိတ်တို့သည် အံ့အားသင့်သွားမိသည်။ ဆယ်လီသည် ရှက်ကိုးရှက်ကန်းဖြင့် ခရိတ်အနီးမှခွာထွက်လိုက်လေသည်။ ရဲဘော်လွတ်ကောက်ခေါ် မာတာဘယ်လီ တိုင်းရင်းသား ပြောက်ကျားသည် သစ်ရွက်များမီးရှို့ထား

သည့် မီးပုံအနီးသို့ ရောက်နေလေသည်။ သူ၏လျှပ်ရှားပုံက အလွန်ပိရိလှသဖြင့် သူလာသည့် ခြေသံကိုပင် ခရိတ်တို့ မကြားလိုက်မိချေ။

"အို ... ရဲဘော်လွတ်ကောက်၊ ကျွန်ုပ်နယ်မြေအတွင်းမှ ကြံ့ကြီးနှစ်ကောင်ကို သတ်ဖြတ်ပြီး ဥစ္စာများ ဖြတ်ယူသွားကြချိန်က သင်သည် ဘယ်ရောက် နေပါသနည်း။ ကျွန်ုပ်ပိုင် နယ်မြေနှင့် တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိဝန်ခံချက်ပေးခဲ့သူ သင်သည် အဘယ်အရပ်သို့ရောက် နေလေသနည်း"
ခရိတ်က မာတာဘယ်လီ ဘာသာစကားဖြင့် ခပ်ထန်ထန် မေးလိုက်သည်။

ရဲဘော်လွတ်ကောက်သည် ချက်ချင်း ပြန်မဖြေဘဲ ခေတ္တ စဉ်းစားနေပြီးမှ

"ယခု ဖြစ်ပွားခဲ့သည်မှာ အဘယ်နေရာ ဘယ်အရပ်တွင် ဖြစ်ပါသနည်း"ဟု ပြန်မေးလေသည်။

ခရိတ်က ကြံ့သေများ တွေ့ရှိရာ နေရာအတိအကျကို ပြောပြလိုက်သည်။

"အို...ကူဖီလာ၊ ထိုနေရာသည် အလွန်ဝေးလှပါ၏။ ကျွန်ုပ်တို့၏စခန်းနှင့်လည်းအလွန်လှမ်း၏။ ကြံ့ကြီးနှစ်ကောင် အသတ်ခံရခြင်းကို ကျွန်ုပ်မသိလိုက်ပါ။ သို့သော် မစိုးရိမ်ပါလင့်၊ သတ်သွားသူများကို ကျွန်ုပ်တို့ရအောင် စုံစမ်းပါမည်။ သူတို့နောက်သို့ ကျွန်ုပ်တို့ ခြေရာခံလိုက်၍ရှာလျှင်မုချတွေ့ပါမည်"
ရဲဘော်လွတ်ကောက်က တည်ကြည်လေးနက်သောလေသံဖြင့်ပြန်ပြောရာ ခရိတ်ကလည်း

"ကောင်းပါပြီ၊ ကျွန်ုပ်တို့ အထူးသိလိုသည်မှာ ကြံ့ချို့များကို ငွေပေးဝယ်သူ မည်သူမည်ဝါဖြစ်ကြောင်း ကျွန်ုပ်တို့သိလိုသည်။ ထိုလူ၏နာမည်ကို တိကျစွာစုံစမ်းခဲ့ပါလော့"ဟု အမိန့်ပေးလိုက်သည်။

"ကောင်းပါပြီ ကူဖီလာ။ ကြံ့ချို့များ ဝယ်ယူသူ၏အမည်ကို ကျွန်ုပ်တို့ ဆက်ဆက်လာပြောပါမည်။ ဤနေရာမှ မီးပုံရှို့ ၍ အချက်ပြ အကြောင်းကြားပါမည်။

နောက်ဆယ့်နှစ်ရက်ကြာသောအခါ ခရိတ်သည် အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရင်း ရဲဘော်လွတ်ကောက်က သစ်ရွက်သစ်စိမ်းများ မီးရှို့အချက်ပေးသည်ကို မြင်ရလေသည်။ ဆယ်လီသည် ကမ္ဘာ့တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ချုပ်မှ ညွှန်ကြားရေးမှူးတစ်ဦး ဟာရာရေမြို့သို့ လာရောက်ရန်ရှိသဖြင့် ခရီးဦးကြိုပြုရန် လွန်ခဲ့သော သုံးရက်ခန့်ကပင် စခန်းမှ ထွက်ခွာသွားပြီဖြစ်၍ ခရိတ်တစ်ယောက်တည်း သတင်းရလျှင်ရချင်း သူမထံသို့တယ်လီဖုန်းဆက်ရန် ဆယ်လီက မှာသွားသည်။ ခရိတ်သည် ချိန်းဆိုထားသော တောင်ကုန်းငယ်ဆီသို့ သွားလိုက်သောအခါ သစ်ရွက်စိမ်းများ

မီးပုံရှို့ထားသည်ကို တွေ့ရသော်လည်း ရဲဘော်လွတ်ကောက်၏ အရိပ်အယောင်ကိုမူ လုံးဝမတွေ့ရ ချေ။ ခရိတ်လည်း စိတ်ရှည်ရှည်ဖြင့် ရပ်စောင့်နေရာ ဆယ်မိနစ်ခန့် ကြာသွားတော့မှ ရဲဘော် လွတ်ကောက်၏ အသံကို ကြားရလေသည်။ သူသည် ထုံးစံအတိုင်း ခြေသံမကြားအောင် ချဉ်းကပ် လာပြီး မောင်းပြန်သေနတ်ကိုလည်း အသင့်ကိုင်ထားလေသည်။

"အို ... ကူဖီလာ၊ သင်၏နောက်မှ တစ်စုံတစ်ယောက် ခြေရာခံ လိုက်ခဲ့ခြင်းရှိမရှိ သတိထားကြည့်ခဲ့ ပါ၏လော။ သင်တို့ ကျွန်ုပ်တို့အနေဖြင့် အထူးသတိကြီးစွာထားရန် အလွန်လိုအပ်ပါ၏"

လွတ်ကောက် က ပြောလျှင် ခရိတ်က "ကျွန်ုပ်၏ကြံ့ကြီးများကို သတ်ဖြတ်သူကို တွေ့ခဲ့ပါ၏လော" ဟု မေးလိုက်သည်။

"အသင်သည် ကျွန်ုပ်အတွက် ငွေကို ယူခဲ့ပါ၏လော"

ရဲဘော် လွတ်ကောက်က ပြန်မေးရာ ခရိတ်သည် အင်္ကျီအိတ်ထဲမှ စာအိတ်ထူထူတစ်အိတ်ကို ဆွဲ ထုတ်လိုက် သည်။

"ကျွန်ုပ် ငွေကိုအသင့်ယူဆောင်လာခဲ့ပါသည်။ တိရစ္ဆာန်ခိုးသတ်သူများကို သင်တို့ရှာတွေ့ပါ၏လော" ထိုအခါ ရဲဘော်လွတ်ကောက်သည် မေးခွန်းကို မဖြေသေးဘဲ ခရိတ်အား ကျီစယ်သလိုသဘောဖြင့် "စီးကရက် ပါလျှင် သောက်လိုပါသည်"ဟု ပြောပြန်သည်။

ခရိတ်က အသင့်ပါလာသောစီးကရက်တစ်ဘူးထုတ်ပေးလိုက်ရာရဲဘော်လွတ်ကောက်သည်ချက်ချင်း စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာလေသည်။

"စီးကရက် သည် သောက်၍ အလွန်ကောင်းလေစွ"

"ကျွန်ုပ်၏ မေးခွန်းကို ဖြေကြားပါလော့"

ခရိတ်က ထပ်မံ၍ မေးလိုက်တော့မှ ရဲဘော်လွတ်ကောက်သည် သူတို့စုံစမ်း သိရှိရချက်ကို ပြောပြ လေသည်။

"ကျွန်ုပ်တို့သည် ကြံ့များသတ်ပစ်ထားရာ နေရာမှဂရုစိုက်၍ ခြေရာခံလိုက်ကြည့်ခဲ့ပါသည်။ လူ သုံးယောက်၏ ခြေရာများကိုတွေ့ရပါသည်။ သူတို့သည် ခြေရာများကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားခဲ့ သော်လည်း ကျွန်ုပ်တို့ရအောင်ကြံဖန်ခြေရာခံလိုက်နိုင်ခဲ့ပါသည်။ ထိုလူများ၏ ကျေးရွာက ဤနေရာမှ သုံးရက်ခရီး သွားရသည့်နေရာ ဖြစ်ပါသည်။ ယင်းလူမျိုးတို့သည် ဇမ်ဘေဇီ မြစ်ရိုးတစ်လျှောက်

တောင်ကြားဒေသများတွင်နေထိုင်ကြသူများဖြစ်ပါသည်။ ထိုလူသုံးဦးတွင် ကြံ့ဦးချို့ကြီးများ လက်ဝယ်ရှိနေသေးပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘာတွန်ကာလူမျိုးသုံးဦးအား ကျွန်ုပ်တို့နယ်မြေ တောထဲသို့ ခေါ်သွားပြီး အချိန်ကြာမြင့်စွာ စကားပြောခဲ့ကြပါသည်"

ခရိတ်သည် နားထောင်နေရင်း ကျောချမ်းသွားမိလေသည်။ ရဲဘော်လွတ်ကောက်တို့လို မာတာဘယ်လီ တိုင်းရင်းသားပြောက်ကျားတို့က တောထဲခေါ်သွားပြီး စကားပြောခဲ့သည်ဟုဆိုခြင်းမှာ စကားကိုလှအောင် ယဉ်ကျေးစွာ ပြောလိုက်ခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် ကြံ့ဦးချို့များ လက်ဝယ်ရှိသူ ဘာတွန်ကာ တိုင်းရင်းသားသုံးဦးအား လွတ်ကောက်တို့အဖွဲ့က ဖမ်းဆီးသွားပြီး စစ်ဆေးကြခြင်း ဖြစ်သည်။ စစ်ဆေးရာ၌ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးမေးမြန်းလေ့ရှိသော မာတာဘယ်လီ တိုင်းရင်းသားတို့အကြောင်း၊ ခရိတ် ကောင်းစွာသိထား၍ ကျောချမ်းသွားမိခြင်း ဖြစ်လေသည်။ ဤသို့ စဉ်းစားမိပြီးနောက် ခရိတ်က ရဲဘော်လွတ်ကောက်အား မေးခွန်းထုတ်လေသည်။

"သူတို့က မည်သို့ ပြောပါသနည်း"

"သူတို့ ပြောပြချက်အရ မြို့ပေါ်မှ လူတစ်ယောက်ရှိကြောင်း သိရပါတယ်။ ထိုလူသည် မျက်နှာဖြူလူမျိုးများကဲ့သို့ ဝတ်စားဆင်ယင်ပြီး ကိုယ်တိုင်မော်တော်ကားကို မောင်းနှင်းသွားလာတတ် သည်ဟုဆိုပါသည်။ ကြံ့ဦးချို့များ၊ ကျားသစ်ရေများ၊ ဆင်စွယ်များကို လိုက်လံဝယ်ယူပြီး ဈေးနှုန်းကိုလည်း အဆမတန် များများပေးဝယ်တတ်သည်ဟု ပြောပါသည်"

"ကောင်းပါပြီ၊ ဘာတွန်ကာ လူမျိုးသုံးဦးက ထိုလူနှင့်မည်သည့်နေရာ မည်သည့်အချိန်အခါ တွေ့ဆုံမည်နည်း"

"ထိုလူသည် တစ်လတစ်ကြိမ် လပြည့်နေ့တိုင်း လာလေ့ရှိသည်ဟု ဆိုပါသည်။ တူတီ သာသနာပြုမစ်ရှင်ကျောင်းမှ ရှန်ဂါနီမြစ်ဘက်သို့သွားသည့်လမ်းအတိုင်း မော်တော်ကားမောင်း၍လာစဉ် ဘာတွန်ကာ သုံးဦးတို့က ထိုလမ်းတစ်နေရာမှ စောင့်ကြည့်ရမည်ဟု ပြောပါသည်"

ခရိတ် သည် ခေတ္တစဉ်းစားကြည့်ပြီးနောက် သူ၏ဆန္ဒကို ပြောလေသည်။

"အို ရဲဘော်လွတ်ကောက်၊ ထိုသူသုံးဦးအား ဤသို့ ပြောပါလော့။ သူတို့သည် ရှေ့လာမည့် လပြည့်နေ့ညတွင် မူလက စီစဉ်ထားသည့်အတိုင်း ကြံ့ချို့များနှင့်တကွ ကားလမ်းဘေးတွင် စောင့်နေပါစေ

လော့"
"အို ကူဖီလာ၊ ဤသို့ စီစဉ်ခြင်းငှာ မဖြစ်နိုင်ပါ"

"အဘယ်ကြောင့်နည်း
"ထိုသူ သုံးဦးစလုံးသည် သေဆုံးကြကုန်ပြီ ဖြစ်ပါသည်"

"သုံးဦးစလုံး သေပြီလော"

ခရိတ် က အံ့အားသင့်စွာ မေးလိုက်ရာ ရဲဘော်လွတ်ကောက်က

"မှန်ပါ၏။ သုံးဦးစလုံး သေဆုံးကုန်ကြပါပြီ"

ဤသို့ပြောလိုက်စဉ် ရဲဘော်လွတ်ကောက်၏ မျက်လုံးများသည် သွေးအေးအေးဖြင့် ရက်စက်ကြမ်းကြုတ်သူတစ်ဦး၏ အသွင်ဆောင်နေသည်ကို ခရိတ်က သတိပြုမိလေသည်။ နောက်ထပ်မေးခွန်းကို ဆက်မေးရန်ခရိတ်သည်ဝန်လေးသလို ဖြစ်နေမိသည်။ သူကိုယ်တိုင်က မာတာဘယ်လီ ပျောက်ကျားများအား ကြံခိုးသတ်သူများနောက်သို့ လိုက်ရန်စေခိုင်းလိုက်ခြင်းမှာ အမဲလိုက်ခွေးတစ်အုပ်ကို သားကောင်နောက်သို့ လိုက်ခိုင်းလိုက်ခြင်းနှင့် တူနေပါတကားဟု တွေးမိပြီး၊ မိမိကြောင့် တိရွစ္ဆာန်ခိုးသတ်သူသုံးဦး သေဆုံးရလေပြီဟု တွေးတောကာ ရှက်သလို စိတ်မကောင်းသလို ဖြစ်မိလေသည်။ ဤတွင် ရဲဘော်လွတ်ကောက်က စကားဆက်ပြောလေသည်။

"အို ... ကူဖီလာ၊ စိုးရိမ်ကြောင့်ကြခြင်း၊ မဖြစ်ပါနှင့်၊ ကျွန်ုပ်တို့က သင့်အတွက် ဦးချို့များကို ယူဆောင်လာခဲ့ပါသည်။ သေဆုံးသူ သုံးဦးကလည်း အောက်တန်းကျသော ဘာတွန်ကာလူမျိုးများသာ ဖြစ်၍ မည်သို့ မှ စိတ်မကောင်းဖြစ်ရန် မလိုပါ"

ခရိတ်လည်း မည်သို့မှမတတ်သာတော့သဖြင့် ကြံ့ခိုင်များကိုလက်ခံယူကာ သူ၏ လင်းရိုဗာကားဆီသို့ ပြန်လာခဲ့ရလေသည်။ ဝန်ကြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ စားပွဲပေါ်တွင် ကြံ့ခိုင်ကြီးလေးချောင်း ရောက်ရှိနေပြီဖြစ်သည်။ ခိုင်လေးချောင်းဆိုသည်မှာကြံ့၏ရှေ့ခိုင်အရှည်နှစ်ချောင်းနှင့် နောက်ခိုင်အတိုနှစ်ချောင်းတို့ပင် ဖြစ်သည်။

"ကြံ့ခိုင်ဟာ အသက်ကြီးသူတွေ အရွယ်ငယ်မူပြန်ပြီးအားရှိစေဖို့ အားဆေးဖော်ရာမှာ အလွန်အစွမ်းထက်တယ်လို့ ဆိုတာပဲဗျ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာ က ကြံ့ချိုတစ်ချောင်းကို လက်ဖြင့် အသာစမ်းကြည့်ရင်း ပြောလိုက်ရာ ခရိတ်က ထိုစကား ကို လက်မခံချင်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

"ဒါက လူတွေ့ရဲ့ ယူဆချက်သာ ဖြစ်ပါတယ်။ တကယ် မဟုတ်ပါဘူး။ သိပ္ပံပညာရှင်တွေက ကြံ့ချို ကို ဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲစမ်းကြည့်ပြီးပါပြီ။ သက်ကြီးရွယ်အိုတွေအတွက် ခွန်အားဖြစ်စေတဲ့ ဓာတ် သတ္တုရယ် လို့ လုံးဝမပါကြောင်း တွေ့ရှိရပါတယ်"

ခရိတ်က ပြောလိုက်ပြီးနောက် ဆယ်လီက

"ကြံ့ချိုကို အားတိုးဆေးအဖြစ် ယုံယုံကြည်ကြည် အသုံးပြုကြတာတော့ တရုတ်လူမျိုးတွေပဲရှင့်။ သူတို့က ကြံ့ချိုကို ညက်နေအောင် အမှုန့်ကြိတ်ပြီး ဆေးဖော်စားလေ့ရှိတယ်။ သူတို့အနေနဲ့ စိတ်က သိပ်ယုံကြည်နေတော့ စွမ်းချင်လည်းစွမ်းမှာ" ဟု ပြောလေသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ လောလောဆယ်မှာတော့ ကြံ့ချိုက အလွန်ဈေးကောင်းနေတယ်။ အာရုပ် ရေနံ သူဌေးတွေကဆိုရင် ကြံ့ချိုနဲ့ လုပ်ထားတဲ့ ဓားမြှောင်တစ်လက်ကို တရုတ်အဘိုးကြီးတွေ ပေးထား တာထက် အများကြီးပိုပြီး ဈေးပေးမှာသေချာတယ်"

ခရိတ်က ထောက်ပြလိုက်သည်။ တစ်ဖန် သူကပင် ဆက်လက်၍ ...

"ကြံ့ချိုဈေး ကောင်းတာက အရေးမကြီးဘူး။ အခုဆိုရင် ကျုပ်ရဲ့ ဇမ်ဘောဇီမြစ်ရေများ အပန်းဖြေ စခန်းလုပ်မယ့်နေရာက ကြံ့ကြီးနှစ်ကောင်လျော့သွားပြီး နောက်ထပ်ကြာရင် ဘယ်နှကောင် အသတ် ခံရမလဲမပြောတတ်ဘူး"ဟု ပြောလိုက်သည်။

ဝန်ကြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ထိုင်ရာမှထပြီး ခရိတ်နှင့် ဆယ်လီတို့၏ ရှေ့တည့်တည့်တွင် ရပ် လိုက်သည်။
"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ် ကိုယ်တိုင်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ သီးခြား စုံစမ်းထောက်လှမ်း ကြည့်ပါတယ်။ ဒီလို စုံစမ်း ထောက်လှမ်းကြည့်ချက်အရ ဆယ်လီကောက်ချက်ချသလိုပဲ ဖြစ်လိမ့် မယ်လို့ ယူဆရတယ်။ အလွန် စနစ်တကျ စည်းရုံးဖွဲ့စည်းထားတဲ့ မှောင်ခို တိရွစ္ဆာန်သတ်ဂိုဏ်းကြီး တစ်ခုရှိနေပြီဆိုတာတော့ သေချာတယ်။ တောရိုင်းတိရွစ္ဆာန်တွေပေါတဲ့နယ်မြေတွေက တိုင်းရင်း သားတွေကို ငွေကြေးနဲ့ဖြားယောင်းပြီး တိရွစ္ဆာန်တွေ ခိုးသတ်ခိုင်းနေတယ်ဆိုတာလည်း ကျုပ်တို့ သတင်းရတယ်။

ဒေသခံတိုင်းရင်းသားတွေက တိရွစ္ဆာန်တွေကို ခိုးသတ်ဖြတ်လို့ရတဲ့ ဦးချို၊ သားရေ၊ ဆင်စွယ်တွေကို ကြားပွဲစားတွေက ဈေးကောင်းပေးပြီး ဝယ်ယူနေကြတယ်။ ကြားပွဲစားဆိုတာကလည်း အပြင်လူက နည်းပြီး ဌာနဆိုင်ရာ ဝန်ထမ်းငယ်တွေက များတယ်။ တောရိုင်းတိရွစ္ဆာန်များ ကာကွယ်ရေးဌာနက ဝန်ထမ်းငယ်တွေဆိုပါတော့။ ပွဲစားတွေက ဝယ်ယူရရှိတဲ့ ဆင်စွယ်၊ သားရေ၊ ဦးချိုတွေကို လုံခြုံတဲ့ တစ်နေရာမှာ ဗုဒ္ဓထားလိုက်ပြီး အတော်များများ စုဆောင်းမိပြီဆိုတော့မှ အားလုံးကို တစ်ချီတည်း ပြည်ပ ကို ခိုးထုတ်ယူတတ်တယ်လို့လည်း သိရတယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စကားကို ခေတ္တဖြတ်လိုက်ပြီး တစ်စုံတစ်ခု လေးလေးနက်နက် စဉ်းစားဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် စကြံ်လျှောက်လျက် ဆက်ပြောလေသည်။

"သူတို့ လုပ်လေ့ရှိတာက မှောင်ခိုကြံ့ချိုနဲ့ဆင်စွယ်တွေကို အဲယားဇင်ဘာတွေ လေကြောင်း ပို့ဆောင်ရေးကုမ္ပဏီရဲ့ လေယာဉ်နဲ့ တန်ဇန်နီယာနိုင်ငံ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်တဲ့ ဒါအေဆာလမ်မြို့ကို တင်ပို့တတ်တယ်။ ဟိုရောက်တော့ ဘာဆက်လုပ်တယ်ဆိုတာ ကျုပ်တို့ မသိသေးပေမယ့် အဲဒီဆိပ်ကမ်းမြို့မှာ အသင့်ရှိနေတဲ့ ဆိုဗီယက်သို့မဟုတ်တရုတ်ကုန်သည်ကြီး တစ်စင်းစင်းပေါ်တင်ပြီး သယ်ဆောင်သွားတာဖြစ်ဖို့ များတယ်"

ထိုစကားကို ဆယ်လီက ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ရှင့်၊ ဆိုဗီယက်တွေဆိုတာက တောရိုင်းတိရွစ္ဆာန်တွေ မျိုးဆက်မပြတ်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို လုံးဝဂရုစိုက်တာ မဟုတ်ဘူး။ သူတို့ကိုယ်တိုင်က နိုင်ငံခြားငွေရရှိရေးအတွက် သားမွေးအကျီ်လုပ်ဖို့ သတ္တဝါတွေ အစုလိုက် အပြုံလိုက် သတ်တာတို့၊ ပင်လယ်က ဝေလငါးကြီးတွေ အဆက်မပြတ် လိုက်ဖမ်းသတ်တာတို့ လုပ်နေကြတယ် မဟုတ်လား"

ဤတွင် ခရိတ်သည် တစ်စုံတစ်ရာ စဉ်းစာမိသဖြင့်

"ဒါထက် ဗိုလ်ချုပ်ခင်ဗျား၊ အဲယားဇင်ဘာတွေလေကြောင်း ပို့ဆောင်ရေးဌာနက ဘယ်ဝန်ကြီးဌာနလက်အောက်မှာ ရှိပါသလဲ"ဟု မေးလိုက်သည်။

"လေကြောင်းပို့ဆောင်ရေးဌာနက ဝန်ကြီးတွန်ဂါတာရဲ့ တိုးရစ္စခရီးသွားလာရေး ဝန်ကြီးဌာနလက်အောက်မှာ ရှိပါတယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ဖြေလိုက်ချိန်တွင် အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြလေသည်။ ဖွန်ဂါဘီရာက စကားဆက်ပြောပြန်သည်။

"ကျုပ်တို့ စုံစမ်းထောက်လှမ်းလို့ သိရှိထားတာကို ဆက်ပြောပါမယ်။ တိရွစ္ဆာန်တွေ ခိုးသတ်ပြီး ရရှိတဲ့ ဆင်စွယ်တွေ၊ ကြံ့ချိုတွေကို ဟာရာရေမြို့တော်ကို တစ်နေ့တည်း တစ်ချိန်တည်း ရောက်လာအောင် လှုံ့ဆော်သယ်ယူလာတတ်တယ်။ ဒါကနိုင်ငံခြားကို ခိုးထုတ်ဖို့ အစီအစဉ် ကြိုတင်လုပ်ပြီးရင်လုပ်လေ့ရှိတဲ့နည်းပါပဲ။ အဲဒီပစ္စည်းတွေ ရောက်လာတာနဲ့ ဘယ်နေရာမှာမှ သိုလှောင်မထားဘဲ တိုက်ရိုက်လေယာဉ်ပေါ်တင်ပြီး ချက်ချင်း ထုတ်သွားလေ့ရှိတယ်"

"ဒါမျိုးကို မကြာခဏ လုပ်တတ်ပါသလား။ တစ်လ ဘယ်နကြိမ်လောက် ဖြစ်တတ်သလဲ"

ခရိတ်က သူ သိလိုသောအချက်ကို မေးလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အခန်းထောင့်တစ်နေရာတွင် ရပ်နေသော သူ၏တပည့်အား လှမ်းကြည့်လိုက်သည်။ ခရိတ်၏မေးခွန်းကိုဖြေရန် အချက်ပေးသည့် အနေဖြင့် လှမ်းကြည့်လိုက်ခြင်းပင် ဖြစ်သည်။ ထိုတပည့်မှာ ဖွန်ဂါဘီရာ၏ လက်ရွေးစင်တပ်ဖွဲ့တတိယတပ်မဟာမှ ဗိုလ်ကြီး (ကက်ပတိန်) နီဘောဘီပင် ဖြစ်သည်။ နီဘောဘီသည် ဝန်ကြီး၏အချက်ပေးလိုက်ခြင်းကို နားလည်သဖြင့် ဖြေကြားလေသည်။

"ဒါက ရာသီဥတုအခြေအနေပေါ် တည်ပါတယ်။ မိုးရာသီဆိုရင် မြက်ပင်ကြီးတွေ ရှည်နေပြီး တောထဲမှ အမဲလိုက်လို့ အခြေအနေက မကောင်းတတ်ပါဘူး။ သို့သော်လည်း မိုးကုန်ပြီး ရာသီဥတုကောင်းလာတဲ့အခါတိရွစ္ဆာန်ခိုးသတ်ဂိုဏ်းတွေဟာ ပိုပြီးသွက်သွက်လက်လက်လှုပ်ရှားနိုင်ကြတယ်။ ဆင်စွယ်နဲ့ ကြံ့ချိုတွေကိုများများနဲ့ မြန်မြန်စုဆောင်းနိုင်ပြီး ပြည်ပကိုခဏခဏ ခိုးထုတ်နိုင်ကြပါတယ်။ လောလောဆယ် ကျွန်တော်တို့ ရရှိထားတဲ့ သတင်းတွေအရ လာမယ့်ရက်သတ္တပတ် အနည်းငယ်အတွင်း ဆင်စွယ်နဲ့ကြံ့ချိုတွေ ပြည်ပကိုခိုးထုတ်ဖို့ အသင့်ဖြစ်လာလိမ့်မယ်လို့ သိရပါတယ်"

ကက်ပတိန် နီဘောဘီက ပြောနေစဉ်မှာပင် ဗိုလ်ချုပ်ဖွန်ဂါဘီရာက ရုတ်တရက် ကြားဖြတ်လျက် ...

"ကျေးဇူးတင်ပါတယ် ကက်ပတိန်" ဟု ပြောလိုက်ပြီးနောက် သူကိုယ်တိုင် ခရိတ်အား ဆက်ပြောလေသည်။

"နောက်တစ်ခု ကျုပ်တို့ စုံစမ်းသိရှိရတာက ဆင်စွယ်နဲ့ ကြံ့ချိုတွေ ပြည်ပကို ထုတ်တဲ့အခါ တိရွစ္ဆာန်မှောင်ခိုသတ်ဂိုဏ်းကြီးရဲ့ ထိပ်သီးခေါင်းဆောင် ကိုယ်တိုင် ပါဝင်စီစဉ်လေ့ ရှိတယ်လို့ဆိုတယ်။ ဥပမာ မြေမြှုပ်ပုံးတွေရှိတဲ့နေရာဟောင်းထဲကိုဆင်အုပ်ကြီးမောင်းသွင်းပြီးသတ်ကြတုန်းကဂိုဏ်းခေါင်းဆောင်

ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲခဲ့တယ်လို့ဆိုတယ်။ အဲဒါ ဆယ်လီကိုယ်တိုင် မာတ်ပုံရိုက်ယူခဲ့တဲ့ မြင်ကွင်းတစ်ခုပါပဲ။ ကျုပ်တို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဟာ (ဘယ်သူဘယ်ဝါဆိုတာတော့မသိဘူး) စစ်တပ်ရဟတ်ယာဉ် တစ်စင်းနဲ့သွားခဲ့တယ်လို့ သိရတယ်။ နောက်ပြီး ဆင်စွယ်နဲ့ ကြံ့ချို့တွေ နိုင်ငံခြားကို တင်ပို့တုန်းက အဲဒီဝန်ကြီးကိုယ်တိုင် ရှိနေတယ်လို့ သိရတယ်"

"ဇကွန်၊ အဲဒီဝန်ကြီးက သူ့ဂိုဏ်းသားတပည့်တွေကို ရာနှုန်းပြည့် ယုံကြည် စိတ်ချမှုမရှိလို့ ဖြစ်ရမယ်"

ခရိတ်က သူ၏ထင်မြင်ချက်ကို ဝင်ပြောလိုက်သည်။

"ဒါတော့ သူ့ဂိုဏ်းသားတပည့်ဆိုသူတွေ အလွန်ရက်စက်ယုတ်မာတဲ့သူတွေဖြစ်နေတော့ခေါင်းဆောင်ကြီးကလည်း သူ့လူတွေကို စိတ်မချလို့ ဖြစ်မှာပေါ့"

ဆယ်လီက တိရွစ္ဆာန်မှောင်ခိုသတ်သူများအား အလွန်စက်ဆုပ်မုန်းတီးဟန်ဖြင့် ဝင်ပြောလိုက်သည်။ ဝန်ကြီးချုပ် ဖွန်ဂါဘီရာကမူ မည်သို့မှ စိတ်လှုပ်ရှားဖြစ်ဟန်မတူချေ။

"နောက်တစ်ကြိမ် ဆင်စွယ်နဲ့ ကြံ့ချို့တွေ ပြည်ပကို ခိုးထုတ်မယ်ဆိုရင် ကျုပ်တို့က ကြိုတင် သတင်းရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့လူတစ်ယောက်က မှောင်ခိုတိရွစ္ဆာန် ခိုးသတ်ဂိုဏ်းထဲကို ထိုးဖောက် ဝင်ရောက်နိုင်ခဲ့လို့ပါပဲ။ ကျုပ်တို့လူက အဲဒီဂိုဏ်းထဲမှာပါဝင်ပြီး ကျုပ်တို့ရဲ့ သူလျှို့အဖြစ်သတင်းတွေ ပေးနိုင်တယ်။ ဒီတော့ ကျုပ်တို့လုပ်မယ့် အစီအစဉ်က ကျုပ်တို့သင်္ကာမကင်းဖြစ်နေတဲ့လူရဲ့လှုပ်ရှားမှုကိုသတိထားစောင့်ကြည့်နေမယ်။ အထောက်အထားနဲ့တကွ ပိုင်တော့မှလက်ပူးလက်ကြပ်မိအောင် တစ်ချီတည်း ဖမ်းလိုက်မယ်။ ဒီလိုမှ ထိပ်သီးခေါင်းဆောင်ကို ဖမ်းမမိရင်တောင်မှ နိုင်ငံခြားခိုးထုတ်မယ့် ဆင်စွယ်နဲ့ကြံ့ချို့တွေကို လေဆိပ်မှာဖမ်းဆီးသိမ်းယူလိုက်ပြီး လူတွေကိုပါ ဖမ်းလိုက်မယ်။ဖမ်းမိတဲ့မှောင်ခိုဂိုဏ်းသားတစ်ယောက်ယောက်ကိုအစိုးရသက်သေဖြစ်လာအောင်စည်းရုံးလိုက်မယ်ဆိုရင် သူ့ဆီက ဂိုဏ်းရဲ့အတွင်းရေးသတင်းတွေ ဇကန်မုချသိရမှာပဲ"

ဖွန်ဂါဘီရာက ဤသို့ပြောနေစဉ် ခရိတ်သည်သူ၏မျက်နှာကိုအကဲခတ်ကြည့်နေမိရာ အလွန်စက်ဆုပ်မုန်းတီးစိတ် ဖြစ်ပေါ်နေသည့် အသွင်မျိုးရှိကြောင်း သတိပြုမိလေသည်။ မာတာဘယ်လီ လူမည်းပြောက်ကျား ရဲဘော်လွတ်ကောက်က ကြံ့ကြီးနှစ်ကောင်ခိုးသတ်သူ ဘာတွန်ကာလူမျိုးသုံးဦးသေဆုံးသွားပြီဖြစ်ကြောင်း သတင်းပို့စဉ်ကမျက်နှာထားမျိုး ဖြစ်လေသည်။ သို့ရာတွင် ဝိုလ်ချုပ် ဖွန်ဂါဘီရာ၏ မျက်နှာ၌ပေါ်လွင်လာသော စက်ဆုပ်မုန်းတီးသည့် စိတ်လှုပ်ရှားမှုသည် အခိုက်အတန့်မျှ

သာဖြစ်သည်။ ချက်ချင်းပင် ဖွန်ဂါဘီရာသည် မျက်နှာထား ပြန်ပြောင်းကာ သူ၏စားပွဲတွင် ပြန်ထိုင်ပြီး တည်ငြိမ်အေးဆေးစွာနှင့်ပင် စကားဆက်ပြောလေသည်။

"ကျုပ် ခင်ဗျားတို့ကိုပြောခဲ့ပြီးတဲ့အတိုင်း ကျုပ်တို့အနေနဲ့ လူတစ်ယောက်ကို ဖမ်းဆီးတော့မယ်ဆိုရင် ခိုင်လုံတဲ့ သက်သေအထောက်အထား ရှိမှဖြစ်မယ်။ လူသက်သေဆိုရင် ဘက်မလိုက်တဲ့ ကြားနေလူတစ်ယောက်ဖြစ်ဖို့လိုတယ်။ ဒါကြောင့်ကျုပ်တို့က မှောင်ခိုဂိဏ်းကို ဖမ်းဆီးတဲ့အခါ ခင်ဗျားတို့နှစ်ယောက်စလုံးက သက်သေအဖြစ်ပြင်ထားပါ။ နောက်ရက်သတ္တနှစ်ပတ်အတွင်း ခင်ဗျားတို့ တစ်နေရာသွားစရာရှိရင်လည်း အရေးပေါ်လာရင် ဘယ်မှာဆက်သွယ်ရမယ်ဆိုတာကို ကက်ပတိန် နီဘေဘီကို အကြောင်း ကြားထားစေချင်တယ်"

ထိုမျှနှင့် တွေ့ဆုံဆွေးနွေးခန်း ပြီးဆုံးသွားလေသည်။

နှုတ်ဆက်၍ပြန်ခါနီးတွင် ခရိတ်သည်တစ်စုံတစ်ခု သတိရမိဟန်ဖြင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာအား မေးခွန်းတစ်ခု မေးလေသည်။

"ဒါထက် ဗိုလ်ချုပ်၊ ဇင်ဘာဘွေနိုင်ငံမှာ တိရွစ္ဆာန်တွေ တရားမဝင် သတ်ဖြတ်မှုကျူးလွန်ရင် ဥပဒေအရ ဘယ်လိုအထိ အပြစ်ဒဏ်ပေးနိုင်ပါသလဲ"

"တည်ဆဲ ဥပဒေအရတော့ အလုပ်ကြမ်းနဲ့ထောင်ဒဏ်တစ်နှစ်ခွဲအထိ အပြစ်ပေးလို့ရတယ်"

"ဟာ.....ဒါတော့ နည်းလွန်းတယ်ဗျ"

ခရိတ်က သူချစ်မြတ်နိုးသော တရွစ္ဆာန်များ အတုံးအရုံး သေဆုံးနေပုံကို မြင်ယောင်မိရင်း မကျေမနပ် ဖြစ်ဟန်နှင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်။ လက်ရှိဥပဒေအရပေးနိုင်တဲ့ ပြစ်ဒဏ်နည်းလွန်းတာအမှန်ပါပဲ။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ရက်ပဲ ကျုပ်ကိုယ်တိုင် ပါလီမန်လွတ်တော်မှာ အဲဒီဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ရပ်တင်သွင်းခဲ့ပါတယ်။ အခု ကြာသာပတေးနေ့ကျရင် လွှတ်တော်ကိုယ်စားလှယ်များက အကျေအလည် ဆွေးနွေးကြပြီး ထောက်ခံကြမယ်ဆိုရင် အဲဒီဥပဒေသစ်ဟာ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သွားပါလိမ့်မယ်"

"ဗိုလ်ချုပ် တင်ခဲ့တဲ့ ပြင်ဆင်ချက် ဥပဒေအရ အများဆုံးအပြစ်ဒဏ်က ဘယ်လိုပါပဲ"

ဆယ်လီက ကြားဖြတ် ဝင်မေးလိုက်သည်။

"တောရိုင်းတိရွစ္ဆာန်တွေကို တရားမဝင် မှောင်ခိုသတ်ဖြတ်ခြင်း၊ တိရွစ္ဆာန်များနှင့်တကွ ဆင်စွယ်လို ကြံ့ခိုလိုပစ္စည်းတွေ ရောင်းဝယ်ခြင်း၊ နိုင်ငံခြားခိုးထုတ်ခြင်းတို့ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားရင် ဒဏ်ငွေ ဒေါ်လာတစ်ထောင်အပြင် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ဆယ့်နှစ်နှစ်အထိ အပြစ်ပေးနိုင်လိမ့်မယ်"

သည်တော့မှ ခရိတ်က ခေါင်းညိတ်လိုက်သည်။

"ထောင်ဒဏ် ဆယ့်နှစ်နှစ်အထိ အပြစ်ပေးနိုင်တယ်လား၊ ဒါဆိုရင် လုံလောက်ပါတယ်။

များမကြာမီ ဗိုလ်ချုပ်ဖွန်ဂါဘီရာထံမှဆင့်ခေါ်ယူသည့် အကြောင်းကြားချက် ရောက်ရှိလာလေသည်။ တစ်ခုသော နံနက်ခင်း၌ ခရိတ်သည်သူ၏ အိုဗာဆီယာ(အလုပ်ကြီးကြပ်သူ) ဂရိုနီဝေါလ် ဆိုသူနှင့် အတူ နွားစားကျက်မြေများ လျှောက်ကြည့်ရှုစစ်ဆေး၍ စခန်းသို့ ပြန်ရောက်လာပြီးနောက် စားဖိုမှူး ကြီးဂျိုးဇက်၏လက်ရာ နံနက်စာကို အားပါတရစားသောက်နေစဉ် တယ်လီဖုန်းလာလေသည်။

"ဟဲလို..... မစ္စတာခရိတ် ဟုတ်ပါသလား။ ကျွန်တော် ကက်ပတိန် နီဘောဘီစကားပြောနေပါတယ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခင်ဗျားကိုသူ့ရဲ့ စစ်ဆေးရေးဌာနချုပ်ရုံးမှာ အမြန်ဆုံးလာတွေ့ဖို့ပြောပါတယ်။ တိရွစ္ဆာန်မှောင်ခိုသတ်တဲ့ ဂိုဏ်းခေါင်းဆောင်ဟာ ဒီနေ့ညပဲ လူပ်ရှားလိမ့်မယ်လို့ ကျွန်တော်တို့ သတင်းရထားပါတယ်။ မစ္စတာခရိတ်အနေနဲ့ ဘယ်တော့လောက် လာနိုင်မလဲ၊

"ဒီနေရာက မော်တော်ကားနဲ့လာရင် အနည်းဆုံး ခြောက်နာရီကြာမှာဗျ"

ခရိတ်က ပြန်ပြောလိုက်သည်။

"မစ္စဆယ်လီကလေယာဉ်နဲ့လာခေါ်ဖို့အခုပဲ လေယာဉ်ကွင်းကိုသွားနေပါပြီ။ နောက်နှစ်နာရီလောက် ကြာရင် ကင်းလင်းခြံကြီးကိုသူရောက်လာပြီး ခင်ဗျားကိုလာခေါ်ပါလိမ့်မယ်။ ချက်ချင်းပင် သူတို့နှစ်ဦးသည် ဟာရာရေမြို့လေဆိပ်သို့ တိုက်ရိုက်ပျံသန်းသွားကြပြီးနောက် လေဆိပ်မှတဆင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ စစ်ဆင်ရေးဌာနချုပ်ပြုလုပ်ထားသော မာစီဝါနီတောင်ကုန်းဒေသသို့ ဆယ်လီက မော်တော်ကားဖြင့် မောင်းပို့လေသည်။

သူတို့၏ မော်တော်ကားသည် ဂိတ်ဝသို့ရောက်သည်နှင့် ခြံဝင်းအတွင်းလူတွေ အတော်များများ လှုပ်လှုပ်ရှားရှားနှင့် အလုပ်များနေကြသည်ကို သတိပြုမိကြသည်။ အိမ်ရှေ့မြက်ခင်းပြင်တွင် ဖရိုလွန်အမျိုးအစား ရဟတ်ယာဉ်ကြီးတစ်စင်းဆိုက်ထားပြီး လေယာဉ်မှူး(ပိုင်းလော့)နှင့် လေယာဉ်အင်ဂျင်

နီယာတို့ကရဟတ်ယာဉ်အနီးတွင် ရပ်စောင့်နေကြသည်။ စစ်တပ်သုံး ကုန်တင်လော်လီကားကြီး လေးစီးက အိမ်ဇ၏နောက်ဘက်တွင် ရပ်ထားပြီး ကားကြီးများအနီးတွင် တတိယတပ်မဟာမှ စစ်သည်များတိုက်ပွဲဝတ်စုံအပြည့်အစုံဖြင့် စုရုံးရောက်ရှိနေကြသည်။ စစ်သားများကလည်း တိုက်ပွဲတစ်ခုဝင်အံ့ဆဲဆဲ စိတ်ဓာတ်တက်ကြွနေသည့်ဟန်မျိုး ဖြစ်နေကြကြောင်း ခရိတ်ကသတိပြုမိလေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာဇ၏ ရုံးခန်းကိုလည်း ယာယီစစ်ဆင်ရေးဌာနချုပ် ပြုလုပ်ထားလေသည်။ အခန်းတွင်း၌ စားပွဲရှည်ကြီးနှစ်လုံးချထားပြီး နံရံတွင်မူ စစ်တပ်သုံးမြေပုံကြီးများ ကပ်ထားလေသည်။ စားပွဲတစ်လုံးတွင် တပ်မဟာမှ အရာရှိငယ်သုံးဦးထိုင်နေကြသည်။

ဒုတိယစားပွဲကား ရေဒီယိုဆက်သွယ်ရေး စက်တစ်လုံး တင်ထားသော ရေဒီယိုစက်ရှေ့တွင် ထိုင်နေသူတာဝန်ကျ အော်ပရေတာအနီး၌ ကက်ပတိန် နီဘောဘီက ရပ်နေကာ သူကိုယ်တိုင် မိုက်ခရိုဖုန်း(စကားပြောခွက်)ထဲသို့ တစ်စုံတစ်ခု ပြောနေလေသည်။ ရှိနာတိုင်းရင်းသားဘာသာဖြင့် ပြောနေခြင်းဖြစ်၍ ခရိတ်က နားမလည်ချေ။ ရံဖန်ရံခါ ကက်ပတိန်နီဘောဘီသည် သူ၏အနီးရှိ လူမည်းဆာဂျင့်(တပ်ကြပ်ကြီး)တစ်ဦးအား ရှိနာဘာသာဖြင့် အမိန့်ပေးလိုက်လျှင် တပ်ကြပ်ကြီးကမြေပုံတွင် စိုက်ထားသောအလံငယ်များကို နေရာရွှေ့ပြောင်းလိုက်သည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန်အလုပ်များနေပုံရပြီး ခရိတ်နှင့်ဆယ်လီတို့အား နှုတ်ဆက်ရုံနှုတ်ဆက်ပြီး အခန်းတွင်းရှိ ခွေးခြေခုံငယ်များတွင် ထိုင်စေကာ သူကတော့ တယ်လီဖုန်းဆက်ပြောနေလေသည်။ ပြောပြီး၍ တယ်လီဖုန်းစကားပြောခွက်ကိုပြန်ချကာ ခရိတ်တို့အားစကားပြောလေသည်။ "ဆင်စွယ်နဲ့ ကြံ့ချိုတွေ လှို့ဝှက်သိုလှောင်ထားတဲ့ နေရာသုံးခုကို ကျုပ်တို့သိထားပြီးပြီ၊ တစ်ခုက ချီမာနီမာနီတောင်နားမှာရှိပြီး သိုလှောင်ထားတဲ့ပစ္စည်းက ဆင်စွယ်နဲ့၊ ကျားသစ်ရေတွေဖြစ်တယ်။ နောက်တစ်ခုက တောင်ဘက်က ချီရေဇီအရပ်မှာရှိတဲ့ ကုန်လှောင်ရုံတစ်ခုဖြစ်တယ်။ အဲဒီမှာလည်း ဆင်စွယ်တွေပဲများတယ်။ တတိယမြောက်နေရာက မြောက်ဘက်မှာရှိတယ်။ အခုလောလောဆယ် တူရကီသာသနာပြု မစ်ရှင်ကျောင်းမှာရှိနေတယ်လို့ယူဆရသည်။ အဲဒီ တတိယမြောက် ကုန်ပစ္စည်းတွေက အဖိုးအတန်ဆုံးပဲ၊ ဆင်စွယ်နဲ့ကြံ့ချိုကြီးတွေ ဖြစ်တယ်။

ထိုအချိန်၌ ကယ်ပတိန်နီဘောဘီက စာရွက်တစ်ရွက် လှမ်းပေးသဖြင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ယူ၍ဖတ်ကြည့်ပြီး

"ဩော်..... ကောင်းတယ်၊ တပ်စုနှစ်ခုကို မြောက်ဘက်လမ်း၊ ကာရိဘီအရပ်ထိအောင် ရွှေ့ပြောင်း ချထားလိုက်"ဟု အမိန့်ပေးလိုက်သည်။ ပြီးတော့မှ သူသည် ခရိတ်ဘက်သို့ ပြန်လှည့်လာသည်။

"ဒီစစ်ဆင်ရေးကို ကျုပ်တို့က လျှို့ဝှက်စကားဝှက် ဘာဒါလို့ အမည်ပေးထားတယ်၊ ဘာဒါဆိုတာ က ကျုပ်တို့ရှိနာဘာသာစကားနဲ့ ကျားသစ်လို့ အဓိပ္ပာယ်ရတယ်၊ စစ်ဆင်ရေးကာလအတွင်းမှာကျုပ်တို့ အနေနဲ့မသင်္ကာတဲ့လူ(တရားခံ)ကို ဘာဒါလို့ပဲခေါ်ကြမယ်။ခ ရိတ်ကနားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်လျှင် ဖွန်ဂါဘီရာက ဆက်ပြောလေသည်။

"ကျုပ်တို့ အခုပဲ သတင်းရတာက ဘာဒါဟာ ဟာရာရေမြို့တော်က ထွက်ခွာသွားပြီလို့ သိရတယ်။ သူဟာ အစိုးရကထုတ်ပေးထားတဲ့ သူ့မာစီဒီးကားနဲ့ထွက်သွားတယ်။ ကားပေါ်မှာတော့ ယာဉ် မောင်းသူတစ်ယောက်နဲ့လက်နက်ကိုင်(ဘော်ဒီဂတ်) ကိုယ်ရံတော်နှစ်ဦးပါသွားတယ်လေ၊ လူသုံးဦး စလုံးက မာတာဘယ်လီ လူမျိုးတွေချည်းပဲ"

"အခု သူက ဘယ်ဘက်ကို ထွက်သွားတာတဲ့လဲ ရှင့်"

ဆယ်လီက ဖြတ်၍ မေးလိုက်သည်။

"ခုချက်ချင်း မပြောနိုင်သေးဘူး၊ လောလောဆယ်တော့ မြောက်ဘက်ကို သွားနေတယ်လို့ ဆိုတယ်။ "အခု ရှင်တို့က မှောင်ခိုဆင်စွယ်နဲ့ ကြံ့ချိုတွေအကြီးအကျယ် ခိုးထုတ်တာကို လက်ပူးလက်ကြပ် ဖမ်းမိအောင် သွားကြမှာပဲ့!"

ဆယ်လီက ပြောလိုက်ချိန်တွင် သူမ၏မျက်လုံးများသည် စူးရှတောက်ပြောင်နေပေသည်။ ပွဲကြီးပွဲ ကောင်းဆင်နွှဲရတော့မည်ဟု စိတ်ဓာတ်တက်ကြွနေသည့် စစ်သည်တစ်ယောက်ကဲ့သို့အသွင်ဆောင် နေသည်။ ခရိတ်ကိုယ်တိုင်ကလည်း လှုပ်ရှားတက်ကြွ နေမိလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ဆက် ပြောပြန်သည်။

"ဟုတ်တယ်၊ မှောင်ခိုဆင်စွယ်နဲ့ကြံ့ချိုတွေ အကြီးအကျယ်ပြည်ပခိုးထုတ်မှုကို ကျုပ်တို့ကပက်ပင်း မိအောင်သွားဖမ်းကြမှာဖြစ်တယ်။ တကယ်လို့သာ ဘာဒါကမြောက်ဘက်ကိုသွားမယ်ဆိုရင် ဘယ်လို လုပ်မယ်ဆိုတာ ရှင်းပြပါမယ်။ ချီမာနီမာနီနဲ့ ချီရေဇီအရပ်တွေက သယ်လာမယ့် မှောင်ခိုပစ္စည်း တွေကို ကျုပ်တို့ကဘာမှမဟန့်တားဘဲ လေဆိပ်ထိအောင်သွားတာကို အသာကြည့်နေလိုက်မယ်။ လေဆိပ်ကိုရောက်တော့မှပဲကျုပ်တို့ကဝင်ဖမ်းလိုက်မယ်။ကုန်တင်ကားမောင်းသူတွေကပါနောက်ပိုင်း အစိုးရသက်သေအဖြစ် အသုံးပြုဖို့ ဖမ်းထားလိုက်မယ်။ သူတို့ကားကြီးတွေသွားတဲ့ လမ်းတလျှောက်

လုံးကို ကျုပ်တို့တပ်တွေက မျက်ခြေမပြတ်လိုက်ကြည့်နေမှာပဲ။ အဲဒီပစ္စည်းတွေ လျှို့ဝှက်သိုလှောင်ထားတဲ့ ကုန်လှောင်ရုံ(ဂိုဒေါင်)ပိုင်ရှင်တွေကိုလည်း ကားကြီးတွေ မောင်းထွက်သွားတာနဲ့ ဖမ်းထားလိုက်မယ်"

ခရိတ်နှင့် ဆယ်လီတို့သည် အထူးစိတ်ဝင်စားစွာဖြင့် နားထောင်နေကြစဉ် ဖွန်ဂါဘီရာက ဆက်ပြောလေသည်။

"တကယ်လို့ ဘာဒါကအရှေ့သို့မဟုတ် တောင်ဘက်စူးစူးသို့သွားမယ်ဆိုရင် ကျုပ်တို့စစ်ဆင်ရေးကလည်း အဲဒီဘက်ကိုရွှေ့ပြောင်းပြီး ဆက်လုပ်ကြမယ်။ သို့သော်လည်း တန်ဖိုးအရှိဆုံး၊ ပစ္စည်းတွေက မြောက်ဘက်မှာ ရှိနေတဲ့အတွက် ဘာဒါဟာမြောက်ဘက်ကိုပဲ သွားလိမ့်မယ်လို့ ကျုပ်တို့ကောက်ချက်ချမိတယ်။ အဲဒါ သေချာတာနဲ့ ကျုပ်တို့လည်း မြောက်ဘက်ကို လိုက်သွားကြမယ်"

"ရှင်တို့က ဂိုဏ်းရဲ့ ထိပ်သီးခေါင်းဆောင် ကိုယ်တိုင်က မိအောင် ဖမ်းမှာလား"

ဆယ်လီက မေးလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာကလည်း သူ၏ရည်ရွယ်ချက်ကို ရှင်းပြလေသည်။

"ဒါတော့ အခြေအနေကြည့်ပြီး လုပ်ရမှာပဲ။ ကျုပ်တို့ ဘာလုပ်မယ်ဆိုတာ ဘာဒါရဲ့လှုပ်ရှားမှုအပေါ်မူတည်တယ်။ သူနဲ့မှောင်ခိုဆင်စွယ်တွေ၊ ကြံ့ချိုတွေ ပတ်သက်ကြောင်း တိုက်ရိုက်အထောက် အထားရှိမှလည်းဖြစ်မယ်။ဒါကြောင့်ကျုပ်တို့ကပစ္စည်းတင်ထားတဲ့ကုန်တင်ကားတွေရောဘာဒါရဲ့မာစီးဒီးကားကိုပါ မျက်ခြေမပြတ်ကြည့်နေမယ်။ သူတို့ချင်းဆုံမိပြီဆိုတာနဲ့ ကျုပ်တို့က ရုတ်တရက်ဝင်ဖမ်းမှာပဲ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက သူ၏သားရေဖုံးချုပ်ထားသော လက်ကိုင်တုတ်ကို အားရပါးရ ရိုက်ချလိုက်ရင်းပြောလေသည်။ ထိုအခိုက် ရေဒီယိုစက်မှအသံကြားပြီး တစ်စုံတစ်ယောက်က ရှိနာဘာသာစကားဖြင့်ပြောသံ ပေါ်ထွက်လာလေသည်။

ကက်ပတိန် နီဘောဘီသည် ရေဒီယိုစက်သို့တစ်စုံတစ်ခု ပြန်ပြောလိုက်ပြီးနောက် ဗိုလ်ချုပ်ဖွန်ဂါဘီရာအား လှမ်းကြည့်၍ သတင်းပို့ အစီရင်ခံလေသည်။

"အတည်ပြုချက် သတင်းရပါပြီ ဗိုလ်ချုပ်။ ဘာဒါဟာ ကာရိုအီလမ်းအတိုင်း မြောက်စူးစူးကို အလျင်အမြန်သွားနေပြီ လို့ သတင်းရပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် ကျုပ်တို့က အမှတ်စဉ်(၃)ကို သွားကြရုံပဲ"

ပြောရင်းနှင့် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခြောက်လုံးပြူးသေနတ်နှင့် ခါးဝတ်ကို ယူဝတ်လိုက်ပြီးမှ

တူတီလမ်းဘက် ကင်းထောက်အဖွဲ့တွေဆီကကော သတင်းပို့ချက်ရသေးသလား"ဟု ဆက်မေးလိုက်သည်။ ကက်ပတိန် နီဘောဘီလည်း ရေဒီယိုစက်မှတစ်ဆင့် ဆက်သွယ်မေးမြန်းကြည့်ရာ ချက်ချင်းပင် တစ်ဖက်မှ ပြန်ဖြေလေသည်။

"အခုအချိန်အထိ သတင်းပို့စရာ ဘာမှမရှိသေးပါဘူးလို့ ပြောပါတယ် ဗိုလ်ချုပ်"

"ဟုတ်ပြီ၊ အခုအချိန်ကလည်း စောသေးတာပဲ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာပြောရင်း အနီရောင်သံပရာခွံဦးထုပ်ပျော့ကို ယူဆောင်းလိုက်သည်။ ဦးထုပ်မှငွေရောင် ကျားသစ်ခေါင်းတံဆိပ် (တတိယတပ်မဟာအမှတ်အသား)သည် ပြောင်လက်နေသည်။

"ကျုပ်တို့ အခု ရှေ့တန်းက နေရာတွေကို သွားကြဖို့တော်ပြီ"

ပြောပြောဆိုဆို သူကိုယ်တိုင် ရှေ့ဆောင်လျက် အိမ်ပြင်သို့ထွက်သွားသည်။ ရဟတ်ယာဉ်ဘေးတွင်ရပ်၍ စီးကရက်သောက်နေသူ လေယာဉ်မှူး အင်ဂျင်နီယာတို့သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာကို လှမ်းမြင်သည်နှင့် ပျာပျာသလဲ ဖြစ်ကာ သောက်လက်စ စီးကရက်များကို ပစ်ချလိုက်ပြီး ရဟတ်ယာဉ်ပေါ်သို့ အလျင်အမြန်တက်ကြလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့်အတူ ခရိတ်နှင့် ဆယ်လီတို့လည်း ရဟတ်ယာဉ်ပေါ်တက်၍ နေရာယူလိုက်ကြသည်။

ရဟတ်ယာဉ်ကို လေယာဉ်မှူးက စတင် စက်နှိုးနေစဉ် ခရိတ်က ဗိုလ်ချုပ် ဖွန်ဂါဘီရာအား "ဒီမယ် ဗိုလ်ချုပ်၊ အခုဟာက တကယ့် စစ်တပ်ရဲ့ စစ်ဆင်ရေးကြီး တစ်ခုဖြစ်နေပါကလား။ ဒီကိစ္စကို ရဲတပ်ဖွဲ့ကို လွှဲအပ်တာဝန်ပေးလိုက်ရင် မဖြစ်ဘူးလားဟု ခပ်တိုးတိုးမေးကြည့်လေသည်။ သို့သော် ဖွန်ဂါဘီရာက ခေါင်းခါပြလေသည်။

"မဖြစ်ဘူးဗျ၊ ရဲတပ်ဖွဲ့မှာ မျက်နှာဖြူအရာရှိတွေ မရှိတော့တဲ့နောက်ပိုင်း အတော်ညံ့ဖျင်းလာတယ်။ ဒီကိစ္စမျိုးကို နိုင်မှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်လေ မှောင်ခိုဂိုဏ်းက ကြံ့တွေ ခိုးသတ်နေတာကို ကျုပ်က တိုက်ရိုက်ဝင်ကိုင်တာ မမှားပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဇင်ဘာတွေနိုင်ငံက ကြံ့တွေဟာ ကျုပ်ရဲ့ကြံ့တွေပဲ မဟုတ်လား"

ရဟတ်ယာဉ်သည် ကောင်းကင်သို့ ပျံတက်ပြီးနောက် မြောက်ဘက်စူးစူးဆီသို့ ဦးတည်ကာ ဆက်လက်ပျံသန်းသွားလေသည်။ သို့သော် မြောက်ဘက်သို့သွားသည့် လမ်းမကြီးပေါ်မှ မပျံသန်းဘဲ လက်ဝဲဘက်ယွန်းယွန်းဆီမှ ပျံသန်းသွားလေသည်။ သူတို့ ခြေရာခံလိုက်နေသည့် မာစ်ဒီးကားမှလူ

များ ရဟတ်ယာဉ်ကိုမမြင်စေရန်လမ်းမကြီးနားသို့မချဉ်းကပ်ဘဲ ပုံသန်းသွားခြင်းပင်ဖြစ်သည်။နောက် တစ်နာရီခန့်ကြာသောအခါ ရဟတ်ယာဉ်သည် ခပ်နိမ့်နိမ့်ပုံသန်းနေရာမှ ကာရိုအီဒေသရှိ စစ်တပ်ခံ တပ်ငယ်တစ်ခုသို့ ဆင်းသက်လိုက်သည်။ ခရိတ်သည် လက်ပက်နာရီကို ကြည့်လိုက်ရာ အချိန်မှာ လေးနာရီ ရှိပြီဖြစ်ကြောင်း တွေ့ရလေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ခရိတ်အား အကဲခတ်ကြည့်နေရာမှ

"အခုအတိုင်းဆိုရင် ကျုပ်တို့အနေနဲ့ ညဘက်စစ်ဆင်ရေး ဆင်နွှဲရလိမ့်မယ်ထင်တယ်"ဟု ပြော လိုက်သည်။ ကာရိုအီအမည်ရှိ ကျေးရွာသည် တစ်ချိန်က မျက်နှာဖြူလူမျိုးတို့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည့် နေရာတစ်ခုပင် ဖြစ်လေသည်။

ထိုစဉ်က စည်ကားပြီး သားနားသလောက် ယခုတော့ အတော်ပင် ချို့ယွင်းပျက်စီး လျက်ရှိသည်။ တစ်ခုတည်းသော လမ်းမပေါ်တွင် ကုန်စုံဆိုင်များ၊ ဓာတ်ဆီဆိုင်တစ်ဆိုင်၊ စာတိုက်နှင့် ရဲစခန်းငယ် တစ်ခုရှိလေသည်။ ကျေးရွာ၏ပြင်ဘက်ခပ်လှမ်းလှမ်းတွင်ကား စစ်တပ်တစ်တပ်ရှိလေသည်။ စစ်တပ် ပတ်ပတ်လည်တွင် သံဆူးကြိုးများ အပြည့်ကာရံထားသည့်အပြင် ခံတပ်သဖွယ်ဖြစ်အောင် သဲအိတ် များလည်း ပစ်ချထားသည်။ စစ်တပ်၏တပ်မှူးမှာ ဒုဗိုလ် အဆင့်သာရှိသော ကပ္ပလီလူငယ်တစ်ဦးဖြစ် ရာ ဝန်ကြီးဗိုလ်ချုပ်ဖွန်ဂါဘီရာ ရုတ်တရက်ရောက်လာသောအခါ အလွန်အံ့အားသင့်လျက် ခြေမကိုင် မိ လက်မကိုင်မိ ဖြစ်နေတော့သည်။ အလကားနေရင်း ဗိုလ်ချုပ်အား ခဏခဏ အလေးပြုနေရာ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စိတ်ပျက် လာပုံရလေသည်။

သူသည် တပ်ဖွဲ့၏ရုံးခန်းကို သူ၏ယာယီဌာနချုပ်စခန်းအဖြစ်ပြုလုပ်လျက် စားပွဲတွင်ဝင်ထိုင်လိုက်ပြီး နောက် တပ်မှူးကလေး ဒုဗိုလ်အား ရှဲ့ချဟန်ဖြင့်ကြည့်ပြီး ကက်ပတိန်နီဘေဘီအား

"ဟေ့...ဒုဗိုလ် ကောင်လေးကို တစ်နေရာရာကို ခေါ်သွားစမ်းပါကွာ၊ ပြီးတော့ ဘာဒါရဲ့ နောက်ဆုံး အခြေအနေသတင်းကို ငါ့ဆီယူလာခဲ့"ဟု အမိန့်ပေးလိုက်သည်။

ကက်ပတိန် နီဘေဘီလည်း အသင့်နေရာချထားပြီး ရေဒီယို ဆက်သွယ်ရေးစက်ရှေ့တွင် ဝင်ထိုင်၍ သတင်း ယူနေရာမှ "ဘာဒါဟာ လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးမိနစ်က ဆီနိုယာအရပ်ကို ဖြတ်ကျော်ထွက် သွားတယ်လို့ သတင်းရပါတယ်"ဟု အစီရင်ခံလိုက်သည်။

"ဟုတ်လား၊ သူတို့ မော်တော်ကားနဲ့ ပတ်သက်ပြီး အသေးစိတ် သတင်းပို့သေးသလားကွ"

"ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ကားကတော့ နက်ပြာရောင် မာစီးဒီး ၂၈၀ အမျိုးအစားဖြစ်ပါတယ်။ ကားရဲ့ စက်ဖုံးပေါ်မှာ ဝန်ကြီးတစ်ဦးရဲ့ကားဖြစ်ကြောင်း အမှတ်အသားလည်းပါတယ်လို့ ဆိုပါတယ်။ ကားရဲ့ မှတ်ပုံတင်နံပါတ်က ပီအယ်လ် ၆၇၄ဖြစ်ပါတယ်။ မာစီးဒီးကားရဲ့ရှေ့က ရှေ့ပြေးမော်တော်ဆိုင်ကယ်တို့ လက်နက်ကိုင် အစောင့်အရှောက် (အက်စကော့)တပ်တို့ လုံးဝမပါဘူး၊ ကားပေါ်မှာတော့ လူလေးယောက် ပါလာတယ်လို့ သတင်းပို့ပါတယ်"

ကက်ပတိန်နီဘေဘီက အသေးစိတ် အစီရင်ခံလိုက်ရာ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သဘောကျသွားပုံ ရလေသည်။

"အေး ဟုတ်ပြီ။ အဲဒီအချက်အလက်တွေကို ငါတို့ရဲ့ တခြားယူနစ်(တပ်ဖွဲ့)တွေ အားလုံးကိုလည်း သတင်းပို့ပေးထားလိုက်ပါ။ နောက်ပြီး စောစောက ငါ အမိန့်ထုတ်ထားတဲ့အတိုင်း ပစ်ခတ်မှု လုံးဝ မရှိစေရဘူးဆိုတာ ထပ်အကြောင်းကြားထားလိုက်။ ဘာဒါကိုအကြမ်းမဖက်ဘဲ အသာတကြည်ဖမ်းမိရမယ်ဆိုတာ အရေးကြီးတယ်လို့ ငါက အမိန့်ထုတ်ထားခြင်း ဖြစ်တယ်။ တကယ်လို့ ဘာဒါဟာ တစ်နည်းနည်း ထိခိုက်ဒဏ်ရာရသွားတာနဲ့ ငါတို့အဖို့ မာတာဘယ်လီလူမျိုးတွေ တော်လှန်ပုန်ကန်မှုကို ရင်ဆိုင်နေရဦးမယ်။ ဒါကြောင့် ဘာဒါကိုဖြစ်စေ၊ သူ့ရဲ့ မော်တော်ကားကိုဖြစ်စေ ဘယ်နည်းနဲ့မှ ဘယ်သူကမှမပစ်ရဘူးလို့ ထပ်ပြီးညွှန်ကြားလိုက်ပါ။ ဒီအမိန့်ကိုမနာခံဘဲ ဖောက်ဖျက်တဲ့လူ ဘယ်သူမဆို ကျုပ်ကိုယ်တိုင် အရေးယူမယ်ဆိုတာပါ သတိပေးလိုက်"

ကက်ပတိန် နီဘေဘီလည်း တပ်ဖွဲ့(ယူနစ်)အသီးသီးသို့ တစ်ဦးချင်းဆက်သွယ်၍ ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏အမိန့်ကို ထပ်ဆင့်ပြောကြားလိုက်လေသည်။ ထို့နောက် အားလုံး ဆက်လက် စောင့်ဆိုင်းနေကြသည်။ သို့သော် မကြာပါချေ။ ရေဒီယိုဆက်သွယ်ရေး စက်သည် အသက်ဝင်လာပြန်သဖြင့် ကက်ပတိန်နီဘေဘီကိုယ်တိုင် ချက်ချင်းပြေးပြီး နားထောင်သတင်းယူလေသည်။ တစ်ဖက်မှ သတင်းပို့ချက်ကို နားထောင်ပြီးနောက် သူသည် ဝမ်းသာအားရဖြစ်လျက် တစ်ဆင့်ပြန်ပြောလေသည်။

"မှောင်ခိုပစ္စည်းတွေ သယ်ဆောင်လာတဲ့ ကုန်တင် လော်လီကားကို ကျွန်တော်တို့လူတွေက တွေ့ထားပါပြီ။ ကားက ဖို့ဒ် အမျိုးအစား ငါးတန်ကား (အစိမ်းရောင်)ဖြစ်ပါတယ်။ ကားပေါ်မှာ ဒရိုင်ဘာတစ်ယောက်နဲ့ လူတစ်ယောက်ပါလာတယ်။ ကုန်တင်ကားကြီးဟာ လွန်ခဲ့တဲ့ဆယ်မိနစ်ကမှ ဆန်ယာတီမြစ်ကို ဖြတ်ကျော်ပြီး ဒီနေရာက နှစ်ဆယ့်ငါးမိုင်ဝေးတဲ့ လမ်းဆုံကို သွားနေပါတယ်"

"အင်း...ဒီအတိုင်းဆိုရင် ဘာဒါဟာ ကုန်တင်လော်လီကားနဲ့ တစ်နေရာမှာဆုံဖို့ သွားနေပြီပေါ့"

ဤသို့ပြောလိုက်စဉ် ဗိုလ်ချုပ်ဖွန်ဂါဘီရာဇ၏ မျက်လုံးများသည် သားကောင်ကိုမိရန် သေချာသဖြင့် ကျေနပ်အားရနေသော မုဆိုးတစ်ယောက်၏ မျက်လုံးများကဲ့သို့ ပြောင်လက်နေကြောင်း ခရိတ်က သတိပြု မိလိုက်သည်။

အခန်း(၁၅)

လူတွေအားလုံးသည် ရေဒီယိုဆက်သွယ်ရေးစက်ကိုသာ အာရုံစိုက်နေကြပြီဖြစ်သည်။ ရေဒီယိုစက်မှ အသံမြည်လာသည်နှင့် လူတိုင်း၏မျက်လုံးများသည် ထိုစက်ဆီသို့သာ ရောက်နေကြသည်။ ရေဒီယိုဖြင့် ဆက်သွယ်သတင်းပို့ချက်များ မှန်မှန်ကြီးလာလျက် ရှိလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာဇ၏ ယာယီဌာနချုပ်ရှိရာတပ်စခန်းဆီသို့ မာစီးဒီးကားလာနေသည်ကို အဆက်မပြတ်သတင်းပို့နေခြင်းဖြစ်သည် ထို့ပြင်တစ်ဖက်မှလာနေသည့် ကုန်တင်လော်လီကား၏ သွားလာလှုပ်ရှားမှုသည် တောက်လျှောက် သတင်းပို့လျက် ရှိလေသည်။

ရေဒီယိုမှ သတင်းပို့ချက်များ တစ်ခုနှင့်တစ်ခုအကြား အားလပ်နေချိန်တွင် စည်သွတ်အမဲသားဘူး၊ ပေါင်မုန့်နှင့် လက်ဖက်ရည်တို့ကို စားသောက်ရင်း စောင့်နေကြလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အစားအသောက်ကို အနည်းငယ်မျှသာစားပြီး တပ်မှူး၏စားပွဲတွင်ထိုင်ကာ စဉ်းစားနေလေသည်။ ခရိတ်သည် စီးကရက်ဖြတ်ထားပြီဖြစ်သော်လည်း ယခုတော့စီးကရက်အလွန်သောက်ချင်စိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် စီးကရက်ကို တောင့်တမှုပြေပျောက်စေရန် ရုံးခန်းငယ်အတွင်း ခေါက်တုံ့ခေါက်ပြန် စကြိန်လျှောက်နေလေသည်။

ကက်ပတိန် နီဘောဘီသည် ရေဒီယိုမှလာသည့် သတင်းပို့ချက်တစ်ခုကို ရှိနာဘာသာမှ အင်္ဂလိပ်လို ဘာသာပြန်၍ (အားလုံးနားလည်စေရန်) အစီရင်ခံနေလေသည်။

"မာစီးဒီးကားဟာ ကျေးရွာကို ရောက်လာပါပြီ။ အဲဒီရွာမှာရှိတဲ့ ဓာတ်ဆီဆိုင်ကိုဝင်ပြီး၊ ဓာတ်ဆီဖြည့်ထည့်တယ်လို့ သတင်းရရှိပါသည်။

ယခုအတိုင်းဆိုလျှင် ဝန်ကြီးတွန်ဂါတာသည် ခရိတ်တို့ရှိရာနှင့် အလွန်နီးကပ်သောနေရာသို့ရောက်နေပြီဖြစ်သည်။ ယင်းအချက်ကို စဉ်းစားသုံးသပ်ရင်း ခရိတ်သည် စိတ်မကောင်းဖြစ်မိလေသည်။ တစ်ချိန်ကသံယောဇဉ်ဖြစ်ခဲ့သော မိတ်ဆွေရင်းတစ်ဦးအနေဖြင့် တွန်ဂါတာအတွက် စိတ်မကောင်းသည့် သဘောပင်ဖြစ်သည်။ ဤတွင် သူ့စိတ်ကို ပြန်၍မစဉ်းစားဘဲ မိမိတို့လိုက်ဖမ်းရန် ကြိုးစားနေသော တရားခံ ဘာဒါအဖြစ်သာ ယူဆသင့်သည့်ဟု သူ့ကိုယ်သူ ပြန်ပြောသလို ဆင်ခြင်သုံးသပ်

ကြည့်လေသည်။ သို့ဖြစ်လင့်ကစား တွန်ဂါတာသည် တစ်ချိန်ကမိမိနှင့် အလွန်ခင်မင်ရင်းနှီးခဲ့သူ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ခဲ့သည်ကို မေ့ပျောက်၍မရဘဲ ထပ်တလဲလဲပြန်လည် သတိရနေမိပြန်သည်။

ခရိတ်အနေဖြင့် မိတ်ဆွေရင်းတစ်ဦးအပေါ် သစ္စာစောင့်သိခြင်းနှင့် ရာဇဝတ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးအပြစ်ပေးလိုသည့်စိတ်တည်းဟူသော ဆန္ဒတို့သည် အကြိတ်အနယ် လွန်ဆွဲသလို အားပြိုင်နေခြင်းကြောင့် စိတ်ထဲမကြည်လင်ဘဲ ဝေခွဲ၍မရနိုင်အောင် ဖြစ်နေမိလေသည်။ ခရိတ်သည် ရုံးခန်းအတွင်းနေရာကို ကျဉ်းကျဉ်းသလိုဖြစ်မိသဖြင့် ပြင်ဘက်သို့ ခေတ္တထွက်ခဲ့လေသည်။

ပြင်ဘက်တွင်ကား နေဝင်သွားပြီဖြစ်၍ အာဖရိကတိုက်၏ နေဝင်ဖျိုးဖျအချိန် ခရမ်းရောင်သန်းနေသောကောင်းကင်ကို ခရိတ်ကမော့ကြည့်နေမိလေသည်။ သူ၏နှလုံးအတွင်း၌ကား နာကျင်ခြင်းဝေဒနာတစ်မျိုးကို ခံစားရလျက်ပင် ရှိသေးသည်။ ထိုအခိုက် သူ၏နောက်နားဆီမှ ခြေသံလိုလို ကြားလိုက်မိသဖြင့် လှည့်ကြည့်လိုက်ရာ ဆယ်လီဖြစ်နေသည်ကို တွေ့ရလေသည်။

"သိပ်ပြီးတော့လည်း စိတ်မကောင်းဖြစ်မနေစမ်းပါနဲ့ရှင်"

သူမက တကယ်ပင်စေတနာထားဟန်ဖြင့်ပြောလိုက်ရာ ခရိတ်သည် သာယာကြည်နူးသလိုဖြစ်မိလေသည်။

"တရားခံကို လက်တွေ့ဖမ်းဆီးဖို့ သွားတဲ့အခါ ရှင်လိုက်မသွားဘဲ ဒီမှာနေရစ်လို့ ရပါတယ်"

ဆယ်လီ က ဆက်ပြောလျှင် ခရိတ်က ခေါင်းခါပြလေသည်။

"ကျုပ်ကိုယ်တိုင် ဟိုမှာ ဖြစ်ပျက်မှာကို လိုက်ကြည့်ချင်တယ်။

ဒါကြောင့် ရှင့်ကို ကျွန်မ အထူးပဲလေးစားမိပါတယ်"

ခရိတ်သည် ဆယ်လီအား ကြည့်လိုက်ရာ သူမ၏မျက်နှာကလေးမော့နေပုံက မိမိကို နမ်းစေချင်သည့်ဟန်မျိုး ဖြစ်နေကြောင်း တွေ့ရလေသည်။ ခရိတ်ကိုယ်တိုင်ကလည်း ဆယ်လီအား ယုယမြတ်နိုးစွာ ပွေ့ဖက်နမ်းရှုံ့ချင်နေသည်မှာ ကြာပြီဖြစ်သည်။ ယခင်က သူ၏စိတ်ထဲတောင့်တမိသော်လည်း အချိန်အခါမသင့်သေးဟု ယူဆလျက် စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုတော့ စောင့်ဆိုင်းရန်မလိုတော့သဖြင့် ဆယ်လီ၏မျက်နှာအမှုအရာက အချက်ပြနေပြီဖြစ်သည်။ သူမ ကိုယ်တိုင်က ခရိတ်၏ပွေ့ဖက်နမ်းရှုပ်ခြင်းကို ခံစားလိုသည့်ဆန္ဒ ဖြစ်ပေါ်နေကြောင်း ထင်ရှား နေပေပြီ။

ခရိတ်သည် ဆယ်လီ၏ပါးပြင်ကို လက်ချောင်းများဖြင့်အသာကိုင်လိုက်ရာ သူမ၏မျက်လုံးများမှေးလျက် ခရိတ်ဘက်သို့ ခန္ဓာကိုယ်ပါယိမ်းထိုးလာလေသည်။ ထိုအချိန်၌ ခရိတ်သည် သူ့ကိုယ်သူ ပြန်သုံးသပ်မိရာ သူသည် ဆယ်လီအား တကယ်ပင် ချစ်ခင်မြတ်နိုးနေပြီဟု သိလာလေသည်။
"ဆယ်လီ"
ခရိတ်က ခပ်တိုးတိုးခေါ်၍ သူမ၏မျက်နှာအနီးသို့ ချဉ်းကပ်သွားစဉ် ရုံးခန်းတံခါးပွင့်လာပြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ပြင်ဘက်သို့ ထွက်လာလေသည်။

"ကိုင်း.....ကိုယ့်လူတို့ ကျုပ်တို့ စထွက်ကြဖို့ အချိန်ရောက်ပြီ"

ဗိုလ်ချုပ်ကပြောလိုက်သဖြင့် ခရိတ်နှင့်ဆယ်လီတို့လည်း မတတ်သာဘဲ လူချင်းခွာလိုက်ရလေသည်။ ထို့နောက် သူတို့သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာနှင့် ကက်ပတိန်နီဘောဘီတို့ နောက်သို့လိုက်ပြီး ဂိတ်ဝရှိ လင်းရိုဗာကားဆီသို့ လျှောက်လိုက်သွားကြလေသည်။

အာဖရိကတိုက်၏ ရာသီဥတုသည်နေ့အခါတွင် ပူပြင်းသလောက် နေဝင်၍ ညချမ်းအချိန်သို့ရောက်သောအခါ အေးလာသည့်အလျောက် လင်းရိုဗာကားပေါ်တွင် ထိုင်လိုက်သူများအဖို့ ညဉ့်ဦးယံ၏ လေအေးဒဏ်ကို ခံနေကြရလေသည်။ လင့်ရိုဗာကားကို ကက်ပတိန်နီဘောဘီက မောင်းနှင်ပြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာက ယာဉ်မောင်းသူ၏ ဘေးမှထိုင်ကာ ခရိတ်နှင့်ဆယ်လီတို့ နှစ်ယောက်ကမူ ကားဇ၏နောက်ပိုင်းတွင် တိုးဝှေ့ထိုင်ကြရလေသည်။ ကားနောက်ပိုင်းတွင် သူတို့အပြင် ရေဒီယိုစက်နှင့် စက်ကိုင်သူ အော်ပရေတာ ရဲဘော်တစ်ဦးလည်း လိုက်ပါလာသည်။

ကက်ပတိန် နီဘောဘီသည် ကား၏ရှေးမီးလုံးကြီးများမဖွင့်ဘဲ ဆိုင်းလင်းမီးဟုခေါ်သော မီးသေးနှစ်လုံးကိုသာဖွင့်လျက် သတိထားကာ မောင်းနှင်လေသည်။ သူတို့ ကားနောက်တွင်ကား တတိယတပ်မဟာမှ စစ်သားအပြည့်ပါသော လော်လီကားကြီးနှစ်စီး လိုက်ပါလာသည်။ မာစီးဒီးကား သည် သူတို့၏ရှေ့မှိုင်ဝက်တွင် ရှိနေပေသည်။ လင်းရိုဗာကားပေါ်မှ မာစီးဒီးကား၏ နောက်မီးလုံးများကိုပင် မြင်နေရလေသည်။ အတန်ကြာကြာ မောင်းသွားကြပြီနောက် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကား၏ရှေ့ဒိုင်ခွက်များကို ကြည့်ပြီး ဤသို့ပြောလေသည်။

"ကျုပ်တို့ အခုမောင်းလာခဲ့တာ နှစ်ဆယ့်သုံးမိုင်ရှိသွားပြီ။ ဆန်ယာတီဘက်ကွေ့တဲ့ လမ်းဆုံနဲ့ တူတီသာသနာပြုမစ်ရှင်တို့ကို ရောက်ဖို့နောက်ထပ်နှစ်မိုင်လောက်ပဲ လိုတော့တယ်"

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကားမောင်းနေသူ ကက်ပတိန်နီဘောဘီ၏ ပခုံးကို လှမ်းပုတ်လိုက်သည်။
"ဟော့...ကားကို လမ်းဘေးမှာ ခဏရပ်လိုက်စမ်း၊ ပြီးတော့ လမ်းဆုံမှာရှိတဲ့ ငါတို့ရဲ့ ယူနစ်(တပ်ဖွဲ့)ကို ရေဒီယိုနဲ့ ဆက်သွယ်ဖို့ လုပ်ပါ"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက အမိန့်ပေးနေချိန်တွင် ခရိတ်သည် စိတ်တက်ကြွလှုပ်ရှားနေသည့်ကြားမှ တစ်ချက်တချက် ကျောချမ်းသလိုလည်း ဖြစ်နေမိလေသည်။

ကက်ပတိန်နီဘောဘီသည် ဗိုလ်ချုပ်အမိန့်ပေးသည့်အတိုင်းချက်ချင်းပင်လမ်းဆုံရှိ လမ်းမပေါ်ရှိနေခြင်းမဟုတ်။ လမ်းမမှ လုံးဝမမြင်ရသော ချုံနွယ်ပိတ်ပေါင်းကြားဌ လှို့ဝှက်ပုန်းအောင်ပြီး နေရာယူထားခြင်းဖြစ်သည်။

အဆက်အသွယ်ရ၍ တစ်ဖက်မှ သတင်းပို့ချက်ကို နားထောင်ပြီးနောက် ကက်ပတိန် နီဘောဘီသည် အလွန် ဝမ်းသာအားရဟန်ဖြင့် ဖွန်ဂါဘီရာအား တစ်ဆင့်အစီရင်ခံလေသည်။

"ဗိုလ်ချုပ်ခင်ဗျား၊ ဘာဒါလမ်းမကြီးက ဘေးဘက်ကို ထွက်သွားပါပြီး။ ကုန်တင်လော်လီကားကြီး ကလည်း လမ်းဆုံက နှစ်မိုင်လောက်ဝေးတဲ့ နေရာမှာရပ်ထားတယ်။ ဒါဟာ သူတို့ကြိုတင် စီစဉ်ပြီး တွေ့ဆုံဖို့ချိန်းထားတာ ဖြစ်ရမယ်"

"အေး ကောင်းပြီ။ မင်း ဒီကားကို ဆက်မောင်းသွားပေတော့။ သူတို့နောက်က ခြေရာခံလိုက်သွားကြမယ်"
ကက်ပတိန် နီဘောဘီလည်း လင်းရိုဗာကားကို ခပ်သွက်သွက် မောင်းလေတော့သည်။

"ဟော ဟိုရှေ့နားမှာ လမ်းကွေ့ပဲ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ညွှန်ပြရင်းပြောလိုက်ရာ ကက်ပတိန် နီဘောဘီသည် ကားကို အရှိန်လျော့မောင်းသွားပြီးနောက် လမ်းကွေ့အရောက်တွင် ချုံးဝင်လိုက်သည်။ ခဏမျှကြာလျှင် တတိယတပ်မဟာမှ တပ်ကြပ်ကြီးတစ်ဦး မှောင်ထဲမှထွက်လာပြီး လင်းရိုဗာကား၏ဘေးခြေခုံပေါ်သို့ တွယ်တက်လိုက်သည်။ သူ၏ လက်တစ်ဖက်ဖြင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာကိုလည်း အလေးပြုလိုက်သည်။

"သူတို့က ဒီကဖြတ်သွားတာ တစ်မိနစ်ကျော်ကျော်ပဲ ရှိပါဦးမယ် ဗိုလ်ချုပ်။ ကုန်တင်လော်လီကားကြီးဟာရှေ့နားမှာ ရှိနေပါတယ်။ ကျွန်တော်တို့က လော်လီကားကြီးဖြတ်သွားပြီးနောက် လမ်းကို ပိတ်ဆို့ထားလိုက်ပါတယ်။ ရှေးနားမှာလည်း ကျွန်တော်တို့တပ်တွေက လမ်းပိတ်ထားပြီးပါပြီ။ သူတို့ကို ကျွန်တော်တို့က နှစ်ဖက်ပိတ်ညှပ်ထားမိနေပြီ ဖြစ်ပါတယ်။ တပ်ကြပ်ကြီး က အစီရင် ခံလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကျေနပ်ဟန်ဖြင့်

"အေး ကောင်းတယ်၊ မင်းတို့လုပ်စရာရှိတာဆက်လုပ်ကြ"ဟု အမိန့်ပေးလိုက်ပြီးနောက် ကက်ပတိန် နီဘောဘီဘက်လှည့်၍ ညွှန်ကြားပြန်သည်။

"ဟေ့ လမ်းက ဒီနေရာမှာ ဆင်ခြေလျှောဖြစ်နေတယ်။ ငါတို့နောက်က ကားကြီးတွေကို အင်ဂျင်စက်ရပ်ပြီး ဒီတိုင်းလှိမ့်ဆင်းသွားဖို့ ပြောလိုက်"

လမ်းက တကယ်ပင် ဆင်ခြေလျှော ဖြစ်နေရာ လင်းရိုဗာကားနှင့်တကွ နောက်မှစစ်သည်များပါသည့် ထရပ်ကားနှစ်စီးတို့သည် အင်ဂျင်စက်ရပ်၍ လှိမ့်ဆင်းသွားကြရာ ကုန်းဆင်းကအလွန်မတ်စောက်သဖြင့် ကားများသည်အရှိန်ပြင်းစွာဖြင့် လိမ့်ဆင်းသွားကြလေသည်။

ဆယ်လီသည် ကြောက်သဖြင့် ခရိတ်၏ လက်တစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရှာလေသည်။
"ဟောဟိုမယ်၊ သူတို့ပဲ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ရုတ်တရက်ပြောလိုက်သည်။ ခရိတ်သည် လှည့်ကြည့်လိုက်ရာ ရှေ့မှာ မာစီးဒီးကား၏မီးလုံးများကို မြင်ရလေသည်။ သူတို့လင်းရိုဗာကားသည် မာစီးဒီးကားကို တဖြည်းဖြည်း မီလာနေပြီဖြစ်သည်။ မကြာမီ မျက်နှာချင်းဆိုင်ဘက်မှ မော်တော်ကားတစ်စီး၏ ရှေ့မီးလုံးကြီးများ ပိတ်လိုက်ဖွင့်လိုက် သုံးကြိမ်တိတိ လုပ်သည်ကို မြင်ရပေသည်။ ကြိုတင်သတ်မှတ်ထားသည့်အတိုင်း မော်တော်ကား အချင်းချင်း အချက်ပေးဟန် တူပေသည်။ မာစီးဒီးကားသည် ရုတ်တရက်အရှိန်လျော့၍ မောင်းလေသည်။

"ဒီကောင်တွေကို ကျုပ်တို့ လက်ပူးလက်ကြပ် မိဖို့ သေချာပြီ"

ဖွန်ဂါဘီရာက ကျေနပ်အားရဟန်ဖြင့် ရေရွတ်လိုက်သည်။ မိုးကာဖျင် (တာလပတ်) ဖုံးအုပ်ထားသော ကုန်တင်လော်လီကားကြီးသည် တစ်နေရာတွင် ရပ်ထားပြီးဖြစ်သည်။ မာစီးဒီးကားသည်လည်းရပ်လိုက်ပြီး ကားပေါ်မှ လူနှစ်ယောက်ဆင်းကာ လော်လီကားရှိရာသို့ လျှောက်သွားကြလေသည်။

လူနှစ်ယောက်နက် တစ်ယောက်က မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက် ကိုင်ဆောင်ထားသည်။ ထိုလူများသည် လော်လီကားမောင်းသူနှင့် စကားပြောနေကြလေသည်။ ခရိတ်တို့၏ လင်းရိုဗာကား သည် အင်ဂျင်စက်နှိုးမထားသဖြင့် အသံလုံးဝမမြည်ဘဲ ထိုနေရာသို့ ဆင်ခြေလျှောအတိုင်း လိမ့်ဆင်း သွားစဉ် ဆယ်လီသည် ခရိတ်၏လက်ကို တင်းကျပ်စွာဆုပ်ကိုင် ထားရှာသည်။ မာစီးဒီးကားပေါ်မှ ဆင်းလာသူနှစ်ယောက်အနက် တစ်ယောက်သည် ကုန်တင်ကား၏နောက်ဘက်ဆီသို့ လှည့်၍ လျှောက်လာစပြုပြီးမှ ရုတ်တရက် ရပ်လိုက်ပြီး လာနေသော လင်းရိုဗာကားဘက်သို့ အံ့သြဟန်ဖြင့် လှမ်းကြည့်လေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် လင်းရိုဗာကားမှ ရှေ့မီးလုံးကြီးများကို ရုတ်တရက် ဖွင့်လိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ထိန်လင်းသွားလေသည်။ တစ်ချိန်တည်းမှာပင် ဗိုလ်ချုပ်သည် ရဲတပ်ဖွဲ့သုံး လက်ကိုင်အသံချဲ့စက်တစ်ခုကိုယူ၍ သူ၏ပါးစပ်တွင် တေ့ထားလိုက်သည်။

"ဟေ့...ဘယ်သူမှမလှုပ်ကြနဲ့၊ အားလုံးငြိမ်နေလိုက်ပါ။ ထွက်ပြေးမယ်လည်းမကြံကြပါနဲ့။ ဗိုလ်ချုပ် ဖွန်ဂါဘီရာက အသံချဲ့စက်ဖြင့် အော်ပြောလိုက်ရာ လူနှစ်ယောက်သည် ချာခနဲလှည့်ပြေးပြီး မာစီးဒီး ကားရှိရာသို့ ပြေးကြလေသည်။ ကက်ပတိန် နီဘောဘီက လင်းရိုဗာကား၏ အင်ဂျင်စက်ကို နှိုးလိုက် သည်။
"ဟေ့လူတွေ၊ ခုချက်ချင်း ရပ်လိုက်ပါ၊ ခင်ဗျားတို့ရဲ့ လက်နက်တွေကိုလည်း ချလိုက်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခပ်ထန်ထန် အော်ပြောလိုက်တော့မှ မာစီးဒီးကားပေါ်မှ လူနှစ်ယောက်သည် ရပ်လိုက်ပြီး တစ်ယောက်ကသူ၏ ရိုင်ဖယ်သေနတ်ကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး လက်မြှောက်လိုက်ကြသည်။

ကက်ပတိန် နီဘောဘီသည် လင်းရိုဗာကားကို မာစီးဒီးကားရှေ့သို့မောင်း၍ လမ်းပိတ်ဆို့ထားလိုက် သည်။ ထို့နောက် သူသည် ကားပေါ်မှ ခုန်ဆင်း၍ မာစီးဒီးကားအနီးသို့ ချဉ်းကပ်သွားကာ အူဇီ အမျိုးအစား စက်သေနတ်ငယ်တစ်လက်ဖြင့် ကားတွင်းသို့ ချိန်ထားလိုက်သည်။

ကဲ...ကားပေါ်က ဆင်းကြ၊ အားလုံး တစ်ယောက်မကျန် ဆင်းခဲ့ကြ။ ကက်ပတိန်နီဘောဘီက ခပ်ထန်ထန် ပြောလိုက်သည်။

ထိုအခိုက်မှာပင် စစ်တပ်သုံး ထရပ်ကားကြီးနှစ်စီးဆိုက်လာပြီး တတိယတပ်မဟာမှ လက်နက်ကိုင် စစ်သည်များ လျင်မြန်သွက်လက်စွာ မာစီးဒီးကားကို ဝိုင်းထားလိုက်ကြသည်။ စစ်သားတစ်ဦးသည် ကား၏ တံခါးကို ဆွဲဖွင့်ပြီး အတွင်းမှယာဉ်မောင်းသူနှင့် နောက်လူတစ်ယောက်ကို ခပ်ကြမ်းကြမ်း

ဆွဲခေါ်ထုတ် လာသည်။ ထိုလူသည် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်ပြီး လင်းရိဟာကား၏ မီးရောင်တွင်မျက်နှာကိုပါ ထင်ရှားစွာ မြင်နေရသဖြင့် ခရိတ်အဖို့ ယုံမှားသံသယဖြစ်စရာမရှိတော့ချေ။ ထိုလူကားမာတာဘယ်လီတိုင်းရင်းသား ဝန်ကြီးတွန်ဂါတာပင်တည်း။ သူသည် သူ့အားဝိုင်းဖမ်းချုပ်ထားသူစစ်သားများကို တွန်းဖယ်ပစ်ပြီး ခပ်တည်တည် ရပ်နေလေသည်။

ဟော့ကောင်တွေ၊ မင်းတို့ ငါ့ကို လုံးဝ လာမထိနဲ့။

ဤသို့လည်း တွန်ဂါတာက ငေါက်လိုက်သည်။ သူသည် အနက်ရောင် ဘောင်းဘီနှင့် ရုပ်အင်္ကျီအဖြူဝတ်ဆင်ထားလေသည်။ ဟော့ ငါ ဘယ်သူဘယ်ဝါဆိုတာ မင်းတို့ သိရဲ့လားကွ၊ မင်းတို့ဟာအင်မတန်ရိုင်းစိုင်း အောက်တန်းကျတဲ့ကောင်တွေပဲ တွန်ဂါတာက ဤသို့ခက်ထန်စွာ ပြောလိုက်သဖြင့် စစ်သားများသည် ရုတ်တရက် ရွံ့သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ကြလေသည်။ သူတို့သည် လင်းရိဟာကားဆီသို့ အကြံဉာဏ်တောင်းသလို လှမ်းကြည့်နေကြသည်။

ဤတွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာက မှောင်ရိပ်ထဲမှ ထွက်လာရာ ဝန်ကြီး တွန်ဂါတာကလည်း ချက်ချင်းမှတ်မိ လေသည်။ လက်စသတ်တော့ ခင်ဗျား ဖြစ်နေတာကိုး၊ ခင်ဗျားက ပါးကွက်အာဏာသားအကြီးအကဲဆိုပါတော့ တွန်ဂါတာ က သရော်သလို ပြောလိုက်ရာ ဖွန်ဂါဘီရာသည် လျစ်လျူရှုလျက် သူ၏လူများအား ဟော့...ဒီကားကြီးကို ဖွင့်လိုက်ကြစမ်းဟု အမိန့်ပေးလိုက်သည်။

သူ၏မျက်လုံးများကတော့ ဝန်ကြီးတွန်ဂါတာ၏မျက်နှာကိုသာ စိုက်ကြည့်နေသည်။ ဝန်ကြီးတွန်ဂါတာကလည်း လုံးဝ တုန်လှုပ်ကြောက်ရွံ့ဟန်မရှိဘဲ ဗိုလ်ချုပ်ဖွန်ဂါဘီရာအား ရဲရင့်တည်ကြည်စွာပင် ပြန်ကြည့်နေသည်။ တစ်ဦးက ရှိုနာတိုင်းရင်းသား၊ ကျန်တစ်ဦးက မာတာဘယ်လီ လူမျိုးဖြစ်နေသဖြင့် တစ်ဦးကိုတစ်ဦး ကိုက်စားချင်လောက်အောင် စက်ဆုပ်မုန်းတီးသူနှစ်ဦး မျက်နှာချင်းဆိုင်ကာ စိတ်ဓာတ်အင်အားချင်း ပြိုင်နေသည်နှင့် တူနေလေသည်။ သူတို့နှစ်ဦးစလုံးသည် စိတ်ဓာတ်အင်အားကြီးမားသူချည်းဖြစ်ကြသည်။ ဩဇာတိက္ကမရှိသော လူမျိုးစုခေါင်းဆောင်လည်း ဖြစ်ကြသည်။ ယခုအချိန်တွင် သူတို့နှစ်ဦး ယဉ်ကျေးမှုဆိုင်ရာ ဟန်ဆောင်ခြင်းကင်းပြီး စစ်မြေပြင်၌ ရင်ဆိုင်နေကြသူအာဖရိကတိုင်းရင်းသား စစ်သူကြီးနှင့် တူနေပေသည်။

ခရိတ်သည်လင်းရိဟာကားပေါ်မှဆင်း၍ ရှေ့သို့လျှောက်ထွက်လာရာမှ မာစီးဒီးကားနားသို့အရောက်တွင် ရုတ်တရက် ခြေလှမ်းတန့်လျက် အလွန်အံ့အားသင့်နေမိလေသည်။ ယခုမြင်ရသော မြင်ကွင်းမျိုးကို သူသည် မည်သည့်အခါကမှ မမျှော်လင့်မိခဲ့သောကြောင့် အကြီးအကျယ် အံ့သြနေမိခြင်းပင်

ဖြစ်သည်။ ဖွန်ဂါဘီရာ နှင့် တွန်ဂါတာတို့နှစ်ဦးကို ကြည့်ရသည်မှာ ခေတ်မီလက်နက်များမပေါ်မီက အာဖရိကတိုင်းရင်းသား လူမည်းသူရဲကောင်းများလို တစ်ယောက်ကိုတစ်ယောက် လက်ချည်းသက်သက်ဖြင့် တိုက်ခိုက်သတ်ပုတ်ကြတော့မည့်ဟန်မျိုး ဖြစ်နေလေသည်။

ထိုအတောအတွင်း စစ်သားများသည် ထရပ်ကုန်တင်ကားကြီးပေါ်မှ ဘောထုပ်ကြီးများ၊ သစ်သားပေါင်ရိုက်ထားသော ကုန်သေတ္တာကြီးများကို သယ်ယူထမ်းချလျက်ရှိကြလေသည်။ သစ်သားသေတ္တာကြီးတစ်ခုသည် ကားပေါ်မှ မြေကြီးပေါ်သို့အကျတွင် ကွဲပျက်သွားရာအတွင်းမှ ဆင်စွယ်ကြီးများထွက်လာလေသည်။ စစ်သည်တစ်ဦးက ဘောထုပ်တစ်ထုပ်ကို ဖွင့်လိုက်ရာ အလွန်အဖိုးတန်သော သားမွေးများနှင့် ကျားသစ်ရေများကို သေသပ်စွာထုပ်ပိုးထားကြောင်း တွေ့ရလေသည်။ နိုင်ငံခြားသို့ ခိုးထုတ်ရန် အထူးတလည် ပိရိစွာထုပ်ပိုးထားခြင်းဖြစ်ကြောင်း ထင်ရှားနေပေသည်။

'ဟုတ်ပြီ၊ ဒါဟာအလွန်ခိုင်လုံတဲ့အထောက်အထားပဲ၊ ရဲဘော်တို့ မာတာဘယ်လီသတ္တဝါကိုဖမ်းလိုက်ကြတော့'

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ဝမ်းသာအားရအမိန့်ပေးလိုက်ရာ တွန်ဂါတာသည် အလွန်ဒေါသထွက်လာဟန်ဖြင့် ဖွန်ဂါဘီရာအား စိန်ခေါ်သလို ပြန်ကြည့်လိုက်သည်။ 'ဒီပြဿနာရဲ့ အဖြစ်မှန်က ဘယ်လိုဆိုတာ ကျုပ်မသိပေမယ့် တစ်နေ့ကျရင် ခင်ဗျားကိုပဲ အကြီးအကျယ် တုံ့ပြန်ဂယက်ရိုက်မှာ သေချာတယ်။ ခင်ဗျားက ကျုပ်ကို မာတာဘယ်လီသတ္တဝါလို့ တိရစ္ဆာန်နဲ့ နှိုင်းပြောတယ်။ ခင်ဗျားကကော ဘာမို့လို့လဲ။ ခင်ဗျားဟာ ရှိုနာလူမျိုးပြည့်တန်ဆာမတစ်ယောက်ရဲ့ သားမဟုတ်လား' ဤသို့ တွန်ဂါတာက ရဲရင့်တည်ကြည်စွာ ပြောလိုက်လျှင် ဖွန်ဂါဘီရာသည် ဆက်လက်မဖြစ်လိုဟန်ဖြင့် သူ၏တပ်သား ရဲဘော်များအား ' ဟေ့ သူတို့ကို ဖမ်းခေါ်သွားကြတော့လေကွာ ' ဟု ဟစ်အော်အမိန့်ပေးလိုက်သည်။

သို့ရာတွင် တွန်ဂါတာ၏မျက်နှာက တည်ကြည်လေးနက်သော ကျေနပ်ဆောင်နေသည့်ပြင် သြဇာတိက္ကမကြီးမားသူ၊ စိတ်ဓာတ်ခိုင်မာ ပြင်းထန်သူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေရာ တတိယတပ်မဟာမှစစ်သားများသည်ရုတ်တရက်ရှေ့မတိုးဝံ့ဘဲဆုတ်ဆိုင်းနေကြလေသည်။ ဆယ်လီသည် လင်းရိုဗာကားပေါ်မှဆင်း၍ ကုန်တင်ကားကြီးပေါ်မှတွေ့ရှိသော သားမွေးများ၊ ကျားသစ်ရေများကို အနီးကပ်ကြည့်လိုသဖြင့် ရှေ့သို့တိုးသွားလေသည်။ ယင်းသို့သွားစဉ် သူမသည် စက္ကန့်ပိုင်းမျှ တွန်ဂါတာ၏ရှေ့မှ ဖြတ်လျှောက်သွားရလေသည်။

ထိုစက္ကန့်ပိုင်းအတွင်း ဆယ်လီ၏ကိုယ်သည် တွန်ဂါတာနှင့်သူ့အားဖမ်းမည့်သူများကြားတွင်ကာထား သလိုဖြစ်သွားရာ ဝန်ကြီးတွန်ဂါတာသည် အလွန်အံ့သြဖွယ်ကောင်းလောက်အောင် လျှပ်တစ်ပြက် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ မျက်စိဖြင့်လိုက်ကြည့်၍ မမြင်နိုင်လောက်အောင် လျင်မြန်သည့် မြွေဟောက်တစ်ကောင်၏ ပေါက်လိုက်ပုံကဲ့သို့ပင် ဖြစ်သည်။

တွန်ဂါတာသည် သူ့ရှေ့မှဖြတ်လျှောက်သွားသူဆယ်လီ၏လက်မောင်းကိုရုတ်တရက်ဖမ်းဆွဲလိုက်ပြီး မြေပြင်ပေါ်၌ကျနေသော ရိုင်ဖယ်သေနတ်ကိုပါ သွက်လက်စွာကောက်ယူလိုက်သည်။ ထို့နောက် ဆယ်လီ၏ကိုယ်ကို မိမိရှေ့မှာ ကာထားလိုက်သည်။ တစ်နည်းအားဖြင့် တွန်ဂါတာသည် ဆယ်လီ၏ ခန္ဓာကိုယ်ကို ရှေးခေတ်စစ်သည်များသုံးသည့် ရိုးလ်ခေါ်ဒိုင်းသဖွယ် အသုံးပြုလိုက်ခြင်းပင် ဖြစ်သည်။ တတိယတပ်မဟာမှစစ်သည်များသည် ရုတ်တရက်အငိုက်မိသလို ခံသွားရလေသည်။ သူတို့ရောက် ရှိနေသည့် နေရာအနေအထားကလည်း ရှုပ်ထွေးနေသဖြင့် တွန်ဂါတာအား ပစ်လိုက်ပါက မိမိတို့လူ တစ်ယောက်ယောက် ထိမှန်သွားနိုင်သောကြောင့် ရုတ်တရက် ဘာလုပ်မှန်း မသိအောင် ဖြစ်နေကြ လေသည်။

' ဟော့...ရဲဘော်တွေ၊ မင်းတို့မပစ်ကြနဲ့၊ ဒီ မာတာဘယ်လီ ခွေးသားကို ငါကိုယ်တိုင် လက်ရဖမ်းမယ်' ဗိုလ်ချုပ်ဖွန်ဂါဘီရာကပြောလိုက်စဉ် ဝန်ကြီးတွန်ဂါတာသည် လက်တစ်ဖက်ဖြင့် ဆယ်လီအားဖမ်းချုပ် ကိုင်ထားလျက် ကျန်လက်တစ်ဖက်ဖြင့် ရိုင်ဖယ်သေနတ်ကို ဖွန်ဂါဘီရာအားချိန်ထားကာ လင်းရိုဗာ ကားဆီသို့ နောက်ဆုတ်သွားလေသည်။ လင်းရိုဗာကားမှာ အင်ဂျင်စက်နှိုးထားလျက်ပင်ရှိနေသည်။ 'ဟော့လူ၊ ခင်ဗျား ဘယ်နည်းနဲ့မှ ထွက်ပြေးလို့ လွတ်မြောက်မှာ မဟုတ်ဘူး၊ ရှေ့နောက် နှစ်ဘက် စလုံး လမ်းတွေပိတ်ဆို့ထားတယ်။ ကျုပ်ရဲ့ လူတစ်ရာကျော်လည်း ရှိနေတယ်။ ကျုပ်က ခင်ဗျားကို ဖမ်းဖို့စောင့်နေတာ ကြာလှပြီ။ အခုမှပဲ ပိုင်ပိုင်နိုင်နိုင် မိတော့တယ်'

ဖွန်ဂါဘီရာက ဟစ်အော်ပြောလိုက်သော်လည်း တွန်ဂါတာသည် ဂရုမစိုက်ဘဲ သူ၏ရိုင်ဖယ်သေနတ် ဖြင့် ဖွန်ဂါဘီရာ၏ ဝမ်းဗိုက်တည့်တည့်သို့ ချိန်လိုက်သည်။ တကယ်ပစ်တော့မည်ဟန်ဖြင့် ပြင်ဆင် လိုက်ပုံမျိုးပင်ဖြစ်သည်။ ထိုအချိန်၌ခရိတ်သည် တွန်ဂါတာ၏နောက်နားတွင်ရှိနေရာ ရိုင်ဖယ်သေနတ် ၏ ခလုတ်ကိုဆွဲခါနီး စက္ကန့်ပိုင်းအလိုတွင် တွန်ဂါတာသည် ဖွန်ဂါဘီရာ၏ ဝမ်းဗိုက်တည့်တည့်သို့ ချိန်ထားရာမှ ဘေးဘက်သို့တစ်လက်မခန့် ရွှေ့ပြောင်းချိန်လိုက်သည်ကို သတိပြုလိုက်မိလေသည်။ ပြီးတော့မှ ရိုင်ဖယ်သေနတ်၏ခလုတ်ကို ဆွဲ၍ပစ်လိုက်သည်။ ဖွန်ဂါဘီရာအား မထိမှန်အောင် တမင်သက်သက် ကပ်လွှဲ၍ပစ်လိုက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားလေသည်။ သေနတ်သံသည်

ကျယ်လောင်စွာ မြည်ဟိန်းသွားလျက် (မောင်းပြန်သေနတ်ဖြစ်၍) အဆက်မပြတ် ထွက်လာသော ကျည်ဆန်များသည် ဖွန်ဂါဘီရာ၏နောက်နားရှိ ကုန်တင်ထရပ်ကားကြီးအားတိုက်ရိုက်ထိမှန်ကုန်လေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာ သည် သေနတ်ကျည်ဆန်များကို တိမ်းရှောင်ရန် သူ၏ကိုယ်ကို ဘေးသို့ တိမ်းရှောင်ရင်း ကုန်တင်ထရပ်ကားကြီးအနီး မြေပြင်ပေါ်သို့ပစ်လဲချလိုက်သည်။ တတိယတပ်မဟာမှ စစ်သားများသည်လည်း တုန်လှုပ်ချောက်ချားလျက် ခြေဦးတည့်ရာ တိမ်းရှောင်ပြေးကြလေရာ သူတို့အချင်းချင်း ထိမှန်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သေနတ်များကို မပစ်ခတ်နိုင်ဘဲ ဖြစ်နေကြသည်။ ယင်းသို့ အခြေအနေ ရှုပ်ထွေးလျက်ရှိနေစဉ် တွန်ဂါတာသည် ဆယ်လီအား လင်းရိုဇာကားပေါ်သို့ အတင်းဆွဲတင်လိုက်ပြီး သူကိုယ်တိုင် ယာဉ်မောင်းနေရာသို့ခုန်တက်ကာ လျင်မြန်စွာ မောင်းထွက်သွားလေသည်။

"ဟေ့ကောင်တွေ မပစ်ကြနဲ့၊ ငါက ဒီလူ့ကို အရှင်ဖမ်းချင်တယ်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက သူ၏စစ်သည်များအား လှမ်းအော်အမိန့်ပေးလိုက်သည်။ သို့ရာတွင် စစ်သားတစ်ဦးသည် တစ်စုံတစ်ရာ စဉ်းစားဆင်ခြင်ဟန်မတူဘဲ လင်းရိုဇာကားကို ရပ်တန့် တားဆီးရန် အတွက် ကားရှေ့မှကာဆီးပြီးရပ်နေလိုက်သည်။ တွန်ဂါတာသည် ကားကိုလုံးဝမရပ်ဘဲ အတင်းဆက်မောင်းသွားရာ စစ်သားရင်ဘတ်တည့်တည့်ကို တိုက်ပြီး လဲကျသွားစဉ် လင်းရိုဇာကားသည် လူပေါ်မှဖြတ်ကြိတ်လျက် တရကြမ်းမောင်းထွက် သွားလေသည်။ ခရိတ်သည် ဘာမျှမစဉ်းစားဘဲ လျှပ်တပြက် လူပ်ရှားလျက် ဝန်ကြီးတွန်ဂါတာစီးလာသော မာစီးဒီးကားပေါ်သို့ လျင်မြန်စွာတက်လိုက်ပြီး ချက်ချင်း မောင်းထွက်လေသည်။ ဒီဂရီ(၁၈၀)ကွေ့လိုက်ပြီးနောက် ရှေ့မှထွက်သွားသည့် လင်းရိုဇာကားနောက်သို့စက်ကုန်ဖွင့်လျက်မောင်းလိုက်သွားလေသည်။ မာစီးဒီးကား၏အင်ဂျင်စက်မှာ အလွန်အားကောင်းသဖြင့် ခရိတ်က ဆီထိန်းခလုတ်(လီဗာ)ကို နင်းလျှင် နင်းသလောက် အရှိန်ပြင်းစွာဖြင့် ပြေးလေသည်။

'ခရိတ်...ခရိတ်...နေပါဦး'

ဗိုလ်ချုပ်ဖွန်ဂါဘီရာကလှမ်းအော်ပြောလိုက်သော်လည်း ခရိတ်သည်လုံးဝဂရုမစိုက်ဘဲမာစီးဒီးကားကြီးကိုသာ အာရုံစိုက်၍ဆက်မောင်းသွားလေသည်။ မကြာမီ ခရိတ်သည်ရှေ့မှသွားနေသော လင်းရိုဇာကား၏ နောက်မီးအနီရောင်များကို လှမ်းမြင်ရလေသည်။ မာစီးဒီးကားမှာ အင်ဂျင်စက် အားကောင်းသည့်ပြင် အော်တိုမစ်တစ်ဂီယာများလည်းပါရှိသဖြင့် ခရိတ်လည်းထိုဂီယာကိုအသုံးပြုပြီး မောင်းလိုက်သောကြောင့် တဖြည်းဖြည်းနှင့် ရှေ့မှလင်းရိုဇာ ကားကိုမီလာလေသည်။ ကားနှစ်စီး၏ အကွာအဝေးသည် နီးသည်ထက် နီးလာသည်။ သို့သော် လမ်းကွေ့တစ်ခုသို့ အရောက်တွင် ဖုန်များထပြီး

မီးခိုးကဲ့သို့မှောင်သွားရာ ခရိတ်သည် မတတ်သာဘဲ ကားကိုအရှိန်လျှော့လိုက်ရလေသည်။ ယင်းသို့အရှိန်လျှော့လိုက်ခြင်းကြောင့်လည်း လမ်းကွေ့ရှိ ချောက်ကမ်းပါးကြီးထဲသို့ ထိုးကျသွားနိုင်သည့် အန္တရာယ်မှ သီသီကလေး လွတ်ခဲ့လေသည်။ ရှေ့မှ လင်းရိုဗာကားနှင့် ကိုက်လေးရာခန့်သာကွာဝေးတော့ရာ ခရိတ်သည် မာစီးဒီးကားဇာ၏ ရှေ့မီးလုံးကြီးများ အလင်းရောင်တွင် လင်းရိုဗာကားပေါ်မှ ဆယ်လီကိုပင် လှမ်းမြင်နေရပြီ ဖြစ်သည်။ ထိုအချိန်၌ သူမသည် ကားပေါ်မှအရဲစွန့်ပြီး ခုန်ချရန် ဟန်ပြင်နေလေသည်။ သို့သော် တွန်ဂါတာက လက်တစ်ဖက်ဖြင့် ကားမောင်းနေရာမှ ကျန်လက်တစ်ဖက်ဖြင့် ဆယ်လီအား အတင်းဖမ်းဆွဲ၍ ကားထိုင်ခုံပေါ်တွင် ပြန်ထိုင်စေပုံကိုလည်း ခရိတ်ကမြင်နေရလေသည်။

ရုန်းကန်လှုပ်ရှားမှုကြောင့် ဆယ်လီ၏ဦးခေါင်းတွင် ပတ်ထားသော စကာ့ဖခေါ်လည်စည်းသည် ပြုတ်ထွက်ကာအပြင်ဘက်သို့ လွင့်စဉ်ထွက်သွားလေသည်။ ထို့နောက် ဖုန်များထလာပြီး လင်းရိုဗာကားကို ကောင်းစွာ မမြင်ရတော့ချေ။ ခရိတ်သည် ရှေ့ကားပေါ်၌ မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒေါသထွက်လာမိသည်။ ထိုအချိန်၌သူသည် ဝန်ကြီးတွန်ဂါတာ(သူနှင့်တစ်ချိန်က အလွန်ခင်မင်ရင်းနှီးသူမိတ်ဆွေ)အား အကြီးအကျယ် စက်ဆုပ် မုန်းတီးစိတ် ဖြစ်ပေါ်နေမိသည်။

ပြင်းစွာ ဒေါသထွက်၍လည်း ခရိတ်သည် မာစီးဒီးကားကို အရှိန်ပြင်းစွာ မောင်းလျက် လင်းရိုဗာ ကားနောက်သို့ လိုက်သွားလေသည်။ ထိုအချိန်၌ လင်းရိုဗာကားနှင့် ကိုက်သုံးရာခန့်သာ ကွာဝေးတော့ရာ ခရိတ်က မာစီးဒီးကားကို စက်ကုန်ဖွင့်၍ မောင်းလိုက်ခြင်းကြောင့် ကားချင်းနီးသည်ထက် နီးကပ်လာလေသည်။ နောက် လမ်းကွေ့တစ်ခုသို့ ရောက်သောအခါ ကားချင်း အလွန်နီးကပ်လာသဖြင့် ဆယ်လီကိုပင် လှမ်းမြင်နေရသည်။ သူမသည် နောက်သို့သမင်လည်ပြန်လှည့်၍ ခရိတ်အားလှမ်းကြည့်နေသည်ကိုလည်း မြင်နေရသည်။

သူမ၏မျက်နှာသည် သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်လျက် ခေါင်းပေါ်မှ ဆံပင်များသည်လည်း ဖရိုဖရဲ ဖြစ်နေလေသည်။ နောက်ထပ် လမ်းကွေ့တစ်ခုသို့ ရောက်ပြန်သဖြင့် ရှေ့မှ လင်းရိုဗာကားသည် ခေတ္တပျောက်ကွယ် သွားပြန်သည်။ ခရိတ်လည်း ကားကို အရှိန်မလျှော့ဘဲ စက်ကုန်ဖွင့်မောင်းလိုက်သွားသည်။ လမ်းကွေ့ကို ချိုးလိုက်ပြီးနောက် မကြာမီပင် ရှေ့ခပ်လှမ်းလှမ်း၌ ဖွန်ဂါဘီရာ၏ စစ်သားများက လမ်းပိတ်ဆို့ထားသည်ကို မြင်ရလေသည်။ သုံးတန်စစ်ကားကြီးတစ်စီးကို လမ်းပေါ်တွင် ကန့်လန့်ဖြတ်ရပ်ထားပြီး ကား၏ဘေးနှစ်ဖက်နှစ်ချက်တွင်လည်း သစ်ပင်သစ်ကိုင်းများ ခုတ်လှဲ၍ ပိတ်ဆို့ထားလေသည်။

ထို့ပြင် သံမဏိကြိုးကြီးများလည်း ဖြတ်၍ ကာရံထားသေးရာ ဤသို့ လမ်းပိတ်ဆို့တားမြစ်ခြင်းကို မည်သည့်ယာဉ်မှ ဝင်တိုက်ဖြတ်ကျော်၍ ရနိုင်မည်မဟုတ်ဟု ခရိတ်က တထစ်ချတွက်မိလေသည်။ လမ်းပိတ်ဆို့ထားသည့် နေရာရှေ့တည့်တည့်တွင် စစ်သားငါးဦးတို့တန်းစီမတ်တပ်ရပ်ကာ သူတို့၏ ရိုင်ဖယ်သေနတ်များကို ဝှေ့ယမ်းလျက် လင်းရိုဗာကားအား ရပ်တန့်ရန် အချက်ပြနေကြလေသည်။ စစ်သားများက စတင်မပစ်ခတ်ဘဲနေပုံကို ထောက်ခြင်းအားဖြင့် ပိုလ်ချုပ်ဖွန်ဂါဘီရာက ရေဒီယိုဖြင့် ညွှန်ကြားထားခြင်းကြောင့်ဖြစ်တန်ရာသည်ဟုခရိတ်ကယူဆမိလေသည်။ သို့ဖြစ်လင့်ကစား လင်းရိုဗာကားပေါ်မှဆယ်လီအဖို့မည်မျှအန္တရာယ်ကြီးမားနေကြောင်းကိုလည်းစဉ်းစားပြီး စိုးရိမ်ပူပန်နေမိသည်။ အချိန်မရွေး သူမ၏ လှပအချိုးကျသော ခန္ဓာကိုယ်အတွင်းသို့ သေနတ်ကျည်ဆန်များ ဒလဟော လာရောက်ထိမှန်နိုင်ပေသည်။

ဘုရားသခင် တန်ခိုးတော်ကြောင့် စစ်သားတွေ မပစ်ပါစေနှင့် ဤသို့လည်း ခရိတ်သည် စိတ်ထဲမှ ကျိတ်၍ဆုတောင်းမိလေသည်။ ထိုအချိန်၌သူ၏မာစီးဒီးကားသည်ရှေ့မှလင်းရိုဗာကားနှင့်ပေငါးဆယ် ခန့်သာကွာဝေးတော့သည်။ လမ်းပိတ်ဆို့ထားသည့်နေရာမှ ကိုက်တစ်ရာခန့်အကွာ၊ လမ်း၏ လက်ယာဘက်တွင် မြေနိမ့်နေသော တစ်နေရာရှိလေသည်။ မြေနိမ့်နေပုံက ချိုင့်ကြီးတစ်ခုသဖွယ် ဖြစ်နေသည်။ တွန်ဂါတာသည် လင်းရိုဗာကားကို ရုတ်တရက် လက်ယာဘက်သို့ကွေ့ကာ အထက်ပါ ချိုင့်ကြီးအတွင်းသို့မောင်းဆင်းလိုက်သည်။ချိုင့်၏တစ်ဖက်တွင်မြက်ပင်ရှည်ကြီးများရှိနေရာတွန်ဂါတာသည် မြက်ပင်ရှည်များကြားသို့ ဆက်လက်မောင်းဝင်သွားလိုက်သည်။

ခရိတ်သည် မာစီးဒီးကားဖြင့် ချိုင့်ကြီးအတွင်းသို့ ဆင်းမောင်းရန် မဖြစ်နိုင်ကြောင်းသိသဖြင့် အကြံရ ခက်နေလေသည်။ ကား၏ကြမ်းခင်း အလွန်နိမ့်သဖြင့် ချိုင့်ကြီးထဲသို့ဆင်းလိုက်ပါက မလွတ်ဘဲ ဆက်မောင်း၍ ရမည်မဟုတ်ချေ။ ထို့ကြောင့် သူသည် မာစီးဒီးကားကို ချိုင့်ဝှမ်းကြီး၏ နှုတ်ခမ်းနားတွင်ထိုးရပ်လိုက်ပြီးကားပေါ်မှလျင်မြန်စွာခုန်ဆင်းကာချိုင့်ဝှမ်း၏လက်ယာဘက်ကမ်းသို့ပြေးသွားလေသည်။ လင်းရိုဗာကားသည် ရှေ့ကိုက်နှစ်ဆယ်ခန့်တွင် ရောက်နေလျက် အလွန်ကြမ်းတမ်းပြီး မညီမညာဖြစ်နေသောမြေကြီးပေါ်တွင် ခက်ခဲစွာမောင်းလျက်ရှိသည်။ ခရိတ်သည် ခြေကုန်သုတ်၍ တအားပြေးလိုက်သွားလေသည်။

လင်းရိုဗာကားပေါ်မှ တွန်ဂါတာသည် ခရိတ်ကိုလှမ်းမြင်သည်တွင် လက်တစ်ဖက်ဖြင့် သူ၏ရိုင်ဖယ် သေနတ်ကို မြှောက်၍ချိန်လိုက်သည်။ ထိုအပြုအမူကို ဆယ်လီက သူမ၏ကိုယ်လုံးဖြင့် သေနတ်ပြောင်းကို အတင်းဖိချရင်း တွန်ဂါတာထံမှ သေနတ်ကိုလုယူရန် ကြိုးစားလေသည်။ တွန်ဂါတာလည်း လက်တစ်ဖက်ဖြင့် ကားမောင်းရင်း တစ်ဖက်က ဆယ်လီအား တွန်းဖယ်ပစ်လေသည်။ ဆယ်လီ က

အလျော့မပေးဘဲ ဆက်လက်၍ ရိုင်ဖယ်သေနတ်ကိုလုရန် ကြိုးစားပြန်သောအခါ တွန်ဂါတာသည် သူမ၏နားရွက်အောက်နားဆီသို့ လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက် သည်။ ဆယ်လီခမျာ ခေါင်းငိုက်စိုက်ကျသွားကာ ငြိမ်နေတော့သည်။ တွန်ဂါတာလည်း လင်းရိုဗာကားကို ဆက်၍ မောင်းသွားလေသည်။

ယင်းသို့ လမ်းဘေးရှိ ချိုင့်ကြီးကို ဖြတ်မောင်းသွားခြင်းအားဖြင့် စစ်တပ်က လမ်းပိတ်ဆို့ထားသည့် နေရာကိုကျော်လွန်သွားလေရာတွန်ဂါတာသည်သဘောကျဟန်ဖြင့် ကားကိုမြန်မြန်မောင်းရန်ကြိုးစား လေသည်။ သို့ရာတွင် မကြာမီ ဆယ်ပေခန့်နက်သည့် နောက်ထပ် ချောက်ကမ်းပါးကြီးတစ်ခုသို့ ရောက်သွားပြန်ရာတွန်ဂါတာသည်ကားကိုမထိန်းနိုင်တော့ဘဲချောက်ကြီးထဲသို့ထိုးကျသွားလေသည်။ ခရိတ် လည်း အတင်း ပြေးလိုက်သွားသည်။

အံ့သြဖွယ်ကောင်းသည်ကားဆယ်ပေခန့်နက်သည့်ချောက်၏အောက်ဘက်တွင် လင်းရိုဗာကားသည် တိမ်းမှောက်ခြင်းမရှိဘဲ ကြောင်ကျကျသလိုကျသွားကာ ဘီးလေးဘီးဖြင့် တည့်မတ်ထောင်လျက်ပင် ရှိနေခြင်း ဖြစ်လေသည်။ ကားစတီယာရင်အဝိုင်းနှင့် တွန်ဂါတာ၏ မျက်နှာတိုက်မိသဖြင့် ပါးစပ်တွင် သွေးများထွက်လျက်ရှိသည်။ သို့သော် သူသည် လုံးဝဂရုမစိုက်ဘဲ ကားကိုဆက်မောင်းရန် ကြိုးစား ပြန်သည်။ ခရိတ်လည်း ဘာမှမစဉ်းစားနိုင်ဘဲ ဆယ်ပေမြင့်သည့် ချောက်ကမ်းပါးနှုတ်ခမ်းမှ အောက်သို့ ခုန်ချလိုက်လေသည်။ အောက်သို့ရောက်လျှင်ရောက်ချင်း သူသည်လင်းရိုဗာကားဆီသို့ ဆက်ပြေးသွားကာ ကားပေါ်တက်ရန် ကြိုးစားလေသည်။

ထိုအချိန်၌ လင်းရိုဗာကားသည် မောင်းထွက်နေပြီဖြစ်ရာ ခရိတ်သည် ကားပေါ်ရောက်အောင် မတက်နိုင်ဘဲ ရေဒီယိုစက်ကိုသာကိုင်မိသဖြင့် အတင်းဖမ်းဆွဲထားရင်းပါသွားလေသည်။ လင်းရိုဗာကားသည် အရှိန်ရလာပြီဖြစ်သည်။ ခရိတ်သည် လက်နှစ်ဖက်ဖြင့် ကားပေါ်မှ ရေဒီယိုစက်ကို ဖမ်းဆုပ်ကိုင်ထား သော်လည်း ခြေနှစ်ဖက်က မြေပြင်မှလွတ်လျက် တွဲလောင်းဖြစ်နေလေသည်။ ထိုအတောအတွင်း လမ်းပိတ်ဆို့ရာနေရာမှ စစ်တပ်သုံးထရပ်ကားကြီးသည်လည်း နောက်မှလျင်မြန်စွာ မောင်းလိုက်လာ ပြီဖြစ်သည်။ တွန်ဂါတာသည် လင်းရိုဗာကားနောက်မှတွယ်လိုက်လာသူ ခရိတ်အားကားပေါ်မှလွှင့်ကျ စေရန် အရှိန်ပြင်းစွာဖြင့် ကွေ့ကောက် မောင်းလေသည်။ ခရိတ်ကလည်း လွှင့်မကျအောင် အထူး သတိထားလျက် အတင်းဆက်လက် တွယ်ထားလေသည်။

လမ်းကွေ့တစ်ခုသို့ရောက်လျှင် တွန်ဂါတာက မော်တော်ကားကို အရှိန်ပြင်းစွာမောင်းလျက် ဘီး နှစ်ဘီးသာ မြေပြင်ကိုထိပြီး နှစ်ဘီးကမြေပြင်မှလွတ်အောင် ကြမ်းကြမ်းကွေ့မောင်းသွားရာ ခရိတ်မှာ

လွင့်စဉ်ကျ မသွားအောင် မနည်း ကြိုးစားတွယ်ထားလိုက်ရပြန်သည်။ သူ၏ လက်နှစ်ဖက်စလုံးမှာ အလွန်နာကျင်လျက်ရှိရပြီဖြစ်သည်။ ခရိတ်သည်ပတ်ဝန်းကျင်ရှုခင်းကိုလှမ်းကြည့်မိလိုက်ရာလင်းရိုဟာကားသည် ဇမ်ဘေဇီမြစ်နှင့်နီးလာပြီဖြစ်ကြောင်း တွေ့ရလေသည်။ မြစ်ကိုဖြတ်ကူးထားသည့် တံတားသည် နယ်စပ်ပင်ဖြစ်ရာ နယ်ခြားကျော်ပြီး ဇင်ဘာဘွေနိုင်ငံနယ်နိမိတ်ပြင်ဘက်သို့ ရောက်သွားတော့မည်ဖြစ်သည်။ဗိုလ်ချုပ်ဖွန်ဂါဘီရာတို့အစိုးရအနေဖြင့် နယ်စပ်ကျော်လျှင်မည်သို့မှလည်းအရေးယူနိုင်တော့မည် မဟုတ်ချေ။

ယခုဆိုလျှင် တွန်ဂါတာသည် ဆယ်လီအား ဓားစာခံအဖြစ် ဖမ်းမိထားသဖြင့် နယ်စပ်သို့ရောက်နိုင်ရန် အလားအလာ ရှိနေပေသည်။ ယခု အခြေအနေတွင် ခရိတ်က လက်လျှော့လိုက်ပါက တွန်ဂါတာလွတ်မြောက်သွားရန် သေချာသလောက် ဖြစ်နေပေသည်။ ထို့ကြောင့် ခရိတ်သည် လက်မောင်းများပြင်းစွာနာကျင်လျက် အလွန်ပင်ပန်းနေလင့်ကစား လက်မလျှော့ရန်ဆုံးဖြတ်ကာ ဇွတ်ပင်အားတင်း၍ တွယ်ကပ်ထား လိုက်သည်။ သူသည် တစ်ကိုယ်လုံး ကားပေါ်သို့ ရောက်အောင်တက်ရန် ကြိုးစားလေသည်။

ဆယ်လီသည် သတိရနေသော်လည်း တွန်ဂါတာက လက်ဝါးစောင်းဖြင့် (ကရာတေးသိုင်းပညာနည်းအရ) တိုက်ခိုက်ခြင်းခံရသောဒဏ်ကြောင့် မလှုပ်ရှားနိုင်ဘဲ ခေါင်းငိုက်စိုက်ကျနေရှာသည်။ တွန်ဂါတာသည် ခရိတ်က ကားပေါ်တက်ရန် ကြိုးစားနေသည်ကို သတိပြုမိသဖြင့် ကားကိုခပ်ကြမ်းကြမ်းခါလှုပ်သလို ကွေ့မောင်းလိုက်ပြန်ရာ ခရိတ်သည် လင်းရိုဟကား၏တစ်ဖက်ဘေးသို့ ရောက်သွားလေသည်။ လက်နှစ်ဖက်ကတော့ အတင်းဆုပ်ကိုင်တွယ်ထားလျက်ပင် ရှိလေသည်။ တွန်ဂါတာသည် လင်းရိုဟကားကို လမ်းတစ်နေရာရှိ ကျောက်တုံးနံရံများဖြင့်ပြီးသည့် ချောက်ကမ်းပါးဘေးနား သို့ကပ်၍မောင်းလိုက်ပြန်သည်။ ကားနှင့် ကျောက်တုံးနံရံ ပွတ်ကပ်မောင်းခြင်းအားဖြင့် ခရိတ်ညှပ်ပိတ်မိကာ ပြုတ်ကျသွားစေရန် ကြံစည်ခြင်းပင် ဖြစ်သည်။

ခရိတ်ကလည်းအန္တရာယ်ကိုမြင်သဖြင့် လျင်မြန်စွာခြေနှစ်ဖက်ကိုကွေး၍ မြောက်တင်ထားလိုက်သည်။ သို့ဖြစ်လင့်ကစား မော်တော်ကားနှင့် ကျောက်တုံးနံရံ ပွတ်ကပ်ဆွဲသွားစဉ် ခရိတ်၏ သစ်သားခြေတုသည် ညှပ်မိသွားလေရာ ခြေတုဏ်တစ်စိတ်တစ်ဒေသ ကြေမွပျက်စီးသွားလေသည်။ ခြေအတုမဟုတ်ခြေထောက်အကောင်းသာဖြစ်ပါက မည်သို့ဖြစ်သွားမည်ကို မတွေးဝံ့အောင်ပင် ဖြစ်သွားတော့သည်။ ဤတွင် ခရိတ်သည် ပြင်းစွာဒေါသထွက်လာမိကာရှိသမျှအင်အားကို ညှစ်ထုတ်၍ ကားမောင်းနေသူ တွန်ဂါတာ၏ လည်ပင်းကို နောက်မှနေ၍ လက်မောင်းဖြင့် ဖမ်းချိတ်ညှစ်ထားလိုက်သည်။

ထိုအချိန်၌ သူသည်တွန်ဂါတာအား အသေသတ်ပစ်ချင်စိတ် ဖြစ်ပေါ်နေသဖြင့် လက်မောင်းဖြင့် လည်ပင်းကို တအားညှစ်ထားလိုက်သည်။ တွန်ဂါတာလည်း အသက်ရှူကျပ်လာပြီဖြစ်၍ မည်သို့မှ မတတ်သာဘဲ လက်နှစ်ဖက်စလုံး ကားဇ၏စတီယာတိုင်ကို ကိုင်ထားရာမှ လွှတ်လိုက်မိတော့သည်။ လင်းရိုဇာကားသည် အထိန်းအကွပ်မရှိတော့ဘဲ ကွေ့ကောက်သွားနေရာ လမ်းကွေ့တစ်နေရာသို့ အရောက်တွင် လမ်းဘေးရှိချောက်ထဲသို့ ထိုးကျသွားလေသည်။ ခရိတ်သည် ကားပေါ်မှ လွင့်ထွက်ကျသွားလေသည်။

လင်းရိုဇာကားသည် ဘေးတိုက်တစောင်းလဲကျနေသည်။ ရေ့မီးလုံးကြီးများလင်းလျက်ရှိသေးသဖြင့် မီးရောင်တွင် ဆယ်လီသည် မလှမ်းမကမ်း မြေပြင်ပေါ်၌ အိပ်ပျော်နေသကဲ့သို့ မလှုပ်မယှက်လဲကျနေလေသည်။ သူမ၏ နဖူးဆံစကြားဥ သွေးများလည်း စို့နေလေသည်။ ထိုအခိုက် မှောင်ရိပ်ထဲမှ တွန်ဂါတာသည် ဒယီးဒယိုင်ဖြစ်လျက် ထလာလေသည်။ ကားမှောက်သွားခြင်းကြောင့် ရုတ်တရက် ချောက်ချားသလိုဖြစ်နေပြီး နာကျင်နေသောလည်ပင်းကို လက်တစ်ဖက်ဖြင့် ပွတ်သပ်နှိပ်ရင်း လျှောက်လာလေသည်။

ခရိတ်သည် တွန်ဂါတာကိုမြင်လျှင် အကြီးအကျယ် ဒေါသထွက်လာပြန်ကာ လူချင်းအတင်းဝင်လုံး၍ တိုက်ခိုက်လေသည်။ အတိတ်ကာလ တစ်ချိန်က ခရိတ်နှင့်တွန်ဂါတာသည် ခင်မင်သော လူငယ်များ အဖြစ်ကစားကြရင်း အပျင်းပြေ နပန်းလုံးသတ် ကစားခဲ့ဖူးလေသည်။ ထိုစဉ်ကပင် တွန်ဂါတာသည် အလွန်ခွန်အားကြီး သန်မာသူတစ်ယောက်ဖြစ်ကြောင်း ခရိတ်ကသိရှိခဲ့လေသည်။ ယင်းအချက်ကို ခရိတ်သည် မေ့လျော့နေခဲ့ရာ ယခု လူချင်းပူးသတ်နေတော့မှ တွန်ဂါတာ၏ ခွန်အားဗလကို သတိရလေသည်။ အရေးထဲ ခရိတ်ကခြေတစ်ဖက်သာ အကောင်းရှိသဖြင့် လူချင်းလုံးသတ်ရာတွင် တစ်ပန်းရှုံးနေလေသည်။

နှစ်ယောက်သားလုံးထွေးလျက်မြေပြင်ပေါ်လဲကျသွားချိန်တွင် ခရိတ်သည်အထူးကြိုးစား၍ တွန်ဂါတာအား မလှတ်ဘဲ အတင်းဖမ်းချုပ်ထားလေသည်။ တစ်ချိန်တည်းမှာပင် သူ၏ဖြတ်ထားရသော ခြေတစ်ဖက်၏အငုတ်ဖြင့် တွန်ဂါတာ၏ ခန္ဓာကိုယ်အောက်ပိုင်းသို့ အတင်းတိုက်လေသည်။ တွန်ဂါတာသည် ပြင်းစွာနာကျင်ခြင်းဝေဒနာခံစားရလျက် သိသိသာသာ အားပျော့သွားလေသည်။ ခရိတ်လည်း အကြံတစ်ခုရသဖြင့် လျင်မြန်စွာလူချင်းခွာလိုက်ပြီး ခပ်လှမ်းလှမ်းမှအရှိန်နှင့်ပြေးကာ သူ၏ဖြတ်ထားသော ဒူးဆစ်ငုတ်တိုနှင့် တွန်ဂါတာ၏ ရင်ဘတ်တည့်တည့် တအားပစ်ဆောင့် တိုက်ခိုက်လိုက်သည်။ အရှိန်ကပြင်းလှသည့်ပြင် ရင်ဘတ်အလယ်(နလုံးရှိရာ)သို့တည့်တည့်ထိသွားသဖြင့် တွန်ဂါတာသည် ပုံလျက်သား နောက်ပြန်လဲကျသွားကာ ငြိမ်သက်နေတော့သည်။

ခရိတ်သည် လျင်မြန်စွာပြေးသွားပြီး တွန်ဂါတာ၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်ပြန်လေသည်။ ကြာရှည် ဆက်ညှစ်လိုက်ပါက တွန်ဂါတာသည် ဇကာန်မုချ သေသွားတော့မည်ဖြစ်သည်။ ဤတွင် ခရိတ်သည် သူ့ကိုယ်သူ အံ့သြမိလေသည်။

မလူပ်မယှက် ပက်လက်လဲနေသူ တွန်ဂါတာအားဆက်ပြီး လည်ပင်းညှစ်လိုက်ရုံနှင့် သေသွားမည်မှာ သေချာသော်လည်း ခရိတ်၏စိတ်များသည်ရုတ်ချည်းပြောင်းလဲလာသည်။ တစ်ချိန်ကငယ်သူငယ်ချင်းဖြစ်ခဲ့သူတွန်ဂါတာအား အသေမသတ်ရက်တော့ချေ။ တွန်ဂါတာအနေဖြင့် ယခု မည်မျှပင်ပြောင်းလဲကာ ဆိုးသွမ်းစေကာမူ ခရိတ်သည် ဘာကြောင့်မှန်းမသိ၊ မသတ်ရက်သဖြင့် သူ့ကိုယ်သူ အံ့သြမိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် တွန်ဂါတာ၏ လည်ပင်းညှစ်ထားသော သူ၏လက်နှစ်ဖက်ကို ပြန်ရုပ်လိုက်သည်။
ထို့နောက် သူသည် ဆယ်လီ လဲကျနေရာသို့သွားပြီး သူမအား ယုယစွာပွေ့ထူလိုက်သည်။ သူမ၏ မျက်နှာမှသွေးစသွေးနများကိုလည်းလက်ဖြင့်အသာသုတ်ပေးလိုက်သည်။ မကြာမီတတိယတပ်မဟာမှ စစ်သားများသည် ထရပ်ကားကြီးဖြင့် ရောက်ရှိလာလေသည်။ ဆယ်လီသည် သတိရလာဟန်ဖြင့် မျက်လုံးဖွင့်ကြည့်လေသည်။ ခရိတ်လည်း သူမ ခမျာ သေအံ့ဆဲဆဲဘေးမှ လွတ်မြောက်လာသည်ကို အလွန်ဝမ်းမြောက်သွားမိ လေသည်။

ခရိတ်သည် ဆယ်လီအား ကြင်နာယုယစွာ ပွေ့ဖက်ထားပြီး-

"ဆယ်လီ၊ ဆယ်လီ ဒါလင်၊ ငါလေ မင်းကို သိပ်ချစ်တာပဲကွယ်"ဟု ခပ်တိုးတိုး ပြောလိုက်လေသည်။

အခန်း (၁၆)

ဆယ်လီခမျာ ဒဏ်ရာပြင်းထန်သဖြင့် အလူးအလဲ ဝေဒနာ ခံစားနေရရှာသည်။ နံရိုးလေးချောင်းကျိုးသွားသည့်ပြင် ညာဘက်ခြေချင်းဝတ်နေရာ၌ အကြောထုံးကာ အလွန်နာကျင်လျက်ရှိလေသည်။ တွန်ဂါတာက လက်ဝါးစောင်းဖြင့် ခုတ်လိုက်ခြင်းခံရသည့်ဒဏ်ကြောင့် လည်ပင်းမှာလည်း ဖူးရောင်ကာ နာကျင်ကိုက်ခဲလျက်ရှိသည်။ သို့သော် ဦးခေါင်းခွံတွင် သွေးထွက်လောက်အောင် ရရှိသည့် ဒဏ်ရာက မပြောပလောက်ဘဲ သေးငယ်သဖြင့် တော်သေးသည်ဟုဆိုရပေမည်။ ဓာတ်မှန်ရိုက်ကြည့်တော့လည်း ဦးခွံအတွင်းဘာမျှ ကြီးကြီးကျယ်ကျယ် ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

သို့ဖြစ်လင့်ကစကား ဗိုလ်ချုပ်ဖွန်ဂါဘီရာက အတင်းတိုက်တွန်းသဖြင့် ဆယ်လီသည် ပြည်သူ့ဆေးရုံကြီး၏သီးသန့်ခန်းတွင် တက်ရောက်အနားယူနေရလေသည်။ ယင်းအခန်းတွင် ရှိနေစဉ်မှာပင် အစိုးရ

ရှေ့နေကြီးခိုရီဆိုသူက ဆယ်လီအားလာရောက်တွေ့ဆုံလေသည်။ ခိုရီသည်ဝန်ကြီးတွန်ဂါတာ၏အမှုကို တရားစွဲဆိုတင်ပို့ရာတွင် အစိုးရဘက်မှ တာဝန်ယူလျှောက်လဲရမည့် ရှေ့နေကြီးပင်ဖြစ်သည်။ သူသည် အင်္ဂလန်နိုင်ငံမှ ဝတ်လုံတော်ရဘွဲ့ရရှိခဲ့သူ ဥပဒေပညာရှင် တစ်ဦးလည်းဖြစ်သည်။

"မစ္စဆယ်လီခင်ဗျား၊ ကျုပ်အနေနဲ့ အခုလာတွေ့ရတာက ခင်ဗျားကစောစောပိုင်းက ရဲတပ်ဖွဲ့အရာရှိတွေကို ပြောပြခဲ့တဲ့ ထွက်ဆိုချက်တွေနဲ့ပတ်သက်ပြီး ပိုပြီးရှင်းရှင်းလင်းလင်း သိချင်တဲ့အတွက် လာရောက် တွေ့ဆုံရခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခုက ခင်ဗျားဟာ ဒီအမှုမှာအလွန်အရေးပါတဲ့ သက်သေတစ်ဦးဖြစ်နေလေတော့ ကျုပ်ကအစိုးရရှေ့နေအနေနဲ့ ခင်ဗျားထွက်ဆိုမှာကို တစ်မျိုးတစ်ဖုံ ဖြစ်အောင် သြဇာအသုံးပြုခြင်း၊ စည်းရုံးသွေးဆောင်ခြင်းတို့ လုံးဝလုပ်မှာမဟုတ်ကြောင်း ကြိုတင် ပြောပြထားချင်ပါတယ်"

ရှေ့နေကြီး ခိုရီက ဤသို့ရှင်းလင်းပြောပြပြီးနောက် ဆယ်လီနှင့် ခရိတ်တို့အား အစီရင်ခံစာအချို့ကို ထုတ်ပြလေသည်။ အစီရင်ခံစာများမှာ တွန်ဂါတာအား ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ချက်ချင်းလွှတ်ပေးရန် မာတာဘယ်လီတိုင်းရင်းသားတို့က အရေးဆိုဆန္ဒပြခြင်းများနှင့် ပတ်သက်သည့် အစီရင်ခံစာများဖြစ်လေသည်။ ယင်းဆန္ဒပြပွဲများကို ရဲတပ်ဖွဲ့နှင့် လက်ရွေးစင်တပ်မတော် စစ်တပ်များက ဖြိုခွဲခဲ့ပုံများကိုလည်း အစီရင်ခံစာများတွင်ဖော်ပြထားလေသည်။ ရှိုနာလူမျိုးတစ်ဦးဖြစ်သူဟယ်ရယ်လ် သတင်းစာအယ်ဒီတာဖြစ်သူကအထက်ပါသတင်းများကို သတင်းစာ၏အလယ်စာမျက်နှာတွင် တမင် သက်သက်ထည့်သွင်းဖော်ပြထားသည့်သတင်းစာဖြတ်ပိုင်းများလည်း ဖိုင်တွဲ၌ပူးတွဲပြထားလေသည်။

"ကျုပ်တို့အနေနဲ့သတိထားဖို့က ဒီလူဟာရာဇဝတ်ပြစ်မှုကျူးလွန်သူအဖြစ် အရေးယူခံရခြင်းဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။ ဒီလို ပြစ်မှုဆိုင်ရာ ဥပဒေကျူးလွန်သူ တစ်ယောက်ကို နိုင်ငံရေး အာဏာနည်တစ်ဦးဖြစ်အောင်ဖန်တီးတာကိုကျုပ်တို့ဘယ်နည်းနဲ့မှလက်ခံလို့မဖြစ်ဘူး။ ရာဇဝတ်မှုပြစ်မှုတခုဟာနိုင်ငံရေးလှုပ်ရှားမှုအသွင်ဖြစ်လာရင် ဘယ်လောက်အန္တရာယ်ကြီးမားတယ်ဆိုတာ ခင်ဗျားတို့လည်းသိပါလိမ့်မယ်။ ဒါကြောင့် ဒီအမှုအမြန်ပြီးပြတ်လေ ကောင်းလေပဲခင်ဗျ"

ရှေ့နေကြီး ခိုရီက ဆက်ပြောရာ ဆယ်လီနှင့် ခရိတ်တို့သည် ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်ကြသည်။ သူတို့၏စိတ်ထဲတွင်ကား တွန်ဂါတာ၏အမှုနှင့် ပတ်သက်၍ အစိုးရဘက်မှ ကိုင်တွယ်ပုံကို အံ့ဩြ နေမိကြသည်။ ဇင်ဘာဝေအစိုးရသည် တွန်ဂါတာ၏အမှုကို အမြန်ဆုံး ကြားနာစီရင်ချင်သည့် ဆန္ဒ ရှိပုံရလေသည်။

သာမန်အားဖြင့် တရားရုံး၌ အမှုများ ကြားနာစစ်ဆေးခြင်းသည် အလွန်ကြာတတ်သည်။ အမှုတစ်ခု စစ်ဆေးမည့်ရက်ချိန်းကို ခုနှစ်လခန့်ကြို၍ ချိန်းလေ့ရှိသည်။ သို့သော် ယခုတွန်ဂါတာ၏ အမှုကို တရားရုံးချုပ်၌ ဆယ်ရက်အတွင်း စစ်ဆေးရန် သတ်မှတ်လိုက်သဖြင့် အံ့သြမိကြခြင်း ဖြစ်လေသည်။ ထိုကိစ္စကို အစိုးရရှေ့နေကြီးကပင် ရှင်းပြလေသည်။

"ကျုပ်တို့အနေနဲ့ တွန်ဂါတာလိုပုဂ္ဂိုလ်မျိုးကို အချုပ်တရားခံအဖြစ် ခုနစ်လကြာအောင် ထားလို့မဖြစ်ဘူး။ နောက်ပြီး သူ့ကိုအချုပ်နဲ့မထားဘဲ အာမခံပေးပြီး လွှတ်ထားပြန်ရင်လည်း သူ့ရဲ့နောက်လိုက်မာတာဘယ်လီ လူမျိုးတွေအပေါ် သြဇာလွှမ်းမိုးနိုင်တာမို့ အကြီးအကျယ် ပြဿနာ ဖြစ်လာနိုင်တယ်" စရိတ်နှင့်ဆယ်လီတို့အဖို့ တွန်ဂါတာ၏အမှုအပြင် အခြားစဉ်းစားစရာလုပ်ကိုင်ဆောင်ရွက်စရာအလုပ်တွေ အများပင်ရှိနေလေသည်။ ဆယ်လီ၏ စက်ဆနာလေယာဉ်ကို လေကြောင်းပျံသန်းရေး ဥပဒေအရ နာရီတစ်ထောင်ပျံသန်းပြီးလျှင် ပြန်လည်စစ်ဆေးခံပြီး လိုင်စင်အသစ်လဲလှယ်ရန်လည်းရှိသည်။ ယင်းသို့ လေယာဉ်ကိုစစ်ဆေးခံရန် စစ်ဆေးရေးအရာရှိရုံး ဇင်ဘာဘွေတွင်မရှိသဖြင့် တောင်အာဖရိကနိုင်ငံ ဂျိုဟာနစ္စဘတ်မြို့သို့ သွားရောက် စစ်ဆေးခံရမည်ဖြစ်လေသည်။

လိုင်စင်လဲရန် အချိန်ရောက်နေပြီဖြစ်ရာ ဆယ်လီကိုယ်တိုင် မသွားနိုင်သဖြင့် မိတ်ဆွေလေယာဉ်မှူးတစ်ယောက်အား ဆယ်လီ၏လေယာဉ်ကို တောင်အာဖရိကသို့မောင်းယူသွားစေပြီး စစ်ဆေးခံရန် စီစဉ်လိုက်ရလေသည်။
"ကျွန်မဖြင့် လေယာဉ် မရှိဘူးဆိုရင် တောင်ပံကျိုးနေတဲ့ ငှက်တစ်ကောင်လို ခံစားရမှာပဲ ရှင့်"

ဆယ်လီက ညည်းညူသလို ပြောရာ ခရိတ်ကလည်း-

"အေးပါ ငါနားလည်ပါတယ်" ဟု ပြန်ပြောလိုက်ရသည်။

ထိုအချိန်၌ခရိတ်သည် ဆယ်လီအတွက်စိတ်မကောင်းဖြစ်မိလျက် သူ၏ ချိုင်းထောက်ကြီးကိုကြမ်းပြင်ပေါ်သို့ ဆောင့်ပစ်ချလိုက်မိလေသည်။

"ရှင် အခုလို စိတ်မကောင်းဖြစ်ရတာကို ကျွန်မဝမ်းနည်းပါတယ်"

"ငှဲခြေတုတစ်ဖက် ပျက်စီးသွားရတဲ့အကြောင်း စကားမစပ်မပြောချင်တော့ပါဘူး။ အထူးသဖြင့် ဒီအကြောင်းကို မင်းနဲ့ မဆွေးနွေးချင်ဘူး"

"ဒါပေမဲ့ ကျွန်မကတော့ပြောရမှာပဲ။ ရှင့်ခြေထောက်တုကို ပြုပြင်ဖို့ စီစဉ်ထားတယ်မဟုတ်လား။ ဘယ်တော့ လောက် ပြီးမှာလဲ"

"သံရုံးက မော်ဂင်ကသံတမန်စာအိတ်ကြီးထဲထည့်ပြီး အမေရိကန်ကိုပို့ထားလိုက်ပြီ။ နယူးယောက်မြို့ ရောက်တော့ ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌဟင်နရီက ကင်အထူးကုဆေးရုံက ကျွမ်းကျင်သူပညာရှင်တွေကို တာဝန်ပေး လုပ်ခိုင်းလိုက်တယ်။ မကြာခင် ပြန်ရောက်လာမှာပါ"

"အမှု စတင်စစ်ဆေးချိန်အမီ ပြန်ရောက်လာမယ် ထင်တာပဲ"

အမှုဆိုသည်မှာ ဝန်ကြီးတွန်ဂါတာ၏ အမှုကို ဆိုလိုက်ခြင်းဖြစ်ပြီး ယင်းအမှုမှာ အရေးကြီးဆုံးအမှု တစ်ခုဖြစ်နေသည့်အပြင် လူတိုင်းက စိတ်ဝင်စားနေကြလေသည်။ ခရိတ်အဖို့မှာလည်း ကင်းလင်း မွေးမြူရေးလုပ်ငန်းကြီး စတင်လည်ပတ်ရေးနှင့် ဇမ်ဘောဇီမြစ်ရေများခေါ် တိုးရစ္စခရီးသည်စခန်း စတင်ဖွင့်လှစ်ရေးစသည့် ကိစ္စတွေများပြားနေလင့်ကစား ဆယ်လီရှိရာဆေးရုံသို့ နေ့စဉ်သွားရောက် ကြည့်ရှုအားပေးနေရသဖြင့် အလုပ်တွေကို လှည့်မကြည့်နိုင်အောင် ဖြစ်နေလေသည်။

သူ့အဖို့တစ်ခု ကံကောင်းသည်မှာ စိတ်ချရသော ဂရိုနီဝေါလ်ဆိုသူတစ်ယောက်ရှိနေခြင်း၊ ဆယ်လီ ကိုယ်တိုင် ရွေးချယ်ခေါ်ယူထားသော ကင်ညာနိုင်ငံသား ပီကေဆိုသူ မန်နေဂျာတစ်ဦး ရှိနေခြင်း တို့ကြောင့် ခရိတ်၏လုပ်ငန်းတွေ အဆက်မပြတ် လည်ပတ်နိုင်လေသည်။ ခရိတ်သည် နေ့စဉ်လိုလို ထိုလူနှစ်ဦးနှင့် တယ်လီဖုန်း ဆက်သွယ်စကားပြောလေ့ရှိသည်။ ခရိတ် ကိုယ်တိုင်ကမူ ဆယ်လီနှင့် နေ့စဉ်တွေ့နိုင်ရန် ဟာရာရေမြို့တွင်ပင် ဆက်လက်နေထိုင်လေသည်။ ဆယ်လီ ဆေးရုံမှမဆင်းမီ ခရိတ်၏ ခြေတုအသစ်ရောက်ရှိလာလေသည်။

နောက်တစ်နေ့ ဆေးရုံသို့ သွားသောအခါ ခရိတ်က သူ၏ ဘောင်းဘီတစ်ဖက်ကိုလှန်၍ ဆယ်လီအား ခြေတုအသစ်ကို ပြလေသည်။

"အခုဆိုရင် ငါက နဂို ပကတိအတိုင်း ပြန်ဖြစ်သွားပြီ။ ပုံမှန် လူပ်ရှားသွားလာလို့ရပြီကွဲ့။ ဒါထက် မင်းရဲ့ ဦးခေါင်းအခြေအနေ ဘယ်လိုနေသေးသလဲ"

ခရိတ် က ဆယ်လီ၏ ကျန်းမာရေး အခြေအနေကို မေးလိုက်သည်။

"ရှင့်ခြေတုအတိုင်းပါပဲ။ သိပ်မဆိုးလှပါဘူး။ ဆရာဝန်တွေကတော့ ကျွန်မကိုနောက်သုံးလေးပတ် လောက်အထိ လုံးဝအနားယူဖို့ပြောကြတယ်။ ကျွန်မက အနားမယူချင်ဘူးရှင့်"

ဆယ်လီကရယ်မောချ၍ ပြန်ပြောလေသည်။ နောက်တစ်နေ့မနက် သူမသည်ဆေးရုံမှ ဆင်းခွင့်ရလေရာ ဆယ်လီသည် ကြိမ်လုံးတစ်ချောင်းကို လက်ကိုင်တုတ်အဖြစ် အသုံးပြုလျက်လျှောက်လေသည်။ ခြေချင်းဝတ်က နာကျင်လျက်ရှိသေးသောကြောင့် သူမသည်ရှဲ့မဲ့လျက်ရှိလေသည်။

"မင်းရဲ့ နံရိုးကျိုးခဲ့တဲ့ နေရာမှာကော နာကျင်တုန်းပဲလား"

ခရိတ်က ဆယ်လီ၏ အဝတ်အစားအိတ်ကို လင်းရိုဟာကားပေါ် တင်ရင်း မေးလိုက်သည်။

"သက်သာလာပါပြီ။ ကျွန်မကို ဘယ်သူကမှအတင်းဖျစ်ညှစ်တာတို့မလုပ်သမျှ နေသာထိုင်သာရှိပါတယ်"
"'ဒါဖြင့်မင်းဘယ်သူမှမဖျစ်ညှစ်ရဘူးဆိုတဲ့ စည်းကမ်းဥပဒေသတ်မှတ်ထားတယ် ဆိုပါတော့။ ဟဲဟဲ" ခရိတ်က ရယ်ကာမောကာဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်ရှင့်၊ ဒါပေမဲ့ စည်းကမ်းဥပဒေဆိုတာ လူတွေကချိုးဖောက်လေ့ရှိကြတာချည်းပဲ မဟုတ်လား" ဆယ်လီက ဤသို့ပြောလိုက်သဖြင့် ခရိတ်သည် သဘောကျ သွားမိလေသည်။

ဇင်ဘာဘွေနိုင်ငံ တရားရုံးချုပ်၏ အမှတ်(၂)တရားရုံးတော်သည် တစ်ချိန်ကရှိခဲ့သော ဗြိတိသျှတရားစီရင်ရေးစနစ်၏အင်္ဂအသက်များ ကျန်ရှိလျက်ပင်ရှိသေးသည်။ တရားသူကြီး၏ ထိုင်ခုံနောက်တည့်တည့် နံရံအပေါ်နားတွင် ဇင်ဘာဘွေနိုင်ငံတော်တံဆိပ်ကြီး ချိတ်ဆွဲထားပုံက ထည်ဝါခံ့ညားလှပေသည်။ သက်သေအစစ်ခံသည့်နေရာ၊ တရားခံနေရသည့်နေရာတို့ကလည်း ဗြိတိသျှလက်ထက် တရားရုံးများပုံစံအတိုင်းပင်ဖြစ်သည်။
တရားသူကြီး၏ရှေ့တည့်တည့် မျက်နှာချင်းဆိုင်တွင်ကား လူအများထိုင်ရန်သစ်သား ခုံတန်းရှည်များ ချထားလေသည်။ အစိုးရရှေ့နေကြီးနှင့် သူ၏လက်ထောက်များ၊ တရားခံရှေ့နေများသည် အင်္ဂလိပ်လက်ထက်ကကဲ့သို့ပင် ဝတ်ရုံနက်ကြီးများ ဝတ်ဆင်ထားကြသည်။ တရားသူကြီးကမူ အနီရင့်ရောင့် ဝတ်ရုံကြီးလွှမ်းခြုံထားလျက် အလွန်ခံ့ညာထည်ဝါလှပေသည်။

ဗြိတိသျှ လက်ထက်ကနှင့် မတူသော ခြားနားချက်တစ်ခုမှာ လူတွေ၏အသားရောင်ပင် ဖြစ်သည်။ မျက်နှာဖြူလူမျိုးဟူ၍လုံးဝမပါဘဲ တိုင်းရင်းသားလူမည်းများသာ ရုံးခန်းအတွင်း၌ ရှိနေကြလေသည်။ ဝန်စေခါဦးခေါင်းပေါ်၌ ဆံပင်တုဆောင်းထားပုံကအစ ဗြိတိသျှအစိုးရလက်ထက် တရားရုံးတော်များတွင် မြင်ရလေ့ရှိသည့်အတိုင်း ဖြစ်နေပေသည်။ ထိုနေ့က တရားရုံးတော်အတွင်း လူသူပရိသတ်

အထူးပင် စည်ကားပြည့်ကျပ်နေရာ ထိုင်ခုံအလွတ်ဟူ၍မရှိသလောက်ဖြစ်နေပေသည်။ သို့သော် လာရောက်နားထောင်သူ ပရိသတ်သည် အထူးစည်းကမ်းရှိစွာထိုင်နေကြသည်။

ပရိသတ်အားလုံးလိုလို မာတာဘယ်လီ တိုင်းရင်းသားများဖြစ်ကြပြီး သူတို့သည် မိမိတို့နေထိုင်ရာ ဒေသ(မာတာဘယ်လီနယ်မြေ)မှ မိုင်ပေါင်းများစွာ ခရီးရှည်ကြီးကို တပင်တပန်း ဘတ်စ်ကားစီး၍ လာရောက်နားထောင်ကြခြင်း ဖြစ်လေသည်။ ပရိသတ်အတော်များများက (ယခု အတိုက်အခံပါတီ) ဖြစ်နေသောဇာပူနိုင်ငံရေးပါတီ၏ရင်ထိုးတံဆိပ်များတပ်ဆင်လာကြသည်။ ပရိသတ်အားလုံးငြိမ်သက်စွာထိုင်နေကြရာ တရားခံတွန်ဂါတာအားအစောင့်အရှောက်များကခေါ်ထုတ်လာတော့မှသာ ပရိသတ်အချို့ လှုပ်လှုပ်ရှားရှားဖြစ်ကာ တီးတိုးစကားပြောသံများ မသိမသာ ကြားရလေသည်။

ထိုအခိုက် တရားရုံး၏ နောက်နားမှ ဇာပူပါတီဝတ်စုံ ဝတ်ထားသူ လူမည်း အမျိုးသမီးသည် ထ၍-

"ဘာယေတီ၊ နီကိုဆီ၊ နီကူလူ"ဟု မာတာဘယ်လီဘာသာဖြင့် ကြွေးကြော်သံကို ဟစ်အော်ရင်း ဇာပူပါတီဝင်တို့၏ခလေ့အတိုင်း လက်သီးဆုပ်ကာ အလေးပြုလိုက်လေသည်။ ဤတွင် လက်နက်ကိုင်အစောင့်အရှောက်များ ချက်ချင်းရောက်ရှိလာပြီး လူမည်းအမျိုးသမီးအား ရုံးခန်းတွင်းမှ ခေါ်ထုတ်သွားလေသည်။ ထိုအချိန်၌ တွန်ဂါတာသည် တရားခံများထားရာနေရာ ဝင်ခြံအတွင်း၌ မတ်တပ်ရပ်နေပြီး အမျိုးသမီး၏ ဆန္ဒပြလိုက်ပုံကို မြင်လိုက်ရသော်လည်း မျက်နှာကမည်သို့မျှ စိတ်လှုပ်ရှားမှုရှိပုံမရဘဲ ခပ်တည်တည်ပင် ရပ်ကြည့်နေလေသည်။

အဂ်ါရုပ်အားဖြင့် ခုံညားတည်ကြည်သလောက် ကိုယ်လုံးကိုယ်ဟန်ကလည်း ထွားကျိုင်းသန်မာသူဖြစ်လေရာ တွန်ဂါတာသည် ရုံးခန်းအတွင်းရှိ လူအားလုံးအပေါ် ဩဇာလွှမ်းမိုးနိုင်သူတစ်ယောက် ၏အသွင် ဆောင်နေလေသည်။ အမှုကို ကြားနာစစ်ဆေးမည့် တရားသူကြီးမှာ တရားရုံးချုပ် တရားဝန်ကြီးဒိုမာရှာဝါဆိုသူ ဖြစ်လေသည်။ ရှိုနာလူမျိုးတစ်ဦးဖြစ်ပြီး အရပ်မြင့်မြင့်၊ နာခေါင်းကောက်ကောက်နှင့်စူးရှသောမျက်လုံးများရှိသူဖြစ်သည်။ တရားခံများအားအပြစ်ဒဏ်ပေးရာတွင် မညှာမတာပေးတတ်သူဟုလည်း နာမည်ကြီးသူဖြစ်လေရာ အစိုးရရှေ့နေကြီးခိုရီသည် ထိုတရားဝန်ကြီးက အမှုစစ်ဆေးရန် တာဝန်ကျသည်ကို ကျေနပ်အားရမိလေသည်။

"တရားမျှတမှုတော့ ရှိမှာပါဗျာ"

ဤသို့လည်း ရှေ့နေကြီးက ခရိတ်တို့အား ပြောခဲ့လေသည်။ ဇင်ဘာတွေသည် မျက်နှာဖြူအစိုးရ လက်ထက်က ရိုဒီးရှားနိုင်ငံဟုအမည်တွင်ခဲ့ရာ ထိုအချိန်ကပင် ဗြိတိသျှသမားရိုးကျ တရားစီရင်ရေး စနစ်မှ ဂျူရီလူကြီးများ ဖွဲ့စည်းခန့်အပ်၍ အကြံဉာဏ်တောင်းခြင်းစနစ်ကို ပယ်ဖျက်ခဲ့လေသည်။

ထို့ကြောင့် ယခုအမှုတွင်လည်း ဂျူရီလူကြီးများအဖွဲ့ မရှိချေ။ တာဝန်ကျ တရားသူကြီး (ယခုအမှုတွင် တရားရေးဝန်ကြီးဒိုမာရှာဝါ)သည် သူနှင့်အတူ တရားခွင်ပေါ်တွင် ဝဲယာညှပ်ထိုင်ရသူ အဖွဲ့ဝင်နှစ်ဦး၏ အကူအညီဖြင့်အမှုကို စီရင်ဆုံးဖြတ်မည်ဖြစ်သည်။ ယင်း တရားစီရင်ရေး အဖွဲ့ဝင်နှစ်ဦးတို့သည်လည်း ရှိနှာအမျိုးသားတို့ပင် ဖြစ်သည်။ ပထမတစ်ဦးက တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကျွမ်းကျင်သူဖြစ်ပြီး ကျန်တစ်ဦးက ဝါရင့်ခရိုင်တရားသူကြီးဟောင်းတစ်ဦး ဖြစ်လေသည်။ အဖွဲ့၏နာယကဖြစ်သူတရားဝန်ကြီးသည် ထိုလူနှစ်ဦးထံမှ(လိုအပ်လျှင်)အကြံဉာဏ်တောင်းမည် ဖြစ်သည်။ သို့သော် အပြီးသတ်စီရင်ဆုံးဖြတ်ချက်ကို နာယကတရားဝန်ကြီးကပင် ချမှတ်မည်ဖြစ်သည်။ တရားဝန်ကြီး ဒိုမာရှာဝါသည် သူ၏စူးရှသောမျက်လုံးများဖြင့် တွန်ဂါတာအား စေ့စေ့ကြည့်ရင်း အစိုးရ(တရားလို)ဘက်မှ တင်သွင်းထားသောစွဲချက်ကို အင်္ဂလိပ်ဘာသာဖြင့် စတင်ဖတ်ကြားလေသည်။ တရားလိုဘက်မှတင်သည့် စွဲချက်တွင် အချက်ပေါင်းရှစ်ချက်ပါရှိလေသည်။ ယင်းတို့မှာ ကန့်သတ်တားမြစ်ထားသော တောရိုင်းတိရစ္ဆာန်ပစ္စည်းများ(ဆင်စွယ်၊ ကြံ့ချိုစသည်တို့)ကို ပြည်ပသို့ တရားမဝင် ခိုးထုတ်ရောင်းချခြင်း၊ လူတစ်ယောက်အား ခြိမ်းခြောက်ပြန်ပေးဆွဲသလို ဖမ်းကာ ဓားစာခံအဖြစ် ဖမ်းထားခြင်း၊ လက်နက်ဖြင့်တိုက်ခိုက်ရန်ကြံစည်ခြင်း၊ ထိခိုက်နာကျင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း၊ လူသတ်မှုကျူးလွန်ရန် ကြံစည်ခြင်း၊ ဥပဒေအရဖမ်းဆီးခြင်းကို ငြင်းဆန်ခုခံခြင်း၊ အစိုးရ(စစ်တပ်သုံး)မော်တော်ယာဉ်တစ်စီးကိုခိုးယူမောင်းပြေးခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးစေခြင်း စသည်ဖြင့် အသေးစိတ်ဖော်ပြထားလေသည်။

"ဘုရား၊ ဘုရား၊ သူတို့က တွန်ဂါတာကို ရှိရှိသမျှ ပုဒ်မတွေအားလုံးနဲ့ စွဲချက်တင်နေတာပါကလား"

ခရိတ်က အနီးရှိ ဆယ်လီအား ခပ်တိုးတို ပြောလိုက်သည်။ သို့သော် ဆယ်လီသည် ခရိတ်ကဲ့သို့ တွန်ဂါတာ၏အပေါ် ကရုဏာစိတ်၊ စာနာထောက်ထားသည့်စိတ် လုံးဝဖြစ်ပေါ်ပုံမရချေ။

"ကောင်းတာပေါ့ရှင်၊ ဒါမှ တရားခံ အပြစ်ဒဏ်ရဖို့ သေချာမှာ။ ကျွန်မဖြင့် ဒီလူယုတ်မာ တရားခံသေဒဏ် ပေးခံရတာကို မြင်ချင်တယ်"

ဆယ်လီက သူမအလွန်မြတ်နိုးသော တောရိုင်းတိရစ္ဆာန်များအား ရက်စက်စွာ သတ်ဖြတ်သူ မှောင်ခို ဂိုဏ်း၏ အကြီးအကဲတွန်ဂါတာအား မုန်းတီးစက်ဆုပ်ဟန်ဖြင့် ပြောလိုက်သည်။ ခရိတ်သည် စိတ်ထဲ မကောင်းဖြစ်သွားမိသော်လည်း ဟန်ဆောင်လျက် ဆယ်လီအား ရှင်းပြလေသည်။

"သေဒဏ်ပေးတာကတော့ မင်းမမြင်ရဘူးထင်တယ်။ အခု တရားလိုဘက်က တင်သွင်းထားတဲ့စွဲချက် တွေထဲမှာ သေဒဏ်အပြစ်ပေးလို့ရတဲ့ ပုဒ်မတစ်ခုမှမပါဘူးကွဲ့။"

မကြာမီ တရားရုံး ထုံးတမ်းစဉ်လာအတိုင်း တရားလိုဘက်မှ အဖွင့်လျှောက်လဲချက် စတင်မေးလေ သည်။ ခရိတ်သည် နားထောင်နေရင်း ရှေးခေတ်ဟောင်းက ခေါမ(ဂရိတ်)ဒဏ္ဍာရီပုံပြင်တစ်ခုကို သတိရမိလေသည်။ ထိုပုံပြင်တွင်အဓိကဇာတ်ကွက်(ဇာတ်လိုက်သူရဲကောင်း)အား သူ့ထက်ယုတ်ညံ့ အဆင့်အတန်းနိမ့်သူတို့က ဝိုင်းဝန်းတိုက်ခိုက်ကြရာတွင် ဇာတ်လိုက်မင်းသား အညံ့ခံလိုက်ရပုံ ဒဏ္ဍာရီ ပုံပြင်တစ်ခုပင် ဖြစ်သည်။

အစိုးရရှေ့နေကြီးခိုရီသည် ဥပဒေပညာကျွမ်းကျင်သူ ဘိလပ်ပြန် ဝတ်လုံတော်ရကြီးတစ်ဦးပီပီ အမှု ကို ကိုင်တွယ်ရာ၌ ရေပက်မဝင်အောင် အထူးပိရိသေသပ်စွာဖြင့် တရားရုံးတော်သို့တင်ပြနိုင်လေ သည်။ ဤအချက်ကို ခရိတ်က ကောင်းစွာသတိပြုမိသည်။ ပထမဆုံး ရုံးတော်ရှေ့မှောက်၌ ထွက်ဆို ရန်တင်ပြသည့် တရားလိုပြသက်သေမှာ ဝန်ကြီးဗိုလ်ချုပ်ဖွန်ဂါဘီရာပင် ဖြစ်သည်။ ဖွန်ဂါဘီရာသည် စစ်ဝတ်စုံယူနီဖောင်းအပြည့်အစုံဖြင့် ခုံညားသေသပ်စွာဝတ်ဆင်ထားလျက် တရားရုံးတော်ရှေ့မှောက် တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တရားလိုပြသက်သေအဖြစ် စတင်ထွက်ဆို လေသည်။

ထွက်ဆိုချက်ကာလည်း အလွန်တိကျ ပြည့်စုံသဖြင့် တရားစီရင်ရေးအဖွဲ့ နာယကတရားဝန်ကြီးသည် ကျေနပ်သဘောကျဟန်ဖြင့် မကြာခဏခေါင်းညိတ်ပြီး ရံဖန်ရံခါ အချက်အလက်အချို့ကိုစာဖြင့် ရေး မှတ်နေလေသည်။ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကလည်း ခေသူမဟုတ်ပေ။ မာတာဘယ်လီတိုင်းရင်းသားတို့၏ ဇာပူပါတီဗဟိုကော်မတီ၏စီစဉ်ချက်ဖြင့် လန်ဒန်မြို့မှလာရောက် သော ဝတ်လုံတော်ရ မစ္စတာပီတယ်လ်ဆိုသူဖြစ်သည်။

ဥပဒေ အထူးကျွမ်းကျင်သော ပုဂ္ဂိုလ်ကြီးပင်ဖြစ်လင့်ကစား ဗိုလ်ချုပ်ဖွန်ဂါဘီရာအား ပြန်လှန်မေးခွန်း ထုတ်ပြီးထွက်ချက်ကိုဖျက်ရန် ကြိုးစားရာ၌မအောင်မြင်ဘဲ ဖြစ်နေလေသည်။ ဒုတိယမြောက် တရား လိုပြသက်သေမှာ မှောင်ခိုဆင်စွယ်များ သယ်ဆောင်လာသည့် ကုန်တင်ထရပ်ကား၏ ယာဉ်မောင်း ပင် ဖြစ်သည်။ ထိုလူသည် မျက်နှာဖြူအစိုးရအား တော်လှန်တိုက်ခိုက်ခဲ့စဉ် ပြည်တွင်းစစ်ကာလက

ဇီပရာ ပြောက်ကျားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးလေသည်။ စစ်ပြီး၍ လွတ်လပ်ရေးရပြီးနောက် ထိုလူသည် ပြန်လည်ထူထောင်ရေးစခန်းတစ်ခုတွင်အကျဉ်းကျနေရာ မကြာသေးမီကမှ လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

"အဖမ်းခံရတဲ့ညေ မတိုင်မီ မင်းဟာ တရားခံ မစ္စတာတွန်ဂါတာနဲ့ တွေ့ဖူးသလား"

အစိုးရရှေ့နေကြီး ခိုရီက စတင် မေးခွန်းထုတ်လိုက်သည်။

"ဟုတ်ကဲ့ တွေ့ဖူးပါတယ်။ ကျွန်တော်ဟာ တော်လှန်ရေးစစ်ပွဲအတွင်းက သူနဲ့အတူ ရှိနေခဲ့ပါ တယ်"
"စစ်ပြီးသွားတဲ့နောက်ပိုင်းမှာ မင်းဟာ သူနဲ့တွေ့ခဲ့သေးသလား"

"တွေ့ခဲ့ပါတယ်"
"ဘယ်တုန်းက တွေ့ခဲ့သလဲ"

"မနှစ်က နွေရာသီမှာ တွေ့ခဲ့ပါတယ်"

"အဲဒါက ပြန်လည်ထူထောင်ရေးစခန်းကို မင်းမရောက်ခင်ကပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီ မတိုင်မီကပါ"

"ဝန်ကြီး မစ္စတာ တွန်ဂါတာနဲ့မင်း ဘယ်နေရာမှာ တွေ့ဆုံခဲ့သလဲ"

"မြစ်ကြီးအနီးက တောင်ကြားဒေသမှာပါ"

"အဲဒီတုန်းက တွေ့ဆုံခဲ့ပုံကို ရုံးတော်ကို ပြောပြစမ်းပါ"

"အဲဒီတုန်းက ကျွန်တော်တို့ဟာ ဆင်စွယ်ရရှိရေးအတွက် တောဆင်ရိုင်းတွေကို လိုက်ပစ်နေခတ် နေကြပါတယ်"
"ဘယ်ပုံဘယ်နည်း လိုက်ပစ်ကြတာလဲ"

"ဆင်တွေကို လိုက်ပစ်ရာမှာ ကျွန်တော်က ဒေသခံ ဘာတွန်ကာ တိုင်းရင်းသားလူမျိုးတွေကို ငှားရမ်း အသုံးပြုခဲ့ပါတယ်။ ပြီးတော့ ရဟတ်ယာဉ်တစ်စင်းလည်း အသုံးပြုပါတယ်။ ရဟတ်ယာဉ်နဲ့ ဆင်ရိုင်း အုပ်ကြီးကို တောခြောက်ပြီးမိုင်းဗုံးတွေရှိရာ မြေကွက်လပ်ထဲ မောင်းသွင်းခဲ့ပါတယ်"

"တရားဝန်ကြီးခင်ဗျား အခုလို မေးခွန်းထုတ်တာကို ကန့်ကွက်ပါတယ်။ မေးခွန်းတွေက တရားခံအပေါ် စွဲချက်တင်ထားတဲ့အချက်တွေနဲ့ ဘာမှမသက်ဆိုင်တဲ့အတွက် ကန့်ကွက်ပါတယ်"

တရားခံရှေ့နေကြီး မစ္စတာပီတယ်လ်က ထ၍ကန့်ကွက်လိုက်သည်။ သို့သော် တရားစီရင်ရေးအဖွဲ့နာယကကြီးက လက်မခံဘဲ-

"ကန့်ကွက်ချက်ကို ရုံးတော်အနေနဲ့ ပယ်ပါတယ်။ ကိုင်း အစိုးရရှေ့နေကြီး ဆက်မေးပါ"ဟု ဆုံးဖြတ်ပေးလိုက်သည်။ အစိုးရရှေ့နေကြီး ခိုရီကလည်း ဆက်လက် မေးခွန်းထုတ်လေသည်။

"မင်းတို့ ဆင်ဘယ်နကောင် သတ်ခဲ့သလဲ"

"သတ်တာကတော့ အများကြီးပါပဲ"

"ဘယ်နကောင်ဆိုတာ ခန့်မှန်းပြီး မပြောနိုင်ဘူးလား"

"သိပ်တော့ မသေချာဘူး။ ဆင်ကောင်ရေ နှစ်ရာလောက်တော့ ရှိမယ်ထင်ပါတယ်"

"အဲဒီအချိန်က ဝန်ကြီး တွန်ဂါတာဟာ ရှိနေတယ်လို့ မင်းဆိုလိုသလား"

"ဟုတ်ကဲ့၊ သူက ဆင်တွေသတ်ပြီးတဲ့နောက်ပိုင်း ရောက်လာပါတယ်။ ပြီးတော့ ဆင်စွယ်တွေကို ရေတွက်ပြီး ရဟတ်ယာဉ်နဲ့ သယ်ဆောင်သွားပါတယ်"

"ဘယ်က ရဟတ်ယာဉ်လဲ"

"အစိုးရပိုင် ရဟတ်ယာဉ်တစ်စင်းပါပဲ"

"ဒီမေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်။ အမှုနဲ့ ဘာမှမဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်"

တရားခံရှေ့နေကြီးက ကန့်ကွက်ပြန်ပါသော်လည်း တရားဝန်ကြီးက လက်မခံချေ။

"ကန့်ကွက်ချက်ကို ရုံးတော်က ပယ်ပါတယ်"

ထို့နောက် တရားခံရှေ့နေက ပြန်လှန်မေးခွန်းထုတ်ရလေသည်။ ရှေ့နေကြီး မစ္စတာပီတယ်လီသည် ချက်ချင်းပင် တရားလိုပြ သက်သေထွက်ချက်ကိုဖျက်ရန် ကြိုးစားလေသည်။

"မင်းဟာ ဝန်ကြီးမစ္စတာတွန်ဂါတာရဲ့ တော်လှန်ရေးပြောက်ကျားတပ်ထဲမှာ ဘယ်တုန်းကမှမပါ ဝင်ခဲ့ဖူးသူ ဖြစ်တယ်လို့ဆိုရင် မင်းငြင်းမလား။ ပြီးတော့ မင်းဟာဝန်ကြီးတွန်ဂါတာနဲ့ အရင်ကတစ်ခါမှ မတွေ့ဆုံခဲ့ဖူးဘူး။ မဟုတ်ဘူးလား"

ဤတွင် အစိုးရရှေ့နေကြီး ခိုရီက ထကန့်ကွက်လေသည်။

"နာယကကြီးခင်ဗျား၊ ကျွန်တော်ကန့်ကွက်ပါတယ်။ တရားခံအကျိုးဆောင်ကြီးက တရားလိုပြသက်သေရဲ့ထွက်ချက်ကိုဖျက်ဖို့ ကြိုးစားနေခြင်းသာဖြစ်ပါတယ်။ ဇင်ဘာတွေတော်လှန်ရေးစစ်ပွဲအတွင်းက မျိုးချစ်ပြောက်ကျားတပ်တွေမှာ ပါဝင်ခဲ့သူတပ်သားများရဲ့ စာရင်းအတိအကျ ပြုစုထားတဲ့ မှတ်တမ်းတွေမရှိခဲ့တာကို အခွင့်ကောင်းယူပြီး သက်သေရဲ့ထွက်ချက်ကိုဖျက်နေပါတယ်။ ကျွန်တော်တို့ သက်သေအနေနဲ့ တော်လှန်ရေးပြောက်ကျားတပ်မှာ ပါဝင်ခဲ့ဖူးကြောင်း သက်သေအထောက်အထားမပြနိုင်တာကိုဘဲ အမြတ်ထုတ်ဖို့ ကြိုးစားနေတာမို့ ကန့်ကွက်ပါတယ်"

"ကန့်ကွက်ချက်ကို လက်ခံပါတယ်။ တရားခံရှေ့နေကြီး ပီတယ်လ်က အမှုနဲ့ တိုက်ရိုက်သက်ဆိုင်တာတွေကိုသာမေးပါ။ တရားလိုပြသက်သေ စိတ်အနှောင့်အယှက်ဖြစ်စေမယ့် မေးခွန်းတွေကို မမေးပါနဲ့"
နာယကတရားဝန်ကြီးက အဆုံးအဖြတ်ပေးလိုက်ရာ တရားခံရှေ့နေ ပီတယ်လ်လည်း စိတ်ပျက် သွားမိလျက် တရားလိုပြသက်သေကို ဆက်မေးရလေသည်။

"မင်းဟာ ပြန်လည်ထူထောင်ရေးစခန်း (အကျဉ်းစခန်း)က ဘယ်တုန်းက လွတ်မြောက်လာခဲ့ပါသလဲ"
"မမှတ်မိတော့ဘူး၊ ကျွန်တော် မေ့သွားပါပြီ"

"လွတ်ခဲ့တာ ကြာပြီလား။ မင်း အဖမ်းမခံရခင် အချိန်ဘယ်လောက်ကြာကြာတုန်းက လွတ်ခဲ့တာလဲ။ ဒါမှမဟုတ် လွတ်လာပြီး မကြာခင် အဖမ်းခံရတာလား"

"သိပ်မကြာသေးပါဘူး"
တရားလိုပြသက်သေက ဤသို့ဖြေလိုက်စဉ် သူ၏မျက်နှာအမူအရာက စိတ်ဓာတ်ကျသလိုဖြစ် နေလေသည်။
"မင်းကို အကျဉ်းစခန်းက လွတ်ပေးလိုက်တာဟာ စည်းကမ်းချက်တစ်ခုနဲ့ မဟုတ်လား။ ဟိုနေ့ည

က ဆင်စွယ်တွေ သယ်ဆောင်လာတဲ့ ကုန်တင်ကားကြီးကို မင်းက မောင်းပေးရမယ်ဆိုတဲ့ စည်းကမ်းချက်နဲ့ လွတ်ပေးလိုက်တာ မဟုတ်လား"

"နာယကကြီး ခင်ဗျာ"

အစိုးရရှေ့နေကြီးခိုရိုက ကန့်ကွက်ရန်စကားစလိုက်စဉ် နာယကတရားဝန်ကြီးကိုယ်တိုင်က တရားခံရှေ့နေအား ဟန့်တားလေသည်။

"မစ္စတာပီတယ်လ်၊ ခင်ဗျားအနေနဲ့ နိုင်ငံတော်ပြန်လည်ထူထောင်ရေးစခန်းတွေကို သိက္ခာကျစေတဲ့ သဘောနဲ့ အကျဉ်းစခန်းလို့ မပြောပါနဲ့"

"ကောင်းပါပြီ နာယကကြီး ခင်ဗျာ"

ရှေ့နေကြီးမိတယ်လ်သည် ရုံးတော်သို့ပြောလိုက်ပြီးမှ တရားလိုသက်သေအား ဆက်လက်မေး လေသည်။
"မင်းကို ပြန်လည်ထူးထောင်ရေးစခန်းက လွှတ်ပေးလိုက်တော့ ကတိပေးခဲ့တာများရှိသလား"

"မရှိပါဘူး"
ဤသို့ပြန်ဖြေလိုက်သော်လည်း သက်သေ၏မျက်နှာမှာ စိတ်နှလုံးမသက်မသာဖြစ်နေပုံ ရလေသည်။
"မင်းကိုလွှတ်မပေးခင် နှစ်ရက်လောက်အလိုမှာ တတိယတပ်မဟာက ဗိုလ်ကြီး(ကပ်ပတိန်) နီဘေဘီဆိုတဲ့လူက မင်းနဲ့လာတွေ့ဆုံခဲ့တယ် မဟုတ်လား"

"မဟုတ်ပါဘူး"
"မင်းကို ပြန်လည်ထူးထောင်ရေးစခန်းမှာ ရှိနေတုန်းက မင်းကိုလာတွေ့တဲ့ ဧည့်သည်များရှိသလား"

"မရှိပါဘူး"
"သေချာရဲ့လား၊ ဧည့်သည် တစ်ယောက်မှ လာမတွေ့ဘူးလား"

တရားခံရှေ့နေကြီးက ဤသို့မေးလိုက်ရာ နာယကတရားဝန်ကြီးက ဟန့်တားပြန်လေသည်။

"ရှေ့နေကြီးရဲ့ မေးခွန်းကို သက်သေက ဖြေကြားသွားပြီပဲ"

တရားခံရှေ့နေကြီး ပီတယ်လ်သည် စိတ်ဓာတ်ကျသွားဟန်ဖြင့် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။

"နောက်ထပ် တင်ပြစရာ သက်သေရှိသေးသလား"ဟု မေးလိုက်သည်။

ခရိတ်သည် စိတ်ဝင်စားစွာဖြင့် နားထောင်ရင်း တရားလိုဘက်မှ ဆက်လက်တင်ပြမည့် သက်သေသည် ကက်ပတိန်နီဘောဘီပင်ဖြစ်ရမည်ဟုတထစ်ချတွက်လိုက်မိသည်။ သို့ရာတွင် တရားလိုရှေ့နေကြီး ခိုရီသည် ထိုလူအားလုံးဝမခေါ်ဘဲ လင်းရိုဗာကာဖြင့် တိုက်ခြင်းခံခဲ့ရသူ တတိယတပ်မဟာမှ စစ်သားအား တရားလိုပြသက်သေအဖြစ်ခေါ်ယူလိုက်လေသည်။ ယင်းသို့အစိုးရရှေ့နေက နည်းဗျူဟာ ပြောင်းလိုက်သည်ကို ခရိတ်က စိုးရိမ်သွားမိလေသည်။ အကြောင်းတစ်ခုခု ရှိရမည်ဟုလည်း တွက်မိသည်။
အစိုးရရှေ့နေကြီးအနေဖြင့် ကက်ပတိန်နီဘောဘီအား တရားခံဘက်မှ ပြန်လှန်၍မေးခွန်းထုတ်ခြင်း မခံရအောင် ကြိုတင်ကာကွယ်လိုက်သည့် သဘောပေလော။ ကက်ပတိန်နီဘောဘီက အချင်းမဖြစ်မီက ပြန်လည်ထူထောင်ရေးစခန်းသို့သွား၍ ယာဉ်မောင်းရဲဘော်နှင့် တွေ့ဆုံခြင်းနှင့်ပတ်သက်ပြီး တရားခံရှေ့နေကြီးကဖော်ထုတ်ကာ မေးခွန်းမေးမည်ကို မမေးစေချင်၍ပေလော။

ဤသို့ ဖြစ်ပါမူ-

ခရိတ်သည် ဆက်လက်မစဉ်းစားတော့ဘဲ သူ၏ စိတ်ထဲ ဖြစ်ပေါ်လာမိသော သံသယများကို ကြိုးစား၍ ပယ်ဖျောက်ပစ်လိုက်လေသည်။ မေးခွန်းများနှင့်အဖြေများကို တိုင်းရင်းသားဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရသည့်အတွက် အလွန်အချိန်ကုန်လှပေသည်။ ထို့ကြောင့် အမှုစတင်စစ်ဆေး၍ သုံးရက်မြောက်သောနေ့မှပင် ခရိတ်အား သက်သေအဖြစ် ထွက်ဆိုရန် ခေါ်ယူခြင်း ခံရလေသည်။
ခရိတ်သည် သက်သေများအတွက် သီးသန့်ထားသောနေရာသို့ လျှောက်သွားပြီးနောက် (အစိုးရရှေ့နေကြီး ခိုရီက စတင်မေးခွန်းမထုတ်မီ) တရားခံရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်မိသည်။ တွန်ဂါတာကလည်း ခရိတ်အားစူးစိုက်ကြည့်နေလေသည်။ သူတို့နှစ်ဦးမျက်လုံးချင်းဆုံမိချိန်တွင် တွန်ဂါတာသည် သူ၏လက်ယာဘက်လက်ဖြင့် တစ်စုံတစ်ခုအချက်ပြလိုက်သည်။ ဤသည်ကို ခရိတ်ကလွဲ၍ မည်သူကမှ သတိမပြုမိလိုက်ကြချေ။

အတိတ်ကာလအချိန်က (ဇင်ဘာဘွေနိုင်ငံသည် မျက်နှာဖြူအစိုးရလက်အောက် ရိုဒီရှားနိုင်ငံဖြစ်ခဲ့စဉ်)က ခရိတ်သည် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနတွင် အလုပ်လုပ်ခဲ့ဖူးရာ

ထိုစဉ် က တွန်ဂါတာသည်လည်း ခရိတ်၏ လက်ထောက်အဖြစ်အတူ အလုပ်ဝင်လုပ်ခဲ့ဖူးလေသည်။ သူတို့၏တာဝန်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအလျောက် တောထဲနေကြသည်ကို ကြည့်ရှု စောင့်ရှောက်ရန်ဖြစ်သည်။ တိရစ္ဆာန်များ၏ ဦးရေကိုလည်း (လိုအပ်လျှင်) ကန့်သတ်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ကြရလေသည်။

သဘာဝတိရစ္ဆာန်ဥယျာဉ်အဖြစ် အစိုးရကပိုင်းခြားသတ်မှတ်ထားသောတောများတွင် တိရစ္ဆာန်ကောင်ရေနှင့် အစာအာဟာရမျှတအောင်လည်း တစ်ခါတစ်ရံ အလွန်အကျွံများလာသော တိရစ္ဆာန်အချို့ကို သုတ်သင်ဖျောက်ဖျက်ပစ်ရလေသည်။ ယင်း အလုပ်လုပ်ရာတွင် အသက်ဘေးအန္တရာယ်နှင့် အလွန်နီးကပ်သဖြင့် ခရိတ်နှင့်တွန်ဂါတာသည် တောထဲတွင် အထူးသတိထား၍ သွားလာလှုပ်ရှားခဲ့ရသည်။ ထိုအခါများတွင် ခရိတ်နှင့်တွန်ဂါတာတို့သည် လူချင်းခွဲ၍ တိရစ္ဆာန်အုပ်များ၏ နောက်သို့ခြေရာခံလိုက်ရတတ်သည်။ ဥပမာ ခြင်္သေ့ရိုင်း တစ်အုပ်နောက်သို့လိုက်သည့်အခါမျိုးတွင် သူတို့သည် လုံးဝအသံမပြုဘဲတိတ်ဆိတ်စွာဖြင့်သွားလာလှုပ်ရှားကြရသည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်သည့်အခါ စကားမပြောဘဲ လက်ဟန်ခြေဟန်နှင့်သာ ဆက်သွယ်ကြရသည်။ သူတို့နှစ်ယောက် ညှိနှိုင်းတီထွင်ထားသော လက်ဟန်ခြေဟန်နှင့် အချက်ပြခြင်းအားဖြင့် မိမိတို့လိုသော စကားကို ပြောလေ့ရှိကြသည်။

ယခု တရားခံဖြစ်နေသူ ဝန်ကြီးတွန်ဂါတာက လက်သီးဆုပ်၍ အချက်ပြလိုက်သောအခါ ခရိတ်သည် ချက်ချင်း အဓိပ္ပာယ်ကိုနားလည်လိုက်ပြီ ဖြစ်သည်။ တွန်ဂါတာက အချက်ပြလိုက်သည့် အဓိပ္ပာယ်ကတော့-
"အထူးသတိထား၊ အလွန်အန္တရာယ်ကြီးများနေပြီ" ဟူ၍ပင် ဖြစ်လေသည်။ ခရိတ်သည် အတိတ်ကိုလည်း ပြန်လည်သတိရမိလေသည်။ အထူးသဖြင့် အလားတူ အချက်ပြနည်းမျိုး တွန်ဂါတာက လက်သီးဆုပ်၍ပြခဲ့ခြင်းကို ပြန်၍သတိရမိသည်။ တစ်နေ့ ခရိတ်သည် တွန်ဂါတာနှင့်အတူ လူချင်းခပ်ခွာခွာခွဲ၍ တောထဲလျှောက်သွားစဉ် မျက်နှာချင်းဆိုင်ဘက်မှ တွန်ဂါတာက လက်သီးဆုပ်၍ လျင်မြန်စွာ အချက်ပြလိုက်သည်။ ခရိတ်လည်း အန္တရာယ်နီးကပ်နေပြီဟု သိသဖြင့် လှည့်ကြည့်လိုက်ရာ ဒဏ်ရာရသော ခြင်္သေ့မကြီးတစ်ကောင်သည် ခရိတ်အား ခုန်အုပ်ရန်ပြေးလာသည်ကို မြင်ရလေသည်။ ခရိတ်အနေဖြင့် စက္ကန့်ပိုင်းအတွင်း ခြင်္သေ့အစာဖြစ်ရတော့မည့်ဆဲဆဲ အခြေအနေ ဖြစ်လေသည်။

ခရိတ်သည် တွန်ဂါတာ၏ အချက်ပြသတိပေးမှုကြောင့် လျှပ်တစ်ပြက်လျင်မြန်စွာလှည့်ပြီး သူ၏ ပွိုင့် ၄၅၈ သေနတ်ဖြင့် ခြင်္သေ့မကြီးအား ပစ်လိုက်ရလေသည်။ ကျည်ဆန်က ခြင်္သေ့မကြီး၏ ရင်ဘတ် တည့်တည့်ချက်ကောင်းကို ထိမှန်သွားလင့်ကစား ပြေးလွှားခုန်အုပ်လိုက်သောအရှိန်က မသေသေးဘဲ ခြင်္သေ့မကြီး၏ဇရာမခန္ဓာကိုယ်က ခရိတ်အားအရှိန်ပြင်းစွာဝင်တိုက်မိသဖြင့် တစ်ကိုယ်လုံးလွင့်စင်မြောက်တက်သွားလေသည်။
သို့သော် အသက်ဘေးမှ ချမ်းသာရာ ရခဲ့သည်။ ယခု တရားရုံးခန်းအတွင်း၌ တွန်ဂါတာက အလားတူလက်သီးဆုပ်၍ အချက်ပြလိုက်သည်ကို မြင်ရသောအခါ ခရိတ် ရုတ်တရက် ရင်ထဲမှ ထိတ်ခနဲဖြစ်သွားကာ ကျောချမ်းသွားမိလေသည်။ အလွန် အန္တရာယ်ကြီးနေပြီဟု တွန်ဂါတာက မိမိတို့ချင်းသာ နားလည်သော လှို့ဝှက်အချက်ပြလိုက်ခြင်းမှာ ဘာကြောင့်နည်း။ မည်သို့ဆိုလိုလေသနည်း။

တွန်ဂါတာက မိမိအား စေတနာမှန်၍ အန္တ ရာယ်ကို သတိပေးခြင်းပေလော။ သို့တည်းမဟုတ် ခြိမ်းခြောက်လိုက်ခြင်း ဖြစ်လေသလော။ တွန်ဂါတာ၏ မျက်နှာကိုလှမ်း၍ အကဲခတ်ကြည့်လိုက်သောအခါ ခပ်တည်တည် ကြင်္ကန်ကြီးနှင့်ဖြစ်နေသောကြောင့် စဉ်းစားရခက်နေလေသည်။ ဤတွင် ခရိတ်သည် စိတ်ကူးရသဖြင့် သူကိုယ်တိုင် တွန်ဂါတာအား အချက်ပြလိုက်လေသည်။ ခရိတ်က အချက်ပြလိုက်သည့် အဓိပ္ပာယ်ကား-

"ကျွန်ုပ် နားမလည်ပါ"ဟူ၍ပင် ဖြစ်သည်။

သို့သော် တွန်ဂါတာသည် ခရိတ်ကအချက်ပြ မေးလိုက်သည်ကို ပြန်မဖြေဘဲ လျစ်လျူရှုနေလိုက်သဖြင့်ခက်နေတော့သည်။ ခရိတ်သည်တွန်ဂါတာကို ငေးကြည့်နေသဖြင့် အစိုးရရှေ့နေကြီးကစတင်မေးလိုက်သောမေးခွန်းကိုပင် ကောင်းစွာမကြားမိလိုက်ချေ။

"ရှေ့နေကြီးခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်။ မေးခွန်းကို နောက်တစ်ခေါက် ပြန်မေးစေလိုပါတယ်" ခရိတ်က ဤသို့ပြောလိုက်မှ အစိုးရရှေ့နေကြီး ခိုရီသည် မေးခွန်းကို ပြန်မေးလေသည်။

"မာစီးဒီးကား ချဉ်းကပ်လာချိန်မှာ ကုန်တင်(ထရပ်)ကားမောင်းသူက တစ်စုံတစ်ခု အချက်ပြတာကို ခင်ဗျား မြင်လိုက်မိပါသလား"

"ဟုတ်ကဲ့ မြင်လိုက်ပါတယ်။ ကုန်တင်ကားမောင်းသူက မီးကို ဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး အချက်ပေးပါတယ်"
"ဒီတော့ ဘာဖြစ်သလဲ"

"မာစီးဒီးကားကရပ်လိုက်ပြီး ကားပေါ်ကလူနှစ်ယောက်ဆင်းလာပါတယ်။ ပြီးတော့သူတို့ဟာကုန်တင်ကားကြီးနောက်ကို လျှောက်သွားပြီး ဒရိုင်ဘာနဲ့ စကားပြောပါတယ်"

"ခင်ဗျားထင်မြင်ချက်အရဆိုရင် ဒါဟာကြုံတင်စီစဉ်ညှိနှိုင်းထားတဲ့အချက်ပြနည်း ဖြစ်တယ်လို့ထင်ပါသလား"

"ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းကို သက်သေက မဖြေနိုင်ပါဘူး"

တရားခံရှေ့နေကြီးက ထ၍ ကန့်ကွက်သဖြင့် တရားရုံးနာယကကြီးကလည်း-

"ကန့်ကွက်ချက်ကို လက်ခံတယ်။ သက်သေအနေနဲ့ ဒီမေးခွန်းကို ဖြေစရာမလိုဘူး"ဟု ပြောလိုက်သည်။

အစိုးရရှေ့နေကြီးသည် မတတ်သာဘဲ နောက်မေးခွန်းတစ်မျိုး ပြောင်းမေးရလေသည်။

"ကောင်းပါပြီ။ အခု ကျုပ်ဆက်မေးမှာက မစ္စဆယ်လီဆိုတဲ့ အမျိုးသမီးကို ယုတ်မာရက်စက်တဲ့ တရားခံလက်က လွတ်မြောက်အောင် စွန့်စားကယ်ယူခဲ့ရတဲ့အကြောင်း ဆက်မေးပါမယ်"

"ကန့်ကွက်ပါတယ်။ ယုတ်မာရက်စက်တယ်ဆိုတဲ့ အသုံးအနှုန်းကို ကန့်ကွက်ပါတယ်"

တရားခံရှေ့နေကြီးက ကန့်ကွက်သည်ကို တရားဝန်ကြီးကလည်း လက်ခံလေသည်။

"ကန့်ကွက်ချက်ကို လက်ခံပါတယ်။ ယုတ်မာရက်စက်တယ်ဆိုတဲ့ စကားလုံး ဆက်မသုံးပါနဲ့"

"ကောင်းပါပြီ နာယကကြီးခင်ဗျား"

အစိုးရရှေ့နေကြီးသည်အောင့်သက်သက်နှင့်ပြောလိုက်ရသည်။ တွန်ဂါတာသည်ခရိတ်အားလက်သီးတစ်ဖက်ဆုပ်၍ အချက်ပြလိုက်ပြီးသည့် နောက်ပိုင်း၌ တရားခံထိုင်ခုံတွင် မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေလေသည်။ သူ၏မျက်နှာမှာလည်း စိတ်လှုပ်ရှားမှုတစ်စုံတစ်ရာမှမဖော်ပြဘဲ ခပ်တည်တည်ပင်နေသည်။ သို့ရာတွင် သူ၏မျက်လုံးများကတော့ ခရိတ်ကိုသာ တောက်လျှောက်ကြည့်နေလေသည်။ တရားခံရှေ့နေကြီးပီတယ်လ်သည် ပြန်လှန်မေးခွန်းထုတ်ရန် ထိုင်ရာထလိုက်သည်။ ထိုအခါ တွန်ဂါတာသည်ရှေ့သို့တိုးပြီး ရှေ့နေကြီးနှင့်တစ်စုံတစ်ခုတီးတိုးပြောလေသည်။ ရှေ့နေကြီးကသဘောမတူဟန်ဖြင့် ကန့်ကွက်အရေးဆိုပုံရသည်။ သို့သော် တွန်ဂါတာ အလျှော့ပေးပုံမရ။ သူလိုချင်တာကို ဇွတ်အတင်းဝင်ထပ်မေးသည်။ နောက်ဆုံးတွင် တရားခံရှေ့နေကြီး ပီတယ်လ်သည် သူ၏အမှုသည် တွန်ဂါတာ၏ အလိုသို့လိုက်ရန် ဆုံးဖြတ်ဟန်ဖြင့် တရားခွင်ပေါ်သို့ လှမ်းကြည့်ပြီး

"နာယကကြီးခင်ဗျာ ကျွန်တော့်အနေနဲ့ ဒီသက်သေကိုပြန်လှန်မေးခွန်းထုတ်စရာမရှိပါဘူး"ဟုပြော လိုက်လေသည်။

ခရိတ်လည်း သက်သေထွက်ဆိုသည့်နေရာမှ ထွက်ခွာခွင့်ရလေသည်။ တရားလိုဘက်မှ တင်ပြသည့် သက်သေများအနက် နောက်ဆုံးသက်သေမှာ ဆယ်လီပင်ဖြစ်သည်။ သူမ၏ထွက်ဆိုချက်သည်(ဗိုလ် ချုပ်ဖွန်ဂါဘီရာ၏ထွက်ဆိုချက်ပြီးလျှင်အချက်အလက်အပြည့်အစုံဆုံးဖြစ်နေပေသည်။)ဆယ်လီသည် ခြေချင်းဝတ်တွင်နာကျင်လျက်ရှိသေးသဖြင့်သက်သေများထိုင်သည့်နေရာသို့သွားရာတွင်ခြေတစ်ဖက် ထော့နင်းလျက် သွားရလေရာ အစိုးရရှေ့နေကြီးခိုရီကထလာပြီး ဆယ်လီအား ကူညီတွဲခေါ်လျက် သက်သေပြသည့်နေရာသို့ပို့ပေးလေသည်။

သူမ၏လည်ပင်းမှဒဏ်ရာသည်လည်း သက်သာလာပြီဖြစ်လင့်ကစား ညိုမည်းလျက်ပင် ရှိသေးသည်။ ဆယ်လီသည် တရားလိုပြသက်သေအဖြစ် ထွက်ဆိုရာ၌ တွန့်ဆုတ်နှောင့်နှေးခြင်းမရှိဘဲ သူမ၏ ကြည်လင်ပြတ်သားသောအသံဖြင့် သွက်လက်စွာမေးခွန်းများ၏ ဖြေကြားထွက်ဆိုသွားလေသည်။

"တရားခံက မစ္စဆယ်လီကို ဖမ်းလိုက်တုန်းက ခင်ဗျားစိတ်ထဲ ဘယ်လိုခံစားရပါသလဲ"

"ကျွန်မ အသက်သေရတော့မှာပဲဆိုပြီး စိုးရိမ် တုန်လှုပ်နေမိပါတယ်"

"ရဲအရာရှိတွေကို ခင်ဗျားပြောစဉ်ကတရားခံဟာ ခင်ဗျားကိုကိုယ်ထိလက်ရောက် တိုက်ခိုက်ပါတယ် လို့ ထွက်ဆိုခဲ့တယ်။ တရားခံက ခင်ဗျားရဲ့ ခန္ဓာကိုယ်ဘယ်နေရာကို ရိုက်နှက်တိုက်ခိုက်ပါသလဲ"

"ကျွန်မရဲ့ လည်ပင်းကိုလက်ဝါးစောင်းနဲ့ခုတ်ရိုက်ပါတယ်။ အခုတောင် ဟောဒီမှာ ဒဏ်ရာရှိပါတယ်" ဆယ်လီကပြောရင်း လည်ပင်းမှ ညိုမည်းနေသော ဒဏ်ရာကိုပြသည်။

"တခြား ဒဏ်ရာရတာများ ရှိပါသေးသလား"

"ကျွန်မရဲ့ နံရိုးလေးချောင်း အက်ကွဲသွားပြီး ခြေထောက်မှာလည်း ခြေပွတ်တိုင် လည်သွားပါတယ်"

ယင်းအချက်များကို အစိုးရရှေ့နေကြီးက ဖော်ထုတ်မေးနေခြင်းမှာ လှပကြော့ရှင်းသော မိန်းကလေး သက်သေတစ်ဦးအား ရုံးတော်မှကရုဏာသက်လာပြီး မိမိတို့ဘက်မှ(တရားလိုဘက်)သို့ လိုက်လျော အဆုံးအဖြတ်ပေးချင်လာအောင် တမင်အကွက်ဆင်သည့် နည်းပရိယာယ်သဘောပင်ဖြစ်လေသည်။ တရားခံရှေ့နေကြီး ပီတယ်လ်သည် သက်သေဆယ်လီကိုလည်း ခရိတ်ကဲ့သို့ပင် ပြန်လှန်မေးခွန်း ထုတ်စရာမရှိပါဟု လျှောက်ထားလေသည်။

သို့နှင့် အမှုစတင်စစ်ဆေး၍ တတိယမြောက်နေ့ ညနေဘက်တွင် တရားလိုဘက်မှ လျှောက်လဲတင်ပြချက်ပြီးဆုံးသွားလေသည်။ ခရိတ်အဖို့မှာမူ အမှုသွား အမှုလာကို လေ့လာပြီး စိတ်ထဲမကောင်းဖြစ်နေသည်။ ထိုနေ့ညနေဘက် သူနှင့် ဆယ်လီတို့သည် စားနေကျ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာအတူစားကြရာ ယမကာအဖြစ် တောင်အာဖရိကနိုင်ငံသုံး အကောင်းဆုံးဝိုင်အရက်တစ်ပုလင်းမှာသောက်ပါသော်လည်း ခရိတ်အဖို့ စိတ်ဓာတ်တက်မလာဘဲ ငိုင်တိုင်တိုင်ဖြစ်နေလေသည်။

"ကုန်တင်ကားဒရိုင်ဘာက တွန်ဂါတာကို အရင်မတွေ့ဖူးခဲ့ဘူးဆိုတာရယ်၊ ဒီလူ့ကို အကျဉ်းကလွှတ်ပေးစဉ်က ကုန်တင်ကား မောင်းပေးပါ့မယ်လို့ ကတိတောင်းယူခဲ့တယ်ဆိုတာရယ်"

ခရိတ်က ပြော၍ စကားမဆုံးမီ ဆယ်လီက ကြားဖြတ်လျက်-

"ဘာလဲ ရှင်က အဲဒီအချက်တွေကို မယုံကြည်ဘူးလား။ တရားစီရင်ရေးအဖွဲ့ နာယကကြီး ကိုယ်တိုင်ကတောင် လက်ခံပုံရတယ်ရှင့်" ဟု ပြောလေသည်။

ညစာစားသောက်ပြီးသောက်အခါ ခရိတ်သည် ဆယ်လီအား သူမ၏တိုက်ခန်းသို့ ပြန်ပို့ပေးပြီးနောက် တစ်ယောက်တည်းလမ်းလျှောက်ခဲ့လေသည်။ သူ၏စိတ်ကတော့ကြည်လင်ခြင်းမရှိ၊ နောက်ကျိလျက်ရှိနေလေသည်။
တရားခံရှေ့နေကြီးမစွတာပီတယ်လ်သည် ပထမဆုံး တရားခံသက်သေအဖြစ်ဝန်ကြီး တွန်ဂါတာ၏ယာဉ်မောင်းအား ခေါ်လေသည်။ ထိုလူ (ဒရိုင်ဘာ)သည် ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းမာတာဘယ်လီ တိုင်းရင်းသားတစ်ဦးဖြစ်သည်။ သာမန်အားဖြင့် ပြုံးရွှင်စွာနေတတ်သော်လည်း ယခုတော့မူ သူ၏မျက်နှာထားက ခပ်တည်တည်ဖြစ်နေသည်။ တရားခံရှေ့နေကြီး၏ မေးခွန်းများကို ဖြေကြားစဉ် ထိုလူသည် တရားခံဝန်ကြီး တွန်ဂါတာဘက်သို့ လုံးဝမကြည့်ဘဲ ဖြေဆိုသွားလေသည်။
"ခင်ဗျားကို သက်ဆိုင်ရာကဖမ်းဆီးလိုက်တဲ့ညက ဝန်ကြီးတွန်ဂါတာက ခင်ဗျားကိုဘယ်လိုများ အမိန့်ပေးခဲ့သလဲ"
တရားခံ ရှေ့နေကြီးက စတင်မေးလိုက်သည်။

"ဘယ်လိုမှ အမိန့်မပေးခဲ့ပါဘူး။ ဘာမှမပြောခဲ့ပါဘူး"

သက်သေက ဤသို့ဖြေကြားလိုက်လျှင် ရှေ့နေကြီးပီတယ်လ်သည် စဉ်းစားရခက်သွားပြီးနောက် သူ၏ မှတ်စုစာရွက်များကို ပြန်ကြည့်ပြီးမှ ဆက်မေးလေသည်။

"ဝန်ကြီးက ခင်ဗျားကို ဘယ်နေရာ ဘယ်အရပ်ကို မောင်းပါလို့ မပြောခဲ့ဘူးလား၊ ခင်ဗျားကိုယ်တိုင် ဘယ်အရပ်ဘက် ဦးတည်မောင်းသွားတယ်ဆိုတာ မသိဘူးလား"

"ဝန်ကြီးက ကျွန်တော့်ကို တည့်တည့်မောင်း၊ ဘယ်ဘက်ကွေ့လိုက် ညာဘက်ချိုးလိုက်စမ်း၊ အဲဒီလိုပဲ ပြောပါတယ်။ တကယ်တော့ ကျွန်တော့်အနေနဲ့ ဘယ်အရပ်ကို ဦးတည်မောင်းနေတယ်ဆိုတာ မသိပါဘူး"
"ဝန်ကြီးက ခင်ဗျားကို တူတီသာသနာပြု မစ်ရှင်ကျောင်းဘက် မောင်းသွားဖို့မပြောဘူးလား"

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

အစိုးရရှေ့နေကြီးက ထကန့်ကွက်ရာ တရားရုံးနာယကြီးကလည်း လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။
"တရားခံရှေ့နေကြီးက သက်သေကို နိမိတ်ပြု မေးခွန်းတွေ မမေးပါဘူး"

တရားခံရှေ့နေကြီးသည်ခေတ္တစဉ်းစားနေရာမှတရားခံဝန်ကြီးတွန်ဂါတာဘက်သို့တစ်ချက်လှမ်းကြည့်လိုက်သည်။ တွန်ဂါတာသည် ဣန္ဒြေကြီးစွာဖြင့် ခပ်တည်တည်ပင် မလှုပ်မယှက် ထိုင်နေသည်ကို တွေ့ရပြီးနောက် တရားခံရှေ့နေကြီးက မေးခွန်းကို တစ်မျိုးလှည့်မေးပြန်သည်။

"ခင်ဗျားကို ဖမ်းလိုက်တဲ့နောက်ပိုင်း ခင်ဗျား ဘယ်မှာရှိနေသလဲ"

"အကျဉ်းထောင်ထဲမှာပဲ ရှိနေပါတယ်"

"အဲဒီတုန်းက ခင်ဗျားကို ထောင်ဝင်စာ လာတွေ့သူ ဧည့်သည်များ ရှိသလား"

"ကျွန်တော့်ဇနီး လာတွေ့ပါတယ်"

"တခြားဘယ်သူမှ လာမတွေ့ဘူးလား"

"မလာပါဘူး"
ယာဉ်မောင်းက ရန်သူအားခံစစ်ဖြင့် တိုက်နေသူတစ်ယောက်၏ဟန်မျိုးဖြင့် ဖြေလိုက်သည်။

"ခင်ဗျားရဲ့ ဦးခေါင်းမှာ ဒဏ်ရာတချို့ တွေ့ရတယ်။ ခင်ဗျား ရိုက်နှက်တာ ခံရလို့လား"

ရှေ့နေကြီးကမေးလိုက်တော့မှ ခရိတ်လည်းသက်သေဒရိုင်ဘာအား သေချာကြည့်လိုက်မိရာ ဦးခေါင်းတွင် ဖူးရောင်နေသောဒဏ်ရာအချို့ကို သတိပြုမိလေသည်။

"နာယကကြီးခင်ဗျား ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

အစိုးရရှေ့နေကြီးကထ၍ကန့်ကွက်ရာတရားရုံးနာယကကြီးသည်တရားခံရှေ့နေဘက်သို့လှမ်းကြည့်လိုက်ပြီး-
"မစ္စတာပီတယ်လ်ကဒီမေးခွန်းကိုမေးတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့မေးတာလဲ"ဟုမေးလေသည်။
"ဒီလိုပါ နာယကကြီးခင်ဗျား ဒီသက်သေရဲ့ ဖြေကြားချက်တွေဟာ စောစောက ရဲတပ်ဖွဲ့မှာ အစစ်ခံထွက်ဆိုခဲ့တာနဲ့ ကွဲလွဲနေတာမို့ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ ပေါ်လွင်အောင် မေးရခြင်းဖြစ်ပါတယ်။ နောက်ထပ် မေးခွန်းမေးစရာလည်း မရှိတော့ပါဘူး"

မစ္စတာပီတယ်လ်က ဤသို့ဖြေလိုက်ပြီးနောက် အစိုးရရှေ့နေကြီး ခိုရီသည် ပြန်လှန်မေးခွန်းထုတ်ရန် ထိုင်နေရာမှထလိုက်သည်။ သူ၏ မျက်နှာထားကလည်း ကျေနပ်အားရဟန်ဖြင့် ပြုံးနေသည်။

"ကုန်တင်(ထရပ်)ကားက မင်းကိုမီးပိတ်လိုက်ဖွင့်လိုက်လုပ်ပြီး အချက်ပြတယ်ဆိုတာ ဟုတ်သလား"
"ဟုတ်ပါတယ်"
"ဒီတော့ ဘာဖြစ်သလဲ"

"ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး"

"ကုန်တင်(ထရပ်)ကားကြီးကိုမြင်တော့ မာစီးဒီးကားပေါ်က တစ်ယောက်ယောက်ကတစ်စုံတစ်ခုပြောသလား။ ဒါမှမဟုတ် တစ်ခုခုလုပ်သလား"

"နာယကကြီးခင်ဗျား"
တရားခံရှေ့နေကြီး ပီတယ်လ်က ကန့်ကွက်ရန် စလိုက်ရာ တရုံးရုံး နာယကကြီးက လက်မခံဘဲ-

"ဒါက မေးထိုက်တဲ့မေးခွန်းပဲ။ သက်သေက မေးခွန်းကိုဖြေပါ"ဟု ပြောလိုက်သည်။

ဤတွင် သက်သေ(ယာဉ်မောင်း)သည် စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်နေပြီးမှ ပြန်ဖြေလေသည်။

"တရားခံက မင်းကို ကားကို လမ်းဘေးထိုးရပ်လို့ ပြောသလား"

"ဟုတ်ကဲ့ ဒီအတိုင်းပြောပါတယ်"

"ကောင်းပါပြီ၊ နောက်ထပ် မေးစရာ မရှိတော့ပါဘူး"

အခန်း(၁၇)

"တရားခံသက်သေအဖြစ် မစ္စဆာရာကို တင်ပြလိုပါတယ်"

တရားခံရှေ့နေကြီး ပီတယ်လ်က ကြေညာလိုက်ရာ အားလုံး အံ့အားသင့်သွားကြလေသည်။ ကပွလီလူမည်းအမျိုးသမီးဖြစ်သူ ကျောင်းဆရာမ ဆာရာအား ဤအမှုတွင် သက်သေအဖြစ် ထင်လိမ့်မည်ဟုမည်သူကမှ မမျှော်လင့်သလို အံ့သြမိကြခြင်းပင်ဖြစ်သည်။

အစိုးရရှေ့နေကြီးခိုရီသည်ခေတ္တမျက်မှောင်ကြုတ်စဉ်းစားပြီးနောက် သူ၏လက်ထောက်အစိုးရရှေ့နေလူငယ်နှစ်ဦးနှင့် တစ်စုံတစ်ရာ တီးတိုးတိုင်ပင်လေသည်။ လူငယ်နှစ်ဦးအနက် တစ်ယောက်သည် ထိုင်ရာမှ ထ၍ တရားခွင်သို့ ဦးညွှတ်အလေးပြုလိုက်ပြီးနောက် ရုံးခန်းတွင်းမှ ထွက်သွားလေသည်။ ဆရာမကလေးဆာရာသည် သက်သေများနေသည့်နေရာသို့ လျှောက်ဝင်သွားပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် ကျွမ်းကျင်စွာ ထွက်ဆိုလေသည်။ သူမ၏အသံကလည်း သာယာနာပျော်ဖွယ်ရှိလေသည်။ ယဉ်ကျေးသိမ်မွေ့ပြီး ရှက်တတ်သောမိန်းကလေးတစ်ဦးဖြစ်သူ ဆာရာအား ခရိတ်နှင့်ဆယ်လီတို့က တူတီသာသနာပြုမစ်ရှင်တွင် တစ်ကြိမ်တွေ့ခဲ့ဖူးကြလေသည်။

ဆာရာသည် လည်ပင်းတွင်ကော်လာပါသော အစိမ်းရောင်ချည်ထည်ဝတ်စုံကိုဝတ်ဆင်ထားပြီး၊ ဖိနပ်ကလည်း ရိုးရိုး(ဒေါက်ဖြင့်မဟုတ်သည့်)ဖိနပ်တစ်ရန် စီးထားလေသည်။ ဆံပင်ကိုမူ ခေတ်ဆန်ဆန် အနောက်တိုင်းပုံမဟုတ်ဘဲ ရိုးရိုးဇင်ဘာတွေတိုင်းရင်းသူတို့၏ ရိုးရာဆံပင်ထုံးနည်းဖြင့်ထုံးဖွဲ့ထားသည်။ သူမသည် တရားခံဝန်ကြီးတွန်ဂါတာအား လှမ်းကြည့်လိုက်ရာ တွန်ဂါတာကမပြုံးဘဲ ကျေနှိမ်ဖြင့် ခပ်တည်တည် နေလိုက်သည်။ သို့သော် တွန်ဂါတာသည် ဆာရာအား စိုက်ကြည့်ရင်း သူ၏လက်ယာဖက်လက်ကို မသိမသာလှုပ်ရှားလိုက်သည်။

ခရိတ်သည်ထိုအပြုအမူကိုမြင်လိုက်သည်နှင့်တွန်ဂါတာကဆာရာအားလက်ဟန်ခြေဟန်ပြ၍လှို့ဝှက်ဆက်သွယ်နည်းဖြင့် တစ်စုံတစ်ရာပြောလိုက်ကြောင်းချက်ချင်းရိပ်မိလေသည်။ တွန်ဂါတာကလှို့ဝှက်ဆက်သွယ်နည်းဖြင့် ဆရာမဆာရာအား အချက်ပြ ပြောလိုက်သည်မှာ-

"သတ္တိရှိပါ၊ ငါဟာ မင်းဘက်ကရပ်တည်နေတယ်"ဟူ၍ပင် ဖြစ်ကြောင်းကိုလည်း ခရိတ်ကသိလိုက်သည်။ ဆရာမဆာရာသည် တွန်ဂါတာ၏လှို့ဝှက်အချက်ပြပြောဆိုချက်ကို နားလည်သဘောပေါက်ရာမှ စိတ်ဓာတ်တက်လာဟန်ဖြင့် ဦးခေါင်းကိုမော့လိုက်ပြီး ရှေ့နေကြီးပီတယ်လ်အား ရင်ဆိုင်

လိုက်သည်။
"ခင်ဗျားရဲ့ နာမည်ကို ပြောစမ်းပါ"

ရှေ့နေကြီး ပီတယ်လ်က စတင်မေးရာ ဆာရာက-

"ကျွန်မနာမည် ဆာရာလို့ ခေါ်ပါတယ်။ နာမည်အပြည့်အစုံကတော့ ဆာရာဆန်ဒီဝေညိုနီ ဖြစ်ပါတယ်"ဟု ပြန်ပြောလေသည်။

ခရိတ်သည် အနီးရှိ ဆယ်လီနားသို့ကပ်၍

"ဆန်ဒီဝေညိုနီဆိုတာ မာတာဘယ်လီဘာသာစကားပဲ။ ချစ်စရာကောင်းတဲ့ငှက်ကလေးလို့ အဓိပ္ပါယ်ရတယ်" ဟုပြောလိုက်ရာ ဆယ်လီကလည်း-

"အဲဒီနာမည်က ဆရာမလေးနဲ့သိပ်လိုက်တာပဲ"ဟု ခပ်တိုးတိုး မှတ်ချက်ချလိုက်သည်။ ရှေ့နေကြီးက ဆာရာအား ဆက်မေးလေသည်။

"အလုပ်အကိုင်က ဘာလုပ်ပါသလဲ"

"ကျွန်မဟာ တူတီသာသနာပြုမစ်ရှင် က မူလတန်းကျောင်းမှာ ကျောင်းအုပ်ဆရာမ ဖြစ်ပါတယ်"

"ဆရာမအဖြစ် ကိုယ့်အရည်အချင်းတွေ ပြည့်စုံတယ် မဟုတ်လား"

"ဟုတ်ကဲ့ ပြည့်စုံပါတယ်"

ဤသို့အစချီကာ ဆရာမသည် သူမ၏ပညာအရည်အချင်းနှင့်တကွ ဆရာအတတ်သင်ကျောင်းမှ သင်တန်းဆင်းအောင်လက်မှတ်ရခဲ့ပုံ စသည်တို့ကို ဆက်လက်ရှင်းပြလေသည်။ ရှေ့နေကြီး သည် ခေါင်းညိတ်လိုက်ပြီးနောက်-
"ဆရာမ တရားခံ တွန်ဂါတာကို သိကျွမ်းပါသလား"ဟု မေးပြန်သည်။

ဆာရာသည် ချက်ချင်း ပြန်မဖြေဘဲ တွန်ဂါတာ၏ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ

"ဟုတ်ကဲ့ သိပါတယ်။ ကျွန်မ သူ့ကို သိပါတယ်"ဟု ခပ်တိုးတိုး ဖြေလိုက်သည်။

"ကျေးဇူးပြုပြီး ရုံးတော်က ကောင်းကောင်းကြားရအောင် ကျယ်ကျယ်ကလေး ပြောစမ်းပါ"

"ကျွန်မ သူ့ကို ကောင်းကောင်းသိပါတယ်ရှင့်"

ဆာရာက ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"တရားခံ တွန်ဂါတာဟာ ခင်ဗျားရှိရာ တူတီသာသနာပြု မစ်ရှင်ကျောင်းကို လာတွေ့ဖူးပါသလား"

"ဟုတ်ကဲ့ လာတွေ့ဖူးပါတယ်"

"ဘယ်နကြိမ်လောက် လာတွေ့ပါသလဲ"

"ဝန်ကြီး တွန်ဂါတာဟာ အလွန်အလုပ်များသူ ဖြစ်ပါတယ်။ ကျွန်မကလည်း ကျောင်းဆရာမဆိုတော့" ထိုအခိုက် တွန်ဂါတာက သူ၏ညာဘက်လက်ကို လှုပ်ရှား၍အချက်ပြလိုက်ရာ ဆာရာကမြင်ပြီး ချက်ချင်း ပြုံးလျက်-

"ဟုတ်ကဲ့၊ ဝန်ကြီးတွန်ဂါတာဟာ သူတတ်နိုင်သလောက် အချိန်ရသလောက် လာတွေ့လေ့ရှိပါတယ်။ သို့သော်လည်း ကျွန်မ လာစေချင်သလောက်တော့ မလာနိုင်ခဲ့ပါဘူး"ဟု ပြောလိုက်သည်။
"အချင်းဖြစ်ပွားတဲ့ညက ခင်ဗျားဟာ သူလာတွေ့လိမ့်မယ်လို့ မျှော်လင့်နေခဲ့ပါသလား"

"ဟုတ်ကဲ့ မျှော်လင့်နေမိပါတယ်"

"ဘာကြောင့်လဲ"
"အဲဒီနေ့မတိုင်မီတစ်ရက်က သူနဲ့ကျွန်မတယ်လီဖုန်းနဲ့ ဆက်သွယ်စကား ပြောခဲ့ကြပါတယ်။ သူက ကျွန်မဆီ လာခဲ့ပါမယ်လို့ ကတိပေးခဲ့ပါတယ်။ သူက မော်တော်ကားနဲ့လာပြီး ညသန်းခေါင်ယံမတိုင်မီ ရောက်လာလိမ့်မယ်လို့လည်း ပြောပါတယ်"

ဤနေရာတွင် ဆာရာသည် စောစောကလို ပြုံးမနေတော့ဘဲ ဝမ်းနည်းသယောင်ဖြစ်လျက်-

"ကျွန်မဟာ တစ်ညလုံး သူ့ကိုထိုင်စောင့်နေလိုက်တာ မိုးစင်စင်လင်းတဲ့အထိပါပဲ။ ဒါပေမဲ့သူရောက်မလာပါဘူး" ဟု ပြောလိုက်သည်။

"တရားခံ က ခင်ဗျားကို အဲဒီညက လာတွေ့မယ်ဆိုတာ အကြောင်းတစ်စုံတစ်ရာ ရှိလို့များလား"

"ဟုတ်ကဲ့ ရှိပါတယ်"

ဤသို့ ပြောလိုက်စဉ် ဆာရာသည် ရုက်သယောင် မျက်နှာကလေး နီမြန်းသွားသည်ကို ဆယ်လီက သတိပြုမိပြီး စိတ်ဝင်စားမိလေသည်။ ဆာရာ က ဆက်လက် ပြောပြန်သည်။

"ဝန်ကြီး တွန်ဂါတာဟာ အဲဒီညက ကျွန်မရဲ့ ဖခင်ကြီးနဲ့ လာစကားပြောချင်ပါတယ်ဆိုလို့ ကျွန်မက စီစဉ် ပေးခဲ့ခြင်း ဖြစ်ပါတယ်"

"ကျေးဇူးတင်ပါတယ် မစ္စဆာရာ"

ရှေ့နေကြီး ပီတယ်လ်က သူ၏မေးမြန်းချက်ကို အဆုံးသတ်လိုက်သည်။ ဆာရာအား ရှေ့နေကြီးက မေးမြန်းနေစဉ် အစိုးရရှေ့နေကြီးခိုရီ၏ လက်ထောက်လူငယ်သည် ရုံးခန်းတွင်းသို့ဝင်လာပြီး မစ္စတာ ခိုရီအား စာရွက်တချို့ကို လာပေးလေသည်။ အစိုးရရှေ့နေကြီးသည် ယင်းစာရွက်များကို လက်တွင် ကိုင်လျက် ဆာရာအားပြန်လှန် မေးခွန်းထုတ်လေသည်။

"မစ္စဆာရာခင်ဗျား၊ မာတာဘယ်လီလူမျိုးတို့ရဲ့ ဘာသာစကားနဲ့ အစ်ဆီဖေဘီဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် ကို ပြောပြနိုင်ပါသလား"

အစိုးရရှေ့နေကြီးက ဤသို့စတင်မေးလိုက်ရာ ဘွန်ဂါတာ ဒေါသထွက်လာဟန်ဖြင့် ထိုင်ရာမှထလိုက် သည်။ သို့သော် လက်နက်ကိုင်ရဲစောင့်က သူ၏ပုခုန်းကိုကိုင်လျက် ထိန်းထားလိုက်ရသည်။ ဆရာမ ဆာရာသည် အစိုးရရှေ့နေကြီး၏မေးခွန်းကို ဖြေကြားရန်ဆုံးဖြတ်လိုက်ဟန်ဖြင့်-

"အဲဒီစကားလုံးက မယားငယ်၊ အမြောင်မယားလို့ အဓိပ္ပာယ်ရပါတယ်"ဟု ပြောလိုက်သည်။

"အိမ်ထောင်မရှိသေးတဲ့ အမျိုးသမီးတစ်ယောက်ဟာ သူစိမ်းယောကျ်ားတစ်ဦးနဲ့ အတူတကွ နေထိုင် တာမျိုးလို့လည်း အဓိပ္ပာယ်ရတယ်မဟုတ်လား"

ဤတွင် တရားခံရှေ့နေကြီး ပီတယ်လ်က ထိုမေးခွန်းကို ထကန့်ကွက်လေသည်။ သို့သော် တရားရုံး နာယကကြီးက ကန့်ကွက်ချက်ကိုပယ်ချလိုက်သဖြင့် အစိုးရရှေ့နေကြီးကပင် ဆက်လက်မေးခွန်း ထုတ် လေသည်။

"မစ္စဆာရာခင်ဗျား၊ ခင်ဗျားဟာ တရားခံဝန်ကြီး တွန်ဂါတာကို မေတ္တာရှိနေပါသလား။ ခပ်ကျယ်ကျယ် လေး ပြန်ဖြေပါ"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မဟာ သူ့အပေါ် မေတ္တာရှိနေပါတယ်"

ဆာရာက ခပ်တည်တည်နှင့် သွက်လက်စွာ ပြောလိုက်သည်။

"ခင်ဗျားဟာ သူ့ကို ချစ်မြတ်နိုးနေသူအနေနဲ့ သူ့အတွက် ဘာမဆို ဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ်"
"ဒါဖြင့် သူ့ကို ကူညီတဲ့အနေနဲ့ဆိုရင် လိုအပ်ရင် လိမ်ပြောဖို့ အဆင်သင့် ရှိပါသလား"

"နာယကကြီးခင်ဗျား၊ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

တရားခံရှေ့နေကြီးက ထပြောလိုက်ရာ တရားရုံးနာယကကြီးက အဆုံးအဖြတ် မပေးရသေးမီ အစိုးရရှေ့နေကြီး ခိုရိကပင်-

"ကျွန်တော်ကပဲ အဲဒီမေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်"ဟု ပြောပြီးနောက် တစ်မျိုး လှည့်ပေးလေသည်။
"မစ္စဆာရာခင်ဗျား၊ တစ်မျိုးမေးပါရစေ။ တရားခံဟာ ခင်ဗျားတို့ရဲ့သာသနာပြု မစ်ရှင်ကျောင်းမှာ မှောင်ခိုဆင်စွယ်တွေ၊ ကျားသစ်ရေတွေ လျှို့ဝှက်သိုလှောင်ထားဖို့အတွက် ကုန်လှောင်ရုံ (ဂိုဒေါင်) တစ်ခု စီစဉ်ပေးဖို့ခိုင်းတယ်မဟုတ်လား"

"မဟုတ်ပါဘူးရှင့်၊ လုံးဝမဟုတ်ဘူး"

"တရားခံက ခင်ဗျားနဲ့ တယ်လီဖုန်းဆက် စကားပြောတုန်းက သူက ခင်ဗျားကို မှောင်ခိုပစ္စည်းတွေသယ်ယူ ပို့ဆောင်ရေးမှာ ကူညီစီစဉ်ပေးဖို့"

အစိုးရရှေ့နေကြီး၏ စကားမဆုံးမီ ဆာရာက ကြားဖြတ်လျက်-

"မဟုတ်ရပါဘူးရှင့်၊ သူဟာ လူကောင်းတစ်ယောက်ပါ။ အခုလို ဒုစရိုက်မှုမျိုးလုံးဝလုပ်တတ်တဲ့လူမဟုတ်ဘူး"ဟု ပြောလိုက်သည်။ သူမသည် ထိုအချိန်၌ ငိုသံပါနေရှာသည်။

"နောက်ထပ် မေးစရာ မရှိတော့ပါဘူး"

အစိုးရရှေ့နေကြီးက ပြောလိုက်ချိန်တွင် သူ့ကိုယ်သူ ကျေနပ်အားရနေပုံ ရလေသည်။ ထို့နောက် သူသည် သူ၏လက်ထောက်လူငယ်အား ချိုးကျူးကျေးဇူးတင်စကား တီးတိုးပြောလိုက်သည်။
ထို့နောက် တရားခံရှေ့နေကြီးက

"တရားခံဝန်ကြီး တွန်ဂါတာကိုယ်တိုင်သက်သေအဖြစ် ထွက်ဆိုပါမယ်"ဟု တရားခွင်သို့ တင်ပြလိုက်သည်။

ယင်းသို့ တွန်ဂါတာအား မစွတာပီတယ်လ်က သက်သေအဖြစ် ထွက်ဆိုခြင်းသည် မလွယ်ကူလှကြောင်း ခရိတ်က ယူဆမိလေသည်။ အမှုတွင် တရားလိုဘက်မှ အရေးသာသွားစေနိုင်သည်ဟု ထင်မိသည်။ ခရိတ်အနေဖြင့်ဥပဒေပညာရှင်မဟုတ်ဘဲ သာမန်အရပ်သားတစ်ယောက် ဖြစ်လင့်ကစား အစိုးရရှေ့နေကြီးခိုရီသည် အလွန်တော်သော တရားလိုရှေ့နေတစ်ဦးဖြစ်ကြောင်း အကဲခတ်မိသဖြင့် စိုးရိမ်ပူပန်မိခြင်း ဖြစ်သည်။ သို့ရာတွင် ရှေ့နေကြီးပီတယ်လ်က ဆုံးဖြတ်လိုက်ပြီဖြစ်၍ ခရိတ်သည် ဘာမျှ မတတ်နိုင်ခေါ်။

တရားခံဝန်ကြီး တွန်ဂါတာအား စတင်မေးခွန်းထုတ်ရာတွင် ရှေ့နေကြီးပီတယ်သည် ရှေးဦးစွာ တွန်ဂါတာ၏ တိုင်းရင်းသားလူမျိုးအုပ်စု(မာတာဘယ်လီ)အပေါ် ခေါင်းဆောင်မှုပေးနိုင်ခဲ့ပုံ၊ တော်လှန်ရေးတွင် ပါဝင်ခဲ့ပုံ၊ ပုဂ္ဂိုလ်ရေးအရ အလွန်ရိုးသားပြီး ရိုးခြံနေထိုင်ခဲ့ပုံ စသည်တို့ကို ဖော်ထုတ်သည့် မေးခွန်းများ မေးလေသည်။

"ခင်ဗျားမှာ ကိုယ်ပိုင် အိမ်ရာမြေယာတွေ ရှိပါသလား"

"ဟာရာရေမြို့ မှာ အိမ်တစ်လုံးတော့ ရှိပါတယ်"

"အဲဒီအိမ်ကို ဈေးနှုန်း ဘယ်လောက်ပေးပြီး ဝယ်ခဲ့ပါသလဲ"

"ဒေါ်လာ တစ်သောင်းလေးထောင် ပေးရပါတယ်"

"ဒီဈေးနှုန်း ဟာ အိမ်တစ်လုံးရဲ့ တန်ဖိုးအနေနဲ့ မများလှဘူး ဆိုပါတော့"

"အိမ်ကလည်း အိမ်ကြီးအိမ်ကောင်း အဆင့်အတန်း မရှိပါဘူး"

တွန်ဂါတာက မျက်နှာထားတည်တည်ဖြင့် ပြောလိုက်ရာ တရားရုံးနာယကကြီးက မသိမသာ ပြုံးလိုက်သည်။ တရားခံရှေ့နေကြီး က ဆက်လက် မေးခွန်းထုတ်လေသည်။

"ခင်ဗျားမှာ မော်တော်ကား ရှိပါသလား"

"ဝန်ကြီးဌာနက ကျွန်တော်စီးဖို့ ပေးထားတဲ့ ကားတစ်စီး ရှိပါတယ်"

"နိုင်ငံခြားဘဏ် မှာ ကိုယ်ပိုင်ငွေစာရင်း ဖွင့်ထားတာများ ရှိပါသလား"

"လုံးဝမရှိပါဘူး"
"ဇနီးတွေကော ဘယ်နယောက်ရှိပါသလဲ"

"တစ်ယောက်မှ မရှိပါဘူး"

ဤတွင် တွန်ဂါတာသည် ဆရာမ ဆာရာဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ-

"အခုလောလောဆယ် ဇနီးမရှိသေးပါဘူး" ဟု ဆက်ပြောလိုက်သည်။

"တရားဝင် လက်ထပ်ထားတာမဟုတ်တဲ့ မိန်းမကော ရှိပါသလား"

"ကျွန်တော့်မှာ အသက်ကြီးကြီး အဒေါ်တစ်ယောက် ရှိပါတယ်။ အဲဒီ အမျိုးသမီးကြီးကပဲ ကျွန်တော့် အိမ်မှာ အစစအရာရာ ဦးစီးနေပါတယ်။ ကျွန်တော့်မှာ တရားဝင်မဟုတ်တဲ့ မိန်းမလည်းမရှိပါဘူး"

"အချင်းဖြစ်ပွားတဲ့ ညအကြောင်း ဆက်မေးပါရစေ။ အဲဒီညက ခင်ဗျားဟာ ဘာကြောင့် ကာရိုအီလမ်းကို ရောက်နေတာလဲ"

"ကျွန်တော်က တူတီသာသနာပြု မစ်ရှင်ကျောင်းကိုသွားဖို့ ဒီလမ်းကို ရောက်သွားပါတယ်"

"ဘာကိစ္စ သွားတာလဲ"

"မစ္စဆာရာဆီကို အလည်အပတ် သွားတာပါပဲ။ ပြီးတော့ သူ့ဖခင်ကြီးနဲ့လည်း ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ဆွေးနွေးစရာရှိလို့ပါ"

"ခင်ဗျား အဲဒီကိုသွားဖို့ရာ ကြိုတင်အစီအစဉ် လုပ်ထားခဲ့သလား"

"မစ္စဆာရာဆီကို တယ်လီဖုန်း ဆက်ပြောခဲ့ပါတယ်"

"ခင်ဗျားဟာ အရင်ကလည်း တစ်ကြိမ်မက ဆရာမဆာရာနဲ့ သွားတွေ့ဆုံခဲ့ဖူးတယ်မဟုတ်လား"

"မှန်ပါတယ်"
"တူတီသာသနာပြု မစ်ရှင်ကိုသွားလည်ပတ်တဲ့အခါ ခင်ဗျားကဘယ်နေရာမှာ တည်းခိုလေ့ရှိပါသလဲ"
"ကျွန်တော် တည်းခိုဖို့အတွက် သီးသန့်သက်ငယ်မိုးတဲတစ်ခုရှိပါတယ်"

"သာမန်တဲ ဆိုတော့ ကြမ်းပြင်ပေါ် ဖျာခင်းအိပ်ရသလား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့အဆင့်အတန်းနဲ့ဆိုရင် ဒီလိုတဲမျိုးမှာတည်းခိုရတာ သိက္ခာကျတယ်လို့ မယူဆမိဘူးလား"

"မယူဆမိပါဘူး၊ ဒါ့အပြင် ကျွန်တော့်အနေနဲ့ ရိုးရာတိုင်းရင်းသားတို့ရဲ့ဓလေ့အတိုင်း တည်းခိုနေထိုင်ရတာကိုပဲ ကျေနပ်သဘောကျမိပါတယ်"

"အဲဒီထဲမှာ ခင်ဗျားအပြင် ဘယ်သူများ အိပ်ပါသလဲ"

"ကျွန်တော့်ကားမောင်းတဲ့ ဒရိုင်ဘာရယ်၊ သက်တော်စောင့် (ဘော်ဒီဂတ်)တွေ အိပ်ကြပါတယ်"

"ဆရာမ ဆာရာအနေနဲ့ ခင်ဗျားတည်းခိုတဲ့နေရာကို လာလေ့ရှိပါသလား"

"ဒီလိုလာမယ်ဆိုရင် ကျွန်တော်တို့လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို ဆန့်ကျင်ချိုးဖောက်ရာရောက်သွားမှာပေါ့"

"အစိုးရရှေ့နေကြီးက ခင်ဗျားတို့ တိုင်းရင်းဘာသာစကားထဲက အစ်ဆီဘေဘီဆိုတဲ့ ဝေါဟာရကို စကားစပ်ပြောသွားပါတယ်။ အဲဒါကို ခင်ဗျားဘယ်လို သဘောရပါသလဲ"

"ဒါကတော့ သူနဲ့သိကျွမ်းတဲ့ အမျိုးသမီးတွေနဲ့ဆိုရင် ဒီစကားလုံးနဲ့ ကိုက်ညီပါလိမ့်မယ်။ ကျွန်တော့် အသိထဲမှာတော့ အဲဒီလိုအမျိုးသမီးမျိုးတစ်ယောက်မှ မရှိပါဘူး"

ဤတွင်လည်း တရားရုံး နာယကကြီးက ပြုံးလိုက်သည်။

"ဝန်ကြီးခင်ဗျား၊ ခင်ဗျားက တူတီသာသနာပြု မစ်ရှင်ကျောင်းကို သွားရောက်လည်ပတ်မယ်ဆိုတာကို တခြား ဘယ်သူများ သိပါသလဲ"

"ကျုပ်က ဒီကိစ္စဟာလျို့ဝှက်ကိစ္စတစ်ခုမဟုတ်တော့ လုံးဝဖုံးကွယ်မထားခဲ့ပါဘူး။ ကျုပ်ရဲ့ စားပွဲပေါ်က ဒိုင်ယာရီ မှတ်တမ်းစာအုပ်မှာ အတိအလင်း ရေးမှတ်ထားတာပဲ"

"အဲဒီ ဒိုင်ယာရီစာအုပ် အခု ရှိပါသလား"

"ကျုပ်ဒိုင်ယာရီစာအုပ်ကို တရားခံရှေ့နေကြီးလက်ကိုပေးအပ်ဖို့ ကျုပ်တို့အတွင်းရေးမှူးကိုညွှန်ကြားလိုက်တယ်။ ဒါပေမဲ့အခု ဒိုင်ယာရီစာအုပ်ဟာ ကျုပ်စားပွဲပေါ်က ပျောက်နေတယ်"

"ခင်ဗျားရဲ့ ယာဉ်မောင်းသူ ဒရိုင်ဘာကို မော်တော်ကား ပြင်ဆင်ဖို့အမိန့်ပေးချိန်က ခင်ဗျား ဘယ်ကို သွားမယ်ဆိုတာ သူ့ကိုပြောခဲ့ပါသလား"

"ပြောခဲ့ ပါတယ်"

"ဒါပေမဲ့ အခု သူက မပြောခဲ့ဘူးလို့ ထွက်ဆိုနေတယ်"

"ဒါတော့ မတတ်နိုင်ဘူး။ သူ မှတ်ဉာဏ်မကောင်းလို့ ဖြစ်ရမယ်"

"ကောင်းပါပြီ၊ ဆက်မေးပါ့မယ်။ အဲဒီညက ခင်ဗျားတို့ဟာ ကာရိုအိန်နဲ့ တူတီသာသနာပြု မစ်ရှင်ကြား လမ်းအတိုင်း ကားနဲ့မောင်းသွားကြတော့ တခြားမော်တော်ယာဉ် တစ်စုံတစ်ခုနဲ့ ဆုံမိပါသလား"

"ဟုတ်ကဲ့ဆုံမိပါတယ်။ ကုန်တင်(ထရပ်)ကားကြီးတစ်စီးဟာကျွန်တော်တို့လာနေတဲ့ဘက်ကို မျက်နှာမူပြီး လမ်းဘေးတစ်နေရာမှာ ရပ်ထားတာ တွေ့ရပါတယ်"

"ဒီတော့ ဘာများ ဖြစ်ပါသလဲ"

"ကုန်တင်ကားမောင်းတဲ့ ဒရိုင်ဘာက ကားရဲ့ ရှေ့မီးနှစ်လုံးကို ဖွင့်လိုက်ပိတ်လိုက်နဲ့ သုံးကြိမ် လုပ်ပါတယ်။ ပြီးတော့ သူ့ကားကြီးကို ရှေ့ကို မောင်းထွက်လာပါတယ်"

"သူမောင်းလာပုံက ခင်ဗျားတို့ရဲ့ကား ဆက်မမောင်းနိုင်ဘဲ ရပ်သွားအောင် လမ်းပိတ်မောင်းတာမျိုးလား"
"ဟုတ်ပါတယ်"
"ဒီတော့ ခင်ဗျား ဘာလုပ်ပါသလဲ"

"ကျုပ် ဒရိုင်ဘာကို လမ်းဘေးကပ်ပြီး ကားရပ်ဖို့ အမိန့်ပေးလိုက်ပါတယ်"

"ဟော့...သတိထား၊ ဒါဟာ ငါတို့ကို ချုံခိုတိုက်ခိုက်ဖို့ကြံတာ ဖြစ်နိုင်တယ်လို့လည်း ပြောခဲ့ပါတယ်"
"ခင်ဗျားက အဲဒီကုန်တင်(ထရပ်)ကားနဲ့လမ်းမှာ ဆုံလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူးလား"

"ဒရိုင်ဘာကို ခင်ဗျားတို့ကားရပ်ဖို့ အမိန့်ပေးစဉ်က 'ဟော့...ဟောဟိုမှာပဲ လမ်းဘေးကပ်ရပ်လိုက်စမ်း' လို့ ပြောခဲ့ပါသလား"

"မပြောခဲ့ပါဘူး"
"ခင်ဗျားက ' ဒါဟာ ငါတို့ကို ချုံခိုတိုက်ဖို့ကြံတာဖြစ်နိုင်တယ်'လို့ ပြောခဲ့တာဟာ ဘာကို ဆိုလိုပါသလဲ"
"အခုတလော ညဘက်မှာ မော်တော်ကားတွေကို လက်နက်ကိုင် တောပုန်းမားပြတွေက မကြာခဏာ တိုက်ခိုက်လေ့ရှိတဲ့အတွက် အဲဒီအန္တရာယ်ကို ဆိုလိုတာပဲ"

"ဒီအချိန် က ခင်ဗျားရဲ့စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ"

"အန္တရာယ် နီးကပ်နေပြီလို့ ထင်မိပါတယ်"

"နောက် ဘာဖြစ်ပါသလဲ"

"ကျုပ်ရဲ့ ကိုယ်ရံတော် (ဘော်ဒီဂတ်)နှစ်ဦးက မာစီးဒီးကားပေါ်က အဆင်းမှာ ကုန်တင်ကားမောင်းတဲ့ ဒရိုင်ဘာနဲ့ သွားစကားပြောကြပါတယ်"

"ဒီအချိန်က ခင်ဗျားဟာ မာစီးဒီးကားပေါ်မှာ ထိုင်နေတယ်မဟုတ်လား။ ခင်ဗျား ထိုင်နေတာကဆိုရင် ကုန်တင်(ထရပ်)ကားမောင်းသူကို မြင်နေရပါသလား"

"ဟုတ်ကဲ့ မြင်ရပါတယ်။ ဒီလူက ကျွန်တော် တစ်ခါမှမမြင်ဖူးတဲ့ မျက်နှာစိမ်းလူတစ်ယောက် ဖြစ်ပါတယ်"
"ဒီတော့ ခင်ဗျား ဘယ်လိုသဘောထားမိသလဲ"

"စဉ်းစားရ ခက်နေမိပါတယ်"

"ပြီးတော့ ဘာဖြစ်ပါသလဲ"

"ကျွန်တော်တို့ရဲ့ နောက်နားမှောင်ရိပ်ထဲက မော်တော်ကား မီးလုံးကြီးတွေ ရုတ်တရက်လင်းလာပြီး တစ်စုံတစ်ယောက် အသံချဲ့စက်နဲ့ လက်နက်ချအည့်ံခံဖို့ ပြောပါတယ်။ ကျွန်တော်တို့ကားကိုလည်း လက်နက်ကိုင်တွေဝိုင်းလာပြီး ကျွန်တော့်ကိုကားပေါ်က အတင်းဆွဲချပါတယ်"

"ဒီလို ခင်ဗျားကိုကားပေါ်ကအတင်းဆွဲချတဲ့လူတွေကိုခင်ဗျားမှတ်မိပါသလား။ သိတဲ့လူများပါသလား"
"ကျွန်တော့်ကိုကားပေါ်ကအတင်းဆွဲချချိန်မှာ ကြည့်လိုက်တော့ဗိုလ်ချုပ်ဖွန်ဂါဘီရာကိုတွေ့ရပါတယ်"

"ဒီတော့ ခင်ဗျားစိတ်ထဲ ဘယ်လိုများ ဖြစ်ပေါ်ခံစားရပါသလဲ"

"ကျွန်တော့်အဖို့ အသက်အန္တရာယ် အလွန်နီးကပ်နေပြီလို့ စိုးရိမ်မိပါတယ်"

"ဘာကြောင့် စိုးရိမ်မိတာလဲ"

"ဗိုလ်ချုပ်ဖွန်ဂါဘီရာ ဦးစီးကွပ်ကဲတဲ့ တပ်မဟာတစ်ခုရှိပါတယ်။ ဒီတပ်မဟာက စစ်သားတွေဟာ ကျွန်တော်တို့မာတာဘယ်လီလူမျိုးတွေအပေါ် အလွန်ရက်စက်ကြမ်းကြုတ်သူများအဖြစ် နာမည်ကြီးနေပါ တယ်"

ဤတွင် အစိုးရရှေ့နေကြီး ခိုရီက ထကန့်ကွက်လေတော့သည်။

"နာယကကြီးခင်ဗျား၊ ကျွန်တော်ကန့်ကွက်ပါတယ်။ တတိယတပ်မဟာဆိုတာ နိုင်ငံတော်ရဲ့ တရားဝင်တပ်တစ်တပ်ဖြစ်ပါတယ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာဆိုတာလည်း လူတကာက လေးစားကြည်ညိုပြီး သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်ပါတယ်"

တရားရုံး နာယကကြီးသည် ယင်းကန့်ကွက်ချက်ကိုလက်ခံရုံမက တရားခံဘက်သို့ ဒေါသထွက်လာပုံရလေသည်။

"တရားလိုဘက်က ကန့်ကွက်တာမှန်ကန်တယ်။ တရားခံဘက်က တရားရုံးကို ခုတုံးလုပ်ပြီး ထင်ရှားကျော်ကြားသိက္ခာရှိတဲ့ တပ်မှူးကောင်းတစ်ယောက်ကို ပုဂ္ဂိုလ်ရေးအရ စွပ်စွဲပုတ်ခတ်တာကို ရုံးတော်က ခွင့်မပြုနိုင်ဘူး။ တရားခံက ကျုပ်ရှေ့မှာရပ်ပြီး လူမျိုးရေးအရ မုန်းတီးမှုတွေ ဖော်ထုတ်နေတာကို ရုံးတော်ကခွင့်မပြုနိုင်ဘူး။ တရားခံကကျုပ်ရှေ့မှာရပ်ပြီးလူမျိုးရေးအရမုန်းတီးမှုတွေ ဖော်ထုတ်နေတာကိုလည်းလက်မခံနိုင်ဘူး။ ဒါကြောင့် ကျုပ် အခု လေးလေးနက်နက် သတိပေးပါတယ်။

"ဒီအတိုင်း ဆက်သွားမယ်ဆိုရင် ကျုပ်က တရားခံအပေါ်ရုံးတော်ကို မထီမဲ့မြင်ပြုမူမှုနဲ့ အရေးယူရလိမ့် မယ်"

တရားခံရှေ့နေကြီး ပီတယ်လ်သည် သူ၏အမူသည် တွန်ဂါတာ စိတ်ထိခိုက်သွားသည်ဟု သိသဖြင့် စက္ကန့် သုံးဆယ်ခန့် တိတ်ဆိတ်နေလိုက်ပြီးမှ ဆက်မေးလေသည်။

"ခင်ဗျားရဲ့ အသက်အန္တရာယ် နီးကပ်နေပြီလို့ စိုးရိမ်မိကြောင်း ထွက်ဆိုခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"
"စစ်သားတွေကကုန်တင်ကားကြီးပေါ်ကဆင်စွယ်တွေ၊ သားမွေးတွေသယ်ချနေတာကိုမြင်ပါသလား"
"မြင်ပါတယ်"
"ဒီတော့ ခင်ဗျားစိတ်ထဲ ဘယ်လို ခံစားမိပါသလဲ"

"ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်မိပါတယ်။ ဒီပစ္စည်းတွေကို အကြောင်းပြုပြီး ကျွန်တော့်ကို သတ်ပစ်တော့မှာပဲလို့ ထင်မိပါတယ်"

"ဒီထွက်ဆိုချက်ကို ကန့်ကွက်ပါတယ်"

အစိုးရရှေ့နေကြီးခိုရီကပြောလိုက်ရာ တရားရုံးနာယကကြီးဒိမာရှာဝါသည် တရားခံအား စိတ်ဆိုးဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

"ကျုပ်က တရားခံကို တစ်ကြိမ် သတိပေးခဲ့ပြီးပြီ။ နောက်ထပ် သတိမပေးတော့ဘူး။ ဒါပဲ"

တရားခံရှေ့နေကြီး ပီတယ်လ်က ဆက်မေးလေသည်။

"အဲဒီနောက်ပိုင်း ဘာဖြစ်ပါသလဲ"

"မစ္စဆယ်လီဟာ သူစီးလာတဲ့ မော်တော်ကားပေါ်ကဆင်းပြီး ကျွန်တော့်နားကို ချဉ်းကပ်ပါတယ်။ စစ်သားတွေကကုန်တင်(ထရပ်)ကားနားမှာ အလုပ်ရှုပ်နေကြတဲ့အတွက်ကျွန်တော်အဖို့လွတ်မြောက်ဖို့အခွင့်အရေးရတာပဲလို့ အကြံရခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်က မစ္စတာဆယ်လီကို ဓားစာခံအဖြစ်ဖမ်းဆွဲပြီး လင်းရိုဗာကားနဲ့ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။

"ကျေးဇူးတင်ပါတယ်။ ဝန်ကြီးခင်ဗျား"

ရှေ့နေကြီးက ပီတယ်လ်က တွန်ဂါတာအား ဤသို့ပြောလိုက်ပြီးနောက် တရားရုံ နာယကကြီးအားမော့ကြည့်လိုက်သည်။
"နာယကကြီးခင်ဗျား၊ ကျွန်တော်ရဲ့အမှုသည်ဟာ အလွန်ပင်ပန်းနွမ်းနယ်နေပါတယ်။ ဒါကြောင့် သူအနားယူနိုင်ရန်အတွက် အမှုကိုမနက်ဖြန်မနက်မှ ဆက်လက်ပြီး ကြားနာစစ်ဆေးဖို့ လျှောက်ထားလိုပါတယ်"
တရားရုံနာယကကြီးက အဆုံးအဖြတ်မပေးမီ အစိုးရရှေ့နေကြီး ခိုရီက ကန့်ကွက်တော့သည်။

"နာယကကြီးခင်ဗျား၊ အခုဆိုရင် မွန်းတည့်ချိန်တောင် မရောက်သေးပါဘူး၊ တရားခံဟာသက်သေ အဖြစ် ထွက်ဆိုနေတာလည်း နာရီဝက်တောင်မပြည့်သေးပါဘူး၊ သူလို ကျန်းမာသန်စွမ်းတဲ့စစ်သည် ဟောင်းတစ်ဦးအနေနဲ့ ဒါလောက်နဲ့ ပင်ပန်းနွမ်းနယ်လှမယ် မထင်ပါဘူး။ ဒါကြောင့် အမှုကို ဆက်ပြီး စစ်ဆေးစေချင်းပါတယ်"

"အမှုကို ဆက်လက် ကြားနာစစ်ဆေးမယ်"

နာယကကြီးက ဆုံးဖြတ်ချက် ပေးလိုက်ရာ ရှေ့နေကြီး ပီတယ်လ်သည် ဘာမျှ မတတ်နိုင်တော့ဘဲ အစိုးရ ရှေ့နေကြီးအား-

"လူကြီးမင်းက ပြန်လှန်မေးခွန်းထုတ်နိုင်ပါပြီ"ဟု ပြောလိုက်သည်။

ရှေ့နေကြီး ခိုရီသည် သူ့ဘက်မှ မုချနိုင်ရမည်ဟု ယုံကြည်မှုအပြည့်အဝရှိသူ တစ်ယောက်၏ဟန်မျိုး ဖြင့် တွန်ဂါတာအား စတင် မေးခွန်းထုတ်လေသည်။

"စောစောက ခင်ဗျားထွက်ဆိုရာမှာ ခင်ဗျားဟာ အသက်အန္တရာယ်အတွက် စိုးရိမ်တယ်လို့ ထွက်ဆို သွားတယ်။ ဒါပေမဲ့ ကျုပ်က အဲဒီလို မဟုတ်ဘူး ဆိုချင်တယ်။ ခင်ဗျားဟာ မိမိမှာ အပြစ်ရှိတာကို လိပ်ပြာမလုံသလို စိုးရိမ်တုန်လှုပ်နေခြင်းသာဖြစ်တယ်။ မိမိအပြစ်ကို ဒီလိုပြည်သူ့တရားရုံမှာ အရေး ယူစွဲဆိုခြင်းခံရပြီး အပြစ်ဒဏ်ပေးခြင်းခံရမှာကို စိုးရိမ်ပြီး တုန်လှုပ်ချောက်ချားနေတယ် မဟုတ်လား။ တရားခွင်ပေါ်က အနီရောင်ဝတ်ရုံလွှမ်းခြုံထားတဲ့ ပညာရှိပုဂ္ဂိုလ်ကြီးနဲ့ ရင်ဆိုင်ရမှာကိုလည်းကြောက် နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး"
တွန်ဂါတာက ခပ်တည်တည် ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်သည်။

"နောက်ပြီး ခင်ဗျားဟာ မိမိပြုခဲ့တဲ့ပြစ်မှုကြောင့် စိတ်ဓာတ်ကျသိမ့်ငယ်နေမိရာက သွေးရူးသွေးတန်း နဲ့ ရာဇဝတ်ပြစ်မှုကကျူးလွန်ဖို့ ကြိုးစားခဲ့တယ်မဟုတ်လား"

"လုံးဝ မဟုတ်ပါဘူး"

"ခင်ဗျားက မစ္စဆယ်လီကို ဖမ်းလိုက်ပြီးတော့ မလိုအပ်ဘဲ ခွန်အားကြီးကြီးနဲ့ သူ့ရဲ့ကိုယ်လက်အင်္ဂါ တွေကို လိမ်ချိုးခဲ့တယ်မဟုတ်လား။ ရက်ရက်စက်စက် သူ့ကို ရိုက်နှက် နှိပ်စက်ခဲ့တယ် မဟုတ်လား"

"ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော်က မစ္စဆယ်လီကို ကားပေါ်က ခုန်ချပြေးဖို့ကြံနေတဲ့အတွက် အနာတရမဖြစ်စေလိုတဲ့ စေတနာနဲ့ တစ်ချက်တည်းပဲ ရိုက်လိုက်ပါတယ်"

"နောက်ပြီး ခင်ဗျားဟာ စစ်တပ်သုံးမောင်းပြန် ရိုင်ဖယ်သေနတ်နဲ့လည်း မစ္စတာဆယ်လီကို ပစ်ဖို့ချိန်ရွယ်ခဲ့တယ်မဟုတ်လား။ အဲဒီရိုင်ဖယ်သေနက်ဟာ ဗိုလ်ချုပ်ဖွန်ဂါဘီရာရဲ့ သေနတ်ဖြစ်ပြီး ကျည်ဆန်အပြည့်ထိုးထားတယ်ဆိုတာလည်း ခင်ဗျားအသိသားပဲ မဟုတ်လား"

"ကျွန်တော်က သူ့ကို ရိုင်ဖယ်သေနက်နဲ့ ခြိမ်းခြောက်ခဲ့တာတော့ မှန်ပါတယ်"

"ပြီးတော့ ခင်ဗျားက သူ့ကိုသေလောက်တဲ့နေရာ (ဝမ်းဗိုက်)ကို ချိန်ပြီး သေနက်နဲ့ပစ်ခဲ့တယ်မဟုတ်လား"

"ကျွန်တော်ကဗိုလ်ချုပ်ဖွန်ဂါဘီရာကို ကျည်ဆန်မထိမှန်ဘဲတမင်လွဲချော်အောင်ချိန်ပြီးမှ ပစ်ခဲ့ပါတယ်"

"ခင်ဗျားဟာ ဗိုလ်ချုပ်ဖွန်ဂါဘီရာကိုသတ်ဖို့ ရည်ရွယ်ပြီးပစ်ခဲ့တယ်။ ဗိုလ်ချုပ်က အလွတ်လျင်မြန်ဖျတ်လက်စွာ ရှောင်တိမ်းနိုင်လို့သာ မထိမှန်ခဲ့ဘဲ လွတ်သွားတယ်လို့ ကျုပ်ကပြောရင် ခင်ဗျားငြင်းမလား"

"ကျွန်တော်ဘက်က သူ့ကိုတကယ်သေစေလိုတဲ့ ရည်ရွယ်ချက်နဲ့သာပစ်ခဲ့မယ်ဆိုရင်အခု သူသေနေမှာ သေချာပါတယ်"

တွန်ဂါတာက လေသံ ခပ်အေးအေးနှင့် ပြောလိုက်သည်။

"ခင်ဗျာဟာ လင်းရိုဗာကားကို ခိုးယူမောင်းပြေးစဉ်က အဲဒီကားဟာ နိုင်ငံတော်ပိုင်(အစိုးရ)ပစ္စည်းတစ်ခု ဖြစ်တယ်ဆိုတာ သိရဲ့လား"

အစိုးရရှေ့နေကြီး ခိုရီသည် ဤသို့မေးပြီး တစ်ဆက်တည်းမှာပင်-

"ခင်ဗျားဟာ မစ္စတာခရိတ်ကို ရိုင်ဖယ်သေနတ်နဲ့ သေသေချာချာချိန်ပြီး ပစ်ခဲ့တယ်မဟုတ်လား။ ဒီအချိန်မှာ မစ္စဆယ်လီက အတင်းဝင်တိုးပြီး တွန်းဖယ်လိုက်လို့သာ မစ္စတာခရိတ်ကို မထိမှန်ဘဲလွဲချော်သွားတယ် မဟုတ်လား"ဟု မေးပြန်သည်။

ဤသို့လျှင် အစိုးရရှေ့နေကြီးသည် တစ်နာရီပါးခန့်ကြာအောင် တွန်ဂါတာအားမေးခွန်းတွေအဆက်မပြတ်မေးခဲ့လေသည်။ မေးခွန်းတွေကလည်းတွန်ဂါတာ၏မူလအစစ်ခံချက်များမှ ဝန်ခံခဲ့သည့်အချက်

များကို ထုတ်နုတ်၍ မေးမြန်းခြင်းဖြစ်လေရာ တဖြည်းဖြည်းနှင့်တရားခံအပေါ်အမှုက "လေး"ပြီး၊ ပြစ်မှု ထင်ရှားလာသလို ဖြစ်လာလေတော့သည်။

ခရိတ်သည်ပင်လျှင် တရားခံရှေ့နေကြီးပီတယ်လ်အနေဖြင့် တွန်ဂါတာကိုသက်သေအဖြစ် ထွက်ဆို စေခြင်းသည် အကြီးအကျယ်မှားသွားလေပြီဟု သုံးသပ်မိလေသည်။ သို့ဖြစ်လင့်ကစား မစ္စတာ ပီတယ်လ်ကနိဂုံးချုပ်သည့်အနေဖြင့် ရုံးတော်သို့လျှောက်လဲတင်ပြချက်မှာ တရားခံတွန်ဂါတာအပေါ် စာနာထောက်ထားချင်လာအောင် ကရုဏာသက်လာအောင် ဆွဲဆောင်စည်းရုံးသည့် သဘောပါဝင် လေသည်။

ထိုပြင် အချင်းဖြစ်ပွားသည့်ညက တွန်ဂါတာ၏ အပြုအမူလုပ်ရှားမှုများသည် မတတ်သာ၍ စိတ်စေတ နာပြုလုပ်ခဲ့မိခြင်းဖြစ်ကြောင်းပေါ်လွင်လာအောင် ပိုင်နိုင်ပိရိစွာတင်ပြနိုင်လေသည်။ တရားရုံးနာယက ကြီး ဒိုမာရှာဝါသည် စွဲချက်တင်သင့်မတင်သင့် ချက်ချင်းဆုံးဖြတ်ချက် မပေးဘဲ-

"ကျုပ် ဆုံးဖြတ်ချက်ကို မနက်ဖြန်မှပဲ ပေးမယ်"ဟု ကြေညာလိုက်လေသည်။

ထိုနောက် တရားခံစီရင်ရေးအဖွဲ့ဝင်များသည် တရားခွင်မှထ၍ ဆင်းသွားကြလေသည်။

လာရောက်နားထောင်သူ ပရိသတ်သည် အမှုပေါ် အိထူစိတ်ဝင်းစားကြသဖြင့် အချင်းချင်း ဆွေးနွေး ပြောဆိုထင်မြင်ချက်ပေးရင်း ရုံးခန်းတွင်းမှ ပြန်ထွက်သွားကြလေသည်။ ထိုနေ့ညဘက် ညစာအတူ စားကြချိန်တွင် ဆယ်လီက ခရိတ်အား ဤသို့ သူမ၏ထင်မြင်ချက်ကို ပြောလေသည်။

"ကျွန်မဖြင့် ဆရာမလေး ဆာရာ သက်သေအဖြစ်ထွက်ဆိုတော့ သူ့အတွက် အလွန်စိတ်မကောင်း ဖြစ်မိတယ်ရှင့်။ သူ့ခမျာအပြစ်ကင်းတဲ့ ကလေးငယ်တစ်ယောက်လိုပါပဲ သနားပါတယ်"

"ဟာ မင်းကလည်း ဆာရာကို ကလေးငယ်တစ်ယောက်နဲ့ နှိုင်းနေပြန်ပါပြီ။ အမှန်တော့ ဆာရာဟာ မင်းထက် အသက်နှစ်နှစ်လောက်တောင် ကြီးတယ်။ သူ့ကို ကလေးနဲ့နှိုင်းမယ်ဆိုရင် မင်းကို နို့စို့ ကလေးတစ်ယောက်လို့ ဆိုရမှာပေါ့ ဟဲဟဲ"

ခရိတ်က ရယ်သွမ်းသွေး၍ ပြောလိုက်သော်လည်း ဆယ်လီသည် ဂရုမစိုက်ဘဲ တည်ကြည်သော ကွန်ရှေ့ ဖြင့် ဆက်ပြောလိုက်သည်။

"ဆာရာဟာ ဝန်ကြီးတွန်ဂါတာပေါ် ယုံကြည်စိတ်ချမှု အပြည့်အဝရှိပုံရတယ်။ ကျွန်မတောင်မှ ဆာရာ ရဲ့ ထွက်ချက်ကို နားထောင်ရင်း တွန်ဂါတာမှာ အပြစ်မရှိသေးသယောင် ထင်မြင်လာပါတယ်။ အစိုးရ

ရှေ့နေကြီး မစ္စတာခိုရီရဲ့မေးမြန်းချက်၊ ထောက်ပြချက်တွေကြားရတော့မှပဲ အမှန်ကို ပြန်မြင်ယောင်မိတယ်ရှင့်”

အခန်း(၁၈)

နောက်တစ်နေ့တွင် တရားရုံး နာယကကြီး ဒိမာရှာဝါသည် သူ၏ ကြည်လင်ပြတ်သားသော အသံဖြင့် ဆုံးဖြတ်ချက်ကိုဖတ်ကြားလေသည်။ စီရင်ဆုံးဖြတ်ချက်တွင် နာယကကြီးက အမှုဖြစ်ပွားပုံ၊ တရားလို နှင့် တရားခံနှစ်ဖက်စလုံးနှင့် သက်ဆိုင်သော အဖြစ်အပျက်များကို အကျဉ်းချုပ် သုံးသပ်ဖော်ပြပြီး နောက် တရားစီရင်ရေးအဖွဲ့၏ သုံးသပ်ချက်ကို ဤသို့ဖော်ပြထားလေသည်။

"တရားခံဘက်မှကာကွယ်ချေပရာတွင် အဓိကအခြေပြု၍တင်ပြသွားသည့်ပထမအချက်က သက်သေ ဆရာမဆာရာ၏ထွက်ဆိုချက်ပင်ဖြစ်သည်။ ယင်းထွက်ဆိုချက်အရပင်တရားခံဝန်ကြီးတွန်ဂါတာသည် တူတီသာသနာပြုမစ်ရှင်သို့ ခရီးထွက်ခွာသွားခဲ့ခြင်းမှာ (တိုက်ရိုက်ဖွင့်ဝန်မခံထားသည့်တိုင်အောင်) ချစ်သူနှင့်သွားရောက်တွေ့ဆုံရန်ဖြစ်သည်ဟုဆိုသည်။ ကုန်တင်(ထရပ်)ကားနှင့်ဆုံမိခြင်းမှာ မတော်တဆတိုက်ဆိုင်မှုတစ်ခုသာ ဖြစ်သည်ဟုလည်းဆိုသည်။

"ဆရာမဆာရာသည် ရိုးသားပြီးလူလောကအကြောင်း ဘာမျှမသိသူ ကျေးလက်ဒေသမှ မိန်းကလေးတစ်ယောက်သာဖြစ်သည်ဟု တရားရုံးတော်က ထင်မြင်ယူဆအောင် ထွက်ဆိုသွားနိုင်ပေသည်။

"သူမကိုယ်တိုင် ထွက်ဆိုဝန်ခံချက်အရ ဆာရာသည် တရားခံ၏သြဇာလွှမ်းမိုးမှု လောင်းရိပ်မိနေသူတစ်ဦးဖြစ်ကြောင်း ထင်ရှားသည်။ ဤအချက်ကြောင့်ပင်လျှင် (တရားလိုဘက်မှတင်ပြသလို) သူမသည် တရားခံ၏သြဇာလွှမ်းမိုးမှုအောက် လုံးဝရောက်နေသဖြင့် တရားခံက မှောင်ခိုပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရန် သဘောတူလက်ခံခဲ့သည်ဟုပင် ယူဆဖွယ်ရာဖြစ်နေပေသည်။

"အထက်ပါ အကြောင်းများကြောင့် ဤတရားရုံးတော်အနေဖြင့် မစ္စဆာရာ၏ထွက်ဆိုချက်သည် ဘက်မလိုက် ကြားနေထွက်ဆိုချက်မဟုတ်ဘဲ တစ်ဖက်သတ်ကျနေသဖြင့် လုံခြုံစိတ်ချရခြင်းမရှိဟု သုံးသပ်ရမည် ဖြစ်ပေသည်။

"တရားခံဘက်မှ အခြေပြုလျှောက်လဲသော ဒုတိယအချက်မှာ တရားခံသည်ပိရိပြီး အသက်အန္တရာယ်အတွက် စိုးရိမ်ရလောက်အောင် အခြေအနေနှင့်ရင်ဆိုင်ရသဖြင့် ယခုကဲ့သို့ လှုပ်ရှားခဲ့ရပါသည်ဟု မိမိကိုယ်တိုင် ခုခံကာကွယ်ရသည့် သဘောတင်ပြချက်ပင်ဖြစ်သည်။

"တရားခံက သူသည်မုချအသက်ခံရတော့မည်ဟု စိုးရိမ်ပူပန်မိ၍သာ ယခုကဲ့သို့ပြုမူခဲ့ရသည်ဟုလည်း ဆိုသည်။ ယင်းစိုးရိမ်မှုကြောင့် သူကိုယ်သူကာကွယ်ခုခံရန် ကြိုးစားခဲ့ရပါသည်ဟု ဆိုသည်။

"ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် နိုင်ငံတော်တွင် အလွန်ကြီးလေးသောတာဝန်ကို ထမ်းဆောင်နေရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အပြင် နာမည်ပျက်သည့်သတင်း တစ်စုံတစ်ရာမရှိသူ လူအများကလေးစား ကြည်ညိုခြင်းခံရသူ ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

"တစ်ဖန် တတိယတပ်မဟာသည် နိုင်ငံတော်၏တရားဝင် စစ်တပ်မှလက်ရွေးစင် တပ်ဖွဲ့တစ်ခုဖြစ်ပြီး ယင်းတပ်ဖွဲ့မှစစ်သားအားလုံးသည်လည်း စနစ်တကျလေ့ကျင့်သင်ကြားထားသူ၊ စည်းကမ်းရှိသော သူများ ဖြစ်ကြပေသည်။

"ထို့ကြောင့် ဤရုံးတော်အနေဖြင့် တရားခံဘက်မှ ဗိုလ်ချုပ်ဖွန်ဂါဘီရာနှင့် သူ၏တပ်သားများက တရားခံ၏ အသက်အန္တရာယ်ကို ရန်ပြုရန် ခြိမ်းခြောက်ခဲ့ပါသည်ဟူသော စွပ်စွဲချက်ကို ပယ်ချလိုက်သည်။

"တရားလိုဘက်မှ တင်ပြသော ပထမစွဲချက်မှာ တရားခံသည် ဥပဒေအရ ကာကွယ်တားမြစ်ထားသော တောရိုင်းတိရစ္ဆာန်များအား မှောင်ခိုသတ်ဖြတ်၍ ဆင်စွယ်ကဲ့သို့ တိရစ္ဆာန်ပစ္စည်း မှောင်ခိုရောင်းဝယ်နေပါသည်ဟူ၍ ဖြစ်သည်။ ယင်းစွဲချက်နှင့်ပတ်သက်၍ ဤရုံးတော်က ပြစ်မှုထင်ရှားသည်ဟုယူဆသဖြင့် တည်ဆဲဥပဒေအရ အကြီးလေးဆုံး အပြစ်ဒဏ်ပေးရန် ဆုံးဖြတ်လိုက်သည်။ တရားခံအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဆယ်နှစ် ချမှတ်လိုက်သည်။

"ဒုတိယစွဲချက်ဖြစ်သော လူတစ်ယောက်အား မားစာခံအဖြစ် ဖမ်းဆီးထားခဲ့ခြင်းတွင်လည်း တရားခံသည် အပြစ်ရှိသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်နှစ်ကျခံစေရန် အပြစ်ပေးလိုက်သည်။

"လူတစ်ယောက်အား ထိခိုက်အနာတရဖြစ်စေရန်ရည်ရွယ်သဖြင့် တိုက်ခိုက်ခဲ့ခြင်း စွဲချက်တွင်လည်း တရားခံသည်အပြစ်ရှိသဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ်ခြောက်နှစ်ကျခံစေ။

"လူသတ်ရန် ကြံစည်မှု စွဲချက်အရလည်း အပြစ်ရှိကြောင်း ထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်နှစ်ကျခံစေ။

"ယင်းပြစ်ဒဏ်အားလုံးကို တစ်ပေါင်းတည်းမကျခံစေဘဲ ပြစ်ဒဏ်တစ်ခုပြီးမှတစ်ခု ဆက်လက်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်"

နာယကကြီးဖတ်ကြားသောစီရင်ချက်ကိုကြားလျှင် အစိုးရရှေ့နေကြီးခိုရီသည်ပင်လျှင် အံ့အားသင့်ပြီး မော့ကြည့်လိုက်မိလေသည်။ ယခုတိုင်ဆိုလျှင် တရားခံတွန်ဂါတာအား တရားရုံးက အပြစ်ပေးလိုက်သည်မှာ ထောင်ဒဏ် စုစုပေါင်း နှစ်လေးဆယ် ဖြစ်နေပေသည်။ အကျဉ်းဌာန၏ ထုံးတမ်းစဉ်လာအရ လျှော့ရက်များ ပေးလိုက်သည့်တိုင်အောင် တွန်ဂါတာသည် ထောင်ထဲတွင် အနည်းဆုံး နှစ်ပေါင်းသုံးဆယ်ခန့် နေရမည်ဖြစ်သည်။ သူ၏ ဘဝလုံးလုံး ဆုံးရှုံးရတော့မည့် အခြေအနေမျိုး ဖြစ်နေပေသည်။

လာရောက်နားထောင်သူ ပရိသတ်များအနက် နောက်နားမှ အမျိုးသမီး (ကပ္ပလီလူမည်း)တစ်ဦးသည် မာတာဘယ်လီဘာသာဖြင့် ဟစ်အော် ငိုကြွေးလိုက်သည်။

"ဘာဘာ၊ ဘာဘာ ကျုပ်တို့ရဲ့ ဖခင်ကြီးကို သူတို့က အပြီးပိုင် ခေါ်ဆောင်ဖယ်ခွာလိုက်ပြီပါတကား။ အို...ဖခင် ဖခင်၊ ကျုပ်တို့အဖို့ ဖခင်ကြီး သေဆုံးသည်နှင့် မခြားတော့ပါပြီ"

မရှေးမနှောင်းမှာပင် ပရိသတ်ထဲမှ တိုင်းရင်းသားယောကျ်ားတစ်ဦးက မာတာဘယ်လီ လူမျိုးတို့၏ စစ်ချီသိမ်းတစ်ပုဒ်ကို စတင်သီဆိုလိုက်သည်။

"အို...ရှန်ဂါနီမှ မုဆိုးမ အပေါင်းတို့...

သင်တို့သည် ဘာကြောင့် ငိုကြွေးရလေသနည်း။

အို....ပြည်သူသားငယ်များ သင်တို့သည် ဘာကြောင့် ငိုကြွေးနေပါသနည်း။

သင်တို့၏ဖခင်သည် ဘုရင်မင်းမြတ်၏အမိန့်အတိုင်း နာခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အိုအချင်းတို့" ယင်းသို့ အဓိပ္ပာယ်ရသော မာတာဘယ်လီ သီချင်းကို ကျယ်လောင်စွာ ဟစ်ကြွေးသီဆိုလိုက်ခြင်း ဖြစ်လေသည်။ အတိတ်ကာလတစ်ချိန်က မာတာဘယ်လီတိုင်းရင်းသားတို့၏ ဘုရင် လိုဘင်ဝူလာလက်ထက် စစ်မတ်ချီတက်ရာတွင် စစ်သည်များစိတ်ဓာတ်တက်ကြွစေရန် သီဆိုလေ့ရှိသော စစ်ချီသိမ်းတစ်ပုဒ်လည်း ဖြစ်ပေသည်။

ယခု တရားရုံးခန်းအတွင်း သီဆိုနေသူကား ကျန်းမာသန်စွမ်းသော မာတာဘယ်လီတိုင်းရင်းသား လူငယ်တစ်ဦးဖြစ်လေသည်။ သီချင်းဆိုနေခိုက် သူ၏စိတ်နလုံးထိခိုက်ဟန်ဖြင့် မျက်ရည်များပင်ယိုစီးကျနေလေသည်။ ထိုလူငယ်က စတင် သီချင်းဆိုလိုက်သောအခါ သူ၏ ဘေးပတ်ဝန်းကျင်ရှိ အခြား

မာတာဘယ်လီ အမျိုးသားတို့သည်လည်း ဝိုင်း၍လိုက်ဆိုကာ သံပြိုင်ဟစ်ဆိုကြကုန်လေသည်။ ဤတွင် တရားရုံး နာယကကြီး ဒိုမာရှာဝါသည် ဒေါသထွက်လာလျက် မတ်တတ်ရပ်လိုက်သည်။

"ဟော့...သီချင်းဆိုကာ ချက်ချင်းရပ်လိုက်ပါ။ မရပ်ရင် အားလုံးကို ရုံးခန်းထဲက ဆွဲထုတ်ပြီး ရုံးတော်ကို မထီမဲ့မြင်ပြုမှုနဲ့ အရေးယူမယ်"

ဤသို့ ဟစ်အော်အမိန့်ပေးလိုက်ပြီးတော့ ဆယ့်ငါးမိနစ်ခန့်အကြာ ရဲတပ်ဖွဲ့ဝင်များကဝင်ရောက် ထိန်းသိမ်းလိုက်တော့မှ ရုံးခန်းအတွင်း ငြိမ်သက်သွားလေတော့သည်။ ထိုအတောအတွင်း တွန်ဂါတာသည် ရုံးခန်းအတွင်းတရားခံ၏နေရာတွင်ငြိမ်သက်စွာရပ်နေရင်းအခြေအနေကို လှောင်ပြောင်သရော်သလို မသိမသာပြုံးနေလေသည်။

မကြာမီ ရဲတပ်ဖွဲ့ဝင်များသည် သူ့အားလာ၍ ခေါ်ထုတ်သွားရာ တွန်ဂါတာသည်လိုက်သွားခါနီး ခရိတ်ဘက်သို့လှည့်၍ နောက်ဆုံးအကြိမ် လက်ဖြင့်အချက်ပြ ဆက်သွယ်သွားလေသည်။ ယင်း အချက်ပြနည်းကို တစ်ချိန်က ခရိတ်နှင့်တွန်ဂါတာတို့ ငယ်စဉ်က အကြိတ်အနယ် နပန်းသတ်ကစား ရင်း အသုံးပြုလေ့ရှိကြသည်။ ယခု တွန်ဂါတာက လက်ဖြင့် အချက်ပြလိုက်သည့် အဓိပ္ပါယ်မှာ-

"ခင်ဗျားနဲ့ကျုပ်အတူတူ ဖြစ်သွားပြီ။ တစ်ယောက်နဲ့ တစ်ယောက် မသာမနာ၊ ဘဲစားဘဲချေ ဖြစ်သွားပြီ"ဟု အဓိပ္ပါယ်ရလေသည်။

ဘာကိုဆိုလိုကြောင်းကို ခရိတ်က ချက်ချင်းရိပ်မိလိုက်သည်။

အဓိပ္ပါယ်မှာ-
ခရိတ်က ဇင်ဘာတွေ ပြည်တွင်းပဋိပက္ခဖြစ်စဉ်ကာလအတွင်း ခြေတစ်ဖက် ဆုံးရှုံးခဲ့ရသည်။ ယခု တွန်ဂါတာသည်လည်း လွတ်လပ်မှုဆုံးရှုံးသွားရလေပြီဟူ၍ပင် ဖြစ်သတည်း။ ဆရာမလေးဆာရာ သည်မတ်တပ်ရပ်၍ တွန်ဂါတာအားရွှန်းရွှန်းစားစားလှမ်းကြည့်ရင်း သူမ၏လက်နှစ်ဖက်ကို ဆန့်တန်း လိုက်သည်။ ဤတွင် တွန်ဂါတာသည် သူမအား နောက်ဆုံးအကြိမ်လက်ပြ၍ အချက်ပေး ဆက်သွယ် လိုက်သည်။ တွန်ဂါတာက လက်ကိုမသိမသာလှုပ်ရှား၍ အချက်ပြလိုက်သည့် အဓိပ္ပါယ်မှာ

"မင်း အမြန်ဆုံး တိမ်းရှောင်နေလိုက်တော့"

"မင်းအဖို့ အန္တရာယ် သိပ်ကြီးမားနေပြီ"ဟူ၍ပင် ဖြစ်သည်။

ထိုအချိန်၌ ခရိတ်သည် သူတို့နှစ်ဦးအား အကဲခတ်ကြည့်နေရာ တွန်ဂါတာ၏ အချက်ပြဆက်သွယ်လိုက်ခြင်းကို ဆာရာက ချက်ချင်း နားလည်သဘောပေါက်သွားကြောင်း ရိပ်မိလိုက်သည်။ ရဲတပ်ဖွဲ့ဝင်တို့က တွန်ဂါတာအား ရုံးခန်းအတွင်းမှ ခေါ်ထုတ်သွားကြလေသည်။

မာတာဘယ်လီ တိုင်းရင်းသားတို့သည် ရုံးခန်းပြင်ဘက်သို့ ရောက်သည့်တိုင်အောင် သူတို့၏စစ်ချီသီချင်းကို သံပြိုင်သီဆိုလျက် ရှိနေကြလေသည်။ ခရိတ်သည် ထိုလူအုပ်ကြားမှ တိုးဝှေ့၍ ပြင်ဘက်ထွက်ခဲ့ရသည်။ ဆယ်လီကိုလည်း လက်တစ်ဖက်ဖြင့်ဆွဲလျက် သတင်းထောက်များ၊ ဓာတ်ပုံဆရာများကို တိမ်းရှောင်ကာ ထွက်ခဲ့ရလေသည်။ သူတို့၏ မော်တော်ကားဆီသို့ရောက်ပြီး ဆယ်လီအားကား၏ရှေ့ခန်းမှ ကူညီ၍တံခါးဖွင့်ပေးနေစဉ် ဓာတ်ပုံသတင်းထောက်တချို့က ဓာတ်ပုံရိုက်ယူရန် ကြိုးစားပြန်သဖြင့် ခရိတ်က စိတ်ဆိုးဟန်ဖြင့် လက်သီးဆုပ်ကာ ချိန်ရွယ်လိုက်တော့မှ ဓာတ်ပုံဆရာများလည်း လက်လျှော့ကာ ရှောင်ထွက်သွားကြလေသည်။

"ကိုင်း အခု ဘယ်လိုလုပ်ကြမလဲ"

ဆယ်လီက မေးလိုက်ရာ ခရိတ်သည် အံ့အားသင့်သွားဟန်ဖြင့်-

"မင်းမေးတဲ့ မေးခွန်းကို နားမလည်ဘူး"ဟု ပြန်ပြောလိုက်သည်။

"ဒီမယ် ကျွန်မဟာ ရှင့်ရဲ့မိတ်ဆွေတစ်ယောက်ဖြစ်တယ်ဆိုတာ မှတ်မိသေးရဲ့လား"

သည်တော့မှ ခရိတ်သည် ကားပေါ်တက်ထိုင်ရင်း စိတ်ဓာတ်ကျဟန်ဖြင့် စတီယာရင်အဝိုင်းပေါ်သို့ဦးခေါင်းငိုက်စိုက် ချထားလိုက်သည်။

"ဆောရီးပဲ ဆယ်လီရယ်။ ငါ့စိတ်တွေ သိပ်ပြီး ဘယ်လို ဖြစ်သွားမှန်း မသိဘူး။ သိပ်ပြီး စိတ်ဓာတ်ကျမိတယ်။ ထောင်ဒဏ် နှစ်ပေါင်း လေးဆယ်တဲ့ကွ။ ငါဖြင့် ဒီလိုချလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့မိဘူး"
"ဒါတော့ ရှင့်အပြစ်မဟုတ်ပါဘူး။ ရှင့်အနေနဲ့ ဘာမှတတ်နိုင်တာမှ မဟုတ်ဘဲ"

"တွန်ဂါတာ တစ်ယောက် သနားပါတယ်။ ထောင်ဒဏ် အနှစ်လေးဆယ်ဆိုတော့"

"ဒါတွေ မေ့ပစ်လိုက်စမ်းပါရှင်၊ ကဲ...ဘယ်လိုလဲ၊ ရှင် ကျွန်မရဲ့ တိုက်ခန်းကို လိုက်ဦးမှာလား"

ဆယ်လီက မေးလိုက်လျှင် ခရိတ်က ခေါင်းခါပြလိုက်သည်။

"ငါက ကင်းလင်းမွေးမြူရေးခြံကြီးကို ပြန်မှဖြစ်မယ်။ ဟိုမှာ လုပ်စရာအလုပ်တွေ အများကြီးရှိတာကို ဒီတိုင်း ထားပစ်ခဲ့ရတယ်"

"ရှင် ခုချက်ချင်း ပြန်သွားမှာလား"

"ဟုတ်တယ်"
"ရှင်တစ်ယောက်တည်း သွားမှာလား"

"အေး... ငါက အခုအချိန်မှာ တစ်ယောက်တည်းပဲ နေချင်တယ်"

ခရိတ် က ပြောလိုက်ရာ ဆယ်လီသည် ပြစ်တင်ဝေဖန်သည့်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဘာလဲ ရှင်က တစ်ယောက်တည်းငိုင်ပြီး ကိုယ့်စိတ်ကိုကိုယ် ပြန်ညှဉ်းဆဲနေဦးမလို့လား။ ဒီမယ် ကျွန်မအနေနဲ့ ရှင်ဒီလိုနေတာကို ခွင့်မပြုနိုင်ဘူး။ ကျွန်မကိုယ်တိုင် ရှင်နဲ့အတူလိုက်ခဲ့မယ်"

ထိုအချိန်၌ သူတို့သည် ဆယ်လီ၏ တိုက်ခန်းရှိရာ အဆောက်အအုံရှေ့သို့ ရောက်သွားကြပြီဖြစ်ရာ ဆယ်လီ က-

"ရှင် ခဏလေးစောင့်နေပါ။ ကျွန်မ အဝတ်အစား နည်းနည်းပါးပါး ပြေးယူလိုက်ဦးမယ်။ ကျွန်မ သိပ်မကြာပါဘူး။ ရှင်က ဒီကားကို စက်မသတ်ဘဲစောင့်နေရင် ကျွန်မအမြန်ဆုံး ပြန်လာခဲ့ပါမယ်" ဟု ပြောပြောဆိုဆို ကားပေါ်မှဆင်း၍ သူမ၏အခန်းသို့ ပြေးတက်သွားလေသည်။

ငါးမိနစ်အတွင်း ဆယ်လီသည် မော်တော်ကားဆီသို့ ပြန်ရောက်လာလေသည်။ သူမသည် ခရီးသွားလက်ဆွဲအိတ်၊ မာတ်ပုံရိုက်ယူရန် ကင်မရာပစ္စည်းများကို ကားပေါ်ပစ်တင်လိုက်သည်။

"ကိုင်း...သွားကြစို့လေ"

ခရိတ်လည်း မော်တော်ကားကို ဂီယာထိုး၍ မောင်းထွက်လေသည်။ လမ်းခရီး၌ သူတို့သည် စကားများများမပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ်ငြိမ်၍ နေကြလေသည်။

သို့ရာတွင် ခရိတ်သည် ကားမောင်းသွားရင်းနှင့် ဆယ်လီတစ်ယောက် မိမိနှင့် ယခုလို လိုက်ပါလာခြင်းကို ကျေးဇူးတင်မိလေသည်။ မိမိက လှမ်းကြည့်လိုက်လျှင် ဆယ်လီကပြုံးပြသည်ကိုလည်းကောင်း၊ ရံဖန်ရံခါ ဆယ်လီက ခရိတ်၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်ကို လည်းကောင်း သာယာကြည်နူးမိလေသည်။ ဆယ်လီကမူ ခရိတ် စိတ်လှုပ်ရှားခံစားနေရသည်ကို ရိပ်မိ၍ အလိုက်

သိစွာ ဆိတ်ဆိတ်နေပြီး လိုက်ပါလာရသည်။ နေဝင်ဖျိုးဖျအချိန်တွင် သူတို့သည် ကင်းလင်းမွေးမြူရေးခြံကြီးသို့ ရောက်သွားကြလေသည်။

စားဖိုမှူးကြီးဂျူးဇက်သည် ဆယ်လီအား မြင်မြင်ချင်းပင် ခင်မင်မိပုံရကာ အထူးဖော်ရွေစွာ ဆက်ဆံနှုတ်ဆက်လေသည်။ ဆယ်လီအား ဂျူးဇက်က သူ၏သခင်မလေးအဖြစ် ဆက်ဆံချင်ပုံရကာ သူမ၏ပစ္စည်းများကို အခြားအစေခံများအား ပျာပျာသလဲအမိန့်ပေး၍ ကားပေါ်မှသယ်ချစေလေသည်။

"ရေနွေးပူပူနဲ့ ရေချိုးလိုက်ပါလား ခင်ဗျ။ ကျွန်တော် ချက်ချင်း ရေနွေးတည်ပေးပါ့မယ်"

ဂျူးဇက် က လောကွတ်ပျူငှာစွာဖြင့်ပြောရာ ဆယ်လီကလည်း ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"ကောင်းသားပဲရှင့်၊ ကျေးဇူးတင်ပါတယ်"

မကြာမီ ဆယ်လီ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးနောက် အိမ်ရှေ့ဝရန်တာသို့ ထွက်လာရာ ခရိတ်သည် ယမကာပုလင်းများရှိရာ စားပွဲမှဆယ်လီအတွက် ဝီစကီနှင့်ဆိုဒါတစ်ခွက် ရောစပ်ပေးလေသည်။ သူကိုယ်တိုင်အတွက်မူ ဝီစကီများများနှင့် ဆိုဒါအနည်းငယ်သာ ရောစပ်သည့် ယမကာတစ်ခွက် ထည့်ယူ လာလေသည်။

"ကဲ...ငါတို့က တရားရုံးနာယကကြီးဒိုမာရှာဝါ ကျန်းမာပါစေလို့ ဆုတောင်းပြီး သောက်ကြရအောင်" ခရိတ်က သရော်လှောင်ပြောင်သည့်သဘောဖြင့်ပြောရင်း ဖန်ခွက်ကိုကိုင်မြှောက်လိုက်သည်။

"နောက်ပြီး ရှိုနာလူမျိုးတို့ရဲ့ တရားစီရင်ရေးစနစ်နဲ့ ထောင်ဒဏ် အနှစ်လေးဆယ် ပေးလိုက်တာ ကိုလည်း ဂုဏ်ပြုဖို့ သင့်တယ်"

ဤသို့လည်း ခရိတ်က ဆက်ပြောလိုက်ပြီးမှ အရက်ခွက်ကိုမော့သောက်ချလိုက်သည်။ ညစာစားနေချိန်တွင် (အနောက်တိုင်းသားတို့ ဓလေ့အရ) ဘရန်ဒီအရက် သောက်လေ့ရှိကြရာ ခရိတ်က ဘရန်ဒီတစ်ခွက်စီ ငှဲ့နေစဉ် ဆယ်လီသည် ခေါင်းခါပြလေသည်။

"တော်ပါတော့ရှင် မသောက်ပါရစေနဲ့။ ကျွန်မအနေနဲ့ မူးအောင် မသောက်ချင်လို့ပါ"

ခရိတ် သည် ဆယ်လီ၏ မျက်နှာကို လှမ်းအကဲခတ် ကြည့်လိုက်မိသည်။

"ကျွန်မကို အထင်မလွဲပါနဲ့ရှင်။ ကျွန်မက ရှင့်ကို သြဇာပေးသလို ပြောနေတာ မဟုတ်ပါဘူး။ ဒီနေ့ ညအဖို့ ကျွန်မအနေနဲ့ မမူးချင်လို့ပါ"

ခရိတ်သည် ဆယ်လီအား ရွှန်းရွှန်းစားစား ငေးကြည့်နေရာမှ ဘရန်ဒီပုလင်းကို ပြန်ချထားလိုက်ပြီး သူမ၏အနီးသို့ ချဉ်းကပ်လာလေသည်။ ဆယ်လီကလည်း ခရိတ်အား ပြန်စိုက်ကြည့်ရင်း မတ်တပ်ထလိုက်သည်။ ထိုအချိန်၌ သူတို့နှစ်ဦးသည် ပါးစပ်က ဘာမှဖွင့်မပြောသေးသော်လည်း နလုံးသားအတွင်းမှ တစ်ယောက်အပေါ် တစ်ယောက် မေတ္တာစိတ်တွေ ဖြစ်ပေါ်လျက်ရှိနေပြီဖြစ်သည်။

"ဆယ်လီရယ်၊ ဆယ်လီ ဒါလင်၊ ငါဖြင့် ဒီလိုအခြေအနေမျိုးရောက်ဖို့ စောင့်နေလိုက်ရတာ ကြာလှပါပြီ ကွယ်"

"ကျွန်မကလည်း ဒီလိုပါပဲရှင်"

ဆယ်လီက ခပ်တိုးတိုးပြန်ပြောလိုက်သည်တွင် ခရိတ်သည်သူမ၏ကိုယ်ကို သိမ်းကျုံးပွေ့ဖက်ထားလိုက်မိသည်။ လူချင်းနီးကပ်သွားပြီး အသားချင်းထိမိချိန်တွင် ခရိတ်သည် ဆယ်လီ၏ အတွင်းစိတ်ကို ခန့်မှန်းအကဲခတ်မိလေသည်။ သူမ၏ နလုံးသားအတွင်း၌ ခရိတ်အပေါ် တိမ်းညွတ်သည့် မေတ္တာစိတ်တွေ ပြည့်လျှံတက်ကြွနေပြီ ဖြစ်ကြောင်း သိသာထင်ရှားနေပြီဖြစ်သည်။ သူတို့နှစ်ဦးသည် ဤအခြေအနေမျိုးကို ကာလကြာမြင့်စွာ မွတ်သိပ်နေသူများပမာ တစ်ယောက်ကို တစ်ယောက် အားရပါးရပွေ့ဖက်နမ်းရှုပ်လိုက်ကြလေသည်။ ထိုအချိန်၌ စားဖိုဆောင်မှူးကြီးဂျိုးဇက်သည် ကော်ဖီပန်းကန်များကို လင်ပန်းဖြင့်ယူလာပေးရာ ခရိတ်နှင့်ဆယ်လီတို့ ရင်ချင်းအပ်နေသည်ကို မြင်လျှင် အဓိပ္ပာယ်ပါပါပြုံးလျက် ခြေသံမကြားအောင် နောက်ပြန်ဆုတ်သွားလေသည်။

အခန်းတံခါးကိုလည်း ညင်သာစွာပိတ်လိုက်သည်။ ထို့ကြောင့် ခရိတ်နှင့်ဆယ်လီတို့သည် အဘိုးကြီးဂျိုးဇက် ကော်ဖီပေးရန်လာပြီးမှ အသာပြန်ထွက်သွားသည်ကို တစ်ယောက်မှ မသိလိုက်ကြချေ။ ခဏမျှအကြာတွင် ဆယ်လီသည်လူချင်းခွာလိုက်ပြီးနောက် ခရိတ်နှင့်နှုတ်ခမ်းကို လက်ဖြင့် အသာပိတ်ထားလိုက်သည်။ သို့သော် သူမ၏ မျက်လုံးက အဓိပ္ပါယ်ပါပါ ပြုံးနေသည်။

"ဒီမယ် ကျွန်မတို့ အိပ်ခန်းထဲကို သွားကြရအောင်"

ဤသို့ သူမက ခပ်တိုးတိုး ပြောလိုက်သောအခါ ခရိတ်သည် ဘာကိုဆိုလိုကြောင်း အဓိပ္ပါယ်ရှင်းနေပြီဖြစ်ရာ ခရိတ်သည်ကြည်နူးပီတိ ဖြစ်သွားလေသည်။ အိပ်ခန်းတွင်းသို့ ရောက်သောအခါ ခရိတ်သည် သူ၏ခြေထောက်တစ်ဖက်မှ သစ်သားခြေအတုကို ဖြုတ်လိုက်လေသည်။ ချစ်သူနှစ်ဦးတို့သည် အားရပါးရ ချစ်တင်းနှီးနှောကြပြီးနောက် နှစ်ယောက်စလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားကြလေသည်။

ခရိတ်သည် အိပ်ရာမှ ပြန်နိုးသောအခါ စိတ်ထဲပေါ့ပါးကြည်လင်လာလေသည်။ သူ၏ဘေးနားတွင် ဆယ်လီကတော့ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ပင် ရှိနေရှာလေရာ ခရိတ်သည် သူမကိုကြည့်ပြီး ကြည်နူးဝိတိဖြစ်မိလေသည်။ချစ်သူကိုကြည့်ရင်း ခရိတ်သည်ချစ်ခြင်းမေတ္တာစိတ်တွေနိုးကြားတက်ကြွ လာပြန်လေသည်။ ယင်းသို့ သူ၏စိတ်များလှုပ်ရှားနေသည်ကို ဆယ်လီက အလိုလိုသိသကဲ့သို့ သူမသည် ရုတ်တရက်နိုးလာပြီး မျက်လုံး ဖွင့်ကြည့်လေသည်။ ထို့နောက် သူမကပင် လက်နှစ်ဖက် ဆန့်တန်းကာ ခရိတ်အား ပွေ့ဖက်ထားလိုက်သည်။ အချိန်ကား နံနက်အရုဏ်တက်ချိန် ဖြစ်နေ လေပြီ။

"ရှင်နဲ့ ကျွန်မတို့ဟာ အရင်ဆုံး တစ်ယောက်ကိုတစ်ယောက် လေ့လာကြည့်ပြီး နှစ်သက်သဘော ကျခဲ့ကြတယ်နော်။ ဒါမျိုးမှ ကျွန်မကကြိုက်တယ်"

ဆယ်လီက ခပ်တိုးတိုးပြောလိုက်ရာ ခရိတ်ကလည်း သဘောတူ လက်ခံဟန်ဖြင့် ခေါင်းညိတ်ရင်း သူမ၏ ကိုယ်လုံးကို သိမ်းကျုံး ပွေ့ဖက်ထားလိုက်ပြန်သည်။

"ဟုတ်တယ် အခုဆိုရင် ငါတော့ မင်းကို သိပ်ချစ်မိနေပြီ။ ဒါကြောင့် ငါ့အနေနဲ့"

စကားမဆုံးမီ ဆယ်လီသည် လျင်မြန်ဖျတ်လတ်စွာ ခရိတ်၏ပါးစပ်ကို လက်ဝါးဖြင့်အသာပိတ် ထား လိုက်သည်။

"ရှင်ဘာပြောမယ်ဆိုတာ ကျွန်မသိပါတယ်။ အဲဒါကို အခု မပြောပါနဲ့ဦးရှင့်"

"ဒါဖြင့် ဘယ်တော့မှ ပြောရမှာလဲ"

"သိပ်မကြာတော့ပါဘူးရှင်၊ ခဏစောင့်နေလိုက်ပါ။ ဒါမှ အချိန်တန်လို့ ရှင်ကကျွန်မကိုအဆိုပြုပြောဆို တဲ့အခါ ကျွန်မကလည်း တုံ့ပြန်အဖြေပေးနိုင်ပါလိမ့်မယ်"

ကင်းလင်းအမည်ရှိ မွေးမြူရေးခြံကြီးသည် ခရိတ်နှင့်ဆယ်လီတို့အား စိတ်ရှည်လက်ရှည်စောင့်နေဘိ သကဲ့သို့ ထင်ရလေသည်။ ယင်းခြံကြီး၏ အတိတ်က သမိုင်းကြောင်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလေသည်။ ယခုခရိတ်နှင့်ဆယ်လီတို့တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးနေကြသကဲ့သို့ အတိတ် ကာလတစ်ချိန်ကလည်း ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးတစ်ဦးတို့ ချစ်ခင်မြတ်နိုးခဲ့ကြခြင်းက ဤမွေးမြူရေးခြံကြီး ဖန်တီးတည်ဆောက်ဖြစ်အောင် လှုံ့ဆော်ဖန်တီးပေးခဲ့သည်ဟု ဆိုနိုင်ပေသည်။ ယင်းချစ်သူမောင်နှံတို့၏ ချစ်ခြင်းမေတ္တာ ပမာဏအပေါ် အခြေပြုခဲ့သလို နောက်ပိုင်းတွင်လည်း

ယောကျ်ားနင့်မိန်းမ စုံတွဲမောင်နှံတို့၏ ချစ်ခြင်းမေတ္တာကပင် ဤမွေးမြူရေးခြံကြီးကို ဆက်လက် ရပ်တည်နိုင်အောင် ဖန်တီးပေးခဲ့လေသည်။

ဤသို့လျှင် မေတ္တာတရားကို အခြေခံအားပြု၍ ကင်းလင်းမွေးမြူရေးခြံကြီးသည် ဖွံ့ဖြိုးတိုးတက်ခဲ့ ပေသည်။ ကာယကံရှင်များကိုယ်တိုင်က ဤခြံကြီးနှင့်လုပ်ငန်းကို သံယောဇဉ်ကြီးမားစွာဖြင့်တွယ်တာ ခဲ့သလောက် နောက်ပိုင်းစီးပွားရေးမှလွဲ၍ ဘာကိုမှဂရုမစိုက်သော နိုင်ငံခြားသားများလက်သို့ရောက် သောအခါ၌မူ ကင်းလင်းခြံကြီးသည် ယခင်ကလို စိုပြည်ခြင်းမရှိတော့ဘဲ သိသိသာသာ ဆုတ်ယုတ် ခဲ့လေသည်။ ကင်းလင်းခြံကြီးသည် လူသားတို့၏ ချစ်ခြင်းမေတ္တာ အလွန်လိုအပ်သည်ဟု ဆိုရမလို ဖြစ်နေပေသည်။

ခရိတ်ရောက်လာ၍ ခြံကြီးအတွင်းရှိ လူနေအိမ်ကို ပြန်လည်မွမ်းမံတည်ဆောက်ပြီး နွားစားကျက်များ ကိုလည်း ကောင်းမွန်လာအောင် ပြုပြင်လိုက်သည့်တိုင်အောင် ကင်းလင်းခြံကြီး၏ အဓိက အာဟာရ၊ အဓိကခွန်အားဖြစ်သော ချစ်ခြင်းမေတ္တာမရှိသဖြင့် အဓိက လိုအပ်ချက်မရှိဘဲ ချို့တဲ့နေသလို ဟာနေ သလိုဖြစ်လျက်ပင် ရှိနေခဲ့ပေသည်။ သို့သော် ယခုတော့မူ ကင်းလင်းခြံကြီးအတွင်း ချစ်ခြင်းမေတ္တာ သည် သာယာကြည်နူးဖွယ်ရာ ဖြစ်ပေါ်ပျံ့နှံ့လျက်ရှိပေပြီ။

ယင်းမေတ္တာမှတ်ကပင်လျှင် ကင်းလင်းခြံကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် ခွန်အားဖန်တီးပေးသလို အာဟာရဖြည့်တင်းသလို ဖြစ်နေပေသည်။ တစ်နည်းအားဖြင့် ခရိတ်နှင့် ဆယ်လီတို့၏ ချစ်ခြင်း မေတ္တာမှတ်သည်မွေးမြူရေးခြံကြီးကို အသက်ဝင်လာသလိုသွေးသစ်လောင်းပေးလိုက်သလိုဖြစ်လာ လေသည်။ ဤသည်ကို မာတာဘယ်လီ တိုင်းရင်းသားတို့က ချက်ချင်းပင် ရိပ်မိသိရှိကြရုံမက ဝမ်းမြောက် ဝိတိဖြစ်နေကြလေသည်။ ခြံမြေပတ်ဝန်းကျင်၌ ခရိတ်နှင့် ဆယ်လီတို့ နှစ်ယောက်သား လင်းရိုဗာကားဖြင့် လျှောက်မောင်းကြသည့်အခါ လမ်းဘေးရှိ မာတာဘယ်လီ အမျိုးသမီးများသည် လျင်မြန်စွာ မတ်တပ်ထ၍ အလေးပြု ဂုဏ်ပြုသလို ရပ်နေတတ်ကြသည်။

စားဖိုဆောင်မှူးကြီးဂျိုးဇက်ဆိုလျှင် ပါးစပ်ကဘာမှမပြောဘဲ ဆိတ်ဆိတ်နေသော်လည်း အိပ်ခန်းတွင်း ရှိ ခရိတ်၏အိပ်ရာတွင် ခေါင်းအုံးလေးလုံးနှင့် ပြင်ဆင်ပေးထားလိုက်သည်။ သူသည် အလိုက်သိ တတ်ပုံကို လက်တွေ့ပြသည့်သဘောပင်ဖြစ်သည်။ ခုတင်ဘေးရှိ စားပွဲငယ်တွင်လည်း နေ့စဉ် လှပသောပန်းများကို ပန်းအိုးဖြင့် ထိုးစိုက်ထားလေ့ရှိသည်။ အင်္ဂလိပ်လူမျိုးတို့၏ ထုံးစံအတိုင်း ခရိတ် သည် နံနက် အိပ်ရာမှ နိုးနိုးချင်း မျက်နှာမသစ်မီ လက်ဖက်ရည်ပူပူတစ်ခွက် သောက်လေ့ရှိသည်။

လက်ဖက်ရည်နှင့်အတူ ဘီစကွတ်နှစ်ချပ်လည်း စားတတ်သည်။ ယခုနောက်ပိုင်းတွင် နံနက်စောစော လက်ဖက်ရည်လာပို့သည့်အခါ လက်ဖက်ရည်ပန်းကန်နှစ်လုံးနှင့် ဘီစကွတ်လေးချပ်ပါလာ၍ ပို့ပေးလေသည်။ ဆယ်လီသည် ဇည့်သည်တစ်ယောက်လို မနေတော့ချေ။ အိမ်ရှင်မတစ်ယောက်ကဲ့သို့ ပြုမူနေထိုင် လာလေသည်။ အိမ်ကြီးအတွင်း မွမ်းမံပြင်ဆင်ခြင်း၊ ပရိဘောဂများ နေရာချထားခြင်း၊ ခန်းဆီးများ ရွေးချယ်တပ်ဆင်ခြင်း၊ ညစာစားရန်အတွက် ဟင်းလျာများ ရွေးချယ်ခြင်းကအစ သူမ ပါဝင်လာသည်။

အစားအစာ ဟင်းလျာများကို အဘိုးကြီးဂျူးဇက်နှင့်တိုင်ပင်ပြီး စီမံလေ့ရှိသည်။ ဂျူးဇက်ကိုယ်တိုင်က လည်း မီးဖိုချောင်ကိစ္စ တိုင်ပင်ဆွေးနွေးရန် အိမ်ရှင်မတစ်ဦးရရှိသကဲ့သို့ ဝမ်းမြောက်ကျေနပ်နေလေသည်။ ကင်းလင်းမွေးမြူရေးခြံကြီးတွင် ပထမဆုံးနွားကလေးများ ပေါက်ဖွားသည့် ညဉ့်သန်းခေါင်ယံ အချိန်တွင် ဆယ်လီကိုယ်တိုင် မအိပ်ဘဲစောင့်ကြည့်ရုံမက နွားမကြီးသားဖွားရာတွင် ဝမ်းဆွဲဆရာမ ကဲ့သို့ ကူညီ လုပ်ကိုင်ပေးခဲ့လေသည်။

ထိုညကဆယ်လီသည် ခရိတ်နှင့်တကွအလုပ်ကြပ်ကြီး ရှာဒရပ်၊ ဂရိုနီဝေါလ်တို့နှင့်အတူ နွားကလေး မွေးဖွားပုံကို စိတ်ပါဝင်စားစွာ လေ့လာခွင့်လည်း ရရှိခဲ့လေသည်။ အချိန်တန်၍ နွားငယ်ကလေး အမိဖမ်းမှကျွတ်ကာ အောင်မြင်စွာမွေးဖွားပြီး နွားမကြီး၏ နို့စို့နေချိန်တွင် ဆယ်လီက အနီးရှိ ခရိတ်အား ဤသို့ ပြောလေသည်။

"ကျွန်မအဖို့ ဒါဟာ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ အတွေ့အကြုံပဲရှင့်။ ဒါထက် ရှင်က နွားကလေး မွေးရာမှာ ကိုင်တွယ်တာ အလွန်ကျွမ်းကျင်တယ်။ ရှင့်ကို ဘယ်သူက သင်ပေးခဲ့သလဲ"

"ငါ့ရဲ့ ဘိုးအေကြီးက သင်ပေးခဲ့တာပါ"

ပြောပြောဆိုဆို ခရိတ်သည် ဆယ်လီအား ရင်းနှီးစွာ ပွေ့ဖက်ထားလိုက်သည်။

"နွားကလေးမွေးတာမြင်ရတော့ မင်း စိတ်မပျက်ဘူးလား"

"ဟင့်အင်း စိတ်မပျက်ပါဘူး။ ကျွန်မ စိတ်ဝင်စားမိပါတယ်။ ကြည့်လို့လည်း ကောင်းတယ်ရှင့်"

"ဘာလဲ မင်းက နွားမကြီး သားမွေးတာကို အားကျလို့လား။ ဟဲ...ဟဲ..."

"ရှင်နော် မဟုတ်တာတွေ လာမပြောပါနဲ့။ ဒါထက် ရှင် အခု ပင်ပန်းနေရောပေါ့"

"မင်း ကကော မပင်ပန်းဘူးလား"

"မပင်ပန်းဘူးရှင့်၊ နောက်တစ်ခုက ဒီနေ့ပဲကြေးနန်းတစ်စောင်ရတယ်။ ကျွန်မရဲ့စက်ဆနာလေယာဉ်က စစ်ဆေးလို့ပြီးပြီတဲ့။ ကျွန်မကိုယ်တိုင် ဂျူဟာနစ္စဘတ်မြို့ကိုသွားပြီး လေယာဉ်ကို ပြန်မောင်းယူလာ ရမယ်"

"ဟုတ်လား၊ တကယ်လို့ မင်းအနေနဲ့ နောက်နှစ်ပတ်သုံးပတ်လောက် စောင့်နိုင်မယ်ဆိုရင် ငါပါ မင်းနဲ့အတူတောင်အာဖရိကနိုင်ငံကိုလိုက်နိုင်လိမ့်မယ်။ ဟိုမှာ မိုးလေဝသအခြေအနေကြောင့် မွေးမြူရေး တိရွစ္ဆာန်တွေ အလွန်စျေးကျနေတယ်လို့ ကြားတယ်။ ဒါကြောင့် ငါတို့နောက်ထပ် နွားမျိုးကောင်းတွေ ကို စျေးချိုချိုနဲ့ ဝယ်ယူလို့ရနိုင်တယ်"

ထိုမျှနှင့်ပင် စကားပြတ်သွားကြလေသည်။

နောက်ရက်များတွင်ဆယ်လီသည်သူမ၏ပင်မတာဝန်ဖြစ်သောကမ္ဘာ့တောရိုင်းတိရွစ္ဆာန်များထိန်းသိမ်းကာကွယ်ရေးအဖွဲ့ချုပ်အတွက် အလုပ်တွေအလွန်များနေပေသည်။ သူမ၏ စိတ်ထဲတွင်ကား ခရိတ်နှင့်တကွ ကင်းလင်းမွေးမြူရေးခြံကြီးအပေါ် တစ်နေ့တခြား ပိုမို၍ သံယောဇဉ် တွယ်လာမိလေသည်။ ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ဆယ်လီထံသို့ စာတစ်စောင် ရောက်ရှိလာသည်။ ဟာရာရေမြို့တော်မှတစ်ဆင့် သူမထံသို့ ပို့ပေးလိုက်ခြင်းဖြစ်ပြီး စာမှာဆယ်လီအနေဖြင့် ကမ္ဘာ့တိရွစ္ဆာန်များထိန်းသိမ်းကာကွယ်ရေးအဖွဲ့ချုပ်အတွက် သုတေသနပြုလုပ်ရေးအတွက်ရန်ပုံငွေရရှိရန် နောက်ထပ်လျှောက်လွှာတင်သွင်းရန် နှိုးဆော်စာဖြစ်ပြီး လျှောက်လွှာပုံစံလည်း အတူပူးတွဲပါရှိလေသည်။ အမှန်အားဖြင့် သူမသည် ယင်းလျှောက်လွှာကို အမြန်ဖြည့်စွက် လက်မှတ်ထိုးပြီး ပြန်ပို့လိုက်ရန် အပြန်ပြန်အလှန်လှန် စဉ်းစားမိလေသည်။

ယခုအချိန်တွင် သူမသည် ဘဝလမ်းကြောင်း၏ လမ်းခွဆုံတစ်ခုသို့ရောက်နေပြီး မည်သည့်လမ်းသို့လိုက်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားချိန်ဆနေမိလေသည်။ ယခင်ကလို တစ်ယောက်တည်းလေယာဉ်ငယ်တစ်စင်းဖြင့် မောင်းနှင်သွားလာပြီး အာဖရိကတိုက်၏ တောတွင်းရှုခင်းများ၊ တောရိုင်းတိရွစ္ဆာန်များကို မာတ်ပုံရိုက်ယူနေရခြင်းသည် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေမည်လောဟုလည်း စိတ်ထဲမှာ သံသယဝင်လာမိသည်။ ရှင်းရှင်းကတော့ ဆယ်လီသည် မိမိ၏ မူလအလုပ်တာဝန်ကို ယခင်ကလောက် စိတ်မဝင်စားတော့သလို ဖြစ်လာလေသည်။ တစ်နေ့သဋ္ဌ ညစာစားအပြီးတွင် ဆယ်လီသည် ခရိတ်၏အိမ်ကြီးကို သေချာစွာလှည့်ပတ်ကြည့်မိလေသည်။ စားပွဲ၊ ကုလားထိုင်၊ ပရိဘောဂ

များက ခေတ်ဟောင်းက ရှေးဟောင်းပစ္စည်းများလို ပစ္စည်းဟောင်းများ ဖြစ်နေခြင်းကိုလည်း စိတ်ဝင်စားမိလေသည်။
အတန်ကြာလျှင် သူမသည် မျက်နှာချင်းဆိုင်တွင် ထိုင်နေသူခရိတ်အား လှမ်းကြည့်လိုက်သည်။ ထိုအချိန်၌ ဆယ်လီအဖို့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိပြီဖြစ်ကြောင်း စိတ်ထဲမှသိနေလေပြီ။ စားသောက်ပြီး၍ ပြင်ဘက်ဝရန်တာဘက်တွင် ကော်ဖီထိုင်သောက်ရင်း ဆယ်လီသည် ရုတ်တရက်ထ၍ ခရိတ်၏ ပခုံးတွင် အသာမှီနေလိုက်သည်။

"ခရိတ်၊ ဒါလင်၊ ကျွန်မ ရှင့်ကိုပြောဖို့ အချိန်ရောက်ပြီလို့ ယူဆမိတယ်။ ကျွန်မလေ ရှင့်ကို ချစ်နေမိပြီရှင့်။ တကယ့်ကို လှိုက်လှိုက်လဲလဲ ချစ်နေမိပါပြီ ဒါလင်ရယ်"

ခရိတ်သည် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ချက်ချင်းပင် ဘူလာဝေယိုမြို့သို့ပြေးပြီး တရားရုံးတွင် လက်ထပ်လိုက်ချင်စိတ် ဖြစ်ပေါ်လာသော်လည်း ဆယ်လီကဟန့်တားလေသည်။

"နေပါဦးရှင့်၊ ရှင်က ရှေ့လောမကြီးချင်စမ်းပါနဲ့။ လက်ထပ်တယ်ဆိုတာ စားစရာတစ်ခုခု ပြေးဝယ်တာမျိုးမဟုတ်ဘူး။ ဒါမျိုးဆိုတာ အလျင်စလို မလုပ်ကောင်းဘူး"

"ဘာဖြစ်လို့ မကောင်းတာလဲကွာ။ ငါသိသလောက် လူတွေ အများကြီးပဲ အခုလို အလျင်စလို လက်ထပ် လေ့ ရှိကြတာပဲ"

ခရိတ်က ပြန်ပြောသော်လည်း ဆယ်လီက လက်မခံချေ။

"ကျွန်မက ရှင်ပြောတဲ့လူတွေလို ရှေ့လောတကြီး မလုပ်ချင်ဘူးရှင့်။ ဆင်ဆင်ခြင်ခြင် စဉ်းစားပြီးမှ လုပ်ချင်တယ်"
ဤသို့ပြောပြီးကာမှ သူမသည် ခေတ္တစဉ်းစားပြီးနောက်-

"ကောင်းပြီလေ လာမယ့် ဖေဖော်ဝါရီ(၁၆)ရက်နေ့ ကျွန်မတို့လက်ထပ်ကြမယ်"ဟု ဆက်ပြောလိုက်သည်။
"ဟာ...ဖေဖော်ဝါရီ(၁၆)ရက်နေ့ဆိုတော့ နောက်ထပ် လေးလတောင်လိုသေးတယ်၊ ကြာလှတယ်ကွာ"
ခရိတ်က ကန့်ကွက်အရေးဆိုသော်လည်း ဆယ်လီသည် ဖေဖော်ဝါရီလထက်စော၍ လက်ထပ်ရန် အခိုင်အမာ ငြင်းပယ်လေသည်။

စားဖိုမှူးကြီး ဂျူးဇက်သည် ဆယ်လီဇ၏ ဆုံးဖြတ်ချက်ကို သဘောတူပုံရပြီး သူကိုယ်တိုင် ထိမ်းမြား လက်ထပ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို စိတ်ပါလက်ပါ ပြုလုပ်လေသည်။

"အို...နီကီဆီ၊ ကင်းလင်းခြံကြီးမှာ လက်ထပ်တာ အလွန်ကောင်းတယ်ခင်ဗျ"

ဤသို့လည်း အဘိုးကြီး ဂျူးဇက်က ခရိတ်အား ပြောလေသည်။

မာတာဘယ်လီ ဘာသာစကားဖြင့်ပြောလိုက်ခြင်း ဖြစ်သော်လည်း ယင်းဘာသာစကား နားရည်ဝနေပြီဖြစ်သူ ဆယ်လီကလည်း အဘိုးကြီး ဘာပြောလိုက်သည်ကို ရိပ်မိလေသည်။

"လက်ထပ်ပွဲမှာ လူဘယ်နယောက် ဖိတ်မှာလဲ။ လူနှစ်ရာ သုံးရာလောက်လား"

ဂျူးဇက်က မေးရာ ဆယ်လီက-
"ဒါလောက်များများ ဖိတ်ဖို့ လူမရှိဘူး ထင်တယ်ရှင့်"ဟု ပြန်ပြောလေသည်။

သို့သော် အဘိုးကြီး ဂျူးဇက်က လက်မခံချေ။
"ကင်းလင်ခြံကြီးမှာ အဘိုးကြီး ဘာဝူရဲ့ သားတစ်ယောက် လက်ထပ်တုန်းကဆိုရင် ဧည့်သည် ပရိသတ် လေးရာကျော်လာတယ် ခင်ဗျ"

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘော့ အခန်း (၁၉)

အခန်း(၁၉)

ငယ်သူငယ်ချင်းဖြစ်ခဲ့သူ ဝန်ကြီး တွန်ဂါတာ ထောင်ဒဏ်အပြစ်ပေးခံလိုက်ရသည့်အတွက် စိတ်မကောင်း ဖြစ်နေမိသူ ခရိတ်သည် ယခုတော့ တဖြည်းဖြည်း စိတ်ပြေလက်ပျောက် ရှိစပြုလာပြီ ဖြစ်သည်။
ကင်းလင်း မွေးမြူရေးခြံကြီး အတွင်း လုပ်စရာအလုပ်တွေ များပြားလှခြင်းကလည်း သူ့အဖို့ အလုပ်ထဲ စိတ်ဝင်စား နေမိသည်နှင့်အမျှ စောစောက စိတ်ဓာတ်ကျခြင်း စိတ်မကောင်းဖြစ်ခြင်း စသည်တို့ကို လွှမ်းမိုးကာ စိတ်ပြေလက်ပျောက်ဖြစ်စ ပြုလာခြင်းပင်ဖြစ်လေသည်။ တွန်ဂါတာ၏အမှုအကြောင်း

သတင်းစာများနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ အကြီးအကျယ် ဖော်ပြပြီးနောက် တဖြည်းဖြည်းနှင့် သူ၏ သတင်းပျောက်သွားကာ လူတကာကလည်း သူ့အား မေ့လျော့သွား ကြလေသည်။

သို့ရာတွင် တွန်ဂါတာ၏နာမည် ရုတ်တရက်ပြန်လည်ပေါ်ထွက်လာပြန်သည်။ ရုပ်မြင်သံကြားစက်များနှင့် သတင်းစာများတွင် သူ၏နာမည်ကို ဖော်ပြလာကြပြန်သည်။ တစ်နေ့ ခရိတ်နှင့် ဆယ်လီတို့သည်ရုပ်မြင်သံကြားထိုင်ကြည့်နေကြရင်း ကြားလိုက်ရသောသတင်းကို မယုံကြည်နိုင်လောက်အောင်ပင် အံ့သြနေမိကြလေသည်။ ယင်း သတင်းကြေညာချက်အပြီးတွင် မိုးလေဝသ သတင်းဆက်လာသဖြင့် ခရိတ်သည်ရုပ်မြင်သံကြားစက်ကိုပိတ်ပစ်လိုက်သည်။ သူ၏အမူအရာက တုန်လှုပ်ချောက်ချားဖွယ်၊ မတော်တဆထိခိုက်မှုတစ်ခု ကြုံတွေ့ခဲ့ရသူတစ်ယောက်ကဲ့သို့ စိတ်ချောက်ချားနေပုံ ရလေသည်။ ဆယ်လီသည် ခရိတ်အားအကဲခတ်ကြည့်ရင်း လက်တစ်ဖက်ကို ညင်သာလှပစွာဆုပ်ကိုင်ထားလိုက်သည်။
"ဒီမိန်းကလေးတွေက လူမမည်အရွယ်သာသာ ရှိသေးတယ်။ သူတို့ခမျာ ဘယ်လောက်များ စိတ်ထိခိုက် ချောက်ချားရှာကြမလဲနော်"

ဆယ်လီက ရုပ်မြင်သံကြားသတင်းတွင် ပါသည့်အကြောင်းကို သုံးသပ်သလို ပြောလိုက်ရာ ခရိတ်က
"အဲဒီ ဂွတ်ဒွင်မိသားစုကို ငါ ကောင်းကောင်းသိတယ်။ အလွန်ရည်မွန်တဲ့လူတွေပဲ။ သူတို့ဟာ မျက်နှာဖြူတွေ ဖြစ်ပေမယ့် တိုင်းရင်းသား လူမည်းတွေအပေါ် အင်မတန် ညှာတာထောက်ထားတဲ့ စိတ်ရှိပြီး အကောင်းဆုံး ဆက်ဆံခဲ့တယ်။ ဒါကြောင့် အခုဖြစ်ပျက်ပုံကို ငါဖြင့် နားမလည်နိုင်အောင်ဖြစ်ပါတယ်"ဟု ပြန်ပြောလေသည်။

ဤတွင် ဆယ်လီသည် စိတ်ထဲမှခံစားမှုကို မထိန်းချုပ်နိုင်တော့ဘဲ ပေါက်ကွဲသလိုဖြစ်လာကာ အလွန်နာကြည်းစက်ဆုပ်ဟန်ဖြင့်-
"ဒီတိုင်းပြည်တစ်ခုလုံးဟာ အလွန်သွေးဆာနေသလို ဖြစ်နေတာ သေချာတယ်ရှင့်။ လုပ်ပုံတွေက လူမဆန်လွန်းလို့ သိပ်ပြီးရင်နာမိတယ်။ ကျွန်မတော့ ဒီလူ့ကိုသိပ်ပြီး မုန်းတီးစက်ဆုပ်မိတာပဲ"

"ဒီလိုလည်းမဟုတ်သေးဘူးကွဲ့၊ အခုကိစ္စမှာ တွန်ဂါတာရဲ့နာမည်ကိုသူတို့အသုံးပြုကြပေမယ့် ဒီကိစ္စကို တွန်ဂါတာက တကယ်ပဲ ညွှန်ကြားအမိန့်ပေးတာ ဟုတ်ချင်မှဟုတ်မှာပေါ့။ သူ့အနေနဲ့ ဒီကိစ္စအကြောင်း လုံးလုံး သိချင်မှသိမှာ"

"အို...ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ဒီလူ့ကို သိပ်မုန်းတာပဲ"

"အခုလုပ်ရပ်ကအလွန်ဆင်ခြင်ဉာဏ်ကင်းမဲ့ရာရောက်တာအမှန်ပဲ။ ဒီလိုလုပ်ခြင်းအားဖြင့်အစိုးရဘက်က ရှိုနာလူမျိုးတွေချည်း ပါဝင်တဲ့စစ်တပ်တွေ မာတာဘယ်လီနယ်မြေကို အလုံးအရင်းနဲ့လာပြီး တရကြမ်း နှိမ်နင်းအောင် တမင်ဖိတ်ခေါ်သလို ဖြစ်နေတယ်"

"ကြည့်စမ်းပါဦးရှင် ဟိုကလေးတစ်ယောက်ဆိုရင် အသက် ငါးနှစ်ပဲရှိရှာသေးတယ်"

ဆယ်လီက မကျေမချမ်းဖြစ်ဟန်နှင့် ပြောပြန်တယ်။

"မစ္စတာဂွတ်ဒွင်ဆိုတဲ့ လူကို ငါသိတယ်။ တကယ့် လူကောင်းတစ်ယောက်ပါပဲ။ စစ်အတွင်းတုန်းက ငါနဲ့အတူ ရဲတပ်ဖွဲ့သီးသန့်တပ်မှာ အမှုထမ်းခဲ့ဖူးတယ်"

ခရိတ်ကဏ္ဍသို့ပြောပြီး ယမကာစင်သို့ထသွားကာ ဝီစကီနှစ်ခွက်ငှဲ့လေသည်။ သူ၏ စိတ်ထဲတွင်ကား ဇင်ဘာဘွေနိုင်ငံတွင် တိုင်းရင်းသားအချင်းချင်းသတ်ဖြတ်ကြသည့် လူသတ်ပွဲကြီးမဖြစ်ပါစေနှင့်ဟု ဆုတောင်းမိလေသည်။

ရုပ်မြင်သံကြားစက် မှ ထုတ်လွှင့်ခဲ့သောသတင်းကို ခရိတ်နှင့်ဆယ်လီတို့က အံ့သြတုန်လှုပ်မိကြ ခြင်းမှာ အကြောင်းရှိပေသည်။ အထူးသဖြင့် သတင်းပါကာယကံရှင် မစ္စတာဂွတ်ဒွင်ဆိုသူ၏ မိသားစုနှင့် ခင်မင်ရင်းနှီးသူ ခရိတ်အဖို့ ပြင်းစွာတုန်လှုပ်ချောက်ချားမှုကို ခံစားရလေသည်။

မစ္စတာဂွတ်ဒွင်သည် အသက်လေးဆယ်အရွယ်ခန့်ရှိပြီး ဝဝဖိုင့်ဖိုင့် လူတစ်ယောက်ဖြစ်သည်။ သူ၏ဇနီးဟယ်လင်ကတော့ ပိန်ပိန်ပါးပါး ဆံပင်အနက်ရောင်နှင့် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူတို့တွင် သမီးကလေးနှစ်ယောက် ထွန်းကားရာ သမီးအကြီး အဲလစ္စက ရှစ်နှစ်အရွယ်၊ သမီးငယ် စတီဖင်နီ က ငါးနှစ်သမီးအရွယ်သာ ရှိသေးသည်။ ကလေးနှစ်ဦးစလုံး ဘူလာဝေယိုမြို့ရှိ သာသနာပြုကျောင်း တစ်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား (ဘော်ဒါ)အဖြစ် သွားရောက်၍ ပညာသင်ကြားနေကြသည်။ မစ္စတာဂွတ်ဒွင်တို့သည် မြို့မှ(၇၈)မိုင်ဝေးသောနေရာ၌ မွေးမြူရေးခြံလုပ်ငန်းလုပ်ရင်း ထိုခြံများမှာပင်နေထိုင်ကြသည်။ အပတ်စဉ် သောကြာနေ့ နံနက်တိုင်း ဂွတ်ဒွင်ဇနီးမောင်နှံသည် မြို့တွင်းသို့မော်တော်ကား မောင်းသွားလေ့ရှိကြသည်။ မွန်းလွဲတစ်နာရီတွင် သူတို့၏သမီးငယ်နှစ်ယောက်ကို ကျောင်းမှ ခေါ်ထုတ်ပြီး ဆဲလ်တွန်းဟိုတယ်၌ နေ့လယ်စာအတူ စားတတ်ကြသည်။

ထို့နောက် မြို့တွင်း၌လှည့်လည်ပြီး စျေးဝယ်ကြသည်။ ဂွတ်ဒွင်၏ဇနီး ဟယ်လင်က ခြံတွင်လိုအပ်သော စားသောက်ဖွယ်များ၊ စည်သွတ်ဘူးများ၊ ယမကာများနှင့် ကော်ဖီ၊ သကြား စသည်တို့ အပြင် အဝတ် အထည်များပါ ဝယ်ယူလေ့ရှိသည်။

ထို့နောက် ကလေးငယ်နှစ်ဦးကို ရုပ်ရှင်နေ့ပွဲဝင်ကြည့်စေပြီး မိခင်ဟယ်လင်ကတော့ ဆံပင်အလှပြင်ဆိုင်သို့ဝင်၍ခေါင်းလျှော်၊ ဆံပင်ပုံသွင်းစသည်ဖြင့် အလှပြုပြင်တတ်လေသည်။ အိမ်ထောင်ဦးစီးဖြစ်သူ မစ္စတာဂွတ်ဒွင်သည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များသမဂ္ဂ၌ အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်၍ အပတ်စဉ်မြို့သို့ရောက်နေခိုက် သမဂ္ဂရုံးသို့ခေတ္တဝင်လေ့ရှိသည်။ ကော်မတီအတွင်းရေးမှူးအပါအဝင် အခြားသမဂ္ဂခေါင်းဆောင်များနှင့် လုပ်ငန်းဆိုင်ရာကိစ္စများ ဆွေးနွေးလေ့ရှိသည်။ ပြီးလျှင် သူသည် မြို့တွင်း၌ အေးအေးဆေးဆေး လမ်းလျှောက်ရင်း သိကျွမ်းသူ မိတ်ဆွေများတွေ့လျှင် အာလာပသလ္လာပ စကားစမြည် ပြောလေ့ရှိသည်။

လွန်ခဲ့သော သောကြာနေ့က မစ္စတာဂွတ်ဒွင်သည် ထုံးစံအတိုင်း မြို့တွင်း၌ လမ်းတစ်ပတ်လျှောက်ပြီး သူ၏တိုယိုတာမော်တော်ကားဖြင့် လယ်ယာကုန်ထုတ် သမဝါယမတိုက်ရှေ့သို့ ပြန်လာသော အခါ သူ့အလုပ်သမားခေါင်း (မာတာဘယ်လီလူမျိုး)ဂျူဆီယာဆိုသူသည် အလုပ်သမားနှစ်ဦးနှင့် အတူ အသင့်စောင့်နေသည်ကို တွေ့ရလေသည်။ သူတို့သည် စောစောပိုင်းက ဂွတ်ဒွင်ကိုယ်တိုင် ဝယ်ယူထားသော မွေးမြူရေးခြံသုံး ပစ္စည်းကိရိယာများ၊ စက်ယန္တရား အပိုပစ္စည်းများ၊ တိရစ္ဆာန်များအတွက် ဆေးဝါးများစသည်တို့ကို မော်တော်ကားပေါ်သို့ သယ်ယူတင်လိုက်ကြသည်။

ကားပေါ်ပစ္စည်းများ သယ်တင်ပြီးချိန်လောက်တွင်ပင် ဂွတ်ဒွင်၏ ဇနီး ဟယ်လင်နှင့် သမီးကလေးနှစ်ယောက်တို့သည်မော်တော်ကားရှိရာသို့ ရောက်လာကြလေသည်။ ဟယ်လင်သည်ဆံပင်ကောက်ဆိုင်၌ ဆံပင်ကိုတစ်မျိုး အလှပြုပြင်ထုံးဖွဲ့ထားရာ ရုပ်အသွင်ကတစ်မျိုး ဖြစ်နေသောကြောင့် ဂွတ်ဒွင်သည် သူ၏ချစ်ဇနီးအား ကျီစယ်သည့်အနေဖြင့်-

"ဟဲလို မိန်းကလေး၊ ကျုပ်ရဲ့ဇနီး မစ္စက်ဟယ်လင် ဂွတ်ဒွင်တစ်ယောက် မြင်မိပါသလားခင်ဗျ"ဟု ခပ်တည်တည် ပြောလိုက်သည်။

ဤတွင် ဟယ်လင်သည် ခင်ပွန်းသည်ကနောက်နေမှန်းသိသဖြင့် သဘောကျပြီး ရယ်မောလေသည်။ သူမ၏စိတ်ထဲကတော့ ကြည်နူးဝိတိဖြစ်နေမိသည်။ သမီးငယ်နှစ်ယောက်အတွက် ဂွတ်ဒွင်ကသကြားလုံး ချိုချဉ်စသည့် သရေစာများ ဝယ်ယူထားရာ ဇနီးဖြစ်သူက ကလေးတွေ သကြားလုံး များများစား

လျှင် သွားရောဂါ ဖြစ်တတ်သည်ဟု ကန့်ကွက်လေသည်။ သို့သော် ဝွတ်ဒွင်ကမူ သမီးငယ်နှစ်ဦး ဘက်သို့ မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီးမှ ဇနီးဖြစ်သူအား-

"အိုကွာ သကြားလုံးများများစားတာ မကောင်းမှန်း ငါလည်းသိပါတယ်။ ဒါပေမဲ့ ဒီတစ်ခါစားရုံနဲ့ ငှါကလေးတွေ မသေနိုင်ပါဘူးကွာ။ ဟဲ...ဟဲ..."ဟု ရယ်သွမ်းသွေးကာ ပြန်ပြောလိုက်သည်။ သူတို့၏ မော်တော်ကားမှာ ပစ်ကပ်ခေါ်ကုန်တင်ယာဉ် (ယခုခေတ် မြန်မာနိုင်ငံမှ သဘော်သားကားမျိုး)ဖြစ်လေရာ သမီးငယ် စတီဖင်နီက မိခင်ဖခင်တို့ နှစ်ယောက်ကြား ကားဇ၏ရှေ့ခန်းတွင်ထိုင်ပြီး သမီးကြီးအဲလစ္စကတော့ ကားနောက်ပိုင်းတွင် ဂျူဆီယာနှင့် မာတာဘယ်လီတိုင်းရင်း အလုပ်သမားတို့နှင့် အတူ စီးနင်းလိုက်ပါလာလေသည်။ ထို့နောက် သူတို့သည် မြို့တွင်းမှမောင်းထွက်လာကြလေသည်။

ပထမခြောက်ဆယ့်နှစ်မိုင်မှာ ဟိုင်းဝေးလမ်းမကြီးအတိုင်းဖြစ်၍ မော်တော်ကားကို ခပ်သွက်သွက် မောင်းနှင်နိုင်ခဲ့လေသည်။ ထို့နောက်သူတို့၏ခြံရှိရာသို့ လမ်းမကြီးမှခွဲထွက်သည့်မြေနီလမ်းအတိုင်း ဆက်မောင်းကြရသည်။

မကြာမီ သူတို့၏စိုက်ပျိုးမွေးမြူရေးခြံကြီး၏ ဂိတ်ဝသို့ရောက်သွားကြရာ ဝွတ်ဒွင်သည် ကားကိုခေတ္တ ရပ်လိုက်စဉ် ဂျူဆီယာက ခုန်ဆင်းပြီး ပိတ်ထားသော ခြံဝင်းတံခါးကြီးကို ဖွင့်လိုက်သည်။

"အင်း...ငါတို့ ကိုယ့်အိမ်ကိုယ်ယာကို တစ်ခေါက် ပြန်ရောက်လာကြပြန်ပေါ့လား"

ဝွတ်ဒွင် က ပြောလိုက်ရာ ဇနီး ဟယ်လင်ကလည်း ပြုံးလျက်-

"ဟုတ်တယ်ရှင့် ကျွန်မတော့ မြို့ကိုသွားတိုင်း ဒီပြန်ရောက်လာရင် စိတ်ထဲပျော်မိတယ်"ဟု ပြောလေသည်။

ညမှောင်လာပြီဖြစ်၍ ဝွတ်ဒွင်သည် မော်တော်ကားရှေ့မီးလုံးကြီးများကိုဖွင့်၍ ဆက်လက်မောင်းသွားရာ ခြံဝင်းအတွင်းရှိနေသော သူတို့၏မွေးမြူရေးနွားများကို မီးရောင်တွင် မြင်ရလေသည်။ နွားအားလုံးလိုလို အစာအာဟာရ ကောင်းစွာစားရသဖြင့် ဝဖီးနေသည်ကိုလည်း သတိပြုမိကြသည်။

မစ္စတာဝွတ်ဒွင်သည် ရာသီဥတု ခြောက်သွေ့နေပုံကို သဘောမကျဟန်ဖြင့်-

"အခုတလောရာသီဥတုခြောက်သွေ့လွန်းတယ်ကွ၊မိုးနည်းနည်းရွာလိုက်ရင်ကောင်းမယ်"ဟုမှတ်ချက်ချလိုက်သည်။ ထိုအခိုက်မှာပင် သူတို့သည်ခြံဝင်းအတွင်းရှိ သူ့အိမ်သို့ ချဉ်းကပ်လာမိကြလေသည်။

"ကဲ...အိမ်တော့ ပြန်ရောက်ကြပြန်ပြီ။ ဟောဟိုမယ် မြင်ရဲ့လား၊ တို့ရဲ့ စားဖိုမှူးက မီးတွေတောင် ထိန်လင်းအောင် ဖွင့်ထားပြီ"

ဝွတ်ဒွင် က သူတို့အိမ်အတွင်း မီးများလင်းနေသည်ကို ကြည့်ရင်း ပြောလိုက်သည်။

မီးက ဂတ်စ်ဓာတ်ငွေ့သုံးမီးနှင့် ရေနံဆီမီးများသာ ဖြစ်လေသည်။ ဝွတ်ဒွင်အနေဖြင့် လျှပ်စစ်မီးရရှိရန် ကိုယ်ပိုင် ဂျင်နရေတာခေါ် အင်ဂျင်မီးစက်တစ်လုံးဝယ်ရန် စိတ်ကူးရခဲ့သည်မှာ ဆယ်နှစ်ခန့်ပင်ရှိပြီ ဖြစ်သည်။ သို့ရာတွင် နှစ်စဉ်နှစ်တိုင်း ငွေစာရင်းချုပ်၍ အသားတင်ကျန်သော ငွေပမာဏကို တွက်လိုက်သောအခါ သိပ်မများလှသဖြင့် လျှပ်စစ်မီးစက်ထက် ပိုအရေးကြီးသော အခြားပစ္စည်းများကိုသာ ဦးစားပေးဝယ် ခဲ့ရသောကြောင့် ယခုအထိ လျှပ်စစ်မီးမရှိသေးဘဲ ဂက်စ်ဓာတ်ငွေ့နှင့် ရေနံဆီကိုသာ အသုံးပြုပြီး မီးထွန်းနေရခြင်း ဖြစ်လေသည်။

ဝွတ်ဒွင်သည် တိုယိုတာမော်တော်ကားကို အိမ်နောက်ဘေးဘက် ဝရန်တာအနီးတွင် ရပ်လိုက်သည်။ ဇနီးဟယ်လင်က အိပ်ပျော်နေသူ သမီးငယ် စတီဖင်နီအားပွေ့ချီလျက် ကားပေါ်မှဆင်းနေစဉ် ဝွတ်ဒွင်သည် ကားနောက်ပိုင်းသို့လျှောက်သွားပြီး သမီးကြီးအဲလစ္စအားပွေ့ချီ၍ကားပေါ်မှချပေးလိုက်သည်။ ထို့နောက် အလုပ်သမားများ ကြီးကြပ်သူ ဂျူဆီယာအား-

"ကဲ...မင်းတို့လည်း ပင်ပန်းလာတယ်၊ ပြန်ပြီးမှနားကြပေတော့။ ကားပေါ်ကပစ္စည်းတွေကို မနက်မှပဲ သယ်ချတော့မယ်"ဟု ပြောလိုက်သည်။

ဇနီးဟယ်လင်က သမီးငယ်ကိုပွေ့ချီလျက် ရှေ့ကသွားပြီး ဝွတ်ဒွင်ကသမီးကြီးအဲလစ္စကို လက်တစ်ဖက်ဖြင့်ဆွဲလျက်အိမ်ရှေ့ဘက်သို့လျှောက်သွားကြစဉ် အိမ်ဘက်မှောင်ထဲမှလက်နှိပ်ဓာတ်မီးအလင်းရောင်တစ်ခုရုတ်တရက် ထိန်လင်းစွာထွက်ပေါ်လာလေရာ ဝွတ်ဒွင်တို့မိသားစုအလွန် အံ့အားသင့်လျက် ရပ်လိုက်ကြလေသည်။

"ဟော့...ဘယ်သူလဲကွ"
ဝွတ်ဒွင်က စိတ်တိုလျက် လှမ်းအော်ပေးလိုက်သည်။ စောစောက မှောင်မိုက်နေစဉ် ရုတ်တရက် စူးရှသော လက်နှိပ်ဓာတ်မီးရောင် ထိုးလိုက်သောကြောင့် မျက်လုံးပြာကာ ဘာမှမမြင်ရသော်လည်း ယခုတော့ မျက်လုံးများကကျင့်သားရ၍ မြင်စပြုလာပြီဖြစ်သည်။ လက်နှိပ်ဓာတ်မီး အလင်းရောင်၏ နောက်တွင် တိုင်းရင်းသားလူမည်း (ကပွလီ)လူမျိုး သုံးဦးရပ်နေ ပြီး သူတို့၏လက်တွင် အေကေ ၄၇

အမျိုးအစား မောင်းပြန်ရိုင်ဖယ်သေနတ်ကိုယ်စီကိုင်ကာ သေနတ်ပြောင်းများကိုလည်း ဝွတ်ဒွင်မိသားစုအားချိန်ရွယ်ထားကြသည်ကို မြင်ရလေသည်။

ဝွတ်ဒွင်သည် ဇနီးနှင့်ကလေးများအတွက် အကြီးအကျယ် စိုးရိမ်သွားမိတော့သည်။ ထိုလူသုံးယောက်အပြင် အခြားမျက်နှာစိမ်းတိုင်းရင်းသား လူမည်းအချို့ကိုလည်း တွေ့ရသည်။ လူအရေအတွက်ကို တော့ ဝွတ်ဒွင်က ခန့်မှန်း၍မရချေ။ သူတို့သည် မောင်ရိပ်ထဲမှထွက်လာပြီး ဝွတ်ဒွင်မိသားစုအားဝိုင်း၍ သေနတ်ဖြင့်ချိန်ရွယ်ထားကြ လေသည်။

ဂျူဆီယာနှင့် မာတာဘယ်လီ တိုင်းရင်းသား အလုပ်သမားနှစ်ဦးတို့သည်လည်း ထိတ်လန့် တုန်လှုပ်လျက် သုံးယောက်သား တစ်ယောက်နား တစ်ယောက်ကပ်၍ အသာငြိမ်နေကြသည်။ ဝွတ်ဒွင်သည် သူ၏အိမ် ဝရန်တာတစ်ဖက်အစွန်းရှိ ရုံးခန်းတွင်းမှ သေနတ်လက်နက်များထားရှိရာ မီးခံသေတ္တာကို သတိရမိလေသည်။ သို့သော် ယင်းသေတ္တာထဲ၌ သေနတ်တစ်လက်မှ မရှိတော့ကြောင်း စဉ်းစားမိပြန်သည်။ ဇင်ဘာဘွေတော်လှန်ရေးစစ်ပွဲအပြီးတွင် အာဏာရလူမည်းအစိုးရက မျက်နှာဖြူမွေးမြူရေးလုပ်ငန်းရှင်များအားမိမိတို့တွင်ရှိသမျှလက်နက်ခဲယမ်းအားလုံးအစိုးရထံအပ်နှံကြရမည်ဟုအမိန့်ထုတ်လိုက်စဉ်က ဝွတ်ဒွင်သည်လည်း သူ၏သေနတ်အားလုံးကို ဆိုင်ရာသို့အပ်နှံခဲ့သောကြောင့် ယခုလက်နက်မဲ့ ဖြစ်နေလေသည်။

သို့ရာတွင် သေနတ်ရှိလျှင်လည်း အကြောင်းထူးလှမည် မဟုတ်ဟု ဆင်ခြင်မိလေသည်။ အကယ်၍မိမိက သေနတ်ပြေးဆွဲယူလျှင် မည်သည့်နည်းနှင့်မှ မီးခံသေတ္တာဆီသို့ ရောက်နိုင်မည် မဟုတ်ချေ။ အေကေ ၄၇ မောင်းပြန်သေနတ်များဖြင့် ဝိုင်းပစ်ခတ်ခံရ၍ ပွဲချင်းပြီးကိစ္စချောရန် သေချာသည်မဟုတ်ပါလော။
"ဒက်ဒီ သူတို့တွေက ဘယ်သူတွေလဲဟင်"

သမီးအကြီး အဲလစ္စက ဖခင်ဖြစ်သူအား ခပ်တိုးတိုး လှမ်းမေးလိုက်သည်။ သူမသည် ပြည်တွင်းစစ်ကာလတွင် သိတတ်စပြုသောအရွယ်ဖြစ်နေ၍ စင်စစ်အနိဋ္ဌာရုံများကိုပြန်တွေးပြီး ကြောက်လန့်နေရာပုံရသည်။
ဝွတ်ဒွင်ကမူ သူကိုယ်တိုင်၏ စိုးရိမ်တုန်လှုပ်မှုကို အသာဖယ်ထားလျက်-

"အားလုံး သတ္တိရှိရှိ နေကြဟော့"ဟု ပြောလိုက်သည်။ ဇနီးဟယ်လင်သည် သမီးငယ်စတီဖင်နီအားပွေ့ချီထားလျက်နှင့်ပင် ခင်ပွန်းသည်အနီးသို့ ချဉ်းကပ်လာလေသည်။ လူမည်းတစ်ဦးသည် ဝွတ်ဒွင်၏

နောက်ကျောသို့ ရိုင်ဖယ်သေနတ်ပြောင်းဖြင့် ခပ်ကြမ်းကြမ်းထောက်ထားလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ၏လက်နှစ်ဖက်ကို နောက်သို့ယူ၍ လက်ပြန်ကြိုးတုပ်လိုက်သည်။ ချည်နှောင်သည့်ကြိုးက သံဝါယာကြိုးဖြစ်၍ ဂွတ်ဒွင်၏အသားကိုထိသောအခါ အလွန်နာကျင်လေသည်။

ဇနီးဟယ်လင်၏ ရင်ခွင်မှ သမီးငယ်စတီဖင်နီကိုလည်း ဆွဲယူလိုက်ပြီး မြေကြီးပေါ်ချထားလိုက်ရာ ကလေးငယ်မှာအိပ်ချင်မူးတူးဖြစ်နေသဖြင့် ကောင်းစွာပင်မရပ်နိုင်ရှာချေ။ ကလေးအမေ ဟယ်လင်တို့အား သံဝါယာကြိုးဖြင့် လက်ပြန်ကြိုးတုပ်နှောင်ပြန်ရာ သူမသည် နာကျင်လွန်းသဖြင့် ရှုံ့မဲ့နေရှာလေသည်။ ဂွတ်ဒွင်သည် နာကျင်ခြင်း၊ မခံမရပ်နိုင်အောင် ဒေါသထွက်ခြင်းစသည်တို့ ဖြစ်ပေါ်ခံစားလျက်ရှိလင့်ကစား မိဘတို့၏ သားသမီးအပေါ်ထားရှိသော မေတ္တာပမာဏအားလုံးကို လွှမ်းမိုးလာသဖြင့် မာနစိတ်ကို ချုပ်ထိန်းကာ တိုင်းရင်းသားလူမည်းတို့အား မာတာဘယ်လီဘာသာဖြင့် တောင်းပန်လေသည်။
"သူတို့တွေကလူမမည်ကလေးတွေပါဗျာ။ သူတို့အနာတရဖြစ်အောင်မလုပ်ပါနဲ့။ တောင်းပန်ပါတယ်"
သို့သော် သေနတ်ကိုင် တိုင်းရင်းသားတစ်ဦးက-

"ဟော့...မျက်နှာဖြူကောင်တိတ်တိတ်နေစမ်း"ဟု ခပ်ထန်ထန်ငေါက်လိုက်ပြီးနောက် သမီးငယ်ကလေးစတီဖင်နီ၏နောက်နားတွင် ဒူးတစ်ဖက်ထောက်လိုက်သည်။ ထို့နောက် ကလေးငယ်အား ကြိုးဖြင့်တုပ်လေရာ စတီဖင်နီခမျာ နာကျင်သဖြင့် ငိုရှာလေသည်။

"ဒက်ဒီ၊ ဒက်ဒီ သမီး သိပ်နာတာပဲ ဒက်ဒီ။ ဒက်ဒီရယ် ဒီလူကြီးက နာအောင်လုပ်ကြတယ်။ သူ့ကို မလုပ်အောင် တားပေးပါ ဒက်ဒီ"

"သမီးလေး သမီးလေး စိတ်ကိုတင်းထားစမ်းပါကွယ်၊ သတ္တိရှိပါ။ သမီးက အခုကလေးပေါက်စ မဟုတ်တော့ပါဘူးကွဲ့"
ငါးနှစ်သမီးအရွယ် စတီဖင်နီအား ဤသို့ပြောခြင်းသည် လုံးဝအဓိပ္ပါယ်မရှိလင့်ကစား ဂွတ်ဒွင်သည် ဘာလုပ်ရမှန်းမသိသဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

လူမည်းနောက်တစ်ယောက်က သမီးအကြီးအဲလစ္စနားသို့ ချဉ်းကပ်သွားရာ အဲလစ္စသည် ဖခင်ဘက်သို့ လှည့်၍-

"ဒက်ဒီ သမီးမငိုဘူး။ သမီးက သတ္တိရှိရှိနဲ့ ခံနိုင်အောင် ကြိုးစားပါ့မယ်"ဟု ပြောရှာသည်။

"အေး ဒါမှပေါ့ကွဲ့ သမီးရဲ့"

ဝွတ်ဒွင်က ပြောလိုက်ချိန်တွင် ကပ္ပလီလူမည်းက အဲလစ္စအား လက်ပြန်ကြိုးတုပ်လိုက်လေသည်။
"အားလုံး ရှေ့ကို လျှောက်သွားကြ"

လက်နှိပ်ဓာတ်မီးကိုင်သူ (ခေါင်းဆောင်ဖြစ်ဟန်တူသော) တိုင်းရင်းသားလူမည်းက ခပ်ထန်ထန်အမိန့်ပေးလိုက်သလိုပြောရင်း သူ၏မောင်းပြန်ရိုင်ဖယ်သေနတ်ပြောင်းဖြင့် ကလေးနှစ်ဦးအား တွန်းလိုက်သည်။ ဝွတ်ဒွင်တို့မိသားစုလည်း မတတ်သာဘဲ လျှောက်သွားကြရာ မီးဖိုဘက်ရှိဝရန်တာသို့ရောက်သွားကြလေသည်။ သမီးငယ်ကလေး စတီဖင်နီသည် တစ်နေရာတွင် ခြေချော်လဲကျသွားရာ လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်ထားသဖြင့် ပြန်ထရန်ခက်ခဲနေရှာသည်။ ဝွတ်ဒွင်လည်း ဒေါသထွက်လာသဖြင့်-
"ခွေးမသားတွေ၊ လူမဆန်တဲ့ ခွေးသားတွေ"ဟု ရေရွတ်လိုက်မိသည်။

တိုင်းရင်းလူမည်တစ်ဦးက စတီဖင်နီ၏ဆံပင်ကို လက်တစ်ဖက်ဖြင့်ခပ်ကြမ်းကြမ်းဆွဲဆုပ်ပြီး မတ်တတ်ထနိုင်အောင်ထူလိုက်သည်။ စတီဖင်နီခမျာငိုကြွေးလျက်နှင့်ပင်ထ၍ သူ့အစ်မအဲလစ္စရှိရာသို့ချဉ်းကပ်သွားရှာလေသည်။
အကြီးမ အဲလစ္စကလည်း ညီမငယ်အား နှစ်သိမ့်အားပေးလျက်-

"ငိုမနေစမ်းပါနဲ့ စတီဖင်ရယ်၊ အခုဟာက ငါတို့ အပျော်ကစားနည်းတစ်မျိုး ကစားနေတာပါကွဲ့"

ဟု လုပ်ကြံပြောလိုက်သည်။ သို့သော် အဲလစ္စမျက်လုံးများကတော့ အလွန်စိုးရိမ်တုန်လှုပ်နေဟန်ဖြစ်နေသည်။
လက်နက်ကိုင် တိုင်းရင်းသားလူမည်းများသည် ဝွတ်ဒွင်နှင့်ဇနီးဟယ်လင်တို့အား ကလေးငယ်နှစ်ဦးနှင့်အတူ တန်းစီရပ်ခိုင်းလေသည်။ ထို့နောက် ခေါင်းဆောင်လုပ်သူက တစ်ဦးချင်း၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။

"ခင်ဗျားကို ဘာကြောင့် ဒီလိုလုပ်နေတာလဲ။ စစ်ပွဲကလည်း ပြီးဆုံးနေမှပဲ။ ကျုပ်တို့က ခင်ဗျားတို့ကို ဘာမှလည်း လုပ်ခဲ့တာ မဟုတ်ပါဘူး"

ဝွတ်ဒွင်က ဤသို့မေးလိုက်ရာ လက်နက်ကိုင်လူမည်းက ဘာမှပြန်မဖြေဘဲ လက်နှိပ်ဓာတ်မီးဖြင့်သာဆက်လက်ထိုးကြည့်နေလေသည်။ သမီးငယ်ကလေး စတီဖင်နီသည် ဆက်လက်၍ ငိုကြွေးနေရှာ

သည်။ ထိုအတောအတွင်း မှောင်ရိပ်ထဲမှလူများစကားပြောနေသံကြားလိုက်ရသဖြင့် မိမိတို့၏ခြံဝင်းအတွင်းသို့ အခြားတိုင်းရင်းသားလူမည်းများ (အမျိုးသမီးနှင့်ကလေးငယ်များ)ပါ ရောက်ရှိနေကြောင်း သိသာလေသည်။

"ကျွန်မတို့ကိုနှိပ်စက်တာ ဝိုင်းကြည့်ရအောင်လူတွေခေါ်ထားတာဖြစ်ရမယ်ရှင့်။ ပြည်တွင်းစစ်အတွင်းကလိုပါပဲလား။ ကျွန်မတို့ကို သုတ်သင်ကွပ်မျက်ကြလိမ့်မယ်နဲ့ တူတယ်နော်"

ဟယ်လင် က ခင်ပွန်းဖြစ်သူအား ခပ်တိုးတိုး ပြောလိုက်သည်။

ဂွတ်ဒွင်ကမူ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။ သို့သော် သူ၏စိတ်ထဲတွင်ကား ဇနီးဖြစ်သူပြောသည့်အတိုင်း ဖြစ်လိမ့်မည်ဟုသိနေသည်။ ဟယ်လင်က တိုးတိုးပြောလိုက်ခြင်းမှာ သမီးကလေးနှစ်ယောက် မကြားစေရန် ဖြစ်လေသည်။ ဂွတ်ဒွင်သည် ဇကနမုချ သေရတော့မည်ဟု တွက်လျက် ဇနီးဖြစ်သူအား ချစ်ခင်မြတ်နိုးစွာဖြင့် ကြည့်လိုက်မိသည်။

"ငါမင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ ခဏခဏမပြောမိတာကို အခုမှ ဝမ်းနည်းမိတယ် ဟယ်လင်ရယ်"

"မလိုပါဘူးရှင်၊ ရှင့်ပါးစပ်ကဖွင့်မပြောပေမယ့် ရှင်ဟာကျွန်မကိုဘယ်လောက်ချစ်တယ်ဆိုတာကောင်းကောင်းကြီး သိနေပါတယ်"

ဟယ်လင်က ပြန်ပြောလိုက်မှ ဂွတ်ဒွင်သည် စိတ်ထဲ သက်သာရာရသလို ဖြစ်သွားတော့သည်။

ထိုအချိန်၌ မာတာဘယ်လီ တိုင်းရင်းသားလူမည်း အတော်များများ စုရုံးရောက်ရှိနေပြီဖြစ်ရာ သူတို့၏ ခေါင်းဆောင်က မာတာဘယ်လီ တိုင်းရင်းဘာသာဖြင့် စကားပြောလေသည်။

"ဒီမျက်နှာဖြူမိသားစုဟာ ကျုပ်တို့မာတာဘယ်လီ တိုင်းရင်းသားတွေရဲ့ ပိုင်နက်နယ်မြေပေါ်မှာလာပြီး ခေါင်းပုံဖြတ် သွေးစုပ်အမြတ်ထုတ်နေသူများ ဖြစ်တယ်။ အသားစားကျူးတဲ့ တောခွေးရိုင်းတွေနဲ့တူတယ်။ နောက်ပြီး သူတို့ဟာ ဟာရာရေမြို့က အောက်တန်းစား ရှိုနာလူမျိုး လူသတ်သမားတွေနဲ့လည်း အဆက်အသွယ် ရှိသူတွေဖြစ်တယ်"

ခေါင်းဆောင်လုပ်သူသည် အာပေါင်အာရင်းသန်သန်ဖြင့် ပြောပြီးရောက်ရှိနေသောလူထုကပါမျက်နှာဖြူမိသားစုအပေါ်ဒေါသထွက်ကာ မုန်းတီးစက်ဆုပ်လာအောင်လှုံ့ဆော်သွေးထိုးပေး လျက်ရှိကြောင်း သိသာထင်ရှားပေသည်။

စကားပြောကောင်းသူဖြစ်၍ သူ၏လှုံ့ဆော်ဟောပြောချက်က ထိရောက်ကြောင်းလည်း ထင်ရှားနေပြီဖြစ်သည်။ မာတာဘယ်လီ တိုင်းရင်းသားများသည် စိတ်လှုပ်ရှားတက်ကြွရာမှ တိုင်းရင်းသား ရိုးရာဓလေ့အတိုင်း ခန္ဓာကိုယ် ဝဲယာယိမ်းထိုးကာ စစ်ချီသီချင်းများကို သံပြိုင်သီဆိုစ ပြုနေကြလေသည်။ ခေါင်းဆောင်တစ်ဦးကအပြောကောင်းကောင်းနဲ့လှုံ့ဆော်ဟောပြောလိုက်လျှင်လူအုပ်ကြီးသည်ဒေါသကိုမချုပ်တည်းနိုင်ဘဲ သတ်ချင်ဖြတ်ချင်စိတ်ပေါ်လာသည်မှာ သူတို့၏ရိုးရာဓလေ့တစ်ခုပင်ဖြစ်သည်။ အတိတ်ကာလတစ်ချိန်က မာတာဘယ်လီ တိုင်းရင်းသားများကို မီဇိလီကာဇိအမည်ရှိ လူမည်းဘုရင်တစ်ဦးအုပ်စိုးစဉ်က ယခုကဲ့သို့လူထုအား သွေးထိုးလှုံ့ဆော်ပေးခြင်းအားဖြင့် လူအုပ်ကြီးက သွေးရူးသွေးတန်းဖြစ်လာကာ ဝိုင်းဝန်းသတ်ဖြတ်ကြခြင်းကြောင့် သေဆုံးခဲ့ရသူပေါင်း ဆယ်သိန်းခန့်ရှိခဲ့သည်ဟုလည်း အဆိုရှိပေသည်။ ခေါင်းဆောင်လုပ်သူက ဆက်ပြောနေပြန်သည်။

".....ဒီမျက်နှာဖြူ သွေးစုပ်ကောင်တွေဟာ ငါတို့ရဲ့ဖခင်ကြီး ခေါင်းဆောင်တွန်ဂါတာကို ရှိုနာလူမျိုးတို့ရဲ့လူသတ်စခန်း၊ အကျဉ်းစခန်းရောက်အောင် ကူညီပို့ပေးခဲ့သူများလည်း ဖြစ်တယ်"

ဝွတ်ဒွင်သည် ဇနီးဖြစ်သူအနီးသို့ ကပ်၍-

"ဟယ်လင်ရယ် ငါလေ မင်းကို သိပ်ချစ်တာပဲ"ဟု ပြောလိုက်သည်။

ဟယ်လင်ခမျာ ခင်ပွန်းသည်က တကယ်ပင် ယုယကြင်နာမြတ်နိုးစွာ ပြောလိုက်သည်ကို ကြားလျှင်ကြည်နူးဝိတိဖြစ်လွန်း၍ မျက်ရည်များပင်ကျမိရှာလေသည်။

"ဒီသစ္စာဖောက် မျက်နှာဖြူတွေကို ဘာလုပ်ကြမလဲ။ ဘာလုပ်ကြရင် ကောင်းမလဲ"

တိုင်းရင်းသား လူမည်းခေါင်းဆောင်က မေးလိုက်ရာ သူတို့ထဲမှ လူတစ်ယောက်က

"သူတို့ကို သတ်ပစ်လိုက်ရမယ်"ဟု အော်ပြောလိုက်သည်။

သို့သော် အများစုပါဝင်သော လူအုပ်ကြီးက ဘာမှမပြောဘဲ ငြိမ်နေကြသည်။

"သူတို့ကို ဘာလုပ်မလဲ"

ခေါင်းဆောင်လုပ်သူက ထပ်မံ၍ မေးလိုက်ပြန်သည်။ တစ်ဖန် ထိုလူသည် မူလက စကားရပ်ပြောနေသောဝရန်တာပေါ်မှ မြေပြင်သို့ခုန်ဆင်းလိုက်ပြီး "ဒီမျက်နှာဖြူ သတ္တဝါတွေကို ဘာလုပ်ရင် ကောင်းမလဲ"ဟု ထပ်ဆင့်၍ အော်မေးလိုက်ပြန်သည်။

"သတ်ပစ်လိုက်၊ သတ်ပစ်လိုက်"

လူအုပ်ထဲမှ တစ်ယောက်က အော်ပြောလိုက်ရာ ကျန်လူများကလည်း လိုက်၍ ဟစ်အော်ကြလေတော့သည်။
"သက်ပစ်လိုက် သက်ပစ်လိုက်"

ထိုအခိုက် တိုင်းရင်းသား လူမည်းအမျိုးသမီးကြီးတစ်ဦးသည် အလွန်စိုးရိမ်ပူပန်ဟုန်ဖြင့် "ကျွန်မရဲ့ကလေးတွေ၊ ကျွန်မရဲ့ကလေးငယ်လေးတွေ သနားပါတယ်"ဟု တိုးလျှိုးတောင်းပန်သလို ပြောလိုက်သည်။
ထိုအမျိုးသမီးကြီးသည် ကလေးငယ်နှစ်ဦး (စတီဖင်နီးနှင့် အဲလစ္စတို့)အား ထိန်းရသူ (နာနီကလေးထိန်း)မိန်းမကြီးဖြစ်ကြောင်း ဂွတ်ဒွတ်က မှတ်မိလေသည်။ သို့ရာတွင် သတ်ပစ်လိုက်၊ သတ်ပစ်လိုက်ဟု လူအုပ်ကြီးက ညာသံပေး၍ ဟစ်အော်ကြွေးကြော်သံက ဆူညံနေသဖြင့် အဘွားကြီး၏အသံပျောက်နေတော့သည်။ ပြည်တွင်းစစ်အတွင်းက တိုင်းရင်းသားလူမည်းပြောက်ကျားတပ်များ ဝတ်ဆင်သော ယူနီဖောင်းဝတ်စုံဝတ်ထားသူ လူမည်းနှစ်ဦးသည် ရှေ့သို့ထွက်လာလေသည်။ သူတို့သည် ဂွတ်ဒွင်ရှိရာကို ချဉ်းကပ်လာပြီး လက်နှစ်ဖက်ကို ဖမ်းချုပ်ကာ အုတ်နံရံဆီသို့ခေါ် သွားလေသည်။

ဂွတ်ဒွင်အားနံရံကိုမျက်နှာမူ၍ ဒူးထောက်ခိုင်းသည်။ ခေါင်းဆောင်လုပ်သူသည် သူ၏လက်မှလက်နှိပ်ဓာတ်မီးကို အနီးရှိလူတစ်ယောက်အား လှမ်းပေးလိုက်ပြီးနောက် သူ၏ခါးကြားမှ မောင်းပြန်ပစ္စတိုသေနတ်တစ်လက် ဆွဲထုတ်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူသည် ပစ္စတိုသေနတ်ပြောင်းကို ဂွတ်ဒွင်၏ဦးခေါင်းနောက်သို့တေ့ကာ တစ်ချက်ပစ်လိုက်သည်။

ဂွတ်ဒွင်ခမျာ မှောက်ထိုးလဲကျသွားစဉ် အနီးကပ်ပစ်လိုက်သော သေနတ်ကျည်ဆန်၏ ယမ်းအားပြင်ထန်မှုကြောင့် ဦးခေါင်းကြေမွကာ မရှုမလှသေဆုံးသွားရှာလေသည်။ လက်နတ်ကိုင်တိုင်းရင်းသားလူမည်းများက ဇနီးဟယ်လင်အား ဖမ်းခေါ်၍ ဂွတ်ဒွင်၏ အလောင်းဘေးနားသို့ ဆွဲခေါ်ကာ ဒူးထောက်ခိုင်းလိုက်သည်။
"မာမီ၊ မာမီ"

သမီးကြီးအဲလစ္စက ထိတ်လန့်တကြားအော်ဟစ်လိုက်စဉ်မှာပင် ဒိုင်းကနဲပစ္စတိုသေနတ်သံတစ်ချက် ထွက်ပေါ်လာပြီး ဟယ်လင်လည်း သေဆုံးသွားလေတော့သည်။ ထို့နောက် သမီးကြီး အဲလစ္စကို လည်း အလားတူ ပစ်သတ်လိုက်ပြန်သည်။

သမီးငယ်ကလေး စတီဖင်နီသည် ရုန်းကန်နေရာ လူမည်းခေါင်းဆောင်က ပစ္စတိုသေနတ်ဒင်ဖြင့် ကလေး၏ ဦးခေါင်းကို ခပ်ပြင်းပြင်း လွှဲရိုက်လိုက်သည်။ ကလေးမလေးသည် သူ့အစ်မ၏ကိုယ်မှ ထွက်ကျလာသော သွေးအိုင်ထဲ လဲကျသွားရှာသည်။ ဤတွင် လူမည်းခေါင်းဆောင်က စတီဖင်နာ၏ နားထင်တည့်တည့်သို့ ပစ္စတိုဖြင့်ပစ်လိုက်လေသည်။ ထို့နောက် သူ၏ လက်ညိုးဖြင့် သွေးများကိုတို့ပြီး အိမ်ဝရန်တာနံရံတွင်

"တွန်ဂါတာအသက်ရာကျော်ရှည်ပါစေ"ဟု ရေးသားလိုက်ပြီးမှ သူ၏လူများကိုခေါ်ကာ ခြံကြီးအတွင်းမှ ထွက်သွားလေသည်။ ယင်းကြေကွဲဖွယ် ဖြစ်ရပ်သတင်းကို ခရိတ်နှင့် ဆယ်လီတို့က ရုပ်မြင်သံကြားမှ ကြားသိလိုက်ရ ခြင်းဖြစ်လေသည်။

ခရိတ်နှင့်ဆယ်လီတို့သည် ရုပ်မြင်သံကြားစက်ရှေ့တွင် ထိုင်ကြည့်နေလေသည်။ ထိုအချိန်၌ ရုပ်မြင်သံကြားစက်မှဇင်ဘာဘွေဝန်ကြီးချုပ်က တိုင်းပြည်သို့ကြေညာသည့်ကြေညာချက်ကိုထုတ်လွှင့်လျက် ရှိရာ ဂွတ်ဒွင်မိသားစု ရက်စက်စွာ သတ်ဖြတ်ခံရခြင်းကိစ္စကို တိုင်းပြည်သို့ ပြောနေလေသည်။

ရုပ်မြင်သံကြားပိတ်ကားပေါ်မှဝန်ကြီးချုပ်၏ရုပ်အသွင်မှာဂွတ်ဒွင်မိသားစုအသတ်ခံရသည့်အတွက် အလွန် ဒေါသထွက်နေသည့် ဟန်မျိုး ဖြစ်နေသည်။

"ကျုပ်အနေနဲ့တိုင်းပြည်ကို အခိုင်အမာကတိပေးပါတယ်။ မာတာဘယ်လို သူပုန်တွေကိုဖြစ်တဲ့နည်းနဲ့ မတွေ့တွေ့အောင် ရှာဖွေပြီး အရေးယူပါမယ်။ သူတို့ကို သုတ်သင်ချေမှုန်းပစ်ပါမယ်။ စစ်တပ်နဲ့ ရဲတပ်ဖွဲ့ကိုလည်း ဒီသူပုန်တွေကို တောနင်းရှာဖို့ အမိန့်ပေးထားလိုက်ပါပြီ။ ဒီလိုရက်စက် ယုတ်မာလူမဆန်တဲ့ အပြုအမူမျိုး ကျူးလွန်ခဲ့တဲ့ မာတာဘယ်လီ တောပုန်းတွေသာမက သူတို့ကို ထောက်ခံအားပေးတဲ့လူတွေကိုပါ ကျုပ်တို့ကတွေ့အောင်ရှာဖွေဖော်ထုတ်ပြီး အရေးယူပါ့မယ်"

ဝန်ကြီးချုပ်က ဤသို့ ပြောလိုက်သည်ကို နားထောင်းရင်း ဆယ်လီက -

"ဒီလိုဆိုတော့လည်း ဒီလူကြီးက မဆိုးလှပါဘူး"ဟု မှတ်ချက်ချလိုက်သည်။

သို့သော် ခရိတ်ကမူ သဘောမတူဟန်ဖြင့် ခေါင်းခါလိုက်သည်။

"သိပ်လည်း ကျေနပ်မနေနဲ့ဦးကွဲ့။ မင်း တစ်ခု သတိပြုဖို့က ဒါအာဖရိကတိုက်ဖြစ်တယ်။ အင်္ဂလန်သို့မဟုတ် အမေရိကန်မဟုတ်ဘူး။ အာဖရိကတိုက်ဆိုတာ မင်းတို့ အင်္ဂလန်၊ အမေရိကန်မှာလိုလည်း အဓိပ္ပယ်ချင်းမတူဘူး။ မင်းတို့ နားလည်တဲ့ အဓိပ္ပာယ်မျိုးမဟုတ်ဘဲ တစ်မျိုးဖြစ်နေတယ်တဲ့" ဤတွင် ဆယ်လီသည် ခရိတ်အား ဝေဖန်သလိုဟန်မျိုးဖြင့် လှမ်းကြည့်လိုက်သည်။

"ရှင်ဟာမာတာဘယ်လီတိုင်းရင်းသားတွေဘက်က လိုလားထောက်ခံသူတစ်ယောက်ဖြစ်တာ ကျွန်မသိပါတယ်။ ဒါပေမဲ့ အခုကိစ္စမှာက ဆယ်လီကပြော၍ စကားမဆုံးသေးမီ ခရိတ်က ကြားဖြတ်ဝင်ပြောလေသည်။
"ဟုတ်တယ်လေ၊ ဒါကို ငါက ဝန်ခံပါတယ်။ ဒီမယ်ဆယ်လီ ငါတို့မိသားစုဟာ မာတာဘယ်လီလူမျိုးတွေနဲ့ အကြာကြီးအတူနေခဲ့ဖူးလို့ သူတို့အကြောင်း ကောင်းကောင်းသိတယ်။ သူတို့ဟာ အမြဲလိုလို မတရားဖိနှိပ်ခံရတယ်၊ ခေါင်းပုံဖြတ်ခံရတယ်။ ငါတို့မျက်နှာဖြူလူမျိုးတွေကို မာတာဘယ်လီတွေက သတ်ခဲ့တာပါပဲ။ သို့သော်လည်း ကြာရှည်ပေါင်းလာတော့ ငါတို့ဟာသူတို့အပေါ် နားလည်မှုရှိလာတဲ့အတွက်လေးစားလာမိပါတယ်။ငါကိုယ်တိုင်ကမာတာဘယ်လီလူမျိုးတွေအပေါ် သံယောဇဉ်ဖြစ်လာမိတယ်။ လက်ရှိ အာဏာရ ရှိနာလူမျိုးတွေကိုတော့ ငါမပြောတတ်ဘူး။ သူတို့က အလွန်လျှို့ဝှက်တယ်၊ ဉာဏ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတာ သိတယ်။ ငှဲ့အနေနဲ့ ရှိနာလူမျိုးတွေရဲ့၊ ဘာသာစကားကို မတတ်တဲ့အတွက် သူတို့ကိုယုံကြည်စိတ်ချမှုမရှိဘူး။ ဒါကြောင့် ငါဟာ ဒီဇင်ဘာဘွေနိုင်ငံကို ပြန်လာတော့ မာတာလီလူမျိုးနေထိုင်တဲ့နယ်မြေလာနေဖို့ ဆုံးဖြတ်လိုက်တာပဲ"

"ဟာ ရှင်ကလည်း မာတာဘယ်လီလူမျိုးတွေကို တကယ့်သူတော်စင် သူတော်ကောင်း ဖြစ်သယောင်ပြောနေပြန်ပါပြီ။ အခု ဂွတ်ဒွင်မိသားစု အသတ်ခံရတာလို ရက်စက်ယုတ်မာတဲ့ လုပ်ရပ်မျိုး မလုပ်နိုင်ဘူးလို့ ဆိုလိုချင်တာလား"

ဆယ်လီက မကျေနပ်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒီလိုမဟုတ်ပါဘူးကွ။ မာတာဘယ်လီလူမျိုးတွေကဟာ တခြားအာဖရိကတိုင်းရင်းသားတွေနည်းတူ ရက်စက်ကြမ်းကြုတ်ပါတယ်။ စစ်မက်တိုက်ခိုက်ခြင်းကိုလည်းအလွန်ဝါသနာပါတယ်။ အတိတ်ကာလတစ်ချိန်တုန်းက မာတာဘယ်လီလူမျိုးတွေဟာ တခြားလူမျိုးအုပ်စုတစ်ခုနဲ့စစ်တိုက်တဲ့အခါ ရန်သူလူမျိုးတွေရဲ့ ကလေးသူငယ်တွေကိုတောင် သတ်ပစ်ခဲ့ဖူးတယ်။ မင်းတစ်ခုနားလည်ထားဖို့ကောင်း

တာက ဒီအာဖရိကတိုက်မှာ ရက်စက်ကြမ်းကြုတ်မှုကို တိုင်းရင်းသားတွေက အမြင်တစ်မျိုးနဲ့မြင်ကြတယ်။ ဒါကိုမင်းက ဒီနိုင်ငံမှာနေမယ်ဆိုရင် နားလည်ထားဖို့သင့်တယ်"

ခရိတ် စကားကို ခေတ္တဖြတ်လျက် ပြုံးလိုက်ပြီးမှ ဆက်ပြောလေသည်။

"ငါ ပြောပြပါမယ်။ တစ်ခါတုန်းက ငါဟာ မာတာဘယ်လီလူမျိုး ပြောက်ကျားစစ်သည်ဟောင်းတစ်ဦးနဲ့ နိုင်ငံရေး အတွေးအခေါ် ဒဿနိကဇေဒအကြောင်း ဆွေးနွေးခဲ့ဖူးတယ်။ ဒီတော့ ငါက ဒီမိုကရေစီစနစ်အကြောင်း ရှင်းလင်းပြောပြတယ်။ သူက ဘာပြန်ပြောလဲသိလား။ ဒီမိုကရေစီစနစ်ဟာ ခင်ဗျားတို့နိုင်ငံမှာလက်တွေ့ကျင့်သုံးလို့ သင့်တော်ပေမယ့်ကျုပ်တို့ အာဖရိကမှာလုံးဝမဖြစ်နိုင်ဘူး။ လက်တွေ့အကောင်အထည်ဖော်လို့မဖြစ်ဘူး။ အဲဒီလိုပြန်ပြောခဲ့တယ်။ ဒါကြောင့် အာဖရိကတိုက်က လူတွေရဲ့အတွေးအခေါ်က တစ်မျိုးဖြစ်တယ်ဆိုတာ မင်းနားလည်ထားဖို့လိုတယ်။ အာဖရိကတိုက်က တိုင်းရင်းသားတွေဟာ လူ့ကျင့်ဝတ်စည်းကမ်းတွေကို သူတို့ဘာသာသတ်မှတ်တယ်၊ လိုက်နာကျင့်သုံးကြတယ်။
ဒါနဲ့ပတ်သက်လို့အခုလာမယ့် ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပဲ မင်းကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်တွေ ကြုံတွေ့ရပြီး နားလည်သဘောပေါက်လာမှာ သေချာတယ်။ ငါပြောတာ မှန်ရမယ့်လို့ မင်းနဲ့ဒေါ်လာငွေဆယ်သိန်းကြေးတောင် လောင်းလိုက်ချင်သေးတယ်။ အင်္ဂလန်နဲ့အမေရိကန်မှာ မကြုံဖူးမတွေ့ဖူးတာတွေ မင်းဇကန်မုချ ကြုံတွေရလိမ့်မယ်။ ဥပမာ ဝန်ကြီးချုပ် မူဂါဘီကရန်သူကို အရေးယူမယ်လို့ပြောတယ်ဆိုရင် မင်းတို့နားလည်ထားတဲ့ တရားဥပဒေအရ ဖမ်းဆီးတရားစွဲဆိုတာမျိုး မဟုတ်ဘူးကွဲ့။ အရေးယူမယ်၊ ချေမှုန်းမယ်ဆိုတာ တကယ့်ကို သုတ်သင်ချေမှုန်းပစ်မယ်လို့ဆိုလိုတယ်။ ဘာကြောင့်လဲဆိုတော့ မူဝါဘီကိုယ်တိုင်က အာဖရိကတိုင်းရင်းသားတစ်ဦး ဖြစ်တဲ့အတွက် သူတို့လူမျိုးတွေ အတွေးအခေါ် အယူအဆနဲ့ ပြောလိုက်တာ ဖြစ်လို့ပဲ"

ယင်းသို့ သူတို့နှစ်ယောက် အချေအတင် ပြောနေကြသည်မှာ ဗုဒ္ဓဟူးနေ့ဖြစ်သည်။ သောကြာနေ့မှာပင် ကင်းလင်းမွေးမြူရေးခြံဒေသ၌ ဈေးနေ့ဖြစ်ရာ ခရိတ်နှင့်ဆယ်လီတို့လည်း ဘူလာဝေသိုမြို့သို့ ဈေးဝယ်သွားရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့သည် နံနက်စောစောအချိန်တွင် ထွက်ခဲ့ကြရာ လင်းရိဗာကားအပြင် မာတာဘယ်လီလူမျိုး အလုပ်သမားတွေပါသော ငါးတန်ကားကြီးတစ်စီးပါ သူတို့နောက်မှ လိုက်ပါစေပြီး မြို့သို့သွားကြလေသည်။

တိုင်းရင်းသားများသည် မြို့သို့ မော်တော်ကားစီးလိုက်ရသည်ကို ပျော်ရွှင်ကျေနပ်လျက် ကားပေါ်တွင် သီချင်းတွေဆိုရင်း လိုက်ပါလာကြလေသည်။ ဘာဘာအင်ဒုနာအရပ်သို့ ရောက်သောအခါ သက်ဆိုင်ရာ လမ်းပိတ်ဆို့တားဆီးစစ်ဆေးသည့် ကင်းဂိတ်တစ်ခု ပြုလုပ်ထားကြောင့် တွေ့ရသည်။ ထိုလမ်းအတိုင်း မောင်းလာသော မော်တော်ယာဉ်အားလုံးကို ရပ်တန့်စစ်ဆေးသည့် ဂိတ်ပင်ဖြစ်သည်။

ခရိတ်သည် ဆယ်လီအား လင်းရိုဗာကားပေါ်တွင် ခေတ္တစောင့်နေစေပြီးနောက် မော်တော်ကားများ တန်းစီရပ်ထားရာနေရာ၏ ရှေ့ဆုံးသို့လျှောက်သွားလေသည်။ လမ်းပိတ်ဆို့ထားသည့်နေရာစက် သေနတ်ကြီးများ တပ်ဆင်ထားသည်ကို တွေ့ရလေသည်။ မလှမ်းမကမ်းတွင်လည်း စက်သေနတ်ငယ်များ ရှိလေသည်။ ဂိတ်မှတားဆီးသည်ကို ရပ်မပေးဘဲမောင်းပြေးသည့် ကားများကို ပစ်ခတ်ဖမ်းဆီးရန် ပြင်ဆင်ထားသည်ဟု ယူဆရပေသည်။

ထို့ပြင်ဂိတ်ပတ်ဝန်းကျင်တွင် သဲအိတ်များစုပုံကာ ကတုတ်(ခံတပ်)တစ်ခုသဖွယ် ဖန်တီးထားသည်ကိုလည်း သတိပြုမိသည်။ ဂိတ်တွင် တာဝန်ချထားသူများအား တတိယထပ်မဟာမှ ဆာဂျင် (တပ်ကြပ်ကြီး) တစ်ဦးက ဦးစီး ကွပ်ကဲလျက် ရှိလေသည်။

"ဟဲလို ဆာဂျင်ကြီး၊ ဘာတွေဖြစ်နေတာလဲဗျ။ ဘာကြောင့် လမ်းပိတ်ထားတာ့လဲ"

ခရိတ်က မေးကြည့်ရာ တပ်ကြပ်ကြီးကလည်း-

"ဒီလမ်းကို ပိတ်ထားတယ် ခင်ဗျ။ စစ်တပ်က မော်တော်ယာဉ်တွေပဲ သွားခွင့်ရှိပါတယ်" ဟု ရည်မွန်းယဉ်ကျေးစွာ ပင် ပြန်ပြောလေသည်။

"ကျုပ်က ဘူလာဝေယိုမြို့ကို သွားဖို့ အရေးကြီးတယ်ဗျ"

"ဝမ်းနည်းပါတယ်ခင်ဗျာ။ ဒီနေ့အဖို့တော့ ဘူလာဝေယိုမြို့ကို မသွားချင်စမ်းပါနဲ့။ ဒီနေ့ဆိုရင်မြို့ကလည်း သွားချင်စရာ မကောင်းပါဘူး"

တပ်ကြပ်ကြီးက ခရိတ်အားသတိပေးသလို ပြောလိုက်ချိန်မှပင် မြို့ဘက်ဆီမှ သေနတ်ပစ်သံသဲ့သဲ့လိုလို ကြားလိုက်ရသည်။ ရုတ်တရက်သော် ပြောက်အိုးဖောက်သံဟုထင်ရသော်လည်း စစ်ပွဲအတွေ့အကြုံရှိသူခရိတ်ကသေနတ်သံအမှန်ဖြစ်ကြောင်းချက်ချင်းရိပ်မိလေသည်။ မောင်းပြန်ရိုင်ဖယ်သေနတ်ပစ်သံဖြစ်သည်ဟုတွက်မိလေသည်။

"လူကြီးမင်း လှည့်ပြီး ပြန်သွားပါ ခင်ဗျာ"

တပ်ကြပ်ကြီးကပြောလိုက်ချိန်တွင် ခရိတ်သည် ငါးတန်ကားပေါ်ပါလာသော မာတာဘယ်လီတိုင်းရင်းသားများအတွက် စိုးရိမ်မိပြီး သူတို့အား ကင်းလင်းမွေမြူရေးခြံသို့ အမြန်ဆုံး ပြန်ပို့မှတော်မည်ဟု စဉ်းစားမိလေသည်။ ထိုကြောင့် သူသည် လင်းရိုဇာကားရှိရာသို့ ခပ်သုတ်သုတ် ပြန်သွားလေသည်။
"ဘာဖြစ်နေတာလဲဟင်"
ဆယ်လီကမေးလျှင် ခရိတ်သည် ချက်ချင်းပြန်မဖြေဘဲ ကားပေါ်တက်၍ စက်နှိုးမောင်းထွက်ရင်း "ငါ စိုးရိမ်မိတဲ့အဖြစ်ဟာ အခုစဖြစ်နေပြီထင်တာပဲ" ဟုသာ ပြန်ပြောလိုက်သည်။ ထိုအချိန်၌ ငါးတန်ကားကြီးသည် နောက်မှခပ်မှန်မှန်လိုက်လာခဲ့ရာ လမ်းပိတ်ဆို့သည့်နေရာသို့ မရောက်သေးချေ။

ခရိတ်က လင်းရိုဇာကားကို ပြန်ကွေ့လျက် လျင်မြန်စွာမောင်းသွားပြီး ငါးတန်ကားကြီးကို လမ်းမှ ဆီးတားလိုက်သည်။ ကားပေါ်မှ မာတာဘယ်လီတိုင်းရင်းသား (ယောကျ်ား၊မိန်းမ)တွေက ပျော်ရွှင်စွာ သီချင်းဆိုလျက်ပင် ရှိသေးသည်။ ထိုကားပေါ်တွင် အဘိုးကြီး ရှာဒရပ်လည်း လိုက်ပါလာသည်။

"ဟေ့....ကားကိုပြန်လှည့်ပြီး ပြန်မောင်းပေတော့။ ဘူလာဝေယိုမြို့မှာ ပြဿနာအကြီးအကျယ်ဖြစ်နေတယ်ကွ။ ခြံထဲကိုပြန်ပြီး မင်းတို့အားလုံး ဘယ်မှမထွက်ဘဲ ခြံထဲမှာပဲနေရမယ်"

ခရိတ်က ညွှန်ကြားလိုက်ရာ အဘိုးကြီး ရှာဒရပ်က ပြန်၍မေးခွန်းထုတ်လေသည်။

"ဘာလဲ ရှိုနာလူမျိုးစစ်သားတွေ ရှိနေလို့လား"

"ဟုတ်တယ် တတိယတပ်မဟာက စစ်သားတွေက ရှိနေတယ်"

"ဟာ.... ဒီခွေးကောင်တွေက တယ်ပြီး ရှုပ်တာပဲကိုး"

အဘိုးကြီး ရှာဒရပ် စက်ဆုပ်ဟန်ဖြင့် ပြောရင်းထွီကနဲတံတွေး ထွေးချလိုက်သည်။

အခန်း(၂၀)

ဇင်ဘာတွေနိုင်ငံ တရားရေးဌာနဝန်ကြီးသည် ရုပ်မြင်သံကြားမှတစ်ဆင့် တိုင်းပြည်သို့မိန့်ခွန်း ပြောနေလေသည်။ ဥရောပတိုက်သားတို့ ဝတ်စားဆင်ယင်နည်းဖြင့် ရုပ်အကျီအဖြူ၊ ကုတ်အကျီအနက်၊ ဘောင်းဘီအနက်ရောင်တို့ကို သပ်ရပ်စွာ ဝတ်ဆင်ထားသော်လည်း မဟူရာရောင် မည်းနက်နေသော

သူ၏အသားအရေတွင် ချွေးပြန်နေလေရာ ရုပ်မြင်သံကြား ကင်မရာတည့်တည့်ကိုကြည့်ပြီး ပြုံးလျက် နေလင့်ကစား တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်းတို့၏ အရိပ်လက္ခဏာများ ပေါ်လွင်မနေပါ။

"..နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များကအပြစ်ကင်းမဲ့တဲ့ပြည်သူတွေ ထောင်ပေါင်းများစွာတို့ကိုသတ်ဖြတ်လိုက်တယ်လို့ စွပ်စွဲနေခြင်းဟာ လုံးဝ အဓိပ္ပါယ်မရှိပါဘူး။ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များနဲ့ မာတာဘယ်လီသူပုန်တွေ တိုက်ပွဲဖြစ်ရာမှ အရပ်သားတစ်ဦးနှစ်ဦး မတော်တဆ သေနတ်ကျည်ဆန် ထိမှန်ခဲ့တာသာ ဖြစ်တယ်။

"အခု သူတို့စွပ်စွဲသလို အပြစ်ကင်းတဲ့ပြည်သူတွေ ထောင်ချီပြီး အသက်ခံခဲ့ရပါတယ်ဆိုရင် အဲဒီသေဆုံးသူတွေရဲ့ အလောင်းတွေဘယ်ရောက်ကုန်သလဲ။ တစ်ယောက်ယောက်က ကျုပ်ကို လူသေအလောင်းတွေပြစမ်းပါလို့ ပြောချင်ပါတယ်။ အခုတော့ ကျုပ် ဘာလောင်းမှ မမြင်ရဘူး။ ဘာမှလည်း မသိရဘူး။ ဒါဟာ ရယ်စရာကောင်းနေပါတယ်"

တရားရေးဌာနဝန်ကြီးက ရယ်စရာလုပ်၍ပြောနေစဉ် ခရိတ်သည်စိတ်ပျက်လာသဖြင့် ရုပ်မြင်သံကြားစက်မှခလုတ်ကို ပိတ်လိုက်လေသည်။

"ဟာရာရေမြို့တော်က ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြားမှလည်း ဒါမျိုးတွေပဲ လာနေမှာပဲ။ စိတ်ပျက်စရာကောင်းလှတယ်"
ဤသို့ပြောရင်း ခရိတ်သည် သူ၏လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက် အနီးရှိဆယ်လီဘက်သို့လှည့်၍-
"အချိန်က ရှစ်နာရီထိုးလုပြီကွဲ့၊ ဘီဘီစီ ဗြိတိသျှအသံလွှင့်ဌာနကြီးက ဘာတွေများလွှင့်နေတယ်ဆိုတာ ကြည့်ကြရအောင်"ဟု ပြောလိုက်သည်။

[ဤနေရာတွင် ဝန်ကြီးချုပ် မစ္စတာစမစ်၏ မျက်နှာဖြူအစိုးရလက်ထက်က ဇင်ဘာတွေနိုင်ငံ အခြေအနေကို အနည်းငယ်ရှင်းပြရန် လိုပေလိမ့်မည်။

ထိုစဉ်က မျက်နှာဖြူအစိုးရသည် တိုင်းရင်းသား ပြည်သူတို့အား သတင်းအမှန်ကို အသိပေးလေ့မရှိ။ သတင်းဟူသမျှ စိစစ်ဖြတ်တောက် ဆင်ဆာလုပ်ပြီးမှ ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိရာ တွေးခေါ်မြော်မြင်တတ်သူအာဖရိကတိုင်းရင်းသားမှန်သမျှကကွမ္ဘာအရပ်ရပ်မှသတင်းများဖမ်းယူနားထောင်နိုင်သော ရေဒီယိုကောင်းကောင်းတစ်လုံးစီ လှို့ဝှက်ထားရှိတတ်ကြသည်။ ယခုလည်း ယင်းအစီအစဉ်သည် အသုံးဝင်နေသေးသဖြင့် ခရိတ်ကရေဒီယိုကောင်းကောင်း တစ်လုံးအသင့်ထား

ရှိခဲ့သည်။
ယခုသူသည် ရေဒီယိုစက်ကိုဖွင့်၍ ဘီဘီစီဗြိတိသျှအသံလွှင့်ဌာနကြီးမှ ထုတ်လွှင့်သည့်လိုင်းကိုလှည့်လိုက်သည်။ ဇင်ဘာတွေနိုင်ငံ၏ နောက်ဆုံးအခြေအနေမှာ မာတာဘယ်လီ တိုင်းရင်းသားတို့နယ်မြေမှ နိုင်ငံခြားသတင်းစာဆရာ၊ သတင်းထောက်အားလုံးကို နှင်ထုတ်ပစ်လိုက်ပြီဟုသိရပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဇင်ဘာတွေနိုင်ငံဆိုင်ရာ ဗြိတိသျှမဟာမင်းကြီး(သံအမတ်ကြီး)က ဗြိတိသျှအစိုးရသဘောထားနှင့်တကွ ဇင်ဘာတွေနိုင်ငံလုံခြုံရေးတပ်ဖွဲ့များက ရက်စက်ကြမ်းကြုတ်စွာနှိပ်စက်သတ်ဖြတ်နေကြပုံသတင်းများကြောင့် စိုးရိမ်မကင်းဖြစ်နေကြောင်းကို ဇင်ဘာတွေဝန်ကြီးချုပ်ထံသို့ သွားရောက်တွေ့ဆုံပြီး တင်ပြအရေးဆိုလိုက်ကြောင်း သတင်းရရှိပါသည်။ ဤသို့ဘီဘီစီမှ အသံလွှင့်ချက်ကို နားထောင်ပြီးနောက် ခရိတ်သည် တောင်အာဖရိကနိုင်ငံရေဒီယိုမှ အသံလွှင့်ချက်များကို ဖမ်းယူနားထောင်ကြည့်ပြန်လေသည်။
"တောင်အာဖရိကနိုင်ငံ မြောက်ဘက်နယ်စပ်သို့ ဇင်ဘာတွေနိုင်ငံမှစစ်ပြေးဒုက္ခသည်တွေ အမြောက်အမြား တဖွဲဖွဲ ရောက်ရှိနေပြီဟု သတင်းရရှိပါသည်။ ဒုက္ခသည်အားလုံးမှာ မာတာဘယ်လီ တိုင်းရင်းသား လူမျိုးများဖြစ်ကြပြီး ဒုက္ခသည် အုပ်စုတစ်ခုမှ လူတစ်ယောက် က ကျေးရွာမှ အပြစ်ကင်းမဲ့သူအရပ်သားများ ရက်စက်စွာ သတ်ဖြတ်ခံရသည်ကို သူကိုယ်တိုင် မြင်ခဲ့ရကြောင်း၊ သတင်းစာဆရာများအား ထုတ်ဖော်ပြောပြခဲ့ပါသည်။

ဇင်ဘာတွေ လုံခြုံရေးတပ်များသည် တွေ့သမျှလူတွေအားလုံး (အမျိုးသမီးနှင့် ကလေးငယ်များပါမကျန်) ရက်စက်စွာသတ်ဖြတ်ရုံမက မွေးမြူရေးသမားတို့၏ ကြက်များ၊ ဆိတ်များကိုပင် သတ်ဖြတ်နေကြပါပြီဟုပြောရင်း ကျုပ်တို့ကို ဇင်ဘာတွေနိုင်ငံ ပြန်မလွတ်ပါနဲ့၊ ပြန်သွားရင် စစ်သားတွေရဲ့အသတ်ခံရမှာသေချာပါတယ်ဟုလည်း ထိုလူက ဆက်လက်ပြောသွားသည်ဟု သတင်းရရှိပါသည်။"
ဤသို့ တောင်အာဖရိကနိုင်ငံ ရေဒီယိုမှ အသံလွှင့်ချက်ကို ခေတ္တနားထောင်ပြီးနောက် ခရိတ်သည် ဗွီအိုအေခေါ် အမေရိကနိုင်ငံ ရေဒီယိုမှ အသံလွှင့်ချက်ကို ဖမ်းယူနားထောင်ကြည့်ပြန်သည်။

".....မာတာဘယ်လီ တိုင်းရင်းသားတို့၏ ဖာပူနိုင်ငံရေးပါတီခေါင်းဆောင်ဖြစ်သူ မစ္စတာနိကိုမိုသည် ဇင်ဘာဘွေနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာပြီး အိမ်နီးချင်း ဘော့ဆွာနာနိုင်ငံသို့ ရောက်ရှိလာပြီဟု သတင်းရရှိကြောင်း။ မစ္စတာ နိကိုမိုက သတင်းထောက်များနှင့် တွေ့ဆုံပြောကြားရာတွင် 'သူတို့က ကျုပ်ရဲ့ယာဉ်မောင်းသူကိုလည်းအသေပစ်သတ်လိုက်ကြတယ်။ ဝန်ကြီးချုပ်မဂါဘီက ကျုပ်ကိုလည်း

အသေသတ်ပစ်ချင်နေတာ သေချာတယ်။ သူက ကျုပ်ကို အပြုတ်သုတ်သင် ရှင်းလင်းဖို့ ကြိုးစား နေပါတယ်'စသည်ဖြင့် ပြောပြခဲ့သည်ဟု သိရကြောင်း။

ဇာပူပါတီမှ အရေးပါသော ခေါင်းဆောင်အားလုံးကို ဝန်ကြီးချုပ်မူဂါဘီ၏အစိုးရက ဖမ်းဆီးချုပ်နှောင် ထားသည့် အခြေအနေတွင် မစ္စတာနိုကိုမိုပါ ထွက်သွားပြန်သောအခါ မာတာဘယ်လီ တိုင်းရင်းသား များအဖို့ ရှေ့မှ မားမားမတ်မတ်ရပ်မည့် ခေါင်းဆောင် လုံးဝ မရှိတော့သလောက် ဖြစ်သွားကြောင်း။ ထိုအတောအတွင်း မူဂါဘီ၏အစိုးရက ဇင်ဘာတွေနိုင်ငံ အနောက်ပိုင်းဒေသမှ သတင်းများကို လုံးဝ မှောင်ချထားလိုက်သည့်အပြင် နိုင်ငံခြားသတင်းထောက်များကိုလည်း နှင်ထုတ်လိုက်ကြောင်း။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းကြီးက အချင်းဖြစ်ရာဒေသသို့ လေ့လာသူများ သွားရောက် လေ့လာခွင့်တောင်းသည်ကိုလည်း အစိုးရကပယ်ချလိုက်ကြောင်း"

ခရိတ်သည် ရေဒီယိုကို ပိတ်လိုက်ပြီး-

"အင်း...ကြားရသမျှ သတင်းတွေက စိတ်ပျက်စရာတွေချည်းပါပဲလား"ဟု ညည်းတွားလိုက်မိလေ သည်။
ထိုနေ့ (တနင်္ဂနေ့)မှာ ဆယ်လီ၏ မွေးနေ့ဖြစ်သည်။ ခရိတ်နှင့် ဆယ်လီတို့သည် နံနက်စာအတူ စားသောက်ကြပြီးနောက် ဆယ်လီအတွက် မွေးနေ့လက်ဆောင် တစ်ခုရယူရန် ကင်းလင်းဘက်သို့ သွားကြလေသည်။ အမှန်တော့ ထိုလက်ဆောင်ကို ခရိတ်က စောစောကပင် ကြိုတင်ဝယ်ယူထားပြီး ကင်းလင်းမွေးမြူရေးခြံ၌ အိုဗာဆီယာ(အလုပ်ကြီးကြပ်သူ)၏ဇနီးထံတွင် ခေတ္တအပ်နှံထားခဲ့ခြင်းဖြစ် သည်။ ရည်ရွယ်ချက်ကား ဆယ်လီအနေဖြင့် ကြိုတင်မသိဘဲ လက်ဆောင်ကိုမြင်သွားသည့်အခါ အံ့သြဝမ်းမြောက်သွားစေရန်ပင် ဖြစ်သည်။

တကယ်လည်း ဆယ်လီသည် ခရိတ်ပေးသော မွေးနေ့လက်ဆောင်ကို မြင်လျှင် "ဟင်...လှလိုက် တာနော်၊ ချစ်စရာကလေး"ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်လိုက်လေသည်။

"အေး...ဟုတ်တယ်၊ အခုဆိုရင် မင်းကို ကင်းလင်းခြံကြီးမှာ ကြာရှည်နေချင်အောင် ဆွဲဆောင်ထား ဖို့ ငှါမှာ အဖော်တစ်ဦး တိုးလာပြီကွဲ့ ဟဲဟဲ"

ခရိတ် က ရယ်သွမ်းသွေး၍ ပြောလိုက်သည်။

ဆယ်လီအတွက် မွေးနေ့လက်ဆောင်အဖြစ် ခရိတ်ကပေးလိုက်သည်မှာ အလွန်လှပချစ်စရာကောင်းသော ပျားရည်အသွေးရှိသည့် ခွေးငယ်ကလေးတစ်ကောင်ပင် ဖြစ်သည်။ ဆယ်လီသည် ခွေးကလေး၏ နာခေါင်းကို အသာနမ်းရှုပ်လိုက်ရာ ခွေးကလေးကလည်း ဆယ်လီ၏ ပါးစပ်ကိုလျှာဖြင့် ပြန်လျက်ပေးလေသည်။

"ဒီခွေးကလေး အမျိုးအစားက ရိုဒီးရှား ခွေးခြေသေ့လို့ ခေါ်တယ်။ အခုတော့ တိုင်းပြည်ရဲ့ နာမည်ပြောင်းလာတော့ ဇင်ဘာတွေ ခွေးခြေသေ့လို့ခေါ်ရမလား မပြောတတ်ဘူး"

ခရိတ် က ရယ်မော၍ ပြောလိုက်သည်။

ခွေးကလေးမှာ အလွန်ဝဖီးလျက် ကျန်းမာသန်စွမ်းပုံ ရလေသည်။

"ဒီမယ် ခွေးကလေးရဲ့ ရှေ့ခြေထောက်နှစ်ချောင်းနဲ့ ခြေသည်းတွေကို ကြည့်ပါဦး။ ကြီးလာရင်တော့ အတော်ကြောက်စရာ ကောင်းမယ့်ပုံပဲနော်။ သြော် ဒါထက် ကျွန်မ ဒီခွေးကလေးကို ဘယ်လို နာမည်ပေးရရင် ကောင်းမလဲ"

"ဒါတော့ တို့နှစ်ယောက် ဝိုင်းစဉ်းစားကြတာပေါ့ကွာ"

ဤသို့ပြောပြီး ခရိတ်သည် ထိုနေ့အဖို့ဆယ်လီ၏ မွေးနေ့ဖြစ်၍ အလုပ်ပိတ်ရက်ဟု သတ်မှတ်လိုက်သည်။ ထို့ပြင် ဆယ်လီနှင့် ပျော်ပွဲစားထွက်မည်ဟုဆိုကာ မလှမ်းမကမ်းရှိ ရေကာတာကြီးအနီးတောစပ်သို့ စားသောက်ဖွယ်ရာများယူ၍ သွားကြလေသည်။ ပျော်ပွဲစား ထွက်ရင်း ခွေးငယ်ကလေးအတွက် နာမည်ပေးရန် စဉ်းစားကြခြင်းပင်ဖြစ်သည်။

လူသူမနီးသောအရပ်ဖြစ်၍ တောဇ၏သဘာဝအလှတို့သည် အထူးပင်သာယာကြည်နူးဖွယ်ကောင်းနေလေသည်။ အဘိုးကြီး ဂျိုးဇက်ကအလိုက်သိစွာ စားစရာ ခြင်းတောင်းထဲတွင် ဝိုင်အရက်တစ်ပုလင်းပါထည့်ပေးလိုက်သဖြင့် နှစ်ယောက်သား ဝိုင်တစ်ခွက်စီသောက်ရင်း ပတ်ဝန်းကျင်၏ လှပသာယာမှုကို ငေးမောကာ အရသာ ခံစားနေမိကြလေသည်။

ခွေးငယ်ကလေးသည်လည်း ပျော်ရွှင်မြူးတူးဟန် ပြေးလွှား ခုန်ပေါက်ကာ ပိုးကောင်၊ နှံကောင်များ ကိုလိုက်ဖမ်းနေလေသည်။ အတန်ကြာမှ မောပန်းသွားလျက် ဆယ်လီ၏ ဘေးနားခင်းထားသော ကော်ဇောပေါ်တွင် လျောင်းအိပ်နေလေသည်။

ချက်ချင်းလိုပင် ခွေးကလေးသည် အိပ်ပျော်သွားရာ ဆယ်လီက-

"ဒီမယ်ရှင့်၊ ခွေးကလေး အိပ်နေရှာတယ်။ သူနိုးလာအောင် ဆူဆူညံညံ မလုပ်ပါနဲ့"ဟု ခပ်တိုးတိုး ပြောလိုက်သည်။ ပျော်ပွဲစားထွက်ရာမှ ပြန်လာသောအခါ လမ်းတွင် ဆယ်လီက-

"ကျွန်မတို့ဒီနေ့တစ်နေ့လုံးစိတ်ညစ်စရာ၊ စိတ်ပျက်စရာအကြောင်းတွေတစ်ခုမှ မပြောမိကြဘူးနော်" ဟု ပြောရာ ခရိတ်ကလည်း ခေါင်းညိတ်လိုက်သည်။

"အေး ဟုတ်တယ်၊ ဒီအတိုင်းပဲ ဆက်နေကြရအောင်၊ စိတ်ညစ်စရာတွေ ဘာမှ မပြောကြစတမ်း"

"ကျွန်မ စိတ်ကူးရပြီရှင့်၊ ခွေးကလေးကို ဘတ်စတာလို့ နာမည်ပေးလိုက်တော့မယ်"

"ဘာကြောင့် ဒီနာမည်ကို ရွေးတာလဲကွဲ့"

"ကျွန်မ ငယ်ငယ်တုန်းက ပထမဆုံးလက်ဆောင်အဖြစ်ရရှိတဲ့ခွေးကလေးကို ဘတ်စတာလို့ နာမည်ပေးခဲ့ဖူးတယ်"
"ဩော် ဒီလိုလား"

သို့နှင့် ခွေးကလေးသည် ထိုအချိန်မှစ၍ ဘတ်စတာဟု နာမည်တွင်သွားလေတော့သည်။

ခရိတ်သည် သေနတ်သံများ ဆူညံစွာထွက်ပေါ်လာသောကြောင့် ရုတ်တရက် အိပ်ရာမှနိုးလာလေသည်။ စစ်ပွဲအတွေ့အကြုံရှိသူဖြစ်၍ သူသည် ချက်ချင်းပင် အိပ်ရာမှထလိုက်သည်။ သေနတ်သံကို မောင်းပြန်ရိုင်ဖယ်သေနတ်သံဖြစ်ပြီး အလွန်နီးကပ်သောနေရာဖြစ်ကြောင်းကိုလည်း ရိပ်မိလေသည်။ သေနတ်သံများသည် ဆက်တိုက်ထွက်ပေါ်လာခြင်းမဟုတ်ဘဲ ပစ်လိုက်၊ ခေတ္တရပ်လိုက်၊ တစ်ဖန် ပြန်ပစ်လိုက်သံမျိုး ဖြစ်သည်ကို ထောက်ခြင်းအားဖြင့် လေ့ကျင့်မှုရှိသူ စစ်သားများ ပစ်ခတ်နေခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

အသံကြားရာ နေရာကို ခန့်မှန်းကြည့်ရာ အလုပ်သမားများအိပ်ရာ သို့မဟုတ် ဝပ်ရှော့ (အလုပ်ရုံ) ဆီမှ ဖြစ်နိုင်သည်ဟု ခန့်မှန်း တွက်ဆမိလေသည်။ ခရိတ်သည် သူ၏ ခြေထောက်အတုကို လျင်မြန်စွာ တပ်ဆင်လိုက်ပြီးနောက် အိပ်ပျော်နေသူ ဆယ်လီအား နှိုးလိုက်သည်။

"ဘာများလဲရှင့်"
ဆယ်လီက အိပ်ချင်မူးတူးဖြစ်လျက် ပြန်မေးလေသည်။

"ရော့ အဝတ်အစား မြန်မြန်ပြန်ဝတ်လိုက်။ ပြီးတော့ ခုတင်ဘေးနားမှာ ဝပ်နေလိုက်ပါ"

ဆယ်လီလည်း ကပျာကယာ အဝတ်အစားများ ကောက်ဝတ်နေစဉ် ခရိတ်သည် အခြေအနေကို စဉ်းစားသုံးသပ်ကြည့်လေသည်။ အိမ်တွင်လက်နက်ဆို၍ မီးဖိုခန်းမှသားလှီးဓားအပြင် ဘာ သေနတ်မှ မရှိချေ။

အိမ်ကို ကာကွယ်ရန် သဲအိတ်များလည်းမရှိ။ စစ်တပ်သဘောနှင့်သုံးသပ်လျှင် ရန်သူတိုက်ခိုက်ခြင်းမှ ကာကွယ်ရန် အကာအရံ အဟန့်အတား (သံဆူးကြိုးကာရံထားခြင်းမျိုး)လည်း မရှိသည့်အပြင် ဆက်သွယ်ရန် ရေဒီယိုဆက်သွယ်ရေး စက်ကိရိယာများပါမရှိသည့် အခြေအနေ ဖြစ်နေပေသည်။

တစ်ချိန်ကဆိုလျှင် ဇင်ဘာတွေ (ရိုဒီးရှား)နိုင်ငံ၌ မျက်နှာဖြူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များသည် မိမိတို့၏အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် အထက်ဖော်ပြပါ လက်နက်ခဲယမ်း၊ ရေဒီယိုဆက်သွယ်ရေးစက်စသည်တို့ အပြည့်အစုံ ရှိခဲ့ကြသည်။ သို့သော် ယခုတော့မူ မိမိမှာ ရန်သူကို ခုခံကာကွယ်ရန် ဘာမျှမရှိ၊ ဗလာနတ္ထိ ဖြစ်နေသည်။

သို့ ဆင်ခြင်သုံးသပ်မိနေစဉ်မှာပင် နောက်ထပ် ရိုင်ဖယ်သေနတ်ပစ်သံတွေ ထွက်ပေါ်လာပြန်သည်။ တစ်ချိန်တည်း မှာပင် အမျိုးသမီးတစ်ဦး ငယ်သံပါအောင် ဟစ်အော်လိုက်သံကို ကြားရပြီး နောက်ချက်ချင်း လိုပင် အမျိုးသမီး၏ အသံ တိတ်သွားသည်။

"ဘာတွေ ဖြစ်နေတာလဲရှင့်၊ အခုပစ်နေတာက ဘယ်သူတွေလဲ။ အစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ သူပုန်တွေလား"

ဆယ်လီက မေးလိုက်ရာ ခရိတ်ကလည်း-

"ငါလည်း မပြောတတ်ဘူး။ ဒါပေမဲ့ ငါတို့က အကျိုးအကြောင်း သိရအောင်ဆိုပြီး ဒီမှာ ငုတ်တုတ်ထိုင်နေလို့ မဖြစ်ဘူး"ဟု ပြန်ပြောလိုက်သည်။

ထိုအချိန်၌ သူ၏ မျက်နှာထားမှာ ကြီးမားသော အန္တရာယ်တစ်ခု ရင်ဆိုင်ရလုဆဲဆဲ လူတစ်ယောက်ကဲ့သို့ တင်းမာလျက် ရှိလေသည်။

ခရိတ်သည် အိမ်ခေါင်မိုးဆီသို့ လှမ်းကြည့်လိုက်မိသည်။ သက်ငယ်မိုးဖြစ်၍ အလွန်မီးလောင်လွယ်ကြောင်း ချက်ချင်းတွေးမိသဖြင့် အန္တရာယ်များလှသော ဤအိမ်အတွင်း ဆက်မနေဘဲ ပြင်ဘက်တောစပ်ထဲသို့ အမြန်ဆုံးသွားရောက်မှ သင့်မည်ဟုလည်း စဉ်းစားမိလေသည်။ အရေးကြီးသည်ကား

ယခု လောလောဆယ်တွင် ပစ်ခတ်နေသူများ မိမိတို့ဘက်သို့ အာရုံမစိုက်အောင် တစ်ခုခု အာရုံပြောင်းအောင် လုပ်ရန်ပင် ဖြစ်သည်။

ဤတွင် ခရိတ်သည် အကြံတစ်ခု ရလာသဖြင့်-

"ဟော့...ဒီမှာပဲ ခဏနေလိုက်ပါ။ အရေးရှိရင် ချက်ချင်း ပြေးနိုင်အောင်လည်း ဖိနပ်အသင့်စီးထား။ ငါ အခုပဲ ပြန်လာခဲ့မယ်"ဟု ဆယ်လီအား ပြောပြီးနောက် လေးဖက်တွားလျက် ပြတင်းပေါက်နားဆီ သို့ သွားလိုက်သည်။ ထို့နောက် အခန်းထဲမ ထွက်၍ အပြင်ဘက် စင်္ကြံသို့ အသာထွက်လိုက်သည်။ တယ်လီဖုန်းဆက်ရန် ကြိုးစားမည်ကြံသော်လည်း ထိုအချိန်၌ (သူထင်သည့်အတိုင်း) တယ်လီဖုန်း ဝိုင်ယာကြိုးများကို တစ်စုံတစ်ယောက်ကဖြတ်တောက်ထားသဖြင့် မည်သို့မှဆက်၍မရချေ။ ခရိတ်သည် ရန်သူသေနတ်သမားများအား အာရုံပြောင်းလွဲအောင် ဘာလုပ်ရပါမည်နည်းဟု စဉ်းစားကြည့်ရင်း မီးအလင်းရောင်ဖြင့် ဖန်တီးရလျှင် ဖြစ်နိုင်လိမ့်မည်ဟု စိတ်ကူးရမိလေသည်။ သူတို့၏ ကိုယ်ပိုင်လျှပ်စစ်အင်ဂျင်မီးစက်ကိုထိန်းချုပ်သော ရီမို့ကွန်ထရိုးခေါ် အဝေးမှထိန်းချုပ်၍ရသည့် ခလုတ်တစ်ခု အိမ်တွင်း၌ထားရှိရာ ခရိတ်သည် ထိုလျှပ်စစ်ခလုတ်ကို နှိပ်လိုက်လေသည်။ ခြံဝင်းတစ်နေရာရှိ လျှပ်စစ်အင်ဂျင်စက်သည် ချက်ချင်းစက်နိုးလာပြီး ခြံကြီးအတွင်းရှိမီးလုံးများ ချက်ချင်းထိန်လင်းလာလေသည်။
ခရိတ်သည် အိမ်တွင်းရှိမီးလုံးများကို ထိန်းချုပ်သောခလုတ်ကို ပိတ်လိုက်ရာ အိမ်အတွင်း မှောင်မိုက်သွားလေသည်။ ပြင်ဘက်ခလုတ်မှမီးလုံးများကိုမူ ဖွင့်ထားလိုက်သည်။ အိမ်၏ နောက်ဖေးဘက်တွင် မှောင်နေရာ ခရိတ်သည် ဆယ်လီနှင့်အတူ နောက်ဖေးဘက်မှ ထွက်ပြေးရန် စိတ်ကူးမိလေသည်။ ယခုအချိန်အထိ သေနတ်သမားများသည် အိမ်ကြီးဆီသို့ ပစ်ခတ်တိုက်ခိုက်ခြင်း မပြုသော်လည်း အချိန်မရွေး အိမ်ဘက်သို့လှည့်လာနိုင်သောကြောင့် အလွန်ပင် အန္တရာယ်နီးကပ်နေကြောင်းကိုလည်း ထည့် စဉ်းစားမိလေသည်။

ခရိတ်သည် မီးဖိုခန်းမှတစ်ဆင့် ပြင်ဘက်သို့ပြေးထွက်ပြီး ခေတ္တရပ်၍ အခြေအနေကို အကဲခတ်ကြည့် လေသည်။ ခြံဝင်းအတွင်းရှိ ပန်းခြံနှင့်မြက်ခင်းပြင်တို့သည် လျှပ်စစ်မီးရောင်တွင် စိမ်းလန်းစိုပြည်နေလျက် လှပနေလေသည်။ ထိုအချိန်၌ သေနတ်ပစ်သံများ ရပ်စဲသွားပြီဖြစ်သော်လည်း အလုပ်သမားများ အိမ်ရာဘက်ဆီမှ မိန်းကလေးတစ်ယောက် ငိုကြွေးနေသံကို ကြားရလေသည်။ ငိုကြွေးနေပုံကလည်း ချစ်ခင်မြတ်နိုး သူတစ်ဦးသေဆုံး၍ ပရိဒေဝမီး တောက်ကာ ငိုကြွေးနေပုံမျိုး ဖြစ်လေသည်။

ခရိတ်သည် ငိုသံကြားရချိန်၌ ကြက်သီးမွေးညင်းများထကာ ကျောချမ်းသွားမိလေသည်။ မွေးမြူရေးခြံကြီး၏ အနေအထားကကုန်းမြင့်တွင် တည်ရှိလေရာ ရန်သူသေနတ်သမားများသည် မလွဲမသွေကုန်းမြင့်မြေဆီသို့ တက်လိမ့်မည်ဟု ခရိတ်က တွက်မိလေသည်။ ထို့ကြောင့် အိမ်ထဲပြန်ဝင်၍ ဆယ်လီအား အမြန်ဆုံးခေါ်ထုတ်မှဖြစ်ချေတော့မည်ဟု တွေးနေစဉ်မှာပင် ခြံဝင်းတစ်နေရာမှ လျှပ်စစ်မီးရောင်၏ ပြင်ဘက်မှောင်ရိပ်အစပ်၌ လှုပ်ရှားမှုလိုလို သတိပြုမိလေသည်။ လူတစ်ယောက်၏ လှုပ်ရှားမှုဖြစ်၍ မည်သူမည်ဝါဖြစ်ကြောင်း သိချင်လာသည်။

မိမိအား လာရောက်တိုက်ခိုက်သူများသည် မည်သူမည်ဝါတွေဖြစ်ကြောင်း သိရပါက မိမိတို့ဘက်မှ တစ်ပန်းသာလိမ့်မည်ဟု တွက်မိသောကြောင့်ပင် ဖြစ်သည်။ စောစောက မြင်လိုက်ရသော လှုပ်ရှားမှုသည် လူတစ်ယောက်ပြေးလာနေခြင်းဖြစ်ကြောင်း သဲကွဲစွာမြင်ရပြီဖြစ်သောအခါ ထိုလူသည်အိမ်ကြီးဘက်ဆီသို့ပြေးလာနေခြင်းဖြစ်သည့် အာဖရိကတိုင်းရင်းသား လူမည်းတစ်ဦးဖြစ်ပြီး အဝတ်အစားဆို၍ ခါးတွင် ပိတ်စတစ်ခုသာ ပတ်ထားလေသည်။

သေချာစွာကြည့်လိုက်သောအခါ ပြေးလာနေခြင်းမဟုတ်ဘဲ အရက်မူးနေသူတစ်ယောက်ကဲ့သို့ ဒယီးဒယိုင်လာနေခြင်းသာဖြစ်ကြောင်း သတိပြုမိလေသည်။ သူ၏ ခန္ဓာကိုယ်တွင်လည်း ဒေါသအလိမ်းလိမ်း ဖြစ်နေသည်။ ဒေါသတွေယိုစီးလျက် အိမ်ဘက်သို့ ကြိုးစားလာနေခြင်း ဖြစ်သည်။

တဖြည်းဖြည်း နီးလာသောအခါ ထိုလူမည်းမှာ အခြားမဟုတ်။ မိမိတို့၏ လူအဘိုးကြီး ရှာဒရပ်ပင် ဖြစ်နေကြောင်းသိရလေရာ ခရိတ်သည် အံ့သြတုန်လှုပ် သွားမိလေသည်။ သူသည် လျင်မြန်စွာပြေး၍ အဘိုးကြီးအားကူညီရန် ဆုံးဖြတ်လိုက်ပြီး ဝရန်တာပြင်ဘက်သို့လွှားကနဲ ခုန်ကျော်ဆင်းသွားလေသည်။ ထိုအချိန်၌ အဘိုးကြီးရှာဒရပ်သည် ဆက်လက်၍ရပ်မနေနိုင်တော့ဘဲ လဲကျသွားတော့မည့် ဆဲဆဲ ဖြစ်နေလေပြီ။

ခရိတ်လည်း အဘိုးကြီးအား အချိန်မီ ကြိုတင်ပွေ့ထားလိုက်ရသည်။ ထို့နောက် ဝရန်တာ ကြမ်းပြင်တစ်နေရာသို့ ထမ်းသယ်သွားပြီး အဘိုးကြီး၏ အခြေအနေကို စစ်ဆေးကြည့်ရှုလေသည်။ ရှာဒရပ် ၏ လက်မောင်းအပေါ်ပိုင်း တံတောင်ဆစ်အထက်နားတွင် ကျည်ဆန်တစ်ချက်ထိမှန်ပြီး အရိုးပါကြေသွားသည်ကို တွေ့ရလေသည်။

"သူတို့ သူတို့လာနေကြပြီ၊ မောင်ရင်တို့ ပြေးမှဖြစ်မယ်။ သူတို့ဟာ ကျုပ်တို့ လူမျိုးတွေကို လိုက်သတ်နေတယ်။ မောင်ရင့်ကိုလည်း သတ်မှာပဲ"

အဘိုးကြီးရှာဒရပ်သည် ဒဏ်ရာကြောင့် ပြင်းစွာဝေဒနာခံစားနေရသည့်ကြားမှာပင် ကြိုးစားပြီးပြောရှာလေသည်။ ခရိတ်ကမူ အန္တရာယ်ကိုဂရုမစိုက်နိုင်ဘဲ အဘိုးကြီး၏ဒဏ်ရာကိုသာ အရေးတကြီး ပြုစုရန် စိတ်ကူးလျက် အဝတ်တစ်ခုဖြင့် ဒဏ်ရာကိုဝတ်ပေးလိုက်သည်။

"မောင်ရင်လေး၊ မောင်ရင်လေး အမြန်ပြေးပါ။ ပြေးမှပဲ ဖြစ်မယ်"

အဘိုးကြီးကထပ်ပြောပြီး ရုတ်တရက်လျင်မြန်စွာထပြီး လျှပ်စစ်မီးရောင်များကိုရှောင်ကာ မှောင်ရိပ်အတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။ အဘိုးကြီး ရှာဒရပ်၏လှုပ်ရှားမှုက လျင်မြန်လွန်းလှသဖြင့် ခရိတ်အံ့အားသင့်ပြီး ရုတ်တရက် ကြောင်နေမိလေသည်။ သူ၏စိတ်ထဲတွင်ကား အဘိုးကြီးရှာဒရပ်သည် ငါ့ကို သတိပေးရအောင် သူ့အသက်စွန့်ပြီး လာပြောရှာတာပဲဟု သိနေလေသည်။

ထို့နောက် ပြင်ဘက်တွင်ကြာရှည်နေပါက အန္တရာယ်ရှိကြောင်းတွေးမိသဖြင့် အိမ်တွင်းသို့လျင်မြန်စွာ ပြန်ပြေးဝင်သွားလိုက်သည်။ အခန်းတွင်းသို့ ပြန်ရောက်သောအခါ ဆယ်လီသည် ခရိတ်မှာထားခဲ့သည့်အတိုင်း ပြတင်းပေါက်အနီးတွင် ဒူးထောက်လျက် ထိုင်နေသည်ကို တွေ့ရလေသည်။သူမသည် တီရုပ်တစ်ထည်နှင့် ဘောင်းဘီဝတ်ထားပြီး ခြေထောက်တွင်လည်း အားကစားဖိနပ်တစ်ရန် စီးထားသဖြင့် ခရိတ်က ကျေနပ်သဘောကျသွားမိသည်။

"အေး...ဟုတ်ပြီ၊ ဒီလိုမှပေါ့ကွ။ ကိုင်း...လာ တို့သွားကြစို့"

"ကျွန်မရဲ့ ခွေးကလေး ဘတ်စတာကို မခေါ်တော့ဘူးလားရှင့်"

ဆယ်လီက မွေးနေ့လက်ဆောင်အဖြစ် ရရှိထားသော သူမ၏ခွေးကလေးကို သံယောဇဉ်ဖြစ်နေ၍ ပြောလိုက်သော်လည်း ခရိတ်ကမူ လက်ခံချင်ပုံမရချေ။

"ဟာ...အရေးထဲမှာ မင်းကလည်း"

"ခွေးကလေး ဘတ်စတာကို ထားပစ်ခဲ့လို့ ဘယ်ဖြစ်မလဲရှင့်"

ဆယ်လီက ခေါင်းမာစွာဖြင့် ပြန်ပြောလိုက်သည်။ သူမ၏ မျက်နှာအမူအရာကလည်း အလျှော့ပေးမည့်ပုံမျိုး မဟုတ်သဖြင့် ခရိတ်သည် မည်သို့မှ မတတ်နိုင်တော့ချေ။

"ကဲပါကွာ မင်းက ဒီခွေးကလေးကို ဒီလောက်တောင် သံယောဇဉ်ဖြစ်နေရင် ငါကိုယ်တိုင် ဘတ်စတာ ကို ပွေ့ချီပြီး ခေါ်သွားပါ့မယ်"

ဤသို့ပြောပြီးနောက် ခရိတ်သည် ပြတင်းပေါက်မှ မသိမသာ ခေါင်းပြု၍ ပြင်ဘက်သို့ ကြည့်လိုက်သည်။ ကြည့်နေရင်း ခပ်လှမ်းလှမ်းတွင် လက်နက်ကိုင်တပ်သားများ စနစ်တကျ ချီတက်လာသည်ကို မြင်ရလေရာ ခရိတ်သည် ဘဝင်ကျသွားဟန်ဖြင့် သက်ပြင်းချလိုက်မိသည်။ ထို့ကြောင့် ဆယ်လီဘက် သို့ လှည့်၍-

"တော်သေးတယ်ကွဲ့၊ အခြေအနေက စိုးရိမ်စရာ မရှိတော့ဘူး"ဟု ခပ်တိုးတိုး ပြောလိုက်သည်။

"ဟင်...ဟုတ်လား၊ ဘယ်လိုဖြစ်လို့လဲ"

"အစိုးရဘက်က လုံခြုံရေးတပ်တွေ ရောက်လာပြီ"

ဤသို့ပြောရင်း ခရိတ်သည် စစ်သားများ၏ဦးထုပ်မှတံဆိပ်ကိုမြင်၍ မှတ်မိသဖြင့်-

"လက်ရွေးစင်တပ်ဖြစ်တဲ့ တတိယတပ်မဟာက စစ်သားတွေ ရောက်လာကြပြီ။ ငါတို့ ဘာမှစိုးရိမ်စရာမရှိတော့ဘူး"ဟုဆက်ပြောလိုက်သည်။ သူတို့နှစ်ယောက်စလုံးသည်စစ်သည်များအားခရီးဦးကြိုပြုရန် ဝရန်တာပြင်ဘက်သို့ ထွက်လိုက်ကြသည်။ ဆယ်လီသည် သူ့အချစ်တော် ခွေးကလေး ဘတ်စတာကို ပွေ့ထားလေသည်။ လက်နက်ကိုင်တပ်များကိုရှေ့ဆောင်၍ ချီတက်လာသူမှာ တပ်ကြပ်ကြီးတစ်ဦးဖြစ်ရာ ခရိတ်က ဆီးကြို၍ နှုတ်ဆက်လေသည်။

"ဆာဂျင်ကြီးခင်ဗျား၊ ခင်ဗျားတို့တပ် ရောက်လာတာကို အလွန် ဝမ်းသာမိပါတယ်"

သို့ရာတွင် တပ်ကြပ်ကြီးက မျက်နှာထား ခပ်တည်တည်နှင့်-

"ခင်ဗျားတို့ နှစ်ယောက်စလုံး အိမ်ထဲဝင်လိုက်ပါ"ဟု ပြောလေသည်။ သူ၏ မောင်းပြန်သေနတ်နှင့် အိမ်တွင်းသို့ ညွှန်ပြလိုက်ပုံကလည်း ခြိမ်းခြောက် အမိန့်ပေးသလို ဖြစ်နေသောကြောင့် ခရိတ်သည် အံ့အားသင့် သွားမိသည်။ စောစောက သူထင်သလို ဝမ်းသာစရာမဟုတ်ဘဲ ပြဿနာတစ်ခုခုရှိနေပြီဟုလည်း စိတ်ထဲမှ စိုးရိမ်မိလေသည်။ ထိုအတောအတွင်း တတိယတပ်မဟာမှ လက်နက်ကိုင် စစ်သည်များသည် အိမ်ပတ်ပတ်လည်ကို ဝိုင်းထားလိုက်သည်။ မကြာမီ အိမ်နောက်ဖေးဘက်ဆီမှ ပြတင်းပေါက်ရိုက်ခွဲသံ ကြားလိုက်ရပြန်သည်။ စစ်သားများက အိမ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်ရှာဖွေမည့်ပုံမျိုး ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲဗျ၊ အခု ဘာလုပ်နေတာလဲ"

ခရိတ်က ဒေါသထွက်လာလျက် တပ်ကြပ်ကြီးအား မေးလိုက်သည်။ သို့သော် တပ်ကြပ်ကြီးသည် ဘာမှပြန်မပြောဘဲ ခရိတ်တို့အားအိမ်ထဲဝင်ရန်သာ ရိုင်ဖယ်သေနတ်ဖြင့် ညွှန်ပြလေသည်။ ခရိတ်နှင့် ဆယ်လီတို့သည်မတတ်သာဘဲ အိမ်ထဲသို့ ပြန်ဝင်လိုက်ကြရသည်။ ခရိတ်က ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် ဆယ်လီ၏ပခုံးကို ယုယစွာဖက်ထားလေသည်။

အိမ်ရှေ့တံခါးမှ လက်နက်ကိုင်တပ်သားနှစ်ဦး ဝင်ရောက်လာပြီး တပ်ကြပ်ကြီးအား သတင်းပို့အစီရင်ခံလေသည်။ ရှိုနာဘာသာစကားဖြင့် ပြောနေသဖြင့် ခရိတ်က ဘာပြောနေမှန်း မသိရချေ။ တပ်ကြပ်ကြီးက ခေါင်းညိတ်ပြီး ရှိုနာဘာသာဖြင့် တစ်စုံတစ်ခု အမိန့်ပေးလိုက်ရာ တပ်သားနှစ်ဦး လူချင်းခွဲ၍ အခန်းလယ်ရှိ ခရိတ်နှင့်ဆယ်လီတို့အား မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် ချိန်လိုက်ကြသည်။

"မီးခလုတ်တွေက ဘယ်မှာ ရှိသလဲ"

တပ်ကြပ်ကြီးကမေးသဖြင့် ခရိတ်က မီးခလုတ်ထားရှိရာနေရာကို ညွှန်ပြလိုက်ရသည်။ တပ်ကြပ်ကြီးသည် မီးခလုတ်ရှိရာသို့လျှောက်သွားပြီး ဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းထိန်သွားလေသည်။

"ဘာတွေ ဖြစ်နေတာလဲဗျ။ အခု ခင်ဗျားတို့က ဘာလာလုပ်တာလဲ"

ခရိတ်က ဒေါသထွက်လျက် ထပ်ပြီးမေးလိုက်သည်။ သူ၏ စိတ်ထဲတွင်မူ အန္တရာယ်ရှိနေပြီဟုသိလျက် ဆယ်လီအတွက် စိုးရိမ်မကင်းဖြစ်စေ ပြုနေလေပြီ။ တပ်ကြပ်ကြီးသည် ခရိတ်၏မေးခွန်းကို လျစ်လျူရှုကာ တံခါးဝဆီသို့လျှောက်သွားပြီး ရှိုနာဘာသာဖြင့် တစ်စုံတစ်ခု အော်ပြောလိုက်ရာ စစ်သားတစ်ဦး လျင်မြန်စွာ ပြေးလာလေသည်။ ထိုစစ်သားသည် ခရီးဆောင် ရေဒီယို အသံလွှင့်စက်တစ်လုံးကို ကျောတွင် လွယ်ပိုးထားသည်။ တံခါးဝသို့ ရောက်သောအခါ တပ်ကြပ်ကြီးက ယင်းရေဒီယိုစက်မှ စကားပြောခွက်ကိုယူ၍ ရှိုနာဘာသာဖြင့် တစ်စုံတစ်ရာ ပြောလေသည်။ စကားပြောပြီးတော့မှ ရေဒီယိုစက်ကိုပိတ်၍ အခန်းတွင်းသို့ ပြန်ဝင်လာလေသည်။

ထို့နောက် မည်သူမှဘာမှမပြောဘဲ ငြိမ်သက်စွာစောင့်နေကြလေသည်။ ဘာမှန်းမသိရဘဲ မရေမရာအခြေအနေမျိုးနှင့် စောင့်နေရသဖြင့် ခရိတ်မှာ စိတ်ထဲ မကျေမချမ်း ဖြစ်နေမိလေသည်။ တိတ်ဆိတ်ငြိမ်သက်စွာ စောင့်နေရသည်မှာလည်း အလွန်ကြာလှသည်ဟု ထင်မိသည်။ သို့သော် တကယ်တော့ မကြာပါချေ။ ငါးမိနစ်ခန့်အကြာတွင် တပ်ကြပ်ကြီးသည် ခေါင်းထောင်၍ တစ်စုံတစ်ရာကို နားစွင့်

ထောင်နေလေသည်။ ခရိတ်လည်း ဂရုစိုက်၍နားစွင့်ထောင်လိုက်ရာ အင်ဂျင်စက်သံဖြစ်ကြောင်း ရိပ်မိသည့်ပြင် လျှပ်စစ်မီးစက်သံနှင့်အတူ လင်းရိုဗာကားတစ်စီး၏စက်သံဖြစ်သည်ဟု ခန့်မှန်းမိလေသည်။ ထင်သည့်အတိုင်း လင်းရိုဗာကားတစ်စီး၏ ရှေ့မီးလုံးကြီးများဖွင့်လျက် မောင်းဝင်လာသည်။ ထို့နောက် ကားပေါ်မှလူတစ်စု ဆင်းလာလေသည်။ ထိုလူများမှာ တတိယတပ်မဟာမှ လက်နက်ကိုင်စစ်သည်များပင်ဖြစ်ပြီး သူတို့အား ရှေ့ဆောင်လာသူမှာ ဝန်ကြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာပင် ဖြစ်သည်။ သူ၏ နောက်တွင် ကပ်လျက်လိုက်ပါလာသူကား ကက်ပတိန် ဗိုလ်ကြီးနီဘောဘီပင် ဖြစ်လေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ယူနီဖောင်းဝတ်စုံ ဝတ်ဆင်လာပြီး ဦးခေါင်းတွင်လည်း တတိယတပ်မဟာ၏ အမှတ်တံဆိပ်ပါရှိသော ဦးထုပ်ပျော့တစ်လုံး ဆောင်းထားသည်။ လက်နက်အနေဖြင့် ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူး သေနတ်မှလွဲ၍ သူကိုင်နေကျ လက်ကိုင်တုတ်ကို တစ်ချောင်းသာ ပါလာ လေသည်။ ကက်ပတိန် နီဘောဘီကတော့ မရှင်းပစ္စတိုလ် မောင်းပြန်သေနတ်တစ်လက် ပခုံးတွင် လွယ်ထား လေသည်။

ခရိတ်သည် ဖွန်ဂါဘီရာကိုမြင်လျှင် ယခုမှ စိတ်အေးရတော့သည်ဟု ယူဆကာ-

"ဒီမယ် ဗိုလ်ချုပ် ကြည့်လုပ်ပါဦးဗျာ။ ကျုပ်ရဲ့ အလုပ်သမားတွေ သတ်ဖြတ်ခံနေရတယ်။ ကျုပ်တို့ဆီက အလုပ်သမား ခေါင်းဆောင် အဘိုးကြီးလည်း ပြင်ဘက်မှာ ဒဏ်ရာရနေတယ်"ဟု ပြောလိုက်သည်။
"ဟုတ်တယ်၊ ရန်သူဘက်က ထိခိုက်မှု တော်တော်များပါတယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ခပ်တည်တည် ပြန်ပြောလိုက်သဖြင့် ခရိတ်သည် အထူးပင် အံ့အားသင့်မိလေ သည်။

"ဟင်...ရန်သူ ဟုတ်လား၊ ဘယ်က ရန်သူလည်းဗျ"

"ရန်သူဆိုတာ မာတာဘယ်လီလူမျိုး သူပုန်တွေပဲ"

"ဟာ...မဟုတ်သေးပါဘူး၊ ကျုပ်ရဲ့အလုပ်သမားခေါင်းဆောင် အဘိုးကြီး ရှာဒရပ်ဟာ သူပုန်မှမဟုတ်ဘဲ။ သူက ရိုးရိုးမွေးမြူရေး လုပ်ငန်းက လုပ်သားကြီးတစ်ယောက်သာ ဖြစ်တယ်။ နိုင်ငံရေးကိုလည်း လုံးဝ စိတ်ဝင်စားတာ မဟုတ်ဘူး"

"ဒါက ခင်ဗျားထင်တာကိုပြောနေတာကိုး။ ဒီနိုင်ငံမှာက အခြေအနေဟာမကြာခဏ ထင်သလိုမဟုတ်တာတွေ ဖြစ်နေတတ်တယ်"

ပြောရင်းနှင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် တစ်နေရာရှိစားပွဲအနီးသို့လျှောက်သွားရာ ကက်ပတိန်ဘောဘီက စားပွဲပေါ်တွင် မြေပုံကြီးတစ်ခုကို ဖြန့်ချထားလိုက်သည်။

"နေစမ်းပါဦးဗျ၊ ဘာတွေဖြစ်နေတယ်ဆိုတာ ကျုပ်ကိုပြောပြဦးမှပေါ့။ ကျုပ်ရဲ့ မွေးမြူရေးခြံက အလုပ်သမား တချို့ သတ်ဖြတ်ခံရတယ်။ လူဘယ်လောက်များများ ဆိုတာတောင် မသိရသေးဘူး။ ခင်ဗျားတို့က အဲဒီလူသတ်သမားတွေနောက်ကိုလိုက်ပြီး အရေးယူပါတော့လား"

ခရိတ်က မကျေမချမ်းဟန်နှင့် ပြောလိုက်သော်လည်း ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် မျက်နှာထားတင်းတင်း နှင့် ပြန်ကြည့်လိုက်သည်။

"ပစ်ကြခတ်ကြတဲ့ကိစ္စဟာ ပြီးဆုံးသွားပါပြီ။ ခင်ဗျားက ဒီကိုလိုနီခေတ်ပုံစံ မွေးမြူရေးခြံထဲမှာ အားပေးမွေးမြူထားတဲ့ နိုင်ငံ့သစ္စာဖောက်တစ်စုကို ကျုပ်တို့က သုတ်သင်ရှင်းလင်းလိုက်ပြီ"

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ။ အတည်ပြောနေတာမှ ဟုတ်ရဲ့လား"

"ဩော်...ခင်ဗျားက ကျုပ်ဟာ အတည်ပြောနေတာမှ မဟုတ်လို့ ရယ်စရာသဘော ပြောနေတယ် ထင်နေ သလား"

ဖွန်ဂါဘီရာက သရော်သလိုပြုံး၍ ပြောလိုက်ပြီးနောက် ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသော ဆယ်လီဇ၏ ခွေးငယ်ကလေး ဘတ်စတာကို ကောက်ယူလိုက်သည်။

"ကျုပ်က ဘယ်လောက် လေးလေးနက်နက် ပြောနေတယ်ဆိုတာ ခင်ဗျားသိရအောင် လက်တွေ့ပြရ သေးတာပေါ့"

ပြောပြောဆိုဆို ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ခွေးကလေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ခွေးကလေးမှာ အိပ်ချင်မူးတူးဖြစ်နေသေးပုံရလျက် ဟစ်အော်ညည်းညူနေစဉ် ဖွန်ဂါဘီရာက သူ၏ ဘွတ်ဖိနပ်ဖြင့် ခွေးကလေး၏ကိုယ်ပေါ်သို့ တက်နင်းကာ ကိုယ်အလေးချိန်နှင့် တအားဖိချနင်း သတ်လိုက်လေသည်။

ထိုအချိန်တွင် ဖွန်ဂါဘီရာသည် စောစောကလို ပြုံးမနေတော့ဘဲ မျက်နှာထားက သိသိသာသာ ခက်ထန် လာလေသည်။

"ခင်ဗျားတို့ရဲ့ အသက်ကိုလည်း ဒီခွေးကလေးလောက်ပဲ ကျုပ်က တန်ဖိုးထားတယ်ဆိုတာ နားလည်ပြီလား"
ဆယ်လီခမျာမှာ ခွေးကလေး မရှုမလှသေဆုံးသွားရရှာသည်ကိုမြင်ပြီး ယူကျုံးမရဖြစ်လျက် မျက်နှာကို လက်ဖြင့် အုပ်ထားကာ ငိုရှိုက်နေလေသည်။ ထို့နောက် ခရိတ်၏ ရင်ခွင်သို့ပြေးဝင်ကာ ဆက်လက် ငိုနေရှာသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သေနေသော ခွေးကလေးကို ခြေထောက်ဖြင့် ကန်ကျောက်ဖယ်ရှားပစ်လိုက်ပြီးနောက် စားပွဲတွင်ထိုင်၍ သူ၏ လက်ကိုင်အိတ်အတွင်းမှ စာရွက်စာတမ်းများကို ထုတ်ယူကာ စားပွဲပေါ် ဖြန့်ချလိုက်သည်။ ထို့နောက် ခရိတ်အား ကဲ့ရဲ့ရွှတ်ချသော ဟန်မျိုးဖြင့် ကြည့်လိုက်သည်။
"မစ္စတာခရိတ် ခင်ဗျားဟာ အမေရိကန် ထောက်လှမ်းရေး စီအိုင်အေရဲ့ ဇျင်း (သူလျှို)တစ်ဦး အဖြစ် လျှို့ဝှက် တာဝန်ယူနေသူ ဖြစ်တယ်"

အစိုးရရှေ့နေက တရားခံအား စွဲချက်တင်သလို ပုံမျိုးဖြင့် ဖွန်ဂါဘီရာက စာရွက်များကိုကြည့်ရင်း စတင်ပြောရာ ခရိတ်သည် ထောင်းကနဲ ဒေါသထွက်လာပြီး-

"ဘယ် က ဟုတ်ရမှာလဲ၊ ဒါ မတရားစွပ်စွဲတာပဲ"ဟု အော်ပြောလိုက်သည်။

သို့သော် ဗိုလ်ချုပ်ဖွန်ဂါဘီရာက လုံးဝဂရုမစိုက်ဘဲ ဆက်ပြောလေသည်။

"ခင်ဗျားကို သူလျှိုအဖြစ် တာဝန်ပေးပြီး ကြီးကြပ်ချုပ်ကိုင်သူက ဒေသခံအရာရှိအဖြစ် အမေရိကန် သံရုံးကမော်ဂင်ဆိုသူကဆောင်ရွက်တယ်။ ဗဟိုအဆင့်အနေနဲ့ခင်ဗျားကို ချုပ်ကိုင်သူကတော့ မစ္စတာ ဟင်နရီ ဆိုသူဖြစ်တယ်။ ဒီလူက နယူးယောက်မြို့မှာ ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပေမယ့် တကယ်တော့သူဟာ ကမ္ဘာ့ဘဏ်ဝန်ထမ်းအစစ် မဟုတ်ဘူး။ စီအိုင်အေက ထောက်လှမ်းရေးအရာရှိတစ်ဦးအနေနဲ့ (တစ်ခါတစ်ရံ သံတမန်ဝန်ထမ်းဟန်ဆောင် လူပ်ရှားသလို) ကမ္ဘာ့ဘဏ်မှာ ဝင်လုပ်နေခြင်းသာ ဖြစ်တယ်။ ဒီလူကပဲခင်ဗျားနဲ့တကွ မစ္စဆယ်လီကို သူတို့အတွက် သူလျှိုလုပ်ဖို့ စည်းရုံး သိမ်းသွင်းခဲ့တယ်"

"ဒါတွေ တစ်ခုမှ မမှန်ဘူး"

"ဒီလို စီအိုင်အေ ထောက်လှမ်းရေးသူလျှိုလုပ်ပေးတဲ့အတွက် ခင်ဗျားအနေနဲ့ တစ်နှစ်ကိုဒေါ်လာငွေ ခြောက်သောင်းရရှိတယ်။ ခင်ဗျားရဲ့တာဝန်က ဇင်ဘာတွေနိုင်ငံကမာတာဘယ်လီ တိုင်းရင်းသား တွေ နေထိုင်တဲ့နယ်မြေမှာ လျှို့ဝှက်အခြေစိုက်စခန်းတစ်ခု တည်ထောင်စည်းရုံးဖို့ဖြစ်တယ်။ ဒါ အတွက် ကုန်ကျစရိတ်အားလုံးကိုလည်း စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကကျခံတယ်။ သို့သော် လည်း ငွေထုတ်ပေးပုံကပိပိရိရိရှိပြီး ဘယ်လိုမှသံသယမရှိနိုင်အောင် ကမ္ဘာဘဏ်က ခင်ဗျားကို အသုံး စရိတ် ထုတ်ပေးထားတာ ဒေါ်လာငွေ သိန်းငါးဆယ် ဖြစ်တယ်"

"ဒါတွေ အားလုံး မမှန်ဘူးဆိုတာ ခင်ဗျားကိုယ်တိုင် သိသားပဲ"

ခရိတ်က ပြောလိုက်သည်ကို ဗိုလ်ချုပ် ဖွန်ဂါဘီရာက လျစ်လျူရှု၍-

"အခုကျုပ်ကခင်ဗျားကို ဆက်လက်စစ်ဆေးမေးမြန်းတဲ့အခါ ခင်ဗျားကကျုပ်ကို မိတ်ဆွေတစ်ယောက် လို မသတ်မှတ်ဘဲ ဗိုလ်ချုပ်ဖွန်ဂါဘီရာလို့ လေးလေးစားစား ခေါ်ရမယ်"ဟု ခပ်တည်တည်ပြောလေ သည်။
ထိုအခိုက် အပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် ခရိတ်လည်း လှမ်းကြည့်လိုက်ရာ စစ် တပ်သုံး ကုန်တင် (ထရပ်)ကားများ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

စစ်သားများအား ရှိုနာဘာသာဖြင့် အမိန့်ပေးသံများကိုလည်း ကြားရသည့်ပြင် စစ်သားတချို့က ကုန်ပစ္စည်းထည့်သည့် သေတ္တာကြီးများကို ကားပေါ်မှချ၍ အိမ်ဝရန်တာသို့ သယ်ယူနေကြသည် ကိုလည်း သတိပြုမိလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် တစ်စုံတစ်ခု မေးသည့်ဟန်ဖြင့် ကက်ပတိန် နီဘောဘီအား လှမ်းကြည့် လိုက်သည်။ ကက်ပတိန် နီဘောဘီကလည်း သူ ဗိုလ်ချုပ်၏ မေးခွန်းကို ဖြေကြားသည့်အနေဖြင့် ခေါင်းညိတ် လိုက်သည်။ သည်တော့ မှ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ် ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့ဆက်ပြီး စစ်ဆေးမေးမြန်းကြမယ်။ ခင်ဗျားဟာ မာတာဘယ်လီ တိုင်းရင်း ဘာသာစကားကို ကျွမ်းကျင်တဲ့လူတစ်ယောက်ဖြစ်တဲ့အပြင် သူတို့လူမျိုးတွေရဲ့ ပင်ကိုစရိုက်တွေခေါ် ယူဆပုံများကိုလည်း နားလည်သူဖြစ်တယ်။ ဒီအချက်ကို အသုံးချပြီး ခင်ဗျားဟာ မာတာဘယ်လီ တိုင်းရင်းသား သစ္စာဖောက်တွေနဲ့ စကားကမ်းလှမ်းခဲ့တယ်။ ဆွေးနွေးညှိနှိုင်းခဲ့တယ်"

"ဒါဟာ လုံးဝမမှန်ဘူး။ ကျုပ်က မာတာဘယ်လီ တိုင်းရင်းသား သစ္စာဖောက်တွေနဲ့ ဆက်သွယ် တယ်ဆိုရင် ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျ ပြောနိုင်လို့လား။ မပြောနိုင်ဘူး မဟုတ်လား"

ခရိတ်က ပြောလိုက်သည်တွင် ဖွန်ဂါဘီရာသည် သူ၏ လူယုံကက်ပတိန် နီဘောဘီအား ခေါင်းညိတ်၍ အချက်ပေး လိုက်သည်။

ကက်ပတိန်နီဘောဘီက ပြင်ဘက်သို့လှမ်း၍ တစ်စုံတစ်ခုအမိန့်ပေးလိုက်သည်။ ဤတွင် ရှိုနာစစ်သားများက လူတစ်ယောက်ကို ဆွဲခေါ်လာလေသည်။ ထိုလူမှာ အဝတ်အစားဆို၍ ကာကီဘောင်းဘီတို တစ်ထည်သာလျှင် ဝတ်ဆင်ထားသည်။ ဦးခေါင်းကိုပြောင်အောင် ခေါင်းတုံးရိတ်ထားပြီး ခေါင်းတွင် ဒဏ်ရာဒဏ်ချက်များ ရှိနေသည့်ပြင် ခန္ဓာကိုယ်တွင်လည်း ရိုက်နှက်ထားသည့် ဒဏ်ရာများ ရှိနေပေသည်။ ဒဏ်ရာများကို ကြည့်ရခြင်းအားဖြင့် ကြံ့သားရေဖြင့် ပြုလုပ်ထားသော ကြာပွတ်ဖြင့်ရိုက်ထားခြင်း ဖြစ်ပုံရလေသည်။

"မင်း ဒီမျက်နှာဖြူလူမျိုးကို သိသလား"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ထိုလူအား မေးလိုက်သည်။ ထိုလူသည် မျက်လုံးပေကလတ် ပေကလတ် လုပ်၍ ခရိတ်အား ကြည့်လိုက်ပြီး-

"တစ်ခါမှ မမြင်ဖူးပါဘူး"ဟု ပြောလိုက်ပြီးကာမှ ခရိတ်ကို ရုတ်တရက်မှတ်မိသဖြင့် ဆက်မပြောဘဲရပ်ထားလိုက်သည်။ ခရိတ်ကလည်း ထိုလူအားမှတ်မိပြီဖြစ်သည်။ ထိုတိုင်းရင်းသားမှာ တစ်ချိန်က ခရိတ်ကိုယ်တိုင် ဇမ်ဘောဇီမြစ်ရေများစခန်း ပြုလုပ်မည့်ဒေသ၌ တွေ့ဆုံခဲ့ရသော တိုင်းရင်းသားပြောက်ကျားသုံးဦးအနက်မှ အငယ်ဆုံးရဲဘော်ဒေါ်လာဆိုသူပင် ဖြစ်လေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ကျေနပ် သဘောကျသွားဟန်ဖြင့် ပြုံးလျက် ခရိတ်ဘက်သို့ လှည့်လိုက်သည်။
"ဘာများ ပြောချင်ပါသလဲ မစ္စတာခရိတ်"

"ကျုပ် ဗြိတိသျှသံရုံးက ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ တွေ့ချင်တယ်။ ပြီးတော့ မစ္စဆယ်လီကလည်း အမေရိကန်သံရုံးကို တယ်လီဖုန်း ဆက်ချင်တယ်"

"ဒါတွေက ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ဗျာ။ အခု လောလောဆယ် အရေးကြီးတာက ကျုပ်တို့ လုပ်လက်စ စစ်ဆေးမေးမြန်းတာကို အပြီးသတ်ဖို့ လိုတယ်"

ဤသို့ ပြောပြီး ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ရဲဘော် ဒေါ်လာခေါ် မာတာဘယ်လီပြောက်ကျားသူငယ်အား မျက်နှာချင်း ဆိုင်လိုက်ပြန်သည်။

"ဟော့...ဒီမယ်၊ မင်းက ဒီလူ့ကို သိသလား"

ရဲဘော် ဒေါ်လာက ခေါင်းညိတ်လိုက်သည်။

"သိပါတယ်၊ သူက ကျွန်တော်တို့ကို ငွေတွေပေးပါတယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သူ၏ စစ်သားများအား-

"ဟော့...သူ့ကို ပြန်ခေါ်သွားတော့။ ကောင်းကောင်းမွန်မွန် ထားလိုက်ပါ။ ပြီးတော့ သူ့ကို စားစရာ လည်း တစ်ခုခု ကျွေးထားလိုက်"ဟု အမိန့်ပေးလိုက်ပြီးနောက် ခရိတ်ဘက်သို့ လှည့်လာပြန်သည်။

"မစ္စတာခရိတ်၊ ခင်ဗျားဟာ ကျုပ်တို့ဇင်ဘာတွေအစိုးရကို တော်လှန်ပုန်ကန်ဖို့ လက်နက်ခဲယမ်းတွေ စုဆောင်းသိုလှောင်ခဲ့တယ်။ လက်နက်တွေကို ဟောဒီခင်ဗျားရဲ့ နယ်မြေအတွင်းမှာပဲ စုထားခဲ့တယ်။ ခင်ဗျားရဲ့အကြံက ကျုပ်တို့တရားဝင် အစိုးရကိုပုန်ကန်ပြီး အဓမရိကန်အလိုတော်ရိ အစိုးရကို အသစ် တင်ဖို့ မဟုတ်လား"

"မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး"

ခရိတ်က ခါးခါးသီးသီး ငြင်းဆိုလိုက်ရာ ဖွန်ဂါဘီရာက သက်ပြင်းချလိုက်သည်။

"ခင်ဗျားက တော်တော် ခေါင်းမာတာပဲကိုး။ ဇွတ်အတင်း ငြင်းနေတယ်။ သို့သော်လည်း ခင်ဗျားရဲ့ ငြင်းကွယ်ချက်တွေက မခိုင်လုံဘူး"

ဤတွင် သူသည် အရပ်မြင့်မြင့် တပ်ကြပ်ကြီးတစ်ဦးအား-

"ဟော့...ဟိုလူနှစ်ယောက်ကို ခေါ်လာခဲ့စမ်း"ဟု အမိန့်ပေးလိုက်သည်။

ထို့နောက် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ခရိတ်အား ပြင်ဘက် ဝရန်တာသို့ ခေါ်သွားလေသည်။

သစ်သား သေတ္တာကြီးများထားရှိရာသို့ခေါ်သွားပြီး ဖွန်ဂါဘီရာသည် စစ်သားများအား-

"ဒီသေတ္တာကြီးတွေကို ဖွင့်လိုက်စမ်း"ဟုအမိန့်ပေးလိုက်သည်။ စစ်သားများသည် သေတ္တာကြီးများကို စတင်ဖွင့်လိုက်ရာ ခရိတ်သည် အတွင်းမှပစ္စည်းများကို မြင်ပြီး အံ့အားသင့်သွားမိလေသည်။ သေတ္တာ ကြီးအတွင်း၌ အသစ်စက်စက် သေနတ်လက်နက်များ ရှိလေသည်။ အမျိုးအစားအားဖြင့် အဓမရိ

ကန်လုပ် အာမာလိုက် အမျိုးအစား မောင်းပြန်သေနတ်များနှင့် အေအာရ် ၁၈ အမျိုးအစား မောင်းပြန်သေနတ်များကို သေတ္တာတစ်လုံးလျှင် ခြောက်လက်စီ သေသပ်စွာ ထည့်ထားလေသည်။

"ဒါတွေ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး။ ဘာမှလည်း မသိဘူး"

ခရိတ်က ခပ်တည်တည်နှင့်ငြင်းလိုက်ရာ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စိတ်တိုလာပုံရလေသည်။

"ဒီမယ် ခင်ဗျားက ကျုပ်စိတ်မတို တိုအောင် လုပ်နေပြန်တာကိုး"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ဤသို့ ပြောလိုက်ပြီးနောက် သူ၏ တပည့် ကက်ပတိန် နီဘောဘီအား-

"ဟော့...ဟိုမျက်နှာဖြူ နောက်တစ်ယောက်ကို ခေါ်ခဲ့စမ်းကွာ"ဟု အမိန့်ပေးလိုက်သည်။ စစ်သားများသည် စစ်ကား(ထရပ်)တစ်စီးပေါ်မှ လူတစ်ယောက်ကိုဆွဲခေါ်ချလာကြရာ ခရိတ်က လှမ်းကြည့်လိုက်ပြီး အံ့အားသင့်သွားမိပြန်သည်။

ထိုမျက်နှာဖြူလူမျိုးမှာ ခရိတ်၏ အလုပ်ကြီးကြပ်သူ (အိုဗာဆီယာ) ဂရိုနီဝေါလ်ဆိုသူပင် ဖြစ်လေသည်။ သူ၏လက်များကို နောက်သို့ပစ်ကာ လက်ပြန်ကြိုးတုပ်နှောင်ထားပြီး ဂရိုနီဝေါလ်ခမျာ အလွန်တုန်လှုပ်ချောက်ချားနေပုံရလေသည်။ သူ့အားရိုက်နှက်နှိပ်စက်ထားပုံလည်းရသည်။ သူသည်အရက်မူးသမားတစ်ယောက်ပမာ လမ်းကောင်းစွာမလျှောက်နိုင်ဘဲ ယိမ်းယိုင်လျက် လိုက်ပါလာသည်။

"ဒီလက်နက်တွေကို ခင်ဗျားကဒီမွေးမြူရေးခြံကြီးထဲက ထွန်စက်တွေထားတဲ့ဂိုဒေါင်ထဲမှာ သိုလှောင်ထားခဲ့တယ် မဟုတ်လား"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက မေးလိုက်ရာ ဂရိုနီဝေါလ်က-

"ဟုတ်ကဲ့ ကျွန်တော် သိုလှောင်ထားခဲ့ပါတယ်"ဟု ခပ်တိုးတိုး ပြန်ဖြေလေသည်။

"အဲဒါ ဘယ်သူ က အမိန့်ပေးလို့ လုပ်ခဲ့တာလဲ"

ထိုမေးခွန်းကို ကြားလျှင် ဂရိုနီဝေါလ်သည် ခရိတ်ဘက်သို့ သနားစဖွယ် လှမ်းကြည့်လိုက်သည်။ သူ၏ မျက်လုံးများက ခွင့်လွှတ်ရန် တိုးလျှိုးတောင်းပန်သည့်အသွင် ဆောင်နေလေသည်။

"မစ္စတာခရိတ် က အမိန့်ပေးခဲ့ပါတယ်"

"ဟော့...သူ့ကို ပြန်ခေါ်သွားတော့"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက အမိန့်ပေးလိုက်လျှင် စစ်သားများသည် ဂရိုနီဝေါလ်အား ပြန်၍ဆွဲခေါ် ထုတ်သွားလေသည်။ အခန်းဝသို့ အရောက်တွင် သူသည် ခရိတ်ဘက်သို့လှည့်၍-

"မစ္စတာခရိတ်ခင်ဗျား၊ ကျွန်တော့်မှာ မိန်းမနဲ့ကလေးတွေ ရှိပါတယ်။ ဒါကြောင့်မို့"ဟု လှမ်းအော်ပြောလိုက်ရာ စစ်သားတစ်ဦးက ရိုင်ဖယ်သေနတ်ဒင်ဖြင့် ဂရိုနီဝေါလ်၏ ဝမ်းဗိုက်သို့ တအားဆောင့်ထိုးလိုက်သည်။ သူ့ခမျာနာကျင်လွန်းသဖြင့်လဲကျသွားစဉ် စစ်သားများကအတင်းဆွဲခေါ်၍ ထရပ်ကားကြီးပေါ် ဆွဲတင်လိုက်ကြသည်။

ထရပ်ကားကြီးလည်း ချက်ချင်း မောင်းထွက်သွားတော့သည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အခန်းတွင်းရှိစားပွဲတွင်ထိုင်ကာ စာရွက်စာတမ်းများကို ကြည့်ရှုနေလေသည်။ ခရိတ်နှင့်ဆယ်လီတို့ကိုမူ နံရံအနီးတွင် မတ်တတ်ရပ်ခိုင်းထားသည်။ မည်သူကမှ ဘာမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေခြင်းကပင် လျှင် စိတ်ချောက်ချားဖွယ်ကောင်း နေတော့သည်။

ခရိတ်သည် တိတ်ဆိတ်ခြင်းကို ဖောက်ဖျက်၍ ဟစ်အော်ချင်စိတ်ပေါ်လာသည်။ သူ့တွင် လုံးဝအပြစ်မရှိကြောင်း အော်၍အရေးဆိုချင်လာသည်။ သို့သော် လက်တွေ့ဘာမှမလုပ်ဝံ့ဘဲ ငြိမ်နေ လိုက်ရလေသည်။ သူ၏ဘေးနားတွင်ကား ဆယ်လီသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လျက် မတ်တတ်ရပ်နေရှာသည်။ သူမ၏ မျက်လုံးများကတော့ ကြမ်းပြင်တစ်နေရာတွင် သနားစဖွယ်သေဆုံးနေသော ခွေးကလေး ဘတ်စတာဆီသို့ ရောက်နေလေသည်။

အခန်း(၂၁)

အတန်ကြာမှ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်စားပွဲပေါ်ရှိစာရွက်စာတမ်းများကို တွန်းဖယ်ပစ်လိုက်ပြီးနောက် ခရိတ်နှင့် ဆယ်လီတို့အား လှမ်းကြည့်လေသည်။

"ခင်ဗျားနဲ့ မစ္စဆယ်လီ နှစ်ယောက်စလုံး သေဒဏ်အပြစ်ပေးခံရဖို့ များတယ်"

"ဒီကိစ္စမှာ ဆယ်လီက ဘာမှမဆိုင်ဘူးဗျ။ သူ့ကို ဆွဲမထည့်ပါနဲ့"

ခရိတ်က ပြန်ပြောရင်း ဆယ်လီအား ကာကွယ်သည့်သဘောနှင့် သူမ၏ပခုံးကို လက်တစ်ဖက်ဖြင့် အသာဖက်ထားလိုက်သည်။ ဖွန်ဂါဘီရာသည် ဆယ်လီအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း သရော်သည့်မျက်နာထားဖြင့် ပြောပြန် လေသည်။

"မိန်းမတွေရဲ့ ခန္ဓာကိုယ်တည်ဆောက်မှုအရ သေဒဏ်အပြစ်ပေးခံရလို့ ကြိုးစင်တင်ပြီး ကြိုးပေးသတ်တဲ့အခါ ယောကျ်ားတွေလို ကြှံကြှံမခံနိုင်ဘဲ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတတ်တယ်လို့ ကျုပ်ကြားဖူးတာပဲ"

သူပြောပုံက သရော်လှောင်ပြောင်သလို ဖြစ်ရုံမက အလွန်အော့နလုံးနာဖွယ်ဖြစ်အောင် ပြောခြင်းဖြစ်လေရာ ခရိတ်သည် အလွန်ရင်နာပြီး စိတ်ထိခိုက်မိသဖြင့် ရုတ်တရက်ဘာမှ ပြန်မပြောနိုင်ချေ။

"သို့သော်လည်း ခင်ဗျားတို့ကံကောင်းပါတယ်။ ကြိုးစင်တက်ရမယ့် အခြေအနေမျိုး မရောက်စေရပါဘူး။ အဲဒါက ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်သဘောထားအပေါ် မူတည်နေပါတယ်"

ဤသို့ ပြောရင်း ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သရော်ပြုံးပြုံးလျက်-

"ခင်ဗျားတို့က နယ်ချဲ့အရင်းရှင်တွေရဲ့ လက်ပါးစေ လက်ကိုင်တုတ်တွေပဲလို့ သိရတယ်။ ကျုပ်က ခင်ဗျားတို့ကို ဘာမှ အရေးမယူဘဲ လွှတ်လိုက်မှာပါ"ဟု ဆက်ပြောလေသည်။ ခရိတ်နှင့် ဆယ်လီတို့သည် အံ့အားသင့်သွားပြီး ဖွန်ဂါဘီရာ၏မျက်နှာကို လှမ်းကြည့်လိုက်ကြသည်။

"ဘာလဲ ခင်ဗျားတို့က ကျုပ်အခုပြောတာကို မယုံလို့လား။ ကျုပ် တကယ်ပြောနေတာပါဗျ။ ကျုပ်အနေနဲ့ ခင်ဗျားတို့ ကြိုးပေးသတ်ခံရလို့လည်း ဘာမှဝမ်းမြောက်ကျေနပ်စရာ မရှိပါဘူး။ ခင်ဗျားတို့နှစ်ယောက်စလုံး အနုပညာအရည်အချင်းတွေရှိကြတော့ ငယ်ငယ်ရွယ်ရွယ်နဲ့သေရမယ်ဆိုရင် နှမြောစရာကောင်းပါလိမ့်မယ်။ဘာပဲဖြစ်ဖြစ်လေ အခုအချိန်ကစပြီးခင်ဗျားတို့ဟာကျုပ်တို့နိုင်ငံအကျိုးထိခိုက်အောင်ဘာမှလည်းလုပ်နိုင်တော့မှာ မဟုတ်ဘူး"

ခရိတ်နှင့်ဆယ်လီတို့သည် ဘာမှမပြောဘဲဆိတ်ဆိတ်နေလိုက်ကြသော်လည်း စိတ်ထဲတွင်မူမျှော်လင့်ချက်ရောင်ခြည် ခပ်ရေးရေးပေါ်လာပြီးတော့ တွေးမိနေကြလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာကပင် ဆက်ပြောပြန်သည်။

"ကောင်းပြီ ကျုပ်က ခင်ဗျားတို့ကို တစ်ခုကမ်းလှမ်းပါမယ်။ ခင်ဗျားတို့အနေနဲ့ စွဲချက်အားလုံးကို ခြွင်းချက်မရှိ ဖွင့်ဟဝန်ခံပြီး ဖြောင့်ချက်ပေးမယ်ဆိုရင် ကျုပ်တို့ ခင်ဗျားတို့ကို ဘယ်လိုမှ အရေးမယူဘဲ နယ်ခြားထိအောင် အစောင့်အရှောက်နဲ့ လိုက်ပို့ပေးပါ့မယ်။ ခင်ဗျားတို့က ဒီနိုင်ငံက အေးအေးဆေးဆေး ထွက်သွားကြရုံပဲ။ ခရီးသွားဖို့စာရွက်စာတမ်းတွေလည်း အပြည့်အစုံ လုပ်ပေးလိုက်ပါမယ်။ ခင်ဗျားတို့နဲ့အတူ အရေးကြီးတဲ့ ပစ္စည်းအသုံးအဆောင်တွေကိုလည်း ယူဆောင်သွားခွင့်ပြုပါမယ်။

နယ်ခြားကထွက်သွားပြီးရင်တော့ ခင်ဗျားတို့က ကျုပ်နဲ့တကွ ကျုပ်တို့လူမျိုးတွေကို နောက်ထပ် ဒုက္ခပေးနိုင်တော့မှာ မဟုတ်ဘူး"

ဤသို့ပြောပြီးနောက် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်ပြုံးလျက်စောင့်နေလေသည်။ သူ၏လက်ကိုင်ကြိမ်လုံးနှင့် စားပွဲမျက်နှာပြင်ကို အသာခေါက်ရင်း စောင့်နေလေသည်။ ခရိတ်မှာ ဖြစ်ပျက်ပုံ လျင်မြန်လွန်းလှသဖြင့် ဦးနှောက်ထဲ ရှုပ်ထွေးသွားကာ ရုတ်တရက် ဘာမှပြန်မပြောနိုင်အောင် ဖြစ်သွားလေသည်။ ဦးနှောက်ကြည်လင်စွာဖြင့် စဉ်းစားဆုံးဖြတ်နိုင်ရန် အချိန်အနည်းငယ်ရမှ ဖြစ်ပေမည်။

အတန်ကြာမှ ခရိတ်က-

"ဖြောင့်ချက်ပေးရမယ်ဆိုတာ ဘာဖြောင့်ချက်လဲ။ ခင်ဗျားက ကျုပ်တို့သိက္ခာကျအောင် ပြည်သူ့တရားရုံးတင်ပြီး အရှက်ကွဲအောင် လုပ်မလို့လား"ဟု ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူး။အဲဒီအဆင့်ထိအောင်ရောက်ဖို့မလိုပါဘူး။ ကျုပ်လိုချင်တာကခင်ဗျားလက်မှတ်ရေးထိုးထားတဲ့ စာတစ်စောင်ပါပဲ။ စာထဲမှာ ခင်ဗျား ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေ၊ ခင်ဗျားတို့ရဲ့ အရှင်သခင်မာစတာကြီးတွေရဲ့ ကြံစည်လုပ်ကိုင်ခဲ့ပုံတွေကို အပြည့်အစုံ ရေးသားဖော်ပြထားရမယ်။ ခင်ဗျားရဲ့ဖြောင့်ချက်စာတမ်းကို စနစ်တကျဖြစ်အောင် သက်သေများပါ လက်မှတ်ရေးထိုးထားမယ်။ ပြီးတော့ခင်ဗျားတို့ကိုနယ်စပ်ထိအောင် ကျုပ်တို့ကအစောင့်အရှောက်နဲ့လိုက်ပို့ပေးမယ်။ ဟိုရောက်ရင် ခင်ဗျားတို့ သွားလိုရာကိုသွားခွင့် လွတ်လပ်စွာရှိတယ်။ ဒါဟာ အင်မတန်သဘာဝကျပြီး လူသားတို့ရဲ့ယဉ်ကျေးမှု အစဉ်အလာ နဲ့လည်း ကိုက်ညီတယ် မဟုတ်ပါလား"

"ဒါပေမဲ့ ကျုပ် လက်မှတ်ရေးထိုးမယ့် ဖြောင့်ချက်ကို ခင်ဗျားတို့က ရေးပေးမယ် မဟုတ်လား"

ခရိတ်က နာကြည်းဟန်ဖြင့် မေးလိုက်ရာ ဖွန်ဂါဘီရာက ပြုံးလိုက်သည်။

"ဒီလိုဆိုတော့လည်း ခင်ဗျားက အလွန်အကင်းပါးတယ်လို့ ဆိုရမယ်။ ဟဲဟဲ"

ပြောရင်းနှင့် သူသည် သူ၏ရှေ့ရှိ စာရွက်များအနက်မှ တစ်ရွက်ကို ရွေးထုတ်လိုက်ပြီးမှ-

"ဟောဒီမယ်စာရွက်က အဆင်သင့်ပဲ။ ခင်ဗျားကရက်စွဲတပ်ပြီး လက်မှတ်ထိုးလိုက်ရုံနဲ့ကိစ္စပြီးပါတယ်" ဟု ဆက်ပြောလေသည်။

ခရိတ်သည် အံ့အားသင့်သွားမိသည်။

"ခင်ဗျားတို့က ဖြောင့်ချက်ကို ကြိုတင်ရေးထားပြီး လက်နှိပ်စက်တောင် ရိုက်ထားနှင့်ပြီးလား"

ထိုမေးခွန်းကို မည်သူကမှမဖြေကြားဘဲ ကက်ပတိန်နီဘောဘီဆိုသူက စာရွက်ကိုခရိတ်ထဲသို့ ယူလာပေး လေသည်။

"မစ္စတာ ခရိတ်ခင်ဗျား စာရွက်ကို ဖတ်ကြည့်ပါဦး"

လက်နှိပ်စက်ရိုက်ထားသော လျှောက်လွှာစာရွက်အရွယ် စက္ကူသုံးရွက်တွင် သူ၏ နယ်ချဲ့သမားအရှင်သခင်များ၏ အကြံအစည်များအကြောင်းနှင့် ခရိတ်အားစွပ်စွဲထားသည့်စွဲချက်များကို ဝန်ခံဖြောင့်ချက်ပေးကြောင်း ရေးသားထားလေသည်။

ခရိတ်သည် စာရွက်များကို ဖြည်းဖြည်းချင်း ဖတ်ကြည့်လေသည်။ သူ၏ စိတ်ထဲတွင်ကား အိပ်မက်မက်သလိုလို၊ စိတ်ကူးယဉ် စဉ်းစားနေရသလိုလို ခံစားမိလေသည်။ တစ်နေရာသို့ ရောက်လျှင် လက်နှိပ်စက် ရိုက်ထားသောစာလုံးများကြောင့် အလွန်အံ့အားသင့်ကာ ချက်ချင်းပင် မျက်လုံးကျယ်လာပြီး သေချာစွာ ပြန်ဖတ်ကြည့်မိလေသည်။

သူပြန်ဖတ်ကြည့်တော့ စာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

".....ကျွန်ုပ်သည် လက်တွေ့ပြုလုပ်ခဲ့သော ပြုမူလှုပ်ရှားမှုများအရ ဇင်ဘာတွေနိုင်ငံနှင့် ပြည်သူများ၏ ရန်သူဖြစ်ကြောင်း ထင်ရှားစေသည်ဟု ဝန်ခံပါသည်"

ထိုစကားလုံးများကို သူကောင်းစွာမှတ်မိနေသည်။ တစ်ကြိမ်ကဖတ်ခဲ့ရသော စာလုံးများနှင့်တသွေမတိမ်း တူနေသည်။ တထေရာတည်း ဖြစ်နေသည်။ တစ်ချိန်က သူလက်မှတ်ရေးထိုးခဲ့သော စာရွက်စာတမ်းတစ်ခုမှ စကားလုံးများအတိုင်း ထပ်တူဖြစ်နေလေသည်။ ဤတွင် ခရိတ်သည် ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏ အကြံကို ချက်ချင်း ရိပ်မိလေသည်။

"လက်စသတ်တော့ ခင်ဗျားက ကျုပ်ဝယ်ယူထားတဲ့ ကင်းလင်းမွေးမြူရေးခြံ လုပ်ငန်းတစ်ခုလုံးကို အပိုင်စီးချင်တာကိုး။ ခင်ဗျားအနေနဲ့ ဒီစာရွက်ကို လက်မှတ်ထိုးခိုင်းတာဟာ ကျုပ်ရဲ့ ကင်းလင်းခြံကြီးကို လိုချင်လို့ မဟုတ်လား"

ခရိတ်က မေးလိုက်သော်လည်း မေးခွန်းအဖြေက ထွက်မလာချေ။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ပြုံးမြဲပြုံးနေလေသည်။ ခရိတ်ကပင် ဆက်လက်၍-

"ကျုပ် ငွေချေးယူတုန်းက ခင်ဗျားက ကျုပ်ကိုလက်မှတ်ထိုးခိုင်းတဲ့စာချုပ်မှာ ဒီစာပိုဒ်ကို တမင်သက်သက် ထည့်ထားခဲ့တာ မဟုတ်လား"ဟု မေးလိုက်လေသည်။ တစ်ချိန်တည်းမှာပင် သူသည် စိတ်တိုလာသဖြင့် စာရွက်များကို ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်သည်။ ထိုအခါ ကက်ပတိန် နီဘောဘီက စာရွက်များကိုကောက်ယူပြီး ဘာလုပ်ရမှန်းမသိသလို စာရွက်တွေကိုကိုင်၍ ရပ်နေလိုက်သည်။

ခရိတ်ကမူ ပြင်းစွာဒေါသထွက်နေမိသည်။ စိတ်ကိုမချုပ်ထိန်းနိုင်ဟန်ဖြင့် ဗိုလ်ချုပ်ဖွန်ဂါဘီရာရှိရာသို့ ပြေးဝင်သွားရာ အနီးရှိရှိနာလူမျိုး တပ်ကြပ်ကြီးက ခရိတ်အားဖမ်းဆွဲထားပြီး သူ၏ ရိုင်ဖယ်သေနတ်ဖြင့် ခရိတ်၏ရင်ဘတ်ရှေ့တွင်ကာ၍ တားဆီးထားလိုက်လေသည်။

"ခင်ဗျားဟာ အလွန်ကောက်ကျစ်စဉ်းလဲပြီး ယုတ်မာတဲ့လူပဲ။ ကျုပ် ရဲတပ်ဖွဲ့ဝင်တွေနဲ့တွေ့ချင်တယ်။ တရားဥပဒေရဲ့ ကာကွယ်မှုကို ကျုပ်လိုချင်တယ်"

ဤသို့ ပါးစပ်မှကြိမ်းမောင်း ရေရွတ်လိုက်သော်လည်း ဗိုလ်ချုပ် ဖွန်ဂါဘီရာက လေသံ ခပ်အေးအေးဖြင့် ပြန်ပြောလေသည်။

"ဒီမယ် မစ္စတာခရိတ်၊ ဒီ မာတာဘယ်လီလူမျိုးတို့ရဲ့ နယ်မြေမှာ တရားဥပဒေဟာ ကျုပ်ပဲဗျ။ ကျုပ်က ခင်ဗျားကို ကာကွယ်စောင့်ရှောက်ပေးချင်လို့ အခုလို ကမ်းလှမ်းနေခြင်းဖြစ်တယ်"

"ဘာပဲဖြစ်ဖြစ် ကျုပ် ဒီစာရွက်ကို လက်မှတ်မထိုးနိုင်ဘူး။ ဖြစ်ချင်တာဖြစ် ကျုပ် လက်မှတ်မထိုးဘူး"

"ခင်ဗျားဟာ တယ်ပြီးခေါင်းမာတာပဲကိုး။ ဘယ်လိုမှ မတတ်နိုင်တဲ့ အခြေအနေကိုမရှောင်ဘဲ ရင်ဆိုင်လက်ခံဖို့ကောင်းတယ်။ စာရွက်ပေါ်မှာ ခင်ဗျားလက်မှတ်ထိုးလိုက်ရုံနဲ့ အားလုံးကိစ္စပြီး သွားပါလိမ့်မယ်။ နောက်ထပ် ကျုပ်တို့က ခင်ဗျားကို ဘာမှအနှောင့်အယှက် မပေးတော့ပါဘူး"

"မထိုးဘူး၊ ကျုပ် လက်မှတ်မထိုးနိုင်ဘူး။ ကျုပ်ကို သတ်ချင်သတ်ပစ်လိုက်"

"ခင်ဗျား အခုလို ခေါင်းမာနေတာကို စိတ်ပြောင်းဖို့ အခွင့်အရေးတစ်ခု ပေးပါဦးမယ်"

"အို...လက်မှတ်မထိုးဘူးလို့ ပြောပြီးပြီ မဟုတ်လား။ ကျုပ်စိတ်ကိုလည်း မပြောင်းနိုင်ဘူး"

ဤတွင် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် အရပ်မြင့်မြင့် တပ်ကြပ်ကြီးဘက်သို့ လှည့်လိုက်သည်။

"ဟော့...ဒီမျက်နှာဖြူမိန်းမကို ငါက မင်းတို့ကို ပေးတယ်။ မင်းတို့ သဘောရှိ၊ အရင်ဆုံး မင်းအလှည့်၊ ပြီးတော့မှ တခြားရဲဘော်တွေကို တစ်ယောက်စီ အလှည့်ပေးလိုက်။ ဒီမိန်းမကို မင်းတို့ကို ငါက

လက်ဆောင်ပေးတယ်ကွာ။ ဒါပေမဲ့ ဘယ်မှ ခေါ်မသွားရဘူး။ ဒီအခန်းထဲက ဒီစားပွဲပေါ်မှာပဲ မင်းတို့ သဘောရှိ"

ဖွန်ဂါဘီရာက ပြောလိုက်သော စကားအဓိပ္ပါယ်မှာ ရှင်းနေပေသည်။ ဆယ်လီအားတတိယ တပ်မဟာမှ ရှိုနာလူမျိုး တိုင်းရင်းသားလူမည်းစစ်သည်များအား တစ်ယောက်ပြီးတစ်ယောက် ဗလက္ကာရ ပြုခိုင်းခြင်းပင် ဖြစ်လေရာ ခရိတ်သည် အလွန်နာကြည်း အော့နလုံးနာလှသဖြင့်-

"ခင်ဗျားဟာ လူမဟုတ်ဘူး၊ လူသားမဆန်တဲ့ အပြုအမူမျိုး လုပ်တဲ့လူ"ဟု ပြောရင်း ဆယ်လီအား ဖမ်းဆွဲ ဖက်ထားလိုက်သည်။

သို့ရာတွင် အသင့်စောင့်နေသော စစ်သားများက ခရိတ်အား ဖမ်းဆွဲပြီး အခန်းနံရံဘက်သို့ တွန်းပစ်လိုက် သည်။ စစ်သည်တစ်ယောက်က သူ၏လည်ပင်းကို လှံစွပ်ဖြင့် ထောက်ထားလိုက်သည်။

နောက်ကပွလီစစ်သားတစ်ဦးက ဆယ်လီအား ခပ်ကြမ်းကြမ်း ဖမ်းချုပ်ကိုင်ပြီး တပ်ကြပ်ကြီး၏ ရှေ့သို့ ခေါ်လာလေသည်။ ဆယ်လီကရုန်းကန်ပါသော်လည်း ခွန်အားဗလကောင်းသောစစ်သားနှင့်အားချင်း မမျှသဖြင့် ရုန်းထွက်၍မရချေ။ စစ်သားက ဆယ်လီလုံးဝမလှုပ်ရှားနိုင်အောင် အတင်းဖမ်းချုပ်ထား လိုက်သည်။ ဆယ်လီ ခမျာ နာကျင်လွန်း၍ ရှုံ့မဲ့နေရလေသည်။

တပ်ကြပ်ကြီးသည်မျက်နှာတည်တည်နှင့်ပင် ဆယ်လီ၏အဝတ်အစားများကို ဆွဲခွာတ်ပစ်လိုက်သည်။ "ကျပ်မှာလူတစ်ရာ့ငါးဆယ်ရှိတယ်ဗျ။ သူတို့အားလုံးကိစ္စပြီးဖို့ အချိန်တော်တော်ကြာလိမ့်မယ်။ ဟဲဟဲ" ဗိုလ်ချုပ်ဖွန်ဂါဘီရာက ရယ်စရာလုပ်၍ပြောလိုက်ရာ ခရိတ်သည်စိတ်ထဲမှာ အလွန်ခံပြင်းလျက်ဖွန်ဂါဘီရာအား ချက်ချင်းသတ်ပစ်ချင်လာသည်။ သို့သော်သူ၏လည်မျိုကို လှံစွပ်ဖြင့် မည်သို့မှ မလှုပ်ရှားနိုင်အောင်ချုပ်ကိုင်ထားလိုက်ပြီဖြစ်သည်။

"မစ္စတာခရိတ်၊ ခင်ဗျားလို အသားအရောင်ခွဲခြားမူဝါဒကို မနှစ်သက်တဲ့လူတောင်မှ မျက်နှာဖြူအမျိုးသမီးတစ်ယောက်ကို ကျုပ်တို့ အာဖရိကတိုက်သားလူမည်းက ကိုယ်ထိလက်ရောက် ကျူးလွန်တာကို လုံးဝ မနှစ်ခြိုက်နိုင်ဘူး မဟုတ်လားဗျ"

ဖွန်ဂါဘီရာက သရော်သလိုပြောပြန်သည်။ သို့သော် ခရိတ်သည် ဒေါသထွက်လွန်း၍ ဘာမှပြန်မပြောနိုင်ချေ။ ဆယ်လီအား ကပွလီလူမည်း စစ်သားတွေက ဆာလောင်မွတ်သိပ်သလို ဝိုင်းကြည့်နေကြခြင်းကိုလည်း အလွန်စက်ဆုပ်ရွံရှာလျက် ပြင်းစွာစိတ်ထိခိုက်နေမိလေသည်။

"ခရိတ်... ခရိတ်"

ဆယ်လီက တုန်လှုပ်ချောက်ချားစွာဖြင့် လှမ်းအော်လိုက်ရာ ခရိတ်သည် သူ့အားတိုးလျှိုးတောင်းပန်လိုက်ခြင်းဖြစ်ကြောင်း ရိပ်မိသဖြင့်-

"ကောင်းပြီကျုပ်လက်မှတ်ထိုးပါမယ်"ဟုပြောလိုက်မိလေတော့သည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သူတို့၏ ရှိနာဘာသာဖြင့် တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ စစ်သားများက ချက်ချင်းပင် ဆယ်လီအား လွှတ်ပေးလိုက်ကြသည်။
တပ်ကြပ်ကြီးကိုယ်တိုင်က ဆယ်လီအားကူညီတွဲကူပေးလိုက်ပြီး တီရုပ်နှင့်ဘောင်းဘီစသော အဝတ်အစားများကိုလည်း ယဉ်ကျေးစွာဖြင့် ပြန်ပေးလိုက်လေသည်။ ဆယ်လီသည် လျင်မြန်စွာ အဝတ်အစားများဝတ်ဆင်ပြီးနောက် ခရိတ်ရှိရာသို့ ပြေးဝင်လာရှာလေသည်။ စိတ်ထိခိုက်လွန်းသဖြင့် စကားမပြောနိုင်ဘဲ မျက်ရည်တွေသာဖြိုက်ဖြိုက်ကျလျက်ငိုရှိုက်နေရှာလေသည်။ သူမ၏ တစ်ကိုယ်လုံးမှာလည်း ဆတ်ဆတ်တုန်နေလေသည်။

"ခင်ဗျားမြန်မြန်ထိုးလိုက်ရင် ခင်ဗျားတို့ မြန်မြန်သွားနိုင်မှာပဲ"

ဗိုလ်ချုပ်ဖွန်ဂါလီရာကသတိပေးသလိုပြောလိုက်ရာခရိတ်သည်ဆယ်လီကိုလက်တစ်ဖက်ဖြင့်ဆွဲလျက်နှင့်ပင်စာရွက်စာတမ်းများရှိရာ ချဉ်းကပ်သွားလေသည်။ ကက်ပတိန် နီဘောဘီက ဖောင်တိန်လှမ်းပေးသဖြင့် ခရိတ်လည်း ပထမစာရွက်နှစ်ရွက်တွင် သူ၏လက်မှတ်တိုကို (အင်နီရှယ်) ရေးထိုးလိုက်ပြီးနောက်ဆုံးစာရွက်အောက်၌ လက်မှတ်အပြည့်အစုံ ရေးထိုးလိုက်သည်။

ခရိတ်က လက်မှတ်ထိုးပြီးနောက် ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့် ကက်ပတိန်နီဘောဘီတို့က သက်သေများအဖြစ် လက်မှတ်ရေးထိုးကြလေသည်။

"တစ်ခုပဲ ပြောစရာ ကျန်တော့တယ်။ ခင်ဗျားနဲ့ မစ္စဆယ်လီ နှစ်ဦးစလုံးကို ကျုပ်တို့ စစ်တပ် ဆရာဝန်က ကျန်းမာရေးစစ်ဆေးတာကိုလက်ခံကြစေချင်ပါတယ်။ ခင်ဗျားတို့ရဲ့ခန္ဓာကိုယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်းခံရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ရှိမရှိစစ်ဆေးတဲ့သဘောပါပဲ။ ကျုပ်တို့က မတရားနှိပ်စက်ညှဉ်းပန်းပြီး စစ်ဆေးခဲ့သလားဆိုတာ သံသယမရှိအောင်ပါ"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ဤသို့ပြောလိုက်ရာ ခရိတ်သည် ထောင်းခနဲဒေါသ ထွက်လာမိလေသည်။ ကျန်းမာရေး စစ်ဆေးမည်ဆိုလျှင် ကပ္ပလီလူမည်း ဆရာဝန်ရှေ့တွင် မိမိနှင့် ဆယ်လီတို့သည် အဝတ် အစားအားလုံးချွတ်၍ စစ်ဆေးခံရမည် ဖြစ်သောကြောင့် ဒေါသထွက်မိခြင်းပင်ဖြစ်သည်။

"ခင်ဗျားလည်းဗျာ၊ ဆယ်လီကို နောက်ထပ်မနှိပ်စက်ချင်စမ်းပါနဲ့။ သူ့ခမျာ အခုလောက်ခံစားရတာ တောင်လွန်လှပြီ၊ ကျုပ်အထူးမေတ္တာရပ်ခံပါတယ်။

ဒါတစ်ခုတော့ ကျုပ်ရဲ့အလိုလိုက်စမ်းပါ။ မစ္စတာခရိတ် ခင်ဗျား"

ခရိတ်သည် မငြင်းဆန်လိုတော့သဖြင့် ဆိတ်ဆိတ်နေလိုက်သည်။ တတိယ တပ်မတော်၏ ဆေးမှူး (ဆရာဝန်)မှာ ရိုနာအမျိုးသား လူမည်းတစ်ယောက်ဖြစ်လေသည်။ သူသည် အပြင်ဘက်ရှိ ထရပ်ကား ကြီး တစ်စီးပေါ်တွင်ထိုင်စောင့်နေရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာကခေါ်ယူပြီး ညွှန်ကြားချက် ပေးလေသည်။

"ဒေါက်တာခင်ဗျား၊ ဒီမျက်နှာဖြူအမျိုးသမီးကိုတော့ အိမ်ခန်းထဲမှာ သီးသန့်စစ်ဆေးပါ။ အထူးသဖြင့် သူ့ကိုကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းရှိမရှိ ခင်ဗျားကျေနပ်အောင် ဂရုစိုက် စစ်ဆေးစေချင်တယ်" စစ်တပ်ဆရာဝန်လည်း ဆယ်လီအားအိမ်ခန်းတွင်းသို့ခေါ်သွားရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခရိတ်ဘက် သို့ လှည့်စကားပြောပြန်သည်။

"ဒီအချိန်အတောအတွင်းမှာ ခင်ဗျားက ခင်ဗျားရဲ့ရုံးခန်းထဲက မီးခံသေတ္တာကိုဖွင့်ပြီး ပတ်စ်ပို့(နိုင်ငံကူး လက်မှတ်)နဲ့ တခြားလိုအပ်တဲ့ ခရီးသွားစာရွက်စာတမ်းတွေကို ထုတ်ယူထားနိုင်ပါတယ်"

ဤသို့ ပြောလိုက်လျှင် စစ်သားနှစ်ဦးက အိမ်ဝရန်တာတစ်ဖက်စွန်းရှိ ရုံးခန်းသို့ ခရိတ်အား ခေါ်သွား လေသည်။
ခရိတ်သည် မီးခံသေတ္တာကိုဖွင့်၍ သူ၏နိုင်ငံကူးလက်မှတ်နှင့်တကွ ခရက်ဒစ်ကတ်ခေါ်ကုန်ပစ္စည်းများ လက်မှတ်ထိုးဝယ်ယူနိုင်သည့်ကတ်ပြားများပါသော သားရေအိတ်၊ကမ္ဘာဘဏ်အဖွဲ့၏အမှတ်အသား ရင်ထိုးတံဆိပ်၊ အမေရိကန်အိတ်စ်ပရက်စ်ခရီးသွားချက်လက်မှတ်အပြင် သူ၏ဝတ္ထုအသစ်ရေးလက်စ စာမူကြမ်းများကို ထုတ်ယူလိုက်သည်။ ယင်းပစ္စည်းအားလုံးကို ငြိတိသျှ လေကြောင်းကုမ္ပဏီမှ ထုတ် ပေးသည့် ခရီးသွားလက်ဆွဲအိတ်တွင်ထည့်လိုက်ပြီး နောက်ထမင်းစားခန်းသို့ ပြန်သွားလေသည်။

ထိုအချိန်၌ ဆယ်လီနှင့်ဒေါက်တာတို့သည်အိပ်ခန်းတွင်းမှပြန်ထွက်လာကြပြီဖြစ်သည်။ ဆယ်လီသည် အဝတ်အစားလဲ၍ ဂျာစီ(ဆွယ်တာ)အင်္ကျီနှင့် ဂျင်းဘောင်းဘီတို့ကို ဝတ်ဆင်ထားလေသည်။ မျက်နှာ

ကမ္ဘ စောစောက စိတ်ဆင်းရဲခြင်းဒဏ်ကြောင့် ညှိုးနွမ်းလျက်ပင် ရှိသေးလေသည်။ သူမ၏ ကင်မရာ ပစ္စည်းပါသော အိတ်နှင့် ဓာတ်ပုံစာအုပ်၊ ခရိတ်ရေးမည့် စာအုပ်သစ်အတွက် လိုအပ်သည့် ရည်ညွှန်း စာအုပ်များကို ယူဆောင်လာလေသည်။

"ကိုင်း မစ္စတာခရိတ်၊ ခင်ဗျားအလှည့် ရောက်ပြီ"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ပြောသဖြင့် ခရိတ်သည် ဆရာဝန်နှင့်အတူ လိုက်သွားရလေသည်။ စစ်ဆေးပြီး၍ပြန်လာသောအခါ ဆယ်လီသည် အိမ်ရှေ့လင်းရိုဇာကားပေါ်တွင် ထိုင်နေပြီဖြစ်လေသည်။ သူမသည်ကား၏နောက်ခုံတွင်ထိုင်နေပြီး ကက်ပတိန်နီဘာဘီက သူမ၏ဘေးမှထိုင်နေသည်။ သူတို့၏ နောက်တွင်ကား လက်နက်ကိုင် စစ်သားနှစ်ဦး ထိုင်နေကြလေသည်။ ယာဉ်မောင်းသူ၏ဘေးတွင် ခရိတ်အတွက် နေရာလွတ်နေလေသည်။

ဝရန်တာတွင် ရပ်စောင့်နေသူ ဖွန်ဂါဘီရာသည် ခရိတ်အား နှုတ်ဆက်လေသည်။

"ဂွတ်ဘိုင် မစ္စတာခရိတ်"

သို့သော်ခရိတ်ကပြန်နှုတ်မဆက်ဘဲ ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏မျက်နှာကိုစက်ဆုပ်မုန်းတီးဟန်ဖြင့် စေ့စေ့ကြည့်နေ လိုက်သည်။

"ဘာလဲခင်ဗျားက ခင်ဗျားရဲ့မိသားစုပိုင်ဆိုင်ခဲ့တဲ့ ဒီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီး ပြန်လည်ထူထောင်ရေးမှာ ကျုပ်က တကယ်ပဲ ကူညီပံ့ပိုးပေးမယ်လို့ ထင်နေခဲ့လို့လား။ ဒီမယ် ခင်ဗျားနားလည်ထားဖို့ကောင်းတယ်။ ကျုပ်တို့က ခင်ဗျားတို့ မျက်နှာဖြူအရင်းရှင်တွေရဲ့ လုပ်ငန်းကြီးတွေကို ဖြိုခွင်းဖို့ သက်စွန့်ကြိုးပမ်းတိုက်ခိုက်ခဲ့ကြတာဗျ"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက စိတ်ကိုဆွပေးသလို ပြောလိုက်သော်လည်း ခရိတ်သည် ဘာမှ ပြန်မပြောဘဲ ကားပေါ် တက်လိုက်သည်။

ခရိတ်သည်နောက်ပြန်လှည့်ကြည့်လိုက်ရာဖွန်ဂါဘီရာသည်ဝရန်တာပေါ်၌ရပ်၍ မိမိတို့အားငေးကြည့်လျက်ပင် ရှိသေးသည်ကို မြင်ရလေသည်။ အရပ် ထောင်ထောင်မောင်းမောင်းနှင့် ရပ်ကြည့်နေပုံကိုကြည့်ရင်း ခရိတ်၏စိတ်ထဲ၌ ဖွန်ဂါဘီရာသည် အသွင်တစ်မျိုး ပြောင်းလဲလာသည်ဟု ထင်မိလေသည်။ နယ်မြေတစ်ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး စစ်အောင်နိုင်သူ စစ်သူကြီးတစ်ဦး၏ဟန်မျိုး ဖြစ်

နေသည်။ မိမိ၏ ကင်းလင်းခြံမြေကို ပိုင်ဆိုင်သူကဲ့သို့ ဖြစ်နေပေသည်။ ဤတွင် ခရိတ်သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာအား ပို၍ ပင် စက်ဆုပ်မုန်းတီးမိလေသည်။

လင်းရိုဗာကား၏ ရှေ့မီးလုံးကြီးများ အလင်းရောင်တွင် ခြံကြီး၏ အဝင်ဝမှ အောက်ပါ ဆိုင်းဘုတ်ကို မြင်ရ လေသည်။

"ကင်းလင်းမွေးမြူရေးခြံပိုင်ရှင် ခရိတ်မယ်လို"

ဆိုင်းဘုတ်ကြီးသည် မိမိအားလျှောင်ပြောင်သရော်နေသည်ဟု ခရိတ်စိတ်ဝယ်ထင်မိလေသည်။လင်းရိုဗာကားသည် လျင်မြန်စွာ ဆက်မောင်းထွက်ခဲ့ရာ ခရိတ်လည်း သူ မျှော်လင့်တောင့်တထားခဲ့သည့် စိတ်ကူးယဉ် အိပ်မက်အားလုံးကို ကင်းလင်းမွေးမြူရေး ခြံကြီးနှင့်အတူ မေ့ပျောက်ပစ်ရန် ကြိုးစားရင်း လိုက် ပါသွားလေသည်။

ကက်ပတိန် နီဘောဘီသည် သူနှင့်ပါလာသည့် မြေပုံထည့်သော သားရေအိတ်ကိုဖွင့်၍ အတွင်းမှ ပြည်တွင်းဖြစ် ချက်အရက်တစ်ပုလင်း ထုတ်ယူလိုက်သည်။ တိုင်းရင်းဖြစ်အရက်ဖြစ်ပြီး အလွန်ပြင်းသောအမျိုးအစားပင် ဖြစ်သည်။

ကက်ပတိန်နီဘောဘီက ပုလင်းကိုလှမ်းပေးရာ ခရိတ်က မသောက်လို၍ ငြင်းသော်လည်း နီဘောဘီက အတင်းတိုက်တွန်းနေပြန်သဖြင့် ပုလင်းကိုဖွင့်ပြီး တစ်ကျိုက်မော့သောက်လိုက်ရသည်။ အရက်က အလွန်ပြင်းလေရာ ခရိတ်သည် လည်ချောင်းထဲ၌ပူခနဲဖြစ်သွားပြီး မျက်ရည်များပင် ထွက်လာလေသည်။ ခရိတ်က ပုလင်းကိုဆယ်လီအား လှမ်းပေးသောအခါ သူမကမသောက်လိုဟန်ဖြင့် ခေါင်းခါပြလေသည်။
"ရော့ပါ နည်းနည်းတော့ သောက်လိုက်ပါကွာ"

ခရိတ်က ထပ်ပြောလိုက်တော့မှ ဆယ်လီသည် ပုလင်းကိုယူ၍ အနည်းငယ် သောက်လိုက်သည်။ ပြင်းထန်သော ချက်အရက်ဖြစ်၍ ဆယ်လီခမျာ ချောင်းဆိုးပြီး ရင်ထဲ၌ မီးလောင်သကဲ့သို့ ပူလောင်သည့် ဝေဒနာခံစားလိုက်ရသည်။ သို့သော် စိတ်တုန်လှုပ်ချောက်ချားမှု အနည်းငယ် ပြေပျောက်သွားလေသည်။
"ကျေးဇူးတင်ပါတယ်ရှင်"
ဆယ်လီကပြောရင်းပုလင်းကို ကက်ပတိန်နီဘောဘီအား ပြန်ပေးလိုက်လေသည်။ မကြာမီ သူတို့သည် ဘူလာဝေယိုမြို့ပြင်ဘက်ရှိ လမ်းပိတ်ဆို့တားဆီးထားသော လုံခြုံရေးဂိတ်အနီးသို့ ရောက်ရှိ

သွားကြလေသည်။ ခရိတ်သည် လက်ပတ်နာရီကို ကြည့်လိုက်ရာ နံနက်သုံးနာရီထိုးရန် ခုနစ်မိနစ်ခန့်ရှိပြီဖြစ်ကြောင်း တွေ့ရလေသည်။ လုံခြုံရေးဂိတ်အနီးသို့ရောက်လျှင် လင်းရိဇာကား၏ ဝဲယာနှစ်ဖက်သို့ ချဉ်းကပ်လာလေသည်။

ကက်ပတိန်နီဘောဘီသည် စစ်သားတစ်ဦးအား သူ၏စိစစ်ရေးကတ်ပြားကို ထုတ်ပြရင်း ရှိုနာဘာသာဖြင့်တစ်စုံတစ်ခုပြောလိုက်သည်။ စစ်သားလည်းကတ်ပြားကိုလက်နှိပ်မာတ်မီးဖြင့် ထိုးကြည့်ပြီးနောက် ပြန်ပေးရင်း နီဘောဘီအား အလေးပြုလေသည်။

ပိတ်ဆို့ထားသောသစ်သားတန်းကြီးကိုလည်း မြှောက်တင်၍လမ်းဖွင့်ပေးလိုက်သဖြင့် လင်းရိဇာကားသည် ဖြတ်၍ မောင်းထွက်လေသည်။ ဘူလာဝေယိုမြို့မှာ ထိုအချိန်၌ သက်ဝင်လှုပ်ရှားခြင်းမရှိဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ လူနေအိမ်အချို့သာလျှင် မီးများလင်းနေသည်ကို တွေ့ရလေသည်။ တစ်နေရာတွင် မီးပွိုင့်ကမီးနီပြနေရာ လင်းရိဇာကားမောင်းနေသူကကားကို ရပ်ထားလိုက်သည်။ ထိုအချိန်၌ လမ်းများတွင် ယာဉ်အသွားအလာ လုံးဝမရှိ။ တိတ်ဆိတ် ခြောက်ကပ်နေလေသည်။ ယင်းသို့ တိတ်ဆိတ်ငြိမ်သက်နေသည့်ကြားမှ မောင်းပြန်ရိုင်ဖယ်သေနတ်ပစ်သံများ သဲ့သဲ့ကြား ရလေသည်။

ခရိတ်သည်မော်တော်ကား၏နောက်ကြည့်မှန်မှတစ်ဆင့်ကက်ပတိန်နီဘောဘီ၏မျက်နှာကိုလှမ်းကြည့်လိုက်သည်။ သေနတ်သံကြားရာဘက်သို့ လှမ်းကြည့်နေသည်ကိုသတိပြုမိသည်။ ထိုအချိန်၌မီးပွိုင့်မှ စိမ်းသွားသဖြင့် ကားကိုဆက်မောင်းသွားကြပြီး မြို့၏တစ်ဖက်စွန်(တောင်ဘက်) ဆင်ခြေဖုံးဆီသို့ မောင်းသွားလေသည်။ မြို့ပြင်တွင် လမ်းပိတ်ဆို့တားဆီးထားသည့် လုံခြုံရေးဂိတ် နောက်ထပ်နှစ်ခုတွေ့ရပြီးနောက် သူတို့သည် မြို့ပြင်ဘက်ဟိုင်းဝေးလမ်းမကြီးသို့ ရောက်သွားလေသည်။ မှောင်မည်းနေသည့်ကြားမှပင် သူတို့သည် တောင်ဘက်စူးစူးဆီသို့ ဆက်မောင်းသွားကြလေသည်။

ကားပေါ်တွင်ပါလာသော ဆက်သွယ်ရေးရေဒီယိုစက်မှ တစ်ကြိမ်နှစ်ကြိမ်ရှိုနာဘာသာဖြင့်ဆက်သွယ်စကားပြောရာတစ်ဖက်မှပြောနေသူမှာ ဗိုလ်ချုပ်ဖွန်ဂါဘီရာဖြစ်ကြောင်း ခရိတ်ကအသံကိုမှတ်မိလေသည်။ သို့သော် ဖွန်ဂါဘီရာက အခြားတပ်ဖွဲ့(ယူနစ်)များထံ ဆက်သွယ်နေခြင်းဖြစ်ဟန်တူသည်။ ထို့ကြောင့် ကက်ပတိန်နီဘောဘီသည် ရေဒီယိုစက်မှ တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုဘဲ နေလိုက်သည်။ တဖြည်းဖြည်းနှင့် ခရိတ်သည်အိပ်ငိုက်လာသဖြင့် ကားပေါ်တွင်ထိုင်လျက်နှင့်ပင် မျက်စိမှိတ်ပြီး မှေးနေလိုက်သည်။

အိပ်ပျော်နေရာမှ ကက်ပတိန်နီဘေဘီက ပထမဆုံးအကြိမ် စကားပြောလိုက်သဖြင့် ခရိတ်သည် ရုတ်တရက် ပြန်နိုးလာလေသည်။ ထိုအချိန်၌ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ ရောင်နီသန်းစပြုလာပြီ ဖြစ်သည်။

လင်းရိုဗာကားသည် လမ်းမကြီးပေါ်မှ မြေနီလမ်းတစ်ခုတွင်းသို့ ချိုးဝင်လိုက်လေသည်။

"အခု ကျုပ်တို့ဘယ်ကိုသွားနေတာလဲ။ ဘာကြောင့် လမ်းမကြီးကနေဒီမြေနီလမ်းကို ချိုးဝင်ခဲ့တာလဲ" ခရိတ်က မေးလိုက်ရာ ကက်ပတိန် နီဘေဘီသည် ပြန်မဖြေဘဲ ယာဉ်မောင်းသူကိုသာ တစ်စုံတစ်ခု လှမ်းပြောလိုက်သည်။ လင်းရိုဗာကားသည် လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ သည်တော့မှ ကက်ပတိန် နီဘေဘီသည် ခရိတ်အားစကားပြောလေသည်။

"ခင်ဗျားတို့ ကားပေါ်က ဆင်းလိုက်ကြပါ"

ကက်ပတိန်နီဘေဘီသည် အရင်ဆင်း၍ပြောသဖြင့် ခရိတ်လည်းကားပေါ်မှဆင်းလိုက်သည်။ အဆင်းတွင် ကက်ပတိန်နီဘေဘီသည် ကူညီတွဲချသလို ဖေးမသလိုချဉ်းကပ်လာပြီး ခရိတ်၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

ထို့နောက်အလွန်လျင်မြန်သွက်လက်စွာခရိတ်၏လက်နှစ်ဖက်ကိုလက်ထိတ်ခတ်လိုက်သည်။လူပ်ရှားမှုက လျှပ်တစ်ပြက် မြန်လွန်းလှသဖြင့် ခရိတ်မှာ အံ့အားသင့်ကာ လက်ထိတ်ခတ်ထားသော လက်နှစ်ဖက်ကို ငေးကြည့်နေမိသည်။ ခေတ္တာကြာတော့မှ သူသည် ဒေါသထွက်လျက် -

"ဟေ့လူ ဒါဘာလုပ်တာလဲ"ဟု အော်မေးလိုက်သည်။

ထိုအတောအတွင်း ကက်ပတိန် နီဘေဘီသည် ဆယ်လီကိုလည်း အလားတူ လက်ထိတ်ခတ်ထားလိုက်ပြီဖြစ်သည်။ သူသည် ခရိတ်၏မေးခွန်းကိုလျစ်လျူရှုကာ ယာဉ်မောင်းရဲဘော်နှင့် အခြားစစ်သားနှစ်ဦးတို့နှင့်သာ ရှိုနာဘာသာဖြင့် စကားပြောနေသည်။ ခရိတ် သည် ရှိုနာဘာသာစကားကို မကျွမ်းလင့်ကစား အနည်းငယ် တီးခေါက်မိသူဖြစ်ရာ ကက်ပတိန်နီဘေဘီ ပြောနေသည့်စကားတွင် 'သတ်ဖြတ်'နှင့် 'ပုန်းအောင်းနေ'ဟူသော စကားနှစ်လုံးကိုတော့ နားလည်သတိပြုလိုက်မိသည်။

ကက်ပတိန် နီဘေဘီ ပြောသည့်စကားကို စစ်သားတစ်ဦးက ကန့်ကွက်အရေးဆိုသလို ပြန်ပြောနေသည်ကိုလည်း ခရိတ်ကရိပ်မိသည်။ ချက်ချင်းလိုပင် ရေဒီယိုစက်၏ အသံချဲ့စက်(စပီကာ)မှ ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏အသံ ကြားရလေသည်။ ခေတ္တာမျှ အပြန်အလှန် ပြောနေကြပြီးနောက် ကက်ပတိန်

နီဘောဘလီသည် ရေဒီယိုစက်ကို ပြန်ပိတ်လိုက်သည်။ ထိုအခါ စောစောက ပြောဆိုကန့်ကွက်နေသူ စစ်သားသည် ဘာမှမပြောတော့ဘဲ ငြိမ်သွားသည်။ ကက်ပတိန် နီဘောဘီ၏ အမိန့်ပေးချက်ကို ဗိုလ်ချုပ်ဖွန်ဂါဘီရာ ကိုယ်တိုင်က သဘောတူအတည်ပြုလိုက်ကြောင်း ကန့်ကွက်သူစစ်သားက နားလည်သွားပြီ ဖြစ်သည်။

ကက်ပတိန် နီဘောဘီသည် အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်ပြီးနောက် လင်းရိုဗာကားသည် ဆူးချို တွေပေါသော တောတွင်းလမ်းအတိုင်း ဆက်မောင်းသွားလေသည်။ တဖြည်းဖြည်းနှင့် အလင်းရောင် လာစပြုလာလေရာ အာဖရိကတိုက်၏ တောတွင်းဒေသရှုခင်းများ ထင်ရှားစွာ မြင်နေရလေသည်။
"ခရိတ် ဒါလင် သူတို့က ကျွန်မတို့ကို သတ်ပစ်မှာ မဟုတ်လားဟင်"

ဆယ်လီက ခပ်တိုးတိုးမေးလိုက်သည်။ ခရိတ် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် စိတ်ဆင်းရဲ မိလေသည်။ ထို့ကြောင့် -

"ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ်ကွယ်။ ဖွန်ဂါဘီရာက ငါတို့ကို ပြန်လွှတ်လိုက်မယ်လို့ ပြောစဉ်က တကယ်မလွှတ်ဘဲ သတ်ပစ်မှာဆိုတာ ငါကြိုတင်တွက်မိဖို့သင့်တယ်"ဟုသာ ပြန်ပြောလိုက်သည်။ ခရိတ်သည် သူ့ကိုယ်သူအပြစ်တင်သလိုပြောလိုက်လျှင် ဆယ်လီကနှစ်သိမ့်အားပေးသည့်အနေဖြင့် "ဒါက ရှင့်အပြစ်မှ မဟုတ်ဘဲရှင့်။ တကယ်လို့ ရှင်က ကြိုတင်သိရင်တောင်မှ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"ဟု ပြန်ပြောရှာလေသည်။

"သူတို့က ငါတို့ကိုဒီတောထဲမှာ ပစ်သတ်ပြီးလူသူမနီးတဲ့ တစ်နေရာမှာ မြေမြှုပ်ပစ်လိုက်ကြလိမ့်မယ် ထင်တယ်။ ငါတို့နှစ်ယောက်စလုံး လုံးဝပျောက်ကွယ်သွားတာကို မာတာဘယ်လီ တော်လှန်ရေး သမား(သူပုန်)တွေရဲ့ လက်ချက်ဖြစ်ရမယ်လို့ စွပ်စွဲသတင်းဖြန့် ကြလိမ့်မယ်"

ခရိတ်ပြောနေချိန်တွင် ကက်ပတိန် နီဘောဘီသည် ဆိတ်ဆိတ်နေ၍ နားထောင်နေလေသည်။ ခရိတ် စွပ်စွဲပြောဆိုချက်ကိုငြင်းလည်းမငြင်း၊ ဝန်ခံခြင်းလည်းမပြုဘဲ ဆိတ်ဆိတ်နေခြင်းဖြစ်သည်။ တစ်နေရာ တွင် မြေနီလမ်းသည်နှစ်ခွဖြစ်နေရာ လက်ဝဲဘက်ရှိလမ်းမှာ လမ်းဟုပင်ဆိုရန်ခဲယဉ်းသော တောတွင်း လမ်းတစ်ခုဖြစလေသည်။ ကက်ပတိန်နီဘောဘီသည် ယာဉ်မောင်းသူအား ထိုလက်ဝဲလမ်းအတိုင်း မောင်းခိုင်းလေသည်။
ယာဉ်မောင်းသူလည်း လမ်းကကြမ်းသဖြင့် ခပ်ဖြည်းဖြည်းပင် မောင်းရလေသည်။ မြေကြီးက မညီညာ သဖြင့်ကားသည် အလွန်ဆောင့်လျက် ခက်ခက်ခဲခဲ သွားကြရလေသည်။ ထိုအချိန်၌ မိုးစင်စင်လင်း

ပြီဖြစ်၍ နေမင်း၏အလင်းရောင်သည် တောတောင်ရှုခင်းများကို မီးမောင်းထွန်းထားသလို ထိန်လင်းတောက်ပစေလျက် ရှိပေသည်။ ကက်ပတိန် နီဘောဘီသည် ရှိုနာဘာသာဖြင့် အမိန့်ပေးလိုက်ရာ ယာဉ်မောင်းသူက လင်းရိုဗာကားကို လမ်းဘေးရှိ ချုံတောတွင်းသို့ မောင်းဝင်လိုက်သည်။

ထိုနေရာတွင် မြက်ပင်ရှည်ကြီးများ ရှိလေသည်။ မြက်ပင်ကြီးများသည် လူတစ်ယောက် ရင်ခေါင်းနီးပါး ထိအောင် မြင့်လေသည်။ အတန်ကြာကြာ ဆက်မောင်းသွားပြီးနောက် ကက်ပတိန် နီဘောဘီ၏ အမိန့်ပေးချက်ဖြင့် မော်တော်ကားရပ်သွားပြီး ဒရိုင်ဘာကစက်ကိုပါ သတ်လိုက်သည်။ လူသူမနီး ဝေးလံခေါင်းပါးသော နေရာဖြစ်ကြောင်း ထင်ရှားနေပေသည်။

"ကျွန်မတို့ကို ဒီနေရာမှ သတ်ပြီး မြှုပ်ထားလိုက်ရင် ဘယ်သူကမှ ရှာလို့တွေ့မှာ မဟုတ်ပါဘူး"

ဆယ်လီသည် စိတ်ပျက်အားငယ်ဟန်ဖြင့် ညည်းလိုက်သည်။ ဤတွင် ကက်ပတိန် နီဘောဘီက -

"ခင်ဗျားတို့ ဘယ်မှမသွားဘဲ ဒီမှာဘဲ နေရမယ်"ဟု အမိန့်ပေးလိုက်သည်။

ဆယ်လီသည် စိတ်ထဲမျိုသိပ်မထားနိုင်ဟန်ဖြင့် ကက်ပတိန် နီဘောဘီအား မေးမြန်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။
"ဒီမယ် ရှင် အခု လုပ်နေတာတွေနဲ့ ပတ်သက်ပြီး ရှင့်စိတ်ထဲ ဘယ်လိုမှ မနေဘူးလားရှင်"

ကက်ပတိန်နီဘောဘီသည် ဘာမှမပြောပဲ ဆယ်လီအား လှမ်းကြည့်လိုက်သည်။ သူ၏ မျက်နှာကတော့ စိတ်မကောင်းသယောင် ဖြစ်နေသည်။ ထို့နောက် ဘာမှမပြောဘဲ ကားပေါ်မှ ဆင်းလိုက်သွားပြီး ရှိုနာဘာသာဖြင့် အမိန့်ပေးလိုက်ရာ စစ်သားနှစ်ဦးသည် သူတို့၏သေနတ်များကို ကား၏ နောက်ပိုင်းတွင် ချထားလိုက်သည်။ ထိုအတောအတွင်း ယာဉ်မောင်းရဲဘော်က ကားခေါင်မိုးပေါ်မှ မြေတူးသည့် ပေါက်ပြားသုံးခု ယူချလိုက်သည်။

ကက်ပတိန်နီဘောဘီသည် လင်းရိုဗာကား၏သော့ကို ဖြုတ်ယူလိုက်ပြီး သူ၏လူများကို ခပ်လှမ်းလှမ်းတစ်နေရာသို့ ခေါ်သွားလေသည်။ ထိုနေရာ၌ သူ၏ခြေထောက်ဖြင့် မြေကြီးတွင်နေရာနှစ်ခုကို ညွှန်ပြရာ စစ်သားသုံးဦးတို့သည် ပေါက်ပြားများဖြင့် မြေကြီးကို စတင်တူးကြလေတော့သည်။ လူသေအလောင်းမြှုပ်ရန် တွင်းတူးနေကြခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။ မြေကြီးက မြေပျော့ဖြစ်၍ တူးရာတွင် အတော်လျင်မြန်လေသည်။ ကက်ပတိန်နီဘောဘီသည် တူးနေသူစစ်သားများအနီးမှ ရပ်၍ ကြည့်နေရင်း စီးကရက်တစ်လိပ် သောက်နေလေသည်။ ခရိတ်သည် ဆယ်လီအနီးသို့ ကပ်၍-

"ဟော့...လင်းရိုဟကားပေါ်က ရိုင်ဖယ်သေနတ်တစ်လက်ရအောင် ငါကြံရမယ်"ဟု ခပ်တိုးတိုး ပြောလိုက်သည်။

လက်နက်များက ကား၏နောက်ပိုင်းတွင်ရှိနေရာ ခရိတ်အနေဖြင့် လက်ထိပ်ခတ်ထားသည့်ကြားမှ မနည်းကြိုးစား၍သေနတ်များရှိရာသို့ ထိုင်ခုံများကိုကျော်သွားရမည်ဖြစ်သည်။ ရိုင်ဖယ်သေနတ်ရလျှင်ပင် လက်ထိပ်ခတ်ထားသော လက်ဖြင့်ခဲခဲယဉ်းယဉ်း ကိုင်တွယ်ချိန်ဆ၍ စစ်သားများအား ကြိုးစားပစ်ရမည် ဖြစ်သည်။

"မလုပ်ပါနဲ့ရှင်၊ ရှင့်အခြေအနေနဲ့ ဒီလို ကြံလို့ရမှာ မဟုတ်ဘူး"

ဆယ်လီက တိုးတိုးပြောလိုက်သည်။ သို့သော် ခရိတ်၏ မျက်နှာထားက တင်းမာလျက် မရရအောင် ကြိုးစားမည့် အသွင် ဆောင်နေလေသည်။

"ဟုတ်တယ် ကြံလို့ရချင်မှရမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်ပြီး လည်စင်းခံတာထက်စာရင် တစ်ခုခု ကြိုးစားတာကမှ တော်ဦးမယ်။ ငါပြောသလို မကြံရင် ဒါထက် ကောင်းတဲ့ တခြားနည်းလမ်းရှိလို့လား။ ကဲ ဘာမှ ပြောမနေနဲ့၊ ငါက ဝိုးလို့ပြောလိုက်တာနဲ့ မင်းက ကားရဲ့ကြမ်းပြင်ပေါ် လှဲချပြီး ဝပ်နေလိုက်ပါ"

ဤသို့ပြောပြီး ခရိတ်သည်လင်းရိုဟ(ငါးချိတ်)ကားရှည်ကြီး၏နောက်ပိုင်း ရိုင်ဖယ်သေနတ်များထားရှိရာသို့သွားရန် ပြင်ဆင်လေသည်။

မလှမ်းမကမ်းတွင်ကား စစ်သားသုံးယောက်တို့သည် အလောင်းမြုပ်ရန် တွင်းကြီးနှစ်တွင်းကို ဆက်လက် တူးနေကြသည်။ ခရိတ်သည် ဆယ်လီနားသို့ကပ်၍ သူ၏ နှလုံးသားထဲမှ ဖြစ်ပေါ်လာသော ခံစားချက်ကို ခပ်တိုးတိုး ဖွင့်ပြောလေသည်။

"ဆယ်လီရယ်၊ ငါလေ မင်းကို သိပ်ချစ်တာပဲ။ မင်းကိုချစ်သလို ငါ့ဘဝတစ်သက်မှာ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး"

"ကျွန်မကလည်း ရှင့်ကို သိပ်ချစ်ပါတယ်ရှင်"

ဆယ်လီ ကလည်း ခပ်တိုးတိုး ပြန်ပြောရှာသည်။

"မင်း သတ္တိရှိရှိနဲ့ နေပါနော်"

"ဟုတ်ကဲ့ ရှင်ကံကောင်းပါစေလို့လည်း ဆုတောင်းပါတယ်"

ပြောရင်းနှင့် ဆယ်လီသည် ခေါင်းငုံ့နေလိုက်သည်။ ခရိတ်လည်း သေနတ်များရှိရာသို့ သွားတော့မည်ပြုလိုက်သည်။ သို့သော် ထိုအချိန်၌ ကက်ပတိန်နီဘေဘီက လင်းရိုဗာကားရှိရာသို့ လှည့်ကြည့်လိုက်ချိန်နှင့် ကြုံနေသဖြင့် ဆက်မလှုပ်ရှားဘဲ ငြိမ်နေလိုက်ရသည်။ ကက်ပတိန် နီဘေဘီသည် ခရိတ်က ရှေ့ထိုင်ခုံမှ သမင်လည်ပြန်နောက်သို့လှည့်နေပြီး ဆယ်လီကလည်း ကြမ်းပြင်တွင် ဒူးထောက်ဝပ်နေသည်ကို သတိပြုမိသည်တွင် သက််မကင်းဖြစ်လာသဖြင့် လင်းရိုဗာကားဆီသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာလေသည်။

ကားအနီးသို့ရောက်လျှင် သူသည် ခရိတ်အား အင်္ဂလိပ်ဘာသာဖြင့် ခပ်တိုးတိုးပြောလေသည်။

"မစ္စတာခရိတ်၊ အခု ခင်ဗျားလုပ်ဖို့စိတ်ကူးတာကို မလုပ်ပါနဲ့။ ခင်ဗျားတို့ ကျွန်တော်တို့အဖို့ အကြီးအကျယ် အန္တရာယ်ရှိနေပါတယ်။ ကျွန်တော်တို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်က အသာငြိမ်ငြိမ်ကလေးနေပြီး ဘယ်လိုမှမလှုပ်ရှားဘဲနေဖို့ဖြစ်ပါတယ်"

ပြောပြောဆိုဆို ကက်ပတိန်နီဘေဘီသည် သူ၏အင်္ကျီအိတ်ထဲမှကားသော့ကို ထုတ်ယူ၍ လင်းရိုဗာကားတွင် တပ်လိုက်သည်။ တစ်ချိတ်တည်းမှာပင် လက်တစ်ဖက်ဖြင့် သူ၏ခါးကြားမှ ပစ္စတိုသေနတ်အိတ်ကို အသင့်ဖွင့်ထားလိုက်သည်။ ကက်ပတိန်နီဘေဘီကပင် ခပ်တိုးတိုး ဆက်ပြောလေသည်။ "ခင်ဗျားတို့ မြင်တဲ့အတိုင်း ကျွန်တော်ကစစ်သားသုံးဦးစလုံးကို လက်နက်မရှိအောင် ကြံဖန်လုပ်ထားလိုက်ပါပြီ။ အခုကျွန်တော် ကားပေါ်တက်ထိုင်တဲ့အခါ ခင်ဗျားကကျွန်တော့်ကို တိုက်ခိုက်ဖို့မကြိုးစားပါနဲ့။ အဲဒါ အရေးကြီးပါတယ်။ ကျွန်တော်ကိုယ်တိုင်က ခင်ဗျားတို့လိုပဲ အလွန်အန္တရာယ် နီးကပ်နေပါတယ်။ ခင်ဗျားတို့ ကျွန်တော့်ကို ယုံကြည်စိတ်ချစေချင်ပါတယ်။ ကျွန်တော် အခုပြောတာကို နားလည်တယ် မဟုတ်လား"

ခရိတ်ကလည်း "နားလည်ပါတယ်"ဟု ပြန်ပြောလိုက်သည်။

သူ၏ စိတ်ထဲတွင်ကား သူ့လက်ခုတ်တွင်းကရေ ဖြစ်နေတော့မှ သူခိုင်းတာလုပ်ရမှာပဲဟု တွေးမိလေသည်။ ကက်ပတိန် နီဘေဘီသည် ကားပေါ် တက်ထိုင်လိုက်ပြီးနောက် တွင်းတူးနေသော

စစ်သားသုံးဦးအား လှမ်းကြည့် လိုက်သည်။ ထို့နောက် ကားသော့ကိုလှည့်၍ စက်နှိုးလိုက်သည်။ စက်နှိုးပြီး အင်ဂျင်စက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာရာ တွင်းတူးနေသူ စစ်သားသုံးဦးသည် မော်တော်ကားဆီသို့ လှမ်းမျှော်ကြည့်ကြလေသည်။ သူတို့သည်အလွန်အံ့အားသင့်လျက် ကြည့်လိုက်ကြခြင်းပင် ဖြစ်သည်။

သုံးဦးအနက် တစ်ယောက်က တွင်းထဲဝင်တူးနေရာမှ အပေါ်ခုန်တက်လိုက်ပြီး ကက်ပတိန်နီဘောဘီအား တစ်စုံတစ်ခု လှမ်းအော်ပြောလိုက်သည်။ ထိုအချိန်၌ ကက်ပတိန်နီဘောဘီသည် ကားကိုဂီယာထိုး၍ မောင်းထွက်ရန် ကြိုးစားလေသည်။ သို့သော် လင်းရိုဗာကားသည် ရုတ်တရက် စက်ရပ်သွားပြန်သည်။ ထိုအခါ ခရိတ်က အကြံပေးသည့်အနေဖြင့်-

"ခင်ဗျား လီဗာကို ဖိနင်းထားရင် ဓာတ်ဆီများလွန်းပြီး စက်နိုးမှာ မဟုတ်ဘူးဗျ"ဟု ပြောလိုက်သည်။

ဟစ်အော်လိုက်သူစစ်သားသည် လင်းရိုဗာကားဆီသို့ ပြေးလာနေပြီ ဖြစ်သည်။ ကက်ပတိန် နီဘောဘီကလည်း ကားကိုကြိုးစား၍ စက်နှိုးနေဆဲပင်ဖြစ်သည်။ တွင်းတူးနေသူ ကျန်စစ်သားနှစ်ဦးလည်း လိုက်ပြေးလာကြရာ တစ်ဦးကတွင်းတူးပေါက်ပြားကို လက်နက်သဖွယ်ကိုင်ထားလေသည်။

"ဒီမယ် ကားတံခါးကို မြန်မြန်ပိတ်ထားလိုက်ပါ"

ခရိတ်က အော်ဟစ် သတိပေးလိုက်သည်။

လင်းရိုဗာကားမှာ ဂျစ်ကားလိုမဟုတ်ဘဲတံခါးအပြည့်ရှိရာ ကက်ပတိန်နီဘောဘီက လျင်မြန်စွာတံခါးကို ပိတ်လိုက်သည်။ ဆယ်လီက ကား၏နောက်တံခါးကို မပိတ်ရသေးဘဲ ဖြစ်နေရှာရာ စစ်သားသည် ကားနောက်ဘက်သို့ပြေး၍ ပွင့်နေသောတံခါးမှတစ်ဆင့် ဆယ်လီ၏ လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ကိုင်ကာ အပြင်ဘက်သို့ အတင်းဆွဲထုတ်လေသည်။

ခရိတ်သည် လျင်မြန်စွာလှုပ်ရှားလိုက်သည်။ လက်ထိတ်ခတ်ထားသောသူ၏လက်နှစ်ဖက်ကို မြှောက်၍ လူမည်းစစ်သား၏ဦးခေါင်းတည့်တည့်ကို တအားရိုက်ချလိုက်ရာ လက်ထိတ်မှ သံမဏိကွင်းများကထိုလူ၏ ဦးခွံတည့်တည့်သို့ပြင်းစွာထိမှန်သဖြင့် လူမည်းစစ်သားသည် ယိုင်လဲကျသွားလေသည်။ ခရိတ်သည် စစ်သား၏နဖူးတည့်တည့်သို့ နောက်ထပ်တစ်ချက် သံလက်ထိတ်ဖြင့် တအားရိုက်လိုက်ပြန်သည်။ စစ်သားသည် မလှုပ်မယှက် ငြိမ်သက်သွားတော့သည်။ သို့သော် ကျန်စစ်သားနှစ်ဦး

က ပေါက်ပြားများကို လက်နက်အဖြစ်ကိုင်လျက် လင်းရိုဗာကား၏ဘေးနားတွင် ရပ်စောင့်နေကြသဖြင့် အန္တရာယ်က ရှိနေသေးသည်။

ထိုအချိန်၌ ကံအားလျော်စွာ လင်းရိုဗာကားက ရုတ်တရက်စက်နှိုးလာရာ ကက်ပတိန် နီဘေဘီလည်း ချက်ချင်း ဂီယာထိုး၍မောင်းထွက်လေသည်။ ကား၏အရှိန်ကြောင့် ဒဏ်ရာနှင့်လဲနေသူ စစ်သားသည် ကားပေါ်မှလွင့်စဉ်ကျကျန်ရစ်လေသည်။ စစ်သားတစ်ဦးသည်သူ၏ပေါက်ပြားကိုတအားလွဲ၍ပစ်လိုက်ရာ ကား၏နောက်မှန်ကိုထိပြီး မှန်ကွဲသွားလေသည်။

ကက်ပတိန်နီဘေဘီသည် ဂရုမစိုက်ဘဲကားကိုသာ စက်ကုန်ဖွင့်၍ ဆက်မောင်းထွက်သွားလေသည်။ စစ်သားနှစ်ဦးလည်း မကျေမချမ်းဖြစ်လျက် ကျန်ရစ်လေတော့သည်။ အတန်ငယ်သွားမိသော် ကက်ပတိန်နီဘေဘီက ခရိတ်အား လှမ်း၍-

"ခင်ဗျား လက်နှစ်ဖက် ဆန့်လိုက်စမ်းပါ"ဟုပြောပြီး လက်တစ်ဖက်အား ကားမောင်းရင်း ခရိတ်၏ လက်မှလက်ထိတ်ကို သော့ဖြင့်ဖွင့်၍ ဖြုတ်ပေးလိုက်သည်။

"ရော့ ဒီသော့နဲ့ ခင်ဗျားကပဲ မစ္စဆယ်လီရဲ့ လက်ထိတ်ကို ဖြုတ်ပေးလိုက်ပါ"

ပြောရင်းသော့ကိုပေးသဖြင့် ခရိတ်လည်း ဆယ်လီ၏လက်ထိတ်ကို သော့နှင့်ဖြုတ်ပေးလိုက်သည်။ "ဘုရားသခင်ကျေးဇူးကြောင့် တော်သေးတာပေါ့ရှင်။ ကျွန်မဖြင့် မျှော်လင့်ချက်လုံးလုံးမရှိတော့ဘူးလို့ စိတ်လျှော့ထားလိုက်မိတယ်"

ဆယ်လီက သူ၏ လက်ကောက်ဝတ်နေရာကို လက်ဖြင့်ပွတ်သပ်ရင်း ပြောရာ ကက်ပတိန်နီဘေဘီက ခေါင်းညိတ် လိုက်သည်။

"ဟုတ်ပါတယ် ကျွန်တော်တို့ ကံကောင်းလွန်းလို့ အခုလို လွတ်လာတာပဲခင်ဗျ"

တစ်ဖန် သူကပင် ဆက်လက်၍ ခရိတ်အား-

"ရိုင်ဖယ်သေနတ်တစ်လက်ကို ခင်ဗျားတို့က ကိုင်ထားပြီး တစ်လက်ကိုတော့ ကျွန်တော့်ဘေးနားမှာ ချထားပေးစမ်းပါ"ဟုပြောလိုက်သည်။ ဤတွင်ဆယ်လီကအလိုက်သိစွာ ကား၏နောက်ပိုင်းမှ ရိုင်ဖယ်သေနတ်နှစ်လက်ကို လှမ်းယူပေးလိုက်သည်။ သေနတ်များက အေအေ ၄၇ အမျိုးအစား မောင်းပြန်သေနတ်များဖြစ်ပြီး တတိယတပ်မဟာမှ တပ်သားအားလုံး ဤလက်နက်မျိုးကို ကိုင်ဆောင်လေ့ရှိ

ကြသည်။
"ဒီသေနတ်မျိုးကို ကိုင်တွယ်တတ်ပါသလား ခင်ဗျ"

ကက်ပတိန် နီဘောဘီက မေးရာ ခရိတ်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ရိုဒီးရှားနိုင်ငံရဲ့ ရဲတပ်ဖွဲ့မှာ လက်နက်တွေ တာဝန်ယူရတဲ့ အာမာရာ လုပ်ခဲ့ဖူးတယ်"

"ဩော် ဟုတ်သားပဲ။ ကျွန်တော် မေ့နေလိုက်တာ"

ခရိတ်သည် အေကေ ၄၇သေနတ်ကို ယူ၍ ကျည်ဆန်ကတ်ကိုထုတ်ကာ သေချာစွာ စစ်ဆေးကြည့်ပြီးနောက် စနစ်တကျ ပြန်ထိုးထားလိုက်သည်။ ယခုဆိုလျှင် ယင်းသေနတ်သည် ကောင်းစွာ ပစ်ခတ်နိုင်ရန် အဆင်သင့် ဖြစ်နေပေပြီ။

သေနတ်ကို လက်ဖြင့်ကိုင်ဆလိုက်ချိန်တွင် ခရိတ်သည် ချက်ချင်း ပြောင်းလဲမှု ဖြစ်လာလေသည်။ စိတ်ဓာတ်တက်လာသည်။ စောစောပိုင်းက သူသည်အလွန်စိတ်ဓာတ်ကျနေခဲ့သည်။ လက်ထိတ်ခတ်ခံထားရပြီး မည်သို့မှမလှုပ်ရှားနိုင်ဘဲ စိတ်ပျက်အားလျော့ဖွယ် အခြေအနေရှိခဲ့သော်လည်း ယခုတော့မူ သူသည် မောင်းပြန်ရိုင်ဖယ်သေနတ်ကို လက်ဝယ်ကိုင်ထားနိုင်ပြီဖြစ်သည်။ ရန်သူလုပ်သမျှ ငုံ့မခံဘဲ တုံ့ပြန်တိုက်ခိုက်နိုင်သော အခြေအနေမျိုး ဖြစ်လာပေပြီ။ ယင်းသို့ ဆင်ခြင်တွေးတောပြီး စိတ်အားတက်လာသူ ခရိတ်သည် ချစ်သူဆယ်လီ၏ လက်တစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်ထားလိုက်သည်။

"အခုဆိုရင် ငါတို့ကလက်နက်နဲ့ ပြန်တိုက်နိုင်တဲ့အခြေအနေ ဖြစ်လာတဲ့အတွက် မျှော်လင့်ချက်ရှိလာပြီကွဲ့"

ဤသို့ပြောပြီးနောက် ခရိတ်သည်ကားထဲရှိအရက်ပုလင်းကိုယူ၍ ဆယ်လီအား လှမ်းပေးလိုက်သည်။ ဆယ်လီက အနည်းငယ်သောက်ပြီး ပုလင်းကိုပြန်ပေးရာ ခရိတ်သည် ထိုပုလင်းကို ကက်ပတိန် နီဘောဘီ သောက်ရန် ပေးလိုက်ပြန်သည်။

"ကိုင်း ဆိုစမ်းပါဦး ကက်ပတိန် အခြေအနေက ဘယ်လို ဖြစ်ကုန်တာလဲ"

ကက်ပတိန် နီဘောဘီသည် ပုလင်းကိုမော့၍ အနည်းငယ် သောက်လိုက်ပြီးမှ ပြန်ဖြေလေသည်။

"မစ္စတာခရိတ် ကောက်ချက်ချခဲ့တဲ့အတိုင်း မှန်ပါတယ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ကျွန်တော့်ကို အမိန့်ပေးလိုက်တာက ခင်ဗျားတို့နှစ်ယောက်ကိုလူသူမနီးတဲ့တောထဲခေါ်သွားပြီး သုတ်သင်ကွပ်မျက်လိုက်

ဖို့ဖြစ်ပါတယ်။ နောက်ပြီး ခင်ဗျားတို့လုံးဝပျောက်နေတာကို မာတာဘယ်လီသူပုန်တွေရဲ့ လက်ချက်ပဲ လို့ စွပ်စွဲလိမ့်မယ်ဆိုတာလည်း မှန်ပါတယ်"

"ဒီလိုဆိုရင် ခင်ဗျားက ဘာကြောင့် အမိန့်ပေးတဲ့အတိုင်း မလိုက်နာတာလဲ"

ခရိတ်က မေးလိုက်သောအခါ ကက်ပတိန်နီဘေဘီသည် ဆယ်လီဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ပြန်ဖြေလေသည်။

"ကျွန်တော် အရင်ဆုံး တောင်းပန်ပါရစေ။ ကျွန်တော်က ခင်ဗျားတို့ကို တကယ်ပဲ သတ်ပစ်တော့မလို ပြင်ဆင်မှုများ လုပ်ခဲ့ရတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ကျွန်တော်နဲ့ပါလာတဲ့ စစ်သားသုံးယောက်ကအင်္ဂလိပ်စကားတတ်တယ်ခင်ဗျ။ ဒါကြောင့်ကျွန်တော်ကခင်ဗျားတို့ကို ကြိုတင်ရှင်းမပြနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်စစ်သားတွေ လုံးဝမရိပ်မိအောင် ကျွန်တော်က ခပ်တည်တည်နဲ့ သတ်ဖြတ်ဖို့ပြင်ဆင်မှုများပြုလုပ်ခဲ့ရပါတယ်။ တကယ်တော့ကျွန်တော့်အနေနဲ့ ခင်ဗျားတို့နှစ်ယောက်စလုံး စိတ်ရောကိုယ်ပါ ဆင်းရဲမှုတွေ ဒါလောက်ခံစားခဲ့ရပြီးမှ နောက်ထပ်နှိပ်စက်ညှဉ်းပန်းဖို့စိတ်ကူးလုံးဝမရှိတာ အမှန်ပါပဲ"

"ကက်ပတိန်နီဘေဘီရှင့် ကျွန်မတို့က ရှင်လုပ်ခဲ့တာတွေ အားလုံးကို ခွင့်လွှတ်ပါတယ်။ ရှင့်ကိုလည်း အထူးပဲခင်မင်လေးစားမိပါတယ်။ ဒါပေမဲ့ ကျွန်မသိချင်တာက ရှင်ကဘာကြောင့် ရန်သူလို့ သတ်မှတ်ရမယ့် ကျွန်မတို့ကို အခုလိုကူညီရတာလဲရှင်"

ဆယ်လီက မေးလိုက်သည်။ သည်တော့မှ ကက်ပတိန် နီဘေဘီသည် အဖြစ်မှန်ကို ဖွင့်ပြောလေတော့သည်။

"ကျွန်တော်က ဒီအကြောင်းကို ဘယ်တုံးကမှ ဘယ်သူ့ကိုမှ မပြောခဲ့ဖူးပါဘူး။ အခုမှ ပထမအကြိမ် ထုတ်ဖော်ပြခြင်းသာ ဖြစ်ပါတယ်။ ဒီလိုပါကျွန်တော့်ရဲ့မိခင်ကမာတာဘယ်လီတိုင်းရင်းသူအစစ် ဖြစ်ပါတယ်။ သူကကျွန်တော်ငယ်ရွယ်စဉ် လူမမည်ဘဝမှာပဲကွယ်လွန်သွားရှာပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့မိခင်ကို ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ အင်မတန်လည်း ကြည်ညိုလေးစားမိပါတယ်။ ကျွန်တော့်ဖခင်ကတော့ ရိုနာလူမျိုးဖြစ်လို့ ကျွန်တော့်ကို ရိုနာအမျိုးသားတစ်ယောက်အဖြစ် ကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ခဲ့ပါတယ်။

ဒီလို ရှိုနာတစ်ယောက်အဖြစ် ကြီးပြင်းလာပေမဲ့ ကျွန်တော့်စိတ်ထဲမှာ မာတာဘယ်လီမိခင်က မွေးဖွားခဲ့တဲ့ ကျွန်တော်ဟာ မာတာဘယ်လီသွေးပါခဲ့တာကို ဘယ်တော့မှမမေ့ပါဘူး။ မာတာဘယ်လီလူမျိုးတွေကို ကျွန်တော့်ရဲ့ သွေးရင်းသားရင်းတွေလို နှလုံးသားထဲကယူဆပါတယ်။ ဒီလိုပဲခံယူထားပါတယ်။ အဲဒီလို ကျွန်တော်ရဲ့ အတွင်းစိတ်ထဲမှ ဖြစ်ပေါ်ခံစားနေတာကို ဝိုလ်ချုပ် ဖွန်ဂါဘီရာကလည်း ရိပ်မိပုံ ရပါတယ်။ သို့သော်လည်း ကျွန်တော့်မိခင်ရဲ့ ဇာတိဇာစ်မြစ်ကိုတော့ သိဟန်မတူပါဘူး။

ဒါကို မသိသော်လည်း ကျွန်တော့်စိတ်တွေ ပြောင်းလဲတာကိုတော့ သူရိပ်မိတာတော့ သေချာပါတယ်။ ကျွန်တော်ဟာ လူသားစားကျားသစ်နဲ့တူတဲ့ သူနဲ့အတူနေခဲ့ရတာ ကြာပြီဖြစ်လေတော့ ကျားသစ်သတ္တဝါရဲ့ လှုပ်ရှားမှုခြေလှမ်းကို ကြိုမြင်ခဲ့ပါတယ်။ တကယ်လို့ ကျွန်တော်က ခင်ဗျားတို့ကို ကွပ်မျက်ပြီး မြေမြှုပ်ပြီးတဲ့နောက် ကျွန်တော်ဟာလည်း အလားတူ လူမသိတဲ့ တစ်နေရာမှာ မြေမြှုပ်ခံရမှာ သေချာပါတယ်"

အခန်း(၂၂)အဆက်(၂)

စကားပြောရာ၌ ကက်ပတိန် နီဘောဘီသည် မာတာဘယ်လီ ဘာသာစကားမှ 'အာမွန်ဒါလာကာ ဖွန်ဂါဘီရာ'ဟူသော ဝေါဟာရကိုအသုံးပြု၍ ပြောသွားသဖြင့် ခရိတ်မှာဒဲ့အားသင့်မိလေသည်။ တူတီသာသနာပြုမစ်ရှင်ကျောင်းမှ တိုင်းရင်းသူဆရာမကလေး ဆာရာကလည်း ဖွန်ဂါဘီရာ အကြောင်းပြောရာ၌ ဤစကားလုံးကိုပင် အသုံးပြုခဲ့သည်။ ထို့ကြောင့် ခရိတ်က-

"ဒါထက် ကက်ပတိန်၊ အဲဒီစကားလုံးကို ကျုပ်အရင်ကလည်းတစ်ကြိမ်ကြားဖူးတယ်။ အဓိပ္ပာယ်အတိအကျကို ကျုပ်နားမလည်ဘူး"ဟု ပြောလိုက်ရာ ကက်ပတိန်နီဘောဘီက ရှင်းပြလေသည်။

"ဒီစကားလုံးက မာတာဘယ်လီဘာသာနဲ့တောခွေးလို့ အဓိပ္ပာယ်ရတယ်။ သူတို့အစိုးရရဲ့ ပြန်လည်ထူထောင်ရေးစခန်းလို့ခေါ်တဲ့ အကျဉ်းစခန်းတွေမှာ သေဆုံးသူသို့မဟုတ် ကွပ်မျက်ခံရသူတွေရဲ့ အလောင်းကို တောထဲယူသွားပြီး တောခွေးအစာအဖြစ် ပစ်ထားလေ့ရှိတယ်။ တောခွေးဆိုတာက အသားစားတဲ့နေရာမှာ ဘာမှမကျန်အောင် အကုန်စားပစ်တတ်တယ်။ လူသေအလောင်းက အရိုးတစ်ချောင်း၊ ဆံပင်တစ်ပင်တောင် မကျန်အောင် စားပစ်တတ်တယ်"

"ဘုရား ဘုရား"

ဆယ်လီ က တုန်လှုပ်ချောက်ချားစွာဖြင့် ရေရွတ်လိုက်မိသည်။

"ကြောက်စရာပါပဲလားရှင်၊ အဲဒီလိုနည်းနဲ့ လူတွေ ဘယ်နယောက်လောက်များ အသတ်ခံခဲ့ရသလဲ ကက်ပတိန်ရှင့်"
"အတိအကျတော့ မပြောနိုင်ဘူး။ သို့သော်လည်း ခန့်မှန်းခြေအားဖြင့် သေတဲ့ဦးရေက ထောင်ချီပြီးရှိမှာ သေချာ ပါတယ်"

"အင်း...ယုံစရာတောင် မရှိဘူး။ တကယ် ရက်စက်တာပဲကိုး"

"ဗိုလ်ချုပ်ဖွန်ဂါဘီရာအနေနဲ့ မာတာဘယ်လီလူမျိုးတွေကို မုန်းတီးပုံဟာ အင်မတန် လွန်ကဲပါတယ်။ အင်္ဂလိပ်လို အော့ဗ်ဆက်ရှင်းလို့ခေါ်တဲ့ စိတ်ရူးပေါက်လောက်အောင် အစွဲအလမ်းကြီးတဲ့ သဘောပါပဲ။ သူ့ရဲ့ရည်ရွယ်ချက်က ဇင်ဘာဘွေနိုင်ငံမှ မာတာဘယ်လီအမျိုးသားတွေ မျိုးဆက်ပြုတ်လောက်အောင် သုတ်သင်ရှင်းလင်းပစ်ချင်တဲ့ သဘောမျိုးဖြစ်တယ်။ ပထမဆုံး မာတာဘယ်လီ ခေါင်းဆောင်တွေကို သုတ်သင်ဖို့ အစီအစဉ်ရှိတယ်။ မဟုတ်မမှန်ဘဲလုပ်ကြံပြီး နိုင်ငံတော် သစ္စာဖောက်မှုနဲ့ စွပ်စွဲအပြစ်ပေးဖို့ဆိုပါတော့။ ဥပမာ ဝန်ကြီးတွန်ဂါတာ ကိစ္စမှာလို"

"ဟင်...ဟုတ်လား၊ ဒါဖြင့် ဝန်ကြီးတွန်ဂါတာမှာ အပြစ်မရှိဘူးပေါ့"

ဆယ်လီက ဖြတ်မေးလိုက်ရာ ကက်ပတိန် နီဘောဘီက ခေါင်းညိတ်ပြလေသည်။

"ဝန်ကြီးတွန်ဂါတာကိုအရေးယူရာမှာ ဗိုလ်ချုပ်ဖွန်ဂါဘီရာဟာသတိထားပြီးလုပ်ခဲ့ပါတယ်။ တကယ်လို့ နိုင်ငံရေးပြစ်မှုနဲ့ အရေးယူမယ်ဆိုရင် မာတာဘယ်လီတိုင်းရင်းသား လူထုတစ်ရပ်လုံး အုံကြွလာမယ်ဆိုတာလည်း သူကောင်းကောင်းသိတယ်။ ဒီအခြေအနေမှာ ခင်ဗျားနဲ့မစ္စတာ ခရိတ်တို့က သူ့အတွက် အကောင်းဆုံး အခွင့်အရေးလာပေးသလို ဖြစ်လာခဲ့တယ်။ နိုင်ငံရေးပြစ်မှု မဟုတ်ဘဲ လောဘတကြီးနဲ့ စီးပွားရေး သောင်းကျန်းမှုဖြစ်တဲ့ ရာဇဝတ်မှုပြစ်မှုနဲ့ အရေးယူဖို့ အခြေအနေ ဖြစ်လာပါတယ်"

"ဩော် ဒီလိုလား၊ ဒါထက် တောရိုင်းတိရွစ္ဆာန်တွေ ခိုးသတ်ဖြစ်နေတဲ့ မောင်ခိုဂိုဏ်းရဲ့ အကြီးအကဲ ကတွန်ဂါတာ မဟုတ်ရင် ဘယ်သူများလဲ"

"တခြားလူ မဟုတ်ဘူး၊ ဗိုလ်ချုပ် ဖွန်ဂါဘီရာ ကိုယ်တိုင်ပဲ ခင်ဗျ"

"ဟာ...ဟုတ်ရဲ့လား၊ သေချာရဲ့လား"

ခရိတ် က မယုံကြည်နိုင်ဟန်ဖြင့် ဝင်မေးလိုက်သည်။

"တိရစ္ဆာန်ပစ္စည်း (ဆင်စွယ်၊ ကြံ့ချို၊ ကျားသစ်ရေ)တွေကို ပြည်ပခိုးထုတ်တဲ့ကိစ္စမှာ ကျွန်တော်ကိုယ်တိုင် တာဝန်ယူ လုပ်ခဲ့ရပါတယ် ခင်ဗျ"

"ဟာ...ဟုတ်ရဲ့လား၊ ဟိုတစ်နေ့က ကာရိုအီလမ်းမှာတုန်းက ကိစ္စကကော"

"ဒါကလွယ်ပါတယ် မစ္စတာခရိတ်ခင်ဗျား၊ ဗိုလ်ချုပ် ဖွန်ဂါဘီရာအနေနဲ့ ဝန်ကြီးတွန်ဂါတာဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တူတီသာသနာပြုမစ်ရှင်ကျောင်းကို မုချသွားမှာပဲလို့ ကြိုတင်သိထားတယ်။ ဆင်စွယ်တွေ၊ ကြံ့ချိုတွေပါတဲ့ ကုန်တင်ကားကို ကျွန်တော်တို့ကပဲ စီစဉ်တယ်။ ကားမောင်းသူအဖြစ်လည်း မာတာဘယ်လီလူမျိုး အကျဉ်းသားတစ်ဦးကို မောင်းခိုင်းတယ်။ ဒီလူကို ကျွန်တော်တို့က လာဘ်ပေးလာဘ်ယူနည်းနဲ့ စည်းရုံးပြီးခိုင်းခဲ့တာပါပဲ။ ဒီကုန်တင်ကားကြီးကို တွန်ဂါတာလာမယ့်လမ်းက ကြိုတင်စောင့်ခိုင်းတယ်။ အဲဒီတုန်းကတော့ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးတွန်ဂါတာဟာ အကြမ်းဖက် တုံ့ပြန်လိမ့်မယ်လို့ မတွက်ခဲ့မိဘူး။ သူက အကြမ်းဖက်လိုက်တော့ ကျွန်တော်တို့ဘက်က အရေးယူဖို့အတွက် ပိုပြီးကောင်းသွားတာပေါ့"

ပြောရင်းနှင့် ကက်ပတိန်နီဘောဘီသည် ကားကိုဆက်လက်မောင်းနှင်နေရာ ခရိတ်နှင့် ဆယ်လီတို့သည် ကားပေါ် ထိုင်လိုက်လာရင်း သူတို့ ယခုလို လွတ်မြောက်လာခြင်းမှာ ကံကောင်းလေစွတဲ့တွေးနေမိကြ လေသည်။

"ကျုပ်တို့ အခု ဘယ်ကို သွားကြမှာလဲ"

ခရိတ်က မေးလိုက်သည်။

"ဘော့ဆွာနာနိုင်ငံ နယ်စပ်ကို သွားကြပါမယ်"

ဘော့ဆွာနာနိုင်ငံသည် ဇင်ဘာဘွေနိုင်ငံ၏တောင်ဘက်တွင်ရှိသော နိုင်ငံတစ်ခုပင်ဖြစ်သည်။ ယင်းနိုင်ငံ၌ အိမ်နီးချင်းအာဖရိကနိုင်ငံမှ အတိုက်အခံ နိုင်ငံရေးသမားတို့သွားရောက် ခိုလှုံလေ့ရှိကြသည်။ "အခု ကျွန်တော်သွားမယ့်လမ်းမှာဆိုရင် ကျွန်တော်တို့တိုင်းရင်းသားတွေ ဘယ်လောက်ဆင်းရဲဒုက္ခရောက်နေကြတယ်ဆိုတာ ခင်ဗျားတို့ မြင်ကြရပါလိမ့်မယ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက မာတာဘယ်လီလူမျိုးတွေ နေထိုင်တဲ့နယ်မြေရဲ့ အနောက်တောင်ဘက်ခြမ်းကို လုံးဝပိတ်ဆို့ထားပြီးဖြစ်တယ်။ နိုင်ငံခြား သတင်းထောက်တွေ၊ သာသနာပြု ပုဂ္ဂိုလ်တွေ၊ ကြက်ခြေနီ အဖွဲ့ဝင်တွေလည်းလုံးဝ သွားရောက်ခွင့်မရှိဘူး"

ကက်ပတိန်နီဘောဘီသည် စကားကိုခေတ္တဖြတ်၍ ကားကိုဂရုစိုက်မောင်းလေသည်။ ထိုနေရာ၌ လမ်းတွင် ချို့ငဲ့ကြီးများရှိနေသည်။ ဝက်ဝံများက ခြင်္တောင်ပို့များ လိုက်ရှာတူးဆွရင်း ချို့ငဲ့ကြီးများ ဖြစ်နေလေသည်။ မြေညီရောက်တော့မှ သူသည်ကားကိုစက်ရှိန်နှင့် မောင်းရင်း စကားဆက်ပြောလေသည်။
"အခု ကျွန်တော့်မှာရှိထားတဲ့ ဗိုလ်ချုပ်ဖွန်ဂါဘီရာ လက်မှတ်နဲ့စိစစ်ရေးကတ်ပြားကြောင့် ကျွန်တော်တို့ဟာ တချို့ဂိတ်တွေကို ဖြတ်ကျော်ခွင့်ရလိမ့်မယ်။ ဒါပေမဲ့ နယ်စပ်ထိအောင်တော့ သွားလို့ရမှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့က ဘေးလမ်းကြားတွေအတိုင်းရှာမောင်းပြီး နယ်ခြား ဖြတ်ကူးဖို့ နေရာရှာရလိမ့်မယ်။ အခုကျွန်တော်ဟာခင်ဗျားတို့ဘက်ပါသွားပြီဆိုတာ ဗိုလ်ချုပ်ဖွန်ဂါဘီရာကလည်း အမြန်ဆုံးသိပြီး တောနင်းရှာတော့မှာသေချာတယ်။ တတိယတပ်မဟာတစ်တပ်လုံးက လိုက်ရှာမှာမို့ အတတ်နိုင်ဆုံး ဝေးအောင်ပြေးမှ ဖြစ်မယ်"

မကြာမီ ဟိုင်းဝေးလမ်းမကြီး၏ လမ်းခွဆုံတစ်ခုသို့ရောက်သွားရာ ကက်ပတိန် နီဘောဘီသည် ကားကိုရပ်လိုက်သည်။ သို့သော် စက်မရပ်ဘဲ ဆက်၍စက်နှိုးထားပြီး မြေပုံတစ်ခုထုတ်ယူ၍ ကြည့်လေသည်။
"အခု ကျွန်တော်တို့ရောက်နေတာက မီးရထားလမ်းရဲ့ တောင်ဘက်ဖြစ်တယ်။ ဒီဘက်လမ်းအတိုင်း သွားရင် အင်ပန်ဒင်နီဘူတာကို ရောက်မယ်။ တကယ်လို့သာ အဲဒီကို တတိယတပ်မဟာ စစ်တပ်က တပ်လှန့်နှိုးပြီးလိုက်မရှာခင်ရောက်သွားမယ်ဆိုရင် ကျွန်တော်တို့နယ်စပ်ကိုဖြတ် ကျော်နိုင်ပါလိမ့်မယ်။ ဖြစ်နိုင်တာက ဖြတ်ဖို့ကောင်းတဲ့ နေရာကတော့ မာဒါဘာနဲ့မတ်ဆူမီအရပ် နှစ်ခုကြားဒေသပဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာဆိုရင် ဘော့ဆွာနာနိုင်ငံ နယ်ခြားရဲကင်းလည်း အမြဲရှိနေတတ်တယ်"

"ဒါဖြင့်လည်း မြန်မြန်သာ မောင်းပေတော့"

ခရိတ်က စိတ်မရှည်သလိုပြောလိုက်ရာ ကက်ပတိန်နီဘောဘီလည်း မြေပုံကိုပြန်ခေါက်သိမ်း၍ကားကို ဆက်မောင်း လေသည်။

"ဒီမယ် ကျွန်မ ရှင့်ကို မေးခွန်းတချို့ မေးချင်တယ်"

ဆယ်လီက ကားမောင်းနေသူ နီဘောဘီအား မေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားဖြေပါမယ်"

"ဂွတ်ဒွင် မိသားစု ရက်ရက်စက်စက် အသတ်ခံရတာရယ် နောက်ပြီး တခြားမျက်နှာဖြူ မိသားစုတွေ နှိပ်စက်ခံရတာတွေရယ်၊ အဲဒါတွေကို ဝန်ကြီးတွန်ဂါတာက အမိန့်ပေးခဲ့တာလား။ ဒီပြစ်မှုတွေ အတွက် သူ့မှာ တာဝန်ရှိသလား"

"မဟုတ်ဘူးခင်ဗျ။ ဝန်ကြီးတွန်ဂါတာဟာ အဲဒီလို ရက်စက်သတ်ဖြတ်မှုတွေကိုရပ်စဲအောင် တားဆီးဖို့ ကြိုးစားခဲ့ပါတယ်။ ဟိုနေ့က သူဟာ တူတီသာသနာမစ်ရှင်ကို သွားခဲ့တာဟာလည်း မာတာဘယ်လီ တိုင်းရင်းသားထဲက အကြမ်းဖက် အယူသီးဝါဒသမားတွေကို ဖျောင်းဖျဆွေးနွေးဖို့သွားခြင်းသာ ဖြစ်ပါ တယ်"

"ဒါပေမဲ့ရှင်၊ လူသတ်ပြီးသွေးနဲ့နံရံမှာ တွန်ဂါတာ အသက်ရာကျော် ရှည်ပါစေလို့ရေးခဲ့တာကကော" ဆယ်လီကက္ခ်သို့မေးလိုက်သည်တွင် ကက်ပတိန်နီဘောဘီသည် ချက်ချင်းပြန်မဖြေဘဲ ဆိတ်ဆိတ်နေ လိုက်သည်။ သူ၏ မျက်နှာမှာ အလွန်စိတ်ဆင်းရဲသည့် ဟန်မျိုးဖြစ်နေရာ ဆယ်လီနှင့် ခရိတ်တို့လည်း အလိုက်သိစွာဖြင့် စောင့်နေလိုက်ကြသည်။

ခဏကြာတော့မှ ကက်ပတိန်နီဘောဘီက စကားပြောရာ သူ၏အသံမှာတစ်မျိုးဖြစ်လာသည်ဟု ထင်ရ ပေသည်။

"မစ္စဆယ်လီခင်ဗျာ၊ ကျွန်တော်ရဲ့အခြေအနေကို ကိုယ်ချင်းစာပြီး စဉ်းစားစေချင်ပါတယ်။ အဲဒီလို စဉ်းစားပြီးမှသာ အခုကျွန်တော်ပြောမယ့်အကြောင်းတွေကိုနားထောင်ပြီး ကျွန်တော့်အပေါ်အကဲဖြတ် စေချင်လို့ပါပဲ။ ဗိုလ်ချုပ်ဖွန်ဂါဘီရာဟာ လူတစ်ယောက်ကို သူ့ဘက်ပါအောင် ဆွဲဆောင်တဲ့နေရာမှာ အလွန်ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သူ့ရဲ့ စည်းရုံးဆွဲဆောင်ရာ ကို ပါသွားခဲ့မိပါတယ်။ သူကကျွန်တော့်ဘဝ တိုးတက်ကြီးပွားရေးအတွက် အမျိုးမျိုးကတိပေးတာတွေ ကို ယုံကြည်မိရာက သူဆွဲဆောင်တဲ့အတိုင်း လိုက်လာခဲ့မိပါတယ်။

မကောင်းမှုတွေ လုပ်ခိုင်းတာကိုလည်း လုပ်ပေးခဲ့မိပါတယ်။ မကောင်းမှုတစ်ခု လုပ်မိတယ်ဆိုရင်ပဲ လူ တစ်ယောက်ဟာ နောက်ပြန်ဆုတ်ဖို့ မလွယ်တော့ပါဘူး။ ဒါနဲ့ ကျွန်တော်ဟာ ဗိုလ်ချုပ်ဖွန်ဂါဘီရာရဲ့ ညွှန်ကြားချက်နဲ့ မကောင်းမှု မတရားမှုတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို လုပ်ခဲ့မိပါတယ်။ မစ္စ ဆယ်လီခင်ဗျား မျက်နှာဖြူလူမျိုးဂွတ်ဒွင်မိသားစုကိုသတ်ဖြတ်ခဲ့တဲ့လူတွေဆိုရင် ကျွန်တော်ကိုယ်တိုင် (ဗိုလ်ချုပ်ဖွန်ဂါဘီရာရဲ့ စေခိုင်းချက်အရ) စည်းရုံးသိမ်းသွင်းခဲ့ပါတယ်။ သူတို့ကို ကျွန်တော်ကပဲ လက်နက်တွေထုတ်ပေးခဲ့ပြီး ဘာလုပ်ရမယ်၊ နံရံမှာ သွေးနဲ့ဘာစာရေးရမယ်ဆိုတာကအစ အသေး

စိတ်ညှန်ကြားခဲ့ပါတယ်။ ဂွတ်ဒွင်မိသားစုရဲ့ မွေးမြူရေးခြံကိုသွားတာတောင် ကျွန်တော်တို့ တတိယ တပ်မဟာကစစ်ကားတွေနဲ့ လိုက်ပို့ပေးခဲ့ရပါတယ်"

ဤနေရာတွင် စကားကိုခေတ္တဖြတ်ထားလိုက်ရာ မည်သူကမှစကားမပြောဘဲ ငြိမ်နေကြသဖြင့် လင်းရိုဗာကားစက်သံမှတစ်ပါး လုံးဝတိတ်ဆိတ်ငြိမ်သက်နေလေသည်။ ကက်ပတိန်နီဘောဘီသည် ထိုသို့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကိုပင် စိတ်ချောက်ချားလာဟန်ဖြင့် စကားဆက်ပြောပြန်သည်။

"ဒီလူတွေက မာတာဘယ်လီလူမျိုး (ပြည်တွင်းစစ်အတွင်း ပါဝင်တိုက်ခိုက်ခဲ့သူ) ရဲဘော်ဟောင်းတွေ ဖြစ်ပါတယ်။ ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရလာပေမယ့် သူတို့မာတာဘယ်လီ တိုင်းရင်းသားတွေ အနိမ်ခံရတာကိုမကျေမနပ်ဖြစ်နေပြီး လွတ်မြောက်ရေးအတွက်ဘာမဆိုလုပ်ဖို့ အသင့်ရှိနေကြသူတွေ လည်းဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံလွတ်လပ်ပြီးတဲ့နောက် အစိုးရကလက်နက်တွေ သိမ်းပိုက်တာကို အလွန်မကျေမနပ် ဖြစ်နေကြတာကြောင့် အခုလိုလက်နက်ပြန်ကိုင်ရတဲ့ အခွင့်အရေးကို မငြင်းဆန်ဘဲ ကျွန်တော်တို့ခိုင်းတာကို လုပ်ခဲ့ကြတာပါပဲ"

"ဒီကိစ္စကို ဖွန်ဂါဘီရာက အမိန့်ပေး ညှန်ကြားခဲ့တယ် ဆိုပါတော့"

ခရိတ်က မေးလိုက်သည်။

"ဟုတ်ပါတယ်။ ဒီလုပ်ရပ်ဟာ စင်စစ်တော့ ဗိုလ်ချုပ်ဖွန်ဂါဘီရာအနေနဲ့ မာတာဘယ်လီတိုင်းရင်းသားလူမျိုးတွေမျိုးဆက်ပြုတ်အောင် သုတ်သင်ရှင်းလင်းပစ်ဖို့ အကြောင်းပြချက်ကောင်းအောင် ဖန်တီးယူချင်တဲ့အတွက်လည်းဖြစ်ပါတယ်။ ဒါကြောင့်အခုကျွန်တော်ကဘာကြောင့်ခင်ဗျားတို့နဲ့အတူ ထွက်ပြေးလာတယ်ဆိုတာ သဘောပေါက်ပြီလို့ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖွန်ဂါဘီရာရဲ့ မတရားမှုတွေမှာ ဆက်ပြီးဝင်မပါချင်တော့လို့ပါဘဲ"

"တခြား သတ်ဖြတ်မှုကကော်ရှင့်။ ဥပမာ ဆိနိတ်လွှတ်တော်အမတ် ဆာဗတ်ချ်မိသားစု အသတ်ခံရတဲ့ ကိစ္စမျိုးတွေကို မေးတာပါ"

ဆယ်လီက မေးလိုက်ပြန်သည်။

"ဒါတွေကတော့ ဗိုလ်ချုပ်ဖွန်ဂါဘီရာကိုယ်တိုင် တိုက်ရိုက်အမိန့်ပေးခိုင်းဖို့တောင် မလိုတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ခင်ဗျားတို့သိတဲ့အတိုင်း ပြည်တွင်းစစ်ပြီးလို့ဇင်ဘာဘွေနိုင်ငံလွတ်လပ်လာတဲ့နောက်ပိုင်း

အစိုးရကလက်နက်တွေသိမ်းတာကိုမကျေနပ်လို့ လက်နက်တွေမအပ်ဘဲ ဝှက်ထားတဲ့လူတွေ အများကြီး ရှိပါတယ်။

အဲဒီလို မာတာဘယ်လီလူမျိုးတွေဟာ စစ်ပွဲကြောင့် လူကြမ်းစိတ်ကြမ်းဖြစ်လာတဲ့လူမျိုးတွေ ဖြစ်ပါတယ်။ တချို့ကတော့ လက်နက်တွေ တောထဲမှာဝှက်ထားပြီး လူတွေကမြို့ထဲ၊ ရွာထဲမှာလာပြန်နေကြတယ်။ တချို့ဆိုရင် အလုပ်တောင် ဝင်လုပ်နေကြတယ်။ သို့သော် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ တောထဲပြန်သွားပြီး လက်နက်တွေ ဖော်ထုတ်ကိုင်တွယ်ပြီး ကျေးလက်ဒေသတွေမှာလျှောက်ရမ်းကြ၊ ကြမ်းကြလေ့ရှိပါတယ်။ တကယ်တော့ သူတို့ဟာ နိုင်ငံရေးအရ တော်လှန်ရေးသမားမဟုတ်ဘဲ လက်နက်ကိုင်ဓားပြတွေသာ ဖြစ်တယ်။ ပြီးတော့ မျက်နှာဖြူမိသားစုတွေ လက်နက်မရှိဘဲ ဖြစ်နေချိန်မှာ ဝင်ပြီးတိုက်ခိုက်ချင်ကြတယ်"

"ဟုတ်လား ဒါဖြင့် အဲဒီလို ဒီနေ့အခြေအနေမှာ လက်နက်ကိုင်ဓားပြတွေဖြစ်နေတဲ့ တော်လှန်ရေးတပ်သားဟောင်း မာတာဘယ်လီလူမျိုးတွေက ဖွန်ဂါဘီရာရဲ့ယုတ်မာတဲ့အကြံကို အကောင်အထည်ဖော်ရာမှာ အထောက်အကူ ဖြစ်နေတယ်ဆိုပါတော့။ နောက်ပြီး ဖွန်ဂါဘီရာက ဒီလူတွေကို တရားဝင်အစိုးရအပေါ် တော်လှန်ပုန်ကန်သူများလို့စွပ်စွဲပြီး သုတ်သင်ရှင်းလင်းပစ်ဖို့အတွက် အကွက်ဆင်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် မစ္စတာခရိတ်"

"အခုအတိုင်းဆိုရင် ဖွန်ဂါဘီရာဟာ ဝန်ကြီးတွန်ဂါတာကိုလည်း သတ်ပစ်လိုက်တာနဲ့ မထူးဘူးလို့ဆိုရအောင် အကွက်ဆင်ဖမ်းပြီး ထောင်ချထားလိုက်တာပေါ့။ အခုတောင် တွန်ဂါတာဟာ သေဆုံးနေပြီထင်တယ်"

ခရိတ်က သူ၏တစ်ချိန်က ရင်းနှီးသောမိတ်ဆွေဖြစ်သူ တွန်ဂါတာအတွက် စိတ်မကောင်းဖြစ်လျက် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ကက်ပတိန် နီဘောဘီက ခေါင်းခါလေသည်။

"မဟုတ်ဘူးဗျ၊ ဗိုလ်ချုပ်တွန်ဂါတာဟာ မသေသေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာအနေနဲ့ တွန်ဂါတာမသေဘဲ အရှင်ထားချင်ပုံရတယ်။ သူ့မှာ နောက်ထပ် အကြံအစည်တစ်ခုခုရှိသေးတယ်လို့ ထင်ပါတယ်"

"ဘယ်လို အကြံအစည်မျိုးလဲ"

"ဒါတော့ ကျွန်တော် အတိအကျ မပြောတတ်ဘူး။ သို့သော်လည်း ဗိုလ်ချုပ် ဖွန်ဂါဘီရာဟာ ရုရှတွေနဲ့ လျှို့ဝှက်ဆက်သွယ်မှုရှိတယ်လို့ ကျွန်တော်ထင်မိပါတယ်"

"ဘာဗျ ရုရှလူမျိုးတွေ ဟုတ်လား"

ခရိတ်က အလွန် အံ့သြစွာဖြင့် မေးလိုက်သည်။

"ကျွန်တော်သတိပြုမိတာက သူနဲ့နိုင်ငံခြားသား သူစိမ်းတစ်ယောက် လျှို့ဝှက်တွေ့ဆုံလေ့ရှိပါတယ်။ အဲဒီလူက ရုရှထောက်လှမ်းရေးကပဲလို့ ထင်ပါတယ်"

"သေချာရဲ့လားဗျ"
"ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့ရလို့ပြောတာပါ"

ခရိတ်သည် ခေတ္တမျှ စဉ်းစားနေပြီးနောက်-

"ကောင်းပြီ ရုရှနဲ့ဆက်သွယ်တဲ့ကိစ္စကို ခဏထားလိုက်ဦး။ အခု လောလောဆယ် ဝန်ကြီးတွန်ဂါတာက ဘယ်ရောက်နေသလဲ။ သူ့ကို ဘယ်နေရာမှာချုပ်နှောင်ထားသလဲ"ဟု မေးလိုက်သည်။

"ဒါလည်း ကျွန်တော် မသိဘူးခင်ဗျ၊ ဝမ်းနည်းပါတယ်"

"တကယ်လို့ သူအသက်ရှင်နေသေးရင် ဘုရားသခင်က သူ့ကို စောင့်ရှောက်ပါစေ"

ခရိတ်က ခပ်တိုးတိုးရေရွတ်၍ ဆုတောင်းလိုက်မိသည်။ သူ၏ စိတ်ထဲမှလည်း ယခုအခါ တွန်ဂါတာသည် မည်မျှဆင်းရဲဒုက္ခ ရောက်မည်ကို မှန်းဆ၍တွေးမိလေသည်။ ဤသို့တွေးရင်း ခေတ္တမျှ ငြိမ်နေပြီးနောက် ကက်ပတိန်နီဘောဘီအား ဆက်လက်မေးခွန်းထုတ်ပြန်သည်။

"ဗိုလ်ချုပ် ဖွန်ဂါဘီရာက ကျုပ်ပိုင်တဲ့မြေယာနဲ့ပစ္စည်းတွေကို သိမ်းလိုက်တယ်။ ဒါဟာ နိုင်ငံတော်အတွက်မဟုတ်ဘဲ သူ့ကိုယ်ပိုင်အတွက် ဖြစ်တယ်မဟုတ်လား"

"ဟုတ်လိမ့်မယ် ထင်ပါတယ်။ သူက အဲဒီမြေကို လိုချင်နေတာ ကြာပါပြီ။ သူကိုယ်တိုင် မကြာခဏ ပြောဖူးတယ် ခင်ဗျ"

"နေပါဦး၊ ဖွန်ဂါဘီရာက အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအနေနဲ့ ဘယ်လိုလုပ်နိုင်မှာမို့လို့လဲ"

"ဒါက လွယ်ပါတယ်ခင်ဗျ။ ခင်ဗျားက ဇင်ဘာဘွေနိုင်ငံရဲ့ ရန်သူတစ်ဦးဖြစ်ကြောင်း ဖြောင့်ချက်ပေး ထားပြီးဖြစ်တယ်မဟုတ်လား။ ဒါကြောင့်ခင်ဗျားပိုင်ပစ္စည်းအားလုံးကို အစိုးရကသိမ်းယူပိုင်ခွင့်ရှိတယ်။ ပြီးတော့ ခင်ဗျားကငွေချေးယူထားတဲ့ဘဏ်က ချေးငွေပြန်ရရှိရေးအတွက် ခင်ဗျားရဲ့မြေယာနဲ့ မွေးမြူ ရေးခြံကြီးကို လေလံပစ်ရောင်းချလိမ့်မယ်။ ရောင်းချတဲ့အခါ တင်ဒါစနစ်နဲ့ ရောင်းချပေမယ့် ဗိုလ်ချုပ် ဖွန်ဂါဘီရာကလည်း တင်ဒါတင်သွင်းပြီး ဝယ်ယူလိုကြောင်း လျှောက်တဲ့အခါ သူ့ရဲ့တင်ဒါကိုလက်ခံ လိမ့်မယ်။ သူ့ယောက်ဖတော်က ရန်သူပိုင်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန် ယူထားသူ ဖြစ်လေတော့ ပိုပြီးလွယ်ကူအဆင်ပြေနေတာပေါ့။ သူဝယ်ယူမယ့် တင်ဒါဈေးနှုန်းကလည်း အလွန် သက်သာတဲ့ ဈေးနှုန်းဖြစ်ပါလိမ့်မယ်"

"အင်း...ဟုတ်မှာပါပဲ"
ခရိတ်က စိတ်ထဲမှာနာကြည်းကာ အောင့်သက်သက်နှင့်မှတ်ချက်ချလိုက်သည်။ ဤတွင် ဆယ်လီက ဝင်၍-
"နေပါဦးရှင့် ဗိုလ်ချုပ် ဖွန်ဂါဘီရာဟာ ဘာဖြစ်လို့ ဒါလောက် ရှည်လျားရှုပ်ထွေးတဲ့ အလုပ်မျိုးလုပ်ပြီး ခရိတ်ရဲ့မြေယာနဲ့ မွေးမြူရေးလုပ်ငန်းကိုလိုချင်ရတာလဲ။ အခုပဲသူဟာဒေါ်လာငွေသန်းချီပြီး ချမ်းသာ နေရောပေါ့။ ဘာကြောင့် နောက်ထပ်ပစ္စည်းတွေ လိုချင်တာလဲ"

"မစ္စဆယ်လီခင်ဗျား။ လောကမှာ တချို့လူတွေအဖို့ချမ်းသာကြွယ်ဝတာဟာ လုံလောက်ပြီ၊ တော် လောက်ပြီလို့ ဘယ်တော့မှမယူဆကြပါဘူး။ လောဘကိုအတောမသတ်နိုင်ကြတဲ့လူမျိုးတွေ ရှိတယ် မဟုတ်လား"
"ဒါပေမဲ့ သူက ဒီလို လုပ်ချင်တိုင်း လုပ်လို့ရမလား"

"မလုပ်နိုင်အောင် သူ့ကိုဟန့်တားနိုင်တဲ့လူ ဘယ်သူများရှိလို့လဲ"

ထိုမေးခွန်းကို ဆယ်လီကမဖြေဘဲ ဆိတ်ဆိတ်နေလိုက်ရာ ကက်ပတိန် နီဘောဘီကပင် ဆက်၍-

"အာဖရိကတိုက်ကြီးဟာ မျက်နှာဖြူလူမျိုးတွေ မလာရောက်ခင်ခေတ်က အခြေအနေမျိုးကိုပြန်လည် ဦးတည်သွားနေပါပြီ။ ဒီမှာက အင်အားတစ်ခုတည်းကိုသာ အဓိကထားလေ့ရှိတယ်။ လူတွေအပေါ် စိုးမိုးအုပ်ချုပ်တဲ့လူဟာ အင်အားရှိရမယ်။ ကျွန်တော်တို့ အာဖရိကတိုက်သားတွေဟာ ဘယ်သူကိုမှ ဘာကိုမှ ယုံကြည်စိတ်ချတာမဟုတ်ဘူးခင်ဗျ။ ဖွန်ဂါဘီရာဆိုရင် ဒီနေ့အခြေအနေမှာ အင်အားရှိ တယ်။ တွန်ဂါတာကတော့ တစ်ချိန်ကသာ အင်အားရှိခဲ့တယ်"ဟုပြောရင်း သူသည်လက်ဝတ်နာရီ ကို

ကြည့်လိုက်သည်။

"ကိုင်း...ကျွန်တော်တို့တစ်ခုခု စားသောက်ကြဦးမှပဲ။ ဒီနေ့ တစ်နေ့လုံး ကျွန်တော်တို့ခရီးရှည်ကြီး ဆက်သွားရဦးမှာ ခင်ဗျ"

ပြောပြောဆိုဆို သူသည် ကားကိုလမ်းဘေးတစ်နေရာတွင် ရပ်လိုက်ပြီး သစ်ပင်ချုံပုတ်များရှိရာဘက်သို့ ကွေ့မောင်းချလိုက်သည်။ ထို့နောက် ကက်ပတိန် နီဘေဘီသည် ကားပေါ်မှဆင်း၍ ကားအမိုးကို သစ်ခက်များချိုး၍ ဖုံးထားလိုက်သည်။

အကယ်၍ သူတို့နောက်သို့ ရန်သူဘက်မှရဟတ်ယာဉ်၊ လေယာဉ်များဖြင့်လိုက်လာပါက ကောင်းကင်မှ ရုတ်တရက် ရှာမတွေ့အောင် ကာကွယ်ထားသည့်သဘောပင် ဖြစ်သည်။ ထို့နောက် ကား၏ ထိုင်ခုံအောက်တွင် အသင့်ပါလာသော အရေးပေါ်ရာရှင်စားသောက်ဖွယ်ရာများကို ထုတ်ယူလိုက်သည်။ ကား၏ခြေနင်းခုံအောက်တွင်လည်း သောက်ရေဘူးများပါလာသည်။ ခရိတ်သည် စစ်တပ်သုံးသတ္တုစားစရာခွက်တွင် သဲများထည့်၍ သဲပေါ်တွင်ဓာတ်ဆီဖျန်းလိုက်သည်။ ဤနည်းအားဖြင့် ရေနွေးတည်ရန်ယာယီမီးဖိုတစ်ခု ဖြစ်လာသည်။ ယင်းမီးဖိုဖြင့် လက်ဖက်ရည်ဖျော်ရန် ရေနွေးတည်မည် ဖြစ်သည်။ သူတို့သည် အရသာမရှိသောစစ်တပ်သုံးရာရှင် စားသောက်ဖွယ်ရာများကို ဇွတ်ပင်စားလိုက်ကြသည်။

ကက်ပတိန် နီဘေဘီသည် ကားပေါ်ရှိ ရေဒီယိုဆက်သွယ်ရေးစက်မှ ခလုတ်ကိုဖွင့်၍ နားထောင်ကြည့်ရာ တစ်ဖက်မှပြောသံထွက်လာသဖြင့် သေချာစွာနားစိုက်ထောင်ပြီးနောက် ခရိတ်ဘက်သို့ လှည့်၍ ခေါင်းခါပြလေသည်။

"ကျွန်တော်တို့နဲ့ မဆိုင်ဘူးဗျ။ တခြား ယူနစ် (တပ်ဖွဲ့)တွေနဲ့ ဆက်သွယ်ပြောနေတာပါ"

"နယ်စပ်ကို ရောက်အောင် ဘယ်လောက် ဝေးသေးသလဲ"

ခရိတ်က အမဲသားဘူးမှ အသားကို ပလုတ်ပလောင်း စားနေရာမှ လှမ်းမေးလိုက်သည်။

"မိုင်လေးဆယ်သာသာလောက် ရှိပါမယ်"

ကက်ပတိန်နီဘေဘီက ပြန်ပြောလိုက်ချိန်မှာပင် ရေဒီယိုဆက်သွယ်ရေးစက်မှ အသံမြည်လာသဖြင့် နီဘေဘီလည်း ချက်ချင်းပင် ဂရုစိုက်နားထောင်ပြီးနောက် ခရိတ်အားပြန်ပြောလေသည်။

"ဒီက ရှေ့ကိုဆက်သွားလို့ မိုင်အနည်းငယ်ရောက်ရင် တတိယတပ်မဟာရဲ့ တပ်ဖွဲ့တစ်ခု ရှိနေပါတယ်။ သူတို့ဟာ အင်ပန်ဒီနီ သာသနာပြု မစ်ရှင်တည်ရာမှာ ရောက်နေတယ်။ သူတို့တာဝန်က အဲဒီဒေသမှာရှိတဲ့ မာတာဘယ်လီ တိုင်းရင်းသား ပြောက်ကျားသူပုန်တို့ကို တိုက်ခိုက်ရှင်းလင်းဖို့ပါပဲ။ အခု သူတို့တာဝန်ပြီးဆုံးလို့ ပြန်လာကြခြင်းဖြစ်ပါတယ်။ ဒီဘက်ကို ဦးတည်လာချင်လည်းလာလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့ အထူးသတိထားဖို့ လိုလိမ့်မယ်"

"ဟုတ်လား၊ ဒါဖြင့် ကျုပ် ဒီကားကို လမ်းပေါ်က လုံးဝမမြင်နိုင်တဲ့ အခြေအနေ ရှိမရှိ စစ်ဆေးကြည့်ဦးမယ်"
ခရိတ်က ပြောပြီး ဆယ်လီကိုလည်း-

"ဟေ့...ဆယ်လီ၊ မီးစမီးန မရှိအောင် ငြိမ်းလိုက်ပေတော့"ဟု ပြောလိုက်သည်။

ထို့နောက် ကက်ပတိန် နီဘောဘီအား-

"ကျုပ် လမ်းမပေါ်တက်ကြည့်တဲ့အခါ ခင်ဗျားကကျုပ်ကိုအကာအကွယ်ပေးနိုင်အောင် ကာဗာယူထားပေးပါ"ဟု ပြောကာ အေကေ ၄၇ ရိုင်ဖယ်သေနတ်ကို ကောက်ယူ၍ လမ်းမဘက်သို့ လျှောက်ထွက်သွားလေသည်။

လမ်းမဘက်မှနေ၍ သူတို့၏ လင်းရိုဗာရပ်ထားရာနေရာသို့ ရုတ်တရက် မြင်နိုင်သလောဟု စစ်ဆေးကြည့်ရှုလေသည်။ ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းမှ မော်တော်ကား အင်ဂျင်စက်သံများ ခပ်သဲ့သဲ့ကြားရလေသည်။ ခရိတ်လည်း ချက်ချင်းပင် လင်းရိုဗာကားရှိရာသို့ပြန်ပြေး၍ ကက်ပတိန်နီဘောဘီအား အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဒါဖြင့် မစ္စတာခရိတ် ကျေးဇူးပြုပြီး ရိုင်ဖယ်သေနတ်ကို ကားနောက်က သေနတ်ချိတ်တဲ့စင်မှာ ပြန်ချိတ်ထားလိုက်ပါ။ ခင်ဗျားမှာ ဘာလက်နက်မှမရှိမှ ကျွန်တော်က ခင်ဗျားတို့ကို ဖမ်းဆီးလာတာနဲ့တူမယ်။ အစိုးရတပ်တွေ ဒီဘက်လာပြီး ပက်ပင်းတိုးရင် ကျွန်တော်တို့အနေနဲ့ ခံထိုက်လို့ ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က ခပ်တည်တည်နဲ့ လိမ်ညာလိမ့်ပြီး ပြောမှဖြစ်မယ်"
ကက်ပတိန် နီဘောဘီကပြောလျှင် ခရိတ်လည်း မတတ်သာဘဲ ရိုင်ဖယ်သေနတ်ကို လင်းရိုဗာကားနောက်ပိုင်းသေနတ်ချိတ်စင်တွင် ပြန်ချိတ်ထားလိုက်ရသည်။ စိတ်ထဲတွင်ကားလက်နက်တစ်စုံတစ်ရာမရှိသည့်အတွက် အားငယ်သလို စိုးရိမ်သလို ဖြစ်မိလေသည်။

ထိုအခိုက် မော်တော်ကားစက်သံများ ပိုမိုကျယ်လောင်လာသည့်အပြင် စစ်သားများ သံပြိုင်သီချင်း အော်ဆိုသံကိုပါ ကြားရလေသည်။

"အဲဒါ တတိယတပ်မဟာရဲ့ကြွေးကြော်သံသီချင်းပဲဗျ။ ရှိုနာဘာသာစကားနဲ့ဆိုရတဲ့ဒီသီချင်းရဲ့နာမည် ကတော့ မိုးသက်လေနှင်လို့ ခေါ်တယ်"

ကက်ပတိန် နီဘေဘီက ရှင်းပြလေသည်။ ခရိတ်နှင့် ဆယ်လီတို့က ဘာမှမပြောဘဲ ဆိတ်ဆိတ်နေ လိုက်ကြသည်။ ထိုအခါကက်ပတိန်နီဘေဘီက သီချင်း၏မယ်လိုဒီ(ဂီတသံစဉ်)ကိုခပ်တိုးတိုးညည်းဆို ပြလေသည်။ ရှိုနာဘာသာဖြင့် ရေးစပ်သီကုံးထားသောထိုသီချင်းစာသားများ အဓိပ္ပါယ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

".....နိုင်ငံတစ်ခု မီးဟုန်းဟုန်းတောက်သော် မိုးသက်လေတို့သည် မြူးထူးကြကုန်၏။

ကျွဲနွားတိရစ္ဆာန်များ ရာသီဥတုခြောက်သွေ့၍ အငတ်ဘေးနှင့်ကြုံသော် မိုးသက်လေနှင်တို့က ကူညီ အားပေးကြကုန်၏။ ကျွန်ုပ်တို့သည် မိုးသက်လေနှင်များတည်း။ မိုးကိုဖန်တီးသူကား ကျွန်ုပ်တို့တည်း။ ကျွန်ုပ်တို့သည် နိုင်ငံကို အကျိုးပြုသည့် မိုးသက်လေနှင်များပင်တည်း"

သီချင်းမှ ရှိုနာဘာသာစကားလုံးများကို ကက်ပတိန်နီဘေဘီက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရှင်း လင်းပြလေသည်။

လမ်းမပေါ်မှစစ်ကားကြီးများ၏စက်သံသည်ပိုမိုကျယ်လောင်လာကာသီချင်းဆိုသံကိုလည်းကြည်လင် ပီသစွာကြားနေရပြီဖြစ်သည်။ မကြာမီ စစ်ကားကြီးများတန်းစီလျက် ဖြတ်မောင်းသွားသည်ကို မြင်ရ လေသည်။ နောက်ဆုံးစစ်ကားပေါ်၌ ထိုင်လိုက်လာသူအရာရှိတစ်ဦးမှာ တတိယတပ်မဟာ၏အမှတ် အသားဖြစ်သော အနီရောင် သံပရာခွံဦးထုပ်ပျော့ ဆောင်းထားလေသည်။ ထိုလူသည်ကားပေါ်ထိုင် လိုက်လာရင်းလမ်းဘေးဌာနများ သစ်ကိုင်းသစ်ခက်များ ဖုံးအုပ်ထားသည့် လင်းရိုဗာကားဆီသို့တည့် တည့်ကြီး လှမ်းကြည့်နေပုံရသဖြင့် ခရိတ်သည် ရင်ထဲ၌ ဖိလှိုက်သွားမိသည်။

သို့သော်ကံအားလျော်စွာ ထိုအရာရှိသည်လင်းရိုဗာကားကိုမမြင်သဖြင့် ကားကိုလုံးဝမရပ်ချေ။ ကျန် ကားအားလုံးသည်လည်း လမ်းမကြီးအတိုင်း ဖြတ်ကျော်မောင်းထွက်သွားကြလေသည်။

"ဒါနဲ့တင်မပြီးသေးဘူးခင်ဗျ။ နောက်ထပ် အလားတူ စစ်ကားကြီးတွေ (ကွန်ဗွိုင်)တန်းစီလာတာကို တွေ့ရလိမ့်ဦးမယ်ထင်တယ်။ ကျွန်တော်တို့အထူး ဂရုစိုက်ပြီးသတိနဲ့ သွားကြမှဖြစ်မယ်"

ပြောပြောဆိုဆို ကက်ပတိန် နီဘောဘီသည် လင်းရိုဇာကားကိုစက်နှိုး၍ ကားကိုရုတ်တရက်ရပ်လိုက်ပြန်သည်။ သူသည် ရှေ့တည့်တည့် ကောင်းကင်သို့ မော့ကြည့်နေရင်း-

"မီးခိုးတွေတက်လာတာ မြင်ရတယ်။ မစ္စဆယ်လီ ခင်ဗျားကင်မရာကို အဆင်သင့်ထုတ်ပြီး ရိုက်ဖို့သာပြင်ထားပေတော့။ တတိယတပ်မဟာက ခင်ဗျားမာတ်ပုံရိုက်ဖို့ ကောင်းတဲ့ ရှုခင်းတွေ ဖန်တီးနေပြီနဲ့တူတယ်"ဟု ပြောလေသည်။

ဆက်လက်မောင်းနှင်သွားကြရင်း အင်ပန်ဒီနီ သာသနာပြု မစ်ရှင်ပတ်ဝန်းကျင်ရှိ ကျေးရွာအနီးသို့ ချဉ်းကပ်မိကြရာခရိတ်လည်း အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ ရွာပြင်ဘက်၌ပြောင်းခင်းများရှိရာ ပြောင်းပင်များခြောက်သွေ့နေသည်ကို တွေ့ရလေသည်။ ပြောင်းခင်းများတွင် အလုပ်လုပ်သူ အမျိုးသမီးများရှိရာ အမျိုးသမီးတစ်ဦး သေနတ်ထိမှန်ပြီး လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။ ထိုအမျိုးသမီး၏ နို့စို့အရွယ်ကလေးငယ်တစ်ဦးကိုလည်း ရက်ရက်စက်စက် လုံစွပ်ဖြင့် ထိုးသတ်ထားလေသည်။
အလောင်းပေါ်တွင် အုံနေသောယင်ကောင်များသည် သူတို့၏မော်တော်ကားစက်သံကြောင့် ရုတ်တရက် လန့်ပျံပြေးကြပြီး ခေတ္တကြာမှပျံဆင်း အုံမြဲအုံနေကြလေသည်။ မည်သူကမှ စကားမပြောဘဲ ဆိတ်ဆိတ်နေကြစဉ် ဆယ်လီသည် သူမ၏ ကင်မရာကို ထုတ်ယူလိုက်သည်။ ဆယ်လီမြင်ရသော ရှုခင်းကြောင့် စိတ်တုန်လှုပ်ချောက်ချားကာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေရှာသည်။

မလှမ်းမကမ်းတွင် အခြားအမျိုးသမီးများ မရှုမလှ သေဆုံးနေသည်ကိုလည်း တွေ့ရသည်။ မော်တော်ကားကို ခပ်ဖြည်းဖြည်း ဆက်မောင်းသွားသောအခါ ကျေးရွာရှိ သက်ငယ်မိုးတဲငါးဆယ်ခန့်ရှိသည့် အနက် အားလုံးလိုလို မီးလောင်နေသည်ကို တွေ့ရပြန်သည်။ အချို့ အမျိုးသမီးများအား ပစ်သတ်ပြီးမှ အလောင်းကို မီးပုံထဲသို့ ပစ်သွင်းထားလေသည်။

ထိုမြင်ကွင်းကိုမြင်လျှင် ခရိတ်သည် စိတ်ထိခိုက်ရုံမက အော့နလုံးနာကာ အန်ချင်သလိုပင် ဖြစ်လာ၍ ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်ရသည်။

"ကားရပ်လိုက်ပါရှင့်"
ဆယ်လီကရုတ်တရက်ပြောလိုက်ရာ ကက်ပတိန်နီဘောဘီသည် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ပြီး-
"ဒီမှာ ရပ်ရင် အန္တရာယ်ရှိလိမ့်မယ် ထင်တယ်"ဟု ပြန်ပြောရင်း ကားကို ခပ်ဖြည်းဖြည်း ဆက်မောင်းသွားလေသည်။

"ကားကို ရပ်လိုက်ပါရှင့်"

ဆယ်လီက ထပ်မံ၍ပြောလိုက်တော့မှ ကားရပ်သွားတော့သည်။ သူမသည် ကားပေါ်မှဆင်းပြီး မြင်ရသော ရှုခင်းကို မာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ရိုက်ကူးလေသည်။ ပုံပေါင်းမြောက်များစွာ ရိုက်သဖြင့် ဖလင်တစ်လိပ်ကုန်လျှင် နောက်တစ်လိပ်ထည့်၍ အဆက်မပြတ် မာတ်ပုံ ရိုက်ကူးလေသည်။

"ကျွန်တော်တို့ ဆက်သွားမှ တော်မယ် ခင်ဗျ"

ကက်ပတိန် နီဘောဘီက ပြောသော်လည်း ဆယ်လီက ခေါင်းခါပြလျက်-

"နေပါဦးရှင့်"ဟုဆိုကာ မာတ်ပုံတွေဆက်ရိုက်ကူးရင်း မီးလောင်နေသောတဲတစ်တဲ၏ နောက်ဘက်သို့ လျှောက်သွားလေသည်။ ခရိတ်သည် စိတ်မချမ်းသာစွာဖြင့်ထိုင်ကြည့်နေရင်း လူအသားကို မီးလောင်ကျွမ်းသည့်အနံ့ရလေရာ စိတ်တုန်လှုပ် ချောက်ချားမိလေသည်။ ခဏမျှကြာလျှင် တဲ၏နောက်ဘက်ဆီမှ ဆယ်လီ၏ထိတ်လန့်တကြား ဟစ်အော်လိုက်သံကြားရသဖြင့် ခရိတ်နှင့်ကက်ပတိန်နီဘောဘီတို့လည်း ရိုင်ဖယ်သေနတ်ကိုယ်စီကိုင်လျက် ကားပေါ်မှခုန်ဆင်းကာ တဲ၏နောက်ဘက်သို့ ပြေးလိုက်သွားကြလေသည်။

ဆယ်လီသည် ကင်မရာကိုပင် ကောင်းစွာမကိုင်နိုင်တော့ဘဲ မြင်ရသည့်မြင်ကွင်းကို အကြီးအကျယ် တုန်လှုပ်ချောက်ချားစွာဖြင့် ငေးကြည့်နေရှာလေသည်။ ခရိတ်နှင့် နီဘောဘီတို့လည်း သူမကြည့်ရာဘက်သို့လှည့်ကြည့်လိုက်ရာ အလွန်အံ့သြတုန်လှုပ်သွားမိကြလေသည်။ ဆယ်လီ၏ခြေရင်းမှ မလှမ်းမကမ်းတွင် တိုင်းရင်းသူ အမျိုးသမီးတစ်ဦး လဲကျနေရာ အဝတ်အစားမရှိဘဲ ဗလာကျင်းနေရာ သူမ၏ခန္ဓာကိုယ်ကိုကြည့်ရခြင်းအားဖြင့် ကျန်းမာသန်စွမ်းသော မိန်းမပျိုတစ်ဦး ဖြစ်ကြောင်း သိသာထင်ရှားလေသည်။

သူမသည် ဒဏ်ရာရနေသော်လည်း အသက်မသေသေးသဖြင့် မီးပုံထဲမှ ကြိုးစားတွားသွားကာ ပြင်ဘက်သို့ ထွက်လာဟန်တူသည်။ သူမ၏ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်သည့်ဒဏ်ရာများ ပြည့်နှက်နေလင့်ကစား အသက်ရှင်လျက်ရှိနေခြင်းက အံ့သြဖွယ်ရာပင် ဖြစ်နေတော့သည်။

အမျိုးသမီးသည် တစ်စုံတစ်ခုပြောလိုဟန်ဖြင့် ပါးစပ်ကိုဟလိုက်သော်လည်း အသံလုံးဝထွက်မလာချေ။ သူမသည် ပြင်းစွာဝေဒနာ ခံစားနေရကြောင်း ထင်ရှားနေပေသည်။

"မစ္စဆယ်လီ၊ ခင်ဗျား လင်းရိုဗာကားပေါ် ပြန်သွားထိုင်နေလိုက်ပါ။ ဒီအမျိုးသမီးရဲ့ အခြေအနေက ဘယ်လိုမှ ကူညီလို့ရတော့မှာ မဟုတ်ပါဘူး"

ကက်ပတိန် နီဘောဘီက ညင်သာစွာ ပြောလိုက်သည်။

ဆယ်လီသည် မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ငြိမ်ပြီးရပ်နေရာ ခရိတ်ကသူမ၏ပခုံးကို အသာယုယစွာကိုင်လျက် မော်တော်ကားဆီသို့ ဆွဲခေါ်သွားလေသည်။ ခရိတ်သည် လျှောက်သွားရင်း နောက်ပြန်လှည့်ကြည့်လိုက်ရာ မသေမရှင်ဖြစ်သော တိုင်းရင်းသူအမျိုးသမီးအနီးတွင် ငြိမ်သက်စွာ မတ်တပ်ရပ်နေသော ကက်ပတိန်နီဘောဘီကို မြင်ရလေသည်။ သူသည် မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် အမျိုးသမီးအား ချိန်ရွယ်ထားပြီး မျက်နှာကတော့ ပြင်းစွာစိတ်ထိခိုက် လှုပ်ရှားနေသည့်အသွင် ဆောင်နေလေသည်။ အမျိုးသမီး၏ ဝေဒနာခံစားနေရခြင်းကို မည်သို့မှကူညီကယ်ဆယ်ရန် မဖြစ်နိုင်တော့သည့် အတူတူ သေနတ်ကျည်ဆန်ပစ်ခတ်လျက် ဝေဒနာကို အဆုံးသတ်လိုက်ရန် ဟန်ပြင်နေပုံရလေသည်။ ခရိတ်လည်း ဆယ်လီအားတွဲ၍ ကားဆီသို့ဆက်ခေါ်သွားလေသည်။ မကြာမီ ဒိုင်းခနဲသေနတ်ပစ်သံတစ်ချက် ကြားရလေသည်။

လင်းရိုဗာကားဆီသို့ ရောက်သောအခါ ဆယ်လီသည် ကား၏တံခါးပေါင်ကိုမှီပြီး ခေတ္တရပ်နေရာမှ မချုပ်တည်းနိုင်တော့ဘဲ အန်ချလိုက်လေတော့သည်။ ခရိတ်က ကားပေါ်မှအရက်ပုလင်း လက်ကျန်ကိုယူ၍ ဆယ်လီအားတိုက်နေစဉ် ကက်ပတိန်နီဘောဘီ ပြန်ရောက်လာလေသည်။ သူသည် ဘာမှမပြောဘဲ ကားပေါ် တက်ထိုင်လိုက်သည်။

ထို့နောက် သူတို့သည် ခပ်ဖြည်းဖြည်း မောင်းထွက်ခဲ့ကြလေသည်။ သာသနာပြု မစ်ရှင်ကျောင်း၏ ဘုရားရှိခိုးကျောင်း အဆောက်အအုံအနီးမှ သူတို့ဖြတ်သွားကြစဉ် ဘုရားရှိခိုးကျောင်းငယ်သည် မီးလောင်ကျွမ်းနေရာမှ ခေါင်မိုးတစ်ခုလုံး ပြိုလဲပြုတ်ကျသွားလေသည်။ မီးတောက် မီးလျှံကြီးများသည် ပို၍ ကြီးမားလာသည်ဟု ထင်ရပေသည်။

အခန်း (၂၃)

ကက်ပတိန်နီဘောဘီသည် လင်းရိုဗာကားပေါ်မှ ဆက်သွယ်ရေးရေဒီယိုစက်ကိုအသုံးပြုလျက်တတိယတပ်မဟာ၏ တပ်ဖွဲ့အသီးသီးရှိနေသည့် နေရာများကိုစုံစမ်းကြည့်ရင်း ကားကိုမောင်းသွားလေသည်။ တပ်ဖွဲ့အသီးသီးက သက်ဆိုင်ရာသို့ သတင်းပို့အစီရင်ခံချက်များကိုလည်း ကက်ပတိန်နီဘောဘီက ကြားဖြတ် နားထောင်ခြင်းအားဖြင့် အခြေအနေတို့ကို သိရလေသည်။ သူသည် ရေဒီယိုမှ သတင်းပို့ချက်များကို နားထောင်ရင်း တတိယတပ်မဟာ၏ ယူနန်(တပ်ဖွဲ့)များရှိရာ နေရာများကို မြေပုံပေါ်တွင် မှတ်သားထားလိုက်သည်။

သူတို့ယခုသွားနေသည့် လမ်းတွင်လည်း တပ်များရှိနေသဖြင့် နှစ်ကြိမ်တိုင် လမ်းမကြီးမှဆင်း၍ ဖြတ်လမ်းများရှာဖွေကာရှောင်တိမ်းပြီး မောင်းရလေသည်။

ယင်းသို့တပ်များကို ရှောင်တိမ်းမောင်းသွားရင်း မာတာဘယ်လီလူမျိုးတို့နေထိုင်ရာ ကျေးရွာနှစ်ရွာကို ဖြတ်သွားရလေရာ ထိုရွာများတွင်လည်း တတိယတပ်မဟာမှ စစ်သားများ ရမ်းကားနှိပ်စက်သွားသည့် လက္ခဏာများ ကြေကွဲဖွယ်ရာ တွေ့ရလေသည်။

ရံဖန်ရံခါ သူတို့သည် ကားကိုခေတ္တရပ်ပြီး ရန်သူတပ်များ အခြေအနေကို အကဲခတ်ကြည့်ကြသည်။ ခရိတ်သည် ကား၏အင်ဂျင်စက်ဖုံးပေါ် တက်ရပ်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရာ အရပ်လေးမျက်နှာစလုံး၌ ကောင်းကင်သို့မီးခိုးများ တလူလူတက်နေသည်ကို တွေ့ရလေသည်။ တတိယတပ်မဟာမှစစ်သားများက မာတာဘယ်လီကျေးရွာများအား မီးတင်ရှို့ရာမှ မီးခိုးများ တက်လာခြင်းပင် ဖြစ်သည်။
ဆက်လက်သွားကြရင်း ကာလာဟာရီသဲကန္တာရ အစပ်နှင့်နီးလာသောအခါ ပတ်ဝန်းကျင်ရှုခင်းသည် တစ်မျိုးပြောင်းလဲလာသည်ကို တွေ့ရလေသည်။ မြေပြန့်ဖြစ်လာပြီး သစ်ပင်တောအုပ်များ တဖြည်းဖြည်းနည်းပါလာကာ သစ်ပင်များကလည်း စိုပြည်ထွားကျိုင်းခြင်းမရှိ။

ရာသီဥတု ခြောက်သွေ့ပူပြင်းသောဒေသဖြစ်၍ သစ်ပင်များမှာအကိုင်းအခက်အရွက်များ ဝေဆာခြင်းမရှိတော့ဘဲ အရေအတွက်အားဖြင့်လည်း အလွန်နည်းပါးလာလေသည်။ ဤဒေသကား လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် အလွန်ခက်ခဲသည့်နေရာမျိုးဖြစ်ပေသည်။ ခရိတ်တို့သည် အနောက်စူးစူးသို့ ဆက်လက်၍ မောင်းသွားကြလေသည်။

တဖြည်းဖြည်းနေမြင့်လာပြီး အပူချိန်လည်း ပြင်းထန်လာသည်။ မနားဘဲ ဆက်လက်သွားကြရင်း မွန်းတည့်ချိန်ပင်ကျော်သွားပြီဖြစ်သည်။ သို့သော် ခရီးမတွင်လှဘဲ နံနက် အရုဏ်တက်ချိန်မှ ယခုထိ မိုင်သုံးဆယ်ခန့်သာ ခရီးပေါက်ခဲ့လေသည်။ ထိုနေရာမှ နယ်စပ်သို့ရောက်ရန် နောက်ထပ် မိုင်နှစ်ဆယ်ခန့် သွားရဦးမည် ဖြစ်သည်။

ခရိတ်၊ ဆယ်လီနှင့် ကက်ပတိန်နီဘောဘီတို့သုံးဦးစလုံး အလွန်ပင်ပန်းနွမ်းနယ်လျက်ရှိကြပြီဖြစ်သည်။ ထို့ကြောင့် မွန်းလွဲပိုင်းတွင် သူတို့သည် လမ်းတစ်နေရာတွင် ခေတ္တရပ်နားလိုက်ကြလေသည်။ ခရိတ်သည်ကားပေါ်မှဆင်း၍ လက်ဖက်ရည်တစ်အိုးကျိုနေစဉ် ဆယ်လီကသစ်ပင်ချုံပုတ်များအတွင်းသို့ တပိုတပါးသွားရန်ဝင်သွားလေသည်။ ထိုအတောအတွင်းကက်ပတိန်နီဘောဘီက ရေဒီယိုစက်ရှေ့

တွင်ထိုင်လျက် တတိယတပ်မဟာ၏ တပ်ဖွဲ့အသီးသီးက ဌာနချုပ်နှင့် ဆက်သွယ် သတင်းပို့ချက်များကို နားထောင်နေလေသည်။

အတန်ကြာအောင် နားထောင်ကြည့်ပြီးနောက် အကြောင်းမထူးသဖြင့် သူသည် ရေဒီယိုစက်ကိုပိတ်လိုက်ပြီး ခရိတ်အား လှမ်းစကားပြောလေသည်။

"ရှေ့မှာတော့ကျေးရွာမရှိတော့ဘူးဗျ။ ကျွန်တော်ကိုယ်တိုင်နယ်စပ်ဘက်ကို ဒီနားထိအောင်မရောက်ဖူးပါဘူး။ ဒါကြောင့် ရှေ့လျှောက် ဘာတွေဖြစ်လို့ဘာကို မျှော်လင့်ရမှန်းတောင် မသိဘူးခင်ဗျ"

ကက်ပတိန်နီဘေဘီ၏ စကားအဆုံးတွင် ခရိတ်ကလည်း သူ၏ အတွေ့အကြုံကို ပြောပြလေသည်။

"ကျုပ်ကတော့ တစ်ချိန်က(အရင်အစိုးရလက်ထက်က)တောရိုင်းတိရွစ္ဆာန်တွေ ကာကွယ်ရေးဌာနမှာ အမှုထမ်းလုပ်ခဲ့ဖူးတော့ တွန်ဂါတာနဲ့အတူ ဒီအရပ်မှာလာပြီး အလုပ်လုပ်ခဲ့ဖူးတယ်။ အဲဒါ ၁၉၇၂ခုနှစ်လောက်ကပါ။ တစ်ခါတော့ ကျုပ်တို့ဟာ ခြင်္သေ့ရိုင်းအုပ်တစ်အုပ်လိုက်ရင်း နယ်စပ်ဘက် မိုင်တစ်ရာကျော်လောက်ထိအောင် လိုက်ခဲ့ဖူးတယ်။ ခြင်္သေ့ရိုင်းတွေက ကျွဲ၊ နွားတိရွစ္ဆာန်တွေလိုက်ဆွဲယူသတ်ဖြတ်နေလို့ ကျုပ်တို့ကလိုက်လာကြတာပဲ။ နယ်စပ်ဒေသကနယ်မြေက အခြေအနေ တော်တော်ဆိုးတယ်။ ရေက အလွန်ရှားတယ်။ ပြီးတော့"

ခရိတ်ကပြော၍မဆုံးသေးမီ ကက်ပတိန်နီဘေဘီသည် ရုတ်တရက်လက်မြှောက်၍ ဆိတ်ဆိတ်နေရန် အချက်ပြလိုက်သည်။ ရေဒီယိုစက်ထဲမှ တစ်စုံတစ်ယောက်က ဆက်သွယ်စကားပြောသံထွက်ပေါ် လာသဖြင့် ခရိတ်အား တိတ်တိတ်နေရန် အချက်ပြလိုက်ခြင်းဖြစ်သည်။

ရေဒီယိုစက်မှစကားပြောနေသူ၏အသံမှာ ဩဇာအာဏာရှိသူတစ်ဦး၏ အသံဖြစ်ကြောင်း သိသာထင်ရှားလေသည် ထိုပုဂ္ဂိုလ်ကကျန်တပ်ဖွဲ့များအား အရေးကြီးသော သတင်းပို့ချက်ရှိသဖြင့် မိမိတို့၏ ဆက်သွယ်အသံလွှင့်ချက်များ ရပ်ဆိုင်းရန် အမိန့်ပေးနေပုံ ရလေသည်။ ကက်ပတိန် နီဘေဘီသည် ထိုအသံကိုကြားကြားချင်း အထူးဂရုစိုက်နားထောင်နေရာ ခရိတ်က-

"ဘာလဲဗျ"ဟု ခပ်တိုးတိုး မေးလိုက်သည်။

သို့သော် ကက်ပတိန်နီဘေဘီက ပြန်မဖြေဘဲ လက်ပြ၍သာ အချက်ပေးလိုက်ပြီး ရေဒီယိုစက်မှ အသံကိုသာ ဂရုစိုက်နားထောင်နေလေသည်။ တစ်ဖက်မှ ပြောနေသူသည် ရှိုနာဘာသာစကားဖြင့်

ပြောနေသောကြောင့် ခရိတ်က နားမလည်ချေ။ အသံလွှင့်ချက် ပြီးဆုံးသွားတော့မှသာ ကက်ပတိန် နီဘောဘီကခရိတ်ကို ရှင်းပြလေသည်။

"တတိယ တပ်မဟာရဲ့ ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ ဒီနေ့မနက် ကျွန်တော်ထားပစ်ခဲ့တဲ့ စစ်သားသုံး ယောက်ကို ရှာတွေ့သွားပြီ။ အခု ဗိုလ်ချုပ်ဖွန်ဂါဘီရာက ယူနစ်(တပ်ဖွဲ့)အားလုံးကို အရေးပေါ်အမိန့် ပေးနေပါတယ်။ ကျွန်တော်တို့ကို ပြန်ဖမ်းမိဖို့အရေးကိုသာ ထိပ်တန်းဦးစားပေးပြီး လိုက်ရှာဖမ်းရ မယ်လို့ ညွှန်ကြားလိုက်ခြင်းပဲ။ ကောင်းကင်ကနေပြီးလိုက်ရှာဖို့ စစ်လေယာဉ်နှစ်စင်းကိုလည်း ဒီဘက် ဒေသကို လွှတ်ထားလိုက်ပြီလို့လည်း ဆိုတယ်။ အချိန်မရွေး လေယာဉ်တွေ ဒီနေရာကို ရောက်လာ နိုင်ပါတယ်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာဟာ ကျွန်တော်တို့ရောက်ရှိမယ့်နေရာကို အတော် တိတိကျကျ ခန့်မှန်းပြီးတော့ တပ်ဖွဲ့တွေအားလုံး ဒီဘက်ကိုဝိုင်းလာကြဖို့လည်း ညွှန်ကြားလိုက်တယ်။ကျွန်တော်တို့ဟာ မီးရထား လမ်းတောင်ဘက်က တစ်ဆင့် နယ်စပ်ကိုပြေးကြလိမ့်မယ်လို့လည်း တွက်မိတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ ဦးတည်သွားနေတဲ့လမ်းကို ပိတ်ဆို့ဖမ်းဆီးဖို့အတွက် တပ်စုနှစ်ခုကိုလည်း ချက်ချင်း သွင်းပြီး လမ်းပိတ်နေကြတော့လို့ အမိန့်ပေးလိုက်ပြီခင်ဗျ။ ဒီစစ်ဆင်ရေးက လျှို့ဝှက်သင်္ကေတ စကား ဝှက်အဖြစ် ကျားသစ်လို့ သတ်မှတ်လိုက်တယ်။ အဓိပ္ပါယ်ကတော့ တတိယတပ်မဟာ တပ်ဖွဲ့တွေ အနေနဲ့ ကျွန်တော်တို့ကို မမေးမြန်းဘဲ အသေသတ်ပစ်ဖို့ အမိန့်ပေးလိုက်တာပဲ။ ဒီလိုကျားသစ်အမိန့် မျိုးဟာ ယခုအခါမှာအလွန်အသုံးပြုခဲပါတယ်။ ကျွန်တော်တို့အဖို့စိတ်အားငယ်စရာပါပဲ မစ္စတာခရိတ်။ ဤတွင် ခရိတ်သည်မြေပုံကို လျင်မြန်စွာယူ၍ ဖြန့်ကြည့်လေသည်။ ဆယ်လီနှင့် ကပတိန်နီဘောဘီ တို့လည်း ဘေးမှနေ၍ မြေပုံကိုဝိုင်းကြည့်နေကြစဉ် ခရိတ်ကမြေပုံတစ်နေရာသို့ လက်ဖြင့် ထောက်ပြ လိုက်သည်။

"ကျုပ်တို့ အခုရောက်နေတာက ဒီနေရာပဲ။ ဒီကဆက်သွားဖို့ရာ အနောက်မြောက်ဘက်သွားတဲ့ လမ်းတစ်လမ်းဘဲရှိတော့တယ်။ ဗိုလ်ချုပ်ဖွန်ဂါလီရာကလွှတ်လိုက်တဲ့ ပလမ်းထရီးကတပ်စုဟာ ကျုပ် တို့ရှေ့က လမ်းပိတ်စောင့်နေဖို့များတယ်။ နောက်တပ်စုတစ်စုက ကျုပ်တို့နောက်က လိုက်လာပြီး နှစ်ဖက်ညှပ်ပိတ်လိမ့်မယ် ထင်တယ်"

ခရိတ်၏စကားကို ကတ်ပတိန်သည် နီဘောဘီသည် သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒီတစ်ခါတော့သူတို့ကအထူးသတိထားပြီး ရှာကြည့်နေမှာသေချာပါတယ်။ စောစောကလိုကျွန်တော် တို့လမ်းဘေးမှာ အသာပုန်းနေလို့ ဖြစ်မှာမဟုတ်ဘူး"

ကားပေါ်မှ ဆက်သွယ်ရေး ရေဒီယိုစက်ကအသက်ဝင်ကာ အသံမြည်လာပြန်သဖြင့် ကတ်ပတိန် နီဘောဘီသည် ကပျာကယာ ပြေးသွားလေသည်။ ရေဒီယိုမှ ရှိုနာဘာသာဖြင့်ပြောသံကို နားထောင်နေရင်း သူ၏မျက်နှာသည် ပို၍စိုးရိမ်ကြောင့်ကြသည့်ဟန် ဖြစ်လာလေသည်။

"ကျွန်တော်တို့နောက်က လိုက်နေတဲ့တပ်ဖွဲ့ဟာ လင်းရိုဗာကားဘီးရာတွေကိုတွေ့သွားပြီ။ အခု သူတို့ ကားဘီးရာကိုခြေရာခံလိုက်လာတာ သိပ်မဝေးတော့ဘူး။ ဒါ့အပြင်သူတို့က ရှေ့က ပိတ်စောင့်နေတဲ့ တပ်စုကိုလည်း ရေဒီယိုနဲ့ဆက်သွယ်အကြောင်း ကြားလိုက်ကြပြီမို့ ကျွန်တော်တို့ဟာ နှစ်ဖက်ညှပ် ပိတ်မိနေပြီ။ ကျွန်တော်တော့ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး။ မစ္စတာခရိတ်။ နောက် မိနစ် အနည်းငယ်အတွင်းမှာ ကျွန်တော်တို့နဲ့ ရင်ဆိုင်ရတော့မယ်"

ကက်ပတိန်နီဘောဘီက အကူအညီတောင်းသည့်ဟန်မျိုးဖြင့် ပြောလေရာ ခရိတ်လည်း ချက်ချင်းပင် ခေါင်းဆောင်(တပ်မှူး)သဖွယ် တာဝန်ယူရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ၊ဒီလိုလုပ်ကြမယ်။ ကျုပ်တို့ကဒီလမ်းကန့်လန့်ဖြတ် ဘေးထွက်ပြီး နယ်စပ်ကိုသွားကြမယ်"
"ဒီလိုဆိုရင် သွားရမယ့်လမ်းက အလွန်ကြမ်းတယ်ခင်ဗျာ။ လမ်းရယ်လို့ပီပီပြင်ပြင်ရှိတာ မဟုတ်ဘူး။ ကားမောင်းဖို့တောင် အလွန်ခက်ပါလိမ့်မယ်"

ကက်ပတိန် နီဘောဘီက ကန့်ကွက်သလိုပြောသော်လည်း ခရိတ်ကလက်မခံဘဲ ဆက်၍ အမိန့်ပေး လိုက်လေသည်။
"ကားကိုသာ မောင်းစမ်းပါ။ စပယ်ရှယ်ဂီယာကို အသုံးပြုပြီးမောင်း။ ကျုပ်က ကားခေါင်မိုးပေါ်က ထိုင်လိုက်ပြီး လမ်းညွှန်ပြသွားမယ်။ ဆယ်လီက ကားရဲ့ရှေ့တန်းမှာ ပြောင်းထိုင်လိုက်"

ပြောပြောဆိုဆို ခရိတ်သည် အေကေ ၄၇ ရိုင်ဖယ်သေနတ်ကို ပခုံးတွင်လွယ်လျက် ကားခေါင်မိုးပေါ် သို့တက်လိုက်သည်။ ကက်ပတိန် နီဘောဘီထံမှ အရှေ့အနောက်တောင်မြောက်ကြည့်သော ကွန်ပါ တစ်ခုကိုပါ ယူကြည့်ပြီး ဆက်လက်လမ်းညွှန်လေသည်။

"ကောင်းပြီ ညာဘက်ကိုကွေ့လိုက်၊ ပြီးရင် အဲဒီလမ်းအတိုင်း တည့်တည့်သာမောင်းပေတော့"

ကက်ပတိန် နီဘောဘီကလည်း ညွှန်ကြားသည့်အတိုင်း လင်းရိုဗာကို ထိန်းမောင်းသွားလေသည်။ လမ်းကကြမ်းသော်လည်း လင်းရိုဗာအနေဖြင့် မောင်း၍ဖြစ်သောကြောင့် တစ်နာရီလျှင်နှစ်ဆယ့်ငါးမိုင် နှုန်းဖြင့် မောင်းနိုင်လေရာ သူတို့နောက်မှ လိုက်လာသည့်စစ်ကား(ထရပ်ကား)ကြီးများက မီအောင်

လိုက်မောင်းရန် လွယ်ကူမည်မဟုတ်ဟုလည်း တွက်မိကြသည်။ ခရိတ်ကလည်း ကားခေါင်မိုးပေါ်မှ နေ၍ မြေပုံနှင့်ကွန်ပါကိုကြည့်ရင်း ကက်ပတိန်နီဘောဘီအား လိုအပ်သလိုညွှန်ကြားကာ အချို့နေရာများတွင် ခြေရာခံလိုက်ရန်ခက်အောင် ကွေ့ကောက်မောင်းခိုင်းလေသည်။

နောက်တစ်နာရီခန့်ကြာသွားမိလျှင် နယ်စပ်သို့ရောက်တော့မည်ဖြစ်၍ သူတို့သုံးဦးစလုံး အားတက်မိကြလေသည်။ ခရိတ်သည် ပင်ကိုစရိုက်အားဖြင့် ဘေးအန္တရာယ်နှင့် နီးကပ်လာလျှင် ကြောက်စိတ်ထက် ရန်သူနှင့် ရင်ဆိုင်တိုက်လိုသည့်ဆန္ဒဖြစ်ပေါ်ကာ စိန်ခေါ်သလို စိတ်ဖြစ်တတ်လေရာ ယခုတစ်ဖန် ယင်းစိတ်ဓာတ်မျိုး ဖြစ်ပေါ်လာလေသည်။

အတန်ကြာကြာသွားမိသော် ခရိတ်သည်နောက်ပြန်လှည့်ရင်း ခပ်လှမ်းလှမ်း၌ဖုန်တစ်ထောင်းထောင်းထနေသည်ကို သတိပြုလေသည်။

"နောက်က လိုက်လာတဲ့တပ်တစ်တပ်ကိုတော့ မြင်ရပြီပေါ့။ အခုဆိုရင် ကျုပ်တို့နောက် ငါးမိုင်လောက် အကွာမှာရောက်နေတယ်"

ဤသို့ နီဘောဘီအား လှမ်းပြောရင်း နောက်သို့ဆက်လက် ကြည့်နေလေသည်။ အမှန်တော့ သူသည် ကားဇ၏ရှေ့တည့်တည့်ကြည့်၍ ကက်ပတိန်နီဘောဘီအား ညွှန်ကြားရမည်ဖြစ်သည်။အကြောင်းမူကား သူတို့၏ ကားမောင်းနေသည့် လမ်းတည့်တည့် မလှမ်းမကမ်းတွင် ခြတောင်ပို့များရှိရာ ဝက်ဝံများက ဖြတောင်ပို့များကို တူးယက်စားသောက်ခြင်းကြောင့် မြေကြီးတွင်ချိုင့်ကြီးတစ်ခု ဖြစ်နေသောကြောင့်ပင်တည်း။
ကားမောင်းသူ ကက်ပတိန်နီဘောဘီအနေဖြင့် ရှေ့တည့်တည့်တွင် မြက်ပင်ရှည်ကြီးများ ရှိနေသောကြောင့်ချိုင့်ကြီးများရှိနေသည်ကို မမြင်ရချေ။ ထို့ကြောင့် လင်းရိဇာကားသည် တစ်နာရီ နှစ်ဆယ့်ငါးမိုင်နှုန်းဖြင့်သွားလေရာမှ ချိုင့်ကြီးထဲသို့ကျသွားကာ ရပ်သွားလေသည်။

ယင်းအရှိန်ကြောင့် ခရိတ်သည် ကားခေါင်မိုးပေါ်မှ မြေကြီးပေါ်သို့ လွင့်စဉ်ကျသွားကာ ရုတ်တရက်ပြန်မထနိုင်ဘဲ လဲနေလေသည်။

မြေကြီးပေါ်ကျရာတွင် မျက်နှာတစ်ခြမ်း၊ ဒူးဆစ်၊ တံတောင်ဆစ်များ မြေကြီးဖြင့်တိုက်မိပြီး တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ဖြစ်သွားလေသည်။ ပြင်းစွာနာကျင်ခြင်း ဝေဒနာကိုလည်း ခံစားရသည်။ မျက်နှာနှင့် မြေကြီး ရိုက်မိသည့်အရှိန်ကြောင့် သွားတွေကျွတ်ထွတ်ကုန်ပြီလောဟုပင် ထင်ရသည်။

သို့သော် ကံအားလျော်စွာ သွားတစ်ချောင်းမှ မကျိုးသဖြင့် တော်သေးသည်ဟု အောက်မေ့မိလေသည်။ သူ၏ခြေတုသည်လည်း ပြုတ်ထွတ်မသွားသဖြင့် ခရိတ်သည် ကြိုးစား၍ မတ်တပ်ထလိုက်သည်။ သူသည် လင့်ရိုဇာကားဆီသို့သွားပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ ကား၏ရှေ့မှန်ကွဲအက်နေသည်ကိုလည်း သတိပြုမိသည်။

ဆယ်လီမှာ ဦးခေါင်းနှင့် ကားမှန်အရှိန်ပြင်းစွာ ဆောင့်မိသောကြောင့် မျက်စိအပေါ်နားတွင် ဖူးရောင်နေလေသည်။ သို့သော် သတိမမေ့ဘဲရှိနေ၍ တော်သေးသည်ဟုဆိုရပေမည်။

"ဟင်... ဆယ်လီ၊ဘယ်လိုနေသလဲ၊ဒဏ်ရာက သိပ်ပြင်းသလား"

ခရိတ်ကမေးလိုက်လျှင် ဆယ်လီခမျာ ဦးခေါင်းနှင့်မှန်ဆောင့်မိသည့်ဒဏ်ကြောင့် မူးမိုက်နေရာမှ ကြိုးစား၍ "သိပ်မပြင်းပါဘူး။ ရှင့်မျက်နှာမှာလည်း သွေးတွေနဲ့ပါလား" ဟု ခရိတ်ကိုကြည့်ရင်း ပြောရှာသည်။
"ဘာမှ ကြီးကြီးကျယ်ကျယ်ဖြစ်တာ မဟုတ်ပါဘူးကွာ။ မြေကြီးနဲ့မျက်နှာဆောင့်မိလို့ နည်းနည်းပွန်းပဲ့သွားတာပါပဲ"
ခရိတ်ကပြောရင်း ကားမောင်းသူ ကက်ပတိန်နီဘေဘီအား လှမ်းကြည့်လိုက်သည်။ ကတ်ပတိန်နီဘေဘီ၏ မျက်နှာတွင်သွေးများရဲနေသည်။ မော်တော်ကားစတီယာရင် အဝိုင်းနှင့် ပါးစပ်ဆောင့်မိသဖြင့် သွားတစ်ချောင်းကျိုးကာ သွေးတွေတရဟောထွက်နေသဖြင့် လက်ကိုင်ပဝါဖြင့် သွေးများကိုသုတ်နေလေသည်။
ခရိတ်သည် ဆယ်လီအား ကားပေါ်မှတွဲချပေးပြီးနောက် ကက်ပတိန်နီဘေဘီအား-

"ကားကို နောက်ပြန်ဆုတ်မောင်းကြည့်စမ်း"ဟု အမိန့်ပေးလိုက်သည်။

ကက်ပတိန် နီဘေဘီလည်း လင်းရိုဇာကားကို စက်နှိုး၍ ကြိုးစားမောင်းကြည့်ရာ ခဏမျှကြာလျှင် စက်နှိုးလာသော်လည်း ဂီယာထိုးပြီး နောက်ပြန်ဆုတ်ကြည့်သောအခါ ကားဘီးများ လည်ပတ်လျက်ကားကမရွေ့ဘဲ ဖြစ်နေလေသည်။

ကားဘီးများ မြေကြီးထဲ ကျွံဝင်ပြီးနစ်နေ၍ ကားမထွတ်နိုင်ဘဲ ဖြစ်နေသည်။ ခရိတ်လည်း တစ်မျိုးတစ်ဖုံကြံမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လျက် ကက်ပတိန် နီဘေဘီအား-

"စက်ကိုရပ်လိုက်တော့ ကားဘီးတွေကို နှစ်နေတာ ကြွတက်လာအောင်လုပ်မှဘဲ မောင်းလို့ဖြစ်မယ်" ဟု ပြောလိုက်သည်။

ဘီးများကျွံနစ်နေသည်ကို တူးဆွရန်ကိရိယာ တန်ဆာပလာဟူ၍ ဘာမှမပါသဖြင့် ကားဘီးဖြုတ်လျှင် ထောက်သည့်ကျိုက်ဖြင့် တူးကြည့်သော်လည်း မရချေ။ နောက်ဆုံးတွင် ဆယ်လီကို ကားပေါ်တက် ထိုင်ခိုင်းစေပြီး ခရိတ်နှင့် နီဘေဘီတို့နှစ်ယောက် အင်အားဖြင့်ကားနောက်ပိုင်းကို အထူးအားစိုက် ကြိုးစားလျက်မထားပြီး ဆယ်လီအား မောင်းထွက် စေလေသည်။

ထိုအတောအတွင်း ရေဒီယိုစက်မှ သတင်းပို့ချက်များ ထွက်ပေါ်လာပြန်သဖြင့် ကက်ပတိန် နီဘေဘီက ပြေးနားထောင်ပြီး-

"ကျွန်တော်တို့လမ်းမက ခွဲထွက်ခဲ့တဲ့နေရာကိုသူတို့တွေ့သွားပြီ"ဟုပြောပြရာ ခရိတ်သည် စိတ်မာတ် ကျသွားမိပြန်သည်။ သို့သော် စိတ်ပျက်နေ၍မပြီး။ ဆက်ကြိုးစားမှဖြစ်မည်ဟု တွေးမိသဖြင့် နှစ်ယောက်သား ကားကိုကြိုးစားမလျက် ဆယ်လီအား စက်ကုန်ဖွင့်ကာ မောင်းထွက်ခိုင်းကြည့်ရာ ကံအားလျော်စွာ ကားဘီးများကြွတက်လာပြီး မြေမာပေါ်သို့ပြန်ရောက်ရှိလာလေသည်။

ဤတွင် နှစ်ယောက်သား ကားပေါ်ပြန်တက်ပြီး ဆယ်လီကို မောင်းထွက်ခိုင်းလေသည်။

ထိုအချိန်၌ သူတို့နောက်မှ လိုက်လာသော စစ်ကားတစ်စီးသည် အတော်ပင်နီးကပ်လာပြီဖြစ်သည်။ တိုယိုတာအမျိုးအစား ငါးတန်ကားကြီးတစ်စီး ဖြစ်ကြောင်းကိုပင် လှမ်းမြင်ရလေ သည်။ ကား၏ရှေ့ ပိုင်း အမိုးပေါ်တွင် စက်သေနတ်တစ်လက် တပ်ဆင်ထားသည်ကိုလည်း သတိပြုမိလေသည်။

"ဟော့... ဆယ်လီ ကားရဲ့ လီဗာကို အဆုံးနင်းပြီး အမြန်ဆုံးမောင်းစမ်းပါကွ"

ခရိတ်က ရန်သူနီးလာ၍ အန္တရာယ်ကိုစိုးရိမ်ပြီး ဆယ်လီအား အတင်းမောင်းခိုင်းလေသည်။ သူ၏စိတ် ထဲတွင် ကားနောက်မှ ငါးတန်(ထရပ်)ကားကြီးက အင်ဂျင်စက် ပိုမိုအားကောင်းသဖြင့် သူတို့အား မလွဲမသွေ မီလာတော့မည်ဟု အလွန်စိုးရိမ်နေမိလေသည်။

နောက်မှလိုက်လာသည့် စစ်ကားသည် တဖြည်းဖြည်းနီးကပ်လာပြီ ဖြစ်သည်။ ယခုအချိန်ထိ စက် သေနတ်ပစ်သံ မကြားရသေး။ သို့သော် အချိန်မရွေး စက်သေနတ်ကျည်ဆန်တွေ မိုးရွာသလို တရကြမ်းလာတော့မည်ဟု တွက်မိသဖြင့် ခရိတ်သည် ဆယ်လီအား-

"လက်ဝဲလက်ကို ကွေ့မောင်းစမ်း" ဟု ညွှန်ကြားလိုက်သည်။

ထိုအချိန်မှာပင် နောက်မှလိုက်လာသည့် စစ်ကားမှ စစ်သေနတ် စတင်ပစ်ခတ်လေရာ ခရိတ်၏ ညွှန်ကြားချက်ဖြင့် ဆယ်လီကကားကိုလက်ဝဲဘက်သို့ ကွေ့မောင်းလိုက်၍သာ ကျည်ဆန်များလွဲချော်သွားလေသည်။

"ရှင်တို့ ပြန်ပစ်ပါလား"

ဆယ်လီက ကားမောင်းနေရင်း ပြောရာ ခရိတ်က-

"ဒီမှာ ငါက အမိန့်ပေးနေတာကွ။ မင်းက ကားကိုသာ ဂရုစိုက်မောင်းစမ်းပါ" ပြန်ပြောလိုက်သည်။

နောက်မှ ထရပ်ကားကြီးသည် သိပ်မဝေးလှတော့ချေ။ နောက်တစ်ချီ စစ်သေနတ်ဖြင့် ပစ်လိုက်ပြန်သည်။ ဤတွင်လည်း ကျည်ဆန်များသည် ပေတစ်ရာခန့်ကွာလျက် လွဲချော်သွားပြန်သည်။

ဆယ်လီက လင်ရိုဗာကားကို တည့်တည့်မမောင်းဘဲ ကွေ့ကောက်မောင်းနေသဖြင့် စစ်ကားပေါ်မှ စစ်သေနတ်သမားများသည် ကောင်းစွာချိန်မပစ်နိုင်သောကြောင့် ကျည်ဆန်များ လွဲချော်ကုန်ခြင်းဖြစ်လေသည်။

ထို့ပြင် သူတို့၏ လင်းရိုဗာကားနောက်မှ ဖုန်တစ်ထောင်းထောင်းထနေ၍ စက်သေနတ်သမားများအနေဖြင့် ချိန်ဆပစ်ခတ်ရန် ခက်နေလေသည်။ သို့သော် အင်ဂျင်စက်အားကောင်းသော စစ်ကားကြီးသည် တဖြည်းဖြည်း နီးသည်ထက် နီးလာလေသည်။ မကြာမီ ရှေ့လှမ်းလှမ်း၌ သစ်ပင်ချုံပုတ်များမရှိသော မြေပြင်ကျယ်ကြီးကို မြင်ရလေသည်။ တစ်ချိန်က ဤနေရာတွင် ဆားချက်လုပ်ငန်းလုပ်ခဲ့သဖြင့် တောခုတ်ထွင် ရှင်းလင်းထားဟန်တူသည်။ ဆားချက်ရာနေရာဖြစ်၍ မြေပြင်က မညီမညာဘဲ ချိုင့်ဝှမ်းကြီးဖြစ်နေလေသည်။

"ဟော့... ဆယ်လီ ချိုင့်ကြီးရဲ့ ညာဘက်ဘေးနားက ကပ်ပြီး မောင်းသွားပါ"

ခရိတ်က အခြေအနေကို လှမ်းကြည့်ရင်း ဆယ်လီအား အမိန့်ပေးလိုက်သည်။ နောက်မှ လိုက်လာသော စစ်ကားကြီးသည်လည်း ချိုင့်ကြီးဖြစ်နေသည်ကိုမြင်ဟန်ဖြင့် သတိထားမောင်းလိုက် လာလေသည်။ ထိုအတောအတွင်း စက်သေနတ်ဖြင့်ပစ်ခတ်ပြန်ရာ ကျည်ဆန်သုံးထောင့်သည် လင်းရိုဗာကား၏ ဘော်ဒီနောက်ပိုင်းကို လာထိမှန်လေသည်။

"ဆယ်လီ မင်း ဘာမှ မဖြစ်ဘူးနော်။ အိုကေရဲ့ မဟုတ်လား"

ခရိတ်က လှမ်းမေးလိုက်ရာ ဆယ်လီက-

"အိုကေပါတယ်" ဟုပြန်ပြောလေသည်။

သို့ရာတွင် သူမ၏လေသံမှာ တစ်စုံတစ်ခုအတွက် စိုးရိမ်ကြောင့်ကြသည့် လေသံမျိုးဖြစ်နေသည်။ "ဒီမယ်ရှင့် ကျွန်မဆက်ပြီး မမောင်းနိုင်တော့ဘူး။ ကားက တစ်ခုခုဖြစ်နေပြီနဲ့တူတယ်။ လီဗာကို ကျွန်မအဆုံးနင်းထားပေမယ့် ကားက အရှိန်တဖြည်းဖြည်း လျော့လာတယ်"

သူမက ပြောလိုက်ချိန်တွင်ပင် ခရိတ်က အခြေအနေကို ချက်ချင်း ရိပ်မိလေသည်။ ကား၏ ရှေ့ပိုင်း ပျက်စီးနေသဖြင့် သံတွေပူရာမှ နီရဲလာသည့်အနှံ့ကိုလည်းရနေသဖြင့် လင်းရိုဗာကားကို ဆက်မောင်း၍မဖြစ်နိုင်ကြောင်း တွက်မိလေသည်။

ထို့ကြောင့် ခရိတ်သည် ကက်ပတိန် နီဘောဘီအား-

"ကျုပ်ကို ရိုင်ဖယ်သေနတ်တစ်လက်ပေးစမ်းဗျာ" ဟုလှမ်းတောင်းလိုက်သည်။

အမှန်တော့ သူတို့ကားနောက်မှ စစ်ကားကိုလှမ်းပစ်ရန် အေကေ ၄၇ ရိုင်ဖယ်သေနတ် အလှမ်းမမီသေးချေ။ သို့သော် မိမိကပြန်ပစ်လိုက်သော ကျည်ဆန်များသည် စစ်ကားဆီသို့ မရောက်လင့်ကစား ခရိတ်အနေဖြင့် အနည်းငယ် စိတ်ဓာတ်တက်လာမိလေသည်။ ငါတို့က ဘာမှပြန်မလုပ်ဘဲ ငုတ်တုပ်ခံနေရသည့်အဖြစ်မျိုးမဟုတ်ဟု စိတ်အားတက်လာမိခြင်းဖြစ်သည်။ ခရိတ်က ရိုင်ဖယ်သေနတ်ကို ကျည်ဆန်ကတ်အသစ်ပြန်ထည့်နေစဉ် ဆယ်လီသည်ကားကိုကြိုးစား၍ မောင်းနေလေသည်။ နောက်မှ စစ်ကားကလည် သဲသဲမဲမဲ ဆက်လိုက်လေသည်။ ခရိတ်သည် ရှေ့သို့ လှမ်းကြည့်ရင်း နယ်စပ်နှင့် မည်မျှဝေးသနည်းဟု ခန့်မှန်းတွက်ကြည့်မိလေသည်။ ဆယ်မိုင်ခန့် သွားလျှင်ရောက်မည်လော။

တစ်ခုစိုးရိမ်ဖွယ် ကောင်းသည်မှာ မိမိတို့နောက်လိုက်နေသော တတိယတပ်မဟာမှ စစ်ကားသည် ကျားသစ်စစ်ဆင်ရေး အမိန့်ချထားပြီဖြစ်၍ နယ်စပ်သို့ရောက်လျှင် ဆက်မလိုက်ဘဲ ရပ်တန့်ပါမည်လော။ ဆက်လိုက်ပြီး မိမိတို့အား အသေပစ်သတ်မည်လောဟူသော အချက်ပင်ဖြစ်သည်။

ဤသို့တွေးမိရင်း ခရိတ်သည် ဒေါသထွက်လာကာ မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် နောက်ကားဆီသို့ လှမ်းပစ်လိုက်သည်။ ရိုင်ဖယ်သေနတ်ခလုတ်ကိုသုံးကြိမ်ခန့်ဆက်ဆွဲလိုက်ရာ တတိယမြောက်အကြိမ်တွင် နောက်မှတိုယိုတာငါးတန်ကားကြီးသည် ကွေ့ဝိုက်ယိမ်းယိုင်သလို ဖြစ်သွားပြီးနောက် ရပ်တန့်သွားလေသည်။

"ငါပစ်လိုက်တာ ထိသွားပြီဟေ့"

ခရိတ်က ဝမ်းသာအားရ ဟစ်အော်လိုက်ရာ ဆယ်လီကလည်း-

"ရှင်က တိုက်ခိုက်တဲ့နေရာမှာ ဂျရိုနီမို ကျနေတာပဲ"ဟု ချီးကျူးလိုက်သည်။

(မှတ်ချက်။ ။ ဂျရိုနီမိုဆိုသူမှာ အမေရိကန်နိုင်ငံတည်ထောင်ခါစကမျက်နှာဖြူစစ်တပ်များအား ရွှေပ်ရွှေပ် ခွံ့ခွံ့တိုက်ခိုက်နိုင်ခဲ့ပြီး စစ်မှုရေးရာကျွမ်းကျင်သူ အမေရိကန်တိုင်းရင်းသား(အင်ဒီးယန်း)ခေါင်းဆောင် တစ်ဦးပင်ဖြစ်သည်။ မြန်မာပြန်သူ)

ကတ်ပတိန် နီဘေဘီကလည်း သဘောကျဟန်ဖြင့် မစ္စတာ ခရိတ်က တကယ်တော်ပါပေတယ်ဟု ချီးကျူးလိုက်သည်။

တိုယိုတာ ငါးတန်(ထရပ်)ကားကြီးသည် လုံးဝမရွေ့တော့ဘဲရပ်နေပြီဖြစ်ရာ ခရိတ်သည် အခဲ မကျေသေးဟန်ဖြင့် အေကေ ၄၇ ရိုင်ဖယ်သေနတ်ကိုချိန်ရွယ်ကာ နောက်ထပ်ကျည်ဆန် တစ်ကတ်ကုန်အောင် ပစ်လိုက်ပြန်သည်။

စစ်ကားကြီး ဘေးပတ်ဝန်းကျင်တွင် တတိယတပ်မဟာမှ စစ်သားများ လှုပ်လှုပ်ရွရွနှင့် လှုပ်ရှားနေသည်ကိုလည်း ခပ်ရေးရေးမြင်နေရပေသည်။ ခရိတ်တို့လည်း လင်းရိုဗာကားကို တတ်နိုင်သလောက် ကြိုးစား၍ ဆက်မောင်းကြည့်ရာ လျင်မြန်စွာ မသွားနိုင်လင့်ကစား ခပ်ဖြည်းဖြည်း ခပ်မှန်မှန်မောင်းထွက်နိုင်လေသည်။ အတန်ငယ်သွားမိပြီးနောက် ခရိတ်သည် အမှတ်မဲ့ နောက်သို့ ပြန်လှည့်ကြည့်မိရာ အလွန်အံ့အား သင့်သွားလျက်-

"အလို"ဟု ရေရွတ်လိုက်မိသည်။ စောစောကမလှုပ်မရှား ရပ်နေသော ရန်သူစစ်ကားကြီးသည် ရုတ်တရက်အသက်ပြန်ဝင်လာသလိုလှုပ်ရှားကာ သူတို့နောက်မှ မောင်းလိုက်လာသောကြောင့်ပင်တည်း။ ခရိတ်ပစ်လိုက်သော ကျည်ဆန်တစ်တောင့်တလေက စစ်ကားမောင်းသူအား ထိမှန်၍ကားခေတ္တရပ်သွားခြင်းဖြစ်ဟန်တူလေသည်။ သူ၏လက်ချက်ဖြင့် ထရပ်ကားကြီးအနည်းငယ်ထိခိုက်ချို့ယွင်းသွားခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် အကြီးအကျယ် ပျက်စီးခြင်းမဟုတ်သဖြင့် ယခုတစ်ဖန် စစ်ကားကြီးလိုက်လာခြင်း ဖြစ်တန်ရာသည်။ ထိုအခိုက်မှာပင် စစ်ကားမှ လှမ်းပစ်လိုက်သော စက်သေနတ်ကျည်ဆန်များသည် လင်းရိုဗာကား၏ နောက်ပိုင်းသို့ လာထိမှန်ပြန်သည်။ ခရိတ်သည်

ကားခေါင်မိုးပေါ်မှ လိုက်ပါလာရာ ကားတွင်းမှ တစ်စုံတစ်ယောက် ဟစ်အော်ညည်းညူသံကြားရသဖြင့် ထိတ်ခနဲဖြစ်သွားမိသည်။ မိမိတို့ထဲမှ တစ်ယောက်လောက် ကျည်ဆန်ထိမှန် သွားပြီလောဟု စိုးရိမ်မိရင်း အောက်သို့ လှမ်းမမေးရဲအောင် ဖြစ်နေသည်။

"ကက်ပတိန် နီဘောဘီ ထိသွားပြီရှင့်"

ဆယ်လီကလှမ်းအော်ပြောလိုက်လေသည်။ ဤတွင်ခရိတ်သည်သေနတ်ထိမှန်သူမှာ ဆယ်လီမဟုတ်ကြောင်းသိရသဖြင့် စိတ်ထဲအနည်းငယ် သက်သာသွားသလိုတော့ရှိသည်။

"ဟေ့ ဆယ်လီ ကက်ပတိန်ထိသွားတာ ဒဏ်ရာ တော်တော် ပြင်းသလား။ ဘယ်လိုနေသလဲ"

"တော်တော်ပြင်းတယ်ရှင့်။ သူ့တစ်ကိုယ်လုံးလည်း သွေးတွေချည်းပဲ"

"ဟုတ်လား၊ ဒါပေမဲ့ ငါတို့ ဒီမှာ ကားရပ်လို့ မဖြစ်ဘူးကွဲ့။ ဆက်မောင်းသွားရလိမ့်မယ်"

ပြောရင်း ခရိတ်သည် ရှေ့သို့လှမ်းကြည့်လိုက်ရာ အကာအကွယ်ယူစရာ သစ်ပင်ဝါးပင်လုံးဝမရှိ။ ချုံနွယ်ပိတ်ပေါင်းဟူ၍လည်းမရှိဘဲ ပကတိလွင်တီးခေါင်ပြင် ဖြစ်နေသည်ကို တွေ့ရလေသည်။

စောစောပိုင်းက လမ်းဘေးတွင် ကျိုးတိုးကျဲတဲ မြင်ခဲ့ရသော သစ်ပင်ငယ်များပင် လုံးဝမမြင်ရတော့ချေ။ မြေပြင်ကျယ်ကြီးသာရှိပြီး မျက်စိတစ်ဆုံး မိုးကုပ်စက်ဝိုင်းထိအောင် လှမ်းမြင်နိုင်သည့် ရှုခင်းတစ်မျိုး ဖြစ်နေလေသည်။

"ဟေ့ ကားကို ရပ်လိုက်စမ်း"

ခရိတ်က ရုတ်တရက် အော်ပြောလိုက်သဖြင့် ဆယ်လီလည်း ဘာမှန်းညာမှန်းမသိဘဲ ကားကို ရပ်လိုက်သည်။ သို့ရာတွင် ဆယ်လီသည် ရှေ့သို့လှမ်းကြည့်လိုက်သောအခါ ခရိတ်က ဘာကြောင့် မော်တော်ကား ရပ်ခိုင်းကြောင်း သဘောပေါက်သွားလေသည်။

သူတို့ကားမောင်းနေသည့် ရှေ့တည့်တည့်မြေပြင်တွင် အဝါရောင်သားမွေးရှိသော ဘောလုံးတစ်လုံး အရွယ် မရှိတရှိသတ္တဝါများ တွေ့ရလေသည်။ မော်တော်ကားစက်သံကြောင့် ထိုသတ္တဝါများသည် ထိတ်လန့်တကြားဖြစ်ကာ မြေကြီးထဲသို့တူးယက်ဝင်သွားကြသည်ကိုလည်းသတိပြုမိသည်။ ဆယ်လီသည် ထိုသတ္တဝါမျိုးကို ယခင်က မမြင်ဖူးသဖြင့် အံ့အားသင့်နေမိစဉ် ခရိတ်ကရှင်းပြလေသည်။

"အဲဒါယုန်သတ္တဝါတစ်မျိုးပဲကွဲ့။ ဒီ ဇင်ဘာဘွေနိုင်ငံမှာ ရှိတယ်။ နွေဦးရာသီယုန်(စပရင်းဟဲ)လို့ခေါ်တယ်။ ဒီကောင်တွေက မြေကြီးထဲတွင်းတူးယက်ပြီး အိမ်လုပ်နေတယ်။ အခု ရှေ့မှာ ဒီကောင်တွေ မရေမတွက်နိုင်လောက်အောင် အများကြီးရှိနေပြီး ငါတို့သွားမယ့်လမ်းကို ပိတ်နေတယ်"

"ဟုတ်လား သူတို့ပြေးလွှားပုံက သြစတြေးလျနိုင်ငံက သားပိုက်ကောင်လို နောက်ခြေထောက်ကိုပဲ အသုံးပြုပြီး ခုန်သွားကြတယ်နော်"

ဆယ်လီက ကားဇ၏ ပြတင်းပေါက်မှ ခေါင်းပြူပြောလိုက်သည်။ သူတို့ဇ၏ကားကို ရပ်လိုက်မိခြင်းသည် အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။ ဤယုန်အမျိုးအစားသည် ညဘက်တွင်သာ ကျက်စားလေ့ရှိသောသတ္တဝါများဖြစ်ပြီး မနက်တွင်လုံးဝမထွက်ဘဲ တွင်းအောင်းနေတတ်သည်။

ယခု မိမိတို့ကားရှေ့တွင် သတ္တဝါအချို့ မြင်လိုက်ရ၍သာ ခရိတ်က သတိရှိစွာဖြင့် ကားကိုရပ်လိုက်ခြင်းဖြစ်သည်။ ယုန်များ ခိုအောင်းရာတွင်းတွေ့ရှိသောမြေသည် အလွန်ပွလျက် လူတစ်ယောက် မြင်းစီးသွားလျှင်ပင် ပြိုကျကာ ကျွံဝင်သွားမည်ဖြစ်ရာ လင်းရိုဇာကား၏ အလေးချိန်ကို မည်သို့မှ ခံနိုင်မည်မဟုတ်ချေ။ ယခုအလွန်ကံကောင်း၍သာအချိန်မီ ရပ်တန့်နိုင်လိုက်မိကြခြင်း ဖြစ်လေသည်။ နောက်မှ စစ်ကားကြီးသည် အလှမ်းမဝေးတော့ဘဲ စက်သေနတ်ဖြင့် အဆက်မပြတ် ပစ်ခတ်လျက်ပင်ရှိရာ ကျည်ဆန်အချို့သည် ခရိတ်၏ ဝဲယာနှစ်ဖက်ဘေးမှ ပွတ်ခါသီခါ ဖြတ်သန်းသွားလျက်ရှိလေသည်။
"ဟော့...ဆယ်လီ ကားကို လက်ဝဲဘက်ချိုးပြီး ဆားတွင်းမြေချိုင့်ကြီးဘက်ကိုပဲ ပြန်မောင်းပါ"

ခရိတ်က အော်ပြောလိုက်သဖြင့် ဆယ်လီလည်း လင်းရိုဇာကားကို လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။
နောက်မှလိုက်လာသော စစ်ကားမှစက်သေနတ်သံကမစဲဘဲ ဆက်လက်ပေါ်ထွက်နေပြီး လင်းရိုဇာကား၏ အင်ဂျင်စက်သံ ဆူညံနေသည့်ကြားမှပင် ကက်ပတိန် နီဘောဘီ၏ နာကျင်စွာ ညည်းညူသံကို ကြားနေရလေသည်။ ဆယ်လီသည် ကားမောင်းနေရာမှ အရှိန်ကို လျော့လိုက်ပြန်သည်။

"ဆက်သွားလို့မဖြစ်ဘူးရှင့်။ ယုန်တွင်းတွေက နေရာတကာမှာ ရှိနေတယ်"

"ဆက်သာ မောင်းပါကွာ"

ခရိတ်က ဇွတ်ပင်ဆက်မောင်းခိုင်းသည်။ နောက်မှ လိုက်လာသော စစ်ကားသည် သူတို့၏ လင်းရိုဗာကား ဆက်မမောင်းနိုင်အောင် လမ်းမှဖြတ်၍ ပိတ်ဆို့တားဆီးရန် ကွေ့မောင်းလာပြီဖြစ်သည်။ ကားချင်းလည်း တဖြည်းဖြည်း နီးသည်ထက် နီးလာသည်။

ကံအားလျော်စွာ ဆားချက်သည့် မြေချိုင့်ကြီးအနီးသို့အရောက်တွင် ယုန်တွင်းများ မရှိတော့ကြောင်း တွေ့ရသဖြင့် ခရိတ်သည် ဝမ်းမြောက်အားတက်သွားမိလေသည်။ထို့ပြင် မြေနိမ့်ရာကို ဖြတ်ကူးသည့် တံတားကျဉ်းတစ်ခုလည်းရှိနေရာ ခရိတ်က ကားခေါင်မိုးပေါ်မှနေ၍ ဆယ်လီအား ထိုတံတားငယ် ဆီသို့ လမ်းညွှန်ပြ၍ မောင်းခိုင်းလေသည်။

ထို့ကြောင့် မကြာမီ သူတို့၏ကားသည် တံတားကို ဖြတ်ကျော်လျက် မြေမာရှိရာသို့ ချောမောစွာ ရောက်သွားလေသည်။ ဆယ်လီသည်လည်း ဝမ်းသာအားရနှင့် လင်းရိုဗာကားကို အမြန်ဆုံးမောင်းရန် ကြိုးစားလေသည်။ သို့သော် ခရိတ်က ဟန့်တားလျက်-

"ဟေ့...အဲဒီဘက်ကို မမောင်းနဲ့ကွ၊ ညာဘက်ကို ချိုးကွေ့လိုက်"ဟု ဟစ်အော်အမိန့်ပေးပြန်သည်။ တတိယတပ်မဟာမှ စစ်ကားကြီးသည် လင်းရိုဗာကားနောက်သို့အမီလိုက်ရန်အတွက် စက်သေနတ် ဆက်တိုက်ပစ်ခတ်ရင်း တရကြမ်းမောင်းလာလေသည်။ ခရိတ်ကလည်း သူ၏အေကေ၄၇ မောင်းပြန် သေနတ်ဖြင့် ပြန်လည်ပစ်ခတ်လေသည်။ ခဏမျှအကြာတွင် စစ်ကားကြီးသည် ယုန်တွင်းများရှိရာ မြေပျော့နေရာသို့ နင်းမိပြီး ဆင်ကြီးတစ်ကောင် ထောင်ချောက်တွင်းကြီးထဲ လိမ့်ကျဘိသကဲ့သို့ မြေကြီးထဲ နစ်ကျံကျသွားလေတော့သည်။ ကားပေါ်မှ လက်နက်ကိုင်စစ်သည်များ လွှင့်စဉ်ကျကုန်ပြီး ကားကြီးသည် မြေကြီးထဲတစ်ဝက်နစ်မြုပ်ကာ ဘေးစောင်းလဲကျနေလေသည်။ ယုန်တွင်းများကြောင့် မခိုင်တော့သော မြေပျော့ကိုနင်းမိသဖြင့် ကားကြီးကျံကျသွားခြင်းပင်ဖြစ်သည်။ ကားပေါ်မှ လွှင့်ကျကုန်သောစစ်သားများသည် ကပျာကယာ ဖုတ်ဖတ်ခါလျက် ပြန်ထနေကြလေသည်။ ခရိတ်သည် ထိုရှုခင်းကို ကြည့်ပြီး ကျေနပ်အားရမိလေသည်။

"ဟုတ်ပြီကွ၊ သူတို့ဆက်လိုက်နိုင်တော့မှာမဟုတ်ဘူး။ ကားကြီးကိုမြေမာပေါ်ပြန်ဆွဲတင်ဖို့ ဘူးလဲဒိဇာယွန္တရားစက်ကြီးနဲ့မှ ဖြစ်တော့မယ်"

"ဒီမယ်ရှင့် ကက်ပတိန်နီဘဘီ အခြေအနေ တော်တော်ဆိုးနေပြီ။ ရှင် ဘယ်လိုမှ မကူညီနိုင်ဘူးလား"
ဆယ်လီက ကားမောင်းနေရာမှ လှမ်းပြောလိုက်သဖြင့် ခရိတ်ကားကို ခေတ္တရပ်ခိုင်းပြီး ခေါင်မိုးပေါ်မှ

ခုန်ဆင်းကာ ကားတွင်းသို့ ဝင်လိုက်သည်။ ဆယ်လီလည်း ကားကိုဆက်မောင်းသွားလေသည်။ ကက်ပတိန်နီဘေဘီသည် ဒဏ်ရာပြင်းစွာရလျက် ကားပေါ်တွင် ပြတင်းသံပေါင်ကိုမှီကာလဲ လျောင်းနေသည်။ အမြဲတပ်ဆင်ထားသောသူ၏မျက်မှန်လည်းမရှိတော့။ တစ်ကိုယ်လုံးသွေးများလိမ်းကျံထားသလိုနီရဲကာ အသက်ကိုကောင်းစွာမရှူနိုင်သလို ဖြစ်နေရှာလေသည်။

ခရိတ်သည် နီဘေဘီကိုကြည့်ပြီး တုန်လှုပ်ချောက်ချားသွားမိသည်။ စက်သေနတ်ကျည်ဆန်သည် လင်းရိုဗာကား၏ သံဘော်ဒီသံပြားကို ဖောက်ထွင်းလျက် ကက်ပတိန် နီဘေဘီ၏ နောက်ကျောကို ထိမှန်သွားပုံ ရပေသည်။ ခရိတ်က သေချာစွာ ကြည့်လိုက်သောအခါ ခန္ဓာကိုယ်မှ ကျည်ဆန်ဖောက်ထွက်သွားသည့် အရိပ်လက္ခဏာမတွေ့ရသဖြင့် ကျည်ဆန်သည် ကိုယ်တွင်းမှာပင် ရှိနေသေးသည်ဟု ကောက်ချက် ချမိလေသည်။

လင်းရိုဗာကား၏ရှေ့ခန်းတွင် အရေးပေါ်အသုံးပြုရန် ရှေးဦးသူနာပြုနည်းဖြင့် ပြုစုရန်အတွက် ဆေးသေတ္တာတစ်လုံးပါလာရာ ခရိတ်သည်ဆေးသေတ္တာတွင်းမှ ဂွမ်း၊ ပတ်တီးစသော ပစ္စည်းများထုတ်ယူ၍ နီဘေဘီ၏ ကျောမှဒဏ်ရာကို ဆေးကြောကာ ပတ်တီးစည်းပေးလိုက်သည်။

"အခြေအနေ ဘယ်လိုရှိသလဲရှင့်"

ဆယ်လီကလှမ်းမေးရာ ခရိတ်သည်ကက်ပတိန်နီဘေဘီ မကြားအောင် ဆယ်လီဘက်သို့လှည့်၍ ခေါင်းခါပြလိုက်သည်။ အခြေအနေမှန်ကို ပါးစပ်က ဖွင့်မပြောဘဲ ခေါင်းခါပြ၍ အသိပေးလိုက်ခြင်းပင် ဖြစ်သည်။
သေနတ်ဒဏ်ရာ၏ အခြေအနေအရ ကက်ပတိန် နီဘေဘီသည် မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်း ထင်ရှားနေပေသည်။ ဤဒဏ်ရာမျိုးရရှိပြီးလျှင် မည်သို့မျှ အသက်ရှင်နိုင်မည်မဟုတ်ချေ။ နာရီပိုင်းအတွင်း သေဆုံးသွားရန် သေချာနေပြီဖြစ်သည်။

"ကျွန်တော် ကျွန်တော် အသက်ရှူလို့ ကောင်းကောင်း မရဘူး"

ကက်ပတိန် နီဘေဘီက ခပ်တိုးတိုး ညည်းလိုက်ရာ ခရိတ်သည် စိတ်မကောင်းဖြစ်သွားမိသည်။ သူသည် ကက်ပတိန် နီဘေဘီ သတိမေ့မြောနေပါစေဟု မျှော်လင့်မိရာ ယခုတော့ သတိရနေလျက် ပြင်းစွာ ဝေဒနာခံစားနေရရှာသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

ကက်ပတိန်နီဘေဘီသည် အသက်ရှူနိုင်ရန် ခရိတ်က ဦးခေါင်းကိုထူပေးထားလိုက်သည်။

"ကျွန်တော့် မျက်မှန်ကော၊ မျက်မှန်မရှိလို့ ကောင်းကောင်း မမြင်ရဘူး"

ကက်ပတိန်နီဘေဘီက ပြောပြန်သဖြင့် ခရိတ်လည်းကြမ်းပြင်တွင် လိုက်ရှာကြည့်ရာ ကား၏ကြမ်းပြင်တစ်နေရာတွင် မျက်မှန်ကိုမကွဲမရှဘဲ ပြန်တွေ့ရသဖြင့် ကောက်ယူလိုက်သည်။

ထို့နောက် မျက်မှန်ကို ကက်ပတိန် နီဘေဘီ၏ မျက်နှာတွင် တပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာခရိတ်ခင်ဗျား"

ကက်ပတိန်နီဘေဘီကပြောလိုက်ချိန်တွင် သူ၏မျက်နှာကပြုံးနေသဖြင့်အံ့သြဖွယ်ရာပင်ဖြစ်နေသည်။

"ကျွန်တော်တော့ ခင်ဗျားတို့နဲ့အတူ နယ်စပ်ကို ဖြတ်ကူးနိုင်တော့မှာ မဟုတ်တော့ပါဘူး"

သူ့ကိုယ်သူ အခြေအနေမှန်သိဟန်ဖြင့် ပြောလိုက်ခြင်းဖြစ်၍ ခရိတ်သည် စိတ်မကောင်းဖြစ်သွားပြန်ကာ နီဘေဘီ၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက်နှစ်သိမ့်အားပေးလိုက်သည်။

"နောက်က လိုက်လာတဲ့ စစ်သူကြီးကကော"

"ကျုပ်တို့ ပစ်လိုက်လို့ ကားကြီး ရပ်သွားပြီ"

"ဒါဖြင့် ခင်ဗျားတို့အတွက် ဟန်ကျတာပဲ"

ဤသို့ ကက်ပတိန်နီဘေဘီက ပြောလိုက်ချိန်တွင် ကားတစ်စီးလုံးတွင် ရော်ဘာမီးလောင်သည့် အနံ့ကဲ့သို့စူးရှသောအနံ့များ ဖြစ်ပေါ်နေလေသည်။

"ကား မီးလောင်နေပြီရှင့်"

ဆယ်လီက ပြောလိုက်သဖြင့် ခရိတ်လည်း သေချာစွာကြည့်လိုက်ရာ ကား၏ရှေ့ပိုင်းတွင် မီးတောက်များတွေ့ရလေသည်။ ပျက်စီးချို့ယွင်းနေသော ကား၏ဘယ်ရင်မှာ သံများနီရဲအောင်ပူလာရာမှ မီးတောက်ကာ ရှေ့ဘီးတာယာကို မီးစွဲလောင်ခြင်းဖြစ်လေသည်။ အင်ဂျင်စက်ရှေ့ပိုင်းတစ်ခုလုံး မီးစွဲလောင်နေပြီ ဖြစ်သည်။ မော်တော်ကားလည်း ရပ်သွားသည်။

သို့သော် အင်ဂျင်စက်ကနိုးနေသေးသဖြင့် ခရိတ်ကဆယ်လီအား စက်ရပ်ခိုင်းလိုက်ပြီးနောက် ကားတံခါးကို လျင်မြန်စွာဖွင့်လိုက်သည်။ သူသည် ကား၏နောက်ပိုင်းတွင်ပါလာသော မီးသတ်ဘူးကိုယူ၍ ပြေးဆင်းကာ မော်တော်ကား ရှေ့ပိုင်းမှ မီးတောက်မီးလျှံများကို မီးသတ်ဘူးဖြင့် ပက်ဖျန်းလျက်

ငြိမ်းသတ်ရန် ကြိုးစားလေသည်။ တစ်ဖန် အင်ဂျင်စက်ဖုံးကို ဖွင့်လိုက်ရာ ချစ်ချစ်တောက်ပူနေသော သံပြားကိုကိုင်မိ၍ လက်များပြင်းစွာ ပူလောင်သွားလေသည်။

ခရိတ်သည် ဂရုမစိုက်ဘဲ အင်ဂျင်စက်အတွင်းသို့ မီးသတ်ဘူးဖြင့်ပက်ဖျန်းပြီး မီးဆက်မလောင် အောင် ငြိမ်းသက်လေသည်။ ထို့နောက် သူသည် လင်းရိုဗာကား၏ အခြေအနေကို ကြည့်ပြီး- "တစ်ခုတော့ သေချာတယ်။ ဒီကားဟာ ရှေ့ဆက်မောင်းသွားဖို့ အခြေအနေ လုံးဝမရှိတော့ဘူး"ဟု ပြောလိုက်လေသည်။

အခန်း (၂၄)

လင်းရိုဗာကား စက်ရပ်သွားချိန်တွင် စက်သေနတ်ပစ်သံသည်လည်း ရပ်သွားလေရာ တိတ်ဆိတ် ငြိမ်သက်နေပုံက စိတ်ချောက်ချားဖွယ်ရာပင် ဖြစ်နေလေသည်။ မော်တော်ကား၏ သံထည်များ မီးလောင်ရာမှငြိမ်းသတ်လိုက်ခြင်းကြောင့် ချက်ခနဲချောက်ခနဲမြည်သောအသံကလည်း လင်ကွင်းကြီး နှစ်ချပ် တအားတီးခတ်သကဲ့သို့ ကျယ်လောင်လှသည်ဟု ထင်ရပေသည်။

ခရိတ်သည် ကား၏နောက်ပိုင်းသို့လျှောက်သွားပြီးရန်သူရှိရာဘက်သို့လှမ်းကြည့်လေသည်။ သို့သော် ဖုန်နှင့်မြူကြောင့် စစ်ကားကြီးကို မမြင်ရချေ။ တိတ်ဆိတ်ခြင်းက စိတ်ကို ချောက်ချားစေလျက်ပင် ရှိနေသည်။ ခရိတ်သည် ဦးနှောက်ထဲ ရှုပ်ထွေးနေပြီး ကောင်းမွန်ကြည်လင်စွာ စဉ်းစား၍မရနိုင်ဘဲ ဖြစ်နေရာမှ အာခေါင်ခြောက်သလို ဖြစ်လာသည်။ ရေသောက်ရန် သတိရသဖြင့် ကား၏ခုံအောက်တွင် ထားရှိသော သီးသန့်ရေတိုင်ကီကို ဖွင့်ကြည့်ရာ ရေ(၂၄)လီတာခန့် ရှိနေသေးကြောင်း တွေ့ရလေသည်။

ထို့ပြင် မြေတွင်းတူးရင်း ကျန်ရစ်ခဲ့သူ စစ်သားတစ်ဦးက ထားရစ်ခဲ့သော သတ္တုရေဘူးတစ်ဘူးလည်း ကား၏နောက်ပိုင်းတွင်ရှိနေသဖြင့် ခရိတ်သည် ထိုရေဘူးကိုယူပြီး ကက်ပတိန်နီဘေဘီအား ရေတိုက်လေသည်။ နီဘေဘီလည်း ကျေးဇူးတင်စွာဖြင့် ရေကို သောက်ရှာသည်။ ထို့နောက် ရေသောက်ရသည်ကိုပင်မောပန်းဟန်ဖြင့် နီဘေဘီသည် ပက်လက်လှန်လဲနေပြန်သည်။ ခရိတ်သည် ရေဘူးကို ဆယ်လီအား လှမ်းပေးလိုက်သည်။ ဆယ်လီရေသောက်ပြီးတော့မှ သူကိုယ်တိုင် ရေအနည်းငယ် သောက်လိုက်သည်။ ထိုအတောအတွင်း ကက်ပတိန် နီဘေဘီသည် အနည်းငယ် နေသာထိုင်သာ ရှိလာပုံရလေသည်။

"'ဒီလိုနေရာမျိုး၊ သဲကန္တာရလိုနေရာမျိုးမှာ အသက်ရှင်ရေးအတွက် လိုက်နာရမယ့်ပထမဆုံး ဥပဒေက တော့ မိမိစီးလာသော ယာဉ်ကမခွာဘဲ နေရန်ပင်ဖြစ်သည်"

ခရိတ်သည် ယင်းဥပဒေကိုသတိရမိသည်။ သို့ရာတွင် ယခုမိမိတို့၏ လက်ရှိအခြေအနေအရ အဆိုပါ ဥပဒေအတိုင်း လိုက်နာကျင့်သုံးရန်မသင့်ဟု တွေးမိပြန်သည်။ မိမိတို့၏ လင်းရိုဗာကားသည် အကာ အကွယ် သစ်ပင်ချုံနွယ် လုံးဝမရှိသော လွင်တီးခေါင်၌ ထင်ထင်ရှားရှားကြီး ဖြစ်နေသောကြောင့် နောက်မှလိုက်လာသည့် ရန်သူကအလွယ်တကူ မြင်သွားနိုင်ပေသည်။

တစ်ဖန် ကက်ပတိန်နီဘေဘီ၏အဆိုအရ မိမိတို့အား စစ်လေယာဉ်များက လိုက်ရှာဖွေနေသည်ဟု လည်း သိရလေရာ ယခုလိုနေရာမျိုးတွင် ကောင်းကင်မှလေယာဉ်သည် မိမိတို့လင်းရိုဗာကားကို မိုင် သုံးဆယ်အဝေးမှပင် ကောင်းစွာမြင်နိုင်ပေသည်။ ထိုမျှမကသေး ပလမ်းထရီး နယ်စပ်ဒေသမှလာနေ သည့် ဒုတိယမြောက်တပ်ဖွဲ့တစ်ဖွဲ့ကလည်း ရှိနေသေးသဖြင့် နောက်နာရီအနည်းငယ်အတွင်း ဤ ဒေသသို့ ရောက်လာဖွယ်ရာ ရှိပေသည်။

ခြုံ၍ သုံးသပ်ကြည့်သော် မိမိတို့သည် အလွန်အန္တရာယ်များလှသောနေရာသို့ ရောက်နေသည်ဟု ဆိုရပေမည်။ ထို့ကြောင့် သူတို့သည် ဤနေရာတွင် ဆက်နေ၍မဖြစ်။ အမြန်ဆုံး ထွက်သွားမှ ဖြစ်ပေ မည်။ ခရိတ်သည် လဲလျောင်းနေသူ ကက်ပတိန် နီဘေဘီအား ငုံ့ကြည့်ပြီး အကဲခတ်လိုက်ရာ မျက်လုံးချင်း ဆုံမိချိန်တွင် နှစ်ယောက်သား အချင်းချင်း နားလည်မှုရှိကြောင်း နှစ်ဦးစလုံးက သဘော ပေါက် ရိပ်မိကြလေသည်။

"မစ္စတာ ခရိတ် ကျွန်တော့်ကို ဒီမှာပဲ ထားပစ်ခဲ့ပြီးသာ သွားပါတော့"

ကက်ပတိန်နီဘေဘီက ခပ်တိုးတိုးပြောရှာသည်။ သို့သော် ခရိတ်ကဘာမှ ပြန်မပြောဘဲ ကားခေါင်မိုး ပေါ်သို့တက်လိုက်ပြီးမှ ပြန်ကြည့်လေသည်။ ကက်ပတိန်နီဘေဘီ၏ ပြောလိုက်ပုံကြောင့် သူသည် စိတ်ထိခိုက်သွားကာ မျက်လုံးချင်းဆိုင်မကြည့်ချင်သဖြင့် ဤသို့ပြုမူလိုက်မိခြင်း ဖြစ်လေသည်။

နောက်မှလိုက်သည့် ရန်သူရှိရာသို့ လှမ်းကြည့်လိုက်သောအခါ ခရိတ်သည်အထူးပင်အံ့အားသင့်ကာ စိုးရိမ်သွားမိလေသည်။ တတိယတပ်မဟာမှ စစ်သားများသည် သူတို့၏ ငါးတန်(ထရပ်)ကားကြီးကို စွန့်ပစ်ထားကာ ခြေကျင်လျှောက်၍ချီတက်လာသည်ကို မြင်လိုက်ရသောကြောင့်ပင်တည်း။ မိမိတို့ အား ကျားသစ်စစ်ဆင်ရေးအရ သဲသဲမဲမဲ တိုက်ခိုက်ချမှန်းပစ်ရန် ဖြစ်သည့်နည်းနှင့် လိုက်နေခြင်း ဖြစ်ကြောင်း ထင်ရှားနေလေပြီ။

ခရိတ်သည် ကားခေါင်မိုးပေါ်မှ ပြန်၍ဆင်းပြီး ကားတွင်းရှိ ကက်ပတိန်နီဘေဘီ၏ အဝေးကြည့်မှန်ပြောင်းကိုယူကာ နောက်မှ လိုက်လာသူများကို ပြန်ကြည့်ပြီး-

"နောက်က စစ်သားတွေ ခြေကျင်လိုက်လာကြပြီ"ဟု ပြောလိုက်သည်။

"လူ ဘယ်နယောက်လဲ ခင်ဗျ"

နီဘေဘီက ပြန်မေးသဖြင့် ခရိတ်သည် မှန်ပြောင်းဖြင့် သေချာစွာပြန်ကြည့်ရင်း-

"လောလောဆယ်တော့ ရှစ်ယောက်လာနေတာ မြင်ရတယ်။ သူတို့ရဲ့ ထရပ်ကားကြီး တိမ်းမှောက်သွားစဉ်က လူတချို့ ထိခိုက်သွားပုံရတယ်"ဟု ပြန်ပြောလိုက်သည်။

ထိုအချိန်၌ နေပူရှိန်အလွန်ပြင်းထန်လျက် ရှိနေပြီဖြစ်သည်။ နေဝင်ရန် အချိန်နှစ်နာရီခန့်သာလိုတော့သည်ဟုလည်း ခရိတ်ကခန့်မှန်းမိလေသည်။ ဤတွင် ကက်ပတိန်နီဘေဘီသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ပုံရလေသည်။
"မစ္စတာခရိတ်ခင်ဗျား၊ ကျွန်တော့်ကို နေရာကောင်းကောင်းတစ်ခုမှာ ပို့ပေးထားရင်ခင်ဗျားတို့ ပြေးတုန်း အချိန်ရအောင် ကျွန်တော်နောက်က စစ်သားတွေကိုခံပစ်ပေးပါမယ်။ ကျွန်တော်အခုလိုပြောတာကို လက်မခံဘဲ ပြန်မငြင်းပါနဲ့တော့။ အချိန်ဖြုန်းရာကျပါလိမ့်မယ်။ ကျွန်တော်က အကောင်းဆုံးနည်းလမ်းကို အကြံပေးရတာပါ"

နီဘေဘီ၏ စကားအဆုံးတွင် ခရိတ်သည် ဆယ်လီအားလှမ်း၍ အမိန့်ပေးလေသည်။

"ဆယ်လီမင်းက ရေဘူးကိုရေပြန်ဖြည့်ထည့်လိုက်ပါ။ ပြီးတော့ ကားပေါ်ကအရေးပေါ်ရာရှင်(စားစရာ)တွေထဲက ချော့ကလက်နဲ့ ပရိုတိန်းမာတ် ဆေးပြားတွေကို ထုတ်ယူလိုက်။ မြေပုံရယ်၊ ကွန်ပါရယ်၊ ဟောဒီ မှန်ပြောင်းကိုပါ ယူထားလိုက်ပါ"

ခရိတ်သည် ပတ်ဝန်းကျင်ကို သေချာစွာ လှည့်ပတ်အကဲခတ် ကြည့်ပြန်လေသည်။

ကက်ပတိန် နီဘေဘီအတွက် အကာအကွယ်ယူ ပစ်ခတ်ရန် အကောင်းဆုံးမှာ လင်းရိုဗာကားပင်ဖြစ်သည်ဟုစဉ်းစားမိလေသည်။ ထို့ကြောင့် ခရိတ်သည် ရှေးဦးစွာ လင်းရိုဗာကား၏ မာတ်ဆီတိုင်ကီမှ မာတ်ဆီများအားလုံးကို ထုတ်ပစ်လိုက်သည်။ အကယ်၍ ရန်သူကတရကြမ်း ပစ်ခတ်တိုက်ခိုက်ပါက မာတ်ဆီကိုကျည်ဆန် မတော်တဆထိမှန်ပြီး မီးစွဲလောင်ကာ ကက်ပတိန်နီဘေဘီပါ ကားနှင့်အတူ မီးလောင်ကျွမ်း သေဆုံးနိုင်ဖွယ်ရာ ရှိသဖြင့် ကြိုတင်ကာကွယ်သည့်သဘော မာတ်ဆီတွေ

ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် ကားဇာတ်နောက်ပိုင်းကို ယာယီကတုတ်တစ်ခုသဖွယ်ဖြစ်အောင် စပယ်ယာ(အပို)ဘီးများနှင့် ကားပြင်ကိရိယာတန်ဆာပလာထည့်သော သံမဏိသေတ္တာကြီးကိုပါ စီ၍နေရာချထားလိုက် သည်။

ထို့နောက်သူသည် ကက်ပတိန်နီဘောဘီအား ကားပေါ်မှကူညီတွဲချကာ လင်းရိုဗာကားဇာတ်နောက်ဘီးများနေရာတွင် ချထားပေးလိုက်သည်။ ကားကူရှင်တစ်ခုကိုလည်း ချထားပေးသည်။ ကက်ပတိန်နီဘောဘီအား မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက် ပေးထားသည့်ပြင် ကျည်ဆန်အပိုငါးရာခန့်ကိုပါ အလွယ်တကူဆွဲယူနိုင်ရန် အနီးတွင်ချထားပေးလိုက်သည်။ ကက်ပတိန်နီဘောဘီသည် ခရိတ်၏ပြင်ဆင်မှုကိုကြည့်ပြီး ကျေနပ်သဘောကျပုံရလေသည်။

"ဒါလောက်ဆိုရင် ကျွန်တော်က ညမှောင်တဲ့အချိန်ထိအောင် ရန်သူကိုပစ်ခတ်ပြီး ဟန့်တားနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် လက်ပစ်ဗုံးတစ်လုံးတော့ ချန်ထားပေးခဲ့စေချင်ပါတယ်"

ဘာကြောင့် ဤသို့ပြောလိုက်သည်ကိုလည်းကောင်း၊ လက်ပစ်ဗုံးကို မည်သို့အသုံးချရန် ရည်ရွယ်သည်ကိုလည်းကောင်း ခရိတ်နှင့်ဆယ်လီ နှစ်ဦးစလုံးကချက်ချင်းရိပ်မိကြလေသည်။ ကက်ပတိန်နီဘောဘီအနေဖြင့် ရန်သူ၏လက်ရဖမ်းဆီးခြင်းကို လုံးဝမခံချင်လိုသဖြင့် နောက်ဆုံးရန်သူပိုင်းလာပြီး မတတ်သာသည့်အချိန်တွင် လက်ပစ်ဗုံးခွဲ၍ သူ၏ဘဝကို ဇာတ်သိမ်းသွားရန်ရည်ရွယ်ကြောင်း ထင်ရှားလှပေသည်။
ခရိတ်သည် ကက်ပတိန် နီဘောဘီဆန္ဒအတိုင်း လက်ပစ်ဗုံးတစ်လုံးကို ပေးထားခဲ့ပြီးနောက် ကျန်ငါးလုံးကို ကျောပိုးအိတ်တစ်ခုတွင် ထည့်လိုက်သည်။ ဗြိတိသျှလေကြောင်းကုမ္ပဏီမှ ခရီးသည်များအား လက်ဆောင်ပေးသော လက်ဆွဲအိတ်တွင်ကား သူ၏ခရီးသွားစာရွက်စာတမ်းများနှင့် ရေးလက်စသူ၏စာအုပ်သစ်အတွက် စာမူများကို ထည့်ထားသည်။

ကားပြင်ကိရိယာထည့်သည့် သံသေတ္တာထဲမှ ဝိုင်ယာကြိုးအနည်းငယ်နှင့် သံဆူးကြိုးဖြတ်သည့် ပလာယာကိရိယာကို ထုတ်ယူ၊ ကျည်ဆန်သေတ္တာအတွင်းမှ အေကေ ၄၇ရိုင်ဖယ်သေနက်အတွက် ကျည်ဆန်ကတ် အပိုခြောက်ခုကိုလည်း ထုတ်ယူလိုက်သည်။ တဖန် ရှေးဦးပြုနာပြု ဆေးသေတ္တာအတွင်းမှ ပစ္စည်းများအနက် နာကျင်ကိုက်ခဲပျောက် ဆေးပြားများနှင့် ဝေဒနာပြင်းထန်လျှင်ထိုးရန်အတွက်၊ မော်ဖင်းထိုးဆေး၊ ဆေးထိုးအပ်များကို ကက်ပတိန်နီဘောဘီအတွက် အသင့်ချထားပေးလိုက်သည်။

ကျန်ဆေးပစ္စည်းများကိုတော့ သူ၏ကျာပိုးအိတ်အပေါ်ဘက်နားတွင်ထည့်ထားလိုက်သည်။ အားလုံးပြီးစီးသောအခါ ခရိတ်သည်လင်ရိုးဗာကားအတွင်းသို့ တစ်ခေါက်ပြန်ကြည့်လေသည်။ မိမိတို့ကားကို စွန့်ခွာ၍ ထွက်သွားလျှင် လိုအပ်သည့်ပစ္စည်းများယူရန်မေ့ကျန်သေးသလားဟု ကြည့်ခြင်း ဖြစ်သည်။ ကြည့်ရင်း ကား၏ကြမ်းပြင်တွင် ဂရောင်းရှိခေါ် စစ်တပ်သုံး တာလပတ်အခင်းတစ်ခု လိပ်လျက်သား တွေ့ရသဖြင့် ခရိတ်သည် ဂရောင်းရှိကို ယူလိုက်သည်။

ပစ္စည်းအတော်အများနေပြီဖြစ်၍ သူ့အနေဖြင့် နောက်ထပ် သယ်နိုင်တော့မည်မဟုတ်သဖြင့် အခြားဘာပစ္စည်းမှ မယူတော့ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဆယ်လီအား လှမ်းကြည့်လိုက်သည်။ သူမသည် ရေဘူးကိုကြိုးဖြင့် ပခုံးတွင်လွယ်ပြီး အခြားပခုံးတစ်ဖက်တွင် ကျာပိုးအိတ်တစ်ခုလွယ်ထားလေသည်။ သူမ၏ ဓာတ်ပုံများပါသော စာအုပ်ကိုလည်း ယင်းလွယ်အိတ်ထဲမှပင် ထည့်ပေးထားသည်။

ဆယ်လီ၏ မျက်နှာကတော့ ဖြူဖပ်ဖြူရော် ဖြစ်နေရှာသည်။ နဖူဥ်ဖူရောင်းနေသော ဒဏ်ရာကလည်း ပို၍ပင် ကြီးလာသည်ဟု ထင်ရသည်။

"ဘယ်နယ်လဲ ဆယ်လီ၊ နေသာထိုင်သာ ရှိရဲလား"

"ဟုတ်ကဲ့ အိုကေပါပဲ"

ဆယ်လီက ပြန်ပြောပြီနောက် ခရိတ်သည် ကတ်ပတိန် နီဘောဘီအနီးတွင် ဒူးထောက်၍ "ဂွတ်ဘိုင်၊ ကက်ပတိန်"ဟု နှုတ်ဆက်လိုက်ရာ နီဘောဘီကလည်း

"ဂွတ်ဘိုင်၊ မစ္စတာခရိတ်"ဟု ပြန်နှုတ်ဆက်ရှာသည်။

ခရိတ်သည် ကက်ပတိန်နီဘောဘီ၏ လက်တစ်ဖက်ကိုဆုပ်ကိုင်ရင်း မျက်နှာကိုကြည့်လိုက်ရာ စိုးရွံ့တုန်လှုပ်သည့်အမူအရာအလျှင်းမရှိကြောင်းတွေ့ရလေသည်။ အာဖရိကတိုင်းရင်းသားတို့၏ သေခြင်းတရားကို မကြောက်မရွံ့ရင်ဆိုင်ဝံ့သော သတ္တိနှင့်စိတ်ဓာတ်ကိုလည်းအံ့သြချီးကျူးမိလေသည်။ ခရိတ်အနေဖြင့် အလားတူသေခြင်းတရားကို မတုတ်မလှုပ်ရဲ့ဝံစွာ ရင်ဆိုင်သွားသူအာဖရိက တိုင်းရင်းသားများကို ယခင်ကလည်း မကြာခဏ တွေ့ခဲ့ရဖူးပြီးဖြစ်သည်။

"ခင်ဗျား ကူညီခဲ့တာတွေ အားလုံးအတွက် ကျေးဇူးအထူးပဲ တင်ပါတယ်။"

ခရိတ်သည် ကက်ပတိန် နီဘောဘီအား ပြောလိုက်ရာ နီဘောဘီသည် ညင်သာစွာဖြင့်

"ဟန်ဘာဂါရှလေ"ဟု တိုင်းရင်းသား ဘာသာဖြင့် ပြောလိုက်ပြီးမှ-

ငြိမ်းချမ်းသာယာစွာ သွားပေတော့ မစ္စတာခရိတ်"ဟု အင်္ဂလိပ်ဘာသာဖြင့်ဆက်ပြောလေသည်။

"ရှာလာ ကာရှာလေ"

ခရိတ်ကလည်း တိုင်းရင်းသားဘာသာစကားဖြင့်အာဖရိတိုက်သားတို့၏ယဉ်ကျေးမှုထုံးစံအရ ပြန်ပြော လိုက်ပြီးနောက် မတ်တတ်ထလိုက်သည်။ ဆယ်လီသည်လည်း ကက်ပတိန်နီဘောဘီ၏ ဘေးနားတွင် ဒူးထောက်လျက် နူတ်ဆက်လေသည်။

"ရှင်ဟာ အလွန်စိတ်သဘောထားကောင်းသူ တစ်ယောက်ဖြစ်တယ်။ ရဲစွမ်းသတ္တိရှိသူလည်း ဖြစ်ပါ တယ်။"
ဆယ်လီ၏ စကားအဆုံးတွင် ကက်ပတိန်နီဘောဘီသည် သူ၏ခါးပတ်တွင် အိတ်ဖြင့်ချိတ်ဆွဲထား သော ပစ္စတိုသေနတ်ကို ထုတ်ယူလိုက်သည်။ သေနက်က တရုတ်ပြည်လုပ် တိုတာရက်ဗ် ၅၁အမျိုး အစား မောင်းပြန်ပစ္စတိုတစ်လက် ဖြစ်လေသည်။

ပါးစပ်ကဘာမှမပြောဘဲ ကက်ပတိန်နီဘောဘီသည် ပစ္စတိုသေနတ်ကိုပြောင်းဝသူ့ဘက်ကိုလှည့်ကိုင် ၍ ဆယ်လီအား လှမ်းပေးလေသည်။ ဆယ်လီလည်း အံ့အားသင့်လျက် ခေတ္တကြည့်နေပြီးနောက် သေနတ်ကို လှမ်းယူလိုက်သည်။

"ကျေးဇူးပါပဲ ကက်ပတိန်ရှင့်"

အမှန်အားဖြင့် ပစ္စတိုသေနတ်ကို ကက်ပတိန် နီဘောဘီသည် အလွန်မြတ်နိုးလေသည်။

ထို့ပြင် ရန်သူလက်တွင်းသို့ ကျရောက်အံ့ဆဲဆဲ အကျပ်အတည်းတွေ့နေချိန်တွင် သူ့ကိုယ်သူ အဆုံးစီရင်ရန်အတွက် အလွယ်ကူဆုံး လက်နက်လည်းဖြစ်သည်။ သို့စဉ်လျက် ကက်ပတိန်နီဘောဘီ သည် ဆယ်လီအား စေတနာကြီးစွာထားလျက် ပစ္စတိုသေနတ် ပေးလိုက်ခြင်းဖြစ်သည်။

"ကျေးဇူး အထူးတင်ပါတယ်ရှင်"

ဤသို့ ကက်ပြောပြီးမှ သူမသည် လှည့်ထွက်ခဲ့လေသည်။ ခရိတ်က ရှေ့ဆောင်လျက် သူမအားခေါ် ကာ လျှောက်ထွက်သွားကြလေသည်။ သွားရာတွင်လည်း ချီတက်ချဉ်းကပ်လာသော တတိယ တပ်မဟာမှစစ်သားများနှင့် မိမိတို့အကြား လင်းရိုဗာကား ကာကွယ်နေအောင် သတိထား၍ လျှောက်

သွားကြလေသည်။
အကယ်၍ မိမိတို့နှစ်ယောက်က မော်တော်ကားမှ ထွက်ခွာသွားကြောင်း စစ်သားများက သံသယ ဖြစ်လာခဲ့လျှင် မိမိတို့နောက်လိုက်ပြီး ကျန်လူများက လင့်ရိုဇာကားကို ဝိုင်းတိုက်ကြရမည်ဖြစ်သည်။ ဤနည်းအားဖြင့် ရန်သူအင်အား လျော့နည်းသွားနိုင်သောကြောင့် ခရိတ်က နည်းပရိယာယ်ဆင်ကာ လင်းရိုဇာကားကို အကာအကွယ်ယူ၍ လျှောက်ထွက်လာခဲ့ခြင်းဖြစ်သည်။

သုံးဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ပယမဆုံးအကြိမ် စက်သေနတ်ပစ်သံများကြားရသဖြင့် ခရိတ်သည် လျှောက်လာရာမှရပ်တန့်ပြီး နောက်သို့ပြန်လှည့်ကြည့်လေသည်။ ခရိတ်အတော်ပင် အလှမ်းဝေးနေပြီးဖြစ်၍ လင်းရိုဇာကား၏သက္ကာန်ကိုရေးရေးမျှသာမြင်ရလေသည်။ အချိန်က ညနေစောင်းနေပြီဖြစ်၍ အလင်းရောင်က နည်းလာပြီဖြစ်သည်။ စက်သေနက်သံ ကြားရပြီးနောက် မရှေးမနှောင်းမှာပင် ပြန်လည်ပစ်ခတ်သံကြားရလေသည်။ ကက်ပတိန် နီဘောဘီက သူ၏မောင်းပြန်သေနတ်ဖြင့် ပြန်လည်ပစ်ခတ်နေကြောင်း ထင်ရှားနေပေပြီ။ ထို့နောက်တစ်ဖတ်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်သံများ ဆက်တိုက် ကြားရလေသည်။

"သူက တကယ့်စစ်သားကောင်း ပီသတယ်ကွဲ့။ သူပြန်ပစ်လိုက်တဲ့အခါ ရန်သူဘက်က ထိမှန်ဖို့ သေချာအောင် ချိန်ပြီးမှပစ်တာဖြစ်လိမ့်မယ်။ အခုဆိုရင် ရန်သူစစ်သားရှစ်ယောက်တောင် ကျန်မှာ မဟုတ်ဘူး။ ဒါတော့ သေချာတယ်။

ခရိတ်က မိမိတို့အား အသက်ပေး၍ ကူညီခဲ့သော ကက်ပတိန်နီဘောဘီအကြောင်း ချီးကျူးပြောလိုက်ရာ ဆယ်လီမှာလည်း စိတ်ထိခိုက်ဟန်ဖြင့် မျက်ရည်များ ကျနေရှာလေသည်။

"သေရတာက ဒါလောက် မဟုတ်ပါဘူး ဆယ်လီရယ်။ သေရပုံ သေရနည်းကသာ ပြောစရာရှိတယ်"

"ခရိတ်ကဆက်ပြောလိုက်လျှင် ဆယ်လီသည်ရုတ်တရက် ဒေါသထွက်လာဟန်မျိုးဖြစ်လာလေသည်။
"တော်စမ်းပါရှင်။ ရှင်က အမေရိကန် စာရေးဆရာကြီး ဟင်းမင်းဝေးရဲ့အတွေးအခေါ်တွေကို လာပြောနေပြန်ပြီ။ ဒါမျိုးတွေ မကြားချင်ဘူးရှင့်။ ရှင်ကတော့ ပြောအားရှိမှာပေါ့။ အခု သေရတာက ရှင်မှ မဟုတ်ဘဲ"
ဤသို့ပြောပြီးကာမှသူမသည်ချက်ချင်းသတိပြန်ရကာ စိတ်ကိုထိန်းချုပ်လျက်တောင်းပန်ရှာပြန်သည်။
"ဆောရီပဲဒါလင်ရယ်။ ကျွန်မရဲ့ ခေါင်းကဒဏ်ရာကသိပ်နာနေတော့ စိတ်တွေတစ်မျိုးဖြစ်နေတယ်။ ပြီးတော့ ကျွန်မနေနဲ့ ကက်ပတိန်နီဘောဘီကို သနားလွန်းလို့ပါ။

ခရိတ်က ရှေ့မှာလည်း ဆယ်လီက နောက်မှလိုက်လာရင်း တစ်နေရာသို့ ရောက်လျှင်-

"ခရိတ်ခရိတ်"ဟု လှမ်းအော်ခေါ်လိုက်သံ ကြားလိုက်ရသဖြင့် ခရိတ်လည်း လျှင်မြန်စွာ လှည့်ကြည့်လိုက်သည်။ ဆယ်လီလည်း ခြေလှမ်းနှစ်ဆယ်ခန့်အကွာတွင် ရပ်နေပြီး မျက်စီမျက်နှာ ပျက်နေရှာသည်ကို သတိပြုမိ လေသည်။ ခရိတ် ရပ်လိုက်သည်နှင့် ဆယ်လီသည် မြေပြင်တွင်ထိုင်ချ၍ ဦးခေါင်းကို ဒူးဆစ်ပေါ်သို့ ငိုက်စိုက် တင်ထားလေသည်။

"ခဏလေးစောင့်ပါဦးရှင့်၊ ကျွန်မရဲ့ ခေါင်းက သိပ်နာလာလို့ပါ။ တော်တော်လေးကြာရင် ကောင်းသွားပါလိမ့်မယ်။
ခရိတ်လည်း ဆေးသေတ္တာထဲမှယူလာသော အကိုက်အခဲပျောက်ဆေးပြားနှစ်ပြားထုတ်ယူ၍ ဆယ်လီအား ရေနှင့်သောက်ချစေလေသည်။ သူမ၏နဖူးမှဒဏ်ရာကအတော်ပင် အခြေအနေဆိုး လာပုံရသည်။ ခရိတ်က သူမ၏ပခုံးကို ယုယစွာဖက်ထားလိုက်သောအခါ ဆယ်လီသည်-

"အင်း..... ဒီလိုဆိုတော့ အားတတ်လာမိတယ်ရှင်"ဟု ဆိုကာ ခရိတ်၏ ရင်ခွင်တွင်မှီ၍ နေရှာလေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ အဝေးမှ တစ်စုံတစ်ခု ပေါက်ကွဲသံကို ကြားလိုက်ရသဖြင့် ဆယ်လီသည်လန့်သွားရှာလေသည်။

"အဲဒါ ဘာသံလဲရှင်"

"လက်ပစ်ဗုံး ခွဲတဲ့အသံပဲ"

ခရိတ်က ပြောရင်း လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက်-

"ကက်ပတိန် နီဘောဘီရဲ့ ဘဝတိုက်ပွဲပြီးဆုံးပြီ ဆိုပါတော့ကွာ။ သူဟာ ငါတို့ လွတ်အောင်ပြေးနိုင်ဖို့ အချိန်မိနစ်ငါးဆယ်လောက် ရန်သူကိုဟန့်တားပေးခဲ့ရှာတယ်။ အိုး.....အသင် နီဘောဘီ သင့်အား ထာဝရဘုရားသခင်စောင့်ရှောက်ပါစေ"ဟု အဝေးသို့ လှမ်းကြည့်ရင်း ရွတ်ဆိုလိုက်သည်။ ထိုသို့ ပြောလိုက်ပြီးနောက် နှစ်ယောက်သား ဆက်လျှောက်သွားကြလေသည်။

ခရိတ်သည် ဤသို့စဉ်းစားမိလေသည်။ ရန်သူစစ်သားများအနေဖြင့် လင့်ရိုဗာကားတွင် လူတစ်ယောက်တည်းသာ ခုခံပစ်ခတ်နေကြောင်း အလွယ်တကူပင်သိသွားမည်ဖြစ်သည်။ မိနစ်ပိုင်းအတွင်း သူတို့သည် မိမိနှင့်ဆယ်လီတို့၏ ခြေရာများကို မြင်ပြီးတောက်လျှောက် ခြေရာခံလိုက်လာမည်မှာ

လည်း သေချာပေသည်။ ကက်ပတိန် နီဘောဘီ၏လက်ချက်ဖြင့် ရန်သူစစ်သား ဘယ်နယောက် ကျဆုံးသွားလေသနည်း။ ခု စစ်သားအင်အား မည်မျှ ကျန်လေသနည်း။

ဤသို့လည်း တွေးမိရာမှ-

"ဒါတော့ မကြာခင် ငါတို့လက်တွေ့သိရတော့မှပါပဲ"ဟု သူ့ကိုယ်သူ ပြောမိလေသည်။ လဆန်း သုံးရက်မျှသာရှိသေးသဖြင့် ကောင်းကင်က အလင်းရောင်ဆို၍ ကြယ်တာရာများ၏ မှိတ်တုတ် မှိတ်တုတ် အလင်းရောင်သာရှိနေပေသည်။ နဂါးငွေ့တန်းဟုခေါ်တွင်သော ကြယ်တာ ရာအစုကြီးကို လည်း ကောင်းကင်တွင် ထင်ရှားစွာမြင်နေရသည်။ ညဉ့်ဦးယံအချိန်၌ ကောင်းကင်း၏ရှုခင်း မှာ လှပတင့်တယ် စိတ်ကြည်နူးဖွယ်ကောင်းနေလေသည်။

ခရိတ်သည် မိမိတို့လျှောက်လာသော မြေပြင်ကိုကြည့်ရာ ခြေရာများထင်နေပြီး ရန်သူစစ်သားများ လိုက်လာပါက ခြေရာများကို အလွယ်တကူ မြင်နိုင်လိမ့်မည်ဟု တွက်မိလေသည်။ ခြေရာများကို ဖျောက်ပစ်မှ ဖြစ်ပေမည်။ ခရိတ်သည်ဆယ်လီအား ခေတ္တရပ်နားခိုင်းပြီးနောက် အေကေ ၄၇ရိုင်ဖယ် သေနတ်မှလုံစွပ်ကိုဖြုတ်ယူ၍ လမ်းဘေးရှိချုံပုတ်မှ သစ်ခက်အနည်းငယ် ခုတ်ယူလိုက်သည်။ တစ်ဖန် တစ်ခက်ကိုဝိုင်ယာကြိုးဖြင့်တုပ်ချည်၍ သူ၏ခါးပတ်တွင် ချိတ်ဆွဲထားလိုက်သည်။

"ကဲ.....ဆယ်လီ မင်းရှေ့က လျှောက်ပါ။ ငါနောက်က လိုက်ခဲ့မယ်"

ခရိတ်က ဤသို့စီစဉ်ခြင်းမှာ သူတို့လျှောက်သွားသော ခြေရာကို နောက်မှဒယဉ်တိုက်ပါလာသည့် သစ်ခက်သစ်ကိုင်းများက ဖျောက်ဖျက်ပစ်စေရန်ပင်ဖြစ်လေသည်။ တစ်မိုင်ခန့် လျှောက်မိသောအခါ ခရိတ်သည် မောပန်းလာလေသည်။ သူ၏ခါး၌ ဝိုင်ယာကြိုးဖြင့် ချိတ်ဆွဲလာသော သစ်ကိုင်းသစ်ခက် များက တဖြည်းဖြည်းနှင့် ပို၍လေးလာသည်ဟု ထင်ရပေသည်။ သို့သော်ရပ်နေ၍ မဖြစ်သောကြောင့် ကြိုးစားအားတင်လျက် ဆက်လျှောက်သွားလေသည်။

ဆယ်လီခများလည်း မောဟိုက်လာပြီး ဖြစ်သည်။ နောက်တစ်နာရီအတွင်း သူမသည် ရေငတ်သည် ဟုဆိုကာ သုံးကြိမ်တိုင်တိုင် ရေတောင်းသောက်လေသည်။ သို့သော် ခရိတ်ကရေသောက်ခြင်းကို အားမပေးချေ။ ရေရှားပါးသောအရပ်၌ ခရီးသွားသည့်အခါ အထူးသတိပြုရသည်မှာ ရေငတ်၍ ရေသောက်ချင်စိတ်များ ဖြစ်ပေါ်လာလျှင် ချက်ချင်းရေမသောက်ရ။ သောက်လိုက်ပါက နောက်ပိုင်း တွင် ရေငတ်မပြေနိုင်ဘဲ သောက်လေသောက်လေ ငတ်မပြေဖြစ်တတ်ကြောင်း ခရိတ်က ပြောပြလေ သည်။ သို့ဖြစ်လင့်ကစား ဆယ်လီမှာ ဦးခေါင်းမှ ဒဏ်ရာကြောင့် လူမမာတစ်ယောက်ကဲ့သို့ ဖြစ်နေ၍

ခရိတ်သည် သူမအား တင်းကျပ်စွာ မတားမြစ်ဘဲ ရေအနည်းအငယ်တိုက်လိုက်သည်။ သူကိုယ်တိုင်ကမူ တတ်နိုင်သလောက် ရေမသောက်ဘဲ နေလေသည်။ ဆယ်လီ ရေသောက်ပြီးသည်နှင့် ခရိတ်က ရေဘူးကို ပြန်ယူလိုက်လေသည်။

နောက်တစ်နေ့လုံး ခရီးဆက်ရမည်ဖြစ်၍ ချစ်ချစ်တောက်တောက်ပူနေသော နေပူရှိန်ကို မချိမဆံ့ ခံစားရဦးမည်ဟူ၍လည်း ဆယ်လီအား သတိပေးပြောလိုက်သည်။ ဆက်လျှောက် သွားကြရင်း ညဉ့် သန်းခေါင်ယံနီးလာသောအခါ ခရိတ်သည် သူ၏ခါးမှသစ်ကိုင်းသစ်ခက် ချိတ်ဆွဲထားသော ဝိုင်ယာကြိုးကို ဖြုတ်ပစ်လိုက်သည်။ ယခုလောက်ဆိုလျှင် နောက်မှလိုက်လာသော ရှိုနာလူမျိုး စစ်သားများက ခြေရာခံလိုက်ရန် လွယ်ကူတော့မည် မဟုတ်ချေ။

ခရိတ်သည် ဆယ်လီ၏ကျောပိုးအိတ်ကိုယူ၍ သူ၏ပခုံးတွင်လွယ်လိုက်ရာ ဆယ်လီက-

"ကျွန်မဘာသာကျွန်မသယ်နိုင်ပါတယ်ရှင်"ဟု ကန့်ကွက်သေးသည်။ အမှန်တော့သူမသည် အရက်မူးသမားတစ်ယောက်လို ဒယိမ်းဒယိုင်လျှောက်နေရရှာသည်။

"ငါတို့ အခု ဆက်သွားမယ့်သာသွားနေတာ တကယ့်တော့ နယ်စပ်ကိုဖြတ်ကျော်မိတာ အတော်ကြာပြီလို့ ထင်မိတယ်"

ခရိတ်က သူမအား နှစ်သိမ့်သည့်အနေဖြင့် ပြောလိုက်သည်။

"ဟင်.....ဟုတ်လား၊ ဒီလိုဆိုရင် ကျွန်မတို့အဖို့ အန္တာရယ် လုံးဝမရှိတော့ဘူးလား"

ဆယ်လီက ပြန်မေးသောအခါ၌မူ ခရိတ်သည် လိမ်မပြောချင်သဖြင့် ဆိတ်ဆိတ်နေလိုက်သည်။ ညလေက အလွန်အေးလှသဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြပြီဖြစ်သည်။ နောက်တစ်မိုင်ခန့် သွားမိသောအခါ သူတို့သည် ဆားချက်တွင်းမြေချိုင့်ကြီး၏ တစ်ဖက်အစွန်းသို့ ရောက်သွားကြလေသည်။ မြေကြီးကလည်း ပျော့ခြင်း၊ ပွခြင်း၊ မရှိဘဲ မာနေလေသည်။

"ငါတို့ ဒီမှာပဲ နားကြမယ်"

ပြောပြောဆိုဆို ခရိတ်သည်မြေကြီးပေါ်တွင်ဂရောင်းရှိ(တာလပတ်)ကိုခင်း၍ ဆယ်လီအားလဲလျောင်းနားစေလေသည်။
"ကျွန်မ ရေနည်းနည်းလောက် သောက်ချင်တယ်"

ဆယ်လီက တောင်းပန်သလို ပြောသော်လည်း ခရိတ်က ခေါင်းခါပြလေသည်။

"ဒီလိုပဲ နေလိုက်ပါဦးကွ။ မနက်ကျမှပဲ ရေသောက်ပါတော့"

သူတို့၏ ရေဘူးမှာ အလွန်ပေါ့ပါးနေသဖြင့် ရေလက်ကျန် အလွန်းနည်းနေပြီဖြစ်ကြောင်း ထင်ရှားပေသည်။ အရေးထဲ လေအေးအဆက်မပြတ် တိုက်နေပြန်ရာ ခရိတ်သည် အနီးအနားရှိ ချုံနွယ်အနည်းငယ်ခုတ်၍ ခေါင်းရင်းတွင်ချထားလိုက်သည်။ ထို့နောက် ခရိတ်သည် ဆယ်လီ၏ ခြေဖဝါးများကို လက်ဖြင့် ညင်သာစွာ ဆုပ်နှိပ်ပေးလေသည်။

ဆယ်လီ၏ ခြေဖဝါးများမှာ အလွန်နာကျင်လျက်ရှိသဖြင့် ခရိတန်၏ လက်ဖြင့်ထိခြင်းကိုပင် မခံနိုင်ဘဲနာတယ်ဟု ညည်းညူလေသည်။ ခရိတ်က နှစ်သိမ့်အားပေးသည့်အနေဖြင့် သူမအား ယုယစွာ ပွေ့ပိုက်ထားလိုက်သောအခါ ဆယ်လီ သည်အားတက်သွားပုံ ရလေသည်။

"ရှင်ဟာ အလွန်ကြင်နာယုယတာပဲနော်။ ကျွန်မလေ ရှင့်ကို သိပ်ချစ်တာပဲသိလား"

"အေးပါ၊ ကဲ.....အိပ်ပျော်အောင် အိပ်လိုက်ပါဦး။ စကားတွေပြောမနေပါနဲ့"

"ဒီမယ်ခရိတ်၊ ကျွန်မတော့ကင်းလင်းမွေးမြူးရေးခြံကြီးအကြောင်းကြားရတာစိတ်မကောင်းလိုက်တာ" ခရိတ်ကဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်တော့ ဆယ်လီသည်မျက်စိမှိတ်ပြီး အိပ်လေတော့သည်။ ခရိတ်ကတော့လုံးဝမအိပ်ဘဲ အေကေ၄၇ရိုင်ဖယ်သေနတ်ကိုကိုင်ကာ ကင်းစောင့်နေလေသည်။

အခန်း(၂၅)

ဆယ်လီအိပ်နေခိုက်ခရိတ်သည်ကင်းစောင့်ရင်း ဆယ်လီပြောလိုက်သောစကားအကြောင်းကိုစဉ်းစားနေမိလေသည်။ အထူးသဖြင့် မိမိတို့ဘိုးဘွားလက်ထက်မှစ၍ မိသားစုပိုင်ဖြစ်သော ကင်းလင်းမွေးမြူရေးခြံကြီး အကြောင်း သတိရနေမိသည်။

တစ်ချိန်က ယင်းခြံကြီးတွင် မွေးမြူထားခဲ့သည့် ထောင်ပေါင်းများစွာသော မျိုးကောင်း နွားအုပ်ကြီးကိုလည်းကောင်း၊ ခြံလုပ်ငန်းတွင်လာရောက် အလုပ်လုပ်ကြသူဒေသခံ တိုင်းရင်းသားလူမည်း (မာတာဘယ်လီ)လူမျိုး ယောကျ်ားမိန်းမများနှင့် သူတို့၏မိသားစုများ နေထိုင်ကြပုံကိုလည်းကောင်း၊ ထိုတိုင်းရင်းသား မိသားစုများမိမိတို့၏ ဘဝကို ကြိုးစားဖန်တီးသကဲ့သို့ မိမိ(ခရိတ်)ကိုယ်တိုင်လည်း ဤအမျိုးသမီး ဆယ်လီနှင့်အတူ မိမိတို့၏ဘဝကို မည်သို့မည်ပုံ ဖန်တီး တည်ဆောက်ကြမည်ဟု စိတ်

ကူးယဉ်ခဲ့မိပုံကိုလည်းကောင်း ပြန်ပြောင်းတွေးနေမိသည်။ သူ၏ နလုံးသားထဲမှ ချစ်ခင်မြတ်နိုးမိ ချိန်မှစ၍ သူသည် ဆယ်လီအား(တိုင်းရင်းသား လူမည်းများနည်းတူ)ငါပိုင်ဆိုင်သော ငါ့မိန်းမဟူ၍ သတ်မှတ်ယူဆခဲ့ပြီးဖြစ်သောကြောင့် ဤသို့တွေးမိခြင်းလည်းဖြစ်ပေသည်။

စဉ်းစားနေရာမှ ခရိတ်သည် ဆယ်လီအိပ်နေရာသို့ လျှောက်သွားပြီး ရင်ဘတ်နားသိုကပ်၍ အသက်ရှူသံ မှန်မမှန် နားထောင်ကြည့်လေသည်။ မကြာသေးမီက ဗိုလ်ချုပ်ဖွန်ဂါဘီရာ အကြံပက်စက်မှုဖြင့် ဆယ်လီအားတတိယတပ်မဟာမှ ရှိုနာလူမျိုးလူမည်းစစ်သားများက အဝတ်အစားတွေ အတင်းဆွဲချွတ်လျက် တစ်ကိုယ်လုံးဗလာကျင်းကာ ရေတိမ်နစ်ရတော့မည့်ဆဲဆဲ ခံစားရရှာပုံကိုလည်း ပြန်ပြောင်းသတိရနေမိသည်။
ခရိတ်သည် ဆယ်လီထံမှပြန်လျှောက်ထွက်လာပြီးနောက် သူ၏ငယ်သူငယ်ချင်းမာတာဘယ်လီအမျိုးသားတွန်ဂါတာအကြောင်း စဉ်းစားနေမိပြန်လေသည်။ငယ်စဉ်က သူတို့နှစ်ဦး လူငယ်များအဖြစ် အတူပြေးလွှားကစားခဲ့ကြပုံ၊ ပျော်ရွှင်မြူးတူးရင်း အားပါးတရ ရယ်မောခဲ့ကြပုံတို့ကိုလည်း သတိရမိသည်။
အထူးသဖြင့် တရားရုံးမှအမှုစီရင်ချက်ချပြီး ရဲအစောင့်များက ဆွဲခေါ်သွားခါနီးတွင် တွန်ဂါတာက မိမိအား လက်တစ်ဖက်ဖြင့် လှို့ဝှက်အချက်ပေး ဆက်သွယ်သွားခဲ့ပုံကိုပါ ပြန်လည်သတိရမိလေသည်။
အထူးသဖြင့် တရားရုံးမှာ အမှုစီရင်ချက်ချပြီး ရဲအစောင့်များက ဆွဲခေါ်သွားခါနီးတွင် တွန်ဂါတာက မိမိအားလက်တစ်ဖက်ဖြင့်လှို့ဝှက်အချက်ပေးဆက်သွယ်သွားခဲ့ပုံများကိုပြန်လည်သတိရမိလေသည်
ခရိတ်သည် တစ်ချိန်က မီလျံနာခေါ် ဒေါ်လာသန်းချီကြွယ်ဝသူ မီလျံနာသူဌေးကြီးတစ်ဦးဖြစ်ချင်သည့် ရည်မှန်းတောင့်တချက်ရှိခဲ့ဖူးရာ ယခုတော့မူ သူသည် မီလျံနာမဖြစ်ရုံမက ဒေါ်လာငွေသန်းချီ၍ ကြွေးတင်နေသူတစ်ဦး ဖြစ်နေပါတကားဟု ဆင်ခြင်သုံးသပ်မိလေသည်။

မကြာသေးမီကအထိ ထင်ရှားကျော်ကြားပြီး ငွေကြေးအတွက် လုံးဝမပူပင်ရသော ထိပ်တန်းစာရင်းဝင် စာရေးဆရာကြီးတစ်ဦးဖြစ်ခဲ့လင့်ကစား ယခုတော့ကြွေးတွေ လည်ပင်းခိုက်နေသူတစ်ယောက်ဖြစ်နေလေပြီ။ ယခုမိမိ၏ ဇြီတိသျှ လေကြောင်းကုမ္ပဏီမှ ပေးထားသော လက်ဆွဲအိတ်ထဲ၌ ပိုင်ဆိုင်မှုအခွင့်အရေးနှင့်ပတ်သက်သော ရရှိစရာစာချုပ်ဟူ၍ ဘာမှမရှိတော့ပြီဖြစ်သည်။ ရေးလက်စစာမူအတွက် စာမူခအားလုံးကိုလည်း ကြွေးရှင်သိမ်းယူလိုက်မည်မှာ သေချာနေပေပြီ။

ထို့ကြောင့် ယခုအခြေအနေတွင် ခရိတ်အနေဖြင့် ဘာပစ္စည်းမှ မရှိတော့ချေ။ ဘာမှမရှိဟုဆိုရာ၌ ခြွင်းချက်တော့ရှိလေသည်။ မိမိတွင် ယခု လက်ဝယ်ရှိနေသည်ကား ဤဆယ်လီအမည်ရှိသော

အမျိုးသမီးနှင့် လောကကြီးကိုနာကြည်းသည့် ဒေါမနဿစိတ်သာလျှင် ဖြစ်ပေသည်။ တစ်ဖန် သူ၏ စိတ်ကူးထဲ၌ ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ မျက်နှာကိုမြင်ယောင်လာမိပြန်သည်။ ချောကလက်ကဲ့သို့ အညို ရောင်အဆင်းရှိသော်လည်း ခံ့ညားချောမွေ့သော အင်္ဂါရုပ်ပိုင်ဆိုင်သူ ဖွန်ဂါဘီရာကို သတိရမိချိန်တွင် ခရိတ်သည် ပို၍ပင် ဒေါသထွက်လာမိလေသည်။

ခရိတ်သည် တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေလေသည်။ တစ်နာရီကြာလျှင် တစ်ကြိမ်ခန့် သူသည် ဆယ်လီ အိပ်နေရာသို့သွားပြီး မအေးစေရန် ဂရောင်းရှိ (တာလပတ်) အပိုစဖြင့် ရစ်ပတ်ခြုံထားပေး လေသည်။ တစ်ကြိမ်တွင် ဆယ်လီ၏ နဖူးမှဒဏ်ရာကို လက်ဖြင့် အသာစမ်းကြည့်ရာ သူမက နာကျင် ဟန်ဖြင့် လူးလွန့်လာသဖြင့် ခရိတ်လည်း လက်ကိုလျင်မြန်စွာပြန်ရုပ်လိုက်ရသည်။ တစ်ကြိမ်တွင် ခပ်လှမ်းလှမ်းရှိ ဆားကျင်းမြေချိုင့်ကြီး၏ တစ်ဖက်အစွန်း၌ လူရိပ်လိုလိုမြင်မိသဖြင့် စိုးရိမ်သွားမိသည်။ သို့သော် အဝေးကြည့်မှန်ပြောင်းဖြင့် သေချာစွာကြည့်လိုက်သောအခါ သိရသဖြင့် လူမဟုတ်ဘဲ ဂေဖယ်လ်ခေါ် သမင်၊ ဒရယ်အုပ်စု သတ္တဝါတစ်ကောင်သာဖြစ်ကြောင်းသိရသဖြင့် စိတ်အေးသွားတော့သည်။

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းဆီးမှ ရောင်နီသန်းစ ပြုလာပေပြီ။ ခရီးဆက်ကြရန်အသင့်ပြီဟု ယူဆလျက် ခရိတ်သည်ဆယ်လီအားနှိုးရန် လျှောက်သွားရင်း ဆားကျင်းမြေချိုင့်ကြီးဘက်ဆီသို့ အမှတ်မဲ့လှမ်းကြည့်လိုက်မိသည်။ ဤတွင် ခရိတ်သည် အကြီးအကျယ် စိုးရိမ်တုန်လှုပ်သွားမိလေသည်။

အကြောင်းမူကား နောက်မှလိုက်လာသည့်ရှိုနာစစ်သားများတပ်ဖွဲ့ကို အဝေးမှလှမ်းမြင်လိုက်ရသောကြောင့်ပင်တည်း။ အလှမ်းဝေးနေလင့်ကစား စစ်သားများက မိမိတို့နောက် ခြေရာခံလိုက်လာခြင်းဖြစ်ကြောင်း ထင်ရှား ပေသည်။ ခရိတ်သည် စိတ်ပျက်အားလျော့သွားမိသော်လည်း ပြေး၍မလွတ်နိုင်သည့်အတူတူ ရင်ဆိုင်ခုခံတိုက်ခိုက်ရန် ပြင်ဆင်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ အရှင်လက်ရဖမ်းခြင်းကိုတော့မခံ။ သေသည်အထိ ခုခံတိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ခုခံတိုက်ခိုက်ရန်လည်း ဤနေရာသည် အသင့်တော်ဆုံးနေရာဟု ဆုံးဖြတ်လိုက်ပြီးနောက် သူ၏ ကျာပိုးအိတ်ရှိရာသို့ လျင်မြန်စွာပြေးသွားလျက် လက်ပစ်ဗုံးငါးလုံးကိုယူလိုက်သည်။ ထို့ပြင် ယူဆောင်လာသော ဝိုင်ယာကြိုးသံကြိုးများနှင့် သံဆူးကြိုးဖြတ်သည့် ပလာယာကိုပါယူ၍ ပြန်ပြေးလာသည်။ သူတို့၏နေရာမှာ ချိုင့်ဝှမ်း၏ကမ်းပါးတစ်နေရာဖြစ်၍ မြေကြီးကမြင့်တက်နေပုံမှာ ကတုတ်သဖွယ် ဖြစ်နေသောကြောင့် ခရိတ်က ဤနေရာမှပင် ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ရန်သူလာရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ စစ်သားများသည် တစ်ယောက်နောက်

တစ်ယောက်လိုက်ပါလျက် တန်းစီချီတတ်လာသည်ကို မြင်ရလေသည်။ သို့သော် ရောက်လျှင် လူစုခွဲကာဝဲယာဖြန့်၍ တိုက်ကြလိမ့်မည်ဟု ခန့်မှန်းရပေသည်။ သေနင်္ဂဗျူဟာတွင် သမားရိုးကျ စစ်ဆင်နည်းတစ်ခုဖြစ်သော မြားဦးသဏ္ဌာန် လူခွဲဖြန့်၍တိုက်ကြရမည်ဟု ထင်ရသည်။

ခရိတ်သည် အကြံတစ်ခုရလာသဖြင့် ရန်သူစစ်သားများ ချဉ်းကပ်လာမည်ထင်ရသော လမ်းတွင် လက်ပစ်ဗုံးများကို တစ်ခုနှင့်တစ်ခု ခြေလှမ်းနှစ်ဆယ်ခန့်ခွာလျက် ချထားလိုက်သည်။ ထို့နောက် အသင့်ရှိသော ဝိုင်ယာကြိုးဖြင့် လက်ပစ်ဗုံးအားလုံးကို ဆက်သွယ်လိုက်သည်။ ဗုံးတစ်လုံးပေါက် လျှင် ကျန်လက်ပစ်ဗုံးများလည်း တစ်လုံးပြီးတစ်လုံး ဆက်တိုက်ပေါက်ကွဲအောင် ဖန်တီးထားခြင်းပင်ဖြစ်သည်။ ဝိုင်ယာကြိုးကို လက်ပစ်ဗုံးတစ်လုံးစီး၏ ဖောက်ခွဲသည့်ခလုတ်(ပင်)နှင့် ဆက်သွယ်ထားလိုက်ခြင်းအားဖြင့် ဆက်တိုက်ပေါက်ကွဲမည်ဖြစ်လေသည်။ ခရိတ်သည် ဆယ်လီအိပ်နေရာသို့ ပြန်သွားပြီး လက်ပစ်ဗုံးများနှင့်ဆက်သွယ်ထားသော ဝိုင်ယာကြိုးစကို ကျောပိုးအိတ်အဖုံးတွင် ချည်ထားလိုက်သည်။ ကောင်းကင်၌ အလင်းရောင်များလာပြီဖြစ်၍ ခရိတ်သည်ရန်သူမြင်အောင် မြေပြင်တွင် ဒူးထောက်နေလိုက်သည်။ သူ၏ အေအေ ၄၇မောင်းပြန်ရိုင်ဖယ်သေနတ်မှ ကျည်ဆန်ကက်ကိုလည်း သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် အသင့်ကိုင်ထားလေသည်။

အိပ်ပျော်နေသူ ဆယ်လီအား နှိုးလိုက်ရာရန်သင့်ပြီဟု ဆုံးဖြတ်လျက် ခရိတ်သည် သူမ၏နှုတ်ခမ်းကို ညင်သာစွာယုယစွာ နမ်းလိုက်သည် ချက်ချင်းပင် လူးလွန့်လာကာ မျက်လုံးဖွင့်လေသည်။ ပထမဆော် ခရိတ်ကိုမြင်မြင်ချင်း ချစ်ခြင်းမေတ္တာစိတ်တွေ ဖြစ်ပေါ်လာသော်လည်း ချက်ချင်းလိုပင် မိမိတို့၏ လက်ရှိအခြေအနေကို သတိရမိသဖြင့် မျက်နှာညှိုးငယ်ရှာပြန်လေသည်။ သူမသည် ထထိုင်ရန် ကြိုးစားရာ ခရိတ်ကမထစေဘဲ ပြန်အိပ်ခိုင်းလေသည်။

"သူတို့ ဒီကို လာနေကြပြီကွဲ့။ ငါတော့ ပြန်တိုက်ဖို့ ဆုံးဖြတ်ထားလိုက်ပြီ"

ခရိတ်က ပြောလျှင် ဆယ်လီသည် နားလည်ဟန်ဖြင့် ခေါင်းညိတ်လေသည်။

"မင်းမှာ ကက်ပတိန်နီဘောဘီပေးခဲ့တဲ့ ပစ္စတိုသေနတ် ရှိတယ်မဟုတ်လား"

ဤတွင်လည်း ဆယ်လီက ခေါင်းညိတ်ပြရင်း သူမ၏ ခါးမှသေနတ်ကို လက်ဖြင့် စမ်းလိုက်သည်။

"သေနတ်ကို ပစ်တတ်ရဲ့လား"

"ဟုတ်ကဲ့ ပစ်တတ်ပါတယ်"

"သေနတ်ပစ်ရင် ကျည်ဆန်တစ်တောင့်ကိုတော့ ကိုယ့်အတွက် ချန်ထားလိုက်ပါ"

ခရိတ်က ဘာကြောင့် ဤသို့ပြောသည်ကို ဆယ်လီသည် သဘောပေါက်သဖြင့် ဘာမှပြန်ပြောဘဲ ငေးကြည့် နေလေသည်။

"ဒါနဲ့ပတ်သက်ပြီး မင်းက ငါ့ကို ကတိပေးစေချင်တယ်"

(ရန်သူနှင့် ရင်ဆိုင်တွေ့ရပြီး မတတ်သာ၍ အရှုံးပေးရတော့မည်ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ရန် ခရိတ်ဆိုလိုပေသည်။)

"ကောင်းပါပြီ ကျွန်မ ရှင့်ကို ကတိပေးပါတယ်"

ဆယ်လီက ခပ်တိုးတိုး ပြန်ပြောရှာသည်။ ခရိတ်သည် ရန်သူလာရာဘက်သို့လှမ်းကြည့်လိုက်ရာ စစ်သားများက ကိုက်လေးရာခန့်အကွာသို့ ရောက်လာပြီဖြစ်ကြောင်းတွေ့ရလေသည်။ နီးလာပြီဖြစ်၍ လူဦးရေကို ရေတွက်၍ရပြီဖြစ်ရာ ခရိတ်သည် သေချာစွာကြည့်လိုက်သောအခါ စစ်သားငါးဦးရှိကြောင်းတွေ့ရလေသည်။ ထို့ကြောင့် စိတ်ဓာတ်ကျသွားမိလေသည်။ ကက်ပတိန်နီဘောဘီအနေဖြင့် ရန်သူတပ်ဖွဲ့အား ကိုယ်ခိုက်ရာ၌ မိမိတို့မျှော်လင့်သလောက် အကျအဆုံးများအောင် မပစ်ခတ်နိုင်ကြောင်းသိရ၍ စိတ်ဓာတ်ကျမိခြင်းဖြစ်သည်။ ယခုအတိုင်း ရန်သူစစ်သည် ရှစ်ဦးအနက် နီဘောဘီက သုံးဦးသာကျအောင် ပစ်ခတ်တိုက်ခိုက် နိုင်ခဲ့ကြောင်း ထင်ရှားပေသည်။

မိမိကအလစ်တွင် လျှပ်တစ်ပြတ်လျင်မြန်စွာ တိုက်ခိုက်နိုင်သည့်တိုင်အောင် တစ်ယောက်နှင့်ငါး ယောက်ဖြစ်၍ မိမိထက်ငါးဆ အင်အားများနေခြင်းသည် စိတ်ဓာတ်ကျစရာပင်ဖြစ်နေတော့သည်။ ရန်သူစစ်သားများသည် မိမိတို့ဝပ်နေသည်ကို မြင်ပုံမရသေးချေ။

"ဟော့....ဆယ်လီ ခေါင်းငုံ့ပြီးနေစမ်းပါ။ မျက်နှာမော့ထားရင် ရန်သူကအလွယ်တကူ မြင်နိုင်တယ်ကွဲ့။ ခရိတ်က သတိပေးလိုက်သဖြင့် ဆယ်လီလည်း ချက်ချင်းပင်လိုက်နာကာ ဦးခေါင်းကို ငုံ့ထားလိုက်လေသည်။ ခရိတ်ကိုယ်တိုင်ကလည်း ရန်သူများ ရုတ်တရက်မမြင်နိုင်အောင် မျက်နှာကို ရှုပ်အင်္ကျီအောက်စဖြင့် ဖုံးအုပ်ထားလိုက်ပြီးမှ၊ စစ်သားများချီတက်လာသည်ကို အသာကြည့်နေလေသည်။ တတိယ တပ်မဟာမှ စစ်သားများသည် တကယ့်စစ်သည်ကောင်းများဖြစ်ကြောင်း သိသာပေသည်။ တစ်ညလုံး မရပ်မနား ချီတက်လာခဲ့ရလင့်ကစား ယခုသူတို့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပုံမရ။ အလွန်ဖျတ်လတ်သွက်လက်နေပုံ ရလေသည်။

ရှေ့ဆုံးမှ ချီတက်လာသူမှာ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး ရှိနာလူကြီးတစ်ဦးဖြစ်ပြီး စိတ်အားထက်သန်စွာဖြင့် လျှောက်လာနေသည်။ အေကေ ၄၇ရိုင်ဖယ်ကမောင်းပြန်သေနတ်ကို အလွယ်တကူ ပစ်ခတ်နိုင်ရန် လက်ယာဘက်ခါးနားတွင် အသင့်ကိုင်ထားသည်။ သူ၏ မျက်လုံးများကလည်း အလွန်စူးရှတောက်ပြောင်နေသည်။ ယခုလာသူ စစ်သည်ငါးဦးအနက် ထိုလူကပင် ခေါင်းဆောင်ဖြစ်ရမည်ဟု ခရိတ်က တွက်မိလေသည်။

ထိုလူ၏ ဝဲယာနှစ်ဘက်၌ စစ်သားနှစ်ဦးစီညှပ်၍ လိုက်ပါလာရာ ထိုလူများကတော့ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်နှင့် ဗလကောင်းသူများ ဖြစ်ကြသည်။ သူတို့သည် အရပ်မြင့်မြင့်နှင့် ခေါင်းဆောင်က လက်ဖြင့် အချက်ပြခြင်းကို တစ်သဝေမတိမ်းလိုက်နာ၍ လှုပ်ရှားနေကြလေသည်။

စစ်သည်ငါးဦး အသံမပြဘဲ တိတ်ဆိတ်စွာ ချီတက်လာနေစဉ် ခရိတ်သည် လက်ပစ်ဗုံးနှင့် ဆက်သွယ်ထားသော ဝိုင်ယာကြိုးကို အသင့်ပြင်ထားလိုက်သည်။ သူတို့၏ ဦးခေါင်းသည် ဝဲယာနှစ်ဖက်လုံးလှည့်ပတ်ကြည့်နေပုံအရ တစ်စုံတစ်ခုကိုမြင်၍ ဖြစ်ရမည်ဟုထင်ရပေသည်။ ခရိတ်သည် အသက်ပြင်းပြင်း မရှူဝံ့အောင်ပင် ရင်ဖိုနေမိလေသည်။ အရပ်မြင့်မြင့် ရှိနာသည် လှုပ်ရှားပြန်လေသည်။ သူ၏ ဝဲယာနှစ်ဖက်မှစစ်သည်များအား လက်ပြအချက်ပေး၍ ပုံစံအနေအထား ပြောင်းခိုင်းလိုက်ရာ စစ်သားငါးဦးတို့၏ ရပ်တည်ပုံ အနေအထားသည် မြားဦးပြောင်းပြန်လှန်သကဲ့သို့ ဖြစ်သွားလေသည်။

ယင်းအနေအထားသည် ငွန်နီခေါ် တိုင်းရင်းသားလူမျိုးအုပ်စုတို့ စစ်တိုက်ရာတွင် အသုံးပြုလေ့ရှိသော နည်းဗျူဟာတစ်ရပ်ပင် ဖြစ်ကြောင်းခရိတ်က သိထားလေသည်။ တစ်ချိန်က ငွန်နီတိုင်းရင်းသားတို့၏ ဘုရင်ချာကာဆိုသူသည် ယင်းနည်းဗျူဟာတိုက်နည်းဖြင့် ရန်သူတို့အား ထိရောက်စွာ တိုက်ခိုက်ချမှုန်းခဲ့ဖူးလေသည်။ ယခုလည်း ခရိတ်အား ရန်သူက ငွန်နီတို့၏ သေနင်္ဂဗျူဟာနည်းဖြင့် ချေမှုန်းပစ်ရန် လာနေပါချေပြီ။

ခရိတ်သည် ရန်သူစစ်သားများဖြန့်၍နေရာယူထားပုံကိုကြည့်ပြီး မိမိကလက်ပစ်ဗုံးများ ခပ်ခွာခွာနေရာချထားမိခြင်းသည် ကောင်းလေစွဟုတွက်ကာ အနည်းငယ်အားတတ်သွားမိလေသည်။ ခေါင်းဆောင်ရှိနာလူမျိုး၏ ဝဲယာတောင်ပံနှစ်ဖက်မှစစ်သားများသည် မကြာမီ မိမိမြှုပ်ထားသော လက်ပစ်ဗုံး များရှိရာသို့ ရောက်လာတော့မည် ဖြစ်သည်။

ခရိတ်သည် လက်ပစ်ဗုံးများနှင့် ဆက်ထားသော ဝိုင်ယာကြိုးများကို သေချာစွာ စစ်ဆေးကြည့်ပြီး အသင့်ပြင်ထားလိုက်သည်။ ရှေ့ဆုံးမှ တက်လာသူများထဲတွင် အရပ်မြင့်မြင့်နှင့် ရှိနာလူမျိုးခေါင်း

ဆောင်ပါလာလျှင် မည်မျှကောင်းမည်နည်းဟုလည်း စိတ်ထဲမှတောင့်တမိလေသည်။ သို့သော် ထို လူက နောက်နားမှနေ၍ သူ၏လူများအား ညွှန်ကြားအမိန့်ပေးနေလသည်။ လက်ယာဘက် တောင်ပံ မှ စစ်သားများသည် လက်ပစ်ဗုံး မြုပ်ထားရာနေရာအနီးသို့ ရောက်လာပြီး ဖြစ်သည်။ သို့သော် လက်ဝဲဘက်မှ လူကလက်ပစ်ဗုံးနေရာနှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာတွင်ပင် ရှိနေသေးသည်။

"နှစ်စလုံးကို တစ်ပြိုင်နက် ထိအောင် ဖောက်ခွဲမှ ကောင်းမယ်"

ဤသို့ ခရိတ်သည် စိတ်ထဲမှဆုံးဖြတ်မိလေသည်။ လက်ယာဘက်မှ စစ်သားသည် မြေကြီးအတွင်း မြုပ်ထားသော လက်ပစ်ဗုံးနှင့်ပွတ်ထိသွားလောက်သည့်နေရာသို့ ရောက်လာပြီဖြစ်သည်။ လက်ဝဲ ဘက်ကလူသည်လည်း နီးကပ်လာလေသည်။ ထိုလူ၏နဖူးတွင် သွေးစွန်းနေသော ပတ်တီးစည်း ထားလေရာ ကက်ပတိန်နီဘေဘီ၏ လက်ချက်ပင်ဖြစ်ရမည်ဟု ခရိတ်က တွက်လိုက်မိသည်။ လက်ပစ်ဗုံးများခွဲရန် အချိန်ရောက်ပြီဟုဆုံးဖြတ်လျက် ခရိတ်သည် ဝိုင်ယာကြိုးစနစ်ခုကို တအားဆွဲ လိုက်သည်။ ဗုံးဖောက်ခွဲသည့်စနက်တံများကို ဆွဲဖြုတ်လိုက်ခြင်းပင်ဖြစ်ရာ သုံးစက္ကန့်အကြာတွင် ထပေါက်ကွဲလေတော့သည်။
လက်ယာဘက်မှစစ်သားသည် လုံးဝပျောက်ကွယ်သွားလေသည်။ ထိုလူမှာလက်ပစ်ဗုံးနှင့် အလွန်နီး ကပ်သဖြင့် မည်သည့်နည်းနှင့်မှ အသက်မရှင်နိုင်ဟု ထင်ရပေသည်။ ကျန်စစ်သည် သုံးဦးတို့သည် မြေပြင်သို့ ပစ်လဲဝပ်ချလိုက်ရင်း သူတို့၏လက်နက်များဖြင့် ပြန်လည်ပစ်ခတ်ကြလေသည်။ နဖူး၌ ဒဏ်ရာရထားသူလက်ဝဲယာမှ လူတစ်ယောက်သာလျှင် မတ်တက်ရပ်လျက်ရှိလေသည်။ သို့သော် စက္ကန့်ပိုင်းမျှသာကြာသည်။ လက်ပစ်ဗုံးက ဝုန်းခနဲပေါက်ကွဲလေရာ ဓာတ်ပုံရိုက်သည့် ဖလက်ရှိမီး လင်း သကဲသို့ပင် အလင်းရောင်ဖြာထွက်လာလေသည်။ လက်ပစ်ဗုံးမှ သံတိုသံစများသည် ထိုလူ၏ ဝမ်းဗိုက်တည့်တည့်သို့ တိုက်ရိုက်ထိမှန်သွားသဖြင့် လူတစ်ကိုယ်လုံးပါ မြောက်တက်သွားပြီးမှ မြေပြင် သို့ ပြန်ကျလေသည်။

"နှစ်ယောက်တော့ သွားပြီ"

ဤသို့ တွက်မိပြီးနောက် ခရိတ်သည် အရပ်မြင့်မြင့်နှင့်ရှိနာလူမျိုး(တပ်ဖွဲ့ခေါင်းဆောင်)အား ချိန်၍ပစ် ရန် ကြိုးစားလေသည်။ သို့ရာတွင် ခရိတ်သည် မြေပြင်တွင်ဝပ်၍ နေရသောကြောင့် သေနတ်ပြောင်း ကိုလည်း သစ်ပင်ချုံနွယ်များကြားမှချိန်ရသောကြောင့် ထိမှန်အောင်ပစ်ခတ်ရန် မလွယ်ကူလှချေ။ ထိုပြင် ရှိနာလူမျိုးသားစစ်သည်က အငြိမ်မနေဘဲ မြေပြင်တွင်လိမ့်နေသဖြင့် ချိန်ပစ်ရန် ပို၍ပင်ခက်

နေလေသည်။ သို့ဖြစ်လင့်ကစား ခရိတ်သည် ထိုလူရှိရာသို့မှန်း၍ အေကေ ၄၇ရိုင်ဖယ်ဖြင့် စတင်လှမ်းပစ်လိုက်သည်။ မထိမှန်သဖြင့် နောက်ထပ်ပစ်လိုက်ပြန်တော့လည်း ထိုလူ၏လက်ဝဲဘက်သို့သာ ကျည်ဆန်များ ကျရောက်သွားသည်။ ဤတွင် ရှိုနာလူမျိုးကလည်း သူ၏ကိုယ်ကိုလှိမ့်ရင်းက ခရိတ်ဘက်သို့ ပြန်လည်ပစ်ခတ်လေသည်။ ထိုအခိုက် အခြားစစ်သားတစ်ဦးသည် ရုတ်တရက်ထပြီး ခရိတ်အား တောင်ဘက်မှ တိုက်ခိုက်ပစ်ခတ်ရန် ချိန်ရွယ်ပြန်လေသည်။ ခရိတ်ကလည်း ထိုလူ၏ လှုပ်ရှားမှုကိုရိပ်ခနဲမြင်လိုက်သဖြင့် ချက်ချင်းပင်ချာခနဲလှည့်ကာ သူ၏အေကေ၄၇မောင်းပြန်သေနတ်ဖြင့် ပစ်လိုက်လေသည်။ ခန္ဓကိုယ်၏ အလယ်ပိုင်းနှင့် ဆီးစပ်နေရာသို့ ချိန်၍ပစ်လိုက်ခြင်းဖြစ်သည်။

အေကေ၄၇ သေနတ်သည် အနီးကပ်ပစ်ရာ၌ အလွန်ကြောက်စရာကောင်းအောင် ယမ်းအားပြင်းထန်လှသဖြင့် ခရိတ်ကဦးအောင် ကြိုတင်ပစ်လိုက်ခြင်းကြောင့် စစ်သားသည် သူ၏ရိုင်ဖယ်သေနတ်ကို ပစ်ချလိုက်ပြီး ရှေ့သို့အလျားထိုး မှောက်လဲကာ ငြိမ်သက်သွားလေတော့သည်။

အရပ်မြင့်မြင့်နှင့် ရှိုနာအမျိုးသားသည် သူ၏နောက်မှ စစ်သားတစ်ဦးအား ဟစ်အော်အမိန့်ပေးရင်း ခရိတ်ရှိရာဘက်သို့ ပြေးဝင်လာပြန်သည်။ ခရိတ်သည် ထိုလူဘက်သို့ လျင်မြန်စွာပြန်လှည့်လာပြီး အေကေ ၄၇ သေနတ်ဖြင့် ပစ်လိုက်သည်။ လူချင်း အလွန်နီးကပ်နေပြီဖြစ်၍ လွဲချော်စရာ အကြောင်းမရှိချေ။ သို့ရာတွင် ခရိတ်ကခလုတ်ကို ဆွဲလိုက်သောအခါ ဘာကျည်ဆန်မှ မထွက်ဘဲ ချောက်ခနဲသာ အသံမြည်သွားလေသည်။ သေနတ်ထဲတွင် ကျည်ဆန်ကုန်နေသောကြောင့်ပင်ဖြစ်သည်။ ရှိုနာအမျိုးသားသည် ဆက်လက်ပြေးဝင်လာလေသည်။

ခရိတ်လည်း ကပျာကယာ သေနတ်တွင် ကျည်ဆန်ကတ်အသစ် ထိုးလိုက်သည်။ သို့သော် သူ၏လက်က ယခင်ကလောက် လျင်မြန်ဖျက်လက်ခြင်းမရှိဘဲ စက္ကန့်ပိုင်းခန့် နှောင့်နှေးနေသည်ဟု ထင်ရသဖြင့် စိုးရိမ်နေမိ လေသည်။

ထို့ကြောင့်ပင် သူသည် ကျည်ဆန်အသစ် ထိုးပြီးပြီးချင်း သေနတ်မောင်းကိုဆွဲ၍ ပစ်လိုက်သောအခါ အရပ်မြင့်မြင့်ရှိုနာလူမျိုးကို လုံးဝမမြင်ရတော့ချေ။ ထိုလူသည် မြေပြင်တစ်နေရာတွင် ဝပ်၍ နေရာယူလိုက်ဟန်တူသည်။ ခရိတ်ပစ်လိုက်သော ကျည်ဆန်များသည် မည်သည့်ပစ်မှတ်မှမထိဘဲ လေထဲတွင်သာ ဖြတ်ကျော်သွားလေသည်။ ခရိတ်သည်မချင့်မရဲဖြစ်လျက် ရှိုနာလူမျိုး၏နောက်မှ လိုက်လာသူ စစ်သားအားချိန်၍ ပစ်လိုက်ပြန်သည်။ လူချင်းအတော်အလှမ်းဝေးသော်လည်း ကံကောင်း၍ပဲလားမပြောတတ်။ ကျည်ဆန်တစ်တောင့်သည် ထိုလူ၏ ပါးစပ်ပေါက်တည့်တည့်သို့ ထိမှန်သွားလေ

ရာ လက်ဝှေ့ချန်ပီယံတစ်ဦးက အနီးကပ်လက်သီးဖြင့် တအားထိုးလိုက်ဘိသကဲ့သို့ ထိုလူ၏ ဦးခေါင်းသည်နောက်သို့ လန်ထွက်သွားရင်း ပုံလျက်သား လဲကျသွား လေတော့သည်။

အခန်း(၂၆)

နယ်စပ်လမ်းသည် တောင်မြောက်စူးစူးဘက်သို့ သွားသည့်လမ်းဖြစ်ပြီး ဘော့ဆွာနာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မှန်မှန်ကင်းလှည့်လေ့ရှိသော နေရာလည်းဖြစ်သည်။ ပြည်ပမှ တရားမဝင် ခိုးဝင်လာသူများအား လူဝင်မှုကြီးကြပ်ရေး ဥပဒေအရအရေးယူရန်နှင့် တောရိုင်းတိရစ္ဆာန်များအား ခိုးသတ်ခြင်းများကို ကာကွယ်ဂုန် ရဲတပ်ဖွဲ့ကမှန်မှန် ကင်းလှည့်လေ့ရှိခြင်းပင် ဖြစ်သည်။

ခရိတ်နှင့်ဆယ်လီတို့သည် ထိုလမ်းသို့ နေ့လယ်ပိုင်းတွင် ရောက်ရှိသွားကြလေသည်။ ထိုအချိန်၌ ခရိတ်သည် ရိုင်ဖယ်သေနတ်နှင့်တကွ ကျည်ဆန်ခဲယမ်းအားလုံးကို စွန့်ပစ်ထားခဲ့ပြီးဖြစ်သည့်ပြင် သူတို့၏ကျောပိုးအိတ်များတွင်လည်းအရေးတကြီးလိုအပ်သောပစ္စည်းများတစ်ပါး ကျန်ပစ္စည်းအားလုံးကိုစွန့်ပစ်ထားခဲ့လေသည်။ လမ်းခရီး၌သယ်ဆောင်ရမည့် ဝန်စည်ပေါ့ပါးစေရန် မလိုအပ်သောပစ္စည်းများကို ထားပစ်ခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တွင် သူ၏ ရေးလက်စစာမူများကိုပင် မြေကြီးထဲမြှုပ်ပစ်ခဲ့ရန် စဉ်းစားမိသေးသည်။ စာမူစ ရွက်တွေက အလေးချိန် ရှစ်ပေါင်ခန့်ရှိ၍ ခရိတ်ကလေးသည်ဆိုပြီး မြှုပ်ထားခဲ့ရန် ကြံစည်စိတ်ကူးခဲ့ခြင်း ဖြစ်သည်။

နောက်ကျမှ လာရောက်တူးဖော်မည်ဟုဆိုသော မြှုပ်ပစ်မည်ပြုရာ ဆယ်လီက စာမူတွေကိုတော့ ထားမပစ်ခဲ့ပါနှင့်ဟု တောင်းပန်ပြောဆိုသဖြင့် မမြှုပ်ဘဲသယ်ယူလာခဲ့လေသည်။ သူတို့၏ ရေဘူးတွင် ရေလုံးဝကုန်နေပြီ ဖြစ်သည်။ ခရိတ်နှင့် ဆယ်လီတို့သည် ရေဘူးထဲမှ နောက်ဆုံး လက်ကျန်ရေအနည်းငယ်ကို နှစ်ယောက်သားယူ၍ မွန်းမတည့်မီအချိန်က သောက်လိုက်ကြပြီဖြစ်သည်။ နေကပူပြီဖြစ်၍ သူတို့လျှောက်သည့်နှုန်းမှာ တစ်နာရီလျှင် (၁)မိုင်သာသာမျှသာ ရှိသည်။

ခရိတ်သည် စောစောကလို ချွေးထွက်ခြင်းမရှိတော့ပါ။ အာခေါင်ခြောက်ပြီး ရေငတ်၍သာ လျှာကပူလောင်လာသလို ဖြစ်လာသည့်အပြင် လည်ခေါင်းတွင်လည်း မခံမရပ်နိုင်အောင် ရေငတ်ခြင်းဝေဒနာ ခံစားနေရလေသည်။ နယ်စပ်သွားလမ်းမပေါ်သို့ ရောက်သောအခါ ခရိတ်သည် ပတ်ဝန်းကျင်သို့ သေချာစွာဂရုစိုက်ကြည့်လေသည်။ ပင်ပန်းနွမ်းနယ်လွန်း၍ ခြေလှမ်းတစ်လှမ်းလှမ်းရသည်ကိုပင် အလွန်ခဲယဉ်းလာသည် ဟု ထင်ရလေသည်။ သေချာစွာ စဉ်းစားကြည့်သောအခါ၌ ဤအဖြစ်မျိုးကြုံရလေသူများတွင် မိမိတို့ ပထမဆုံးမဟုတ်နိုင် တွေးမိပြန်သည်။ ဤဒေသသို့ လာရောက်၍

နယ်စပ်ကို ဖြတ်ကျော်ဝင်လာသူမှန်သမျှ ရေငတ်ခြင်းဒဏ်နှင့် ရာသီဥတု ခြောက်သွေ့ပူပြင်းသည့် ဒဏ်ကို ရင်ဆိုင်ခံစားရသည့်ချည်ပါပေလားဟု ဆင်ခြင်သုံးသပ်မိလေသည်။ နှစ်နာရီခန့် ဆက်သွားကြပြီးနောက် ခရိတ်သည် ခေတ္တရပ်ဆိုင်းလေသည်။ ဘာ့ဆွာနာ နယ်ခြားစောင့်ရဲကင်းများနှင့် လုံးဝမတွေ့ရသေးသဖြင့် မိမိတို့လမ်းမှားလာပြီလားဟုလည်း သံသယဖြစ်လာမိသည်။

"အခုလောက်ဆိုရင် နယ်ခြားကင်းရှိတဲ့နေရာကို ရောက်ဖို့ကောင်းပြီ။ ငါတို့ လမ်းမှားလာသလား မပြောတတ်ဘူး။ "ကွန်ပါ" ကိရိယာကြည့်ပြီး ငါတို့လာခဲ့ပေမယ့် "ကွန်ပါ" မှားနေရော့သလား" ဤသို့ပြောရင်း ခရိတ်သည် ပတ်ဝန်းကျင်ရှုခင်းကို လှည့်ပတ်ကြည့်၍ စိတ်ထဲမကျေနပ် ဖြစ်လာမိသည်။ "ငါတို့ဟာ တောင်ဘက်စွန်ကို ရောက်နေတာနဲ့ တူတယ်"

ဤသို့ ပါးစပ်မှ ရေရွတ်ရင်း ဘာဆက်လုပ်ရမှန်း မသိအောင် ခေါင်းရှုပ်လာမိလေသည်။

နေမဝင် တစ်နာရီခန့်အချိန်တွင် ခြောက်သွေ့နေသော စပျစ်သီးပင်လို သစ်ပင်တစ်ပင်ကိုတွေ့ရလေသည်။ ခရိတ်လည်း သစ်ပင်အနီးသို့ ချဉ်းကပ်ကြည့်ရာ လိမ္မော်သီးငယ်အရွယ် အသီးတစ်လုံးသာလျှင် ရှိကြောင်းတွေ့ရလေသည်။ ခရိတ်လည်း ဘာမှမရှိသည့်အတူတူတော်သေးရဲ့ဟု သဘောထားကာ သစ်သီးကို ခူး၍ယူလိုက်သည်။ ထို့နောက် လုံစွပ်ထိပ်ဖျားဖြင့် သစ်သီးကိုနှစ်ခြမ်းခွဲလိုက်သည်။ သစ်သီး၏အတွင်းသားသည် အေးနေရမည်ဖြစ်သော်လည်း ပူပြင်းသောနေရှိန်ကြောင့် ပူနွေးလျက်ရှိသည်။
"အဲဒါ ဖရဲသီးတစ်မျိုးပဲကွဲ့။ ဂင်ရော့ မယ်လင်လို့ခေါ်တယ်"

ခရိတ်က ဆယ်လီအား ထိုသစ်သီးအကြောင်း ရှင်းပြလေသည်။

ထို့နောက် သူသည် ဖရဲသီးကို ဆယ်လီအား ခွံ့ပေးလိုက်သည်။ သူမ၏ နှုတ်ခမ်းနှင့် လျှာတို့သည် ပူဖောင်းနေသဖြင့် ဖရဲသီးကို မနည်းကြိုးစား၍ မျိုချရရှာသည်။ ခရိတ်လည်း ဖရဲသီးမှအရည်ကို ညှစ်၍ ဆယ်လီအား တိုက်လိုက်ပြန်သည်။ သူမသည် မျက်စီမှိတ်ထားရာမှဖွင့်ကြည့်ပြီး ခရိတ်၏ အပြုအမူကို မြင်သွားကာ ကျေးဇူးတင်ဟန်ဖြင့် ကြည့်နေရှာလေသည်။

ခရိတ်က ဆယ်လီအား ဆွဲထူပေးလိုက်ပြီး နှစ်ယောက်သား ကြိုးစား၍ ဆက်လျှောက်သွားကြလေသည်။ အတန်ကြာသွားကြပြီးနောက် ရပ်နားလိုက်ကြသည်။ ထိုအချိန်၌ ခရိတ်သည် ဦးနှောက်ထဲကြည်လင်ခြင်းမရှိဘဲ အိပ်မက်မက်နေသလို ဝိုးတိုးဝါးတားဖြစ်နေလေသည်။ မျက်စိထဲတွင် မည်းမည်းသဏ္ဌာန်မြင်ယောင်နေမိသည်။ မကောင်းဆိုးဝါးများ ခြောက်လှန့်နေသလိုလည်း ထင်မိသည်။ အမှန်

တော့ သူသည် စိတ်ကယောင်ချောက်ချား ဖြစ်နေလေသည်။ သူ၏ စာမူများကို ထုတ်ဝေသူများထံ ဆက်သွယ်ရောင်းချပေးသူ "ဇျင်း" (ကိုယ်စားလှယ်) အက်ရှီ ဆိုသူကိုလည်း မြင်ယောင်လာမိသည်။ အက်ရှီသည် မိမိ၏နောက်ဆုံးစာမူဖိုင်တွဲကြီးကို ကိုင်ထားကာ မိမိအားစကားပြောနေသည်ဟု ထင်ရသည်။

"ဒီမယ် ခင်ဗျားရဲ့ စာမူကို ထုတ်ဝေသူတွေ လိုက်ပြကြည့်တော့ ဘယ်သူကမှ မကြိုက်ဘူးဗျ။ စက္ကူပါး အဖုံးနဲ့ ဈေးပေါပေါရိုက်နိုင်တဲ့ လူတွေကတောင် မလိုချင်ဘူးပြောတယ်။ ဒီတော့ ရှင်းရှင်းပြောရရင် ခင်ဗျားဟာ စာရေးဆရာအဖြစ် မစွံသေးဘူး။ ရှေ့လျှောက် မျှော်လင့်ချက်မထားနဲ့တော့ ကိုယ်လူ"

အက်ရှီက ဤသို့ပြောနေစဉ် ခရိတ်ကသေချာစွာ ကြည့်လိုက်ရာ အက်ရှီကိုင်ထားသည်မှာ မိမိ၏ စာမူမဟုတ်ဘဲ စားသောက်ဆိုင်မှမီနူးစာရွက်ဖြစ်နေသည်ကိုတွေ့ရပြန်သည်။ သူတို့နှစ်ဦး စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်ရင်းစကားပြောနေကြသည်ဟု မြင်ယောင်လာမိပြန်သည်။

အက်ရှီက စကားပြောပြန်သည်။

"ကိုင်း....ခရိတ် ဘာမှစဉ်းစားမနေနဲ့တော့။ ရှန်ပိန်အရက်သောက်ကြရအောင်။ ဘော်တွန်ရှန်ပိန်မျိုးကို ကြိုက်သလား"

ထိုအခါ ခရိတ်က ဘာမှမဆီမဆိုင်သော စကားကို အော်ပြောလိုက်မိသည်။

"အာဖရိကတိုက်က မော်ဆရာတွေမှသာ တောခွေးရိုင်းကို စီးတာဗျ"

ဤတွင် အက်ရှီက သရော်သလို ရယ်မောလိုက်ပြီးနောက် ခရိတ်၏ စာမူကို လေထဲသို့ လွှင့်ပစ်လိုက်သည်။ စာရွက်များကြမ်းပြင်သို့ပြန်ကျသောအခါ တစ်ရွက်စီပြန့်ကျဲသွားရာ ခရိတ်သည်လေးဖက်ထောက်လျက် စာရွက်များကို ပြန်ကောက်ရလေသည်။ ထိုအခိုက် ဆယ်လီသည် အနီးသို့ရောက်လာသဖြင့် နှစ်ယောက်သားပွေ့ဖက်ထားလိုက်မိကြသည်။ ဤသည်ကားခရိတ် အိပ်မက်မက်နေခြင်းပင်ဖြစ်သည်။

ခရိတ် အိပ်ရာမှနိုးလာသောအခါမိုးစင်စင်လင်းနေပြီဖြစ်သည်။ ဆယ်လီကတော့နှစ်ခြိုက်စွာ အိပ်ပျော်လျက်ပင်ရှိသေးရာ မနှိုးရက်ဘဲ ဆက်အိပ်နေစေလေသည်။ ဆယ်လီခမျာ အသက် မှန်မှန်ရှူလျက် အိပ်ပျော်နေရှာလေသည်။ ခရိတ်သည် ရေတွေ့လိုတွေ့ငြား အာဖရိကတိုက်သားတို့၏ နည်းတစ်ခုကို စမ်းသပ်ကြည့်လေသည်။

မြေကြီးတွင်တွင်းတူး၍ အနီးအနားရှိသစ်ခက်သစ်ရွက်များကို စုဆောင်းကာ လုံစွပ်ဖြင့် နပ်နပ်စည်း ပြီးတွင်အောက်ခြေတွင် ချထားလိုက်သည်။ ထို့နောက် သတ္တုရေဘူးလွတ်၏အပေါ်ပိုင်းကို ဖြတ်ပစ်လိုက်ပြီး ရေခွက်သဏ္ဌာန် ဖြစ်လာသောအခါ ယင်းခွက်ကို တွင်းအလယ်ကောင်တွင် ချထားလိုက်သည်။ တစ်ဖန် တွင်း၏အပေါ်မှပလက်စတစ်အခင်းတစ်ခု ဖုံးအုပ်ထားလိုက်သည်။ ယင်းပလတ်စတစ်အခင်း၏ အလယ်ဗဟိုတည့်တည့် (သတ္တုရေဘူးပြတ်၏ အပေါ်တည့်တည့်)တွင် သေနတ်ကျည်ဆန်တစ်တောင့် အသာတင်ထားလိုက်သည်။

နေပူရှိန်ပြင်းလာသောအခါ သစ်ရွက်သစ်ခက်များ နပ်နပ်စည်းထားသည့်နေရာမှ အစိုဓာတ်များ အငွေ့ပြန်ထွက်လာကာ သတ္တုရေဘူးပြတ်တွင်းသို့ကျလာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ဤကား အာဖရိကတိုက်မှ တိုင်းရင်းသားများရေရှားပါးသည့်အရပ်ဒေသများတွင်ရေသောက်ရန် အနည်းငယ်ရအောင် ကြံစည်နည်းတစ်ခုပင်ဖြစ်သည်။ အားလုံးပြီးစီးသွားသောအခါ ခရိတ်သည်ဆယ်လီရှိရာသို့ ပြန်လာလျက် ဆယ်လီ၏မျက်နှာကို နေရောင်မထိုးအောင် သူ၏ကိုယ်ဖြင့် ကာထားလိုက်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့ကွာ။ ငါတို့မကြာခင် နယ်ခြားလမ်းကို ရောက်သွားမှာပါ။ အခုပဲ တော်တော်နီးလာပါပြီ"
ဤသို့ ဆယ်လီအား နှစ်သိမ့်ပြောလိုက်ပြီးနောက် ခရိတ်သည် အိပ်မက်ထဲမှ သူ၏စာမူကိုယ်စားလှယ် (ဇျင်း) အက်ရီအား သတိရကာ-

"အက်ရီဆိုတဲ့လူပြောတာ အလကားပါ။ ငါက စာမူကို ပြီးအောင်ဆက်ရေးမယ်။ စာအုပ်ထွက်လာပြီးရင် ရုပ်ရှင်ကုမ္ပဏီတစ်ခုခုက ရုပ်ရှင်ရိုက်ဖို့လာဝယ်မှာပါ။ သေချာတယ်။ ငွေတွေ အများကြီးရတော့ ငါရဲ့ ကင်းလင်းမွေးမြူးရေးခြံကြီးကို ပြန်ဝယ်ယူလိုက်မယ်။ ဘာမှမစိုးရိမ်ပူပန်နေစရာ မလိုဘူး"ဟု စိတ်ထဲမှရေရွတ် ပြောဆိုမိပြန်လေသည်။ ဆယ်လီကတော့ အိပ်ပျော်နေရှာသည်။

ခရိတ်သည် တမနက်လုံး စိတ်ရှည်စွာဖြင့် ထိုင်စောင့်နေပြီးနောက် မွန်းတည့်ချိန် ရောက်လာသောအခါ တွင်းတူးရေခံထားသည့်နေရာမှ ပလတ်စတစ်အဖုံးကို ဖွင့်လိုက်လေသည်။ ရေဘူးတစ်ပိုင်းပြတ်အတွင်းသို့ကြည့်လိုက်ရာ ရေတစ်ပိုင့်ခန့်ရှိနေကြောင်း တွေ့သဖြင့်ဝမ်းသာသွားမိလေသည်။

ရေဘူးပြတ်ထဲမှ ရေအနည်းငယ်ယူ၍ တစ်ငုံမျှသောက်စမ်းကြည့်ရာ နေရှိန်ကြောင့် ပူနွေးနေသော်လည်း အရသာကဖျားရည်ကဲ့သို့ ချိုမြိန်လှသည်ဟုထင်မိလေသည်။ ခရိတ်သည် နောက်ထပ် ရေအနည်းငယ်ကို ပါးစပ်ဖြင့်ငုံ၍ ဆယ်လီ၏ပါးစပ်ထဲသို့ ညင်သာစွာ ထည့်ပေးလိုက်သည်။ ဤသို့

ပြုလုပ်ခြင်းမှာရေငတ်သူများအနေဖြင့်ရေတွေ့သည့်အခါအနည်းသာမျှသာတစ်စက်ချင်းသောက်သင့်သောကြောင့် ခရိတ်ကဆယ်လီ၏ ပါးစပ်ထဲသို့ တစ်စက်ချင်း ငုံထည့်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ဆယ်လီလည်း လျှာပေါ်သို့ရောက်လာသော ရေစက်များကို လျင်မြန်စွာမျိုချလိုက်သည်။ ယင်းသို့ရေကို တစ်စက်ချင်း ဆယ်လီအား တိုက်လိုက်ပြီးနောက် သတ္တုရေဘူးပြတ်ထဲမှ နောက်ဆုံးကျန်သောရေအနည်းငယ်ကိုတော့ ခရိတ်ကိုယ်တိုင်သောက်ချလိုက်သည်။ ထို့နောက် သတ္တုရေဘူးကို မြေတွင်းထဲ ပြန်ထည့်ကာ နောက်ထပ်ရေရရှိရန် သစ်ရွက်သစ်ခက်များ ရှာဖွေကာ နပ်နပ်စဉ်းပြီး ထည့်ထားလိုက်ပြန်သည်။ ခရိတ်သည် ဆယ်လီ၏ဘေးနားတွင် လဲလျောင်းနေလိုက်ရင်း ဆယ်လီ၏မျက်နှာကို နေပူရှိန်မထိုးအောင် သူ၏ ရှပ်အင်္ကျီအောက်ပိုင်းကို ဆုတ်ဖြဲ၍ ပိတ်စဖြင့်ကာပေးလိုက်သည်။ ပါးစပ်မှလည်း ဆယ်လီနားသို့ ကပ်၍-

"အားတင်းနေပါ အချစ်ရယ်၊ မကြာခင် ငါတို့ကိုကူညီမယ့်လူ ပေါ်လာတော့မှပါ"ဟု ခပ်တိုးတိုးပြောလိုက်သည်။ သို့ရာတွင် ခရိတ်၏စိတ်ထဲတွင်ကား အားငယ်စိုးရိမ်နေမိလေသည်။ ယခုလိုအစာရေစာမရှိဘဲ နောက်ထပ် တစ်ရက်အသက်ရှင်နေရန် ခဲယဉ်းကြောင်းသိနေပေသည်။ နောက်တစ်နေ့တွင် မိမိတို့သည် တတိယတပ်မဟာမှ စစ်သားများကြောင့်ဖြစ်စေ၊ သို့မဟုတ် နေပူရှိန်ကြောင့်ဖြစ်စေ၊ သေရပေတော့မည်ဟု သိနေသည်။

နေဝင်ချိန်သို့ ရောက်သောအခါ သတ္တုရေဘူးပြတ်ထဲတွင် ရေတစ်ဝက်ခန့် ရရှိပြန်လေသည်။ ထိုရေကို သောက်လိုက်ကြပြီးနောက် နှစ်ယောက်စလုံးအိပ်ပျော်သွားကြလေသည်။ ခရိတ်သည် ရုတ်တရက် အိပ်ရာမှလန့်နိုးလာလေသည်။ ပထမဆော် ညလေအေးတိုက်ခက်မှု ကြောင့်လန့်နိုးလာခြင်းဟုထင်မိသည်။ ခရိတ်သည် ကြိုးစား၍ ထထိုင်ပြီးနောက် သေချာစွာ နားစွင့်ထောင်နေလသည်။

ထိုအချိန်၌ သူ၏ဦးနှောက် ကြည်လင်ခြင်းမရှိသေး။ အိပ်မက်မက်နေသလား၊ တကယ်ပဲလားဟူ၍ ဝေခွဲ၍ မရဖြစ်နေသည်။ ကောင်းကင်သို့မော့ကြည့်လိုက်သောအခါ နံနက် အရုဏ်တက်လုပြီဖြစ်ကြောင်း သတိပြုမိလေသည်။ ထိုခဏ၌ပင် သူအိပ်ရာမှ လန့်နိုးစေခဲ့သော အသံကို ကြားရပြန်လေသည်။ ထိုအသံကို ခရိတ်က ကောင်းစွာ မှတ်မိပေသည်။

အခြားမဟုတ်၊ လင်းရိုဗာကား၏ အင်ဂျင်စက်သံပင်ဖြစ်သည်။ ဤအတိုင်းဆိုလျှင် တတိယ တပ်မဟာက မိမိတို့အား လိုက်လံရှာဖွေခြင်းကို လက်မလျှော့သေးကြောင်း ထင်ရှားနေပေသည်။ အခု မိမိတို့နောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာနေပြီမဟုတ်ပါလော။ အတော်အလှမ်းဝေးသေးသော

နေရာ၌ မော်တော်ကား၏ ရှေ့မီးလုံးကြီးများကို မြင်နေရပြီဖြစ် သည်။ ခရိတ်သည် သူ၏ အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်ကို လက်ဖြင့်စမ်းလိုက်ရာရှာမတွေ့ဘဲဖြစ်နေ၍ စိတ်ပျက်သွားမိလေသည်။ သူသည် တဖြည်းဖြည်း နီးကပ်လာသော မော်တော်ကားရှေ့မီးလုံးများကို ငေးစိုက်ကြည့်နေမိသည်။ ကားမီးရောင်တွင်လူပ်ရှားနေသော ခပ်သေးသေးပုပုသဏ္ဌာန်တစ်ခုကိုမြင်မိသဖြင့် အံ့အားသင့်သွားမိ လေသည်။ သေချာစွာကြည့်လိုက်တော့မှ အာဖရိကတောင်ပိုင်း သဲကန္တာရဒေသ၌ နေထိုင်သော ဘွတ်ရှ်မင်း(Bush Man)ခေါ် တိုင်းရင်းသားလူပုကလေးတစ်ဦး ဖြစ်နေကြောင်း သတိပြုမိလေသည်။ (မှတ်ချက်။ ။ ဘွတ်ရှ်မင်းခေါ် တိုင်းရင်းသားတစ်မျိုးမှာ တောင်အာဖရိကဒေသ ကာလာဟာရီ သဲ ကန္တာရကြီးအနီးတွင်နေထိုင်ကြသူ ပစ်ဂ်မီခေါ်လူပုကလေးတစ်မျိုး ဖြစ်သည်။ အရပ်လေးပေသာသာ မြင့်ပြီး အလွန်အစာရေစာရှာပါးသော သဲကန္တာဒေသတွင် အံ့သြဖွယ်ကောင်းလောက်အောင် နေထိုင် နိုင်ကြသူများ ဖြစ်သည်။

ယင်း ဘွတ်ရှ်မင်းတို့၏ ထူးခြားသော အရည်အချင်းတစ်ခုမှ မြေပြင်ကိုကြည့်ရုံနှင့် ဖြတ်သန်းသွားသူ လူ သို့မဟုတ် တိရစ္ဆာန်မှန်သမျှကို ခြေရာခံလိုက်နိုင်ကြခြင်းပင်ဖြစ်သည်။ ခြေရာခံလိုက်ရာ၌ ကမ္ဘာ ပေါ်တွင် အထူးချွန်ဆုံးလူမျိုးများ လူပုကလေးများဖြစ်သည်ဟု အဆိုရှိသည်။ မြန်မာပြန်သူ)

ခရိတ်သည် လူပုကလေးကို မြင်ရုံနှင့်အဖြစ်မှန်ကို ချက်ချင်းရိပ်မိလေသည်။ တတိယတပ်မဟာမှ စစ်သားများက မိမိတို့နောက် ခြေရာခံလိုက်ရန် ဘွတ်ရှ်မင်း လူပုကလေးတစ်ဦးကို ငှားရမ်းခေါ်ယူ၍ လိုက်လာခြင်းဖြစ်ရပေမည်။ ဘွတ်ရှ်မင်း တိုင်းရင်းသားတစ်ဦးဖြစ်၍သာ လင်းရိုဗာကား၏ မီးရောင်နှင့် မြေပြင်ကိုကြည့်ပြီး မိမိတို့နောက် ခြေရာခံလိုက်လာနိုင်ခြင်း ဖြစ်ပေသည်။ ခရိတ်သည် ထွက်ပြေးချိန် မရှိတော့သဖြင့် ရန်သူအားရင်ဆိုင်ရန်ဆုံးဖြတ်လျက် သေနတ်မှလုံစွတ်ကို အသင့်ကိုင်ထားလိုက် သည်။ ခုခံတိုက်ခိုက်ရင်း အသေခံသွားမည်။ အနည်းဆုံး ရန်သူတစ်ယောက်ကိုတော့ ချေမှုန်းပစ်ပြီးမှ အသေခံမည်ဟူ၍လည်း စိတ်ပိုင်းဖြတ်ထားလိုက်သည်။

လင်းရိုဗာကားသည် ခရိတ်တို့ရှိရာ နေရာအနီးသို့ရောက်လာပြီး ရပ်လိုက်သည်။ လမ်းပြအဖြစ် လိုက်လာသူ ဘွတ်ရှ်မင်း လူပုကလေးအနီးတွင်ရပ်ရင်း သူတို့၏ ထူးဆန်းသော ဘာသာစကားဖြင့် တစ်စုံတစ်ခု ပြောနေလေသည်။

(မှတ်ချက်။ ။မနုဿဗေဒပညာရှင်များ လေ့လာချက်အရတောင်ပိုင်းမှ ဘွတ်ရှ်မင်း လူပုကလေး များ ၏ ဘာသာစကားမှာ အခြားအာဖရိကတိုင်းရင်းသား လူမည်းများ၏ဘာသာနှင့်လုံးဝမတူ။ တရုတ်

ဘာသာစကားပြောသံနှင့်တူနေကြောင်း။ ထို့ကြောင့် ဘွတ်ရှ်မင်းလူပုကလေးများသည် မွန်ဂိုလူမျိုးနွယ် ဖြစ်နိုင်ဖွယ်ရာရှိကြောင်း ကောက်ချက်ချထားကြသည်။)

လင်းရိုဗာကားတံခါးဖွင့်သံ၊ ပိတ်သံကြားလိုက်ရပြီးနောက်၊ လူတစ်ယောက်ကားပေါ်မှာ ဆင်းလာရာ ခရိတ်သည် ထိုလူအား ချက်ချင်းမှတ်မိလေသည်။ အရင်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် မိမိတို့ဘက်သို့ လျှောက်လာပုံအရ ဗိုလ်ချုပ်ဖွန်ဂါဘီရာပင် ဖြစ်ရပေမည်။

ခရိတ်သည် ထိုလူအနီးသို့ရောက်လျှင် လုံစွပ်မားဖြင့် လည်ပင်းသို့ တအားထိုးစိုက်လိုက်မည်ဟု စိတ်ကူးထားပြီးဖြစ်သည်။ သို့သော် တကယ်တမ်းကျတော့ ခရိတ်မှာ အစာငတ် ရေငတ်၍ အားအင်ပြတ်နေခြင်းကြောင့် ခြေလက်အင်္ဂါများ မလှုပ်မရှားနိုင်ချေ။

ငါတော့ ဖကန်မုချ သေရတော့မှာပါတကားဟုလည်း သူ၏ဘဝကြမ္မာဆိုးပုံကိုသာ တွေးနေမိသည်။ ကားပေါ်မှဆင်းလာသူက အင်္ဂလိပ်ဘာသာဖြင့် စကားပြောလိုက်သောအခါ ခရိတ်သည် အလွန်အံ့သြသွားမိလေသည်။

"လူကြီးမင်းခင်ဗျား၊ လူကြီးမင်းဟာ ဘော့ဆွာနာ သမ္မတနိုင်ငံတော်အတွင်းကို တရားမဝင်ခိုးဝင်လာပါတယ်။ ဒါကြောင့် လူကြီးမင်းကို ကျွန်တော်တို့ဖမ်းဆီးရပါမယ်"

ပြောလိုက်သည့်အသံက ဗိုလ်ချုပ်ဖွန်ဂါဘီရာအသံနှင့် လုံးဝမတူသဖြင့် ခရိတ်ကအံ့သြမိခြင်းဖြစ်ပေသည်။
"လူကြီးမင်း ကံကောင်းတယ်လို့ ဆိုရပါမယ်။ ကျွန်တော်တို့က ခင်ဗျားတို့နောက် ခြေရာခံလိုက်ခဲ့တာ မနေ့က ညနေသုံးနာရီလောက်က စပြီးလိုက်ခဲ့တယ်။ လူကြီးမင်းတို့နယ်စပ်ဖြတ်ကျော် လာခဲ့တဲ့နေရာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်"

ပြောရင်း ထိုလူက ရေဘူးတစ်ဘူးထုတ်ယူ၍ ခရိတ်၏ ပါးစပ်တွင်တေ့ပြီး ရေတိုက်ရာ ခရိတ်သည် ထိုလူ၏မျက်နှာကို အနီးကပ် ကြည့်လိုက်မိသည်။ သည်တော့မှ ပို၍ပင်အံ့အားသင့်သွားမိသည်။

ထိုလူက ဗိုလ်ချုပ်ဖွန်ဂါဘီရာမဟုတ်ဘဲ သူစိမ်းတစ်ယောက်ဖြစ်နေပေသည်။ ခရိတ်သည် လက်ထဲမှ လုံစွပ်ကိုလွှတ်ချလိုက်ပြီး ရေဘူးကိုဆွဲယူကာ အားပါးတရ ရေသောက်လိုက်သည်။ လင်းရိုဗာကို သေချာစွာကြည့်လိုက်သောအခါ ကား၏ဘေးတံခါးတွင် "ဘော့ဆွာနာနိုင်ငံရဲ့တံဆိပ် အမှတ်အသားကို တွေ့ရသဖြင့် အလွန်ထူးဆန်းသည်"ဟု ထင်မိလေသည်။

"ခင်ဗျား ခင်ဗျား ဘယ်သူလဲ"

"လူကြီးမင်းခင်ဗျား စကားမပြောပါနဲ့၊ လူကြီးမင်းနဲ့တကွ အမျိုးသမီးကို ကျွန်တော်တို့က အမြန်ဆုံး ဆေးရုံပို့ပေးဖို့ အရေးကြီးနေပါတယ်"

ထိုလူက ပြောသော်လည်း ခရိတ်သည် တိတ်တိတ်မနေနိုင်ဘဲ-

"ခင်ဗျားဟာ ဗိုလ်ချုပ်ဖွန်ဂါဘီရာလည်း မဟုတ်ဘူး၊ ခင်ဗျား ဘယ်သူလဲ"ဟု ထပ်မေးလိုက်ပြန်သည်။

"ကျွန်တော်က ဘော့ဆွာနာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားကင်းတပ်ကပါ။ ကျွန်တော်နာမည် ဆာဂျင် ဆိုင်းမွန်လို့ ခေါ်ပါတယ်။ လူကြီးမင်း ခင်ဗျား"

အရပ်မြင့်မြင့်နှင့်လူက ရည်မွန်စွာ ပြန်ပြောလိုက်သည်။

ဗိုလ်မှူးကြီးဘူခါရင်သည် ငယ်စဉ်ကလေးဘဝကပင် သူ၏ဖခင်ကြီးနှင့်အတူ တောလိုက်အမဲပစ်ခြင်း (အထူးသဖြင့် တောထဲမှ ဝံပုလွေများ လိုက်ပစ်ခတ်ခြင်း)များ၌ လိုက်ပါခဲ့ဖူးလေသည်။ ဤကား ရုရှနိုင်ငံ၌ စစ်ကြီးမဖြစ်မီခေတ်ကဖြစ်သည်။ ရုရှပြည်နယ်ယူရယ်တောင်တန်းဒေသ ဝေးလံခေါင်းပါးသော ကျေးရွာများသို့ ဝံပုလွေများသည် အုပ်လိုက် ကျေးရွာများသို့ ဝင်၍အန္တရာယ်ပေးတတ်ကြ၍လည်း ဘူခါရင်၏ ဖခင်ကဲ့သို့ပုဂ္ဂိုလ်များက ဝံပုလွေများကို လိုက်လံပစ်ခတ်လေ့ ရှိကြခြင်းဖြစ်သည်။

ဘူခါရင်အနေဖြင့် ထိုစဉ်က အသက်ငယ်ရွယ်သူတစ်ဦး ဖြစ်နေလင့်ကစား အန္တရာယ်များသော ဝံပုလွေလိုက်ပစ်ခြင်းကို သဘောကျကာ စိတ်ပျော်ရွှင်မိနေခဲ့ပေသည်။ ဝံပုလွေသတ္တဝါကို လိုက်ပစ်ခြင်းသည် အခြားတိရစ္ဆာန်များအား တောလိုက်အမဲပစ်ခြင်းနှင့်မတူ။ အလွန်ပင် ကြောက်စရာကောင်းပေသည်။ အချိန်မရွေး လူကို အန္တရာယ်ပေးနိုင်သော တောရိုင်းသတ္တဝါဖြစ်၍ ဝံပုလွေလိုက်ပစ်သူသည် အထူးပင်လျင်မြန်ဖျတ်လတ်ပြီး ဘေးရန်ကိုရှောင်နိုင်မှသာ မုဆိုးကောင်း တစ်ဦးဖြစ်နိုင်ပေသည်။
ယင်းငယ်စဉ်က အတွေ့အကြုံကြောင့် ဗိုလ်ချုပ်မှူးကြီး (ကာနယ်)ဘူခါရင်သည် မျက်စိလျင်ခြင်း၊ အနှံ့ခံတတ်ခြင်း မုဆိုးကောင်းတို့၏ အရည်အချင်းများနှင့် ပြည့်စုံခဲ့ပေသည်။ ယခုလူကြီးတစ်ယောက်ဖြစ်လာချိန်တွင်ပင် သူငယ်စဉ်ကဝံပုလွေလိုက်ပစ်ခြင်း၊ အတွေ့အကြုံကြောင့်ရရှိခဲ့သောမုဆိုးကောင်းအရည်အချင်း ပြည့်စုံလျက်ပင် ရှိသေးပေသည်။ ယခုဆိုလျှင် သူသည် အသက်ခြောက်ဆယ့်နှစ်နှစ် ရှိနေပေပြီ။

ကာနယ်ဘူခါရင်၏ နောက်အရည်အချင်းတစ်ခုကား မှတ်ဉာဏ်အလွန်ကောင်းခြင်း ပင်ဖြစ်သည်။ အချက်အလက်များကို သူ၏ဦးနှောက်ထဲ မှတ်သားစုဆောင်းထားရာ၌ ကွန်ပျူတာစက်သကဲ့သို့ပင် အချိန်မရွေး တိတိကျကျ ဖော်ထုတ်နိုင်စွမ်း ရှိပေသည်။

ယင်းသို့ အရည်အချင်းထူးချွန်မှုကြောင့်လည်း ယခုအခါကာနယ်ဘူခါရင်သည် ဆိုဗီယက် ထောက်လှမ်းရေး၏ အမှတ်(၇)သို့မဟုတ် သတ္တမဌာနခွဲတွင် အထူးတာဝန်ပေးအပ်ခြင်းခံခဲ့ရပေသည်။ ဤဌာနခွဲ၏ အဓိကအလုပ်မှာ ငယ်စဉ်ကလို တောလိုက်အမဲပစ်ခြင်းနှင့် ခပ်ဆင်ဆင်တူသော်လည်း၊ ယခုအမဲလိုက်ရသည်မှာ တောရိုင်းတိရစ္ဆာန်များမဟုတ်၊ လူသတ္တဝါဖြစ်ပေသည်။ တောရိုင်းတိရစ္ဆာန်များထက် ပို၍ကြောက်စရာကောင်းသော လူကို အမဲလိုက်ရခြင်းပင် ဖြစ်သည်။

သူ၏ အလုပ်တာဝန်ဝတ္တရားကြောင့် ကာနယ်ဘူခါရင်သည် ကေဂျီဘီနှင့်ဂျီအာရ်ယူစသော ဆိုဗီယက် ထောက်လှမ်းရေး အဖွဲ့အစည်းများမှ ထိပ်သီးအရာရှိကြီးများနှင့် သိကျွမ်းရင်းနှီးသူ ဖြစ်ပေသည်။ ဆိုဗီယက်ရုရှားတွင် ထိပ်သီးအရာရှိကြီးများ အပျင်းပြေအမဲလိုက်ပစ်ရန် ဝက်ဝံနှင့်တောဝက်များပေါသောသီးသန့်တောများရှိရာသို့ ကာနယ်ဘူခါရင်သည် မကြာခဏထောက်လှမ်းရေးအရာရှိကြီးများနှင့်အတူ တောလိုက်အမဲပစ်ရာသို့ လိုက်ပါရတတ်လေသည်။

တောဝက်နှင့် ဝက်ဝံတို့သည် လူကိုအန္တရာယ်ပေးနိုင်သော သတ္တဝါများဖြစ်ပေရာ ဘူခါရင်သည် ရံဖန်ရံခါ ထောက်လှမ်းရေးအရာရှိကြီးများ ထိတ်လန့်အောင် ခြောက်လှန့်သည့်အနေဖြင့် သားကောင်များရှိရာ နေရာသို့ရောက်၍ ပုန်းအောင်းနေခိုက် ဆိတ်ငြိမ်စွာနေရမည့်အချိန်မျိုးတွင် သေနတ်ပစ်ဖောက်လေ့ရှိလေသည်။ သေနတ်သံကြောင့် တိရစ္ဆာန်များသည် ရန်သူ(လူ)ကို တရကြမ်းလိုက်ရာသဖြင့် အရာရှိကြီးများ ထိတ်လန့်ချောက်ချားကြသည်ကိုကြည့်ပြီး ဘူခါရင်က သဘောကျလေ့ရှိပေသည်။ သူကိုယ်တိုင်ကလည်း ဘေးအန္တရာယ်နီးကပ်ခြင်းကို သာယာလေ့ရှိသည်။ ရင်တဖိုဖိုနှင့် အန္တရာယ်ရှောင်ရသည်ကို ပျော်စရာကောင်းသည်ဟု ထင်မိသည်။

ယခုသူ့အား ဇင်ဘာဘွေနိုင်ငံတွင် လျှို့ဝှက်သောတာဝန်တစ်ခုပေးလိုက်ချိန်၌ ကာနယ်ဘူခါရင်သည် ယင်းတာဝန်မှာ မည်မျှအရေးကြီးကြောင်း ချင်းချင်းသဘောပေါက်မိလေသည်။ အန္တရာယ်များလင့်ကစား အလွန်အရေးကြီးသဖြင့် ယင်းတာဝန်ပေးအပ်ခံရသည်ကို ဂုဏ်ယူမိလေသည်။ ဇင်ဘာဘွေနိုင်ငံသို့ ရုရှလူမျိုးတစ်ဦးအဖြစ် လာရောက်ရာတွင် မည်သူကမှ သူ့အပေါ်သံသယမရှိအောင် ထိမိပြီး သဘာဝကျသော ဟန်ပြလုပ်ငန်းတစ်ခုပြုရန် လိုအပ်လေရာ ဘူခါရင်က ယင်း ဟန်ပြအလုပ်ကို

သူကိုယ်တိုင် သဘောကျဝါသနာပါသည့် အလုပ်လည်းဖြစ်အောင် စိတ်ကြိုက် ရွေးချယ်ခဲ့လေသည်။ မျက်နှာဖြူ အုပ်စိုးမှူလက်အောက်မှ လွတ်မြောက်ကာစ ဇင်ဘာဘွေသမ္မတနိုင်ငံတွင် တိုင်းရင်းသားပြည်သူအများစုက ရုရှလူမျိုးများ(အထူးသဖြင့်ရာထူးကြီးကြီး ထိပ်သီးအရာရှိများ)ကို မယုံသင်္ကာဖြစ်တတ်ကြပေသည်။ သံသယရှိတတ်သည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။

ဇင်ဘာဘွေနိုင်ငံတွင် တိုင်းရင်းသားလူမည်းများက မျက်နှာဖြူအစိုးရအား တော်လှန်တိုက်ခိုက်ခဲ့သော တော်လှန်ရေးစစ်ပွဲကာလအတွင်းက ဆိုဗီယက်ရုရှားအနေဖြင့်ဝင်ရောက်စွက်ဖက်တပည့်မွေးအားပေးကူညီရာ၌ မှားယွင်းချက်တစ်ခု ရှိခဲ့သည်။ ယင်းကား ရုရှားက တပည့်မွေးကူညီရာ၌ အုပ်စုမှားပြီး အားပေးခဲ့မိခြင်းပင်ဖြစ်သည်။ ထိုအုပ်စုမှာ နီကိုမိုဆိုသူ ခေါင်းဆောင်သော ဇီပရာပါတီဝင် ဖြစ်သည်။ နီကိုမို ခေါင်းဆောင်သော အုပ်စုမှာ မာတာဘယ်လီ တိုင်းရင်းသားတို့၏ အုပ်စုပင် ဖြစ်သည်။ ရုရှက ထိုအုပ်စုကို ထောက်ခံအားပေးသည်။ တရုတ်တို့က လက်ရှိဝန်ကြီးချုပ်မူဂါဘီ၏အုပ်စု(ရှိုနာတိုင်းရင်းသားများအုပ်စု)ကို ထောက်ခံအားပေးခဲ့သည်။

တော်လှန်ရေးစစ်ပွဲပြီး၍ ဇင်ဘာဘွေနိုင်ငံ လွတ်လပ်လာသောအခါ မူဂါဘီ၏ရှိုနာလူမျိုးများ(လူဦးရေအချိုးအရအများစုဖြစ်သည့်အုပ်စု)က အစိုးအာဏာရလာခဲ့လေရာ ထိုအစိုးရအနေဖြင့် ရုရှကို နယ်ချဲ့သမားအသစ်(သို့မဟုတ်)ရန်သူဟု သဘောထားပြီး တရုတ်တို့ကိုသာ ဇင်ဘာဘွေ တော်လှန်ရေး၏ မိတ်ဆွေစစ်များဟုသတ်မှတ်ခဲ့လေသည်။ အထက်ပါအခြေအနေကြောင့် ကာနယ်ဗိုလ်မှူးကြီးဘူခါရင်သည် ဇင်ဘာဘွေနိုင်ငံသို့ ဝင်ရောက်ရာတွင် ဖင်လန်နိုင်ငံသားတစ်ဦး ဟန်ဆောင်ကာ ဖင်လန်ပတ်စ်ပို့ဖြင့် ဝင်ရောက် လာခဲ့ပေသည်။

ကံအားလျော်စွာ သူသည်ဖင်လန်ဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်သူဖြစ်နေခြင်းကြောင့် အဆင်ပြေနေပေသည်။ ပတ်စ်ပို့တွင်လည်း သူ၏နာမည်ရင်းမဟုတ်ဘဲ အခြားနာမည်တစ်ခုရေးထည့်ထားလိုက်သည်။ ဇင်ဘာဘွေနိုင်ငံတွင်းသို့ ချောမောစွာဝင်ရောက်နိုင်ခဲ့ပြီးနောက် ဟာရာရေမြို့တော်မှ မကြာခင် နယ်အသီးသီးနှင့်ကျေးလက်ဒေသများသို့ လွတ်လပ်စွာသွားလာ လှုပ်ရှားနိုင်ရန်အတွက် သဘာဝကျပြီး ယုတ္တိတန်မည့်အလုပ်တစ်ခု ဟန်ပြအဖြစ်ဖန်တီးရန် လိုအပ်လေသည်။

ဤအချက်ကား အထူးအရေးကြီးပေသည်။ သူနှင့် လှို့ဝှက်စွာဆက်သွယ်ရမည့် အဆက်အသွယ်ပုဂ္ဂိုလ်နှင့်လူမသိအောင်တွေ့ဆုံနိုင်ရန် ကျေးလက်ဒေသသို့သွားနိုင်မှ ဖြစ်ပေမည်။ ဘူခါရင်သည် ရုရှလူမျိုးဖြစ်သော်လည်း ဖင်လန်ဘာသာအပြင် နိုင်ငံခြားဘာသာငါးမျိုး (အင်္ဂလိပ်စကားအပါအဝင်)

ကျွမ်းကျင်စွာ တတ်မြောက်ခြင်းကလည်း ယခု ဇင်ဘာဘွေနိုင်ငံသို့ လာရောက်ရသည့် တာဝန်အတွက် အထောက်အကူ ဖြစ်ပေသည်။

အာဖရိကတိုက်ရှိ သမ္မတနိုင်ငံအတော်များများသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့ချုပ်စသော နိုင်ငံတကာ ဖွဲ့အစည်းအသီးသီး၏ တိုက်တွန်းချက်ဖြင့် တောရိုင်းတိရွစ္ဆာန် (ကျား၊ ဆင်၊ ခြင်္သေ့စသော)အကြီးများ သတ်ဖြတ်ခြင်းကို ဥပဒေဖြင့်ပိတ်ပင်တားမြစ်ထားသော်လည်း ဇင်ဘာဘွေနိုင်ငံတွင်မူ ကြေးစားမုဆိုးအချို့အားတရားဝင်အမဲပစ်လိုင်စင် ထုတ်ပေးနေဆဲဖြစ်ပေသည်။ သို့သော် တိရွစ္ဆာန်များပစ်ခတ်ရန်နေရာကိုတော့ ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသည့်တောများတွင်သာ ပစ်ခတ်ခွင့် ရှိလေသည်။ အမှန်တော့ ယင်းသို့ မုဆိုးလိုင်စင် ကန့်သတ်၍ ထုတ်ပေးခြင်းအကြောင်းမှာ တိရွစ္ဆာန်ထွက်ပစ္စည်း (ဆင်စွယ်၊ ကြံ့ချို၊ ကျားသစ်ရေ စသည်)များ ပြည်ပသို့ ရောင်းချခြင်းအားဖြင့် နိုင်ငံခြားသုံးငွေ(ဒေါ်လာ)ရရှိခြင်းကြောင့်ပင် ဖြစ်သည်။

ဝိုလ်မှူးကြီးဘူခါရင်သည် ဖင်လန်နိုင်ငံ၏မြို့တော် ဟယ်လ်ဆင်ကီမှ သစ်ကုန်သည်ကြီးတစ်ဦးအဖြစ် ဟန်ဆောင်ပြီး ဇင်ဘာဘွေနိုင်ငံသို့ ခပ်တည်တည်ဝင်ခဲ့လေသည်။ သစ်ကုန်သည် ဟန်ဆောင်လာခဲ့ခြင်းအကြောင်းမှာ ငယ်စဉ်ကပင် ဝါသနာပါခဲ့သော တောလိုက်အမဲပစ်ခြင်းကို ဇင်ဘာဘွေနိုင်ငံတွင် ပြန်လည်လေ့ကျင့်လိုချင်လည်းဖြစ်သည်။ သစ်ကုန်သည်အနေဖြင့်ကျေးလက်ဒေသများ၊ သစ်တောများရှိရာသို့ သွားရောက်ရန် အကြောင်းခိုင်လုံသဖြင့် ဟာရာရေမြို့တော် ပြင်ပသို့ထွက်လျှင် ယုတ္တိရှိမည်။ သဘာဝကျမည်ဖြစ်သောကြောင့် သူဝါသနာပါသော တောလိုက်အမဲပစ်ခြင်းကိုလည်း ပြုလုပ်နိုင်မည် ဖြစ်ပေသည်။

စင်စစ်အားဖြင့် တောလိုက်အမဲပစ်ခြင်းသည် အရင်းရှင်စနစ်ကျင့်သုံးနေသေးသော ဇင်ဘာဘွေ နိုင်ငံမှ အထက်တန်းလွှာကြေးရတတ်များအတွက် သီးသန့်ထားရှိခြင်းပင် ဖြစ်ပေသည်။ သို့သော်လည်း ဆိုဗီယက်နိုင်ငံသား ဝိုလ်မှူးကြီးဘူခါရင်ကတော့ တောလိုက်အမဲပစ်ခြင်းကို နဂိုက ဝါသနာပါသည့် အလျောက် အလွန်နှစ်သက် သဘောကျခဲ့မိလေသည်။ ယခု သူ့အား ဇင်ဘာဘွေနိုင်ငံတွင် လှို့ဝှက်စွာ ဆောင်ရွက်ရန် တာဝန်ပေးလိုက်သော အလုပ်အတွက် သတ်မှတ်ပေးလိုက်သည့် ဘတ်ဂျက်ရန်ပုံငွေကမများလှသဖြင့် တောလိုက်အမဲပစ်ထွက်လျှင် ကုန်ကျမည့်စရိတ်စကသုံးရန် လုံလောက်ခြင်းမရှိချေ။ သို့သော်လည်း ဘူခါရင်၏ကွန်တက်(လှို့ဝှက်ဆက်သွယ်သူ)ဝန်ကြီး ဝိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန်ချမ်းသာကြွယ်ဝသူဖြစ်ပြီး သူ၏ဘဝအခြေအနေ တိုးတက်ရန်အတွက် ရည်မှန်းချက်ကြီးမားသူဖြစ်သည်။

မိမိတို့နှင့် လျှို့ဝှက်ဆွေးနွေးရန်အတွက် တွေ့ဆုံနိုင်မည့် အစီအစဉ်ကို ညှိနှိုင်းတိုင်ပင်ကြသောအခါ ဗိုလ်ချုပ်ဖွန်ဂါဘီရာကပင် သားရဲတိရစ္ဆာန်များအား အမဲလိုက်ပစ်ထွက်ကြရင်း တွေ့ဆုံဆွေးနွေးလျှင် ကောင်းသည်ဟု စတင်အကြံပေးလေသည်။

ယင်းအစီအစဉ်အရဆိုလျှင် ဖွန်ဂါဘီရာကအိမ်ရှင်ဖြစ်၍ ကုန်ကျစရိတ်အားလုံးကို သူ့အနေဖြင့်ကျခံရမည်ဖြစ်သည်။ တောလိုက်ထွက်လျှင် ကုန်ကျစရိတ်မှာ တစ်နေ့လျှင် ဒေါ်လာတစ်ထောင်ခန့်ရှိရာ ထိုငွေကို ဖွန်ဂါဘီရာက လက်ငင်းစိုက်ထုတ်ကုန်ကျခံရမည် ဖြစ်သည်။ ဗိုလ်မှူးကြီး ဘူခါရင်သည် ယင်းအစီအစဉ်ကို အလွန်နှစ်ခြိုက်သဘောကျသဖြင့် ချက်ချင်းပင် လက်ခံသဘောတူလိုက်လေသည်။ တောတွင်းတစ်နေရာရှိ မြေကွက်လပ်တစ်ခုတွင်ရပ်ရင်း ဗိုလ်မှူးကြီး ဘူခါရင်သည် ဗိုလ်ချုပ် ဖွန်ဂါဘီရာဆိုသူအား အကဲခတ် ကြည့်မိလေသည်။ သူတို့သည် ကျွဲရိုင်းအထီးကြီးတစ်ကောင်ကို လိုက်လံပစ်ခတ်နေရာမှ ဘူခါရင်က ကျွဲထီးကြီးအား ဒဏ်ရာရအောင် တမင်တကာ ချိန်၍ပစ်ခဲ့သည်။ စင်စစ်အားဖြင့် ဘူခါရင်သည်အတွေ့အကြုံဝါရင့်သလောက် သေနတ်ပစ်ရာ၌ အလွန်လက်ဖြောင့်သူ ဖြစ်သည်။ ပစ္စတို၊ ခြောက်လုံးပြူး ရိုင်ဖယ်နှင့် အမဲပစ်သေနတ်စသော လက်နက်မျိုးစုံကိုကျွမ်း ကျင်စွာကိုင်တွယ်၍ပစ်ခတ်ရာ၌ မလွဲတမ်း ပစ်နိုင်ပေသည်။

ယခုပစ်မှတ်ဖြစ်သော သားကောင်နှင့် အကွာအဝေးကလည်း ကိုက်သုံးဆယ်မျှသာရှိရာ ဘူခါရင် အနေနှင့် တစ်ချက်တည်းဖြင့်သားကောင်သေသွားအောင်ပစ်နိုင်ပေသည်။ သို့သော် သူသည်အိမ်ရှင် ဖြစ်သူဖွန်ဂါဘီရာအတွက် ပစ်စရာချန်သည့်အနေဖြင့် ကျွဲထီးကြီး၏ဦးခေါင်းကိုမပစ်ဘဲ ဝမ်းဗိုက်ကို သာ ချိန်၍ပစ်လိုက်သည်။ ဝမ်းဗိုက်ဆိုသော်လည်း ချက်ချင်းသေနိုင်သောနေရာမျိုး (အဆုတ်၊ နှလုံး စသည်)ကို မထိမှန်အောင် အထူးသတိထားကာ ချိန်ပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။

သားရဲတိရစ္ဆာန်တို့ သဘာဝအရ သေနတ်ထိမှန် ဒဏ်ရာရသည့်အခါ လူဘက်သို့ပြေး၍ ရန်မူခတ် တတ်သောကြောင့် အလွန် အန္တရာယ်ရှိပေသည်။ သို့သော် ဘူခါရင်၏ သေနတ်ကျည်ဆန် ထိမှန် ထားခြင်းကြောင့် လျင်မြန်သွက်လက်စွာ မပြေးနိုင်တော့ချေ။ နှစ်ယောက်သား ခေတ္တရပ်နားကြရင်း ဇော့ဒ်ကာ (ရုရှအရက်) တစ်ခွက်စီ သောက်ကြလေသည်။

ဘူခါရင်သည် အသင့်ယူဆောင်လာသော ခရီးဆောင်ရေဘူးဖြူထဲမှ ဇော့ဒ်ကာအရက်ကို ခွက်ထဲ တွင်ထည့်၍ ဖွန်ဂါဘီရာအား လှမ်းပေးလိုက်သည်။ သူကိုယ်တိုင် အရက်ခွက်ကို ကိုင်မြှောက်၍ အနောက်တိုင်း ယဉ်ကျေးမှုထုံးစံအရ-

"နာ...ဇိုဒိဇေ"ဟု ရုရှဘာသာဖြင့် ဆုတောင်းပြီးမှမော့ကာ သောက်ချလိုက်သည်။ သူ၏ မျက်နှာက လည်း ပြုံးနေသည်။ ပြီးတော့ ဗိုလ်ချုပ်ဖွန်ဂါဘီရာအား လှမ်းကြည့်လိုက်သည်။ သပ်ရပ်စွာ မီးပူတိုက် ထားသော စစ်မြေပြင်ဝတ် ယူနီဖောင်းဝတ်ရုံဝတ်ဆင်ထားသူ ဖွန်ဂါဘီရာသည် အလွန်တင့်တယ် ခဲ့ညားနေပေသည်။ လည်ပင်းတွင် ကာကီရောင်လည်စီးတစ်ခု စည်းထားပြီး ဦးခေါင်းတွင်မူ ဦးထုပ် ဆောင်းမထားသဖြင့် တတိယတပ်မဟာ အမှတ်တံဆိပ်လည်းမရှိပေ။

ဦးထုပ်ဆောင်းမထားခြင်းမှာ ဦးထုပ်မှတံဆိပ်သည် သတ္တုဖြင့်ပြုလုပ်ထား၍ နေရောင်တွင် တဖျပ်ဖျပ် လက်နေမည်ဖြစ်သောကြောင့် သားကောင်တိရွစ္ဆာန်များ လူလာနေကြောင်း မသိစေရန်ဖြစ်ပေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာကလည်း အရက်ခွက်ကိုင်ထားရင်း ကာနယ်ဘူခါရင်အား လှမ်းအကဲခတ်ကြည့် လိုက်သည်။ ဩဇာလွှမ်းမိုးနိုင်သည့် အသွင်ဆောင်သော အင်္ဂါရုပ်ရှိသူ ရုရှလူမျိုး ဘူခါရင်အား ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သဘောကျမိပေသည်။ ဩဇာလွှမ်းမိုးနိုင်လောက်အောင် စိတ်ဓာတ်ပြင်း ထန်ခိုင်မာသူတစ်ဦးဖြစ်ဟန်တူသည့်ပြင် အရေးရှိလျှင်ရက်စက်ကြမ်းကြုတ်ရန်ဝန်လေးမည့်သူမဟုတ် ဟုလည်း ဖွန်ဂါဘီရာက စိတ်ထဲမှ ဘူခါရင်အား အကဲဖြတ်မိသည်။

ယင်းအရည်အချင်းသည်ပင်လျှင် မိမိတို့အာဖရိကတိုင်းရင်းသားများနှင့် တူနေသည်ဟုလည်း ယူဆမိ သည်။ ဒီလူကြီးဟာလည်း ငါတို့လို လူတစ်ယောက်ပါလားဟုလည်း အကဲဖြတ်မိသည်။ ဤသို့လျှင် ဗိုလ်မှူးကြီး ဘူခါရင်အား အကဲဖြတ်ပြီးနောက် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဇော့ဒ်ကာ အရက်ခွက်ကို မော့သောက်ချလိုက်သည်။
"ဗိုလ်ချုပ်က ယောကျ်ားပီပီ သောက်နိုင်သားပဲ"

ဘူခါရင်က ဗိုလ်ချုပ် ဖွန်ဂါဘီရာ အရက်သောက်ပုံကို ကြည့်၍ ချီးကျူးပြောဆိုလိုက်သည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်သူ့အား ရုရှလူမျိုးဘူခါရင်ကအရည်အသွေးစမ်းသည့်သဘောဖြင့်ဇော့ဒ်ကာ အရက်တိုက်ခြင်းဖြစ်ကြောင်းကိုလည်းကောင်း ဒဏ်ရာရနေသောကျွဲထီးကြီးအား ခြေရာခံ၍လိုက်ပြီး အသေပစ်ရန် မိမိအားစိန်ခေါ်ခြင်းဖြစ်သည်ကိုလည်းကောင်း ရိပ်မိလေသည်။ ထို့ကြောင့် ဖွန်ဂါဘီရာ ကလည်း ကျွဲရိုင်းကြီးကို တစ်ချက်တည်းနှင့် အသေပစ်သတ်ပြရန် ဆုံးဖြတ်လိုက်ပြီး ဘူခါရင်တိုက် သော ဇော့ဒ်ကာအရက်ကို ချက်ချင်း မော့သောက်ပြလိုက်ခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီး ဘူခါရင်သည် မိမိတို့ငှားရမ်းထားသော ကြေးစားမုဆိုးကိုလှမ်းခေါ်၍ ဆက်လက်တောလိုက်ရန် အစီအစဉ်များ အကြောင်း ဆွေးနွေးလေသည်။

ကြေးစားမုဆိုးမှာ အသက်သုံးဆယ်ကျော် လေးဆယ်အတွင်းရှိ အာဖရိကတိုက်ဖွား မျက်နှာဖြူလူမျိုး တစ်ဦးဖြစ်သည်။ ခေါင်းပေါ်တွင် ဦးထုပ်ကြီးကြီး ဆောင်းထားပြီး ကာကီရောင်အင်္ကျီ၊ ဘောင်းဘီများ ဝတ်ဆင်ထားပေသည်။ သူ၏ ရင်ဘတ်တွင်ကား သားရဲတိရစ္ဆာန်အကောင်ကြီးများ ပစ်ခတ်ရာတွင် အသုံးပြုရသည့် ကျည်ဆန်သားရေခါးပတ်ကို ကျည်ဆန်အိတ်နှင့် လွယ်ထားပေသည်။ မုတ်ဆိတ်မွေးရှည်ရှည်ထားသော သူ၏မျက်နှာမှာမူ ကြည်လင်ရွှန်လန်းပုံမရဘဲ ခပ်မှိုင်မှိုင်ဖြစ်နေလေသည်။

သူ၏ မျက်နှာမရွှင်လန်းခြင်းမှာလည်း အကြောင်းရှိပေသည်။ ကျွဲရိုင်းတိရစ္ဆာန်များသည် သေနတ် ကျည်ဆန်ထိမှန်၍ ချက်ချင်းမသေဘဲ ဒဏ်ရာရရှိလျှင် မည်မျှအန္တရာယ်ကြီးမားလှကြောင်း မျက်နှာဖြူ မုဆိုးက ကောင်းစွာသိသဖြင့် စိုးရိမ်ပူပန်ပြီး မျက်နှာမရွှင်ဘဲ ခပ်မှိုင်မှိုင် ဖြစ်နေပေသည်။

"ဗိုလ်ချုပ် ဖွန်ဂါဘီရာက ပွိုင့် ၄၅၈သေနတ်ကို ကိုင်လိမ့်မယ်"

ဗိုလ်မှူးကြီး ဘူခါရင်က ပြောလိုက်ရာ မျက်နှာဖြူမုဆိုးက ခေါင်းညိတ်လိုက်သည်။

ပွိုင့် ၄၅၈ ဆိုသည်မှာ ကျား၊ ဆင်၊ ခြင်္သေ့ စသော သားရဲတိရစ္ဆာန် အကောင်ကြီးများကို ပစ်ရာတွင် အသုံးပြုရသော အလွန်ပြင်းထန်သည့် သေနတ်အမျိုးအစားဖြစ်သည်။ စင်စစ်အားဖြင့် ယခု မိမိတို့ ခြေရာခံလိုက်ပစ်ကြရမည့် ကျွဲရိုင်းအထီးကြီးသည် ဒဏ်ရာရနေပြီဖြစ်၍ ပွိုင့် ၄၅၈ လို အင်အားကြီး သေနတ် လက်နက်မလိုပါခေျ။ သို့စဉ်လျက် ဤရုရှလူမျိုး အဘိုးကြီးက ဗိုလ်ချုပ် ဖွန်ဂါဘီရာအား ပွိုင့် ၄၅၈ သေနတ်ကိုင်စေရန် စီစဉ်သည်ကို မျက်နှာဖြူမုဆိုးမှာ နားမလည်နိုင်အောင် ဖြစ်နေတော့သည်။ သို့ရာတွင် 'ကြေးစားမုဆိုး'အနေဖြင့် မိမိတာဝန်မှာ ငှားရမ်းသူ'အလုပ်ရှင်'၏ ဆန္ဒကိုလိုက်နာရန်သာ အဓိကဖြစ်သောကြောင့် သေနတ်လက်နက်များကိုင်၍လိုက်ပါသူ တိုင်းရင်းသားလူမည်း အလုပ်သမားတစ်ဦးအား လှမ်းခေါ်၍ ပွိုင့် ၄၅၈ သေနတ်ကြီးကို ယူလာစေလိုက်သည်။

"ကျုပ်နဲ့ ဗိုလ်ချုပ် ဖွန်ဂါဘီရာတို့ နှစ်ယောက်တည်းပဲ ကျွဲထီးကြီးနောက် လိုက်ကြမယ်။ ခင်ဗျားက သေနတ်ကိုင်တဲ့ အလုပ်သမားတွေနဲ့အတူ ဒီမှာပဲ နေရစ်ရမယ်"

ဘူခါရင်ကပြောလိုက်ရာ မုဆိုးသည်အံ့ဩသြမိသလောက် စိုးရိမ်သွားမိသည်။ ဒဏ်ရာရနေသူကျွဲရိုင်းကြီး နောက်ခြေရာခံလိုက်ခြင်းသည် မည်မျှအန္တရာယ်ကြီးမားကြောင်း သူကောင်းစွာသိသဖြင့် စိုးရိမ်မိခြင်း ဖြစ်သည်။ ထို့ကြောင့်မိမိလိုကြေးစားမုဆိုးအနေဖြင့် တာဝန်ရှိသည်ဟုယူဆကာကန့်ကွက်လေသည်။

"ကျွန်တော့်အနေနဲ့ လူကြီးမင်းတို့ နှစ်ယောက်တည်းသွားတာကို သဘောမတူနိုင်ဘူးခင်ဗျ။ တစ်စုံတစ်ခုဖြစ်ရင် ကျွန်တော့်မှာဆိုးလိုင်စင် ပြုတ်သွားပါလိမ့်မယ်"

သို့သော် ဗိုလ်မှူးကြီး ဘူခါရင်က-

"ခင်ဗျား ဘာမှ ဝင်ပြောစရာမလိုဘူး"ဟု ခပ်တည်တည် ဟန့်လိုက်သည်။

"ဒါပေမဲ့ လူကြီးမင်းခင်ဗျား အလွန်အန္တရာယ်များလို့ ကျွန်တော်က ပြောရတာပါ"

"ဘာမှ ဝင်ပြောစရာမလိုဘူးလို့ ကျုပ်ပြောထားပြီ မဟုတ်လား"

ဘူခါရင်က မျက်နှာထား ခပ်တင်းတင်းဖြင့် ပြောလိုက်လျှင် ကြေးစားမုဆိုးမှာ ဘာမှဆက်မပြောတော့ဘဲ ဆိတ်ဆိတ် နေလိုက်တော့သည်။

သူသည် ဘူခါရင်၏ စူးရှသောမျက်လုံးများနှင့်မျက်နှာထား အမူအရာကိုကြည့်ပြီး ကျောချမ်းသွားမိလေသည်။ ဤရုရှလူမျိုးကား အလွန်ကြောက်စရာကောင်းသော လူတစ်ယောက်ပါတကားဟုလည်း စိတ်ထဲမှ မှတ်ချက်ချမိသည်။ သူ၏ မုဆိုးလိုင်စင် ရုပ်သိမ်းခံရမည်ကို စိုးရိမ်မိသည်ထက် ဤရုရှကြီး စိတ်ဆိုးမှာကို ပို၍ကြောက်မိလေသည်။ ထို့ကြောင့် သူသည်ဘာမှဆက်မပြောဘဲ အသာငြိမ်နေလိုက်ခြင်း ဖြစ်သည်။

ဘူခါရင်သည် လူမည်းအလုပ်သမားထံမှ ပွိုင့် ၄၅၈ သေနတ်ကြီးကိုယူ၍ ကျည်ဆန်များထိုးထားခြင်းကို သေချာစွာ စစ်ဆေးကြည့်ပြီးမှ ဗိုလ်ချုပ်ဖွန်ဂါဘီရာအား လှမ်းပေးလိုက်သည်။ ဖွန်ဂါဘီရာသည် သေနတ်ကိုယူပြီး လက်တွင်ဆကြည့်လေသည်။ ထို့နောက်ချက်ချင်းပင် သေနတ်ကို အလုပ်သမားလက်သို့ ပြန်ပေးလိုက်ပြီး ပြုံးလိုက်သည်။ ဗိုလ်မှူးကြီး ဘူခါရင်ကလည်း ဗိုလ်ချုပ်၏ အပြုအမူကို ကြည့်ပြီးပြုံးလိုက်သည်။ သို့သော် ပြုံးပုံကသရော်သလို ဟန်မျိုးဖြစ်နေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သေနတ်ကိုင်သူ လူမည်းအလုပ်သမားအား-

"အေးဟီး မန်ဘိုး"ဟု ရှိုနာဘာသာဖြင့် ပြောလိုက်ရာ အလုပ်သမားသည် လျင်မြန်ဖျတ်လတ်စွာ ပြေးထွက်သွားပြီး နောက်ထပ်လက်နက်တစ်ခု ယူလာပေးသည်။ လက်နက်ကို ဗိုလ်ချုပ်ဖွန်ဂါဘီရာက လှမ်းယူလိုက်ပြီး လက်တွင်ချိန်ဆကြည့်လေသည်။ လက်နက်ကား 'အာဆီဝိုင်' ခေါ် တိုင်းရင်းသားတို့၏ ရိုးရာလက်နက် မားရှည်တစ်လက်ပင်ဖြစ်သည်။ မား၏ အရိုးလက်ကိုင်ကို သစ်မာတစ်မျိုးဖြင့် ပြုလုပ်ထားပြီး အပေါ်မှကြေးနီဝိုင်ယာကြိုးများ ရစ်ပတ်ထားသည်။ မား၏အသွားက နှစ်ဆနီးပါးရှည်

ပြီးဖြက်လေးလက်မခန့်ရှိသည်။ ဓားသွားက အလွန်ထက်သည့်အလျောက် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ဓားသွားဖြင့် သူ၏လက်မှမွေးညှင်းနများကို ရိတ်ပြလိုက်သည်။

ထို့နောက် သူသည် အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်များကို ချွတ်ပစ်လိုက်သည်။ သူ၏ကိုယ်တွင် အတွင်းခံဘောင်းဘီတိုသာလျှင်ကျန်လေသည်။ သူသည် အာဆီဝိုင်တိုင်းရင်းသားရိုးရာဓားရှည်ကို ကိုင်လျက် ဘူခါရင်အားပြုံးကာ-

"ဒါမှ အာဖရိကတိုက်သားများရဲ့ အမဲလိုက်နည်းအစစ်ပဲ ဗိုလ်မှူးကြီးရဲ့"ဟုပြောလိုက်သည်။ သို့သော် ဗိုလ်မှူးကြီး ဘူခါရင်က မပြုံးချေ။

ဤတွင် ဖွန်ဂါဘီရာက ဆက်လက်၍-

"ဗိုလ်မှူးကြီးရဲ့ အသက်အရွယ်နဲ့တော့ ကျုပ်တို့ အာဖရိကတိုက်သားများရဲ့နည်းနဲ့ အမဲလိုက်ဖို့မလိုပါဘူး။ ဒါကြောင့် ဗိုလ်မှူးကြီးက ရိုင်ဖယ်သေနတ်ကိုပဲသုံးနိုင်ပါတယ်"ဟု ပြောလိုက်သည်။

ဗိုလ်မှူးကြီး ဘူခါရင်က ခေါင်းညိတ်လိုက်သည်။ သူ၏ စိတ်တွင်းကား ယခုကိစ္စတွင် ဖွန်ဂါဘီရာက မိမိအပေါ်တစ်ချီတစ်မောင်းအနိုင်ယူသွားပြီဟု အောက်မေ့မိလေသည်။ သို့သော် ဤအာဖရိကတိုက်သား ကပွလီလူမည်းသည် အပြောကြီးသလောက် တကယ်အမဲလိုက်ရာ၌ တကယ်အစွမ်းပြနိုင်ခြင်း ရှိမရှိ စောင့်ကြည့်ရသေးတာပေါ့ဟု စိတ်ထဲမှ ကျိတ်၍စိန်ခေါ်သလို ဆုံးဖြတ်လိုက်မိသည်။

ဒဏ်ရာရသွားသူ ကျွဲရိုင်းကြီးသည် သွေးရူးသွေးတမ်းနှင့် ပြေးသွားသည်မှာ အတော်ကြာပြီဖြစ်၍ ခြေရာခံလိုက်ရန် မလွယ်ကူတော့ဟုလည်း ယူဆမိသည်။ ဘူခါရင်သည် မြေကြီးကို သေချာစွာကြည့်လိုက်ရာ ကျွဲရိုင်းကြီး၏ခြေရာများ ကောင်းစွာထင်ကျန်ရစ်ကြောင်း တွေ့ရလေသည်။

"ကျုပ်က ရှေ့က ခြေရာခံပြီးလိုက်မယ်။ ဗိုလ်ချုပ်က နောက်နားက ခပ်ခွာခွာလိုက်ပြီး ချက်ကောင်းကိုသာ စောင့်ပေတော့"

ပြောပြောဆိုဆို ဗိုလ်မှူးကြီးဘူခါရင်သည်ရှေ့ဆောင်လျက် ကျွဲခြေရာများကိုကြည့်ပြီး လျှောက်လိုက်သွားလေရာ ဗိုလ်ချုပ်ကလည်း ဓားရှည်ကိုင်လျက် နောက်မှလိုက်လေသည်။

ယခုဆိုလျှင် သူတို့သည် မြေကွက်လပ်မှ ချုံနွယ်ပိတ်ပေါင်းထူထပ်သော တောတွင်းသို့ဝင်ရောက်မိကြပြီဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေခြင်းကပင်လျှင် စိတ်ချောက်ချားဖွယ် ဖြစ်နေပေသည်။ မြေပြင်ပေါ်မှ သစ်ရွက်ခြောက်များသည် သာမန်အားဖြင့် လမ်းဖြတ်လျှောက်

သွားလျှင် အသံမြည်ကာ ခြေသံကြားရမည်ဖြစ်သော်လည်း ယခုတော့သစ်ရွက်ခြောက်များ စိုထိုင်းနေသဖြင့် သူတို့နှစ်ဦး၏ ခြေသံလုံးဝမကြားရချေ။

သို့ဖြစ်လင့်ကစား တစ်ခါတစ်ရံ ရုရှဗိုလ်မှူးကြီးဘူခါရင်၏ ဘွတ်ဖိနပ်ကြီးဖြင့် ခပ်ကြမ်းကြမ်းနင်းလိုက်သောခြေသံက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်ပေါ်လာတတ်လေသည်။ အတန်ကြာအောင် ဆက်လျှောက်သွားမိသောအခါ ဘူခါရင်သည် မောပန်းစပြုလာလေသည်။ အသက်ကို ပြင်းပြင်းရှူလာလေသည်။ ချွေးပြန်၍ရှပ်အင်္ကျီပင်စိုရွှဲနေပြီဖြစ်သည်။ ဗိုလ်မှူးကြီး ဘူခါရင်သည် စိတ်လှုပ်ရှားနေပုံရလေသည်။ သို့သော် စိတ်လှုပ်ရှားခြင်းမှာ ထိတ်လန့်ကြောက်ရွံ့၍မဟုတ်။ တောလိုက်အမဲပစ်ခြင်းဝါသနာပါသူတို့ဘာဝ မိမိလိုက်နေသော သားကောင်ကို မိလုနီးအချိန်တွင် စိတ်တက်ကြွလာခြင်းမျိုးဖြစ်ကြောင်း ဖွန်ဂါဘီရာက အကဲခတ်မိလေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာကိုယ်တိုင်ကမူ ဘူခါရင်ကဲ့သို့ စိတ်လှုပ်ရှားမျိုးမဖြစ်ချေ။ သူသည် သွေးအေးအေးဖြင့် လုပ်ကိုင်လှုပ်ရှားတတ်သူဖြစ်သောကြောင့် ယင်းစိတ်ဓာတ်ကပင်လျှင် ကြောက်စိတ်ကိုဖုံးလွှမ်းထားနိုင်စွမ်းရှိအောင် အလိုအလျောက် ဖြစ်စေလေသည်။

ယခု သူသည် အာဆီဝိုင်ခေါ်တိုင်းရင်းသား ဓားလက်နက်တစ်ခုတည်းဖြင့် ကျွဲရိုင်းကြီးအားတိုက်ခိုက်သတ်ဖြတ်ရန်ဆုံးဖြတ်ခဲ့ခြင်းမှာ ရုရှလူမျိုး ဗိုလ်မှူးကြီးဘူခါရင်အနေဖြင့် သူ့အပေါ်အထင်ကြီးလာစေရန်ဖြစ်လေသည်။ ယင်းလက်နက်အသုံးပြု၍ တိုက်ခိုက်နည်းကို ဖွန်ဂါဘီရာသည် လေ့ကျင့်ထားခဲ့သူဖြစ်လေသည်။

ထိုအလျောက်ပင် ကျွဲရိုင်းကြီးနှင့်တွေ့လျှင် ထိရောက်စွာ တိုက်ခိုက်နိုင်ရန် အသင့်ပြင်ဆင်ထားပေသည်။ စိတ်ကိုစူးစိုက်၍ ရန်သူအားအပြတ်ချေမှုန်းရန် ပြင်ဆင်သည့်စစ်မြေပြင်မှစစ်သည်တစ်ဦးကဲ့သို့ အားမာန်တင်းလိုက်သောအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံး ဖျတ်လတ်တက်ကြွလာလေသည်။ သန်မာသော ကြွက်သားများသည် လျှပ်စစ်မာတ်အားသွင်းလိုက်သလို အင်အားပြည့်တင်းလာသလို ဖြစ်လာလေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် လမ်းလျှောက်သွားရင်း အမဲရှာရင်း ဝဲယာနှစ်ဖက်နှစ်ချက်ကို အထူးဂရုစိုက်၍ ကြည့်သွားလေသည်။ ယခု မိမိတို့ ခြေရာခံလိုက်နေသော ကျွဲရိုင်းသတ္တဝါသည် အာဖရိကတောတွင်းတိရစ္ဆာန်များအနက် ကျားသစ်ကဲ့သို့ပင် အလွန်ဉာဏ်များလှသဖြင့် အန္တရာယ်ရှိနိုင်ကြောင်းကောင်းစွာသိ၍ အထူးသတိထားနေခြင်းဖြစ်သည်။ ခြင်္သေ့ဆိုလျှင် တိုက်ခိုက်ကာနီးတွင် မာန်ဖီဟိန်းဟောက်တတ်သည်။ ဆင်ရိုင်းက သေနတ်ကျည်ဆန်ထိမှန်လျှင် ကြီးမားသောခန္ဓာကိုယ်ကြီးကို ဖြည်း

ဖြည်းချင်း ရန်သူဘက်သို့ လှည့်လာတတ်သည်။ သို့သော် ကျွဲရိုင်းသတ္တဝါကမူ လုံးဝ အသံမပြုဘဲ ရုတ်တရက်ပြေးဝင်ပြီး ခတ်တတ်လေသည်။ ကျွဲရိုင်း ပြေးဝင်လာပြီဆိုလျှင် သူ့အား လမ်းခုလတ်တွင် သေအောင်ပစ်နိုင်မှသာ ကျွဲချို့ဖျားတွင်ပါသွားပြီးမရှုမလှသေရခြင်းမှ လွတ်ကင်းနိုင်မည် ဖြစ်ပေသည်။ အပြာရောင်ယင်ကောင်ကြီးတစ်ကောင်သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏မျက်နှာတွင်လာနားရာမှ နှာခေါင်းပေါက်တွင်းသို့ဝင်သွားလေသည်။ ဖွန်ဂါဘီရာသည် ကျွဲရိုင်းကြီးပုန်းအောင်းနေမည် ထင်ရသော ဝဲယာနှစ်ဖက်မှချုံပုတ်များကိုသာ အာရုံစူးစိုက်ကြည့်နေသဖြင့် မျက်နှာပေါ်လာနားသော ယင်ကောင်ကိုပင် ခြောက်မောင်းခြင်းမပြုမိချေ။ ရုရှဗိုလ်မှူးကြီး ဘူခါရင်သည် ကျွဲရိုင်းကြီး၏ ခွာရာများကိုသာ ဂရုစိုက်ကြည့်ရင်း လျှောက်လာလေသည်။

တစ်နေရာတွင် ကျွဲကြီးသည် ခေတ္တရပ်နားခဲ့သည့် လက္ခဏာများကိုလည်း သတိပြုမိလေသည်။ ဤနေရာတွင် ကျွဲရိုင်းကြီးသည်ရပ်၍ နောက်မှလိုက်လာသော ရန်သူ(လူ)၏အသံကို နားစွင့်ထောင်ခြင်းဖြစ်ဟန်တူသည်။ ထိုအချိန်၌ ကျွဲရိုင်းကြီးသည် ပြင်းစွာဒေါသထွက်နေပြီး ရန်သူအား အသေခတ်ရန် အသင့်ဖြစ်နေသည်ဟု ထင်ရပေသည်။

ထို့နောက် ရှေ့သို့ဆက်သွားဟန်တူသည်။ စောစောက ဘူခါရင်ပစ်လိုက်သော ကျည်ဆန်ထိမှန်ထားသည့် သူ၏ဝမ်းဗိုက်အတွင်း၌ ပြင်းစွာနာကျင်ခြင်း ဝေဒနာခံစားနေရမည်မှာ ယုံမှားဘွယ်မရှိချေ။ ဗိုလ်မှူးကြီးဘူခါရင်သည် ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် လုံးဝစကားမပြောဘဲ နားလည်သဘောပေါက်ကြဟန်ဖြင့် နှစ်ယောက်စလုံး ရှေ့သို့ဆက်လျှောက်သွားကြသည်။

စင်စစ်အားဖြင့် ကျွဲရိုင်းကြီးသည် သူ၏ ဘိုးဘေးဘီဘင် ကျွဲသတ္တဝါများ၏ အစဉ်အလာဓလေ့အတိုင်း ပြုမူလှုပ်ရှားနေခြင်းဖြစ်သည်။ ဝမ်းဗိုက်သို့ ကျည်ဆန်ထိမှန်ခံရသည့်အချိန်မှစ၍ တအားပြေးလွှားခဲ့ခြင်း၊ ရံဖန်ရံခါခေတ္တရပ်၍ နောက်မှရန်သူလိုက်လာနေသလောဟု လေ့လာခြင်း၊ ရန်သူအားတုံ့ပြန်ကာ ချုံခိုတိုက်ခိုက်ရန်အတွက် နေရာကောင်းရှာဖွေခြင်းစသည်တို့မှာ ဒဏ်ရာရ၍ အန္တရာယ်နီးကပ်လာသည့်အခါ ကျွဲသတ္တဝါများ သဘာဝအရ ပြုလုပ်နေကျ လှုပ်ရှားမှုများပင် ဖြစ်လေသည်။

ကျွဲရိုင်းကြီးသည် ချုံပုတ်တွေကြားထဲ သွားနေရာမှ ခြေလှမ်းဆယ်လှမ်းခန့်ကျယ်သော မြေကွက်လပ်ငယ်တစ်ခုသို့ဖြတ်သွားပြီး တစ်ဘက်စွန်းရှိ ချုံနွယ်ပိတ်ပေါင်းကို ဖြတ်ထွက်လိုက်သည်။ သူဖြတ်တိုးသွားသည့် ချုံများတွင်နီရဲသောသွေးများ စွန်းထင်ကျန်ရစ်လေသည်။ ကျွဲကြီးသည် နောက်ထပ်ခြေလှမ်းငါးဆယ်ခန့်မျှ ဆက်လျှောက်သွားပြီးနောက် ရုတ်တရက်ပြန်လှည့်ကာ စောစောကဖြတ်ခဲ့

သည့် မြေကွက်လပ်ငယ်ဆီသို့ ပြန်လျှောက်လာလေသည်။ ယခုတစ်ကြိမ်တွင် ကျွဲရိုင်းကြီးသည် မုဆိုးက သားကောင်ရှိရာသို့ ချွတ်နင်းပြီး ချဉ်းကပ်သလို လုံးဝခြေသံမကြားအောင် ဖြည်းဖြည်းချင်း လျှောက်လာလေသည်။

မြေကွက်လပ်သို့ပြန်ရောက်သောအခါ ကျွဲကြီးသည် အနီးရှိချုံပုတ်များကြားထဲသို့ ဝင်နေလိုက်သည်။ သူ၏ကိုယ်မှဒဏ်ရာတွင်စွဲအုံနေသောယင်ကောင်များကို အမြီးဖြင့်ရိုက်နှက်မောင်းနှင်ခြင်းပင်မပြုလုပ်ချေ။ တစ်နည်းအားဖြင့်လှုပ်ရှားမှုလုံးဝမရှိအောင်အသာငြိမ်နေလိုက်ခြင်းဖြစ်သည်။ ဤသို့လျှင်ကျွဲရိုင်းကြီးသည် သူ့နောက်မှလိုက်လာသော ရန်သူ(လူ)များအား ချုံခိုရှောင်နေပေသည်။

ရုရှလူမျိုး ဘူခါရင်သည် မြေကွက်လပ်ငယ်သို့ ရောက်လာသောအခါ ကျွဲကြီး၏ သွေးစသွေးနများကို မြင်မိလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်လည်း မကြာမီရောက်လာသောအခါ ကွက်လပ်ဘေး ပတ်ဝန်းကျင်ရှိ ချုံနွယ်များကို သေချာစွာလှည့်ပတ်ကြည့်လေသည်။ ယင်းသို့ဂရုတစိုက်ကြည့်ရင်း ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ရုတ်တရက်မှင်တက်မိသလို အံ့အားသင့်ရာမှ လုံးဝမလှုပ်ရှားဘဲ ရပ်နေလိုက်မိသည်။ ချုံကွယ်အတွင်း အသာငြိမ်ပြီးချောင်းနေသူ ကျွဲကြီး၏မျက်လုံးကို မြင်လိုက်ရသောကြောင့်ပင်တည်း။

ဖွန်ဂါဘီရာသည် မလှမ်းမကမ်းရှိ ရုရှဗိုလ်မှူးကြီးအား အသာလက်ဖျောက်တီး၍ အချက်ပေးလိုက်ရာ ဘူခါရင်လည်း အလားတူ မလှုပ်မယှက် ငြိမ်နေလိုက်သည်။ ကျွဲရိုင်းကြီးသည် အံ့သြဖွယ်ကောင်း လောက်အောင်လျင်မြန်လှပေသည်။ ရန်သူအား အပြတ်ချေမှုန်းရန်ပြေးလာပုံမှာ ဟာရီကိန်း မုန်တိုင်းကြီး တရကြမ်း တိုက်ခတ်လာသကဲ့သို့ ထင်ရပေသည်။

ကွက်လပ်အလယ်သို့ရောက်လျှင် ကျွဲကြီးသည် ရုတ်တရက်ရပ်လိုက်ပြီး ဘေးတိုက်ရွှေ့လျားသွားလေသည်။ ဤကား ကျွဲရိုင်းသတ္တဝါတို့၏ တိုက်ခိုက်နည်း ပရိယာယ်တစ်ခုပင်ဖြစ်သည်။ မုဆိုးအနေဖြင့် ကျွဲကြီးရန်မူတော့မည်မဟုတ်ဟု ထင်အောင်ပြုလုပ်သည့် လှုပ်ရှားမှုဖြစ်လေသည်။

မုဆိုးက သတိမထားတော့ဘဲ ခပ်ပေါ့ပေါ့နေလိုက်မိသည်ဆိုလျှင် ကျွဲကလျှပ်တစ်ပြက် လျင်မြန်စွာ ပြန်လှည့်ကာ အသေခတ်သတ်တတ်လေသည်။ ယခု ကျွဲရိုင်းကြီးသည်လည်း လူကိုမြင်ပါလျက် မခတ်တော့ဘဲ ရှောင်ထွက်သွားတော့မည့်ဟန်မျိုး လုပ်လိုက်ခြင်းဖြစ်သည်။

သို့သော် စက္ကန့်ပိုင်းအတွင် ရုတ်တရက်ပြန်လှည့်ကာ လူနှစ်ယောက်ရှိရာသို့အရှိန်ပြင်းစွာဖြင့် ပြေးဝင်လာလေသည်။ ဒီတစ်ခါတော့သူ၏ ဦးချိုဖျားတွင် လူအသက်ပါသွားအောင် တရကြမ်း တိုက်ခိုက်ရန်

ပြေးဝင်လာခြင်းဖြစ်သည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကျွဲကြီး ပြေးဝင်လာရာ လမ်းကြောင်းတည့်တည့်တွင် ရပ်၍ရင်ဆိုင်ရန် ထွက်လိုက်သည်။ သူက ယင်းသို့ပြေးထွက်လိုက်ချိန်တွင် ရုရှဗိုလ်မှူးကြီးက သူ၏ ရိုင်ဖယ်သေနတ်ဖြင့် ကျွဲကြီးအားပစ်ခတ်ရန်ချိန်နေပြီဖြစ်ရာ ဖွန်ဂါဘီရာကပစ်မှတ်၏ ရှေ့မှဝင်ကာဆီးလိုက်သလို ဖြစ်သွားသောကြောင့် ဘူခါရင်သည်မပစ်နိုင်တော့ဘဲ ရုတ်တရက် သေနတ်ပြောင်းကို အပေါ်သို့ထောင်ထား လိုက်ရလေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် မလှုပ်ရှားဘဲရပ်နေရာမှ ကျွဲကြီးအနီးသို့ ရောက်လာတော့မှ လျင်မြန်ဖျတ်လတ်စွာဘေးသို့ အသာတိမ်းရှောင်လိုက်သည်။ ကျွဲရိုင်းကြီး၏ဦးချိုကြီးအဖျားသည် ဖွန်ဂါဘီရာ ခန္ဓာကိုယ်ဘေး(နံရိုးများ)နှင့် သိသိကလေးပွတ်ကာ လွတ်ထွက်သွားလေသည်။

တစ်ချိန်တည်းမှာပင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန်လျင်မြန်ဖျတ်လတ်စွာ သူ၏အာဆီဝိုင်ဓားရှည်ဖြင့် ကျွဲကြီးအားရှိသမျှ ခွန်အားဖျစ်ညှစ်ထုတ်လျက် ထိုးစိုက်ချလိုက်လေသည်။ ဓားသွားက အလွန်ထက်သလောက် ဖွန်ဂါဘီရာကလည်း တအားထိုးစိုက်လိုက်ခြင်းကြောင့် ဓားရှည်အသွားသည် လက်ကိုင်အရိုးထိအောင် ကျွဲရိုင်းကြီး၏ကိုယ်ထဲသို့ စိုက်ဝင်သွားလေသည်။ ကျွဲကြီးသည် အရှိန်ဖြင့် ဆက်ပြေးသွားသော်လည်း ကြာရှည်မပြေးနိုင်တော့ချေ။ သူ၏ရန်သူ ဖွန်ဂါဘီရာအားမြင်၍ ပြန်လည်ရန်မူရန် ကြိုးစားသော်လည်း သူ၏ကိုယ်ထဲမှ စိုက်ဝင်နေသောဓားရှည်၏ဒဏ်ရာကြောင့် ရန်မမူနိုင်တော့ဘဲ ဖြစ်နေလေသည်။

ဓားဒဏ်ရာဖြင့်ပင် ကျွဲကြီးမုချလဲကျသေဆုံးတော့မည်ဟု သေချာပေါက်သိနေပြီဖြစ်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စီးချင်းထိုးတိုက်ပွဲတွင် အနိုင်ရသော ရှေးခေတ်သူရဲကောင်းတစ်ဦးဟန်မျိုးဖြင့် ကျွဲကြီး၏ရှေ့တွင်ကိုယ်ကို မတ်မတ်ထားရပ်ကာ လက်နှစ်ဖက် ဆန့်တန်းမြှောက်လိုက်သည်။

"အို...အသင်ကျွဲသတ္တဝါ မကြာမီဘုရင်ဖြစ်လတ္တံ့သောဘုန်းကံရှင်တစ်ဦး၏သံမဏိသွားဖြင့် သင်သေပေလော့"ဤသို့လည်း ဖွန်ဂါဘီရာက ပါးစပ်မှ ရေရွတ်လိုက်သည်။

ကျွဲရိုင်းကြီးသည် ဆက်လက်ရပ်မနေနိုင်တော့ဘဲ မြေပြင်သို့ လဲကျသွားလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကျွဲကြီး၏ကိုယ်အနီးတွင် ဒူးထောက်လျက် ဓားဒဏ်ရာမှပန်းထွက်နေသော သွေးများကို သူ၏လက်ခုပ်ဖြင့်ခံယူကာ သောက်လိုက်သည်။

"အို...အသင်ကျွဲကြီး သင်အသက်သေကာနီး သင်၏သွေးကို ငါသောက်လိုက်ပြီဖြစ်သည်။ ယခုအချိန်မှစ၍ သင်၏ခွန်အားဗလသည် ငှါခန္ဓာကိုယ်တွင်းသို့ ရောက်ရှိလာလေပြီ"

ဤသို့ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ကြွေးကြော်လိုက်လိုက်တွင် ကျွဲရိုင်းကြီးလည်း အသက်ပျောက်သွား လေတော့သည်။

အခန်း(၂၇)

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်ရေချိုး၍ ယူနီဖောင်းဝတ်စုံဝတ်ထားပြီးဖြစ်သည်။ စစ်တပ်မှအရာရှိများ ညစာ စားပွဲများတွင် ဝတ်ဆင်ရသော မက်စ်ကစ်ခေါ် ညဝတ်စုံယူနီဖောင်း ဖြစ်လေသည်။ ရုပ်အင်္ကျီအဖြူ နှင့် အနက်ရောင်ဘိုးတိုင်ခေါ် လည်ပင်းမှ(နက်ကတိုင်အစားတပ်ရသည့်) ဖဲပြားတို့အပေါ်မှ ဝတ်ထား သော ကုတ်အင်္ကျီတွင် တတိယတပ်မဟာ၏ အမှတ်အသားတံဆိပ်လည်း တပ်ဆင်ထားလေသည်။

လက်ဝဲဘက် ရင်ဘတ်ပေါ်တွင်ကား စစ်မှုထမ်းကောင်း တံဆိပ်၊ သူရသတ္တိတံဆိပ်စသော ရောင်စုံ ဖဲပြားတံဆိပ်များ တပ်ဆင်ထားလေသည်။ သူတို့သည် တောတွင်း ယာယီစခန်းသို့ ပြန်ရောက်နေကြ ပြီဖြစ်သည်။ စခန်းရှိ အမှုထမ်း(အစေခံ)များက သစ်ပင်ကြီးတစ်ပင်အောက်တွင် စားပွဲကြီးတစ်လုံး ခင်းပေးထားသည်။ စားပွဲပေါ်တွင်ကား ရှီဗာအမျိုးအစား အကောင်းဆုံးဝီစကီ အရက်တစ်ပုလင်း၊ ဖန်ခွက်နှစ်ခွက်နှင့် ရေခဲများ အဆင်သင့်တင်ထားလေသည်။

ဗိုလ်မှူးကြီးဘူခါရင်သည် ဖွန်ဂါဘီရာနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေလေသည်။ သူဝတ်ထားပုံက တော့ ရုပ်အင်္ကျီ ခပ်ပွပွတစ်ထည်နှင့် ရုရှနိုင်ငံမှ ကော့ဆက်လူမျိုးစုများဝတ်သည့် ဘောင်းဘီပွကို ဝတ်ဆင်ထားကာ ခြေထောက်တွင် သားရေနုနုဖြင့်ပြုလုပ်ထားသော ဘွတ်ဖိနပ်တစ်ရန်စီးထား လေသည်။ သူသည် ဝီစကီအရက်ကို ဖန်ခွက်နှစ်ခွက်တွင်ထည့်၍ တစ်ခွက်ကို ဖွန်ဂါဘီရာအား လှမ်းပေးလိုက်သည်။

သူတို့သည်ဖန်ခွက်မြှောက်၍ ဆုတောင်းခြင်း(သို့မဟုတ်)တို့စ်လုပ်ခြင်းမလုပ်တော့ဘဲ ဝီစကီကိုသာ ဖြည်းဖြည်းချင်းသောက်ကြပေသည်။ ဝင်လုဆဲ နေမင်း၏အရောင်ကြောင့် အာဖရိကတိုက်၏ သဘာဝ တောတွင်းရှုခင်းမှာ အထူးပင်သာယာတင့်တယ်နေပေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့် ရုရှဗိုလ်မှူးကြီး ဘူခါရင်တို့နှစ်ဦးစလုံး ငြိမ်သက်စွာနှင့်ပင်ယမကာ သောက်နေကြလေသည်။

အတန်ကြာမှဘူခါရင်သည် သူ၏ဖန်ခွက်ကိုစားပွဲပေါ်ချလိုက်ပြီး ဗိုလ်ချုပ်ဖွန်ဂါဘီရာအား စကားစပြော လေသည်။ "ကိုင်း...မိတ်ဆွေကြီး၊ မိတ်ဆွေကြီး ဘာအလိုရှိပါသလဲ"

"ကျုပ်က ဒီမြေကြီးကို လိုချင်တာပဲ" ဖွန်ဂါဘီရာက သူ၏ဆန္ဒကို ထုတ်ဖော်ပြောလိုက်သည်။

"မြေကြီးအားလုံးကို လိုချင်တာလား"

"ဟုတ်တယ် မြေကြီးအားလုံးကို လိုချင်တယ်"

"ဇင်ဘာဘွေနိုင်ငံ တစ်ခုတည်း လိုချင်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဇင်ဘာဘွေတစ်ခုတည်း မဟုတ်ဘူး"

"ဟုတ်ပြီ၊ ခင်ဗျားက ဒီမြေကြီး အားလုံးကို ရယူဖို့အတွက် ကျုပ်တို့က ကူညီရမယ်လား"

"ဟုတ်တယ်"
"ကောင်းပါပြီ၊ ကျုပ်တို့က ကူညီတဲ့အတွက် ဘာများ ပြန်ရမှာလဲ"

"ကျုပ်ရဲ့ မိတ်ဆွေဖြစ်လာမယ်၊ အဲဒါက တုံ့ပြန်ကျေးဇူးပြုတာပဲ"

ဖွန်ဂါဘီရာက ဤသို့ပြောသည်ကို ဘူခါရင်သည် သဘောကျပုံ မရချေ။

"ခင်ဗျားရဲ့မိတ်ဆွေဖြစ်လာမယ်ဆိုတာ သေသည်အထိလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့ဆန္ဒပြည့်ဝပြီး နောက်ထပ် မိတ်ဆွေသစ်တစ်ယောက် ရှာတွေ့တဲ့အချိန်ထိလား"

ဘူခါရင်က သရော်သလိုဟန်မျိုးဖြင့် ပြောလိုက်ရာ ဗိုလ်ချုပ်ဖွန်ဂါဘီရာက ပြုံးလိုက်သည်။

အမှန်တော့ သူတို့နှစ်ဦးစလုံးသည် တွေးခေါ်ပုံချင်းတူသဖြင့် တစ်ယောက်ကိုတစ်ယောက် နားလည်သည့်အနေဖြင့် ဖွန်ဂါဘီရာက ပြုံးလိုက်ခြင်းဖြစ်သည်။

"ကျုပ်တို့ချင်းမိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် ခင်ဗျားက ဘာပေးမှာလဲ"

ဘူခါရင်က မေးလိုက်ပြန်သည်။

"မြို့ပြင်ဘက်ကကျုပ်ရဲ့အိမ်လိုမျိုးအိမ်တစ်လုံးရမယ်။ ပြီးတော့ ခရိုမီယံ၊ နီကယ်သတ္တု၊ ဘယ်ရီလီယံသတ္တုတွေအပြင် ရွှေပါပေးပါမယ်"

ဒီတော့မှ ဘူခါရင်က ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် ကျုပ်တို့အတွက် အသုံးဝင်မှာပဲ"

"တစ်ခုတော့ရှိတယ်နော်။ ကျုပ် ဇင်ဘာဘွေနိုင်ငံရဲ့ 'မိုနိမာတာပါ'(သို့မဟုတ်) အာဏာရှင်ဖြစ်လာရင် ကျုပ်ရဲ့မျက်စိက ပတ်ဝန်းကျင်ကိုကြည့်ပြီး နောက်ထပ်လိုချင်တာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ဒါဟာ သဘာဝပဲ မဟုတ်ပါလား"

"မှန်တယ်၊ သဘာဝပါပဲ"

ဗိုလ်မှူးကြီး ဘူခါရင်က ဤသို့ပြောလိုက်သော်လည်း သူ၏ စိတ်ထဲတွင်ကား ဤကဲ့သို့ လူမည်း (ဖွန်ဂါဘီရာ)အား သဘောမကျမိချေ။ ရှင်းရှင်းကတော့ ဘူခါရင်သည် အာဖရိကတိုက်မှ တိုင်းရင်းသား လူမည်းများ၏ အသားရောင်ကိုလည်းကောင်း၊ ခန္ဓာကိုယ်မှ အနံ့အသက်ကိုလည်းကောင်း၊ သူတို့၏ စိတ်ဓာတ်ကိုလည်းကောင်း၊ လုံးဝသဘောမကျသူဖြစ်သည်။ ယခု သူ့အနေ ဖြင့် လျှို့ဝှက်တာဝန်ကြောင့် ဆက်ဆံနေရခြင်းဖြစ်သည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာက စကားဆက်ပြောပြန်လေသည်။
"လိုချင်တာတွေကိုရှာရင်းကျုပ်ရဲ့မျက်စိက တောင်ဘက်စူးစူးကိုရောက်ကောင်းရောက်သွားလိမ့်မယ်"
ဤတွင် ဗိုလ်မှူးကြီးဘူခါရင်၏စိတ်ထဲမှ ဤလူကား အခြားအာဖရိကတိုက်သားများနှင့်မတူ အလွန်လောဘရမ္မက်ကြီးသူတစ်ယောက်ပါလားဟု အောက်မေ့မိလေသည်။ ဖွန်ဂါဘီရာကပင် ဆက်လက်၍

"အဲဒါက ဗိုလ်မှူးကြီးတို့လည်း မျက်စိကျတဲ့နေရာပါပဲ"ဟု ပြောလိုက်သည်။

"ဒါထက် ရဲဘော်ဗိုလ်ချုပ် ခင်ဗျားရဲ့မျက်စိက တောင်ဘက်စူးစူးက ဘာတွေများ မြင်မှာမို့လဲ"

"ကျွန်သပေါက်ဘဝရောက်နေတဲ့လူတွေလွတ်မြောက်ရေးအတွက်ကြိုးပမ်းဖို့ အချိန်ရောက်နေတာကို မြင်လိမ့်မယ်"
"နောက်တော့ ဘာတွေများ မြင်ဦးမှာလဲ"

"ကျုပ်မြင်မှာက ဝမ်ဝါတာအရပ်က ရွှေတွင်းတွေရယ်၊ ကင်ဘာလီမြို့ကစိန်တွင်းတွေ၊ ပလက်တီနမ်၊ ကြေးနီ သတ္တုတွင်းတွေရယ် မြင်လာလိမ့်မယ်။ အဲဒီဒေသဟာ ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး ဘဏ္ဍာတိုက်ကြီး တစ်ခုဖြစ်တယ်"

"ဒါတော့ မှန်ပါတယ်"

ဗိုလ်မှူးကြီးဘူခါရင်က ဝန်ခံလိုက်ရင်း ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန်အကင်းပါးလိမ္မာသူ၊ ဉာဏ်ထက်မြက်သူတစ်ယောက်ဖြစ်သည်ဟု အကဲဖြတ်လိုက်မိသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် စကားမဆုံးသေးဟန်ဖြင့်-

"ကျုပ်မျက်လုံးတွေက မြင်မှာတွေကို ဆက်ပြောပါဦးမယ်။ ဒီကနေပြီး တောင်ဘက်စူးစူးကို လှမ်းကြည့်ရင် အနောက်အုပ်စုနိုင်ငံကြီးတွေကို ပိုင်းခြားနိုင်မယ့် အခြေခံစခန်းတစ်ခုကို ကျုပ်မြင်လာလိမ့်မယ်။ ဒီစခန်းဟာဆိုရင် အတ္တလန္တိတ်နဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုစလုံးကို ချုပ်ကိုင်နိုင်မှာမို့ အလွန်အရေးပါတဲ့ နေရာတစ်ခုပါပဲ။ ပင်လယ်ကွေ့ဒေသနဲ့ ဥရောပတိုက်ကို ဆက်သွယ်နေတဲ့ ရေနံတင်ပို့ရာလမ်းကြောင်း နောက်ပြီးပင်လယ်ကွေ့ဒေသနဲ့ အမေရိကန်(တောင်နဲ့မြောက် အမေရိကန်)နိုင်ငံတွေကို ရေနံတင်ပို့ရာလမ်းကြောင်းမှာ အလယ်ဗဟိုကျတဲ့နေရာဖြစ်တဲ့အတွက် အလွန် အချက်အချာကျတဲ့ မဟာဗျူဟာနေရာတစ်ခုလည်းဖြစ်တယ်"ဟု ဆက်ပြောလိုက်ရာ ရုရှဗိုလ်မှူးကြီးက လက်တစ်ဖက်မြှောက်လိုက်သည်။

"ဒါထက် ခင်ဗျားက ဒါတွေကို စဉ်းစားသုံးသပ်ပြီး ဘယ်လိုများ ဖြစ်သွားနိုင်သလဲ"

"ကျုပ်တို့နိုင်ငံတောင်ဘက်ကတိုင်းရင်းသားပြည်သူတွေဟာ အသားအရောင်ခွဲခြားမှုဝါဒရဲ့လောင်းရိပ်အောက်ကလွတ်မြောက်ပြီး နိုင်ငံတကာအလယ်မှာ တင့်တယ်မှန်ကန်နေတဲ့ နေရာအဆင့်ကိုရောက်ရှိ လာအောင်လုပ်ဖို့ဟာ ကျုပ်တို့ရဲ့တာဝန်ဝတ္တရားပဲလို့ယူဆမိတယ်။ ပြီးတော့ အဲဒီတိုင်းရင်းသားပြည်သူတွေဟာ လွတ်လပ်မှုမြတ်နိုးရာမှာ သူမတူအောင် အကြီးကျယ်ဆုံးဖြစ်နေတဲ့ ခင်ဗျားတို့ပြည်ထောင်စုကြီးရဲ့ ကာကွယ်စောင့်ရှောက်အောက်မှာ နေသင့်တယ်လို့လည်း သဘောရမိပါတယ်"

ဗိုလ်မှူးကြီး ဘူခါရင်သည် ခေါင်းညိတ်လိုက်သည်။ ဤကပွလီလူမည်းသည် တကယ်ပင် လိမ္မာပါးနပ်အကင်းပါးလှဖြစ်ကြောင်း ထင်ရှားနေပေပြီ။ တောင်အာဖရိကနိုင်ငံသည် မိမိတို့အဖို့လည်း အလွန်အဖိုးတန်သည့် 'ဆုလာဘ်'တစ်ခုပင် ဖြစ်သည်။ အရှေ့ဘက် မိဇမ်ဘစ်နိုင်ငံဆိုလျှင် မိမိတို့ လက်ခုပ်တွင်းသို့ရောက်နေပေပြီ။ အင်ဂိုလာတွင်လည်း မိမိတို့ဩဇာလွှမ်းမိုးလျက် ရှိပြီးဖြစ်သည်။ များမကြာမီ နီမီးဘီးယားနိုင်ငံသည်လည်း မိမိတို့ ဩဇာလောင်းရိပ်အောက်သို့ ရောက်ရန်သေချာသလောက်ဖြစ်နေပေပြီ။

ယခုအရေးကြီးသည်ကား တောင်အာဖရိကနိုင်ငံ၏မြောက်ဘက်ရှိဇင်ဘာဘွေကို မိမိတို့ဩဇာလွှမ်းမိုးနိုင်ရန်ပင် ဖြစ်သည်။ ယင်းသို့ဖြစ်လာရန်လည်း ဤလူမည်းက မိမိတို့အား တိုက်ရိုက်ကူညီနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဗိုလ်မှူး ဘူခါရင်သည် ပြတ်ပြတ်သားသား ဆွေးနွေးပြောဆိုရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပါပြီ၊ ခင်ဗျားပြောသလိုဖြစ်လာဖို့အတွက် အခြေအနေအခွင့်အရေးတွေကကော ရှိလို့လား"

"ရှိပါတယ်၊ စီးပွားရေး ကမောက်ကမဖြစ်ပြီး အကျပ်အတည်း ဖြစ်လာအောင်ရယ်၊ ပြည်တွင်းမှာ တိုင်းရင်းသားလူမျိုးအုပ်စုချင်း ပဋိပက္ခဖြစ်ရာကတိုက်ပွဲတွေဖြစ်လာဖို့ရယ်၊ အဲဒီကမှတစ်ဆင့်လက်ရှိ ဗဟိုအစိုးရ ပြုတ်ကျသွားဖို့ရယ် လုပ်လိုက်ရုံပဲ"

"လက်ရှိအစိုးရကိုက ခင်ဗျားရဲ့အကြံအစည်အောင်မြင်ဖို့အတွက် ကူညီပေးသလိုဖြစ်နေတာပဲမဟုတ်လား။ ဘာပဲဖြစ်ဖြစ် ပြည်တွင်းမှာ တိုင်းရင်းသားလူမျိုးအုပ်စုချင်း မသင့်မတင့်ဖြစ်အောင် ခင်ဗျား လှုံ့ဆော်ဖန်တီးတာကတော့ တော်တော်အောင်မြင်နေပါတယ်"

"ကျေးဇူးတင်ပါတယ် ရဲဘော် ဗိုလ်မှူးကြီးခင်ဗျား"

"ဒါပေမဲ့ တစ်ခုသတိပြုဖို့က တောင်သူလယ်သမားတွေကို လိုသလိုထိန်းချုပ်နိုင်ဖို့က သူတို့တွေ နည်းနည်းပါးပါး ငတ်မွတ်အောင်လုပ်ဖို့ လိုလိမ့်မယ်ဗျ"

ဗိုလ်မှူးကြီး ဘူခါရင်က အကြံပေးသလို ပြောလိုက်သည်။

"ကျုပ်ကလည်း လုပ်သင့်တာတွေ လုပ်ထားနှင့်ပါပြီ။ အခုပဲ ဝန်ကြီးအဖွဲ့(ကက်ဘိနက်)ကို မျက်နှာဖြူလူမျိုးတွေပိုင်ဆိုင်နေတဲ့ စိုက်ပျိုးမွေးမြူရေးခြံတွေအားလုံး ပြည်သူပိုင်သိမ်းပစ်ဖို့ တိုက်တွန်းထားတယ်။ စိုက်ပျိုးမွေးမြူရေးခြံတွေအားလုံး ပြည်သူပိုင်သိမ်းပစ်ဖို့ တိုက်တွန်းထားတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမရှိတော့ဘူးဆိုရင် ဆင်းရဲသားပြည်သူအများစု ငတ်မွတ်ဖို့သေချာပါတယ်"

"ဟုတ်ကဲ့ ခင်ဗျားဘက်က လုပ်ငန်းစတင်နေပြီဆိုတာသိရလို့ ချီးကျူးပါတယ်။ အထူးသဖြင့်ဗိုလ်ချုပ်ကိုယ်တိုင် ကင်းလင်းစိုက်ပျိုးမွေးမြူရေးခြံကြီးကို ရယူလိုက်တာကိုလည်း သဘောကျမိပါတယ်။"

"ဗိုလ်မှူးကြီးက သတင်းတွေ အတော် စုံစုံလင်လင် သိနေတာကိုး"

"ဒါတော့ ကျုပ်ကိုယ်တိုင်က သတင်းတွေ အခြေအနေတွေကို မပြတ်ကြိုးစား လေ့လာနေလို့ ဖြစ်ပါတယ်။ ဒါတွေထားလိုက်ပါဦး။ တကယ်လို့အခြေအနေပေးလာပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ဖို့ဖြစ်လာရင် အများပြည်သူက ဘယ်လိုခေါင်းဆောင်မျိုး လိုလားမယ်ထင်ပါသလဲ"

ဗိုလ်မှူးကြီးက မေးလိုက်လျှင် ဖွန်ဂါဘီရာက-

"ရက်စက်ဖို့ ဝန်မလေးတဲ့ စိတ်ဓာတ်ပြင်းထန်ခိုင်မာတဲ့ ခေါင်းဆောင်မျိုးကို လိုလားမှာပဲ"ဟု မဆိုင်းမတွ ဖြေကြားလိုက်သည်။

"ဟာရာရေမြို့တော်မှာတော့ အမျိုးသမီးတွေက ဗိုလ်ချုပ်ကို ချီးကျူးတဲ့သီချင်းတွေ သီဆိုနေကြပါပြီ။ ရုပ်မြင်သံကြား အစီအစဉ်မှာလည်း ဗိုလ်ချုပ်အကြောင်း မကြာခဏ အသားပေး ထုတ်လွှင့်ဖော်ပြနေပါတယ်"

"လူတွေက အင်အားရှိတဲ့ခေါင်းဆောင်မျိုးကို ထောက်ခံအားပေးတဲ့ သဘောပါပဲ"

ထိုစကားကို ဗိုလ်မှူးကြီးဘူခါရင်က ထောက်ခံအနေဖြင့် ခေါင်းညိတ်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ဟုတ်ပါတယ်၊ တတိယတပ်မဟာဆိုရင် ဗိုလ်ချုပ်ရဲ့အင်အားအစစ်ပါပဲ။ ဒါပေမဲ့ကျုပ်အနေနဲ့ မေးခွန်းနှစ်ခုရဲ့ အဖြေကိုသိချင်နေပါတယ်"

"ဆိုစမ်းပါဦး၊ ဘာမေးခွန်းတွေများလဲ"

"ပထမမေးခွန်းက ခင်ဗျားနဲ့ကျုပ်ပြောရတာတောင်မျက်နှာပူစရာပါပဲ။ တခြားမဟုတ်ပါဘူး၊ ငွေကြေးကိစ္စပါ။ ကျုပ်ကို ဘဏ္ဍာငွေထောက်ပံ့နေတဲ့ အထက်အာဏာပိုင်တွေက နည်းနည်းစိုးရိမ်ပူပန်နေကြတယ်။ ဒီမှာ ကျုပ်တို့ရဲ့ငွေကြေး ကုန်ကျမှုပမာဏက ခင်ဗျားတို့ပို့ပေးတဲ့ ဆင်စွယ်၊ တိရွစ္ဆာန်ပစ္စည်းတွေ တန်ဖိုးထက် ပိုများနေတယ်"

ဤတွင် ဖွန်ဂါဘီရာသည် တစ်စုံတစ်ရာ ဝင်ပြောမည်ပြုရာ ဘူခါရင်က လက်ဝါးကာပြ ဟန့်တားလိုက်ပြီး သူကပင် ဆက်ပြောသည်။

"ကျုပ်တို့ အခုလုပ်နေတာတွေဟာ လွတ်လပ်မှုမြတ်နိုးသူတွေအနေနဲ့ (ငွေကြေးကိစ္စလုံးဝ မစဉ်းစားဘဲ) လုပ်သင့်လုပ်ထိုက်တာတွေပဲဆိုတာ နားလည်ပါတယ်။ ငွေဆိုတာက အရင်းရှင်တွေကသာကိုးကွယ်လုမတတ်၊ မြတ်နိုးမက်မောကြတဲ့ ပစ္စည်းတစ်ခုဖြစ်တာကိုလည်း ကျုပ်တို့လက်ခံပြီးသားပါ။ သို့သော်လည်း လောကကြီးမှာ စင်းလုံးချော ခြောက်ပစ်ကင်းတယ်ဆိုတာ မရှိနိုင်ဘူး မဟုတ်လား။ ဒါကြောင့် မော်စကိုမြို့တော်က အာဏာပိုင်တွေအနေနဲ့ ခင်ဗျားကို ကျုပ်တို့ထောက်ပံ့ရတာ အလွန်များသလောက် ခင်ဗျားဆီကပြန်လည်ရရှိတာ အလွန်နည်းတယ်လို့ယူဆနေကြပြီ။ ကြာရင် သူတို့က စိတ်ရှည် တော့မှာ မဟုတ်ဘူး"

ဤတွင် ဗိုလ်ချုပ်ဖွန်ဂါဘီရာက ခေါင်းညိတ်လိုက်သည်။

"ကျုပ်နားလည်ပါပြီ။ ခင်ဗျားမေးချင်တဲ့ ဒုတိယမေးခွန်းကကော ဘာများလဲ"

"မာတာဘယ်လီတိုင်းရင်းသားတွေနဲ့ ပတ်သက်တယ်။ ဒီလူတွေက စစ်မက်တိုက်ခိုက်မှု ဝါသနာပါပြီး ကိုယ်တွယ်ချုပ်ထိန်းရ အလွန်ခက်တဲ့ လူမျိုးတွေဖြစ်တယ်။ ခင်ဗျားက ဒီလူမျိုးတွေကို မကျေမချမ်းဖြစ်အောင် တမင်လှုံ့ဆော်ဖန်တီးပေးနေတာကိုလည်း ကျုပ် သိပါတယ်။

အခန်း(၂၇) အဆက်

မာတာဘယ်လီ လူမျိုးတွေရဲ့နယ်မြေမှာ ခင်ဗျားရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်လာတဲ့ အခြေအနေကြောင့် လက်ရှိအစိုးရအပေါ် အနောက်အုပ်စုနိုင်ငံကြီးတွေက ငြိုငြင်လာအောင် ခင်ဗျားက စွမ်းဆောင်နိုင်ခဲ့တာလည်း ကျုပ်သိပါတယ်။ သို့သော်လည်း အပြီးသတ်ကျတော့ ဘယ်လိုဖြစ်လာမလဲ၊ စိတ်ဓာတ်အလွန်တက်ကြွပြင်းထန်တဲ့ မာတာဘယ်လီလူမျိုးတွေကို ခင်ဗျားအာဏာရတဲ့အခါဘယ်လို ကိုင်တွယ်ချုပ်ထိန်းမှာလဲ"
"ကောင်းပါပြီ ခင်ဗျားရဲ့ မေးခွန်းနှစ်ခုစလုံးကို ကျုပ်က နာမည်တစ်ခုတည်းပြောပြီး ဖြေကြားပါမယ်"
"ဘာနာမည်လဲ"
"တွန်ဂါတာ"
"ဩော်...ဒီလိုလား။ ဟုတ်ပြီ တွန်ဂါတာက မာတာဘယ်လီလူမျိုးတွေရဲ့ ခေါင်းဆောင်မဟုတ်လား။ ဒီလူကိုခင်ဗျားက ရာထူးကဖယ်ရှားပစ်လိုက်တာ ကျုပ်သိတယ်။ အခုလောက်ဆိုရင် သူ့ကို သုတ်သင်လိုက်ပြီး ရောပေါ့"

"မသုတ်သင်သေးပါဘူး။ ကျုပ်ကသူ့ကို လုံခြုံလျှို့ဝှက်တဲ့ကျုပ်တို့ရဲ့ ပြန်လည်ထူထောင်ရေးစခန်းတစ်ခုမှာ ထိန်းသိမ်း ထားပါတယ်"

"အဲဒီကိစ္စ ရှင်းပြပါဦး"

"အဓိက အကြောင်းကတော့ ငွေကြေးပါပဲ"

"ကျုပ် ကြားသိရသလောက် တွန်ဂါတာဟာ ငွေကြေးချမ်းသာကြွယ်ဝသူ မဟုတ်ဘူးဆိုပါကလား"

ပိုလ်မှူးကြီး ဘူခါရင်က မှတ်ချက်ချလိုက်လျှင် ဖွန်ဂါဘီရာ ရှင်းပြလေသည်။

"သူက မချမ်းသာပေမယ့် ဒေါ်လာသန်းနှစ်ရာလောက်ရှိတဲ့ ငွေတွေရရှိဖို့အတွက် ဒီလူက အရေးပါတဲ့ အချက်အချာ အခြေအနေမှာရှိတယ်"

"စိန်တွေ ကို ဆိုလိုတာများလား"

"ဟုတ်တယ်၊ တောင်အာဖရိကနိုင်ငံဟာ ကမ္ဘာပေါ်မှာ စိန်အများဆုံးထွက်တဲ့နိုင်ငံဖြစ်တယ်။ စိန်ဆိုပေမယ့် အညံ့စား၊ အပေါစားစိန်မျိုးတွေဆိုလိုတာ မဟုတ်ဘူး။ အရည်အသွေး အကောင်းဆုံး၊ အဖိုးတန်ဆုံး စိန်မျိုးတွေကို ပြောတာပါ"

ရုရှပိုလ်မှူးကြီးသည် ခေတ္တ စဉ်းစားသလို ငြိမ်နေပြီးနောက်-

"ဒီအတိုင်းသာ ဟုတ်ရိုးမှန်ရင်"ဟု စကားပြန်စစဉ် ဖွန်ဂါဘီရာက ကြားဖြတ်လျက်-

"တကယ် ဟုတ်လို့ပြောတာပါဗျ။ ဒါပေမဲ့ အခုလောလောဆယ်တော့ ခင်ဗျားကို အသေးစိတ်ရှင်းမပြနိုင်သေးဘူး။ နောက်မှပဲ ပြောပြပါ့မယ်"ဟု ပြောလိုက်သည်။

"ဒါဖြင့်လည်း ကောင်းပါပြီ။ ကျုပ်တို့ရဲ့ငွေကြေးအကြောင်း သိပ်ပြောနေတဲ့ ကျုပ်ရဲ့အထက်လူကြီးတွေကို တစ်နည်းနည်းနဲ့ ကျုပ်က ကတိပေးပြီး နှစ်သိမ့်ထားလိုက်ပါ့မယ်။ ဒါထက် ကျုပ်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မာတာဘယ်လီလူမျိုးတွေအားလုံး တစ်ယောက်မှမကျန်အောင် သုတ်သင်ရှင်းလင်းပစ်လို့တော့ မဖြစ်ဘူးမဟုတ်လား"

ဘူခါရင်၏ စကားဆုံးလျှင် ဖွန်ဂါဘီရာက ခေါင်းခါလိုက်သည်။

"ဟုတ်ပါတယ်။ တစ်ယောက်မကျန် သုတ်သင်ပစ်လို့ မဖြစ်နိုင်ပါဘူး။ တကယ်တော့ အဲသလိုရှင်းပစ်လိုက်နိုင်ရင်တော့ ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါနဲ့ပတ်သက်လို့ မေးခွန်းရဲ့အဖြေက တွန်ဂါတာပါပဲလို့သာ ဖြေရပါမယ်။ ကျုပ်ကနိုင်ငံတော်အာဏာကိုရပြီးရင် တွန်ဂါတာဟာလည်း ပြည်သူပရိသတ်ရှေ့မှာပြန်ပေါ်လာပါမယ်၊ သေပြီလို့အများကထင်နေတဲ့ကြားက တွန်ဂါတာဟာ အသက်ထင်ရှား ပြန်ရောက်လာလိမ့်မယ်။ မာတာဘယ်လီလူမျိုးတွေကလည်း သူတို့ရဲ့ခေါင်းဆောင် ပြန်ပေါ်လာတာကို အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလိမ့်မယ်။ သူတို့ဟာ တွန်ဂါတာအပေါ် အကြွင်းမဲ့ထောက်ခံအားပေးကြလိမ့်မယ်။ အဲဒီအခြေအနေမှာ ကျုပ်ကတွန်ဂါတာကို ကျုပ်ရဲ့ဒုတိယသမ္မတနေရာ ပေးလိုက်မယ်"
"ဒါပေမဲ့ တွန်ဂါတာက ခင်ဗျားကို အလွန်မုန်းတီးပြီး ပြန်ကလဲ့စားချေမယ် မဟုတ်လား"

ပိုလ်ချုပ် ဖွန်ဂါဘီရာသည် ခေါင်းခါလိုက်ပြန်သည်။

"သူက ပြန်ကလဲ့စားမချေအောင် လုပ်လိုက်မယ်။ ကျုပ်အနေနဲ့ တွန်ဂါတာကို ခင်ဗျားတို့ဆီ ပို့လိုက်မယ်။ စိတ်ရောဂါဝေဒနာရှင်တွေကို အထူးကုသပေးတဲ့ဆေးရုံ၊ သီးသန့်ဆေးရုံတွေ ခင်ဗျားတို့နိုင်ငံမှာ ရှိတယ်မဟုတ်လား။ အဲဒီ အထူးကုဆေးရုံတွေ တစ်ခုခုကိုပို့ပြီး စိတ်ငြိမ်ဆေးတွေ၊ မူးယစ်ထုံထိုင်း

စေတဲ့ဆေးဝါးတွေနဲ့ ကုသပေးလိုက်မယ်ဆိုရင် တွန်ဂါတာအလွန်ကျိုးနွံပြီး လုံးဝရန်မလိုတော့တဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်"

ဖွန်ဂါဘီရာက ပြောလိုက်ချိန်တွင် ဗိုလ်မှူးကြီးဘူခါရင်သည် ဇော့ဒ်ကာအရက်တစ်ခွက် ငုံ့သောက်နေရာမှ မော့ကြည့်လိုက်သည်။ သူ၏မျက်လုံးများက ဖွန်ဂါဘီရာအား လေးစားအထင်ကြီးသည့်ဟန်မျိုး ဖြစ်နေလေသည်။ ဖွန်ဂါဘီရာသည် အလွန်လိမ္မာပါးနပ်သလောက် စိတ်ကူးဉာဏ်အလွန်ကောင်းသူပါတကားဟုလည်း စိတ်ထဲမှမှတ်ချက်ချမိလေသည်။

"ဗိုလ်ချုပ်ဖွန်ဂါဘီရာခင်ဗျား၊ ကျုပ်အနေနဲ့ ခင်ဗျားကိုအလွန်လေးစားပါတယ်။ ခင်ဗျားဟာ ဇင်ဘာဘွေနိုင်ငံကို နှစ်ပရိဒ္ဓေဘေပါင်းများစွာ အုပ်ချုပ်နိုင်ပါစေလို့လည်း ဆုတောင်းပါတယ်"

ပြောပြောဆိုဆို ဘူခါရင်သည် အနောက်တိုင်းယဉ်ကျေးမှုထုံးစံအရ အရက်ခွက်ကိုကိုင်မြှောက်၍ ဆုတောင်းရင်း မော့သောက်ချလိုက်သည်။ ဖန်ခွက်ကို ပြန်ချလိုက်ပြီးနောက် ဘူခါရင်သည် ခပ်လှမ်းလှမ်းရှိ တောရိုင်းတိရွစ္ဆာန်များရေလာသောက်နေရာသို့ငေးကြည့်နေလေသည်။ ထိုအချိန်၌ မြင်းကျားတစ်အုပ် ရေလာသောက်လျက်ရှိလေသည်။ မြင်းကျားသတ္တဝါများသည် ရေကို ရဲရဲမသောက်ကြဘဲ ဂနာမငြိမ်ဖြစ်နေကြသည်။ အကြောင်းမူကား ဤနေရာ၌ ရေသောက်ရန်လာသူ သားကောင်များအား ခြင်္သေ့ကြီးများ အသာချောင်း၍ ဖမ်းသတ်စားလေ့ရှိသောကြောင့်ပင်တည်း။ မြင်းကျားများသည် ရေထဲသို့ ဖြည်းဖြည်းချင်း မရဲတရဲဆင်း၍ အခြေအနေကို အကဲခတ်စောင့် ကြည့်ပြီးမှ ရေသောက်ကြလေသည်။ မြင်းကျားများ ရေသောက်ပြီး၍ ကုန်းပေါ်ပြန်တက်ကာ ထွက်သွားတော့မှ ဘူခါရင်သည် ဆက် စကားပြောလေသည်။

"ခင်ဗျား အခုပြောလိုက်တဲ့ ဆေးဝါးကုသနည်းက အလွန်ကြမ်းပါတယ်ဗျ။ တချို့လူနာတွေဆိုရင် ကျုပ်တို့ရဲ့ ကုသမှုဒဏ်ကိုမခံနိုင်လို့ ဆေးရုံမှာပဲသေသွားကြတယ်။ ဒဏ်ကိုခံနိုင်လို့ အသက်မသေဘဲ ရှင်လာရင်တော့ ဒီလူတွေဟာ"

ဤတွင် သူသည် စကားလုံးရှာမရသလို ဖြစ်နေရာ ဖွန်ဂါဘီရာက ဝင်၍-

"သူတို့ရဲ့ဦးနှောက်ဟာ သာမန်မဟုတ်တော့ဘဲ ပျက်စီးသွားတယ်ဆိုပါတော့"ဟု စကားလုံးရှာပြီး ပြောလိုက်သည်။
"အင်း...သာမန်အရပ်သားစကားနဲ့ ပြောရရင် ဟုတ်ပါတယ်"

"ကျုပ် ရှင်းရှင်းပဲ ပြောပါမယ်။ ကျုပ်က တွန်ဂါတာရဲ့ ခန္ဓာကိုယ်သာ လိုချင်တယ်။ သူရဲ့ ဦးနှောက် ကို လိုချင်တာမဟုတ်ဘူး"
ဗိုလ်ချုပ် ဖွန်ဂါဘီရာက သူ၏ဆန္ဒအမှန်ကို ခပ်ဘွင်းဘွင်းပင် ပြောလိုက်ခြင်းဖြစ်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့ကြည့်စီစဉ်ပေးပါမယ်။ ခင်ဗျားက ဘယ်တော့လောက် သူ့ကိုကျုပ်တို့ဆီ ပို့မှာလဲ"
"နေဦးဗျ စိန်တွေကိစ္စ အရင်လုပ်ရဦးမယ်"

"သြော် ဟုတ်ပါရဲ့၊ စိန်တွေကိစ္စကလည်း အရေးကြီးတာပဲ။ အဲဒါက ဘယ်လောက် အချိန်ကြာမှာလဲ"
"သိပ် မကြာပါဘူး"

"ဒါဖြင့်ဒီလိုလုပ်ကြမယ်။ ခင်ဗျားအနေနဲ့ အဆင်သင့်ရှိပြီဆိုရင် ကျုပ်ကခင်ဗျားဆီကို ဆရာဝန်တစ်ဦး လွှတ်ပေးလိုက်မယ်။ အဲဒီဒေါက်တာကို လိုအပ်တဲ့ညွှန်ကြားချက်နဲ့တကွ ဆေးဝါးတွေလည်း ပေးလိုက်မယ်။ တွန်ဂါတာကို ပြည်ပကိုထုတ်ဖို့ကတော့ ဆင်စွယ်တွေထုတ်တဲ့နည်းအတိုင်း ထုတ်သွားရုံပဲ။ ဇင်ဘာဘွေလေကြောင်းကုမ္ပဏီ လေယာဉ်တစ်စင်းနဲ့ ဒါရေဆလမ်ဆိပ်ကမ်းမြို့ကို ပထမတင်သွားပြီး ဟိုကျတော့မှ ကျုပ်တို့ရဲ့ကုန်တင်သင်္ဘောတစ်စင်းက အော်ဒက်ဆာမြို့ကို တင်သွားလိမ့်မယ်"
"ကောင်းပါပြီ၊ သဘောတူပါတယ်"

"ခင်ဗျားက သူ့ကို ဒီအနီးအနားမှာပဲ ထိန်းသိမ်းထားတယ်လို့ ပြောခဲ့တယ်မဟုတ်လား။ ကျုပ် သူ့ကို သွားကြည့်ချင်တယ်ဗျာ"

"သွားကြည့်လို့ သင့်တော်ပါ့မလား"

"ကျုပ် ပြောသလိုသာ လုပ်စမ်းပါ"

ဗိုလ်မှူးကြီးဘူခါရင်ကပြောလိုက်ပုံမှာ မေတ္တာရပ်ခံပုံမျိုးမဟုတ်ဘဲ အမိန့်ပေးသည့်သဘောမျိုး ဖြစ်နေလေသည်။

အခန်း(၂၈)
တွန်ဂါတာသည် ချစ်ချစ်တောက်ပူနေသောနေပူရှိန်ဒဏ်ကို မချိမဆံ့ခံစားနေရလေသည်။ အဖြူရောင်

ဆေးသုတ်ထားသည့် နံရံတစ်ခုကိုမျက်နှာမူလျက် မတ်တပ်ရပ်နေချိန်တွင် နေရောင်ကသူ၏ မျက်နှာတည့်တည့်ကို မီးမောင်းထိုးသည်ကဲ့သို့ တိုက်ရိုက် ကျရောက်လျက်ရှိပေသည်။

တွန်ဂါတာအနေဖြင့် ဤသို့ရပ်နေရခြင်းမှာ နံနက်မိုးလင်းချိန်မှစ၍ ယခုမွန်းတည့်လုနီးချိန်အထိပင် ဖြစ်သည်။ သူ၏ကိုယ်တွင် အဝတ်အစားဟူ၍ ဘာမှမရှိ။ ဗလာကျင်းနေသည်။ သူ၏ ဘေးနှစ်ဖက်တွင် ရပ်နေကြသော တိုင်းရင်းသားနှစ်ဦးတို့သည်လည်း တွန်ဂါတာကဲ့သို့ပင် အဝတ်မပါကြချေ။

သူတို့သုံးဦးစလုံးမှာအလွန်ပိန်ချုံးလျက် အင်အားချည့်နဲ့လျက်ရှိပြီး နံရိုးများပြိုင်ပြိုင်ပေါ်နေပေသည်။ တွန်ဂါတာသည် နေရှိန်ကိုခံနိုင်ရန် သူ၏မျက်လုံးများ စုံပိတ်၍ထားလေသည်။ လူသုံးဦးစလုံးသည် အားပြတ်၍ ကောင်းစွာပင် မတ်တပ်ရပ် မနေနိုင်ကြတော့ချေ။ အနီးရှိ လက်နက်ကိုင် အစောင့်များက အဆက်မပြတ် ကြာပွတ်ဖြင့်ရိုက်နှက်နေ၍သာ အတင်းကြိုးစားမတ်တတ်ရပ်နေကြရရှာသည်။ ရပ်နေသော်လည်း ခြေမခိုင်တော့ဘဲ ယိမ်းယိုင်လျက်ရှိကြသည်။

"ရဲဘော်တို့သတ္တိရှိကြစမ်းပါ။ အံကိုကြိတ်ပြီးသာ ခံနေလိုက်ပါ။ ရှိုနာခွေးသားတွေက အနိုင်ယူတာမျိုး အဖြစ် မခံကြပါနဲ့"

တွန်ဂါတာကသူ၏ဘေးနှစ်ဖက်မှလူနှစ်ယောက်အား မာတာဘယ်လီဘာသာဖြင့်ခပ်တိုးတိုးပြောလိုက်သည်။ အမှန်တော့ သူကိုယ်တိုင်က မတ်တတ်မှ ယိုင်လဲကျမသွားရန် မနည်းကြိုးစား၍ ရပ်နေရလေသည်။ စိတ်ဓာတ်ခိုင်မာစွာဖြင့် အထူးအားတင်းကာ ရပ်နေခြင်းဖြစ်သည်။ သူတို့အား မကြာမီ ကွပ်မျက်တော့မည်ဟု သိနေသော်လည်း အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ရဲရဲကြီးအသေခံသွားရန် ဆုံးဖြတ်ပြီးဖြစ်သည်။
"အာမန်ဇီ အာမန်ဇီ"

တွန်ဂါတာ၏ လက်ယာဘက်မှလူက မာတာဘယ်လီဘာသာဖြင့် ရေသောက်ချင်ကြောင်းပြောလေသည်။
"ဒီမယ် ရေအကြောင်း လုံးဝမစဉ်းစားပါနဲ့။ ပါးစပ်ကလည်း ရေအကြောင်းမပြောပါနဲ့။ အခုလို အချိန်မှာ ရေအကြောင်း စဉ်းစားရင်းပြောနေရင် ခင်ဗျားစိတ်နောက်ပြီး ရူးသွားလိမ့်မယ်" တွန်ဂါတာ က အားပေးသည့်အနေဖြင့် ပြောလိုက်သည်။

ထိုအတောအတွင်း နေပူရှိန်သည် မခံမရပ်နိုင်အောင် ပို၍ ပြင်းထန်လာသည်။

"ကျွန်တော် ဘာမှ မမြင်ရတော့ဘူး၊ ကျွန်တော့် မျက်စိ ကန်းသွားပြီ"

ဒုတိယလူက ညည်းညူလိုက်ပြန်ရာတွင် တွန်ဂါတာက-

"ဒီမယ် ရဲဘော်၊ ဒီမှာကြည့်စရာဆိုလို့ကျက်သရေမရှိတဲ့ ရှိုနာသတ္တဝါတွေရဲ့ မျောက်လိုမျက်နှာတွေပဲ ရှိတယ်။ ရဲဘော် မျက်စိမမြင်တာကို ဝမ်းနည်းစရာမရှိပါဘူး"ဟု ပြောလိုက်သည်။ ထိုအခိုက်မှာပင် နောက်နားဆီမှ ရှိုနာဘာသာဖြင့်အမိန့်ပေးသံများနှင့်အတူ လူများလှုပ်ရှားသွားလာသည့် ခြေသံများ ကြားရလေသည်။
"သူတို့ လာကုန်ကြပြီ၊ လာကုန်ကြပြီ"

မျက်စိကန်းနေသူ မာတာဘယ်လီ တိုင်းရင်းသားက ခပ်တိုးတိုး ပြောလိုက်ရာ တွန်ဂါတာသည် စိတ်ထဲ မကျေနပ်ခြင်း၊ ဒေါသထွက်ခြင်းစသော စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်လာလေသည်။ ယခု ကြားနေရသောခြေသံများသည် သူ့အားကွပ်မျက်သတ်ဖြတ်ရန် ပါးကွက်အာဏာသားများလာသည့် ခြေသံများပင် ဖြစ်လေသည်။

တွန်ဂါတာအနေဖြင့် အချိန်ကြာမြင့်စွာ အကျဉ်းခံနေစဉ်ကာလအတွင်း မကြာခဏ ကြားခဲ့ရဖူးသည့် အကျဉ်းသားတစ်ဦးအား ကွပ်မျက်ကာနီး ရိုင်ဖယ်သေနတ်ကိုင် တပ်ဖွဲ့ဝင်စစ်သားများ လျှောက်လာသည့် ခြေသံပင်ဖြစ်သည်။ စစ်ရေးပြကွင်းတွင် အသတ်ခံရမည့်အကျဉ်းသားအား ရိုင်ဖယ်သေနတ်ကိုင် အထူးတပ်ဖွဲ့က ပစ်သတ်ကွပ်မျက်လေ့ရှိသည်။ ယခု ကြားရသည်မှာ အလားတူ ခြေသံမျိုးပင် ဖြစ်ရာသည်။ တစ်ခါတော့ မိမိအလှည့်ရောက်လေပြီပါတကားဟု တွန်ဂါတာကတထစ်ချ တွက်မိလေသည်။
သူသည် သေရမည့်အရေးကို မကြောက်။ သို့သော် သူ၏ မာတာဘယ်လီတိုင်းရင်းသားများအား ယခုလိုအရေးတွင် မကူညီနိုင်ခြင်းကိုသာ ဝမ်းနည်းမိလေသည်။ သူချစ်မြတ်နိုးသော မိန်းကလေးနှင့် နောက်ထပ်တွေ့ဆုံရတော့မည်မဟုတ်ဟု တွေးချိလည်း စိတ်မကောင်းဖြစ်မိသည်။ သူ၏ဘဝတွင် အနာဂတ်မရှိ မျှော်လင့်ချက် အလားအလာများ ရည်မှန်းချက်များ အကြီးအကျယ် ရှိခဲ့သော်လည်း ယခုတော့ ရည်မှန်းချက်များ အကောင်အထည်မပေါ်သေးမီ အသက်ဆုံးရှုံးရတော့မည်ပါတကားဟုလည်း ဝမ်းနည်းမိလေသည်။

တစ်ချိန်တည်းမှာ တွန်ဂါတာသည် အတိတ်ကာလ နှစ်ပေါင်းများစွာက ဖြစ်ရပ်တစ်ခုကို ရုတ်တရက် ပြန်သတိရ မိလေသည်။ ထိုစဉ်က သူသည် ဘိုးအေကြီးနှင့်အတူ ပြောင်းခင်းများ၌ အလုပ်ကူလုပ်နေ

ခဲ့သည်။ ပင်ပန်းကြီးစွာ ကြိုးစားစိုက်ပျိုးခဲ့ရသော ပြောင်းခင်းများသည် မမျှော်လင့်ဘဲ ကျရောက်လာသော မုန်တိုင်းဒဏ်ကြောင့် ပျက်စီးကုန်သောအခါ ဘိုးအေကြီးက

"ငါတို့ ကြိုးစားလုပ်ခဲ့သမျှ သဲထဲရေသွန်သလို အလဟဿ ဖြစ်ကုန်ပါပေါ့လား"ဟု ပြောခဲ့သည်။

ထိုစကားများကို တွန်ဂါတာ သတိရမိလေသည်။ ယခု မိမိဘဝသည်လည်း ကြိုးစားလှုပ်ရှားခဲ့ရသမျှ အလဟဿ ဖြစ်ကာ သေဆုံးရပေတော့မည်။ လက်နက်ကိုင်အစောင့်များက သူ၏ လက်ကောက်ဝတ်နေရာတွင် ကြိုးနှင့်တုပ်နှောင်ကြစဉ် တွန်ဂါတာသည် မျက်လုံးဖွင့်ကြည့်လေသည်။ သူ၏ ရှေ့တည့်တည့်တွင် လက်နက်ကိုင်စစ်သားများ တန်းစီရပ်နေသည်ကို တွေ့ရလေသည်။ တွန်ဂါတာ၏ ဝဲယာနှစ်ဘက်မှမာတာဘယ်လီတိုင်းရင်းသားနှစ်ဦးကိုလည်း အလားတူကြိုးတုပ်၍ခေါ်လာလေသည်။ မျက်စိကန်းနေသူ တိုင်းရင်းသားသည် အားအင်မရှိတော့သဖြင့် ဒူးဆစ်များခွေယိုင်ကာ လဲကျသွားသည်။

"ဟော့လူ မတ်တပ်ပြန်ထလိုက်ပါ။ မာတာဘယ်လီ အမျိုးသားပီပီ ခြေနှစ်ဖက်စုံရပ်ပြီး ရဲရဲကြီး အသေခံလိုက်စမ်းပါ"

တွန်ဂါတာက အမိန့်ပေးသလို မာတာဘယ်လီ ဘာသာဖြင့် ပြောလိုက်သည်။ ဤတွင် ထိုလူသည် ကြိုးစား၍ ပြန်ထလေသည်။

"အသေခံရမယ့်နေရာကို ရင်ကော့ပြီး လျှောက်သွားစမ်းပါ။ မျက်စိမမြင်ရင်မှန်းပြီးသာ လျှောက်သွား၊ ရှေ့တည့်တည့် လက်ဝဲဘက် နည်းနည်းတိမ်းပြီးသွားလိုက်"

တွန်ဂါတာက ဆက်လက် အမိန့်ပေးလိုက်ရာ ထိုလူလည်း ဖြည်းဖြည်းချင်း စမ်းသွားရာ အသတ်ခံရမည့်ကားစင်သို့ ရောက်သွားလေသည်။ အစောင့်များက ထိုသူအားကားစင်တွင် ကြိုးဖြင့် တုပ်နှောင်ထားလိုက်သည်။ သူ့အား ကွပ်မျက်ရန် ရိုင်ဖယ်သေနတ်ကိုယ်စီဖြင့် တန်းစီရပ်နေသော ပါးကွက်အာဏာသားအဖွဲ့တွင် စစ်သည်ရှစ်ဦးပါဝင်ပြီး ကွပ်ကဲသူတပ်မှူးက တတိယတပ်မဟာမှ ကက်ပတိန် (ဗိုလ်ကြီး)တစ်ဦး ဖြစ်သည်။ တပ်မှူးသည် တန်းစီနေသော စစ်သားများရှေ့မှ ဖြတ်လျှောက်ရန် တစ်ဦးချင်းထံမှ ရိုင်ဖယ်သေနတ်ကိုယူပြီး သေချာစွာ စစ်ဆေးကြည့်လေသည်။ ယင်းသို့ သေနတ်များကို စစ်ဆေးစဉ် ကက်ပတိန်သည် သူ၏စစ်သားများအား ရယ်စရာတွေပြောနေလေသည်။ ရှိုနာဘာသာစကားဖြင့် ပြောသဖြင့် တွန်ဂါတာနားမလည်ချေ။ စစ်သားများကသာ ရယ်မောနေကြသည်။

စစ်သည်နှစ်ဦးသည် လူတစ်ယောက်အား သတ်ဖြတ်ကွပ်မျက်ရမည်ကို မည်သို့မျှ စိတ်လှုပ်ရှားပုံ မရဘဲ ပျော်ရွှင်နေပုံ ရလေသည်။ သူတို့သည် သတ်ဖြတ်ကွပ်မျက်ခြင်းကို ထမင်းစား ရေသောက် သလို လုပ်နေကျသာမန်အပြုအမူကဲ့သို့ သဘောထားပုံရသည်။ ဤပါးကွက်အာဏာသားတပ်ဖွဲ့မှ သုတ်သင်ကွပ်မျက်သော လူဦးရေကလည်း မနည်းလှတော့ပေ။ ဒီလိုလူမျိုးတွေကို တွန်ဂါတာ ကိုယ်တိုင်က ပြည်တွင်းစစ်ကာလအတွင်းက အတော်များများ တွေ့ခဲ့ဖူးလေသည်။

ကက်ပတိန်သည် တန်းစီနေသူများရှေ့တွင်ရပ်လိုက်ပြီး အင်္ဂျီအိတ်ထဲမှ လက်နှိပ်စက်ရိုက်ထား သောစာရွက်တစ်ရွက်ကို ထုတ်ယူကာ စတင်ဖတ်လေသည်။ အင်္ဂလိပ်ဘာသာဖြင့် ဖတ်နေခြင်းဖြစ် သော်လည်း ကက်ပတိန်သည် အင်္ဂလိပ်စကား မကျွမ်းကျင်သဖြင့် ပီသအောင်မဖတ်နိုင်ဘဲ ခပ်တိုး တိုးသာ ဖတ်သွားရာ တွန်ဂါတာက ကောင်းစွာမကြားရချေ။ ဖတ်နေသော စာက စီရင်ချက်အမိန့်ပင် ဖြစ်သည်။
"သင်တို့သည် နိုင်ငံတော်၏ရန်သူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဤအမိန့်ကိုချမှတ်လိုက်ခြင်းဖြစ် သည်။ ဤစီရင်ချက်အမိန့်ကို ဇင်ဘာဘွေသမ္မတနိုင်ငံတော်၏ ဒုတိယသမ္မတကိုယ်တိုင် သဘောတူ အတည်ပြုပြီး ဖြစ်သည်"

တွန်ဂါတာသည် ဦးခေါင်းကိုမော့၍ သီချင်းတစ်ပုဒ် ဟစ်အော်သီဆိုလေသည်။ သူ၏ သီချင်းသံက ကျယ်လောင်သဖြင့် ရှိုနာကက်ပတိန် စီရင်ချက်ဖတ်နေသံကိုပင် ဖုံးအုပ်လွှမ်းမိုးနေလေသည်။ သီချင်း က မာတာဘယ်လီတိုင်းရင်းသားတို့ စစ်တိုက်ထွက်သည့်အခါ စစ်မြေပြင်တွင် သံပြိုင်သီဆိုလေ့ရှိ သော ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေသည့် သီချင်းတစ်ပုဒ်ပင်ဖြစ်သည်။ တွန်ဂါတာသည် သီချင်း ကို ခေတ္တရပ်၍ သူ့ရဲဘော်များအား-

"ဟေ့...ဝိုင်းဆိုကြလေ၊ မာတာဘယ်လီ ခြင်္သေ့မင်းရဲ့ ဟောက်သံကို ရှိုနာတောခွေးတွေကြား အောင် ဝိုင်းဆိုကြ"ဟု အမိန့်ပေးလိုက်ရာ ကျန်မာတာဘယ်လီတို့လည်း သီချင်းကိုသံပြိုင်လိုက်ဆိုကြ လေ သည်။ ရှိုနာလူမျိုးကက်ပတိန်က အမိန့်ပေးလိုက်ရာ စစ်သည်ရှစ်ဦးစလုံး ရိုင်ဖယ်သေနတ်များကို တစ်ပြိုင်တည်း ချိန်ရွယ်လိုက်ကြသည်။ တွန်ဂါတာလည်း စစ်သားများအားစေ့စေ့ကြည့်ရင်း သီချင်းကို ဆက်ဆိုလေသည်။ သူ၏ဘေးမှ လူများသည်လည်း အားတက်လာဟန်ဖြင့် သီချင်းကို ကျယ်လောင် စွာ သီဆိုနေကြလေသည်။ သေနတ်သမားရှစ်ဦးတို့သည် ကွပ်မျက်ခံရမည့်လူသုံးဦးကို စိုက်ကြည့် နေကြသည်။

ထိုအခိုက် အကျဉ်းထောင်အတွင်းမှအသံများ ကြားရလေသည်။ အကျဉ်းစခန်းများအတွင်းမှ မာတာဘယ်လီ တိုင်းရင်းသားများသည် တွန်ဂါတာတို့၏သီချင်းသံကိုကြားရပြီး ထိုသီချင်းကိုပင် သံပြိုင်ဟစ်အော်သီဆိုသံများပင် ဖြစ်သည်။ ရာပေါင်းများစွာသော မာတာဘယ်လီ အကျဉ်းသားများက ကွပ်မျက်ခံရအံ့ဆဲဆဲ သူတို့ရဲဘော်သုံးဦးကို အားပေးသည့်အနေဖြင့် သီဆိုနေကြခြင်း ဖြစ်ပေသည်။ ရှိုနာအမျိုးသား ကက်ပတိန်သည် သူ၏ ညာဘက်လက်ကို မြှောက်လိုက်သည်။ ထို့နောက် လက်ကို ပြန်ချ လိုက်ပြီး-

"ပစ်"ဟု အမိန့်ပေးလိုက်သည်။

ရိုင်ဖယ်ရှစ်လက်တစ်ပြိုင်နက် ပစ်လိုက်သည့်အသံမှာ တစ်လက်တည်းကပင်ပစ်လိုက်သည်ဟုထင်ရသည်။ တွန်ဂါတာ၏အဖော် မာတာဘယ်လီ တိုင်းရင်းသားနှစ်ဦးတို့သည် ကျည်ဆန်များဒဏ်ကြောင့် ကြိုးဆွဲကနေသော ရုပ်သေးရုပ်များလို တုန်ခါလှုပ်ရှားနေရာမှ နောက်ဆုံး ငြိမ်သက်သွားလေသည်။ ကြိုးတုပ်ထား၍သာ မြေပြင်သို့ လဲကျမသွားခြင်း ဖြစ်သည်။

တွန်ဂါတာက သီချင်းကို ဆက်၍ ဆိုနေသည်။ စစ်သည်များသည် သေနတ်များကို ပြန်ချ၍ ရယ်မောနေကြလေသည်။ အကျဉ်းထောင်အတွင်းမှ သီချင်းဆိုသံများကလည်းဆက်လက်၍ ကြားနေရသည်။ တွန်ဂါတာသည် အသက်ပျောက်နေသူ မာတာဘယ်လီလူမျိုးနှစ်ဦးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိလေသည်။ သူကိုယ်တိုင်လည်း စိတ်ဓာတ်ကျသလိုဖြစ်ကာ ဒူးဆစ်များမခိုင်တော့ဘဲ ယိုင်လဲကျလုမတတ် ဖြစ်သွားသည်။

သူ၏ခန္ဓာကိုယ်သည် အလွန်အားနည်းနေလေပြီ။ သို့သော်လည်း တွန်ဂါတာမှာ စိတ်ဓာတ်ကို ခိုင်ခိုင်ထားကာ အားတင်းလိုက်လေသည်။ ရှိုနာအမျိုးသား ကက်ပတိန်သည် သူ၏ရှေ့တည့်တည့်တွင်လာရပ်ပြီး အင်္ဂလိပ်ဘာသာဖြင့်-

"ဘယ့်နယ်လဲဗျာ ပျော်စရာ မကောင်းဘူးလား"ဟု သရော်သလို ပြောလေသည်။

တွန်ဂါတာမှာ အားအင်ချည့်နဲ့နေပြီဖြစ်၍ ဘာမှပြန်မပြောနိုင်ချေ။ ဤတွင် ကက်ပတိန်က စစ်သည်တစ်ဦးအား သောက်ရေယူလာရန်လှမ်းအမိန့်ပေးလိုက်သည်။ ချက်ချင်းလိုပင် စစ်သားသည် သံဇလုံငယ်ဖြင့်ရေလာပေးလေသည်။ ကက်ပတိန်ကိုယ်တိုင် ရေဇလုံကိုပါးစပ်တွင်တေ့၍တိုက်ရာ တွန်ဂါတာလည်း အားပါးတရ သောက်လေသည်။ ရေက အလွန်အရသာရှိသည်ဟုလည်း ထင်မိသည်။

တွန်ဂါတာသောက်နေစဉ် ရှိုနာကက်ပတိန်သည် ဇလုံကိုပြန်ယူ၍ သူကိုယ်တိုင် အနည်းငယ်ငုံလိုက်သည်။ သို့သော် ရေကို ပလုတ်ကျင်း၍ ချက်ချင်းပြန်ထွေးပစ်လိုက်ပြီး တွန်ဂါတာအား ပြုံးဖြဲဖြဲနှင့် ကြည့်လေသည်။ ထို့နောက် ကျန်ရေကို တွန်ဂါတာအား မတိုက်တော့ဘဲ မြေကြီးပေါ်သို့ သွန်ချပစ်လိုက်သည်။ ရေသောက်၍ မဝသေးမှန်းသိ၍ တမင်သက်သက် နှိပ်စက်သည့်အနေဖြင့် ရေသွန်ပစ်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ရှိုနာကက်ပတိန်သည် သူ၏လူများအား အမိန့်ပေးလိုက်ရာ စစ်သည်အားလုံး ပြန်ထွက်သွားကြလေသည်။

တွန်ဂါတာ တစ်ယောက်တည်းသာလျှင် ယင်ကောင်တွေ အုံနေသော လူသေအလောင်းများနှင့်အတူ ကျန်ရစ်လေသည်။ နေဝင်ဖျိုးဖျအချိန်တွင် စစ်သားများပြန်ရောက်လာလေသည်။ တုပ်နှောင်ထားသောကြိုးများကိုဖြတ်လိုက်ရာ တွန်ဂါတာသည် အားအင်ချည့်နဲ့လွန်းသဖြင့် မတ်တတ်ပင် မရပ်နိုင်ဘဲ ယိုင်လဲကျသွားလေသည်။ စစ်သားများသည်သူ့အားဝိုင်းပွေ့ထူလျက် သူနေထိုင်ရာတဲဆီသို့ခေါ်သွားကြလေသည်။
တဲအတွင်း၏ အခြေအနေမှာ လူနေသည့် အိမ်ခန်းတစ်ခန်းနှင့် မတူချေ။ ပရိဘောဂပစ္စည်းဟူ၍ ဘာမှမရှိ။ ကြမ်းပြင်က သစ်သားကြမ်းခင်းမဟုတ်ဘဲ ရိုးရိုးရှဲ့ဖြင့်သာ ပြုလုပ်ထားသောကြမ်းဖြစ်လေသည်။ အခန်းထောင့်တစ်နေရာတွင်အိမ်သာအဖြစ်အသုံးပြုရန်ပုံးတစ်ပုံး သောက်ရေအတွက်ရေဇလုံတစ်လုံးနှင့် ပြောင်းဖူးဖြင့်ပြုလုပ်ထားသော မုန့်ထည့်ထားသည့် သံပန်းကန်တစ်ချပ်တို့သာလျှင်ရှိသည်။ ပြောင်းဖူးမုန့်မှာကိတ်မုန့်သဘော ပြုလုပ်ထားသော်လည်း ဆားတွေအဆမတန် ထည့်ဖုတ်ထားသဖြင့် စားလျှင်အလွန်ငန်ပြီး ရေဆာလာမည်ဖြစ်သည်။ စားပြီးသည်နှင့် ရေငတ်ခြင်းဒဏ်ကို အလူးအလဲခံရမည် ဖြစ်သည်။

သို့ဖြစ်လင့်ကစား တွန်ဂါတာအနေဖြင့် ခွန်အားရှိလာရန်အတွက် ဆားငန်ငန်ပြောင်းဖူးမုန့်ကို ဖွတ်ပင်စားရမည် ဖြစ်ပေသည်။ တွန်ဂါတာက သံဇလုံထဲမှ ရေတစ်ဝက်ကိုသောက်ပြီး ကျန်တစ်ဝက်ကို နောက်တစ်နေ့နံနက်သောက်ရန် ချန်ထားလိုက်သည်။ ထို့နောက် သူသည် ရှဲ့ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေလိုက်သည်။ တဲ၏အမိုးက သွပ်မိုးဖြစ်၍ နေပူရှိန်ကြောင့် အလွန်ပူအိုက်လေသည်။ သို့သော် နံနက်စောစောကျလျှင် အလွန်အေးလိမ့်မည်ဟုလည်း တွန်ဂါတာက သိထားပေသည်။

လဲလျောင်းအနားယူနေသော်လည်း သူ၏တစ်ကိုယ်လုံးမှာနာကျင်ကိုက်ခဲလျက်ရှိလေသည်။ အကျဉ်းစခန်း၏ပြင်ပ၌မှောင်နေပြီဖြစ်ရာ ကွင်းထဲပစ်ထားသော မာတာဘယ်လီလူမျိုးနှစ်ဦး အလောင်းများကိုတောခွေးရိုင်းများက အုပ်လိုက်ဝိုင်း၍ ကိုက်စားနေကြပြီဖြစ်ရာ တောခွေးများ၏အသံ ဆူဆူညံညံ

ကြားနေ ရလေသည်။ အသံတွေ ဆူညံနေသော်လည်း အလွန်ပင်ပန်းနွမ်းနယ်နေသူ တွန်ဂါတာသည် အိပ်ပျော်သွားလေသည်။ အိပ်ရာမှ ပြန်နိုးလာသောအခါ အရက်တက်နေပြီဖြစ်၍ အပြင်ဘက်မှ အမိန့်ပေးသံများ ကြားနေရလေသည်။ တွန်ဂါတာသည် သံဇလုံထဲမှ ရေလက်ကျန်ကို သောက်ပြီးနောက် ကိုယ်လက်သန့်စင်လေသည်။မကြာမီတဲတံခါးပွင့်လာပြီးလက်နက်ကိုင်စစ်သားများဝင်လာလေသည်။
"ဟေ့ ... မာတာဘယ်လီတို့ရွာန်၊ အပြင်ဘက်ကို ထွက်စမ်း"

ဤသို့ ရိုင်းပျစွာငေါက်ငမ်းလျက် စစ်သားများသည်တွန်ဂါတာနှင့် သေဒဏ်ပေးခံရမည့်အခြားမာတာဘယ်လီအမျိုးသားသုံးဦးတို့ကို စစ်ရေးပြကွင်းအစွန်ရှိ လူသတ်ကားစင်များရှိရာသို့ ခေါ်ထုတ်သွားလေသည်။ သေဒဏ်ပေးခံရမည့် မာတာဘယ်လီ အခြားအမျိုးသားသုံးဦးတို့က ကြိုတင်ရောက်ရှိနှင့်နေပြီဖြစ်သည်။
တွန်ဂါတာသည်စိတ်ကိုတင်း၍ ကိုယ်ကိုတည့်မတ်စွာ မတ်တတ်ရပ်နေလိုက်သည်။ သူ့အား ယနေ့တော့ မုချကွပ်မျက်လိမ့်မည်ဟုလည်းထင်မိသည်။ မွန်းတည့်ချိန်သာသာတွင် ပါးကွက်အာဏာသားရိုင်ဖယ်သေနတ်ကိုင်တပ်ဖွဲ့က မာတာဘယ်လီတိုင်းရင်းသား သုံးဦးတို့အားပစ်သတ်လိုက်ကြသည်။ ဒီတစ်ခါတော့ တွန်ဂါတာသည် ယမန်နေ့ကလို မိမိရဲဘော်များ အသတ်ခံရခါနီး သီချင်းဟစ်အော်ဆိုသလို မဆိုနိုင်တော့ချေ။ သူသည်သီဆိုရန် ကြိုးစားကြည့်သော်လည်း သူ၏လည်ချောင်းမှ အသံထွက်မလာဘဲ ဖြစ်နေသည်။

မွန်းလွဲပိုင်းသို့ရောက်သောအခါ တွန်ဂါတာ၏ မျက်လုံးများသည်ကြည့်၍ ကောင်းစွာမကြည်လင်တော့။ မှုန်ဝါးဝါးဖြစ်လာသည်။ ခန္ဓာကိုယ်သည်လည်း မတ်မတ်ရပ်မနေနိုင်တော့ဘဲ ယိုင်လဲကျမလို ဖြစ်လာသောကြောင့် စိတ်ကိုမနည်းကြိုးစား၍ တင်းထားရလေသည်။ ထို့ပြင် မခံမရပ်နိုင်အောင်ပင် ရေအလွန် ငတ်လာသည်။ တွန်ဂါတာသည် မျက်လုံးစုံမှိတ်၍ အံကြိတ်ကာ ဝေဒနာကိုကြိုးစား၍ ခံစားနေရစဉ် -

ဗိုလ်ချုပ် ဖွန်ဂါဘီရာအသံကို ရုတ်တရက် ကြားလိုက်ရသည်။ ဤတွင် တွန်ဂါတာသည် ချက်ချင်းပင် ခွန်အားပြည့်လာသလို ဖြစ်လာတော့သည်။ ဦးခေါင်းကိုထောင်၍ မျက်လုံးဖွင့် ကြည့်လိုက်သောအခါ ဖွန်ဂါဘီရာ၏မျက်နှာကိုမြင်ရပြီး အလွန်မုန်းတီးစက်ဆုပ်မိလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စစ်မြေပြင်၌ဝတ်ဆင်သည့် ယူနီဖောင်းဝတ်စုံဝတ်ထားသော ဦးခေါင်းတွင်သံပရာခွံ ဦးထုပ်ဖျော့ဆောင်းထားလေသည်။ သူ၏ဘေးနားတွင် တွန်ဂါတာလုံးဝမမြင်ဖူးသော မျက်နှာဖြူလူမျိုးတစ်ဦး လိုက်ပါလာသည်ကို တွေ့ရသည်။

ထိုလူသည် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အသက်ခပ်ကြီးကြီး လူတစ်ယောက်ဖြစ်သည်။ အပြာရောင် အဆင်းရှိသော မျက်လုံးများ၏စူးရှပုံမှာ မြွေဟောက်တစ်ကောင်နှင့်တူပြီး တွန်ဂါတာသည် ထိုလူကြီးအား မြင်မြင်ချင်းမုန်းတီးမိလေသည်။ မျက်နှာဖြူလူကြီးသည် တွန်ဂါတာအား ဆရာဝန်တစ်ဦးက လူနာကို ကြည့်သလို ကြည့်နေပေသည်။

ထိုအခိုက် ဗိုလ်ချုပ် ဖွန်ဂါဘီရာက မျက်နှာဖြူကြီးအား စကားပြောလေသည်။

" ခင်ဗျားအနေနဲ့ ရဲဘော်ဝန်ကြီး တွန်ဂါတာကို ဒီအခြေအနေမျိုးနဲ့ မြင်ရတာ ဝမ်းနည်းပါတယ်။ သူက ကိုယ်အလေးချိန် အများကြီးကျသွားပြီး အားနည်းနေပါတယ် "

ဖွန်ဂါဘီရာ က သရော်သလို ဟန်မျိုးဖြင့် ပြောလေသည်။ သို့သော် မျက်နှာဖြူကြီးက စိတ်ဝင်စားပုံ မရချေ။ ဤတွင် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် အနီးရှိ ကက်ပတိန်အားလှမ်း၍

" ဟေ့ ... ဒီအကျဉ်းသားကို ရဲတိုက်ထဲ ခေါ်လာခဲ့" ဟု အမိန့်ပေးလိုက်သည်။

တွန်ဂါတာမှာ လုံးဝ မလှုပ်ရှားနိုင်လောက်အောင် အားအင်ချည့်နဲ့နေပြီဖြစ်ရာ စစ်သည်များက သူ့အား ထမ်း၍ ခေါ်သွားကြရလေသည်။

အခန်း(၂၉)

ဗိုလ်ချုပ်ဖွန်ဂါဘီရာ ယာယီနေထိုင်သည့်အခန်းတွင် သူနှင့်ရုရှဗိုလ်မှူးကြီး ဘူခါရင်တို့ထိုင်နေ ကြလေသည်။ သူတို့နှင့် မျက်နှာချင်းဆိုင်ဘက်တွင် ခုံတန်းတစ်ခုချထားသည်။ လက်နက်ကိုင်အစောင့်များသည် တွန်ဂါတာအား ပွေ့ချီခေါ်လာပြီးနောက် ခုံတန်းရှည်တွင် ထိုင်စေလေသည်။

တွန်ဂါတာမှာ အားပြတ်နေသော်လည်း သတိမလစ်သဖြင့် သူ့အား ကူညီဖေးမ၍ တွဲထားသူ စစ်သားများ၏လက်ကို ခပ်ကြမ်းကြမ်းတွန်းဖယ်ပစ်လိုက်သည်။ ထို့နောက် သူ၏ရှေ့တည့်တည့်တွင် ထိုင်နေသူ ဖွန်ဂါဘီရာနှင့် မျက်နှာဖြူလူကြီး(ဘူခါရင်)အား ခပ်တည်တည် စိုက်ကြည့်နေလိုက်သည်။

ဖွန်ဂါဘီရာက ရိုရှားအမျိုးသား ကက်ပတိန်အား တစ်စုံတစ်ခု အမိန့်ပေးလိုက်ပြီးနောက် စစ်သားတစ်ယောက်သည် အညှံ့စားစောင်တစ်ထည်ယူလာ၍ တွန်ဂါတာ၏ပခုံးတွင် လွှမ်းခြုံပေးလိုက်သည်။ ဖွန်ဂါဘီရာက ရိုရှားဘာသာဖြင့် နောက်ထပ်အမိန့်ပေးလိုက်ပြန်သည်။ ထိုအခါ ကက်ပတိန်သည် အပြင်ဘက်သို့ထွက်သွားပြီး ပြန်ဝင်လာသောအခါ လင်ပန်းတစ်ခုတွင် ဗော့ဒ်ကာအရက် တစ်ပုလင်းနှင့် ဝီစကီတစ်ပုလင်း၊ ဖန်ခွက်တစ်လုံး၊ ရေခဲများနှင့်ချိုင့်တစ်ခုကိုပါ ယူဆောင်ထားလေသည်။

တွန်ဂါတာသည် အလွန်ရေငတ်နေသူ ဖြစ်သော်လည်း ရေချိုင့်ကို လုံးဝလှမ်းမကြည့်ဘဲနေ၏။ သူသည် စိတ်ကိုချုပ်ထိန်းလျက် ဖွန်ဂါဘီရာ၏မျက်နှာကိုသာ စူးစိုက်ကြည့်နေလိုက်သည်။

"ဟုတ်ပြီ ဒါမှ ကျုပ်တို့ဟာလူမည်းတို့ရဲ့ ထုံးတမ်းစဉ်လာနဲ့ညီညွတ်မယ်။ ရဲဘော်ဝန်ကြီး တွန်ဂါတာက ရှိုနာဘာသာ စကားမတတ်ဘဲ အလွန်တောကျတဲ့ မာတာဘယ်လီဘာသာပဲ တတ်ကျွမ်းလေတော့ ကျုပ်တို့အားလုံးနားလည်တဲ့ အင်္ဂလိပ်ဘာသာစကားနဲ့ပဲ ပြောကြမယ်"

ဤသို့ပြောရင်း ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဇော့ဒ်ကာနှင့်ဝီစကီအရက်ကို ဖန်ခွက်များထဲ ငှဲ့ကာ ရေခဲတုံးများပါ ထည့်လိုက်သည်။ အလွန်ရေငတ်နေသူ တွန်ဂါတာအဖို့ ယမကာခွက်များကို မြင်လျှင် သောက်ချင်စိတ် ဖြစ်ပေါ်လာမိသော်လည်း စိတ်ကိုချိုးနှိမ်ကာ ဖွန်ဂါဘီရာ၏မျက်နှာကိုသာ စိုက်ကြည့်နေလေသည်။ ဖွန်ဂါဘီရာ သည် တွန်ဂါတာအား ကြည့်၍ စကားပြောလေသည်။

"အခုဟာက ဆွေးနွေးညှိနှိုင်းပွဲသဘောမျိုးပါပဲ။ ဟောဒီပုဂ္ဂိုလ်က (မျက်နှာဖြူလူကြီးအားညွှန်ပြလျက်) အာဖရိကတိုက် သမိုင်းသုတေသီတစ်ဦးဖြစ်တယ်။ သူ့အနေနဲ့အာဖရိကတိုက်ကြီးအကြောင်းရေးသားထားသမျှ စာအုပ်စာတမ်းအားလုံးကို ဖတ်ရှုလေ့လာထားပြီးပြီ။ ဒီမယ် တွန်ဂါတာ ခင်ဗျားဟာ မာတာဘယ်လီလူမျိုးရဲ့ခေါင်းဆောင် ကူမာလိုအဆက်အနွယ်ဖြစ်တယ်။ ဒီ ခေါင်းဆောင်တွေနဲ့တကွ မာတာဘယ်လီ လူမျိုးတွေဟာ ဒီနယ်မြေရဲ့ တရားဝင်ပိုင်ဆိုင်သူ ရှိုနာများအပေါ် အစဉ်တစိုက် နှိပ်စက်ညှဉ်းပန်းခဲ့တယ်။
တိုက်ခိုက် အနိုင်ကျင့်ခဲ့ကြတယ်။ အခု ကျုပ် ပြောမယ့်အကြောင်းတွေကို ခင်ဗျားတို့နှစ်ယောက်စလုံး သိကောင်း သိနေပါလိမ့်မယ်။ သို့သော်လည်း စိတ်ရှည်ရှည်ထားပြီး နားထောင်စေချင်ပါတယ်"

ဖွန်ဂါဘီရာသည် စကားကိုခေတ္တဖြတ်၍ ဝီစကီအရက် အနည်းငယ်သောက်လိုက်သည်။ ရုရှလူမျိုး ဘူခါရင်နှင့် တွန်ဂါတာတို့ကမူ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေကြရာ ဖွန်ဂါဘီရာသည် သူ၏ စကားကို ဆက်ပြောလေသည်။

"ရေလည်အောင် ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာ့ငါးဆယ်က အတိတ်ကို ပြန်သွားရပါမယ်။ အဲဒီတုန်းက ဇူးလူးလူမျိုး ဘုရင်ချာကာရဲ့ လူယုံတော် အချစ်တော် ဖြစ်သော်လည်း စစ်တိုက်ရလို့ ရရှိခဲ့တာတွေကို ချာကာဘုရင်ကို မပေးအပ်ခဲ့ဘူး။ သူ့နာမည်က မီဇီလီကာဇီလို့ခေါ်တယ်။ သူဟာ ဇူးလူးအနွယ် ကူမာလိုတိုင်းရင်းသားလူမျိုး အုပ်စုဝင် မာရှိုဘာနီရဲ့သား ဖြစ်တယ်။ ဒီလူက ပထမဆုံး မာတာဘယ်လီ လူမျိုး ဖြစ်တယ်လို့လည်း ဆိုနိုင်တယ်။

အလျဉ်းသင့်လို့ ပြောရမယ်ဆိုရင် ဒီလူဟာ သူကတစ်ဆင့် ပေါက်ဖွားလာတဲ့ မာတာဘယ်လီ လူမျိုးတွေကို သူ့ရဲ့အကျင့်စရိုက်တွေ အမွေပေးခဲ့တယ်။ သူကိုယ်တိုင်က လူတွေဆီက တိုက်ခိုက်လုယက်တဲ့အပြင် လူသတ်သမားမှဒိမ်းသမားတစ်ဦးလည်းဖြစ်တယ်၊ သူခိုးလည်းဖြစ်တယ်။ သူ့ဘုရင်ဆီကတောင် ပြန်ခိုးခဲ့တဲ့လူ ဖြစ်တယ်။ စစ်တိုက်လို့ရတဲ့ပစ္စည်းတွေကို ချာကာဘုရင်ရဲ့ဝေစု မပေးဘဲ နေခဲ့တာဟာခိုးတာနဲ့ ဘာထူးသလဲ။ တကယ်တော့ မိဇီလီကာဇီဟာ သတ္တိမရှိဘဲ သူရဲဘောကြောင် သူ ဖြစ်တယ်။ ချာကာဘုရင်က သူ့ကိုအရေးယူဖို့ အခေါ်လွှတ်လိုက်တော့မလာဘဲ ထွက်ပြေးတိမ်းရှောင်သွားခဲ့တယ်" ဤနေရာတွင် ဖွန်ဂါဘီရာသည် တွန်ဂါတာအား ပြုံးလိုက်ပြီးမှ ဆက်ပြောသည်။

"ဒါကြောင့် မာတာဘယ်လီလူမျိုးတို့စတင်ပေါက်ဖွားခဲ့တဲ့မိဇီလီကာဇီဟာ သူခိုးများပြ၊ လူသတ်သမား၊ သူရဲဘောကြောင်သူဖြစ်တယ်။ သူကတစ်ဆင့် ပေါက်ဖွားခဲ့တဲ့ မာတာဘယ်လီလူမျိုး အားလုံးဟာလည်း တောက်လျှောက် ဒီလိုစရိုက်မျိုးရှိခဲ့တာဟာ ဒီနေ့အထိပဲဆိုပါတော့။

"ဒါနဲ့ပဲ ဒီလူဟာ သူ့ဘက်ပါတဲ့ ဇူးလူးလူမျိုး စစ်သည်တချို့နဲ့အတူ မြောက်ဘက်ကို ထွက်ပြေးလာခဲ့တယ်။ သူသွားရာ လမ်းတစ်လျှောက်က အင်အားနည်းတဲ့ တိုင်းရင်းသားလူမျိုး အုပ်စုငယ်တွေကို လည်းတိုက်ခိုက်နှိပ်စက်ခဲ့တယ်။ ဒေသခံကျေးရွာတွေကလည်း ကျွဲနွားတိရစ္ဆာန်တွေ၊ မိန်းမပျိုကလေးတွေကိုလည်းဖမ်းခေါ်သွားတယ်။ မိဇီလီကာဇီနဲ့အပေါင်းပါ မာတာဘယ်လီလူရမ်းကားတွေလက်ချက်နဲ့ အပြစ်ကင်းမဲ့သူတွေသိန်းချီပြီး သေဆုံးခဲ့ရတယ်လို့လည်း အဆိုရှိခဲ့တယ်။

ဒီလိုနဲ့ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းပြီး မြောက်စူးစူးဘက်ကို ထွက်လာလိုက်တာ တစ်ချိန်ကျတော့ အနောက်တောင်ဘက်ကလာတဲ့ ဘိုးဝါးလူမျိုးတွေနဲ့ဆုံခဲ့တယ်။ ဘိုးဝါးတွေဆိုတာက သူ့ထက်တောင် ပိုပြီးသတ်ရဲဖြတ်ရဲတဲ့လူတွေဖြစ်တယ်။ မိဇီလီကာဇီရဲ့နောက်လိုက်တွေကို ဘိုးဝါးလူမျိုးတွေက ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြတယ်။ မိဇီလီကာဇီကတော့ သတ္တိကြောင်သူ ပီပီ မြောက်ဘက် ကို ထွက်ပြေးတယ်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဖန်ခွက်ထဲမှရေခဲတုံးများကိုလှုပ်၍ သောက်လိုက်ပြီးနောက် စကားဆက်ပြန်လေသည်။

"မိဇီလီကာဇီဟာ မြောက်ဘက်ဆက်သွားရင်း လင်ပိုပိုမြစ်ကိုဖြတ်ကျော်လိုက်တော့ အလွန်သာယာပြီး နေချင်စဖွယ်ကောင်းတဲ့ မြေယာတွေကိုသွားတွေ့ရတယ်။ စိမ်းလန်းစိုပြည်တဲ့ မြက်ခင်းပြင်ကြီးတွေရှိပြီး ရေကောင်းရေသန့်လည်း အလွန်ပေါတဲ့ နေရာမျိုးဖြစ်တယ်။ အဲဒီနေရာမှာ နေထိုင်သူ

ဒေသခံလူမျိုးတွေကတော့ တစ်ချိန်က မြို့ကြီးပြကြီးတွေ တည်ဆောက်နိုင်ခဲ့သူ လူမျိုးတစ်မျိုးရဲ့ အဆက်အနွယ်တွေဖြစ်တယ်။ ဒါပေမဲ့မီဇိလီကာဇိက ဒီလူတွေကိုအထင်သေး ရှုတ်ချရုံမက တိရစ္ဆာန်တွေလိုသဘောထားဆက်ဆံခဲ့တယ်။

လူတွေကို တောလိုက်အမဲပစ်သလို အကြောင်းမဲ့သက်သက် သတ်ပစ်ခဲ့တယ်။ မသတ်ဖြစ်တဲ့လူတွေကိုတော့ သူတို့မာတာဘယ်လီစစ်သည်တွေခိုင်းဖို့ ငွေဝယ်ကျွန်အဖြစ်ဖမ်းဆီးနှိပ်စက်ခဲ့တယ်။ ဒေသခံမိန်းကလေးတွေကိုလည်း စော်ကားတယ်၊ အဓမ္မသိမ်းပိုက်တယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က မိန်းကလေးတွေကိုယ်ဝန်ရှိပြီး သားသမီးမွေးလာရင် ယောကျ်ားလေးဆိုရင်ကြီးလာတဲ့အခါ သူတို့ဘက်က စစ်တိုက်ဖို့ စစ်သည်အသစ်တွေ ဖြစ်လာနိုင်တယ်လို့ယူဆသတဲ့။ ဒီအချက်တွေကို ခင်ဗျားက အာဖရိကတိုက် သမိုင်းလေ့လာခဲ့သူအနေနဲ့ သိပြီးထင်ပါတယ်"

ဖွန်ဂါဘီရာကအဆုံးသတ်စကားကို ထိုရုရှဗိုလ်မှူးကြီးဘက်သို့လှည့်၍ပြောလေရာ ဘူခါရင်ကလည်း ခေါင်းညိတ်လိုက်သည်။

"သိသင့်သလောက် သိပါတယ်။ ဖြစ်ပျက်ခဲ့တာတွေကိုလည်း သိပြီး ဖြစ်ပါတယ်။ သို့သော်လည်း ခင်ဗျား သုံးသပ်ပြသလိုတော့ ကျုပ်မသုံးသပ်မိဘူး။ ခင်ဗျားက ရှုထောင့်တစ်ခုကအမြင်နဲ့ ပြောတာကိုး။ ကျုပ်အခုစဉ်းစားကြည့်တော့ သမိုင်းဆိုတာဖြစ်ရပ်မှန်တွေချည်း မှတ်တမ်းတင်ထားတာမဟုတ်ဘဲစစ်ပွဲအောင်နိုင်သူတွေက သူတို့လိုရာဆွဲရေးကြတာဘဲလို့မြင်လာမိတယ်။ ဘူခါရင်၏ စကားအဆုံးတွင် က ဖွန်ဂါဘီရာက ရယ်မောလိုက်သည်။

ခင်ဗျား အခုပြောသလို အရင်ကတစ်ခါမှ မစဉ်းစားမိဘူး ဘာဘဲဖြစ်ဖြစ် အခု ဇင်ဘာဘွေမှာ ကျုပ်တို့ရှိနာလူမျိုးတွေက အပြီးသတ် အောင်ပွဲရသူဖြစ်တယ် ဒီတော့သမိုင်းကို ပြန်ပြင်ရေးဘို့ ကျုပ်တို့မှာ အခွင့်အရေး မရှိဘူး

ကောင်းပါပြီ ဆက်ပြောပါဦး ခင်ဗျား ပြောတာတွေ ကျုပ် စိတ်ဝင်စားမိပါတယ်..

ဟုတ်ကဲ့ပြောပါမယ် ၁၈၆၈ ခုနှစ်ကျတော့ မီဇိလီကာဇိဟာ သေဆုံးသွားတယ် သူသေတော့ သူ့နောက်လိုက်တွေက အလောင်းကိုမသဂြိုလ်ဘဲ ငါးဆယ့်ခြောက်ရက်တိတိထားခဲ့တယ် ဆိုတာလည်း တစ်မျိုးစိတ်ဝင်စားစရာပါဘဲ ဒါလောက်ကြာကြာထားတော့ အလောင်းကပုတ်ပွပြီး အပုပ်နံ့တွေ တထောင်းထောင်းထွက်နေတာပဲတဲ့ ဒါဟာလည်းမာဘယ်လီလူမျိုးတို့ရဲ့ဝါသနာစရိုက်တစ်ခုထင်ပါရဲ့ ဖွန်ဂါဘီရာသည် စကားကို ခေတ္တဖြတ်ထားလိုက်ပြန်သည်၊ တွန်ဂါတာက သူတို့လူမျိုးအပေါ် ထိပါး

ပုတ်ခတ်ပြောသည်ကို ပြန်လည်ကန့်ကွက်လိမ့်မည်ဟု မျှော်လင့်၍ရပ်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် တွန်ဂါတာသည် မည်သို့မျှပြန်မပြောဘဲ နှုတ်ပိတ်၍နေလိုက်သည်။ ဒီတော့မှ ဖွန်ဂါဘီရာက ဆက်ပြောလေသည်။

မီဇီလီကာဇီ သေဆုံးသွားတော့ သူ့သားတစ်ယောက်က အမွေအရိုက်အရာကို ဆက်ခံခဲ့တယ် သူ့နာမည်ကလိုဘင်ဂူလာတဲ့ အဲဒီတိုင်းရင်းသားဘာသာစကားလုံးပဲ အင်္ဂလိပ်လိုပြန်လိုက်ရင် လေကဲ့သို့လျှင်မြန်သောသူ လို့ အဓိပ္ပါယ် ရတယ်။ လူက ဝဝဖိုင်ဖိုင်နဲ့ အလွန်ကောက်ကျစ်စဉ်းလဲပြီး သူ့အဖေလိုဘဲ အလွန်သတ်ဖြတ်လေ့ရှိတယ် သွေးဆာတဲ့ လူတစ်ယောက်ဆိုပါတော့ သို့သော်လည်း သူက မာတာဘယ်လီ လူမျိုးတို့ရဲ့ အကြီးအကဲအဖြစ် အမွေအရိုက်အရာဆက်ခံချိန်မှာ သူ မရှုမလှ ကျဆုံးဖို့ရာအကြောင်းဖြစ်လာစေမယ့် အခြေအနေနှစ်ရပ်ဟာလည်း ဖြစ်ပေါ်လာတယ်။

ပထမအချက်က တောင်ဘက်စူးစူး အလွန်ဝေးလံတဲ့ နေရာမှာ မျက်နှာဖြူလူမျိုးတွေက မြေကြီးထဲက အလွန်လှပပြောင်လက်တဲ့ အရာဝတ္ထုသစ်မျိုးကို တွေ့ရှိသွားတဲ့အချက်ပဲ၊ ဒုတိယအချက်ကတော့ အာဖရိကတိုက် မိုင်ပေါင်းများစွာဝေးတဲ့ မြောက်ဘက်ကကျွန်းကြီးတကျွန်းက မျက်နှာဖြူလူငယ်တဦးဟာ ကျန်းမာရေးအတွက် လေကောင်း လေသန့်ရအောင်ဆိုပြီး သဘော်တစ်စင်းနဲ့ ပင်လယ်ခရီးထွက်လာလိုက်ရာက အာဖရိကတိုက်ကြီးကို ရောက်ရှိလာတဲ့အချက်ဖြစ်တယ်။

လှပပြောင်လက်တဲ့အရာဝတ္ထု(စိန်)တွေရတဲ့နေရာကို မျက်နှာဖြူလူမျိုးတွေက ကင်ဘာလီလို့ အမည်ပေးလိုက်ကြတယ် အဲဒါကဟိုအချိန်က အင်္ဂလန်နိုင်ငံရဲ့နိုင်ငံခြားရေးဝန်ကြီး မစ္စတာကင်ဘာလီဆိုသူကို ဂုဏ်ပြုမှည့်ခေါ်လိုက်တာဘဲ။ ဂုဏ်ပြုစရာကောင်းတဲ့အချက်ကတော့ မျက်နှာဖြူလူမျိုးတွေက အာဖရိကတိုက် ဒေသခံတိုင်းရင်းသားများသာ ပိုင်ဆိုင်ထိုက်တဲ့ စိန်တွေကို ဓါးပြတိုက်လုယူသလို တူးဖော်ယူကြတာကို နိုင်ငံခြားရေးဝန်ကြီး ကင်ဘာလီက အပြစ်မရှိဘူး တရားတယ်လို့ အသိအမှတ်ပြုခဲ့တဲ့အတွက်ပဲလို့ ဆိုကြတယ်၊

ကျန်းမာရေးချို့တဲ့လို့ အင်္ဂလန်နိုင်ငံက သဘော်တစ်စင်းနဲ့အာဖရိကတိုက်ကို ရောက်လာသူလူငယ်ရဲ့နာမည်က ရိုဒ်လို့ခေါ်တယ် သူဟာ ကျန်းမာရေးမကောင်းပေမယ့် အလွန်ဉာဏ်ထက်မြက်သူ ဖြစ်တယ်။ တရားသဖြင့် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူ့အကျိုးရှိဖို့ဆိုရင် ဘာမဆို ပြတ်ပြတ်သားသား လုပ်တတ်တယ်။ ဒေသခံတုင်းရင်း မာတာဘယ်လီဘုရင်တွေထက်လည်း ပိုပြီးဉာဏ်များသူဖြစ်တယ် အကျိုးအမြတ်ရှိမယ်ဆိုရင် လိမ်ရမှာလည်း ဝန်မလေးဘူး ဒါကြောင့်လည်း ရိုဒ် ဆိုသူဟာ တဖြည်းဖြည်းနဲ့ တိုင်းရင်းသားတွေအပေါ် အမျိုးမျိုးကလိမ်ကျ အမြတ်ထုတ်ရင်း နောက်ဆုံးကျတော့

စိန်ရတနာထွက်တဲ့မြေယာ အားလုံးနီးပါး သူတစ်ယောက်တည်း ပိုင်ဆိုင်လာတယ် တစ်နည်းအားဖြင့် ရှိ့ဒ်ဟာ ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံးလူတစ်ယောက် ဖြစ်လာတယ်။

သို့သော်လည်း ပြောင်လက်လှပတဲ့ ကျောက်မြက်ရတနာ(စိန်)တွေ တူးဖော်ထုတ်လုပ်ဖို့က အလုပ်သမား အများကိုအပ်တယ် လိုတာမှ အလုပ်သမားအင်အားသောင်းချီပြီးလိုတယ် မျက်နှာဖြူလူမျိုးတွေရဲ့ ဝါသနာစရိုက်အရ အလုပ်ကြမ်းလုပ်ဖို့လိုလာပြီဆိုရင် တိုင်းရင်းသားတွေကိုပဲ မျက်စိကျတယ် မဟုတ်ပါလား

ရိုဒ်ဒ့်ဟာ အလွန်လိမ္မာပါးနပ်သူပီပီ တိုင်းရင်းသား လူမည်းတွေကို သူ့ဆီမှာ အလုပ်သမားတွေအဖြစ် ဝင်လုပ်အောင် မက်လုံးပေးပြီး စည်းရုံးခဲ့တယ် အစားအသောက် အခမဲ့ကျွေးပြီး အပေါစားသေနတ်တစ်လက်နဲ့ လစာငွေအနည်းငယ်ပေးတာကို ဉာဏ်ပညာအမြော်အမြင်နည်းတဲ့ တိုင်းရင်းသား အလုပ်သမားတွေ မငတ်ရုံတမယ် အလွန်နည်းတဲ့လစာရကြသော်လည်း လုပ်ငန်းရှင် ရိုဒ်ဒ့်ကတော့ ဒေါ်လာငွေသန်းပေါင်းများစွာ ကြွယ်ဝတဲ့မိလျှံနာ သူဌေးကြီးဖြစ်လာခဲ့တယ်

ကင်ဘာလီစိန်တွင်းတွေမှာ လာရောက်အလုပ်လုပ်ခဲ့ကြတဲ့ တိုင်းရင်းသားလူမည်းတွေထဲမှာ မာတာဘယ်လီ အမျိုးသားလူငယ်တွေ ပါဝင်ခဲ့တယ်။ အမှန်တော့ ဒီလူငယ်တွေဟာ မာတာဘယ်လီလူမျိုးတို့ရဲ့အကြီးအကဲ လိုဘင်ဂူလာကိုယ်တိုင်က လျှို့ဝှက်တာဝန်ပေး လွှတ်လိုက်လို့လာ အလုပ် လုပ်ခဲ့ကြခြင်းဖြစ်တယ်။ လိုဘင်ဂူလာကိုယ်တိုင်က လျှို့ဝှက်ညွှန်ကြားချက်ပေးလိုက်တာကတော့ မျက်နှာဖြူပိုင်စိန်တွင်းတွေမှာ အလုပ်လုပ်ရင်း တတ်နိုင်သလောက် စိန်ရတနာတွေကို ခိုးပြီးသူ့ဆီကိုယူလာပေးဖို့ပဲ ဖြစ်တယ်။ လိုဘင်ဂူလာ ကိုယ်တိုင်ဟာ သူခိုးခါးပြတ်ယောက်ဖြစ်ကြောင်း ကျုပ်စောစောကပြောခဲ့ပြီးပြီမဟုတ်လား။

သူ့ညွှန်ကြားချက်အတိုင်း မာတာဘယ်လီ လူငယ်အများကအများဟာ ကင်ဘာလီစိန်တွင်းတွေ မှာသွားရောက် အလုပ်လုပ်ပြီး မျက်နှာဖြူတွေ အလစ်မှာယူခဲ့တဲ့ စိန်တွေကအကြီးဆုံး အရည်အသွေးနဲ့အကောင်းဆုံးစိန်ကြီးတွေ ဖြစ်တယ်။ စိန်လုံးရေဘယ်လောက် ခိုးယူခဲ့တယ်ဆိုတာတော့ ဘယ်လိုမှအတိအကျမပြောနိုင်ဘူး။ အလွန်များတယ်လို့သာ ပြောနိုင်တယ်။ မာတာဘယ်လီ အလုပ်သမားတစ်ယောက်ကို မျက်နှာဖြူရဲတပ်ဖွဲ့က ဖမ်းမိတော့ ဒီလူဟာ (၃၄၈) ကာရက်ရှိတဲ့ စိန်တွေ ပါးစပ်ကမျိုချလိုက်တယ်လို့ သိရတယ်။

အဲဒီစိန်ရဲ့ တန်ဖိုးကဟိုခေတ်က စတာလင်ပေါင် ၃၀၀၀ ထောင်လောက်ရှိပြီး ဒီနေ့ မျက်မှောက်ခေတ်ကာလ တန်ဖိုးဆိုရင် စတာလင်ပေါင် သုံးသိန်းကျော်တန်တယ်။ နောက် အလုပ်သမားတစ်ဦးကတော့သူ့ရဲ့ပေါင်ကိုအနာခံပြီးခါးနဲ့လှီးခွဲလိုက်သတဲ့ အဲဒီပေါင်ကဒဏ်ရာထဲမှာ အလေးချိန်ကာရက်နှစ်ရာရှိတဲ့စိန်ကြီးတစ်လုံးကိုဝှက်ထားခဲ့တယ်။ ဒီစိန်ကြီးဆိုရင် အခုကာလတန်ဘိုး စတာလင်ပေါင်သိန်းနှစ်ဆယ်လောက် တန်မယ်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာက ကရားမှရေလွှတ်သလို စကားကို အဆက်မပြတ်ပြောနေချိန်တွင် မျက်နှာဖြူလူကြီးဘူခါရင်သည် စိတ်မဝင်စားသလိုဟန်မျိုးဖြင့်နေခဲ့ရာ အခုတော့စိန်ရတနာအကြောင်း ကြားရသောအခါ ရုတ်ခြည်းစိတ်ဝင်စားလာပုံရကာ ရှေ့သို့တိုး၍နားစိုက်ထောင်လေသည်။ ဖွန်ဂါဘီရာ က ဆက်ပြောလေသည်။
စိန်ခိုးထုတ်သွားတဲ့ လူတချို့ကို မျက်နှာဖြူရဲကဖမ်းမိခဲ့ပေမဲ့ မမိလိုက်တဲ့ မာတာဘယ်လီ စိန်သူခိုးအမြောက်အများလွတ်ခဲ့ကြတယ်။ ဒါဟာလည်းအကြောင်းရှိပါတယ်။ စိန်တူးဖော်ရေးလုပ်ငန်း စတင်လုပ်ခဲ့တဲ့ ဟိုဆောတ်က ဘာမှ စနစ်တကျ မရှိသေးလေတော့ တိုင်းရင်းသား လူမည်းအလုပ်သမားတွေဟာ ခါးမရှိတံခါးမရှိ သွားချင်ရာသွားလာချင်ရာလာ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်တဲ့ အခြေအနေမျိုးရှိခဲ့တယ်။

မျက်နှာဖြူတွေက တိုင်းရင်းသား အလုပ်သမားတွေကို သုံးနှစ်ကန်ထရိုက်စနစ်နဲ့ ငှားရမ်းခေါ်ယူခိုင်းခဲ့ကြတယ်။ ဒါပေမဲ့ အလုပ်သမားတချို့က ကန်ထရိုက်မစေ့မီ အလုပ်က ထွက်သွားကြတယ်။ တချို့ကတော့လည်း သုံးနှစ်ပြည့်အောင် လုပ်ပြီးမှထွက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် စိန်တွင်းတွေမှာ အလုပ်လုပ်ပြီး ကိုယ့်အရပ်ဒေသကို ပြန်တဲ့အခါ စိန်တွေပါသွားတာချည်းပါပဲ။

စိန်တွေကို နည်းမျိုးစုံနဲ့ ကြံဖန်ခိုးထုတ်သွားကြတယ်။ စိန်တွေကို သူတို့ကိုယ်မှာ ဝှက်ယူပုံကလည်းစုံလို့ပါပဲ။ ဆံပင်ထဲမှာ ဝှက်ထားတာတို့၊ ဖိနပ်ထဲ ဝှက်တာတို့၊ ပါးစပ်ထဲ ငုံပြီး ထုတ်သွားတာတို့ မရရအောင်ကြံဖန်ခိုးထုတ်ကြတယ်။ ဒီလိုနည်းတွေနဲ့ခိုးထုတ်သွားတဲ့ စိန်တွေရဲ့ပမာဏဟာ ကာရက်ပေါင်း ထောင်သောင်းမက ရှိခဲ့တယ်။

သို့သော်လည်း ဒါမျိုးဆိုတာက အမြဲထာဝစဉ် ဆက်တည်နေနိုင်တာ မဟုတ်လေတော့ နောက်ပိုင်းအခြေအနေက တစ်မျိုးပြောင်းလာခဲ့တယ်။ တိုင်းရင်းသား လူမည်းအလုပ်သမားတွေကို သုံးနှစ်

ကန်ထရိုက်စနစ်နဲ့ ငှားရမ်းခေါ်ယူလိုက်ပြီဆိုရင် အဲဒီသုံးနှစ်ကာလအတွင်း သံဆူးကြိုး ပတ်ပတ်လည် ကာရံထားတဲ့ ဝင်းကြီးတွေ အတွင်းမှာပဲ နေကြရတယ်။

ကန်ထရိုက်အချိန်စေ့လို့ ကိုယ့်ရပ်ကိုယ့်ရွာပြန်တော့မယ်ဆိုရင်လည်း အလုပ်သမားတိုင်းကိုတစ်ကိုယ်လုံး စေ့စေ့စပ်စပ်ရှာဖွေရုံမက သီးသန့်တဲတွေမှာ ဆယ်ရက်တိတိထားပြီး ရှာဖွေစစ်ဆေးတယ်။ အဲဒီအချိန်မှာ လူမည်းအလုပ်သမားတွေကို မျက်နှာဖြူဆရာဝန်တွေက ခန္ဓာကိုယ်တစ်ခုလုံး၊ ဒွာရပေါက်တွေပါမကျန် အသေးစိတ်ရှာဖွေစစ်ဆေးတယ်။ စိန်တွေကိုဗိုက်ထဲမျိုချပြီး ခိုးထုတ်တာမျိုးလည်း ရှိတာမို့ နေရပ်ပြန်ကာနီး အလုပ်သမားတွေကို ကြက်ဆူဆီ ဝမ်းနုတ်ဆေးတွေတိုက်ပြီး မစင်ထဲတောင် စိန်တွေကိုတွေ့လိုတွေ့ငြား ရှာဖွေကြသေးတယ်။

အဲဒီလို အဖက်ဖက်က လိုလေသေးမရှိအောင် စေ့စေ့စပ်စပ်ရှာဖွေကြားထဲက မာတာဘယ်လီ အလုပ်သမားတွေက စိန်ကိုကြံဖန်ခိုးထုတ် သွားနိုင်ခဲ့ကြတယ်။ တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေးမှုကြောင့် ခိုးထုတ်တဲ့ စိန်ပမာဏ နည်းတော့နည်းလာတယ်။ ဒါပေမဲ့ ထုတ်သွားတဲ့စိန်အားလုံးဟာ မြောက်ဘက်စူးစူးမှာရှိတဲ့ မာတာဘယ်လီခေါင်းဆောင် လိုဘင်ဂူလာဆီကို ရောက်သွားကြတယ်။

ကောင်းပြီ အဲဒီလို မာတာဘယ်လီ တိုင်းရင်းသား အလုပ်သမားတွေ ခိုးထုတ်ခဲ့တဲ့ စိန်တွေဟာ ဘယ်လောက်များသလဲလို့ မေးစရာ ရှိတယ်။ တိတိကျကျ ပြောနိုင်ဖို့ ခဲယဉ်းသော်လည်း ခန့်မှန်းကြည့်လို့တော့ ရတယ်။ ဤနေရာတွင် ဖွန်ဂါဘီရာသည် တွန်ဂါတာဘက်သို့ လှည့်၍ပြောသည်။

ရဲဘော် တွန်ဂါတာခင်ဗျား၊ ဘာဖိုဆိုတဲ့မာတာဘယ်လီအမျိုးသားအကြောင်း ခင်ဗျားကြားဖူးပါ လိမ့်မယ်။ ဘာဖိုဟာ ဂန်ဒန်ဆိုသူရဲ့သား ဖြစ်ပါတယ်။ ခင်ဗျား အဘိုးရဲ့ဖခင်လည်း ဖြစ်တယ်။ အလွန်ရက်စက် ကြမ်းကြုတ်ပြီး ရဲတင်းနဲ့လူတွေခုတ်သတ်ရာမှာ နာမည်ကြီးခဲ့တယ်လေဗျာ။ ဒီလူ ဘာဖိုဟာ ကင်ဘာလီစိန်တွင်းက ထွက်သွားတော့ သူ့ရဲ့ခါးမှာ စိန်တွေအပြည့်ခါးပတ်ထဲထည့်ပတ်ပြီး ခိုးထုတ်သွားတယ်။ ဘာဖိုအနေနဲ့ နောက်တစ်ခု နာမည်ကြီးခဲ့တာက သူဟာ ကျူပ်တို့ ရှိနာလူမျိုး အမြောက်အများကို သတ်ပစ်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။

ဒါကို ထားလိုက်ပါတော့ ကျူပ် ပြောလိုတာက ဘာဖိုက ခိုးထုတ်လာပြီး မာတာဘယ်လီ ခေါင်းဆောင် လိုဘင်ဂူလာဆီကိုယူလာပေးတဲ့ စိန်တွေရဲ့အလေးချိန်ဟာ ၄၀်ကုလားအုပ်ဥဆယ်လုံးရဲ့ အလေးချိန်နဲ့ညီမျှတယ်လို့ အဆိုရှိတယ်။ နှိုင်းယှဉ်ပြရမယ်ဆိုရင် ၄၀်ကုလားအုပ်ဥတစ်လုံးဟာ ကြက်ဥနှစ်ဒါဇင်ရဲ့ အလေးချိန်လောက်ရှိတယ်။ ဒီတော့ ဘာဖိုခိုးယူပြီးလာပေးလို့ လိုဘင်ဂူလာရခဲ့တဲ့ စိန်တွေ

ဟာ ဒီနေ့ကာလပေါက်စေးနဲ့ဆိုရင် စတာလင်ပေါင်အနည်းဆုံး သိန်းငါးဆယ်ဖိုးလောက် ရှိလိမ့်မယ်။ နောက်တစ်ခု ကျုပ်တို့ သတင်းရရှိထားတာကတော့ မာတာဘယ်လီခေါင်းဆောင် လိုဘင်ဂူလာမှာ ပထမတန်းစား စိန်တွေအပြည့်ပါတဲ့ အိုးကြီးငါးလုံး ရှိခဲ့တယ်လို့ဆိုတယ်။ အိုးတစ်လုံးရဲ့ ပမာဏက တစ်ဂါလန်ပုံးလောက် ရှိတယ်ဆိုတော့ စိန်ကောင်းစိန်သန့် ငါးဂါလန်လောက်ရှိမယ် ဆိုပါတော့။ အဲဒီစိန်တွေသာလက်ဝယ်ရလိုက်ရင် ကမ္ဘာ့စိန်...စိန်...စိန်စေးကွက် တစ်ခုလုံး လှုပ်ရှားသွားအောင် ဖန်တီးနိုင်တဲ့ အခြေအနေမျိုး ရှိလာနိုင်တယ်။

လူတွေ လက်ဆင့်ကမ်းပြောခဲ့ကြတဲ့ ပါးစပ်ရာဇဝင်အရသိရတာ တစ်ခုလည်းပြောရဦးမယ်။ လိုဘင်ဂူလာဟာ သူ့ကိုအကြံဉာဏ်ပေးဖို့ လူမျိုးစုခေါင်းဆောင်တွေပါဝင်တဲ့ အကြံပေးပုဂ္ဂိုလ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားခဲ့တယ်။ ဒီအဖွဲ့ဝင်တွေနဲ့ ဘုရင်ဘိုဘင်ကူလာအနေနဲ့ သူ့လက်ဝယ်ရရှိထားတဲ့ စိန်တွေကို ထုတ်ကြွားချင်လို့ပဲလား မပြောတတ်ဘူး၊ တစ်ည အကြံပေးအဖွဲ့ဝင်လူကြီးတွေရှေ့မှာ လိုဘင်ဂူလာက တစ်ကိုယ်လုံးတုံးလုံးချွတ်ပြီး သူ့ဇနီးတွေကသူ့ကိုယ်မှာဆီတွေလိမ်းပေးကြတယ်။ ပြီးတော့ ခန္ဓာကိုယ်မှာစိန်တွေနေရာမလပ်နိုင်အောင်ကပ်ပေးလိုက်ကြတယ်။ ဒီတော့လိုဘင်ဂူလာရဲ့ တစ်ကိုယ်လုံးမှာ စိန်တွေအပြည့် ဖုံးအုပ်နေတော့တာပေါ့။ သူဟာ တန်ဖိုးအားဖြင့် စတာလင်ပေါင် သန်းတစ်ရာလောက်ရှိတဲ့ စိန်တွေ ခြေဆုံးခေါင်းဆုံး ဖုံးလွှမ်းထားတဲ့ ကျောက်ရုပ်တစ်ခုလို ဖြစ်သွားသတဲ့။

"ကိုင်း....ကျုပ်အနေနဲ့ ခင်ဗျားတို့ရဲ့မေးခွန်းကို ဖြေချင်တာက ဒါပါပဲ။

မာတာဘယ်လီလူမျိုးတို့ရဲ့ ဘုရင်လိုဘင်ဂူလာဟာ ကမ္ဘာပေါ်မှာတစ်နေရာတည်း တစ်ချိန်တည်း စိန်ရတနာအများဆုံး လက်ဝယ်ရရှိခဲ့သူတစ်ယောက်ဖြစ်တယ်။ အခုခေတ် လန်ဒန်မြို့က ဒီဘီယား ကမ္ဘာ့စိန်ရောင်းဝယ်ရေး ကုမ္ပဏီကြီးမှာတောင် ဘယ်တုန်းကမှ ဒါလောက်များများ စိန်တွေမရှိခဲ့ဖူးပါဘူး။

"ဒီအတောအတွင်း ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံးဖြစ်နေတဲ့ ရိုဒ်ဟာ ကင်ဘာလီစိန်တွင်းမှာ နေရင်းက သူတို့ရဲ့ဗြိတိသျှအင်ပိုင်ယာကြီးကို ပိုပြီးတိုးချဲ့ချင်တဲ့ဆန္ဒဖြစ်ပေါ်လာတယ်။ သူ့အနေနဲ့ ကင်ဘာလီရဲ့ မြောက်ဘက်မှာရှိတဲ့ နယ်မြေတွေကိုမျက်စိကျမိတယ်။ တစ်နည်းအားဖြင့် ရိုဒ်ဟာ မြောက်ပိုင်းနယ်မြေကိုသိမ်းပိုက်ချင်တဲ့စိတ် ဖြစ်လာတယ်။ နောက်ဆုံးကျတော့ သူဟာ ကင်ဘာလီက စိန်တွင်းတွေကိုအပိုင်စီးခဲ့သလိုမြောက်ဘက်နယ်မြေဒေသ(အခုဇင်ဘာဘွေနိုင်ငံဖြစ်လာတဲ့နေရာ)ကိုရအောင် သိမ်းပိုက်နိုင်ခဲ့တယ်။

"သူဟာ နည်းပရိယာယ်အလွန်ကြွယ်ဝသူပီပီ ပထမတော့မာတာဘယ်လီလူမျိုးတို့ရဲ့ ဘုရင်လိုဘင်ဂူလာဆီကို ကိုယ်စားလှယ်တွေသံတမန်သဘောစေလွှတ်ပြီး လိုဘင်ဂူလာရဲ့ ပိုင်နက်နယ်မြေအတွင်းမှာရှိတဲ့ သတ္တုတွင်းတွေကို ကာကွယ်စောင့်ရှောက်ပေးပါ့မယ်လို့ကတိပြုပြီး သတ္တုတူးဖော် ထုတ်လုပ်ရေးကိုပါလုပ်ပေးပါမယ်လို့ စကားကမ်းလှမ်းခဲ့တယ်။ သူစကားကမ်းလှမ်းတဲ့နယ်မြေဆိုတာက အလွန်ကျယ်ဝန်းပြီး ရှိုနာတိုင်းရင်းသားတို့ နေထိုင်ရာနယ်မြေလည်း အပါအဝင်ဖြစ်တယ်။

"ရိုဒ်ဆိုသူဟာ စီးပွားရေးအကွက်မြင်ထားပြီးသူဖြစ်တဲ့အတိုင်း အာဖရိကတိုက်မှာ စီးပွားကုန်သွယ်ရေးကုမ္ပဏီတစ်ခု တည်ထောင်ဖွင့်လှစ်ဖို့ တရားဝင်ခွင့်ပြုမိန့် စာချွန်တော်ရရှိအောင် အင်္ဂလန်ပြည်က ဗြိတိသျှဘုရင်မကြီးဆီက လျှောက်ထားရယူပြီးဖြစ်တယ်။ တစ်နည်းအားဖြင့်သူရဲ့စီးပွားကုန်သွယ်ရေးကုမ္ပဏီကိုဗြိတိသျှဘုရင်မကြီးက တရားဝင်ထောက်ခံအားပေးမှု ရရှိတယ်ဆိုတာ ကြေညာနိုင်အောင်လုပ်လိုက်တာပါပဲ။
နောက်မကြာခင်မှာပဲ ရိုဒ်ဟာ လက်နက်ကိုင်ပုဂ္ဂလိကတစ်ဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ပြီး နယ်မြေတွေကို ဝင်ရောက်သိမ်းပိုက်လိုက်တယ်။ မာတာဘယ်လီဘုရင်လိုဘင်ဂူလာဟာ လုံးဝမမျှော်လင့်တဲ့ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်မှုကို ရင်ဆိုင်ရတော့ အလွန်အံ့အားသင့်သွားတာပေါ့။ ဒါပေမဲ့ ဘာမှမတတ်နိုင်ဘူး ခေတ်မီလက်နက်ကိုင်တပ်ကို ဘယ်လိုမှယှဉ်ပြိုင် ရင်ဆိုင်လို့မရဘူး။ ပထမတော့ သူ့အနေနဲ့ကန့်ကွက်အရေးဆိုကြည့်ပါသေးတယ်၊ သို့သော်လည်း ဘယ်လိုအကြောင်းမှ မထူးဘူး။

"အမှန်တော့ မျက်နှာဖြူလူမျိုးတွေက လိုဘင်ဂူလာကို အပြတ်ချေမှုန်းဖို့ ပရိယာယ်ဆင်လိုက်တာဖြစ်တယ်။ ဒါကို လိုဘင်ဂူလာကမရိပ်မိဘဲ စိတ်တိုလာပြီး လက်နက်ကိုင်ခုခံတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်မိတယ်။ မျက်နှာဖြူတွေက အဲဒီအကွက်ကို တမင်ဆင်လိုက်တာပဲ။ လိုဘင်ဂူလာရဲ့တပ်တွေကို မျက်နှာဖြူတွေကစက်သေနတ်တွေနဲ့ပစ်ခတ်ပြီး ခပ်ကြမ်းကြမ်းတိုက်ခိုက်နှိမ်နင်းတော့တာပဲ။ လိုဘင်ဂူလာလည်း နဂိုကသတ္တိမရှိသူပီပီ မြောက်ဘက်ကို ထွက်ပြေးတိမ်းရှောင်သွားခဲ့တယ်။ သူတို့နဲ့အတူ သူ့ဇနီးတွေရယ်၊ နောက်လိုက်အချို့ရယ်၊ သူပိုင်ဆိုင်တဲ့ ကျွဲနွား တိရိစ္ဆာန်တွေရယ်အပြင် သူ့ရဲ့လှိုဝှက်ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့ စိန်ရွှေရတနာတွေကို ယူသွားတယ်။

"မျက်နှာဖြူတပ်ဖွဲ့ငယ်တစ်ဖွဲ့ကတော့ ပထမပိုင်းမှာ လိုဘင်ဂူလာနောက်ကို လိုက်တိုက်ဖို့ကြိုးစားခဲ့ပါသေးတယ်။ သူတို့မှာလူအင်အားက သိပ်မများလေတော့ မာတာဘယ်လီတွေက ဒီအချက်ကိုသိတဲ့အတွက် တောတွင်းတစ်နေရာမှာ ချုံခိုတိုက်လိုက်တာ မျက်နှာဖြူတပ်သား တစ်ယောက်မကျန်ကျဆုံးကုန်တယ်။

"မျက်နှာဖြူတွေကတော နောက်တပ် လူအင်အားများများနဲ့ လိုက်တိုက်ဖို့ ကြံစည်သော်လည်း မိုးရာသီ ရောက်လာတဲ့အတွက် ဆက်မလိုက်နိုင်တော့ဘူး။ ဒီဒေသက ခင်ဗျားတို့သိတဲ့အတိုင်း မိုးကျလာပြီ ဆိုရင် မြစ်တွေ၊ ချောင်းတွေရေလျှံပြီး သွားရေးလာရေး အလွန်ခက်ခဲတယ်။ ဒါကြောင့်လည်း လိုဘင်ဂူလာဟာ သူ့ရဲ့ရတနာတွေနဲ့အတူ ထွက်ပြေးလွတ်မြောက်ခဲ့တယ်။

"သူဟာ မြောက်စူးစူးဘက်ကို ဦးတည်ချက်ရယ်လို့မရှိဘဲ ဆက်လက်သွားရာက တစ်နေရာရောက်တော့ ဆက်သွားဖို့ စိတ်ကုန်လာတယ်။ သူရောက်ရှိတဲ့နေရာက သဘာဝမြေရိုင်းသက်သက်ဖြစ်ပြီး လူသူလုံးဝမရှိနေရာဖြစ်တယ်။ ဒါပေမဲ့ လိုဘင်ဂူလာက အဲဒီနေရာမှာပဲ အခြေစိုက်ပြီး မာတာဘယ်လီနိုင်ငံတည်ထောင်ဖို့ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာလိုဘင်ဂူလာဟာ စိတ်ဓာတ်အလွန်ကျဆင်းနေပြီဖြစ်တယ်။ လူ့ဘဝမှာ ဆက်နေချင်စိတ်လည်း မရှိတော့ဘူး။

"ဒါနဲ့ ဖအေတူ မအေကွဲ ညီတော် ဂန်ဒန်ကို အခေါ်လွှတ်ပြီး မာတာဘယ်လီတိုင်းရင်းသားများ ကို စည်းရုံးစုစည်းဖို့နဲ့ တိုင်းပြည်ပြန်လည် တည်ထောင်ဖို့ ညွှန်ကြားတယ်။ လိုဘင်ဂူလာဟာ နောက်ဆုံးအချိန်ထိသတ္တိကြောင်သူပီပီ ဘဝကိုရင်မဆိုင်ဝံ့တော့ဘူး။ ဒါကြောင့် သူ့ရဲ့တိုင်းရင်းဆေးဆရာ (မှော်ဆရာ)ကိုခေါ်ပြီး အင်မတန်အဆိပ်ပြင်းတဲ့ဆေးတစ်မျိုးဖော်စပ်ခိုင်းတယ်။ နောက်ဆုံးမတော့ လိုဘင်ဂူလာဟာ အဲဒီအဆိပ်ကို သောက်ပြီး သူ့ကိုယ်သူ သတ်သေသွားတာပါပဲ။

"သူ့ရဲ့ညီ ဂန်ဒန်က လိုဘင်ဂူလာရဲ့ အလောင်းကို ဂူကြီးတစ်ခုအတွင်းမှာ မတ်တတ်ထောင်ထားလိုက်တယ်။ သူ့ရဲ့ အလောင်းပတ်ပတ်လည်မှာ လိုဘင်ဂူလာက သက်ရှိထင်ရှားရှိစဉ်က ပိုင်ဆိုင်တဲ့ပစ္စည်းတွေစုပုံထားလိုက်တယ်။ သူ့ရဲ့အာဆီဝိုင်ဓားရှည်တွေ၊ ဥဒေါင်းတောင်၊ ငှက်တောင်ဦးထုပ်တွေ၊ သားမွေးခြုံထည်တွေ၊ ခင်းအိပ်တဲ့ဖျာလိပ်ပါမကျန် သေနတ်လက်နက်များ အပါအဝင် စုပုံထားလိုက်တယ်။ နောက်ဆုံးလိုဘင်ဂိုလာပိုင်ဆိုင်တဲ့စိန်တွေကိုလည်း အလောင်းနားမှာပဲထားလိုက်တယ်။ "အလောင်းကို ကျားသစ်ရေတစ်ခုနဲ့ ဖုံးအုပ်ပြီး ထိုင်လျက်ပုံဖြစ်အောင် ပြုပြင်ထားလိုက်တယ်။ သူ့ခြေရင်းနားမှာမှ ငါးဂါလန်ဘီယာပုံးတွေနဲ့ စိန်တွေကိုထည့်ထားလိုက်တယ်လို့ ဆိုတယ်။ ပြီးတော့ အဲဒီလိုဏ်ဂူရဲ့ဝင်ပေါက်ကိုလည်း လုံခြုံအောင် အသေပိတ်ထားလိုက်တယ်။ ဂူပေါက်ဝကို ဘယ်သူမှ ရှာမတွေ့အောင်လည်း ကျောက်တုံးကျောက်ခဲတွေ၊ မြေကြီးတွေနဲ့ ဖုံးအုပ်ထားလိုက်တယ်။ အားလုံးပြီးတော့မှ ဂန်ဒန်ဟာနောက်လိုက်မာတာဘယ်လီ လူမျိုးတွေကိုပြန်ခေါ်ထွက်သွားတယ်။

"နောက်ပိုင်းမှာ သူတို့ဟာ ရိုဒ်ရဲ့ကုမ္ပဏီမှာ ကျေးကျွန်(အလုပ်ကြမ်းသမား)တွေဖြစ်လာတယ်။ ဒါတွေ ဘယ်တုန်းကဖြစ်ခဲ့တာလဲလို့မေးရင် ၁၈၉၄ခု မိုးရာသီကာလက ဖြစ်ခဲ့တယ်လို့ပြောရပါမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးဆယ်လောက်ကဆိုတော့ သိပ်မကြာသေးပါဘူးလို့ ဆိုနိုင်ပါတယ်။

"အဲဒီလိုဏ်ဂူက ဘယ်နေရာမှာလဲလို့ မေးစရာရှိပါတယ်။ ကျုပ်တို့ အခုထိုင်နေတဲ့ နေရာနဲ့သိပ်မဝေးလှပါဘူး။ ဒီနေရာက မိုင်နှစ်ဆယ်ပတ်ဝန်းကျင်လောက်မှာပဲရှိမယ်။ မာတာဘယ်လီဘုရင် လိုဘင်ဂူလာဟာ မြောက်စူးစူးဘက်ကိုတိုက်ရိုက်သွားပြီး ဇမ်ဘေဇီမြစ်ကြီးနားကိုရောက်လုဆဲဆဲကျမှ စိတ်ဓာတ်ကျပြီး သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ဆုံးဖြတ်လိုက်တယ်လို့ သိရတယ်။

"စိန်ရတနာတွေရှိတဲ့ လိုဏ်ဂူတည်ရှိရာနေရာကိုသိတဲ့ အသက်ထင်ရှားရှိသူ တစ်ယောက်ယောက်ရှိပါသလားလို့ မေးရင် ကျုပ်က ရှိပါတယ်လို့ ဖြေရလိမ့်မယ်"

ဤတွင် ဖွန်ဂါဘီရာသည် စကားကိုဖြတ်လိုက်ပြီးနောက် တစ်စုံတစ်ခု ရုတ်တရက်သတိရဟန်ဖြင့် တွန်ဂါတာ အား-

"ကျုပ်မေ့နေလို့ခွင့်လွှတ်ပါ။ မိတ်ဆွေကြီးကို သောက်စရာတစ်ခုခုပေးဖို့ မေ့သွားပါတယ်"ဟု ပြောလိုက်ပြီးနောက် ဖန်ခွက်တစ်လုံးကို ရေခဲရေထည့်ကာ သူကိုယ်တိုင် တွန်ဂါတာလက်သို့ လှမ်းပေးလေသည်။ တွန်ဂါတာလည်း ဖန်ခွက်ကိုယူ၍ ဖြည်းဖြည်းချင်း သောက်လေသည်။

ထို့နောက် ဖွန်ဂါဘီရာသည် သူ၏နေရာတွင် ပြန်ထိုင်လိုက်ပြီး မျက်နှာဖြူလူကြီးအား-

"ကျုပ်ပြောနေတာ ဘယ်ရောက်သွားပါလိမ့်"ဟု မေးလိုက်ရာ ဗိုလ်မှူးကြီး ဘူခါရင်က-

"စိန်တွေရှိတဲ့ လိုဏ်ဂူအကြောင်း ပြောနေတယ်" ဟု ဖြည်းဖြည်း ပြန်ဖြေလိုက်သည် ထိုအချိန်၌ သူ၏ မျက်လုံးများသည် လောဘရမ္မက်ထွက်သည့် အသွင်ဆောင်နေသည်။

"ဩော်...ဟုတ်ပြီ၊ ကျုပ်ဆက်ပြောပါ့မယ်။ လိုဘင်ဂူလာဟာ သူမသေမီသူ့ညီ ဂန်ဒန်ကို စိန်ရတနာတွေအသက်နဲ့လဲပြီး စောင့်ရှောက်ဖို့ တာဝန်ပေးခဲ့တယ်လို့ ဆိုတယ်။

အဲဒီတုန်းက သူပြောခဲ့ပုံက တစ်နေ့ကျရင် ငါ့လူတွေဟာ ဒီစိန်တွေကို လိုအပ်ကောင်း လိုအပ်လာလိမ့်မယ်၊ မင်းနဲ့တကွ မင်းရဲ့သားစဉ်မြေးဆက်က အဲဒီအချိန်တိုင်အောင် စိန်တွေကို ကောင်းကောင်း စောင့်ရှောက်ရမယ်လို့ ပြောခဲ့တယ်လို့အဆိုရှိတယ်။ ဒီနည်းအားဖြင့် မာတာဘယ်လီဘုရင် အမျိုးအနွယ် ကူမာလိုမိသားစု လက်ထက်အထိ ဒီလှို့ဝှက်ချက်ဟာ တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိလာခဲ့

တယ်။ သူတို့ထဲက သားကြီးတစ်ယောက်အရွယ်ရောက်လာပြီဆိုရင် သူ့ဖခင်၊ သို့မဟုတ် ဘိုးအေက စိန်တွေရှိတဲ့ လိုဏ်ဂူနေရာကို ခေါ်သွားပြီးပြထားလေ့ရှိတယ်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာဇာ၏စကားကို ဖြတ်လိုက်ချိန်တွင် တွန်ဂါတာသည် အလွန်အားအင်ချည့်နဲ့လျက်ရှိသည့်ပြင် ဦးနှောက်ကလည်းမကြည်လင်ဘဲ ထိုင်းမှိုင်းလျက်ရှိပေသည်။ အစာအစာမရှိဘဲရေသောက်ချလိုက်ခြင်းကြောင့် မူးယစ်ထုံထိုင်းသော ဆေးတစ်မျိုး သောက်လိုက်ရသလိုလည်း ဖြစ်နေသည်။ သို့ရာတွင် ဖွန်ဂါဘီရာဇာ၏စကားကိုကြားရသောအခါ သူကိုယ်တိုင်တစ်ချိန်က လျှို့ဝှက်လိုဏ်ဂူရှိရာနေရာသို့ သွားရောက်ခဲ့ဖူးပုံကို ပြန်လည်သတိရမိလေသည်။ မူလစိန်ရတနာများ ပိုင်ရှင် မာတာဘယ်လီဘုရင် လိုအင်ဂူလာဇာ၏ သချိုင်းဂူဟုဆိုရမည့် လျှို့ဝှက်လိုဏ်ဂူသို့ရောက်ခဲ့ပုံကိုလည်း ပြန်လည်မြင်ယောင်လာမိသည်။
အတိတ်ကာလ ထိုစဉ်ကဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။ တွန်ဂါတာ ရိုဒီရှားတက္ကသိုလ်သို့တက်၍ ပညာသင်ကြားနေသည့် ပထမနှစ်က ဖြစ်သည်။ သူသည် ကျောင်းရက်ရှည်ပိတ်သဖြင့် ဘိုးအေကြီးဖြစ်သူ ဂီဒွန်ကူမာလိုနှင့်အတူ ခေတ္တသွားရောက်နေထိုင်ခဲ့သည်။ ထိုစဉ်က ဘိုးအေကြီးသည် ဘူလာဝေယိုမြို့ပြင်ဘက်ရှိ ခါမီမစ်ရှင်ကျောင်းတွင် တွဲဖက်ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းလျက်ရှိသည်။ အဘိုးကြီးသည် တွန်ဂါတာကို မြင်မြင်ချင်း ဝမ်းသာအားရ နှုတ်ဆက်လေသည်။

"ဟေး... ဗွန်ဒါ၊ မင်းလာတာနဲ့ အတော်ပဲ။ ငါက မင်းကို ထူးထူးဆန်းဆန်းတစ်ခု ပြစရာရှိတယ်ကွဲ့"

ဗွန်ဒါဆိုသည်မှာမာတာဘယ်လီဘာသာဖြင့် ယုန်သတ္တဝါဖြစ်သည်။ ဘိုးအေကြီးကတွန်ဂါတာကလေးဘဝကပင် ယုန်ကဲ့သို့ ဖျက်လတ်သွက်လက်ပုံကို သဘောကျပြီး ယုန်ကလေး သို့မဟုတ် ဗွန်ဒါဟု ခေါ်လေ့ရှိသည်။ ယုန်သတ္တဝါလေးများကို အာဖရိကတိုက်သားတို့က အထူးချစ်မြတ်နိုးကြသည်။ ဤသို့ ချစ်မြတ်နိုးကြ၍လည်း အဘိုးကြီးက တွန်ဂါတာအား ချစ်စနိုးဗွန်ဒါဟု ခေါ်လေ့ရှိခြင်းပင် ဖြစ်ပေသည်။
"မင်းနဲ့ငါ အတူ ခရီးသွားစရာ ရှိတယ်ကွဲ့"

ဤသို့လည်း ဘိုးအေကြီးက တွန်ဂါတာအားပြန်ပြောလေသည်။

မကြာမီ မြေအဘိုးနှစ်ယောက်သည် ဘတ်စ်ကားစီး၍ မြောက်ဘက်ဆီသို့ ခရီးထွက်ကြလေသည်။ လမ်းတစ်လျှောက်၌ လူနေအိမ်ခြေများမရှိဘဲ ကြိုကြားကြိုကြားကုန်စုံဆိုင်အချို့သာတွေ့ရလေသည်။ သူတို့မှာ သွားလိုသည့်နေရာသို့ရောက်ရန် ဘတ်စ်ကားကိုအကြိမ်ကြိမ်ပြောင်း၍ စီးရလေရာ ရံဖန်ရံခါ

ဘတ်စ်ကားဂိတ်၌ နောက်ဆက်စီးရမည့်ကားကို လေးဆယ့်ရှစ်နာရီခန့်ပင်စောင့်ကြရသည်။ ယင်းသို့ နောင့်နေးသော်လည်း စိတ်ညစ်ဖွယ်မကောင်းပေ။ ညအိပ်နားရသည့် အခါများတွင် မြေးအဘိုး နှစ်ယောက် မီးပုံဘေးတွင်ထိုင်ကာ စကားပြောရင်း အချိန်ကုန်တတ်လေသည်။ ဘိုးအေကြီး ဂီဒွန်ကူမာလိုသည် တွန်ဂါတာအား ပုံပြင်မျိုးစုံပြောပြတတ်သည်။

ပုံပြင်များမှာ တိုင်းရင်းသားရိုးရာ ဒဏ္ဍာရီများသာမက မာတာဘယ်လီလူမျိုးတို့၏ အတိတ်သမိုင်းနှင့် ပက်သက်သည့်ပုံပြင်များလည်း ဖြစ်သောကြောင့် တွန်ဂါတာသည် အလွန် စိတ်ဝင်စားခဲ့မိလေသည်။ သူတို့၏ လူမျိုးအနွယ်ကိုစတင်ခဲ့သူ မီဇီလီကာဇီက ဇူးလူးပြည်နယ်မှထွက်ခွာခဲ့ပုံ၊ ဘိုးဝါးလူမျိုးများနှင့် စစ်မက်ဖြစ်ပွားခဲ့ပုံ၊ အုပ်စုလိုက်'လင်ပိုပို'မြစ်ကို ဖြတ်ကူးခဲ့ကြပုံစသည့်ဖြင့် အသေးစိတ်ပါရှိသဖြင့် နားထောင်၍ မညီးနိုင်အောင် ဖြစ်နေသည်။

အထူးသဖြင့် တွန်ဂါတာ၏ဘိုးအေ၏ဖခင်ဘဂိုနှင့် သူအုပ်ချုပ်ခဲ့သောအင်ပီတိုင်းရင်းသားလူမျိုးအုပ်စုအကြောင်းကို တွန်ဂါတာက စိတ်ဝင်စားမိလေသည်။ သို့နှင့်ပင် မြေးအဘိုးနှစ်ယောက်တို့သည် အေးအေးဆေးဆေးနှင့် ငါးရက်တိုင်တိုင် ခရီးသွားခဲ့ကြသည်။ ငါးရက် မြောက်သောနေ့တွင် ဘိုးအေကြီးက တွန်ဂါတာအား နေရာတစ်ခုကို ညွှန်ပြလေသည်။

"ကဲ...ဗွန်ဒါ ဟောဒီနေရာကို သေသေချာချာ မှတ်ထားမေတော့။ ဒီနေရာဟာ အခု ငါတို့သွားမယ့် နေရာ ရောက်ဖို့ လမ်းစပဲ"

ဤသို့ပြောပြီး အဘိုးကြီးကရှေ့လျှောက်လျက် တောတွင်းသို့ဖြတ်ကာ မြောက်ဘူးစူးဘက်သို့ ဆက်သွားကြလေသည်။ လမ်းတစ်လျှောက်တွင် နောက်ထပ်လာလျှင်မှတ်မိစေရန် မှတ်သားရမည့် သစ်ပင်ဝါးပင် ချုံနွယ်ပိတ်ပေါင်းများ၊ လှိုမြောင်၊ ချောက်ကမ်းပါး စသည်တို့ကိုလည်း အဘိုးကြီးက တွန်ဂါတာအား သေချာစွာ မှတ်သားစေလေသည်။

ထို့ပြင် လှိုဝှက်သချိုင်းဂူရှိရာသို့သွားရာလမ်းတွင် အမှတ်အသားများကို အလွယ်တကူမှတ်မိစေရန် မာတာဘယ်လီဘာသာဖြင့် ကဗျာ၊ လင်္ကာတစ်ခုကိုလည်း တွန်ဂါတာအား အလွတ်ရအောင် ကျက်မှတ်စေလေသည်။ တွန်ဂါတာသည် ယင်းကဗျာလင်္ကာကို ယခုတိုင်အောင်ပင် ကောင်းစွာ မှတ်မိနေသေးသည်။ လင်္ကာ၏ အဓိပ္ပါယ်က ဤသို့ ဖြစ်သည်။

"အစသည် အိမ်ပျော်နေသော ခြင်္သေ့ပင်တည်း။ သူ၏မျက်လုံးများ ကြည့်နေရာဘက်သို့လိုက်သွားပါလော့။ သွားရမည့်နေရာက ဆင်များချောင်းဖြတ်ကူးသည့်နေရာပင်ဖြစ်၏"

သုံးရက် ဆက်တိုက် ခရီးသွားကြပြီးသောအခါ မာတာဘယ်လီ ဘုရင် လိုဘင်ဂူလာဇ၏ သချိုင်းဂူသို့ ရောက်သွား ကြလေသည်။ သချိုင်းဂူရှေ့တွင် ဒူးထောက်၍လျှို့ဝှက်စွာ ဆက်လက်စောင့်ရှောက်ပါ မည်ဟု ကတိပေးပါသည်ဟုလည်း တွန်ဂါတာကလိုက်ဆိုခဲ့ရသည်။ သို့သော် ကတိသစ္စာ ကျမ်းကျိန် ရာတွင် စိန်တွေအ ကြောင်း လုံးဝမပါသကဲ့သို့ အဘိုးကြီးကိုယ်တိုင်ကလည်း စိန်ရတနာအကြောင်း တွန်ဂါတာအား ဘာမှမပြောခဲ့ချေ။

မိမိကွယ်လွန်သွားလျှင် လျှို့ဝှက်ချက်ကို ဆက်လက်ထိန်းသိမ်းရန်အတွက် မိမိ၏သားတစ်ယောက် အား တာဝန်ပေးပါမည်ဟုလည်း ကျမ်းသစ္စာကျိန်ဆိုချက်တွင် တစ်နေ့ကျလျှင် ကျောက်မျက်ရတနာ များက လိုဘင်ဂူလာဇ၏ဝိညာဉ်ကို အနှောင်အဖွဲ့မှလွတ်မြောက်စေမည်ဟုလည်း လျှို့ဝှက်ချက်လက်ာ တွင် ပါရှိလေသည်။ ယင်းသို့ ကျမ်းသစ္စာ ကျိန်ဆိုခြင်းကို အခမ်းအနားတစ်ခုသဖွယ် ပြုလုပ်ပြီးနောက် အဘိုးကြီးသည်ခရီးပန်းလာသဖြင့် အနီးရှိသစ်ပင်တစ်ပင်၏အရိပ်အောက်တွင် အိပ်စက်အနားယူလေ ရာ ညမိုးချုပ်သည်အထိ တောက်လျှောက် အိပ်ပျော်နေလေသည်။

တွန်ဂါတာကမူမအိပ်ဘဲ သချိုင်းပတ်ဝန်းကျင်ကိုလျှောက်လှည့်လာကြည့်လေသည်။ ယင်းသို့လျှောက် ကြည့်ရင်း သူသတိပြုမိသော အချက်တစ်ချို့ရှိလေသည်။ သို့သော် ယင်းအချက်များအကြောင်းကို ဘိုးအေကြီးအား ဖွင့်ပြောမပြခဲ့ချေ။ မပြောခဲ့ခြင်းမှာ သူချစ်သောအဘိုးဖြစ်သူ စိတ်အနှောင့်အယှက် မဖြစ်စေလိုသောကြောင့်ပင်တည်း။ ဤသို့လျှင် တွန်ဂါတာသည် အတိတ်က ဖြစ်ရပ်များအကြောင်း ပြန်လည်စဉ်းစားနေမိစဉ် ဗိုလ်ချုပ်ဖွန်ဂါဘီရာက ပြောလိုက်သောအသံကြောင့် အိမ်မက်မက်ရာမှ ပြန်နိုးလာသူကဲ့သို့ ချက်ချင်း မျက်မှောက်ကာလသို့ ပြန်ရောက်လာလေတော့သည်။

ဖွန်ဂါဘီရာကပြောပုံမှာ ပရိသတ်ရှေ့မိန့်ခွန်းပြောနေသည့်ဟန်မျိုး ဖြစ်နေသည်။ "အခု ကျုပ်တို့နဲ့ အတူကူမာလိုမိသားစုကဆင်းသက်ပေါက်ဖွားလာသူ အမျိုးအနွယ်တစ်ဦး ရောက်ရှိနေတာဟာထူခြား တယ်လို့ဆိုရပါမယ်။ ထိုပုဂ္ဂိုလ်ဟာ စိန်ရတနာတွေရှိတဲ့လျှို့ဝှက်သချိုင်းဂူကို လက်ရှိတာဝန်ယူ စောင့် ရှောက်နေသူပဲဖြစ်ပါတယ်။ သူဟာ တခြားလူမဟုတ်ပါဘူး။ ဟောဒီက ရဲဘော် ဝန်ကြီး တွန်ဂါတာပဲ ဖြစ်ပါတယ်"
ဖွန်ဂါဘီရာကဤသို့ပြောလိုက်သည်နှင့် မျက်နှာဖြူလူကြီး၏မျက်လုံးများသည် ရုတ်တရက် တွန်ဂါတာ ဘက်သို့ ရောက်လာလေသည်။ တွန်ဂါတာသည် စိတ်ထဲမှ ထောင်းခနဲဒေါသဖြစ်လာမိလေသည်။ ထို့နောက် ဗိုလ်ချုပ်ဖွန်ဂါဘီရာဘက်သို့လှည့်၍ ခပ်တည်တည် ပြောလေသည်။

"ဖွန်ဂါဘီရာ ခင်ဗျားက တော်တော် မဟုတ်တာတွေ လုပ်ကြံပြောတတ်တယ်။ အခု ခင်ဗျားပြောသွားတဲ့ လုပ်ဇာတ်အကြောင်း ကျုပ်ဘာမှမသိဘူး။ တကယ်လို့သိရင်လည်း..."

တွန်ဂါတာက ဝါကျကို ဆုံးအောင်ပြောဘဲ ရပ်ထားလိုက်သည်။ ဆုံးအောင်ပြောစရာလည်း မလိုချေ။ သူဘာ ဆိုလိုကြောင်း ရှင်းနေပေသည်။ တွန်ဂါတာအနေဖြင့် မခံချင်အောင် သရော်သလို ပြောလိုက်ခြင်းဖြစ်သော်လည်း ဗိုလ်ချုပ်ဖွန်ဂါဘီရာက အပြုံးပင်မပျက်ချေ။

"ကျုပ်က စိတ်ရှည်ရှည်ထားတတ်တဲ့ လူတစ်ယောက်ပါဗျ။ စိန်ရတနာတွေအကြောင်း ဆက်ပြောရမယ်ဆိုရင် စိန်တွေဟာ သချိုင်းဂူထဲမှာရှိနေခဲ့သော နှစ်ပေါင်းကိုးဆယ်ရှိသွားပြီဖြစ်တယ်။ နောက်ထပ် သတင်းပတ် သုံးလေးပတ်ကြာလို့လည်းအကြောင်း မထူးပါဘူး။ ရဲဘော်တွန်ဂါတာ ကျုပ်က ခင်ဗျားရဲ့ ကျန်းမာရေးအတွက် ဆရာဝန်တစ်ဦး ခေါ်ထားပါတယ် လောလောဆယ် ခင်ဗျားတို့ မာတာဘယ်လီလူမျိုးတွေဟာ ဘယ်လောက်သတ္တိရှိတယ်၊ ဘယ်လောက်ခေါင်းမာတယ်ဆိုတာ ကျုပ်တို့လက်တွေ့ စမ်းသပ်ကြည့်ပါမယ်။
ခင်ဗျား ခံစားရမှာက မသက်သာလှဘူးလို့တော့ ကြိုတင်သတိပေးထားချင်တယ်။ မခံနိုင်တဲ့အဆုံး ခင်ဗျားစိတ်ပြောင်းလာမယ် ဆိုရင်တော့ ကျုပ်တို့က ချက်ချင်းရပ်ဆိုင်းပေးမှာပါ။ ခင်ဗျားအနေနဲ့ကျုပ်တို့ကို လိုဘင်ဂူလာရဲ့ သချိုင်းဂူရှိရာနေရာကို လိုက်ပြပေးရုံပါပဲ။ အဲဒါပြပြီးပြီဆိုရင် ခင်ဗျားကို ကျုပ်တို့ ချက်ချင်း ပြည်ပကိုလေယာဉ်နဲ့ ထွက်သွားနိုင်အောင်စီစဉ်ပေးပါမယ်။ ခင်ဗျားနဲ့အတူ တရားရုံးတော်မှာ ခင်ဗျားကို သတ္တိရှိစွာနဲ့ကာကွယ်ပေးခဲ့တဲ့ မိန်းကလေးကိုပါ ခေါ်သွားနိုင်ပါတယ်။ ကျုပ်က ဆရာမကလေးဆာရာကို ဆိုလိုပါတယ်"

ဆာရာ၏နာမည်ကိုကြားလိုက်သည်နှင့် တွန်ဂါတာသည်စိတ်လှုပ်ရှားသွားမိသော်လည်း သူ၏မျက်နှာတွင် မပေါ်လွင်အောင် သူကိုယ်သူ သတိထား၍ ထိန်းထားလိုက်သည်။

"ဆာရာအတွက် ဘာမှမပူပါနဲ့၊ ကျုပ်တို့က သူ့ကို လုံခြုံစွာ စောင့်ရှောက်ထားပါတယ်"

ဖွန်ဂါဘီရာက ပြောလိုက်သော်လည်း တွန်ဂါတာသည် လုံးဝ မယုံကြည်ချေ။

"ခင်ဗျားလုပ်ကြံပြီးလိမ်ပြောနေတာပဲ။ တကယ်ဆို ဆာရာဟာ ခင်ဗျားတို့လက်ထဲ ရောက်နေပြီဆိုရင် ခင်ဗျား က သူ့ကို အသုံးချပြီးရောပေါ့"

တွန်ဂါတာကပြောရင်း တရားရုံးခန်းတွင်ရှိစဉ်က လက်ဖြင့်အချက်ပြဆက်သွယ်ခဲ့သည်ကို ဆာရာသည် နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်လိမ့်မည်ဟု ယုံကြည်မိသည်။

ထိုစဉ်က တွန်ဂါတာက လျှို့ဝှက်လက်ပြ ဆက်သွယ်နည်းဖြင့် ဆာရာအား ပြောခဲ့သည်မှာ-

"မင်းအတွက်အန္တရာယ်သိပ်ကြီးမားနေပြီ၊ အမြန်ဆုံးတိမ်းရှောင်နေလိုက်ပါ"ဟူ၍ပင်ဖြစ်သည်။ ဆာရာကိုယ်တိုင်ကလည်းနားလည်သဘောပေါက်ကြောင်းလက်ဟန်ဖြင့်ဆက်သွယ်ပြခဲ့လေရာယခုလောက်ဆိုလျှင် သူမသည် လုံခြုံစိတ်ချရသော တစ်နေရာသို့ဘေးရန်ကင်းစွာ ရောက်ရှိနေလောက်ပြီဟု တွက်မိ လေသည်။

"ဒါတော့ ကြည့်သေးတာပေါ့"

ဖွန်ဂါဘီရာက ပြောပြန်သည်။

"ကျုပ်အဖို့တယ်ပြီး အရေးမကြီးလှပါဘူး။ ဆာရာဟာ အမျိုးသမီးတစ်ဦးဖြစ်တယ်၊ ခင်ဗျားတို့ သူ့ကို လုပ်ချင် သလိုလုပ်၊ ကျုပ် ဂရုမစိုက်ဘူး"

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သူ၏ ကက်ပတိန် (ဗိုလ်ကြီး)အား လှမ်းခေါ်လိုက်ပြီး-

"ဟော့...ဒီအကျဉ်းသားကို သူ့နေရာပြန်ခေါ်သွားလိုက်စမ်းဟော့၊ သူ့ကို ကျုပ်တို့အထူးဆေးဝါး ကုသမှုလုပ်မယ်။ ဆရာဝန်ကကြီးကြပ်ညွှန်ကြားလိမ့်မယ်"ဟု အမိန့်ပေးလိုက်သည်။ ရိုနာလူမျိုး ကက်ပတိန်လည်း တွန်ဂါတာအား ခေါ်ထုတ်သွားလေသည်။

နှစ်ယောက်တည်းကျန်ရစ်သောအခါ ရုရှဗိုလ်မှူးကြီးဘူခါရင်က သူ၏ထင်မြင်ချက်ကိုပြောလေသည်။
"ကျုပ် အကဲခတ်ကြည့်ရသလောက် ဒီလူဟာမလွယ်ဘူးထင်တယ်။ ခန္ဓာကိုယ်က ခွန်အားရှိတဲ့အပြင် စိတ်ဓာတ်အားဖြင့်လည်း သာမန်လူတို့နဲ့မတူဘူး။ တချို့လူတွေဟာ ဘယ်လောက်ပဲ နှိပ်စက်ညှဉ်းပန်းပေမဲ့ စိတ်ဓာတ်မကျဘဲ တင်းခံနိုင်တဲ့သတ္တိမျိုးရှိတတ်တယ်"

"နည်းနည်းတော့ ကြာချင်ကြာမယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ပျော့လာမှာပါပဲ"

ဖွန်ဂါဘီရာက ပြန်ပြောလိုက်သည်ကို ဘူခါရင်က လက်ခံချင်ပုံ မရချေ။

"ကျုပ်တော့ တယ်မထင်ဘူး။ ဒါထက် ဆာရာဆိုတဲ့ အမျိုးသမီးက ခင်ဗျားတို့လက်ထဲ ရောက်နေပြီလား"

"မရောက်သေးပါဘူး၊ လောလောဆယ်ရှာလို့မရအောင် ပျောက်နေတယ်။ ဒါပေမဲ့ မကြာပါဘူး၊ တွေ့မှာပါပဲ"
"ဘာပဲဖြစ်ဖြစ်အချိန်ကအရေးကြီးတယ်ဗိုလ်ချုပ်။ ကျုပ်တို့လုပ်စရာရှိတာကို အမြန်ဆုံးလုပ်မှဖြစ်မယ်"
"ဟုတ်ပါပြီ သိပ်မကြာစေရပါဘူး၊ ရက်ပိုင်းလောက်ပါပဲ"

"တွန်ဂါတာဟာ စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်ဖြစ်တာ သေချာတယ်။ ကျုပ်တို့ရဲ့အထူးဆေးဝါးကုသနည်းနဲ့ သူ့ရဲ့စိတ်ဓာတ် ပြောင်းလဲအောင် လုပ်လို့ရမယ်မထင်ဘူး။ နောက်တစ်ခုက ခင်ဗျားက စိန်ရတနာရဖို့ကြံတာကို ကျုပ်သိပ်သဘောမကျဘူး။ နောက်ပြီး မာတာဘယ်လီ အမျိုးသမီးဆာရာက ခင်ဗျားတို့ ရှာလို့မတွေ့ အောင် တိမ်းရှောင်သွားနိုင်တာကိုလည်း ကျုပ်မကြိုက်ဘူး။ ရှင်းရှင်းပြောရရင် ကျုပ်စိတ်ပျက်လာမိတယ်"

"သိပ်ပြီးလည်း စိတ်ညစ်မနေပါနဲ့လေ။ ကျုပ်က အချိန်ကလေး နည်းနည်းပဲ လိုတာပါ"

"ဒီမယ် ဗိုလ်ချုပ်၊ ကျုပ်အနေနဲ့ ဒီမှာနောက်ထပ် အကြာကြီးနေဖို့မဖြစ်ဘူးဆိုတာ ခင်ဗျားလည်း သိပါတယ်။ ကျုပ်က မော်စကိုမြို့ကို ပြန်ရလိမ့်မယ်။ ဟိုရောက်တော့ ကျုပ်က သက်ဆိုင်ရာကို ဘယ်လိုပြောရမှာလဲ။ ခင်ဗျား ရှေးဟောင်း ရတနာသိုက် တူးနေတယ်လို့ ပြောရမှာလား။ သူတို့က ကျုပ်ကို ရူးနေပြီလို့ ပြောမှာပဲ"

"နောက်ထပ် အချိန် တစ်လပဲ လိုပါတယ်"

"ကျုပ်ပြောပါ့မယ်၊ ဒီနေ့ဆယ်ရက်နေ့မဟုတ်လား။ ခင်ဗျားကို ဒီလကုန်အထိ အချိန်ပေးမယ်။ လကုန်ရက်မတိုင်မီ ခင်ဗျားကဒီလူတွေနဲ့တကွ ငွေကိုပါကျုပ်တို့လက်ကို အရောက်အပ်ပါ။ လဆန်းတစ်ရက်နေ့ကျရင် ခင်ဗျားဆီကို ကျုပ်လာခဲ့မယ်။ အဲဒီနေ့ကျလို့မှ ခင်ဗျားက မတတ်နိုင်ဘူးဆိုရင် ကျုပ်ကတော့ ဒီစီမံကိန်း ဆက်မလုပ်တော့ဘဲ ပယ်ဖျက်ပစ်ဖို့ အကြံပေးရမှာပဲ"

အခန်း (၃၀)

မြွေကြီးသည် အလျားခြောက်ပေခန့်ရှည်ပြီး သံလှောင်ချိုင့်အတွင်း တစ်နေရာတွင် ခွေလျက်ရှိလေသည်။ မျက်လုံးများ တောက်ပြောင်ပြီး ပါးစပ်မှလျှာကို ထုတ်လိုက်သွင်းလိုက် လုပ်နေပုံတို့ကြောင့် မြင်ရသူတိုင်းအဖို့ ထိတ်လန့်ကျဉ်းဖွယ်ရာ ဖြစ်နေတော့သည်။ မြွေကြီးသည် အာဖရိကတိုက်တောင်ပိုင်းတွင် တွေ့ရတတ်သည့် အလွန်အဆိပ်ပြင်းသည့် အက်ဒါအမျိုးအစား မြွေကြီးတစ်ကောင်

ပင်ဖြစ်သည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် မြွေလျောင်ချိုင့်အနီးတွင်ရပ်၍ တွန်ဂါတာအား မထီမဲ့မြင် ပြုံးလျက် စကားပြော လေသည်။

"'ဒီအစီအစဉ်က ကျုပ်က လုပ်တာ မဟုတ်ပါဘူး။ ခင်ဗျားကို ကုသဖို့ တာဝန်ယူထားတဲ့ ဒေါက်တာ ရဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ ခင်ဗျားနဲ့ကျုပ် နောက်ဆုံးစကားပြောခဲ့တာ ရက်ပေါင်းအတော်ကြာ သွားပြီ။ ဒါထက်ပိုပြီး မစောင့်နိုင်တော့ဘူး။ ဒီနေ့ပဲ ခင်ဗျားရဲ့ သဘောတူညီချက်ကတိကို ကျုပ်လိုချင်တယ်"

တွန်ဂါတာအား လုံးဝမလှုပ်ရှားနိုင်အောင် ကျွန်းသားကုလားထိုင်တစ်လုံးတွင် တုပ်နှောင်ထားလေသည်။ အက်ဒါမြွေကြီးရှိသောသံလျောင်အိမ်က သူ၏ရှေ့နားရှိစားပွဲတစ်လုံးပေါ်တွင် တင်ထားသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စကားဆက်ပြောလေသည်။

"ရဲဘော် ဝန်ကြီးတွန်ဂါတာ ခင်ဗျား တစ်ချိန်တုန်းက ခင်ဗျားဟာ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဌာနမှာအမှုထမ်းခဲ့ဖူးလေတော့ ဒီမြွေကြီးမျိုးကိုသိဖူးပါလိမ့်မယ်။ အက်ဒါအမျိုးအစားထဲကဖြစ်ပြီး အာဖရိကတိုက်က မြွေတွေအနက် အဆိပ်အပြင်းထန်ဆုံး မြွေဆိုတာလည်းသိပါလိမ့်မယ်။ ဒီမြွေမျိုးအကိုက်ခံရလို့ အဆိပ်ပြင်းထန်ပုံက မြွေဟောက်အကိုက်ခံရတာထက် ခံရခက်သေးတယ်။ မြွေကိုက်ခံရပြီး ခံစားရတဲ့ ဝေဒနာက ပြင်းထန်လွန်းတဲ့အတွက် လူမသေမီ စိတ်ဖောက်ပြန်ပြီး ရူးသွပ်သွား တတ်တယ်ဆိုတာလည်း အဆိုရှိတယ်"

ပြောပြောဆိုဆိုဖွန်ဂါဘီရာသည် သူ၏လက်ကိုင်တုတ်ထိပ်ဖျားဖြင့် မြွေလျောင်အိမ်ထိပ်နားကို သွားတို့လိုက်ရာ လျောင်အိမ်တွင်းမှမြွေကြီးကမြင်ပြီး အံ့ဩဖွယ်ကောင်းအောင် လျင်မြန်စွာလှုပ်ပေါက်လိုက်သည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာပင်လျှင် ရုတ်တရက် လန့်ပြီး ခုန်လိုက်သည်။

"ကျုပ် က မြွေဆိုရင် အလွန်အသည်းယားတယ်၊ အနားမကပ်ချင်ဘူး။ ခင်ဗျားကတော့ ဘယ်လိုလဲ"

ဖွန်ဂါဘီရာက တွန်ဂါတာအား မေးလိုက်သည်။

"ခင်ဗျားက အခု ကျုပ်ကိုခြောက်လှန့်နေတာပါ။ တကယ်တော့ ခင်ဗျား ကျုပ်ကိုမြွေနဲ့တိုက်သတ်မှာ မဟုတ်ပါဘူး။ ခင်ဗျားအဖို့ကျုပ်အသက်သေသွားရင် ဘာမှအကျိုးမရှိနိုင်ဘူးဆိုတာ ခင်ဗျား အသိဆုံးပဲ။ အခု ဒီမြွေကြီးကိုလည်း ခင်ဗျားတို့ အဆိပ်ထုတ်ယူပြီးသားလို့ ကျုပ်ယူဆတယ်"

တွန်ဂါတာဇ၏ စကားအဆုံးတွင် ဖွန်ဂါဘီရာသည်မျက်နှာထားတင်းမာသွားလျက် ဒေါက်တာအား လှမ်းခေါ်၍ တစ်စုံတစ်ခု ပြောလိုက်လေသည် ဒေါက်တာလည်းထွက်သွားပြီး ခဏမျှအကြာတွင် ပြန်ဝင်လာသည်။ သူ၏လက်တွင် ကြွက်တစ်ကောင်ကိုင်ထားလေသည်။

ဆရာဝန်သည် လှောင်အိမ်ထိပ်ရှိ တံခါးပေါက်ကိုဖွင့်၍ ကြွက်ကိုအတွင်းသို့ ပစ်ချလိုက်သည်။ ကြွက်သည် လှောင်အိမ်တွင်းမှပြေးရန် ထွက်ပေါက်လိုက်ရှာရင်း မြွေကြီးကိုမြင်လျှင် ကြောက်လန့်လျက် ထောင့်တစ်ထောင့်သို့ ပြေး၍ကပ်နေလိုက်သည်။

မြွေကြီးသည် ကြွက်ကိုမြင်သည်နှင့်ခွေနေရာမှ ကြွက်ရှိရာသို့ဖြည်းဖြည်းချင်း ချဉ်းကပ်လာလေသည်။ ကြွက်နှင့်နှစ်ပေခန့်အလိုတွင် ရပ်လိုက်ပြီးနောက် ပါးပျဉ်ကြီးထောင်ကာ မျက်စိဖြင့်လိုက်ကြည့်၍ မမြင်နိုင်လောက်အောင် လျင်မြန်စွာလှမ်းပေါက်လိုက်သည်။ ကြွက်သည် မြွေကိုက်ခံရပြီး လိမ့်ထွက်သွားလေသည်။ ပြင်းစွာနာကျင်လျက် လူးလိမ့်ကာညည်းညူနေပြီးမှ ချက်ချင်းဆိုသလိုပင် ငြိမ်သက်သွားတော့သည်။ တစ်မိနစ်ပင်မကြာဘဲသေသွားခြင်း ဖြစ်လေသည်။

ဒေါက်တာသည် လှောင်အိမ်ကိုဖွင့်၍ ကြွက်သေကို သစ်သားညှပ်တစ်ခုဖြင့် ညှပ်ယူ၍ အခန်းတွင်းမှ ထွက်သွားလေသည်။
"ခင်ဗျားရဲ့ခန္ဓာကိုယ်က ကြွက်ရဲ့ကိုယ်နဲ့နှိုင်းစာရင် အဆပေါင်းများစွာ ကြီးလေတော့ ကြွက်သေသွားသလို မြန်မြန်ကြီး သေမှာမဟုတ်ဘူး။ သို့ပေမဲ့ သေတော့ ဇကန်မုချ သေမှာပဲ။ ချက်ချင်း မသေတဲ့အတွက် အဆိပ်သင့်တဲ့ ဝေဒနာကို ခပ်ကြာကြာ ခံစားရလိမ့်မယ်။ ဒီမြွေက အဆိပ်ထုတ်ယူပြီးသားဟုတ်မဟုတ် အခုခင်ဗျား မျက်မြင်ပါပဲ"

ဗိုလ်ချုပ် ဖွန်ဂါဘီရာဇ၏ စကားအဆုံးတွင် ဒေါက်တာသည် အခန်းတွင်းသို့ပြန်ဝင်လာရာ သူနှင့် အတူကင်းစောင့်တပ်မှူး(ကက်ပတိန်)နှင့်စစ်သည်နှစ်ဦးတို့ လိုက်ပါလာကြသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ထိုလူများရောက်လာသောအခါ တွန်ဂါတာအား ပြုံးလျက်ပြောပြန်သည်။

"ဒီပစ္စည်းကိရိယာနဲ့ အသုံးပြုနည်းကို ဒေါက်တာကိုယ်တိုင် တီထွင်ဖန်တီးထားတယ်၊ အလွန်အသုံးဝင်တဲ့ နည်းပါပဲ"

စစ်သည်နှစ်ဦးက တွန်ဂါတာဇ၏ကုလားထိုင်ကိုမ၍ မြွေလှောင်အိမ်အနီးသို့ရွှေ့လိုက်သည်။ ထို့နောက် ဓားသိုင်းကစားသူများ ဆောင်းသည့်ခမောက်လို ဦးထုပ်တစ်ခုကို တွန်ဂါတာဇ၏ ဦးခေါင်းပေါ်မှ စွပ်ပေးလိုက်သည်။ ခမောက်၏ရှေ့မျက်နှာစာတွင် ပိုက်လုံးငယ် အပျော့တစ်ခုရှိရာ ထိုပိုက်လုံးငယ်ကို မြွေ

လောင်အိမ်ဖွင့်သည့် တံခါးပေါက်နားတွင် တော့ထားလိုက်သည်။ ပိုက်လုံး မရွှေ့လျားအောင်လည်း ပိုက်လုံးအဝနှင့် မြွေလောင်အိမ်တံခါးဝကို ကလစ်များဖြင့် ညှပ်ထားလိုက်သည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ရှင်းပြလေသည်။

"လောင်အိမ်တံခါးကိုဖွင့်လိုက်ရင် မြွေကြီးဟာအဲဒီပိုက်ထဲကတစ်ဆင့် ခင်ဗျားရဲ့မျက်နှာဆီကိုလာလိမ့်မယ်။ သို့သော်လည်း ဒီအစီအစဉ်ကို ခင်ဗျားအနေနဲ့ ရပ်လိုက်နိုင်ပါတယ်"

"ခင်ဗျားရဲ့ အဖေရှိုနာကြီးဟာ တောခွေးရိုင်းနဲ့ ဘာမှမထူးဘူး"

တွန်ဂါတာက ဘုကျကျ ပြန်ပြောလိုက်သည်။

"မြွေကြီးလောင်အိမ်ထဲက တစ်ဆင့်ပိုက်ထဲဝင်လာအောင် ကျုပ်တို့ကလောင်အိမ်ကို အပူမာတ်ပေးလိုက်ရုံပဲ။ ဒါကြောင့် ခင်ဗျားစဉ်းစားပါ။ ကျုပ်တို့ကို လိုဘင်ဂူလာရဲ့ သခ်ျိုင်းဂူရှိရာကိုသာခေါ်သွားပါ"
"ဘုရင်လိုဘင်ဂူလာရဲ့ သခ်ျိုင်းဂူဟာ ဘာသာရေး အဆောက်အအုံတစ်ခုလို အလွန် မြင့်မြတ်တယ်"
တွန်ဂါတာသည် စကားစလိုက်သော်လည်း ဆုံးအောင်မပြောနိုင်ချေ။ သူသည် အလွန်အားအင်ချည့်နဲ့နေပြီဖြစ်သည်။ ထို့ကြောင့် လိုဘင်ဂူလာ၏သခ်ျိုင်းဂူအကြောင်း လွှတ်ခနဲစကားစလိုက်မိခြင်း ဖြစ်သည်။ စောစောပိုင်းကဆိုလျှင် သူသည်သခ်ျိုင်းဂူရှိကြောင်းကိုပင် မပြောဘဲငြင်းခဲ့သည်။

ယခုတော့သခ်ျိုင်းဂူရှိကြောင်း ဝန်ခံလိုက်မိလေပြီ။ ဤသည်ကိုပင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် သဘောကျသွားပေသည်။
"ဟုတ်ပြီ၊ လိုဘင်ဂူလာသခ်ျိုင်းဂူ အမှန်ရှိကြောင်း သိရပြီ။ ဒီတော့ အဲဒီ သခ်ျိုင်းဂူရှိရာကိုသာ ကျုပ်တို့ကို ခေါ်သွားပါ။ ကျုပ်က ခင်ဗျားနဲ့ခင်ဗျားရဲ့ချစ်သူ နစ်ယောက်စလုံး နိုင်ငံခြားကို လေယာဉ်နဲ့ထွက်သွားနိုင်အောင် ချက်ချင်း စီစဉ်ပေးပါ့မယ်"

"သဘောမတူဘူး၊ လိုက်မပြနိုင်ဘူး။ ခင်ဗျားကိုကျုပ်ရွတ်ချတယ်။ ခင်ဗျားရဲ့အမေဟာ ပြည့်တန်ဆာမတစ်ယောက်ဖြစ်တယ် မဟုတ်လား။ တွီ...တွီ"

တွန်ဂါတာက စိတ်တိုတိုဖြင့် ပြောလိုက်ရာ ဖွန်ဂါဘီရာသည် ဒေါသထွက်လာကာ-

"ဟေ့... မြွေလောင်အိမ်တံခါးကိုဖွင့်လိုက်"ဟု အမိန့်ပေးလိုက်သည်။ တွန်ဂါတာသည် သူ၏မျက်နှာတွင်တော့ထားသောပိုက်ကိုကြည့်နေမိသည်။ ထိုအချိန်၌မြွေကြီးသည် လောင်အိမ်အတွင်း၌ ခွေလျက်ပင် ရှိသေးသည်။

"မိတ်ဆွေကြီး စိတ်ပြောင်းဖို့ အချိန်ရှိပါသေးတယ်"

ဖွန်ဂါဘီရာကထပ်၍ တိုက်တွန်းပြန်သည်။ သို့သော်လည်း တွန်ဂါတာက ဘာမှမပြောဘဲ မြွေကြီး လာမည့် ပိုက်လုံးကိုသာ ဆက်ကြည့်နေသည်။

"ဟော့...ငါပြောထားတဲ့အတိုင်း ဆက်လုပ်"

ဖွန်ဂါဘီရာက အမိန့်ပေးလိုက်သောအခါ စစ်သည်တစ်ဦးက မီးသွေးမီးဖိုတွေကို မီးရဲရဲဖြင့်မြွေလှောင် အိမ်အနီး စားပွဲပေါ်သို့ တင်လိုက်သည်။ မီးအပူရှိန်သည် တွန်ဂါတာ၏နေရာမှာပင် သိသိသာသာ ပူနေပေသည်။ အပူရှိန်ကြောင့် ခွေနေသောမြွေကြီးသည်ကိုယ်ကိုဆန့်လိုက်သည်။ မီးအပူရှိန်မှဝေးရာ နေရာသို့လိုက်ရှာရင်း ပိုက်လုံးငယ်အဝဆီသို့ ဖြည်းဖြည်းချင်း ထိုးလာလေသည်။

"ကိုင်း...ရဲဘော်ကြီးသဘောတူကြောင်း မြန်မြန်ပြောလိုက်ပါ၊ မြန်မြန်ပြောလိုက်ပါ။ ကျုပ်ကမြွေကိုပြန် ခေါ်ပေးနိုင်သေးတယ်"
ဖွန်ဂါဘီရာကပြောလိုက်ချိန်တွင် တွန်ဂါတာသည်တစ်ကိုယ်လုံးဇောချွေးများပြန်လျက်ရှိသည်။မြွေကြီး သည် ပိုက်လုံးအဝသို့ ရောက်လာလေ၏။ သို့သော် ချက်ချင်းမဝင်သေးဘဲ ခေတ္တဆိုင်းလျက်ရပ်နေ သည်။
"အချိန်ရှိပါသေးတယ် ရဲဘော်ကြီး၊ ဒီလို အသေဆိုးမျိုးနဲ့ မသေချင်စမ်းပါနဲ့။ ကျုပ်ပြောသလို သဘော တူတယ်လို့သာ ပြောလိုက်ပါ"

ဖွန်ဂါဘီရာက ပြောပြန်သည်။ သို့သော် တွန်ဂါတာသည် မြွေကြီးကိုသာ မျက်တောင်မခတ်ဘဲစိုက် ကြည့်နေမိသည်။ အနီးကပ်မြင်ရမှ မြွေ၏ပမာဏမည်မျှကြီးမားသည်ကိုသိရတော့သည်။ ယခုဆိုလျှင် မြွေကြီး၏ခေါင်းသည် တွန်ဂါတာ၏မျက်နှာနှင့် ဆယ့်ရှစ်လက်မခန့်သာကွာဝေးတော့သည်။ မီးအပူရှိန် ကြောင့် မြွေကြီးသည် ရှေ့သို့ တရွေ့ရွေ့တိုးလာနေသည်။

"ရဲဘော်ကြီး အချိန်နောက်မကျသေးဘူး။ ခင်ဗျားက သဘောတူတယ်လို့သာ ပြောစမ်းပါ။ ကျုပ်က မြွေခေါင်းကို သေနတ်နဲ့ပစ်လိုက်မယ်"

ဖွန်ဂါဘီရာက ပြောပြန်သည်။ သို့သော် တွန်ဂါတာသည် အားနည်းနေသည့်ကြားမှ ကြိုးစား၍-

"မပြောဘူး မပြောဘူး၊ ခင်ဗျားတို့ရှိုနာလူမျိုးတွေသေလိုက်"ဟု ခပ်တိုးတိုးပြောလိုက်သည်။ အမှန် တော့သူသည် အလွန်တုန်လှုပ်ချောက်ချားနေပြီဖြစ်သည်။ မြွေကြီးနှင့် နီးကပ်နေသောကြောင့်

အော်ဂလီဆန်ကာ အန်ချင်သလိုလည်း ဖြစ်လာသည်။ ကြိုးစား၍သာ တံတွေးမျိုချလိုက်ရသည်။ တွန်ဂါတာသည် ရုန်းကန်ရန် ကြိုးစားသေးသော်လည်း ရှိုနာစစ်သားနှစ်ဦးက သူ၏ပခုံးနှစ်ဖက်ကို အတင်းဖမ်းချုပ်ထားလိုက်သည်။ မြွေကြီးသည် မော်တော်ကားဘီးပေါက်သလို အသံမျိုးဖြင့် တွန်ရင်း တွန်ဂါတာအားပေါက်ရန် ပါးပျဉ်းထောင်လိုက်သည်။ တွန်ဂါတာလည်း လုံးဝမလှုပ်ရှားဘဲ ငြိမ်၍ နေလိုက်သည်။ သို့သော် မြွေကြီးသည်မပေါက်ဘဲ ပါးပျဉ်းကိုပြန်ချကာ တွန်ဂါတာ၏မျက်နှာပေါ်သို့ တက်လာလေသည်။ တွန်ဂါတာသည် လုံးဝ မလှုပ်ရှားဝံ့တော့ချေ။

မြွေကြီးသည်သူ၏မျက်နှာပေါ်တက်ရုံမက သူ၏ကိုယ်နှင့်ရစ်ပတ်ပြန်လေသည်။ အနီးကပ်လွန်းသဖြင့် တွန်ဂါတာအဖို့ မြွေကြီးကိုပင် ကောင်းစွာမမြင်ရတော့ဘဲ မှုန်ဝါးဝါးဖြစ်နေသည်။ အရေးထဲ မြွေကြီးက သူ၏ပါးပြင်ကို လျှာဖြင့်လျက်နေသည်။ တွန်ဂါတာသည် စိတ်ဓာတ်ချောက်ချားလာကာ ရူးချင်စိတ်ပင် ဖြစ်ပေါ်လာမိသည်။ လုံးဝမေ့မြောမသွားအောင်လည်း မနည်းကြိုးစား၍သတိထားနေရသည်။ မြွေကြီး သည် သူ၏မျက်နှာကို ဆက်လက်ရစ်ပတ်နေလေရာ တွန်ဂါတာသည် မည်သို့မှမတတ်နိုင်ဘဲ ငြိမ်နေ ရလေသည်။ ပါးစပ်မှ ဟစ်အော်ခြင်းလည်းမပြုဝံ့ချေ။

"ဟဲ...ဟဲ မြွေကြီးက ခင်ဗျားကို သဘောကျပုံ ရတယ်။ အခု ခင်ဗျားမျက်နှာပေါ်မှာပဲ အခြေတကျနေ တော့မယ် ထင်တယ်"

ဗိုလ်ချုပ်ဖွန်ဂါဘီရာက သရော်သလိုပြောလိုက်ပြီးနောက် သူကိုယ်တိုင်မီးသွေးမီးဖိုထဲမှ သံချောင်းငယ် တစ်ခုထုတ်ယူလိုက်သည်။ သံချောင်းသည်မီးရဲရဲ ဖြစ်နေသည်။

"ကဲ ရဲဘော်ကြီး ဒါဟာခင်ဗျားအတွက် နောက်ဆုံးအခွင့်အရေးပဲ။ ကျုပ်ကမြွေကြီးကို မီးရဲရဲသံချောင်း နဲ့တို့လိုက်တာနဲ့ ဘာဖြစ်သွားမယ်ဆိုတာ သိရဲ့မဟုတ်လား"

တစ်ဖန် သူကပင် ဆက်၍-

"အခုလောလောဆယ် ခင်ဗျားစကားမပြောနိုင်တဲ့အခြေအနေဖြစ်နေတော့ ကျုပ်ပြောတာကို သဘော တူတယ်ဆိုရင် မျက်လုံးကိုသာ အဆက်မပြတ်မျက်တောင်ခတ်ပြပါ"ဟုပြောလေသည်။ တွန်ဂါတာက မျက်တောင်မခတ်ဘဲ နေလိုက်သည်။

"အင်း...ကျုပ်တို့ ကြိုးစားပေမယ့် မရတော့ဘူးဆိုတော့ မတတ်နိုင်ဘူး"

ပြောပြောဆိုဆို ဖွန်ဂါဘီရာသည် မြွေကြီး၏ကိုယ်တစ်နေရာကို သံချောင်းပူပူဖြင့်တို့လိုက်လေသည်။ မြွေကြီးသည် နာကျင်သဖြင့် လူးလွန့်လှုပ်ရှားလာလေသည်။

မြွေကြီးသည်နာကျင်သဖြင့် လူးလွန့်လှုပ်ရှားလာလေသည်။ ဒေါသထွက်လာဟန်ဖြင့် ရှူးရှူးရဲရဲဖြစ်လာရာမှ ရုတ်တရက် ပါးပျဉ်းထောင်ကာ တွန်ဂါတာအား ပေါက်လိုက်လေသည်။ မြွေပေါက်လိုက်သည့်နေရာမှာ တွန်ဂါတာ၏မျက်လုံးတစ်ဖက်အောက်နား ပါးပြင်တွင်ဖြစ်သည်။ ပြင်းစွာနာကျင်ခြင်းဝေဒနာခံစားလိုက်ရပြီး တစ်ချိန်တည်းမှာပင် တွန်ဂါတာ၏ပါးစပ်တွင် သွေးများအလိုလိုထွက်လာသည်။ ထို့နောက် နာကျင်ခြင်းဝေဒနာကိုမခံနိုင်တော့သည့်အဆုံး၌ သူသည်လုံးဝ သတိမေ့သွားတော့သည်။ "ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ အခု သူသေသွားပြီ၊ ခင်ဗျားက သူ့ကို သတ်လိုက်တယ်။ ဒီလူ အသက်မသေဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျုပ် စောစောကတည်း ကပြောထားတယ်မဟုတ်လား"
ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် တွန်ဂါတာ သေဆုံးသွားပြီဟု တထစ်ချ တွက်လျက် ဆရာဝန်အား ဒေါသကြီးစွာဖြင့် အပြစ်တင်လေသည်။ သို့ရာတွင် ဒေါက်တာက ခေါင်းခါပြလေသည်။

"မဟုတ်ပါဘူး၊ သေသွားတာ မဟုတ်ပါဘူး"

ပြောပြောဆိုဆို ဒေါက်တာသည် စစ်သားနှစ်ဦး၏အကူအညီဖြင့် တွန်ဂါတာ၏ဦးခေါင်းမှ ခမောက်ကို ချွတ်ပစ်လိုက်သည်။ စစ်သားတစ်ဦးက အက်ဒါမြွေကြီးကို လျင်မြန်စွာဖမ်းကိုင်၍ အခန်းနံရံဘက်သို့ တအားလွှင့်ပေါက်လိုက်ပြီးနောက် မြွေ၏ဦးခေါင်းကို ရိုင်ဖယ်သေနတ်ဒင်ဖြင့် ကြေမွသွားအောင်ရိုက်သတ်လိုက်သည်။ ဆရာဝန်ကို ဗိုလ်ချုပ် ဖွန်ဂါဘီရာအား-

"သူဟာ သေတာမဟုတ်ပါဘူး၊ သတိမေ့နေတာပါ။ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ပြီး အားနည်းနေလို့ အခုလို မေ့သွားတာပါပဲ"ဟု ရှင်းပြလေသည်။ ဆက်လက်၍ ဆရာဝန်သည် စစ်သားနှစ်ဦး၏ အကူအညီဖြင့်တွန်ဂါတာအားပွေ့ချီကာ အခန်းနံရံအနီးရှိ ကင်းကော့ခေါ်ခေါက်ခုတင်တစ်လုံးပေါ်တွင်တင်ထားလိုက်သည်။ ဒေါက်တာသည် တွန်ဂါတာ၏ သွေးခုန်နှုန်းကို သေချာစွာ စမ်းသပ်ကြည့်ပြီးနောက် "အခြေအနေ ကောင်းပါတယ်"ဟုဆိုကာ လက်မောင်းတွင် ထိုးဆေးတစ်လုံး ထိုးပေးလိုက်သည်။

"ဒါက သူ့ကိုအားဆေးထိုးပေးလိုက်တာပဲ။ ချက်ချင်းဆိုသလို သိသာလာပါလိမ့်မယ်။ ဟော ပြောရင်းဆိုရင်း သတိပြန်ရလာပြီထင်တယ်။ ဒါပေမဲ့ မြွေကိုက်ခံရတဲ့အတွက် ရောဂါပိုးမွှားဝင်မှု (အင်ဖက်ရှင်) တော့ရှိသင့်သလောက်ရှိမှာပဲ။ ဒါကြောင့်ပဋိဇီဝဆေး(အင်တီဘိုင်အိုတစ်)တစ်လုံးတော့ ထိုးပေးဦးမှပဲ"

ပြောပြောဆိုဆို ဒေါက်တာသည် နောက်ထပ် ထိုးဆေးတစ်လုံး (ပင်္ဂီဇီဝဆေး)ထိုးပေးလိုက်ပြန်သည်။ ထိုအချိန်၌ တွန်ဂါတာသည် သတိရလာကာ လူးလွန့်စပြုလာသည်။ တဖြည်းဖြည်းနှင့် သတိကောင်းစွာရလာသောအခါ စစ်သားနှစ်ဦးကကူညီဖေးမ၍ ထိုင်နေနိုင်အောင်ထူပေးလိုက်သည်။ သူ၏မျက်လုံးများသည် ချက်ချင်းကြည်လင်ခြင်းမရှိသေးဘဲ အတန်ကြာမှပုံမှန်မြင်လာလေရာ သူ့အား အကဲခတ်ကြည့်နေသူ ဖွန်ဂါဘီရာအား မြင်မိလေသည်။

"မိတ်ဆွေကြီး၊ ခင်ဗျား အခုလို လူသားတို့ရဲ့လောကကို ပြန်ရောက်လာတာကို ခရီးဦးကြိုပြုပါတယ်" ဖွန်ဂါဘီရာက နှုတ်ဆက်သလို ပြောလိုက်ရာ တွန်ဂါတာသည် မည်သို့မျှ ပြန်မပြောဘဲ ဖွန်ဂါဘီရာ၏ မျက်နှာကိုသာ စူးစိုက်ကြည့်နေလေသည်။ ဖွန်ဂါဘီရာကပင် ရှင်းပြလေသည်။

"ခင်ဗျားက ရုတ်တရက်တော့ သဘောပေါက်မှာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ စမ်းသပ်ချက်က ဒီလိုပါ။ ဒေါက်တာကြီးဟာ အက်ဒါမြွေကြီးရဲ့ အဆိပ်တွေကို စောစောက ထုတ်ယူထားလိုက်ပြီး ဖြစ်ပါတယ်။ ခင်ဗျား ကိုယ်တိုင် ထင်ခဲ့မိတဲ့အတိုင်းပါပဲ"

တွန်ဂါတာသည် စကားမပြောနိုင်သေးသဖြင့် ခေါင်းခါပြလိုက်သည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာကလည်း သူဘာဆိုလိုသည်ကို ရိပ်မိဟန်ဖြင့် ဆက်ရှင်းပြပြန်သည်။

"အဆိပ်ထုတ်ထားတဲ့မြွေက ကြွက်ကိုပေါက်လိုက်တာ ကြွက်ဟာဘာကြောင့် သေသွားတာလဲလို့ မေးချင်တယ်မဟုတ်လား။ ဒါလည်း အဖြေရှိပါတယ်။ လွယ်လွယ်ကလေးပါပဲ။ ဒေါက်တာဟာဒီအခန်းထဲ ပြန်ဝင်မလာခင် ကြွက်ကို ထိုးဆေးတစ်မျိုး ထိုးပေးလိုက်တယ်။ ဆေးက အချိန်အနည်းငယ် အတွင်းသေသွားစေနိုင်တဲ့ အဆိပ်တစ်မျိုးဖြစ်တယ်။ အဲဒါကို မြွေကိုက်ခံရပြီး သေသလိုထင်ရအောင် အချိန်အတိအကျတွက်ချက်ပြီးမှ ထိုးပေးခဲ့တဲ့အတွက် ကြွက်ဟာမြွေကိုက်ခံရပြီး စက္ကန့်ပိုင်းအတွင်း သေသွား လေတော့ မြွေဆိပ်ကြောင့်လို့ထင်ရတယ်။

အမှန်တော့ ဒေါက်တာကြီးက ကြိုတင်ထိုးထားလိုက်တဲ့အဆိပ်ဆေးကြောင့် ကြွက်သေသွားတာဖြစ်တယ်။ မိတ်ဆွေကြီးခင်ဗျား၊ စောစောကခင်ဗျားထင်မိတဲ့အတိုင်း ကျုပ်တို့အနေနဲ့ခင်ဗျားကိုချက်ချင်းသေအောင်လုပ်လို့ မဖြစ်သေးဘူး။ သို့သော်လည်း မကြာခင်အချိန်မှာ ခင်ဗျားရဲ့ကံကြမ္မာကို မပြောနိုင်ဘူး။ တစ်ခုတော့ရှိတယ်၊ ကျုပ်တို့တွက်ချက်ပြီး လုပ်တာကိုင်တာတွေ မှားယွင်းလွဲချော်သွားနိုင်တယ်။ ဥပမာမြွေကြီးကို ကျုပ်တို့က အဆိပ်ထုတ်ယူထားလိုက်တယ်ဆိုပေမယ့် သူ့အစွယ်မှာ အဆိပ်အကြွင်းအကျန်ရှိနေနိုင်သေးတယ်။ နောက်တစ်ကြိမ်ကျုပ်တို့ဒါမျိုးစမ်းလိုက်ရင် ခင်ဗျားအဆိပ်

သင့်သွားနိုင်တယ်။ ဘာပဲဖြစ်ဖြစ်ကြာရင် ခင်ဗျားရဲ့စိတ်တွေချောက်ချားပြီး လုံးလုံးစိတ်နောက်သွားတဲ့အထိတောင် ဖြစ်သွားနိုင်တယ်"

"ကျုပ်ကတော့ အတတ်နိုင်ဆုံး ခံနိုင်အောင် ကြိုးစားပြီးကျိတ်ခံမှာပဲ"

တွန်ဂါတာကလျော့ပေးရန် မရည်ရွယ်ကြောင်းပြောလိုက်သည်။ ဖွန်ဂါဘီရာသည် တွန်ဂါတာခေါင်းမာနေခြင်းကို သဘောကျဟန် မတူချေ။

"ခင်ဗျားခေါင်းမာတာကိုချီးနှိမ်ဖို့ ကျုပ်တို့မှာနောက်တစ်နည်းရှိသေးတယ်။ ခင်ဗျားအနေနဲ့ ဖွန်ဂါဘီရာရဲ့ နောက်လိုက်ခွေးများဆိုတာ ကြားဖူးမှာပေါ့။ အဲဒါ ကျုပ်ရဲ့လက်ရွေးစင်ခွေးကြီးတွေကို ခင်ဗျားတို့မာတာဘယ်လီလူမျိုးတွေက ခေါ်တာပါ။ တကယ်လည်း သူတို့ကို ထိန်းချုပ်ရအလွန်ခက်တယ်။

သူတို့ကို ခင်ဗျားဆီ လွှတ်ပေးလိုက်ရင် ခင်ဗျားရဲ့ လက်တစ်ဖက်၊ သို့မဟုတ် ခြေတစ်ဖက် ပြတ်သွားနိုင်တယ်။ ကျုပ်တို့ကဒီနည်းကိုအသုံးမပြုချင်ပါဘူး။ အသုံးမပြုဖြစ်အောင်ခင်ဗျားကိုယ်တိုင်ကလုပ်နိုင်တယ်။ ကျုပ်တို့မေးတာကိုပြောပြရုံပဲ။ ကိုင်း...ခင်ဗျားလည်း ပင်ပန်းလှရော့မယ်။ ကျုပ်တို့မေးတာကို အခုချက်ချင်းအဖြေမပေးပါနဲ့၊ သုံးလေးရက်အချိန်ယူစဉ်းစားလိုက်ပါဦး။ ခင်ဗျားအနားယူလို့အင်အားပြန်ပြည့်လာတော့မှာပဲဖြေပါ။ အခုတော့ စိတ်အေးလက်အေးနားနေလိုက်ပါ"

တွန်ဂါတာသည် အချိန်အတိုင်းအဆပမာဏကို ကောင်းစွာမသိတော့ချေ။ သူသည် စစ်ရေးပြကွင်း၌လူဘယ်နှစ်ယောက် ကွပ်မျက်ခံရသည်ကိုလည်း မမှတ်မိတော့။ သူ၏ဦးနှောက်ထဲ ကြည်လင်ခြင်းမရှိသဖြင့် ကောင်းစွာမစဉ်းစားနိုင်ခြင်း ဖြစ်လေသည်။ သူ၏မှတ်ဉာဏ်လည်း ပုံမှန်အတိုင်း မကောင်းတော့ဘဲဖြစ်နေသည်။ ဤအကျဉ်းစခန်းတွင် သူသည်မည်မျှကြာကြာ ရောက်နေခဲ့သည်ကိုလည်း မမှတ်မိတော့ချေ။ ညဘက်တွင်လည်း နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းမရှိ။ သူများတကာ အိပ်ပျော်နေခိုက် တွန်ဂါတာသည် အိပ်မပျော်ဘဲ မျက်လုံးကြောင်နေတတ်သည်။ အပြင်ဘက်တောစပ်မှ တောခွေးရိုင်းများအူသံ၊ ဟောင်သံများကိုကြားနေရပြီး ပို၍စိတ်ဓာတ်ချောက်ချားခဲ့ရလေသည်။

သူ့အား နှိပ်စက်ညှဉ်းပန်းသည့် နည်းတစ်ခုမှာ ရေလုံးဝမတိုက်ဘဲ ရေအငတ်ထားခြင်းပင်ဖြစ်သည်။ ရေငတ်သည့်ဒဏ်က အလွန်ခံရခက်လေသည်။ ထို့ကြောင့် တွန်ဂါတာသည် သူ့ကိုယ်သူ ပြန်အားပေး၍ စိတ်ကိုတင်းထားရလေသည်။ ယခုအချိန်အထိ မိမိ အသက်ရှင်နေသေးသည့် အကြောင်းကား ဘုရင်ကြီးလိုဘင်ဂူလာ၏ သခိုးငှက်ဂူသာလျှင် ဖြစ်သည်ဟုလည်း အဖန်ဖန် ဆင်ခြင်သုံးသပ်မိသည်။ မိမိအနေဖြင့် သခိုးငှက်ဂူတည်ရှိရာနေရာကို လှို့ဝှက်စွာထားနိုင်သမျှ ကာလပတ်လုံး ဖွန်ဂါဘီရာက

မိမိအား သတ်ပစ်လိမ့်မည်မဟုတ်သည်မှာ သေချာနေပေသည်။ အကယ်၍ မိမိက သခ်ၤျိုင်းဂူရှိရာသို့ ခေါ်ဆောင်သွားမည်ဆိုပါက နိုင်ငံခြားသို့ လေယာဉ်ဖြင့် ပို့ပေးပါမည်ဟူသော ဖွန်ဂါဘီရာ၏စကားကိုလည်း လုံးဝမယုံကြည်မိချေ။ ဖွန်ဂါဘီရာသည် ရှိုနာလူမျိုးပီပီ ကတိသစ္စာတည်မည်မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ မိမိအနေဖြင့် အသက်ရှင်နေရန် အရေးကြီးပေသည်။ အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး မိမိတို့မာတာဘယ်လီလူမျိုးတို့ လွတ်မြောက်ရေးအတွက် မျှော်လင့်ချက်ရောင်ခြည်သည် ရှိသင့်သလောက်ရှိနေမည် ဖြစ်ပေသည်။

မိမိသာ သေသွားပါက မာတာဘယ်လီ တိုင်းရင်းသားတို့သည် ကျွန်တွင်း၌ နစ်သည်ထက်နစ်ကြရပေမည်။ ယုတ်မာရက်စက်သော ရန်သူ၏နှိပ်စက်ညှဉ်းပန်းမှုကို အကန့်အသတ်မရှိ ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိ၏လူမျိုးအတွက် မိမိအသက်ရှင်နေရန် တာဝန်ရှိသည်ဟု တွန်ဂါတာသည် သုံးသပ်မိလေသည်။
အမှန်တော့ သူ့အဖို့မြန်မြန်သေလျှင် ဆင်းရဲဒုက္ခခံစားနေရသည့်ဘဝမှ မြန်မြန်လွတ်မြောက်မည်ဖြစ်သည်။ သို့သော်လည်း မိမိတို့မာတာဘယ်လီ တိုင်းရင်းသားလူထုအကျိုးအတွက် မိမိသည် သည်းခံ၍ အသက်ရှင်အောင်နေမှ ဖြစ်ပေမည်။ တွန်ဂါတာသည် အိပ်မပျော်သော်လည်း နံနက်အရုဏ်တက်ချိန်ကို လဲလျောင်းလျက်ပင် စောင့်နေလေသည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ နာကျင်တောင့်တင်းလျက် အိပ်ရာမှထရန်ပင် ဝန်လေးနေမိသည်။

နံနက်မိုးလင်းလျှင် သူ့အား အကျဉ်းသားများ ကွပ်မျက်ရာစစ်ရေးပြကွင်းသို့ ခေါ်ထုတ်မည်ဆိုပါက လမ်းလျှောက် သွားနိုင်မည် မဟုတ်သောကြောင့် စစ်သားများက ပွေ့ချီသွားရမည် ဖြစ်ပေသည်။ ယင်းအဖြစ်ကိုလည်း သူသည်စက်ဆုပ်မိလေသည်။ ရန်သူရှေ့တွင် မိမိကခွန်အားချည်နဲ့သော အဖြစ်မျိုးရောက်နေခြင်းကို မုန်းတီးမိသည်။

မကြာမီအကျဉ်းစခန်းတစ်ခုလုံး စတင်အသက်ဝင်လှုပ်ရှားစပြုလာလေသည်။ လက်နက်ကိုင်အစောင့်များချီတက်လှုပ်ရှားသံ၊ အမိန့်ပေးသံများကြားရစပြုလေပြီ။ မလှမ်းမကမ်းရှိအဆောင်တစ်ခုမှ အကျဉ်းသားတစ်ဦးအား အပြင်ဘက်သို့ အတင်းဆွဲခေါ်၍ အကျဉ်းသားက ဟစ်အော်ညည်းညူသံကိုလည်း ကြားနေရသည်။ မကြာမီ မိမိတဲသို့လည်း လာကြပေတော့မည်ဟု တွန်ဂါတာက တွက်မိလေသည်။ သူသည် ရေသောက်ရန် သံဇလုံကို လှမ်းယူလိုက်မည်ပြုပြီးမှ ယမန်နေ့ညကပင် ရေကုန်နေပြီဖြစ်ကြောင်း သတိရကာစိတ်ပျက်သွားမိလေသည်။

သို့စဉ်လျက် သံဇလုံတွင်ရေအကြွင်းအကျန်ရှိလိုရှိငြား ဇလုံကိုခွေးတစ်ကောင်လို လျှာဖြင့်လျက်ကြည့်လေသည်။ သို့သော် ရေတစ်စက်မျှပင်မရှိအောင် ခြောက်သွေ့နေပေသည်။

အခန်းတံခါးမှဂလန့်ကို ဆွဲသံကြားရပြီးနောက် တံခါးပွင့်လာလေသည်။ တွန်ဂါတာသည် မတ်တတ်ထရန် ကြိုးစားရာ ဒူးဆစ်များမခိုင်ဘဲ ယိုင်လဲကျသွားလေသည်။ လက်နက်ကိုင် အစောင့်တစ်ဦးသည် တံခါးဝအနီးကြမ်းပြင်တွင် တစ်စုံတစ်ခုချပေးပြီးနောက် ချက်ချင်းပင်ပြန်ထွက်သွားကာ တံခါးကိုအပြင်ဘက်မှ ပြန်ပိတ်လိုက်သည်။ တွန်ဂါတာ သည် အံ့အားသင့်သွားမိသည်။ ယခုလိုအဖြစ်မျိုး ယခင်က တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသဖြင့် အံ့သြမိခြင်းဖြစ်သည်။ နောက်ထပ် ဘာများ လာပို့ပေးမည်နည်းဟုလည်း စောင့်ကြည့်ရာ မည်သူမှ နောက်ထပ် မလာတော့ချေ။

တံခါး၏အပြင်ဘက်တွင် လုံးဝ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ရံဖန်ရံခါ အခြားအကျဉ်းသားများအား အစောင့်များက ဆွဲခေါ်သွားသံကိုသာ ကြားရလေသည်။ အလင်းရောင် တဖြည်းဖြည်းများလာပြီဖြစ်ရာတွန်ဂါတာသည်စောစောကလာပေးသွားသောအရာဝတ္ထုကို ကြည့်လိုက်ရာပလတ်စတစ်ပုံးတစ်လုံးဖြစ်ကြောင်း တွေ့ရလေသည်။ အတွင်း၌ ရေတစ်ဂါလန်ခန့်ရှိသည်ကို တွေ့ရလေသည်။

တွန်ဂါတာသည် ရေသောက်ရန် ဟန်ပြင်လိုက်ပြီးမှ ခေတ္တတန့်သွားမိပြန်သည်။ ယခင်တစ်ကြိမ်လှည့်စားခံခဲ့ရသည်ကိုသတိရ၍ ရေကိုရုတ်တရက်မသောက်ဝံ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်ကသူသောက်ရန် လာပေးသောရေတွင် ဆရာဝန်ကဆားခပ်များများနှင့် အလွန်ခါးသောအာလန်ဓာတ်သတ္တုရောစပ်ထားခဲ့သည်။ ထိုရေသောက်ပြီးနောက် တွန်ဂါတာသည် အကြီးအကျယ် ရေငတ်သည့် ဝေဒနာကို မချိမဆံ့ ခံခဲ့ရဖူးလေသည်။

လောလောဆယ် ရေအလွန်ငတ်နေသဖြင့် သူသည် ရေကိုလက်ညှိုးဖြင့်တို့၍ အသာမြည်းကြည့်ရာ ရေကောင်းရေသန့်(ရေချို)ဖြစ်ကြောင်း တွေ့ရလေသည်။ သည်တော့မှ သူသည်အားရပါးရသောက်ချလိုက်သည်။ ယခုအချိန်တွင် လက်နက်ကိုင်အစောင့်တစ်ဦးဝင်လာပါက ရေပုံးကိုခြေဖြင့်ကန်ပစ်မည်မှာ သေချာသောကြောင့် အလျင်အမြန် သောက်ချလိုက်ခြင်းပင်ဖြစ်သည်။ ထို့နောက် သူသည် မိနစ်အနည်းငယ်မျှ နားနေလိုက်သည်။

ခဏမျှကြာသော် တွန်ဂါတာသည်ပြန်ထ၍ ရေထပ်သောက်ပြန်သည်။ ယင်းသို့ရေကိုတဝကြီးသောက်လိုက်ပြီးနောက် အတန်ကြာ ဆီးမသွားဘဲနေခဲ့ရာမှ ယခုတော့ အားရပါးရ ဆီးသွားလေသည်။ မွန်းတည့်ချိန်တွင် သူ့အားလာခေါ်ထုတ်သောအခါ တွန်ဂါတာသည် အားအင်ပြည့်လာကာ ကောင်း

စွာ မတ်တပ်ထနိုင်ပြီဖြစ်၍ ရှိုနာလူမျိုးအစောင့်များကို ဆဲရေးကြိမ်းမောင်း လိုက်လေသည်။ ထုံးစံအတိုင်း သူ့အားအကျဉ်းသားများကို သေဒဏ်ပေးကွပ်မျက်ရာ စစ်ရေးပြကွင်းတစ်ဖက်စွန်းရှိ အုတ်နံရံနားသို့ခေါ်သွားကြသောအခါ တွန်ဂါတာသည် အတော်ပင် လန်းဆန်းလျက် စိတ်ဓာတ်ပင် တက်လာသလို ဖြစ်နေလေသည်။

ယခု မိမိသည် ရေဝဝသောက်ထားရပြီဖြစ်၍ ရန်သူရှိုနာစစ်သားတို့၏ ညှဉ်းပန်းမှုဒဏ်ကို ကောင်းစွာခံနိုင်လိမ့်မည်ဟုသူ့ကိုယ်သူယုံကြည်မိလေသည်။ တွန်ဂါတာသည်လူလူချင်းမည်သူ့ကိုမှ မကြောက်တော့ချေ။ စစ်ရေးပြကွင်းအလယ်သို့လျှောက်သွားစဉ် တစ်စုံတစ်ခု ထူးခြားနေသည်ကို သတိပြုမိလေသည်။ အုတ်နံရံအနီးတွင်နေပူရှိန်ကာကွယ်ရန် ယာယီရွက်ထည်မိုး ပြုလုပ်ထားပြီး ယင်းအမိုးအောက်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးချထားသည်။ စားပွဲက နေ့လယ်စာစားရန် တည်ခင်းထားပုံရသည်။

ထိုစားပွဲတွင် ခပ်တည်တည်ထိုင်နေသူကား ဗိုလ်ချုပ်ဖွန်ဂါဘီရာပင် ဖြစ်လေသည်။ တွန်ဂါတာအနေဖြင့် ထိုလူနှင့်မတွေ့ခဲ့ရသည်မှာ ရက်အတော်ပင် ကြာသွားပြီဖြစ်သည်။ ယခုလူချင်းပြန်ဆုံရသောအခါ တွန်ဂါတာသည် စိတ်ဓာတ်ပြန်ကျသလို ဖြစ်မိလေသည်။ ဒူးဆစ်များမှာလည်း မခိုင်တော့သလိုဖြစ်လာကာ ယိုင်လဲကျတော့မယောင် ဖြစ်သွားသည်။ သူတို့က မိမိအတွက် ဘာများအစီအစဉ်ပြုလုပ်ထားလေသနည်း။ ဘာလုပ်မည်ကိုသိရလျှင် မိမိအနေဖြင့်ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားနိုင်မည်ဖြစ်ပေသည်။ ယခုတော့ ဘာမှန်းမသိရသည့်အတွက် စိတ်တုန်လှုပ် ချောက်ချားသလို ဖြစ်နေမိသည်။ တွန်ဂါတာအား အစောင့်များခေါ်၍ ဖြတ်လျှောက်သွားစဉ် ဖွန်ဂါဘီရာသည် ထိုင်နေရာမှမော်၍ပင် မကြည့်ချေ။ သူသည် စားပွဲတွင်ထိုင်၍ နေ့လယ်စာ စားနေလေသည်။ စားရာတွင်လည်း ဖွန်းခက်ရင်းဖြင့်မစားဘဲ အာဖရိကတိုက်သားတို့ ဓလေ့အတိုင်းသာ စားနေသည်။

ပြောင်းဖူးမုန့်၊ ငါးကြော်များစားနေသည်ဖြစ်ရာ အစားအစာများ၏ အနံ့ကိုရသောအခါ တွန်ဂါတာသည် ဆာလောင်မွတ်သိပ်ပြီး စားချင်လာသဖြင့် သွားရည်များပင်ကျမိလေသည်။ ထိုနေ့အဖို့ ကွပ်မျက်သတ်ပစ်ရန် တရားခံတစ်ဦးသာကျန်တော့လေသည်။ ထိုသူအား ကားစင်တင်၍ ကြိုးတုပ်နှောင်ထားပြီးဖြစ်ကြောင်း တွန်ဂါတာက သတိပြုမိလေသည်။ သေချာစွာ ကြည့်လိုက်သောအခါ သူသည် အလွန်အံ့အားသင့်သွားမိသည်။

အသတ်ခံရမည့် တရားခံမှာအမျိုးသမီးတစ်ဦး ဖြစ်နေသောကြောင့်ပင်တည်း။ မိန်းကလေးငယ်တစ်ဦးဖြစ်ပြီး အဝတ်အစားမပါဘဲ ဗလာကျင်းနေလေသည်။ ကိုယ်လုံးကိုယ်ဟန် အချိုးကျလှပပြီး ကြော့ရှင်း

သောအင်္ဂါရုပ်လည်း ရှိသူဖြစ်သည်။ သူမခမျာ ကြိုးဖြင့် တုပ်နှောင်ထားခြင်းခံရသဖြင့် မိမိ၏ အရှက်ကို ကာကွယ်ဖုံးအုပ်ရန် မည်သို့မျှမတတ်နိုင်ရှာချေ။ အလွန်ရှက်ကြောက်လျက်ရှိကြောင်း သူမ၏မျက်လုံးများတွင် ပေါ်လွင်နေလေသည်။ တွန်ဂါတာသည် ထိုမိန်းကလေး၏ မျက်နှာကို မကြည့်ဝံ့ချေ။

ထိုအခိုက် လက်နက်ကိုင်အစောင့်များသည် တွန်ဂါတာ၏လက်မောင်းနှစ်ဖက်ကို ဖမ်းချုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်သည်။ တွန်ဂါတာသည် ကားစင်တွင် တုပ်နှောင်ထားသော မိန်းကလေးဆီသို့ လျှောက်သွားလေသည်။ အနီးသို့ရောက်သောအခါအလွန်အံ့အားသင့်သွားမိသည်။ ထိုမိန်းကလေးကား အခြားမဟုတ်၊ တွန်ဂါတာ၏ ချစ်သူဆရာမကလေး ဆာရာပင်တည်း။

သူမသည် အလွန်အမင်း ရှက်ကြောက်နေရာမှ တွန်ဂါတာကို ကြည့်ပြီး-

"အို...သခင်...သခင်...သခင်ကို သူတို့ ဘယ်လိုလုပ်လိုက်တာလဲ"ဟု မာတာဘယ်လီဘာသာဖြင့် ခပ်တိုးတိုး ပြောရှာလေသည်။ တွန်ဂါတာ သည် ဘာမှမပြောဘဲ သူမ၏မျက်နှာကို လက်ဖြင့်ယုယစွာ သပ်လိုက်ချင်သော်လည်း ရှိုနာလူမျိုး လက်နက်ကိုင်အစောင့်များ ရှိနေသဖြင့် စိတ်ကို ထိန်းချုပ်ထားလိုက်ရသည်။
"မင်းကို သူတို့ ဘယ်လိုလုပ်ပြီး ရှာတွေ့သွားတာလဲ"

"ကျွန်မက ရှင်ညွှန်ကြားတဲ့အတိုင်း တောင်ပေါ်ဒေသမှာ သွားရှောင်နေလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်မဆီကို သတင်းတစ်ခု ရောက်လာတယ်။ ကျွန်မစာသင်တဲ့ကျောင်းက ကလေးတစ်ယောက် ဝမ်းကိုက်ရောဂါ အပြင်းအထန်ဖြစ်နေပြီး ဆရာဝန်လည်းမရှိလို့ အခက်အခဲ တွေ့နေပါတယ်လို့ ဆိုပါတယ်"

"အဲဒါ မင်းကို သက်သက် လိမ်ခေါ်တာပဲ"

"ဟုတ်ပါတယ်လိမ်ခေါ်တာပါ။ ကျွန်မလည်းသွားရော ရှိုနာစစ်သားတွေက အသင့်စောင့်နေကြတယ်။ ကျွန်မရဲ့အမှားကို သခင်က ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"

"အခု အခြေအနေကျမှတော့ ဒါတွေက ကိစ္စမရှိတော့ပါဘူး"

"ကျွန်မအဖို့တော့ ကိစ္စရှိတယ်ရှင့်။ နောက်ကို သခင်ကဘာမှလုပ်မပေးပါနဲ့တော့။ ကျွန်မဟာ မာရှိုကာနီရဲ့ သမီးဖြစ်ပါတယ်။ မျိုးရိုးဇာတိဂုဏ်အရ ရှိုနာစစ်သားတွေ လုပ်သမျှကို ခံနိုင်ရည်ရှိပါတယ်"

ဆာရာကဤသို့ပြောလိုက်၍ တွန်ဂါတာသည်ဝမ်းနည်းစွာနှင့်ခေါင်းခါလိုက်လေသည်။ သူသည်ဆာရာ၏ နှုတ်ခမ်းလေးကို လက်များဖြင့်အသာထိလိုက်ရာ သူ၏လက်မှာတုန်နေလေသည်။ ဆာရာ က

တွန်ဂါတာ၏ လက်ချောင်းများကို နမ်းလိုက်သည်။ တွန်ဂါတာသည် ဘာမှမပြောဘဲ ချာခနဲလှည့်ကာ ဖွန်ဂါဘီရာ စားသောက်နေသည့်နေရာသို့လျှောက်သွားလေသည်။ စစ်သားများက သူ့အား ဟန့်တားခြင်း မပြုကြချေ။ တွန်ဂါတာသည် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်ချလိုက်သည်။

"ပထမဆုံးအရေးကြီးတာကအမျိုးသမီးကိုကြိုးတွေတုပ်ထားရာကလွတ်ပေးပြီး အဝတ်အစားဝတ်ဆင်စေဖို့လိုတယ်"

ဖွန်ဂါဘီရာသည် သူ၏လူများအားအမိန့်ပေးလိုက်ရာ ချက်ချင်းပင်စစ်သားများက ဆာရာအားလွှတ်ပေးလိုက်ပြီး စောင်တစ်ထည်ဖြင့် ကိုယ်ကိုလွှမ်းခြုံပေးလိုက်သည်။ ထို့နောက် ဆာရာအား ခေါ်ထုတ်သွားကြသည်။ သူမသည် နောက်သို့ ပြန်လှည့်ပြီး တွန်ဂါတာအား-

"သခင်...အို...သခင်"ဟု လှမ်းခေါ်လိုက်ရှာသည်။

တွန်ဂါတာသည် ဖွန်ဂါဘီရာအား ခပ်တည်တည် ကြည့်၍-

"သူ့ကို နောက်ထပ် မနှိပ်စက်ပါနဲ့"ဟု ပြောလိုက်သည်။

"ဘယ်တုန်းကမှ မနှိပ်စက်ခဲ့ပါဘူးဗျ၊ နောက်လည်း မနှိပ်စက်ပါဘူး။ ခင်ဗျားကသာသူ့ကို နှိပ်စက်ချင်အောင် အကြောင်းမပေးပါနဲ့"

ပြောရင်းနှင့်ဖွန်ဂါဘီရာသည် ပြောင်းဖူးမုန့်တစ်ပန်းကန်ကို တွန်ဂါတာဘက်သို့ တွန်းပေးလိုက်သည်။ တွန်ဂါတာက ဂရုမစိုက်ဘဲ-

"သူ့ကို ပြည်ပကိုခေါ်ထုတ်သွားပြီး'ဖရန်စစ်တောင်း'အရပ်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းကိုပို့ပေးရမယ်"ဟု တောင်းဆိုလိုက်သည်။

"တူတီလေဆိပ်မှာ လေယာဉ်ငယ်တစ်စင်း အသင့်ရှိနေပါပြီ။ ကဲ...ရဲဘော်ကြီး စားလိုက်ပါဦး။ ခင်ဗျားကိုယ်တိုင် ပုံမှန်အားရှိလာဖို့ လိုတယ်"

"ဆာရာက ပြည်ပမှာ လွတ်လပ်စွာရောက်နေပြီဆိုတာ ကျုပ်ဆီကို သတင်းပို့ခိုင်းရမယ်။ သတင်းပို့ဖို့လည်း လျှို့ဝှက်စကားဝှက်တစ်ခု ကျုပ် သူနဲ့စီစဉ်ထားလိုက်မယ်"

"ကောင်းပါပြီ၊ သဘောတူပါတယ်"

ဖွန်ဂါဘီရာကပြောရင်း တွန်ဂါတာအတွက် လက်ဖက်ရည်တစ်ခွက် ပို့ပေးလေသည်။

"ပြီးတော့စကားဝှက်စီစဉ်ဖို့အတွက်ကျုပ်တို့နှစ်ယောက်တည်းလွတ်လွတ်လပ်လပ် တွေ့ခွင့်ပေးရမယ်"
"ဒီလိုရှိပါတယ် ခင်ဗျားအနေနဲ့သူ့ကိုစကားပြောနိုင်ပါတယ်။ ဒါပေမဲ့စစ်ရေးပြကွင်းအလယ်ကောင်မှာ ဖြစ်ရမယ်။ ကျုပ်လူတွေက ခင်ဗျားတို့ရှိရာနဲ့ ကိုက်တစ်ရာအဝေးမှာ နေကြလိမ့်မယ်။ တစ်ခုတော့ သတိပေးထားပါရစေ။ ခင်ဗျားတို့ကိုစက်သေနတ်တစ်လက်ကတောက်လျှောက်ချိန်ထားမယ်။ ခင်ဗျားနဲ့အမျိုးသမီးစကားပြောဖို့လည်း အချိန်ငါးမိနစ်သာပေးမယ်"

အခန်း(၃၀)

"ကျွန်မကို ခွင့်လွှတ်ပါနော်။ ကျွန်မဟာ ရှင်ညွှန်ကြားခဲ့တာကို လိုက်နာဖို့ ပျက်ကွက်ခဲ့ပါတယ်"

ဆာရာသည် သနားစဖွယ် တောင်းပန်ရှာလေသည်။

တွန်ဂါတာကမူ သူမ၏မျက်နှာကိုသာ ရွှန်းရွှန်းစားစားစိုက်ကြည့်နေမိသည်။ အလွန်ကြော့ရှင်းလှပပြီး ချစ်စရာကောင်းသော မိန်းကလေးပါတကားဟုလည်း သူ၏စိတ်ထဲမှ သုံးသပ်နေမိသည်။ သူသည် ဆာရာနှင့်မတွေ့ရသည်မှာ ကြာပြီဖြစ်ရာ သူမ၏အလှအတိုင်းအတာကိုပင် မေ့နေခဲ့သည်။ ထို့ကြောင့် ယခုမှ အားရပါးရ ပြန်ကြည့်နေမိခြင်း ဖြစ်သည်။

"မင်းမှာ အပြစ်မရှိပါဘူးကွယ်။ အခုဟာက မလွဲမရှောင်သာလို့ဖြစ်ရတာပဲ။ မင်းကို အပြစ်ဆိုစရာမရှိပါဘူး။ နောက်ပြီး မင်းကပုန်းရှောင်နေရာက အခုလို ထွက်လာတာဟာလည်း တာဝန်ဝတ္တရားနဲ့ အခြေအနေအရ လိုအပ်တာပါပဲ"

"ကျွန်မ ဘာလုပ်ပေးရမလဲဟင်"

ဆာရာကစိတ်အားထက်သန်စွာဖြင့်မေးလိုက်လျှင် တွန်ဂါတာသည်အရေးတကြီးစကားကို ခပ်တိုးတိုးပြောလေသည်။
"မင်း သေသေချာချာနားထောင်စမ်းပါ။ ငါယုံကြည်ရတဲ့လူတချို့ဟာ ဖွန်ဂါဘီရာရဲ့တတိယ တပ်မဟာလက်က ထွက်ပြေးလွတ်မြောက်သွားကြတယ်။ သူတို့ကို မင်းက မတွေ့တွေ့အောင် လိုက်ရှာရမယ်။ အခုဆိုရင် သူတို့ဟာ ဘော့ဆွာနာနိုင်ငံထဲ ရောက်နေတယ်လို့ ထင်တယ်"

တွန်ဂါတာသည် ထိုလူများ၏အမည်ကိုပြောပြပြီး ဆာရာအားအလွတ်မှတ်မိအောင်ပြန်ရွတ်ပြခိုင်းပြီးမှ
"သူတို့ကို ဟောဒီလို ပြောလိုက်"

ထို့နောက် တွန်ဂါတာသည် ဆာရာပြောရမည့်စကားတွေကို အသေးစိတ်ပြောပြလိုက်သည်။ ဆာရာကလည်း အလွတ်ရအောင်မှတ်ပြီး တစ်ခေါက်ရွတ်ပြလေသည်။ ထိုအခိုက်မှာပင် ကွင်းစပ်မှလက်နက်ကိုင်အစောင့်များ သူတို့ရှိရာဘက်သို့ စတင်လျှောက်လာသည်ကို တွန်ဂါတာက လှမ်းမြင်လိုက်သည်။ မိမိတို့စကားပြောရန် ငါးမိနစ်အချိန်ပေးထားရာ ယခု အချိန်စေ့သွားပြီဟု ယူဆရပေသည်။

"မင်း ဒီကထွက်သွားလို့လုံခြုံစိတ်ချရတဲ့နေရာကိုရောက်တဲ့အခါသူတို့ကမင်းကိုငါနဲ့စကား ဆက်သွယ်ပြောခွင့်ပေးလိမ့်မယ်။ မင်း ဟိုကို ချောချောမောမော ရောက်ရှိကြောင်း ငါသိအောင် သတင်းပို့ဖို့ပါပဲ။ ရေဒီယိုနဲ့ဆက်သွယ်ရမှာမို့ မင်းဟိုမှာကောင်းကောင်းမွန်မွန်ရှိကြောင်းစကားဝှက်နဲ့ပြောရမယ်။ ပြောရမယ့်စကားဝှက်ကတော့ ရှင့်ရဲ့အလွန်လှပတဲ့ ငှက်ကလေးဟာ ကောင်းကင်အမြင့်မှာ ပျံသန်းနေပါပြီ။ အဲဒီလို ပြောရမယ်။ ကဲ...လိုက်ဆိုပြစမ်း"

ဆာရာလည်း စကားဝှက်ကိုမှန်ကန်အောင် ပြန်ရွတ်ပြပြီးနောက် စိတ်တွေလှုပ်ရှားလာကာ တွန်ဂါတာ၏ရင်ခွင်သို့ အတင်းတိုးဝင်၍ ဖက်ထားရှာလေသည်။

"ကျွန်မ နောက်ထပ် သခင့်ကို တွေ့ရပါဦးမလား"

"တွေ့ဖို့ မလွယ်ဘူး။ ဒါကြောင့် မင်းက ငါ့ကို မေ့ပစ်လိုက်ပါ"

"ဟင့်အင်း...ဟင့်အင်း ကျွန်မ ဘယ်တော့မှ မမေ့နိုင်ဘူး။ တစ်သက်လုံး မေ့လို့မရဘူး"

ဆာရာက ငိုကြွေးလျက်ပြောနေစဉ်မှာပင် လက်နက်ကိုင်အစောင့်ရောက်လာပြီး အတင်းဆွဲ၍ လူချင်းခွဲလိုက်သည်။ လင်းရိုဗာကားတစ်စီး မောင်းဝင်လာရာ စစ်သားများက ဆာရာအား ကားပေါ်သို့ဆွဲတင်လိုက်ကြသည်။ မော်တော်ကား မောင်းထွက်သွားသောအခါ ဆာရာသည် ကားနောက်ဆီသို့ သမင်လည်ပြန် ကြည့်နေရှာလေသည်။ တွန်ဂါတာ၏ စိတ်ထဲတွင် ဆာရာသည် လောကၻအချောဆုံး၊ အလှဆုံးမိန်းကလေးတစ်ယောက် ဖြစ်သည်ပါတကားဟုကောက်ချက်ချမိလေသည်။ သုံးရက်မြောက်သောနေ့တွင် တွန်ဂါတာ၏ အကျဉ်းစခန်းသို့ အစောင့်များလာပြီး သူ့အား ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏ ယာယီဌာနချုပ်ပြုလုပ်ထားရာရုံးခန်းသို့ ခေါ်သွားလေသည်။

"အမျိုးသမီးက ခင်ဗျားနဲ့ ဆက်သွယ်စကားပြောရင် အင်္ဂလိပ်ဘာသာနဲ့ပဲ ပြောရမယ်။ ခင်ဗျားတို့ပြောတဲ့စကားတွေကိုလည်း အသံဖမ်းယူထားမယ်။ တကယ်လို့ ခင်ဗျားတို့က မာတာဘယ်လီဘာသာနဲ့ တစ်ခုခုပြောရင် အသံဖမ်းထားတဲ့တိတ်ခွေထဲက နောက်ပိုင်းဘာသာပြန်ယူမယ်"

ဗိုလ်ချုပ် ဖွန်ဂါဘီရာက ပြောရာ တွန်ဂါတာက-

"ကျုပ်တို့စီစဉ်ထားတဲ့ စကားဝှက်က မာတာဘယ်လီဘာသာနဲ့ ဖြစ်နေတယ်။ ဆာရာက အဲဒီစကားဝှက်အတိုင်း ပြောမှဖြစ်မယ်"ဟု ပြန်ပြောလိုက်သည်။ "ဒါဖြင့် ကောင်းပြီ၊ အဲဒီစကားဝှက်အပြင် တခြားဘာမှမပြောပါနဲ့။ ရဲဘော်ကြီး အခုလိုပြန်ပြီး ကျန်းကျန်းမာမာဖြစ်လာတာ တွေ့ရလို့ဝမ်းသာပါတယ်။ အနားယူပြီး အစာအာဟာရ ကောင်းကောင်း စားလိုက်တယ်ဆိုရင်ပဲ အလွန် သိသာပါတယ်"

တကယ်လည်း တွန်ဂါတာသည် အဝတ်အစားသပ်ရပ်စွာဝတ်စားထားပြီး လူကကျန်းမာလန်းဆန်းနေပုံရလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ကင်းတပ်မှူး(ကက်ပတိန်)အား ခေါင်းညိတ်၍အချက်ပြလိုက်ရာ ကက်ပတိန်က တွန်ဂါတာအား စကားပြောခွက် (မိုက်ခရိုဖုန်း)ကို လှမ်းပေးလိုက်သည်။ တစ်ချိန်တည်းမှာပင် "ရီကော်ဒါ"စက်မှ အသံဖမ်းယူသည့် ခလုတ်ကို နှိပ်ချလိုက်သည်။

ဆက်သွယ်ရေးစက်မှာ ရေဒီယိုတယ်လီဖုန်း စကားပြောသည့်စက် အမျိုးအစား ဖြစ်လေသည်။ တွန်ဂါတာသည် မိုက်ကရိုဖုန်းကိုကိုင်၍ ပါးစပ်နားတေ့ပြီး-

"ကျုပ် တွန်ဂါတာ ဖြစ်ပါတယ်"ဟု စပြောလိုက်သည်။

ချက်ချင်းလိုပင် တစ်ဖက်မှ ဆာရာ၏ အသံကို ပီသစွာ ကြားရလေသည်။

"ဟုတ်ကဲ့ သခင်၊ ကျွန်မ ဆာရာပါ"

ထိုအသံကို ကြားရသည်နှင့် တွန်ဂါတာ၏ စိတ်ထဲ ဖိုလှိုက်လှုပ်ရှားသွားမိလေသည်။

"ဆာရာ မင်း အခု လုံလုံခြုံခြုံစိတ်ချရတဲ့နေရာ ရောက်နေပြီလား။ အခု မင်းဘယ်က ပြောနေတာလဲ"
"ကျွန်မ အခုဖရန်စစ်တောင်းမြို့ကို ရောက်နေပါတယ်။ ဒီက ကြက်ခြေနီအဖွဲ့က ကောင်းမွန်စွာ စောင့်ရှောက်ထားပါတယ် သခင်"

"ပြောစရာ အထူးရှိသေးသလား"

တွန်ဂါတာကမေးလိုက်လျှင် ဆာရာသည်အင်္ဂလိပ်လိုပြောနေရာမှ မာတာဘယ်လီဘာသာသို့ ပြောင်းလျက်-
"ဟုတ်ကဲ့ ရှင့်ရဲ့အလွန်လှပတဲ့ ငှက်ကလေးဟာ ကောင်းကင်အမြင့်မှာသန်းနေပါပြီ"ဟု ပြောလိုက်သည်။

ထို့ပြင် သူမကပင် ဆက်လက်၍-

"ဒီမယ် ကျွန်မတခြားလူတွေကိုလည်း တွေ့ပြီးပြီ။ သခင့်အနေနဲ့အားမငယ်ပါနဲ့"ဟု ပြောလိုက်သည်။
"အေး...ကောင်းတယ်၊ နောက်ပြီး ငါမင်းကို လုပ်စေချင်တာက"

တွန်ဂါတာစကားမဆုံးမီ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် မိုက်ခရိုဖုန်း(စကားပြောခွက်)ကို ဆွဲလုယူလိုက်ပြီး စကားပြောဆက်သွယ်သည့် ခလုတ်ကိုပိတ်လိုက်သည်။ ထို့နောက် မိုက်ခရိုဖုန်းကို ကင်းတပ်မှူးလက်သို့ လှမ်းပစ်ပေးလိုက်သည်။

"ဟော့ အသံဖမ်းထားတဲ့တိတ်ခွေကို ငါတို့ယုံကြည်စိတ်ချရတဲ့ မာတာဘယ်လီအမျိုးသားတစ်ယောက် ဆီသွားပို့ပေးပြီး ချက်ချင်းဘာသာပြန်ခိုင်းလိုက်ပြီးတော့ ဘာသာပြန်ချက်ရေးမှတ်ထားတဲ့စာရွက်ကို ငါ့ဆီအမြန်ဆုံးလာပို့ခိုင်းလိုက်ပါ။ ဤအမိန့်ပေးပြီးနောက် ဖွန်ဂါဘီရာသည်တွန်ဂါတာဘက်သို့လှည့်၍
"ကိုင်း...ရဲဘော်ကြီး ခင်ဗျားရဲ့ချစ်သူနဲ့စကားပြောခန်း ဒါလောက်နဲ့ပြီးဆုံးသွားပြီလို့သာ မှတ်လိုက်ပါတော့။ အခု ခင်ဗျားနဲ့ကျုပ်တို့ ဆက်အလုပ်လုပ်စရာရှိသေးတယ်။ လာ...သွားကြမယ်" ဟု ပြောလိုက်သည်။
တွန်ဂါတာသည် ချစ်သူဆာရာ လွတ်မြောက်ရေးအတွက် လိုဘင်ဂူလာဘုရင်၏ သံချိုင်းဂူရှိရာလိုက်ပြပေးပါမည်ဟုလိုက်လျောကတိပေးခဲ့ခြင်းဖြစ်ရာ သူ၏အကြံက ဖွန်ဂါဘီရာတို့အားတတ်နိုင်သလောက် လှည့်စားအချိန်ဆွဲ၍ သံချိုင်းဂူရှိရာသို့ ကွေ့ကောက်ဝေးလံသောလမ်းမှ ခေါ်သွားရန်ပင် ဖြစ်သည်။
သို့သော် မည်မျှကြာကြာ အချိန်ဆွဲနိုင်မည်နည်း။ တစ်ချိန်မဟုတ် တစ်ချိန်တွင် သံချိုင်းဂူသို့ရောက်အောင်သွားရမည် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ အချိန်ဆွဲ၍ရသမျှ မိမိအဖို့တန်ဖိုးရှိသည် မဟုတ်ပါလော။ အချိန်တစ်နာရီပို့ရလျှင် မိမိအဖို့ တစ်နာရီပို့၍ အသက်ရှင်မည်ဖြစ်သည်။ တစ်နာရီပို့၍ လွတ်မြောက်ရန် မျှော်လင့်ချက်ရှိနိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် သူသည် သံချိုင်းဂူနှင့် ပတ်သက်၍ ဖွန်ဂါဘီရာအား-

"ကျုပ်ရဲ့ အဘိုးကခေါ်သွားပြီးပြခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပြီ။ ကျုပ် ကောင်းကောင်းတောင် မမှတ်မိဘူး"ဟု ပြောလိုက်သည်။

"ဒီလိုမပြောပါနဲ့လေ။ ခင်ဗျားဟာအလွန်မှတ်ဉာဏ်ကောင်းတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာကျုပ်တို့သိပြီးသားပါ။ လူနာမည်တွေ၊ လူတွေရဲ့အဂါရုပ်တွေကို ခင်ဗျားက ဓာတ်ပုံရိုက်ယူထားသလို ထင်ထင်

ရှားရှားမှတ်မိတတ်ပါတယ်။ လွတ်တော်မှာ ခင်ဗျားမိန့်ခွန်းပြောတုန်းက ဘာစာရွက်မှတ်စုမှ မကြည့်ဘဲ အလွတ်ပြောသွားတာကို ကျုပ်ကိုယ်တိုင်မြင်ခဲ့ပြီးဖြစ်တယ်။ နောက်တစ်ခု ခင်ဗျားအတွက် အချိန်ကုန်သက်သာပြီး မပင်ပန်းဘဲရောက်သွားအောင် ရဟတ်ယာဉ်တစ်စင်းပါ စီစဉ်ထားတယ်"

"ရဟတ်ယာဉ်နဲ့သွားလို့မဖြစ်ဘူး။ ကျုပ် ပထမဆုံးအကြိမ်သွားခဲ့တုန်းက ခြေကျင်သွားခဲ့ရတယ်။ အခုလည်းပဲ ခြေကျင်သွားမှပဲ ဖြစ်မယ်"

သို့နှင့်ပင် တွန်ဂါတာက ရှေ့ဆောင်လမ်းပြအဖြစ် ရှေ့ဆုံးမှဦးဆောင်လျက် တောလမ်းအတိုင်း ခြေကျင်သွားကြလေသည်။ တွန်ဂါတာသည်လွန်ခဲ့သောနှစ်ပေါင်းများစွာက ဘိုးအေကြီးနှင့်အတူသွားရသောလမ်းကို ကြိုးစားစဉ်းစားပြီးသွားရာ သခ်ၤိုင်းဂူလှို့ဝှက်စွာတည်ရာသို့ဝင်ရသည့် တောလမ်းအစကို ရှာမရဘဲဖြစ်နေလေသည်။

ထိုနေရာတွင် ကျောက်တုံးများစုပုံနေသည်ကို သတိရသော်လည်း ယခုရှာ၍မတွေ့သဖြင့် ခက်နေလေသည်။ တွန်ဂါတာသည် သခ်ၤိုင်းဂူ၏ဝင်ပေါက်လမ်းစကို ကြိုးစား၍ရှာလိုက်သည်မှာ သုံးရက်တိတိ ကြာသွားလေသည်။ သို့သော် လမ်းစကိုမူရှာ၍မတွေ့နိုင်ဘဲ ဖြစ်နေလေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် စိတ်တိုလာပြီ ဖြစ်သည်။ တွန်ဂါတာက မိမိတို့အား လိမ်လည်လှည့်ဖြား၍ လမ်းမှားသို့ ခေါ်လာလေသလောဟု သံသယဖြစ်လာလေသည်။ စမ်းတဝါးဝါးနှင့် ဆက်သွားကြရင်း သူတို့သည် ကျေးရွာငယ်လေးတစ်ရွာသို့ ရောက်သွားလေသည်။ ထိုရွာငယ်လေးကို မြင်တော့မှ တွန်ဂါတာ မှတ်မိလေသည်။

"ဟုတ်ပြီ ဒီရွာကလေးရောက်ပြီးတော့မှ ကျုပ်တို့ဟာ သခ်ၤိုင်းဂူကိုဝင်တဲ့ လမ်းအစကိုရောက်တယ်။ ရွာနဲ့မနီးမဝေးမှာ ချောင်းငယ်တစ်ခုနဲ့ ချောင်းကိုဖြတ်ကူးတဲ့ တံတားရှိတယ်။ နောက်ပိုင်းကျတော့ တံတားကို ရေတိုက်စားပြီးပျက်စီးသွားတယ်။ အဲဒီတံတားကို နောက်ထပ်ပြန်ပြီး မဆောက်တော့ဘူး။ ဟုတ်ပြီ ကျုပ်မှတ်မိပြီ။ လာကြပါဆက်သွားကြမယ်"

တွန်ဂါတာကပြောရင်း သူကိုယ်တိုင် ရှေ့ဆောင်လျက် ရွာပြင်ဘက်သို့ ထွက်သွားလေသည်။

မကြာမီ ချုံနွယ်ပိတ်ပေါင်းဖုံးအုပ်နေသော တောလမ်းဟောင်းနှင့်အတူ ရေခန်းခြောက်နေသောချောင်းငယ်နေရာကိုပါ တွေ့ကြလေသည်။ တစ်ချိန်က အသုံးပြုခဲ့ကြသော တံတားအဟောင်း ပြိုကျပျက်စီးနေသည်ကိုလည်း တွေ့ရသည်။

တွန်ဂါတာသည်သူ၏ဘိုးအေကြီးအားရုတ်တရက်သတိရမိလေသည်။ အလွန်စိတ်မကောင်းဖြစ်လျက် "အဘိုး...အဘိုး ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်က လျှို့ဝှက်ထားပါမယ်ဆိုတဲ့ ကတိကို ဖောက်ဖျက်ရပါတော့မယ်"ဟုလည်း တိုးတိုး ရေရွတ်လိုက်မိသည်။

ထိုအချိန်၌ ဘိုးအေကြီးဂီဒွန်သည် သူ၏အနီးသို့ ရောက်ရှိနေသည်ကပင် စိတ်ထဲမှ ထင်မိလေသည်။

ထို့နောက် ချောင်းတစ်ဖက်ကမ်းမှ တစ်ဆင့်ခြေကျင် ဆက်လျှောက်သွားကြလေသည်။ တွန်ဂါတာက ရှေ့ဆုံးမှသွားပြီး သူ၏နောက်မှကပ်လျက် လက်နက်ကိုင်စစ်သားနှစ်ဦး လိုက်ပါလာလေသည်။ သူတို့နောက်မှ ဗိုလ်ချုပ်ဖွန်ဂါဘီရာကလိုက်ပါလာသည်။ ထိုသို့လျှောက်သွားနေစဉ် တွန်ဂါတာသည် စကားမပြောဘဲ စိတ်ကူးယဉ်သလို အိပ်မက်မက်သလို စိတ်ကို လွတ်လပ်စွာလွှတ်ထားလိုက်သည်။

ဤတွင် အတိတ်ကာလ နှစ်ပေါင်းတစ်ရာခန့်က မာတာဘယ်လီလူမျိုးများ ခရီးရှည်ကြီး ထွက်ခဲ့ကြပုံကို မြင်ယောင်လာမိလေသည်။ သူ၏ဘိုးအေ၏ဖခင်(အဘိုး)ဖြစ်သူ ဂန်ဒန်ကိုလည်း သတိရမိသည်။ မိမိတို့ မာတာဘယ်လီလူမျိုးတွေ အခြေအနေမလှ၍ မူလနယ်မြေကိုစွန့်လွှတ်ပြီး ထွက်ခွာခဲ့ရပုံကို လည်းတွေး၍ သနားကရုဏာ ဖြစ်မိလေသည်။ မာတာဘယ်လီလူမျိုးများ အုပ်စုလိုက် တိမ်းရှောင်ထွက်ခွာလာစဉ် နောက်မှရန်သူမျက်နှာဖြူတွေက စက်သေနတ်များဖြင့် တရကြမ်း လိုက်လံပစ်ခတ်ခြင်း ခံခဲ့ရပုံကိုလည်းမြင်ယောင်ကာ အတိတ်ကာလက မိမိတို့လူမျိုးတွေ ရင်ဆိုင်ခံစားခဲ့ရသော ဒုက္ခပေါင်းစုံကိုပါ စိတ်ကူးကြည့်မိလေသည်။

မာတာဘယ်လီလူမျိုးတို့၏ ခေါင်းဆောင်ဘုရင် ဂန်ဒန်သည် သူတို့၏ ခိုင်းနွှားတွေအားလုံး သေဆုံးကုန်သောအခါ သူ၏ပစ္စည်းများ သယ်ဆောင်လာသော လှည်းများကို မိမိ၏လက်ရွေးစင်တပ်ဖွဲ့(အင်ယာတီအထူးတပ်ဖွဲ့)မှ စစ်သည်များအား နွှားကဲ့သို့ ဆွဲစေခဲ့သည်။ သေခါနီးအချိန်တွင် ဘုရင် ဂန်ဒန်သည် အစားကျူး၍ အလွန်ဝဖြိုးသော်လည်း ရောဂါဘယထူပြောလျက် စိတ်ဓာတ်ကျနေသူတစ်ယောက် ဖြစ်ခဲ့ကြောင်းကိုလည်း တွန်ဂါတာက သိထားပြီးဖြစ်သည်။

"အခုတော့ငါကိုယ်တိုင်ကကိုယ့်လူမျိုးအပေါ် သစ္စာဖောက်ရတော့မှာပါကလား။ ဘုရင်ဂန်ဒန်ရဲ့သမ္မိုင်းဂူကို ရှိုနာတိရွှေစာန်တွေ ဖောက်ထွင်းဖျက်ဆီးနိုင်အောင် ငါကိုယ်တိုင် လမ်းပြခေါ်ဆောင် လာခဲ့ရပေပြီတကား"

ဤသို့လည်း သူကိုယ်သူဝေဖန်သုံးသပ်မိလေသည်။ တွန်ဂါတာသည်လမ်းသွားရင်း သုံးကြိမ်တိုင်တိုင် တမင်သက်သက် လမ်းမှား၍ခေါ်သွားခဲ့သည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာ စိတ်တိုစိတ်ပျက်လာအောင်

တမင်လုပ်ခြင်းလည်းဖြစ်သည်။ တစ်ကြိမ်လမ်းအမှားသို့ လိုက်ခဲ့ကြရပါကြောင်း သိသောအခါ ဖွန်ဂါဘီရာသည် အလွန်ဒေါသထွက်လျက် သူ၏စစ်သားများအား တွန်ဂါတာကို ဖမ်းဆီးတုပ်နှောင်စေပြီး အပြစ်ဒဏ်ပေးသည့်အနေဖြင့် ကြံ့ရေကြာပွတ်တစ်ခုကို ကိုင်ကာတအား လွှဲရိုက်ခဲ့လေသည်။

ယင်းသို့ အရိုက်ခံရ၍လည်း နောက်ဆုံးတွင် တွန်ဂါတာသည် လမ်းမှန်အတိုင်း ပြန်ခေါ်သွားလိုက်ရလေသည်။ မကြာမီ တွန်ဂါတာ ကောင်းစွာမှတ်မိသော တောင်ကုန်းသို့ ရောက်သွားကြလေသည်။ သူတို့သည် ဆင်တစ်ကောင်အရွယ် ပမာဏခန့်ရှိ ကျောက်တုံးကြီးများရှိသော လှိုဏ်မြောင်ကြီးတစ်ခုအတွင်းမှဖြတ်သန်းလျှောက်လာရင်း တစ်ဖက်အစွန်းသို့အရောက်တွင် သစ်ပင်တောအုပ်များနည်းပါးလာရာမှ ဤတောင်ကုန်းသို့ ရောက်လာကြခြင်းဖြစ်သည်။

ဤတောင်ကုန်းသည်ကား ရှေးဟောင်းအိမ်ဂျစ်နိုင်ငံမှ ဖာရိုဘုရင်များ၏ သချိုင်းဂူ(ပိရမစ်)များကဲ့သို့ ဘုရင်လိုဘင်ဂူလာ၏ ရုပ်ကလာပ်သဂြိုဟ်ခဲ့ရာ သချိုင်းဂူရှိရာနေရာပင်တည်း။

"အဲဒါသာဘတ်စ်နီကိုဆီတောင်ကုန်းလို့ခေါ်တယ်။ ဘုရင်လိုဘင်ဂူလာရဲ့ သချိုင်းဂူတည်ရှိရာနေရာပဲ" တွန်ဂါတာက ခပ်တိုးတိုးပြောလိုက်သည်။ ထို့နောက် ကျောက်တုံးများကြားမှ တောင်ကုန်းဆင်ခြေလျှောအတိုင်း တက်ကြလေသည်။

တွန်ဂါတာနှင့်ဖွန်ဂါဘီရာနှစ်ဦးစလုံးသည် တောင်ကုန်းပေါ်သို့ ခပ်သွက်သွက်ပင် တက်သွားကြသည်။ လက်နက်ကိုင်အစောင့်များက အောက်ခြေတွင် စောင့်နေကြပေသည်။

"အခုနေအခါ ငါက သူ့ကိုအလစ်မှာ တောင်ကုန်းပေါ်က တွန်းချလိုက်ရင်ဖြစ်မယ်"

တွန်ဂါတာသည် ရှေ့မှတက်သွားရင်း ဤသို့စဉ်းစားမိပြီး နောက်သို့လှည့်ကြည့်လိုက်ရာ ဖွန်ဂါဘီရာက သူ၏နောက် ခြေလှမ်းဆယ်လှမ်းခန့်အကွာမှ တက်လိုက်လာသည်ကို မြင်ရပေသည်။ ဖွန်ဂါဘီရာသည် လက်တစ်ဖက်တွင် ပစ္စတိုလ်သေနတ်တစ်လက် အသင့်ကိုင်ထားပြီး တွန်ဂါတာအား ပြုံးလျက်-
"မလုပ်ပါနဲ့ ရဲဘော်ကြီး"ဟု ပြောလိုက်သည်။

တွန်ဂါတာ မည်သို့ စိတ်ကူးနေသည်ကိုရိပ်မိ၍ ပြောလိုက်ပုံမျိုးဖြစ်နေသည်။ တကယ်လည်း သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် နားလည်ကြသဖြင့် နောက်ထပ်ဘာမျှ မပြောကြတော့ချေ။ တွန်ဂါတာသည် အကြမ်းဖက်ရန်စိတ်ကူးကို ပယ်ဖျောက်လျက် ဆက်တက်သွားလေသည်။ ပေငါးရာခန့်မြင့်သောနေရာသို့ ရောက်သောအခါ နေရောင်တွင် ဇမ်ဘေစီမြစ်ဝှမ်းဒေသနယ်မြေကို လှမ်းမြင်ရ

လေသည်။ မြစ်ရေကိုအသုံးပြုလျက် လူတို့ဖန်တီးထားသော ကာရီဘာရေအိုင်ကြီးကိုလည်း မြင်နေရသည်။ ဖွန်ဂါဘီရာ၏ စစ်သားများသည်လည်း နောက်မှလိုက်တက်လာကြပြီဖြစ်သည်။ ဖွန်ဂါဘီရာသည် တွန်ဂါတာအား လှမ်းကြည့်၍-

"ကျုပ်တို့ ဆက်သွားကြစို့အသင့်ပဲ"ဟု ပြောလိုက်သည်။

"ဆက်သွားစရာ သိပ်ဝေးဝေး မရှိတော့ပါဘူး"

တွန်ဂါတာကပြန်ပြောပြီး သူကပင်ရှေ့ဆောင်လျက် ဆက်သွားကြလေသည်။ တောင်ကုန်းပေါ်ဖြစ်သော်လည်း ကျောက်တုံးများ အက်ကွဲသည့်ကြားမှ သစ်ပင်များပေါက်နေသည်ကို တွေ့ရလေသည်။ တွန်ဂါတာသည် ရှေ့ဆုံးမှလျှောက်လျက် ကျောက်တုံးနှင့်သစ်ပင်ငယ်များကို ဖြတ်ကျော်၍ ခေါ်သွားရာ ဝက်သစ်ချသီးပင်အချို့ကိုလည်း တွေ့ရလေသည်။ တစ်နေရာတွင် ကြက်တူရွေးအုပ်တစ်အုပ်သည် လူသံကြား၍ လန့်ဖျံ့ကာပျံပြေးသွားလေသည်။

တောင်ကမ်းပါးယံအစွန်းတစ်ခုသို့ ရောက်သောအခါ တွန်ဂါတာသည် ကျောက်တုံးများ၏မျက်နှာပြင်ကို သေချာစွာကြည့်လေသည်။ သူသည် ဤနေရာကိုမှတ်မိသဖြင့် သေချာစွာကြည့်ခြင်းဖြစ် လေသည်။ ခဏမျှကြာအောင် သူရှာဖွေသည့် အမှတ်အသားကို တွေ့ရသဖြင့်-

"ဟုတ်ပြီ ဟောဒီနေရာပဲ"ဟု ပြောလိုက်သည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန်ကျေနပ်သဘောကျသွားဟန်ဖြင့် ရှေ့သို့တိုးလာကြည့်ရာ တွန်ဂါတာက တောင်ကမ်းပါးယံရှိ ကျောက်သားနံရံ တစ်နေရာကို ညွှန်ပြလိုက်သည်။ သေချာစွာ ကြည့်လိုက်သောအခါ လိုဏ်ဂူကဲ့သို့ ဝင်ပေါက်တစ်စုံတစ်ခုကို ကျောက်တုံးကြီးဖြင့် ပိတ်ဆို့ထားသလို ဖြစ်နေကြောင်း သတိပြုမိလေသည်။ ဖွန်ဂါဘီရာသည် မည်သို့ဆက်လုပ်ရမည်ကို ချက်ချင်း သဘောပေါက်သဖြင့် တွန်ဂါတာအား ရှေ့ဆုံးမှနေစေပြီး သူ၏စစ်သားများနှင့်အတူ ကျောက်တုံးကြီးကို ဖယ်ရှားပစ်ရန် ကြိုးစားလေသည်။ ဆယ့်ငါးမိနစ်ခန့် အားစိုက်၍ ကြိုးစားဖယ်ရှားလိုက်ရာ ပိတ်ဆို့နေသော ကျောက်တုံးကြီးကို တွန်းဖယ်ပစ်လိုက်နိုင်လေသည်။

ဖွန်ဂါဘီရာလည်း ဝမ်းသာအားရဖြင့် ရှေ့သို့တိုးလာပြီး ကြည့်လိုက်ရာ အတွင်း၌အင်္ဂတေကိုင်ထားသော နံရံတစ်ခုကို တွေ့ရလေသည်။ မူလပြုလုပ်သူများက သချိုင်းဂူအား ဒုတိယမြောက် အတားအဆီးဖြင့် ကာကွယ်ထားခြင်းဖြစ်ဟန်တူပေသည်။ ထိုအင်္ဂတေနံရံကိုလည်း ဖယ်ရှားပစ်ရန်လိုရာ

နေရာကကျဉ်းမြောင်းသဖြင့် လူနှစ်ယောက်သာဝင်၍ အလုပ်လုပ်နိုင်မည့် အခြေအနေမျိုး ဖြစ်နေပြန်လေသည်။

ထိုအချိန်၌ နေဝင်သွားပြီဖြစ်၍ ဆက်လက်အလုပ်လုပ်ရန် မဖြစ်နိုင်တော့လေရာ ဖွန်ဂါဘီရာသည် မတတ်သာဘဲထိုနေ့အဖို့လုပ်ငန်းရပ်ဆိုင်းချိန်ညအိပ်ရပ်နားကြရန်ဆုံးဖြတ်လိုက်လေသည်။တွန်ဂါတာသည်သချိုင်းဂူ၏အတွင်းနံရံပတ်ဝန်းကျင်တွင် သူတစ်ချိန်ကသတိပြုမိသော အမှတ်အသားလက္ခဏာများကို ယခုလည်းပြန်တွေ့ရလေသည်။ ဘိုးအေကြီးနှင့် အတူလာခဲ့စဉ်ကလည်း ယင်းအမှတ်အသားလက္ခဏာများကို သတိပြုမိသဖြင့် မည်သို့အဓိပ္ပာယ်ရှိသည်ကို သူရိပ်မိခဲ့သည်။ သို့သော် ဘိုးအေကြီးစိတ်အနှောင့်အယှက် မဖြစ်စေရန် မပြောဘဲ နေခဲ့လေသည်။

ယခုတစ်ဖန် ဤသချိုင်းဂူဝအနီးသို့ တစ်ခေါက်ရောက်လာရပြန်ပေပြီ။ တွန်ဂါတာသည် ဘိုးအေကြီးဂီဒွန်ကို အထူး သတိရမိလေသည်။ ညအိပ်ရပ်နားကြသောအခါ ဗိုလ်ချုပ်ဖွန်ဂါဘီရာ၏အမိန့်ဖြင့် တွန်ဂါတာအား တတိယတပ်မဟာမှ စစ်သားတစ်ဦး၏လက်နှင့် ပူးတွဲလက်ထိတ်ခတ်ထားလိုက်သည်။ လက်ထိတ်ခတ်ထား၍ တွန်ဂါတာအနေဖြင့် မည်သို့မှ ကောင်းစွာမအိပ်နိုင်ချေ။

အိပ်မပျော်တစ်ချက် ပျော်တစ်ချက်နှင့်ပင် အချိန်ကုန်သွားလေသည်။ ထိုအတောအတွင်း တွန်ဂါတာသည် စိတ်ကိုကြိုးစားဖြေလျက် အိပ်ရလေသည်။ နံနက်လင်းအားကြီး အချိန်နီးမှပင် သူသည် အိပ်ပျော်သွားလေသည်။ အတူ ပူးတွဲလက်ထိတ်ခတ်ထားသော စစ်သားကတော့ကောင်းစွာ အိပ်ပျော်နေလေသည်။ အရုဏ်တက်ချိန် နီးကပ်လာသောအခါ ဗိုလ်ချုပ်ဖွန်ဂါဘီရာက တွန်ဂါတာနှင့်စစ်သားတို့နှစ်ဦးစလုံးကို ခြေဖြင့်ကန်၍ နှိုးလိုက်သည်။ အလင်းရောင်က နည်းသေးသဖြင့် မှောင်လျက်ပင်ရှိနေရာ လုပ်ငန်းမစနိုင်သေးဘဲ နံနက်စာအဖြစ် ပါလာသောပြောင်းဖူးမုန့်နှင့် လက်ဖက်ရည်တို့ကိုစားသောက်နေကြလေသည်။ စားသောက်၍ ပြီးပြီးချင်းပင် ဖွန်ဂါဘီရာက ဂူဝနံရံသို့ သွားရောက်အလုပ်စကြရန် အမိန့်ပေးလိုက်လေသည်။

တွန်ဂါတာ၏လက်များသည် ယမန်နေ့က ကျောက်တုံးကြီးကို ဖယ်ရှားပစ်ခဲ့ရခြင်း ဒဏ်ကြောင့် လက်ချောင်းများတောင့်တင်းကာ နာကျင်လျက်ရှိလေသည်။ ထို့ကြောင့် ယခုအင်္ဂတေနံရံကို ဖယ်ရှားရန် ကြိုးစားရာတွင် လက်နာနေသဖြင့် အလုပ်ကောင်းစွာ မလုပ်နိုင်ဘဲ ဖြစ်နေလေသည်။ သို့သော် အလုပ်ကို ခိုက်၍မဖြစ်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာက နောက်မှနေ၍ ကြိမ်တုတ်ဖြင့် နံရိုးများရှိရာကို မကြာခဏထိုးပြီး ကျွဲနွားမောင်းသလို အတင်းမောင်းလျက် ဆက်လုပ်ခိုင်းလေသည်။ လုပ်ရသည်မှာ မသက်သာလှပေ။ အင်္ဂတေကိုင်ထားသောကျောက်တုံးကြီးများမှအင်္ဂတေကိုဖျက်ထုတ်၍ကျောက်တုံး

ကြီးများတစ်ခုစီ ဖယ်ရှားရသည်ဖြစ်ရာ တွန်ဂါတာသည် စိတ်တိုတိုနှင့် ကျောက်တုံးကြီးတစ်တုံးကို မချီ၍ တအားလွှဲပစ်ချလိုက်လေသည်။ တဖြည်းဖြည်းနှင့်နေမြင့်လာရာ နေရောင်ခြည် အလင်းရောင်သည် သူတို့အလုပ်လုပ်နေသော တောင်ကမ်းပါးယံဆီသို့ပင်ရောက်ရှိကာ လျှပ်စစ်မီးမောင်းထိုးပေးထားသလို ထိန်ထိန်လင်းနေလေသည်။ တွန်ဂါတာသည် စစ်သားတစ်ဦး၏ အကူအညီဖြင့် ကျောက်တုံးကြီးတစ်တုံး မတင်ဖယ်ရှားပစ်လိုက်ရာ ကျန်ကျောက်တုံးများပါရွေ့လျားလာပြီး သူတို့ပေါ်သို့ နံရံတစ်ခုလုံး လဲပြိုကျတော့မလိုအသံများ မြည်ဟည်းလာသဖြင့် နှစ်ယောက်စလုံး လျင်မြန်စွာ နောက်သို့ ခုန်ထွက်လိုက်ရလေသည်။

ဤတွင် ဂူအတွင်းသို့ဝင်သည့် အပေါက်ဝကို မြင်ရလေသည်။ ဂူအတွင်းသို့ ဝင်ကြည့်ရန်သာ ရှိတော့ပေသည်။
"ခင်ဗျား ရှေ့ဆုံးကဝင်ပါ"

ပိုလ်ချုပ်ဖွန်ဂါဘီရာက အမိန့်ပေးလိုက်သဖြင့် တွန်ဂါတာလည်း ဝင်ရန်ဟန်ပြင်လိုက်ပြီးမှ ခေတ္တရပ်နေလိုက်ပြန်သည်။ ဂူအတွင်းသို့ဝင်ရမှာကြောက်သလို မကောင်းဆိုးဝါး တစ်စုံတစ်ရာတွေ့မည်ကို စိုးရိမ်မိသလို ဖြစ်လာသောကြောင့် ခေတ္တဆိုင်းထားလိုက်ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် တွန်ဂါတာသည် ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ယခုကဲ့သို့ အယူသီး၍ ထိတ်လန့်တုန်လှုပ်ခြင်းမျိုးမဖြစ်သင့်ချေ။ သို့သော်သူသည်အာဖရိကတိုက်သားစစ်စစ်ဖြစ်လေရာ အာဖရိကတိုက်သားတို့၏ ရိုးရာဓလေ့၊ အယူအဆ၊ အတွေးအခေါ်တို့က သူ၏သွေးထဲပါလာသည်ဟု ထင်ရပေသည်။ ထို့ကြောင့် ဤသ၌ိုင်းဂူတွင် မိမိတို့ ဘိုးဘွားဘီဘင်များ၏ ဝိညာဉ်များက ကာကွယ်စောင့်ရှောက်နေသည်ဟူသော ယုံကြည်ချက်က သူ၏အတွင်းစိတ်၌ ရှိသင့်သလောက် ရှိနေပေသေးသည်။
"ဟော့လူ ရှေ့ကို တိုးသွားလေ"

ဖွန်ဂါဘီရာက ခပ်ထန်ထန်အမိန့်ပေးလိုက်သဖြင့် တွန်ဂါတာလည်းမရဲတရဲနှင့်ပင် ဂူအတွင်းသို့စတင်ဝင်လိုက်ရလေသည်။ အလင်းမှ အမှောင်အတွင်းသို့ရုတ်တရက် ဝင်လိုက်ရခြင်းကြောင့် ဘာမှမမြင်ဘဲဖြစ်နေရာ ခေတ္တရပ်၍ စောင့်နေလိုက်ရသည်။ အတန်ကြာမှမျက်လုံးများသည် ကျင့်သားရလာပြီး မြင်စပြုလာလေသည်။ ဂူအတွင်းရှိကြမ်းပြင်မှာ ချောမွတ်နေလေသည်။ သို့သော် မသိမသာ ဆင်ခြေလျှောဖြစ်နေသည်။

ဤလိုဏ်ဂူသည် တစ်ချိန် သားရဲတိရစ္ဆာန်တို့ခိုအောင်းရာ နေရာတစ်ခု ဖြစ်တန်ရာသည်။ ကမ္ဘာဦးမှ ကျောက်ခေတ်လူသားတို့ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သောနေရာလည်းဖြစ်နိုင်သည်ဟု တွန်ဂါတာက ယူဆမိလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် တွန်ဂါတာ၏နောက်မှကပ်လျက်လိုက်ပါလာပြီး လက်နှိပ် ဓာတ်မီးဖြင့် ဟိုဟိုသည်သည် ထိုးကြည့်လေသည်။ ဂူ၏အပေါ်အမိုးကို ကြည့်လိုက်သောအခါ မီးခိုး မှိုင်းများ စွဲကပ်နေသလို မည်းနေကြောင်း တွေ့ရပေသည်။ ရှေးနှစ်ပေါင်းများစွာက လူသားများ၏ ဤဂူအတွင်းနေထိုင်၍ စားသောက်ဖွယ်ရာများ ချက်ပြုတ်သည့်မီးဖိုများမှမီးခိုးမှိုင်းများ ဖြစ်ဟန်တူပေ သည်။
ဂူ၏နံရံများတွင်ကား ရှေးခေတ်လူများ ရေးဆွဲထားဟန်တူသော နံရံဆေးရေးပန်းချီလက်ရာအချို့ တွေ့ရသည်။ အာဖရိကတိုက်တောင်ပိုင်းမှ သဲကန္တာရဒေသတွင် နေထိုင်သော ဘွတ်ရှ်မင်းခေါ် တိုင်းရင်းသား လူပုကလေးများသည် တစ်ချိန်က ဤဂူအတွင်း နေထိုင်ရင်း သူတို့၏ ရိုးရာပန်းချီ အနုပညာလက်ရာများ ရေးဆွဲထားခဲ့ခြင်းဖြစ်မည်ဟု ခန့်မှန်းရပေသည်။ ပန်းချီအရုပ်များမှာ ကျွဲ၊ သစ်ကုလားအုတ်၊ သမင်၊ ကြံ့စသော သတ္တဝါများ၏ပုံများဖြစ်၍ တစ်ချိန်က ဤဒေသရှိ တိုင်းရင်းသား (ဘွတ်ရှ်မင်း)များ တောလိုက်အမဲပစ်ခဲ့သည့်သတ္တဝါများ ဖြစ်ဟန်တူပေသည်။

တိရစ္ဆာန်ရုပ်များအပြင် လေးမြားလက်နက်စွဲကိုင်သူ လူများအမဲလိုက်နေသည့်ပုံများလည်း ရေးဆွဲ ထားသည်ကို တွေ့ရလေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဂူအတွင်းမှ နံရံဆေးရေးပန်းချီ အရုပ်များ ကို လက်နှိပ်မာတ်မီးဖြင့် ခေတ္တထိုးကြည့်ပြီးနောက်-

"ရှေ့ကို ဆက်သွားပါတော့လား"ဟု အမိန့်ပေးလိုက်ရာ တွန်ဂါတာလည်း ရှေ့သို့ဖြည်းဖြည်းချင်း တိုး၍ လျှောက်ဝင်သွားလေသည်။ ကျောက်တုံးများ နှစ်ဖက်နှစ်ချပ် ရှိနေသော ဂူအတွင်းမှ လမ်းမှာ အလွန်ကျဉ်းမြောင်းသောကြောင့် မြန်မြန်မသွားနိုင်ဘဲ ဖြည်းဖြည်းချင်း သတိထား၍ တွားသွားရလေ သည်။ ခြေလှမ်း ငါးဆယ်ခန့် သွားမိပြီးနောက် တွန်ဂါတာသည် ရုတ်တရက် ရပ်တန့်ပြန်လေသည်။

ထိုနေရာ၌လိုဏ်ဂူအမိုးသည်ပေနှစ်ဆယ်ခန့်မြင့်ပြီး ကြမ်းပြင်ကလည်းချောမွတ်နေလေသည်။သို့သော် အပေါ်မျက်နှာကြက်အမိုးဆီမှ ပြိုကျသောကျောက်တုံးများ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိလေ သည်။ နေရာအားဖြင့် အတော်ကျယ်ဝန်းသော ဤနေရာကိုတွန်ဂါတာက ရပ်ပြီး ငေးကြည့်နေမိခြင်း မှာတစ်ဖက်အစွန်းတွင် တစ်စုံတစ်ခု သတိပြုမိသောကြောင့်ပင်ဖြစ်လေသည်။ လူတစ်ယောက်၏ပခုံး ခန့်မြင့်သော ကျောက်ဖျာသဖွယ်ဖြစ်နေသည့် ကျောက်သားခုံမြင့်ပေါ်တွင် အရာဝတ္ထုများတင်ထား လေသည်။

ဖွန်ဂါဘီရာက ထိုးလိုက်သော လက်နှိပ်ဓာတ်မီး အလင်းရောင်တွင် မြင်ရသည်ကား နွားလှည်းတစ်စီး၏ အစိတ်အပိုင်းများ ဖြစ်လေသည်။ ရှေးနှစ်ပေါင်းတစ်ရာကျော်က နွားလှည်းအမျိုးအစားဖြစ်ပြီး ကြီးမားသော လှည်းဘီးနှင့်လှည်းကိုယ်ထည်အစိတ်အပိုင်းများပင် ဖြစ်သည်။ ပစ္စည်းများသည် မူလ အသွင်အတိုင်းမဟုတ်တော့ဘဲ ကျိုးပဲ့ပျက်စီးနေသည်။

"အဲဒါ ဘုရင်လိုဘင်ဂူလာရဲ့ ကိုယ်ပိုင်လှည်းကြီးပဲ။ သူဟာဒီလှည်းကို အလွန်မြတ်နိုးတယ်။ မြောက်ဘက်ကို ခရီးရှည်ကြီးထွက်လာတော့ နွားတွေသေကုန်တဲ့အခါ လိုဘင်ဂူလာရဲ့ စစ်သည်တွေ ကိုယ်တိုင် လှည်းကို ဝင်ဆွဲခဲ့ကြရတယ်လို့ဆိုတယ်" တွန်ဂါတာက ခပ်တိုးတိုး ပြောလိုက်သည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာက သူ၏ ပစ္စတိုသေနတ်ဖြင့် တွန်ဂါတာ၏ ကျောကိုထောက်လျက်-

"ဟော့လူ ရှေ့ကို ဆက်သွားလိုက်ပါ"ဟု အမိန့်ပေးလိုက်ပြန်သည်။

တွန်ဂါတာလည်း ရှေ့သို့ တိုးသွားရလေသည်။

တစ်နေရာတွင် သေနတ်လက်နက်များစီတန်း၍ထားသည်ကိုမြင်ရလေသည်။ သေနတ်အမျိုးအစားက ရိုးရိုးရိုင်ဖယ်သေနတ်အပြင် 'အင်ဖီးလ်'အမျိုးအစား အထူးရိုင်ဖယ်များလည်းပါရှိသည်။ မျက်နှာဖြူအင်္ဂလိပ်လူမျိုးရိုဒ်က လိုဘင်ဂူလာအား သူတို့မျက်နှာဖြူများအတွက် အခွင့်အရေးများ ပေးခဲ့ခြင်းကြောင့် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် လက်ဆောင်ပေးခဲ့သော လက်နက်များပင် ဖြစ်လေသည်။ သေနတ်လက်နက်အပြင် ရိုဒ်ကလိုဘင်ဂူလာအား လစဉ်ရွှေဒင်္ဂါးများလည်းပေးခဲ့သေးသည်။ ယင်းသို့ပေးကမ်း စည်းရုံးခြင်းနည်းဖြင့် မျက်နှာဖြူရိုဒ်သည် မိမိတို့ တိုင်းရင်းသားပိုင် မြေယာများကို တစစသိမ်းယူခဲ့သည်။

လိုဘင်ဂူလာသည်မိမိတို့မာတာဘယ်လီလူမျိုးများအား ကျွန်သပေါက်ဘဝသို့ရောက်အောင်တိုင်းပြည်ကို ရောင်းစားခဲ့ခြင်း ဖြစ်သည်ပါတကားဟု တွန်ဂါတာသည် နာကြည်းစွာဖြင့် တွေးမိလေသည်။ စုပုံထားသော အခြားပစ္စည်းများတွင် ဓားရှည်များ၊ သားရေဖြင့်ပြုလုပ်ထားသော အိတ်များတွင်ထည့်ထားသည့်ဆားများ၊ ပုတီးကုံးများ ၊အဆီရိုင်ခေါ်တိုင်းရင်းလက်နက်ဓားများစသည်တို့ပါဝင်လေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ထိုပစ္စည်းများကို စိတ်မဝင်စားဘဲ စိန်ရတနာသိုက်ကိုသာ လိုချင်နေသဖြင့်-
"ဟော့လူ ရှေ့ကိုဆက်သွားပါ။ မြန်မြန်လည်းလုပ်၊ ကျုပ်တို့က လိုဘင်ဂူလာရဲ့ ရုပ်အလောင်းကို ရှာတွေ့ဖို့ အရေးကြီးတယ်။ ဒါမှ ကျုပ်တို့စိန်တွေရမှာ"ဟု ပြောလိုက်သည်။

ထို့ကြောင့် ရှေ့ဆက်သွားကြပြန်ရာ တစ်နေရာတွင် လူရိုးများစုပုံ၍နေသည်ကို တွေ့ရလေသည်။ အရိုးများထဲတွင် လူ၏ဦးခေါင်းခွံတစ်ခုက သူတို့အား ပြုံးဖြဲဖြဲနှင့် ကြည့်နေသလို ထင်ရပေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အလွန် သဘောကျသွားပုံရလေသည်။

"ဟုတ်ပြီ ဒီအရိုးစုဟာ လိုဘင်ဂူလာရဲ့ အရိုးစုပဲ ဖြစ်ရမယ်"

ပြောပြောဆိုဆို သူသည် စိတ်လှုပ်ရှား တက်ကြွစွာဖြင့် အရိုးစု၏ အနီးတွင် ဒူးထောက်ချလိုက်သည်။ တွန်ဂါတာကမူ မလှမ်းမကမ်းတွင် တစ်ယောက်တည်း ရပ်နေလေသည်။ အရိုးစု၏ အနေအထားကို မြင်ရုံနှင့် လိုဘင်ဂူလာမဟုတ်ကြောင်း သိသာသဖြင့် တွန်ဂါတာက ခပ်ခွာခွာနေလိုက်ခြင်းဖြစ်သည်။ အရိုးစုမှာ ခန္ဓာကိုယ်သေးသေးကွေးကွေးနှင့် အဘိုးကြီးတစ်ဦး၏အရိုးစုဖြစ်နေသည်။ ဘုရင်လိုဘင်ဂူလာက အလွန်ထွားကျိုင်း သန်မာသူတစ်ယောက် ဖြစ်သည်။

ထို့ပြင် လိုဘင်ဂူလာ၏သွားများသည် အလွန်ခိုင်ခံ့လှပပြီး သူအသက်ထင်ရှားရှိစဉ်က ပြုံးရယ်လိုက်လျှင် ညီညာလှပသောသွားများမှာ အလွန်ထင်ရှားသည်ဟုဆိုကြသည်။ ယခု အရိုးစုဦးခေါင်းခွံမှသွားများက လှပပြည့်စုံခြင်းမရှိ။ ရှေ့သွားအတော်များများကျွတ်နေလေသည်။ ယင်းအချက်ကြောင့်ပင် လျှင် ဘုရင်လိုဘင်ဂူလာ မဖြစ်နိုင်ကြောင်း ထင်ရှားနေပြီးဖြစ်သည်။ အရိုးစုတွင် တိုင်းရင်းသားဆေးဆရာ(မော်ဆရာ)တစ်ဦး၏ အသုံးအဆောင်ပစ္စည်းများ (ပုတီးများ၊ ခရုခွံများ၊ တိရွစ္ဆာန်ဦးချို စသည်များ)ရှိနေသဖြင့် တိုင်းရင်းသားမော်ဆရာ အဘိုးကြီးတစ်ဦး၏ အရိုးစု ဖြစ်ဟန်တူပေသည်။

ထိုအချက်များကို ဗိုလ်ချုပ် ဖွန်ဂါဘီရာပင်လျှင် သတိပြုမိသဖြင့် ဒူးထောက်ရာမှ ပြန်ထလိုက်သည်။ "ဒါ လိုဘင်ဂူလာမဟုတ်ဘူး။ မော်ဆရာတစ်ဦးရဲ့ အရိုးစုသာဖြစ်တယ်။ စိန်ရတနာတွေကို စောင့်ရှောက်ဖို့ ယာဇူဖော်တဲ့အနေနဲ့ မော်ဆရာကြီးကို သတ်လိုက်တာနဲ့တူတယ်။ ဤတွင် ဖွန်ဂါဘီရာသည် တွန်ဂါတာဘက်သို့ လှည့်၍-

"ဟေ့လူ လိုဘင်ဂူလာအလောင်းက ဘယ်မှာလဲ၊ ခင်ဗျားသိရမယ်။ ခင်ဗျားကို သူတို့က ပြောပြခဲ့ရမယ်။ အလောင်းအစစ် က ဘယ်မှာလဲ"ဟု မေးလိုက်သည်။

တွန်ဂါတာသည်ဘာမှမပြောဘဲဆိတ်ဆိတ်နေလိုက်သည်။ သူသည်အရိုးစု၏အပေါ်နား၌ ကျောက်တုံးအပြင်ဘက်သို့ ချွန်ထွက်နေသည်ကို ဂရုစိုက်ကြည့်နေမိသည်။ ယင်းကျောက်အစွန်းပေါ်တွင်ကား ဘုရင်လိုဘင်ဂူတာ၏ ပစ္စည်းအသုံးအဆောင်များ သပ်ရပ်စွာ စီတန်းချထားလေသည်။

အောက်တည့်တည့်တွင် မော်ဆရာအဘိုးကြီး၏ အရိုးစုရှိနေပုံသည် ကြည့်ရခြင်းအားဖြင့် ဘုရားစင်သဖွယ် ချွန်ထွက်နေသော ကျောက်တုံးအစွန်းပေါ်တွင် ဘုရင်၏အလောင်းရှိနေရန် နီးစပ်ပေသည်။ ဗိုလ်ချုပ်ဖွန်ဂါဘီရာသည်လည်း တွန်ဂါတာကြည့်နေရာဘက်သို့လိုက်ကြည့်ပြီး သဘောပေါက် လာသဖြင့် လက်နှိပ်မာတ်မီးဖြင့် ကျောက်စွန်းပေါ်သို့သေချာစွာထိုးကြည့်လိုက်သည်။ သို့ရာတွင် ဘာမှမရှိကြောင်း တွေ့ရပေသည်။

"ဟိုပေါ်မှာလည်း မရှိဘူး၊ လိုဘင်ဂူလာရဲ့ အလောင်းဟာ လုံးဝပျောက်နေပြီ"

ဖွန်ဂါဘီရာက စိတ်ပျက်ဟန်ဖြင့် ညည်းညူလိုက်သည်။ တွန်ဂါတာကမူ ပထမအကြိမ် ဘိုးအကြီးနှင့် အတူ ဤသချိုင်းဂူရှိရာသို့ လာရောက်ခဲ့ပုံကို ပြန်လည်သတိရနေသည်။ ထိုစဉ်က သူသည် ဂူအပြင်ဘက်အဝနားဌ အမှတ်အသားလက္ခဏာအချို့ကို သတိပြုခဲ့မိရာ ယင်းအမှတ်အသား လက္ခဏာများအရ ဘုရင်လိုဘင်ဂူလာ၏သချိုင်းဂူသို့ တစ်စုံတစ်ယောက်ရောက်ရှိပြီး တိတ်တဆိတ်လာရောက်ဖောက်ထွင်းကာ ရတနာများ ခိုးယူသွားလေပြီလောဟု ထိုစဉ်ကပင် သံသယ ဖြစ်ခဲ့မိသည်။

ယခုတော့ မိမိထင်ခဲ့သည့်အတိုင်း မှန်နေပြီဟု ဆိုရမလိုဖြစ်နေပေသည်။ ယင်းသို့တိတ်တဆိတ် ဖောက်ထွင်းခိုးယူသွားသူကပင် ဂူဝကိုပြန်လည်ပိတ်ဆို့သွားခဲ့ခြင်း ဖြစ်ဟန်တူသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ဘုရားစင်သဖွယ်ဖြစ်နေသော ကျောက်အစွန်း(သို့မဟုတ်)ကျောက်ဖျာပေါ်သို့တက်၍ လေးဖက်ထောက်ကာ ရှာဖွေကြည့်လေသည်။ သူ့ကို ကြည့်ပြီး တွန်ဂါတာ၏ စိတ်ထဲ၌လောဘရမ္မက်လွန်ကဲလာလျှင် နွေ့မဆောင်နိုင်တော့ပါတကား ဟု အောက်မေ့မိလေသည်။

"ဟာဒီမှာ ကြည့်စမ်း"

ဖွန်ဂါတာဘီရာက အနက်ရောင် အရာဝတ္ထုငယ်တစ်ခုကို ကိုင်၍ပြသဖြင့် တွန်ဂါတာလည်း အနီးသို့တိုးသွားပြီး ကြည့်လိုက်သည်။ ထိုအရာဝတ္ထုမှာ ကြွေခွက်တစ်ခု၏ အပိုင်းအစဖြစ်နေသည်။ ယင်းကြွေခွက်၏ နှုတ်ခမ်းတစ်နေရာတွင် "စိန်"ပုံသဏ္ဌာန် အလှဆင်ထားပုံမှာ မာတာဘယ်လီလူမျိုးတို့ရိုးရာဘီယာခွက်များ၌ အလှဆင်ထားပုံနှင့် တစ်ပုံစံတည်းဖြစ်နေသည်။

"ဒါဟာဘီယာခွက်အပိုင်းအစပဲ၊ စိန်နဲ့အလှဆင်ထားတဲ့ ဘီယာခွက်မျိုးဖြစ်တယ်။ ပြောပြောဆိုဆို ဖွန်ဂါဘီရာသည် ကြွေခွက်အပိုင်းအစကို အောက်သို့ပစ်ချလိုက်သည်။

အောက်ကျ၍ ကွဲသွားပြီး အစိတ်စိတ် အမြွှာမြွှာဖြစ်သွားသေအခါ ဖွန်ဂါဘီရာသည် မြေကြီးထဲတွင် လက်ဖြင့်နှိုက်၍ ရှာဖွေကြည့်လေသည်။ ခဏကြာလျှင် သူသည် အရာဝတ္ထုငယ်တစ်ခု စမ်းမိသဖြင့် လက်ဖြင့် အသာကောက်ယူပြီး မြှောက်ကြည့်လိုက်လေသည်။ ယင်းအရာဝတ္ထုမှာ လှည်းဘီးလုံး သဏ္ဌာန်ရှိရာ လက်နိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါ အရောင်တဖျပ်ဖျပ် လက်လာလေသည်။ ထွက်လာသည့် အရောင်ကလည်း သက်တံရောင်(ရောင်စုံ)ကဲ့သို့ ဖြစ်နေသည်။

"ဟာ.....ဒါစိန်ပဲ"
ဖွန်ဂါဘီရာက အံ့အားသင့်စွာဖြင့် ရေရွတ်လိုက်ရင်း သေချာစွာ လှည့်ပတ်ကြည့်လိုက်လေသည်။ လက်နိပ်ဓာတ်မီး၏ အလင်းရောင်တွင် ထိုစိန်သည် အထူးပင်လှပလျက် အရည်အသွေးကောင်း လှကြောင်း ထင်ရှားနေသည်။

"အလွန်လှတဲ့စိန်ပဲ၊ ဒါပေမဲ့ တစ်လုံးတည်းပဲတွေ့တယ်။ အဲဒါ အလျင်စလို လုပ်ကိုင်ရင်း အမှတ်တမဲ့ လွတ်ကျသွားတာဖြစ်မယ်။ တကယ်တော့စိန်တွေအပြည့်နဲ့ ဘီယာအိုးငါးလုံး ရှိရမယ်"

"ဒီကိစ္စကို ခင်ဗျားသိရမယ်။ ကျုပ်တို့ကို ခင်ဗျားက အမှန်အတိုင်း မပြောခဲ့ဘူး။ ဒီနေရာက စိန်တွေကို ဘယ်မှာရှိတယ်ဆိုတာလည်း ခင်ဗျားသိနေတယ် မဟုတ်လား။ အခု စိန်တွေ ဘယ်မှာရှိတယ်ဆိုတာ လည်း ခင်ဗျားသိရမယ်။

ဖွန်ဂါဘီရာက စွပ်စွဲပြောလိုက်ရာ တွန်ဂါတာက ခေါင်းခါလိုက်သည်။ ဖွန်ဂါဘီရာသည် ဒေါသထွက် လာလေသည်။
"ခင်ဗျား သိတယ်မဟုတ်လား"

ပြောရင်းနှင့် သူသည်ပြေးလာပြီး ပစ္စတိုလ်သေနတ်ဒင်ဖြင့် တွန်ဂါတာ၏မျက်နှာကို တအားလွှဲရိုက် လိုက်သည်။ တစ်ကြိမ်မဟုတ် ထပ်ကာ ထပ်ကာ ရိုက်လေသည်။

"စိန်တွေ ဘယ်မှာရှိသလဲ။ ပြောစမ်း"

သေနတ်ဒင်ဖြင့် တအားလွှဲရိုက်ခံရသဖြင့် တွန်ဂါတာ၏ပါးရိုးနေရာတွင်ကွဲသွားပြီး သွေးများ ထွက်လာ လေသည်။ သူသည် ပြင်းစွာဒေါသထွက်လာသော်လည်း ကြိုးစား၍ စိတ်ကို ထိန်းချုပ်ထားလိုက် သည်။

"ခင်ဗျား ကျုပ်ကို နောက်ဆုံးကျတော့ ပြောရမှာပဲ။ ခင်ဗျား ဘယ်လောက်ခေါင်းမာပေမယ့် မနေနိုင် အောင်လုပ်တဲ့နည်းတွေရှိတယ်။ နောက်ဆုံးကျတော့ ခင်ဗျားဟာ မခံနိုင်တော့တဲ့ အခြေအနေရောက် ပြီး စိန်တွေရှိရာကို လိုက်ပြပါတော့မယ်လို့ တောင်းပန်ရတဲ့အထိ ဖြစ်စေရမယ်"

အခန်း (၃၂)

"ခင်ဗျားတို့နှစ်ယောက်ကိုတော့ ကျုပ်ဖြင့် အံ့သြလို့မဆုံးနိုင်ဘူး။ ခင်ဗျားတို့က ထင်ရာ လျှောက်လုပ် နေတာအရေးမကြီးဘူး။ ကျုပ်တို့အဖို့ အကြီးအကျယ် ပြဿနာတက်နေတယ်ဗျ"

အမေရိကန်သံရုံးမှ ယဉ်ကျေးမှုအရာရှိ မော်ဂင်က မကျေမချမ်းဖြစ်ဟန်နှင့် ပြောလိုက်သည်။ သူသည် ဘော့ဆွာနာနယ်ခြားရဲတပ်ဖွဲ့က ခရိတ်နှင့်ဆယ်လီတို့ကို သဲကန္တာရာရဒေသတွင်တွေ့ရှိပြီး မြို့သို့ ခေါ်ယူလာခဲ့ကြောင်း သတင်းကြားကြားချင်း "ဟာရာရေ" မြို့တော်မှ လေယာဉ်ဖြင့် လိုက်လာခဲ့ခြင်း ဖြစ်သည်။ မော်ဂင်ပင် ဆက်ပြောလေသည်။

"အမေရိကန်သံအမတ်ကြီးနဲ့ ဗြိတိသျှမဟာမင်းကြီးတို့ဆီကို ဇင်ဘာဘွေဝန်ကြီးချုပ် မူဂါဘီကိုယ်တိုင် က စာရေးလိုက်တယ်။ ဗြိတိသျှတွေက ခင်ဗျားနဲ့ပတ်သက်ပြီး အတော်ပဲ မကျေမနပ်ဖြစ်နေတယ်။ သူတို့အနေနဲ့ခင်ဗျားအကြောင်း ဘာမှမသိဘူးတဲ့။ ခက်တာက ခင်ဗျားဟာ ဗြိတိသျှနိုင်ငံသားတစ်ဦး ဖြစ်နေတယ်။ သူတို့ဟာ ဘယ်လောက်ထိအောင် ခင်ဗျားကို မကျေမချမ်း ဖြစ်နေလဲဆိုရင် ခင်ဗျားကို လန်ဒန်မျှော်စင်ကြီးမှာ ရှေးခေတ်ကတရားခံတွေ စီရင်သလို ခေါင်းဖြတ်ကွပ်မျက်လိုက်ချင်ပုံရတယ် " မော်ဂင်သည် ဆေးရုံတွင်းရှိဆယ်လီ၏ခုတင်ခြေရင်းတွင်ရပ်နေလေသည်။ သူ့အားခရိတ်က ကုလား ထိုင်တစ်လုံးပေးသော်လည်း မထိုင်ဘဲ ငြင်းလိုက်သည်။ မော်ဂင်သည် ဆယ်လီဘက်သို့ လှည့်လိုက် ပြန်သည်။

"မစ္စဆယ်လီကိုလည်းပြောရဦးမယ်။ အမေရိကန်သံအမတ်ကြီးက ကျုပ်ကိုပြောခိုင်းလိုက်တယ်။ ခင်ဗျား ကို ပထမဆုံး လေယာဉ်နဲ့ အမေရိကန်ပြည်အရောက် ပြန်ပို့လိုက်ချင်တာပဲတဲ့။ ပြီးတော့ " သူ၏ စကားမဆုံးမီ ဆယ်လီက ကြားဖြတ်၍ ကန့်ကွက်လေသည်။

" ဘာရမလဲရှင့်၊ သူကကျွန်မကို ဒီလိုအသားလွတ် အမိန့်ပေးလို့ ဘယ်ဖြစ်မလဲ။ ဒါ ဆိုဗီယက်ရုရှား နိုင်ငံမဟုတ်ဘူးရှင့်။ ပြီးတော့ ကျွန်မဟာ လွတ်လပ်မှုအပြည့်ရှိတဲ့ အမေရိကန်နိုင်ငံသူတစ်ဦးဖြစ်တယ် " အေး ... အခု လောလောဆယ် ခင်ဗျား လွတ်လပ်နေပေမယ့် ကြာရှည်လွတ်လပ်မယ်တော့ မထင် ဘူး။ ဇင်ဘာဘွေဝန်ကြီးချုပ်မူဂါဘီက ခင်ဗျားတို့ကို တရားဥပဒေကြောင်းအရ အရေးယူလိုက်ရင်

သက်သာမှာ မဟုတ်ဘူး။ အရေးယူ စွဲချက်တင်စရာကလည်း လက်နက်ကိုင်ပုန်ကန်မှု၊ လူသတ်မှုနဲ့ တခြား စွဲချက်တွေလည်း ရှိတယ်"

" ဒါတွေက မဟုတ်ဘဲ လုပ်ကြံစွပ်စွဲတာတွေသာ ဖြစ်တယ်ရှင့် "

" ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ ခင်ဗျားရဲ့ အဆက် ခရိတ်တို့က ဇင်ဘာဘွေနိုင်ငံတွင်းမှာ လူသေအလောင်းတွေ အတော်များများထားပစ်ခဲ့တာကို အစိုးရကသိနေတယ်။ ခင်ဗျားတို့လက်ချက်နဲ့ သေကုန်တာပဲလို့ တထစ်ချယူဆတယ်။ အခုပဲ ဘော့ဆွာနာအစိုးရဆီကို ဝန်ကြီးချုပ်မူဂါဘီက ခင်ဗျားတို့ကို တရားစွဲအရေးယူနိုင်ဖို့အတွက် ဇင်ဘာဘွေကို ပြန်ပို့ပေးပါလို့ တောင်းဆိုနေပြီ "

" ဘယ်ဖြစ်မလဲရှင့်။ ကျွန်မတို့က ဘော့ဆွာနာနိုင်ငံမှာ နိုင်ငံရေး ခိုလှုံခွင့်တောင်းဖို့လာတဲ့ နိုင်ငံရေးဒုက္ခသည်တွေပဲ "

" ဇင်ဘာဘွေ အစိုးရကတော့ ခင်ဗျားတို့ကို နာမည်ကြီး အဓမရိကန်လူဆိုးမားပြ ဘော်နီနဲ့ ကလိုက်ဒ်တို့မောင်နှံ နဲ့ အတူတူပဲလို့ ယူဆတယ် "

မော်ဂင်၏ စကားကြောင့် ဆယ်လီသည် အလွန်ဒေါသထွက်လေရာ ခရိတ်က ဝင်၍ ဖျောင်းဖျသည့် အနေဖြင့် -

"ဆယ်လီကလည်းကွာ အခုလိုအချိန်မှာ မင်းကသိပ်ပြီးစိတ်လှုပ်ရှားဖို့မသင့်ဘူး"ဟု ပြောလိုက်သည်။ သို့သော် ဆယ်လီက ထိုစကားကို လက်မခံချေ။

" ဘာဖြစ် လို့ စိတ်မလှုပ်ရှားရမှာလဲရှင့်၊ ကျွန်မတို့မှာ ဘယ်လောက် နှိပ်စက်ခံခဲ့ရသလဲ။ ကျွန်မတို့ကို ကိုယ်ထိလက်ရောက် နှိပ်စက်ရိုက်နှက်တာခံခဲ့ရတယ်။ ကျွန်မကိုဆိုရင် အဓမ္မစော်ကားဖို့တောင်ကြံခဲ့သေးတယ်။ ပါးကွက်အာဏာသား ရိုင်ဖယ်သေနတ်ကိုင်တပ်ဖွဲ့နဲ့ ကွပ်မျက်ဖို့လည်း ခြိမ်းခြောက်ခဲ့တယ်။ ဒါနဲ့များ ကျွန်မရဲ့မိခင်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံတော် အစိုးရကိုယ်စားလှယ်ဖြစ်တဲ့ ရှင်က ကျွန်မတို့ကို ရာဇဝတ်ကောင်တွေလို့ လာစွပ်စွဲနေတယ်"

" ကျုပ်က ဘယ်လိုမှမစွပ်စွဲပါဘူး။ ခင်ဗျားကို အာဖရိကတိုက်ကအမြန်ဆုံးထွက်သွားရင်ကောင်းလိမ့်မယ်လို့ အကြံပေးနေတာပါ "

" အလို ... ရှင်က ကျွန်မတို့ကို ပြစ်မှုကျူးလွန်တဲ့ တရားခံဝရမ်းပြေးတွေဖြစ်အောင် ပြောပြီးကာမှ အခုတစ်ခါ အင်မတန် စေတနာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်လိုလေသံနဲ့ ပြောနေပြန်တယ် "

"မစ္စဆယ်လီခင်ဗျား ခင်ဗျားကကျုပ်ကိုရန်တွေ့ဖို့ပဲစိတ်အားထက်သန်နေတာကိုးဗျ၊ စိတ်ကိုအေးအေးထားစမ်းပါ။ ကျုပ်နဲ့ငြင်းခုံနေလို့ဘာမှအကြောင်းမထူးပါဘူး။ ခင်ဗျားအနေနဲ့ ပြဿနာအကြီးအကျယ်ပေါ်နေတာအမှန်ပဲ။ ခင်ဗျားနဲ့ဆက်စပ်ပြီး ကျုပ်တို့ကပါ ပြဿနာနဲ့ရင်ဆိုင်နေရတယ်။ ဒါကြောင့် ခင်ဗျားနဲ့ ကျုပ်တို့ပူးပေါင်းပြီး အဖြေရှာဖို့အရေးကြီးတယ် "

ဤတွင် ခရိတ်က ဝင်၍ -

" မစ္စတာ မော်ဂင်ကလည်း စိတ်ကို ရှည်ရှည်ထားမှပေါ့။ ကဲ ... ဆိုစမ်းပါဦး " ဟုပြောလိုက်သည်။

သည်တော့မှ မော်ဂင်လည်း ကုလားထိုင်တွင် ထိုင်လိုက်ပြီး စီးကရက်တစ်လိပ်မီးညှိဖွာလေသည်။

" ဒါထက် ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေ ဘယ်လိုနေသလဲ၊ ကောင်းရဲ့လား "

မော်ဂင်က မေးလိုက်ရာ ဆယ်လီသည် စိတ်တိုတိုနှင့် -

" ဩော်... ရှင်ကအခုမှပဲ ကျွန်မကိုသတင်းမေးဖော်ရတော့တာကိုး။ ကျွန်မကတော့ ရှင်လုံးဝမမေးတော့ဘူးလို့ ထင်မိတယ်"ဟု ဘုကျကျ ပြောလိုက်သည်။ ထိုအခါ ခရိတ်က ဝင်၍ရှင်းပြသလိုပြောလေသည်။
" ဆယ်လီကိုတော့ ဘယ်လိုမှမအောက်မေ့ပါနဲ့ဗျာ။ သူ့ခမျာ ကိုယ်ရောစိတ်ပါ အလွန်ပင်ပန်းဆင်းရဲခဲ့ရတာမို့ အလိုလိုနေရင်း စိတ်တိုတိုနေရှာပါတယ်။ သုံးရက်လုံးလုံး အစာရေစာ ငတ်ရတယ်။ အခုမှပဲ နေသာထိုင်သာရှိလာပါတယ်။ ဒီကဆရာဝန်တွေက ဆယ်လီရဲ့ခေါင်းကဒဏ်ရာအတွက် တော်တော်စိုးရိမ်ခဲ့ကြသေးတယ်။ သို့သော်လည်း ဓာတ်မှန်ရိုက်ကြည့်တော့ ဘာမှကြီးကြီးကျယ်ကျယ် ထိခိုက်မှုမရှိကြောင်းသိရလို့ တော်သေးတယ်။ အခုဆိုရင် ဆရာဝန်တွေက သူ့အခြေအနေ ကောင်းလာလို့ နက်ဖြန်မနက်ပဲ ဆေးရုံကဆင်းခွင့်ပေးတော့မယ်တဲ့ဗျ "

" ဒါပေမဲ့ သူ့အခြေအနေက ခရီးသွားလို့ ဖြစ်ပါ့မလား "

မော်ဂင်က မေးလိုက်ရာ ဆယ်လီက ဝင်၍ -

" ရှင်က ကျွန်မအတွက် တကယ်ပဲ စိုးရိမ်ကြောင့်ကြလို့ မေးတာလားရှင့်" ဟု ဘုပြောလိုက်ပြန်သည်။
" ဒီမယ် ဆယ်လီ ဒီတိုင်းပြည်က အာဖရိကနိုင်ငံတစ်ခု ဖြစ်တယ်ဆိုတာ သတိပြုပါဦး။ တကယ်လို့သာဇင်ဘာဘွေအစိုးရကခင်ဗျားကိုဖမ်းမိသွားပြီဆိုရင် ကျုပ်တို့အနေနဲ့ဘာမှမတတ်နိုင်တော့ဘူး။ဘယ်လို

မှမကူညီနိုင်ဘူး။ ကျုပ်က ခင်ဗျားအကျိုးအတွက် ပြောနေတာပါ။ ခင်ဗျား ဒီက အမြန်ဆုံးထွက်သွားမှ ဖြစ်မယ်။ ကျုပ်တို့ သံအမတ်ကြီးကလည်း "

" သံအမတ်ကြီး ကို သေလိုက်ပါလားလို့ ပြောလိုက်ပါ။ ရှင်လည်းပဲ သွားသေလိုက်ရင် ကောင်းမယ် "

ဆယ်လီက စိတ်တိုတိုနှင့် ပြောလိုက်ပြန်သည်။

သို့ရာတွင် သံအရာရှိ မော်ဂင်သည် စိတ်ဆိုးဟန်မတူဘဲ ပြုံးလိုက်သည်။

" သံအမတ်ကြီး အတွက်တော့ ကျုပ်မပြောတတ်ဘူး။ ကျုပ် ကိုယ်တိုင်ကတော့ ဆယ်လီပြောသလို သွားသေ လိုက်ဖို့ အသင့်ပါပဲ။ ဘယ်တော့လောက် သွားသေရင် ကောင်းမလဲဆိုတာသာပြောစမ်းပါ။ ဟဲ ...ဟဲ"

မော်ဂင်ရယ် သွမ်းသွေး၍ပြောလိုက်သောအခါ ဆယ်လီပင်လျှင်ဒေါသစိတ်ပြေပြီး ရယ်မောလေသည်။ ယင်းသို့ဆယ်လီနှင့်မော်ဂင်ပြေလည်သွားသည်ကို ခရိတ်ကအခွင့်ကောင်းယူရန် ဆုံးဖြတ်လိုက်သည်။
" ဒီမယ် မော်ဂင်၊ ခင်ဗျားအနေနဲ့ စိတ်ချနေစမ်းပါ။ ဆယ်လီဟာ မှန်ကန်တဲ့ ခြေလှမ်းကိုသာလှမ်းဖို့ အတွက် ကျုပ်တာဝန်ယူပါ့မယ် "

ဤတွင်ဆယ်လီသည် မခံချင်သယောင်ဖြစ်လာပြန်ပြီးခုတင်ပေါ်တွင်ထထိုင်ရန်ဟန်ပြင်လေရာ ခရိတ်က မျက်စောင်းထိုးပြီး ခေါင်းခါပြလိုက်တော့မှ သူမသည် အသာပြန်ငြိမ်သွားလေသည်။ မော်ဂင်သည် ခရိတ်အား မေးခွန်းထုတ်လေသည်။

" ဒါထက် နေပါဦး၊ ခင်ဗျားအနေနဲ့ (စီအိုင်အေ) ထောက်လှမ်းရေးအေဂျင်စီအတွက် အလုပ်လုပ်နေတာကို သူတို့က ဘယ်လိုလုပ်သိသွားတာလဲ "ခရိတ်သည် အလွန် အံ့ဩသင့်သွားမိသည်။

" အလို ကျုပ်က စီအိုင်အေအတွက် အလုပ်လုပ်တယ်ဆိုတာ ကျုပ်ကိုယ်တိုင်က မသိပါကလား။ တကယ်လို့ ဟုတ်နေရင်လည်း ကျုပ်ကိုဘယ်သူကမှ ပြောမပြန်ပါဘူး "

" ဟုတ်လား ကျုပ် တစ်ခုမေးမယ်။ ဟင်နရီဆိုတဲ့လူက ဘာဆိုတာ မသိဘူလား။ ခင်ဗျား ဘယ်လို ထင်သလဲ "

" ကျုပ် သိထားတာကတော့ ဟင်နရီဟာ ကွမ္ဘာ့ဘဏ်က ဒုတိယဥက္ကဋ္ဌပဲ "

" ဩော် ... ဒီလိုကိုး။ ကဲ ... ထားပါတော့လေ၊ ခင်ဗျား အလုပ်လုပ်ဖို့ ချုပ်ဆိုထားခဲ့တဲ့စာချုပ်က အခု တော့ ပြီးဆုံးသွားပြီလို့သာ မှတ်ပေတော့ "

" ကျုပ်က လွန်ခဲ့တဲ့ သုံးရက်ကပဲ ဟင်နရီဆီကို အစီရင်ခံစာ အပြည့်အစုံ ရေးပို့လိုက်တယ် "

" ဟုတ်ပါတယ်၊ ဝန်ကြီးဖွန်ဂါဘီရာက မော်စကိုမြို့ကအာဏာပိုင်တွေကို သစ္စာခံထားတဲ့ ရုရှလူ တစ်ယောက်ဖြစ်တယ် ဆိုတာမဟုတ်လား။ ဒီမယ်ခရိတ် ဖွန်ဂါဘီရာဟာ ရှိနာအမျိုးသားတစ်ဦး ဖြစ်တယ်။ ဒါကြောင့် ရုရှတွေက သူ့ကို ဘယ်နည်းနဲ့မှ ချဉ်းကပ်ဆက်ဆံမှာမဟုတ်ဘူး။ ခင်ဗျားမသိ တာက ဖွန်ဂါဘီရာဟာ နဂိုတည်းက ရုရှကို အလွန်မုန်းတီးသူဖြစ်တယ်။ ပြီးတော့ ကျုပ်တို့ (အမေရိ ကန်)အနေနဲ့ ဖွန်ဂါဘီရာနဲ့ ဆက်ဆံရေး အလွန်အဆင်ပြေနေတယ်။ ကဲ ... ရှင်းပြီ မဟုတ်လား "

" ဟင်... ဟုတ်လား။ ဒါဖြင့် ဒီလူကနှစ်ဖက်လှည့်လို ဟိုဘက်သည်ဘက် ခွတုတ်နေတာပေါ့။ ကျုပ်ရရှိတဲ့ သတင်းက သူ့လူယုံတော်ဆီက ရခဲ့တာပဲ။ တတိယတပ်မဟာက ဗိုလ်ကြီး (ကက်ပတိန်)နီဘောဘီဆို သူက သတင်းအတိအကျပေးခဲ့ပါတယ် "

" ဟုတ်ပြီလေ၊ ခင်ဗျားဘက်က သက်သေထူနိုင်တဲ့ အဲဒီ ကက်ပတိန်နီဘောဘီဟာ အခု သေနေပြီဗျ။ ကဲ ... ထားပါတော့လေ။ ခင်ဗျား စိတ်ချမ်းသာမယ်ဆိုရင် ခင်ဗျားရဲ့အစီရင်ခံစာကို ကျွန်ပျူတာစက် ထဲထည့်ပြီး စစ်ပေးပါ့မယ်။ နောက်တစ်ခုက ဟင်နရီက ခင်ဗျားကိုနှုတ်ဆက်လိုက်ကြောင်း ပြောလိုက် ပါတဲ့ဗျ " ထိုအခါ ဆယ်လီက နားထောင်နေရာမှ ဝင်ပြောလေသည်။

" ဒီမယ်ရှင့် ကျွန်မကိုယ်တိုင်ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို ရှင်လည်းမြင်ရပြီမဟုတ်လား။ ရွာတွေ မီးရှို့ခံရ ပုံတွေ၊ ကလေးသူငယ်တွေ အတုံးအရုံး သေဆုံးနေပုံတွေ၊ တတိယတပ်မဟာက လျှောက်နှိပ်စက် ရမ်းကား ခဲ့ပုံတွေ "

ဆယ်လီက ပြောနေစဉ် မော်ဂင်က ကြားဖြတ်ဝင်ပြောလေသည်။

" ကျုပ်တို့ကလည်း အကြမ်းဖက်မှုကို သဘောမကျပါဘူး။ ဒါပေမဲ့ ဖွန်ဂါဘီရာဟာ ရုရှဆန့်ကျင်ရေး သမားတစ်ဦး ဖြစ်တယ်။ မာတာဘယ်လီ လူမျိုးတွေကသာ ရုရှလိုလားသူတွေဖြစ်တယ်။ ကျုပ်တို့ အနေနဲ့ ကျွန်မြုနစ်ဆန့်ကျင်တဲ့ အစိုးရအဖွဲ့တွေကို ထောက်ခံအားပေးရမှာပဲ။ အဲဒီအစိုးရတချို့ရဲ့ လုပ်ရပ်တချို့ကို ကျုပ်တို့က သဘောမကျပေမယ့် အခြေအနေအရ ထောက်ခံအားပေးနေရတယ်။ ဥပမာအယ်လ်ဆာလ်ဗာဒိုနိုင်ငံမှာဆိုရင် အမျိုးသမီးနဲ့ကလေးတွေနှိပ်စက်ခံရတာမျိုးရှိသင့်သလောက်

ရှိခဲ့တယ်။ အကြမ်းဖက်မှုရှိတာနဲ့ပဲ ကျုပ်တို့ အဲဒီနိုင်ငံကို ထောက်ပံ့ကူညီမှု ရပ်စဲလိုက်ရမှာလား။ အပြည်ပြည်ဆိုင်ရာ ဂျီနီဗာစာချုပ်ပါ စည်းကမ်းတချို့ကို ကျုပ်တို့လူတွေကိုယ်တိုင်က လိုက်နာဖို့ ပျက်ကွက်နေတာတွေ ရှိနေတယ်မဟုတ်လား "

မော်ဂင် က အကြောင်းအကျိုး ဆက်စပ်၍ ပြောလိုက်ပြီးနောက် အားလုံးခေတ္တငြိမ်နေကြလေသည်။

" ရှင် အခု ကျွန်မတို့ကို ပြောဖို့လာတာ ဒါပဲလား "

ဆယ်လီက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက်မေးလိုက်သည်။

" ဒါလောက်ပြောရင် မလုံလောက်သေးဘူးလား "

မော်ဂမ်က ပြောရင်း သောက်လက်စ စီးကရက်ကို မီးငြိမ်းသတ်၍ မတ်တတ်ထလိုက်သည်။

" ကျုပ်အနေနဲ့ ခရိတ်ကိုနောက်တစ်ခုပြောရဦးမယ်။ မစ္စတာဟင်နရီကပြောခိုင်းလိုက်တာပါ။ သူက ပြောတော့ ခင်ဗျားချေးယူထားတဲ့ငွေကို မူလက အာမခံပေးခဲ့တဲ့ ဇင်ဘာဘွေနိုင်ငံ မြေယာဘဏ်က အာမခံချက်ကို ရုပ်သိမ်းလိုက်ပြီတဲ့။ ဒါကြောင့် ဟင်နရီက ခင်ဗျားချေးယူထားတဲ့ငွေကို အတိုးနဲ့တကွ ပြန်ပေးဆပ်ဖို့ မျှော်လင့်နေပါတယ်တဲ့။ ရှင်းရဲ့လား "

" ရှင်းပါတယ်။ အလွန် ရှင်းပါတယ်" ခရိတ်စိတ်ထဲမှ နာကြည်းလျက် ပြန်ပြောလိုက်သည်။

" မစ္စတာဟင်နရီက ထပ်ပြီး ပြောလိုက်ပါသေးတယ်။ ခင်ဗျား နယူးယောက်မြို့ကို ပြန်ရောက်လာတဲ့အခါ ခင်ဗျားနဲ့ သူနားလည်မှုယူပြီး အစီအစဉ်တစ်မျိုးကြံဖန်လုပ်ပေးနိုင်ပါလိမ့်မယ်လို့ ဆိုပါတယ်။ သို့သော်လည်း လောလောဆယ်မှာတော့ သူတို့အနေနဲ့မလုပ်မဖြစ်လို့ ခင်ဗျားရဲ့ဘဏ်တိုက်က ငွေစာရင်းများကို ယာယီသိမ်းယူထားလိုက်ရပါတယ်တဲ့။ နောက်ပြီး ခင်ဗျားရဲ့စာပေထုတ်ဝေရေး ကိုယ်စားလှယ်(ဇျင်း)ကိုလည်း နောက်ထပ်အမိန့်မရမချင်း ခင်ဗျားကို စာမူခငွေထုတ်ပေးတာ ရပ်ဆိုင်းထားဖို့ အမိန့်တစ်ခုလည်း ပေးထားလိုက်ပြီလို့ဆိုတယ် "

" ဩော် ... ဒီလိုကိုး "

" ခင်ဗျားအတွက် ကျုပ်လည်း စိတ်မကောင်းပါဘူးဗျာ။ ကျုပ်အနေနဲ့ ခင်ဗျားရေးတဲ့စာအုပ်ကို ကြိုက်ပါတယ်။ ခင်ဗျားကိုလည်း သဘောကျပါတယ်။ ခင်ဗျားအခုလို ဖြစ်ရတာကို ဝမ်းနည်းပါတယ် "

ပြောရင်းနှင့် မော်ဂင်သည် ခရိတ်အား လက်ဆွဲနှုတ်ဆက်ပြီးနောက် ပြန်ထွက်သွားလေသည်။ ခရိတ်လည်း မော်ဂင်အား သူ၏ မော်တော်ကားရှိရာသို့ လိုက်ပို့လေသည်။

" ခင်ဗျားက နောက်ဆုံးအနေနဲ့ ကျုပ်ကို တစ်ခု ကူညီနိုင်မလား "

မော်တော်ကားအနီးသို့ ရောက်လျှင် ခရိတ်က မေးလိုက်ရာ မော်ဂင်ကလည်း ခေါင်းညိတ်လိုက်သည်။
" ကျုပ် တတ်နိုင်တာဆိုရင် ကူညီပါ့မယ် "

" နယူးယောက်မြို့က ကျုပ်ရဲ့ စာပေထုတ်ဝေရေး ဇာတ်း(ကိုယ်စားလှယ်)ဆီကို အထုပ်တစ်ထုပ်ပို့ပေးနိုင်မလား။ အထုပ်ထဲမှာက ကျုပ်ရဲ့စာအုပ်အသစ်က စာမူနောက်ဆုံးအသုတ်တွေပဲ ပါမှာပါ "

မော်ဂင်သည် ရုတ်တရက် သံသယဖြစ်သလိုဖြစ်သွားရာမှ စာမူသာဖြစ်ကြောင်း သိရသောအခါ သံသယမရှိ တော့ချေ။

" ကောင်းပါပြီ။ ကျုပ်က ခင်ဗျားရဲ့ ဇာတ်းလက်ထဲရောက်အောင် တာဝန်ယူပို့ပေးပါ့မယ် "

ခရိတ်သည် လင်းရိဗာကားပေါ်မှ ခရီးသွားလက်ဆွဲအိတ်ကိုယူ၍ မော်ဂင်အား ပေးလေသည်။

" ဒါကိုအထူးဂရုစိုက်စေချင်ပါတယ်။ ဒီစာမူဟာကျုပ်ရဲ့လွတ်မြောက်မှုအတွက် နောက်ဆုံး မျှော်လင့်ချက် ဖြစ်လို့ပါ"

ခရိတ်က တောင်းပန်သလိုပြောလိုက်ပြီးနောက် မော်ဂင်လည်း သူ၏ကားကို မောင်းထွက်သွားလေသည်။ ဆေးရုံပေါ်သို့ ပြန်တက်လာသောအခါ ဆယ်လီသည် ခရိတ်အား ဆီး၍မေးလေသည်။

" ဘဏ်တိုက်က ငွေချေးတာတို့၊ အာမခံချက် ရုပ်သိမ်းတာတို့ ဆိုတာက ဘာတွေလဲရှင့် "

" ဘာလဲဆိုတာရှင်းအောင်ပြောပါ့မယ်။ ငါကမင်းကို လက်ထပ်ခွင့်တောင်းချိန်တုန်းက ငါဟာ ဒေါ်လာငွေ သန်းချီကြွယ်ဝတဲ့ မီလျံနာသူဌေးတစ်ယောက်ဖြစ်ခဲ့ပေမယ့်၊ အခုတော့ ငါဟာ ဘာငွေမှလည်းမရှိဘူး၊ ပိုင်ဆိုင်တဲ့ပစ္စည်းဆိုလို့လည်း ဘာမှမရှိတော့တဲ့ သာမန်ဆင်းရဲသားတစ်ယောက်ဖြစ်သွားပြီ။ ဒါတင်မကသေးဘူး။ ငါ့မှာပေးဆပ်စရာ ကြွေးငွေကလည်း သန်းချီပြီးရှိနေတယ် "

" ဟင် ... ဟုတ်လား၊ ဘာဖြစ်လို့လဲ။ ရှင့်စာအုပ်အသစ်က ပြီးတော့မှာပဲမဟုတ်လား။ ရှင့်ကိုယ်စားလှယ် အက်ရှီကတောင် ဒီစာအုပ်သစ်ဟာ မုချစွဲမှာပဲလို့ ပြောခဲ့တယ်လေ "

" ငါ့အနေနဲ့ အလွန်အရောင်းရဆုံးစာအုပ် တစ်နှစ်တစ်အုပ် တစ်သက်လုံးရေးသွားနိုင်ရင်တောင်မှ ဟင်နရီတို့ဘဏ်တွေက ငါချေးယူထားတဲ့ ငွေလုံးငွေရင်းအပေါ် အတိုးပေးနိုင်ရုံပဲရှိမယ်"

ဆယ်လီသည် အလွန်အံ့အားသင့်လျက် ငေးကြည့်နေမိစဉ် ခရိတ်ကပင် ဆက်လက်၍ -

" ဒါကြောင့် ငါအခု မင်းကိုပြောချင်တာက မင်းနဲ့လက်ထပ်ဖို့ ငါကအဆိုပြုခဲ့တာကို ပြန်ပြီးစဉ်းစားစေချင်တယ်။ မင်းက ငှါကိုလက်မထပ်ဘဲ နေနိုင်ပါတယ် "

" ဒီမယ် ခရိတ် အခန်းတံခါးကို အတွင်းက ကန့်လန့်ထိုးပိတ်လိုက်စမ်းပါ "

ဆယ်လီက ရုတ်တရက် ပြောလိုက်ရာ ခရိတ်သည် အံ့အားသင့်သွားမိလေသည်။ ဘာကြောင့် အခန်းတံခါး ပိတ်ခိုင်းသည်ကိုလည်း ရိပ်မိသဖြင့် -

" ဆယ်လီကလည်းကွယ် မင်းနဲ့ငါဟာ ချစ်သူတွေဖြစ်နေပေမယ့် ဒီဆေးရုံခန်းထဲမှာတော့ ဆင်ခြင်ဖို့သင့်ပါတယ်။ ဒီနိုင်ငံမှာ ဒါမျိုးဆိုရင် တရားဥပဒေအရ အရေးယူလို့ရတယ်" ဟု ပြောလိုက်သည်။

သို့သော် ဆယ်လီက လက်မခံချေ။

" ရှင်ကလည်း စကားကြောရှည်နေလိုက်တာ။ တံခါးပိတ်ဆို မြန်မြန်ထပိတ်လိုက်တာမဟုတ်ဘူး။ ဒီမယ် ရှင်ဟာ ပိုက်ဆံတစ်ပြားမှ မရှိတော့တဲ့လူမွဲတစ်ယောက်ဖြစ်ပေမယ့် ကျွန်မရဲ့ချစ်သူပဲ။ ကျွန်မရဲ့ခင်ပွန်းလောင်းလည်းဖြစ်တယ်။ ဒါကြောင့် အခုလိုအချိန်မျိုးမှာ ကိုယ့်ခင်ပွန်းလောင်းနဲ့ ချစ်တင်းနှိုးနောတာ ဘာအပြစ်ရှိသလဲ "

နောက်တစ်နေ့နံနက် ဆယ်လီဆေးရုံမှဆင်းခွင့်ရသဖြင့် ခရိတ်ကိုယ်တိုင် သွားကြိုလေသည်။

သူမသည် ဆေးဂုံတက်ခဲ့စဉ်က ဝတ်ခဲ့သည့်အတိုင်း ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီတို့ကို ဝတ်ဆင်ထားလေသည်။ ခရိတ်၏ လင်းရိုဗာကားကိုမြင်လျှင် ဆယ်လီသည် အံ့အားသင့်သွားပုံ ရလေသည်။

"ဟင်...ဘယ်လိုလဲရှင့်၊ ရှင်ပြောတဲ့အတိုင်းဆိုရင် ကျွန်မတို့ဟာဆင်းရဲမွဲတေသူတွေ ဖြစ်နေကြပြီဆိုတော့ မော်တော်ကားတောင် စီးနိုင်တော့မှာ မဟုတ်ဘူးလို့ယူဆမိတယ်"

ဆယ်လီက ပြောလျှင် ခရိတ်သည် ပြုံးလိုက်သည်။

"ကွန်ပျူတာစက်နဲ့ ငှါရဲ့ဘက္ကာရေးအခြေအနေကို တွက်နေတာ မပြီးသေးဘူးနဲ့တူတယ်။ လောလော ဆယ်မှာတော့ ငါအသုံးလိုရင် အကြွေးသုံးလို့ရတဲ့ အမေရိကန်ခရက်ဒစ်ကတ်အားလုံးက လက်ခံပြီးငါ သုံးချင်သလို သုံးနိုင်သေးတယ်ကွဲ့။ ဟဲ...ဟဲ..."

" တကယ်ဘဲလား ရှင်"

"တကယ်ပြောတာပါဆယ်လီရယ်။ နောက်တစ်ခုကလည်း ပေးဆပ်လျှော်ကြေးငွေ ဒေါ်လာငါးသန်း လောက်ရှိနေတဲ့ လူတစ်ယောက်အဖို့ လောလောဆယ် ဒေါ်လာနှစ်ရာလောက်သုံးတာ အကြောင်း မထူးလှပါဘူး။ မင်းစားချင်တာ စိတ်တိုင်းကျ စားရအောင် အခုခေါ်သွားမယ်"

ပြောပြော ဆိုဆို ခရိတ်သည် ဆယ်လီအား ကားပေါ်တက်စေပြီးနောက် မောင်းထွက်လေသည်။

"အခုအခြေအနေမှာ ငါတို့နှစ်ယောက်စလုံးအသက်ရှင်နေသေးတယ်မဟုတ်လား။ ဒါအရေးအကြီးဆုံး ပဲ။ ငွေများများရှိတုန်းက အဲဒီငွေတွေ ဆုံးရှုံးမှာ စိုးရိမ်နေရတာမျိုးလည်း အခုတော့မရှိတော့ဘူး။"

" ကျွန်မက ရှင့်ရဲ့အဖြစ်ကိုကြည့်ပြီး စိတ်မကောင်းလို့ပါရှင်။ အခုဆိုရင် ရှင့်မှာ ဘာပစ္စည်းမှ မရှိတော့ ဘူး။ ရှိသမျှအားလုံး ဆုံးရှုံးသွားပြီ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်။ ငှါအနေနဲ့ တခြားပစ္စည်းတွေ ဆုံးရှုံးတာကို တယ်ပြီးဝမ်းမနည်းလှပါဘူး။ ကင်းလင်းမွေးမြူရေးခြံကြီးနဲ့ ဇမ်ဘောဇီမြစ်ရေအပန်းဖြေစခန်း လက်လွှတ်လိုက်ရမှာကိုပဲ ဝမ်းနည်း မိတယ်။ အဲဒီနေရာနှစ်ခုက မင်းနဲ့ငါတို့အတွက် စိတ်ချမ်းသာမှုတွေ အများကြီး ပေးစွမ်းနိုင်တယ်။ နောက်ပြီး ငှါနေနဲ့ တွန်ဂါတာအတွက်လည်း ဝမ်းနည်းမိတယ်။"

"ဟုတ်ပါရဲ့နော်၊ သူ့ခမျာ ကျွန်မတို့ကြောင့်ဘဝပျက်သွားရရှာတယ်။ ကျွန်မတို့အနေနဲ့သူ့ကို တစ်နည်း နည်းနဲ့ ကူညီနိုင်ရင်သိပ်ကောင်းမှာပဲ"

ဆယ်လီ က တကယ့် စေတနာဖြင့် ပြောလိုက်ရာ ခရိတ်က ခေါင်းခါပြလေသည်။

ငါတို့အနေနဲ့ ဘာမှ မတတ်နိုင်ဘူးကွဲ့။ ကတ်ပတိန်နီဘေဘီက ဘယ်လိုပဲပြောပြော၊ လောလောဆယ် တွန်ဂါတာ အသက်ရှင်နေသေးရဲ့လားဆိုတာတောင် ငါတို့တထစ်ချမသိဘူး။ တကယ်ဆို အသက် ရှင်နေတယ်ပဲထားဦး သူဘယ်မှာရှိနေမယ်ဆိုတာ လိုက်ရှာရမယ်ဆိုတာလည်း ငါတို့မသိဘူး"

စကား တပြောပြောနှင့်ပင် သူတို့သည် ဖရန်စစ္စကောင်းမြို့၏ လမ်းမကြီးအတိုင်း ဆက်မောင်းသွားကြသည်။ ခရိတ်က ဒေသအခြေအနေကို ရှင်းပြလေသည်။

"ဒီအရပ်ကို မြောက်ဘက်က ရတနာလို့ ခေါ်ကြတယ်။ လူဦးရေက နှစ်ထောင်လောက်သာ ရှိပေမယ့် အရက်ယမကာမျိုးစုံထုတ်လုပ်တဲ့ စက်ရုံတွေရှိတယ်"

မကြာမီ သူတို့သည် တစ်ခုတည်းသောဟိုတယ်သို့ ရောက်သွားကြရာ ခရိတ်က ကားကိုဟိုတယ် အပြင်ဘက်တွင် ရပ်လိုက်သည်။

"စောစောက ငါပြောခဲ့တဲ့မြို့ကလူဦးရေအားလုံးနီးပါးဟာ ဒီဟိုတယ်က အရက်ဘားခန်းမှာ ရောက်နေကြလိမ့်မယ်။ မင်းကြည့်ရင် မြင်ရပါလိမ့်မယ်"

ခရိတ် က ယမကာဘားခန်းဘက်သို့ ညွှန်ပြရင်း ပြောလိုက်သည်။

ထိုဟိုတယ်၌ ခရိတ်ကတည်းခိုနေသဖြင့် ဧည့်ခန်းမှတာဝန်ကျစာရေးမကလေးသည် သူ့အားသိနေပြီဖြစ်သည်။ မိန်းကလေးက ရုပ်ရည်ချောမောလှပသလောက် ဖော်ရွေသူလည်းဖြစ်သည်။

"ဟဲလို မစ္စတာခရိတ်၊ ရှင့်ကို အမျိုးသမီးတစ်ယောက် လာစောင့်နေပါတယ်။ ဟောဟိုမှာရှိလေရဲ့"
မိန်းကလေးကပြောသဖြင့် ခရိတ်လည်း လှမ်းကြည့်လိုက်ရာ ဧည့်သည်အမျိုးသမီးအား ရုတ်တရက် မမှတ်မိသဖြင့် ငေးကြည့်နေစဉ် ဆယ်လီက လျင်မြန်သွက်လက်စွာပြေး၍ ထိုအမျိုးသမီးအား ဖက်လဲတကင်း နှုတ်ဆက်လိုက်တော့မှ ခရိတ်သည် မှတ်မိလေတော့သည်။

သူမသည် အခြားမဟုတ်၊ ဆာရာ အမည်ရှိ ကျောင်းဆရာမကလေးပင်တည်း။

" ဆာရာ... ဆာရာ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲဟင်။ ကျွန်မတို့ကို ဘယ်လို လိုက်ရှာတာလဲ"
ဆယ်လီက ဆရာမကလေးဆာရာအား မေးလိုက်သည်။ ခရိတ်၏ ဟိုတယ်ခန်းတွင် ပရိဘောဂအဖြစ် တစ်ယောက်အိပ် ခုတင်နှစ်လုံး ခုံတစ်ခု၊ ကုလားထိုင်တစ်လုံးရှိပြီး ကြမ်းပြင်ကို ကော်ဇောအညှစ်စား တစ်ခု ခင်းထားလေသည်။

မိန်းကလေးနှစ်ဦးသည် ခုတင်တစ်လုံးပေါ်တွင် ထိုင်လိုက်ကြသည်။

"ကြက်ခြေနီအသင်းကပုဂ္ဂိုလ်တွေ ပြောပြလို့သိရပါတယ်။ ရှင့်တို့နှစ်ယောက်ကို သဲကန္တာရထဲမှာတွေ့ရလို့နယ်ခြားရဲတပ်ဖွဲ့က မြို့ကိုခေါ်လာခဲ့တယ်လို့ပြောပါတယ်။ ပထမတော့ကျွန်မစိတ်ထဲမှာသိမ်ငယ်သလိုဖြစ်နေမိပါတယ်။ ဝန်ကြီးတွန်ဂါတာရဲ့ အမှုစစ်ပြီးတဲ့နောက်ပိုင်း ရှင်တို့က ကျွန်မကိုတွေ့ချင်ပါ့မလားလို့ သံသယ ဖြစ်မိပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ကျွန်မရဲ့မိတ်ဆွေတွေ ပြောပြချက်အရ ရှင်တို့ကို ဖွန်ဂါဘီရာရဲ့စစ်သားများက မတရားနှိပ်စက်ညှင်းပန်းခဲ့တယ်လို့ သိရပါတယ်။ ကျွန်မ အကြောင်းလည်း ရှင်တို့သိနေလောက်ပြီလို့ ယူဆမိပါတယ်။ နောက်ပြီး ဝန်ကြီးတွန်ဂါတာဟာ ပြစ်မှုကျူးလွန်တဲ့တရားခံ ရာဇဝတ်ကောင်မဟုတ်ကြောင်း၊ သူမှာမိတ်ဆွေကောင်းတွေ လိုအပ်နေကြောင်းလည်း ရှင်တို့ သဘောပေါက်လောက်ပြီ ထင်ပါတယ်"

ဆရာသည် ဆယ်လီအား ပြောနေရာမှ ခရိတ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"မစ္စတာခရိတ်ရှင့် တွန်ဂါတာဟာ ရှင့်ရဲ့သူငယ်ချင်း မိတ်ဆွေဟောင်း ဖြစ်ပါတယ်။ သူကိုယ်တိုင် ရှင့်အကြောင်းပြောပြလို့ သိရပါတယ်။ သူဟာရှင့်အပေါ် အလွန်ခင်မင်လေးစားသူလည်း ဖြစ်ပါတယ်။ သူဟာ ရှင်ကဇင်ဘာတွေနိုင်ငံကို ပြန်လာတာသိရတော့ ရှင့်အတွက် တွန်ဂါတာက အထူးစိုးရိမ်မိခဲ့ပါတယ်။ ရှင်က ရှင်တို့မိသားစုပိုင်ဆိုင်ခဲ့တဲ့ မာတာလယ်လီနယ်ကမြေယာကို ပြန်ပြီး အရယူချင်တာကို သိရတဲ့အတွက်လည်း အကြီးအကျယ်ဒုက္ခရောက်တော့မှာပဲလို့ သူကစိုးရိမ်ခဲ့မိပါတယ်။

တွန်ဂါတာကပြောတော့ ရှင်ဟာ အလွန်စိတ်ထားနူးညံ့သိမ်မွေ့သူဖြစ်တဲ့အတွက် မကြာခင် ရင်ဆိုင်ရတော့မယ် အခြေအနေ ခရီးကြမ်းဒဏ်ကို ခံနိုင်မှာမဟုတ်ဘူးလို့လည်း ပြောပါတယ်။ သူက ရှင့်ကို စိတ်ကူးယဉ်သမားတစ်ယောက်ပါလို့ ပြောပါတယ်။ သူပြောခဲ့တဲ့စကားကို ပြန်ပြောရရင် ဒီလူက အရင်တစ်ခါတုန်းက ခြေတစ်ဖက် ဆုံးရှုံးခဲ့တယ်။ အခုတစ်ခေါက်မှာတော့ အသက်ပါဆုံးရှုံးနိုင်တယ်။ ငုံ့အနေနဲ့ သူ့မိတ်ဆွေကောင်း ပီသချင်ရင် သူ့ရန်သူလုပ်မှ ဖြစ်တော့မယ်။ သူ့ကို ဇင်ဘာတွေနိုင်ငံက ပြန်ထွက်သွားအောင် ဖြစ်တဲ့နည်းနဲ့လုပ်မှပဲလို့ ပြောပါတယ်"

ဆရာကပြောနေချိန်တွင် ခရိတ်သည် ဝန်ကြီးတွန်ဂါတာနှင့်တွေ့ဆုံခဲ့ပုံ၊ မိမိက ကင်းလင်းခြံကြီး ရယူနိုင်ရန်အတွက် အကူအညီတောင်းရန် သွားသော်လည်း တွန်ဂါတာက ရန်သူသဖွယ် ခါးခါးသီးသီး ဆက်ဆံခဲ့ပုံတို့ကို ပြန်လည် သတိရနေမိလေသည်။

ယခု ဆာရာပြောပြချက်အရဆိုလျှင် တွန်ဂါတာသည် ဟန်ဆောင်၍ မိမိအား ရန်သူလို ဆက်ဆံခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ ဟန်ဆောင်ခြင်းအမှန်ဖြစ်ပါက တွန်ဂါတာသည် အလွန် သရုပ်ဆောင်ကောင်း သူတစ်ယောက်ဟု ဆိုရပေမည်။

"မစ္စတာခရိတ်ကိုတောင်းပန်ပါတယ်။ ကျွန်မအခုလိုပြောတာကိုခွင့်လွှတ်ပါနော်။ ကျွန်မက တွန်ဂါတာ ပြောခဲ့တဲ့အတိုင်း ပြန်ပြောပြရခြင်း ဖြစ်ပါတယ်။ သူဟာ တစ်ချိန်က ရှင့်မိတ်ဆွေတစ်ယောက်ဖြစ်ခဲ့သလို အခုလည်း သူဟာ ရှင့်မိတ်ဆွေ ဖြစ်နေပါသေးတယ်"

"အခုအခြေကျမှတော့ တွန်ဂါတာက ကျုပ်ကိုဘယ်လို သဘောထားတယ်ဆိုတာ အရေးမကြီးတော့ပါဘူး။ အခုလောက်ဆိုရင် သူသေနေပြီထင်တယ် "

ခရိတ်က ဤသို့ပြောလိုက်လျှင် ဆာရာသည်ရုတ်တရက် ဒေါသထွက်လာပုံရသည်။ စကားပြောသည့်အသံကလည်း ပိုကျယ်လာသည်။

"မဟုတ်ဘူးရှင့် ဒီလိုမပြောပါနဲ့။ တွန်ဂါတာ မသေသေးပါဘူး။ အသက်ရှင်လျက် ရှိနေပါတယ်။ ကျွန်မ ကိုယ်တိုင် သူ့ကိုမြင်ခဲ့ရတယ်။ စကားလည်း ပြောခဲ့ရပါတယ် "

ဤတွင် ခရိတ်သည် ချက်ချင်း စိတ်ဝင်စားလာသည်။

" ဟုတ်လား မင်းကိုယ်တိုင် သူ့ကို တွေ့ခဲ့ရသလား။ အဲဒါ ဘယ်တုန်းကလဲကွဲ့"

" လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပါ"

" ဘယ်မှာ တွေ့ခဲ့တာလဲ"

" ဟို... တူတီစခန်းမှာပါပဲ"

" ဒါဖြင့် တွန်ဂါတာ ဟာ အသက်ရှင်နေသေးတာ အမှန်ပေါ့"

ပါးစပ်ကရေရွတ်ပြောဆိုလိုက်ရင်း ခရိတ်သည်ရုတ်တရက်စိတ်ဓာတ်တက်လာမိလေသည်။ စောစောကလို စိတ်ပျက်ခြင်း၊ အားငယ်ခြင်းမရှိတော့။ သူသည် ဆာရာကိုမကြည့်ဘဲ သူမ၏ခေါင်းပေါ်မှ နံရံကို ကြည့်နေမိလေသည်။ တွန်ဂါတာမသေသေးဟု သိရသည်နှင့် ဦးနှောက်ထဲပေါ်လာသော စိတ်ကူးတို့ကို ဆင်ခြင်သုံးသပ်နေမိခြင်းပင် ဖြစ်သည်။ သူ၏မျက်လုံးများက နံရံကိုသာ ကြည့်နေမိ၍လည်း

ဆာရာ ငိုကြွေးနေသည်ကိုမမြင်မိချေ။ ဆာရာသည် အကြီးအကျယ် စိတ်လှုပ်ရှားနေရာမှ ဆယ်လီက နှစ်သိမ့်အားပေးသည့် အနေဖြင့် သူမ၏ပခုံးကို အသာဖက်ထားလိုက်သည်။

အို... အရှင်ဘုရားသခင် တွန်ဂါတာ ကို ကယ်တော်မူပါ။ ရှိနာလူရိုင်းတွေက သူ့ကို မတရား နှိပ်စက်ခဲ့ ကြပါတယ်။ အစာရေစာ အငတ်ထားပြီး ရက်ရက်စက်စက် နှိပ်စက်ညှဉ်ပန်း ခဲ့ကြပါတယ်။ အခု တွန်ဂါတာခမျာ အားပြတ်ပြီး လမ်းလျှောက်တာတောင် အဘိုးအိုတစ်ယောက်လို တုန်တုန်ယင်ယင် လျှောက်နေရရှာတယ်။ သို့သော်လည်း သူ့မျက်လုံးများကတော့ ဇာတိမာန်အပြည့်ရှိနေပါသေးတယ်။ ဆာရာက ပါးစပ်မှ ဆုတောင်းရင်း ရေရွတ်နေပြန်ရာ ဆယ်လီက ဖတ်ထားလိုက်သည်။ ခရိတ်သည် ရုတ်တရက်ထိုင်ရာမှထပြီး အခန်းတွင်း၌ စင်္ကြံလျှောက်နေလေသည်။ အခန်းက ကျဉ်းမြောင်းသဖြင့် ခြေလှမ်း လေးလှမ်းမျှလှမ်းရုံနှင့် တစ်ဖက်နံရံသို့ရောက်သွားပြီး ပြန်လှည့်လျှောက်ရလေသည်။ ဒါထက် စက်ဆနာလေယာဉ်က ဘယ်တော့အဆင်သင့် ဖြစ်မှာလဲ ခရိတ်ကလမ်းလျှောက်နေရာမှ ဆယ်လီအား မေးလိုက်သည်။

အရင်အပတ်ကတည်းကအဆင်သင့်ဖြစ်နေပြီလို့ရှင့်ကိုကျွန်မပြောခဲ့တယ်မဟုတ်လား။ အဲဒီလေယာဉ်က လူအများဆုံးဘယ်နယောက်စီးလို့ရသလဲ။ စက်ဆနာလေယာဉ်နဲ့ ကျွန်မ လူကြီးခြောက်ယောက် တင်ခဲ့ဖူးတယ်။ အမှန်တော့ လေယာဉ်တည်ဆောက်ထားတာက ခရီးသည်ဦးရေ.....

ဆယ်လီသည် ပြောရင်း ရုတ်တရက် စကားကို ဖြတ်ထားလိုက်ခြင်းဖြစ်သည်။

ရှင်က ဘယ်လိုလဲ၊ ရှင်ရူးနေပြီလား

သို့ရာတွင်ခရိတ်သည် သူမ၏ မေးခွန်းကို လျစ်လျူရှုလျက်-

လေယာဉ်က လူအပြည့်တင်သွားရင် ဘယ်လောက်ဝေးဝေးအထိပျံသန်းနိုင်သလဲဟု မေးလိုက်သည်။ မိုင်ပေါင်း တစ်ထောင်နှစ်ရာလောက်အထိ ပျံသန်းနိုင်တယ်။ နေစမ်းပါဦးရှင့်၊ ရှင်က ဘာတွေများ စိတ်ကူး နေတာလဲ။

ထိုမေးခွန်းကိုလည်း ခရိတ်က ဂရုမစိုက်ဘဲ သူစိတ်ကူးရသည့်အတိုင်းသာ ပြောဆိုလေသည်။

ငါက လင်းရိုဗာကားနဲ့မာတ်ဆီပီပါနှစ်ပုံးလောက် တင်သွားလို့ဖြစ်တယ်။ မင်းက နယ်စပ်မှာ လေယာဉ် ခဏဆင်းပြီး မာတ်ဆီဖြည့်ထည့်နိုင်တယ်။

ဒီမယ်ခရိတ် တကယ်လို့ကျွန်မတို့ကို သူတို့ကဖမ်းမိသွားရင် ဘာလုပ်မယ်ဆိုတာ သိရဲ့လား။

ထိုအချိန်၌ ဆာရာသည် ခရိတ်နှင့်ဆယ်လီတို့စကားပြောနေသည်ကို စိတ်ဝင်စားစွာကြည့်နေလေသည်။
နောက်ပြီး ငါတို့ လက်နက်တွေလိုတယ်၊ ဘယ်ကများ ရနိုင်မလဲ၊ သံရုံးက မော်ဂင်ဆီက ရနိုင်မလား၊ ဟာ.... မဖြစ်နိုင်ပါဘူး၊ ဒီလူက ငါတို့ကို ဆက်ဆံတော့မှာ မဟုတ်ဘူး။

သေနတ်တွေ လိုတာဟားဟင် ဆာရာက မေးလိုက်သည်။

သေနတ်တွေရော၊ လက်ပစ်ဗုံးတွေရောလိုတယ်။ ပြီးတော့ ဖောက်ခွဲဖို့ ဒိုင်းနမိုက်(ယမ်းဘီလူး)လည်း လိုတယ်။ ရနိုင်သလောက် လိုချင်တယ်။ ကျွန်မအနေနဲ့ သေနတ်တွေရအောင် ကြံပေးနိုင်ပါတယ်။ ကျွန်မတို့ လူတချို့က ထွက်ပြေးလွတ်မြောက်လာပြီး အခု ဒီဘော့ဆွာနာနိုင်ငံထဲမှာ ရောက်နေကြတယ်ရှင့်။ သူတို့အနေနဲ့ တော်လှန်ရေးစစ်ပွဲတုန်းက လက်ကျန်သေနတ်တွေကို တောထဲမှာ ဝှက်ထားခဲ့ကြတယ်။
ဘယ်လို သေနတ်မျိုးတွေလဲ

သေနတ်ကတော့ ဘနားနားဂန်းလို့ခေါ်တဲ့ အမျိုးအစားပါပဲ။ ပြီတော့ လက်ပစ်ဗုံးတွေလည်း ရှိတယ်။ ဟုတ်လား အဲဒါ အေကေ-၄၇မောင်းပြန်သေနတ်တွေပဲ၊ သိပ်ကောင်းတာပေါ့။ ဒီမယ် ဆာရာ၊ မင်းက ဒီပွဲမှာ အဓိက ဇာတ်ဆောင်တစ်ယောက် ဖြစ်နေပြီကွဲ၊

ဆယ်လီသည် ခရိတ် စိတ်အားထက်သန်ပုံကို ကြည့်ပြီး စိုးရိမ်မကင်းဖြစ်လာလေသည်။

"ဘာလဲ ကျွန်မတို့နှစ်ယောက်တည်းနဲ့သွားတိုက်မှာလား။ ကျွန်မတို့နှစ်ယောက်နဲ့ တတိယတပ်မဟာတစ်တပ်လုံး ကို ရင်ဆိုင်တိုက်မလို့လား"

ဆယ်လီက မေးလိုက်ရာ ဆာရာက ဝင်၍ ပြောလေသည်။

"ကျွန်မလည်း လိုက်ခဲ့ပါ့မယ်။ ကျွန်မတို့အင်အားက သုံးယောက်ဖြစ်လာပြီရှင်"

ဆယ်လီလည်း သဘောကျသွားမိလေသည်။

"ဟုတ်ပြီ သုံးယောက်ဆိုတော့ ကျွန်မတို့ အင်အားတောင့်လာပြီပေါ့"

ဤတွင်ခရိတ်သည် စကြံလျှောက်နေရာမှ အမျိုးသမီးနှစ်ဦး၏ရှေ့တွင်လာရပ်၍ အစီအစဉ်ကို ပြောလေသည်။

"ကျုပ်တို့လုပ်ရမှာက နံပါတ်တစ် တူတီစခန်းရဲ့ အသေးစိတ်မြေပုံတစ်ခုဆွဲရမယ်။ အဲဒါအရေးကြီးတယ်"
ဆာရာနှင့်ဆယ်လီတို့က ဘာမှမပြောဘဲနေစဉ် ခရိတ်က ဆက်ပြောပြန်သည်။

"နံပါတ်နှစ်က ငါတို့ဟာ ဆာရာရဲ့မိတ်ဆွေတွေနဲ့သွားတွေ့ပြီး သူတို့ဘယ်လောက်ထိအောင် ကူညီနိုင်မယ်ဆိုတာ လေ့လာစုံစမ်းရမယ်။ နံပါတ်သုံးအစီအစဉ်ကတော့ ဆယ်လီက ဂျူဟာနစ္စာတော်မြို့ကို ရိုးရိုးခရီးသည်တင်လေယာဉ်နဲ့ လိုက်သွားပြီး စက်ဆနာလေယာဉ်ကို မောင်းယူလာခဲ့ရမယ်။ အဲဒါ ဘယ်လောက်ကြာမလဲ"
"သုံးရက်အတွင်း ပြန်ရောက်လာနိုင်တာပဲ။ ဒါက ကျွန်မသွားဖို့ ဆုံးဖြတ်မှနော်"

"အိုကေ ဟုတ်ပြီ။ ငါတို့ မြေပုံကို စဆွဲနိုင်ကြပြီ"

ဤသို့ပြောပြီးနောက် ခရိတ်သည် ဟိုတယ်ထမင်းစားခန်းမှ ဝိုင်အရက်တစ်ပုလင်းနှင့် အသားညှပ်ပေါင်မုန့်များ မှာယူလိုက်သည်။ ထို့နောက် သုံးယောက်သား ထိုင်၍မြေပုံဆွဲကြရာ သန်းခေါင်ကျော်၍ နှစ်နာရီပင်ထိုးသွားလေသည်။ ဆာရာက သူပြန်မည်၊ နံနက်စာစားချိန် ပြန်လာခဲ့ပါမည် ဟုဆိုကာ ထွက်သွားလေသည်။ ခရိတ်နှင့်ဆယ်လီတို့သည် စိတ်လှုပ်ရှားနေသဖြင့် အိပ်၍ မပျော်ကြချေ။

"လက်စသတ်တော့ တွန်ဂါတာဟာ ငှါကိုကာကွယ်ပေးခဲ့တာကိုး။ သူဟာ တောက်လျှောက် ငှါအကျိုးအတွက် ဆောင်ရွက်ခဲ့တယ်"

ခရိတ်ပြောလိုက်ရာ ဆယ်လီသည် ခရိတ်ရင်ခွင်ထဲသို့ တိုးဝင်လာရင်း

"တွန်ဂါတာအကြောင်း ကျွန်မကိုပြောပြပါဦးရှင့်"ဟု ခပ်တိုးတိုး ပြောလိုက်သည်။ ခရိတ်လည်း မာတာဘယ်လီခေါင်းဆောင် တွန်ဂါတာအကြောင်း အသေးစိတ် ပြောပြလိုက်သည်။

သူ၏ စကားအဆုံးတွင် ဆယ်လီက-

"ရှင် အခုလုပ်မယ့်အစီအစဉ်ကို တကယ်လေးလေးနက်နက် လုပ်တော့မှာလား"ဟုမေးရာ ခရိတ်က-
"တကယ် လေးလေးနက်နက် လုပ်မှာပေါ့ကွဲ့။ ဒါထက် မင်းကော ငါနဲ့အတူ လိုက်မှာလား"ဟု မေးလိုက်သည်။
"လုပ်ရမှာကတော့ အတော်ကို အန္တရာယ်များတယ်။ ဒါပေမဲ့ ရှင်ကိုယ်တိုင် ဦးဆောင်လုပ်နေမှတော့ ကျွန်မလည်း မနေခဲ့ဘူး။ ရှင်နဲ့အတူ လိုက်မှာပဲ"

အခန်း(၃၃)

ဆာရာနှင့်ခရိတ်တို့သည် လင်းရိုဇာကား၏စက်ဖုံးပေါ်သို့တက်ရပ်ပြီး တောင်ဘက်စူးစူးဆီသို့ငေးမျှော်ကြည့်နေ ကြလေသည်။ သဲကန္တာရမြေ၏ ကောင်းကင်ပြင်ကား အလွန်ကြည်လင်သာယာနေပေသည်။ ဤနေရာမှာ ဘော့ဆွာနာနိုင်ငံ အရှေ့မြောက်ပိုင်း လူနေအိမ်ခြေမရှိသော မြေရိုင်းဒေသတစ်နေရာပင် ဖြစ်သည်။ ဇင်ဘာဘွေနိုင်ငံနယ်စပ်သည် ထိုနေရာမှ အရှေ့စူးစူးကီလိုမီတာ သုံးဆယ်ခန့်အကွာတွင် တည်ရှိပေသည်။

မျက်စိတစ်ဆုံး မိုးကုပ်စက်ဝိုင်းဆီမှသစ်ပင်ငယ်များသည် ကြည့်နေရင်းရွှေ့လျားလှုပ်ရှားနေသည် ဟုထင်ရလေသည်။ ဤကား သဲကန္တာရဒေသများတွင် ကြုံတွေ့ရတတ်သော 'မီရပ်ချ်'ခေါ် 'တံလျှပ်ရေထင်'သည့်သဘော၊ မျက်စိလှည့်စားခြင်းတစ်ရပ်ပင်ဖြစ်သည်။ ရံဖန်ရံခါ လေပွေတိုက်ခတ်၍ ဖုန်တထောင်းထောင်းထပြီး ကောင်းကင်သို့ လွှင့်တက်လာသည်ကိုလည်း မြင်ရတတ်သည်။ မကြာမီ ကောင်းကင်တစ်နေရာမှ စက်ဆနာလေယာဉ်၏ အင်ဂျင်စက်သံကို ကြားရစပြုပြီးနောက် ဆာရာက-

"ဟောဟိုမှာ"ဟု ပြောရင်း ကောင်းကင်ကို ညွှန်ပြလိုက်လေသည်။

ခရိတ်သည် သဲပြင်ပေါ်တွင် ယာယီလေယာဉ်ကွင်းငယ်ပြုလုပ်ဖန်တီးထားရာဆီသို့ လှမ်းကြည့်လိုက်မိသည်။ စက်ဆနာလေယာဉ်ဆင်းသက်နိုင်ရန်အတွက်သူကိုယ်တိုင်ယာယီလေယာဉ်ပြေးလမ်းကြောင်းကိုပါ ဖန်တီးထားခဲ့သည်။ လေယာဉ်ပြေးလမ်းကြောင်း၏ဘေးနှစ်ဖက်တွင် လျှပ်စစ်မီးလုံးများထွန်းညှိ၍ လမ်းပြထားသည်။ ထို့အတူ ခရိတ်ကလည်း သူ၏ယာယီလေယာဉ်ကွင်း၌ အဝတ်စုတ်များ ရေနံစိမ်ပြီးမီးရှို့ထားကာ မီးလုံးများစီတန်းနေသယောင် ဖန်တီးလမ်းပြထားလေသည်။

ခရိတ်သည် တဖြည်းဖြည်းနီးကပ်လာသော လေယာဉ်ကိုလှမ်းမျှော်ကြည့်နေလေသည်။ လေယာဉ်မောင်းသူဆယ်လီက မြေပြင်သို့ဆင်းသက်ရန်အတွက် ပျံသန်းနှုန်းကိုလျှော့၍ ခပ်နိမ့်နိမ့်ဆင်းလာနေပြီ ဖြစ်သည်။

သူမသည် ယာယီလေယာဉ်ကွင်းငယ်ပေါ်မှ တစ်ခေါက်ဖြတ်၍ပျံသန်းကြည့်ပြီးမှ နောက်တစ်ချီတွင် လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ကျွမ်းကျင်စွာဆင်းသက်လိုက်သည်။ ခရိတ်လည်း လေယာဉ်ရပ်သွားသည်နှင့်ဆယ်လီထံသို့ ပြေးသွားလေသည်။

"မင်းသွားတာ ကြာလိုက်တာကွာ။ ပြန်မှ လာပို့မလားလို့"

ခရိတ် က ဆယ်လီ လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း ပြောလိုက်ရာ ဆယ်လီက ပြုံး၍-

"မကြာပါဘူးရှင့်၊ ကျွန်မသွားတာ ဒီနေ့ပါမှ သုံးရက်ပဲ ရှိသေးတယ်"ဟု ပြန်ပြောလေသည်။

"ဟာ...သုံးရက်သာဆိုတယ် ငှါစိတ်ထဲမှာ အကြာကြီးပဲ"

ပြောပြောဆိုဆို ခရိတ်သည်ဆယ်လီအား ယုယစွာနမ်းရှိုက်လိုက်သည်။ ထို့နောက် သူမ၏ခါးကို အသာဖက်၍ လင်းရိုဗာကားရှိရာသို့ ခေါ်သွားလေသည်။ ဆယ်လီက ကားနားတွင် စောင့်နေသည့် ဆာရာအား နှုတ်ဆက်ပြီးသောအခါ ခရိတ်က မော်တော်ကား၏အရိပ်တွင်နေကြသူ မာတာဘယ်လီ တိုင်းရင်းသားနှစ်ဦးနှင့် ဆယ်လီအား မိတ်ဆက်ပေးလိုက်သည်။

တိုင်းရင်းသားနှစ်ဦးလည်း ချက်ချင်းထိုင်ရာမှ ထလိုက်ကြသည်။

"ဟော့....ဆယ်လီ၊ ဟောဒါက ဂျိုနပ်စ်လို့ခေါ်တယ်၊ နောက်တစ်ယောက်ရဲ့နာမည်ကတော့ အာရွှန်တဲ့ကွဲ့။ နာမည်တွေမှတ်ထားပါ။ သူတို့က ငါတို့ကို လက်နက်တွေ မြုပ်ထားတဲ့နေရာကိုပြတဲ့အပြင် အစစအရာရာ ငါတို့ကို ကူညီနေသူတွေ ဖြစ်တယ်"

ခရိတ် က ဆယ်လီအား မိတ်ဆက်ပေးရင်း ရှင်းပြလိုက်သည်။

မာတာဘယ်လီအမျိုးသားနှစ်ဦးမှာ လူငယ်များဖြစ်ပြီး စကားနည်းသူများ ဖြစ်ကြလေသည်။ ခပ်အေးအေး နေတတ်သူများ ဖြစ်ဟန်တူသည်။ သို့သော် မျက်လုံးများက သူတို့သည် လျင်မြန်ဖျတ်လတ်သူများဖြစ်ကြောင်း ဖော်ပြသည့်အသွင် ဆောင်နေလေသည်။ မာတာဘယ်လီ အမျိုးသားနှစ်ဦးသည် (ခရိတ်ကြိုတင်ညွှန်ကြားထားချက်အရ) ချက်ချင်းပင်အလုပ်စလုပ်ကြလေတော့သည်။ လင်းရိုဗာကားနှင့် တင်ယူလာသော ဓာတ်ဆီ(၄၄)ဂါလန်ဝင် ပီပါနှစ်လုံးမှ ဓာတ်ဆီတွေကို စက်ဆနာလေယာဉ်၏ ဓာတ်ဆီတိုင်ကီများထဲသို့ ဖြည့်တင်းထည့်ပေး လိုက်ကြသည်။

ထိုအတောအတွင်း ခရိတ်က လေယာဉ်ပေါ်တက်၍ လေယာဉ်မှူး(ပိုင်းလော့)၏ ထိုင်ခုံနောက်မှ ခရီးသည် ထိုင်ခုံများကို ဖြုတ်ပစ်လိုက်သည်။ လေယာဉ်အတွင်း နေရာကျယ်ဝန်းပြီး ကုန်ပစ္စည်းများများ တင်နိုင်အောင်ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။ ထို့နောက် သူတို့သည် လေယာဉ်ပေါ်သို့ပစ္စည်းများတင်ကြလေသည်။ ဆယ်လီက လေယာဉ်၏ အလေးချိန် ညီညာမျှတစေရန် ပစ္စည်းတစ်ခုချင်းကို စစ်ဆေး၍ သင့်လျော်မည့်နေရာတွင်ချထားရန် ညွှန်ကြားလေသည်။ ပစ္စည်းအမျိုးအစား အရေအတွက်ကိုလည်း စနစ်တကျ ရေးမှတ်ထားလိုက်သည်။ လေယာဉ်ပေါ်တင်သည့် ပစ္စည်းများအနက် အလေးချိန်

အများဆုံးမှာ လက်နက်ခဲယမ်း(ကျည်ဆန်)များပင် ဖြစ်သည်။ ပွိုင့် ၇.၆ အမျိုးအစား ကျည်ဆန်ချည်း ရှစ်ထောင်ခန့်ရှိလေသည်။ ထိုကျည်ဆန်များကို ခရိတ်ကပလတ်စတစ်အိတ်များဖြင့် ခွဲ၍ထည့်ထားပြီးဖြစ်သည်။ ကျည်ဆန်များကို မြေကြီးထဲမြှုပ်၍ ဝှက်ထားခဲ့သည်မှာ ကြာပြီဖြစ်၍ အချို့ကျည်ဆန်များဆိုလျှင် သုံး၍မရလောက်အောင် ပျက်စီးချို့ယွင်းနေပြီ ဖြစ်သည်။ ထို့ကြောင့် ခရိတ်ကိုယ်တိုင် ကျည်ဆန်များကိုရွေးချယ်ကာ အချို့ကိုအစမ်းပစ်ကြည့်ပြီးမှ အကောင်းတွေ့ချည်း ရွေးထုတ်ထားခဲ့လေသည်။
ရိုင်ဖယ်သေနတ် အတော်များများသည်လည်း မြေကြီးထဲမြှုပ်ထားခြင်းနှင့် ရာသီဥတုဒဏ်ကြောင့် ပျက်စီးချို့ယွင်းနေပြီဖြစ်သောကြောင့် ခရိတ်က ယမန်နေ့ ညက တစ်ညလုံးလိုလို အချိန်ကုန်ခံ၍ သေနတ်များ ကို စီစစ်ရွေးချယ်ခဲ့ရသည်။

နောက်ဆုံးတွင် အခြေအနေအကောင်းဆုံး ရိုင်ဖယ်နှစ်ဆယ့်ငါးလက်ကို ရွေးချယ်လိုက်ရသည်။ သေနတ်ငယ်များအဖြစ် တိုကာရက်ဗ်အမျိုးအစား မောင်းပြန်ပစ္စတိုလ် သေနတ်နှစ်လက်ရရှိပြီး လက်ပစ်ဗုံးအပြည့်ပါသော သေတ္တာနှစ်လုံးလည်းရရှိခဲ့သည်။

ခရိတ်သည် လက်ပစ်ဗုံးများကိုလည်း သေချာစွာစစ်ဆေးပြီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လက်ပစ်ဗုံးနှစ်လုံးကို ခရိတ်က စမ်းသပ်ဖောက်ခွဲကြည့်ခဲ့သဖြင့် မူလရှိသော အရေအတွက် ငါးဆယ်အနက်မှ လေးဆယ့်ရှစ်လုံးသာကျန်ရှိလေသည်။ ထိုလက်ပစ်ဗုံးများကိုခရိတ်က'ကင်းဗတ်'အိတ်များဖြင့်ခွဲထည့်ထားသည်။
ခရိတ်သည် ကြိုတင်ပြင်ဆင်မှုများကို စေ့စပ်သေချာစွာ ပြုလုပ်သည့်အနေဖြင့် ဖရန်စစ္စကောင်မြို့မှ ဝယ်ယူပေးခဲ့သောပစ္စည်းများကိုလည်း တစ်ခုချင်း စစ်ဆေးကြည့်လေသည်။ ပစ္စည်းများတွင် သံဆူးကြိုးဖြတ်သော ပလာယာ(ကိရိယာ)များ၊ နိုင်လွန်ကြိုးခွေများ၊ ဓားများ၊ လက်နှိပ်ဓာတ်မီးများနှင့် ဘက်ထရီအပိုများ၊ ရေဘူးများစသည်ဖြင့် အလွန်စုံလင်များပြားလှပေသည်။ သူတို့အတွက် အသုံးဝင်မည့်ပစ္စည်း စုံနိုင်သလောက်စုံအောင် ကြိုးစား၍စုဆောင်းပြီး ယူလာခဲ့ခြင်းဖြစ်သည်။

ဆရာမကလေးဆာရာကိုလည်း အရေးပေါ်ဆေးဝါးကုသပေးရန် 'ဆေးတပ်ကြပ်'သဘောမျိုး ခရိတ်က တာဝန်ပေးလိုက်သည်။ သူမအတွက် ရှေးဦးသူနာပြုလုပ်နိုင်ရန် ဆေးသေတ္တာတစ်လုံးကိုပါ ဝယ်ယူလာ ခဲ့လေသည်။

စားနပ်ရိက္ခာအနေဖြင့်လည်း ပေါ့ပေါ့ပါးပါးနှင့် သယ်ရယူရလွယ်ကူမည့် အစားအစာများကိုသာရှာဖွေ၍ ဝယ်ယူလာခဲ့လေသည်။ ဇိမ်ခံစားသောက်ဖွယ်မျိုးတွေမယူဘဲ အဓိကအားဖြင့် အာဟာရဖြစ်ရန်သာ ရည်ရွယ်လျက် ပြောင်းဖူးမုန့်များ၊ ပြောင်းဆန်များနှင့် ဆား စသည်တို့ကိုသာ ပလတ်စတစ်အိတ်များဖြင့် လုံခြုံစွာထုတ်ယူလာခဲ့သည်။

"ကဲ..တော်လောက်ပြီ။ နောက်ထပ်ပစ္စည်းတင်ရင် လေယာဉ်မြေပြင်ပေါ်ကလုံးလုံးကြွတက်မှာမဟုတ်ဘူးရှင့်။ ကျန်တဲ့ပစ္စည်းတွေကိုတော့ နောက်တစ်ခေါက်မှပဲ သယ်မှဖြစ်မယ်"

ဆယ်လီ က ပစ္စည်းများ လေယာဉ်ပေါ်တင်နေခြင်းကို ရပ်ခိုင်းလိုက်သည်။

ညမှောင်သွားသောအခါ သူတို့သည် မီးပုံတစ်ခုဖို၍ မီးပုံဘေးနားတွင်ထိုင်ကာ ဂျူဟာနစ္စဘက်မြို့မှ ဆယ်လီဝယ်ယူလာသော အမဲသားဟင်းနှင့် လတ်ဆတ်သော သစ်သီးများကို စားသောက်ကြလေသည်။
"ကဲ...အားလုံး အားရပါးရ စားကြပါ။ နောက်ထပ် ဒီအစားကောင်းမျိုး ဘယ်တော့မှ စားရမယ်ဆိုတာ မပြောနိုင်ဘူး"

ဆယ်လီကပင် အားလုံးကို မြိန်ရေရှက်ရေ စားခိုင်းလေသည်။

စားသောက်ပြီးကြသောအခါ ခရိတ်နှင့်ဆယ်လီတို့သည် ညအိပ်ရန်စောင်များယူ၍ မီးပုံမှ ခပ်ဝေးဝေးနေရာသို့ အိပ်ရန်သွားကြလေသည်။ သဲကန္တာရပေဖြတ်သန်းတိုက်လာသော လေကမအေးဘဲပူနွေးနေရာ သူတို့သည် လရောင်အောက်တွင် အဝတ်အစားများချွတ်၍ စောင်တစ်ထည်စီသာ ခြုံထားလိုက်ကြသည်။ ထိုညအဖို့ ချစ်သူနှစ်ဦး ချစ်တင်နှီးနောကြရင်း အနာဂတ်ကာလ ကံကြမ္မာမည်သို့လာမည်ကို တွေးနေ မိကြသည်။

နံနက်အရုဏ်မတက်မီ သူတို့သည် အိပ်ရာမှထ၍ မှောင်မှောင်မည်းမည်းနှင့်ပင် နံနက်စာ စားကြလေသည်။ ဂျူးနပ်စ်နှင့်အာရွန်အမည်ရှိ မာတာဘယ်လီ အမျိုးသားနှစ်ဦးအား လင်းရိဗာကားတွင် အစောင့်ထားခဲ့ပြီး ခရိတ်နှင့်ဆာရာတို့ကိုခေါ်ကာ ဆယ်လီသည် လေယာဉ်ပြေးလမ်းဆီသို့ စတင်မောင်းထွက်လေသည်။
"အခုချိန်က စပြီး ဇင်ဘာဘွေနယ်စပ်ကို ဦးတည်သွားကြမယ်။ မှန်တာပြောရရင် ကျွန်မဖြင့် ဒီကိစ္စမှာ ဝင်ပါမယ်သာပါနေတာ၊ မလုပ်စဖူးအလုပ်မျိုး လုပ်နေတာကို ကိုယ့်ဘာသာကိုယ်တောင် ယုံနိုင်စရာမရှိသလို စိတ်ထဲ ခံစားမိတယ်"

ဆယ်လီက ပြောရင်း လေယာဉ်ကို စက်ရှိန်မြှင့်၍ မောင်းတက်လိုက်သည်။ လေယာဉ်ပေါ်တွင် မောင်းသူ(ပိုင်းလော့)ထိုင်ခုံမှလွဲ၍ ထိုင်ခုံတစ်ခုမှမရှိတော့သဖြင့် ခရိတ်သည် လက်နက်ခဲယမ်းထည့်ထားသည့်အိတ်များပေါ်တွင် ထိုင်လိုက်ရပြီး ဆာရာကလည်း သူ၏နောက်မှ ထိုင်လိုက် ရလေသည်။ ဆယ်လီသည် သူ၏ပေါင်ပေါ်တွင် ဖြန့်ချထားသောမြေပုံကို ကြည့်ရင်းမြေပြင်မှ အမှတ်အသားများကို သတိပြုကာ လေယာဉ်ကို မောင်းနှင်သွားလေသည်။ ဝပ်ကိုအမည်ရှိ သတ္တုတွင်းလုပ်ငန်းများရှိရာ မြို့ကလေး၏ တောက်ဘက်မီးရထားလမ်းကို ဖြတ်ကျော်သွားပြီးနောက် ဟိုင်းဝေးလမ်းမကြီးကို ကောင်းကင်မှ ထင်ရှားစွာမြင်ရလေသည်။ သို့သော် မြေပြင်မှရှုခင်းသည် လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။

ခရိတ်သည်လည်း မြေပြင်ကိုသေချာစွာလေ့လာကြည့်ရင်းလိုက်ပါလာလေသည်။ ဟိုင်းဝေးလမ်းမကြီးကို ဖြတ်ကျော်သွားပြီးနောက် မကြာမီ ကုန်တင်ကားကြီးတစ်စီး မောင်းနှင်သွားနေသည်ကို မြင်ရလေသည်။

"ဒီဒေသမှာ လေယာဉ်ငယ်တွေ တော်တော်များများ ပျံသန်းသွားလာတတ်တယ်လို့ သိရတယ်ရှင့်။ ကျွန်မတို့ အခုသွားမယ့်နေရာကို နောက်မိနစ်လေးဆယ်လောက်ကြာရင် ရောက်ပါလိမ့်မယ်"

ဆယ်လီက လေယာဉ်မှူး၏တာဝန်အရ ကြေညာလိုက်လျှင် ခရိတ်သည် အစီအစဉ်များကို ထပ်ပြောလေသည်။

"ငါတို့ရဲ့အစီအစဉ်ကို တစ်ခေါက်ထပ်ပြီးပြောပါ့မယ်။ ဆယ်လီက ငါနဲ့ဆာရာတို့ကိုချပြီးတာနဲ့ချက်ချင်း လေယာဉ်မောင်းထွက်ရမယ်။ ငါတို့စထွက်ခဲ့တဲ့နေရာမှာပဲပြန်ဆင်းပြီးဒုတိယအခေါက်အတွက်ဓါတ်ဆီထပ်ဖြည့်ရင်း ပစ္စည်းတွေလေယာဉ်ပေါ်တင်ရမယ်။ ဒီနေ့ကစပြီး နောက်နှစ်ရက်ကြာရင် မင်းပြန်လာခဲ့ရမယ်။

မြေပြင်ကနေပြီး အချက်ပြတာတွေ ဘာတွေ လုပ်မနေတော့ဘူး။ နောက်ထပ် နှစ်ရက်စောင့်ပြီးရင် နောက်ဆုံးအခေါက် ပြန်လာရမယ်။ ဒုတိယအခေါက်လာတဲ့အခါ မြေပြင်ကမီးပုံရှို့ပြီး မီးခိုးနဲ့အချက်ပြတာတွေ့ရင်တော့ မင်းက ချက်ချင်းပြန်လှည့်မောင်းထွက်ပြေးပေတော့။ နောက်ထပ်လည်း လုံးဝမလာပါနဲ့" ဆယ်လီသည် ခရိတ်၏ လက်တစ်ဖက်ကို ညင်သာယုယစွာ ဆုပ်ကိုင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မဆီကိုရောက်အောင် ဆက်ဆက်ပြန်လာခဲ့ပါ ဒါလင်ရယ်"

ဆယ်လီက အလွန်ချစ်မြတ်နိုးဟန်ဖြင့်ပြောလိုက်ရာ ခရိတ်လည်းစိတ်ထဲကြည်နူးပီတိဖြစ်လျက် သူမ၏လက်ကို ခပ်ကြာကြာ ဆုပ်ကိုင်ထားလိုက်သည်။

"ဟော....ဟိုမယ် ကြည့်စမ်း"

ဆယ်လီကပြောလိုက်၍ အောက်သို့လှမ်းကြည့်လိုက်သောအခါ ကျယ်ပြန့်သော အညိုရောင်မြေပြင်တွင် ချဏရီမြစ်ကို သစ်ပင်များကြားမှ မြင်နေရလေသည်။

"ဇမ်ဘေဇီမြစ်ရေများစခန်းကို ရောက်လာပြန်ပြီပေါ့"

ဆယ်လီက ပါးစပ်မှ ရေရွတ်လိုက်မိသည်။

တစ်ချိန်က သူတို့ကိုယ်တိုင် ပင်ပန်းကြီးစွာတည်ဆောက်ခဲ့သော ခရီးသည်များအတွက် စခန်းများရှိရာသို့ ရှောင်ကွင်း၍ မောင်းနှင်ပျံသန်းလေသည်။ ထိုအချိန်၌ ခရိတ်နှင့်ဆယ်လီတို့ နှစ်ဦးစလုံး၏ စိတ်ထဲ၌ ဤဒေသနယ်မြေကို သတိရလွမ်းဆွတ်သလို ခံစားနေကြရလေသည်။ ဆယ်လီသည် လေယာဉ်ကို တဖြည်းဖြည်း နိမ့်သည်ထက်နိမ့်အောင်ပျံသန်းရာ သစ်ပင်ထိပ်ဖျားလွတ်ရုံ အလွန်နိမ့်လာပြီဖြစ်သည်။ ထို့နောက် သူမသည် လေယာဉ်ကို စက်ဝိုင်းသဏ္ဌာန် ပြန်ကွေ့မောင်း လေသည်။

"ဟာဟိုမှာ ကြည့်စမ်းဟော့"

ခရိတ်ကပြောရင်း ညွှန်ပြလိုက်သည်။ အောက်သို့ ငုံ့ကြည့်သောအခါ မြေပြင်တွင် မှောင်ခိုတရစ္ဆာန်ခိုး သတ်သူများလက်ချက်ဖြင့် သေဆုံးသွားသော ကြံ့သတ္တဝါများ၏ အရိုးစုများကို မြင်ရလေသည်။ ထိုနေရာတွင် လေယာဉ်ဆင်းသက်ရမည်ဖြစ်ရာ ဆယ်လီသည် ဆင်းသက်ရန် ပြင်ဆင်လေသည်။ အင်ဂျင်စက်ရှိန်လျော့လိုက်သောအခါ ကုန်ပစ္စည်းတွေ အဆမတန်တင်ထားသော အလေးချိန်ကြောင့် လေယာဉ်သည် မငြိမ်ဘဲ အနည်းငယ်လူးလေသည်။

သို့ရာတွင် လေယာဉ်မောင်း အတတ်ပညာ အလွန်ကျွမ်းကျင်သူ ဆယ်လီက အောင်မြင် ချောမောစွာပင် ဆင်းသက်နိုင်လေသည်။ သည်တော့မှ ဆယ်လီသည် ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

"ဘုရားသခင် တန်ခိုးတော်ကြောင့် တော်ပါသေးရဲ့"

ဖရန်စစ္စတောင်းမြို့မှ ခရိတ်ဝယ်ယူလာသောပစ္စည်းများတွင် သစ်ပင်ငယ်များကိုနေရောင်ခြည်အပူရှိန်မှ ကာကွယ်ရန်ဖုံးအုပ်သည့် နိုင်လွန်ပိုက်များလည်း ပါလာလေရာ လေယာဉ်ပေါ်မှပစ္စည်းများကို မြန်မြန်သယ်ချပြီးနောက် စုပုံ၍နိုင်လွန်ပိုက်ဖြင့် ဖုံးအုပ်ထားလိုက်ကြသည်။

အားလုံးပြီးစီးသောအခါ ခရိတ်နှင့် ဆယ်လီတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြလေသည်။
"ကျွန်မတော့ ပြန်သွားရမှာကို မသွားချင်ဘူးရှင့်"

"ဟုတ်ပါတယ်၊ ငါကလည်း မင်းကိုမသွားစေချင်ပါဘူး။ "ဒါပေမယ့် အခြေအနေအရ မသွားလို့မဖြစ်ဘူး။ ကဲ... မြန်မြန်သာ သွားပေတော့"

ခရိတ်က ပြောရင်း ဆယ်လီအား နမ်းရှုပ်နှုတ်ဆက်လေသည်။

လူချင်းခွာလိုက်ပြီးနောက်ဆယ်လီသည်လေယာဉ်ပေါ်သို့ပြန်တက်ကာမောင်းထွက်လေသည်။ မကြာမီ လေယာဉ်ငယ်သည် မြေပြင်မှကြွတက်လာကာ ကောင်းကင်တွင်ချာမောစွာ ပျံသန်းလေသည်။ ခရိတ်သည် ကောင်းကင်မှ လေယာဉ်ကို မျက်စိတစ်ဆုံးကြည့်နေပြီး လုံးဝပျောက်ကွယ်သွားတော့မှသာ ရိုင်ဖယ်သေနတ်တစ်လက်ကို ကောက်ယူ၍ ကျောပိုးအိတ်ကိုလည်း ပခုံးတွင်လွယ်လိုက်ပြီးနောက် ဆရာမကလေးဆာရာအား လှမ်းကြည့်လိုက်သည်။

သူမက စားသောက်ဖွယ်များနှင့် ရေဘူးများကိုကိုင်ထားပြီး ပစ္စတိုလ်သေနတ်တစ်လက်ကို ခါးတွင်ထိုးထားလေသည်။
"ဘယ့်နယ်လဲ သွားဖို့ အဆင်သင့်ပဲလား"

ခရိတ်ကမေးလိုက်လျှင် ဆာရာကခေါင်းညိတ်ပြလိုက်ပြီး ခရိတ်သွားရာနောက်မှ လိုက်လျှောက်လေသည်။ ခရိတ်က ခပ်သွက်သွက် လျှောက်သွားသဖြင့် ဆာရာသည် နောက်မှမီအောင် ကြိုးစား၍လိုက်လျှောက်ရသည်။

နှစ်ယောက်သား လျှောက်သွားကြရင်း မွန်းလွဲပိုင်းတွင် သူတို့သည် တောင်ပူစာတစ်ခုသို့ရောက်သွားကြလေသည်။ တောင်ပူစာ၏ထိပ်ပေါ်သို့တက်၍ ကြည့်လိုက်သောအခါ မြစ်ကမ်းနံဘေးရှိ ဇမ်ဘေဇီမြစ်ရေများစခန်း အဆောက်အအုံများကို လှမ်းမြင်ရလေသည်။ ဤနေရာသည် အလွန်အန္တရာယ်ရှိကြောင်း ခရိတ်ကတွက်မိလေသည်။ သို့သော် မီးခိုးနှင့် အချက်ပြရန် မီးဖိုတစ်ခု မီးမွှေးလိုက်သည်။

ထို့နောက် နှစ်ယောက်စလုံး တောနားရှိ ချုံပုတ်များကြားတွင် ဝင်ပုန်းနေလိုက်သည်။ အကယ်၍ ရန်သူတစ်စုံတစ်ယောက် မမျှော်လင့်ဘဲ ရောက်လာပါက ချုံခိုတိုက်ခိုက်နိုင်ရန် ဝင်ပုန်းနေလိုက်ခြင်း ဖြစ်သည်။ ခရိတ်နှင့် ဆာရာတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားလည်းမပြော၊ လှုပ်ရှားခြင်းလည်းမပြုဘဲ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေကြရာ အချိန်သုံးနာရီခန့် ကြာသွားလေသည်။

သူတို့၏ မျက်လုံးများကသာ ပတ်ဝန်းကျင်ကို သတိထားကြည့်နေကြသည်။

ယင်းသို့ အထူးသတိထားနေသည့်ကြားမှပင် သူတို့သည် အံ့အားသင့်သွားကြရလေသည်။

အလွန်နီးကပ်လာသောနေရာမှဘာမှမမြင်ရဘဲ မာတာဘယ်လီဘာသာဖြင့် တစ်စုံတစ်ယောက်စကားပြော လိုက်သောကြောင့်ပင် ဖြစ်သည်။

"အို...ကူဖီလာ၊ သင်သည် ငါတို့အတွက် ငွေယူလာပို့ပေးခြင်းပေလား"

သည်တော့မှ ခရိတ်လည်း အသံကိုမှတ်မိပြီး မရေးမနှောင်းမှာပင် မလှမ်းမကမ်းရှိ ချုံပုတ်အတွင်းမှ ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်၏မျက်နှာကို သတိပြုမိလေသည်။

"အို...အသင် ကူဖီလာ၊ ကျွန်ုပ်တို့အား သင်သည် လုံးဝမေ့သွားပြီဟု ထင်ခဲ့မိသည်"

ရဲဘော်လွတ်ကောက်ကပြောရင်း ချုံပုတ်ထဲမှထွက်ကာ ခရိတ်တို့နှင့် ခြေလှမ်းဆယ်လှမ်းမျှကွာသည့် နေရာသို့ ချဉ်းကပ်လာလေသည်။

ခရိတ်ကလည်း တည်ကြည်လေးနက်သော ဣန္ဒြေဖြင့်-

"အို...အသင်ရဲဘော်လွတ်ကောက်၊ ယခုလာရခြင်းမှာ သင်တို့အားငွေပေးရန်လာခြင်းမဟုတ်၊ သင်တို့ငွေတစ်ပြားမှ ရမည်မဟုတ်။ သင်တို့သည် ယခု အချိန်မှစ၍ အလွန်ပင်ပန်းပြီး အန္တရာယ်များလှသော လုပ်ငန်းများကိုသာ လုပ်ရချေတော့မည်ဖြစ်၏"ဟု ပြောလိုက်လေသည်။

ရဲဘော်လွတ်ကောက်နှင့်အတူ မာတာဘယ်လီ ပြောက်ကျားသုံးဦးတို့လည်း ပါလာကြလေသည်။ ထိုသုံးဦးစလုံးမှာ ကျန်းမာသန်စွမ်းပြီး ကြောက်စရာကောင်းသော အသွင်သဏ္ဌာန်ရှိကြသည်ကို ခရိတ်က သတိပြုမိသည်။ သူတို့သည်မီးပုံမှမီးများ လုံးဝမကြွင်းကျန်တော့သည်အထိ ငြိမ်းသတ်လိုက်ကြသည်။ ပြီးနောက်ဆက်သွားကြရမည့်လမ်းတွင် ရန်သူတပ်သားများ ခိုအောင်းခြင်း ရှိမရှိလေ့လာရန် ရှေ့ပြေးကင်းထောက်အဖြစ် ထွက်သွားကြလေသည်။

ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်က ခရိတ်အား ရှင်းပြလေသည်။

"ယခု ငါတို့ဆက်သွားကြမှ ဖြစ်မည်။ ဤနေရာကဲ့သို့ အကာအကွယ်မရှိသော နေရာမျိုးတွင်ဆိုလျှင် ရှိုနာစစ်သားများ အမဲလိုက်ခွေးများလို ငါတို့နောက်သို့ တကောက်ကောက် အနံ့ခံလိုက်လာ ကြမည် ဖြစ်သည်။ သင်နှင့်ငါတို့ နောက်ဆုံးတွေ့ခဲ့သည့်နောက်ပိုင်း ငါတို့လူအတော်များများ ဆုံးရှုံးခဲ့ရပြီဖြစ် သည်။ ရဲဘော်ဒေါ်လာပင်လျှင် ရန်သူက ဖမ်းသွားလေပြီ"

"မှန်ပါဇာ။ ကျွန်ုပ် ရဲဘော်ဒေါ်လာအကြောင်း သိပြီးဖြစ်သည်"

ခရိတ်ကဤသို့ပြောလိုက်ခြင်းမှာ သူကိုယ်တိုင်ရဲဘော်ဒေါ်လာအားမြင်ခဲ့ရသောကြောင့်ပင်ဖြစ်သည်။ ဒေါ်လာခမျာ ထိုညက ကင်းလင်းစခန်းတွင် ခရိတ်အားအပြစ်ရှိကြောင်း ရန်သူဘက်မှသက်သေ ထွက်ဆိုခဲ့ပုံကိုလည်း ကောင်းစွာမှတ်မိပေသည်။ ရဲဘော်ဒေါ်လာသည် ရှိုနာစစ်သားများက ရိုက်နက် ညှဉ်းပန်း၍ အတင်းထွက်ဆိုခိုင်းသောကြောင့် မိမိအားဆန့်ကျင်လျက် သက်သေထွက်ဆိုခဲ့ရကြောင်း ကိုလည်း ခရိတ်သိပေသည်။ သို့နှင့်ပင် သူတို့သည် ညမှောင်စပြုချိန်မှစ၍ နှစ်နာရီခန့် ဆက်တိုက် လျှောက်သွားကြလေသည်။

မြစ်ကြီး၏ ကမ်းခြေတစ်လျှောက် သစ်ပင်ဝါးပင်များ၏ အကာအကွယ်ကို သူက သွားကြခြင်းဖြစ်လေ သည်။ သူတို့သွားသည့်လမ်းတွင် ဘေးရန်မရှိအောင်လည်း ရှေ့ပြေးကင်းအဖြစ်သွားနှင့်သူ ရဲဘော် သုံးဦးတို့က ကြိုတင် လမ်းရှင်းပေးပြီးဖြစ်၍ အနောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရချေ။ နောက်ဆုံး တွင် သူတို့သည် မာတာဘယ်လီ တိုင်းရင်းသားတို့၏ လှုပ်ရှားပြောက်ကျားစခန်းသို့ ရောက်သွား ကြသည်။
ထိုအချိန်၌ စခန်းတွင် အမျိုးသမီးများက စားသောက်ဖွယ်များ ချက်ပြုတ်နေကြရာ အမျိုးသမီးတစ်ဦး သည် ဆာရာကိုမြင်လျှင်မှတ်မိပြီး ဝမ်းသာအားရပြော၍ ဖက်ရာလေသည်။

"ဒီအမျိုးသမီးက ကျွန်မအဒေါ်ရဲ့ သမီးအငယ်ဆုံး ဖြစ်ပါတယ်"

ဆာရာက ခရိတ်အား ရှင်းပြလေသည်။ ခရိတ်သည် ဆာရာနှင့် စကားပြောရာတွင် အင်္ဂလိပ်စကား လုံးဝမပြောဘဲ မာတာဘယ်လီဘာသာဖြင့်သာ ပြောလေသည်။ ပြောက်ကျားစခန်းမှာ နေချင့်စဖွယ် ကောင်းမွန်သပ်ရပ်သည့် နေရာမျိုးမဟုတ်ဘဲ ရေခန်းခြောက်သွေ့နေသော ချောင်းတစ်ခု၏ ကမ်းပါး တွင် မြေကြီးကိုတူးကာ အပေါ်၌ပေါက်နေသော သစ်ပင်များ၏ သစ်ကိုင်းသစ်ခက်များ၏ အကာ အကွယ်ကို ယူထားလေသည်။

စခန်းရှိလူများအဖို့ ဇိမ်ခံပစ္စည်းအသုံးအဆောင်ဆို၍ဘာမှမရှိ။ လူတိုင်းလူတိုင်း၏ ကိုယ်ပိုင်ပစ္စည်းများ ကလည်း အရေးရှိလျှင် ကျောပိုးအိတ်ထဲထည့်၍ လွယ်ပြေးနိုင်အောင် အနည်းငယ်မျှသာလျှင် ရှိကြလေသည်။ ရဲဘော်လွတ်ကောက်သည် ခရိတ်အား အစီအစဉ်ကို ရှင်းပြလေသည်။

"ငါတို့သည် တစ်နေရာတည်း ကြာကြာနေခြင်းမှာ မသင့်။ ရှိုနာစစ်သားများက မြေပြင်မှ ငါတို့၏ လှုပ်ရှားမှုကို ကောင်းကင်မှ လေယာဉ်ဖြင့် လိုက်ရှာကြည့်ပါက မြင်သွားနိုင်သည်။ အန္တရာယ်ရှိသည်။ ရန်သူအနေဖြင့် ငါတို့၏ခြေရာများကို လိုက်ကြည့်ခြင်းအားဖြင့် ငါတို့သွားရန်လမ်းကို သိရှိနိုင်သည်။ ထို့ကြောင့် ငါတို့သည် တစ်နေရာတည်း ကြာကြာမနေသင့်။ ယခု မကြာမီ ခရီးဆက်သွားကြမှ သင့်ပေမည်"
ထိုအတောအတွင်း စခန်းရှိ အမျိုးသမီးများက စားသောက်ဖွယ်ရာများယူလာပြီး တည်ခင်းဧည့်ခံကြရာ ခရိတ်သည် အစားအစာများကိုမြင်တော့မှ သူမည်မျှ ဆာလောင်မွတ်သိပ်ကြောင်း သိရတော့သည်။ မစားမီ ခရိတ်သည် သူ၏ ကျောပိုးအိတ်ထဲမှ စီးကရက်ဘူးများ ထုတ်ယူ၍ ပြောက်ကျားရဲဘော်များအား ဝေငှပေးလိုက်သည်။ မာတာဘယ်လီ တိုင်းရင်းသားရဲဘော်များ ပထမဆုံးအကြိမ် ဖျော်ရွှင်စွာ ပြုံးနေကြသည်ကိုလည်း ခရိတ်က သတိပြုမိသည်။

ပြောက်ကျားရဲဘော်များက စီးကရက်တစ်လိပ်တည်းကိုမီးညှိပြီး တစ်ယောက်တစ်လှည့်စီ လက်ဆင့်ကမ်းလျက် ဖွာနေကြပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းပေသည်။

"သင်တို့၏အဖွဲ့တွင် လူအင်အား မည်မျှရှိပါသနည်း"

ခရိတ်က မာတာဘယ်လီဘာသာဖြင့် မေးလိုက်ရာ ရဲဘော်လွတ်ကောက်က စီးကရက်သောက်နေရာမှ-
"ငါတို့အဖွဲ့တွင် အင်အားနှစ်ဆယ့်ခြောက်ယောက် ရှိပါ၏။ သို့သော် စခန်းမှ မနီးမဝေးတွင် အခြားတပ်ဖွဲ့တစ်ဖွဲ့ရှိပါသေးသည်"ဟု ပြန်ဖြေလေသည်။ ခရိတ်သည် ပြောက်ကျားရဲဘော် နှစ်ဆယ့်ခြောက်ဦးနှင့်ပင် လုံလောက်ပြီဟု တွက်မိသည်။ အထူးသဖြင့် ရန်သူက လုံးဝမရိပ်မိဘဲ အလစ်တွင်ဝင်စီးနိုင်ပါက အလွန်ကောင်းမည်ဟုလည်း စဉ်းစားမိလေသည်။

အစားအစာများစားရန် အချိန်တန်လာသဖြင့် သူတို့သည် ရှိသမျှအစားအစာများကို (ခရိတ်အဖို့ ဖွန်းခက်ရင်းမပါဘဲ)လက်ဖြင့်စားသောက်ကြလေသည်။ စားသောက်ပြီးသောအခါ ရဲဘော်လွတ်ကောက်က စီးကရက်တစ်လိပ်ကို မျှဝေသောက်ကြရန် သဘောတူခွင့်ပြုပြီး ခရိတ်နှင့်ဆက်စကားပြော

လေသည်။
"အို...အသင် ကူဖီလာ၊ ငါတို့အတွက် အလုပ်ရှိသည်ဟု သင်ပြောခဲ့သည် မဟုတ်လော"

"ဟုတ်ပါ၏၊ အို...အသင်ရဲဘော် လွတ်ကောက် သင်တို့၏ ခေါင်းဆောင်ဖြစ်သူ ဝန်ကြီးတွန်ဂါတာသည် ယခုအခါ ရှိုနာလူမျိုးတို့လက်ဝယ် အကျဉ်းသားဖြစ်နေပေပြီ"

ခရိတ်က မာတာဘယ်လီဘာသာဖြင့်ပင် ပြန်ပြောလိုက်ရာ ရဲဘော် လွတ်ကောက်သည် အလွန်စိတ်မကောင်း ဖြစ်သွားဟန်တူသည်။

"ဤသတင်းကား အလွန်ဆိုးလှ၏။ မာတာဘယ်လီလူမျိုးတို့၏ နလုံးသားကို ချွန်ထက်သောမားဖြင့် ထိုးစိုက်ခံရသည်နှင့်တူ၏။ သို့ရာတွင် ဤသတင်းကို ကျုပ်တို့သိနေပြီဖြစ်၏။ သင် ကူဖီလာက ကျုပ်တို့သိပြီးသား သတင်းကိုပြောရန် လာခြင်းဖြစ်သလော"

"သင်တို့မသိသေးသောသတင်းကို ကျွန်ုပ်ယခုပြောပါမည်။ ဝန်ကြီးတွန်ဂါတာသည် အသက်ထင်ရှားရှိလျက် တူကီအကျဉ်းစခန်းတွင် ရှိုနာလူမျိုးတို့ ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ခံနေရရှာပါ၏"

"အလို တူတီစခန်း"

ရဲဘော်လွတ်ကောက်က အံ့အားသင့်စွာဖြင့်ရေရွတ်လိုက်ချိန်တွင် ကျန် မာတာဘယ်လီတိုင်းရင်းသားများသည်လည်း အလွန်စိတ်လှုပ်ရှားလာကာ အားလုံးတစ်ပြိုင်နက်စကားပြောကြရန် ကြိုးစားကြလေတော့သည်။
"အို...အသင် ကူဖီလာ၊ သင်သည် ဤသတင်းကို မည်သည့်နည်းဖြင့် သိခဲ့ရလေသနည်း"

တစ်ယောက်က ဤသို့မေး၍ မဆုံးသေးမီ နောက်တစ်ယောက်က-

"သူ့အား သတ်ပစ်လိုက်ပြီဟု ကျွန်ုပ်တို့ကြားခဲ့ရသည်"ဟု ဝင်ပြောလေသည်။

တစ်ဖန် နောက်တစ်ယောက်ကလည်း-

"ဤသတင်းမဟုတ်နိုင်။ မိန်းမတို့၏ အတင်းအဖျင်း စကားသာလျှင် ဖြစ်တန်ရာ၏"ဟု ပြောပြန်သည်။ ထိုအခါ ခရိတ်က အမျိုးသမီးများ စုထိုင်နေရာဘက်သို့ လှမ်း၍-

"ဟော့...ဆာရာ၊ ခဏလာစမ်းပါဦးကွဲ့"ဟု လှမ်းခေါ်လိုက်သည်။ ဆာရာလည်း သူတို့ရှိရာအနီးသို့ ချဉ်းကပ်လာရာ ခရိတ်က သူမအား ညွှန်ပြလျက်-

"သင်တို့ ဤအမျိုးသမီးကို သိကြပါ၏လော"ဟု မေးလိုက်သည်။

ထိုမေးခွန်းကို မာတာဘယ်လီလူမျိုး သုံးဦးက တစ်ပြိုင်နက် ဖြေကြလေသည်။

"သူမသည် ကျွန်ုပ်ဇနီး၏ ညီမဝမ်းကွဲ ဖြစ်ပါ၏"

"သူမသည် တူတီမစ်ရှင်ကျောင်းမှာ ဆရာမတစ်ဦးဖြစ်၍ ကျွန်ုပ်တို့သိပါ၏"

"သူမသည် ကျွန်ုပ်တို့၏အဖွဲ့ဝင် ရောင်းရင်းတစ်ဦးပင် ဖြစ်ပါ၏"

သည်တော့မှ ခရိတ်က ဆာရာအား လှမ်း၍ အမိန့်ပေးလိုက်သည်။

"ကဲ...ဆာရာ သူတို့ကို ပြောပြလိုက်စမ်း"

ဆာရာလည်း မာတာဘယ်လီဘာသာဖြင့် အကျိုးအကြောင်းကိုပြောပြလိုက်သည်။ သူမအနေဖြင့် တွန်ဂါတာနှင့် နောက်ဆုံးတွေ့ဆုံခဲ့ရပုံအကြောင်းကအစ ပြောပြချိန်တွင် မာတာဘယ်လီပြောက်ကျား ရဲဘော်တို့သည် ဆိတ်ငြိမ်စွာဖြင့် နားထောင်နေကြရာ သူတို့၏မျက်လုံးများက စူးရှ တောက်ပြောင်လျက် အထူး စိတ်ဝင်စားသည့်အသွင် ဆောင်နေလေသည်။ ဆာရာ၏ စကားဆုံးသွားသောအခါ တွင်လည်း သူတို့သည် မည်သို့မျှမပြောဘဲ ဆိတ်ဆိတ်နေကြ လေသည်။ ဆာရာလည်း လျင်မြန်စွာ ထ၍ အမျိုးသမီးအုပ်စုရှိရာဘက်သို့ ပြန်လျှောက်ထွက်သွားလေသည်။

ဤတွင် ရဲဘော်လွတ်ကောက်သည် သူ၏ လူတစ်ယောက်အား လှမ်းကြည့်လိုက်သည်။

"အို...အသင်၊ သင် ပြောပေလော့"

ယင်းသို့စကားပြောရန် ပထမဆုံးရွေးချယ်ခံရသူမှာ လူငယ်တစ်ဦးဖြစ်လေသည်။ အသက်အငယ်ဆုံး ပင်ဖြစ်သည်။ သူပြောပြီးမှသာ ကျန်လူများက ဝါစဉ်အလိုက် ကြီးသူတွေကနောက်ဆုံးမှ တစ်ယောက် ပြီးတစ်ယောက်တစ်လှည့်စီ ဆက်ပြောခွင့်ရကြမည်ဖြစ်သည်။

ဤကား မာတာဘယ်လီလူမျိုးတို့၏ ရှေးရိုးရာအစဉ်အလာဓလေ့တစ်ခုပင်ဖြစ်သည်။ အရေးကြီးသည့် ကိစ္စတစ်စုံတစ်ခုရှိလာလျှင် ဤကဲ့သို့ဝိုင်းထိုင်၍ ဆွေးနွေးပြောဆိုကာ ဆုံးဖြတ်ချက် ရယူလေ့ရှိသော ဓလေ့ပင်ဖြစ်သည်။

ခရိတ်သည် ဤအစဉ်အလာ(သို့မဟုတ်)အာဖရိကတိုက်သားတို့၏ ရိုးရာဓလေ့ဖြစ်ရာ အချိန်ကြာမြင့်စွာ ပြုလုပ်ရမည်ဖြစ်ကြောင်း သိထားသဖြင့် စိတ်ရှည်ရှည်နှင့် နားထောင်ရန် ဆုံးဖြတ်လိုက်သည်။ ညဉ့်သန်းခေါင်ကျော်သွားချိန်တွင် ရဲဘော်လွတ်ကောက်သည် သူတို့လူမျိုးများအားလုံး ကိုယ်စားသဘောထားကို တာဝန်ခံ၍ ပြောပြလေသည်။

"ကျွန်ုပ်တို့အနေဖြင့် ဤအမျိုးသမီး(ဆာရာ)ကို ကောင်းစွာသိပါ၏။ သူမသည် ယုံကြည်စိတ်ချရသူဖြစ်၍ သူမပြောသည့်စကားကို ကျွန်ုပ်တို့ လက်ခံယုံကြည်ပါ၏။ ရဲဘော်တွန်ဂါတာသည် ကျွန်ုပ်တို့အားလုံး၏ ဖခင်သဖွယ်ပင် ဖြစ်၏။ သူသည် မင်းမျိုးမင်းနွယ်သွေးပါသူဖြစ်ပြီး ယခုတော့မူ သူ့အားအလွန်ယုတ်ညံ့သော ရှိုနာတို့က ဖမ်းဆီးချုပ်နှောင်ထားပေ၏။ ယင်းအချက်ကို ကျွန်ုပ်တို့ အားလုံး လက်ခံယုံကြည်ကြပြီး ဖြစ်၏"

ဤတွင် ရဲဘော်လွတ်ကောက်သည် စကားကို ခေတ္တဖြတ်ထားပြီးမှ ဆက်ပြောလေသည်။

"သို့ရာတွင် ကျွန်ုပ်တို့လူအချို့က တွန်ဂါတာအား ရှိုနာလူမျိုးတို့ထံမှ အတင်းဝင်ရောက်လုယူရန် ဆန္ဒရှိကြသကဲ့သို့ အချို့ကလည်း ကျွန်ုပ်တို့၏အင်အားက အတင်းဝင်တိုက်ရန် အင်အားနည်းလွန်းလှသည်ဟု ဆိုနေကြပြန်၏။ လက်နက်အင်အားဖြင့်လည်း ကျွန်ုပ်တို့တွင် လူနှစ်ယောက်မှ ရိုင်ဖယ်သေနတ်တစ်လက်ရှိပြီး သေနတ်တစ်လက်လျှင် ကျည်ဆန်ငါးထောင့်သာရှိနေ၏။ ထို့ကြောင့် ယခုလို ကျွန်ုပ်တို့အချင်းချင်း သဘောကွဲလွဲ နေကြပါ၏။ အို...အသင် ကူဖီလာ၊ ဤကိစ္စတွင် သင်၏ထင်မြင်ချက်သဘောထား မည်သို့ရှိသည်ကို ကျွန်ုပ်တို့အားပြောပါလော့"

"ကျွန်ုပ်ပြောပါမည် အသင်ရဲဘော် လွတ်ကောက်၊ ကျွန်ုပ်အနေဖြင့် သင်တို့အတွက် ကျည်ဆန်ရှစ်ထောင်၊ ရိုင်ဖယ်သေနတ် နှစ်ဆယ့်ငါးလက်နှင့် လက်ပစ်ဗုံးအလုံးပေါင်းငါးဆယ်ကို ယခုယူဆောင်လာခဲ့ပါ၏။ ကျွန်ုပ်သဘောထားကိုလည်း ဆက်၍ပြောပါမည်။ အကယ်၍ ဤအခန်းတွင် အမျိုးသမီးများနှင့် သတ္တိနည်းသူများ၊ သူရဲဘောကြောင်သူများသာ ရှိသည်ဆိုပါမူ ကျွန်ုပ်တစ်ယောက်တည်း ဤအမျိုးသမီး(ဆာရာ)နှင့်အတူသွား၍ ရှိုနာရန်သူတို့အား တိုက်ခိုက်မည်ဖြစ်၏။ ဤအမျိုးသမီးသည်ကား သတ္တိကောင်းသော စစ်သည်ရဲမက်တစ်ဦး၏ နလုံးသားရှိသူဖြစ်၏။ ကျွန်ုပ်အနေဖြင့် ယောကျ်ားစစ်သည်များကို အခြားနေရာတွင် သွားရောက်ရှာဖွေ စည်းရုံးယူမည်ဖြစ်၏"

ခရိတ်က ဤသို့ပြောလိုက်ရာ ရဲဘော်လွတ်ကောက်သည် ရုတ်တရက် သဘောမကျသည့်အသွင် ဒေါသထွက်ပြီး မခံချင်သလိုဟန်မျိုး ဖြစ်လာလေသည်။

"အို...အသင်ကူဖီလာ၊ အမျိုးသမီးများနှင့်သူရဲဘောကြောင်သူများအကြောင်း ဆက်မပြောဘဲရပ်လိုက်ပါတော့။ စကားပြောခြင်းကို လုံးဝရပ်ဆိုင်း၍ ကျွန်ုပ်တို့အားလုံး တူတီစခန်းသို့သွား၍ တိုက်ခိုက်ကြပါကုန်အံ့"

ကောင်းကင်မှ စက်ဆနာလေယာဉ်၏ အင်ဂျင်စက်သံကြားရသည်နှင့်တစ်ပြိုင်နက် မီးခိုးဖြင့် အချက်ပြရန် မီးပုံတစ်ခု ဖိုလိုက်ကြလေသည်။ တစ်ဖန် ဆယ်လီက လေယာဉ်ပေါ်မှနေ၍ မီးဖြင့်ပြန်လည် အချက်ပြလိုက်သောအခါ မီးပုံကိုချက်ချင်း ငြိမ်းသက်လိုက်ကြလေသည်။ ရဲဘော်လွတ်ကောက်၏ ညွှန်ကြားချက်ဖြင့် ပြောက်ကျားရဲဘော်များက လေယာဉ်ဆင်းသက်ရန် လေယာဉ် ပြေးလမ်းကြောင်းမှန်း သိသာအောင် ကြိုတင်ရှင်းလင်း၍ အလွယ်တကူ မြင်နိုင်ရန် အမှတ်အသားများ ပြုလုပ်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဆယ်လီသည် လေယာဉ်ကို အခက်အခဲမရှိဘဲ ချောမောလွယ်ကူစွာဖြင့်ပင် ဆင်းသက် နိုင်လေသည်။

မာတာဘယ်လီ ပြောက်ကျားရဲဘော်များသည် လေယာဉ်နှင့်ပါလာသော လက်နက်ခဲယမ်းများကို စည်းကမ်းတကျ သယ်ချလိုက်ကြလေသည်။ လက်နက်ခဲယမ်းတွေ နောက်ထပ်ရောက်ရှိလာသည့် အတွက် သူတို့အားလုံးသည် သိသိသာသာ စိတ်မာတ်တက်လာကြပုံ ရလေသည်။ သေနတ်နှင့် ကျည်ဆံများအပြင် လက်ပစ်ဗုံးများကလည်း ပါလာလေရာ ပြောက်ကျားများအနေဖြင့် မိမိတို့လိုအပ်နေသော လက်နက်ကိရိယာများ ရရှိခြင်းကြောင့် ကြွေးမြွေးဆည်နိုင်လောက်အောင် ဝမ်းသာနေကြတော့သည်။

လေယာဉ်ပေါ်မှ သယ်ချပြီးနောက် လက်နက်ခဲယမ်းများကို တောတွင်းသို့ ဆက်လက်ယူဆောင်၍ ဝှက်ထား လိုက်ကြလေသည်။ ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ ခရိတ်နှင့်ဆယ်လီတို့ နှစ်ယောက် တည်းသာလျှင် လေယာဉ်အနီးတွင် ကျန်ရစ်လေသည်။

"ဒီမယ် ကျွန်မ ဘာကိုဆုတောင်းခဲ့သလဲ သိလား။ ကျွန်မက ရှင်ဟာ ဒီမာတာဘယ်လီ ပြောက်ကျားတွေကို ရှာလို့မတွေ့ပါစေနဲ့၊ တကယ်လို့ ရှာတွေ့ရင်တောင်မှ သူတို့က ရှင်နဲ့အတူလိုက်ပြီး တိုက်ခိုက်ဖို့ ငြင်းဆန်ပါစေ၊ အဲဒီလို ဘယ်သူမှခေါ်မရတော့ ရှင်ဟာမတတ်သာဘဲ ကျွန်မနဲ့အတူ မြို့ကိုပြန်ခဲ့ရပါစေ၊ အဲဒီလို ဆုတောင်းခဲ့တယ်ရှင့်"

ဆယ်လီက ပြောလိုက်ရာ ခရိတ်က မသိမသာ ပြုံးလိုက်သည်။

"အခုအတိုင်းဆိုတော့ မင်းက ဆုတောင်းတာ သိပ်မတော်သေးဘူးဆိုတာ ထင်ရှားနေတာပေါ့"

"ဒါတော့ မပြောတတ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် ကျွန်မက အခုလည်းပဲ ဆက်ပြီး ဆုတောင်းနေမှာပဲ"

"ဒါကအရေးမကြီးပါဘူး။ အရေးကြီးတာကမင်းအခုပြန်သွားပြီးနောက် ငါးရက်တိတိကြာရင်တစ်ခေါက်ပြန်လာခဲ့ဖို့ပဲ"
ဆယ်လီက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ညနေမှောင်တော့မှ ကျွန်မပြန်ထွက်မယ်။ တူတီလေဆိပ်ကို မနက်အရုဏ်တက်ချိန်လောက်မှာ ရောက်သွားနိုင်တယ်။ မနက်ငါးနာရီခွဲလောက်ဆိုပါတော့"

"ကောင်းပြီ၊ အခုတော့ မင်းကိုသတိပေးထားရဦးမယ်။ ငါတို့က လေယာဉ်ကွင်းကို အပိုင်စီးထားလိုက်ပြီးမှသာ မင်းက လေယာဉ်ကို မောင်းဆင်းလာရမယ်။ ပြီးတော့ မင်းရဲ့လေယာဉ်ကိုလည်း လမ်းခုလတ်မှာ ဓာတ်ဆီကုန်မသွားအောင်လည်း ဂရုစိုက်ပါ"

"ကျွန်မက လေယာဉ်ကိုမဆင်းသေးဘဲ ကောင်းကင်မှာသုံးနာရီလောက်ကြာအောင် ဝဲပျံနေနိုင်ပါတယ်။ အဓိပ္ပါယ်ကတော့ ရှင်တို့လေယာဉ်ကွင်းအရောက်သွားဖို့အချိန်သုံးနာရီလောက် ရလိမ့်မယ်"
"အဲဒီအချိန်အတွင်းမှာမှ ငါတို့မရောက်ရင် ရှေ့လျှောက် မျှော်လင့်ချက်ရှိတော့မှာ မဟုတ်ဘူး။

ကဲ...ဒါလင် မင်းသွား ဖို့ အချိန်တော်ပြီ"

"ဟုတ်ပါတယ်ရှင့်"
ဤသို့ပြောသော်လည်း ဆယ်လီသည် ထွက်သွားခြင်းမပြုဘဲ ငြိမ်၍ ရပ်နေလိုက်သည်။

"ငါလည်း သွားရတော့မယ် ဆယ်လီရဲ့"

"ကျွန်မအနေနဲ့ နောက်လေးငါးရက်အတွင်း ရင်တမမနဲ့ဘယ်လိုနေရမှန်း မသိပါဘူးရှင်။ တစ်ယောက်တည်း စိုးရိမ်ကြောင့်ကြပြီးနေရမှာ စိတ်ညစ်စရာချည်းပဲ"

ခရိတ်သည် ရုတ်တရက်ဆယ်လီအားပွေ့ဖက်ထားလိုက်သည်။ သူမ၏တစ်ကိုယ်လုံးမှာတဆတ်ဆတ်တုန်နေရှာသည်။
"ကျွန်မက ရှင့်အတွက် သိပ်စိုးရိမ်မိတာပဲ"

"မစိုးရိမ်ပါနဲ့ကွာ၊ အဂ်ီနေ့မနက် ဆက်ဆက် တွေ့ကြရမှာပဲဟာ"

"ရှင် ဆက်ဆက်လာခဲ့ပါနော်။ ကျွန်မတော့ ရှင်မရှိဘဲ မနေတတ်တော့ဘူး သိလား"

"အေးပါ ငါ ဆက်ဆက်လာခဲ့ပါ့မယ်"

ပြောရင်း ခရိတ်သည် ဆယ်လီအား ကြင်နာစွာ နမ်းရှုပ်လိုက်သည်။

"အင်း...အခုမှ နေသာထိုင်သာ ရှိသွားတော့တယ်"

ဆယ်လီက ပြုံး၍ပြောပြီး လေယာဉ်ပေါ်တက်ကာ စက်နှိုးလေသည်။

"ငါကလည်း မင်းကို လှိုက်လှိုက်လဲလဲ ချစ်ပါတယ် ဆယ်လီရယ်"

ခရိတ်က ပြောလိုက်ချိန်တွင် စက်ဆနာလေယာဉ်သည် ရွေ့လျားစ ပြုနေပြီဖြစ်သည်။

အခန်း (၃၄)

သူတို့သွားရမည့်နေရာသို့ ရောက်အောင်သွားရန် ခရီးအကွာအဝေးမှာ မြေပုံအရဆိုလျှင် မိုင်ခြောက် ဆယ်ခန့်သာ ရှိလေသည်။ ထို့ပြင် လေယာဉ်ပေါ်မှကြည့်စဉ်က သွားရမည့်ခရီးလမ်းသည် ခက်ခဲ ပင်ပန်းလိမ့်မည်ဟု မထင်ရချေ။ သို့ရာတွင် ယခု မြေပြင်၌ လက်တွေ့သွားကြရသောအခါ အခြေ အနေကထင်သလို မလွယ်ကူလှကြောင်းကို ကိုယ်တွေ့ သိရှိကြရလေတော့သည်။ သူတို့ဖြတ်သန်း သွားရသောနေရာကား ညီညာပြန့်ပြူးသောမြေပြင်မဟုတ်။ တောင်ကုန်း၊ တောင်ပူစာ၊ ဆင်ခြင် လျှောများရှိသဖြင့် မြေညီတွင်သွားရသလိုမဟုတ်ဘဲ ခက်ခက်ခဲခဲနှင့် ပင်ပင်ပန်းပန်းသွားကြရလေ သည်။ ဦးတည်သွားနေသည့် နေရာကတော့ ဇမ်ဘေဇီမြစ်ဝှမ်းဒေသပင် ဖြစ်သည်။ မာတာဘယ်လီ ပြောက်ကျားများသည် သူတို့၏အမျိုးသမီးများကို လုံခြုံသောတောတွင်း တစ်နေရာ၌ ဝှက်ထားကြ သည်ဖြစ်ရာ ဆရာမလေးဆာရာက ခရိတ်တို့နှင့်အတူ လိုက်ပါရန် အစီအစဉ်ကို သဘောမတူကြချေ။ သို့သော် ဆာရာကိုယ်တိုင်က အတင်းလိုက်မည်ဟု ဇွတ်ပြောသောကြောင့် ပြောက်ကျားရဲဘော်များ က မတတ်သာဘဲ သဘောတူလိုက်ကြရလေသည်။ ဆာရာကလည်း မိန်းကလေးတန်မဲ့နှင့် သယ်ယူ စရာ ပစ္စည်းကိရိယာများကို ယောကျ်ားများနည်းတူ သယ်ဆောင်ပြီး လမ်းသွားရာတွင် ခြေလှမ်း ကျဲသော အမျိုးသားများအား လိုက်၍မီအောင် လျင်မြန်သွက်လက်စွာ ကြိုးစားသွားရှာလေသည်။

သူတို့သွားသည့်လမ်းမှာ တောင်ကုန်းတစ်ခုပေါ် တက်လိုက် ပြန်ဆင်းလိုက်၊ နောက်ထပ် တောင် ကုန်း တစ်ခုပေါ် တက်လိုက် ပြန်ဆင်းလိုက်နှင့် အဆင်းအတက် အလွန်များသည့်လမ်း ဖြစ်နေလေ သည်။ အမှန်ကတော့ သူတို့သည် တစ်ချိန်က တောဆင်ရိုင်းအုပ်ကြီးများ သွားလာကျက်စားလေ့ရှိ သောလမ်းအတိုင်း သွားနေကြခြင်းဖြစ်သည်။ သို့သော် ထိုလမ်းတွင် ဆင်များ အသွားအလာ မရှိ

တော့။ လမ်း တစ်လျှောက်လုံး နံဘေး တောင်ကမ်းပါးယံများမှ မိုးရာသီအခါ ရေတိုက်စား၍ လိမ့်ထွက်ကျလာသော ကျောက်ခဲတုံးကလေးများ ပြည့်နှက်နေလေသည်။ တောင်ကုန်းမှ အဆင်းလမ်းက ဆင်ခြေလျှော ဖြစ်နေခိုက် ထိုကျောက်တုံးကလေးများကို အမှတ်မဲ့နင်းမိပါက ခြေထောက်တွင် ဘီးတပ်ပေးလိုက်သလိုဖြစ်ကာ အလွန်အန္တရာယ်များလှပေသည်။

ပြောက်ကျားရဲဘော်တစ်ဦးသည် ကျောက်တုံးနင်းမိရာမှ ခြေချော်လဲကျသွားရာ သူ၏ခြေချင်းဝတ်နေရာတွင် ပြင်းစွာနာကျင်လျက် ဖူးရောင်လာလေသည်။ ရှေ့ဆက်သွားခြင်းမှာ မတတ်နိုင်တော့သဖြင့် ထိုလူ၏ သယ်မလာသည့်ပစ္စည်းများကို ကျန်ရဲဘော်များက ခွဲဝေသယ်ယူကာ သူ့ကိုတော့ နေရာတွင်ပင် ထားပစ်ခဲ့ကြလေသည်။ ထိုရဲဘော်အနေဖြင့်နေရစ်ပြီး ဖြည်းဖြည်းချင်း ကြိုးစား၍ အမျိုးသမီးများရှိရာ စခန်းသို့ပြန်သွားပြီး နားနေရမည် ဖြစ်ပေသည်။

သူတို့အဖို့ လမ်းသွားစဉ် အနှောင့်အယှက်တစ်ခုတွေ့ရသည်ကား ဗိုပါနီဟုခေါ်သောပျားပိတုန်းကောင် အငယ်စားကလေးများပင်ဖြစ်သည်။ ပျားငယ်များသည် သူတို့၏မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ဆီသို့ အတင်းဝိုင်းအုံ လာတုတ်သဖြင့် အနှောင့်အယှက် ဖြစ်ကြရလေသည်။ စင်စစ်အားဖြင့် ပျားငယ်များက အထီးရည်ဓာတ် သို့မဟုတ် အဖိုဓာတ် လိုက်ရှာဖွေကြရင်း လူ၏မျက်နှာသို့ တိုးဝင်လာကြခြင်းဖြစ်သည်။ ဤကား နေ့အခါတွင် ကြုံတွေ့ရခြင်းဖြစ်ပြီး ညဘက်တွင်မူ ခြင်တွေကအလွန်များလှပြန်သည်။

လမ်းလျှောက်သွားကြရင်း တစ်နေရာတွင် ဆက်ဆီးခေါ် သီးနှံဖျက်ပိုးမွှားတစ်မျိုး ထောင်သောင်းချီ၍ ပက်ပင်းတိုးခဲ့ကြလေသည်။ ဆက်ဆီးယင်ကောင်များသည် လူအသားထဲသို့ အပ်ကဲ့သို့ချွန်ထက်သောအစွယ်နှင့်ထိုး၍ ကိုက်တတ်ရာ အလွန်နာကျင်လှပေသည်။ ယင်းသို့ သဘာဝ၏ အနှောင့်အယှက်များနှင့် ရင်ဆိုင်နေရသည့်ကြားမှ သူတို့သည် ရန်သူ၏ အလစ်ဝင်ရောက်တိုက်ခိုက်မည့် အန္တရာယ်ကိုလည်း မျက်ခြည်မပြတ် သတိထား၍သွားကြရလေသည်။ ရန်သူ ရှိုနာစစ်သားများက အချိန်မရွေး တိုက်ခိုက်ခြင်းကို ရင်ဆိုင်ရနိုင်သည်ဖြစ်၍ အထူးဂရုစိုက်သွားကြရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ခရိတ်တို့အဖွဲ့သည် မိုင်အနည်းငယ် သွားမိသည်နှင့် ရှေ့ပြေးကင်းထောက်အဖွဲ့နှင့် နောက်ဆုံးမှလိုက်သည့် လက်နက်ကိုင်ပြောက်ကျားတို့က ပတ်ဝန်းကျင်ရှိ ရန်သူရှိမရှိ လိုက်လံစုံစမ်းလေ့လာကြည့်ပြီးမှ ဆက်သွားကြလေသည်။ အကယ်၍ မိမိတို့၏ လူများက အန္တရာယ်ရှိကြောင်း အချက်ပြလိုက်သည်နှင့် အားလုံးမြေပြင်တွင်ဝပ်ချကာ နေရာယူကြရမည်ဖြစ်ပေသည်။ သူတို့သွားရာသည် လမ်းအခြေအနေကြောင့် ခရီးကလည်း များများမတွင်ချေ။ ဆာရာ၏ဖခင်ကြီးရှိရာ ကျေးရွာသို့

သွားရာတွင် သူတို့သည် နှစ်ရက်လုံးလုံး နေထွက်မှ နေဝင်ချိန်တိုင်အောင် ပင်ပန်းကြီးစွာသွားကြ ရလေသည်။

ဆာရာ၏ဖခင်ကြီးမှာ ဗူဆာမန်ဇီဆိုသူဖြစ်ပြီး မာတာဘယ်လီလူမျိုးတို့က ယုံကြည်လေးစားသူ အဘိုး ကြီးတစ်ဦး ဖြစ်လေသည်။ သူသည်ကျေးရွာ၌ ဗေဒင်ဆရာ၊ ဆေးဆရာလည်း ဖြစ်သည်။ ထူးဆန်း သော မျက်လှည့်အတတ်ကိုတတ်ပြီး မိုးရွာအောင်ဖန်တီးနိုင်စွမ်းရှိသူဟု လူတွေကယုံကြည်ကြသည်။ အဘိုးကြီးသည် ရွာထဲ၌အခြားသူများနှင့်ရောနှောမနေဘဲ သီးခြားအိမ်တစ်လုံးနှင့်နေသည်။ ထိုအိမ် သို့ သူ၏ဇနီးနှင့်မိသားစုများသာဝင်ထွက်ခွင့်ရှိပေသည်။ ကျေးရွာများမှလူများအနေဖြင့် ဆေးဝါးကုသ ခံရန်အတွက်ဖြစ်စေလိုရာဆုတောင်းရန်အတွက်ဖြစ်စေ အဘိုးကြီးထံသို့လာတတ်လေသည်။ ဆေးဖိုး ဝါးခအဖြစ် အဘိုးကြီးအား ဆိတ်၊ သို့မဟုတ် သိုးတစ်ကောင် ကို အဘိုးကြီးအား ပေးကြရလေသည်။

ဗူဆာမန်ဇီ၏ကျေးရွာမှာ တူတီသာသနာပြုမစ်ရှင်မှမြောက်ဘက် တောင်ကုန်းတစ်ခုပေါ်တွင်တည်ရှိ လေသည်။ ထိုရွာ၌စုရုံးနေထိုင်သူများမှာ ဆင်းရဲကျပ်တည်းသူများမဟုတ်ဘဲ အခြေအနေ ကောင်းသူ များ ဖြစ်လေသည်။ အဘိုးကြီး ဗူဆာမန်ဇီတွင် ဇနီးအမြောက်အများရှိသလို ဆိတ်၊ ကြက်မွေးမြူရေး တိရစ္ဆာန်လည်း အမြောက်အများရှိလေသည်။ တောင်ကုန်း၏ အောက်ဘက် မြစ်ဝှမ်းဒေသတွင်ကား သီးနှံအလွန်ကောင်းသော ပြောင်းခင်းများ ရှိလေသည်။

မာတာဘယ်လီ ပြောက်ကျားတို့သည် ရွာမရောက်မီ ခပ်လှမ်းလှမ်း တစ်နေရာတောစပ်၌ နေရာယူ လိုက်ကြပြီးနောက် ဆာရာအားကျေးရွာသို့ ရှေ့ပြေးအဖြစ်လွှတ်လိုက်ကြလေသည်။ ဘေးအန္တရာယ် ကင်းရှင်းခြင်း ရှိမရှိလေ့လာစုံစမ်းရန်နှင့် မိမိတို့အဖွဲ့ရောက်ရှိလာကြောင်းကို ရွာသားများအား အသိ ပေးရန် ကြိုတင်လွှတ်လိုက်ခြင်းဖြစ်လေသည်။ နောက်တစ်နာရီအတွင်း ဆာရာပြန်ရောက်လာရာ ခရိတ်နှင့် ရဲဘော်လွတ်ကောက်တို့သည် သူမနှင့်အတူ ရွာအတွင်းသို့ ပြန်လိုက်သွားကြလေသည်။ အဘိုးကြီး ဗူဆာမန်ဇီသည် နာမည်နှင့်လိုက်သူတစ်ဦးဟု ဆိုရပေမည်။ ဗူဆာမန်ဇီဟူသော မာတာ ဘယ်လီဘာသာစကားလုံး၏ အဓိပ္ပာယ်က ရေမျက်နှာပြင်ကို မြင့်တင်နိုင်သူဟူ၍ဖြစ်ရာ အဘိုးကြီး အနေဖြင့် ဇမ်ဘေဒီမြစ်ကြီးနှင့်တကွ မြစ်လက်တက်များမှ ရေပမာဏ အနိမ့်အမြင့်ကို ချုပ်ကိုင်ဖန်တီး နိုင်စွမ်းသူဟု လူတွေက ယုံကြည်သဖြင့် သူ၏နာမည်နှင့် လိုက်ပါပေသည်ဟု ဆိုရမလိုဖြစ်နေပေ သည်။

ရွာသားများ ပြောပြချက်အရ သူသည် ငယ်ရွယ်စဉ်က သူရသင့်ရထိုက်သော ဆေးဖိုးဝါးခများပေးရန် ငြင်းဆန်ခဲ့သူ ကျေးရွာအကြီးအကဲ(သူကြီး)တစ်ဦးအား တုံ့ပြန်ကလဲစားချေသည့်အနေဖြင့် ထိုသူကြီး

၏ ကျေးရွာတစ်ရွာလုံး ရေလွှမ်းမိုးပျက်စီးသွားအောင် မြစ်ရေများ တရကြမ်းလျှံတက်စေခဲ့သည်မှာ ကြောက်ခမန်းလိလိပင် ဖြစ်သည်ဟုဆိုကြလေသည်။ ထို့ပြင် သူ့စိတ် ငြိုငြင်အောင် ပြုလုပ်သူများသည် မကြာမီ မြစ်ထဲချောင်းထဲ၌ ထူးဆန်းစွာ ရေနစ်သေဆုံးသွားရတတ်သည် ဟုလည်းပြောကြသည်။ ဗူဆာမန်ဇီအား ဆန့်ကျင်သူ ရန်သူတစ်ဦးသည် ရေချိုးရန် သို့မဟုတ် ရေသောက်ရန် မြစ်ချောင်း၊ ရေအိုင်တစ်ခုခုအနီးသို့ ချဉ်းကပ်သွားသည်နှင့် ရေမျက်နှာပြင်သည် ထူးဆန်းအံ့သြဖွယ်ရာ ရုတ်တရက် ပြည့်လျှံတက်လာပြီး ထိုလူအား ရေအောက်ထဲသို့ စုပ်ယူသွားတတ်သည်ဟုလည်း ပြောကြသေးသည်။

စင်စစ်အားဖြင့် အထက်ပါ အခြင်းအရာများကို ကိုယ်တိုင်မြင်ဖူးသူဟူ၍ မရှိပါချေ။ သို့ဖြစ်လင့်ကစား အဘိုးကြီးဗူဆာမန်ဇီသည် မျက်လှည့်ဆရာကြီးတစ်ဦးလည်း ဖြစ်သောကြောင့် သူ့အား ဆန့်ကျင်သူ၊ ကြွေးမဆပ်ဘဲနေရဲသူဟူ၍ မရှိသလောက်ပင် ဖြစ်လေသည်။ သူ၏ ထူးခြားဆန်းကြယ်သော အတတ်ပညာအစွမ်း တကယ်ဟုတ်မဟုတ် မပြောနိုင်သော်လည်း သူ့အဖို့ ပြဿနာ အတော်ပင် ကင်းရှင်းနေပေသည်။ ဗူဆာမန်ဇီ၏ ဆံပင်များသည် ဆွတ်ဆွတ်ဖြူနေပြီး သူ၏မုတ်ဆိတ်မွေးသည်လည်းဖြူလျက် ဇူးလူးတိုင်းရင်းသားတို့၏ မုတ်ဆိတ်ပုံစံမျိုး ဖန်တီးထားလေသည်။

ဆာရာသည် သူ့အသက်ကြီးကာမှ ထွန်းကားခဲ့သော သမီးဖြစ်ဟန်တူသည်။ သို့သော် သူမသည် ဖခင်ကြီးထံမှ ရုပ်ရည်လှပချောမောခြင်းကို အမွေအနှစ်အဖြစ် ရရှိခဲ့ဟန်တူပေသည်။ အဘယ်ကြောင့်ဆိုသော် အဘိုးကြီးကိုယ်တိုင် ခံ့ညားချောမွေ့သော အင်္ဂါရုပ် ရှိသောကြောင့်ပင်တည်း။

အဘိုးကြီးသည် သူ၏အဆောင်အယောင်(ဦးခေါင်းဆောင်းငှက်တောင်ဦးထုပ်စသည်)များကို ဖယ်ရှားထားပြီး အဝတ်အစားဆို၍ ခါးတွင်ပိတ်စတစ်ခုသာလျှင် ရစ်ပတ်ထားလေသည်။ သူ၏ ခန္ဓာကိုယ်က တောင့်တင်းသန်မာလျက်ပင် ရှိသေးသည်။ ခရိတ်အား ခရီးဦးကြိုပြု နှုတ်ဆက်သောအခါ သူ၏ အသံကလည်း ခံ့ညားပီသလျက် အသံသြဇာပြည့်စုံနေပေသည်။ ဆာရာ သည် ဖခင်ကြီးအား အလွန်လေးစားမြတ်နိုးပုံ ရလေသည်။ အဘိုးကြီး၏ဇနီးငယ်တစ်ဦးထံမှ ဘီယာအရက်အိုးကို ဆာရာကလှမ်းယူ၍ သူမကိုယ်တိုင် အဘိုးကြီးထံသို့ ရှိသေစွာ ယူသွားပေး လိုက်သည်။

အဘိုးကြီးကလည်း ဆာရာအား ချစ်ခင်မြတ်နိုးဟန်ဖြင့် ပြုံး၍ကြည့်နေလေသည်။ ခရိတ်ကစကား ပြောနေစဉ် နားထောင်ရင်း အဘိုးကြီးသည် ဆာရာ၏ဦးခေါင်းမှဆံပင်များကို ယုယစွာသပ်ပေးနေလေသည်။ ထို့နောက်သူကပင်ဆာရာအားသူ၏ဇနီးများထံသို့သွားရန် တောတွင်းစခန်းမှပြောက်ကျားများအတွက် စားသောက်ဖွယ်များ ပြင်ဆင်ရန် အမိန့်ပေးလိုက်သည်။ ပြီးတော့မှ သူသည် ခရိတ်အား

စကားပြောလေသည်။

"သင်တို့က 'တွန်ဂါတာသို့မဟုတ်တရားမျှတမှုကိုရှာဖွေသူ'လို့ ခေါ်နေကြသော လူရဲ့ မူလငယ်နာမည်က ကူမာလိုဖြစ်တယ်။ သူဟာ ပထမမာတာဘယ်လီဘုရင် မီဒီလီကာဇီရဲ့ တိုက်ရိုက် အဆက်အနွယ်လည်း အမှန်ဖြစ်တယ်။ ရှေးအစဉ်အဆက်က ရှိခဲ့သော အတိတ်တဘောင်များကလည်း ဤလူကို ရည်ရွယ်၍ပေါ်ခဲ့ခြင်းဖြစ်တယ်လို့ ငါတို့ယုံကြည်တယ်။ သူ့ကို ရှိုနာစစ်သားများက ဖမ်းဆီးလိုက်သည့် ညမှာတောင် ငါသူ့ကို အခေါ်လွှတ်ခဲ့သေးတယ်။"

ခေါ်ရတဲ့အကြောင်းကတော့ သူ့ကို ရှေးမာတာဘယ်လီဘုရင်တွေရဲ့ လှို့ဝှက်ချက်တွေကို ပြောပြဖို့နဲ့ သူမှာ ဘယ်လိုတာဝန်ရှိကြောင်းကို ပြောပြဖို့ပဲဖြစ်တယ်။ တကယ်လို့ တွန်ဂါတာဟာ (ငါ့သမီး ဆာရာ ပြောသလို) အသက်ထင်ရှားရှိနေသေးရင် သူ့ကိုအနှောင်အဖွဲ့က လွတ်မြောက်အောင် ကြိုးစားကြဖို့ မာတာဘယ်လီ တိုင်းရင်းသားမှန်သမျှမှာ တာဝန်ရှိတယ်။ ငါတို့လူမျိုးရဲ့ အနာဂတ်ကံကြမ္မာဟာ တွန်ဂါတာအပေါ်မှာ တိုက်ရိုက်တည်ရှိနေတယ်။ ဒါကြောင့် အခု ငါမင်းကိုမေးချင်တာက ငါတို့အနေနဲ့ မင်းကို ဘယ်လိုကူညီရမလဲ။ မင်းဆန္ဒကို ဖွင့်ပြောပါ"

"အို...အသင် ဗူဆာမန်ဇီး သင်သည် ယခုပင်လျှင် ကျွန်ုပ်တို့အား အစာအာဟာရဖြင့် ကူညီခဲ့ပြီးဖြစ်ပါ၏။ ကျွန်ုပ်တို့ တစ်ခုလိုအပ်နေသည်ကား ထောက်လှမ်းရေးသတင်းများပင် ဖြစ်၏"

ခရိတ်က မာတာဘယ်လီဘာသာစကားဖြင့်ပြောလိုက်ရာ အဘိုးကြီးက ခေါင်းညိတ်လိုက်သည်။
"အို...အသင် ကူဖီလာ၊ သင်သိခဲ့သမျှကို မေးပါလော့။ ငါတို့သိသာရန် သင့်အား ပြောပြပါမည်"

ဤတွင် ခရိတ်လည်း သူသိလိုသော အချက်များကို စတင် မေးလေတော့သည်။

"တူတီသာသနာပြု မစ်ရှင်သို့ ရှိုနာစစ်သားများရှိရာ စခန်းမှ သွားသည့်လမ်းသည် ဤနေရာအနီးမှ ဖြတ်သွားရသည်ဟု ဆို၏။ မှန်ပါ၏လော"

"လမ်းသည် ဤအနီးအနားတွင် မဟုတ်၊ တောင်များ၏ ဟိုမှာဘက်တွင် ရှိ၏"

အဘိုးကြီးက အဝေးသို့ ညွှန်ပြရင်း ပြောလိုက်သည်။

"ဆာရာက ကျွန်ုပ်တို့အား ပြောပြချက်အရ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် အကျဉ်းစခန်းရှိ စစ်သည်များနှင့် အကျဉ်းသားများအတွက် စားနပ်ရိက္ခာများ စစ်ကား(လော်ရီကား)ကြီးများဖြင့် ဤလမ်းမှ ဖြတ်သွားလေ့ရှိသည်ဟု ဆိုပါ၏။ ဤသတင်းမှန်ပါ၏လော"

"မှန်ပါဗျာ၊ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် တနင်္ဂနေ့ မွန်းလွဲပိုင်းအချိန်၌ စစ်ကားကြီးများသည် ပြောင်းစသော စားသောက်ဖွယ်များ သယ်ဆောင်၍ သွားလေ့ရှိဗျာ။ ယင်းစစ်ကားကြီးများသည် နောက်တစ်နေ့နံနက်တွင် ဤလမ်းအတိုင်း ပြန်မောင်းသွားလေ့ရှိဗျာ"

"စစ်ကား အရေအတွက် မည်မျှရှိပါသနည်း"

"ကားနှစ်စီးသာ ဖြစ်ဗျာ။ ရံဖန်ရံခါ သုံးစီးလာလေ့ရှိဗျာ။

စစ်ကားကြီးများတွင် လက်နက်ကိုင် စစ်သည် အစောင့်ရှောက် မည်မျှ ပါလာတတ်သနည်း"

"ယာဉ်မောင်းသူဗျာ၊ ဘေးတွင် နှစ်ယောက်၊ ကားနောက်ပိုင်းတွင် သုံးယောက် ပါတတ်ဗျာ"

ခရိတ်က ရန်သူအင်အားကို စဉ်းစား၍ တွက်ကြည့်နေစဉ် အဘိုးကြီးကပင် ဆက်၍-

"ကားဗျာ၊ခေါင်မိုးပေါ်တွင်စစ်သားတစ်ဦးက ပစ်လျှင်အလွန်လျင်မြန်စွာကျည်ဆန်ထွက်သော သေနတ်ကြီးတစ်လက်နှင့် လိုက်ပါလာတတ်သေးဗျာ။ ထိုစကားကိုကြားသည်နှင့် ခရိတ်သည် စက်သေနတ်ကြီးဖြစ်ကြောင်း ချက်ချင်း ရိပ်မိလေသည်။ အဘိုးကြီးကပင် ဆက်ပြောပြန်သည်။

"စစ်သားတို့သည် အလွန်သတိထားလျက် လာလေ့ရှိကြဗျာ။ ဖျတ်လတ်သွက်လက်ကြကုန်ဗျာ။ စစ်ကားကြီးမှာလည်း မောင်းနှင်ရာတွင် အလွန်လျင်မြန်လှဘိဗျာ"

"ယခင်အပတ် တနင်္ဂနေ့က စစ်ကားများ ခါတိုင်းကဲ့သို့ပင် လာခဲ့ပါသလော"

ခရိတ်က မေးလိုက်ရာ အဘိုးကြီးသည် ခေါင်းညိတ်ပြလေသည်။

"ယခင်အပတ်များကနည်းတူ ပြီးခဲ့သော တနင်္ဂနေ့ မွန်းလွဲပိုင်းကလည်း လာခဲ့ကြပါဗျာ"

ခရိတ်သည် ခေတ္တစဉ်းစားကြည့်လေသည်။ ယခုအတိုင်းဆိုလျှင် အကျဉ်းစခန်းသို့ စားနပ်ရိက္ခာပို့သော စစ်ကားကြီးနှစ်စီးသည် တနင်္ဂနေ့တိုင်း မွန်းလွဲပိုင်းတွင် မှန်မှန်လာလေ့ရှိကြောင်းသိရပေပြီ။ ထို့ကြောင့် မိမိတို့စစ်ဆင်ရေးသည် ယင်းအချက်ကိုပင်အခြေပြု၍ဆင်နွှဲရမည့် စစ်ဆင်ရေးဖြစ်ရမည်။
"ဤနေရာမှ သာသနာပြုမစ်ရှင်သို့ မည်မျှ ကွာဝေးပါသနည်း"

ခရိတ်ကပင် မေးလိုက်ပြန်သည်။

"ထိုနေရာမှ ဤနေရာသို့အကွာအဝေးခန့် ရှိပါဗျာ"

အဘိုးကြီးက ကောင်းကင်ကို လက်ဖြင့် ညွှန်ပြရင်း ပြောလိုက်သည်။

သူညွှန်ပြပုံမှာ မာတာဘယ်လီ တိုင်းရင်းသားတို့၏ ရိုးရာအက္ကာအဝေး တိုင်းထွာသည့်နည်းပင်ဖြစ်သည်။ ကောင်းကင်တွင် နေလုံးရွှေ့လျားသည့်အချိန်လေးနာရီခန့်ကြာမည့်သဘောဖြစ်သည်။ လူတစ်ယောက် ခြေကျင်လျှောက်သည့်နှုန်းဖြင့်တွက်ကြည့်သော် ဆယ့်ငါးမိုင်ခန့်ဝေးသည့် ခရီးပင်ဖြစ်လေသည်။
"ဤနေရာမှ ရှိုနာစစ်သားတို့၏ စခန်းသို့ မည်မျှကွာဝေးပါသနည်း"

ခရိတ်ကပင် မေးလိုက်ပြန်သည်။

"ယခင်အတိုင်း အက္ကာအဝေးခန့်ပင် ရှိပါ၏"

"ကောင်းလှပါပြီ"
ခရိတ်ကပြောရင်းနှင့် မြေပုံကိုဖြန့်ကြည့်လိုက်ရာ အဘိုးကြီးပြောသည့်အတိုင်းပင် အက္ကာအဝေးတူညီနေကြောင်း တွေ့ရလေသည်။ ထို့နောက် သူသည် မြေပုံ၏နံဘေး နေရာအလွတ်တွင် ခရီးအက္ကာအဝေးနှင့်သွားလျှင် ကြာမည့်အချိန်ကို ခဲတံဖြင့် တွက်ချက်ကြည့်လေသည်။ ခဏမျှအကြာတွင် သူသည် အဘိုးကြီး ဗူဆာမန်ဇီအား မော့ကြည့်လိုက်သည်။

"ကျွန်ုပ်တို့ ဤနေရာတွင်ပင် တစ်ရက် စောစောင့်နေကြရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့လူများမှာ ထိုအတောအတွင်း အနားယူခွင့်ရပြီး လန်းဆန်းလာကြမည် ဖြစ်သည်"

ခရိတ်ကပြောလိုက်ရာ အဘိုးကြီးကလည်း "ငါတို့၏ အမျိုးသမီးများက သင်တို့၏ အဖွဲ့သားများအား အစားအစာများ ကျွေးမွေးပါမည်"ဟု ပြန်ပြောလေသည်။

"တနင်္ဂနွေကျလျှင် ကျွန်ုပ်အနေဖြင့် သင်၏ရွာမှ လူအချို့၏ အကူအညီလိုအပ်ပါမည်"

"ဤတွင် အမျိုးသမီး မြောက်များစွာ ရှိပါ၏"

"ကောင်းလှပါ၏၊ ကျွန်ုပ် အလိုရှိသည်မှာ အမျိုးသမီး အသက်ငယ်ငယ် ချောချောလှလှများပင် ဖြစ်ပါ၏"
ခရိတ်က စကားကို အဆုံးသတ်လိုက်သည်။

နောက်တစ်နေ့နံနက်အရုဏ်မတက်မီအချိန်တွင် ခရိတ်နှင့်ရဲဘော်လွတ်ကောက်တို့သည်ပြောက်ကျား ရဲဘော်တစ်ဦးကိုပါခေါ်လျက် သူတို့သွားမည့် လမ်းအခြေအနေကိုလေ့လာရန် ကင်းထောက်ထွက် ကြလေသည်။

လမ်းမှာ တောင်ပူစာငယ်များ၏ တစ်ဖက်တွင်တည်ရှိပြီး ယာယီဖောက်လုပ်ထားသော တောလမ်း ကြမ်းတစ်ခုပင်ဖြစ်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်မှ ချုံနွယ်ပိတ်ပေါင်းများကိုလည်း ရန်သူက ချုံခိုတိုက်ခိုက်ခြင်းမပြုနိုင်ရန် တတိယတပ်မဟာမှ စစ်သည်များက ခုတ်ထွင်ရှင်းလင်းထားလေသည်။ မွန်းတည့်ချိန်နီးသောအခါ သူတို့သည် တစ်ချိန်က ဗိုလ်ချုပ်ဖွန်ဂါဘီရာ တူတီသာသနာပြု မစ်ရှင်သို့ အသွား ခေတ္တရပ်နားခဲ့သောနေရာသို့ရောက်သွားကြလေသည်။ ထိုနေရာ၌ ချောင်းတစ်ခုကို ဖြတ်ကူး ရသော သစ်သားတံတားတစ်ခု ရှိလေသည်။ ယင်းနေရာတွင်ပင် တစ်ချိန်ကပြောင်းဖူးမုန့်များ စားခဲ့ ကြရပေသည်။

ခရိတ်သည် ထိုနေရာ၏ ရှုခင်းများကိုကြည့်ပြီး သူ၏ မှတ်ဉာဏ်အတော်ပင် ကောင်းသေးသည်ဟု သုံးသပ်မိလေသည်။ ယခင်တစ်ခေါက် ရောက်ခဲ့စဉ်က မှတ်သားထားသည့်အတိုင်း ယခုလည်း ထို အတိုင်းပင် ရှိနေသေးကြောင်း တွေ့ရသဖြင့် သူ့ကိုယ်သူကျေနပ်မိသည်။ ဤနေရာကား ရန်သူအား အလစ်တွင် ချုံခိုတိုက်ခိုက်ရန် အသင့်တော်ဆုံးနေရာတစ်ခုပေတည်း။ ခရိတ်သည် စိတ်ထဲမှဆုံးဖြတ် လိုက်ပြီးနောက် ပြောက်ကျားရဲဘော်အား ဗူဆာမန်ဇီ၏ကျေးရွာသို့ ပြန်လွှတ်ပြီး ကျန်ပြောက်ကျား အဖွဲ့ဝင်များအား အခေါ်လွှတ်လိုက်လေသည်။ ထိုလူသွားနေစဉ်အတွင်း ခရိတ်နှင့် ရဲဘော်လွတ် ကောက်တို့သည် မိမိတို့၏ စစ်ဆင်ရေး အစီအစဉ်များကို အသေးစိတ်ပြန်လည်သုံးသပ် ဆွေးနွေးကြ သည်။

ရန်သူစစ်ကားနှစ်စီးအား အဓိကပစ်မှတ်အဖြစ် တိုက်ခိုက်ကြမည့်နေရာမှာ ချောင်းကူးတံတားပင် ဖြစ်သည်။ အကယ်၍ ယင်းသို့တိုက်ခိုက်ခြင်း မအောင်မြင်ခဲ့ပါမူ စစ်ကားကြီးများ စခန်းသို့အရောက် မသွားနိုင်အောင် ဖြစ်သည့်နည်းဖြင့်တားဆီးရန်လိုအပ်သဖြင့်(လိုအပ်လျှင်အသုံးပြုရန်) အရန်စစ်ဆင် ရေး စီမံချက်တစ်ခုပါ အသင့်ရေးဆွဲ ပြင်ဆင်ထားရန် အရေးကြီးပေသည်။ ခရိတ်သည် ကျေးရွာမှ ပြောက်ကျားတပ်သားများ အလုံးအရင်းနှင့် ရောက်ရှိလာသည်နှင့် ရဲဘော်လွတ်ကောက်နှင့် ရဲဘော် ငါးဦးတို့အား ချောင်းကူးတံတား၏တစ်ဖက်သို့ လွှတ်လိုက်လေသည်။ သူတို့သည် ကြိုတင် စီစဉ်ထား သည့်အတိုင်း ရောမသစ်ပင်ကြီးတစ်ပင်ကိုခုတ်လှဲ၍ မော်တော်ကားလမ်းပေါ် ကန့်လန့်ပိတ်ဆို့ချထား လိုက်သည်။

လမ်းပိတ်ဆို့နေသဖြင့် စစ်ကားများ မည်သည့်နေရာမှ ဖြတ်မောင်း၍ရနိုင်တော့မည်မဟုတ်ချေ။ ထို

နေရာတွင် ရဲဘော်လွတ်ကောက်က ဦးစွာ ဦးစီးကွပ်ကဲ၍ တိုက်ရမည်ဖြစ်ပြီး ခရိတ်ကိုယ်တိုင်ကမူ သစ်သားတံတားပေါ်သို့ ကားကြီးများအရောက်တွင် ရုတ်တရက် ဝင်တိုက်ရန် ရည်ရွယ်လေသည်။

"သင်တို့ထဲတွင် ရှိုနာဘာသာစကား တတ်ကျွမ်းသူ မည်သူရှိလေသနည်း"

ခရိတ်က မေးလိုက်လျှင် ရဲဘော်လွတ်ကောက်က လူနှစ်ယောက်ကို ညွှန်ပြလေသည်။

"ဤသူကား ရှိုနာဘာသာစကားကို ရှိုနာလူမျိုးအစစ်ကဲ့သို့ ကျွမ်းကျင်စွာပြောနိုင်ပါ၏။ သူ၏ဘေးမှလူကမူ ရှိုနာစကား တတ်သော်လည်း ကျွမ်းကျင်နိုင်နင်းစွာ မပြောတတ်ပါ"

"သို့ဖြစ်လျှင် ဤရဲဘော်နှစ်ဦးအားတိုက်ခိုက်ရာတွင် မပါဝင်စေဘဲသီးသန့် အရန်တပ်သားများ အဖြစ် ထားလိုက်ပါချေတော့။ သူတို့နှစ်ဦးအား ကျွန်ုပ်တို့အနေဖြင့် ဆုံးရှုံးခြင်းအဖြစ်မခံနိုင်ပါ။ နောက်ပိုင်း စခန်းတွင် သူတို့ကို လိုအပ်နေမည် ဖြစ်ပေသည်"

ခရိတ်က ညွှန်ကြားလိုက်သည်ကို လွှတ်ကောက်ကလည်း

"ကောင်းပါပြီ၊ ကျွန်ုပ်ကိုယ်တိုင် ဤရဲဘော်နှစ်ဦးအား ထိန်းထားလိုက်ပါမည်"

"ယခု အမျိုးသမီးများအတွက် စီစဉ်ရပေဦးမည်"

ခရိတ်က သူတို့၏စစ်ဆင်ရေးတွင် အမျိုးသမီးများပါအသုံးချရန် စီစဉ်ထားသဖြင့် ဤသို့ပြော လိုက်ခြင်းပင်ဖြစ်သည်။ ထိုသို့ အသုံးချရန်အတွက် ဆာရာကိုယ်တိုင်က သူမ၏ ဖအေတူမအေကွဲညီမ သုံးဦးတို့အား ရွေးချယ်ထားပြီး ဖြစ်လေသည်။ မိန်းကလေးသုံးဦးတို့သည် အသက်ဆယ့်ခြောက် နှစ်မှ ဆယ့်ရှစ်နှစ်ရွယ် မိန်းမပျိုကလေးများ ဖြစ်လေသည်။ သူတို့သည် အဘိုးကြီး ဗူဆာမန်ဇီ၏ သမီးများအနက် အချောဆုံး၊ အလှဆုံးမိန်းမလေးဦးဖြစ်၍ ယခုပြုလုပ်ရမည့် စစ်ဆင်ရေးတွင် အသင့်တော်ဆုံးဟု ယူဆကာ ဆာရာ ကိုယ်တိုင် က ရွေးချယ်ခြင်းဖြစ်လေသည်။

မိန်းကလေးသုံးဦးသည်အရွယ်ရောက်ခါစဖြစ်၍ ရှက်ကြောက်ကြသော်လည်း သူတို့ကိုယ်တိုင်စစ်ဆင် ရေးတွင် စွန့်စားပါဝင်ရမည်ကို စိတ်ပါတက်ကြွလျက် ပျော်ရွှင်ကျေနပ်နေကြပုံရလေသည်။ မကြာခဏ သူတို့အချင်းချင်း တီးတိုးစကားပြောရင်း တခစ်ခစ် ရယ်မောနေတတ်ကြသည်။

"ဒါထက် ဒီကောင်မလေးတွေက သူတို့လုပ်ရမယ့် တာဝန်ကို နားလည်သဘောပေါက်ကြရဲ့လားကွဲ့။ အမှန် အန္တရာယ်များကြောင်းကိုလည်း သူတို့ကြုံတင်သိထားမှ ကောင်းမယ်"

ခရိတ်က ပြောလိုက်လျှင် ဆရာမ ဆာရာကပြုံး၍ ခေါင်းညိတ်ပြလေသည်။

"သူတို့ ကောင်းကောင်း သဘောပေါက်ကြပါတယ်။ ကျွန်မကိုယ်တိုင်က သူတို့နဲ့အတူ ရှိနေပါမယ်။ ဒီနေ့ညကစပြီး ကျွန်မ သူတို့နဲ့အတူ တောက်လျှောက်နေပါမယ်။ ဘာမှ မစိုးရိမ်ပါနဲ့ စိတ်သာချပါ"

ဆာရာက ဤသို့ပြောလိုက်ခြင်းမှာအကြောင်းရှိပေသည်။ ညီမဝမ်းကွဲသုံးဦးသည်အထူးလှပကြော့ရှင်းသူများဖြစ်၍ ပြောက်ကျားလူငယ်လူပျိုများ ဝိုင်းဝိုင်းလည်နေကြသူများဖြစ်သည်။ မိန်းကလေးများကိုယ်တိုင်ကလည်း ယောကျ်ားတွေ စိတ်ဝင်စားသည်ကို သာယာကြည်နူးမိကြသဖြင့် ယောကျ်ားကလေးများနှင့် ရောရောဝင်ဝင် နေချင်ကြသည်။ သို့သော် ယခု မိမိတို့က အရေးကြီးသော လှုပ်ရှားစစ်ဆင်ရေးကြီးတစ်ခု ဆင်နွှဲအံ့ဆဲဆဲအချိန်မျိုးတွင် ဖိုမကိစ္စကင်းရှင်းနေရန် လိုအပ်သည်ဟု ယူဆမိသဖြင့် စစ်ဆင်ရေးမပြီးမချင်း ညီမပျိုသုံးဦးအား ဆာရာက သူကိုယ်တိုင်မျက်စိအောက်က အပျောက်မခံဘဲ အတူတူနေရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

လက်တွေ့အားဖြင့်လည်း သူမသည် ညီမပျိုများအနီးသို့ ရစ်သီလာကြသူ ပြောက်ကျားလူငယ်များအား အစ်မကြီးအမိအရာဆိုသကဲ့သို့ ခပ်တည်တည်နှင့် နင်ပစ်လေသည်။

"အရွယ်ရောက်ခါစ ကျန်းမာသန်စွမ်းသူ လူငယ်မောင်မယ်တို့ရဲ့ သဘာဝကို ရှင်လည်း သိသားပဲ မဟုတ်လား။ ဒါကြောင့် လက်တလောအခြေအနေမှာ ကျွန်မကကောင်မလေးတွေကိုကောင်းကောင်း ထိန်းထားဖို့ အရေးကြီးတယ်ရှင့်။ ကျွန်မအဖို့က ဒီညတော့ ကောင်းကောင်း အိပ်ရမှာ မဟုတ်ပါဘူး" ဤသို့ ဆာရာက ပြောလေသည်။

ခရိတ်ကိုယ်တိုင်လည်း ထိုညက ကောင်းစွာမအိပ်ရပါချေ။ မှေးခနဲ အိပ်ပျော်သလို ဖြစ်လာသည်နှင့် စိတ်ချောက်ချားဖွယ်ရာအိပ်မက်တွေမက်ခြင်း၊ ထမင်းလုံးတစ္ဆေခြောက်သလို ဆတ်ခနဲဖြစ်ခြင်း၊ အလိုလိုနေရင်းစိတ်မာတ်ကျကာ စိုးရိမ်ပူပန်ခြင်း၊ တုန်လှုပ်ချောက်ချားခြင်းတို့ကြောင့် သူသည် နှစ်ခြိုက်စွာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေလေသည်။ အမှန်တော့ သူ ယခုစတင်လုပ်ကိုင်နေသော လုပ်ငန်းသည် အောင်မြင်ပါ့မလားဟု သံသယဝင်နေမိခြင်းပင် ဖြစ်လေသည်။

ခရိတ်အဖို့မှာလည်း ဆာရာက စကားပြောနေသဖြင့် အနည်းငယ် စိတ်ပြေလက်ပျောက် ရှိလာလေသည်။ ဆာရာက ဝန်ကြီး တွန်ဂါတာအကြောင်း စိတ်အားထက်သန်စွာဖြင့် ပြောသလို ခရိတ်ကလည်း သူ၏ ချစ်သူဆယ်လီအကြောင်း ပြောသည်။ သူတို့နှစ်ဦးစလုံးသည် နလုံးသားတွင်းမှ လှိုက်လှဲစွာ ချစ်မြတ်နိုးနေသူ ချစ်သူကိုယ်စီရှိကြသဖြင့် အနာဂတ်အတွက် မျှော်မှန်းချက်များ စိတ်ကူးယဉ်ရ

သည်ကိုပင် ကြည်နူးပီတိ ဖြစ်နေကြလေသည်။ ဆာရာက သူ၏ စိတ်ထဲရှိသော ရည်မှန်းချက်တစ်ခု အကြောင်း ဖွင့်ပြောပြသည်ကို ခရိတ်သည် အထူးပင် စိတ်ဝင်စားမိလေသည်။

"တစ်နေ့ ကျွန်မက ရဲဘော်ဝန်ကြီးနဲ့လက်ထပ်ပြီးရင်တော့ ကျွန်မအနေနဲ့ မာတာဘယ်လီ အမျိုးသမီး အားလုံးကို ကိုယ်စားပြုပြီး ပြောနိုင်ဆိုနိုင် အရေးဆိုနိုင်လာမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အမျိုးသမီး တွေဟာ ယောကျ်ားတွေရဲ့ အနှိမ်ခံနေခဲ့ရတာ ကြာပြီရှင့်။ အခု လောလောဆယ်ပဲ ကြည့်ဦးလေ။ ကျွန်မဟာသင်တန်းတက်ဖို့လက်မှတ်ရ သူနာပြုဆရာမတစ်ယောက်လည်းဖြစ်တယ်၊ ကျောင်းဆရာမ လည်း ဖြစ်တယ်။ ဒါပေမဲ့ကျွန်မအနေနဲ့ ယောကျ်ားများနဲ့တန်းတူ စားသောက်ခွင့်မရှိဘူး။ အမျိုးသမီး ချက်ပြုတ်တဲ့ မီးဖိုဆောင်မှာပဲ စားခွင့်ရှိတယ်။ နောင်ဆိုရင်တော့ ဒါမျိုးကအစ ကျွန်မက အရေးဆိုပြီး အမျိုးသမီးတွေတန်းတူ အခွင့်အရေးရလာအောင် တိုက်မှာပဲ"

ခရိတ်သည် ဆာရာ၏စိတ်ဓာတ်ကိုကျိတ်၍ လေးစားချီးကျူးမိလေသည်။ တိုးတက်သော အတွေး အခေါ်အမြင်ရှိသူဖြစ်၍ တွန်ဂါတာလိုလူအတွက် အထူးသင့်လျော် လိုက်ဖက်ညီသော အမျိုးသမီး တစ်ဦးဖြစ်သည်ပါတကားဟုလည်းသုံးသပ်မိသည်။ ယင်းသို့တစ်ယောက်နှင့်တစ်ယောက် အကြောင်း အရာမျိုးစုံ ဆွေးနွေးပြောဆိုကြရင်း ညသည်အချိန်ကုန်မှန်းမသိ ကုန်သွားတော့သည်။ ခရိတ်သည် သူ၏ လက်ပတ်နာရီကို ကြည့်လိုက်ပြီး အံ့အားသင့်သွားမိလေသည်။ အချိန်ကုန်မြန်လှသည်ဟု လည်း တွေးမိသည်။

"ဟော့...လေးနာရီတောင် ထိုးပြီ။ ငါတို့ စလှုပ်ရှားဖို့ အချိန်ရောက်ပြီ"

ခရိတ်က ခပ်တိုးတိုး ပြောလိုက်ပြီးနောက် ဆက်လက်၍-

"မင်းကို ကျေးဇူးအထူးတင်မိတယ် ဆာရာရယ်။ ငါက သတ္တိကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူး။ မင်းရဲ့ အကူအညီ လိုတယ်"ဟု ပြောလိုက်သည်။

ဆာရာသည် ထိုင်ရာမှထပြီး ခရိတ်အား ငုံ့ကြည့်ရင်း-

"ရှင်ကလည်း ကိုယ့်ကိုယ်ကိုယ် ပြန်နှိမ့်ချပြီး ပြောနေပြန်ပါပြီ။ ရှင်ဟာ အလွန်သတ္တိကောင်းတဲ့ လူ တစ်ယောက်ဖြစ်တာအမှန်ပါပဲ"ဟု ပြော၍ သူ့ညီမငယ်များအားနှိုးရန် ထွက်သွားလေသည်။

နေအတော်မြင့်နေပြီ ဖြစ်သည်။ ခရိတ်သည် ချောင်းကမ်းနံဘေး တစ်နေရာရှိ ကျောက်တုံးကြီး နှစ်တုံး ကြားတွင် အသာဝပ်နေလေသည်။ သူ၏ရှေ့တည့်တည့်တွင် အေကေ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်

တစ်လက်အသင့်ချထားလေသည်။ သူ၏နေရာမှချောင်းကူးတံတားနှင့်တကွ ဝဲယာနှစ်ဖက်ကိုပစ်မှတ်အဖြစ်တိုက်ခိုက်ပစ်ခတ်ရန် အလွန်အဆင်ပြေနေလေသည်။ သို့သော် သူ၏ စိတ်ထဲတွင်ကား လူတွေအမြောက်အများ သတ်ဖြတ်ရသည့်အဖြစ်မျိုး မရောက်ပါစေနှင့်ဟုဆုတောင်းမိလေသည်။ သစ်သားတံတား၏အောက်ဘက်တွင် မာတာဘယ်လီတိုင်းရင်းသား ပြောက်ကျားလေးဦးတို့နေရာ ယူထားကြပြီဖြစ်သည်။ ရေထဲ ကိုယ်တစ်ပိုင်းမြုပ်အောင်ဆင်းနေရသဖြင့် သူတို့၏ကိုယ်အထက်ပိုင်းတွင် အဝတ်အစား ဝတ်မထားချေ။

တံတား၏သစ်သားပေါင်တွင် သူတို့၏ ရိုင်ဖယ်သေနတ်များ အသင့်တင်ထားလေသည်။ အဓိကလက်နက်များအဖြစ် လေးနှင့်မြားကိုယ်စီကိုင်ဆောင်ထားကြသည်။ လေးလက်နက်ကလည်း တောဆင်ရိုင်းများလိုက်ပစ်ရာတွင်အသုံးပြုသော မာတာဘယ်လီလူမျိုးတို့၏ ရိုးရာလက်နက် (ငါးပေရှိသော လေးကြီးများ) ဖြစ်သည်။ ယင်းလက်နက်များ၏အစွမ်းကို ခရိတ်သည်တစ်ချိန်ကမသိခဲ့။ အထင်မကြီးသည့်ပြင် ထိရောက်နိုင်သည်မဟုတ်ဟု သံသယရှိခဲ့သည်။ သို့သော် လက်တွေ့စမ်းသပ်ပြခြင်းကို မြင်ရတော့မှ အလွန်အံ့သြပြီး အထင်ကြီး မိလေတော့သည်။

လေးကြီးကိုဖန်တီးထားပုံက သစ်မာတစ်မျိုးဖြင့် ပြုလုပ်ထားပြီး ပိုမိုတောင့်တင်းစေရန် သားရေစိမ်းဖြင့် ရစ်ပတ်ထားလေသည်။ လေး၏ကြိုးကလည်း နိုင်လွန်ကဲ့သို့ခိုင်ခံ့သော တိရစ္ဆာန်သားရေမျှင်ဖြင့် ပြုလုပ်ထားသည်။

ထိုလေးကြီးကိုတင်နိုင်ရန် အလွန်ခွန်အားဗလကြီးမှသာလျှင် တင်နိုင်ပေသည်။ ခရိတ်ကိုယ်တိုင်က သာမန်လူတို့ထက်ခွန်အားပိုရှိလင့်ကစား လေး၏ကြိုးကိုဆွဲ၍လေးတင်ခြင်းငှာမတတ်နိုင်ချေ။ လေးကိုတင်ရသည့် ဆွဲအားပမာဏသည် ပေါင်တစ်ရာခန့် ရှိမည်ဖြစ်သည်။ ခွန်အားဗလ အလွန်ကြီးမားသူမှသာလျှင် တင်နိုင်မည့်လေးကြီးဖြစ်လေသည်။ လေးနှင့်ပစ်ရသည့်မြားကတော့ ထိပ်ဖျားတွင်ချွန်ထက်သော သံမဏိထိပ်ဖူးများ တပ်ဆင်ထားသည်။ မည်မျှ ထိရောက်ကြောင်း လက်တွေ့ပြသည့်အနေဖြင့် ပြောက်ကျားတစ်ဦးမှ တစ်ခါကပစ်ပြခဲ့ဖူးရာ ခရိတ်သည် အလွန်အံ့သြမိလေသည်။

ထိုပြောက်ကျားသည် သစ်ပင်ကြီးတစ်ပင်မှ ခြေလှမ်းသုံးဆယ် အကွာတွင်ရပ်ပြီး မြားတစ်စင်းဖြင့် သစ်ပင်ကို ချိန်ပစ်လွှတ်လိုက်ရာ သစ်ပင်အတွင်းသို့ လက်မနှစ်ဆယ်ခန့် စိုက်ဝင်သွားလေသည်။ ထိုမြားဖြင့် လူတစ်ယောက်ကိုပစ်လိုက်ပါက ထုတ်ချင်းပေါက်ဝင်သွားနိုင်ပြီး ဆင်ကြီးတစ်ကောင်ကို

ပစ်မည်ဆိုလျှင်လည်း ဆင်ကြီး၏ကိုယ် တစ်ဖက်မှတစ်ဖက်သို့ တောက်လျှောက်ဝင်သွားမည်ဖြစ်သည်။ ဤမျှထိရောက်ပြီး ကြောက်စရာကောင်းသော တိုင်းရင်းရိုးရာ လက်နက်တစ်ခုပါပေတည်း။

ယင်းလက်နက်မျိုးကိုင်ဆောင်သူ လေးသမားလေးယောက် တံတားအောက်တွင် ရှိနေပြီဖြစ်သည်။ မလှမ်းမကမ်းရှိ ရေဒူးဆစ်ခန့်နက်သော ချောင်းထဲတစ်နေရာတွင်လည်း နောက်ထပ် လေးသမား ဆယ်ဦးတို့သည်လည်း အသာဝပ်၍နေရာယူထားကြသည်။ သူတို့သည် ရန်သူကရုတ်တရက် မမြင်နိုင်အောင် တစ်ကိုယ်လုံး ရေထဲတွင်နစ်ကာ ဦးခေါင်းသာလျှင် ရေမျက်နှာပြင်ပေါ်သို့ဖော် ထားကြသည်။ ထို့ပြင် ကမ်းစပ်အနီး ကမ်းပါးတစ်ခု၏ အကာအကွယ်ကို ယူထားသောကြောင့် ရုတ်တရက် မြင်ရန် မလွယ်ကူချေ။

မကြာမီ စစ်ကားကြီးများ၏ အင်ဂျင်စက်သံ ကြားရလေသည်။ ချောင်းကူးတံတားသို့ ချဉ်းကပ်ခါနီး တွင် လမ်းကဆင်ခြေလျှောဖြစ်နေရာ မော်တော်ကားအရှိန်လျှော့၍ မောင်းရသောကြောင့် စစ်ကားကြီးများ၏ အင်ဂျင်စက်သံသည် တစ်မျိုးပြောင်းလာလေသည်။

ခရိတ်ကိုယ်တိုင် စောစောပိုင်းက ထိုဆင်ခြေလျှောလမ်းအတိုင်း တစ်ကြိမ်လျှောက်၍ အခြေအနေကို လေ့လာခဲ့ပြီးဖြစ်သည်။ တစ်ချိန်က ရိုဒီရှားနိုင်ငံရဲတပ်ဖွဲ့တွင် (မျက်နှာဖြူအစိုးရလက်ထက်က) အမှုထမ်းခဲ့ဖူးသော အတွေ့အကြုံကြောင့် ဘေးအန္တရာယ်ရှိလျှင် အလိုလိုသင်္ကာမကင်းဖြစ်ကာ သိတတ်သောအလေ့သည် ယခုလည်း တစ်ဖန်ပြန်လည်ပေါ်လာသဖြင့် ခရိတ်အနေဖြင့် လမ်းဘေးချုံပုတ်များပါမကျန် အကဲခတ်ကြည့်ရင်း အန္တရာယ်ကို ရှာဖွေကြည့်ခဲ့လေသည်။

ရန်သူ၏ အရိပ်အယောင်လုံးဝမတွေ့ရတော့မှ သူ၏ပြောက်ကျားရဲဘော်များအားအချက်ပြအကြောင်းကြား ခဲ့လေသည်။

"ကျွန်မတို့ သွားကြဖို့ တော်ပြီထင်တယ်"

ဆာရာက ခပ်တိုးတိုး ပြောလိုက်သည်။ သူမသည် ညီမဝမ်းကွဲများနှင့်အတူ ခရိတ်၏ဘေးနားရှိ ကျောက်တုံးကြီးနောက်တွင်ထိုင်နေကြရာမှ အခြေအနေကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ ဆာရာပြောသည့်အတိုင်း မှန်ပေသည်ဟု ခရိတ်ကလည်း သုံးသပ်မိလေသည်။ ယခုအခြေအနေကျမှ အစီအစဉ် တစ်မျိုးပြောင်း၍မဖြစ်တော့။ မူလက ကြုံတင်အကွက်ဆင်ထားသည့်အတိုင်း လက်တွေ့လုပ်မှ ဖြစ်ပေတော့မည်။

"ကဲ...ဒါဖြင့် မင်းတို့သွားပေတော့"

ခရိတ်ကပြောလိုက်သည်နှင့် ဆာရာသည်မတ်တတ်ထ၍ ဝတ်ထားသောရှပ်အင်္ကျီပွပွကို ချွတ်ချလိုက်သည်။ သူမ၏ ညီမဝမ်းကွဲတို့သည်လည်း ချက်ချင်းပင် ဆာရာနည်းတူ ကိုယ်တွင် ရစ်ပတ်လွှမ်းထားသော အဝတ်စများကို ချွတ်ပစ်လိုက်ကြလေရာ သူတို့ညီအစ်မလေးဦးစလုံးတို့သည် လုံးဝ ဗလာကျင်းကာ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားကြတော့သည်။

သို့သော် ခြွင်းချက်အနေဖြင့် ခါးတွင် ပုတီးစေ့များ သီထားသည့် ခါးဝတ်တစ်ခုစီ ရှိနေကြလေသည်။ ပုတီးစေ့ခါးဝတ်များသည် အောက်သို့ခပ်ရှည်ရှည် တွဲလဲကျနေသဖြင့် အရှက်ကို မလုံတလုံဖုံးထားသလိုရှိသော်လည်း မိန်းကလေးများ သွားလာလှုပ်ရှားလျှင် ပုတီးစေ့များသည် ကိုယ်တွင် ကပ်မနေတော့ဘဲ ရွေ့လျားလှုပ်ရှားနေရာ မိန်းကလေးများ၏ သူတို့၏ လှို့ဝှက်သော သဘာဝအလှကို မမြင်ချင်မှအဆုံး ပေါ်လွင် လာတတ်ပေသည်။

နောက်မှကြည့်လျှင်ကား မိန်းကလေးများ၏ ခန္ဓာကိုယ် အချိုးကျနသော သဘာဝအလှကို အတိုင်းသား မြင်နေရပေလေသည်။ တစ်ယောက်ကိုတစ်ယောက် ရေနှင့်ပက်ဖျန်း၍လည်း ဆော့ကစားနေကြသည်။ ကြိုတင် စီစဉ်ထားသည့်အတိုင်း မိန်းကလေးများသည် ချောင်းတွင်း ရေစပ်နားဆီသို့ ပြေးသွားကြစဉ် ခရိတ်က နောက်မှနေ၍-

"ဟော့...ရေထဲမှာ ရယ်မောပြီးကစားနေကြကွ။ ပျော်ပျော်ရွှင်ရွှင်နေကြဖို့ မမေ့ကြနဲ့"ဟု လှမ်းအော်ပြော လိုက်သည်။

မိန်းကလေးများသည် အဝတ်မပါဘဲဗလာကျင်းနေသည်ကို ရှက်ကြောက်ဟန်မတူဘဲ ရေစပ်သို့ ရောက်လျှင် ခရိတ်ညွှန်ကြားသည့်အတိုင်း ရယ်ကာမောကာဖြင့် ပျော်ရွှင်ကစားနေကြသည်။ သူတို့ ခါးတွင် ပတ်ထားသော ပုတီးစေ့ခါးပတ်မှာ အိမ်ထောင်မကျသေးသော မိန်းမပျိုတို့ ဆင်မြန်းလေ့ရှိသည့် မာတာဘယ်လီရိုးရာ တန်ဆာတစ်ခုပင် ဖြစ်သည်။ ဆာရာကိုယ်တိုင်ကလည်း ဆင်မြန်းထားသည်။ ယင်း ပုတီးစေ့တန်ဆာကို မြင်ရသူများက ဤမိန်းကလေးများ အပျိုဖြစ်ကြောင်း အလိုလိုသိကြမည် ဖြစ်လေသည်။

ခရိတ်သည် မိမိတို့ဘက်မှ ပြောက်ကျားရဲဘော်များကို အကဲခတ်ကြည့်ရာ ကိုယ်တုံးလုံးဖြစ်နေသူ မိန်းကလေးများအား လုံးဝဂရုမစိုက်ဘဲ လှည့်၍ပင်မကြည့်ဘဲ ကူးခြေရရနေကြသည်ကို မြင်ရပြီးအံ့သြမိလေသည်။

အမှန်တော့ မာတာဘယ်လီ ပြောက်ကျားလူငယ်များသည် မိမိတို့ လတ်တလောရင်ဆိုင်ရမည့် အန္တရာယ်များလှသော လုပ်ငန်းတာဝန်ကိုသာအာရုံစူးစိုက်၍ အသင့်ပြင်ဆင်နေကြခြင်းဖြစ်လေသည်။ ရှေ့ဆုံးမှလာသော စစ်ကားမှာ တိုယိုတာ အမျိုးအစား ငါးတန်ကားကြီးဖြစ်ပြီး ချောင်းကူးတံတားဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာပြီဖြစ်သည်။ ကားအမျိုးအစားမှာ မကြာသေးမီက ခရိတ်တို့နောက်သို့ ဘော့ဆွာနာနိုင်ငံနယ်စပ်အထိအောင်လိုက်လာသော စစ်ကားအမျိုးအစားပင်ဖြစ်သည်။

ကား၏ ရှေ့အခန်းအမိုးပေါ်တွင် စက်သေနတ်တစ်လက်တင်ထားပြီး ရှိုနာစစ်သားတစ်ဦးက စက်သေနတ်ကို အသင့်ကိုင်လျက် လိုက်ပါလာသည်။ ထိုကား၏နောက် မလှမ်းမကမ်းမှ ဒုတိယစစ်ကားသည်လည်း လိုက်ပါလာလေသည်။

"ဘုရားသခင်တန်ခိုးနဲ့ နောက်ထပ် စစ်ကားတစ်စီး ပါမလာပါစေနဲ့"

ခရိတ်က စိတ်ထဲမှကျိတ်၍ ဆုတောင်းလိုက်မိရင်း သူ၏အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်ကို အသင့်ကိုင်ထားလိုက်သည်။ ထိုအချိန်၌ သူ၏မျက်နှာတွင် ချောင်းဘေးမှရွံ့များ လိမ်းကျံထားပြီး သေနတ်ပြောင်းကိုလည်း သစ်ခက်များဖြင့်ဖုံးအုပ်ထားသဖြင့် ရန်သူကရုတ်တရက် မြင်နိုင်ရန်မလွယ်ကူချေ။
ခရိတ်သည် ဆက်၍စောင့်ကြည့်နေရာ နောက်ထပ် စစ်ကားမလာဘဲ ကားနှစ်စီးသာဖြစ်ကြောင်း သိရသဖြင့်-
"အင်း...တော်သေးရဲ့"ဟု အောက်မေ့လျက် သက်ပြင်းချလိုက်မိသည်။

ကားကြီးနှစ်စီးစလုံး တံတားပေါ်သို့ဖြတ်မောင်းစဉ် ဆာရာနှင့်ညီမငယ်များသည် ရေထဲဒူးဆစ်မြုပ်အောင် မတ်တတ်ရပ်နေရာမှ စစ်ကားပေါ်မှစစ်သားများကို လက်ဝှေ့ယမ်းပြ၍ နှုတ်ဆက်လိုက်ကြသည်။
ချက်ချင်းလိုပင် ရှေ့ဆုံးမှ စစ်ကားသည် သိသိသာသာ အရှိန်လျော့၍ ဖြည်းဖြည်းချင်း မောင်းလေသည်။
မိန်းကလေးများသည် ကိုယ်ကိုဝဲယာယိမ်းထိုးလျက် တိုင်းရင်းသားရိုးရာ အကတစ်မျိုးကနေဟန် လှုပ်ရှားရာ သူတို့၏ခန္ဓာကိုယ်အထက်ပိုင်းမှ သဘာဝအလှတို့က ရေစိုနေလင့်ကစား စစ်သားများအား မြူဆွယ်ဖြားယောင်းသလို ဖြစ်နေတော့သည်။ မိန်းကလေးများကိုယ်တိုင်က စစ်သားများကို ကြည့်ပြီး တခစ်ခစ်ရယ်မောနေကြလေသည်။

ရှေ့ဆုံးမှ စစ်ကား၏ခေါင်းခန်းတွင် စစ်သားနှစ်ဦးလိုက်ပါလာသည်။ တစ်ဦးက အရာခံဗိုလ်အဆင့် ရှိကြောင်း သူ၏ပခုံးမှ ရာထူးကြယ်ကိုမြင်၍ ခရိတ်ကရိပ်မိလေသည်။ ထိုလူသည် ရေချိုးနေသူ မိန်းကလေးများကိုကြည့်ပြီး သွားများပေါ်အောင် ပြုံးဖြဲဖြဲလုပ်နေရာမှ သူ၏ဘေးရှိ ယာဉ်မောင်းသူ အား တစ်စုံတစ်ခု ပြောလိုက်ရာ ချက်ချင်းပင် စစ်ကားကြီးသည် ဘရိတ်အုပ်ရပ်သွားလေသည်။

နောက်မှလိုက်လာသော ဒုတိယစစ်ကားသည်လည်း ဆက်မမောင်းနိုင်ဘဲ ရပ်လိုက်သည်။ အရာခံ ဗိုလ်မှာ လူငယ်တစ်ဦးဖြစ်ပြီး ကားတံခါးကိုဖွင့်၍ ခြေနင်းခုံပေါ်တွင် ရပ်နေလေသည်။ ကား၏နောက် မှ အခြားစစ်သားများနှင့် ကား၏ အမိုးပေါ်မှ စက်သေနတ်သမားတို့သည်လည်း ချောင်းထဲမှ လုံမပျို များ၏အလှကို ငေးမောကြည့်ရင်း သဘောကျဟန်ဖြင့် ပြုံးရယ်နေကြလေသည်။

ထိုအချိန်၌ ဒုတိယကားပေါ်မှ စစ်သည်များသည်လည်း အားကျဟန်ဖြင့် ကားပေါ်မှ ခုန်ဆင်းလာကြ သည်။ မိန်းကလေးတစ်ဦးသည် စစ်သားများကိုကြည့်ရင်း လက်ဖြင့်တစ်စုံတစ်ခု လုပ်ပြလိုက်ရာ စစ်သားများသည် အလွန်သဘောကျလျက် တဝါးဝါးနှင့်ရယ်မောကြလေသည်။ အရာခံဗိုလ်သည် လည်း မိန်းကလေးက လက်ဖြင့်လုပ်ပြသည်ကို ဖိတ်ခေါ်ခြင်းဟု တထစ်ချတွက်လျက် ကားပေါ်မှ ဆင်းလိုက်သည်။ ကျန်စစ်သားများသည်လည်း သူ၏နောက်မှ ဝိုင်းလိုက်လာကြလေသည်။ ထိုအချိန် ၌ စက်သေနတ်သမားနှစ်ဦးသာလျှင် သူတို့၏ တာဝန်ကျနေရာတွင် ရှိနေကြလေသည်။

ခရိတ်သည် တံတားအောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်ရာ မိမိတို့၏ ပြောက်ကျားရဲဘော်များက လေးနှင့်မြားတို့ကို အသင့်ကိုင်ထားကြပြီဖြစ်ကြောင်း မြင်ရလေသည်။ သူကြည့်နေစဉ်မှာပင် လေး သမားလေးဦးတို့သည် ရေထဲမှကမ်းပါးပေါ်သို့ တဖြည်းဖြည်း တွား၍တက်လာ ကြလေသည်။

ဆာရာက ရှေ့ဆောင်လျက် စတင်လှုပ်ရှားလေသည်။ သူမသည် ပုတီးစေ့ခါးပတ်ကိုချွတ်၍ လက်ဖြင့် ကိုင်ရင်း ချောင်းကမ်းဘေး စစ်သားများရှိရာသို့ လျှောက်လာလေသည်။ သူမက ဖြည်းဖြည်းချင်း လျှောက်လာစဉ် စစ်သားများသည် မရယ်မောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားဖြင့် ဆာရာအား ငေးမောကြည့်နေကြလေသည်။ သူမ၏ ပြည့်ဖြိုးလှပ အချိုးကျနသော ကိုယ်လုံးကိုယ်ဟန်ကလည်း စစ်သားများငေးမည်ဆိုလျှင် ငေးလောက်အောင်ပင် ဆွဲဆောင်မှုရှိနေပေသည်။

ထို့ကြောင့် ရှိုနာလူမျိုးစစ်သားများသည် အလိုရမ္မက်ပြင်းထန်တက်ကြွကာ အခြားဘာကိုမှ ဂရုမစိုက် နိုင်ကြတော့ကြောင်း ခရိတ်က ရိပ်မိလေသည်။ ဆာရာသည် ချောင်းကမ်းအနီးရေစပ်တွင်ရပ်ကာ

စစ်သားများအား ညှို့ဆောတ်ပါသောမျက်လုံးဖြင့် မော်ကြည့်နေလေသည်။ စစ်သားများကလည်း မျက်တောင်မခတ် ငေးကြည့်နေကြသည်။

ထိုအချိန်၌ လေးသမားလေးဦးတို့က စစ်သားများနောက်မှအသာခြေဖျားထောက်၍လာကြရာ ရှေ့ဆုံးမှစစ်သားနှင့် ခြေလှမ်းဆယ်လှမ်းမျှအကွာသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ဤတွင်သူတို့ လေးဦးစလုံးက ဒူးထောက်၍ပစ်ခတ်ရန် လေးတင်လိုက်ကြသည်။ လေးဖက်ကြိုးကိုဆွဲငင်ရာ၌ အထူးအားစိုက်ဆွဲရသဖြင့် သူတို့၏လက်မောင်းမှ ကြွက်သားကြီးများ ဖောင်းကြွတက်လာလေသည်။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် မြားတစ်စင်းစီ ပစ်လွှတ်လိုက်ကြလေသည်။

အသံဆို၍လုံးဝမကြားရဘဲ ကားခေါင်မိုးပေါ်မှစက်သေနတ်သမားတစ်ဦးသည်ရုတ်တရက်ရှေ့သို့ငိုက်ကျသွားလေသည်။ လုံးဝမလှုပ်ရှားတော့ဘဲငြိမ်သွားချိန်တွင် ထိုလူ၏လက်တစ်ဖက်သည်ကားခေါင်မိုးပေါ်မှဘေးသို့တွဲလောင်းကျနေလေသည်။ အခြား စက်သေနတ်သမားသည်လည်း ဘာမှန်းမသိလိုက်ရဘဲ သူ၏နောက်ကျောသို့ မြားတစ်စင်း ထိုးစိုက်ဝင်လာတော့မှ ပြင်းစွာနာကျင်လျက် ဟစ်အော်ရန် ကြိုးစားလေသည်။ သို့သော် ပါးစပ်မှဘာသံမှ ထွက်မလာချေ။

သွေးရူးသွေးတန်းနှင့် လက်တစ်ဖက်ကို နောက်သို့ပစ်၍ ကျောမှမြားကို ဆွဲထုတ်ရန် ကြိုးစားနေခိုက်မှာပင် နောက်ထပ်မြားတစ်စင်းက ပထမမြား၏ အောက်နားဆီသို့ လာထိမှန်ပြန်လေသည်။ စက်သေနတ်သမားသည် ဝေဒနာကြောင့်ရုံ့မဲ့တွန့်လိမ်ရာမှ ချက်ချင်းလိုပင် မလှုပ်မယှက် ငြိမ်သက်သွားတော့သည်။ လေးသမားတို့သည် ပစ်မှတ်ကိုတစ်မျိုးပြောင်းကာ ချောင်းကမ်းစပ်မှ စစ်သားအုပ်စုဆီသို့ မြားတွေ ပစ်လွှတ်ပြန်သည်။

မြားထိမှန်၍စစ်သားတစ်ဦးက ငယ်သံပါအောင်အော်လိုက်ချိန်တွင် ချောင်းထဲတွင်ပုန်းနေကြသူမာတာဘယ်လီပြောက်ကျားများသည်ဘွားခနဲထွက်လာပြီးကမ်းပေါ်သို့ပြေးတက်ကြလေသည်။ ရှိုနာစစ်သားများက လေးသမားများကို ရင်ဆိုင်ရန်လှည့်လိုက်ကြသဖြင့် ပြောက်ကျားရဲဘော်များသည် သူတို့၏နောက်ကျောမှ တိုက်ခိုက်ခွင့်ရကြလေသည်။ ပြောက်ကျားရဲဘော်များသည် အနီးကပ် တိုက်ပွဲတွင်သေနတ်မသုံးဘဲ ပန်ဂါခေါ်မာတာဘယ်လီ ရိုးရာဓားလက်နက်တစ်မျိုးကို အသုံးပြု၍ တိုက်ခိုက်ကြလေသည်။

ဓားတိုသော်လည်း ပုဆိန်နှင့် ပို၍တူပြီး အသွားက အလွန်ထက်လှလေသည်။ ရှိုနာလူမျိုး အရာခံဗိုလ်သည် ရုတ်တရက်အငိုက်မိခံရသဖြင့် အံ့အားသင့်တုန်လှုပ်နေစဉ်မှာပင် ပြောက်ကျားရဲဘော်

တစ်ဦးက ပန်ဂါအသွားဖြင့် ဦးခေါင်းတည့်တည့်သို့ တအားလွှဲခုတ်ချလိုက်သည်။ ပန်ဂါမား၏ ဒဏ်ဖြင့် အရာခံဗိုလ်၏ ဦးခွံကွဲသွားသည့်အသံကို ခရိတ်ပင်လျှင် ကြားလိုက်ရလေသည်။

ဆာရာသည် ညီမလေးများကိုပါခေါ်၍ ကမ်းပေါ်သို့ ပြေးတက်လာလေသည်။ တိုက်ပွဲဖြစ်ပွားနေပြီ ဖြစ်၍ သူတို့သည် ကမ်းပေါ်ရောက်ရောက်ချင်း မြေပြင်တွင် ဝပ်နေလိုက်ကြရလေသည်။ ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရလေသည်။ ထိုအချိန်၌ ရှိုနာစစ်သားအားလုံးလိုလို ကျဆုံးကုန်ကြပြီဖြစ်သည်။ မာတာဘယ်လီ ပြောက်ကျားရဲဘော်များကတော့ လဲကျနေသူ ရှိုနာစစ်သားများအား အခဲမကျေဟန်ဖြင့် ဆက်လက်ခုတ်ထစ်နေကြလေသည်။

"ဟော့...ဆာရာ မိန်းကလေးတွေပါခေါ်ပြီး ဟောဟို တောစပ်က ချုံတွေကြား သွားပုန်းနေကြ"

ခရိတ်က အေကေ ၄၇ ရိုင်ဖယ်သေနတ်ကို ကိုင်လျက် ချောင်းကူးတံတားကိုဖြတ်၍ ပြေးသွားလေသည်။ ပြောက်ကျားရဲဘော်များသည် ထိုအချိန်၌ ကျဆုံးသူရှိုနာစစ်သားများ၏ ကိုယ်မှ အသုံးအဆောင်ပစ္စည်းများကို နှိုက်ယူနေကြပြီ ဖြစ်သည်။ သူတို့သည် ဣန္ဒြေအလုပ်မျိုး လုပ်နေကျဖြစ်၍ ကျွမ်းကျင်လျင်မြန်လှပေသည်။ စစ်သားအလောင်းများမှ လက်ပတ်နာရီများကို ရှေးဦးစွာ ဖြုတ်ယူကြသည်။ ပြီးတော့မှအင်္ကျီအိတ်ထဲမှ အခြားပစ္စည်းများ (ပိုက်ဆံအိတ်စသည်တို့ကို) နှိုက်ယူကြလေသည်။
"ကျွန်ုပ်တို့ဘက်မှ ထိခိုက်မှု ရှိသလော"

"မည်သူများ ကျည်ဆန် ထိမှန်သွားလေသနည်း"

ခရိတ်က မာတာဘယ်လီဘာသာဖြင့် မေးလိုက်သည်။ စောစောက ကြားလိုက်ရသော သေနတ်သံတစ်ချက်ကြောင့် စိုးရိမ်၍မေးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ကံအားလျော်စွာ သူတို့ဘက်မှ မည်သူမျှ ထိမှန်ခြင်းမရှိချေ။

ခရိတ်သည် သူတို့သွားမည့်လမ်းတွင် ရန်သူ၏ချုံခိုတိုက်ခိုက်ခြင်း မခံရအောင် ရှေ့ပြေးကင်းအဖွဲ့တစ်ဖွဲ့ ကြိုတင်လွှတ်လိုက်သည်။ ကျဆုံးသူရှိုနာစစ်သားများကိုလည်း မြေမြှုပ်သင်္ဂြိုဟ်ရန်ညွှန်ကြားလိုက်သည်။
စစ်ကားခေါင်းမိုးပေါ်မှ စက်သေနတ်သမား မြားထိမှန်ပြီး သေဆုံးသည့်နေရာမှာ သွေးများယိုစီးကျ၍ ပေကျံနေသဖြင့် ခရိတ်ကပြောက်ကျားရဲဘော်များအား ရေဖြင့်ဆေးကြောသန့်စင်ခိုင်းလိုက်သည်။ သွေးစွန်းနေသော ယူနီဖောင်းဝတ်စုံများကိုလည်း လျှော်ဖွပ်ခိုင်းလိုက်သည်။

ပြောက်ကျား ရဲဘော်များသည် ရှိုနာစစ်သားအလောင်းများကို တစ်နေရာတွင် မြေကျင်းကြီးတူး၍ မြေမြှုပ်နေကြစဉ် ဆာရာပြန်ရောက်လာလေသည်။ ယခုတော့ သူမသည် အဝတ်အစား အပြည့်အစုံ သပ်ရပ်စွာ ဝတ်ဆင်ထား လေသည်။

"ညီမလေးတွေကိုတော့ ကျွန်မကရွာကို ပြန်လွှတ်လိုက်ပြီ။ သူတို့က ဒီနယ်မြေဒေသကို ကျွမ်းကျင်တဲ့ အတွက် စိုးရိမ်စရာမရှိပါဘူး။ သူတို့ ဘာမှ အန္တရာယ်ရှိမှာ မဟုတ်ပါဘူး"ဆာရာက ပြောရာ။
ခရိတ်ကလည်း-
"အေး...ကောင်းတယ်၊ ဒီနေ့အဖို့ မင်းရဲ့တာဝန် ကျေပွန်ပါတယ်"ဟု ပြောကာ ရှေ့ဆုံးမှ စစ်ကားကြီးပေါ်သို့လှမ်းတက်လိုက်သည်။ ကားကြီး၏သော့သည် ကားထဲမှာအဆင်သင့်ပင် ရှိနေလေသည်။ ရှိုနာစစ်သားအလောင်းများကို တောထဲတွင်တွင်းတူးမြေမြှုပ်လိုက်ပြီးနောက် ပြောက်ကျားရဲဘော်များ ပြန်ရောက်လာသောအခါ ခရိတ်သည် ကြိုတင်လွှတ်ထားသော ရှေ့ပြေးကင်းအဖွဲ့များကို ပြန်ခေါ်ယူလိုက်သည်။

ထို့နောက် ပြောက်ကျားလူငယ်တစ်ဦးအား ဒုတိယစစ်ကားကိုမောင်းရန် တာဝန်ပေးလိုက်သည်။ ထိုလူငယ်က မော်တော်ကားကို စက်နှိုးလိုက်ချိန်တွင် ကျန်ပြောက်ကျားရဲဘော်များလည်း ကားပေါ်သို့ တက်လိုက်ကြသည်။ ခရိတ်က ရှေ့ကားကိုမောင်းပြီး ကားနှစ်စီးလုံးတန်းစီ၍ မောင်းထွက်ကြလေသည်။
စစ်ဆင်ရေးတစ်ခုလုံး အစမှအဆုံးအထိ အချိန် သုံးဆယ့်ငါးမိနစ်မျှသာ ကြာလေသည်။ ကြိုတင်သတ်မှတ်ထားသောနေရာသို့ ရောက်သောအခါ ရဲဘော်လွှတ်ကောက်သည် ချုံတစ်ခုမှ ထွက်လာပြီး စစ်ကားများကို လမ်းပေါ်မှ လမ်းဘေးတောတွင်းသို့ မောင်းခိုင်းလေသည်။ ခရိတ်သည် ရှေ့ကားကို လမ်းဘေးသို့မောင်းချပြီး သစ်ပင်အုပ်ကောင်းကောင်းတစ်နေရာသို့ မောင်းဝင်သွားရာ ဒုတိယကားသည်လည်း သူ၏နောက်မှ လိုက်မောင်းလာလေသည်။ ထိုအခါ ပြောက်ကျားရဲဘော်များအဖွဲ့တစ်ဖွဲ့က စစ်ကားနှစ်စီးလုံးကို သစ်ကိုင်းသစ်ခက်များဖြင့် လုံအောင် ဖုံးအုပ်ထားလိုက်ကြသည်။

နောက် ပြောက်ကျားရဲဘော် အဖွဲ့တစ်ဖွဲ့က ကားကြီးနှစ်စီးပေါ်မှပစ္စည်းတွေအားလုံးကို သယ်ချလိုက်ကြသည်။ ထို့နောက် စောစောက သူတို့သစ်ပင်ကြီးလဲချ၍ လမ်းပိတ်ဆို့ထားခြင်းကိုပြန်ဖယ်ရှားလိုက်ကြသည်။

စစ်ကားနှစ်စီးပေါ်မှ ရိက္ခာပစ္စည်းများက စုံလင်များပြားလှပေသည်။ တစ်အိတ်လျှင် ပေါင်နှစ်ရာပါသော ပြောင်းအိတ်များ စည်သွတ်အသားဘူးများ၊ ခြံစောင်များ၊ ဆေးဝါးပစ္စည်းများ၊ စီးကရက်၊ ဆပ်ပြာ၊ သကြား၊ ဆား စသည်တို့အပြင် ကျည်ဆန်သေတ္တာများသည် ပါရှိလေရာ ပစ္စည်းအားလုံးသည် ပြောက်ကျားတပ်ဖွဲ့များအဖို့ အလွန်အသုံးဝင်သည့်ပစ္စည်းများချည်းဖြစ်လေသည်။ ယင်းပစ္စည်းများကို မာတာဘယ်လီပြောက်ကျားတို့က လုံခြုံစွာဝှက်ထားပြီး လိုအပ်မှထုတ်ယူ အသုံးပြုကြလိမ့်မည်ဖြစ်ကြောင်း ခရိတ်သိနေလေသည်။

ပြောက်ကျားရဲဘော်များသည် ကျဆုံးသူ ရှိုနာစစ်သားများထံမှ ချွတ်ယူထားသော ယူနီဖောင်းဝတ်စုံများကို လဲဝတ်လိုက်ကြလေသည်။ အချိန်ကား ငါးနာရီခန့်ရှိသွားပြီဖြစ်သည်။ ခရိတ်သည် တူတီစခန်းမှ ရေဒီယိုဆက်သွယ်ရေးအစီအစဉ်ကို မှတ်မိလေသည်။ ညစဉ် ရှစ်နာရီတိတိအချိန်တွင် စခန်းမှ ရေဒီယိုအော်ပရေတာက ဆက်သွယ်၍ သတင်းပို့ချက်များကို နားထောင်လေ့ရှိသည်။

ခရိတ်သည် ရှေ့ဆုံးစစ်ကားမှ ရေဒီယို ဆက်သွယ်ရေးစက်ကို သေချာစွာ လေ့လာစစ်ဆေးကြည့်ရာ အင်အားကဆယ့်ငါးအင်ပီယာရှိကြောင်း တွေ့ရလေသည်။ ယင်းစက်အင်အားနှင့်ဆိုလျှင် တူတီစခန်းသို့ဆက်သွယ်နိုင်မည် ဖြစ်သော်လည်း ဟာရာရေမြို့တော်ကိုတော့ ဆက်သွယ်နိုင်မည်မဟုတ်ဟု တွက်မိလေသည်။ ယင်းသို့ ရေဒီယိုဆက်သွယ်ရေး စက်ကအင်အားနည်းနေခြင်းကိုပင်လျှင် ခရိတ်က တစ်မျိုးကောင်းသည်ဟု ယူဆမိလေသည်။

ထို့နောက် သူသည် ပြောက်ကျားခေါင်းဆောင်ရဲဘော်လွတ်ကောက်နှင့် ဆာရာတို့အား မော်တော်ကားဆီသို့ခေါ်ယူ၍ အစီအစဉ်များ တိုင်ပင်ကြလေသည်။ ဆယ်လီသည် တူတီလေဆိပ်သို့ နောက်တစ်နေ့နံနက် ငါးနာရီမိနစ်နှစ်ဆယ်အချိန်တွင် ရောက်မည်ဖြစ်ပြီး သူမက ရှစ်နာရီခွဲတိုင်အောင် စောင့်နေရမည်ဖြစ်သည်။ တူတီစခန်းမှ လေဆိပ်သို့သွားလျှင် အချိန်သုံးနာရီခန့် ကြာမည်ဖြစ်သည်။

ထို့ကြောင့် သူတို့သည် စခန်းမှအစောဆုံး နံနက်ရှစ်နာရီခွဲ နောက်အကျဆုံး ငါးနာရီအချိန်ထွက်ကြမှသင့်ပေမည်။ သူတို့သည် အကျဉ်းစခန်းဂိတ်ဝသို့ ညသန်းခေါင်အချိန် ရောက်သွားပါက အချိန်နှစ်နာရီခွဲခန့်ရပေမည်။ ထိုအချိန်၌ စစ်ကားများကို စခန်းဂိုဒေါင်မှ မာတ်ဆီဖြည့်ပြီး အကျဉ်းသားများကို လွှတ်ပေးလျက် တွန်ဂါတာကိုတွေ့အောင်ရှာဖွေ ခေါ်ထုတ်ကာ မြန်မြန်ထွက်ကြရန် ရည်ရွယ်လေသည်။

အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြပြီးနောက် ခရိတ်က ညွှန်ကြားချက် ပေးလေသည်။

"ကောင်းပြီကျုပ်အနေနဲ့ အုပ်စုအားလုံး ကိုယ့်တာဝန်ကိုယ်ပြန်ပြီး အသေးစိတ်ပြန်လည်သုံးသပ်တင်ပြစေချင်တယ်။ ကဲ...ဆာရာက စပြောစမ်း"

"ဟုတ်ကဲ့ ကျွန်မရဲ့တာဝန်က ရဲဘော်နှစ်ဦးနဲ့အတူ သံဆူးကြိုးဖြတ်တဲ့ကိရိယာပါယူပြီး အဆောင်နံပါတ်(၁)ကို သွားရပါမယ်"

ဆာရာပြောသည့် ရဲဘော်နှစ်ဦးဆိုသည်မှာ ခရိတ်ကိုယ်တိုင်က သူမနှင့်အတူလိုက်ရန် တာဝန်ပေးထားသော ပြောက်ကျားနှစ်ဦး ဖြစ်လေသည်။ တွန်ဂါတာသည် အလွန်အားနည်းနေမည်ဖြစ်၍ လမ်းကောင်းကောင်း လျှောက်နိုင်မည်မဟုတ်သောကြောင့် ကူညီတွဲခေါ်ရန် လူငယ်နှစ်ဦးထည့်လိုက်ခြင်းဖြစ်လေသည်။

အဆောင်နံပါတ်(၁)မှာ အခြားအကျဉ်းစခန်းအဆောင်များနှင့် ခပ်လှမ်းလှမ်းတွင် သီးခြားတည်ရှိလေသည်။ တွန်ဂါတာအား အခြားအကျဉ်းသားများနှင့်မရောဘဲ သီးခြားချုပ်ထားသည့် အဆောင်ပင်ဖြစ်သည်။
"ဟုတ်ပြီ တွန်ဂါတာကို ရှာလို့တွေ့တာနဲ့ သူ့ကိုဝင်းတံခါးမကြီး(မိန်းဂိတ်)ကို ခေါ်လာခဲ့ရမယ်။ တကယ်လို့ သူ့ဘာသာသူ ဘယ်သူမှမကူဘဲ လျှောက်နိုင်ရင်တော့ ရဲဘော်နှစ်ဦးကိုတခြားအဆောင်တံခါးတွေဖွင့်ခိုင်းပြီး အကျဉ်းသားအားလုံးကို လွှတ်ပေးဖို့တာဝန်ပေးလိုက်မယ်"

ခရိတ် က ပြောလိုက်လျှင် ဆာရာက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။

"ဟုတ်ကဲ့ရှင့်၊ ကောင်းပါပြီ"

ထို့နောက် ခရိတ်က ဆက်လက်၍-

"ကိုင်း...ဒုတိယအုပ်စုကကော ဆိုစမ်းပါဦး"ဟု ပြောလိုက်ရာ-

ရဲဘော် လွတ်ကောက်က ရှင်းပြလေသည်။

"လက်နက်ကိုင် အစောင့်တွေရဲ့ မျှော်စင်ကို တာဝန်ယူဖို့ လူငါးယောက် စီစဉ်ထားတယ်"

ခရိတ် သည် မတ်တတ်ထလိုက်သည်။

"ကျုပ်ခဏခဏပြောခဲ့တာကိုပဲအခုလည်းထပ်ပြောရဦးမယ်။ သူတို့က ရေဒီယိုနဲ့တခြားကို ဆက်သွယ်ဖို့အချိန်မရခင် ကျုပ်တို့က ရေဒီယိုစက်ကို အပိုင်စီးထားလိုက်နိုင်ဖို့ အရေးကြီးတယ်။ အဲဒီအတွက်

ပထမဆုံး သေနတ်တစ်ချက် ပစ်လိုက်ပြီးချိန်ကစပြီး ငါးမိနစ်ပဲ အချိန်ရမယ်။ တကယ်လို့ ရေဒီယို အော်ပရေတာ က ဟာရာရေမြို့တော်က ဌာနချုပ်ကို သတင်းပို့ပြီး သတိပေးလိုက်ပြီဆိုရင် ကျုပ်တို့ အားလုံး သေပြီသာမှတ်ပေတော့"

ပြောရင်း နှင့် ခရိတ်သည် လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ခုနစ်နာရီထိုးပြီးလို့ ငါးမိနစ်ရှိသွားပြီ။ ကျုပ်တို့ ရေဒီယို ဆက်သွယ်လို့ရပြီ။ ကဲ...ရှိနာဘာသာစကား တတ်တဲ့လူကို ခေါ်လိုက်ပေတော့"

ချက်ချင်းပင် ရှိနာဘာသာစကားတတ်ကျွမ်းသူ ပြောက်ကျားလူငယ်ရောက်ရှိလာရာ ခရိတ်က မည်သို့ ဆက်သွယ်ရမည်ကို ညွှန်ကြားလေသည်။ ထိုလူငယ်ကလည်း သဘောပေါက်ပြီး သူလုပ်ရမည့် တာဝန်ကို ပြန်ပြောပြလေသည်။

"ကျွန်တော်ပြောရမှာက စားနပ်ရိက္ခာပို့လိုက်တဲ့ ကားကြီးနှစ်စီးအနက် တစ်စီးက လမ်းမှာပျက်နေလို့ နောက်ကျမယ်လို့ သတင်းပို့လိုက်ရပါမယ်"

"ဟုတ်ပြီ ဆက်ပြောပါဦး"

"တကယ်လို့ သူတို့က ထပ်ပြီးမေးနေရင် ကျွန်တော်က ခင်ဗျားတို့ သတင်းပို့တာ မရှင်းဘူး၊ ကောင်း ကောင်းနားမလည်ဘူးလို့ပြောပြီး ရေဒီယိုစက်ကို ပိတ်ပစ်လိုက်ရပါမယ်"

ထို့နောက်ပြောက်ကျားလူငယ်သည် ခရိတ်ညွှန်ကြားသည့်အတိုင်း ရေဒီယိုစက်ကိုဖွင့်၍ စားနပ်ရိက္ခာ ကားတစ်စီး ပျက်ကြောင်းသတင်းပို့လိုက်ပြီးနောက်-

"ဟုတ်ကဲ့ သူတို့က နားလည်ပါတယ်လို့ဆိုပါတယ်။ ရိက္ခာနောက်ကျမှာကိုလည်း စောင့်နေပါမယ် လို့လည်း ပြောပါတယ်"

"ဟုတ်ပြီ ဒါဖြင့်၊ ကျုပ်တို့ စားသောက်ပြီး အနားယူနေလိုက်ကြရုံပဲ"

ခရိတ်က ဤသို့ပြောလိုက်သော်လည်း သူကိုယ်တိုင်ကမူ အစာကိုကောင်းစွာမစားနိုင်ချေ။ ချောင်းကူး တံတားတိုက်ပွဲ၌ ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပုံကိုသာ မြင်ယောင်လျက် စိတ်မချမ်းမသာ ဖြစ်နေမိ လေသည်။ အမှန်တော့ သူသည် သေခြင်းတရားကို အကြိမ်ကြိမ် ရင်ဆိုင်တွေ့မြင်ခဲ့ဖူးပြီ ဖြစ်သည်။

သို့ဖြစ်လင့်ကစား ယခုတစ်ဖန် လူလူချင်းသတ်ဖြတ်ကြဦးမည့် တိုက်ပွဲတစ်ခုဆင်နွှဲရမည်ကို စိတ်ထဲမှ စက်ဆုပ်နေမိလေသည်။

အခန်း(၃၅)

ခရိတ်သည် ကားတွင်းမှခေါင်းပြူ၍ ကောင်းကင်သို့မော့ကြည့်ကာ လရောင်ကများလွန်းလှသည်ဟု အောက်မေ့မိလေသည်။ အမှန်တော့ လပြည့်ရန် လေးရက်လိုသေးသည် ဖြစ်လင့်ကစား ကောင်းကင်တွင် လမင်းကြီးသည်ထိန်ထိန်သာလျက် အထူးပင်ဝင်းပထွန်းလင်းလျက် ရှိနေလေသည်။ ကမ္ဘာမြေပြင်တစ်ခုလုံးကို လျှပ်စစ်မာတ်အားဖြင့် အလင်းရောင်ပေးနေသည်ဟု ထင်ရပေသည်။

သူတို့၏မော်တော်ကားသည်ကြမ်းတမ်းသောတောလမ်းအတိုင်းဆက်လက်မောင်းနှင်သွားလေသည်။ ခရိတ်သည်ကား၏အရှေ့ခန်း(ယာဉ်မောင်းသူ၏ဘေးနား)တွင်မထိုင်ဝံ့သဖြင့် အနောက်ပိုင်းကင်းဗတ်တာလပတ်အမိုးအောက်တွင် လိုက်ပါလာခြင်း ဖြစ်လေသည်။

အကယ်၍ ရှေ့ခန်းမှထိုင်လိုက်လာပါက လမ်းဘေးမှတစ်စုံတစ်ယောက်က သေချာစွာကြည့်လျှင် သူ့အားမှတ်မိနိုင်သည့်အန္တရာယ်ရှိသောကြောင့် ကား၏နောက်ပိုင်းတွင် တက်စီးလာခဲ့ခြင်းဖြစ်သည်။ ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်ကမူ ရှိုနာအရာခံဗိုလ်၏ ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်လျက် ခပ်တည်တည် ယာဉ်မောင်းဘေးမှ ထိုင်လိုက်လာလေသည်။ ယူနီဖောင်းက အပြည့်အစုံဖြစ်၍ တတိယတပ်မဟာ၏ တံဆိပ်ပါသောနီညိုရောင်ဦးထုပ်ပျော့၊ ပခုံးမှ ရာထူးအဆင့်တံဆိပ်များလည်းပါရှိလေသည်။

သူ၏ဘေးမှ ယာဉ်မောင်းသူ ပြောက်ကျားရဲဘော်သည်လည်း တတိယတပ်မဟာ၏ ဦးထုပ်ဆောင်းကာ ယူနီဖောင်း အပြည့်အစုံ ဝတ်ထားလေသည်။ ထိုရဲဘော်က ရှိုနာဘာသာစကားတတ်သူလည်းဖြစ်သည်။ ကားပေါ်ရှိ စက်သေနတ်ကြီးကို ကျည်ဆန်အပြည့်ထိုးထားကာ အသင့်ချိန်ရွယ်ထားပြီးဖြစ်လေသည်။ ကျန် မာတာဘယ်လီ ပြောက်ကျားရဲဘော်ရှစ်ဦးတို့ကတော့ ကျဆုံးသူ ရှိုနာစစ်သားများထံမှ ချွတ်ယူခဲ့သော ယူနီဖောင်းဝတ်စုံများဝတ်ဆင်ကာ ကား၏နောက်ပိုင်းတွင် ပြောင်ပြောင်တင်းတင်းပင် လိုက်ပါလာကြလေသည်။

"အခုအချိန်ထိတော့ အားလုံး အိုကေပဲနော်"

ဆာရာက ခပ်တိုးတိုး ပြောရာ ခရိတ်ကလည်း-

"အေး...အခုထိတော့ အားလုံး ချောချောမောမောပဲ။ ဒါပေမဲ့ ငါ့သဘောက အစမှာ ဒုက္ခအကျပ်အတည်းတွေ့ပြီး နောက်ဆုံးကျတော့ ပျော်ပျော်ရွှင်ရွှင် ဇာတ်သိမ်းရတာမျိုးကို ပိုသဘောကျတယ်"ဟု ပြန်ပြောလိုက်သည်။

ထိုအခိုက် ကားဇာရှေ့ခန်းမှ ရဲဘော်လွတ်ကောက်က ကားမှန်ကိုခေါက်၍ အချက်ပေးလိုက်သည်။ အဓိပ္ပာယ်က အကျဉ်းစခန်းကို လှမ်းမြင်နေရပြီဟူ၍ပင်ဖြစ်သည်။ ခရိတ်လည်း ကင်းဗတ်တာလပတ် အမိုးကြားမှ အသာချောင်းကြည့်လိုက်ရာ အကျဉ်းစခန်းမှ လက်နက်ကိုင်စောင့်များရှိသော မျှော်စင်များကို လှမ်းမြင်ရလေသည်။ အကျဉ်းစခန်းပတ်ပတ်လည် ကာရံထားသော သံဆူးကြိုးများကိုလည်း မြင်နေရပြီးဖြစ်သည်။
ထိုအခိုက် ပတ်ဝန်းကျင်တစ်လုံး အလင်းရောင်ဖြင့် လင်းထိန်သွားလေသည်။ အကျဉ်းစခန်း ပတ်ဝန်းကျင်ရှိ လျှပ်စစ်မီးမောင်းများ လင်းလာခြင်းပင်ဖြစ်သည်။

"သူတို့က လျှပ်စစ်အင်ဂျင်စက်ကို စက်နှိုးမောင်းလိုက်ပြီကိုး။ ကျုပ်တို့ကို ခရီးဦးကြိုပြုဖို့ မီးမောင်းကြိုးတွေ ထိုးထားလိုက်တာနဲ့ တူတယ်"

ခရိတ်က စိတ်ပျက်အားလျော့ဟန်ဖြင့် ညည်းလိုက်မိသည်။

သူသည်ပထမဆုံးအမှားကို ပြုလုပ်မိခဲ့လေပြီ။ မူလက စစ်ဆင်ရေးကိုကြဲစည်ပြင်ဆင်စဉ်က မိမိတို့၏ ကားမီးလုံးကြိုးများမှလွဲ၍ စခန်းတစ်လုံး မှောင်မည်းနေမည်ဟု တွက်မိခဲ့သည်။ မှောင်မည်းနေခိုက် လက်နက်ကိုင်အစောင့်များမှာ မော်တော်ကားမီးလုံးကြိုးများ၏ အလင်းရောင်ကြောင့် မျက်စိပြာကာ ရုတ်တရက်ဘာလုပ်မှန်း မသိအောင်ဖြစ်နေခိုက် မိမိတို့ကတရကြမ်းဝင်စီးကြမည်ဟု ရည်ရွယ်ခဲ့သည်။ တကယ်တော့ မိမိတို့၏ကားသံကိုကြားသည်နှင့် လက်နက်ကိုင်အစောင့်များက ရိက္ခာတင်ကားများလာပြီဟုယူဆကာ လျှပ်စစ်အင်ဂျင်စက်နှိုး၍ မီးမောင်းများထိုးကြည့်ခြင်းမှာ သဘာဝကျပေသည်။ ဤသို့ဖြစ်မည်ဟု ကြိုတင် မစဉ်းစားမိခြင်းသာလျှင် မိမိ၏အမှားဖြစ်ပေသည်။

သို့ရာတွင် ယခုအခြေအနေကျမှတော့ မည်သို့မှမတတ်နိုင်။ မိမိတို့အနေဖြင့် လှည့်ပြန်၍ မဖြစ်တော့ချေ။ လျှပ်စစ်မီးရောင်အောက်မှပင် ဆက်၍သွားရပေတော့မည်။ ခရိတ်သည် အတော်စိတ်ပျက်သွားမိလေသည်။ လောလောဆယ် သူသည် ကား၏နောက်ပိုင်းတွင် ရှိနေသဖြင့် ရှေ့ဆုံးမှ ရဲဘော်လွတ်ကောက်နှင့်ပင် အလွယ်တကူ မဆက်သွယ်နိုင်သည့် အခြေအနေ ဖြစ်နေလေသည်။ ယခုလို အခြေအနေမျိုးအတွက် ကြိုတင်ပြင်ဆင်မှု မပြုလုပ်ခဲ့မိလေခြင်းဟုလည်း သူ့ကိုယ်သူ အပြစ်တင်

မိလေသည်။
လက်နက်ကိုင် အစောင့်များသည် သူတို့အတွက် ရိက္ခာတင်ကားများလာပြီဟု ယူဆဟန်ဖြင့် ဂိတ်ဝမှ တံခါးမကြီးကို ဖွင့်နေကြပြီဖြစ်သည်။ တံခါးမကြီးအနီးတွင်သဲအိတ်များ အကာအကွယ်ပြု၍ တပ်ဆင်ထားသော စက်သေနတ်ကြီးကိုပင် မြင်နေရလေပြီ။ စက်သေနတ်ပြောင်းဝက မိမိတို့ကားဘက်ဆီသို့ ချိန်ရွယ်ထားသည်ကိုလည်း ခရိတ်က သတိပြုမိလေသည်။

ဂိတ်ဝရှိ ကင်းတဲမှ လက်နတ်ကိုင် ကင်းတပ်ဖွဲ့သည် အပြင်ဘက်သို့ ထွက်လာလေသည်။ စစ်သည်လေးဦးတို့အား တပ်ကြပ်ကြီးတစ်ဦးက ဦးဆောင်ကွပ်ကဲလေသည်။ ရှေ့မှကားကြီးသည် ဂိတ်ဝသို့ ချဉ်းကပ်မောင်းဝင်လာစဉ် တပ်ကြပ်ကြီးသည် ကား၏ ရှေ့တည့်တည့်လမ်းမှရပ်၍ လက်တစ်ဖက် မြှောက်ပြလိုက်သည်။ ကားကြီးကလည်း ဘရိတ်အုပ်ရပ်လိုက်ရာ တပ်ကြပ်ကြီးက ယာဉ်မောင်းသူဘက်သို့ လျှောက်လာပြီး ရှိုနာဘာသာဖြင့် မေးခွန်းတစ်ခုမေးလိုက်သည်။

ရှိုနာဘာသာစကား ကျွမ်းကျင်သူအနီရောင် ဦးထုပ်ပျော့ ဆောင်းထားသော ပြောက်ကျားရဲဘော် ကလည်း သွက်လက်စွာ ရှိုနာဘာသာဖြင့် ပြန်ဖြေလိုက်သည်။ သို့သော် တပ်ကြပ်ကြီး၏ အမူအရာသည် ချက်ချင်းပြောင်းလဲလာလေသည်။ ပြောက်ကျားရဲဘော် ဖြေလိုက်ပုံက မှားယွင်းနေသောကြောင့် ဖြစ်ဟန်တူသည်။ တပ်ကြပ်ကြီးက သင်္ကာမကင်း ဖြစ်လာပုံရကာ ရှိုနာဘာသာဖြင့် တစ်စုံတစ်ခုပြောလိုက်ရာ လက်နက်ကိုင်အစောင့်များသည် လျင်မြန်စွာလူချင်းခွဲဖြန့်လျက် ရိုင်ဖယ်သေနတ်ဖြင့် စစ်ကားကို ဝိုင်းချိန်ထားလိုက်ကြတော့သည်။

ခရိတ်တို့၏ လှည့်စားရန်အကြံအစည်သည် ယခုခရီးရောက်မဆိုက်မှာပင် အလိမ်ပေါ်သွားဟန်တူပေသည်။ ခရိတ်ကလည်း မတတ်သာဘဲ အခြေအနေအရ ကြည့်လုပ်ရတော့မည်ဟု ဆုံးဖြတ်ကာ သူ၏ဘေးနားတွင်ရပ်နေသူ ယူနီဖောင်းဝတ်ပြောက်ကျားရဲဘော်၏ ခြေတစ်ဖက်ကိုအသာပုတ်လိုက်သည်။ ဤကားကြီးတင်ညှိထားသည့် အချက်ပေးခြင်းဖြစ်သည်။

ပြောက်ကျားရဲဘော်သည် သူ၏လက်တွင် အသင့်ကိုင်ထားသော လက်ပစ်ဗုံးကို ပင်ဖြုတ်၍တအားလွှဲပစ်လိုက်ရာ စက်သေနတ်ဆင်ထားရာနေရာသို့ တည့်တည့်မတ်မတ် ကျသွားလေသည်။ တစ်ချိန်တည်းမှပင် ခရိတ်သည်သူ၏တစ်ဖက်ဘေးမှ ပြောက်ကျားရဲဘော်အား-

"ဟေ့..ပစ်ကြတော့"ဟု အမိန့်ပေးလိုက်လေသည်။

ပြောက်ကျားရဲဘော်များလည်း ချက်ချင်းပင် သူတို့၏ အေကေ ၄၇မောင်းပြန်ရိုင်ဖယ်သေနတ်ပြောင်းများကို ရှိုနာစစ်သားများရှိရာသို့ ချိန်လိုက်ကြသည်။ ပစ်မှတ်နှင့်အကွာအဝေးမှာ ခြေလှမ်းဆယ်လှမ်းမျှသာရှိရာ လျင်မြန်စွာပစ်ခတ်လိုက်သောအခါ ရှိုနာစစ်သားများသည် မိမိတို့သေနတ်များကိုပစ်ရန်ပင် အချိန်မရလိုက်ကြချေ။ အရာခံဗိုလ်သည် အခြေအနေကိုရိပ်မိသဖြင့် ကင်းတဲ အဆောက်အအုံဆီသို့ တအားပြေးလေသည်။ သို့သော် ကားဇာ်ရှေ့ခန်းမှ ရဲဘော်လွတ်ကောက်က သူ၏တိုကာရပ်ပစ္စတိုလ်သေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်လိုက်ရာ အရာခံဗိုလ်သည် လမ်းခုလတ်မှာပင် ကျသွားလေသည်။

တပ်ကြပ်ကြီး လဲကျသွားချိန်မှပင် မာတာဘယ်လီ ပြောကျားရဲဘော်များပစ်လိုက်သော လက်ပစ်ဗုံးတစ်လုံးက စစ်သေနတ်ကြီးရှိရာ သဲအိတ်များအနီးတွင် ပေါက်ကွဲလေသည်။ လက်ပစ်ဗုံး၏ဒဏ်ကြောင့် စစ်သေနတ်ကြီးကိုထိမှန်ရုံမက စစ်သေနတ်သမားရှိုနာစစ်သားသည်လည်း မရှုမလှ သေဆုံးသွားလေတော့သည်။

"ဟေ့ ....ကားကို မောင်းထွက်တော့၊ ဂိတ်ပိတ်ထားရင် အတင်းဝင်တိုက်ပြီးမောင်းထွက်သွား"

ခရိတ်ကကားရှေ့ခန်းမှယာဉ်မောင်းသူ ပြောက်ကျားရဲဘော်အားအော်၍ အမိန့်ပေးလိုက်ရာ တိုယိုတာအမျိုးအစား စစ်ကားကြီးသည် အရှိန်ဖြင့် ထွက်သွားလေသည်။ ပထမဆုံးတွေ့ရသောတံခါးကပိတ်ထားသဖြင့် ကားကြီးသည် အတင်းဝင်တိုက်၍ မောင်းထွက်သွားလေသည်။

ခရိတ်သည် ခေါင်မိုးပေါ်ရှိ စစ်သေနတ်သမားအနီးသို့ တက်သွားပြီးပစ်ခတ်ရန် ညွှန်ကြားလေသည်။

"ဟေ့...လက်ဝဲဘက်ကို ပစ်ကွ"

ခရိတ်က အမိန့်ပေးလိုက်သည်နှင့် စက်သေနတ်သမားလည်း အဝတ်အစားအပြည့်အစုံမဝတ်ရသေးဘဲ အဆောင်တွင်းမှ ပြေးထွက်လာသူ ရှိုနာစစ်သားများ အုပ်စုဘက်ဆီသို့ချိန်၍ ပစ်ခတ်လိုက်လေသည်။

"ဟို....လက်ယာဘက်က မျှော်စင်ကိုပစ်လိုက်ဦး"

ခရိတ်က ဆက်လက် ညွှန်ကြားလိုက်သည်။

ထိုအချိန်၌ မျှော်စင်ပေါ်မှ ရှိုနာစစ်သားနှစ်ဦးက သူတို့အား လှမ်းပစ်ခတ်နေလေသည်။ သို့သော် စက်သေနတ်သမားက မျှော်စင်ဘက်သို့လှည့်၍ တရကြမ်းပစ်ခတ်လိုက်သောအခါ မျှော်စင်မှ သစ်သား

အပိုင်းအစများ ပြတ်ထွက်လာပြီး ရှိုနာစစ်သားနှစ်ဦးလည်း ကျည်ဆန်ထိမှန်လျက် ပက်လက်လန်လဲကျ သွားကြလေသည်။

"ဟိုရှေ့နားမှာ အဆောင်အမှတ်(၁)ရှိတယ်ဟေ့"

ခရိတ်က ဆာရာအား သတိပေးလိုက်သည်။ ဆာရာကလည်း ပြောက်ကျားရဲဘော်နှစ်ဦးနှင့်အတူ ကားဇ၏နောက်ပိုင်းတွင် ဝပ်လျက် အသင့်ပြင်ထားပြီးဖြစ်သည်။

တိုယိုတာကားကြီးသည် အရှိန်ကိုလျော့၍ မောင်းပေးရာ ဆရာတို့အဖွဲ့သည် လျင်မြန်ဖျက်လတ်စွာ ကားပေါ်မှ ခုန်ဆင်းလိုက်ကြလေသည်။ ဆာရာက သံဆူးကြိုးဖြတ်သည့် ကိရိယာကို ကိုင်ထားပြီး ပြောက်ကျားရဲဘော်နှစ်ဦးက သူမဇ၏ရှေ့မှပြေးရင်း ရန်သူရှိုနာစစ်သားတို့အား ပြန်လည်ပစ်ခတ်သွားကြလေသည်။ ခရိတ်သည် ကားကြီးဇ၏ ဘေးမှ ခြေနင်းခုံပေါ်တွင် ရပ်ပြီး ယာဉ်မောင်းသူအား -

"ဟေ့.... ရေဒီယိုဆက်သွယ်ရေးစက်ရှိတဲ့နေရာကို အမြန်မောင်းစမ်းပါ။ ငါတို့က ဆက်သွယ်ရေးစက်ကို အပိုင်စီးနိုင်ဖို့ အရေးကြီးတယ်"ဟု အမိန့်ပေးလိုက်သည်။

ရေဒီယိုဆက်သွယ်ရေးစက်ရှိရာ အဆောက်အအုံကိုသွားရန်မှာ လျှပ်စစ်မီးထိန်လင်းနေသော ကွင်းကျယ်ကြီးကို ဖြတ်သန်းသွားရမည်ဖြစ်၍ အလွန်အန္တရာယ်များလှပေသည်။ ခရိတ်သည် နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ဆာရာတို့အဖွဲ့က အဆောင်အမှတ်(၁)အနီးသို့ရောက်နေပြီး သံဆူးကြိုးများကို ဖြတ်တောက်နေကြပြီဖြစ်ကြောင်းတွေ့ရပေသည်။ သူကြည့်နေစဉ်မှပင် ဆာရာတို့သည်သံဆူးကြိုးများကို ဖြတ်တောက်ဖယ်ရှားပစ်ပြီး အဆောင်အတွင်းသို့ဝင်သွားကြလေသည်။ ခရိတ်သည် ဒုတိယစစ်ကားကိုကြည့်ပြန်ရာ ထိုကားပေါ်မှပြောက်ကျားရဲဘော်များက လက်နက်ကိုင်အစောင့်များရှိရာစင်များကိုလှည့်ပတ်၍ စက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။ ယင်းသို့တိုက်ခိုက်ခြင်းကြောင့် မျှော်စင်လေးခုပျက်စီးသွားပြီဖြစ်၍ နောက်ထပ်မျှော်စင်နှစ်ခုသာလျှင် ကျန်တော့သည်။

ဒုတိယကားမှ ရဲဘော်များသည် ရှိုနာစစ်သားတို့၏ တန်းလျားများကို ဝင်တိုက်ရန် ပြောက်ကျားအဖွဲ့တစ်ဖွဲ့ကိုချထားရာ ယင်းအဖွဲ့ကလက်ပစ်ဗုံးများပစ်ဖောက်၍ တိုက်ခိုက်လျက်ရှိလေသည်။ လက်ပစ်ဗုံးများပေါက်ကွဲစဉ်မှပင် ပြောက်ကျားရဲဘော်များသည် တန်းလျားအဆောင်များဆီသို့ အတင်းပြေးဝင်တိုက်ကြပြန်သည်။

မိနစ်အနည်းငယ်အတွင်းမှာပင် မာတာဘယ်လီ ပြောက်ကျားများက အကျဉ်းစခန်းတစ်ခုလုံးကိုအပိုင်

စီးထားလိုက်လေသည်။ မျှော်စင်အားလုံးကို ဖြိုခွင်းလိုက်ပြီး လက်နက်ကိုင်အစောင့်တို့၏ ကင်းတဲကိုလည်း တိုက်ခိုက်ချေမှုန်းပစ်လိုက်ပြီးဖြစ်သည်။

ရှိုနာစစ်သားတို့၏ စစ်တန်းလျားနှစ်ခုကိုလည်း သိမ်းပိုက်ထားပြီးဖြစ်၍ စခန်းတစ်ခုလုံးကို အပိုင်စီးထားနိုင်သည့် အခြေအနေ ရောက်လာပြီဖြစ်သည်။ ခရိတ်သည် စစ်အောင်နိုင်သူ စစ်သူကြီးတစ်ဦးကဲ့သို့ ဝမ်းမြောက်အားတက်မိလေသည်။ ကျေနပ်အားရစွာဖြင့် စခန်းဝင်းအတွင်းရှုခင်းကို ကြည့်နေစဉ်မှာပင် စခန်းအပြင်ဘက်တောင်ကုန်းငယ်တွင် သဲအိတ်များစီ၍နေရာယူထားသော ရှိုနာကင်းပုန်းမှ ထရေစာကျည်ဆန်များထွက်သည့် ဒုံးကျည်လက်နက်ဖြင့် သူတို့၏စစ်ကားကို ပစ်ခတ်တိုက်ခိုက်လေရာ ကျည်ဆန်အချို့က ကားကြီး၏နောက်ပိုင်း ကို ထိမှန်လေသည်။

စစ်ကားကြီးသည် ကျည်ဆန်ထိမှန်သဖြင့်တည့်တည့်မသွားဘဲ ကွေ့ကောက်သွားနေရာ ယာဉ်မောင်းသူ ပြောက်ကျားရဲဘော်သည် အထူးကြိုးစား၍ ထိန်းမောင်းနေရလေသည်။

"ဟေ့....ဆက်သာ မောင်းကွ၊ ရေဒီယိုဆက်သွယ်ရေးစက်ကို ငါတို့ ရောက်အောင်သွားမှ ဖြစ်မယ်" ခရိတ်က ဟစ်အော် အမိန့်ပေးလိုက်သည်။

ရန်သူဘက်မှ စက်သေနတ်ကလည်း ထရေစာကျည်ဆန်များဖြင့် ဆက်လက်ပစ်ခတ်နေဆဲပင်ရှိသည်။ မကြာမီ ကျည်ဆန်များကကားကြီး၏ ရှေ့မှန်ကိုထိမှန်လေရာ ရှေ့မှန်ကြီးကွဲသွားလျက် ယာဉ်မောင်းရဲဘော်၏ရင်ဘက်ကိုထိမှန်ကာ မရှုမလှသေဆုံးသွားရှာလေသည်။ မော်တော်ကားသည်လည်း အရှိန်လျော့သွားလေသည်။

ခရိတ်သည် လျင်မြန်စွာ ကားတံခါးကို ဖွင့်လိုက်သည်။ ယာဉ်မောင်းရဲဘော်၏ ရုပ်အလောင်းသည် အပြင်ဘက်သို့ လျှောထွက်ကျသွားစဉ် ခရိတ်က ယာဉ်မောင်းနေရာသို့ ဝင်ထိုင်ပြီး လီဗာခလုတ်ကို တအားနင်းလိုက်သည်။ စစ်ကားကြီးလည်း ရှေ့သို့ တိုးထွက်သွားလေသည်။ ခရိတ်၏ ဘေးနားရှိ ရဲဘော်လွတ်ကောက်သည် ရှေ့မှန်ကွဲသွားသည့်နေရာမှ သူ၏အေကေ၄၇ရိုင်ဖယ်သေနတ်ဖြင့် ရန်သူစစ်သားများအား ဆက်တိုက်ပစ်ခတ်လေသည်။ ကား ခေါင်မိုးပေါ် မှ စက်သေနတ်ကလည်း အဆက်မပြတ် ပစ်ခတ်လျက်ရှိသည်။

ထိုအခိုက် ခရိတ်သည် တစ်စုံတစ်ခုကို မြင်မိလေသည်။ စခန်းအပြင်ဘက် တောင်ကုန်းရှိ သဲအိတ်များစီထားသော ရန်သူစက်သေနတ်ရှိရာနေရာမှ နာနတ်သီးအရွယ်ပမာဏရှိ အနက်ရောင်ပစ္စည်း

တစ်ခု လွင့်ထွက်လာလေသည်။ ယင်းပစ္စည်း၏ နောက်မြီးတွင်လည်း မီးတောက်မီးလုံးလိုလို ဖြစ်ပေါ်လျက်ရှိသည်။ ခရိတ်သည် ဘာပစ္စည်းဖြစ်ကြောင်း ချက်ချင်းရိပ်မိလေသည်။

အာရ်ပီဂျီ အမှတ်(၇) ခေါ် ဒုံးကျည်လက်နက်တစ်မျိုးပင်တည်း။ သို့သော်လျင်မြန်လွန်းသဖြင့် သူတို့ ဘက်မှ ပြောက်ကျားရဲဘော်များအား ဟစ်အော်သတိပေးရန်ပင် အချိန်မရလိုက်ချေ။ ဒုံးကျည်သည် စစ်ကားကြီးအပေါ် တည့်တည့်မကျဘဲ ကား၏ရှေ့နားတွင်ကျသွားလာရာ ယင်းကြောင့်ပင်လျှင် သူတို့ အသက်ချမ်းသာရာရသွားလေသည်။ ဒုံးကျည်ပေါက်ကွဲမှုကြောင့်ကား၏ အင်ဂျင်စက်တစ်ခုလုံးကြေမွပျက်စီးသွားရုံမက ကားပါကျွမ်းပစ်သလို လိမ့်ထွက်သွားလေရာ ခရိတ်သည်ကားပေါ်မှ လွင့်စင်ကျသွားလေသည်။
ခရိတ်သည် ဒဏ်ရာကြီးကြီးကျယ်ကျယ်မရသဖြင့် လေးဘက်ထောက်တွားသွားရန် ကြိုးစားနေစဉ် တောင်ကုန်းပေါ်မှရန်သူစက်သေနတ်က သူရှိရာသို့ချိန်ပြီး ပစ်ခတ်ပြန်သဖြင့်မြေပြင်တွင် အလျားထိုးမှောက်နေ လိုက်ရလေသည်။

ပျက်စီးတိမ်းမှောက်နေသောတိုယိုတာကားကြီး၏ ဘေးနားတွင် ဒဏ်ရာရသူ ပြောက်ကျားရဲဘော်များရှိနေလေသည်။ ရဲဘော်တစ်ဦးဆိုလျှင် ကိုယ်တစ်ပိုင်းကားကြီးပိနေလျက်ငယ်သံပါအောင် ဟစ်အော်ညည်းညူလျက် ရှိလေသည်။ ခရိတ်မှာမည်သို့မျှမတတ်နိုင်ဘဲ ကျန်ရဲဘော်များအား-

ဟော့ ... နံရံအုတ်နံရံဘက်ကို ပြေးကြ၊ မြန်မြန်ပြေးကြ" ဟု မာတာဘယ်လီဘာသာဖြင့် ဟစ်အော်ပြောရင်း သူကိုယ်တိုင် စတင်ပြေးသွားလေသည်။

အုတ်နံရံဆိုသည်မှာ အကျဉ်းသားများအားသေဒဏ်ပေးကွပ်မျက်သည့်နေရာပင်ဖြစ်သည်။ ယခုသူတို့ ရှိရာနေရာမှ လက်ယာဘက်ကိုက်ခုနစ်ဆယ်ခန့် ကွာဝေးလေသည်။ ရန်သူစက်သေနတ်ကသူတို့ နောက်သို့ လိုက်ပစ်လျက်ပင်ရှိလေသည်။ ခရိတ်သည် ကျည်ဆန်များကို တိမ်းရှောင်သည့်အနေဖြင့် အရက်မူးသမားလို ယိမ်းယိုင်ကွေ့ကောက်၍ ပြေးသွားလေသည်။ ထိုအခိုက်သူ၏ရှေ့မှ ပြေးနေသူ ပြောက်ကျားရဲဘော်တစ်ဦးသည် ခြေထောက်နှစ်ဖက်စလုံးကိုစက်သေနတ်ထိမှန်ပြီး လဲကျသွားသဖြင့် ခရိတ်ကခေတ္တရပ်တန့်လိုက်မိသည်။
ထိုရဲဘော်သည်ခရိတ်အားမော်ကြည့်ရင်း -
ဒီသေနတ်ကိုယူသွားပါ။ ကျွန်တော်သေပါပြီ" ဟု မာတာဘယ်လီဘာသာဖြင့်ပြောရင် အေကေ ၄၇ သေနတ် ကို ခရိတ်အား လှမ်းပစ်ပေးလိုက်သည်။ ခရိတ်လည်း သေနတ်ကိုယူလိုက်ပြီး -

အို .... အသင်ရဲဘော် သင်သည်ယောကျ်ားကောင်းပီသပါပေသည်"ဟု မာတာဘယ်လီဘာသာဖြင့် ပြန်ပြောကာ ဆက်ပြေးသွားလေသည်။ ထိုအချိန်၌ ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်သည် အုတ်ထရံအနီးသို့ရောက်သွားပြီဖြစ်ရာ ရန်သူစက်သေနတ်သမားက ခရိတ်ဘက်သို့ပြန်လည် ပစ်ခတ်နေပြန်သည်။ ခရိတ်လည်း ကွေ့ကောက်ရှောင်တိမ်းရင်း ဆက်ပြေးနေရသည်။

အုတ်ထရံအနီးသို့ ရောက်သောအခါ ခရိတ်သည်ဘေ့စ်ဘော အားကစားသမားတစ်ယောက်လို ခြေနှစ်ဖက်ကို ရှေ့သို့ပစ်ထိုး၍ လဲချလိုက်သည်။ ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သောအခါ မိမိတို့ရဲဘော်များအနက်ခေါင်းဆောင် ရဲဘက်လွတ်ကောက်နှင့် အခြားပြောက်ကျားရဲဘော်နှစ်ဦးတို့ သာလျှင် ထိခိုက်မှုမရှိဘဲ အုတ်နံရံဆီသို့ချောမောစွာ ရောက်ရှိလာကြောင်း သတိပြုမိလေသည်။

ရန်သူရဲ့သေနတ်ကိုဖြိုခွင်းပစ်မှ ဖြစ်မယ်" ခရိတ်ကပြောလိုက်ရာ -

ရဲဘော်လွတ်ကောက်က ပြုံးလိုက်သည်။

အို.... သင်ကူဖီလာ၊ သင်ကိုယ်တိုင်ရန်သူ့သေနတ်ကို သွား၍ဖြိုခွင်းပါလော့။ ငါတို့ကစိတ်ဝင်စားစွာဖြင့် ကြည့်နေပါမည်"

ရဲဘော်လွတ်ကောက်ကဤသို့ပြောပြီးချိန်မှာပင် အာရ်ပီဂျီဒုံးကျည်တစ်ခုသည် အုတ်နံရံသို့လာရောက်ထိမှန်လေရာ ကျယ်လောင်စွာ မြည်ဟည်းပေါက်ကွဲလျက် ခရိတ်တို့၏တစ်ကိုယ်လုံး ဖုန်မှုန့်များဖုံးလွှမ်းသွားစေတော့သည်။

ခရိတ်သည်ကိုယ်ကို တစ်ပတ်လှိမ့်လိုက်ပြီးနောက် အေကေ ၄၇ ရိုင်ဖယ်သေနတ်ကိုစစ်ဆေးကြည့်ရာ ကျည်ဆန်ကတ်တွင် ကျည်ဆန်အပြည့်ရှိကြောင်း တွေ့ရလေသည်။ ရဲဘော်လွတ်ကောက်က သူ၏ကျောပိုးအိတ်ထဲမှ နောက်ထပ်ကျည်ဆန်တစ်ကတ် ထုတ်ယူ၍ ခရိတ်အားပေးလေသည်။ တတ်နိုင်သလောက်လက်နက်များများရှိရန်လိုအပ်သည်ဟု ယူဆမိသဖြင့်ခရိတ်သည် တိုကာရက်ဗ် မောင်းပြန်ပစ္စတိုသေနတ်ကို ခါးတွင်ထိုးထားလိုက်ပြီး လက်ပစ်ဗုံးနှစ်လုံးကိုလည်း သူ၏အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။

ခရိတ်သည်အုတ်နံရံများ၏ဘေးမှ အသာခေါင်းပြူကြည့်လိုက်ရာချက်ခြင်းပင် စက်သေနတ်ကျည်ဆန်တွေ တရကြမ်းလာသဖြင့် ပြန်ဝပ်နေလိုက်ရသည်။ ရန်သူစစ်သေနတ်ရှိရာနေရာသည် ကိုက်တစ်ရာခန့်သာကွာဝေးသော်လည်း အန္တရာယ်ကြီးမားပုံအရ မိုင်တစ်ရာခန့်ဝေးမည်ဟု ထင်ရလေသည်။ ယခုအတိုင်းဆိုလျှင် မိမိတို့သည် ညှပ်ပူးညှပ်ပိတ် မိနေပြီဖြစ်သည်။ လျှပ်စစ်မီးမောင်းကြီးများ၏

အလင်းရောင်အောက်တွင် မည်သူမျှ လွတ်အောင်ပြေးနိုင်မည် မဟုတ်ချေ။ ပြေးသည်နှင့် ရန်သူက အလွယ်တကူ ပစ်ချနိုင်မည်ဖြစ်လေသည်။

ခရိတ်သည် အကြံရခက်နေရာမှ သူတို့၏ ဒုတိယစစ်ကားကြီးကို လိုက်ရှာကြည့်ရာယာဉ်မောင်းသူက အကင်းပါးသဖြင့် အဆောက်အအုံတစ်ခုဖ၏ နောက်တွင်ရပ်ထားသည်ကို တွေ့ရလေသည်။ ရန်သူ ဘက်မှ ဒုံးကျည်လက်နက်ဖြင့် စတင်ပစ်ခတ်ချိန်မှစ၍ ယာဉ်မောင်းရဲဘော်က ကားကြီးကို အန္တရာယ် ကင်းရာသို့ ရွှေ့မောင်းလိုက်ခြင်း ဖြစ်လေသည်။ ကျန်ပြောက်ကျားရဲဘော်များကိုကား မမြင်ရချေ။ အားလုံးအကာအကွယ်ယူလျက် စောင့်နေကြဟန် တူလေသည်။

သို့ဖြစ်လင့်ကစား မိမိတို့ဘက်မှ ထင်ထားသည်ထက်ပို၍ ထိခိုက်ကျဆုံးမှုများနေသည်ဟု ခရိတ်က သုံးသပ် မိလေသည်။ ဘာပဲဖြစ်ဖြစ် ရန်သူရဲ့သေနတ်ကိုအပိုင်သိမ်းလိုက်မှဖြစ်မယ်

ဤသို့လျှင် သူ့ကိုယ်သူပြောသည့်အနေဖြင့် ရေရွတ်လိုက်မိလေသည်။

ထိုအချိန်တွင် တောင်ကုန်းပေါ်မှရန်သူစစ်သေနတ်သည် ပစ်မှတ်တစ်စုံတစ်ရာမရှိသဖြင့် တိတ်ဆိတ် နေလေသည်။ သို့သော်ချက်ချင်းလိုပင် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလိုက်သောအသံကို ကြားရပြန်သည်။ အသံကား မာတာဘယ်လီဘာသာဖြင့် သီချင်းတစ်ပုဒ် သံပြိုင်သီဆိုနေသံပင်ဖြစ် လေသည်။ သီချင်း၏အဓိပ္ပယ်က ဤသို့ဖြစ်သည်။

အို... အသင် ရှင်ဂန်နိမ မုဆိုးမအပေါင်းတို့၊ သင်တို့သည်ဘာကြောင့် ငိုကြွေးနေကြလေသနည်း။ သင်တို့၏ဖခင်များက ဘုရင်၏အမိန့်အတိုင်း လိုက်နာခဲ့ကြသည်မဟုတ်ပါလော။ သင်တို့ဘာကြောင့် ငိုကြွေး နေကြလေသနည်း ”

ခရိတ်သည် အသံကြားရာဘက်သို့လှမ်းကြည့်လိုက်ရာ သီချင်းဆိုသူများကိုတွေ့ရလေသည်။ သူတို့ ကား အကျဉ်းစခန်းအဆောင်အသီးသီးမှ အုပ်စုလိုက်ထွက်လာကြသူ အကျဉ်းသားများပင် ဖြစ်သည်။

များသောအားဖြင့် အဝတ်အစားမပါ၊ အတွင်ခံဘောင်းဘီသာဝတ်ဆင်ထားသူ အကျဉ်းသားများသည် သီချင်း သံပြိုင်သီဆို၍ ထွက်လာခြင်းဖြစ်သည်။ အချို့လူများမှာ အားအင်ချည့်နဲ့၍ လမ်းကောင်းစွာ မလျှောက်နိုင်ကြချေ။ လက်တစ်ဆုပ်မျှသော အကျဉ်းသားအချို့က ကျဆုံးနေသူလက်နက်ကိုင် စစ်သားများ၏ လက်နက်များကို ကောက်ယူလိုက်ကြသည်။ သူတို့အားလုံးသည် မာတာဘယ်လီ လူမျိုးတို့၏ ရိုးရာစစ်ချီသီချင်းကို သံပြိုင်ဟစ်ဆိုနေကြလေသည်။

အံ့သြဖွယ်ကောင်းသည်ကား အကျဉ်းသားများသည် စခန်းပြင်ဘက်တောင်ကုန်းပေါ်ရှိ ရန်သူစက်သေနတ်ရှိရာသို့ ပြေးဝင်သွားကြခြင်းပင် ဖြစ်သည်။ လူအင်အား အလုံးအရင်းနှင့်ရန်သူအား အတင်းဝင်တိုက်ရန်သွားကြခြင်းဖြစ်ရာ ခရိတ်သည် အကြီးအကျယ် စိုးရိမ်တုန်လှုပ်သွားမိတော့သည်။

ဘုရား .... ဘုရား.....ဒီလူတွေအတုံးအရုံး သေကုန်ကြတော့မှာပါလား " ဤသို့လျှင် သူသည် ခပ်တိုးတိုး ရေရွတ် လိုက်မိလေသည်။

အဆောင်သီးသီးမှ ထွက်လာသောအကျဉ်းသားများအနက် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက်ကိုင်ဆောင်ထားသူ အရပ်မြင့်မြင့်နှင့်လူတစ်ယောက်ကို ခရိတ်ကသတိပြုမိလေသည်။ ထိုလူသည် အကျဉ်းသားများအား ဦးဆောင်လျက် ရန်သူစက်သေနတ်နေရာသို့ သွားရောက်တိုက်ခိုက်ရန် ရည်ရွယ်ဟန် တူပေသည်။ ခရိတ်သည် ထိုလူအား သေချာစွာကြည့်လိုက်တော့မှ မှတ်မိတော့သည်။ အလွန်ပိန်ချုံးချည့်နဲ့ပုံ ရလင့်ကစား တည်ကြည်ခံ့ညားသော အင်္ဂါရုပ်ကြောင့်မှတ်မိခြင်းပင်ဖြစ်သည်။
ထိုလူအား မာတာဘယ်လီ တိုင်းရင်းသားတို့၏ခေါင်းဆောင် တွန်ဂါတာပင်တည်း။

ဟော့... သူငယ်ချင်းတွန်ဂါတာ ရှေ့ဆက်မသွားနဲ့၊ ပြန်လှည့်လာခဲ့ပါ။ ရှေ့ကိုတိုးမသွားပါနဲ့ ခရိတ်က သူ၏ သူငယ်ချင်းအား လှမ်းအော်သတိပေးလိုက်သည်။ သို့သော် တွန်ဂါတာသည် ဂရုမစိုက်ဘဲ ခပ်တည်တည်ပင် ဆက်လျှောက်လေသည်။ ပြောက်ကျား ခေါင်းဆောင် ရဲဘော်လွတ်ကောက်ကမူ အခြေအနေကိုအကဲခတ်ကြည့်ရင်း -
ကူဖီလာကိစ္စမရှိပါ။ အကျဉ်းသားများ စုရုံးချိတ်လာခြင်းကြောင့် ရန်သူကသူတို့ဘက်ကိုသာ အာရုံစိုက်နေလိမ့်မည်။ ဤသည်ပင်လျှင် ငါတို့အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်ပေမည်"

ဟုပြောလိုက်သည်။

ခရိတ်လည်း သေချာစွာစဉ်းစားကြည့်သောအခါ ရဲဘော်လွတ်ကောက်ပြောသည့်အတိုင်း မှန်ကန်ကြောင်း သုံးသပ်မိလေသည်။ ရန်သူသည် အကျဉ်းသားအုပ်ကြီးကို အာရုံစိုက်နေမည်ဖြစ်ရာ မိမိတို့အတွက် အကောင်းဆုံး အခွင့်ရေးရနိုင်မည်ဖြစ်ပေသည်။

ဟုတ်ပါ၏။ အသင်ရဲဘော်လွတ်ကောက် အဆင်သင့်သာ ပြင်ထားပါလော့ "

ခရိတ်က မာတာဘာလီဘာသာဖြင့် ပြန်ပြောလိုက်ချိန်မှာပင် ရန်သူ့စက်သေနတ်က အကျဉ်းသား အုပ်ကြီးဘက်သို့ စတင်ပစ်ခတ်လေသည်။ ရဲဘော်လွတ်ကောက်ကလည်း ပြန်လည်ပစ်ခတ်မည်ပြုရာ ခရိတ်ကဟန့်တားလိုက်သည်။
ရှေ့လောမကြီးပါလင့် အသင်ရဲဘော်လွတ်ကောက်၊ စက်သေနတ်သမားက ကျဉ်ဆန်ကတ်အသစ် လဲထည့်ချိန်ကို ခေတ္တစောင့်ပါလော့ ”

ခရိတ်ကဆိုလိုသည်မှာ ရန်သူစက်သေနတ်သမားသည် ကျည်ဆန်တစ်ကတ်ကုန်သွားခိုက်သည့်အခါ နောက်ထပ်တစ်ကတ်အသစ်လဲနေခိုက် မိမိတို့ကပစ်ခတ်တိုက်ခိုက်လျှင် ပို၍ထိရောက်မည်ဟူ၍ ပင် ဖြစ်သည်။
ရန်သူစက်သေနတ်မှ ထရေစာအမျိုးအစား ကျည်ဆန်များသည် အကျဉ်းသားလူအုပ်ကြီး၏ ရှေ့ဆုံးမှ လူများကို ထိမှန်လျက် အတုံးအရုံးကျဆုံးကုန်သည်မှာ အလွန်ရင်နာဖွယ်ကောင်းလှပေသည်။ သို့ရာတွင် အကျဉ်းသားများသည် နောက်ပြန်မဆုတ်ဘဲ ကျဆုံးသူများနေရာတွင် နောက်လူများက နေရာဝင်ယူကာ ဇွတ်အတင်းပင်တိုးလာကြလာသည်။

တွန်ဂါတာသည် အခြားလူများ၏ရှေ့မှပြေးကာ သူ၏ အေကေမောင်းပြန်သေနတ်ဖြင့် ရန်သူရှိုနာ စစ်သားများအား ပစ်ခတ်နေလေသည်။ ရန်သူစက် သေနတ်သမားများကလည်း တွန်ဂါတာဘက်သို့ ချိန်၍ပစ်ခတ်သည်။ သို့သော် အံ့သြဖွယ်ကောင်းသည်မှာ တွန်ဂါတာအားကျည်ဆန်ထိမှန်ခြင်းမရှိဘဲ ဘေးသို့သာ ချော်ထွက်ကုန်ကြခြင်းပင်ဖြစ်သည်။

ထိုအခိုက်ရန်သူစက်သေနတ်မှ ပစ်ခတ်မှုရုတ်တရက်ရပ်သွားလေသည်။ ကျဉ်ဆန်တစ်ကတ်ကုန်သွားပြီ၊ ရဲဘော်တိုးပြေးဝင်တိုက်ခိုက်ကုန်ကြလော့”

ခရိတ်က မာတာဘယ်လီဘာသာဖြင့် အော်ပြောလိုက်ရာ ပြောက်ကျားရဲဘော်တို့လည်း အတင်းပြေးဝင်သွားကြလေသည်။ ဒုံးကျည်လက်နက်တစ်ခုသည် သူတို့၏ခေါင်းပေါ်မှ ဝီခနဲဖြတ်သန်းသွားလေသည်။ ရန်သူက သွေးရူးသွေးတန်းဖြင့် ပစ်ခတ်ခြင်းကြောင့် လွဲချော်သွားဟန်တူပေသည်။

သူတို့ပစ်လိုက်သော ဒုံးကျည်လက်နက်သည် လက်နက်ကိုင်အစောင့်များ၏ စစ်တန်းလျားအနီးရှိ ဓာတ်ဆီသိုလှောင်တိုင်ကီကြီးကို ထိမှန်လေရာ ဝုန်းခနဲမီးထတောက်လေသည်။ ဓာတ်ဆီတိုင်ကီမှ မီးလျှံများသည် အမြင့်ပေနှစ်ရာခန့်ပင် တတ်လာလေသည်။ ခရိတ်သည်ပစ်ခတ်ရင်း ရန်သူရှိရာသို့

ပြေးသွားရာ သူ၏ခြေတုတစ်ဖက်ကြောင့် ခရီးမတွင်လှဘဲ ရဲဘော်လွတ်ကောက်ဦးဆောင်သော မာတာဘယ်လီပြောက်ကျားများအား လိုက်ရန် မမီအောင်ဖြစ်နေလေသည်။

ထိုအတောအတွင်း သူသည် ရန်သူစက်သေနတ်သမား ကျည်ဆန်ကတ်အသစ်တပ်ဆင်၍ ပြန်လည် ပစ်ခတ်နိုင်မည့်အချိန်ကို ခန့်မှန်းတွက်ကြည့်နေမိသည်။ အလွန်လျင်မြန်ဖျတ်လတ်သော စစ်သည် တစ်ဦးသည် စက်သေနတ်မှကျည်ဆန်တစ်ကတ်အသစ်လဲရာ၌ အနည်းဆုံးဆယ်စက္ကန့်မျှကြာအောင် လဲလှယ်တပ်ဆင်ရမည်ဖြစ်သည်။ ယခုဆိုလျှင် ခုနစ်စက္ကန့်ရှိသွားပြီဖြစ်ရာ အချိန်မရွေး ရန်သူစက် သေနတ်သည် ပြန်လည်အသက်ဝင်လာကာ တရစ်ကြမ်း ပစ်ခတ်တော့မည်ဖြစ်ပေသည်။ ရဲဘော် လွတ်ကောက်သည်ရှေ့ဆုံးမှလျှင်မြန်စွာပြေးသွားသဖြင့် ရန်သူရှိရာသဲအိတ်များစုပုံထားရာသို့ ရောက် သွားပေပြီ။
ထိုအခိုက်ခရိတ်အားတစ်စုံတစ်ခုအရှိန်ပြင်းစွာဖြင့်လာထိမှန်ပြီး မြေပြင်သို့လဲကျသွားလေသည်။ သူ၏ ဘေးပတ်ပတ်လည်တွင်လည်း ကျည်ဆန်များပလူပျံသလို အဆက်မပြတ် ကျရောက်လျက်ရှိသည်။ ခရိတ်သည်တစ်စုံတစ်ခု လာထိမှန်သော်လည်းမည်သို့မှ နာကျင်ထိခိုက်ခြင်းမရှိသဖြင့် အံ့သြနေမိ သည်။ သေချာစွာ စဉ်းစားကြည့်လိုက်တော့မှ ရန်သူ၏သေနတ်ကျည်ဆန်သည်သူ၏ ခြေတုကိုလာ ထိမှန်ကြောင်းသိရလေသည်။ ဤတွင်ခရိတ်သည် ရယ်မောလိုက်သည်။ တစ်ချိန်တည်းမှာပင် စိုးရိမ် တုန်လှုပ်မိလေသည်။
သို့သော် စိုးရိမ်နေ၍မပြီးသဖြင့် ထပြီးဆက်ပြေးရာရန်သူ၏ ခြေကုပ်စခန်းရှိရာ တောင်ကုန်းအနီးသို့ ရောက်သွားလေသည်။ ရေဒီယိုဆက်သွယ်ရေးစက်ကိုအပိုင်စီးဖို့ အရေးကြီးသည်ဟု စိတ်ကိုအာရုံ စိုက်ကာ အတင်းဆက်ပြေးသွားရာ ရန်သူ၏စခန်းအဆောက်အအုံဆီသို့ ရောက်သွားလေသည်။ သို့သော်ရဲဘော်လွတ်ကောက်က သူထက်ပို၍ဦးနေလေသည်။

လူနှစ်ယောက် သတ်ပုတ်နေသလိုအသံကြားရသဖြင့် ခရိတ်ကလှမ်းကြည့်လိုက်ရာ အာရ်ပီဂျီခေါ် ဒုံးကျည်ပစ်သေနတ်အနီးတွင် ရဲဘော်လွတ်ကောက်သည် ရှိုနာစစ်သားတစ်ဦး လဲကျနေရာအနီးမှ ပြန်ထလာသည်ကိုမြင်ရလေသည်။ ရဲဘော်လွတ်ကောက်က အာရ်ပီဂျီသေနတ်ကိုင်တွယ်ပစ်ခတ်သူ ရှိုနာစစ်သားအား လူချင်းပူး၍ သုတ်သင်ကွပ်မျက်လိုက်ပြီးဖြစ်သည်။ ခရိတ်သည် ဆက်သွယ်ရေး ရေဒီယိုစက်ရှိရာသို့ ဆက်ပြေးသွားလေသည်။

ရှိုနာစစ်သား ရေဒီယိုဆက်သွယ်ရေးသမားသည် ရေဒီယိုစက်မှစကားပြောခွက်ကိုကိုင်၍ စကားပြော နေရာ ခရိတ်သည် မိမိတို့နောက်ကျသွားလေပြီလားဟု စိုးရိမ်သွားမိလေသည်။ ရှိုနာစစ်သားက

ဟာရာရေမြို့ရှိ သူတို့၏ဌာနချုပ်နှင့် ဆက်သွယ်သတင်းပို့နေခြင်းဖြစ်သည်။ ဌာနချုပ်မှတာဝန်ကျ ဆက်သွယ်ရေးသမားက အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောသံကိုလည်းခရိတ်က ကြားနေရလေသည်။

သတင်းပို့ချက်ကိုရရှိ၍နားလည်ပြီ ဆက်ထိန်းထားပါ။ အမြန်ဆုံးစစ်ကူတပ်တွေပို့လိုက်မည်။ ဆက်ပြီး ထိန်းထားပါ”

ထိုစကားမဆုံးမီခရိတ်သည် သူ၏အေကေ ၄၇ ရိုင်ဖယ်သေနတ်ဖြင့် ရေဒီယိုဆက်သွယ်ရေးစက်ကို လှမ်းပစ်လိုက်ရာ စက်တစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားလေတော့သည်။ ရှိုနာစစ်သားရေဒီယို အော်ပရတာသည်လည်း မိုက်ခရိုဖုန်းကိုလွှတ်ချကာကြမ်းပြင်ပေါ်ဝပ်ချရင်း ခရိတ်အား အလွန်ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် ကြည့်နေလေသည်။ ခရိတ်သည်အေကေ ၄၇ သေနတ်ကိုထိုစစ်သားဘက်သို့ လှည့်ချိန်လိုက်သည်။ သို့သော်မပစ်ရက်ဘဲ စက္ကန့်ပိုင်းမျှ ငေးကြည့်နေမိလေသည်။

ထိုအခိုက်ခရိတ်၏နောက်နားဆီမှ မောင်းပြန်သေနတ် ဆွဲပစ်လိုက်သံကြားလိုက်ရပြီး ရှိုနာစစ်သား ရေဒီယိုအော်ပရေတာသည် မရှုမလှသေဆုံးသွားလေသည်။ ခရိတ် သည် အံ့အားသင့်နေစဉ် နောက်နားဆီမှအရပ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက်က -

သူငယ်ချင်းက တယ်ပြီးစိတ်နလုံးသားပျော့လွန်းတာပဲကိုး။ ဒီလိုနေရာမျိုးမှာ သနားနေလို့မဖြစ်ဘူးဗျ”

ဟု ပြောလိုက်သည်။

သည်တော့မှ ခရိတ်သည် ထိုလူအားမှတ်မိပြီး ဝမ်းမြောက်အားတက် သွားမိလေတော့သည်။

ဟင်.... တွန်ဂါတာ ....သူငယ်ချင်း၊ ခုလိုသူငယ်ချင်းနဲ့ပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ သူငယ်ချင်း” ခရိတ်က ဝမ်းသာအားရပြောလိုက်မိသည်။

အခန်း(၃၆)

အာရ်ပီဂျီဒုံးကျည်လက်နက် ထိမှန်ခြင်းခံရသောပထမစစ်ကားမှာ ကား၏ရှေ့ပိုင်းလုံးလုံးပျက်စီးသွားပြီး ဒုတိယစစ်ကားမှလည်း စက်သေနတ်ကြီးကျည်ဆန်များ ထိမှန်ထားသဖြင့် ပျက်စီးသွားပြီးဖြစ်လေသည်။ ကားနှစ်စီးစလုံး၏ မာတ်ဆီတိုင်ကီများတွင်လည်း ဆီလက်ကျန်လုံးဝမရှိတော့ချေ။ တစ်နည်းအားဖြင့် ခရိတ်တို့အဖို့ ဆက်လက်သွားလာရန် ထိုယာဉ်နှစ်စီးစလုံးအသုံးပြုရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုး ရှိနေပေသည်။ ခရိတ်သည် မိတ်ဆွေရင်းဖြစ်သူ ဝန်ကြီးတွန်ဂါတာအား ပြည်ပသို့ထွက်ခွာသွားရန် အစီအစဉ်များကို အတိုချုပ်၍ ပြောပြလိုက်သည်။

လေယာဉ်နဲ့သွားကြဖို့စီစဉ်ထားတာ မှန်ပေမယ့် အချိန်အတိအကျ သတ်မှတ်ထားတာက ရှစ်နာရီ တိတိဖြစ်တယ်။ ဒါ့ထက် နောက်ကျလို့တော့မဖြစ်ဘူး။ တကယ်လို့ကျုပ်တို့က ယာယီလေဆိပ်ငယ် ရှိရာကို ရှစ်နာရီထိုးလို့မှမရောက်ရင်တော့ ကျုပ်တို့အဖို့ ပြည်ပကိုထွက်ခွာတဲ့ တစ်ခုတည်းသောနည်း လမ်းက ခြေကျင်လျှောက်ကြရုံပဲဖြစ်တယ်” ခရိတ်ကပြောလိုက်ရာ တွန်ဂါတာကနားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။
လေဆိပ်ကမိုင်သုံးဆယ်လောက်ဝေးတယ်။ ဒီမှာကစီးသွားစရာဘာယာဉ်မှမရှိဘူး။ လင်းရိုဟကားကို လည်း လွန်ခဲ့တဲ့နှစ်ရက်ကပဲ ဖွန်ဂါဘီရာကယူပြီး ထွက်သွားတယ်”

ပျက်နေတဲ့ကားတစ်စီးရဲ့ နောက်ဘီးတွေဖြုတ်ပစ်ပြီး ကြိုးဖန်ပြင်ရင်ရနိုင်တယ်။ ဒါပေမဲ့ ပြဿနာက ဓာတ်ဆီပဲ။ ဓာတ်ဆီလုံးဝမရှိဘူး”

ခရိတ်ကပြောလိုက်ပြီးနောက် နှစ်ယောက်စလုံးသည် ဓာတ်ဆီသိုလှောင်သည့်တိုင်ကီကြီး မီးဟုန်း ဟုန်း တောက်လောင်နေသည်ကို လှမ်းကြည့်ကြလေသည်။ မီးရှိန်အားကြီး၍ မီးတောက်မီးလျှံများ သည် ကောင်းကင်သို့ အလွန်မြင့်မားစွာတက်လျက် ရှိလေသည်။

ယင်းမီးတောက်မီးလျှံများ၏ အလင်းရောင်တွင် အတုံးအရုံးလဲကျသေဆုံးနေသူများ၏ အလောင်းများ ကို လည်းကောင်းစွာမြင်နေရပေသည်။ မာတာဘယ်လီပြောက်ကျားရဲဘော်များ၏ စက်သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးနေကြသူ ရှိုနာစစ်သားတို့၏ အလောင်းများမှာမြင်မကောင်းအောင်ပင် ပုံပျက် ပန်းပျက် ကြေမွနေတော့သည်။

ဤတိုက်ပွဲတွင်လူမည်မျှသေဆုံးခဲ့ရလေသနည်း။ ဤသို့လျှင်ခရိတ်ကစဉ်းစားမိလေသည်။ယခုလူတွေ သေဆုံးရခြင်းမှာ မိမိ၏ပယောဂကြောင့်ပင် ဖြစ်မည်ပါတကားဟုလည်း ဆင်ခြင်သုံးသပ်မိသည်။ မာတာဘယ်လီခေါင်းဆောင်တွန်ဂါတာသည် ခရိတ်အား အကဲခတ်ကြည့်နေလေသည်။ သူသည် အခုတော့ ရှိုနာစစ်သားတို့၏တန်းလျားအတွင်းမှ တွေ့ရှိသောယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားလေ သည်။
ခင်ဗျားက အမြဲတမ်းဒီလိုပဲဖြစ်တတ်တာကိုး။ စိတ်မချမ်းမြေ့စရာတစ်စုံတစ်ခုတွေ့ရပြီး ခင်ဗျားဟာ သုံးလေးငါးရက်လောက် ထမင်းမစားတော့ဘူး။ စိတ်ညစ်ပြီးငိုင်နေတတ်တာ ကျုပ်ကောင်းကောင်း မှတ်မိတယ်။ တောဆင်ရိုင်းကြီးတွေပစ်သတ်ပြီးလည်း ဒီလိုပဲခင်ဗျားဖြစ်တတ်တယ်”

တွန်ဂါတာကဝေဖန်သလိုပြောလိုက်ရာ ခရိတ်သည်ထိုအကြောင်းဆက်မပြောလိုသဖြင့် -

ကျုပ်က မော်တော်ကားတစ်စီးကို မောင်းဖြစ်အောင်ကြိုးစားရင်ရမယ်ထင်တယ်။ အရင်ဆုံးကားဘီး တွေလဲ တပ်လိုက်မယ်။ ဒါပေမဲ့ခင်ဗျားကတော့ လောင်စာဆီရှာပေးရလိမ့်မယ်။ ဓါတ်ဆီရအောင် ရှာပေးမှဖြစ်မယ် ” ဟုပြောလိုက်သည်။

သူ၏စိတ်ထဲတွင်ကား တွန်ဂါတာသည် အလွန်အကင်းပါးစွာ မိမိစိတ်လှုပ်ရှားနေသည်ကို ချက်ချင်း ရိပ်မိနေပါလား ဟု အောက်မေ့မိလေသည်။ မည်သို့ပင်ဖြစ်စေ တွန်ဂါတာနှင့် ထိုအကြောင်း ဆက် မဆွေးနွေးလိုသဖြင့် ပျက်စီးနေသောစစ်ကားတစ်စီးအနီးသို့ လျှောက်သွားလေသည်။ ပြောက်ကျား ခေါင်းဆောင်ရဲဘော်လွတ်ကောက်သည် သူ့အားရပ်စောင့်နေလေသည်။

ကူဖီလာ၊ ငါတို့ဘက်မှလူဆယ့်လေးယောက်ဆုံးရှုံးခဲ့ရသည်”

ကျွန်ုပ်ဝမ်းနည်းပါ၏။ အသင်ရဲဘော်လွတ်ကောက်”

ခရိတ် တကယ်ပင်စိတ်မကောင်းဖြစ်လျက်ပြောသော်လည်း ရဲဘော်လွတ်ကောက်ကမူ ခေါင်းခါပြလေ သည်။
အို....ကူဖီလာ၊ လူမှန်သမျှတစ်နေ့ကျရင် သေရမည်သာတည်း။ သည်အတွက်စိတ်မကောင်း မဖြစ်ပါလင့်။ ယခု ငါတို့ဘာဆက်လုပ်ကြမည်နည်း။

ခရိတ်သည် ဘာမှပြန်မပြောတော့ဘဲ ပျက်စီးနေသောစစ်ကားကို မောင်းနှင်ဖြစ်အောင် ပြုပြင်ရန်သာ စတင် ဆောင်ရွက်လေသည်။ ပြောက်ကျားရဲဘော်များ၏အကူအညီဖြင့် ကားကြီးကို ကြဲဖန်ပြုပြင် နေခြင်း ဖြစ်သည်။ ထိုအတောအတွင်း သေနတ်ကျည်ဆန်ထိမှန်ထားသော သူ၏ခြေတုတစ်ဖက်ကို လည်း ခေတ္တချွတ်ထားလိုက်သည်။ နောက်တစ်နာရီခန့်ကြာသောအခါ ခရိတ်တို့အလုပ်လုပ်နေရာ သို့တွန်ဂါတာရောက်ရှိလာလေသည်။
ဆောရီးပဲသူငယ်ချင်း၊ ဓာတ်ဆီဘယ်မှာမှရှာမရဘူး။ ကျုပ်တို့လူတွေစခန်းတစ်ခုလုံး နှံ့အောင်ရှာ ကြည့်ပြီးပြီ ဓာတ်ဆီလုံးဝမရှိဘူး ”

လက်ကျန်ဓာတ်ဆီ ဆယ့်ငါးလီတာလောက်တော့ တွေ့ထားတယ်ဗျ။ အဲ့ဒီဓာတ်ဆီနဲ့ဆိုရင် ကျုပ်တို့ မိုင်နှစ်ဆယ်လောက်တော့ ခရီးပေါက်နိုင်ပါတယ်။ ဆယ်လီရဲ့လေယာဉ်ကလည်း နောက်နှစ်နာရီ အတွင်း ရောက်လာတော့မယ်။ အခုအတိုင်းဆိုရင် ကျုပ်တို့လေယာဉ်ကွင်းကို အချိန်မီရောက်မှာ မဟုတ်ဘူး။

ထိုအချိန်တွင် ဆရာမကလေးဆာရာသည် သူမ၏ချစ်သူတွန်ဂါတာအနီးတွင် ရောက်နေပြီဖြစ်သည်။ တွန်ဂါတာသည် ဆာရာအား‌တစ်ချက်လှမ်းကြည့်လိုက်ပြီး ခပ်တိုးတိုးပြောလေသည်။

ဒီမယ် သူငယ်ချင်းခရိတ်၊ ဆာရာကပြောပြလို့ကျုပ်အားလုံးသိပြီးပြီ။ ခင်ဗျားကဘယ်လိုကြိုးစားပြီး အစီအစဉ်တွေလုပ်ခဲ့ပုံ၊ ခင်ဗျားအနေနဲ့အန္တရာယ်ကို ဂရုမစိုက်ဘဲလုပ်ခဲ့ပုံတွေကို”

သို့ရာတွင် ခရိတ်ကတွန်ဂါတာ၏ စကားမဆုံးမီကြားဖြတ်လျက် -

ဒါတွေကိုအခုပြောနေဖို့အချိန်မရှိဘူးသူငယ်ချင်း ” ဟုခပ်တည်တည်ပြန်ပြောလိုက်သည်။

ဘာဘဲဖြစ်ဖြစ်ကျုပ်က ကျုပ်တို့မာတာဘယ်လီအမျိုးသားတွေကို စကားပြောရမှာဘဲ။ ပြီးတော့မှ သွားကြ တာပေါ့”

ပြောပြောဆိုဆို တွန်ဂါတာသည် မော်တော်ကားအင်ဂျင်စက်ဖုံးပေါ်သို့ တက်ရပ်ပြီး သူ့အနီးသို့ စုရုံးရောက်ရှိလာကြသူ မာတာဘယ်လီလူမျိုးအကျဉ်းသားများ၊ ရှိုနာစစ်သားများ၏ စက်သေနတ် ပစ်ခတ်စဉ် မသေဘဲကျန်ရစ်သူများအား စကားပြောလေသည်။

အို အချင်းတို့၊ငါသည်သင်တို့အားထားခဲ့ပြီး ခွေးသွားရတော့မည်ဖြစ်ချေ၏။ သို့သော်ငါ၏စိတ်ဝိညာဉ် သည်ကား သင်တို့နှင့်အတူ အမြဲတစေရှိနေသည်ဖြစ်၏။ ငါပြန်ရောက်လာသည်အထိ ငါ၏စိတ်သည် သင်တို့၏အပါးတွင် ရှိနေချေမည်။ ငါသည်သင်တို့ထံသို့ မလွဲဧကန်ပြန်လာခဲ့ပါမည်ဟု ငါ၏မိခင်ဖခင် နှစ်ပါးတို့အား တိုင်တည်၍ ကတိသစ္စာပြုပါ၏။

ဘာဘာ .... ဘာဘာ ....

သခင်သည် ကျွန်ုပ်တို့၏ဖခင်ကြီးပင်ဖြစ်ပါ၏။ မာတာဘာလီအကျဉ်းသားများက ဟစ်အော်ပြောကြ လေသည်။ တွန်ဂါတာကစကားဆက်ပြောလေသည်။

အို...အချင်းတို့ ယုတ်ညံ့သောရှိုနာသတ္တဝါတို့သည် မကြာမီရောက်လာကြပေတော့မည်။ ထို့ကြောင့် သင်တို့သည် ဆောလျင်စွာတောတွင်းသို့ဝင်၍ လုံခြုံစွာပုန်းအောင်းနေကြရမည်ဖြစ်သည်။ သင်တို့နှင့် အတူ ရနိုင်သမျှလက်နက်နှင့် စားနပ်ရိက္ခာများကိုလည်း ယူဆောင်ကြပါကုန်လော့”

ဤတွင်တွန်ဂါတာသည် ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်နှင့်အပေါင်းအပါ လူတစ်စု ကိုညွှန်ပြရင်း ဆက်ပြောလိုက်သည်။

ထိုလူကသင်တို့အား လုံခြုံစိတ်ချရသည့်နေရာသို့ရှေ့ဆောင်လမ်းပြခေါ်သွားမည်ဖြစ်သည်။ ထိုနေရာတွင် သင်တို့သည် ငါပြန်လာသည်အထိ စောင့်နေကြရမည်။ ငါသည်မကြာမီ အင်အားအပြည့်အဝနှင့် ပြန်လာပြီး သင်တို့အား သင်တို့တရားသဖြင့် ပိုင်ဆိုင်ထိုက်သည်တို့ကို ပြန်ရအောင် ဖန်တီးပေးမည် ဖြစ်သည်။

တွန်ဂါတာပြောပုံမှာ တကယ်ပင်လှိုက်လှိုက်လဲလဲ ပြောပုံမျိုးဖြစ်၍ မာတာဘယ်လီတိုင်းရင်းသား အကျဉ်းသားတို့သည် အထူးပင် စိတ်လှုပ်ရှားသွားကြပုံရလေသည်။ သူတို့သည် တွန်ဂါတာအနီးသို့ ချဉ်းကပ်လာကြရာ အချို့မှာစိတ်ထိခိုက်လှုပ်ရှားလွန်း၍ မျက်ရည်များပင်ကျလျက်ရှိကြသည်။ ထို့နောက် သူတို့သည် တဖြည်းဖြည်းအုပ်စုလိုက်စတင်ထွက်သွားကြလေသည်။ နောက်ဆုံးထွက်ခွာသူကား ပြောက်ကျားခေါင်းဆောင် ရဲဘော်လွတ်ကောက်ပင်ဖြစ်သည်။ သူသည် ခရိတ်ရှိရာသို့ လျှောက်လာပြီးပြုံး၍နှုတ်ဆက်လေသည်။

အို...အသင်ကူဖီလာ၊ သင်သည်ယခုတိုက်ပွဲတွင် ရှေ့ဆုံးမှရွှပ်ရွှပ်ခွံခွံ ပါဝင်တိုက်ခိုက်ခဲ့ပါသည်။ သို့ဖြစ်လင့်ကစား သင်သည် ရှိုနာလူမျိုးတစ်ယောက်တလေမှ မသတ်ဖြတ်ခဲ့။ ဤနေရာတွင်သာမက ချောင်းကူးတံတားတိုက်ပွဲတွင်လည်း သင်သည် ရှိုနာစစ်သားများအား မသတ်ဖြတ်ခဲ့ကြောင်း ငါတို့ သတိပြုမိပါ၏။ အဘယ့်ကြောင့်ပါနည်း အသင် ကူဖီလာ”

သတ်ဖြတ်ခြင်းအလုပ်ကို ကျွန်ုပ်က သင်တို့တာဝန်အဖြစ် ထားလိုက်သောကြောင့်ပင် ဖြစ်ပါ၏။ ဤအလုပ်မျိုးတွင် သင်တို့သည် ကျွန်ုပ်ထက်ပို၍ ကျွမ်းကျင်ကြသည်မဟုတ်ပါလော။ ခရိတ်က စိတ်ကူးရသလိုပြန်ဖြေလိုက်သည်။

အို....အသင် ကူဖီလာ စာအုပ်များကိုရေးသားသူ အသင်သည် လူထူးဆန်းတစ်ယောက်ပင် ဖြစ်ချေသည်ကား။ သို့ရာတွင် ငါတို့သည် သင့်အား အထူးပင်ကျေးဇူးတင်ရှိကြပါကုန်၏။ ငါသည်အသက်ရှည်စွာနေရပါက ငါ၏သားမြေးတို့အား ယခု သင်နှင့်အတူ တိုက်ခိုက်ခဲ့ကြသော တိုက်ပွဲအကြောင်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောပြပါအံ့။

အို ... အသင် ရဲဘော်လွတ်ကောက်၊ ကျွန်ုပ်သင့်အားလှိုက်လဲစွာနုတ်ဆက်ပါ၏။

ပြောရင်းခရိတ်သည်ရဲဘော်လွတ်ကောက်အား လက်ဆွဲနုတ်ဆက်လိုက်သည်။ ထို့နောက် ရဲဘော်လွတ်ကောက်သည် သူ၏ရိုင်ဖယ်သေနတ်ကိုကိုင်လျက် ထွက်ခွာသွားလေသည်။ မကြာမီ သူသည် ညှ၏အမှောင်အတွင်းသို့ပျောက်ကွယ်သွားလေသည်။ နောက်ဆုံးတွင်ခရိတ် တွန်ဂါတာနှင့် ဆာရာတို့ သုံးဦးသာကျန်ရစ်သောအခါ ခရိတ်ကစတင်၍ စကားပြောလေသည်။

သူငယ်ချင်းတွန်ဂါတာ၊ ရှိုနာရေဒီယိုအော်ပရေတာက သူတို့ဌာနချုပ်ကို ဆက်သွယ်သတင်းပို့ကာ သူငယ်ချင်း ကြားလိုက်ရတယ်မဟုတ်လား။ အခုလောက်ဆိုရင် ဖွန်ဂါဘီရာက စစ်ကူတပ်တွေ လွှတ်လိုက်ပြီး ဖြစ်နေရော့မယ်။ ဒီနေရာနဲ့ဟာရာရေ မြို့တော်အကြားမှာ ရှိုနာစစ်တပ်တွေရှိသလား။ ခရိတ်က မေးလိုက်လျှင် တွန်ဂါတာကခေါင်းခါပြလေသည်။

တပ်တွေရှိမယ်မထင်ဘူး။ ကာရိုအီအရပ်မှာ စစ်သားနည်းနည်းပါးပါးတော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် အလုံးအရင်းနဲ့ တိုက်ခိုက်နိုင်တဲ့အင်အားမရှိပါဘူး”

ကောင်းပြီ ဒီလိုဆိုစစ်ကူတပ်လွှတ်ဖို့အတွက် လူစုတာကတစ်နာရီလောက် ကြာမယ်ထားလိုက်၊ လူစုလို့ပြီးရင်တော့ ဒီနေရာကိုလာဖို့အတွက် နောက်ထပ်အချိန်ငါးနာရီလောက်ကြာမယ်။ တူတီမစ်ရှင်ရှိရာကို လာဖို့ရာ အဲဒီလောက်တော့ကြာလိမ့်မယ်”

ပြောရင်းနှင့်ခရိတ်က တွန်ဂါတာအား လှမ်းကြည့်လိုက်သည်။ တွန်ဂါတာကလည်း ထောက်ခံအတည်ပြုသလို ခေါင်းညိတ်ပြလေသည်။ ဒီတော့သူတို့ဟာ တူတီမစ်ရှင်ကို ခြောက်နာရီလောက်မှ ဝင်တိုက်ကြလိမ့်မယ်။ ဆယ်လီကတော့ ငါးနာရီလောက်ဆိုရင် လေယာဉ်နဲ့ကောင်းကင်မှာ ရှိနေလိမ့်မယ်။ ဒါကြောင့်ကျုပ်တို့အဖို့ အချိန်ကိုလုပြီးသွားမှဖြစ်မယ်။ ကဲ .... လာ သွားကြစို့။

ထို့နောက် ကျန်နစ်ယောက်ကကားပေါ်တတ်ကြစဉ် ခရိတ်သည်စခန်းဝင်းကြီးအား နောက်ဆုံးအကြိမ် လှမ်းကြည့်လိုက်လေသည်။ မီးတောက်မီးလျှံများသည် မီးညွှန့်ကျိုးကာ ငြိမ်းစပြုနေပြီဖြစ်သည်။ သို့သော် အဆောက်အအုံများတွင် မီးခိုးတလူလူ ထွက်လျက်ပင်ရှိသေးသည်။ စခန်းဝင်းနေရာအနှံ့ အပြားတွင် ရှိုနာစစ်သား အလောင်းများ ပြန့်ကျဲလျက် ရှိနေလေသည်။

ရှုခင်းတစ်ခုလုံးမှာ လျှပ်စစ်မီးမောင်းကြီးများကြောင့်ဝင်းထိန်နေလေသည်။

ဟာ .... မီးတွေငြိမ်းပစ်လိုက်ဦးမှပဲ”

ခရိတ်သည် ပါးစပ်မှရေရွတ်လိုက်ချိန်တွင် တစ်စုံတစ်ခုကိုစဉ်းစားမိပြီး စိတ်ထဲဘဝင်မကျဖြစ်မိလေသည်။ လျှပ်စစ်အင်ဂျင်စက်နှင့် ပတ်သက်၍ဖြစ်သည်။ အင်ဂျင်စက်အကြောင်းစဉ်းစားရန်လိုပေသည်။ ဟာ...ဟုတ်ပြီ၊ လျှပ်စစ်အင်ဂျင်မီးစက်ရှိသားပဲ။ စောစောကဘာကြောင့်မစဉ်းစားမိပါလိမ့်။ ကဲ... သူငယ်ချင်း၊ လာ...သွားကြမယ်”

ပြောပြောဆိုဆို ခရိတ်သည် ကားပေါ်ခုန်တက်လိုက်ပြီး လျှပ်စစ်အင်ဂျင်စက်ရှိရာသို့ အလျင်အမြန် သွားကြလေသည်။ လျှပ်စစ်အင်ဂျင်စက်မှာ လစ္စတာအမျိုးအစားနှစ်ဆယ့်ငါးကီလိုဝပ်အင်အားရှိသော စက်မျိုးဖြစ်လေသည်။ ခရိတ်သည် ထိုအင်ဂျင်၏လောင်စာဆီတိုင်ကီရှိရာသို့သွား၍ အသာလက်ဖြင့် ခေါက်ကြည့်လိုက်သည်။
ထို့နောက် သူသည် ကျေနပ်အားရဟန်ဖြင့်သက်ပြင်းချလိုက်ပြီးနောက် -

စောစောကကျုပ်တို့ မစဉ်းစားမိခဲ့ဘူးဗျ။ ဆီတိုင်ကီမှာ လောင်စာဆီအနည်းဆုံး ဂါလန်လေးဆယ်ရှိတယ်။ ဟန်ကျတာပဲဟုပြောလိုက်သည်။ လမ်းက မြွေကြီးတစ်ကောင်သွားသလို ကွေ့ကောက်လျက်ရှိရာ သူတို့သည်စစ်ကားကြီးကို သတိထား၍ မောင်းသွား ကြရလေသည်။ ကားမောင်းသူခရိတ်သည် စတီယာရင်အပိုင်းကို လက်နှစ်ဖက်စလုံးဖြင့် ခိုင်မြဲစွာကိုင်လျက်မောင်းရလေသည်။

လမ်းဘေးဌာတောင်ကမ်းပါးယံများရှိ၍ သတိထားမောင်းရလေရာ မြန်မြန်မမောင်းနိုင်ဘဲ ဖြည်းဖြည်းမှန်မှန်ပင်သွားကြရလေသည်။ တစ်ဖန်ကုန်းဆင်းသို့ရောက်ရာလမ်းကဆင်ခြေလျှောဖြစ်နေပြန်သဖြင့် အရှိန်ပြင်းလွန်းစွာမသွားအောင်လည်း ထိန်းမောင်းသွားရသည်။ သစ်သားတံတားတစ်ခုသို့ရောက်လျှင် ခရိတ်က- အချိန်ဘယ်လောက်ရှိပြီလဲ " ဟုမေးလိုက်သည်။

ဆာရာသည် လက်ပတ်နာရီကိုကြည့်လိုက်ပြီးနောက် လေးနာရီနဲ့ငါးဆယ့်သုံးမိနစ် "

ဟုပြန်ပြောလိုက်သည်။ ခရိတ်သည် ကားရှေ့သို့အာရုံစိုက်ကြည့်ရင်း ဆက်မောင်းသွားလေသည်။

လမ်း၏ဆင်ခြေလျှောနေရာမှ တစ်ဖန်ပြန်တက်ကြရသောအခါ ခရိတ်သည်ကားထဲရှိ ရေဒီယို ဆက်သွယ်ရေးစက်မှ ခလုပ်ကိုဖွင့်လိုက်သည်။ ရေဒီယိုဆက်သွယ်သတင်းပို့သံများကို အသံလျှိုင်း အမျိုးမျိုးလှည့်ဖမ်း၍ နားထောင်ကြည့်လိုက်လေသည်။ သို့သော် စစ်တပ်များ၏ ဆက်သွယ်သတင်းပို့ချက် တစ်စုံတစ်ရာ မကြားရချေ။

သူတို့က တမင်သက်သက်ရေဒီယိုနဲ့ မဆက်သွယ်တာဖြစ်နိုင်တယ်။ ဤသို့ပြောပြီး ခရိတ်သည် ရေဒီယိုစက်ကိုပြန်ပိတ်လိုက်သည်။ အရာဇာတက်ချိန်၌ အာဖရိကတိုက်၏ ပတ်ဝန်းကျင်ရှုခင်းသည် အထူးသာယာကြည်နူးဖွယ် ကောင်းနေလေသည်။ သူတို့ရှိရာနေရာမှ အောက်သို့ငုံ့ကြည့်သော် တောင်ကြားဒေသ၏ ရှုခင်းကျယ်ကြီးကိုလည်း လှမ်းမြင်နေရပေသည်။

ဆယ်မိုင်လောက်ပဲကျန်တော့တယ်”
တွန်ဂါတာကပြောလိုက်ရာခရိတ်က-
နောက်ထပ်နာရီဝက်လောက်တော့သွားရအုံးမယ်”ဟုပြောပြီးတိုယိုတာကားကြီးကို ကုန်းဆင်းအတိုင်း ဆက်မောင်းချသွားလေသည်။ အောက်မြေပြန့်သို့ရောက်လျှင် ခရိတ်သည် ကား၏ရှေ့မီးကြီးများကို ပိတ်ပစ်လိုက်သည်။
ကားမီး ဖွင့်ထားရင် ကျုပ်တို့ကို သတိပြုမိနေဦးမယ်’

ပြောရမဆုံးသေးမီပင် ခရိတ်သည် ရုတ်တရက်စိုးရိမ်သွားမိလေသည်။ ကား၏အင်ဂျင်စက်သံ မမှန်သလိုဖြစ်လာ၍ စိုးရိမ်မိခြင်းဖြစ်လေသည်။ ရောက်ခါနီးကျမှ မော်တော်ကားပျက်နေရင် ဒုက္ခပါပဲဟု တွေးရင်း စက်သံကိုသေချာစွာဂရုစိုက် နားထောင်ကြည့်ပြန်သည်။ သည်တော့မှ သူ၏အမှားကိုသိရလေတော့သည်။
သူကြားရသော အသံသည် တိုယိုတာကား၏စက်သံမဟုတ်ဘဲ အခြားအသံတစ်သံဖြစ်နေလေသည်။ အသံသည် သူတို့ကား၏နောက်ပိုင်းဆီမှ တဖြည်းဖြည်းပို၍ကျယ်လာသည်။ ကားဘေးသို့ခေါင်း ပြူကြည့်လိုက်တော့မှ ခရိတ်သည်အဖြစ်မှန်ကို သိရလေတော့သည်။ ကြားနေရသည့် စက်သံမှာ လေယာဉ်တစ်စင်း၏ အင်ဂျင်စက်သံဖြစ်ပေသည်။ အကြောင်းမူကား သူတို့၏ ကားနောက်ဘက်ဆီမှ ခပ်နိမ့်နိမ့်ပျံသန်းလာသည့် လေယာဉ်တစ်စင်းကို သတိပြုမိသောကြောင့်ပင်တည်း။

လေယာဉ်ကဆယ်လီ၏စက်ဆနာလေယာဉ်ငယ်ပင်ဖြစ်ပြီးသူတို့၏မော်တော်ကားနောက်ကောင်းကင်တွင်နိမ့်နိမ့်ပျံသန်းလျက်လိုက်လာခြင်းပင်ဖြစ်သည်။လေယာဉ်၏ကိုယ်ထည်မှအပြာရောင်နှင့်ငွေရောင်တို့သည် နံနက်ခင်း၏နေရောင်တွင် တဝင်းဝင်းလက်နေလျက် လှပကြည့်ကောင်းနေလေသည်။
ခရိတ်သည် ဝမ်းသာအားရစွာဖြင့် လေယာဉ်ကိုလှမ်း၍ လက်ဝှေ့ယမ်းပြလိုက်လေသည်။

ဆယ်လီ၏ လေယာဉ်သည် တိုယိုတာကားကြီးနှင့် ဘေးချင်းယှဉ်လျက် မောင်းနှင်ပျံသန်းလျက်ရှိရာ ခရိတ်လည်း လှမ်းကြည့်လိုက်သောအခါ ဆယ်လီ၏ချစ်စဖွယ်မျက်နှာကို မြင်ရလေသည်။ သူမသည် ခရိတ်ကိုမြင်ပြီး ပြုံးပြလေသည်။

ထို့နောက် လေယာဉ်ကပိုမြန်သဖြင့် မော်တော်ကားကိုကျော်ကာ ဆင်းသက်ရမည့် လေယာဉ်ကွင်းငယ် ဆီသို့ ဆက်လက် ပျံသန်းမောင်းထွက်သွားလေသည်။
ခရိတ် တို့ ကားကြီးလည်း ဆက်လက်မောင်းသွားရာ မကြာမီပြောင်းခင်းများ ပတ်လည်ဝိုင်းနေသော

ကျေးရွာငယ် တစ်ခု သို့ ရောက်သွားကြသည်။ ရွာရှိစာသင်ကျောင်းနှင့် ဘုရားရှိခိုးကျောင်းတို့၏
သွပ်မိုး များ သည် နံနက်ခင်း၏ နေရောင်တွင်ပြောင်လက် နေလေသည်။

အချို့က အိပ်ချင်မူးတူးဖြင့် တဲအိမ်များမှထွက်၍ သူတို့၏ကားကြီးကို လှမ်းကြည့်နေကြလေသည်။
ခရိတ် သည် မော်တော်ကားကိုအရှိန့်လျော့၍ မောင်းသွားစဉ် ဆာရာကကားထဲမှ ခေါင်းပြု၍ ရွာသူ
ရွာသား များအား -
စစ်သားတွေလာနေပြီ အားလုံးကိုသတိပေးလိုက်ပါ။ တောထဲမှာသွားတိမ်းရှောင်နေကြပါ” ဟု
အော်ပြော လိုက်သည်။

ထိုကိစ္စကိုခရိတ်သည် စောစောကကြီတင်မတွေးမိခဲ့ချေ။ တတိယတပ်မဟာမှ ရှိုနာစစ်သားများသည်
သူတို့၏ အကျဉ်းစခန်းဝင်စီးခံရသည်ကို တုံ့ပြန်ကလဲ့စားချေသည့်အနေဖြင့်
မာတာဘယ်လီကျေးရွာများ မှ အပြစ်ကင်းမဲ့သူတွေကို နှိပ်စက်ဒုက္ခ ပေးတော့မည်ဟူ၍ ခရိတ်က
မစဉ်းစားမိခဲ့ခြင်းဖြစ်လေသည်။
လေယာဉ်ကွင်းငယ်သို့ရောက်ရန် နောက်ထပ် တစ်ကီလိုမီတာဝေးသေးသဖြင့်
ခရိတ်သည်ကားကြီးကို ကေးရွာတွင်းမှ ဖြစ်လျက်လျန်မြန်စွာမောင်းသွားလေသည်။
ဆယ်လီ၏စက်ဆနာလေယာဉ်သည် ကောင်းကင်တွင်ဝဲပျံလျက်ရှိရာ
တဖြည်းဖြည်းနိမ့်လာပြီဖြစ်သည်။ ဆယ်လီက
လေယာဉ်ပြေးလမ်းကြောင်းပေါ်ဆင်းသက်ရန်ပြင်ဆင်နေခြင်းပင်ဖြစ်သည်။

ဟော ဟိုမှာ ကြည့်စမ်း’
တွန်ဂါတာက ရုတ်တရက်ပြောလိုက်သဖြင့် ခရိတ်လည်းသေချာစွာကြည့်လိုက်ရာ နောက်ထပ်
လေယာဉ် တစ်စင်း ပျံသန်းလာသည်ကိုမြင်ရလေသည်။
ဆယ်လီ၏လေယာဉ်ပျံသန်းနေရာ လက်ဝဲလက်မှ လာခြင်းဖြစ်ပြီး ခပ်နိမ့်နိမ့်နှင့် အရှိန်ပြင်းစွာ ပျံသန်း
လာခြင်းဖြစ်သည်။ လေယာဉ်ကိုကြည့်လိုက်သောအခါ
အင်ဂျင်စက်နှစ်လုံးတပ်ဖြစ်ကြောင်းမြင်သည်နှင့် ခရိတ်ကချက်ချင်းမှတ်မိလေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ အသုံးပြုခဲ့သော ဒါကိုတာအမျိုးအစား

လေယာဉ်ဖြစ်၍ မှတ်မိခြင်းဖြစ်သည်။
ယင်းလေယာဉ်မျိုးက အာဖရိကတိုက်မြောက်ပိုင်းကွန္ဂရဒေသတွင် အများဆုံးအသုံးပြုခဲ့ပြီး
ဇင်ဘာနိုင်ငံ ဖြစ်လာမည့် ရိုဒီရှားနိုင်ငံ၌ တိုင်းရင်းသားတို့၏တော်လှန်ရေး
စစ်ပွဲကာလအတွင်းကလည်း မျက်နှာဖြူ အစိုးရက ဤလေယာဉ်မျိုးကိုပင် အသုံးပြုခဲ့သည်။

ယခုထိုလေယာဉ်များသည် လွတ်လပ်သောဇင်ဘာဘွေနိုင်ငံ လေတပ်၌အသုံးပြုလျက်ရှိပေသည်။
ခရိတ်သည် ဒါကိုတာလေယာဉ်ကို သေချာစွာကြည့်လိုက်ရာ လေယာဉ်၏ဘေးတံခါးပွင့်နေပြီး
တံခါးဝတွင် စစ်သားများ အသင့်ရပ်နေသည်ကို မြင်ရလေသည်။ ရှိုနာစစ်သားများဖြစ်ပြီး
စစ်မြေပြင်သုံး ယူနီဖောင်း ဝတ်စုံနှင့် သံခမောက်ဆောင်းထားသည်ကိုလည်း သတိပြုမိသည်။

လေထီးတပ်သားတွေပဲ ”
ခရိတ်က အော်ပြောလိုက်ချိန် မှာပင် ဒါကိုတာလေယာဉ်သည် အလွန်နိမ့်စွာ ပျံသန်းလျက် ဖြတ်သွား
လေသည်။
ခရိတ် နှင့် တွန်ဂါတာနှစ်ယောက်စလုံးက လေယာဉ်နှင့် နီးကပ်ချိန်တွင်
လှမ်းကြည့်ရင်းလေယာဉ်ပေါ်မှ လူတစ်ယောက်ကို ချက်ချင်းမှတ်မိကြလေသည်။
ဖွန်ဂါဘီရာပဲ၊ သူကိုယ်တိုင်ကျုပ်တို့ကိုတိုက်ဖို့လာခဲ့ပုံရတယ်”

တွန်ဂါတာကပြောရင်းကားကြီး၏တံခါးကို လျင်မြန်စွာဖွင့်၍ စက်သေနတ်ကြီးပစ်ရန်
ပြင်ဆင်လေသည်။ သူသည်အလွန်အားနည်းနေသော်လည်း လျင်မြန်ဖျက်လတ်စွာ လှုပ်ရှားနိုင်ပုံက
အံ့သြဖွယ်ကောင်းနေပေ သည်။ သူသည်စက်သေနတ်ပြောင်းကို လေယာဉ်ဆီသို့
လျင်မြန်စွာချိန်လျက် တရကြမ်းပစ်ခတ်လေတော့ သည်။
စက်သေနတ်မှထရေစာကျည်ဆန်များသည်
ဒါကိုတာလေယာဉ်၏လက်ဝဲဘက်တောင်ပံအနီးသို့ကပ်လျက် ဖြတ်သွားရာ
ချက်ခြင်းပင်လေယာဉ်သည် နိမ့်နိမ့်ပျံနေရာမှ အမြင့်သို့ပျံတက်သွားလေသည်။
လေယာဉ်ကအမြင့်ကိုပျံတတ်သွားပြီ” ခရိတ်ကအော်ပြောလိုက်သည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် ဆယ်လီ၏စက်ဆနာလေယာဉ်ကို ဇကာန်မုချမြင်မြင်ချင်းမှတ်မိလိမ့်မည်ဟု

ခရိတ် ကတွက်မိလေသည်။ ယင်းလေယာဉ်နှင့် မိမိတို့ထွက်ပြေးမည်ဖြစ်ပြီး မြေပြင်မှ စစ်ကားဖြင့် မိမိတို့က လေယာဉ်ကွင်းငယ်ဆီသို့ သွားနေကြကြောင်းကိုလည်း ဖွန်ဂါဘီရာက တွက်မိမည်ဖြစ်ပေသည်။

ထို့ကြောင့် ဖွန်ဂါဘီရာသည် ဒါကိုတာလေယာဉ်ကိုမြေပြင်သို့ သက်ဆင်းခြင်းထက်သူ၏ လေထီးတပ်များကို ကောင်းကင်မှလေထီးဖြင့် ခုန်ဆင်းစေခြင်းကမှ ပိုမိုထိရောက်လိမ့်မည်ဟု တွက်မိဖွယ်ရာရှိလေ သည်။ လေထီးတပ်သားများခုန်ဆင်းပြီး လျင်မြန်စွာဝင်တိုက်မှလည်း စက်ဆနာလေယာဉ်ပြန်မတက်မီ ဟန့်တား နိုင်မည်ဖြစ်ပေသည်။
တစ်ဖန် ခရိတ်သည် လေထီးတပ်သားများ ခုန်ဆင်းမည့်အစီအစဉ်ကို တွက်ကြည့်ပြန်လေသည်။

ဒါကိုတာလေယာဉ်အနေဖြင့် အန္တရာယ်ကင်းစေရန် အမြင့်ပေတစ်ထောင်ခန့်ပျံသန်းရမည်ဖြစ်သည်။ ထိုအချိန် ၌ သူတို့၏တိုယိုတာကားကြီးသည် လေယာဉ်ကွင်းငယ်အနီးသို့ရောက်နေပြီဖြစ်သည်။ ဖွန်ဂါဘီရာ ၏ လေထီးတပ်များသည် အထူးတိုက်ခိုက်ရေးတပ်မှ (လက်ရွေးစင်)တပ်သားများဖြစ်၍ မည် သည့် အမြင့်မှ မဆို ခုန်ချနိုင်စွမ်းရှိသူများဖြစ်ပေသည်။
ခရိတ် က စဉ်းစား၍ တွက်ချက်ရင်းကြည့်နေစဉ်မှာပင် ဒါကိုတာလေယာဉ်သည် အမြင့်ပေငါးရာထိအောင် ဆင်း၍ ခပ်နိမ့်နိမ့်ပျံသန်းလာလေသည်။
ဆယ်လီ၏စက်ဆနာလေယာဉ်သည်လည်း ကွင်းတစ်ဖက်မှလေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ဆင်းသက် ရန် ချဉ်းကပ်လာပြီ ဖြစ်သည်။

ဆယ်လီကလေယာဉ်ကို ကျွမ်းကျင်စွာ ဆင်းသက်လိုက်ပြီးနောက် မြေပြင်သို့ ရောက်သည်နှင့်ခရိတ်က တိုယိုတာ ကားကြီး ဘက်သို့ဆက်မောင်းလာလေသည်။
ထိုအချိန်၌ လေယာဉ်ကွင်း၏ အပေါ်တည့်တည့်ကောင်းကင်တွင် ဒါကိုတာလေယာဉ်ပေါ်မှ လူတစ်ယောက် လေထီးဖြင့် ခုန်ဆင်းလာလေသည်။ သူ၏နောက်မှ အခြားစစ်သည်များသည်လည်း ဆက်တိုက် လေထီး ကိုယ်စီ ဖြင့် ခုန်ဆင်းလာကြသည်။

စက်ဆနာလေယာဉ်ငယ်သည် လေယာဉ်ပြေးလမ်းကြောင်း၏အဆုံးသို့ ရောက်ခါနီကျမှ ဒီဂရီ (၁၈၀) ပြန်ကွေ့ လိုက်သည်။

သည်တော့ မှ ခရိတ်လည်း ဆယ်လီ၏ အကင်းပါးပုံ စိတ်ကူးဉာဏ်ကောင်းပုံကို
သဘောပေါက်ပြီးစိတ်ထဲမှာ ချီးကျူး မိလေသည်။
သူမသည်လေယာဉ်ကို လေစုန်ဘက်သို့ဦးတည်၍ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။
ဤနည်းဖြင့်ခရိတ်တို့အဖွဲ့ အား တင်ဆောင်ပြီးချက်ခြင်း ပျံတက်နိုင်ရာတွင်
လွယ်ကူချောမောမည်ဖြစ်ပေသည်။ ဤသို့လျှင် ဆယ်လီ က အမြော်အမြင်ရှိစွာဖြင် လေစုန်ဘက်သို့
ဦးတည်ဆင်းခဲ့ခြင်း ဖြစ်သည်။

တိုယိုတာကားကြီးပေါ်မှ တွန်ဂါတာသည် စက်သေနတ်ဖြင့် ကောင်းကင်သို့ချိန်လျက် အဆက်မပြတ်
ပစ်ခတ်နေသည်။ ဤကားလေထီးတပ်သားများအား ထိမှန်ရေးထက်သူတို့
ထိတ်လန့်တုန်လှုပ်အောင် ပစ်ခတ်ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်တွင်
လေထီးတန်းလန်းဖြင့် ဟိုဘက်ဒီဘက် ယိမ်းယိုင် နေသူတစ်ဦးအား ပစ်မှတ်အဖြစ်ထိအောင်ပစ်ရန်
အလွန် ခဲယဉ်းသောကြောင့်ပင်တည်း။
ဆယ်လီ သည် လေယာဉ်ကို စက်မရပ်ဘဲထိန်းထားလျက် ခရိတ်တို့အား လက်ဝှေ့ယမ်းပြရင်း
လှမ်းအော် ခေါ်နေ လေသည်။

ခရိတ်သည် တိုယိုတာကားကြီးကို တစ်နေရာတွင် စက်ရပ်လိုက်ပြီးနောက် ဆရာအား -
ဟော့ ... မြန်မြန်ဆင်းတော့" ဟုအော်ပြောလိုက်သည်။
ဆာရာ လည်း ကားပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်ပြီး လေယာဉ်ဆီသို့
တအားပြေးလေတော့သည်။ ဆယ်လီကလည်း လေယာဉ်ပေါ်မှနေ၍
ဆာရာအားကူညီဆွဲတင်လုက်သည်။
တွန်ဂါတာသည် တိုယိုတာကားပေါ်တွင်ရှိနေသေးပြီး စက်သေနတ်ကြီးနှင့် နောက်ဆုံးအကြိမ် ဆွဲပစ်
နေလေသည်။

သူ၏လက်ချက်ဖြင့်ပထမဆုံး လေထီးတပ်သားသုံးဦးကျသွားပြီဖြစ်သည်။
နောက်ထပ်တစ်ဦးထိမှန်သွားကာ ယိမ်းယိုင် လဲကျသွားသည်ကိုခရိတ်ကမြင်လိုက်ရလေသည်။
ခရိတ်သည် အေကေ ၄၇ ရိုင်ဖယ်သေနတ်နှင့်ကျည်ဆန်အပကိုများကိုကောက်ယူပြီးနောက်
တွန်ဂါတာ အား-

ကဲ .... သူငယ်ချင်းသွားကြစို့ ” ဟု လှမ်းအော်ခေါ်လိုက်သည်။

သူတို့နှစ်ယောက်သည် စက်ဆနာလေယာဉ်ရှိရာ ခြေကုန်သုတ်၍ပြေးကြရာ တွန်ဂါတာမှာ အလွန်အားနည်း နေသူဖြစ်၍ လေယာဉ်အနီးသို့ရောက်လျှင် မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။
ထို့ကြောင့် ခရိတ်က တွဲထူ၍ လေယာဉ်ပေါ်တင် ပေးလိုက်ရသည်။
ထိုအချိန်၌ ဆယ်လီသည် စက်ဆနာလေယာဉ်၏ဘရိတ်ကို လွှတ်လုက်ပြီးပြီဖြစ်၍ လေယာဉ်သည် ရွေ့လျားစ ပြုနေပေပြီ။
ခရိတ်လည်း တွန်ဂါတာအား လက်တစ်ဖက်ဖြင့်ဆွဲလျက် လေယာဉ်ဘေးမှယှဉ်၍ ပြေလိုက်သွားရပြီးမှ လေယာဉ် ပေါ်သို့ ခုန်တက်လိုက်လေသည်။

ခရိတ်ကတော့ ဆယ်လီ၏ဘေးနားတွင်ဝင်ထိုင်လိုက်သည်။
တံခါးကိုမြန်မြန်ပိတ်လိုက်ပါ”
ဆယ်လီက လှည့်မကြည့်ဘဲ ပြောလိုက်သည်။ သူမသည်ရှေ့တည့်တည့်သို့ကြည့်၍ လေယာဉ်ပျံတက်ရေး အတွက် အာရုံစူးစိုက်နေဟန် တူလေသည်။
ခရိတ် လည်း လေယာဉ်တံခါးကို လျင်မြန်စွာဆွဲပိတ်လိုက်သည်။

အပြင်ဘက်သို့လှမ်းကြည့်လိုက်သောအခါ ရှိုနာစစ်သား(လေထီးတပ်သားများ)သည် လေယာဉ်၏ ရှေ့ တည့်တည့် မှ လမ်းပိတ်ဆို့ဟန့်တားရန် ပြေးလာနေကြောင်းတွေ့ရလေသည်။
ဗိုလ်ချုပ်ဖွန်ဂါဘီရာအားမှတ်မိရန် သူ၏ပခုံးမှရာထူးတံဆိပ်များကိုပင် ကြည့်ရန်မလိုချေ။
သူ၏ကိုယ်လုံး ကိုယ်ဟန် ဗလကောင်းပြီး ကိုယ်ကိုတည့်မတ်စွာထားပုံ၊
ပခုံးကျယ်ပြီးမာန်မာနထောင်လွှားသည့် ဟန်မျိုး ရှိပုံ တို့ကို မြင်ရုံနှင့်သိသာထင်ရှားနေပေသည်။

သူ၏လေထီးတပ်သားများက ဖွန်ဂါဘီရာနောက်မှ ဝဲယာဖြန့်လျက်လိုက်လာကြပြီး စက်ဆနာလေယာဉ်ပျံ တက်မည့်လမ်းတွင် ရောက်နေကြပြီဖြစ်သည်။ လေယာဉ်ရှိရာနှင့် ခြေလှမ်းငါးရာခန့်သာဝေးတော့သည်။
ဆယ်လီသည် လေယာဉ်မောင်းအထူးကျွမ်းကျင်သူဖြစ်သည့်အလျောက် လေယာဉ်ကို မြေပြင်မှ ကြွတက်စေသည့်ကိရိယာကို ဆွဲတင်လိုက်သည်။ စက်ဆနာလေယာဉ်သည်

လေယာဉ်ပြေးလမ်းကြောင်း ပေါ်မှ ညင်သာစွာ ပင်ကြွတတ်သွားလေသည်။

လေယာဉ်သည် လေထဲတွင်ပျံသန်းလျက်ရှိလေပြီ။
သို့ရာတွင်ပျံသန်းတက်ရန်မှာ ရှိုနာစစ်သားများ၏ ဦးခေါင်းတည့်တည့်ပေါ်မှဖြတ်၍
ပျံရမည်ဖြစ်သော ကြောင့်အန္တရယ်ရှိနေပေသည်။
ဆယ်လီသည် အန္တရယ်ရှိမှန်းသိလျက်နှင့် ဇွတ်ပျံသန်းသွားရလေသည်။ ထိုအချိန်မှာပင် ဆယ်လီ၏
ရှေ့တည့်တည့် ရှိ ဒိုင်ခွက်ကိရိယာများရှိရာနေရာသည် ကျည်ဆန်ထိမှန်ပြီး
ကွဲရှုပျက်စီးသွားလေသည်။
ထိုနေရာမှာ ခရိတ်၏ရှေ့တည့်တည့်တွင်ဖြစ်ရာ ဖန်ကွဲဖန်စများသူ၏ကိုယ်ပေါ်သို့လွင်းစဉ်လာလေ
သည်။

စက်သေနတ်ပစ်သံကိုလည်း ကြားနေရပြီဖြစ်သည်။ ရန်သူကစတင်ပစ်ခတ်တိုက်ခိုက်နေကြောင်း
ထင်ရှား နေပေပြီ။
နောက်ထိုင်ခုံ တွင် ထိုင်လိုက်လာသူ ဆာရာသည် ထိတ်လန့်တကြားအော်လိုက်သည်။ လေယာဉ်၏
ကိုယ်ထည် ကိုလည်း ကျည်ဆန်မှာဆက်တိုက်လာထိမှန်နေသည်။
စက်သေနတ်ကျည်ဆန်များဒဏ်ကြောင့် ခရိတ်၏ ထိုင်ခုံ သည်လှုပ်ရှားတုန်ခါလျက်ရှိ သည်။

ဆယ်လီသည်လေယာဉ်ထိန်းမောင်းစက်ဝိုင်းကို ရှေ့သို့တွန်းလိုက်ရာစက်ဆနာလေယာဉ်သည်
ကွင်းဘက် ဆီသို့ပြန်၍ ထိုးဆင်းသွားလေသည်။ အမှန်က ဆယ်လီသည်
လေယာဉ်ကိုသေနတ်ကျည်ဆန်များ၏ အောက်သို့ငုံ့၍ ကျွမ်းကျင်စွာမောင်းနှင်
ပျံသန်းလိုက်ခြင်းဖြစ်လေသည်။

မြေပြင်ကြီးသည် လေယာဉ်ရှိရာသို့ ပြေးတက်လာသည်ဟု ထင်ရလောက်အောင် ဆယ်လီက
လေယာဉ် ကို ဒိုင်ဗင်ထိုး သလိုထိုးစိုက်ပျံသန်းလေသည်။
လေယာဉ်၏ဦးပိုင်းသည် လေယာဉ်ပြေးလမ်းကြောင်းသို့ ချည်းကပ်လာပြီဖြစ်ရာ ရှိုနာအမျိုးသား
လေထီး တပ်သားနှစ်ဦးသည် သူတို့အား လေယာဉ်ကဝင်တိုက်တော့မည်ဟု စိုးရိမ်လျက်
ဒရောသောပါး ဘေးဘက် သို့ ရှောင်တိမ်း ထွက်ပြေးကြ လေသည်။

စက်ဆနာလေသယာဉ်သည်ကျည်ဆန်များ တရစပ်ထိမှန်ထားသဖြင့်ဆယ်လီမှာ အလွန် ခက်ခက်ခဲခဲ ထိန်းမောင်း နေရ လေသည်။

လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ဆင်းလိုက်ရာတွင်လေယာဉ်၏ လက်ဝဲဘက်တောင်ပံအဖျားသည် မြေပြင်နှင့်ဒယဉ့် တိုက်ထိသွားလေသည်။ ဆယ်လီသည်ချက်ချင်းဆုံးဖြတ်လျှက် လေယာဉ် ကို ပြန်၍ကြွ တက်အောင် ပျံသန်းလိုက်ပြန်သည်။

ကွင်း၏အစွန်ဘက်ကိုက်တစ်ရာတွင် အကိုင်းအခက်များ ပြွတ်သိပ် နေသော သစ်ပင်ကြီး တစ်ပင် ရှိလေသည်။ သစ်ပင်က မာရှလာခေါ် သစ်ပင်ကြီးဖြစ်ပြီးမြေပြင်မှ ပေကိုးဆယ်ခန့်မြင့်လေသည်။ ဆယ်လီ သည် လေယာဉ် ကို ထိုသစ်ပင်ကြီး ဆီသို့ ဦးတည်ပျံသန်းလေသည်။

အလွန် နိမ့်နိမ့်ပျံသန်းလျက်လေယာဉ်နှင့် ရန်သူလေထီးတပ်သားများအကြားသစ်ပင်ကြီးက အကာအကွယ် သဘော ဖြစ်အောင် သူမကပျံသန်းလိုက်ခြင်းဖြစ်သည်။ အကယ်၍လေထီးတပ်သားများက လေယာဉ် ကို ပစ်ခတ် လျှင်လည်း သစ်ပင်ကြီ က ကြားမှခံနေမည်ဖြစ်သည်။

ဒါကိုတာလေယာဉ် ကဘယ်ရောက်နေလဲ”

ခရိတ်က လေယာဉ်စက်သံကြားမှ အော်မေးလိုက်ရာတွန်ဂါတာက-

မြေပြင်ကို ဆင်းတော့မယ်” ဟုပြန်ပြောလိုက်လေသည်။

ခရိတ်လည်းလှမ်းကြည့်လိုက်ရာ မီးခိုးရောင်ဒါကိုတာလေယာဉ်ကြီးသည် အလွန်နိမ့်စွာ ပျံလျက်မြေပြင် သို့ ချဉ်းကပ် လျက်ရှိသည်ကို မြင်ရလေသည်။

လေယာဉ်ဘီးချလို့မရဘူးရှင့်”

ဆယ်လီကရုတ်တရက်ပြောလိုက်သည်။ သူမသည်လေယာဉ်ဘီချသည့်ခလုပ်ကို အကြိမ်ကြိမ် နှိပ်ကြည့် နေသည်။ သို့သော်ဘီးကိုချ၍ ကားမရချေ။

ဘီးချတဲ့ကိရိယာတစ်နေရာရာမှာ ဂျမ်းဖြစ်နေပြီထင်တယ်။ ဘယ်လိုမှလုပ်လို့မရဘူးရှင့် ”

ဆယ်လီကပြောလိုက်ပြီးနောက်ခရိတ်သည်သူတို့ရှေ့ရှိမျက်စီးကွဲရှနေသော

ဒိုင်ခွက်ကရိယာများကို ကြည့်ရင်း -

ငါတို့မှာကြည့်စရာ ဘာဒိုင်ခွက်မှလည်းမရှိတော့ဘူး။ လေယာဉ်ရဲ့အခြေအနေမှန်ကိုသိဖို့ ခက်နေပြီ" ဟု ပြောလိုက် သည်။ ဆယ်လီသည်လေယာဉ်ကိုမနည်းကြိုးစား၍ ထိန်းမောင်းနေရလေသည်။ ထိုအခိုက် လေယာဉ် စက်သံ မှာ မမှန်တော့ ကြောင်းသတိပြုမိပြန်သည်။

ဇကွန်မာတ်ဆီကုန်ခါနီးပြီ ထင်တယ်ရှင့်၊ အောက်ကပစ်လိုက်တဲ့ကျည်ဆန်တချို့က မာတ်ဆီပိုက်လိုင်းတစ်ခုကို ထိသွားတာဖြစ်နိုင်တယ်။ ဒါထက်အချိန်ကဘယ်လောက်ရှိပြီလဲ"

ဆယ်လီကမေးသဖြင့်ခရိတ်လည်းလက်ပတ်နာရီကိုကြည့်ပြီး

ငါးနာရီနဲ့ ဆယ့်ခုနှစ်မိနစ် ရှိပြီ" ဟုပြောလိုက်သည်။

လေယာဉ်ပေါ်မှ အောက်သို့ကြည့်လိုက်သောအခါ မြောက်ဘက်သို့ကွေ့သွားနေသည့် တူတီလမ်းကို လှမ်းမြင်ရ လေသည်။ အဘိုးကြီးဗူဆာမန်ဇီ၏ ကျေးရွာသည်ထိုလမ်းမှ မိုင်အနည်းငယ်အကွာတွင် ရှိမည် ဖြစ်ပေ သည်။

လေယာဉ်အင်ဂျင်စက်သံသည် မှန်လိုက်မမှန်လိုက်ဖြစ်နေလေသည်။ ဆယ်လီသည်စက်သံနားထောင်ပြီး ပို၍ စိုးရိမ် လာပုံ ရလေသည်။

အချိန်ဘယ်လောက်ရှိသွားပြီလဲရှင့်"

ငါးနာရီနဲ့နှစ်ဆယ့်ခုနစ်မိနစ်"

ခုလောက်ဆိုရင် လေယာဉ်ကွက်ကလူတွေ ကျွန်မတို့ကိုမြင်ရတော့မှာမဟုတ်ဘူး။ ကျွန်မတို့ရဲ့ အသံ ကို လည်း ကြား ရတော့မှာမဟုတ်ဘူး"

ဟုတ်တယ် ဖွန်ဂါဘီရာက ကျုပ်တို့ဘယ်ကိုသွားနေတယ်ဆိုတာလည်းသိမှာမဟုတ်ဘူး"

ဤတွင်တွန်ဂါတာကဝင်၍ အန္တရာယ်ကိုထောက်ပြေလေသည်။

ဝိတိုရိယရေတံခွန်စခန်းမှာ ရဟက်ယာဉ်တစ်စင်းရှိတယ်။ သူတို့က ကျုပ်တို့ လေယာဉ် ဟာ ဆဘာ့ဆွာနာ နိုင်ငံ နယ်စပ်ဘက်သွားပြီလို့တွက်မိရင် ရဟတ်ယာဉ် နဲ့ လိုက်လာမှာ စိုးရတယ်"

ဒီလေယာဉ် က ရဟက်ယာဉ်ထက်ပိုပြီးမြင့်မြင့်ပျံနိုင်ပါတယ်ဗျ”

ခရိတ် က ပြန်ပြောလိုက်သောအခါ ဆယ်လီက -

အခုဆိုရင် လေယာဉ်အောက်ပိုင်း ချို့ယွင်းနေပုံမျိုးနဲ့ဆိုရင် သိပ်ပြီးမြန်မြန်မောင်းလို့ မရဘူးရှင့်” ဟု ပြော လေ သည်။

တစ်ချိန်တည်းမှာပင် သူမသည်လေယာဉ်၏အင်ဂျင်စက်ကိုလုံးဝပိတ်ပစ်လိုက်သည်။

စက်ရပ်သွားသည်နှင့်တတ်ဆိတ်ငြိမ်သက်သွားကာ
လေယာဉ်ကိုယ်ထည်လေတိုးသည့်အသံသာလျှင် သဲ့သဲ့ကြားနေ ရတော့သည်။
လေယာဉ်၏ပန်ကာဒလက်များသည်လည်း အရှိန်လျော့ရာမှ လုံးဝ ရပ်သွားပြီဖြစ်သည်။

ကဲ .... အခုအခြေအနေကျတော့မှဘာမှ မတတ်နိုင်တော့ဘူး လေယာဉ်စက်ကလည်းရပ်သွားပြီ။ ကျွန်မဖွတ်အတင်းပဲ မြေပြင်ကိုဆင်းရလိမ့်မယ်။ အားလုံးထိုင်ခံုခါးပတ်များကို ပတ်ထားလိုက်ကြပါ။ ပြောရင်းနှင့် ဆယ်လီ သည် လေယာဉ်၏ဓာတ်ဆီတိုင်ကီများနှင့် ဆက်သွယ်ဆီသွင်းသည့် ခလုပ်များကို တစ်ခုစီ ပိတ်ပစ်လိုက်သည်။

အောက်ကို လှမ်းကြည့်လို့မြင်ရလား။ လေယာဉ်ဆင်းစရာမြေကွက်လပ်တစ်ခုခုရှိသလား”

ဆယ်လီက မေးလိုက်ရာခရိတ်ကအောက်သို့လှမ်းကြည့်ရင်း -

ဘာမှ မမြင်ရသေးဘူးကွ” ဟုပြောလိုက်သည်။

တကယ်လည်း အောက်သို့လှမ်းကြည့်၍ထင်ရှားစွာမမြင်ရချေ။ သစ်ပင်တော်အုပ်များ စိမ်းစိုနေသည် ကိုလည်း မထင် မရှားမြင်ရလေသည်။

ကျွန်မကတော့သစ်ပင်ကြီးကြီးနှစ်ပင်ကြားကိုဖြတ်ဝင်ပြီးတောင်ပံတွေပြုပ်ကျသွားအောင်တိုက်ပစ်လိုက်မယ်။ ဒါမှ ကျွန်မတို့လေယာဉ်ဟာမြေပြင်အဆင်းမှာ အရှိန်လျော့လာမယ်”

ပြောရင်းနှင့် ဆယ်လီသည်သူမ၏ဘေးပြတင်းပေါက်ကိုဆွဲဖွင့်ရာ
ရုတ်တရက်ဖွင့်မရဘဲဖြစ်နေလေသည်။

ထိုအခါ တွန်ဂါတာက -

ကျုပ်ကူညီပြီး ဖွင့်ပေးပါ့မယ်” ဟုပြောရင်းသူ၏လက်သီးဖြင့် ပြတင်းပေါက်ကိုသုံးချက်ဆင့်၍

ပစ်ထိုး လိုက်သည်။ ပြတင်းပေါက်မှပလတ်စတစ်မှန်လည်းပြုတ်ထွက်ကျသွားလေသည်။

သည်တော့မှဆယ်လီသည် ဘေးပြတင်းမှခေါင်းပြုကြည့်ရင်း လေယာဉ်ကို မြေပြင် သို့မောင်းဆင်းလေ သည်။

သူမက ကြိုတင်ပြောသည့်အတိုင်းလေယာဉ်သည်သစ်ပင်ကြီးများအကြားဝင်သွားရာ အတောင်များ ပြုတ်ထွက် ကုန်လေသည်။ လေယာဉ်၏အရှိန်သည်လည်းလျော့ကျသွားလျက် မကြာမီမြေပြင်သို့ရှပ်၍ ဆင်းလိုက် နိုင်သည်။

လေယာဉ်ပေါ်မှလူများသည် ထိုင်ခုံခါးပတ်များပတ်ထားလျက်နှင့်ပင် ယိမ်းထိုးကာ ယိုင်လဲကျ လုမတတ် ဖြစ်သွား ကြလေသည်။

လေယာဉ်၏အရှိန်ရပ်သွားသည်နှင့် ဆယ်လီကစိုးရိမ်ဟန်ဖြင့် -

ကိုင်း ... အားလုံးမြန်မြန်ထွက်ကြပါ။ ကျွန်မမာတ်ဆီနဲ့ရတယ်၊ လေယာဉ် မီးထလောင်နိုင်တယ်” ဟုသတိပေး လိုက်သည်။

ဤတွင် သူတို့အားလုံးလေယာဉ်ပေါ်မှ အမြန်ဆုံးဆင်းကာ ခပ်ဝေးဝေးသို့ပြေးသွားကြလေသည်။

ထို့နောက်ခပ်လှမ်းလှမ်းမှရပ်လျက် လေယာဉ်မီးထလောင်မလောင်ကြည့်နေကြသည်။

သို့သော် အတန်ကြာသည့်တိုင်အောင် လေယာဉ်သည် မီးမလောင်ချေ။

သည်တော့မှ သူတို့သည် သက်ပြင်းချနိုင်ကြတော့သည်။

ဟော့ .... ဆယ်လီ မင်း လေယာဉ်မောင်တာ အိန်ဂျယ် နတ်သမီးကျနေတာပဲ”

ဒါပေမဲ့ အိန်ဂျလ်နတ်သမီးက အတောင်မပါတော့ဘူးရှင့်”

ဆယ်လီ က ရယ်သွမ်းသွေးလျက်ပြန်ပြောလိုက်သည်။

သူတို့လေးဦးစလုံးသည် အသက်ဘေးမှသီသီကလေးလွတ်ကင်းခဲ့သဖြင့် တုန်လှုပ်လျက် ပင်ရှိကြသေး သည်။ ထိခိုက်မှု အနေဖြင့်ကား ဆယ်လီ၏ပါးပြင်တွင် အနည်းငယ်ပွန်းရှ၍သွေးစို့နေခြင်းမှလွဲ၍ ကြီးကြီး ကျယ်ကျယ် ထိခိုက်မှုမရှိချေ။

ကဲ .... အခု ကျုပ်ကို ဘာလုပ်ကြမှလဲ ”

ခရိတ်က မေးလိုက်ချိန် တွင် မည်သူကမှအဖြေမပေးဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ လေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၇)

အခန်း(၃၇)

သူတို့သည်ရှေးဦးစွာ ပျက်နေသော လေယာဉ်အတွင်းမှ အသုံးဝင်မည့်ပစ္စည်းများကို ရှာဖွေ ထုတ်ယူလိုက် ကြသည်။
ရှေးဦးသူနာပြုဆေးသေတ္တာ၊ လေယာဉ်ပျက်ကျလျှင်လတ်တလော အသုံးပြုနိုင်သော (စည်သွတ် အစား အစာဘူး၊ ဆေးဝါး စသည်တို့ပါသည့်) အသက်ကယ်သေတ္တာ၊ အေကေ ၄၇ ရိုင်ဖယ်နှင့်အပိုကျည်ဆန်များ၊ ပစ္စတိုလ် သေနတ်၊ သတ္တ ရေဘူး၊ လက်နှိပ်မာတ်မီး၊ မြေပုံများပါသည့်အိတ်တို့အပြင် အရှေ့၊ အနောက်၊ တောင်၊ မြောက် သိနိုင်သည့်(ကွန်ပါ) ကိရိယာ ကိုပါ ဖြုတ်ယူလိုက်ကြသည်။

ခရိတ်နှင့် တွန်ဂါတာတို့က နှစ်ယောက်အင်အားဖြင့်ပြုပ်ကျပျက်စီးနေသော လေယာဉ် တောင်ပံ အစိတ်အပိုင်း များကို ဘေးနားရှိသစ်ပင်ချုပုတ်များအတွင်းသို့ သယ်ယူပြီးသစ်ရွက်သစ်ခက်များဖြင့် ဖုံးအုပ် မှတ်ထား လိုက်ကြသည်။

လေယာဉ်ကိုယ်ထည်ကြီးကိုမူသယ်ယူရန် မဖြစ်နိုင်သောကြောင့်သစ်ကိုင်း သစ်ခက်များဖြင့် ဖုံးအုပ် ထားလိုက်ကြသည်။

သူတို့ အလုပ်လုပ်နေကြစဉ် နှစ်ကြိမ်တိုင်တိုင်ကောင်းကင်မှ လေယာဉ်စက်သံကြားရလေသည်။ အင်ဂျင် နှစ်လုံးတပ် လေယာဉ်ဖြစ်ကြောင်းသိသာသဖြင့် -

ဆယ်လီက -

ဒါကိုတာလေယာဉ်သံပဲ ထင်တယ်” ဟုပြောလိုက်သည်။

ဟုတ်တယ်၊ ငါတို့ကိုလိုက်ရှာနေတာဖြစ်မယ်”

ခရိတ်ကပြောလိုက်လျှင် ဆယ်လီကပင် -

ကျွန်မ တို့ မြေပြင်ကိုပြန်ရောက်တာသူတို့သိမှာမဟုတ်ဘူးရှင့်” ဟု ပြောပြန်သည်။

ဒီလိုလည်း တထစ်ချတွက်လို့မရဘူးကွဲ့။ သူတို့အနေနဲ့ငါတို့ဟာ နယ်ခြား ကို ဦးတည် သွားမှာဘဲ ဆိုတာတော့ တွက်မိလိမ့်မယ်။ ငါတို့လေယာဉ်ဟာဆက်မပျံနိုင်ဘဲ မြေပြင် ကို ပြန်ရောက် နေနိုင်တယ် ဆိုတာ လည်း ထည့်တွက်ကြမယ်။ ဒါကြောင့် ငါတို့ကိုလိုက်ရှာဖို့ ခြေလျင်တပ်တွေ လွှတ်လိုက်ပြီ လို့ တောင် ငါထင်မိတယ်”

ဒါဖြင့် ကျွန်မတို့ဒီနေရာက အမြန်ဆုံးထွက်သွားဖို့ကောင်းတယ်”

သွားတာကဟုတ်ပါပြီ ဘယ်ကိုသွားကြမှာလဲ”

ဤတွင်ဆာရာကဝင်၍ ဆွေးနွေးတင်ပြလေသည်။

ကျွန်မ တစ်ခုအကြံပြုပါရစေ။ ကျွန်မတို့မှာအစာရေစာနဲ့ လမ်းပြတစ်ယောက်လည်းလိုလိမ့်မယ်။ ကျွန်မအနေနဲ့ ဒီနေရာ က ကျွန်မရဲ့ဖခင်ကြီးကျေးရွာကိုရောက်အောင် ရှင်တို့ကို လမ်းပြ ခေါ်သွားနိုင် ပါတယ်။ ဟိုရောက်သွားတယ်ဆိုရင် ကျွန်မတို့ကို လုံလုံခြုံခြုံပုက်ထားပေးပါလိမ့်မယ်။ ကျွန်မတို့ အတွက် လမ်းပြကောင်းကောင်းတစ်ယောက်ရပြီးခရီးဆက်ဖို့ အသင့်ဖြစ်ချိန် အထိ သူပဲ စောင့်ရှောက် ပေးပါလိမ့် မယ်”

ခရိတ်သည် တွန်ဂါတာအားလှမ်းကြည့်လိုက်သည်။

ဘယ်လို သဘောရသလဲသူငယ်ချင်း၊ ကျုပ်ကတော့ဆာရာအကြံပေးတာသင့်တယ်လို့ ထင်မိတယ်။ ခင်ဗျား ကန့်ကွက် စရာရှိသေးလား”

တွန်ဂါတာ ကလည်း

မကန့်ကွက်ဘဲသဘောတူသဖြင့်ဆာရာပြောသလိုလုပ်ရန်ဆုံးဖြတ်လိုက်ကြသည်။

မထွက်ခွာမီ ခရိတ် သည်ဆယ်လီအားနှစ်ယောက်ချင်းခပ်တိုးတိုးပြောလေသည်။

ဒီမယ် ဆယ်လီမင်းစိတ်ထဲတော်တော်ဝမ်းနည်းမှာပဲနော်။ စက်ဆနာလေယာဉ်က အလွန် နမျော ဖို့ကောင်းတာ အမှန်ပဲ”

သို့သော ဆယ်လီကခေါင်းခါပြလေသည်။

ကျွန်ကလေယာဉ်စက်ကိရိယာ ပစ္စည်းတစ်ခုပေါ်တိုင်း အကြီးအကျယ်သံယောဇဉ်မထားပါဘူး။ တစ်ချိန် ကတော့ စက်ဆနာလေယာဉ်ဟာ အလွန်အသုံးဝင်ခဲ့တာတော့မှန်တယ်။ ဒါပေမယ့်အခုပျက်စီးပြီး သုံးလို့ မှ မရတော့ သံယောဇဉ်ဖြစ်နေလို့ အပိုပေါ့။ ကိုင်း .... ကျွန်မတို့သွားကြစို့လား။

သို့နှင့်ပင် သူတို့သည် လေယာဉ်ပျက်ကိုစွန့်ခွာလျက် ထွက်လာခဲ့ကြလေသည်။

ခရိတ် သည် ရှေ့ပြေးကင်းသဘောဖြစ်စေရန် ကျန်လူများ၏ရှေ့ဆုံးမှ မိုင်ဝက်ခန့်ခွာလျက် အေကေ ၄၇ ရိုင်ဖယ်သေနတ် ကို အသင့်ကိုင်ကာလျှောက်သွားလေသည်။

တွန်ဂါတာက နောက်ဆုံးမှလိုက်ပြီး မိန်းကလေးနှစ်ယောက်ကိုအလယ်မှထားလျက် ဆက်သွားကြလေ သည်။

ထိုနေ့ညနေစောင်းသော် သူတို့သည် ခြောက်ခန်းနေသောချောင်းတစ်ခုတွင် စခန်းချကြပြီး အသင့် ပါလာ သည့် အရေးပေါ်ရိက္ခာထဲမှ မော့လ်(မုယော) ဆေးပြားတစ်ပြားစီ အာဟာရ အဖြစ် စားလိုက် ကြသည်။

ညအိပ်ကြသောအခါအလှည့်ကျကင်းစောင့်ရန်လိုအပ်သဖြင့် အမျိုးသမီးနှစ်ဦးက ညဦးပိုင်းတာဝန်ယူပြီး ခရိတ် နှင့် တွန်ဂါတာတိုက သန်းခေါင်ကျော်မှ အရုဏ်တက်ချိန်အထိတာဝန်ယူစောင့်လျက် အလှည့် အိပ်ကြ လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ခရီးဆက်ကြရာခရိတ်ကလူတွေသွားနေကျ လမ်းတစ်ခုတွေ့သဖြင့် ထိုလမ်း အတိုင်း လိုက်သွားကြလေသည်။ ထိုလမ်းကိုမြင်သည်နှင့် ဆရာကချက်ချင်းမှတ်မိသဖြင့် သူမ ကပင် ရှေ့ဆောင်၍ ဆက်သွားကြလေသည်။

နောက်နှစ်နာရီခန့်ကြာသောအခါ သူတို့သည်အဘိုးကြီးဗူဆာမန်ဇီ၏တောင်ပေါ် ကျေးရွာကလေး အနီး သို့ ရောက်သွား ကြလေသည်။

ကျန်သုံးဦးကပြောင်းခင်းများထဲ၌ ဝင်ပုန်းနေပြီးဆာရာကသူမ၏ဖခင်ကြီးအား ရှာရန် ထွက်သွားလေသည်။

မကြာမီဆာရာပြန်ရောက်လာသောအခါ အဘိုးကြီးပါလိုက်ပါလာလေသည်။

ဗူဆာမန်ဇီ သည် တွန်ဂါတာအားမြင်မြင်ချင်းအနီးသို့ကပ်ပြီး ဒူးထောက်၍လေးပြုလေသည်။

အို .... အရှင်သခင်၊ ဘုရင်တို့၏သားတော်၊ ကျွန်ုပ်သည်သခင့်အား မြင်ရပါ၏။ အို... အရှင် မိဇီလိကာဇီ ၏ အနွယ်တော် ကျွန်ုပ်သည် သင်၏ကျေးကျွန်ဖြစ်ပါ၏။

ဤသို့ အဘိုးကြီးကမာတာဘယ်လီဘာသာဖြင့် ပြောရာတွန်ဂါတာက အဘိုးကြီးအားဆွဲထူလိုက်သည်။

အို .... အသင်အဘိုးကြီး ပြန်ထ၍ မတ်တတ်ရပ်နေပါလော့ ”

အို ... အသင် သခင်၊ လောလောဆယ်စားသောက်ဖွယ်များဖြင့် တည့်ခင်းဧည့်ခံခြင်းမပြုသည်ကို ကျွန်ုပ်အား ခွင့်လွှတ် ပါလော့၊ ဤနေရာကလုံခြုံရေးအတွက် စိတ်မချရပါ။ နေရာတကာ တွင် ရှိုနာစစ်သား တွေ ရှိနေ ကြကုန်၏။ လုံခြုံသော တစ်နေရာသို့ ကျွန်ုပ်ခေါ်သွားပြီးမှသာ စားသောက်အနားယူသင့်ပါသည်။ ထို့ကြောင့် ကျွန်ုပ် နှင့်အတူလိုက်ခဲ့ပါလော့ အို...သခင်”

ပြောပြောဆိုဆိုအဘိုးကြီးသည် သူ၏အသက်အရွယ်နှင့်အလိုက်အောင်ပင် လျင်မြန် သွက်လက်စွာ လျှောက် ထွက်သွား လေရာ ခရီတ်တို့လူစူသည် မနည်ကြိုးစား၍မီအောင် လိုက်စွားကြရလေသည်။

သူတို့သည်နှစ်နာရီခန့်မရပ်မနားလျှောက်သွားကြရလေသည်။ ဒုတိယနာရီတွင်သူတို့သည် ဆူးချုံများ ပေါများသော နေရာ၊ ကျောက်တုံးကျောက်ခဲများဖြင့်အတိပြီးသော မြေပြင်တိုကိုဖြတ်သွားကြရသည်။ လူသွားလမ်း ဟူ၍မရှိ။ ရှေ့မှသွားသူ အဘိုးကြီးဗူဆာမန်ဇီ၏ နောက်သို့သာလိုက်သွားကြရလေသည်။

ကျုပ်တော့ ဒီနေရာကိုသဘောမကျမိဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးမှာတိရွစ္ဆာန်တွေ၊ ငှက်တွေ လုံးဝ မတွေ့ရဘူး။ ကျုပ်စိတ်ထဲမှာ ဒီအရပ်ဟာမကောင်းဆိုးဝါးတွေရှိနေသလို၊ လျှို့ဝှက်ဆန်းကြယ်တဲ့ အန္တရယ် တစ်ခုခု ရှိနေသလို ထင်နေမိတယ်”

တွန်ဂါတာက ခရိတ်အားခပ်တိုးတိုးပြောလိုက်သည်။

ခရိတ်လည်းပတ်ဝန်းကျင်သို့ လှည့်ပတ်အကဲခတ်ကြည့်လိုက်မိရာ ကျောက်တုံးကျောက်ခဲများသည် သံရည်ကျိုစက် မှ မီးဖိုကြီးထဲမီးဖုတ်ထားသကဲ့သို့ အရောင်အသွေးမှေးမှိန်နေသည်ကို သတိပြု မိလေ သည်။

တွန်ဂါတာပြောသလို ပတ်ဝန်းကျင်၌သက်ရှိသတ္တဝါများ၏ အရိပ်အယောင်လုံးဝမတွေ့ရ။ ငှက်အော်သံ၊ တိရွစ္ဆာန်ငယ် များသွားလာလှုပ်ရှားသံများလည်း အလျှင်းမကြားရချေ။ ထို့ကြောင့် ခရိတ် ကိုယ်တိုင်လည်း ကျောချမ်း မိလေသည်။

ခင်ဗျားလည်းကျုပ်လိုပဲ ခံစားမိတယ်မဟုတ်လား”

တွန်ဂါတာကခရိတ်ကိုအကဲခတ်သလိုကြည့်ရင်း ပြောလိုက်စဉ်အဘိုးကြီးဗူဆာမန်ဇီသည် သူတို့၏ မျက်စိအောက် မှ ရုတ်တရက်ပျောက်သွားလေသည်။ ကျောက်တုံးကြီးများကြားထူးဆန်းစွာ ပျောက်ကွယ် သွားသည် ဟု ထင်ရလေသည်။

ခရိတ်နှင့်တွန်ဂါတာတို့သည် အလွန်အံ့အားသင့်နေမိကြသည်၏

သည်ဘက် ကို လာလှည့်ကြပါလော့၊ ကျောက်တုံးကြီး၏အစွန်းဘက်မှ ကွေ့ပတ်၍လာကြကုန်လော့”

အဘိုးကြီး ၏ အသံကိုကြားရသဖြင့် သူတို့သည်အသံကြားရာဘက်သို့ လျှောက်သွားကြရာ ကျောက်တုံးကြီး ၏ နံရံ တစ်နေရာ၌ လူတစ်ယောက်သာဝင်နိုင်သည့် အပေါက်ငယ်တစ်ခုကို တွေ့ရလေသည်။ ဂူပေါက်ဝကဲ့သို့ဝင်ပေါက်မျိုးဖြစ်နေ ပေသည်။

အတွင်းသို့ဝင်ခဲ့ကြပါလော့”

အဘိုးကြီး က ခေါ်လိုက်သဖြင့် သူတို့လည်းမရဲတရဲနှင့် ဝင်ပေါက်မှဝင်လိုက်ကြသည်။ အဘိုးကြီး သည် ဝင်ပေါက် အနီး တစ်နေရာတွင်အသင့်ရှိသောရေနံဆီမီးအိမ်တစ်ခုကို ထွန်းညှိလိုက်သည်။

ဤကျောက်ဆောင်များ အတွင်း၌ လျှို့ဝှက်သော လိုဏ်ဂူများ၊ အတွင်းလမ်းများရှိပါ၏။ ဤသည်တို့ကား သဘာဝ အလျောက်ဖြစ်ပေါ်သောဂူများသာ ဖြစ်၏။

အဘိုးကြီးကပြောရင်းရှေ့ဆောင်၍ ခေါ်သွားလေသည်။

ကိုက်တစ်ရာ့ငါးဆယ်ခန့်သွားမိသောအခါ သူတို့သည်လမ်းကျဉ်းကလေးမှထွက်မိပြီး ကျယ်ဝန်းသော သဘာဝ အခန်းကျယ် တစ်ခု သို့ရောက်သွားကြလေသည်။

ယင်းအခန်းကြီး၏အမိုးမျက်နှာကြက်ဆီ၌ အပေါက်တစ်ခုရှိပြီး အလင်းရောင်ထိုးဝင်လျက်ရှိလေသည်။ အဘိုးကြီး သည် ရေနံဆီမီးအိမ်ကိုငြိမ်းသတ်၍ ကျောက်သားဖြင့်ပြီးသော ခုံကဲ့သို့ နေရာတွင် ချထား လိုက် သည်။

တစ်နေရာ တွင် ထုံးကျောက်များဖြင့် ပြုလုပ်ထားသော
မီးဖိုဟောင်းတစ်ခုတွေ့ရပြီးအနီးတွင်လည်း ထင်းများ စုပုံ ထား လေသည်။

အဘိုးကြီးကရှင်းပြလေသည်။

ဤနေရာကား ကျွန်ုပ်တို့လူမျိုးများ အတွက်အမြတ်ထားသောနေရာပင်တည်း။ မျက်လှည်ဆရာ (မှော်ဆရာ) များသည် လေ့ကျင့်သင်ကြားနေသည့်ကာလအတွင်း ဤနေရာ၌နေကြရကုန်၏။ ကျွန်ုပ် ကိုယ်တိုင် ငယ်စဉ် က ဤနေရာ၌နေ၍ ကျွန်ုပ်၏ ဖခင်ကြီးထံမှအတတ်ပညာများ သင်ယူခဲ့ရ၏။

ဤတွင် အဘိုးကြီး က အားလုံးကိုထိုင်ခိုင်းသဖြင့် ထိုင်လိုက်ကြရလေသည်။

ဤနေရာသည် အထူးလုံခြုံစိတ်ချရသောနေရာပင်ဖြစ်ပါ၏။ စစ်သားများအနေဖြင့် မည်သည့် နည်းနှင့်ရှာတွေ့နိုင်မည် မဟုတ်ပါ။ ရက်သတ္တတစ်ပတ်ခန့်ကြာ၍ စစ်သားများငြီးငွေ့ပြီး သင်တို့အား လိုက်မရှာ တော့ဘဲ လက်လျှော့ပြန်သွားလျှင် သင်တို့သည်ဆက်လက်ထွက်ခွာသွားနိုင်မည် ဖြစ်၏။ ထိုအခါ သင်တို့ အတွက် လမ်းပြတစ်ဦးကိုလည်း ကျွန်ုပ်ကစီစဉ်ပေးပါမည်။

အဘိုးကြီးကမာတာဘယ်လီစကားဖြင့်ပြောလိုက်သည်ကို ခရိတ်က အင်္ဂလိပ်ဘာသာပြန် ပြောပြ လိုက်သော အခါ ဆယ်လီသည်ကြက်သီးထဟန်ဖြင့်-

ကျွန်မ တော့ကျောထဲကအလိုလိုစိမ့်ပြီးကြောက်မိတယ်ရှင့်" ဟု ခပ်တိုးတိုးပြောရှာလေသည်။

မကြာမီ ကျွန်ုပ်၏ အမျိုးသမီးများကစားသောက်ဖွယ်များ ယူဆောင်၍လာကြမည်ဖြစ်၏။ သူတို့သည် ဤနေရာတွင် ရှိနေစဉ်ကာလအတွင်းနှစ်ရက်တစ်ကြိမ် လာကြမည်ဖြစ်၏။ လာသည့်အခါသူတို့က သင်တို့ အတွက် စားသောက်ဖွယ်ရာများနှင့် သတင်းများပါယူဆောင်လာကြမည် ဖြစ်ပါ၏။

အဘိုးကြီးကဤသို့ပြောပြီးနောက် ညနေမစောင်းမီမှာပင် ဆာရာ၏ဖအေတူမအေကွဲ ညီမငယ် နှစ်ဦး ရောက်ရှိလာကြ သည်။ သူတို့သည်အထုပ်အပိုးများကို ဦးခေါင်းပေါ်ရွက်၍ လာကြပြီး ခရီး ရောက်မဆိုက် မှာပင် ရယ်ကာမောကာဖြင့်စားသောက် ဖွယ်ရာများချက်ပြုတ်တော့ရာ ခရိတ်တို့အဖို့စိတ်ဓာတ်ကျခြင်းမှ အနည်းငယ် သက်သာရာရသလို ရှိလာလေသည်။

ဆယ်လီ မင်းက အမျိုးသမီးတွေနဲ့စားရလိမ့်မယ်။ ဒါကသူတို့လူမျိုးရဲ့ဓလေ့ဖြစ်တယ်။ မင်းက သူတို့ အမျိုးသမီး တွေနဲ့ မစားရင် အဘိုးကြီးခမျာစိတ်မကောင်းဖြစ်လိမ့်မယ်”

ခရိတ် က အင်္ဂလိပ်လိုရှင်းပြလိုက်ရာ ဆယ်လီသဘောကျဟန်မတူချေ။

ဒီအဘိုးကြီးကလည်းရှင် အပြင်ပန်းကအလွန်ရည်မွန်ပုံရပေမယ့် တကယ်ကျတော့သူဟာလည်း တခြား တိုင်းရင်းသား တွေလို အမျိုးသမီးတွေ ကို နှိမ်ချင်တဲ့စိတ်ရှိတာပဲကိုး”

ဆယ်လီကအင်္ဂလိပ်လိုပြန်ပြောလိုက်သော်လည်း တိုင်းရင်းသူများနှင့်အတူ အစား မစားနိုင်ကြောင်း အတင်း အကျပ် မပြော ပါချေ။

ယောကျ်ားသုံးယောက်တို့သည် ဘီယာအိုးကိုတစ်ယောက်တစ်လှည့်စီလက်ဆင့်ကမ်း၍ သောက်ကြပြီး နောက် စားစရာ များကိုလည်းအလယ်တွင်ချထားသော ဇလုံကြီးတစ်ခုအတွင်းမှ အတူတူနှိုက်စား ကြလေသည်။ အဘိုးကြီးဗူဆာမန်ဇီက ပလုပ်ပလောင်းစားနေရင်းကရံဖန်ရံခါ စကားပြောလေသည်။

ကျွန်ုပ်နှင့်သင်တို့ ပထမဆုံးအကြိမ်တွေ့ဆုံခြင်းကို
ဝိညာဉ်လောကမှပုဂိုလ်တွေကဟန့်တားလဲ့လေသည်။ ထိုညက ကျွန်ုပ်တို့သည်သင်တို့အလာကို စောင့်ဆိုင်းနေခဲ့ပါသောလည်းသင်တို့ရောက်မလာကြပါ။ ရှိုနာစစ်သား များကသင်တို့အား ဖမ်းဆီးသွားခဲ့ကြသည်။ သို့သောယခုတော့မူ ပုဂိုလ်တွေ စိတ်သဘော ထား ပြောင်းသွားကြပြီဖြစ်၍ သင်တို့အားရှိုနာလူမျိုး လက်တွင်းမှ လွတ်မြောက်စေပြီး ကျွန်ုပ်တို့ထံ သို့ ရောက်ရှိ လာအောင်ကူညီဖန်တီးပေးခဲ့ကြပါ၏။ ရှေ့လျှောက်ကျွန်ုပ်တို့လူမျိုးများ နှင့် ပတ်သတ် ၍ အရေးကြီးသောကိစ္စများကို သင်တို့နှင့်ဆွေးနွေးစရာ ရှိနေပါ၏”

တွန်ဂါတာကလည်း သူ၏အာဘော်ကိုပြောလေသည်။

အသင် ဗူဆာမန်ဇီကျွန်ုပ်ရှိုနာလူမျိုးတို့လက်မှ လွတ်မြောက်အောင်နာမ်လောကမှ ပုဂိုလ်များက ကူညီ မစခဲ့သည့်ဟု သင်ဆိုပါ၏။ သို့ဖြစ်ပါမူ ဤမျက်နှာဖြူ(ခရိတ်အားညွှန်ပြလျက်) လူမျိုးသည် ထိုပုဂိုလ်တို့၏ ကိုယ်စားလှယ် ဖြစ်ရပေမည်။ သူနှင့်တကွသူ၏အမျိုးတိုက် အသက်စွန့်၍ ကျွန်ုပ် လွတ်မြောက်အောင် ကူညီ ကယ်ဆယ် ခဲ့ကြ၏”

သို့တစေလည်း ဤသူသည်မျက်နှာဖြူလူမျိုး ဖြစ်နေပါ၏”

အဘိုးကြီးက ခရီတ်နှင့်တကွမျက်နှာဖြူလူမျိုး
အားလုံးတို့အားမုန်းတီးစက်ဆုပ်ဟန်ဖြင့်ပြောလိုက်ခြင်း ဖြစ်လေ သည်။

တွန်ဂါတာက ခရိတ်ဘက်မှရှေ့နေလိုက်သလိုပြောပြန်သည်။
အို ... အသင်ဟူဆာမန်ဇီ သူ၏မိသားစုသည် ဤမြေပြင်ပေါ်တွင်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း
တစ်ရာခန့် ပင်ရှိပြီ ဖြစ်၏။ သူသည် ကျွန်ုပ်နှင့်ညီအစ်ကိုလည်းတော်စပ်၏"
သခင့်အနေဖြင့် ဤမျက်နှာဖြူလူမျိုးအားစိတ်ချရပါမည်ဟု အာမခံပါသလော၊
တာဝန်ယူပါသလော"
အဘိုးကြီး က ခရိတ်အားသံသယရှိသလို မေးပြန်ရာ တွန်ဂါတာကလည်း -
ကျွန်ုပ်တာဝန်ယူပါ၏။ ယခုဤနေရာတွင် စုဝေးရောက်ရှိနေသူအားလုံးသည် ယုံကြည်
စိတ်ချရသော မိတ်ဆွေ များချည်း ဖြစ်ပါ၏။ ဟုပြောလိုက်လေသည်။

သည်တော့မှ အဘိုးကြီးသည်သက်ပြင်းချလျက်-
အရှင်သခင်၏သဘောအတိုင်းရှိပါစေလော့" ဟုပြောပြီးရုတ်တရက် တစ်စုံတစ်ခုကို
သတိရဟန်ဖြင့်-
အို... အရှင်သခင် အရှင်သည်ဘုရင်မင်းမြတ်၏ သချိုင်းဂူကို တာဝန်ထူစောင့်ရှောက်နေရသူ
မဟုတ် ပါလော့" ဟု မေးလိုက်သည်။
ဤတွင် တွန်ဂါတာ သည် အံ့အားသင့်သွားသည်။

အို .... အသင် အဘိုးအို၊ ဤအကြောင်းကို သင်သည် မည်မျှသိပါသနည်း"
ကျွန်ုပ် သိသလောက်ကိုပြောရလျှင် ကူမာလိုအဆက်အနွယ်တို့၏
သားများအရွယ်ရောက်လာသောအခါ သူတို့အား ဘုရင်၏ သချိုင်းဂူရှိရာသို့ ခေါ်ယူပြသဖြင့်
သချိုင်းဂူကို စောင့်ရှောက်ရန် ကျမ်းသစ္စာ ကျိန်ဆို စေရကြောင်း ကျုပ်သိပါ၏။
အဘိုးကြီးကပြောလိုက်လျှင် တွန်ဂါတာကခေါင်းညိတ်လိုက်သည်။

ဤအတိုင်း ဖြစ်နိုင်ကောင်းပါပေ၏"
ဤအကြောင်းနှင့်ပတ်သတ်သော အတိတ်တဘောင်ကိုအရှင်သိပါ၏လော"

အဘိုးကြီးကမေးမြန်းရာ တွန်ဂါတာကလည်း ခေါင်းညိတ်လိုက်ပြန်သည်။

မာတာဘယ်လီလူမျိုးတို့ အကျပ်အတည်းနှင့်တွေ့၍ လိုအပ်သည်ရှိသော်ဘုရင်ကြီး၏ ဝိညာဉ်က လာရောက် ၍ ကူညီ စောင့်ရှောက်လိမ့်မည်။ တဘောင်က ဤသို့ဆိုသည် မဟုတ်ပါလော”

လိုဘင်ဂူလာ ၏ ဝိညာဉ်သည်မီးတောက်မီးလျှံကဲ့သို့သော
အသွင်ဖြင့်လာရောက်ကူညီမစလိမ့်မည်။

အဘိုးကြီးကအတိတ်တဘောင်ကို အတိအကျပြောလိုက်သည်။

မှန်ပါ၏။ လိုဘင်ဂူလာ၏မီးလျှံကလာရောက်ကူညီမစလိမ့်မည်ဟု အဆိုရှိခဲ့ကြောင်းကျွန်ုပ် သိပါ၏။

ထိုမျှသာအဟုတ်သေး၊ ရှေးအစဉ်အဆက်ကရှိခဲ့သော အတိတ်တဘောင်နှင့်ပတ်သတ်၍ များစွာ ရှိသေး၏။ အရှင် သိပါ၏လော။

အို .... အဘိုအို ကျွန်ုပ်အားပြောပါလေလော့”

ကောင်းလှပါပြီအရှင်၊ ကျွန်ုပ်ပြောပါအံ့။ အတိတ်တဘောင်က ဤသို့ဆိုပါ၏။ ကျားသစ်ငှက် သည် ရှေးဦးစွာ ကျမ်းသစ္စာ ကျိန်ဆိုချက်ကိုဖောက်ဖျက်သည်။ ထို့နောက်ငှင်းအား တုပ်နှောင် ထားသော နှောင်ကြိုး တို့ကိုလည်း ဖြတ်ထွက်လိမ့်မည်။ ထိုအခါကျားသစ်ငှက်သည် လင်းယုန် ကဲ့သို့ ပျံသန်း လိမ့်မည်။ ရေထဲမှငါးကဲ့သို့လည်းကျင်လည်စွာ ရေကူမည်။ ယင်းသို့ ဖြစ်ပျက်ပြီးသောအခါ လိုဘင်ဂူလာ၏ မီးလျှံသည် အမှောင်ထုအတွင်းမှ လွတ်မြောက်ကာသူ၏ပြည်သူတို့အား ကယ်တင် လိမ့်မည်။ ဤသို့လျှင် တဘောင်က ဆိုပါ၏”

အားလုံးတိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ကြစဉ် အဘိုးကြီးကပင်ဆက်လက်၍-

ကျားသစ်၏သားရေသည်ကူမာလိုမင်းဆက်၏ အမှတ်အသားပင်ဖြစ်၏။ ထို့ကြောင့် အတိတ်တဘောင် မှ ကျားသစ်ငှက် ဟူသည်ယင်းမင်းဆက်၏ အနွယ်တော်တစ်ဦး ဖြစ်ရပေမည်” ဟုပြောလိုက်သည်။

တွန်ဂါတာကမူ ဆိတ်ဆိတ်နေလိုက်သည်။

"အို....အရှင်သခင် သူသည် ကျမ်းသစ္စာ ကျိန်ဆိုချက်ကို ဖောက်ဖျက်ခဲ့ပြီဟု ကျွန်ုပ် မသိပါ။ သို့ရာတွင် သင်သည် ရှိုနာလူမျိုးတို့က သင့်အား တုပ်နှောင်ထားသည့် နှောင်ကြိုးများကိုကား

သင်သည် ဖြတ်တောက် ၍ ထွက်လာခဲ့ပြီ ဖြစ်ပါ၏။ "

အဘိုးကြီးက ဤသို့ပြောပြန်ရာ ခရိတ်က ခေါင်းညိတ်ရုံ ညိတ်လိုက်သည်။

"အရှင်သခင် သင်သည် ရှိုနာလူမျိုးတို့၏ အနှောင်အဖွဲ့မှ ထွက်ပြေးလွတ်မြောက်ခဲ့ရာတွင် လင်းယုန်ဌက် ကဲ့သို့ အင်ဒေကီ စက်ယန္တရားဖြင့် ပျံသန်းလွတ်မြောက်လာခဲ့သည် မဟုတ်ပါလော "

တွန်ဂါတာသည် အဘိုးကြီးအား ခေါင်းညိတ်ပြပြီးနောက် ခရိတ်ဘက်သို့ လှည့်၍ အင်္ဂလိပ်ဘာသာဖြင့် ခပ်တိုးတိုး ရှင်းပြလေသည်။

"ကျုပ်တို့ လူမျိုးတို့ရဲ့ အတိတ်တဘောင်တွေ ထူးခြားပုံတစ်ခုက တကယ်ဖြစ်ပျက်လာတာ မှန်သမျှကို တဘောင် နဲ့ ကိုက်ညီအောင် ကြံဖန် ဆွဲယူထောက်ပြလို့ရတယ်။ တစ်ခုတော့ ရှိတာပေါ့။ အတိတ်တဘောင် တွေကို သားစဉ် မြေးဆက် တစ်ဆင့်ပြီးတစ်ဆင့် ပြောကြရာမှာ နည်းနည်းပါးပါး အပြောင်းအလဲ ရှိလာ တတ်တယ် "

ဤသို့ပြောပြီးမှ တွန်ဂါတာသည် အဘိုးကြီးအား မာတာဘယ်လီဘာသာဖြင့်လှည့်ပြောပြန်သည်။

"အို....အသင် အဘိုးအို သင်ကား ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပါပေ၏။သို့ဖြစ်လင့်ကစား ရေထဲမှ ငါးကဲ့သို့ ကျင်လည်စွာ ရေကူးခြင်းအကြောင်းကိုလည်း သင် ကြိုသိထားစေချင်ပါ၏။ ကျွန်ုပ်အနေဖြင့် ရေနစ်ပြီး သေဆုံးရမည်ကို အလွန်ကြောက်ပါ၏။ ထို့ကြောင့် သင်သည်အခြားသော ငါးတစ်ကောင်ကို ရှာရ ပေမည် "

အဘိုးကြီး ဗူဆာမန်ဇီသည် ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေရာ တွန်ဂါတာကပင် ဆက်ပြောပြန်သည်။

"ကျွန်ုပ်အနေဖြင့် သင့်အားပြောပြစရာတစ်ခု ရှိသေး၏။ ကျွန်ုပ်သည် လိုဘင်ဂူလာ၏ သချိုင်းဂူအတွင်းသို့ ဝင်ရောက် ခဲ့ပြီးပါပြီ။ အတွင်း၌ ဘာမျှမရှိ၊ ဗလာနတ္ထိ ဖြစ်နေပါ၏။ လိုဘင်ဂူလာ၏ရုပ်ကလာပ်လည်း မရှိ တော့ပါ။ ထို့ကြောင့် ရှေးကရှိခဲ့သော အတိတ်တဘောင်သည် ရှေးပဝေဏီသီကပင် ပျက်ပြယ်ချေပြီဟု ဆိုရ မလို ဖြစ်နေပါ၏ "

တွန်ဂါတာ၏ စကားကို ကြားလျှင် အဘိုးကြီးသည် စိတ်မချမ်းသာ ဖြစ်သွားပုံမရချေ။ သို့သော် သူ၏ လည်ပင်း တွင် ဆွဲချိတ်ထားသော တိရစ္ဆာန်ဦးချို့မှ အဖုံးကို ဖွင့်လိုက်သည်။(တိရစ္ဆာန်ဦးချို့မှာ တိုင်းရင်းသား တို့ နာမှန့် ထည့်ရာ၌ အသုံးပြုလေ့ရှိသောဦးချို့တစ်ခုပင် ဖြစ်သည်။)

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၇) အဆက်

"အို...အရှင် အကယ်၍ သင်သည် ဘုရင်၏ သချိုင်းဂူအတွင်းသို့ ဝင်ရောက်ခဲ့သည် မှန်ပါက သင့်အနေဖြင့် မပျက်မယွင်း အောင် ကာကွယ်စောင့်ရှောက်ပါမည်ဟုသော ကတိသစ္စာကို ဖောက်ဖျက်ရာ ရောက်သွား လေပြီ"

အဘိုးကြီးသည် စကားကို ခေတ္တဖြတ်ထားပြီး ဦးချိုအတွင်းမှ နာမှန့်အနည်းငယ်ယူကာ နာဝတွင်တော့၍ ရှူ လိုက်သည်။ အားရပါးရ ဟတ်ချိုး ဟတ်ချိုး ဟု ချေပြီးတော့မှ စကား ဆက်ပြောလေသည်။

"အို...အရှင် သင်သည် ကျမ်းသစ္စာကျိန်ဆိုချက်ကို ဖောက်ဖျက်ပါက သင်ကိုယ်တိုင်က ဖောက်ဖျက်ခြင်းကို တားမြစ်ခြင်း ဌာ မစွမ်းနိုင်သောကြောင့်ပင် ဖြစ်ပါ၏။ သင်၏ ဘိုးဘေးဘီဘင်များက သင့်အား ဤသို့ ပြုမိအောင် လှုံ့ဆော်တိုက်တွန်းခြင်းကြောင့်လည်းဖြစ်၍ အရှင့်တွင် အပြစ်မရှိပါချေ။ ယင်းကိစ္စကို အသာ ထား၍ ကျွန်ုပ်က သချိုင်းဂူထဲ ဘာမှမရှိတော့သည့် အကြောင်းကို ရှင်းပြပါအံ့"

အဘိုးကြီး သည် စကားကို ခေတ္တဖြတ်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ကောင်းပါပြီ၊ ကျွန်ုပ် ပြောပါတော့အံ့။ သင်တို့အနေဖြင့် လွန်လေပြီးသောအခါက အသက်ထင်ရှား ရှိခဲ့သော တာကာတာကာ အမည်ရှိ လူတစ်ယောက်အကြောင်းကြားဖူးပါသလော"

ခရိတ်နှင့် တွန်ဂါတာတို့ နှစ်ဦးစလုံးက ခေါင်းညိတ်ပြသောအခါ အဘိုးကြီးသည်ခရိတ်အား ဆွန်ပြလျက်-

"တာကာတာကာသည် အခြားမဟုတ်၊ ဤသူ၏ ဘိုးအေ၏ ဖခင် (အဘိုး)ပင် ဖြစ်ချေ၏။ သူသည် ဘုရင် လိုဘင်ဂူလာ လက်ထက်က အလွန်နာမည်နာမည်ကျော်ကြားသော မျက်နာဖြူလူမျိုး စစ်သည် တစ်ဦး ပင်ဖြစ်၏။ သူသည် လိုဘင်ဂူလာ၏ တပ်များအားတိုက်ခိုက်ခဲ့သူလည်းဖြစ်၏။ တာကာ တာကာ ဟု အမည်တွင် ရခြင်းအကြောင်းကား သူ၏စက်သေနတမှ အဆက် မပြတ် ထွက်သည့် အသံသည် ကျွန်ုပ် တို့တိုင်းရင်းသားများ၏ နားတွင်တာကာတာကာဟုကြားကြသဖြင့် ယင်းနာမည်ဖြင့်ထိုလူ အား ခေါ်ဝေါ် ခဲ့ကြခြင်းဖြစ်၏။

ဤတွင်ခရိတ်က တွန်ဂါတာအားအင်္ဂလိပ်ဘာသာဖြင့်-

သူပြောတာကဆာဘာလင်တိုင်ဆိုတဲ့ပဂ္ဂိုလ်ဖြစ်ပါတယ်။အင်္ဂလိပ်လူမျိုးရိုဒ်ရဲ့ညာလက်ရုံးတစ်ဆူပြဖစ်ခဲ့ပြီး ရိုဒီရှား နိုင်ငံ တည်ထောင်လိုက်ချိန်မှာ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့တယ်" ဟုပြောပြီးမှ -

မာတာဘယ်လီဘာသာဖြင့် ဆက်လက်၍

တာကာ တာကာအား မိုတိုမိုတောင်ခြေတွင် မြေမြုပ်သင်္ဂြိုလ်ခဲ့ကြကြောင်းသိပါ၏။ သင်္ဂြိုလ်သည့်နေရာ ကလည်း ရို့ဒ်၏ သချိုင်းဂူနှင့် ကပ်လျက်ပင်ဖြစ်ပါ၏" ဟုပြောလိုက်သည်။

သည်တော့မှအဘိုးကြီးဗူဆာမန်ဇီသည်သဘောကျသွားဟန်ဖြင့်ခေါင်းညိတ်လိုက်သည်။

ဟုတ်ပါ၏၊ ကျွန်ုပ်ဆိုလိုသည်မှာထိုလူပင်ဖြစ်ပါ၏။
တာကာတာကာသည်စစ်သည်တစ်ယောက်သာ မဟုတ်သူခိုးကြီး တစ်ဦးလည်းဖြစ်၏။
သူသည်ဇင်ဘာဘွေရှေးဟောင်းမြို့တော်ကြီးမှ အဖိုးတန် ပစ္စည်းများ ကိုလည်း ခိုးယူခဲ့၏။
ဤတောင်ပေါ် ဒေသသို့လာရောက်၍ လိုဘင်ဂူလာ၏သချိုင်းဂူကိုဖောက်ထွင်းပြီး
အဖိုးတန်ကျောက်မျက်ရတနာများကို ခိုးယူသူလည်းဖြစ်ပေ သည်တကား"

ခရိတ်နှင့် တွန်ဂါတာတို့သည် အထူးစိတ်ဝင်စားလာကာ အဘိုးကြီး၏စကားကို ပို၍ အာရုံစိုက်နားထောင် နေကြသည်။

အဘိုးကြီးကလည်းစကားဆက်လေသည်။

ကျွန်ုပ်သည် တာကာတာကာက ကိုယ်တိုင်ရေးသားခဲ့သောစာအုပ်ကို ဖတ်ရှုခဲ့ပြီးဖြစ်၏။
(မှတ်ချက်။ ။ တာကာ တာကာအမည်ခံပြီတိသျှလူမျိုး ဆာဘာလင်တိုင်သည် သူ၏လက်ရေးဖြင့် ဒိုင်ယာရီ များ ရေးသားခဲ့ရာ ယင်းမှတ်တမ်းစာအုပ်များကို မိသားစု၏ အမွေအနှစ် အဖြစ် သားစဉ်မြေးဆက်ထိန်း
သိမ်းခဲ့ကြပြီး နောက်ဆုံးခရိတ်၏လက်ဝယ်ရောက်ရှိခဲ့သည်။ ခရိတ်အားဖွန်ဂါဘီရာက မောင်နှင်ထုတ်လိုက် သောအခါ မှတ်တမ်းစာအုပ်များသည် ကင်းလင်းမွေးမြူရေးခြံကြီးတွင် ကျန်ရစ်ခဲ့သည်။

ခရိတ်ကလည်း သူသိသမျှပြောလေသည်။

ကျွန်ုပ်သည်လည်း တာကာတာကာကိုယ်တိုင်ရေးသားခဲ့သော စာအုပ်ကိုဖတ်ကြည့်ရာ ဘုရင်

လိုဘင်ဂူလာ ၏သချိုင်းဂူ သို့ရောက်ရှိခဲ့ပုံကို ဖော်ပြမထားကြောင်းတွေ့ရသည်။ ရှိပါစေတော့၊ အသင် ပြောသည့်မီးလျှံကဲ့သို့ အရောင်တောက်ပသော ကျောက်မျက်များဆိုသည်ဘာကို ဆိုလို ပါသနည်း”

အဘိုးကြီးသည်ခရိတ်အားဝေဖန်ပြစ်တင်သည့်ဟန်ဖြင့် လက်ဝါးကာပြလိုက်သည်။

သင်သည်ရှေ့လောကြီးလွန်းဘိ၏ တကား။ ဤလှို့ဝှက်ချက်ကိုကူမာလို၏ သားတော်က ကျွန်ုပ်တို့အား ပြောပြပါ စေလော့”

အဘိုးကြီးသည်တွန်ဂါတာဘက်သို့လှည့်လိုက်သည်။

အို.... အရှင် တွန်ဂါတာ၊ီးလုံးကဲ့သို့သော ကျောက်များအကြောင်းကြားဖူးပါ၏လော”

တွန်ဂါတာ လည်း ခေါင်းညိတ်လိုက်သည်။

ကျွန်ုပ်အနေဖြင့်အသင့်အတင့်ကြားဖူးပါ၏။ တောင်စူးစူးအရပ်ရှိ မျက်နှာဖြူလူမျိုးတို့၏ စိန်တွင်းများမှ အဖိုးတန် စိန်ရတနာ အမြောက်အမြားကို လိုဘင်ဂူလာကရယူစုဆောင်ခဲ့သည်ဟုလည်း ကြားဖူးခဲ့ပါ၏။

ဤတွင် ခရိတ်သည်ကြားဖြတ်ဝင်ပြောမည်ပြုရာ တွန်ဂါတာကအင်္ဂလိပ်ဘာသာဖြင့်-

ကျုပ်နောက်မှ ရှင်းပြပါ့မယ်” ဟုပြော၍ ဟန့်တားလိုက်ပြီးအဘိုးကြီးဘက်သို့မြန်လှည့်လိုက်သည်။

အို .... အရှင်သခင် တွန်ဂါတာ၊ သင်ကြားခဲ့သည့်အတိုင်း မှန်ပေ၏။ ဘီယာအိုး ငါးအိုးနှင့် အပြည့် မီးလျှံ ကဲ့သို့သော ကျောက် သို့မဟုတ် စိန်များရှိခဲ့ပါ၏”

အဘိုးကြီးဗူဆာမန်ဇီ သည် ခရိတ်အားပြစ်တင်ရှုတ်ချသော မျက်လုံးများဖြင့်လှည့်ကြည့်လိုက်သည်။

သင်သည် မိန်းမများကဲ့သို့ စကားများလှချေ၏။ ထို့ကြောင့်သင်သည်မိန်းမများရှိရာ မီးဖိုသို့ သွားသင့်သည်။

ခရိတ်ကမူဘာမှပြန်မပြောဘဲ ပြုံး၍သာနေလိုက်ရာအဘိုးကြီးကစကားဆက်ပြန်သည်။

ဘုရင်လိုဘင်ဂူလာကွယ်လွန်၍ သင်္ဂြိုလ်ပြီးသူ၏သင်္ချိုင်းဂူကိုညီတော်သူ ဂန်ဒန်ဆိုသူက အသေ ပိတ်ဆို့ လိုက်စဉ်က -

ဂန်ဒန်သည်ကျွန်ုပ်၏အဘိုး (ဘိုးအေ၏ဖခင်) မဟုတ်ပါလော” ဟုဝင်ထောက်လိုက်သည်။

မှန်၏၊ သင်၏အဘိုးတော်သူဖြစ်၏။ဂန်ဒန်သည်နောင်တော်ဘုရင်၏ ရတနာပစ္စည်းများကို သချိုင်းဂူ

အတွင်း၌ ထည့်ထား လိုက်ပြီးနောက် မာတာဘယ်လီလူမျိုးတို့အား ခေါင်းဆောင်၍ မျက်နှာဖြူ လူမျိုးတို့ ၏ စိန်တွင်း များရှိရာ လိုဇီအရပ်သို့ပြန်သွားခဲ့၏ တာကာတာကာ ဟု ခေါ်သော မျက်နှာဖြူ နှင့်လည်း အပေးအယူနားလည်မှုလုပ်ခဲ့၏။ ထိုအချိန်မှစ၍ မာတာဘယ်လီ လူမျိုး အများစု သည် မျက်နှာဖြူ တို့အား အလုပ်အကျွေးပြုသောကျေးကျွန်များဖြစ်သွားခဲ့၏။

သို့ရာတွင်မာတာဘယ်လီတိုင်းရင်းသား တစ်ယောက်ကမူ ဂန်ဒန်နောက်သို့လိုက်မသွားဘဲ ဤတောင်ပေါ် ဒေသတွင်ပင် နေရစ်၍ ဘုရင်၏သချိုင်းဂူကိုစောင့်ရှောက်ခဲ့ ပါ၏။
ထိုလူသည်ကားအယ်ဆူရှာအမည်ရှိ နာမည်ကျော် မျက်လှည့်ဆရာ (မှော်ဆရာ) တစ်ဦးဖြစ်၏။သူသည် ဘုရင်၏ သချိုင်းဂူအနီးတွင်ပင် ရွာတည်ကာ မိန်းမနှစ်ယောက် ယူ၍ သားသမီးတွေထွန်းကားခဲ့၏။ အယ်ဆူရှာသည်ကားကျွန်ပ်၏ အဘိုး ပင်ဖြစ်ချေ၏။ ”

”နာမ်လောကမှဝိညာဉ်တို့ မည်သို့ပြုမူခဲ့သည်ကို သဘောပေါက်ကြပါပြီလော။ လူသုံးဦး တို့သည် သမိုင်းကြောင်း
အရ သော်လည်းကောင်း၊ သွေးသားတော်စပ်ခြင်းအရသော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ဆက်နွယ်၍ နေဘိ၏။ ဤသည်ကား နာမ်လောကမှဝိညာဉ်တို့တို့ ၏
လုပ်ဆောင်ချက်ပင်ဖြစ်ချေသည်တကား ”

” ဆယ်လီပြောတဲ့အတိုင်း မှန်တယ်ဗျို့။ ဒီနေရာကကြီသီးထဖို့ကောင်းတယ်၊ ရင်ဖိုစရာကောင်းတယ်”

ခရိတ်က အင်္ဂလိပ်ဘာသာဖြင့် တွန်ဂါတာအားတိုးတိုးပြောလိုက်ရာ အဘိုးကြီးက ခရိတ်အား သဘောမကျ ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်သည်။ သူနားမလည်သော နိုင်ငံခြား ဘာသာဖြင့် ပြောရ ကောင်းလား ဟု မကျေမနပ်ဖြစ်ပုံရလေသည်။

”ကျွန်ပ်ပြောသည့် တာကာတာကာဆိုသူသည်ကား
အလွန်နာမည်ကြီးသောသူခိုးတစ်ဦးအမှန်ဖြစ်ချေ။ တောခွေး ကဲ့သို့ အနံ့ခံကောင်းပြီး လင်းတဂက်ကဲ့သို့လောဘကြီးသူလည်း ဖြစ်၏ ”

အဘိုးကြီး ဗူဆာမန်ဇီက ဆက်ပြောပြန်လေသည်။

” တာကာတာကာသည် ဂန်ဒန်၏နောက်လိုက် မာတာဘယ်လီလူမျိုးအလုပ်သမားများ

ထံမှတစ်ဆင့် ဘီယာအိုး ငါးလုံး
အပြည့်ရှိသော စိန်ရတနာများအကြောင်းသိရှိသားခဲ့၏။ ဘုရင်လိုဘင်ဂူလာအား သင်္ကြီဟ်စဉ်က
ရှိခဲ့သော သူများကိုလည်း သိရှိ
သွားပြီး တာကာတာကာသည် ထိုလူများအားချဉ်းကပ်စည်းရုံးလေတော့၏။ ကျွဲနွား တိရစ္ဆာန်များ၊
ရွှေဒင်္ဂါးများ ပေးချေလည်း ဖြား ယောင်းချ သချိုင်းဂူတည်ရှိရာနေရာအကြောင်း မေးမြန်းစုံစမ်းခဲ့၏။
နောက်ဆုံး တွင် သစ္စာဖောက်မာတာဘယ်လီလူမျိုးမခံထိုက် သူတစ်ယောက်ဖြစ်၏။ ကျွန်ုပ်အနေဖြင့်
ထို လူယုတ်မာ ၏ အမည်ကိုဖော်ထုတ်မပြောချင်တော့။ ထိုလူကား အမျိုးသားသစ္စာဖောက်
တစ်ယောက် အမှန် ပင် ဖြစ်ချေ၏။

ဤနေရာတွင် အဘိုးကြီးသည်သစ္စာဖောက် မာတာဘယ်လီအမျိုးသားအား
ရွံ့ရှာဆက်ဆုပ်ဟန်ဖြင့် ထွီခနဲတံတွေးထွေး လိုက်ပြီးမှစကားဆက်ပြောလေသည်။
" ထိုခွေးသာသာသစ္စာဖောက်သတ္တဝါသည် တာကာတာကာအားဘုရင်၏ သချိုင်းဂူ ရှိရာသို့
လမ်းပြ ခေါ်ဆောင် သွားခဲ့၏။
သို့သော် ထိုသို့ခေါ်မသွားမီ မျက်နှာဖြူလူမျိုးအချင်းချင်း
ကြီးကျယ်စွာသောစစ်ပွဲကြီးဖြစ်လာသောကြောင့် တာကာတာကာသည်
မြောက်ဘက်သို့ခရီးထွက်၍ဂျာမန်လူမျိုး နာမည်ကြီးစစ်သူကြီးအား တိုက်ခိုက် သည်ဟု ဆို၏ "
ခရိတ်သည် နားထောင် နေရာမှ အဘိုးကြီးပြောပြချက်ကို သဘောပေါက်သဖြင့် တွန်ဂါတာအား
အင်္ဂလိပ် ဘာသာဖြင့်
"သူပြောတာက (1914-18) ပထမကမ္ဘာစစ်အတွင်းက အရှေ့အာဖရိကစစ်မျက်နှာမှ နာမည်ကြီး
ခဲ့တဲ့ ဂျာမန် ဗိုလ်ချုပ်ကြီး
ဗွန်ဗောဘယ်ဆိုသူကို ပြောတာပါ" ဟုပြောလိုက်သည်။

တွန်ဂျာတာလည်း နားလည်ဟန်ဖြင့်ခေါင်းညိတ်လိုက်သည်။
အဘိုးကြီး ဗူဆာမန်ဇီသည် စကားဆက်လေသည်။
" စစ်ပွဲကြီးပြီးသွားသောအခါ တာကာတာကာသည်ပြန်လာခဲ့ပြီး မာတာဘယ်လီလူမျိုး
သစ္စာဖောက် အား ခေါ်၍ ဤတောင်ပေါ်ဒေသသို့ ထွက်လာခဲ့၏။ သူနှင့်အတူမျက်နှာဖြူလူမျိုး အဖြစ်
လိုက်ပါလာပြီး ဘုရင်လိုဘင်ဂူလာ သချိုင်းဂူရှိရာ နေရာကို ရှာဖွေခဲ့ကြ၏။

သစ္စာဖောက်မာတာဘယ်လီလူမျိုးသည် သချိုင်းဂူ ရှိရာနေရာ ကို တိကျစွာမမှတ်မိသဖြင့် ရက်ပေါင်း နှစ်ဆယ့်ရှစ်ရက်တိုင်တိုင် ရှာဖွေခဲ့ကြရသည်ဟုလည်းဆို၏။ သချိုင်းဂူကလည်း အလွန်ပိရိစွာ လုပ်ထား သဖြင့် ရှာဖွေရသည်မှာ မလွယ်ကူချေ။ သို့ဖြစ်လင့်ကစား တောခွေးကဲ့သို့ အနံ့ခံ ကောင်းသူ တာကာတာကာ သည် နောက်ဆုံး၌ သချိုင်းဂူကို ရှာတွေ့သွားတော့၏။ သချိုင်းဂူကို ဖွင့်၍ ဝင်ကြည့်လိုက်သော အခါ နွားလှည်းများ၊ သေနတ်လက်နက်များကိုတွေ့သော်လည်း ဘီယာအိုး ငါးလုံးနှင့် စိန်ရတနာများ ကိုကား မတွေ့ရချေ။ တာကာတာကာအနေဖြင့် သဲကြီးမဲကြီးလိုက်ရှာခဲ့ရသော စိန်ရတနာ များ လုံးဝမရှိတော့ကြောင်း တွေ့ရသည်ဆို၏။ ”

ဤတွင် တွန်ဂါတာက ဝင်၍ -

” ဤအကြောင်းကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိပြီးဖြစ်၍ သင့်အားပြောပြခဲ့ပြီး မဟုတ်ပါလော” ဟု ပြောလိုက် သည်။

” သူတို့ပြောပြချက်အရ တာကာတာကာသည် အကြီးအကျယ်ဒေါသထွက်ခဲ့သည်မှာ လေပြင်းမုန်တိုင်းကျရောက်ဘိ
ကဲ့သို့ ဖြစ်သည်ဟုဆို၏။ သူသည်ခြင်္သေ့တစ်ကောင်ကဲ့သို့ဒေါသတကြီး ဟိန်းဟောက်လျက်သူ၏ မျက်နှာ ကလည်း နီရဲရာမှ ခရမ်းရောင်ဖြစ်လိုက်၊ အမည်းရောင်ဖြစ်လိုက်နှင့် အရောင်အသွေး အမျိုးမျိုး ပြောင်းလဲ သွားသည် ဟုလည်း ဆိုကြကုန်၏။ သူသည် မာတာဘယ်လီလူမျိုးလမ်းပြအား အလွန်စိတ်ဆိုးလျက် သေနတ်ဖြင့် အသေပစ်သတ်ရန်ပင် ကြံစည်ခဲ့သေး၏။ သို့ရာတွင် သူ၏ အဖော်များကဖျောင်းဖျ၊ တားဆီး လိုက်ကြ၏။ မသတ်တော်လည်း
မာတာဘယ်လီလူမျိုးသစ္စာဖောက်အားသေလုမြောပါးရိုက်နှက်ယုံ
မက သူပေးခဲ့သောရွှေဒင်္ဂါးများနှင့် ကျွဲနွား တိရစ္ဆာန်များကိုလည်း ပြန်လည်သိမ်းယူလိုက်သည်ဆို၏။

မုန်ယို နေသောဆင်ကြီးတစ်ကောင်ကဲ့သို့ ဒေါသကြီးနေသူ တာကာတာကာသည် နောက်ဆုံး၌ စိတ်ပျက်စွာ နှင့်ပင်ပြန်သွားပြီး ဤတောင်ပေါ်ဒေသသို့ နောက်ထပ်လုံးဝပြန်မလာခဲ့တော့ချေ။ ”

အဘိုးကြီး ၏ စကားဆုံးသွားသောအခါ တွန်ဂါတာသည် သက်ပြင်းချလိုက်သည်။

” အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်တစ်ခုဖြစ်ပါ၏။ တစ်နေ့ကျလျှင်ကျွန်ုပ်၏ သားသမီး များအားပြောပြပါမည်။ ယခုတော့မူအချိန်နောင်းလှပြီ ဖြစ်၏ ”

တွန်ဂါတာ က ဆွေးနွေးခြင်းကိုရပ်စဲရန် အဓိပ္ပာယ်ဖြင့် ပြောလိုက်သော်လည်း

အဘိုးကြီးဗူဆာမန်ဇီကမ္ဘ ပြောစရာ ကျန်သေးလေသည်။

" ပြောစရာမကုန်သေးပါဘူး၊ အို ..... အရှင် "

ပြောရင်းနှင့် အဘိုးကြီးသည် တွန်ဂါတာဇာ၏ပခုံးပေါ်သို့ လက်တစ်ဖက်အသာတင်လိုက်သည်။

" အို..... အဘိုးအို၊ သင်ပြောစရာ စကားကကျန်ပါသေးသလော "

" ကျန်သေးပါ၏ အရှင်၊ကျွန်ုပ်တို့သည် အတိတ်ကာလဆီသို့ပြန်သွားရပေဦးမည်ဖြစ်၏။ တာကာတာကာ နှင့် သူ၏ အဖော် မာတာဘယ်လီသစ္စာဖောက်တို့ ဤတောင်ပေါ်ဒေသသို့ ရောက်လာသော အခါ ကျွန်ုပ်၏ ဘိုးအေအယ်ဆူရှာသည် ချက်ချင်းပင် သင်္ကာမကင်းဖြစ်ခဲ့၏။ တာကာတာကာ ဆိုသူကား အကြောင်းတစ်စုံတစ်ရာမရှိဘဲ ဤအရပ်သို့လာမည်မဟုတ်ဟု လည်းတွက်မိ ၏။

ထို့ကြောင့်ကျွန်ုပ်၏အဘိုး အယ်ဆူရှာသည် သူ၏ဇနီးများအနက် အချောဆုံး အလှဆုံးအမျိုးသမီးငယ် သုံးဦးတို့အား တာကာတာကာ၏ စခန်းသို့စေလွှတ်၍ ကြက်ဥ၊ နွားနို့စသော လက်ဆောင် ပဏ္ဏာများ သွားရောက် ပေးစေခဲ့၏။ မိန်းကလေး များက လက်ဆောင်များပေးရန်မေးမြန်းစုံစမ်းသောအခါ တာကာ တာကာက သူသည် ခြင်္သေ့သတ္တဝါများအား အမဲလိုက်ပစ်ခတ်ရန် ဤဒေသသို့ လာခဲ့ပါသည် ဟုပြောခဲ့သည်ဆို၏။ သို့သော တာကာတာကာသည် အလွန်လိမ်လည်တတ်သူတစ်ယောက် ဖြစ်ကြောင်း အားလုံးသိစေကြပြီ ဖြစ်ရာ အယ်ဆူရှာ၏အချောဆုံး အငယ်ဆုံးဇနီးငယ်က တစ်မျိုးကြံစည်ခဲ့ပြန်၏။ မာတာဘယ်လီ တစ္စာဖောက် ရေချိုးရာချောင်းထဲသို့လိုက်သွားပြီး မိန်းမမာယာဖြင့်ဖြားယောင်းမြူဆွယ်ရင် မေးမြန်း စုံစမ်း လိုက်သော အခါ သစ္စာဖောက်တကျာရူးက အမှန်ကိုဖွင့်ပြောလိုက်တော့သည်ဆို၏။ မိန်းကလေးလည်း ကျွန်ုပ်အဘိုး ကဲ့သို့အမြန်ဆုံးပြန်ပြေးသွား
တော့သည်။

ထိုအချိန်၌ အားလုံးစိတ်ပါဝင်စားနေကြပြီဖြစ်ရာ အဘိုးကြီးသည် သူ၏စကားကိုဆက်ပြောလေသည်။

" ကျွန်ုပ်၏ဘိုးအေကြီးသည် အလွန်ဒေါသထွက်လေတော့၏။ တာကာတာကာဆိုသူ မျက်နှာဖြူ

လူမျိုး သည် ကျွန်ုပ်တို့ ဘုရင်လိုဘင်ဂူလာ၏ သချိုင်းဂူကိုဖျက်ဆီးဖောက်ထွင်းရန်
လာရောက်ကြောင်း ထင်ရှားနေပြီ ဖြစ်၍ ဘိုးအေကြီး က မခံမရပ်နိုင်ဖြစ်လာခဲ့၏။

သူသည် အတန်ကြာကြာအချိန်ယူ စဉ်းစားပြီးသူ၏လူယုံဆေးဆရာ (မော်ဆရာ)လေးဦးတို့အား
ခေါ်ယူလိုက်၏။ သူတို့သည်လပြည့်နေ့ညတွင် ဘုရင်သချိုင်းဂူသို့ လှျို့ဝှက်စွာသွားရောက်၍
ဘုရင်၏ ရုပ်ကလာပ် နှင့် တကွ ရတနာပစ္စည်းများကိုထုတ်ယူလျက် သချိုင်းဂူသို့မူ
မူလအတိုင်းပြန်ပိတ်လိုက်ကြ၏။ ထို့နောက် ဘုရင်၏ရုပ်ကလာပ်နှင့် လှပတောက်ပြောင်သော
ရတနာကျောက်များပါသည့် ဘီယာအိုး များကို လုံခြုံသောတစ်နေရာတွင်
ဝှက်ထားလိုက်ကြသည်ဆို၏။ ကျွန်ုပ်ဖခင်ကြီးပြောပြ ချက်အရဆိုလျှင် အိုးတစ်လုံး မှောက်ကျသွား၍
စိန်ရတနာများလွင့်စဉ်ထွက်ကျသွားသည်ကို ကောက်ယူပြီး မြင်ကျားရေ အိတ်တစ်အိတ်တွင်
ထည့်ထားလိုက်ကြသည်ဆို၏။ ဘုရင့်ရုပ်ကလာပ်ဝှက်ထားရာနေရာကိုလည်း မည်သူမှ မသိအောင်
ပိရိစွာ ဖုံးအုပ်ထား လိုက်ကြ၏။ သို့ရာတွင်မည်သူမှ သတိမပြု မိလိုက်သော အချက် တစ်ခုရှိ၏။

ကျွန်ုပ်ကိုယ်တိုင် ဘီယာအိုး မှောက်ကျရာနေရာကို အမှတ်မထင်ရှာတွေ့ရှိပြီး စိန်ကြီးတစ်လုံး
ကျကျန်ရစ်သည် ကိုလည်း ကောက်ယူရရှိခဲ့၏။ ဤမျှလောက်ဆိုရင် ကျွန်ုပ်စကားအဆုံး
သတ်ရန်သင့်ပါပြီ။ သင်တို့သည် အိပ်ချင်ပါက အိပ်စက်ရန်သင့်ပါပြီ။ ကျွန်ုပ်ပြောဆိုသည့်
ပုံပြင်သည်လည်းပြီးဆုံးပြီ ဖြစ်ပါ၏။

" အို ... အသင်အဘိုးအို၊ ဘုရင်၏ရုပ်ကလာပ်ကို
မည်သည့်နေရာသို့ယူဆောင်သွားခဲ့ကြပါသနည်း၊ အသင် သိပါသလော "

တွန်ဂါတာက မေးလိုက်ရာ အဘိုးကြီးသည်ပြုံးလိုက်သည်။

" လူငယ်တစ်ဦးကလူကြီးများအား လေးစားစွာဆက်ဆံခြင်းမျိုး ယခုခေတ်တွင်ကြုံတွေ့ရသည်မှာ
ကြည်နူးဖွယ် ကောင်းလှပါ၏။ အို... အသင်ကူမာလိုသားတော် ကျွန်ုပ်အမှန်ကို ဖြေကြားလိုပါ၏။
သို့သော် ကျွန်ုပ်သည် ဘုရင်၏သချိုင်းဂူနေရာကိုသိပါ ၏။ ယင်းလှျို့ဝှက်ချက်ကို ကျွန်ုပ်၏ ဖခင်ကြီး
ကျွန်ုပ်အား ပြောပြခဲ့၍ သိရခြင်းပင်ဖြစ်ပါ၏။

" သို့ဖြစ်လျှင်သင်သည် ကျွန်ုပ်တို့အားထိုနေရာသို့ လမ်းပြခေါ်ဆောင်သွားနိုင်ပါမည်လော"
" နံနက်မိုးသောက်လျှင် ကျွန်ုပ်တို့သည်ဘုရင်၏ သချိုင်းရှိရာသို့ ခေါ်ဆောင်သွားပါမည်။

သို့ရာတွင်ယခု လောလော ဆယ် ကျွန်ုပ်၏လည်ချောင်းအလွန်ခြောက်နေပြီဖြစ်၍ ဘီယာအိုး ကိုသာ ကျွန်ုပ် အား လှမ်းပေးကြပါလော့ ”

အဘိုးကြီးဗူဆာမန်ဇီ က ပျော်ရွှင်ဝမ်းမြောက်ဟန်နှင့် ပြောလိုက်လေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၈)

အခန်း(၃၈)

ခရိတ်သည် အိပ်ပျော်နေရာမှပြန်နိုးလာသောအခါ နံနက်ခင်း၏သဘာဝအလင်းရောင်ဂူ၏ မျက်နှာကြက် အမိုးရှိ အပေါက် မှ ထိုးဝင် နေပြီ ဖြစ်လေသည်။

မိန်းကလေးများကနံနက်စာချက်ပြုပ်နေသော မီးဖိုမှမီးခိုးများလည်း တလူလူထွက်နေပြီဖြစ်သည်။

နံနက်စာဝိုင်းစားနေကြစဉ်(အဘိုးကြီးဗူဆာမန်ဇီက စိတ်မပါ့တပါဖြင့် ခွင့်ပြုချက်အရ) ဘုရင် လိုဘင်ဂူလာ၏ ရုပ်အလောင်း အား ဒုတိယအကြိမ်ပြန်လည်သင်္ဂြိုဟ်ခဲ့ပုံအကြောင်းကို ခရိတ်က ဆယ်လီ နှင့် ဆာရာတို့အား အင်္ဂလိပ်ဘာသာဖြင့် ပြောပြ လေသည်။

အမျိုးသမီးနှစ်ဦးစလုံးသည် အထူးပင်စိတ်ဝင်စားလာကြကာ ခရိတ်တို့ဆက်သွားကြမည့် ခရီးတွင် သူတို့ လည်း အတူ လိုက်ပါကြရန်စိတ်အားထက်သန်လာကြလေတော့သည်။

အဘိုးကြီး ဗူဆာမန်ဇီမှ အမျိုးသမီးများလိုက်ပါခြင်းကို သဘောကျပုံမရချေ။

” သို့ရာတွင် ဆာရာကချစ်စဖွယ်ပြုံးလျက် အဘိုးကြီးနားသို့ကပ်ကာလိုက်ပါရစေဟု အတင်းချဉ်းကပ် ပူဆာလေသော အခါ အဘိုးကြီးသည် ဆာရာနှင့်ဆယ်လီတို့လိုက်ပါရန် သဘောတူလိုက်လေသည်။

ထို့နောက်အဘိုးကြီး၏ ညွှန်ကြားချက်ဖြင့်ယောကျ်ားများက ခရီးထွက်ရန် ပြင်ဆင်မှုများ ပြုလုပ်ကြလေ သည်။ ဂူတွင်း တစ်နေရာ၌ရှိနေသော ရေနံဆီမှန်အိမ်တစ်လုံး၊ ပုဆိန်နှစ်လက်နှင့် ခိုင်ခံ့သော နိုင်လွန်ကြိုး တစ်ခွေ တို့ကို ထုတ်ယူလိုက်ကြသည်။

” ဒီနိုင်လွန်ကြိုးက အလွန်ခိုင်ခံ့သည့်အတွက် ကျွန်ုပ်တို့သည် တော်လှန်ရေး စစ်ပွဲအတွင်းက

မျက်နှာဖြူ (ဝန်ကြီးချုပ် စမစ်၏) အစိုးရတပ်များထံမှ ရယူခဲ့ခြင်းဖြစ်၏ ”
ဤသို့လျှင် အဘိုးကြီးက ကြွားဝင့်ဟန်ဖြင့်ပြောလေသည်။

ထို့နောက်သူတို့သည် စတင်ထွက်ကြရာ အဘိုးကြီးဗူဆာမန်ဇီက ရေနံဆီမီးအိမ်ကိုကိုင်လျက်
ရှေ့ဆုံးမှ သွားလေသည်။ သူသည်ကြိုးခွေ၏အစကိုကိုင်ထားပြီး
အမျိုးသမီးနှစ်ဦးကကြိုးကိုကိုင်လျက် အလယ်မှ လိုက်ကြရသည်။
ခရိတ်က နောက်ထပ်ရေနံဆီမီးအိမ်တစ်လုံးနှင့် ကြိုးခွေတစ်ခွေကို ကိုင်ကာနောက်ဆုံးမှ
လိုက်ရလေသည်။
အဘိုးကြီး ဗူဆာမန်ဇီ သည် ရှေ့ဆောင်သွားရင်းအလွန်ကျဉ်းမြောင်းသောဂူတွင်
လမ်းကျဉ်းတစ်ခုမှသွားရာ တစ်နေရာ သို့အရောက်တွင် လမ်းကနှစ်ခွဖြစ်နေလေသည်။
သို့သော်အဘိုးကြီးသည် လုံးဝ တွေဝေ စဉ်းစားခြင်း မပြုဘဲ တစ်ခုသောလမ်းသို့ ချိုးဝင်လိုက်သည်။

ခရိတ်သည်ထိုနေရာရှိကျောက်ဂူနံရံတွင်သူ၏မားမြောင်ဖြင့်နံရံတွင်အမှတ်အသားပြုလုပ်ထားလိုက်
သည်။နောင်အခါတွင်သူတစ်ယောက်တည်းလာရပါကလမ်းကိုမှတ်မိအောင်အမှတ်အသားပြုလုပ်ထာ
းလိုက်ခြင်းပင်ဖြစ်လေသည်။
တောင်အတွင်းရှိ ဂူများ၊ ဥမင်လိုက်ခေါင်းများသည် သုံးဘက်မြင်ဝက်ပါတစ်ခုကဲ့သို့ အလွန်ရှုပ်ထွေး
များပြား လှလေသည်။ ဂူများ နှင့် လမ်းကျဉ်းများသည် ထုံးကျောက်များလို နှစ်ပရိဏ္ဍေကြာမြင့်စွာ
မိုးရေ တိုက်စား၍ သဘာဝအလျောက် ဖြစ်လာကြဟန်တူလေသည်။
တစ်နေရာတွင်ထုံးကျောက်များသည် လှေကားထစ် သဖွယ်ပင် ဖြစ်နေသည် ကို ခရိတ်က
သတိပြုမိသည်။

သူသည် အထူးဂရုစိုက်လျက်သွားသည့်လမ်းတစ်လျှောက်လုံး သေချာစွာမှတ်သားထားလိုက်သည်။
ထူးဆန်း သည်ကား လမ်းတစ်လျှောက်လုံး လေကောင်းလေသန့်ရရှိနေခြင်းပင်ဖြစ်သည်။
မိနစ်နှစ်ဆယ်ခန့် သွားမိသော် အလွန်မတ်စောက်သောချောက်ကမ်းပါးကဲ့သို့နေရာတစ်ခုသို့
ရောက် သွားကြ လေသည်။ ရေနံဆီမီးအိမ်အလင်းရောင်ဖြင့် ငုံ့ကြည့်လိုက်လျှင်ပင် အောက်ခြေသို့
မမြင်ရ လောက် အောင် နက်သော ချောက်ကြီးဖြစ်နေလေသည်။ ကျောက်သားများက သဘာဝ
အလျောက် ချောက် ကမ်းပါး ကြီး ဖြစ်နေပုံရလေသည်။

ဗူဆာမန်ဇီ၏ညွှန်ကြားချက်ဖြင့် နိုင်လွန်ကြီးကိုကျောက်တုံးတစ်ခုတွင် ခိုင်မြဲစွာချည်နှောင်လျက် တစ်ယောက် ပြီး တစ်ယောက် ကြီးကိုတယ်ကာ ဖြည်းဖြည်းချင်းအောက်သို့ ဆင်းကြရာ အောက်ခြေမှာ ပေါင်းဆယ် ခန့်ရှိကြောင်း တွေ့ရ လေသည်။

အောက်ရောက်ပြန်သောအခါ နှစ်ဖက်နှစ်ချက်ကျောက်သားနံရံဖြင့်ပြီးသည့် ကျည်းမြောင်းသော နေရာ တစ်ခု ဖြစ်နေသည်ကိုလည်း တွေ့ရလေသည်။
ထိုနေရာ မှ တစ်ဆင့်အဘိုးကြီးဗူဆာမန်ဇီကပင် ရှေ့ဆောင်လျက် နောက်ထပ် တစ်ဆင့် ကြီးခွေများကို အသုံးပြု လျက် အောက် သို့ ဆက်ဆင်းကြရပြန်လေသည်။
သည်တစ်ခါဆင်းရသည်မှာ အလွန်နက်သဖြင့်ကြီးခွေ၏အဆုံးသို့ ရောက်ခါနီကျမှပင် အောက်ခြေကို ခြေထောက် မိလေ သည်။
သူတို့ရောက်ရှိသွားသောနေရာကား မြေအောက်ရေကန်တစ်ခုအနီး ဖြစ်နေလေသည်။ သဘာဝ အလျောက် ဖြစ်နေသော ချိုင့်ဝှမ်းကြီးအတွင် မိုးရေများပြည့်၍ရေကန်တစ်ခုဖြစ်နေခြင်းဟု ထင်ရပေသည်။
ရေ ကလည်း အတော်နက်ပုံရသည်။

" ကိုင်း.... သူငယ်ချင်း၊ ဒီတစ်ခါတော့ရေကူးရလိမ့်မယ် ထင်တယ်ဗျို့ "
တွန်ဂါတာ ကမူ အဘိုးကြီးဗူဆာမန်ဇီအား လှမ်းကြည့်လိုက်လေသည်။
" ယခု ဘယ်ဆက်သွားရပါမည်နည်း၊ အို .... ဖခင် "
တွန်ဂါတာ က မေးလိုက်လျှင် အဘိုးကြီးက ရှင်းပြလေသည်။

" တာကာတာကာဆိုသူ ဤတောင်ပေါ်ဒေသသို့ လာရောက်စဉ်အချိန်က (ကျွန်ပ်၏ ဘိုးအေ နှင့် ဖခင်ကြီး တို့က ဘုရင် လိုဘင်ဂူလာ၏ ရုပ်ကလာပ်ကိုထန်းသိမ်းဆောင့်ရောက်ရန် ယူလာခဲ့စဉ်က) နှစ်ပေါင်းများစွာ မိုးခေါင်ရေရှားခဲ့သဖြင့်ဤရေကန် ၌ အလွန်ရေတိမ်ခဲ့ပါ၏။
သို့သော်နောက်ပိုင်းကာလတွင်မူ နှစ်စဉ် လိုပင် ရာသီဥတုအခြေအနေပြောင်းပြီး မိုးဆက်တိုက်ရွာသွန်း ခဲ့ခြင်းကြောင့် ရေအိုင်ထဲ၌ ရေ တဖြည်းဖြည်း ပြည့်သည်ထက် ပြည့်လာခဲ့၏။ ယခုဆိုလျှင် ရေမျက်နှာပြင်ကအလွန်မြင့်လျက် ရှိပေပြီ"

ဘုရင်၏ရုပ်အလောင်းသည် ဤရေအောက်တွင် ရှိပါသလား”

ဟုတ်မှန်၏ ”

အို.... အသင် အဘိုးအို၊ ဘုရင်၏သချိုင်းကို သင်ကိုယ်တိုင်မျက်စိဖြင့်မြင်ဖူးပါသလော”

ခရိတ် က မေးလိုက်ရာ အဘိုးကြီးက

ကျွန်ုပ်ကိုယ်တိုင်မမြင်ဖူးပါ။ သို့သော်ကျွန်ုပ်၏ဖခင်ကြီးက အသေးစိတ်ပြောပြခဲ့ပါသည်” ဟု ပြန်ဖြေ လေသည်။

ခရိတ်သည်ရေကန်နံဘေးတွင် ဒူးထောက်ပြီးလက်တစ်ဖက်ဖြင့် ရေကိုနှက်စမ်းကြည့်ရာ အလွန် အေးမြ လျက်ရှိကြောင်း တွေ့ရလေသည်။ ရေခဲရေကို ကိုင်ရသလိုဖြစ်နေ၍ ချက်ချင်း ပင်လက်ကို ပြန်ရုပ် လိုက်မိ လေသည်။

ထိုအချိန်၌ တွန်ဂါတာသည် ခရိတ်အားကြည့်နေပုံက ထူဆန်းနေရာခရိတ်ကအဓိပ္ပယ်ကို ချက်ချင်း ရိပ်မိပြီး သဘောမကျ သလို ဖြစ်သွားလေသည်။

သူငယ်ချင်းမာတာဘယ်လီ ခေါင်းဆောင်ကြီး၊ ခင်ဗျားကျုပ်ကိုကြည့်လိုက်ပုံကို နားလည် သဘောပေါက် ပါတယ်။ အဲ့ဒါ ကိုခင်ဗျားမေ့ပစ်ရင် ကောင်းလိမ့်မယ်”

ကျွန်ုပ် က ရေမကူးတတ်ဘူးဗျ ”

တွန်ဂါတာက ပြောပြန်ရာ ခရိတ်က -

အဲ့ဒါကိုလည်းမေ့ပစ်လိုက်ပါ” ဟုပြန်ပြောလိုက်သည်။

တဖန်သူကပင်ဆက်လက်၍

ကျုပ်တို့က ခင်ဗျားရဲ့ခါး မှာ ကြိုးနဲ့ချည်ထားလိုက်မယ်။ ခင်ဗျားဘာမှအန္တရာယ်မရှိစေရပါဘူး” ဟု ပြော လိုက်သည်။

လက်နှိပ်မာတ်မီးကတော့ ရေအောက်မှာလည်းလင်းနေလိမ့်မည်။ ရေစိမ်ခံနိုင်တဲ့ ဝါတာပရူ အမျိုးအစားဖြစ်တယ်”

တွန်ဂါတာက ပြောလိုက်ပြီးနောက် -

တစ်ခါတုန်းကခင်ဗျားဟာ အလောင်းအစားလုပ်ပြီး လင်ပိုပိုမြစ်ကိုဖြတ်ပြီးရေကူးခဲ့တာ မှတ်မိသေးလား။ လောင်းတာ က လည်းဘီယာတစ်သေတ္တာပေးကြေး လောင်းခဲ့တယ်လေဗျာ”

အဲ့ဒီနေ့ကကျုပ်အရက်မူးနေလို့ပါ။ အခုတော့မူးနေတာမှ မဟုတ်ဘဲ”

ခရိတ်ပြောရင်းဆယ်လီဘက်သို့ စစ်ကူတောင်းသလိုလှမ်းကြည့်လိုက်သည်။

သို့သော်ဆယ်လီသည် စိတ်မဝင်စား သလို ဘာသိဘာသာနေလိုက်သဖြင့်ခရတ်လည်း စိတ်ဓာတ်ကျသွားမိလေသည်။

လင်ပိုပိုမြစ်ထဲမှာ မိကျောင်းတွေရှိတယ် မဟုတ်လားရှင့် ”

ဆယ်လီကမှတ်ချက်ချသလိုပြောလိုက်ချိန်တွင် ခရိတ်သည်သူ၏ရုပ်အကျီကို ချွတ်ပစ်လိုက်ပြီး ကြိုးခွေ ကိုပါ အသင့်ပြင် ဆင်လေသည်။

ထို့နောက်သူ၏ခြေတုတစ်ဖက်ကို ဖြုတ်ယူ၍ဘေးတွင် ချထားလိုက်သည်ကို အားလုံးကစိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြ လေသည်။

ခရိတ်သည် အတွင်းခံဘောင်းဘီသာဝတ်လျက် ခြေတစ်ဖက်ဖြင့်မတ်တတ်ထလိုက်သည်။ တွန်ဂါတာ ကကြိုးခွေကိုဖြေ၍ သူ၏ခါးတွင်ချည်နှောင်ပေးရင်း-

သူငယ်ချင်းခရိတ်မထူးပါဘူး၊အတွင်းခံဘောင်းဘီကိုပါချွတ်ပစ်လိုက်ပါတော့လား။ ဘာဖြစ်လို့ ရေစိုခံ မှာလဲ။ နောက် တော့အဝတ်အစားခြောက်ခြောက်သွေ့သွေ့လိုမယ်မဟုတ်လား” ဟု ပြောလိုက်သည်။

ခရိတ်ကမူ မလှမ်းမကမ်းရှိ ဆာရာအားညွှန်ပြလျက်-

သူရှိနေတယ်လေဗျာ ဟုပြောလိုက်သည်။

ကိစ္စမရှိပါဘူး သူငယ်ချင်းရဲ့။ ဆာရာက မာတာဘယ်လီအမျိုးသမီးပဲ၊ ကျုပ်တို့အမျိုးသမီးတွေက ဝတ်လစ် စလစ် မြင်ရ တာကိုဘယ်လိုမှ စိတ်ထဲမအောက်မေ့ပါဘူး”

တွန်ဂါတာ၏စကားကိုဆယ်လီကြားသွားသဖြင့် ပြုံးလိုက်လေသည်။

နေပါစေရှင့်၊ သူရဲ့လှုံ့ဝှက်ချက်ကိုလူသိမှာ စိုးနေဟန်တူပါတယ်”

ဆာရာကရယ်သွမ်းသွေး၍ ပြောလိုက်ချိန်တွင်ခရိတ်သည်ချောင်းကူးတံတားတိုက်ပွဲတုန်းက ဆာရာ ကိုယ်တိုင် အဝတ် မပါဗလာကျင်းနေခဲ့ပုံကို သတိရလေမိသည်။

ထို့နောက် သူသည် အတွင်းခံဘောင်းဘီကိုပါချွတ်ပစ်လိုက်ပြီးရေထဲဆင်းလိုက်လေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၈) အဆက် (၁)

ရေလယ်ကောင်ဘက် ဆီသို့ ကူးသွားပြီးနောက် ခရိတ်က ကမ်းဘက်သို့ လှမ်း၍
" ကျုပ် အခု ရေအောက်ထဲ ငုပ်သွားတုန်းမှာ နာရီကြည့်ထားပါ။ စက္ကန့်ခြောက်ဆယ်ကြာတိုင်း ကြိုးကို နှစ်ကြိမ် တုံ့ဆွဲလိုက်ပါ၊ သုံးမိနစ်တိတိကြာရင်တော့ ကျုပ်ကို အပေါ်သာ ဆွဲတင်လိုက်ပေတော့" ဟု အော်ပြော လိုက်သည်။

" အိုကေ"
တွန်ဂါတာက ပြန်ပြောရင်း ကြိုးခွေကို တဖြည်းဖြည်း ဖြေထုတ်၍ ဆန့်ပေးလေသည်။
ခရိတ်သည် ရေငုပ်ရန် ပြင်ဆင်သည့်အနေဖြင့် သူ၏ အဆုတ်တွင်းမှ ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့များကို ရှူထုတ်ပစ်လိုက်သည်။ ထို့နောက် လေကို အားရပါးရ ရှူရှိုက်လျက် ရေအောက်ထဲသို့ ငုပ်ဆင်း သွားလေသည်။

ခေတ်မီ ရေငုပ်သမားများကဲ့သို့ ရေငုပ်ကိရိယာတန်ဆာပလာများမပါဘဲ ရေအောက်တွင်းသို့ ငုပ်ဆင်းရ သည်မှာ အလွန် အန္တရာယ် များလှပေသည်။
ယခုခေတ် ရေငုပ်သမားများ သုံးသည့် မှန်တပ်ထားသော ဦးခေါင်းဆောင်းကိရိယာ (ခမောက်) လည်း မပါ သဖြင့် ရေထဲတွင်ကြည့်၍ ကောင်းမွန်ကြည်လင်စွာ မမြင်ရဘဲ လက်နှိပ်ဓာတ်မီးဖြင့်သာ ထိုးကြည့်ရင်း ဆက်ငုပ် သွားရသည်။

ခေါင်းဆောင်းကိရိယာတပ်ထားသလို နားနှစ်ဖက်ကို ကာကွယ်မထားသဖြင့် ခရိတ်၏ နားများမှာ ပြင်းစွာ နာကျက် လျက် ရှိလေသည်။
သူ၏ ခါးတွင် ချည်နှောင်ထားသော ကြိုးကို နှစ်ကြိမ်ဆက်၍ တုံ့ဆွဲလိုက်သဖြင့် သူသည် ရေအောက်၌ တစ်မိနစ်တိတိ ကြာသွားပြီဖြစ်ကြောင်း သိရလေသည်။ ထိုအချိန်မှာပင် သူ၏ အောက်တည့်တည့် ရေအောက်ထဲတွင် သန့်ရှင်းဂူသဏ္ဌာန်လိုလို မြင်ရလေသည်။

ခရိတ်လည်း စိတ်ဝင်စားစွာဖြင့် သန့်ရှင်းဂူရှိရာသို့ ချဉ်းကပ်သွားလေသည်။ ဂူမှာ ထုံးကျောက်ဖြင့် ပြုလုပ် ထားပြီး ဝင်ပေါက်တစ်ခုလည်း ရှိသည်ကို သတိပြုမိလေသည်။
ထိုအချိန်၌ ခရိတ်၏ စိတ်ထဲတွင် ကျောချမ်းသလို ကြပ်သီးထသလို ခံစားရမိလေသည်။
ကြောက်စရာ ကောင်းသော လှိုဏ်ဝှက်ဆန်းကြယ်သည့် နေရာတစ်ခုသို့ တစ်ယောက်တည်း

ရောက်နေ၍ ကြောက်သလို ဖြစ်လာ မိသည်။

တစ်ချိန်တည်းမှာပင် သူ၏ ခါးမှ ကြိုးကို နှစ်ကြိမ်ဆက်၍ တုံ့ဆွဲလိုက်သဖြင့် နှစ်မိနစ်ကြာသွားပြီဟု သိရလေသည်။ သူ၏ အဆုတ်မှာလည်း လေမရှူရ၍ အောက်ဆီဂျင်မာတ် ခန်းခြောက်ကာ ပြင်းစွာ နာကျင် လျက် ရှိပြီ ဖြစ်သည်။
သို့သော် စိတ်ဝင်စားမှုက ပြင်းထန်နေသဖြင့် ဂူပေါက်ဝဆီသို့ ချဉ်းကပ်သွားမိလေသည်။
အသက်မရှူရ၍ အူ၏ အဆုတ်များ လွင့်ထွက်လုမတက် ခံစားနေရလင့်ကစား ခရိတ်သည် ဂူပေါက်ဝအတွင်းသို့ ဝင်၍ လေ့လာကြည့်လေသည်။ လက်ဖြင့် စမ်းသပ်ကြည့်ရင်း သတ္တုကဲ့သို့ အရာဝတ္ထု မာမာ တစ်ခု စမ်းမိသဖြင့် ဆုပ်ကိုင်ယူလိုက်လေ၏။

တစ်ချိန်တည်းမှာပင် သူဝင်လိုက်သော ဂူပေါက်ဝ အထက်နားရှိ ထုံးကျောက်နှင့် အင်္ဂတေများ ပြိုအက်ကာ ဂူပေါက်ပိတ်ဆို့သွားနိုင်မည့် အန္တရာယ်ကို တွေးမိသဖြင့် လျင်မြန်စွာ ပြန်ထွက်လိုက်ရသည်။
အသက်မရှူ ရ၍ အောက်ဆီဂျင်မာတ် မရသောကြောင့် တစ်ကိုယ်လုံး ထူပူကာ သတိမေ့တော့မလို ဖြစ်နေ၍ မနည်းကြိုးစား သတိထားနေရသည်။ ထိုအချိန်မှာပင် သူ၏ ခါးမှကြိုးကို အပေါ်မှ ဆွဲတင်စ ပြုနေကြောင်း သိရလေသည်။

သုံးမိနစ်ပြည့်၍ တွန်ဂါတာက ကြိုးကို အပေါ်သို့ ဆွဲတင်နေခြင်း ဖြစ်လေသည်။ မကြာမီ သူသည် ရေမျက်နှာပြင် ပေါ်သို့ ရောက်သွားလေရာ ရေထဲသို့ ဒူးဆစ်ခန့် မြုပ်အောင် ဆင်းစောင့်နေသူ တွန်ဂါတာက သန်မာ သော လက်မောင်းကြီးများဖြင့် ခရိတ်အား ဖမ်းဆွဲ၍ ကမ်းစပ်ဆီသို့ တွဲခေါ်သွားလေသည်။
အမျိုးသမီး နှစ်ဦး ကလည်း ရေစပ်တွင် အသင့်စောင့်နေပြီး ခရိတ်အား ဝိုင်းကူဆွဲတင်ပေးကြလေသည်။

ခရိတ်သည် ခြေပစ်လက်ပစ် လဲကျသွားကာ ပါးစပ်မှ ရေတွေ အန်ထုတ်ရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။
ဆယ်လီ က သူ့အား မှောက်လျက်နေစေပြီး ကျောပြင်ကို လက်နှစ်ဖက်ဖြင့် ဖိ၍ နှိပ်ပေးလေသည်။

ဤတွင် ခရိတ် ၏ ပါးစပ်မှ ရေတွေ တရဟော အန်ထွက်လာလေသည်။
အတန်ကြာ မှ သူသည် ထထိုင်နိုင်တော့သည်။

" ဘယ့်နယ်လဲရှင့် ဘယ်လို နေသေးသလဲ"
ဆယ်လီက စိုးရိမ်ဟန်ဖြင့် မေးရာ ခရိတ်က မချိသွားဖြဲ ပြုံးလျက်-
" ကောင်းပါတယ်ကွာ၊ အခုလို တစ်ခါတလေ ရေငုပ်ရတာ ကောင်းပါတယ်"ဟု ပြန်ပြောလိုက်သည်။
တွန်ဂါတာကလည်း ခရိတ်ကို အကဲခတ်ကြည့်ပြီး ဆယ်လီဘက်သို့ လှည့်၍-
"ဘာမှ မစိုးရိမ်ပါနဲ့၊ သူက အခြေအနေ ကောင်းပါတယ်။ အခုလို စကားကို ဘုကျကျပြောလာပြီဆိုရင်
သူ အခြေအနေ ကောင်းတာ သေချာပါတယ်" ဟုပြောလိုက်သည်။
ခရိတ်သည် လက်ဖျားများ အေးနေသဖြင့် ရေနံဆီမှန်အိမ်အနီးသို့ လက်များကပ်ထားပြီး
အနွေးဓာတ်များကို ယူနေလေသည်။

ဆာရာသည် ခရိတ်၏ ကိုယ်၌ အဝတ်မပါ ဗလာကျင်းနေသည်ကို ကြည့်ပြီး တွန်ဂါတာဘက်သို့
ပြုံးစေ့စေ့ လှမ်းကြည့် လိုက်သည်။ ခရိတ်လည်း ကပျာကယာ အတွင်းခံဘောင်းဘီကို
ဆွဲဝတ်လိုက်ရလေသည်။

ဆယ်လီ သည် ခရိတ်ဘက်မှ ရှေ့နေလိုက်သည်ဟန်ဖြင့် ဆာရာအား- ပုံမှန်အတိုင်း ရှင်တို့
မတွေ့ရတာပါ" ဟု ပြုံး၍ ပြောလိုက်သည်။
ခရိတ်သည် ရေအောက်သင်္ဘောဂူထဲမှ ကောက်ယူလာသော သတ္ထုပစ္စည်းများကို သတိရသဖြင့်
ထုတ်ကြည့် လိုက်ရာ သံအတိုအစတစ်ခု ဖြစ်နေသည်ကို တွေ့ရလေသည်။ ၏
"ဒါက သံကြိုးတစ်ခုရဲ့ အစိတ်အပိုင်းပဲ။ နွားလှည်းမှာအသုံးပြုတဲ့ သံကြိုးမျိုးဖြစ်တယ်"
ခရိတ် က သံစကို ကြည့်ရင်း ပြောလိုက်သည်။

ထိုအချိန်ထိ ဘာမှ ဝင်မပြောဘဲ ဆိတ်ဆိတ်နေ၍ ထိုင်ကြည့်နေသူ ဗူဆာမန်ဇီသည် ယခုမှ စကား
ပြောလေ သည်။
"ဒီပစ္စည်းဟာ ဘုရင် လိုဘင်ဂူလာရဲ့ သီးသန့်လှည်းမှာ အသုံးပြုတဲ့ သံကြိုးအပိုင်းအစ ဖြစ်တယ်။
ကျွေးမွေးရေး အဘိုး က ဘုရင်ရဲ့ ရုပ်ကလပ်ကို အောက်ကိုချရာမှာ ဒီသံကြိုး အသုံးပြုခဲ့တယ်"

"ဒါဖြင့် သူငယ်ချင်းက ဘုရင်ရဲ့ သချိုင်းဂူကို တွေ့ခဲ့ပြီဆိုပါတော့"

တွန်ဂါတာက မေးလိုက်ရာ ခရိတ်ကဘလည်း သူ၏ ခြေတုကို ပြန်တပ်ဆင်ရင်း-
"ဟုတ်တယ် ထင်တာပဲ။ သချိုင်းဂူမှာ ဗူဆာမန်ဇီ ပြောပြတဲ့အတိုင်း ဝင်ပေါက်တစ်ခုလည်း ရှိတယ်။
ဝင်ပေါက် က ဂူရဲ့ ထိပ်ဖျားကနေပြီး ဆယ့်ငါးပေလောက် အောက်ဘက်မှာ ရှိတယ်။ အဲဒီဝင်ပေါက်က
ဝင်သွား လိုက်ရင် ပေနှစ်ဆယ်လောက်ရောက်တော့ ပိတ်နေပြန်တယ်။ ထုံးကျောက်တုံးကြီးတွေနဲ့
စနစ်တကျ စီပြီး ပိတ်ထားတယ်။ ကျောက်တုံးကြီးတွေက ဘယ်လောက်
ထုထည်ရှိတယ်ဆိုတာတော့ ခန့်မှန်း လို့ မရဘူး။ ကျုပ်ကလည်း ခေတ်ပေါ်ရေငုပ်ကိရိယာ
တန်ဆာပလာတွေ မပါတော့ စက္ကန့်သုံးဆယ် ထက် ပိုပြီး နေလို့မရဘူး"

ဆယ်လီသည် အထူးစိတ်အားထက်သန်ပုံရလျက်-
"ဘာပဲဖြစ်ဖြစ် အခု အခြေကျမှတော့ ကျွန်မတို့ နောက်ဆုတ်လို့ မဖြစ်တော့ဘူးရှင့်။ နောက်ပြီး
ကျွန်မအနေနဲ့ ရေအောက်ထဲက သချိုင်းဂူထဲမှာ ဘာတွေရှိတယ်ဆိုတာ မသိရမချင်း ကျွန်မတော့
ကျေနပ် မှာ မဟုတ်ဘူး" ဟုပြောလေသည်။
ဤတွင် ခရိတ်က စကားကို သရော်သလို ပြောလိုက်ဟန်ဖြင့်-

"ကျုပ်ကတော့ လူတကာ အကြံပြုတာကို လက်ခံဖို့ အသင့်ပါပဲ။ ဒါထက်ခေတ်မီရေငုပ်ကိရိယာ
တစ်စုံလောက် ဘယ်မှာရနိုင်မှာလဲ။ ဒါမှမဟုတ် မော်ဆရာကြီးဗူဆာမန်ဇီကို ဆိတ်တစ်ကောင်သည်
ဉာဏ်ပူဇော်ခ ပေးပြီး မျက်လှည့်အတတ်နဲ့ ရေကန်ထဲက ရေတွေခန်းအောင် လုပ်ခိုင်းရင်
ကောင်းမလား"ဟု ပြော လိုက်သည်။
"ရှင်ကလည်း အရေးထဲ ခွစကား ပြောနေပြန်ပါပြီ"
ဆယ်လီက မျက်စောင်းထိုး၍ ပြောလိုက်သည်။

သည်တော့မှ ခရိတ်က အလျှော့ပေးသလို ခေါင်းညိတ်လိုက်လေသည်။
လိုဏ်ဂူအောက်မှ မြေမျက်နှာပြင်သို့ ပြန်တက်ကြသောအခါ မည်သူမှ စကားမပြောဘဲ အားလုံး
ကိုယ့်စိတ်ကူး နှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်စွာနှင့်ပင် တက်လာကြလေသည်။
ခရိတ်ကမူ တောင်အောက်လိုဏ်ဂူများအတွင်းရှိ လမ်းကျဉ်းများနှင့် တကွလမ်းနှစ်ခွရှိရာနေရာများကို

အထူး ဂရုစိုက်၍ မှတ်သားခဲ့လေသည်။
လိုဏ်ဂူ အတွင်းရှိ သူတို့ စောစောက ဖြတ်သန်းလာခဲ့သော ခန်းမကျယ်ကြီးသို့ ရောက်သောအခါ အနည်းငယ် စိတ်ကြည်လင်လာကြလေသည်။

စောစောက စိတ်ဓာတ်ကျနေကြသလောက် လက်ဖက်ရည်ပူပူ သောက်လိုက်ရသောအခါ အနည်းငယ် စိတ်ကြည်လင် လာလေသည်။
အဘိုးကြီး ဗူဆာမန်ဇီသည် သူ၏အာဘော်ကို လက်ဖက်ရည်သောက်ရင်း ပြောလေသည်။
"ကျွန်ုပ် အနေဖြင့် ကျေးရွာသို့ ပြန်သွားရပေမည်။ အကယ်၍ ရှိနာစစ်သားများရွာသို့ ရောက်လာပြီး ကျွန်ုပ် အား မတွေ့ရလျှင် သံသယဖြစ်ကြမည်မှာ အမှန်ပင် ဖြစ်သည်။ ထိုအခါ ရှိနာသတ္တဝါများသည် ကျွန်ုပ်၏ အမျိုးသမီး များအား ညှန်းပန်းနှိပ်စက်စော်ကားကြလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်က ရွာပြန်၍ အမျိုးသမီး များအား ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သည်။ ရှိနာစစ်သားများပင်လျှင် ကျွန်ုပ်၏ မှော်ပညာအတတ်၊ မျက်လှည့် ပညာ အတတ် တို့ကို ကြောက်ရွံ့ကြကုန်၏"

ပြောရင်းနှင့် အဘိုးကြီးသည် သူ၏ ပစ္စည်းများနှင့် တောင်ဝှေးကို ကောက်ယူလိုက်သည်။
တစ်ဖန် ကျန်လူများအား အဘိုးကြီးက ဆက်လက် ညွှန်ကြားလေသည်။
"သင်တို့အားလုံးကမူ လိုဏ်ဂူအတွင်းမှာပင် တောက်လျှောက် နေကြမှ ဖြစ်ပေမည်။ ဂူအတွင်းမှ ထွက်လိုက် ပါက ရန်သူရှိနာစစ်သားများ တွေ့သွားနိုင်သည့် အန္တရာယ် ရှိပေသည်။ ဤနေရာ၌ သင်တို့အတွက် စားစရာ နှင့် သောက်ရေအပြင် မီးဖိုရန် ထင်း၊ ခြုံရုန် စောင်များ၊ ရေနံဆီမီးအိမ်များလည်း ရှိသဖြင့် သင်တို့ အပြင်ဘက် ထွက်ရန်လည်း မလိုချေ။ သန်ဘက်ခါကျလျှင် ကျွန်ုပ်၏ အမျိုးသမီးများက သင်တို့ထံသို့ လာ၍ စားစရာ များနှင့် သတင်းများပါ ယူလာကြမည် ဖြစ်သည်"

ဤသို့ပြောပြီး အဘိုးကြီးသည် တွန်ဂါတာ၏ ရှေ့တွင် ရှိသေစွာ ဒူးတုပ်လိုက်သည်။
" အို... အရှင် ကူမာလို၏ သားတော်မင်းသား ဤနေရာတွင် စိတ်ချမ်းသာစွာ နေပါလော့။ ကျွန်ုပ်၏ နှလုံးသား က သင်သည် အတိတ်တဘောင်မှ ခြင်္သေ့ငယ်အမှန်ဖြစ်သည်ဟု ပြေနေပါ၏။ သင်သည် ဘုရင် လိုဘင်ဂူလာ ၏ ဝိညာဉ်ကို အနှောင်အဖွဲ့မှ လွတ်မြောက်အောင် မလွဲဧကန် ကယ်တင်နိုင်ပါအံ့"

တွန်ဂါတာ ကလည်း ခေါင်းညိတ်လိုက်သည်။

" အို... အသင် ဖခင်ကြီး ကျွန်ုပ်သည် တစ်နေ့ကျလျှင် ဘုရင် လိုဘင်ဂူလာ၏ သချိုင်းဂူအတွင်းသို့ ဝင်ရောက် နိုင်ရန် လိုအပ်သော စက်ယန္တရားကိရိယာများ စုံလင်စွာဖြင့် ပြန်လာကောင်း လာနိုင်ပါလိမ့်မည်"
" ဖြစ်နိုင်ကောင်းပါ၏။ ကျွန်ုပ်အနေဖြင့်လည်း လိုအပ်သော ယဇ်ပူဇော်ခြင်းများပြုလုပ်ထားပါအံ့။ နာမ်လောက မှ ဝိညာဉ်အပေါင်းကိုလည်း တိုင်တည်ပါအံ့။ ထိုအခါ ၎င်တို့က ကျွန်ုပ်အား ကူညီစောင့်ရှောက် သည့် အနေဖြင့် ကောင်းသော လမ်းညွှန်မှု များ ပေးကောင်းပေးပါကုန်အံ့"

ပြောရင်းနှင့် အဘိုးကြီးသည် ဂူဝသို့လျှောက်သွားပြီး ကျန်လူများအား အလေးပြုရင်း-
" အို... ကျွန်ုပ်၏ သားသမီးများတို့ အခြေအနေ လုံခြုံစိတ်ချရသောအခါ ကျွန်ုပ် ပြန်လာခဲ့ပါအံ့။ ယခုတော့မူ ငြိမ်းချမ်းစွာ နေကြပါကုန်လော့" ဟု ပြောလျက်ထွက်သွားလေတော့သည်။
"ကျုပ် စိတ်ထဲမှာတော့ ဒီမှာ အကြာကြီးနေရလိမ့်မယ်လို့ ထင်နေတယ်ဗျ။ ပြီးတော့ ဒီနေရာက တယ်ပြီး နေချင်စရာ ကောင်းတာ မဟုတ်ဘူး"
ခရိတ် က သူ့ကိုယ်သူ ပြောသလို ပြောလိုက်သည်။

အမှန်တော့ သူတို့အားလုံးသည် အစဉ်သဖြင့် ဘလူပ်ရှားထက္ကြသူများ ဖြစ်လေရာ ယခုကဲ့သို့ ကျောက်ဂူကြီး အတွင်း အပြင်ဘက် မထွက်ဘဲ နေရမည်ဖြစ်သောကြောင့် အလိုလို စိတ်ကျဉ်းကျပ်နေမိကြလေသည်။
သို့သော် အခြေအနေအရ မည်သို့မှ မတတ်နိုင်သဖြင့် ဖြစ်သမျှအကြောင်း အကောင်းချည်းဟုသာ သဘောထား လိုက်ကြရလေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၈)အဆက် (၂)

ကျောက်ဂူ ခန်းမကျယ်ကြီးကို စနစ်တကျ နေရာပိုင်းခြား သတ်မှတ်လိုက်ကြသည်။ အလယ်ကောင်ရှိ မီးဖို ကြီး ပတ်ဝန်းကျင်တွင် အားလုံးအတွက် ဝိုင်းထိုင်စကားပြောခြင်း၊ စားသောက်ခြင်းတို့အတွက် သတ်မှတ် ထားပြီး ခရိတ်နှင့် ဆယ်လီတို့အတွက်ထောင့် ကျကျ အစွန်တစ်နေရာ သတ်မှတ်ကာ

တွန်ဂါတာနှင့် ဆာရာ တို့အတွက်လည်း တစ်ဖက်အစွန် ထောင့်နားတွင်
နေရာသတ်မှတ်လိုက်ကြသည်။
လိုဏ်ဂူ၏ အပေါ်မှတဆင့် ယိုစိမ့်ကျသောရေကို ကြွေအိုးတစ်လုံးဖြင့် ခံထားခြင်းအားဖြင့် သူတို့အား
လုံး အတွက် ရေလုံလောက်လေသည်။

တစ်နေရာတွင် သဘာဝအလျောက်ဖြစ်နေသော တွင်းတစ်တွင်းရှိရာ ယင်းတွင်းကိုပင် အိမ်သာအဖြစ်
အသုံးပြုကြလေသည်။
ဤသို့လျှင် လူသားတို့၏ အခြေခံအချက်များ ပြည့်စုံနေပြီဟု ဆိုနိုင်သော်လည်း တစ်ခု
လိုနေသေးသည် ကား ဖတ်စရာ စာအုပ်စာတမ်း ဘာမျှမရှိခြင်းပင် ဖြစ်သည်။ အထူးသဖြင့် ခရိတ်လို
စာရေးဆရာတစ်ဦးအဖို့ ဖတ်စရာ ဘာစာအုပ်မှ မရှိခြင်းသည် ဦးနှောက်အတွက်
ဆာလောင်မွတ်သိပ်စေသကဲ့သို့ ဖြစ်နေတော့ သည်။

ပျင်းရိငြီးငွေ့ခြင်းကို ပြေပျောက်စေရန် ဆရာမ ဆာရာက ဆယ်လီအား မာတာဘယ်လီဘာသာ
သင်ကြား ပေး လေသည်။ ဆယ်လီကလည်း စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးလေရာ
ခဏလေးနှင့်ပင် သူမ သည် အခြားလူများ မာတာဘယ်လီဘာသာဖြင့် စကားပြောလျှင် နားလည်စ
ပြုလာလေသည်။ ဆယ်လီ ကိုယ်တိုင် ကလည်း အထိုက်အလျောက် ပြန်ပြောတတ်လာသည်။
ဘာမှ လုပ်စရာမလိုဘဲ အပန်းဖြေ အနားယူသလို နေရသော ထိုကာလအတွင်း တွန်ဂါတာ၏
ကျန်းမာရေး အခြေအနေ သည် သိသိသာသာ တိုးတက်ကောင်းမွန်လာလေသည်။ သူ၏
ခန္ဓာကိုယ်သည် အကျဉ်းစခန်း မှာ ကဲ့ သို့ ပိန်ချုံးမနေတော့ဘဲ မူလအတိုင်း ပြန်လည်
ပြည့်ဖြိုးတောင့်တင်းလာလေသည်။ ခွန်အားဗလ လည်း ကောင်းမွန်လာသည်။

ညဘက် စားသောက်ပြီးချိန်တွင် မီးဖိုဘေးၭ ထိုင်ရင်း အာလာပသလ္လာပစကား ပြောကြရာၭ
ခရိတ်သည် တွန်ဂါတာနှင့် အတိတ်ကာလတစ်ခုက ရင်းနှီးစွာ ပေါင်းသင်းခဲ့ရပုံကို
ပြန်လည်သတိရမိသည်။
တစ်ခါသော် ဆယ်လီက တောင်အာဖရိကနိုင်ငံ မျက်နှာဖြူအစိုးရ၏ အသားအရောင်
ခွဲခြားမှုဝါဒအကြောင်း ဝေဖန်ပြောဆိုရာ တွန်ဂါတာက ဟန်ဆောင်ပြီး မခံချင်ယောင် ဟန်လုပ်၍
ပြောလေသည်။

" မဟုတ်ဘူး ပင်ဒူလာ မဟုတ်ဘူးဗျ"

(မှတ်ချက်။ ။ တွန်ဂါတာက ဆယ်လီအား ပင်ဒူလာဟူသော မာတာဘယ်လီ နာမည်ပေးထားပြီးဖြစ်၍ ယခု ပင်ဒူလာဟု ခေါ်လိုက်ခြင်းဖြစ်သည်။ ပင်ဒူလာ၏ အဓိပ္ပာယ်က စကားတစ်ခွန်း ပြောလိုက်လျှင် ချက်ချင်း တစ်ခု ပြန်လည်ချေပတတ်သူဟူ၍ ဖြစ်သည်။)

"ပင်ဒူလာ ဒီလိုလည်း မပြောပါနဲ့ကွာ။ တောင်အာဖရိကနိုင်ငံက မျက်နှာဖြူအစိုးရကို ရွှတ်ချမယ့်အစား ငါတို့ အာဖရိကနိုင်ငံက မျက်နှာဖြူ အစိုးရကို ရွှတ်ချမယ့်အစား ငါတို့ အာဖရိကတိုက်သား လူမည်းတွေက ကျေးဇူးတောင် တင်ဖို့ကောင်းတယ်။ သူတို့က နှိပ်စက်ညှင်းပန်းလို့သာ အာဖရိက တိုင်းရင်းသား လူမျိုးစု အမြောက် အများဟာ အရင်က အချင်းချင်း ကွဲနေရာက စည်းလုံးညီညွတ်လာတယ်။ တစ်သွေးတစ်သံ တည်း။

ငါတို့က မျက်နှာဖြူ နယ်ချဲ့သမား၊ အသားအရောင် ခွဲခြားရေး ဝါဒီတွေ လို့ဟစ်အော် ကြွေးကြော်လိုက်တာနဲ့ စောစောက အချင်းချင်း တိုက်နေကြတဲ့ တိုင်းရင်းသား လူမျိုးစုတွေ အားလုံးဟာ တိုက်ခိုက်တာတွေ ချက်ချင်း ရပ်စဲပြီး ညီရင်းအစ်ကိုတွေလို ဖြစ်လာတယ် မဟုတ်ပါလား"
ဆယ်လီ သည် အလွန်သဘောကျမိလျက် လက်ခုပ်လက်ဝါးတီး၍ သြဘာပေးလိုက်သည်။

"တောင်အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ်(အိုအေယူ) ညီလာခံမှာ အဲဒီလို မိန့်ခွန်းမျိုး ရှင်ပြောတာ ကျွန်မ ကြားချင်လိုက်တာ"
ဆယ်လီက ပြောလိုက်ရာ-
တွန်ဂါတာကလည်း သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။ သူတို့နှစ်ဦးသည် တဖြည်းဖြည်းနှင့် ခင်မင်ရင်းနှီး လာကြပြီ ဖြစ်သည်။
" နောင်တစ်ခု ငါတို့ ကျေးဇူးတင်စရာ ရှိသေးတယ်ကွဲ"
"ဟုတ်လား ဆိုစမ်းပါဦးရှင့်"

"တောင်အာဖရိကနိုင်ငံတွင်းမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးအုပ်စုတွေက အလွန်စစ်မက်တိုက်ခိုက်ခြင်း

ဝါသ နာပါသူတွေ ဖြစ်တယ်။ ဇူးလူး၊ ဇီဆာ၊ ဆွာနာဆိုတဲ့ လူမျိုးအုပ်စုတွေဆိုရင်
အလွန်ရက်စက်ကြမ်းကြုတ်ပြီး တိုက်ခိုက်ချင်ကြတဲ့ လူမျိုးတွေဖြစ်တယ်။ အခု ငါတို့မှာ ရှိုနာလူမျိုး
တစ်မျိုးတည်းကို တိုက်နေရတာတောင် မလွယ်ဘူး။ တကယ်လို့သာ တောင်အာဖရိက နိုင်ငံက
ဇူးလူးလူမျိုးလို တိုင်းရင်းသား အုပ်စုတွေကပါ ငါတို့ကို လာတိုက်မယ်ဆိုရင် ဘယ်စားသာပါ့မလဲ။
အခုတော့ တောင်အာဖရိက မျက်နှာဖြူ အစိုးရကြောင့် တိုင်းရင်းသားတွေ
စည်းလုံးညီညွတ်တေနေတာ ဘယ်လောက် နေရာကျသလဲ။ ဒါကြောင့် ငါတို့အနေနဲ့
တောင်အာဖရိက နိုင်ငံက မျက်နှာဖြူတွေကို ထိုင်ရှိုခိုးဖို့တောင် ကောင်းတယ်”

ဆာရာက ဆယ်လီအား တောင်းပန်သလို ဝင်ပြောရှာသည်။
”ဒါမျိုးတွေ သူ့ကို အားမပေးစမ်းပါနဲ့ ဆယ်လီရယ်။ တစ်နေ့ကျရင် သူဒီလိုပြောတာကို တကယ်
အလေး အနက် သဘောထားတဲ့လူတွေ သွက်လက်ခြင်းမရှိဘဲ အလွန်လေးနက်တည်ကြည်သော
ကွာန္ဒြေကြီးနှင့် နေတတ်ပြီး ဇင်ဘာတွေနိုင်ငံအကြောင်းကို နာကြည်းရင်နာစွာဖြင့် ဆွေးနွေးလေ့
ရှိလေသည်။

”ငါတို့နိုင်ငံမှာဖြစ်နေတဲ့ အခြေအနေက အိုင်ယာလန်နိုင်ငံလို၊ ပါလက်စတိုင်းမှာလို ဖြစ်နေတယ်။
ဒါတင်မကသေးဘူး၊ တို့နိုင်ငံက အဖြစ်ဟာ ပိုပြီးတောင် ဆိုးသေးတယ်။ အခု ငါတို့ (မာတာဘယ်လီ)
လူမျိုးနဲ့ ရှိုနာတိုင်းရင်းသားတို့ရဲ့ ပဋိပက္ခမှုဟာ သေးငယ်သယောင် ထင်ရပေမယ့် တကယ်ကျတော့
အာဖရိကတိုက် တစ်တိုက်လုံးရဲ့ ပြဿနာကြီးတစ်ခုလို့ ဆိုနိုင်တယ်”
”အဲဒီ ပြဿနာရဲ့ အဖြေကိုတော့ ရှင် စဉ်းစားမိပါသလား”
ဆယ်လီက မေးလိုက်ပြန်ရာ တွန်ဂါတာသည် မျက်နှာထားတည်တည်နှင့်ပင်
ခေါင်းညိတ်ပြလေသည်။

”စဉ်းစားလို့ရတဲ့အဖြေက အလွန်ခက်ခဲပြီး အလွန် ကြမ်းတယ်လို့ ဆိုရမယ်။
ဆယ့်ကိုးရာစုနှစ်များအတွင်းက ဥရောပနိုင်ငံတွေဟာ အာဖရိကတိုက်ကို
အလုအယက်လာရောက်ကြပြီး သူတို့ လက်အောက်ခံ ကိုလိုနီတွေရဖို့ တစ်ခုတည်းသာ
စဉ်းစားကြတဲ့အတွက် အလျင်စလို နယ်မြေတွေ ခွဲဝေယူခဲ့ကြတယ်။ နယ်မြေတွေရဲ့
နယ်ခြားနယ်နိမိတ် ပိုင်းခြားသတ်မှတ်ရာမှာလည်း ရှုထောင့်စုံက မကြည့်ဘဲ ဖြစ်သလို

ပြီးစလွယ်လုပ်ခဲ့ကြတယ်။ ဒီအချက်ကို အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ်ရဲ့ ဖွဲ့စည်းပုံမှာတောင် အပိုဒ်တစ်ပိုဒ်အဖြစ် ထည့်ထားပါတယ်။

အခုပြဿနာကိုလည်း ဖြေရှင်းဖို့ နည်းတစ်နည်းက နယ်နိမိတ်တွေ အသစ်ပြန်လည်သတ်မှန်ဖို့ပဲ။ သို့သော်လည်း အိန္ဒိယနဲ့ ပါကစ္စတန် ခွဲလိုက်ချိန် က ဖြစ်ပေါ်ခဲ့တဲ့ အလွန်ခါးသီးသော အတွေ့အကြုံ့ ကြောင့် ဘယ်သူကမှ ဒီသဘောထားကို ထောက်ခံအားပေးမှာ မဟုတ်ဘူး ဒါကြောင့် အခုနေအခါမှာ ဖြစ်နိုင် တဲ့ တခုတည်းသော ဖြေရှင်းနည်း က ဖယ်ဒရယ်လ် ပုံစံ (အမေရိကန် ပြည်ထောင်စု ပုံစံမျိုး) နဲ့ ပြန်လည် ဖွဲ့ စည်းကြဖို့ဘဲဖြစ်တယ်။ နိုင်ငံတခုမှာ သီးခြားလွတ်လပ်ခွင့် ရှိတဲ့ ပြည်နယ်ကလေး များ ဖွဲ့စည်းထားပြီး ပြည်နယ်အားလုံးကိုမှ ပြည်ထောင်စု ပုံသဏ္ဍာန် ဖွဲ့စည်း အုပ်ချုပ်ရင် ဖြစ်နိုင်တယ်။

ဤသို့လျှင် ခရိတ်နှင့် တွန်ဂါတာ သည် အာဖရိကတိုက် အနာဂတ်ကံကြမ္မာကို နိုင်ငံရေး အမြင်ဖြင့် သုံးသပ် ဆွေးနွေးတတ်လေသည်။
ခရိတ် နှင့် တွန်ဂါတာ နှစ်ယောက်စလုံးက မိန်းခလေး နှစ်ဦးအား အပျင်းလည်း ပြေစေ၊ ဗဟုသုတလည်း ရစေ ဟူသော ရည်ရွယ်ချက်ဖြင့် ဇင်ဘာဘွေ နိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြောပြကြလေသည်။

သူတို့ နှစ်ဦး အနေဖြင့် မိမိတို့ လူမျိုး အသီးသီးဘက်မှ ရှုထောင့်အမြင်ဖြင့် ဇင်ဘာဘွေ ခေါ် (မူလအမည်) ရိုဒီရှားနိုင်ငံ ဖြစ်ပေါ်လာပုံနှင့် တကွ မိမိတို့ မိသားစု များက သမိုင်း တွင် မည်သို့ ပါဝင်ခဲ့ကြပုံ စသည် တို့ကို လည်း ပြောပြကြလေသည်။

သူတို့၏ မီးဖိုဘေး စကားဝိုင်းသည် နှစ်ကြိမ်တိုင်တိုင် ပြင်ပမှ အသံများကြောင့် အနှောင့်အယှက် ဖြစ်ခဲ့ရသေးသည်။ အသံများက ရဟတ်ယာဉ် ၏ ပန်ကာလည်သံပင် ဖြစ်သည်။ ထိုအခါ သူတို့သည် အတိတ်က သမိုင်းကြောင်းကို ခေတ္တမေ့ထားလိုက်ပြီး ထွက်ပြေးလွတ်မြောက်ရေးကိစ္စ ကို သာဆွေးနွေး ကြပြန်သည်။

အဘိုးကြီး ဗူဆာမန်ဇီ၏ ကျေးရွာမှ အမျိုးသမီးများသည် တစ်ရက်ခြား မှန်မှန်

လာရောက်ကြလေသည်။ သူတို့သည် ရန်သူ ရှိနာစစ်သား များမမြင်အောင် နံနက်အရုဏ်
မတက်မီမှောင်နေဆဲ အချိန် လာရောက်ပြီး အစားအစာ နှင့် သတင်းများ ယူလာကြသည်။

အမျိုးသမီးများထံမှ အောက်ပါ သတင်းများကို ကြားသိရလေသည်။ တတိယ တပ်မဟာမှ
ရှိနာစစ်သား များသည် ကျေးရွာသို့ လာရောက်ကြရာ ရှေးဦးစွာ ရွာပတ်ပတ်လည်ကို
ဝိုင်းထားလိုက်ပြီး မှ ရွာတွင်း သို့ ဝင်၍ တအိမ်တက်ဆင်း လိုက်လံ ရှာဖွေကြသည်။
မိန်းကလေးငယ် တဦး အား လက်ထိတ်ခတ်ထားလိုက်ပြီး အဘိုးကြီး ဗူဆာမန်ဇီ ကိုလည်း အမျိုးမျိုး
ခြိမ်းခြောက် စစ်မေးခဲ့သည် ဟုဆိုသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၈)အဆက် (၃)

သို့သော် အဘိုးကြီးက လုံးဝကြောက်ရွံ့တုန်လှုပ်ဟန် မပြဘဲ ခပ်တည်တည် နှင့်ပင် စစ်သားများအား
ရင်ဆိုင် ကာ ဘာမျှမသိကြောင်း ဘူးကွယ်ခဲ့သည်။
နောင်ဆုံးတွင် စစ်သားများသည် အဘိုးကြီး၏ မော်အတတ်ပညာကိုလည်း ကြောက်နေသဖြင့်
လက်လျှော့ သွားကြလေသည်။

ရှိနာစစ်သားများသည် ရွာသားများအား နှိပ်စက်ညှင်းပန်းခြင်း၊ ပစ္စည်းလုယူခြင်း မပြုလုပ်ပဲ
ပြန်သွားကြ သည်ဟု ဆိုသည်။ သို့သော် နောက်ထပ် လာခဲ့ဦးမယ်ဟု ကြိုးဝါးသွားသေးသည်ဟု
သိရသည်။
ထို့ပြင် ရှိနာစစ်သားများသည် မိမိတို့အဖွဲ့အား အပြင်းအထန် တောနင်းရှာဖွေ နေကြသည်ဟုလည်း
သတင်းကြား ရလေသည်။ စစ်သားများသည် ခြေကျင် လျှောက်၍ လည်းကောင်း၊ ကောင်းကင်မှ
ရဟတ်ယာဉ် ဖြင့် လည်းကောင်း အဆက်မပြတ် လိုက်လံရှာဖွေနေကြသည် ဆို၏။

ထိုအတောအတွင်း အကျဉ်းစခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သူ အတော်များများ လည်း ပြန်လည်
ဖမ်းဆီး ရမိသွားခဲ့ သည်။
အကျဉ်းသားများအား စစ်ကားကြီးဖြင့် တင်ခေါ်သွားသည်ကို ကျေးရွာမှ မိန်းက လေးများကိုယ်တိုင်
မြင်လိုက် ရလေသည်။ အကျဉ်းသားများမှာ အဝတ် အစားမပါ ဘဲ သံကြိုးကြီးများဖြင့်

ချည်နှောင်ထားခြင်း ခံရသည် ဟုလည်း သိရသည်။

အဘိုးကြီး ဗူဆာမန်ဇီ၏ စုံစမ်းထောက်လှမ်းချက်အရ ရှိုနာစစ်သားများသည် ဆယ်လီ၏ စက်ဆာနာ လေယာဉ်ပျက် ကို ရှာမတွေ့ကြသေးချေ။ သို့ဖြစ်လင့် ကစားအခြေအနေက အန္တရာယ် အလွန်များလျက်ပင် ရှိသေး သဖြင့် ခရိတ်တို့ လူစုအား လိုဏ်ဂူအပြင်ဘက် လုံးဝမထွက်ဘဲမနေရန်နှင့် အခြေအနေပေးပါက အဘိုးကြီးကိုယ်တိုင် လာရောက်တွေ့ဆုံမည် ဖြစ်ကြောင်းကို မိန်းမလေးများ တစ်ဆင့် ဗူဆာမန်ဇီက မှာကြားလိုက် သည် ဆို၏။

မိန်းကလေးများထံမှ ကြားသိရသော သတင်းများက သူတို့အဖွဲ့သားများအား စိတ်ဓာတ်ကျစေလေရာ ခရိတ် က အထူးကြိုးစား၍ စိတ်ပြေပျောက်အောင် ပုံပြင်များ၊ သူ၏ အတွေ့အကြုံများကို အဆက်မပြတ် ပြောခဲ့ ရလေသည်။
ကျန်လူများ စိတ်ဝင်စားစေရန် ခရိတ်က ဘုရင်လိုဘင်ဂူလ၏ သခ္ခါးဂူ အကြောင်းနှင့် တကွ ယင်းသခ္ခါး အတွင်းရှိ စိန်ရတနာများက မည်မျှ တန်ဖိုးကြီးမားလှပုံ စသည်တို့ကိုလည်း ပြောရင်း စိတ်ပြေပျောက် စေ ခဲ့လေသည်။

ဤတွင် သူတို့သည် စိတ်ဝင်စားလာကာ ရေအိုင်အောက်ထဲရှိ သခ္ခါးဂူရှိရာသို့ ဆင်းငုပ်ရန် ခေတ်မီ ရေငုပ်ကိရိယာ များနှင့် ကျွမ်းကျင်သော ရေငုပ်သမားများ လိုအပ်ပုံ စသည်တို့ကို ဆွေးနွေးတိုင်ပင် လာကြ လေသည်။
ဆယ်လီ သည် တွန်ဂါတာအား မေးခွန်းတစ်ခု မေးလေသည်။

"ဒီမယ် ကျွန်မကို ပြောပြစမ်းပါရှင့်။ တကယ်လို့ သူတို့ပြောတဲ့အတိုင်း အဖိုး အဖြတ်နိုင်တဲ့ စိန်ရတနာတွေ တကယ်ပဲ ရှိလို့ ရှင်တို့က ရှာဖွေရရှိပြီ ဆိုပါတော့။ ဒါတွေကို ရှင်က ဘယ်လို အသုံးချမှာလဲဟင်"
"ကျုပ်ကတော့ ဒီရတနာပစ္စည်းတွေကို မာတာဘယ်လီ လူမျိုးတွေ ပိုင်ဆိုင်ခွင့်ရှိ တယ်လို့ ယူဆတယ်။ ဒါကြောင့် ကျုပ်သဘောက ရတနာတွေကို ဂေါပကအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းပြီး ထိန်းသိမ်းစောင့်ရှောက်ထားဖို့ တာဝန် ပေးလိုက်မယ်။

နိုင်ငံရေး အရ မာတာဘယ်လီ လူမျိုးတွေ အခုထက်ပိုပြီး နေရာရအောင် အသုံးချမယ်။ ဗြိတိသျှ နိုင်ငံခြားရေးရုံးနဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနတွေက ကျုပ်တို့ လူတွေကို ပိုပြီး လေးလေးနက်နက် ဂရုစိုက် လာအောင် ကြိုးစားမယ်။ အဲဒါတွေ လုပ်ဖို့နဲ့ ဟာရာရေမြို့တော်က ဗဟိုအစိုးရက ကျုပ်တို့ လူမျိုး တွေကို လေးလေး စားစား သဘောထားပြီး ဆက်ဆံလာအောင် စေ့စပ်ညှိနှိုင်းပြောဆိုဖို့ လူတစ် ယောက် ကို လည်း ရွေးချယ်လိုက်မယ်"

တွန်ဂါတာက ဤသို့ပြောရာ ဆယ်လီကပင် ဆက်လက်၍-
"ဟုတ်ကဲ့ အဲဒါတွေပြီးတော့ ရှင်က မာတာဘယ်လီလူမျိုးတွေရဲ့ ကျန်းမာရေး၊ ပညာရေး စတဲ့ လူမှုရေး ကိစ္စ တွေရယ်၊ အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိဖို့ရယ်၊ အဲဒါတွေ ဆက်လုပ်မှာ မဟုတ်လားရှင့်" ဟု မေးလိုက် ပြန်သည်။

ထိုအခါ ခရိတ်ကပင် ဝင်၍
"ပြီးတော့ သူငယ်ချင်းက မာတာဘယ်လီလူမျိုးတွေရဲ့ မြေယာတွေမှာ ခေတ်မီစိုက်ပျိုးရေး လုပ်ငန်းတွေ ဖြစ်အောင် လည်း ကြိုးစားမယ် မဟုတ်လား"ဟု ပြောလိုက်လေသည်။
ဆယ်လီ သည် ခရိတ်ဘက်သို့ လှည့်၍-
"ဒီမယ်ရှင့်၊ ရေအောက်ထဲက ဘုရင့်ရဲ့ သချိုင်းဂူကို ရောက်အောင်သွားဖို့ တခြားနေရာလည်း မရှိတော့ ဘူးလား။ ရှင်ကိုယ်တိုင် နောက်ထပ်တစ်ချီ ရေထဲဆင်းငုပ်ရင် မဖြစ်ဘူးလား"ဟု မေးလိုက်ရာ ခရိတ်က ခေါင်းခါ ပြလေသည်။

"ဆယ်လီကလည်းကွာ မဖြစ်နိုင်လို့ပေါ့။. ငါ့အနေနဲ့ တစ်ကြိမ်ဆင်းငုတ်ရင် ဂူဝက ကျောက်တုံးတစ်လုံးပဲ ဖယ်ရှား ပစ်လို့ရမယ်။ အဲဒီနည်းနဲ့ ငါက နှစ်ဆယ့်ငါးကြိမ်လောက် ဆက်တိုက်ငုတ်ရမယ်ဆိုရင် ငါသေသွား မှာ သေချာ တယ်"
"ဒီလိုဆိုတော့ စိတ်ပျက်စရာကြီးပါလား။ ကျွန်မဖြင့် စိတ်ထဲ မတင်မကျကြီး ဖြစ်နေမိတယ်။ တစ်ခုခုလုပ်ရမှပဲ စိတ်ထဲ မချင့်မရဲဖြစ်ဟန်ဖြင့် ထပြီး စကြံလျှောက်နေလေသည်။သို့သော် ချက်ချင်းလိုပင် စိတ်ကို ပြန်လည် ချုပ် ထိန်း လိုက်ပုံ ရလေသည်။

"ကျွန်မကို ခွင့်လွှတ်ကြပါနော်။ ကျွန်မ စိတ်လှုပ်ရှားလွန်းရင် ဒီလိုပြောမိပြောရာ ပြောတတ်လို့ပါ။

အလို စကားကောင်း ပြောနေလိုက်ရာ အချိန်က သန်းခေါင် တောင်ကျော်သွားပြီရှင့်" ။ သို့နှင့်ပင် စကားဝိုင်းသိမ်း၍ အိပ်ရာဝင်ကြလေသည်။
သို့သော် ဆယ်လီသည် အိပ်မပျော်နိုင်ဘဲ ခရိတ်အား ခပ်တိုးတိုး ဆက်ပြော နေပြန်သည်။

" တွန်ဂါတာ ထောင်ကျခဲ့ရတာဟာ ကျွန်မရဲ့ ပယောဂမကင်းလို့ စိတ်မကောင်းပါဘူးရှင်။ စင်စစ် သူဟာ အလွန် လေးစား ဖို့ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲ"
"ဒီလိုလည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ကွယ်"
"ဘာပဲဖြစ်ဖြစ် ဒီကမ္ဘာလောကကြီးမှာ တရားမျှတမှုရှိဖို့ သင့်တယ်"
"ကဲပါ ဒါတွေ စဉ်းစားမနေပါနဲ့။ အိပ်ပျော်အောင်သာ အိပ်ပါတော့"
ခရိတ် က ပြောပြီး စကားပြတ်သွားကြလေသည်။

ဆယ်လီ က အိပ်လိုက်သော်လည်း ခရိတ်ကမူ အိပ်မပျော်နိုင်ဘဲ ရောက်တတ် ရာရာ စဉ်းစားနေမိလေသည်။
စဉ်းစားနေရင်း တစ်စုံတစ်ခုကို သတိရသဖြင့် သူသည် ချက်ချင်းထထိုင်ကာ ဆယ်လီအား နှိုးလိုက်လေသည်။
"ဟေ့...ဆယ်လီ ထပါဦးကွ"
"ဘာများလဲရှင့် အရေးထဲအလန့်တစ်ကြားနဲ့"
" မင်းရဲ့ စက်ဆနာလေယာဉ်မှာ အောက်ဆီဂျင်ပေးတဲ့ ကိရိယာ တပ်ဆင်ထား တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊အဲဒါ ဘာဖြစ်သလဲ။ တစ်ခါတလေ ကျွန်မက ကောင်းကင် အမြင့် ပျံသန်းရတဲ့အခါ အသက်ရှူ နိုင်အောင် တပ်ဆင်ထားတာပဲ"
"ဟုတ်ပြီ စောစောက ငါဒါကို စဉ်းစားမိဖို့ကောင်းတယ်"
ခရိတ် က ပြောနေစဉ်မှာပင် တွန်ဂါတာသည် တစ်ရေးနိုးလာသဖြင့် သူတို့အနီးသို့ လျှောက်လာလေသည်။

"ဘာတွေ စကားကောင်းနေတာလဲဗျာ"
ထိုအခါ ခရိတ်က တွန်ဂါတာအား စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဒီမယ် သူငယ်ချင်း ကျုပ်တို့ နှစ်ယောက် ခဏ လမ်းလျှောက်ထွက်ရင်း စကား ပြောကြရအောင်"
"အခု အချိန်မတော်ကြီး လမ်းလျှောက်ထွက်မှာလား"

"ဟုတ်တယ်၊ အခုချက်ချင်းပဲ မှောင်နေတုန်းမှာ လမ်းလျှောက်ကြမယ်"
ခရိတ် က ပဟေဠိဆန်ဆန် ပြန်ပြောလိုက်သည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၉)

အခန်း (၃၉)

ကောင်းကင်တွင် လရောင်အသင့်အတင့်ရှိနေသဖြင့် ခရိတ်နှင့် တွန်ဂါတာတို့ သည် အခက်အခဲမရှိဘဲ အဘိုးကြီး ဗူဆန်မန်ဇီ၏ ကျေးရွာသို့ လျှောက်သွားနိုင်ကြလေသည်။ သူတို့သည် အဘိုးကြီး ရုတ်တရက် လန့်မသွားစေရန် အထူးသတိထား၍ ရွာသို့ ချဉ်းကပ်သွားကြလေသည်။ ရွာသို့သွားရာ၌ တောင်ပေါ်ဒေသရှိ လူသွားလမ်းကလေးတစ်ခုမှ ဖြတ်သွားရ ဒေလရာ တစ်နေရာတွင် ခွေးတစ်ကောင်က သူတို့အား ဟောင်လိုက်လေသည်။ သို့သော် ခရိတ်က တွန်ဂါတာတို့က လျက်မြန်စွာ သုတ်ခြေတင် သွားသဖြင့် ခွေးသည် ဝေးကွာကျန်ရစ်ခဲ့လေသည်။

နံနက်မိုးလင်းသည့်တိုင်အောင် သူတို့သည် လူသွားလမ်းတွင်ပင် ရှိနေကြ ဒေသးသည်။ လမ်း၌ သူတို့ နှစ်ကြိမ်ကြိမ်တိုင်တိုင် လမ်းဘေးချုံပုတ်များအကြား ဝင်၍ ပုန်းနေခဲ့လေသည်။ တကြိမ်တွင် သူတို့သည် ရှိနာစစ်သား ကင်းလှည့်တပ်ဖွဲ့တဖွဲ့နှင့် ပက်ပင်း တိုးတော့မလို ဖြစ်သွားခဲ့သည်။ ရှေ့မှ သွားနေသူ တွန်ဂါတာက ရန်သူစစ်သားများအား ကြိုတင်မြင်ပြီး ခရိတ်အား လက်ဖြင့် အချက်ပြ သတိပေး လိုက်၍ သာ နှစ်ယောက်သား အချိန်မီ ဝင်ပုန်းနေနိုင်ခြင်း ဖြစ်လေသည်။ သူတို့သည် မြက်ပင်ရှည်ကြီး များ အကြား ဝင်ပုန်းနေလိုက်ကြသည်။ ရှိနာ စစ်သားများဖြတ်၍ သွားသည်အထိ ပုန်းနေစဉ် ခရိတ်သည် အထူးပင် သည်းထိတ်ရင်ဖိုဖြစ်နေမိသည်။

ကျုပ်က အသက်နည်းနည်း ရလာလို့လားမပြောတတ်ဘူး အခုလို အချိန်မျိုးမှာ
တုန်လှုပ်ချောက်ချားမိတယ် ဟု ပြန်ပြောလေသည်။
ကျုပ်လည်း ဝဲ မထူးပါဘူး ခင်ဗျားလိုပဲ စိတ်ထဲက ချောက်ချားမိတယ် ဟု ပြန်ပြောလေသည်။

ဒုတိယအကြိမ် ဝင်ပုန်းကြပုံက ကောင်းကင်မှ ရဟတ်ယာဉ် တစင်း၏ ပန်ကာဒလက် များ အသံကို
ကြားလိုက် ရ၍ ဖြစ်သည်။ ရန်သူဘက်မှ ကင်းထောက်ရဟတ်ယာဉ် မှန်းသိသဖြင့် သူတို့သည်
လျင်မြန်စွာ လမ်းဘေး ရှိ ချုံနွယ်ပိတ်ပေါင်း များအကြား တိုးဝင်ကာ ပုန်းနေလိုက်ရသည်။
သူတို့အပေါ်မှ ရဟတ်ယာဉ် ဖြတ်သန်းပျံသွားသည်ကို လှမ်းကြည့်လိုက်သောအခါ
ရဟတ်ယာဉ်ပေါ်၌ စက်သေနတ်သမား တစ်ဦးပါလာ သည်ကို မြင်ရလေသည်။

သို့သော် ရဟတ်ယာဉ်က သူတို့အား မမြင်ဘဲ ဆက်လက် ပျံသန်း သွားလေသည်။
ခရိတ် နှင့် တွန်ဂါတာ တို့သည် ရွာကို ကွေ့ရှောင်ပြီး တောလမ်းအတိုင်း ဆက်လျှောက်သွားကြရာ
ခရီးက အတော်ပင် ဝေးသဖြင့် မွန်းတည့်ချိန်ကျော်ပြီး နေစောင်းတော့မှ သာ
စက်ဆနာလေယာဉ်ပျက် ဝှက်ထားရာ နေရာသို့ ရောက်သွားကြလေသည်။

သူတို့ ဖုံးကွယ်ထားသော လေယာဉ်ပျက်ကို အခြားသူ တစ်စုံတစ်ယောက်
တော့ရှိသွားခဲ့လေသလော ဟု သေချာစွာ ဂရုစိုက် စစ်ဆေး ကြည့်ရှု့ ကြလေသည်။ ရန်သူ ဘက်က
တွေ့သွားပြီး ယခု မိမိတို့အလာကို ကင်းပုန်းဝပ်၍ စောင့်နေသလော ဟူ၍ လည်း ရန်သူ၏
အရိပ်အယောင်ကို သေချာစွာ ရှာဖွေ ကြည့်ကြ သည်။

သေချာတော့မှ သူတို့သည် လေယဉ်အနီးသို့ ချဉ်းကပ်သွားကြပြီး အနီးကပ်
လေ့လာကြည့်သောအခါ မည်သူမှ တွေ့ရှိပုံမရဘဲ မူလအတိုင်း လက်ရာမပျက် ရှိနေကြောင်း
တွေ့ရလေသည်။
တွန်ဂါတာ က အေကေ ၄၇ ရိုင်ဖယ် သေနတ်ဖြင့် ကင်းစောင့် ပေးနေစဉ် ခရိတ်သည်
လေယာဉ်ပေါ်သို့ တက်၍ သူအလိုရှိသော ပစ္စည်းကို ဖြုတ်ယူလေသည်။
ဆယ်လီ ပြောပြလိုက်သည့်အတိုင်း လိုက်ဖက်ကက်ကို ပေါ်နေစေရန် လေမှုတ်သွင်း နိုင်သည့်
ကာဗွန်ဒိုင် အောက်ဆိုဒ် ဓါတ်ငွေ့ ဆေးတောင့်များလည်း ပါသည့်ပြင် ဘက်ထရီ ဓါတ်ခဲသုံး

မီးလုံးတခုစီ ဝတ်စုံ ၏ ရင်ဘတ်နေရာတွင် ပါရှိလေသည်။

ထို့ပြင် ယင်းလိုက်ဖ ဂျက်ကက်ဝတ်စုံမှာ ချို့ယွင်း သွားပါက ပြင်ဆင်ပြုပြင်ရန်လိုအပ်သော ကရိယာ (ကတ်ကြေး ပလာစတာ စသည်တို့) ပါသည့် သေတ္တာငယ် တခုကိုလည်း ပိုင်းလော့ (လေယာဉ်မှူး) ထိုင်ခုံအောက် တွင် တွေ့ရလေသည်။ သံမဏိ ဖြင့် ပြုလုပ်ထားသော အောက်ဆီဂျင် ဓါတ်ငွေ့ များသည် ခရီးသည် ထိုင်ခုံများ၏ အနောက်ဘက် လေယာဉ် နံရံတွင် ဝက်အူဖြင့် စုပ်၍ တပ်ဆင်ထားလေသည်။ စုစုပေါင်း သုံးဘူးတွေ့ရပြီး တစ်ဘူးလျှင် အရွယ် ပမာဏ အားဖြင့် သုံးလီတာခန့် ရှိသည်။

ယင်းနှင့် တွဲဖက်သုံးသည့် ဓါတ်ငွေ့ကာ မျက်နှာဖုံးများလည်း တွေ့ရသည်။ ထိုပြင် အသုံးပြုသူက ရှူထုတ်လိုက်သော ကာဗွန် ဒိုင်အောက်ဆိုဒ် အဆိပ်ငွေ့များကို ပြန်လည် သန့်စင်၍ အောက်ဆီဂျင် အဖြစ် သို့ ရောက်အောင် ပြုပြင်ပြောင်းလဲပေးသည့် ကိရိယာလည်း ပါရှိလေသည်။
ခရိတ်သည် ထိုပစ္စည်း များကို အထူးသတိထားလျက် ဖြုတ်ယူလိုက်သည်။ ထို့နောက် ထိုင်ခုံများပေါ်တွင် ဖုံးအုပ်ထားသော ထိုင်ခုံအစွပ်မျာကို ဖြုတ်ယူ၍ ပစ္စည်းများ ထုပ်ယူလိုက်ရာ ပစ္စည်းကိုရိယာ အတော် များသဖြင့် အထုပ် နှစ်ထုပ်ဖြစ်အောင် ထုပ်ပိုးလိုက်ရသည်။

အားလုံးပြီးစီးသော အခါ လေယာဉ် ပျက်ပေါ်မှ ပြန်ဆင်း၍ ခပ်လှမ်းလှမ်း ရှိ တောင်ကမူထိပ်တွင် ကင်းစောင့် နေသူ တွန်ဂါတာအား လေချွန်၍ ပြန်ခေါ်ယူလိုက်သည်။
အချိန်မှာ ညနေစောင်း၍ မှောင်စပြုနေပြီ ဖြစ်သည်။ နှစ်ယောက်သား ပြန်ထွက်လာကြသောအခါ မြေကြီးပေါ် တွင် ထင်ကျန်ရစ်သော သူတို့၏ ခြေရာများကို ကြိုးစား၍ ဖျောက်ဖျက်ပစ် လိုက်ကြလေသည်။

ထို့နောက် နှစ်ယောက်သား ခပ်သုတ်သုတ် လျှောက်ထွက်ခဲ့ကြရာ လမ်းတွင် လုံးဝ မရပ်နားဘဲ ဆက်လျှောက် သွားကြသဖြင့် နံနက် အရုဏ်တက်ချိန်တွင် တောင်ပေါ်ဒေသရှိ ဂူကြီးသို့ ပြန်ရောက် သွားကြလေသည်။
ဆယ်လီ သည် ခရိတ်ကို မြင်လျှင် ဘာမှမပြောဘဲ ပြေးလာပြီး ခရိတ်၏ ရင်ခွင်တွင် ဦးခေါင်းကို မှီထား လိုက်သည်။

ဆာရာ ကတော့ မာတာဘယ်လီတို့၏ ဓလေ့ထုံးစံအတိုင်း တွန်ဂါတာ အား အရိုအသေ ပြုလိုက်ပြီး နောက် ဘီယာ အိုးတစ်လုံးကို ယူလာပေးလေသည်။
တွန်ဂါတာ က အမောပြေ ဘီယာသောက်လိုက်ပြီးမှ ဆာရာသည် ဒူးတုပ်ထိုင်လိုက်သည်။
အို --အရှင်သခင် အရှင်၏ မျက်နှာကို မြင်ရ၍ အလွန်ဝမ်းမြောက်ပါ၏။ ဝမ်းသာလွန်း၍ မျက်ရည်ကျမိပါတော့သည်။

ရှိနာ လူမျိုးတပ်ကြပ်ကြီးသည် လုံးဝမနားဘဲခြေကျင်ကင်းလှည့်နေခဲ့ရသည်မှာ အချိန်သုံးဆယ့် သုံးနာရီ ခန့်ရှိပြီ ဖြစ်သည်။
ယမန်နေ့ နံနက်က သူတို့ အဖွဲ့သည် အကျဉ်းစခန်းမှ ထွက်ပြေးသွားသူ အကျဉ်းသားတစ်စု နှင့် ပက်ပင်းတိုးရာ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ သို့သော် မာတာဘယ်လီ အကျဉ်းသားများအုပ်စု က သုံးမိနစ်ခန့်သာ ခုခံပစ်ခတ်ပြီးနောက် လူစုခွဲကာ တိမ်းရှောင်သွားကြလေသည်။

တပ်ကြပ်ကြီးသည် စစ်သည် ငါးဦးနှင့် အတူ အကျဉ်းသား အုပ်စုတစ်စုနောက်သို့ လိုက်သွားခဲ့သည်။ သို့ရာတွင် ဇမ်ဘောဇီ မြစ်ဝှမ်းဒေသ ရောက်သောအခါ အကျဉ်းသားအုပ်စုအား မျက်ခြည် ပြတ်သွားလေသည်။
ယခုတော့ ရှိနာ တပ်ကြပ်ကြီး သည် သူ၏ စစ်သည်များကိုပါ ခေါ်၍ လှည့်ပြန်လာလေသည်။ ရိက္ခာများ ပြန်လည် ဖြည့်တင်းရန်နှင့် အထက်မှ နောက်ထပ် ညွှန်ကြားချက်အမိန့်ကို နာခံရန် ပြန်လာခဲ့ခြင်း ဖြစ်သည်။

လုံးဝ မနားရဘဲ တောက်လျှောက်သွားလာ လှုပ်ရှားခဲ့ရသော်လည်း တပ်ကြပ်ဘကီးသည် ပင်ပန်းနွမ်းနယ် ပုံမရ ဖျတ်လတ် လန်းဆန်းလျက်ပင် ရှိပုံရသည်။ လမ်းလျှောက် ရာ ၌ ခြေလှမ်း သွက်လက်လျက် ပင်ရှိနေသည်။

ယင်းသို့သွားနေရင်း တပ်ကြပ်ကြီးသဘည် ရုတ်တရက် ရပ်လိုက်ပြီး သူ၏လူများအား လက်ဖြင့် အချက်ပြလိုက်သည်။ သူသည် အေကေ ၄၇ ရိုင်ဖယ်ကို ပစ်ရန် အသင့် ပြင်ထားလိုက်ပြီး မြေပြင်တွင် ဒူးထောက်ချ လိုက်သည် သူ၏ လူများသည်လည်း အန္တရယ် တစ်စုံတရာ ရှိပြီ ဟု သိသဖြင့်

လျှင်မြန်စွာ ဝဲယာ ဖြန့်လျှက် နေရာယူထားလိုက်ကြသည်။ ထိုနေရာ ၌ မြက်ပင်ရှည် ကြီးများ ရှိရာ သူတို့သည် မြက်ပင်များ အကြား ဝပ်လျက် အခြေအနေကို သတိထားကြည့်နေလိုက်ကြသည်။

တပ်ကြပ်ကြီးကမူ သူစောစောက မြင်လိုက်သော မသံ်ကာဖွယ်ရာကို ဆက်လက်၍ စောင့်ကြည့် နေလေသည်။
ထိုမသံ်ကာဖွယ်ရာမှာ သူတို့နှင့် မျက်နှာချင်းဆိုင်ဘက်ရှိ မြက်ပင်ရှည်ကြီးများ ပုံသဏ္ဍာန်အနေအထား ပျက်နေခြင်း ပင်ဖြစ်သည်။ လူတစ်ယောက်ဝပ်နေရာမှ ထသွားသည့် ပုံမျိုးဖြစ်သည်။ ချုံခို တိုက်ရန် ဝပ်စောင့် နေသူတစ်ယောက်ယောက် ရှိသည့်ဟန်မျိုးဖြစ်သည်။

တပ်ကြပ်ကြီးသည် နှစ်မိနစ်ခန့် ငြိမ်သက်စွာ စောင့်ကြည့်လေသည်။
တစ်ဖက် မှ လူပ်ရှားမှု ပစ်ခတ်မှု လုံးဝမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေတော့မှ တပ်ကြပ်ကြီးသည် ရှေ့သို့ ခြေလှမ်း တိုးသွားပြီးမြေပြင်တွင် ဝပ်နေလိုက်ပြန် သည်။
နောက်ထပ် နှစ်မိနစ်ခန့် လူပ်ရှားမှု အရိပ်အယောင်မရှိသဖြင့် တပ်ကြပ်ကြီး သည် မတ်တပ်ထလိုက်ပြီး သတိရှိစွာဖြင့် စောစောက ပုံပျက်နေသော မြက်ပင်ရှည်ကြီးများရှိရာသို့ သွားကြည့်လေသည်။ မြက်ပင်များ၏ အနေအထားကို လေ့လာကြည့်သောအခါ မကြာသေးမီက လူတစ်စု ထိုနေရာတွင် ခိုအောင်းသွားခဲ့ကြောင်း သိသာထင်ရှားပေသည်။

တပ်ကြပ်ကြီးသည် သူ၏ စစ်သည်များကို ခေါ်လျက် ထိုနေရာမှ ရန်သူထွက်သွား သည့် ခြေရာများကို ကြည့်ကာ လိုက်သွားလေသည်။
သူတို့ထဲတွင် ခြေရာခံကျွမ်းကျင်သူ တစ်ဦးပါလေရာ ထိုသူသည် ရှေ့ဆုံးမှ သွားရင်း မိနစ် အနည်းငယ် အတွင်း မှာပင် ပြန်၍ သတင်းပို့လေသည်။
ဆရာလူနှစ်ယောက် လျှောက်သွားတာ သေချာတယ်။ လူတစ်ယောက်က လက်ဝဲဘက် ခြေထောက် နည်းနည်း ဆာသလို ခြေလှမ်း လှမ်းသွားတယ်။ သူတို့ဟာ မြစ်ဝှမ်းဘက်ကို ဦးတည်သွားနေကြတယ်။
ပြောရင်း ထိုသူသည် ခြေရာတစ်ဖက်ကို လက်ဖြင့် ဖော်ကြည့်ပြန်သည်။

ဒီလူနှစ်ယောက် လျှောက်သွားတာ အချိန်ခြောက်နာရီက ရှစ်နာရီလောက်ကြာ သွားပြီဆရာ။

သူတို့က သွားတာကလည်း ညအချိန်ဖြစ်တယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဆုံးဖြတ်ချက်ချလိုက်သည်။
ကောင်းပြီ ဒီလူတွေ ဘယ်ကိုသွားတယ်ဆိုတာ ငါတို့မသိရင် သူတို့ဘယ်ကလာ တယ်ဆိုတာ သိအောင် လုပ်မယ်။ မင်းက သူတို့ခြေရာတွေ ပြန်ကြည့်ပြီး ဘယ်ကလာတယ်ဆို သိရအောင် နောက်ပြန် ခြေရာ ခံစမ်း။

နောက် သုံးနာရီ ကြာသောအခါ ရှိုနာတပ်ကြပ်ကြီးသည် စက်ဆနာ လေယာဉ်ပျက် ဝှက်ထားရာ နေရာသို့ ရောက်သွား လေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၉) အဆက် (၁)

ရဟတ်ယာဉ်ပေါ်မှ နောက်တစ်ယောက် စက်သီးနှင့် ဆင်းလာပြန်သည်။ ထိုလူကား ရုရှားလူမျိုး ဗိုလ်မှူးကြီး ဘူခါရင် ပင် ဖြစ်သည်။
သူတို့နှစ်ဦးစလုံး စကားမပြောဘဲ ကိုယ့်စိတ်ကူးနှင့် ကိုယ်ဆိတ်နေရင်း လျှောက်သွားကြလေသည်။

လေယာဉ်ပျက်အနီးသို့ ရောက်တော့မှ ဘူခါ ရင်ကစ၍ စကားပြောလေသည်။
"ခင်ဗျားပြောတဲ့အတိုင်း သေချာရဲ့လားဗျ"
"သေချာ ပါတယ် လေယာဉ်ရဲ့ အမှတ်အသား ဇက်အက်စ် ကေဝိုင်အာရ်ဆိုတဲ့ စာလုံးတွေကို ကျုပ် ကောင်းကောင်း မှတ်မိတယ်။ ကျုပ်ကိုယ်တိုင် ဒီလေယာဉ်စီးဖူးတယ်လေဗျာ။ ဒါကြောင့် ကျုပ်က ကောင်းကောင်း မှတ်မိတာပေါ့"

ပြောရင်းနှင့် ဗိုလ်ချုပ် ဖွန်ဘီရာသည် လေယာဉ်၏ ကိုယ်ထည်နေရာသို့ လက်ဖြင့် စမ်းကြည့်လျက် ဘူခါရင် အား ညွှန်ပြကာ
"ခင်ဗျား ယုံကြည်အောင် အထောက်အထား ပြရမယ်ဆိုရင် ဟောဒီမယ်ကြည့်စမ်း ဒီအပေါက် မြင်ရဲ့ မဟုတ်လား ။အဲဒါ ကျုပ်တို့ တပ်သားတွေ မြေပြင်က လှမ်းပစ်လိုက်လို့ စက်သေနတ် ထိမှန်တာပဲ"ဟု ဆက်ပြော လိုက်သည်။

"လေယာဉ်ပျက်မှာ လူသေအလောင်းတွေကော မတွေ့ဘူးလား"
ဗိုလ်မှူးကြီး ဘူခါရင်က မေးလိုက်ပြန်ရာ ဖွန်ဂါဘီရာက ခေါင်ခါပြလေသည်။
"အလောင်း တစ်လောင်းမှ မတွေ့ဘူး ။သွေးစ သွေးနလည်း မရှိဘူး။ လေယာဉ်ပေါ် လိုက်ပါလာ
တဲ့လူတွေ ထိခိုက်ဒဏ်ရာရသွားကြောင်း အထောက်အထားလည်း ဘာမှ မတွေ့ရဘူး ။
အဲဒါအပြင်လေယာဉ်မှာ တပ်ဆင်ထားတဲ့ ပစ္စည်းကိရိယာ တွေကို ဖြုတ်ယူထားတာ တွေ့ရတယ်။

ဒါတော့ ဒေသခံတိုင်းရင်းသားတွေက လေယာဉ်ပျက်ကျတာတွေ့လို့ ပစ္စည်းတွေ ဖြုတ်ယူတာ
လည်းဖြစ်နိုင် တာပေါ့"
"ခင်ဗျားပြောသလို ဖြစ်နိုင်တာ မှန်သော်လည်း ကျုပ်တော့ ဒီလို မထင်ဘူးညကျုပ်တို့က
ခြေရာခံကျွမ်းကျင်တဲ့ လူတစ်ယောက်ကို ခြေရာခံ လိုက်ကြည့်ခိုင်းလိုက်တော့ သူက ဒီလို
သတင်းပို့တယ်။ လေယာဉ်ဟာ လွန်ခဲ့တဲ့ ဆယ့်နှစ်ရက်လောက်က ပျက်ကျပြီး လေယာဉ်ပေါ်က
လူလေးယောက် ဆင်းသွားတယ်တဲ့ အနက် နှစ်ယောက်က အမျိုးသမီးတွေ ဖြစ်တယ်။
ယောကျ်ားတစ်ယောက်ကလည်း လမ်းလျှောက်ရမှာ ခြေနှစ်ဖက် မညီဘဲ ခြေတစ်ဖက် ဆာနေတယ်။

လွန်ခဲ့တဲ့ သုံးဆယ့်ခြောက်နာရီအတွင်းကတော့ လူနှစ်ယောက် ဒီလေယာဉ်ဆီကို
ပြန်လာပြန်တယ်တဲ့။ ခြေရာခံသူရဲ့ ခန်မှန်းတွက် ကြည့်ချက်တွေအရ ဒီလူနှစ်ယောက်ဟာ
စောစောက လေယာဉ်ပေါ်က ဆင်းသွားခဲ့တဲ့ လူနှစ်ယောက်ပဲ ဖြစ်ရမယ်လို့ ဆိုတယ်။ ခြေရာတွေ
ကြည့်လိုက်တော့ ခြေလှမ်းလှမ်း ပုံချင်းလည်း တူနေတယ်"
ဘူခါရင်က နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်ရာ ဖွန်ဂါဘီရာသည် စကားဆက်ပြန်သည်။

"ဒီလူနှစ်ယောက်ဟာ ဒုတိယအကြိမ် လေယာဉ်ပျက်ဆီကို ပြန်လာတဲ့အခါ ကျတော့
လေယာဉ်ပေါ်က ပစ္စည်းကိရိယာတွေ ဖြုတ်ယူသွားတယ်။ သူတို့ ပြန်ထွက်သွားတော့ လေးလံတဲ့
အရာဝတ္ထုတွေကို ကိုင်သွားတာကိုလည်း သူတို့ရဲ့ ခြေရာကို ကြည့်ပြီး ပြောလို့ရတယ်။ ဒီနေရာက
ခြောက်မိုင်လောက်ဝေး တဲ့ မြစ်ဝှမ်းဒေသတစ်နေရာကို ရောက်တော့မှ ခြေရာတွေ
ရှုပ်ထွေးကုန်တယ်"
"ဩော် ... ဒါဖြင့် ခင်ဗျားအနေနဲ့ ဆောင်ရွက်လို့ရတာတွေကို ပြောစမ်းပါဦး" ဘူခါရင်က ဖွန်ဂါဘီရာ
အား အကဲခတ်ကြည့်ရင်း ပြောလိုက်သည်။

"လူလေးယောက်အနက် နှစ်ယောက်က တိုင်းရင်းသား လူမည်းဖြစ်ပြီး ကျန်နှစ်ဦးကတော့ မျက်နှာဖြူ လူမျိုး ဖြစ်တယ်။ အဲဒီလေးယောက်ကို ကျုပ်ကိုယ်တိုင် တူတီလေယာဉ်ကွင်းမှာ မြင်လိုက်ရတယ်။ လူမည်းနှစ်ဦးအနက် တစ်ဦးက ဝန်ကြီး တွန်ဂါတာပဲဆိုတာ သေချာတယ်။ ကျုပ်က သူ့ကို ကောင်းကောင်း မှတ်မိ တယ်"
"ဒါတော့ ခင်ဗျား စိတ်က ထင်တာ ဖြစ်ပါလိမ့်မယ်။ ခင်ဗျားနဲ့ ကျုပ်တို့ အပေးအယူ လုပ်ထားတာကို ခင်ဗျားက မပျက်ကွက်အောင် တစ်ခုတည်းသော မျှော်လင့်ချက်က ဒီလူပဲ မဟုတ်လား။ ဒါကြောင့် ခင်ဗျား စိတ်ကူးယဉ်ပြီး မျှော်လင့်မိတာကို ပြောနေတာ မဟုတ်လား"

ဗိုလ်မှူးကြီး ဘူခါရင်က ပြောလိုက်ပုံမှာ သရော်သံပါနေလေသည်။ သို့သော် ဖွန်ဂါဘီရာက မသိချင် ဟန်ဆောင်လျက်
"ကျုပ် ဒီလူကို အချိန်မရွေး မှတ်မိပါတယ်" ဟု ပြောလိုက်သည်။
"လေယာဉ်ပေါ်က ကြည့်ရင်တောင် မှတ်မိတယ်လား"
"ဟုတ်တယ် လေယာဉ်ပေါ်က ကြည့်ရင်တောင် မှတ်မိနိုင်တယ်"

ခရိတ်သည် နာရီအနည်းငယ် အိပ်လိုက်ပြီးနောက် အိပ်ရာမှ နိုးသောအခါ လေယာဉ်ပျက်ပေါ် မှ ယူလာခဲ့သော ပစ္စည်းကိရိယာများကို ရေအောက်၌ ငုပ်သည့်အခါ အသုံးပြုနိုင်အောင် ပြင်ဆင် တပ်ဆင် လေသည်။
သူအဖို့ အခက်ခဲဆုံးမှာ အောက်ဆီဂျင် ကိရိယာကို ပြင်ဆင်တပ်ဆင်ရခြင်းပင် ဖြစ်သည်။
နောက်ဆုံးပေါ် ခေတ်မီကိရိယာအချို့ မဟုတ်ဘဲ နှစ်ပေါင်းများစွာ အသုံးပြုလေ့ရှိသော ကိရိယာအမျိုးအစားဟောင်းဖြစ်၍ ခက်ခက်ခဲခဲ ပြင်ဆင်တပ်ဆင်ရလေသည်။
ခရိတ်သည် အလုပ်လုပ်ရင်း ဘေးနားရှိ လူများအား ပြလေသည်။

ရေအောင်ငုပ်လို့ လောလောဆယ် ပေလေးဆယ်လောက် အနက်ကိုရောက်ရင် ပရက်ရာ (ဖိအား) က နှစ်အက်မိုစ်ဖိယာအောက် ရှိတယ်။ ရှူပဇဒဘာသာ သင်ကြားဖူးဂုင်တော့ နားလည်းပါလိမ့်မယ်။ ဂေအောက် သုံးဆယ့်သုံးပေရဲ့ ဖိအားဟာ တစ်အက်မိုစ်ယာနဲ့ ညီမျှတယ်။ အဲဒီလို လေထုဖိအား

ထည့်ပေါင်း လိုက်တော့ နှစ်အက်မိုစ်ဖီယာ ရှိတယ် ဆိုပါတော့"
ကျန်လူ များက စိတ်ပါဝင်စားစွာ နားစိုက်ထောင်နေကြခိုက် ခရိတ်ကပင် ဆက်လက်
ရှင်းပြလေသည်။

"ဒီတော့ ကျုပ်အနေနဲ့ ရေအောက်ထဲမှာ အသက်ရှူနိုင်ဖို့ရာ အောက်ဆီဂျင်ဓာတ် ကျုပ်ရဲ့
အဆုတ်ထဲကို အဆက်မပြတ် ဝင်နေဖို့ လိုတယ်. အဂျေးကြီးတာက အဲဒီအောက်ဆီဂျင် ဓာတ်ရဲ့
ပရက်ရှာ (ဖိအား) ဟာ ဘေးပတ်ဝန်းကျင်က ဂျရဲ့ ဖိအားနဲ့ထပ်တူဖြစ်နေရလိမ်မယ်။
တစ်နည်းအားဖြင့် ကျုပ်ဂျေအောက်ကို ယူဆောင်သွားတဲ့ ဘူထဲက အောက်ဆီဂျင်ဟာ
ကျုပ်ခန္ဓာကိုယ်ရဲ့ ဖိအား(ပရက်ရှာ) နဲ့ အတူတူပဲ ဖြစ် ရမယ်"

ဤတွင် ဆယ်လီက-
"ကျွန်မရဲ့ ဒက်ဒီကြီးက ပြောဖူးတယ်ရှင့်။ လူမှာ အဂျေးကြီးတာက စိတ်ကူးဉာဏ် ကောင်းဖို့၊
ဦးနှောက် ကောင်းဖို့ပဲတဲ့။ ဟဲ... ဟဲ..."ဟု ရယ်သွမ်းသွေးကာ ပြောလိုက်သည်။
သို့သော် ခရိတ်က မရယ်မောဘဲ ခပ်တည်တည်ပင် ဆက်ပြောလေသည်။

"ဟောဒီ သတ္တဝါဘူးနှစ်ခုထဲမှာပါတဲ့ ဓာတုဗေဒ ဓာတ်ဆေးတွေက ကျုပ်ရှူထုတ် လိုက်တဲ့
ကဗ်ဒိုင်အောက်ဆိုဒ် ဓာတ်နဲ့ ရေငွေ့တွေကို ဖယ်ရှားပေးတယ်။ ဒီတော့ သန့်စင်သွားတဲ့
အောင်ဆီဂျင် ပြင်နဖြစ်လာတဲ့အခါ ကျုပ်ရဲ့ ကျောပိုးလွယ်ထား တဲ့ သံမဏိပုလင်းမှ ခလုတ်ကို
နှိပ်ပြက ဂက်စ်ငွေ့ ထွက်သံကြားနေရလေသည်။
"အခက်အခဲ ပြဿနာတွေတော့ ရှိသပေါ့"

ခရိတ်သည် သူ၏ ဦးခေါင်းဆောင်း (ခမောက်)ကို စွပ်ကြည့်ရင်း ပြောပြန်ရာ ဆယ်လီက-
"ဘယ်လို ပြဿနာမျိုးလဲရှင့်" ဟုမေးလိုက်သည်။

"ပြဿနာတစ်ခု ဥပမာပြရရင် ဘွိုင်ယင်စီလို့ခေါ်တဲ့ ရေအောက်ထဲမှာ ဆွဲငင် ဓာတ်မရှိဘဲ
ပေါ့နေတဲ့ကိစ္စပဲ။ ဆွဲငင်ဓာတ် လုံးလုံးမရှိတာလည်း မဟုတ်ဘူး။
အောက်ဆီဂျင်ဓာတ်ငွေ့များများ အသုံးပြုကြည့်ရင် (ဘွိုင်ယင်စီ)ပေါ့တဲ့ ပမာဏ ဟာလျော့နည်းပြီး

သံမဏိအောက်ဆီဂျင်ဘူးရဲ့ အလေးကြောင့် ငါ့ကို အောက်ထဲဆွဲချလိမ့်မယ်။ အောက်ဆီဂျင်များများ မသုံးရင်တော့ ငါကိုယ်က ပေါ့လွန်းပြီး ရေအောက်ထဲငုပ်ဖို့ ခက်ပြန်တယ်"

အဲဒီပြဿနာကို ရှင်က ဘယ်လိုလုပ်ပြီး ဖြေရှင်းမယ် စိတ်ကူးသလဲရှင့်"
"အရင်ဆုံး ငါ့ကိုယ်မှာ ကျောက်ခဲတုံးကြီးတွေ ဆွဲချည်ပြီး ရေထဲ ငုပ်ဆင်းမယ်။ ဒါမှ ဘုရင့်ရဲ့ သချိုင်းဂူရှိရာ ရေအောက်ကို သွားနိုင်မယ်။ ပြီးတော့မှ ကျောက်တုံးတွေ ဖြုတ်ပစ်ပြီး ငါ့ကိုယ်ကသချိုင်းဂူမှာ ကြိုးနဲ့ ချည်တုပ်ထားလိုက် မယ်"

ထိုအချိန်၌ ခရိတ်သည် အောက်ဆီဂျင်ဘူးနှင့် ကိရိယာများကို ပြင်ဆင်၍ သူ့ကိုယ်တွင် စမ်းသပ်လွယ်ကြည့် နေလေသည်။
"ကြံတွေ့ရမည့် ပြဿနာ တွေထဲမျာ ဘွိုင်ယင်စီ(ခန္ဓာကိုယ်ပေါ့နေမှုက) အဓိက မဟုတ်ဘူးကွဲ့" ခရိတ်က ပြောပြလေရာ ဆယ်လီက "ဘာလဲ နောက်ထပ်ပြဿနာတွေ ရှိနေသေး လို့လားရှင့်" ဟုမေးလိုက်သည်။
ခရိတ် က ပြုံးဖြဲဖြဲနှင့် သူမအား ပြန်ကြည့်လိုက်သည်။

"အောက်ဆီဂျင်ဓာတ်ရဲ့ သဘောက နှစ်အက်မိုစ်ဖီယာထက် ပိုကြာကြာ ရှူလိုက်ရင် (ရေအောက်ထဲသုံးဆယ့် သုံးပေထက် ပိုနက်တဲ့ နေရာမှာ ဆက်တိုက်ရှူမိရင်) အဲဒီ အောက်ဆီဂျင်ဓာတ်ဟာ မသန့်စင် တော့ဘဲ အဆိပ် သင့်နိုင်တဲ့ ဓာတ်ငွေ့ တစ်မျိုးအဖြစ် ပြောင်းလဲလာတတ်တယ်"
"ဟင်... ဟုတ်လား၊ ဒါဖြင့်ရှင် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှတော့ မလုပ်နိုင်ပါဘူး။ ဒါပေမဲ့ ဂျထဲဆင်းငုပ်တဲ့အချိန် ပမာဏကို သတိထားပြီး တွက်ချက် ချိန်ဆ ရမှာပဲ"
"အောက်ဆီဂျင်ဓာတ်ဟာ အဆိပ်သင့်နိုင်တဲ့ ဓာတ်ငွေ့ဖြစ်မလာခင် ဘယ် လောက်အချိန် ရနိုင်မယ် ဆိုတာက "
ဆယ်လီ ၏ စကားမဆုံးမီ ခရိတ်က ကြားဖြတ်၍ ဝင်ပြောလေသည်။

မရဘူးကွဲ့ ။ အတိအကျသိအောင် တွက်ချက်ဖို့က အလွန်ခက်တယ်။ ရှုပ်လည်း ရှုပ်တယ်။

ငါ့ရဲ့ခန္ဓာကိုယ် အလေးချိန်ပမာဏနဲ့ငါရောက်ရှိနေမယ့် ရေအတိမ် အနက် အတိအကျကို နှိုင်းယှဉ်ပြီး တွက်ချက် ဂုမယ်ဆိုတော့ မလွယ်ဘူး။ တစ်ကြိမ်ဂေငုပ်လိုက်ချိန်နဲ့ နောက်တစ်ကြိမ် ထပ်ငုပ်လိုက်နဲ့ မတူဘူး။ ပိုပြီး ဆိုးလာတယ်"
ဆယ်လီ က စိတ်မကောင်းဟန်ဖြင့် ရေရွှတ်လိုက်ရာ ခရိတ်သည် သူမကို နှစ်သိမ့် သလို ပြောလေသည်။

"သိပ်လည်းမစိုးရိမ်ပါနဲ့ကွယ်။ ငါက အွန်ရာယ်မရှိအောင် အစီအစဉ်တွေ လုပ် ထားပါတယ်။ ငါက တစ်ကြိမ်ရေငုပ်ဂင် သိပ်အကြာကြီးမနေဘဲ ခပ်မြန်မြန တွေကိုလည်း ကြိုတင် စီစဉ်ထားမယ်။ ဥပမာ မင်းက ငါ့ကိုယ်မှာ ချည်တုပ်ထားတဲ့ ကြိုးကိုကိုင်ထားပြီး တစ်မိနစ်တစ်ကြိမ် တုံ့ဆွဲပြီး အချက်ပေးလိုက်မယ်။ တကယ် လို့ ငါကပြုပြီး တုံ့ပြန်ချက်မပေးဘူးဆိုရင် မင်းတို့က ချက်ခြင်းငါ့ကို အပေါ် ဆွဲတင်ကြပေတော့'

" အောင်ဆီဂျင်က အဆိပ်ဓာတ်ငွေ့ ဖြစ်ပုံကလည်း တစ်ပြိုင်နက် အပြင်းအထန်မ ဖြစ်ဘူး။ဖြည်းဖြည်းချင်းမှ ဖြစ်တာမို့ နည်းနည်းတော့ အချိန်ရပါတယ်"
ပြောပြော ဆိုဆို ခရိတ်သည် အောက်ဆီဂျင် ကိရိယာများကို သူ့ကိုယ်မှ ပြန်ဖြုတ် လိုက်ပြီး မီးဖိုနားသို့ သွားနေ လိုက်သည်။
"ဒီကိရိယာ ကို အားလုံးပြင်ဆင်ပြီးလို့ စမ်းသပ်ကြည့်ပြီးရင် ငါကောင်းကောင်းအ နားယူရမယ်"

"ဘယ်လောက်ကြာကြာ နားမှာလဲဟင်"
"နှစ်ဆယ့်လေးနာရီလောက်နားရမယ်"
"အကြာကြီးပါလားရှင့်"
"ဟုတ်တယ် ကြာကြာနားလိုက်မှ ငါ့ခန္ဓာကိုယ်ဟာ အောက်ဆီဂျင် အဆိပ်ဖြစ် တဲ့ဒဏ်ကို ပိုပြီး ခံနိုင်ရည်ရှိလာမယ်"

သစ်ပင်တောအုပ်မှာ အလွန်ထူထပ်သဖြင့် ရဟတ်ယာဉ် ဆင်းသက်ရန် ခက်နေ လေသည်။
ထို့ကြောင့် ပိုင်းလော့(လေယာဉ်မှူး)က ရဟတ်ယာဉ်ကို သစ်ပင်ထိပ်ဖျားသာသာ ခပ်နိမ့်နိမ့် ပျံသန်းပြီး လေယာဉ်အင်ဂျင်နီယာက ဗိုလ်ချုပ်ဖွန်ဂါဘီရာအား စက်သီးကြိုးဖြင့် ဖြည်းဖြည်းချင်း မြေပြင်သို့

ချပေး လေသည်။
ထိုနေရာ၌ ရှိုနာလူမျိုး တပ်ကြပ်ကြီးက အသင့်စောင့်နေလေသည်။
မြေပြင်မှ ခြောက်ပေခန့်မြင့်သောနေရာသို့ ရောက်လျှင် ဖွန်ဂါဘီရာသည် စက်သီး ကြိုးကို ဖြုတ်၍ မြေပြင်သို့ ပေါ့ပါး ဖျတ်လတ်စွာ ခုန်ချလိုက်ရာ ဘားကျွမ်းကျင် လည်သူကဲ့သို့ ကြောင်ကျ ကျသွားလေသည်။

"ဆက်ပြောပါဦး"
"နောက် လူမည်းတစ်ယောက်ကိုတော့ ကျုပ် မမှတ်မိဘူး။ မျက်နှာဖြူနှစ်ယောက်ကိုလည်း ကောင်းကောင်း မမြင် လိုက်ရဘူး။ ဒါပေမဲ့ လေယာဉ်မောင်းသူကတော့ အမေရိကန် အမျိုးသမီး ဆယ်လီဆိုသူဖြစ်မှာ သေချာတယ်။ ဒီလေယာဉ်က ကွမ္ဘာ့တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ပိုင်ပေမယ့် အဲဒီအမျိုးသမီးက ဒီလေယာဉ်ကို အသုံးပြုခွင့် ရရှိတယ်။ နောက်မျက်နှာဖြူ တစ်ဦးကတော့ အဲဒီ အမျိုးသမီး ရဲ့ ချစ်သူ (ငြိတိသျှလူမျိုး စာရေးဆရာ) ဖြစ်ဖို့များတယ်။ ဒီလူက ခြေတစ်ဖက် ဖြတ်ထားပြီး ခြေတု တပ်ထား ရဖို့ ခြေလှမ်းလှမ်းရင် ခြေတစ်ဖက် ဆာနေတာ ဖြစ်ရမယ်။ ကျုပ်တို့အဖို့ အဓိက အရေးကြီးတာက တွန်ဂါတာပဲ ဖြစ်တယ်။ အခု ဒီလူ အသက် ရှင်နေသေး ကြောင်းလည်း သိရပြီ"

"မှန်တယ် လေ၊ တွန်ဂါတာက ခင်ဗျားလက်က လွတ်အောင် ရှောင်တိမ်းသွားနိုင်ပြီဆိုတာလည်း ကျုပ်တို့ သိရပြီ မဟုတ်လား"
ဘူခါရင်က ထောက်ပြလိုက်သည်။
"ဒါပေမဲ့ ကြာရှည် ဆက်ပြီး တိမ်းရှောင်နေလို့ မရပါဘူး"
ဤသို့ ပြောပြီး ဖွန်ဂါဘီရာသည် ရှိုနာလူမျိုး တပ်ကြပ်ကြီးအား
"ဟေ့ ... မင်းက အခုအချိန်ထိ တာဝန် ကျပွန်ပါတယ်" ဟု ပြောလိုက်ရာ တပ်ကြပ်ကြီးကလည်း သဘောကျ ကျေနပ် သွားပုံရသည်။
"ဟုတ်ကဲ့ ဗိုလ်ချုပ်"

"ဒီတော့ ငါတို့က ကျေးရွာက လူတွေကို မေးမြန်းစစ်ဆေးမယ်။ အနီးဆုံး ကျေးရွာကစပြီး မေးကြမယ်။ ဒါထက် ဒီနေရာက အနီးဆုံးကျေးရွာက ဘာရွာလဲကွ"

"ဒီတောင်ကြားလမ်း ဟိုဘက်မှာ ဗူဆာမန်ဇီရဲ့ရွာ ရှိပါတယ်"
"ဟုတ်ပြီ အဲဒီရွာက ငါတို့စမယ်။ မင်းတို့အဖွဲ့က ရွာကို ပတ်ပတ်လည် ဝိုင်းထားလိုက်။ ရွာထဲက ဘယ်သူမှ အပြင် ကို မထွက်စေနဲ့။ လူကြီး၊ ကလေး တစ်ယောက်မှ အပြင်ဘက် မထွက်ရဘူး နားလည် လား"
"ဟုတ်ကဲ့ ဗိုလ်ချုပ်"
"မင်းတို့က ရွာကို ဝိုင်းထားပြီးမှ ငါကိုယ်တိုင် လာခဲ့မယ်"

ခရိတ်နှင့် တွန်ဂါတာတို့သည် လိုဘင်ဂူလာ၏ ရေအောက်သင်္ဘောကြီးရှိရာ ရေအိုင်သို့ သုံးခေါက်တိတိ ဆင်း၍ ပစ္စည်းကိရိယာများ သယ်ယူသွားကြလေသည်။
ခရိတ်အနေဖြင့် တစ်ကြိမ် ရေငုပ်ပြီး၍ ပြန်တက်လာတိုင်း အအေးဒဏ်ခံနိုင်ရန် ခြုံစောင်များကိုပါ အဆင်သင့် ယူထားလိုက်သည်။ ရေငုပ်လျှင် မည်မျှကြာမည်ကို ခန့်မှန်း၍ မရသဖြင့် စားစရာ သောက်စရာ များကိုပါ ရေကန်အနီးတွင် အဆင်သင့် ယူထားလိုက်ကြသည်။

သူတို့အချင်းချင်း ဆွေးနွေးတိုင်ပင်ကြပြီးနောက် အမျိုးသမီးနှစ်ဦး က အလှည့်ကျ အပေါ်ဘက်ရှိ ခန်းမ ကျယ်ကြီး တွင် စောင့်ကြရန် သဘောတူလိုက်ကြသည်။ သို့မှသာလျှင် ကျွးရွာမှ မိန်းကလေးများက ရိက္ခာ နှင့် သတင်းများလာပို့လျှင် လက်ခံနိုင်မည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၉) အဆက် (၂)

အကယ်၍ ရန်သူရှိနာစစ်သားများ ကင်းလှည့်၍ ဂူအတွင်းသို့ ရောက်လာ လျှင်လည်း အောက်သို့ဆင်း၍ ခရိတ် တို့အား အချိန်မီ သတင်းပေးနိုင်မည်ဖြစ်သည်။
ခရိတ်နှင့် တွန်ဂါတာသည် ရေငုတ်ကိရိယာများကို လက်တွေ့စမ်းသပ် မကြည့်မီ လျှို့ဝှက်ရေအိုင်ရှိရာသို့ သွားသည့် လမ်းကို အထူးဂရုစိုက်၍ လေ့လာကြလေသည်။ မတော်တဆ ရန်သူရှိနာစစ်သားများ ဝင်ရောက် လာပါ က ခုခံကာကွယ်နိုင်ရန် ခံတပ်သဖွယ် အကာအကွယ်ယူနိုင်မည့် နေရာများကိုလည်း ကြည့်ထားကြ လေသည်။

အမှန်တော့ မြေအောက်သို့ရေအိုင်သို့ဆင်းသည့် လမ်းမှာ အလွန်ကျဉ်းမြောင်းသဖြင့် ရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်ရန် မလွယ်ကူလေရာ တကယ်တမ်း သူသေကိုယ်သေ တိုက်ရမည်ဆိုလျှင် ရေအိုင်ထဲသို့ပင် ဆင်း၍ တိုက်ရန်မှ တပါး တစ်ခြားနည်းလမ်းမရှိကြောင်း သူတို့နှစ်ဦးစလုံး စိတ်ထဲမှသိနေကြသည်။

တွန်ဂါတာသည် အရေးရှိလျှင် အသုံးပြုရန်အတွက် တိုကာရက်ဗ် ပစ္စတိုလ်သေနတ် ၏ ကျည်ဆန် လေးတောင့် ယူ၍ ဆီစိမ်စက္ကူပါးဖြင့် သေချာစွာ ရစ်ပတ်သုတ်လိုက်ပြီး ရေကန်၏ အစပ်နားရှိ ထုံးကျောက် တုံး နှစ်တုံးကြား တွင် ဝှက်ထားလိုက်သည်။

ယင်းအပြုအမူကို ခရိတ်နှင့်တကွ မိန်းကလေးနှစ်ဦးကပါ မြင်၍ အဓိပ္ပာယ်ကို ချက်ချင်း ရိပ်မိကြလေသည်။ အကယ်၍ ရန်သူအင်းအားများပြီး နှိပ်စက်ညှဉ်းပန်းခြင်း ကိုတော့ မခံလို။ မိမိတို့ကိုယ်ကိုယ် အဆုံး စီရင်လိုက်ရန် တွန်ဂါတာ က ဆုံးဖြတ်ထားကြောင်း သိသာလေသည်။

ယင်းကြောင့်ပင်လျှင် ပစ္စတိုကျည်ဆန် လေးတောင့်ကို သီးသန့်ဖယ်ထားလိုက် ခြင်းဖြစ်သည်။

လူလေးယောက်အတွက် ကျည်ဆန်လေးတောင့် အဓိပ္ပာယ်က ရှင်းနေပေသည်။ "အိုကေ အားလုံးတော့ အဆင်သင့်ပဲ။ ကျုပ်တို့ ဒီကိရိယာတွေ အခြေအနေတကယ် ကောင်းမကောင်း တစ်ခေါက် ဆင်းပြီး စမ်းကြည့် မယ်"

ခရိတ်ကပြောလိုက်သဖြင့် တွန်ဂါတာနှင့် မိန်းကလေးနှစ်ဦးတို့က ရေငုတ်ကိရိယာ များကို ကူညီပြီး တပ်ဆင် ပေးကြလေသည်။

မျက်နှာတွင် ဆောင်းရမည့် ဦးခေါင်းဆောင်း (ခမောက်) နှင့်တကွ အောက်ဆီဂျင်ဘူးများကို စနစ်တကျ တပ်ဆင် လိုက်ပြီးနောက် ခရိတ်သည် ရေအိုင်ထဲသို့ စတင်၍ ဆင်းလိုက်သည်။

ကြိုတင်တွက်မိသည့်တိုင် ဘွိုင်ယင်စီခေါ် သူ၏ ကိုယ်ပေါ့နေခြင်းသည် ပထမဆုံး ပြဿနာ ပင်ဖြစ်ကြောင်း လက်တွေ့ သိရလေသည်။ ရေထဲတွင် ကိုယ်ပေါ့နေသဖြင့် ခန္ဓာကိုယ်ကို တည့်မတ်စွာ ထားရန် ပင် ခက်နေလေသည်။

ထို့ကြောင့် ကျောက်တုံးလေးလေးကြီး တစ်လုံးကို သူ၏ကိုယ်တွင် ဆွဲထားလိုက် ပြီးမှ ပြန်၍ စမ်းသပ်ကြည့် ရလေသည်။ သို့သော် ကျောက်တုံးကို ဖြုတ်ပစ်လိုက် သည်နှင့်သူ၏ ကိုယ်သည်

ပေါ့လာပြန်ကာ ရေမျက်နှာပြင် ဆီသို့ တိုးတက်လာ လေသည်။
ရေထဲ သို့ တစ်ခေါက်ငုပ်ကြည့်ပြီးနောက် ခရိတ်က သူ၏ အတွေ့အကြုံကို ပြောပြလေသည်။

"ရေအောက်ထဲကျတော့ အောက်ဆီဂျင်မာတ်ရှိလို့ အသက်ရှူလို့တော့ ရတယ်။ ဒါပေမဲ့ မျက်နှာဖုံး ခေါင်းဆောင်း က မလုံတဲ့အတွက် ဂျတွေဝင်လာတယ်။ ဒါကသိပ်တော့ အရေးမကြီးပါဘူး။ ကျုပ်က ရေအောက် ထဲမှာပဲ နေရင်း အဲဒီရေတွေကို ပြန်ထုတ်ပစ်လို့ ရပါတယ်။

"ဒါဖြင့် ရှင် ဘယ်တော့လောက် ဆင်းငုပ်ဖို့ အဆင်သင့် ဖြစ်မှာလဲ"
ဆယ်လီ က မေးရ၊ ခရိတ်က-
"အခုပဲ အဆင်သင့် ဖြစ်နေပြီ"ဟု ပြန်ပြောလိုက်သည်။

တကယ်တော့ သူ၏စိတ်ထဲတွင်ကား ရေအောင်ထဲဆင်းငုပ်ခြင်းသည် အလွန်အန္တရာယ်များလှသဖြင့် ချောမော အောင်မြင် မည်ဟု တထစ်ချ တွက်၍ မရနိုင်ကြောင်း သူ၏ စိတ်ထဲတွင် သိနေလေသည်။

ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် အဘိုးကြီး ဗူဆာမန်ဇီအားပြုံးလျက် စကားကို ညင်သာစွာပြောလေသည်။
"ကျုပ်က ကျေးရွာသူရွာသားတွေကို ကျုပ်ရဲ့ သားသမီးတွေ လို သဘောထား တယ်ဆိုတာ ခင်ဗျား နားလည် စေချင်တယ်။ ကျုပ်တို့ ရှိနာဘာသာနဲ့ တွေ့ကရာရှစ်သောင်းပြောတာကို ကောင်းကောင်း နားမလည် ဘူး"

အဘိုးကြီး ဗူဆာမန်ဇီက ရည်မွန်စွာပြောသယောင် ပြောလိုက်သော်လည်း
သရော်သည့်လေသံပါနေလေရာ ဖွန်ဂါဘီယာ သည် စိတ်တိုလာလျက် သူ၏အနီးရှိ ရှိနာ တပ်ကြပ်ကြီးအား လှမ်းကြည့်လိုက်သည်။

"ဟော့.. စကားပြန်လုပ်မယ့်လူက ဘယ်မလဲကွ"
တပ်ကြပ်ကြီးက ရိုသေစွာ သူ၏စစ်သားများက စုရုံးခေါ်ယူထားသော ရွာသူရွာသားများရှိရာသို့ လျှောက် သွား လေသည်။ ပြောင်းခင်းများတွင် အလုပ်လုပ်သူများနှင့် တဲအိမ်များတွင်

ရှိနေသူများအား ရှိနာစစ်သား များက အတင်းဆွဲခေါ်လာခဲ့ခြင်းဖြစ်ပြီး ယောကျ်ားဆို၍ အဘိုးကြီး ဗူဆာမန်ဇီတစ်ဦး တည်းသာပါပြီး ကျန်လူများမှာ အမျိုးတမီးနှင့် ကလေးသူငယ် လူမမည်မအရွယ်များသာ ဖြစ်လေသည်။
အချို့ အမျိုးသမီးများဆိုလျှင် သက်ကြီးရွယ်အိုများဖြစ်လျက် အဘိုးကြီးဗူဆာမန်ဇီ နှင့် ရွယ်တူနီးပါး ဖြစ်နေ ကြသည်။ အမျိုးသမီးငယ်များကမူ သူတို့၏ ရင်သွေး
ငယ်များ ကို ကျောတွင် ပိုးလွယ်ထားကြသည်။

ကလေးသူငယ်များမှာကား အဝတ်အစာမပါ ဗလာကျင်းနေကြသည်။. ပြည့်ဖြိုး လှပသော ကိုယ်ခန္ဓာ ပိုင်ရှင် မိန်းမပျို များလည်း ပါလေသည်။ ဖွန်ဂါဘီရာသည် ထိုလုံမပျိုတို့အား ပြုံး၍ ကြည့်လေသည်။
သို့ရာတွင် မိန်းမပျိုလေးများနှင့်တကွ ကျန်လူများအားလုံးတို့က မျက်နှာထား တည် တည် နှင့် ဖွန်ဂါဘီရာ အား ပြန်ကြည့် နေကြသည်။
"အသင် မာတာဘယ်ဘီ ခွေးငယ်ကလေး များသည် ယနေ့ညနေ မတိုင်မီ တဝုတ် ဝုတ်နှင့် ဟောင်ကြ ဆူကြ ရပေဦးမည် "

ဖွန်ဂါဘီရာက သရော်သလို ပြောလိုက်ပြီးနောက် ရုရှဗိုလ်မှူးကြီး ရပ်စောင့်နေရာ သို့ ပြန်လျှောက် ခဲ့လေ သည်။
ဗိုလ်မှူးကြီးဘူခါ သည် စီးကရက်သောက်နေရာမှ သူ၏ ထင်မြင်ချက်ကို ပြောလေ သည်။

"ဒီအဘိုးကြီးက ခင်ဗျားဘာမှ မေးလို့ရမှာ မဟုတ်ဘူးဗျ။. သူက နာကျင်ခြင်းကို ခံရမှာတုန်လှုပ်မယ့်လူ မဟုတ်ဘူး။ သူ့မျက်လုံးတွေကိုပဲ ကြည့်တော့။ အလွန်အ ယူသီးပြီး ခေါင်းမာတဲ့ လူတစ်ယောက်ဆိုတာ ပေါ်လွင် ထင်ရှားနေတယ်"
"ဟုတ်ပါတယ်။ ဒါပေမဲ့ သူလည်းပဲ တကယ်နာကျင်တဲ့ ဝေဒနာ ခံစားရရင် ကြာရှည် ခေါင်းမာနိုင်မှာ မဟုတ်ဘူး "
ဖွန်ဂါဘီရာ သည် ပြောလိုက်ပြီးနောက် စိတ်မရှည်ဟန်နှင့် လက်ပက်နာရီကို ကြည့်လိုက်ပြန်သည်။

" ဤသို့အော်ငေါက်၍ မေးလိုက်ပြန်သည်။
သို့ရာတွင် နောက်ထပ် တစ်နာရီခန့်အကြာမှ စကားပြန်လုပ်မည့် မာတာဘယ် လီအကျဉ်းသား

ရောက်ရှိ လာလေသည်။ ထိုလူသည် ရှိုနာဘာသာစကားလည်း တတ်သူဖြစ်၍ အကျဉ်းစခန်းမှ
ခေါ်ထုတ်လာခဲ့ကြခြင်း ဖြစ်သည်။

လက်ထိတ်ခတ်လျက် ခေါ်လာကြလေရာ ဖွန်ဂါဘီရာသည် ထိုလူ၏ လက်ထိပ် ကို ဖြုတ်ပေးလိုက်ဂုန်
သူ၏ ရှိုနာ စစ်သားများ အား အမိန့်ပေးလိုက်သည်။
ထို့နောက် အဘိုးကြီး ဗူဆာမန်ဇီအား ကျေးရွာအလယ်ဗဟိုရှိ ကွက်လပ်သို့ ဆွဲခေါ်လာစေလေသည်။

ဖွန်ဂါဘီရာသည် အကျဉ်းသား (မာတာဘယ်လီ လူမျိုးအား) ရှိုနာဘာသာဖြင့် ညွှန်ကြားချက်
ပေးလေသည်။ သူက မေးသည့်မေးခွန်းကို အကျဉ်းသားက မာတာဘယ်လီဘာသာဖြင့် အဘိုးကြီး
ဗူဆာမန်ဇီအား မေးရမည် ဖြစ်ပြီး အဘိုး ကြီးက ပြန်ဖြေကြားသည်ကို ရှိုနာဘာသာဖြင့် ဖွန်ဂါဘီရာထံ
ပြန်၍ အစီရင်ခံရ မည် ဟု အမိန့်ပေး လိုက်သည်။
ယင်းသို့ ညွှန်ကြားပြီးနောက် ဖွန်ဂါဘီရာက စတင်မေးခွန်းထုတ်လေသည်။

"ကဲ... အဘိုးကြီးကို ပြောလိုက်စမ်း ငါဟာ သူ့အဖေပဲလို့"
မာတာလီ အကျဉ်းသားလည်း အဘိုးကြီးနှင့် အပြန်အလှန် ပြောလိုက်ပြီးနောက် ဗိုလ်ချုပ်
ဖွန်ဂါဘီရာထံ ပြန် အစီရင်ခံ လေသည်။
"ဗိုလ်မှူးခင်ဗျား အဘိုးကြီးက ပြောပါတယ်။ သူ့ဖခင်ဟာ လူသားတစ်ယောက် ဖြစ်ပါတယ်တဲ့။
တောခွေး တစ်ကောင် မဟုတ်ဘူးတဲ့"
ဖွန်ဂါဘီရာ သည် သူ့အား တောခွေးနှင့် နှိုင်းပြောခံရသည်ကို ဒေါသထွက်လာ လေသည်။

"ဟေ့ကောင် သူ့ကို ပြောလိုက်စမ်း။ ငါဟာ သူနဲ့တကွ သူတို့ ရွာသားတွေကို စိတ်စေတနာကောင်း
ထားခဲ့ သလောက် အခုတော့ အဘိုးကြီးကို ငါက အလွန်မကျေမနပ် ဖြစ်မိတယ်။
စိတ်လည်းဆိုးတယ်လို့ပြောလိုက်။ ငှါမှာ စိတ်အနောင့် အယှက် ဖြစ်တယ်"

"ဗိုလ်ချုပ်ခင်ဗျား အဘိုးကြီးဗူဆာမန်ဇီက ပြောပါတယ်။ သူ့ကြောင့် ဗိုလ်ချုပ်က စိတ်ဆင်းရဲခြင်း
ဖြစ်ဂုတယ် ဆိုရင် သူကတော့ အလွန်ကျေနပ် သဘောကျပါ တယ်တဲ့"
"အဘိုးကြီးဟာ ငါတို့နိုင်ငံတော်ရဲ့ ရန်သူလေးဦးကို အကာအကွယ်ပေးပြီး အစာ ရေစာ တွပါ ကူညီ

ထေက်ပံ့ နေတာ ငါသိတယ်လို့ ပြောလိုက်"
"နိုင်ငံတော် ရဲ့ ရန်သူတွေ ဝှက်ထားတာ လုံးဝမရှိပါဘူးလို့ ပြောပါတယ်"

"ကောင်းပြီ၊ အခု မင်းက ဟိုဘက်က ရွာသူရွာသားတွေကို ပြောလိုက်စမ်း။ ငါတို့က နိုင်ငံတော်ကို သစ္စာဖောက်သူတွေ ပုန်းနေတဲ့နေရာကို သိချင်တယ်လို့ ထပ်ပြောလိုက်။ အဲဒီလူတွေရှိရာနေရာကို ရွာသူ ရွာသား တွေက ငါတို့ကို လိုက်ပြမယ်ဆိုရင် ဘယ်သူမှ ထိခိုက်နစ်နာမှာ မဟုတ်ဘူးလို့ ပြောလိုက်"

မာတာဘယ်လီ အကျဉ်သား (စကားပြန်) က အမျိုးသမီးများဘက်သို့ လှည့်၍ မာတာဘယ်လီဘာသာဖြင့် ဖွန်ဂါဘီရာ ၏ စကားကို အသေးစိတ် ပြောပြလိုက် သည်။
သို့သော် အမျိုးသမီးများသည် ဘာမှပြန်မပြောဘဲ စကားပြန်လုပ်သူကိုသာ ပြူး ကျယ်သော မျက်လုံးများဖြင့် ပြန်ကြည့် နေကြသည်။
ထိုအခိုက် ကလေးငယ်တစ်ဦး ဟစ်အော်ငိုကြွေးလေရာ မိခင်ဖြစ်သူက ကလေး အား ကပျာကယာ ချော့မော့ရင်း နို့တိုက်လိုက်မှ ငြိမ်သွားတော့သည်။ ကျန်လူ အားလုံးသည် တစ်ခွန်းမှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေ၍သာ ငေးကြည့်နေကြလေသည်။

ဗိုလ်ချုပ်နာစစ်သားများသည် အဘိုးကြီး ဗူဆာမန်ဇီအား လက်ပြန်ကြိုးတပ်နှောင် လိုက်ပြီး စစ်သားတစ်ဦးက ကြိုးပေး သတ်ရန် ပြင်ဆင်သည့် အနေဖြင့် ကြိုးတစ် ဖက်၌ ကွင်းဖြစ်အောင် ပြုလုပ်လိုက်သည်။
ထို့နောက် ကြိုးစတစ်ဖက်ကို ပြောင်းဖူးသိုလှောင်သည့် စင်ကြီး၏ သစ်သားတန်း ကြီးပေါ်သို့ ပစ်တင် ချည်နှောင် လိုက်ပြီး ကွင်းပါသော ကြိုးတစ်ဖက်ကိုမူ အဘိုး ကြီး၏ လည်ပင်းတွင် စွပ်ထားလိုက်သည်။
ဗိုလ်ချုပ်ဖွန်ဂါဘီရာ သည် စကားပြန် အကျဉ်းသားအားပြောပြသည်။

"သည်လူတွေကို ရှင်းရှင်းနားလည်အောင် ပြောလိုက်စမ်း။ သူတို့အထဲက တစ်ယောက်ယောက်က သစ္စာဖောက် ကောင်တွေ ပုန်းအောင်းနေတဲ့နေရာကို လိုက်ပြမယ်ဆိုရင် အခုပေးမယ့် အပြစ်ဒဏ်ကို ချက်ချင်း ပယ်ဖျက်ရပ်ပစ်လိုက် မယ်လို့ ပြောလိုက် ယောကျ်းဆို၍ အဘိုးကြီး ဗူဆာမန်ဇီ

တစ်ဦးတည်းသာ ပါပြီး ကျန်လူများမှာ အမျိုးတမီးနှင့် ကလေးသူငယ် လူမမည်မအရွယ်များသာ ဖြစ်လေသည်။
အချို့ အမျိုးသမီးများဆိုလျှင် သက်ကြီးရွယ်အိုများဖြစ်လျက် အဘိုးကြီးဗူဆာမန် ဇီနှင့် ရွယ်တူနီးပါး ဖြစ်နေ ကြသည်။ အမျိုးသမီးငယ်များကမူ သူတို့၏ ရင်သွေး
ငယ်များ ကို ကျောတွင် ပိုးလွယ်ထားကြသည်။

ကလေးသူငယ်များမှာကား အဝတ်အစာမပါ ဗလာကျင်းနေကြသည်။. ပြည့်ဖြိုး လှပသော ကိုယ်ခန္ဓာပိုင်ရှင် မိန်းမပျိုများလည်း ပါလေသည်။ ဖွန်ဂါဘီရာသည် ထိုလုံမပျိုတို့အား ပြုံး၍ ကြည့်လေသည်။
သို့ရာတွင် မိန်းမပျိုလေးများနှင့်တကွ ကျန်လူများအားလုံးတို့က ၂က်နာထားတည် တည် နှင့် ဖွန်ဂါဘီရာ အား ပြန်ကြည့် နေကြသည်။
"အသင် မာတာဘယ်ဘီ ခွေးငယ်ကလေးများသည် ယနေ့ညနေမတိုင်မီ တဝုတ် ဝုတ်နှင့် ဟောင်ကြ ဆူကြရပေဦးမည် "
ဖွန်ဂါဘီရာ က သရော်သလို ပြောလိုက်ပြီးနောက် ရုရှဗိုလ်မှူးကြီး ရပ်စောင့်နေရာ သို့ ပြန်လျှောက်ခဲ့ လေသည်။

ဗိုလ်မှူးကြီးဘူခါသည် စီးကရက်သောက်နေရာမှ သူ၏ ထင်မြင်ချက်ကို ပြောလေ သည်။
"ဒီအဘိုးကြီး က ခင်ဗျားဘာမှ မေးလို့ရမှာ မဟုတ်ဘူးဗျ။. သူက နာကျင်ခြင်းကို ခံရမှာတုန်လှုပ်မယ့်လူ မဟုတ်ဘူး။ သူ့မျက်လုံးတွေကိုပဲ ကြည့်တော့။ အလွန်အ ယူသီးပြီး ခေါင်းမာတဲ့ လူတစ်ယောက်ဆိုတာ ပေါ်လွင် ထင်ရှား နေတယ်"
"ဟုတ်ပါတယ်။ ဒါပေမဲ့ သူလည်းပဲ တကယ်နာကျင်တဲ့ ဝေဒနာ ခံစားရရင် ကြာရှည် ခေါင်းမာနိုင်မှာ မဟုတ်ဘူး "
ဖွန်ဂါဘီရာ သည် ပြောလိုက်ပြီးနောက် စိတ်မရှည်ဟန်နှင့် လက်ပက်နာရီကို ကြည့်လိုက်ပြန်သည်။

" ဤသို့အော်ငေါက်၍ မေးလိုက်ပြန်သည်။
သို့ရာတွင် နောက်ထပ် တစ်နာရီခန့်အကြာမှ စကားပြန်လုပ်မည့် မာတာဘယ် လီအကျဉ်းသား ရောက်ရှိ လာလေသည်။ ထိုလူသည် ရှိနာဘာသာစကားလည်း တတ်သူဖြစ်၍ အကျဉ်းစခန်းမှ

ခေါ်ထုတ် လာခဲ့ကြခြင်း ဖြစ်သည်။

လက်ထိတ်ခတ် လျက် ခေါ်လာကြလေရာ ဖွန်ဂါဘီရာသည် ထိုလူ၏ လက်ထိပ် ကို
ဖြုတ်ပေးလိုက်ရန် သူ၏ ရှိုနာစစ်သား များအား အမိန့်ပေးလိုက်သည်။
ထို့နောက် အဘိုးကြီး ဗူဆာမန်ဇီအား ကျေးရွာအလယ်ဗဟိုရှိ ကွက်လပ်သို့ ဆွဲခေါ်လာစေလေသည်။
ဖွန်ဂါဘီရာသည် အကျဉ်းသား (မာတာဘယ်လီ လူမျိုးအား) ရှိုနဘာသာဖြင့် ညွှန်ကြားချက်
ပေးလေသည်။ သူက မေးသည့်မေးခွန်းကို အကျဉ်းသားက မာတာဘယ်လီဘာသာဖြင့် အဘိုးကြီး
ဗူဆာမန်ဇီအား မေးရမည် ဖြစ်ပြီး အဘိုး ကြီးက ပြန်ဖြေကြားသည်ကို ရှိုနာဘာသာဖြင့် ဖွန်ဂါဘီရာထံ
ပြန်၍ အစီရင်ခံရ မည် ဟု အမိန့်ပေးလိုက်သည်။
ယင်းသို့ ညွှန်ကြားပြီးနောက် ဖွန်ဂါဘီရာက စတင်မေးခွန်းထုတ်လေသည်။

"ကဲ... အဘိုးကြီးကို ပြောလိုက်စမ်း ငါဟာ သူ့အဖေပဲလို့"
မာတာလီ အကျဉ်းသားလည်း အဘိုးကြီးနှင့် အပြန်အလှန် ပြောလိုက်ပြီးနောက် ဗိုလ်ချုပ်
ဖွန်ဂါဘီရာထံ ပြန် အစီရင်ခံလေသည်။
"ဗိုလ်မှူး ခင်ဗျား အဘိုးကြီးက ပြောပါတယ်။ သူ့ဖခင်ဟာ လူသားတစ်ယောက် ဖြစ်ပါတယ်တဲ့။
တောခွေး တစ်ကောင် မဟုတ်ဘူးတဲ့"
ဖွန်ဂါဘီရာ သည် သူ့အား တောခွေးနှင့် နှိုင်းပြောခံရသည်ကို ဒေါသထွက်လာ လေသည်။

"ဟေ့ကောင် သူ့ကို ပြောလိုက်စမ်း။ ငါဟာ သူနဲ့တကွ သူတို့ ရွာသားတွေကို စိတ်စေတနာကောင်း
ထားခဲ့သလောက် အခုတော့ အဘိုးကြီးကို ငါက အလွန် မကျေမနပ်ဖြစ်မိတယ်။ စိတ်လည်း
ဆိုးတယ်လို့ ပြောလိုက်။ ငှါမှာ စိတ်အနောင့် အယှက် ဖြစ်တယ်"
"ဗိုလ်ချုပ်ခင်ဗျား အဘိုးကြီးဗူဆာမန်ဇီက ပြောပါတယ်။ သူ့ကြောင့် ဗိုလ်ချုပ်က စိတ်ဆင်းရဲခြင်း
ဖြစ်ဂုတယ်ဆိုရင် သူကတော့ အလွန်ကျေနပ် သဘောကျပါ တယ်တဲ့"
"အဘိုးကြီး ဟာ ငါတို့နိုင်ငံတော်ရဲ့ ရန်သူလေးဦးကို အကာအကွယ်ပေးပြီး အစာ ရေစသာတွေပါ
ကူညီ ထောက်ပံ့ နေတာ ငါသိတယ်လို့ ပြောလိုက်"
"နိုင်ငံတော် ရဲ့ ရန်သူတွေ ဝှက်ထားတာ လုံးဝမရှိပါဘူးလို့ ပြောပါတယ်"

"ကောင်းပြီ၊ အခု မင်းက ဟိုဘက်က ရွာသူရွာသားတွေကို ပြောလိုက်စမ်း။ ငါတို့က နိုင်ငံတော်ကို သစ္စာဖောက်သူတွေ ပုန်းနေတဲ့နေရာကို သိချင်တယ်လို့ ထပ်ပြောလိုက်။ အဲဒီလူတွေရှိရာနေရာကို ရွာသူရွာသား တွေက ငါတို့ကို လိုက်ပြမယ်ဆိုရင် ဘယ်သူမှ ထိခိုက်နစ်နာမှာ မဟုတ်ဘူးလို့ ပြောလိုက်"

မာတာဘယ်လီ အကျဉ်သား (စကားပြန်) က အမျိုးသမီးများဘက်သို့ လှည့်၍ မာတာဘယ်လီဘာသာဖြင့် ဖွန်ဂါဘီရာ၏ စကားကို အသေးစိတ် ပြောပြလိုက် သည်။
သို့သော် အမျိုးသမီးများသည် ဘာမှပြန်မပြောဘဲ စကားပြန်လုပ်သူကိုသာ ပြူး ကျယ်သော မျက်လုံးများဖြင့် ပြန်ကြည့် နေကြသည်။
ထိုအခိုက် ကလေးငယ်တစ်ဦး ဟစ်အော်ငိုကြွေးလေရာ မိခင်ဖြစ်သူက ကလေး အား ကပျာကယာ ချော့မော့ရင်း နို့တိုက်လိုက်မှ ငြိမ်သွားတော့သည်။ ကျန်လူ အားလုံးသည် တစ်ခွန်းမှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေ၍သာ ငေးကြည့်နေကြလေသည်။

ဗိုလ်ချုပ်နာစစ်သားများသည် အဘိုးကြီး ဗူဆာမန်ဇီအား လက်ပြန်ကြိုးတပ်နှောင် လိုက်ပြီး စစ်သားတစ်ဦးက ကြိုးပေးသတ်ရန် ပြင်ဆင်သည့် အနေဖြင့် ကြိုးတစ် ဖက်၌ ကွင်းဖြစ်အောင် ပြုလုပ်လိုက်သည်။
ထို့နောက်ကြိုးစတစ်ဖက်ကို ပြောင်းဖူးသိုလှောင်သည့် စင်ကြီး၏ သစ်သားတန်း ကြီးပေါ်သို့ ပစ်တင်ချည်နှောင်လိုက်ပြီး ကွင်းပါသော ကြိုးတစ်ဖက်ကိုမူ အဘိုး ကြီး၏ လည်ပင်းတွင် စွပ်ထားလိုက် သည်။
ဗိုလ်ချုပ်ဖွန်ဂါဘီရာ သည် စကားပြန် အကျဉ်းသားအားပြောပြသည်။

"သည်လူတွေ ကို ရှင်းရှင်းနားလည်အောင် ပြောလိုက်စမ်း။ သူတို့အထဲက တစ်ယောက်ယောက်က သစ္စာ ဖောက်ကောင် တွေ ပုန်းအောင်းနေတဲ့နေရာကို လိုက်ပြမယ်ဆိုရင် အခုပေးမယ့် အပြစ်ဒဏ်ကို ချက်ချင်း ပယ်ဖျက်ရပ်ပစ်လိုက် မယ်လို့ ပြောလိုက်"

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၃၉) အဆက် (၃)

စကားပြန်လုပ်သူလည်း အသံကိုမြှင့်၍ ကြိုးစားပြောလေသည်။
သို့ရာတွင် သူ၏ စကားမဆုံးသေးမီ အဘိုးကြီးဗူဆာမန်ဇီက အော်ပြောလိုက်သံသည်
ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။
" သင်တို့ထဲမှ မည်သူမဆို ရှိနာတိရွှာန်ကောင်အား စကားပြောဆိုမည်ဆိုပါက ထိုလူအား ငါသည်
ကျိန်ဆဲ ပါ၏။ သင်တို့အားလုံး ဆိတ်ဆိတ်နေကြရန် ငါအမိန့်ပေး၏။ ငှါးအား မည်သို့ပင်
ပြုလုပ်စေကာမူ လုံးဝ စကားမပြော ကြရန် ငါသတိပေး၏။ ငါ၏ အမိန့်ကို
လွန်ဆန်ဖောက်ဖျက်သူသည် ကျိန်စာသင့်ပါအံ့။ ဤကား ရေ တို့ကို လွမ်းမိုးနိုင်သော ငါ၏
တင်းကျပ်သော အမိန့်ပင် ဖြစ်၏။"

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် မျက်နှာထား တင်းမာလာကာ သူ၏ စစ်သည်များဘက်သို့ လှမ်း၍ ...
" ဟေ့ ... စလုပ်ကြတော့ " ဟု အမိန့်ပေးလိုက်သည်။
ရှိနာလူမျိုး တပ်ကြပ်ကြီးသည် အသင့်ကိုင်ထားသော ကြိုးစတစ်ဖက်ကို ခပ်တင်းတင်းဆွဲလိုက်ရာ
ကြိုးကွင်း က အဘိုးကြီး၏ လည်ပင်းတွင် ညှပ်လိုက်သလို တင်းကျပ်လာကာ အဘိုးကြီးသည်
မြေကြီးနှင့် ခြေနှစ်ဖက် ထောက်မိရုံ ဖြစ်သွားလေသည်။

နောက်ထပ်ကြိုးစကို ဆွဲလိုက်လျှင် အဘိုးကြီးသည် အပေါ်သို့ မြှောက်တက်သွားကာ သေဆုံးရတော့
မည် ဖြစ်သည်။
" ဟေ့ ... တော်တော့ ရပ်လိုက်ဦး "
ဖွန်ဂါဘီရာ က အမိန့်ပေးလိုက်သဖြင့် တပ်ကြပ်ကြီးက ကြိုးစတစ်ဖက်ကို ချည်နှောင်ထားလိုက်သည်။
ဖွန်ဂါဘီရာ သည် စကားပြန် အကျဉ်းသားအား အမိန့်ပေးလိုက်ပြန်သည်။

" လူတွေကိုပြောလိုက် အခုအချိန်မှာ သူတို့က ရှေ့ကို ထွက်လာပြီး ငါမေးတာကို ပြောဖို့
အချိန်ရှိသေးတယ်လို့ ပြောလိုက် "
စကားပြန်လည်း အမျိုးသမီးများ ရပ်နေရာသို့ လျှောက်သွားကာ တစ်ဦးချင်း ဖျောင်းဖျ ပြောဆိုကြည့်
လေ သည်။
သို့ရာတွင် အဘိုးကြီးရဲ့ ခြေထောက်တစ်ဖက်ကို ရိုက်ချိုးလိုက်စမ်း "

ဖွန်ဂါဘီရာ က အမိန့်ပေးလိုက်သည်တွင် ရှိနာတပ်ကြပ်ကြီးသည် သူ၏ ရိုင်ဖယ်သေနတ်ဒင်ဖြင့် အဘိုးကြီး၏ ခြေတစ်ဖက် ကို အကြိမ်ကြိမ် ရိုက်ချိုးလိုက်သည်။ တအား လွှဲရိုက်ခြင်းဖြစ်၍ အဘိုးကြီး၏ ခြေထောက်မှ အရိုးများ ကျိုးသည့် အသံကိုပင် ကြားနေရလေရာ အမျိုးသမီးအချို့က ဟစ်အော်ငိုကြွေး ကြလေသည်။
သို့သော် ဖွန်ဂါဘီရာက လူလေးယောက် ပုန်းအောင်းနေသော နေရာကို ပြောရန် ထပ်မံမေး၍ အမျိုးသမီး များက မပြောဘဲ နေကြပြန်သဖြင့် သူ၏တပ်ကြပ်ကြီးအား အဘိုးကြီး၏ နောက်ခြေတစ်ဖက်ကို ရိုက်ချိုး ခိုင်းလိုက် ပြန်သည်။

အဘိုးကြီး ဗူဆာမန်ဇီသည် မခံမရပ်နိုင်အောင် ပြင်းစွာနာကျင်ခြင်း ဝေဒနာကို ခံစားနေရသဖြင့် ရှုံ့မဲ့ နေရှာ လေသည်။ ခြေနှစ်ဖက်လုံး ကျိုးနေပြီဖြစ်၍ ခန္ဓာကိုယ်ကို ခြေထောက်များက ထောက်ကူ၍ မထားနိုင် သောကြောင့် လည်ပင်းမှ ကြိုးကွင်းသည် တင်းသည်ထက် တင်းကျပ်လာပြီဖြစ်သည်။

အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ဦး (အဘိုးကြီး၏ အကြီးဆုံး ဇနီး) သည် အမျိုးသမီးများမှ ထွက်လာကာ ဗူဆာမန်ဇီရှိရာသို့ ပြေးဝင်လာလေသည်။ စစ်သားများက ဟန့်တားမည်ပြုသောအခါ ဗိုလ်ချုပ် ဖွန်ဂါဘီရာက -
" ဟေ့ ... နေပါစေ၊ မင်းတို့ဘာသာ ကြည့်နေလိုက် " ဟု အမိန့်ပေးလိုက်သည်။

" မာတာဘယ်လီ ကြက်ဖအိုကြီး သေခါနီးမှာ သူ့ကြက်မကြီးက လာပြီး အလွမ်းသယ်တာကို မင်းတို့ ကြည့်ကြ ပေတော့။ ဟား ... ဟား "
ဖွန်ဂါဘီရာ က ရယ်လျက်ပြောရာ ရှိနာစစ်သားများလည်း ဝိုင်း၍ ရယ်မောကြလေသည်။

သို့ရာတွင် မကြာပါချေ။ အဘိုးကြီး ဗူဆာမန်ဇီသည် လည်ပင်း၌ စွပ်ထားသော ကြိုးကွင်းတင်းသည်ထက် တင်း လာပြီးနောက် အသက်ပျောက် သွားရှာလေတော့သည်။
ဖွန်ဂါဘီရာသည် ရုရှဗိုလ်မှူးကြီးရှိရာသို့ ပြန်လျှောက်လာရာ ဘူခါရင်က စီးကရက်တစ်လိပ်ကို မီးညှိရင်း အထင်မကြီး သလို ဟန်မျိုးဖြင့် -
" ခင်ဗျားရဲ့ နည်းက အလွန် အဆင့်အတန်း နိမ့်တယ်။ ဘာမှလည်း မထိရောက်ဘူး "ဟု ဝေဖန်လိုက်သည်။

" ထိရောက်တာတော့ သေချာပါတယ်ဗျ။ အမျိုးသမီးတွေရဲ့ မျက်နှာကိုပဲ ကြည့်ပေတော့ "
ဖွန်ဂါဘီရာ က ပြန်ပြောပြီးနောက် စကားပြန်အား -
" နိုင်ငံတော်ရဲ့ ရန်သူတွေ ဘယ်မှာပုန်းနေတယ်ဆိုတာ ပြောပြဖို့ ထပ်မေးလိုက်စမ်း " ဟု အမိန့်ပေး လိုက်ပြန် သည်။

စကားပြန်က ဘာသာပြန်ပြော၍ မဆုံးမီ မာတာဘယ်လီ အမျိုးသမီးကြီးသည် ဖွန်ဂါဘီရာရှိရာသို့ ပြေးလာပြီး မျက်နှာချင်းဆိုင်လိုက်သည်။
" ကျုပ်တို့ရဲ့ သခင်ကြီးဟာ ရှင်တို့မေးတာကို လုံးဝမဖြေဘဲ အသေခံသွားပြီ မဟုတ်လား။ သူက ကျုပ်တို့ကို လည်း အမိန့်ပေးလိုက်ပြီဖြစ်တယ် "
အဘွားကြီးက ရန်တွေ့သလို ပြောလေရာ ဖါန်ဂါဘီရာသည် အဘွားကြီး၏ ရင်ဘတ်သို့ သူ၏ လက်ကိုင် တုတ်ဖြင့် ခပ်ကြမ်းကြမ်း ထိုးလိုက်သည်။
အဘွားကြီးသည် ပုံလျက်သား လဲကျသွားရှာလေသည်။

ထို့နောက် ဖွန်ဂါဘီရာသည် အသက်အငယ်ဆုံး ကလေးမိခင်တစ်ဦးဆီသို့ လျှောက်သွားပြီး သူ၏လက်မှ ကလေးငယ် ကို အတင်းဆွဲယူလိုက်သည်။
ကလေးက ယောကျ်ားကလေးဖြစ်ပြီး မိခင်နို့စို့နေရာမှ ဆွဲယူခံလိုက်ရသဖြင့် အော်ငိုလေတော့သည်။
ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ကလေးငယ်အား ခြေထောက်မှကိုင်ကာ ဇောက်ထိုးဆွဲ၍ အသင့်ရှိနေသော မီးဖိုပေါ် တွင် မြှောက်ကိုင်ထားလိုက်သည်။

" နိုင်ငံတော်ရဲ့ ရန်သူတွေ ဘယ်မှာလဲဆိုတာ မေးစမ်း "
ဖွန်ဂါဘီရာက စကားပြန်မှတစ်ဆင့် မေးလိုက်သည်။
" အမျိုးသမီး က သူမသိဘူးလို့ ပြောပါတယ် ဗိုလ်ချုပ် "
စကားပြန်က အမျိုးသမီး၏ အဖြေကို ဘာသာပြန်ပြောရာ ဖါန်ဂါဘီရာလည်း ကလေးငယ်ကို မီးဖိုရှိ မီးတောက် မီးလျှံ များအနီးသို့ နှိမ့်ချလိုက်သည်။

စင်စစ်အားဖြင့် ဖါန်ဂါဘီရာသည် မိခင်တို့က မိမိရင်၌ဖြစ်သော ရင်သွေးငယ်အပေါ်ထားရှိသည့်

ကြီးမားသော မေတ္တာတရားကိုသိသဖြင့် အသုံးချလိုက်ခြင်းဖြစ်လေသည်။
ကလေးငယ်အား ဇောက်ထိုးဆွဲလျက် တဖြည်းဖြည်း မီးပုံပေါ်သို့ နှိပ်ချရာမှ စကားပြန်အား အမိန့်ပေး လိုက်ပြန် သည်။

" ဟော့ ... သူ့ကို ပြောလိုက်စမ်း၊ ငါက ဒီကောင်လေးကို အရှင်လတ်လတ် မီးကင်လိုက်ပြီး အဲဒီကလေးရဲ့ အသားကို သူကိုယ်တိုင် အတင်းစားစေမယ်လို့ ပြောလိုက် "
မိန်းကလေးသည် သူ၏သားငယ်ကို ပြန်လုယူရန် ကြိုးစားရာလေသည်။ သို့သော် ဖွန်ဂါဘီရာက လက်လှမ်း မမီသည့် နေရာသို့ ပြောင်းရွှေ့ကိုင်လိုက်သည်။

နောက်ဆုံးတွင် မိခင်သည် မိမိသားငယ်ကလေးဖြစ်အင်ကို မကြည့်ရက်တော့ချေ။
" လူလေးယောက် ပုန်းနေတဲ့နေရာကို လိုက်ပြပါတော့မယ်တဲ့ ဗိုလ်ချုပ် "
စကားပြန် က ပြန်ပြောလိုက်တော့မှ ဖွန်ဂါဘီရာသည် ကလေးငယ်အား မိခင်လက်သို့ ပြန်ပစ်ပေးလိုက် လေသည်။

အခန်း (၄၀)

ခရိတ်သည် ရေအောက် ပေလေးဆယ်ခန့်အနက်တွင် ရောက်ရှိနေပြီဖြစ်သည်။ သူ၏ ခန္ဓာကိုယ် ရေပေါ်သို့ ပြန်တက်မသွားစေရန် ကျောက်တုံးတစ်တုံးနှင့် ခိုင်မြဲစွာချည်နှောင်ထားလေသည်။
သူသည် လက်နိပ်မာတ်မီး၏ မှုန်ဝါးဝါးအလင်းရောင်နှင့်ပင် သင်္ချိုင်းဂူ၏ အနေအထားကို လေ့လာ စစ်ဆေးကြည့် နေသည်။ အင်္ဂတေကိုင်ထားသော အုတ်ဂူ၌ အလွယ်တကူ ဖောက်ဝင်နိုင်မည့် နေရာ ကိုလည်း စမ်းသပ်ရှာဖွေလျက်ရှိသည်။

ခိုင်ခဲ့သော အုတ်နံရံတစ်ခုသဖွယ် ဖြစ်နေသည့် သင်္ချိုင်းဂူ၏ အောက်ခြေတွင်ကား ထုံးကျောက်ကြီးများ အလွန် စိပ်စိပ် စီချထားသည်ကို သတိပြုမိလေသည်။
ဤဂူကို ပိတ်ဆို့ခဲ့သူ မှော်ဆရာကြီးနှင့်အဖွဲ့သည် အကြီးဆုံးကျောက်တုံးများကို ရွေးချယ်အသုံးပြုခဲ့ပုံ ရသော် လည်း အချို့ ကျောက်တုံးများက ခပ်ငယ်ငယ် ဖြစ်နေသည်ကို တွေ့ရလေသည်။

ရေအောက် ထဲ ကျောက်တုံးကြီးကြီး လိုသလောက်ရှာမရသဖြင့် ရရာကျောက်တုံးငယ်များကိုယူ၍ ပိတ်ဆို့ ခဲ့ဟန် တူပေသည်။ သို့သော် အသေးဆုံး ကျောက်တုံးက လူတစ်ယောက်၏ ဦးခေါင်းပမာဏခန့် ရှိလေ သည်။

ခရိတ်သည် အငယ်ဆုံး ကျောက်တုံးတစ်တုံးကို လက်ဖြင့် တွန်းဖယ်ပစ်ရန် ကြိုးစားကြည့်လေသည်။ သူ၏ လက်များ မှာ ရေထဲ ကြာရှည်နေရန် အလွန်နှနယ်နေလေရာ ကျောက်တုံးနှင့် ခိုက်မိပြီး ပွန်းရှလျက် သွေးစ အနည်းငယ် ထွက်လာလေသည်။

သို့သော် ရေထဲ ကြာရှည်နေရသဖြင့် ထုံကျဉ်နေသောကြောင့်ပဲလား မပြောတတ်။
နာကျင်ခြင်းဝေဒနာ မခံစားရချေ။
ထို့ကြောင့် ဆက်လက်ပြီး ကျောက်တုံးကို ကြိုးစားတွန်းဖယ်ကြည့်ရာ သူ၏ လက်မှ သွေးထွက်၍ ရေများ နီရဲနေရာမှ ရုတ်တရက် အရောင်အဆင်း ပြောင်းလာလေသည်။ မြေမှုန်များကြောင့် ပိတ်မှောင် လာလေ သည်။

ထိုအတောအတွင်း သူရှာရှိုက်နေသော အောက်ဆီဂျင်မာတ်က တစ်မျိုးဖြစ်လာသည်။ မာတ်ပြု ပြောင်းလဲ လာပုံ ရသည်။ ချောင်းဆိုးချင်လာသော်လည်း ချောင်းမဆိုးရဲဘဲ ချုပ်ထိန်းထားရသည်။ ချောင်းဆိုးလိုက်ပါက သူ၏ မျက်နှာတွင် တပ်ဆင်ထားသော ခေါင်းဆောင်းကိရိယာ ပြုတ်ထွက်သွားနိုင်သည့် အန္တရာယ် ရှိသောကြောင့် ပင် ဖြစ်သည်။
အရေးထဲ ရေက အလွန်အေးမြနေရာ ခိုက်ခိုက်တုန်အောင် ချမ်းနေပြန်သည်။ ထို့ပြင် ဤအတိုင်း ကြာရှည်ဆက်နေပါက အောက်ဆီဂျင်က အဆိပ်မာတ်ငွေ့ အဖြစ် မာတ်ပြုပြောင်းလဲသွားနိုင်သည့် အန္တရာယ် လည်း စိုးရိမ်ရပေသည်။

သို့ဖြစ်လင့်ကစား ခရိတ်သည် စိတ်ကို တအားတင်း၍ သချိုင်းဂူတွင်းသို့ ဝင်နိုင်အောင် ကျောက်တုံး များကို ကြိုးစား ဖယ်ရှား နေလေသည်။
ထိုအချိန်၌ သူ၏ စိတ်ထဲမှ အဘိုးကြီး ဗူဆာမန်ဇီ၏ ဘိုးဘေးဘီဘင်များအား ဤမျှ ခက်ခက်ခဲခဲ သချိုင်းဂူကို ပိတ်ဆို့ထားရကောင်းလားဟု ကျိန်ဆဲနေမိသည်။
နာရီဝက်ခန့် ကြိုးစားလိုက်သောအခါ သချိုင်းဂူကို ပိတ်ဆို့ထားသည့် နံရံမှ ကျောက်တုံး

အတော်များများ ဖယ်ရှားပြီးစီး သွားလျက် လူတစ်ယောက် ကျဉ်းကျသ်းကျပ်ကျပ် ဝင်သာရုံ အပေါက်တစ်ခု ဖြစ်လာလေ သည်။ သို့သော် ကျောက်တုံးများစီ၍ ပြုလုပ်ထားသည့် ဂူနံရံက ထုထည်မည်မျှရှိကြောင်းကို တိကျစွာ ခန့်မှန်း ၍ မရသေးချေ။

ခရိတ်သည် ကြာကြာဆက်၍ ရေအောက်ထဲ မနေနိုင်တော့သဖြင့် ခေတ္တာအပန်းဖြေရန် ဆုံးဖြတ်ကာ သူ၏ ကိုယ်နှင့် ဆွဲချည်ထားသော ကျောက်တုံးကို ကြိုးဖြုတ်လိုက်သည်။ သူ၏ ခန္ဓာကိုယ်လည်း လျင်မြန်စွာ ရေမျက်နှာပြင် သို့ တက်သွားလေသည်။

အပေါ်သို့ ရောက်သည်နှင့် အသင့်စောင့်နေသူ တွန်ဂါတာက ခရိတ်အား ကူညီတွဲခေါ်လေသည်။ တွဲမခေါ်၍ လည်း မဖြစ်တော့၊ ခရိတ်မှာ အလွန်ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ ရေအောက်ထဲ ကောင်းစွာ အသက်မရှူ ရသဖြင့် အားအင်ချည့်နဲ့နေသည့် အပြင် သူ၏ ကျောတွင် ပိုးလွယ်ထားသော ပစ္စည်းကိရိယာ၏ အလေးချိန် က ပင်ပန်းစေလေသည်။
တွန်ဂါတာသည် ခရိတ်၏ မျက်နှာတွင် စွပ်ထားသော ဦးခေါင်းဆောင်း (သဲခမောက်)ကို ဖြုတ်ပေးလိုက် သည်။ ဆာရာ ကလည်း လက်ဖက်ရည်အကြမ်းပူပူ ခပ်ကျကျ တစ်ခွက်ကို ခရိတ်အား တိုက်လေသည်။

ဆယ်လီ တစ်ယောက် ကောဟု ခရိတ်က မေးလိုက်ရာ တွန်ဂါတာက -
" အပေါ် ဂူခန်းမကျယ်ကြီးမှာ ကင်းစောင့်နေတယ် "ဟု ပြန်ပြောလေသည်။

ခရိတ်သည် လက်ဖက်ရည် ထည့်ထားသော မတ်ခွက်ကိုကိုင်ကာ ဖြည်းဖြည်းချင်း သောက်ရင်း မီးဖိုနား ဆီသို့ တိုးသွားပြီး မှ ရေအောက်မှ အတွေ့အကြုံကို ပြောပြလေသည်။
" ကျုပ် က သခ္ဓိုင်းဂူရဲ့ နံရံမှာ အပေါက်ငယ်တစ်ခု ဖောက်လိုက်ပြီးအတွင်းကို သုံးပေလောက်အထိ ဝင်နိုင်ပြီ ဖြစ်တယ်။ ဒါပေမဲ့ နောက်ထပ် ဘယ်လောက်ဝေးဝေး သွားရဦးမယ်ဆိုတာ မပြောနိုင်သေးဘူး။ တစ်ခုတော့ လိုအပ် တယ်။ ကျုပ်က စိန်ရတနာတွေ ရှာလို့တွေ့ပြီ ဆိုပါတော့။ အဲဒါတွေထည့်ပြီး သယ်ယူလာဖို့ ထည့်စရာ တစ်ခုခု ယူသွားမှ ဖြစ်မယ်။

မူလက စိန်တွေ ထည့်ထားတဲ့ ဘီယာအိုးဆိုတာက သိတဲ့အတိုင်းပဲ အလွန်ကွဲရှလွယ်တယ်။

တစ်ချိန်တုန်းက အယ်ဆူရှာဆိုတဲ့ လူကြီးတောင် အိုးတစ်လုံး ခွဲမိခဲ့သေးတယ် မဟုတ်လား။ ဒါကြောင့် ကျုပ်ကိုယ်တိုင် လက်ဆွဲ ထိုင်ခုံ အဖုံးတွေနဲ့ လုပ်ထားတဲ့ အိတ်တွေကို ဒီတစ်ခေါက် ဆင်းငုပ်ရင် ယူသွားမှဖြစ်မယ်။ နောက်ပြီး အချိန်စေ့လို့ ဆာရောက အပေါ်ကိုတက်ပြီး ကင်းစောင့်တာဝန် အလှည့်ယူတဲ့အခါ ဆယ်လီကို ဒီကို လွှတ်လိုက် စေချင်တယ်"

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘော့ အခန်း (၄၀) အဆက် (၁)

မီးလုံးပြီး လက်ဖက်ရည်ပူပူ သောက်လိုက်ရသောကြောင့် အအေးသက်သာလာပြီ ဖြစ်လင့် ကစား ခရိတ်သည် ဦးခေါင်းထဲမှ နာကျင်ခြင်းဝေဒနာကို ခံရလေသည်။ခေါင်း အလွန်ကိုက် သလို ဖြစ်လာသည်။
အမှန်တော့ ဤသို့ဖြစ်ရခြင်းသည် ရေအောက်တွင် ပရက်ရှာ (ဖိအား) များသော အောက်ဆီဂျင်ဓာတ်ကို ရှူရှိုက် ရသဖြင့် အောက်ဆီဂျင်မှ အဆိပ်ဖြစ်လာခြင်း၏ဒဏ်ပင် ဖြစ်ကြောင်း ခရိတ်က ရိပ်မိလေသည်။

ထို့ကြောင့် နာကျင်ခြင်း သက်သာစေရန် အကိုက်အခဲပျောက် ဆေးပြားသုံးပြားကို လက်ဖက် ရည်ပူပူဖြင့် သောက်ချ လိုက်သည်။
ဆေး၏ အာနိသင်ပြလာသည့်တိုင်အောင် စောင့်ဆိုင်းနေရင်း ခရိတ်သည် သူ့ကိုယ်သူပြန်၍ ဝေဖန်သုံးသပ် ကြည့်မိလေသည်။ သူသည် အလွန်အေးသော ရေအောက်ထဲသို့ နောက်တစ်ကြိမ် ဆင်းငုပ်ရန် အတတ်နိုင်ဆုံး အချိန်ဆွဲထားချင်စိတ်ဖြစ်ပေါ်နေကြောင်း သုံးသပ်မိလေသည်။ တွန်ဂါတာ ကခရိတ်အား သေချာစွာ အကဲခတ်ကြည့်နေလေသည်။

ခရိတ်သည် သူ့အား တွန်ဂါတာ ကြည့်နေပုံမှာ နောက်ထပ် ရေဆင်းငုပ်နိုင်ပါမည်လောဟု စိန်ခေါ်နေသလို ဖြစ်နေသည်ဟု ယူဆလျက် ရုတ်တရက် မတ်တတ်ထလိုက်ပြီး သူ၏ကိုယ်မှ အနွေးအင်္ကျီထူထူကို ချွတ်ပစ် လိုက်သည်။
"ကိုင်း---လာ--သွားကြစို့။ ကျုပ် ရေပြန်ငုပ်ဦးမယ်။

ခရိတ်က ပြောလိုက်လျှင် တွန်ဂါတာလည်း အောက်ဆီဂျင် ကိရိယာကို ခရိတ်၏ကိုယ်တွင် ကူညီ

တပ်ဆင် ပေးလေသည်။
နောက်မိနစ်အနည်းငယ်အတွင်း အလွန်အေးမြသော ရေထဲသို့ ဆင်းရပြန်လေရာ ခရိတ်သည် အလွန်ချမ်းနေသော်လည်း သူ့စိတ်ကို ကြိုးစားတင်း၍ ဆင်းငုပ်သွားလေသည်။ သူသည် ရေထဲသို့ မဆင်းမဖြစ်၍ ဆင်းလိုက်ရသော်လည်း စိတ်အတော့် တုန်လှုပ်ချောက်ချားနေမိလေသည်။

ဘုရင်လိုဘင်ဂူလာ၏ ရေအောက်သချိုင်းဂူကိုလည်း အာဖရိကတိုက် ရိုးရာရှေးဟောင်း ဒဏ္ဍာရီထဲ မှ ကြောက်မက်ဖွယ် သတ္တဝါကြီးတစ်ကောင်က လာသမျှကိုစားမျိုပစ်ရန် ပါးစပ်ကြီးဟထားသည်ဟု စိတ်ကူးယဉ် မြင်ယောင်မိလေသည်။

ခရိတ်သည် ရေငုပ်သွားပြီး သချိုင်းဂူအနီးသို့ ရောက်သွားသောအခါ ယခင်က နည်းတူ သူ၏ ကိုယ်ကို ရေပေါ်သို့ ပြန်ကြွမတက်စေရန် လေးလံသော ကျောက်တုံးကြီးတစ်ခုနှင့် ခိုင်မြစွာ ချည်နှောင်ကာ သင်းဘော် မှာ ကျောက်ဆူးချသလို ပြုလုပ်ထားလိုက်သည်။
ပထမ တစ်ခေါက်တုန်းက ကျောက်စအပဲ့များ၊ မြေမှုန်များ ထနေခြင်းသည် ငြိမ်သက်သွားပြီး ရေသည် ပြန်၍ကြည်လင်လာပြီ ဖြစ်သည်။ ထို့ကြောင့် ခရိတ်သည် သူ၏ လက်နှိပ်ဓါတ်မီး အလင်းရောင်တွင် သချိုင်း ကို ကောင်းစွာ မြင်နေရလေသည်။

သို့သော် အချိန်မရွေး မြေမှုန်များ ၊ ရွှံ့တုံးများ လှုပ်ရှားထကြွပြီး လုံးဝ မမြင်ရနိုင်သည့် အခြေအနေ ပြန်ဖြစ်လာနိုင်သည်ကို စိုးရိမ်ရလေသည်။
အရေးထဲ ခရိတ်သည် စိတ်ကျဉ်းကျပ်သလို မူးချင်သလို ဖြစ်လာလေသည်။ အလွန် ကျဉ်းမြောင်းသော အခန်းငယ်တစ်ခုအတွင်း ပိတ်လှောင်ခံရ၍ စိတ်ကျဉ်းကျပ်ပြီး နေရထိုင်ရခက်သလို ဖြစ် လာလေသည်။
မည်သို့ပင်ဖြစ်စေ လုပ်စရာရှိသည်ကိုတော့ ဆက်လုပ်မှ ဖြစ်မည်ဟု ဆုံးဖြတ်ကာ ခရိတ်သည် သချိုင်းဂူမှ ထုံးကျောက်တုံး များကို ဆက်လက်၍ဖယ်ရှားပစ်ရန် ကြိုးစားလေသည်။ ကျောက်တုံး များ ဖယ်ရှား ပစ်လိုက်သည်နှင့် အောက်ခြေမှ မြေကြီးမှုန်စများကြွတက်လာကာ ရေသည် နောက် ကျိသွားပြန်လေသည်။
ခရိတ်သည် သူ၏ လက်နှိပ်ဓါတ်မီးကို ပိတ်ပစ်လိုက်ပြီး မှောင်ထဲမှာပင်ဆက် အလုပ်လုပ်လေသည်။

ယခုဆိုလျှင် သူသည် ရေမျက်နှာပြင်ပေါ်ရှိ လူအများနှင့် အဆက်အသွယ်ဆို၍ သူ၏ ခါးတွင် ချည်နှောင်ထားသော အချက်ပြ ကြိုးသာလျှင် ရရှိတော့သည်။ ယင်းကြိုးကပင်လျှင် သူ၏စိတ်တုန်လှုပ်ချောက်ချားမှုကို အနည်းငယ် သက်သာစေလေသည်။
မိနစ်နှစ်ဆယ်ခန့်ကြာသော် သူ၏ ခေါင်းထဲ ပြင်းစွာ ကိုက်ခဲလာလေသည်။ မူးနောက်နောက် ဖြစ်ရာမှ သတိမေ့ချင် သလိုလည်း ဖြစ်လာသည်။ ငါတော့ နောက်ထပ်ဆယ်မိနစ်ခံနိုင်မှာ မဟုတ် ဘူး ဟုလည်း စိတ်ပျက်စွာ နှင့် သုံးသပ်မိသည်။

သို့သော် နောက်ထပ် ငါးမိနစ်ခန့် သတိမမေ့အောင် ကြိုးစား၍ သတိထားနေမည်ဟု ဆုံးဖြတ်လိုက် သည်။
ခရိတ်သည် သူ၏ခန္ဓာကိုယ်ကို ဂူတွင်းသို့ ဝင်သည့်ဝင်ပေါက်ထဲ တိုးဝင်ကြည့်ရာ အောက်ဆီဂျင်ထည့် သော သံမဏိဘူးနှင့် ကျောက်တုံးတစ်တုံး ထိမိပြီး ခေါင်းလောင်းတီးသလို အသံမြည်သွားလေသည်။ မျက်စိက ဘာမှမမြင်ရသဖြင့် ခရိတ်သည် လက်ဖြင့် စမ်းကြည့်ရာ တြိဂံပုံသဏ္ဌာန် (ထောင့်များ ချွန်ထက်နေသော) ကျောက်တုံးကြီးတစ်တုံးကို စမ်းမိလေသည်။

သူသည် ထိုကျောက်တုံးကြီးကို အတင်း တွန်းဖယ်ပစ်ရန် ကြိုးစားရာ နနယ်သော သူ၏ လက်များ သည် ကျောက်တုံး၏ အချွန်အတက်များနှင့် ခိုက်မိပြီး ပြင်းစွာ နာကျင်သွားလေသည်။ ပါးစပ်က အသံ ထွက်အောင် ဟစ်အော်ပြီး ညည်းညူလိုက်ချင်ပါသော်လည်း ရေအောက်ထဲဖြစ်နေ၍ အော်ရန်လည်း မဖြစ်ချေ။
လက်များ နာကျင်လျက်နှင့်ပင် ခရိတ်သည် ကျောက်တုံးကြီးကို ဆက်လက် တွန်းဖယ်လေသည်။

နောက်ဆုံးတွင် ကျောက်တုံးကြီး လိမ့်ထွက်သွားပြီး ဘေးပတ်ပတ်လည်မှ အင်္ဂတေအစအနများ မြေမှုန့်များ ဖွာကြဲသွားကုန်လေသည်။
"တော်လောက်ပြီ၊ ငါ ရေပေါ်ပြန်တက်မှ ဖြစ်ချေတော့မည်" ဟု ဆုံးဖြတ်လျက် ခရိတ်သည် နောက်ပြန် ဆုတ်ထွက်ရာ အံ့အားသင့်သွားမိလေသည်။ သူ၏ လက်နှင့် ခန္ဓာကိုယ်သည် အစိုင်အခဲထုထည် ဘာမျှ မထိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်ကို အံ့ဩစွာ သိရလေသည်။

လက်ဖြင့် ထပ်မံ၍ စမ်းကြည့်သော်လည်း ဘာကိုမျှ မစမ်းမိချေ။ သည်တော့မှ သူသည် အဖြစ်မှန်ကို

စဉ်းစား သဘောပေါက်မိတော့သည်။ ဘုရင်၏ သခ္ဓိုင်းဂူအတွင်းဘက်ကို ကာဆီးသော နံရံကြီး ပြိုကွဲ ပျက်စီး သွားပြီ ဖြစ်၍ ဟာလာဟင်းလင်း ဖြစ်နေသည်ပါတကားဟု စဉ်းစားမိလေသည်။

ဤတွင် အာဖရိက တိုင်းရင်းသားတို့ ရှေးအစဉ်အဆက်က ယုံကြည်ပြီး
ထိတ်လန့်တုန်လှုပ်တတ်သော အယူသီးမှုတစ်ခုကို ခရိတ်၏ စိတ်ထဲမှ ခံစားမိလေသည်။
တစ်ဖန် အပေါ်ဘက်သို့ စမ်းကြည့်လိုက်သောအခါ၊ ၏ အမိုးမျက်နှာကြက်ကို စမ်းမိလေသည်။
သို့သော် မျက်စိက ဘာမှ မမြင်ရသဖြင့် မျက်ကန်းတစ်ယောက်လို ရမ်းသမ်းစမ်းနေရလေသည်။
မကြာမီ သူသည် ရေမရှိသော ကျောက်ဂူ၏ တစ်နေရာ (ကျောက်ဖျာလို ဖြစ်နေသောနေရာ)ကို
စမ်းမိရာ ကြိုးစား၍ ထိုကျောက်ပြား ပေါ်သို့ တွယ်တပ်လိုက်သည်။

ရေအောက်ထဲမှ ရေမမရှိသော ကျောက်ဖျာတစ်ခုပေါ်သို့ ထူးဆန်းစွာ ရောက်သွားခြင်းပင် ဖြစ်သည်။
သူသည် မျက်နှာမှ ခေါင်းဆောင်းကိုရိယာကို ချွတ်ပစ်လိုက်ပြီး လေကို အားရပါးရ
ရှူရှိုက်လိုက်သည်။
ထိုအချိန် ခါးတွင် ချည်ထားသော ကြိုးကို အပေါ်မှ တွန်ဂါတာကာ ခြောက်ကြိမ်ဆက်၍ တုံ့ဆွဲအချက်
ပေးလိုက်သည်။ ယင်းအချက်ပေးခြင်း၏ အဓိပ္ပာယ်က
"ရေအောက်မှာ အခြေအနေ ဘယ်လိုလဲ၊ အိုကေရဲ့လား" ဟု မေးလိုက်သည့် သဘောပင် ဖြစ်သည်။
ခရိတ်ကလည်း အသက်ရှင်လျက်ရှိနေကြောင်း ပြန်၍ အချက်ပေးလိုက်သည်။

ထို့နောက် သူသည် လက်နှိပ်မာတ်မီးကို ပြန်ထိုးလျက် မှုန်ဝါးဝါး အလင်းရောင်တွင်
ဘေးပတ်ဝန်းကျင် ကို လှည့်ပတ် ကြည့်ရှုလေသည်။
တစ်ချိန်က ဗူဆာမန်ဇီ၏ ဘိုးဘေးဘီဘင်များ (မော်ဆရာကြီးများ)က လိမ္မာပါးနပ်စွာ ထွင်းထားသော
ရေအောက်လှို့ဝှက်တစ်နေရာဖြစ်ပြီး ထိုနေရာမှတစ်ဆင့် အပေါ်သို့တက်ရန် သစ်သားလှေကား
ဟောင်းတစ်ခုကိုလည်း တွေ့ရလေသည်။

ခရိတ်သည် ထိုလှေကားက သူ၏ ကိုယ်ခန္ဓာအလေးချိန်ကို ခံနိုင်ရည် ရှိမရှိ စမ်းသပ်ကြည့်လေသည်။
အနည်းငယ် ဆွေးနေသော်လည်း လှေကားကား ကိုယ်၏ အလေးချိန်ကို ခံနိုင်ကြောင်း တွေ့ရှိရလေ
သည်။

ထိုအချိန်၌ ခရိတ်သည် အလွန်မောပန်းလျက်ရှိနေရာ ခေတ္တ အနားယူနေရန် ဆုံးဖြတ်လျက် မျက်လုံးနှစ်ဖက်ကို မှိတ်ကာ ငြိမ်နေလိုက်သည်။
ထိုအချိန် မှာပင် သူ၏ ခါးကြိုးကို အပေါ်မှ သုံးချက် လျင်မြန်စွာ ဆင့်ဆွဲလိုက်သည်။

ယင်းသို့ သုံးချက်ဆင့်ဆွဲခြင်းမှာ အရေးတကြီး အပေါ်သို့ ပြန်တက်လာရန် ခေါ်လိုက်သည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ အန္တရာယ် တစ်စုံတစ်ရာ နီးကပ်နေကြောင်း ကြိုတင်သတိပေးလိုက်သည့် သဘောလည်း ဖြစ်သည်။ ခရိတ်အား တွန်ဂါတာက အရေးတကြီး ပြန်ခေါ်နေလေပြီ။
ထို့ကြောင့် ခရိတ်လည်း သူ့အား ရေမျက်နှာပြင်ပေါ်သို့ ပြန်ဆွဲတင်ရန် အချက်ပေးလိုက်သည်။

သူသည် မျက်နှာဖုံးခေါင်းဆောင်းကို ပြန်လည် တပ်ဆင်လိုက်ပြီးနောက် ချက်ချင်းလိုပင် အပေါ်မှ တွန်ဂါတာ က လျင်မြန်စွာ ခရိတ်အား ရေပေါ်သို့ ဆွဲတင်လေသည်။

မာတာဘယ်လီ အမျိုးသမီး ကလေးအမေအား သူ၏ ရင်သွေးငယ်ကို ပြန်ပေးထားလိုက်သော်လည်း သူမ၏ လက်တစ်ဖက်ကို တတိယတပ်မဟာမှ တပ်ကြပ်ကြီးနှင့်တွဲ၍
လက်ထိတ်ခတ်ထားလိုက်သည်။ အမျိုးသမီး ထွက်မပြေးနိုင်အောင် ဖမ်းဆီးထားလိုက်သည့် သဘောပင် ဖြစ်သည်။
ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် တွန်ဂါတာနှင့် ခရိတ်တို့အား လျင်မြန်စွာ လိုက်လံ ဖမ်းဆီးနိုင်ရန် ရဟတ်ယာဉ်ကို အသုံးပြုရန် စိတ်ကူးမိလေသည်။ သို့သော် နောက်ဆုံးတွင် ခြေကျင်ပင်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဤသည်မှာလည်း အကြောင်း ရှိပေသည်။ တွန်ဂါတာနှင့် ခရိတ်တို့သည် အလွန်အကင်းပါးသူများဖြစ်၍ ရဟတ်ယာဉ်နှင့် လိုက်ပါက အင်ဂျင်စက်သံနှင့် ပန်ကာဒလက်မြည်သံကို ကြားရုံနှင့် မိမိတို့မှန်းသိကာ လျင်မြန်စွာ တိမ်းရှောင်ထွက်ပြေးသွားမည် ဖြစ်လေသည်။

မိမိတို့နောက်မှ လိုက်လာကြောင်း လုံးဝ မရိပ်မိစေရန် အရေးကြီးသဖြင့် ရဟတ်ယာဉ်ကို မသုံးဘဲ ခြေကျင် သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။
လူအင်အားကိုလည်း အမြောက်အများ မသုံးဘဲ ထိန်းနိုင်းသိမ်းနိုင်ရုံ လက်ရွေးစင် တပ်သားနှစ်ဆယ်

သာ ရွေးခေါ်လေသည်။
စစ်သည်များကိုလည်း တစ်ဦးချင်း အသေးစိတ် ညွှန်ကြားလေသည်။

"မင်းတို့ကို ငါအတိအကျ ပြောထားမယ်၊ လူလေးယောက်အနက် မာတာဘယ်လီလူမျိုးကို အရှင်ဖမ်းရမယ်။ ဘယ်နေရာပဲဖြစ်ဖြစ် မင်းတို့ရဲ့ အသက်အန္တရာယ်ရှိရင်တောင်မှ မသတ်ရဘူး။ ဒီလူကို ငါက အရှင်ဖမ်းချင်တယ်။ အဲဒါ မင်းတို့ အားလုံး မြဲမြဲ မှတ်ထားကြ။

ဖွန်ဂါဘီရာ၏ အစီအစဉ်မှာ တွန်ဂါတာတို့ လူစုရှိသည့်နေရာသို့ ရောက်သည်နှင့် ရဟတ်ယာဉ်သို့ ရေဒီယိုဖြင့် ဆက်သွယ်ရန်ပင် ဖြစ်သည်။ ထိုအခါ တတိယတပ်မဟာမှ စစ်သည်အင်အား သုံးရာတို့သည် ရန်သူရှိရာ ပတ်ပတ်လည်တွင် ဝိုင်းထားလိုက်ပြီး မည်သူမှ ထွက်မပြေးနိုင်အောင် တားဆီးကြရမည် ဖြစ်လေ သည်။
သို့နှင့်ပင် ဗိုလ်ချုပ် ဖွန်ဂါဘီရာ ခေါင်းဆောင်လျက် သူတို့သည် ခရိတ်နှင့် တွန်ဂါတာတို့နောက်သို့ အမဲလိုက် သလို လိုက်ကြလေတော့သည်။

အားလုံး ခြေလှမ်းသွက်သွက်သွားကြလေရာ မာတာဘယ်လီ အမျိုးသမီးကလေးအမေခမျာ မြန်မြန်မလိုက်နိုင်ရှာသော်လည်း ရှိုနာလူမျိုး တပ်ကြပ်ကြီးက အတင်းပင် ဆွဲခေါ်သွားလေသည်။
သူမသည် မိမိတို့လူမျိုး၏ လှုပ်ရှားမှုကိုဖော်ထုတ်သစ္စာဖောက်မိသည့်အတွက် အလွန်စိတ်မကောင်း ဖြစ်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုကြွေးရင်း လိုက်ပါခဲ့ရှာလေသည်။
"ကျေးဇူးကာ လူတွေဟာ ဟိုလူလေးယောက်ကို မှန်မှန်ရိုက္ခာပစ္စည်းတွေ ပေးနေတာ သေချာတယ်ဗျ။ အခု ကျုပ်တို့ သွားနေတဲ့ လူသွားလမ်းရဲ့ အခြေအနေကို ကြည့်ရုံနဲ့ လူတွေ ဒီလမ်းက မကြာခဏ လျှောက်သွား တယ်ဆိုတာ သိသာထင်ရှားနေတယ်"

ဖွန်ဂါဘီရာက ဗိုလ်မှူးကြီးအား ပြောလိုက်ရာ ဘူခါရင်သည် ဘေးပတ်ဝန်းကျင်ရှိ တောင်ကုန်များကို လှမ်းကြည့်လိုက်သည်။
"ဒီနေရာက ချုံခိုတိုက်ခိုက်ခံရမှာ စိုးရိမ်ရတယ်။ ဒီလူလေးယောက်အပြင် ထွက်ပြေးသွားတဲ့ အမျိုးသား အချို့ သူတို့နဲ့ အတူရှိချင် ရှိနေနိုင်တယ်။"
"ချုံခိုတိုက်မယ်ဆိုရင်လည်း သူတို့နဲ့ တိုက်ရိုက်တွေ့ရမှာမို့ ကျုပ်တော့ သဘောကျတယ်"

ဖွန်ဂါဘီရာက ပြောလိုက်ရာ ရုရုဗိုလ်မှူးကြီး ဘူခါရင်သည် ဘာမှ ဆက်မပြောသော်လည်း စိတ်ထဲမှ သဘောကျ ကျေနပ်သွားမိသည်။
ဇင်ဘာတွေနိုင်ငံတွေ သူရွေးချယ်လိုက်သော တိုင်းရင်းသား ခေါင်းဆောင်သည် တကယ် လိုလား အပ်သူတစ်ယောက်ပေကား။ ဖွန်ဂါဘီရာသည် မိုက်ရူးရဲတစ်ယောက်ဖြစ်၍ မိမိတို့ လိုလားသည့် အတိုင်း တကယ်ပင် လုပ်ရဲကိုင်ရဲရှိသူ တစ်ယောက်ပင် ဖြစ်သည်။

ယခု အတိုင်းဆိုလျှင် ပြည်တွင်းရေးအခြေအနေ အနည်းငယ်သာ ပြောင်းလဲလာရန် လိုတော့သည်။ ထိုအခါ မိမိတို့၏ အထက်အာဏာပိုင်များ (မော်စကိုမြို့မှ ပုဂ္ဂိုလ်များ)အနေဖြင့် အာဖရိကအလယ်ပိုင်း တွင် လွှမ်းမိုးနိုင်ရေးအတွက် ခြေကုပ်ရရန် သေချာသလောက် ဖြစ်နေပေပြီ။ သို့သော် တစ်ခုတော့ ရှိသည်။ မိမိတို့ လိုအပ်ချက် ပြည့်ဝပြီးလျှင်ကား ဖွန်ဂါဘီရာဆိုသူအား အထူး သတိထားကြည့်ရန် လိုမည် ဖြစ်သည်။ သူသည် မိမိတို့ လိုသလို ကြိုးဆွဲရာ ကမည့်ရုပ်သေးလို သာမန် ပြောက်ကျား ခေါင်းဆောင်တစ်ယောက် မဟုတ်၊ အတွင်းစိတ်ထားက နက်ရှိုင်းပြီး ခန့်မှန်းရခက်သူ ဖြစ် သည်။

ထို့ကြောင့် ဖွန်ဂါဘီရာ၏ တကယ့်ရည်မှန်းချက်က ဘာဖြစ်သည်ကို လေ့လာစုံစမ်းရန် လိုအပ်သည်။ ယင်းသို့ လေ့လာစုံစမ်းရန် မိမိပင် တာဝန်ယူရမည် ဖြစ်သည်။
ဘူခါရင်အနေဖြင့် ဗိုလ်ချုပ် ဖွန်ဂါဘီရာအား အနီးကပ် လေ့လာစုံစမ်းထောက်လှမ်းရမည်ကိုပင် ကျေနပ် သဘောကျ မိလေသည်။
ဤသို့ ဆင်ခြင်သုံးသပ်ရန် ရုရုဗိုလ်မှူးကြီး ဘူခါရင်သည် ဖွန်ဂါဘီရာ၏ နောက်မှ လိုက်လျောက်လေ သည်။ တွန်ဂါတာ အနားရှိ မာတာဘယ်လီခေါင်းဆောင်အား အမဲလိုက်သလို လိုက်ရခြင်းကိုလည်း တောလိုက် ဝါသနာ ပါသူအနေဖြင့် ကျေနပ်သဘောကျနေမိလေသည်။

သူ၏ စိတ်ထဲမှ နောက်တစ်ခု သိနေသည်ကား မာတာဘယ်လီခေါင်းဆောင်ကို ဖမ်းမိရုံနှင့် မိမိတို့ အမဲလိုက်ခြင်း သည် ကိစ္စမပြီးဆုံးသေးဟူ၍ပင် ဖြစ်သည်။
မိမိတို့အနေဖြင့် နောက်ထပ် သားကောင်တစ်ကောင်အား ဆက်လိုက်ရဦးမည် ဖြစ်သည်။
ယင်းသားကောင် သည် အလွန်လျင်မြန်ပါးနပ်သဖြင့် အထူးဂရုစိုက်၍ လိုက်ရမည် ဖြစ်သည်။

ဘူခါရင် သည် ရှေ့မှ လျှောက်သွားနေသူ ဖွန်ဂါဘီရာ၏ ဦးခေါင်းနောက်စေ့ကို ကြည့်ရင်း ပြုံးနေလိုက်သည်။

သူ့အနေဖြင့် နှစ်ပေါင်းများစွာ ရုရှထောက်လှမ်းရေးတွင် အမှုထမ်းခဲ့ခြင်းသည် ယခုတော့ အလွန်ကျေနပ် အားရ ဖွယ်ရာ အဆုံးသတ်ရတော့မည်ပါတကားဟု တွေးပြီး ကြည်နူးပီတိ ဖြစ်မိလေသည်။
မိမိတို့အနေဖြင့် ရရှိမည့် ဆုလာဘ်သည်ကား မာတာဘယ်လီ၊ ရှိုနာနှင့် ဇင်ဘာတွေနိုင်ငံတစ်ခုလုံးပင် ဖြစ်သည် မဟုတ် ပါလား။
ဆက်သွားကြရင်းနှင့် တောင်ပေါ်ဒေသသို့ ရောက်လာကြလေရာ တောင်ကုန်းပေါ်သို့ တက်သည့် လမ်းက အလွန် ကျဉ်းမြောင်း လှသည်ကို သတိပြုမိကြလေသည်။
တွန်ဂါတာ သို့ ပုန်းအောင်းနေရာသို့ နီးကပ်လာပြီဖြစ်ကြောင်း သိသာထင်ရှာလာပြီ ဖြစ်သည်။

ထိုအခိုက် ရှေ့မှ လမ်းပြအဖြစ် သွားနေသူ မာတာဘယ်လီ အမျိုးသမီးသည် အသံကုန်ဟစ်၍ အော်လိုက် သည်။
ပုန်းအောင်းနေသူများအား သတိပေး ဟစ်အော်လိုက်ခြင်းဖြစ်၍ ဖွန်ဂါဘီရာသည် ပြင်းစွာ ဒေါသ ထွက်လျက် အမျိုးသမီး အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။
ထို့နောက် သူ၏ သန်မာသောလက်တစ်ဖက်ဖြင့် သူမ၏မေးစေ့ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ ကျန်လက် တစ်ဖက်ဖြင့် ဦးခေါင်းကို နောက်သို့ လှန်ချိုးလိုက်သည်။ မာတာဘယ်လီ အမျိုးသမီးခမျာ ချက်ချင်းပင် ဇက်ကျိုး လျက် ပျော့ခွေလဲကျကာ ငြိမ်သက်သွားရှာပေတော့သည်။

ဖွန်ဂါဘီရာသည် အမျိုးသမီး၏ ခန္ဓာကိုယ်ကို ပစ်ချလိုက်ပြီး သူ၏ တပ်သားများအား အရေးတကြီး အချက်ပြ ညွှန်ကြားလိုက်ရာ စစ်သားများလည်း လမ်းဘေးသို့ ပြေးဝင်လျက် နေရာယူထားလိုက်ကြသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၀) အဆက် (၂)

ဖွန်ဂါရာဘီ သည် ရုရှဗိုလ်မှူးကြီးအား မျက်ရိပ်ပြလျက် လမ်းဘေးတစ်နေရာတွင် ဒူးထောက် ၍ နေရာ ယူလိုက် သည်။ နှစ်ယောက်စလုံး သေနတ်လက်နက်များ အဆင့်သင့်ထုတ်ကိုင်ထားပြီး

ဖြစ်လေသည်။
သူတို့ ရောက်ရှိသော နေရာမှ ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်သော် တောင်ခြေသို့ သွားသည့်လမ်း သည် တစ်နေရာတွင် ပျောက်ကွယ်သွားသည်ကို သတိပြုမိကြသည်။
တွန်ဂါတာတို့ ပုန်းအောင်းနေရာ လှို့ဝှက်စခန်းသို့ သွားသည့်လမ်းပင် ဖြစ်ရပေမည်။

ဖွန်ဂါဘီရာသည် ကျေနပ်သဘောကျဟန်ဖြင့် ခေါင်းညိတ်ပြီး ဘူခါရင်ဘက်သို့ လှည့်၍
"မာတာဘယ်လီ ခြေခွေးပုန်းအောင်းနေတဲ့ နေရာကိုတော့ ရောက်လာပြီဗျ။ အခု ဒီကောင် ဘယ်လိုမှ ကျုပ်လက် က ပြေးမလွတ်တော့ဘူး" ဟု ပြောလိုက်သည်။
"ရှိုနာတွေ လာနေပြီ၊ အမြန်ပြေးကြပါတော့၊ ရှိုနာတွေ လာနေပြီ၊ သူတို့က ..."
အမျိုးသမီးတစ်ဦး က မာတာဘယ်လီဘာသာဖြင့် ဟစ်အော်သတိပေးသံသည် ကားတန်းလန်းနှင့်ပင် ပျောက်ကွယ် ရပ်စဲသွားလေသည်။
မီးဖိုနားတွင် ကင်းစောင့်နေသူ ဆာရာသည် ကပျာကာ ထလိုက်ရာ ဟင်းချက်သော အိုးကြီး တစ်လုံး ကို တိုက်မိပြီး အိုးကြီး မှောက်ကျသွားလေသည်။

သို့သော် ဆာရာ က လုံးဝဂရုမစိုက်ဘဲ မြေအောက်ရေအိုင်သို့ ဆင်းသည့် လမ်းကျဉ်းဆီသို့ အလျင် အမြန် ပြေးသွား လေသည်။
"အို ... အရှင်သခင်၊ ရှိုနာစစ်သားတွေ လာကုန်ပါပြီ။ အရှင့်အား ဖမ်းဆီးရန် ရှိုနာတွေ လာကုန်နေပြီ" ဆာရာ က နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြပြန်သည်။

ခရိတ် သည် ကျောက်တုံးကြီးတစ်တုံးကို လက်တစ်ဖက်ဖြင့် ပိုက်လျက်ကျန်လက်တစ်ဖက်ဖြင့် ဆာရာအား ပွေ့ထား ကာ ရေအောက်ထဲ ငုပ်ဆင်းသွားလေသည်။
ရေအောက်ဘက် သို့ မရောက်မီ လမ်းတစ်ဝက်တွင် ဆာရာသည် အသက်ရှူရန် ကြိုးစားလာရာ ခရိတ် လည်း မိမိတို့အဖို့ ပြဿနာတော့ ပေါ်ပြီဟု ချက်ချင်းရိပ်မိလေသည်။
ဆာရာ၏ မျက်နှာဖုံးခေါင်းဆောင်းကိရိယာအတွင်းသို့ ရေများဝင်လာရာ သူမသည် အသက်ရှူ ရခက်ဟန် လူးလွန့်ရုန်းကန်နေသည်။ ခရိတ်လည်း မနည်းကြိုး၍ ဆာရာအား ဖမ်းကိုင်ထား ရလေသည်။
ရေအောက် ဥမင်လမ်းကျဉ်းအဝအနီးသို့ ရောက်သောအခါ ခရိတ်သည် ကိုယ်အလေးချိန်များ

အောင် ကိုင်ထား သော ကျောက်တုံးကြီးကို လွှတ်ချလိုက်လေသည်။

ဤတွင် ဘွိုင်ယင်ဆီခေါ် ကိုယ်ပေါ့ပါးမှုသည် ချက်ချင်းပြောင်းလဲလာတော့သည်။ ဆာရာ၏ ကိုယ်သည် ပေါ့ပါး လျက် အပေါ်သို့ မြောက်တက်သွားရာ သူမ၏တံတောင်ဆစ်တစ်ဖက်က ခရိတ်၏ မျက်နှာကို ဝင်ဆောင့်မိလေသည်။နာကျင်လွန်းသဖြင့်ခရိတ်သည် ဆာရာအား ဖမ်းကိုင်ထားသည့် လက်တစ်ဖက် ကိုလွှတ်လိုက်မိရာ သူမ၏ ကိုယ်သည် ပေါ့ပါးစွာဖြင့် အပေါ်သို့ တက်သွားလေသည်။ သည်တော့မှ ခရိတ်လည်း သတိရပြီး လျင်မြန်စွာလိုက်၍ ဆာရာ၏ ခြေတစ်ဖက်ကို ဖမ်းဆွဲထား လိုက်ရ လေသည်။ ထို့နောက် သူ၏ရုန်းကန်လှုပ်ရှားကာ ခရိတ်သည် မြေအောက်လိုဏ်ဂူလမ်း ပေါက်အတွင်းသို့ အတင်း ဆွဲခေါ် သွားလေသည်။

ဆာရာ၏ မျက်နှာဖုံးခေါင်းဆောင်နှင့် အောက်ဆီဂျင်ကိရိယာတို့သည် ချို့ယွင်းပျက်စီးနေပြီဖြစ် ကြောင်း ထင်ရှား နေပြီဖြစ်ရာ ခရိတ်သည် ဆာရာ၏ကိုယ်မှ ပစ္စည်းကိရိယာများကို ဖြုတ်ပစ် လိုက်သည်။
ဆာရာသည် သိသိသာသာ အားနည်းလာပြီဖြစ်၍ စောစောကကို ရုန်းကန်ခြင်း တွန်းထိုးခြင်းများ မ လုပ် နိုင် တော့ချေ။ ယင်းသို့ အားနည်းပြီး လှုပ်ရှားမှုမလုပ်နိုင်ခြင်းသည် အကောင်းမဟုတ်၊ ရေမွန်း၍ ရေနစ် သေဆုံးတော့ မည့် အရိပ်လက္ခဏာ ဖြစ်လေသည်။

ခရိတ်ကိုယ်တိုင်ကလည်း ဆာရာအား ငြိမ်အောင်ချုပ်ထိန်းရာ၌ အလွန်အားစိုက်ရသောကြောင့် သူ၏ အောက်ဆီဂျင်ဘူးထဲမှ အောက်ဆီဂျင်များ ပို၍ လျင်မြန်စွာ ကုန်သွားလေရာ သူ၏ ရင်တွင်းမှ အဆုတ်များ မီးဟုန်းဟုန်း တောက်လောင်နေဘိသကဲ့သို့ ခံစားနေရလေသည်။ ဤတွင် ခရိတ် သည် သူ့ကိုယ်သူ ပြန် သုံးသပ် ကြည့်ရာ မှ ထိတ်လန့်တုန်လှုပ်သွားလေသည်။
သူသည်လည်း ဆာရာကဲ့သို့ပင် အဆုတ်ထဲ ရေများဝင်ကာ ရေနစ်မွန်းနေပြီဖြစ်ကြောင်း သိရှိပြီး တုန်လှုပ် ချောက်ခြား မိခြင်း ဖြစ်လေသည်။
ဟုတ်ပါပြီ၊ ဆာရာနှင့် သူတို့နှစ်ယောက်စလုံး ရေအောက်ထဲမှာပင် အသေဆိုးကြရတော့မည် ဖြစ်ပေသည်။

ခရိတ်သည် သတိမလစ်ရန် အထူးကြိုးစား၍ စိတ်ကို တင်းထားသည့်ကြားမှ သတိလက်လွတ်

ချင်သလို ဖြစ်လာသည်။ သတိလစ်သွားလျှင်ကား လုံးဝ ပြန်လည်သတိရတော့မည် မဟုတ်ဟု လည်း သိနေပေသည်။
ထိုခဏာ ၌ တစ်စုံတစ်ယောက်က သူ၏ဆံပင်ကို ဆွဲလိုက်သလို ခံစားရပြီးနောက် မကြာမီ ရေမျက်နှာပြင် ပေါ်သို့ ရောက်ရှိလာလေသည်။
အသင့်စောင့်နေသူ ဆယ်လီသည် ရေအောက်ထဲ၌ ခရိတ်နှင့် ဆာရာတို့ ရေနစ်မွန်းတော့မည့်အဖြစ်ကို သူတို့၏ လက်နှိပ်ဓါတ်မီးရောင်ဖြင့် မြင်ပြီး ရိပ်မိသဖြင့် သူမကိုယ်တိုင် ရေထဲခုန်ဆင်းကာ ခရိတ်၏ဆံပင်ကို ဖမ်းဆွဲ တင်လိုက်ခြင်းလေသည်။

ဆာရာမှာမူ လုံးဝသတိမရတော့ဘဲ ရေထဲတွင် မှောက်လျက်မျောနေပြီ ဖြစ်သည်။
ခရိတ် သည် အထူးစိုးရိမ်လာမိသဖြင့် ဆယ်လ အား အကူအညီ တောင်းလိုက်သည်။
"ဆယ်လီ---ဆယ်လီ ငါ့ကို ဝိုင်းကူပါဦး။ ဆာရာကို ရေထဲက မြန်မြန်ဆယ်ထုတ်မှ ဖြစ်မယ်။ မြန်မြန်လုပ်စမ်းပါ။"
ဆယ်လီလည်း အခြေအနေကို ချက်ချင်းသဘောပေါက်မိသဖြင့် ခရိတ်နှင့်အတူ နှစ်ယောက်အင်အားဖြင့် ဆာရာ အား လျင်မြန်စွာ ရေထဲမှ ဆွဲတင်လိုက်ကြလေသည်။

ခရိတ်သည် ဆာရာ၏ပါးစပ်ထဲသို့ လက်ညှိုးထိုး၍ ရေတွေ အန်ထွက်အောင် ကြိုးစားကြည့်ရာ ကံအား လျော်စွာ ရေများ အန်ထွက်လာပြီး သူမသည် အသက်ပြန်ရှူစ ပြုလာလေသည်။
သည်တော့ မှ ခရိတ်လည်း စိတ်ချသွားကာ သူ၏ လတ်တလော တာဝန်အကြောင်း ပြန်စဉ်းစားနိုင်တော့သည်။
"ဒီမယ် ဆယ်လီ ရေငုပ်ဝတ်စုံနဲ့ ကိရိယာတွေက သုံးလို့မရတော့ဘူး။ ပျက်စီးကုန်ပြီ။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ငါ တစ်ခေါက်ပြန်ရေငုပ်ရလိမ့်ဦးမယ်။ ဟိုပေါ်မှာ တွန်ဂါတာတစ်ယောက်တည်း ပြန်သွားပြီး ဒီကို ခေါ်လာခဲ့မှ ဖြစ်မယ်။"

"ဟင် ---ရှင် တစ်ခေါက် ပြန်သွားလို့ ဖြစ်ပါမလား။ ရှင် သေသွားလိမ့်မယ်။"
ဆယ်လီ စိုးရိမ်၍ ပြောရှာသော်လည်း ခရိတ်က လက်မခံဘဲ ခေါင်းခါလိုက်သည်။
"မသွားလို့ မဖြစ်ဘူး။ ငါ့သူငယ်ချင်း တွန်ဂါတာကို သွားခေါ်မှ ဖြစ်မယ်"
"ဒါဖြင့် လည်း သတိထား သွားပါနော်။ ရှင် ချောချောမောမော ပြန်လာခဲ့ပါ ဒါလင်ရယ်"

သို့ရာတွင် မြေအောက်ရေအိုင်သို့ ပြန်ရောက်သွားပြီး ခေါင်းဖော်ကြည့်လိုက်သောအခါ သူ၏ မျက်လုံး ကျိန်းစပ် လျက် အသက်ရှူ၍ မရသလို ဖြစ်လာလေသည်။
ရန်သူရှိနာစစ်သား များက ဂူအတွင်းသို့ဝင်လာပြီး ဂက်စ်ဓါတ်ငွေ့များ လွှတ်ထားကြောင်း သိသာ ထင်ရှား နေပေသည်။
တွန်ဂါတာ ကိုမူ ရေထဲတွင် ခါးမြုပ်အောင် ဆင်းလျက် ကျောက်တုံးကြီးတစ်တုံးအကွယ်တွင် ဝပ်နေသည်ကို မြင်ရ လေသည်။ သူ၏ ရှုပ်အင်္ကျီင်မှာ စုတ်နေပြီး အင်္ကျီမှပိတ်စကို နှာခေါင်းနှင့် ပါးစပ်တွင် ပတ်ထားသည် ကို လည်း သတိပြုမိလေသည်။"

သူငယ်ချင်း ဂူတစ်ခုလုံးမှာ ရှိုနာစစ်သားတွေ ရောက်နေပြီ"
တွန်ဂါတာ ပြောရှမဆုံးမီပင် အသံခြေ့စက်ဖြင့် တစ်စုံတစ်ယောက်က အင်္ဂလိပ်လိုအော်ပြောသံကို ကြားရ လေသည်။
"ခင်ဗျား တို့ အခုချက်ချင်း လက်နက်ချ အညံ့ခံရင် ခင်ဗျားတို့ကို အနာတရမဖြစ်စေရဘူး။ ခုချက်ချင်း လက်နက်ချ လိုက်ပါ"
ယင်းသို့ ရာဇသံပေးလိုက်သည်ကို ပိုမို လေးနက်စေရန် လက်တွေ့ပြသည့် သဘောပဲလား မသိ။
အဝေးသို့ လက်ပစ်ဗုံး ပစ်လွှတ်သည့် လောင်ချာ လက်နက်ဆွဲသံကြားလိုက်ရပြီး
မရှေးမနှောင်းမှာပင် မျက်ရည်ယို ဗုံးတစ်လုံး ဂူအတွင်းသို့ ဝင်ရောက်ကျလာလေသည်။

"သူတို့တွေက ဂူအောက်ကို အလုံးအရင်းနဲ့ ဆင်းလိုက်လာကြပြီး ကျုပ်တစ်ယောက်တည်းနဲ့ သူတို့ကို တားလို့ မရဘူး။"
တွန်ဂါတာက ပြောရင်းနှင့် သူ၏ မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် ရန်သူဘက်သို့
တစ်ချက်ဆွဲပစ်လိုက်သည်။
နောက်ထပ် ပစ်၍မရတော့ချေ။ ကျည်ဆန် လုံးဝကုန်သွားပြီ ဖြစ်သည်။

တွန်ဂါတာသည် စိတ်ပျက်ပျက်နှင့် ရိုင်ဖယ်သေနတ်ကို ရေထဲပစ်ချလိုက်ပြီးနောက် မိမိတို့အတွက် နောက်ဆုံး အခြေအနေတွင် အသုံးပြုရန် ဝှက်ထားသော ကျည်ဆန်လေးထောင့်ကို သတိရကာ သွားယူမည် ပြုရာ ခရိတ်က ရိပ်မိသဖြင့် ဟန့်တားလိုက်သည်။

"သူငယ်ချင်း ဒီလိုလုပ်ဖို့ မလိုသေးပါဘူး။ အခု ကျုပ်တို့ ဒီရေအောက်က ငုပ်သွားရင်
တစ်နေရာမှာ ထွက်ပေါက် ရှိတယ်"
ခရိတ် က ဖျောင်းဖျသလို ပြောလိုက်သည်။

"ကျုပ်က ရေမကူးတတ်ဘူးလို့ ပြောထားပြီ မဟုတ်လား"
"မဆိုင်ပါဘူး၊ ခင်ဗျားလိုပဲ လုံးဝရေမကူးတတ်တဲ့ ဆာရာကိုတောင် ကျုပ်ကရေအောက်ထဲက
တစ်ခေါက် ခေါ် သွားပြီးခဲ့ပြီ။ သူငယ်ချင်းကိုလည်း ကျုပ်က ဖြစ်အောင် ရေငုပ်ခေါ်သွားနိုင်မှာပါ။
တွန်ဂါတာက ခရိတ်၏မျက်နှာကို သေချာစွာ အကဲခတ်ကြည့်နေရာ ခရိတ်က
"သူငယ်ချင်း ကျုပ်ကို ယုံကြည်စိတ်ချစမ်းပါ"ဟုပြောလိုက်သည်။
"ဆာရာက ဘေးကင်းရာကို ရောက်သွားပြီနော်။

"ဟုတ်ပါတယ် သူငယ်ချင်း၊ ဆာရာဟာ ဟိုမှာ စိတ်ချရတဲ့နေရာ ရောက်နေပြီ ဆိုတာ ကျုပ်
တာဝန်ခံပါတယ်။ ပြီးတော့ သူငယ်ချင်းအနေနဲ့ ရန်သူဘက်က လက်ဖမ်းဆီးတာကို အဖမ်းခံလို့
မဖြစ်ဘူး။ ဆာရာနဲ့တကွ ခင်ဗျားတို့ မာတာဘယ်လီ လူထုကိုငဲ့ပြီး ခင်ဗျားက ရန်သူကို ဆက်တိုက်မှ
ဖြစ်မယ်ဆိုတာကိုလည်း စဉ်းစားပါဦး။
"ခရိတ်က ဤသို့ပြောလိုက်ခြင်းမှာ တွန်ဂါတာသည် သူတို့ မာတာဘယ်လီ လူမျိုးတွေ
ဖိနှိပ်ခံနေခြင်းမှ လွတ်မြောက်ရေးကို ထိပ်တန်းတင် ဦးစားပေးမည်ဟု တထစ်ချသိ၍
ပြောလိုက်ခြင်းဖြစ်သည်။
သည်တော့ မှ တွန်ဂါလည်း ခရိတ်၏ စကားကို နားထောင်ရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ကျုပ် ဘာလုပ်ရမယ်ဆိုတာသာပြောပါ"
"ဘာမှ အထူးလုပ်စရာ မရှိဘူး။ လေကို ဝဝရွှူပြီး အသက်အောင့်ထားလိုက်ပါ။ ကျုပ်က
သူငယ်ချင်းကို ရေငုပ်ပြီး ရေအောက်ထဲက ဆွဲခေါ်သွားမယ်"
ထို့နောက် ခရိတ်သည် တွန်ခါတာအား ဆွဲခေါ်ကာ ရေထဲငုပ်ဆင်းသွားလေသည်။ အမှန်တော့
သူသည် အလွန်ပင်ပန်းအားနည်းနေပြီဖြစ်၍ တွန်ဂါထာ၏ ခန္ဓာကိုယ် အလေးချိန်ကို
အလွန်ပင်ပန်းကြီးစွာဖြင့် ဆွဲခေါ် သွားရ လေသည်။

ရေအောက် ဥမင်လမ်းကျဉ်းသို့ ရောက်သောအခါ ခရိတ်သည် အောက်ဆီဂျင်မာတ်နည်းပါးမှုကြောင့်
သတိမေ့ချင် သလို ဖြစ်လာသည်။ သတိမမေ့အောင် စိတ်ကို ကြိုးစားတင်း၍ အပေါ်ရေမျက်နှာပြင်ဆီ
သို့ တက်ရန် ကူးသွားလေသည်။ သို့သော် ကြာရှည်မထိန်းနိုင်ဘဲ ခရိတ်သည် ရေထဲမှာပင် သတိမေ့
သွားလေ တော့သည်။
သတိမေ့သွားခါနီး သူ၏ စိတ်ထဲတွင် ငါတော့ သေရတော့မှာပဲဟု ထင်မိလိုက်လေသည်။
သို့ရာတွင် မကြာမီ သတိပြန်ရလာတော့မှ မသေသေးကြောင်း သိရလေသည်။ သူ၏ ဘေးနားတွင်
လူတွေ ရှိနေမှန်းလည်း သိနေသည်။

ထို့ပြင် ချစ်သူ ဆယ်လီ၏ အသံဖြင့်
"ခရိတ် ... ခရိတ် ... ဒါလင် သတိရလာပြီ မဟုတ်လားဟင်" ပြောသံလည်း ကြားလိုက်ရသည်။
တစ်ချိန်တည်းမှာပင် တစ်စုံတစ်ယောက်က -
"ဟုတ်ပါတယ်၊ သူ ပြန်သတိရလာပါပြီ" ဟု ပြောလိုက်သည်။

အခန်း (၄၁)

သူတို့အားလုံးသည် ခိုက်ခိုက်တုန်အောင် ချမ်းနေကြလေသည်။
မိန်းကလေး နှစ်ဦးက ထိုနေရာရှိ သစ်သားလှေကားရင်းတွင် ရှိနေကြပြီး ခရိတ်ကို
လှေကားတိုင်ရင်းတွင် မှီနေစေ ရန် ဝိုင်းထိန်းထားကြလေသည်။
တွန်ဂါတာကတော့ ကိုယ်တစ်ပိုင်း ရေထဲမှာပင် ရှိနေလျက် ခရိတ်၏ ဦးခေါင်းရှေ့သို့
ငိုက်ကျမသွားအောင် လက်ဖြင့် ကိုင်ထိန်းထားသည်။
အမှန်တော့ ခရိတ် သတိမေ့သွားချိန်တွင် တွန်ဂါတာက ဝင်ကူထိန်းပေးထား၍သာ
ရေနစ်မသေခဲ့ခြင်းဖြစ် လေရာ ခရိတ်သည် အားပြတ်နေသည့်ကြားမှပင် တွန်ဂါတာအား
ပြုံးပြလိုက်သည်။
" ဒါနဲ့များ သူငယ်ချင်းက ရေမကူးတတ်ဘူး၊ ရေကို ကြောက်သလေး ဘာလေးနဲ့ ပြောခဲ့သေးတယ် "

ခရိတ်က တွန်ဂါတာအား အထူးကျေးဇူးတင်ဟန်ဖြင့် ပြောလိုက်လေသည်။
ဆယ်လီ သည် အသားတွေ ဆတ်ဆတ်တုန်အောင် ချမ်းနေရာမှ ...
" ကျွန်မတို့ ဒီမှာ ကြာရှည်ဆက်နေလို့ မဖြစ်ဘူးရှင့် "ဟု လက်တွေ့ အခြေအနေကို

သတိပေးလိုက်သလို ပြောလိုက် သည်။
" ဒီနေရာက ထွက်ဖို့ရာ လမ်းတစ်ခုပဲ ရှိတယ် "

ထိုအခါ အားလုံးသည် သစ်သားလှေကားမှ တက်သွားရမည့် မီးခိုးပြောင်းတိုင်ကဲ့သို့
အပေါက်ကျဉ်းဆီသို့ မော့ကြည့်လိုက်ကြသည်။ ထိုနေရာမှ တက်သွားပါက ဘာတွေရှိ၍ ဘယ်နေရာ
ရောက်သွားမည်ကိုကား မသိရချေ။

ခရိတ်သည် အားပြတ်လျက်ရှိနေသော်လည်း တွန်ဂါတာ၏ လက်ကိုတွန်းဖယ်ပစ်ကာ ထလိုက်သည်။
ထို့နောက် သစ်သားလှေကား၏ အခြေအနေကို သေချာစွာ လေ့လာစစ်ဆေးကြည့်လေသည်။
ထိုလှေကားမှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး
တိုင်းရင်းဆေးဆရာ (မော်ဆရာကြီး) များက သစ်ခေါက်ကြိုးများဖြင့် လှေကားကို တုပ်ချည်ကာ
ပြုလုပ်ထားလေသည်။ နှစ်ပရိဏ္ဍေဒ ကြာမြင့်လှပြီဖြစ်၍ လှေကားသည် ခိုင်ခံ့ပုံ မရတော့ချေ။

" လှေကားကလည်း ကျွန်မတို့အားလုံးတက်ဖို့ ခိုင်ပါ့မလားရှင့် "
ဆာရာက မေးလိုက်ရာ ခရိတ်သည် လှေကားအခြေအနေကို သေချာစွာ ပြန်ကြည့်ပြီးမှ
ဖြေလေသည်။
" တစ်ယောက်ချင်း တက်မှဖြစ်မယ်။ လှေကားက သိပ်မခိုင်တော့ဘူး။ အရင်ဆုံး ဆယ်လီက
တက်သွား။ ပြီးတော့မှ ဆာရာက လိုက်တက်ရမယ်။ မင်းတို့တက်ရင် ကြိုးတစ်ချောင်းပါ ယူသွား။
အပေါ်ရောက်ရင် အဲဒီကြိုး နဲ့ ကင်းဗတ်အိတ်တွေရယ်၊ မီးအိမ်တွေရယ် ကြိုးနဲ့ ဆွဲတင်ယူရမယ် "
ဆယ်လီသည် ခရိတ်ညွှန်ကြားသည့်အတိုင်း ကြိုးခွေကို ပခုံးတွင် လွယ်ကာ သစ်သားလှေကားမှ
စတင် တက် လေသည်။

သူမ ခပ်သွက်သွက် တက်သွားသဖြင့် လျှောကားသည် အသံများမြည်လျက် သူမ၏ ခန္ဓာကိုယ်
အလေးချိန် ကြောင့် ဟိုဘက်သည်ဘက် ယိမ်းယိုင်လျက်ရှိလေသည်။
ဆယ်လီ က မီးအိမ်တစ်ခုပါ ယူဆောင်၍ တက်သွားလေရာ အပေါ်နားသို့ ရောက်သောအခါ လူကို
မမြင်ရ တော့ဘဲ မီးအိမ်မှ အလင်းရောင်ကိုသာ အောက်မှ လူများက မြင်နေရတော့သည်။
ခဏ မျှကြာလျှင် မီးအိမ်၏ အလင်းရောင်ပါ ပျောက်ကွယ်သွားလေသည်။

" ဆယ်လီ ... ဆယ်လီ "
အောက်မှ လှမ်းအော်ခေါ်ကြည့်သောအခါ ချက်ချင်းပင် သူမက ပြန်ထူးလေသည်။
" ကျွန်မ ဒီပေါ်မှာ ရှိပါတယ်။ အိုကေပါပဲ၊ ဒီပေါ်မှာ ပလက်ဖောင်းလိုလိုတစ်ခုရှိတယ်ရှင့် "
" ဘယ်လောက်ကြီးသလဲကွဲ့ "
" တော်တော် ကြီးပါတယ်။ ကျွန်မ အခု ကြိုးကို ပြန်ချပေးလိုက်မယ် "

ဆယ်လီက ပြောပြီး ကြိုးစကို အောက်သို့ ပြန်ချပေးလိုက်ရာ တွန်ဂါတာသည် ကင်းဗတ်အိတ်များကို ကြိုးစ တွင် ချည်နှောင်ပေးလိုက်သည်။
" ကဲ ... ဆယ်လီရေ ကြိုးစကို ဆွဲတင်တော့ဟော့ "
ဆယ်လီ သည် ကြိုးစကို အပေါ်သို့ ဆွဲတင်ယူလိုက်သည်။
" အိုကေ အခု ဆာရာကို လွှတ်တင်လိုက်တော့ "
ဆယ်လီ က အပေါ်မှ လှမ်းပြောသဖြင့် ဆာရာသည် လှေကားမှ တက်သွားလေသည်။

မကြာမီ မိန်းကလေးနှစ်ဦး တီးတိုးပြောသံကို သဲ့သဲ့မျှ ကြားကြရလေသည်။
" အိုကေ နောက်တစ်ယောက် တက်လာပေတော့ "
ဆယ်လီ က အပေါ်မှ ခေါ်ပြန်သဖြင့် ခရိတ်သည် တွန်ဂါတာအား -
" ကဲ ... သူငယ်ချင်း အရင်တက်သွားပါ " ဟုပြောလိုက်သည်။

သို့သော် တွန်ဂါတာက လှေကားဆီသို့ မသွားဘဲ ...
" သူငယ်ချင်းက ကိုယ်အလေးချိန် နည်းတယ်မဟုတ်လား၊ ခင်ဗျား အရင်သွားနှင့်ပါ "ဟု ပြောရာ ခရိတ်သည် စိတ်မရှည် သလို ဖြစ်လာလေသည်။
" ကျုပ်က သွားဆိုရင် သွားစမ်းပါဗျာ ပြန်ပြီး ငြင်းခုံမနေပါနဲ့ မြမနမြန်သာသွားလိုက်စမ်းပါ "
သည်တော့မှ တွန်ဂါတာသည် ဆက်မငြင်းတော့ဘဲ သစ်သားလှေကားပေါ်သို့ စတင်တက်လိုက်သည်။ သူ၏ ခန္ဓာကိုယ် အလေးချိန်က အတော်များလေရာ သစ်သားလှေကားဟောင်းသည် ဒဏ်ကို ခံနိုင်ပုံမရချေ။ လှေကားထစ် တစ်ခုသည် တွန်ဂါတာ၏ ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ပြုတ်ထွက်ကျသွားလေသည်။

" သူငယ်ချင်း အောက်က ရှောင်လိုက်ဦး "
တွန်ဂါတာက အရေးတကြီး ဟစ်အော်သတိပေးလိုက်သဖြင့် ခရိတ်လည်း လျင်မြန်ဖျတ်လတ်စွာ တစ်ဖက်သို့ တိမ်းရှောင်လိုက်စဉ်မှာပင် လှေကားမှ ပြုတ်ကျလာသော သစ်သားတန်းသည် ခရိတ်၏ ဘေးမှ ကပ်၍ အောက်သို့ ကျသွားလေသည်။
တွန်ဂါတာက သတိထားလျက် လှေကားမှ အပေါ်သို့ ဆက်တက်သွားလေရာ လူပါ ပျောက်ကွယ်သွားလေ သည်။
သို့သော် သူ၏ အသံကိုတော့ ကြားနေရသည်။

" သူငယ်ချင်း ခရိတ်၊ လှေကားကတက်ရင် အထူးသတိထားပြီး တက်ပါ။ လှေကားက တော်တော်ဆွေး နေပြီ။ လုံးဝ မခိုင်တော့ဘူး "
ခရိတ်လည်း ရေထဲမှ အပေါ်သို့ လျင်မြန်စွာ တက်၍ သူ၏ ခြေတုတစ်ဖက်ကို တပ်ဆင်လိုက်လေသည်။
" အိုကေ ကျုပ်တက်လာတော့မယ် "
ပြောပြောဆိုဆို ခရိတ်သည် သစ်သားလှေကားမှ စတင်တွယ်တက်လေသည်။ သို့ရာတွင် သူသည် ဆန္ဒစောပြီး ရှေ့လောကြီးစွာဖြင့် တက်သွားသောကြောင့် နဂိုက ဆွေးနေသော လှေကားသည် ကျိုးပဲ့ပြုတ် ကျတော့မလို အသံများ မြည်စပြုလာလေသည်။

ခရိတ်လည်း ထိတ်လန့်လျက် လက်နှစ်ဖက်ဖြင့် တွင်း၏ အပေါ်နှုတ်ခမ်းနှင့် ဆက်စပ်နေသော သစ်သားတန်းကို ဖမ်းဆွဲထားလိုက်ရသည်။ သူ၏ ခြေနှစ်ဖက်က သစ်သားလှေကားထစ်ပေါ်တွင် မရှိဘဲ လွတ်နေပြီ ဖြစ်လေသည်။
" သူငယ်ချင်း တွန်ဂါတာ ကျုပ် ဘယ်လိုမှ မလုပ်တတ်တော့ဘူး။ နောက်ထပ် လူပ်တာနဲ့ လှေကားတစ်ခုလုံး ပျက်ကျပြီး ကျုပ်ပါ အောက်ကို ပြုတ်ကျသွားလိမ့်မယ် "
ခရိတ် က အပေါ်သို့ လှမ်းပြောလိုက်သဖြင့် တွန်ဂါတာသည် အပေါ်မှနေ၍ ကြိုးစတစ်ခု ချပေးလေသည်။
ခရိတ် က ထိုကြိုးကို ဖမ်းဆွဲကိုင်မိလျှင် တွန်ဂါတာသည် အပေါ်မှ ဆွဲတင်လိုက်သည်။

ခရိတ်သည် အလွန်ပင်ပန်းပြီး အားနည်းနေပြီဖြစ်ရာ တွန်ဂါတာ၏
ခွန်အားဗလအထူးကောင်းမွန်၍သာ ယခုကဲ့သို့ မိမိအား ကောင်းစွာဆွဲတင်နိုင်ခြင်းဖြစ်သည်ဟု
ဆင်ခြင်သုံးသပ်မိကာ တွန်ဂါတာအား အထူး ကျေးဇူးတင် မိလေသည်။

ကြိုးကို ဖြည်းဖြည်းချင်း ဆွဲတင်၍ မကြာမီ အပေါ်သို့ ရောက်သွားလေရာ ဆယ်လီ၏
မျက်နှာကလေးကို မြင် လိုက်ရသောအခါ ခရိတ်သည် ချက်ချင်းပင် အားတက်သွားမိလေသည်။
အပေါ်သို့ ရောက်သွားပြီးနောက် ခရိတ်သည် ခေတ္တနားနေပြီးမှ ပတ်ဝန်းကျင်ကို
လေ့လာကြည့်ရှုနိုင်လေ သည်။
ယခု သူတို့လေးဦးရောက်ရှိနေသော ပလက်ဖောင်းသဖွယ် ကျောက်ပြားမှာ ထုံးကျောက်များဖြင့်
သဘာဝ အလျောက် ဖြစ်နေသော ကျောက်ပြားကြီးတစ်ခုပင် ဖြစ်သည်။
သို့ရာတွင် သူတို့သည် လိုဏ်ဂူကြီး၏ အပြင်ဘက်သို့ မရောက်သေး။ ဂူကြီး၏ ရှုပ်ထွေးသော
အတွင်းတစ်နေရာတွင်ပင် ရှိနေကြသေးသည်။ သေချာစွာ ကြည့်လိုက်သောအခါ ထိုနေရာမှတစ်ဆင့်
သွား နိုင်သည့် ဥမင်လိုဏ်ခေါင်းငယ်တစ်ခုကို တွေ့ရပြန်လေသည်။

" အဲဒီ လိုဏ်ခေါင်းလမ်းက သွားကြရမှာပဲထင်တယ်။ တခြားလမ်းလည်း မရှိဘူး။ တစ်ချိန်တုန်းက
မော်ဆရာကြီးတွေလည်း ဒီလမ်းက သွားခဲ့တာ ဖြစ်မှာပါပဲ "
ဆယ်လီက ခပ်တိုးတိုး ပြောလိုက်သည်။
မည်သူကမှ ပြန်မပြောကြချေ။ အားလုံးမှာ မောပန်းပြီး ရိုးတွင်းခြင်ဆီသို့ တိုင်အောင် အအေးဒဏ်ကို
ခံနေကြရလေသည်။
" ဒီလိုပဲ ထိုင်နေကြလို့ မဖြစ်ဘူးရှင့်။ ကျွန်မတို့ အားလုံးကြိုးစားပြီး လှုပ်ရှားသွားလာနေမှ
တော်လိမ့်မယ် "
ဆယ်လီက ထပ်မံပြောလိုက်တော့မှ ခရိတ်သည် ခြေပစ်လက်ပစ် ထိုင်နေရာမှ ကြိုးစား၍
မတ်တတ်ထ လိုက်သည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၁) အဆက် (၁)

" ကျုပ်တို့ ကင်းဗတ် အိတ်တွေနဲ့ ကြိုးခွေကို ဒီမျာပဲ ထားခဲ့ရင် ကောင်းမယ်။ နောက်မှ လိုအပ်ရင် ဒီမှာ လာယူနိုင် တာပေါ့ "
ခရိတ်ကပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။
သူသည် တကယ်ပင် အားအင်ချည့်နဲ့လျက်ရှိရာ ကြာရှည် မတ်တတ်ရပ်ရန်ပင် ခဲယဉ်းနေလေသည်။
ထို့ကြောင့် ပြန်ထိုင်ချလိုက်ပြီး ထွက်ပေါက်ရှိရာဘက်သို့ လေးဘက်ထောက် တွားရွှေ့ သွားရန် ကြိုးစားပြန် လေသည်။
ဆယ်လီက ရေနံဆီမီးအိမ်တစ်ခု လှမ်းပေးသဖြင့် ခရိတ်သည် မီးအိမ်ကို လက်တစ်ဖက်ဖြင့် ကိုင်ကာ လိုက်ခေါင်း ပေါက်ထဲသို့ တွားဝင်သွားလေသည်။

ဝင်ဝင်ချင်းလမ်းက အလွန်ကျဉ်းမြောင်းပြီး အမိုးက နိမ့်သော်လည်း ပေငါးဆယ်ခန့် သွားမိသောအခါ မျက်နှာ ကျက်အမိုးက မြင့်လာသဖြင့် မတ်တတ်ထရွှေ့ လာလေသည်။ နောက်ထပ် ပေတစ်ရာခန့် သွား လိုက်သော အခါ ပို၍ပင် မြင့်လာလေသည်။
ထိုအချိန်၌ ကျန်သူ သုံးဦးတို့သည်လည်း သူ၏ နောက်မှ ဆယ်လီလိုက်လာပြီဖြစ်သည်။
သူတို့သည် လိုက်ခေါင်းလမ်းကျသ်းကလေးဆုံး၍ အပြင်ဘက်သို့ ရောက်လာကြပြီဖြစ်ရာ ပတ်ဝန်းကျင် ရှုခင်းသစ် ကို လေးယောက်စလုံး တံ့တသြ လှည့်ပတ်ကြည့်နေမိကြလေသည်။
" လှလိုက်တာနော် "
ဆယ်လီက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေရာမှ ခပ်တိုးတိုး မှတ်ချက်ချလိုက်သည်။ သူမသည် ခရိတ် ထံမှ ရေနံဆီမီးအိမ်ကို ယူ၍ ကိုင်မြှောက်ကြည့်နေပြန်သည်။

သူတို့ ရောက်ရှိလာသော နေရာကား လျှပ်စစ်မီးလုံးပေါင်း ရာထောင်မက ထွန်းလင်းနေသကဲ့သို့ရှိသော ကျောက်ဂူ ခန်းကျယ်ကြီးတစ်ခု ဖြစ်လေသည်။
သကြားကဲ့သို့ အပွင့်ငယ်များဖြစ်နေသော ကယ်လစီယမ်ခေါ်
ထုံးကျောက်မာတ်အစိုင်အခဲကလေးများသည် ရှေးပဝေသဂီ နှစ်ပေါင်းများစွာက မြေကြီးပေါ်သို့ ကျရောက်နေရာမှ နှစ်ပရိဿဒ ကြာမြင့်လာသောအခါ ကျောက်တုံး များကပင် အရောင်တဖျပ်ဖျပ် လက်နေသည်ဟု ထင်ရလေသည်။

အချို့နေရာများတွင် ပန်းပုပညာရှင်တို့၏ လှပသော ပန်းပုလက်ရာ ရုပ်များနှင့်လည်း တူနေသည်။

ဂူ၏ နံရံ များတွင် အချို့သော ထုံးကျောက်အစိုင်အခဲများက ချန်ဒီလီယာခေါ် ရှေးခေတ် အိမ်ကြီး အိမ်ကောင်း များတွင် သုံးသည့် မျက်နှာကျက်မှ ဆွဲထားရသော ဖန်သားမီးတိုင်ကြီးများနှင့် တူနေတော့သည်။ နံရံ တစ်လျှောက် ရှိ သဘာဝ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်တူသည့် ပုံပန်းသဏ္ဌာန် အမျိုးမျိုး ကလည်း အံ့ဩ ငေးမော ဖွယ်ရာ ဖြစ်နေလေသည်။

သူတို့လေးဦးသည် လူချင်းခွဲရမှာ ကြောက်သကဲ့သို့ အချင်းချင်း နီးကပ်စွာဖြင့် ဖြည်းဖြည်းချင်း ရှေ့သို့ ဆက် သွားကြ လေသည်။
ကျယ်ဝန်းသော ဂူကြီး၏ အလယ်ဗဟိုတွင်ကား လူတို့၏ လက်ဖြင့် ပြုလုပ်ထားသည့် လက်ရာများကို တွေ့ရ လေ သည်။

ဇာတ်ခုံကဲ့သို့ ပလက်ဖောင်းစင်မြင့်တစ်ခုရှိရာ ရှေးခေတ်လူသားများ ပူဇော်ကိုးကွယ်သည့် ဘုရားစင်လိုလို ယဇ်ပလ္လင်လိုလို ခပ်ဆင်ဆင် တူနေပေသည်။
ယင်းစင်မြင့် ယဇ်ပလ္လင်ပေါ်တွင် ကျားသစ်ရေဖြင့် ဖုံးအုပ်ထားသော လူတစ်ယောက်၏ ရုပ်အလောင်းကို တွေ့ရ လေသည်။ ထိုလူ၏ ခြေနှစ်ဖက်ကိုလည်း ရင်ဘတ်ပေါ်သို့ ကွေး၍ တွဲကပ်ထားလေသည်။
" ဘုရင်လိုဘင်ဂူလာအစစ်ပင် ဖြစ်ပေသည်တကား။ လိုဘင်ဂူလာသည် ပြင်းထန်စွာ တိုက်ခိုက်နိုင်စွမ်း ရှိသော လေနှင့်တူသောသူ ဖြစ်သည်ပါတကား "
ဤသို့ ပါးစပ်မှ ရေရွတ်ယင်း တွန်ဂါတာသည် ဒူးတစ်ဖက်ထောက်၍ အရိုအသေပြုလိုက်သည်။

ရုပ်အလောင်းတွင် လိုဘင်ဂူလာ၏ လက်များသည် ဒူးဆစ်များအပေါ် ဆုပ်ကိုင်ထားလျက်ရှိပြီး ရှေးဟောင်း အီဂျစ်ပြည် ၌ လူသေအလောင်းများ ကြာရှည်ခံအောင် မံမီလုပ်ထားသလို ဆေးဖြင့် စီရင်ထားသဖြင့် ညိုမည်း နေလေသည်။

ထူးဆန်းသည်ကား လိုဘင်ဂူလာဘုရင်၏ လက်သည်းများသည် သေပြီးသည့် နောက်ပိုင်းကျမှ ထပ်၍ ရှည် ထွက်လာပုံရခြင်းပင်ဖြစ်သည်။ လက်သည်းများရှည်ပြီး ကောက်နေပုံက သားရဲတိရွစ္ဆာန်တစ်ကောင်၏ လက်နှင့် တူပြီး ကြောက်စရာပင် ကောင်းနေသည်ဟု ဆိုရပေမည်။

သေဆုံးချိန်က လိုဘင်ဂူလာသည် သားမွေးငှက်တောင်များဖြင့်ညီပီးသော ဦးခေါင်းဆောင်တစ်မျိုး ဆောင်းထား ခဲ့ဟန် တူပေသည်။ သို့သော် ယခုတော့မူ ဦးခေါင်းဆောင်းမှာ ပြုတ်ကျပြီး သူ၏ဘေးနားတွင် ကျနေ လေသည်။ ငှက်တောင်များ၏ အပြာရောင် အသွေးသည် ယခုတိုင်အောင်ပင် လတ်ဆတ်နေပုံက အံ့သြဖွယ်ရာ ပင် ဖြစ်နေတော့သည်။

လိုဘင်ဂူလာ၏ ရုပ်အလောင်းကို စင်မြင့်ပေါ် နေရာချထားပုံမှာ အပေါ်မျက်နှာကျက်ဆိမှ ရေစိမ့်ကျနေရာ တည့်တည့် တွင် ချထားကြောင်း သတိပြုမိကြလေသည်။
သူတို့လေးဦး ရပ်ကြည့်နေချိန်မှာပင် ရေစက်တစ်စက်အပေါ်မှ ကျလာပြီး ဘုရင့်အလောင်း၏ နဖူးပြင်တည့် တည့်သို့ ကျသွားလေသည်။ နဖူးပြင်မှ တစ်ဆင့် ရေအကြွင်းအကျန်များ မျက်နှာကျက်မှ စီးကျသွားပုံမှာ မျက်ရည်ကျ သကဲ့သို့ ထင်ရပေသည်။

နှစ်ရှည်လများ ရေစက်များကျခဲ့ပုံအရဆိုလျှင် ရေစက်ပေါင်းများစွာ သန်းချီ၍ ကျခဲ့ပြီး ဖြစ်ရပေမည်။ ရေစက် တစ်စက်ကျတိုင်း ရေတွင်းပါဝင်သည့် ကယ်လစီယမ်ထုံးဓာတ်အနည်းငယ်သည်လည်း ဘုရင်၏ နဖူးတွင် ကျ ကျန်ရစ် ကြောင်း ထင်ရှားပေသည်။
ဤနည်းအားဖြင့် ဘုရင်လိုဘင်ဂူလာ၏ ရုပ်ကလာပ်သည် ထုံးကျောက်များကြောင့် ဖြစ်မည်၊ တဖြည်းဖြည်း ကျောက်ရုပ်အသွင်သို့ ပြောင်းလဲလာခဲ့လေသည်။ ယခုပင်လျှင် ဦးခေါင်းသည် ထုံးကျောက်များဖြင့်ပြီးသည့် ကျောက်ရုပ် အသွင် ဖြစ်နေပေပြီ။

ရုတ်တရက် ကြည့်လိုက်လျှင် အဖြူရောင်ကျောက်သား မျက်နှာဖုံးတစ်ခုစွပ်ထားသကဲ့သို့ ထင်ရသည်။ သို့သော် ပါးစပ်ပေါက်နေရာမှ သူ၏ ဖြူဖွေးသော သဘာဝသွားများက ညီညာစွာရှိလျက် ပြုံးဖြဲဖြဲနှင့် ကြည့်နေသလို အသွင်မျိုးဖြစ်နေလေသည်။
ယင်းမြင်ကွင်းမှာ အလွန်စိတ်တုန်လှုပ် ချောက်ချားဖွယ် ကောင်းနေလေရာ အထူးသဖြင့် ဆာရာခမျာ တိုင်းရင်းသူ ပီပီ အယူသီးမှု ထိတ်လန့်တုန်လှုပ်မှုပြင်းစွာဖြစ်ပေါ်လျက်ဆယ်လီ၏ လက်တစ်ဖက်ကို တင်းကျပ် စွာ ဆုပ်ကိုင်ထားပြီး နေရရှာသည်။

ဆယ်လီကလည်း အားပေးသည့်အနေဖြင့် ဆာရာ၏ လက်ကို ပြန်၍ ဆုပ်ကိုင်ထားလိုက်သည်။

ခရိတ်သည် ရေနံဆီမီးအိမ်ကို လူသေအလောင်း၏ ဦးခေါင်းပေါ်သို့ ကိုင်မြှောက်၍ ကြည့်ရာမှ မီးအိမ်ကို ပြန်ချ ထားလိုက်သည်။
လိုဘင်ဂူလာ၏ ရုပ်အလောင်း ရှေ့တည့်တည့် စင်မြင့် သို့မဟုတ် ယဇ်ပလ္လင်ရှေ့နားတွင် အရာဝတ္ထုငါးခု ချ ထားသည်ကို တွေ့ရလေသည်။ ယင်းတို့အနက် လေးခုမှာ ဘီယာအိုး လေးလုံးပင်ဖြစ်သည်။
ဘီယာအိုး များမှာ ရှံ့စေးကို လက်ဖြင့် ပုံသွင်းပြုလုပ်ထားခြင်းဖြစ်ညီပီး အိုး၏ အပေါ် (လည်ပင်း) နားတွင် ဒီဇိုင်းပုံများ ဖန်တီးပြုလုပ်ထားလေသည်။ အိုးများ၏ ထိပ်ဝကိုကား ဆိတ်သားရေဖြင့် အလုံပိတ်ဆို့ ထားလေ သည်။

ပဉ္စမမြောက် အရာဝတ္ထုကား မြင်းကျားသားရေဖြင့် ချုပ်ထားသည့် အိတ်တစ်အိတ် ဖြစ်လေသည်။
ခရိတ်သည် ထိုအိတ်ကို စိုက်ကြည့်ရာမှ တွန်ဂါတာအား လှမ်းကြည့်လိုက်လေသည်။
" သူငယ်ချင်း တွန်ဂါတာ၊ သူငယ်ချင်းဟာ ဘုရင်လိုဘင်ဂူလာရဲ့ တိုက်ရိုက်အနွယ်တစ်ဦးဖြစ်တယ်။ ဒါကြောင့် ဒီဂူတွင်းက ပစ္စည်းမှန်သမျှကို သူငယ်ချင်းကသာ ထိပိုင် ကိုင်ပိုင်ခွင့်ရှိတယ် "
ခရိတ်က ပြောလိုက်ချိန်တွင် တွန်ဂါတာသည် ဒူးထောက်လျက်ပင် ရှိသေးပြီး ရုတ်တရက် ဘာမှ ပြန်မပြော ချေ။ သူ၏ မျက်လုံးများက လိုဘင်ဂူလာ၏ ဦးခေါင်းကိုသာ ငေးကြည့်ပြီးမှ ပါးစပ်မှလည်း ခပ်တိုးတိုး ရေရွတ် ဆုတောင်း နေလေသည်။

ခရစ်ယာန် ဘုရားသခင်ကို တိုင်တည်ဆုတောင်းနေခြင်းပေလောဟု ခရိတ်က တွေးမိလေသည်။
သို့တည်း မဟုတ် သူ၏ ဘိုးဘေးဘီဘင် အနွယ်တော်များကို တိုင်တည် ဆုတောင်းနေလေသလော။
ဆယ်လီသည် သွားချင်းရိုက်မိအောင် ချမ်းနေဆဲပင် ရှိနေရှာလေသည်။ ဆာရာသည်လည်း အအေးဒဏ် ကြောင့် ခိုက်ခိုက်တုန်နေရှာလေရာ ခရိတ်သည် မိန်းကလေးနှစ်ဦး၏ ပခုံးကို ဖက်ထားလိုက် လေသည်။

တွန်ဂါတာသည် ဒူးထောက်နေရာမှ မတ်တတ်ထလိုက်ပြီး စင်မြင့် (ယဇ်ပလ္လင်)အနီးသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်သွားလေသည်။
" အို ... အရှင်ဘုရင်မင်းမြတ် လိုဘင်ဂူလာ၊ ကျွန်ုပ်သည် အရှင့်အား ယခု မြင်ရပါ၏။ ကူမာလို၏ သားတော် ဖြစ်သော ကျွန်ုပ်သည် ယခု သင့်အား လေးစားစွာဖြင့် နှုတ်ခွန်းဆက်သပါ၏။ ကျွန်ုပ်သည်

ဆင်မဆင် ကူမာ လို ဖြစ်ပါ၏။
ဤနေရာတွင် တွန်ဂါတာသည် သူတို့၏ ရိုးရာတိုင်းရင်းသား မာတာဘယ်လီတို့၏ မူလနာမည် ဆမ်ဆင် ကူမာလို ဟု သုံးလိုက်ခြင်းပင်ဖြစ်သည်။

" အကယ်၍ ကျွန်ုပ်သည် သင် ကြိုတင်ဟောကိန်းထုတ်ခဲ့သော အတိတ်တဘောင်ထဲမှ ကျားသစ်ငယ် ဖြစ်ပါမူ ကျွန်ုပ်အား အရှင်က ကူညီစောင့်ရှောက်ပါလော့။ ကူညီစောင့်ရှောက်ရန် ပန်ကြားပါ၏။ တစ်ဖန် ကျွန်ုပ် သည် ကူညီစောင့်ရှောက်ပလော့။ ကူညီစောင့်ရှောက်ရန် ပန်ကြားပါ၏။ တစ်ဖန် ကျွန်ုပ်သည် တဘောင် ထဲမှ ကျားသစ်ငယ် မဟုတ်ပါက ကျွန်ုပ်၏ လက်ကို ချေမငန်းဖျက်ဆီးပစ်ပါလော့။ အရှင်တို့၏ မာရှိဘာနီ မျိုးရိုးအနွယ်တော်များသာ ပိုင်ဆိုင်ခွင့်ရှိသော ဤရတနာများအား လာရောက် ထိကိုင် သည့်အတွက် အပြစ်ဒဏ် ခတ်လိုက်ပါလော့ "
ပြောပြော ဆိုဆို တွန်ဂါတာသည် လက်တစ်ဖက်ငြဖ့် ဘီယာအိုးတစ်လုံးကို အသာထိလိုက်သည်။

ခရိတ်သည် ရင်တမမနှင့် ငေးကြည့်နေမိလေသည်။
ရှေ့လျှောက် ဘာတွေဖြစ်လာဦးမည်နည်း။
သေဆုံးနေပြီးသော ဘုရင်လိုဘင်ဂူလာ၏ ရုပ်အလောင်းက ထ၍ စကားပြန်ပြောလေမည်လော။

တိတ်ဆိတ်ငြိမ်သက် နေသည့်ကြားမှ တွန်ဂါတာသည် နောက်လက်တစ်ဖက်ဖြင့် ဘီယာအိုးကို ကိုင်လိုက် ပြန်သည်။ ထို့နောက် လက်များကိုမြှောက်၍ ကွယ်လွန်သူဘုရင် လိုဘင်ဂူလာအား အလေးပြုလိုက်သည်။
ထိုအခိုက် တစ်စုံတစ်ခု ကွဲရှသံလိုလို ကြားလိုက်ရပြီး ရှဲ့စေးဖြင့် လုပ်ထားသော ဘီယာအိုးသည် အက်ကွဲ ကာ အောက်ခြေမှပွင့်ထွက်လာပြီး ပြောင်လက်သောအရာဝတ္ထုငယ်များ ထွက်ကျလာလေသည်။
စိန်ရတနာ များပင်ဖြစ်ပြီး ရေနံဆီမီးအိမ်၏ အလင်းရောင်တွင် အရောင် ဖျပ်ဖျပ်လက်လျက် အလွန် အံ့သြဖွယ် ကောင်းလောက်အောင် စိန်များ စုပုံနေလေတော့သည်။

အခန်း (၄၂)

" ဒါလောက်များလှတဲ့ ပစ္စည်းတွေက စိန်တွေချည်း ဟုတ်မယ်မထင်ဘူးရှင့်။ အရောင်လက်နေတဲ့ ကျောက် တုံးကလေးတွေနဲ့ တူတယ် "
ဆယ်လီက အလွန်အံ့သြစွာနှင့် ခပ်တိုးတိုး ပြောလိုက်သည်။
သူတို့သည် ဘီယာအိုးလေးလုံးစလုံးကို သွန်ချလိုက်ပြီး မြင်းကျားသားရေဖြင့် ပြုလုပ်ထားသည့် အိတ်ကိုပါ သွန်ချ လိုက်ပြီး အမြောက်အမြား စုပုံနေသော ကျောက်များကို ငေးမောကြည့်နေမိကြလေသည်။
အားလုံး ငြိမ်သက်နေရာမှ ခရိတ်က စတင်၍ စကားပြောလေသည်။

" တစ်ခုတော့ သေချာတယ်။ ဘီယာအိုးတစ်လုံးဟာ တစ်ဂါလန်ဝင်အိုးဖြစ်တယ်လို့ တဘောင်မျာဆိုထားတာ မှားတယ်။ ငါ အကဲခတ်ကြည့်ရသလောက် အိုးတွေက တစ်ဂါလန်မရှိဘူး။ အလွန် ဆုံး တစ်ပိုင့်လောက်ပဲ ရှိမယ် "
" ဘာပဲဖြစ်ဖြစ်လေ အိုးတစ်လုံးဟာ တစ်ပိုင့်ပဲ ရှိတယ်ထားဦး၊ ငါးပိုင့်လောက်ရှိတဲ့ စိန်တွေဆိုတာ နည်း သလားဗျ "
တွန်ဂါတာက ပြန်ပြောလိုက်သည်။

ထိုအတောအတွင်း သူတို့သည် လှေကားဇ၏ အပေါ်ပိုင်းမှ သစ်သားအချို့ကို ဖြုတ်ယူပြီး မီးဖိုထားလိုက်သဖြင့် အနွေး ဓာတ် ရရှိနေကြပြီဖြစ်သည်။
" တကယ်လို့ ဒါတွေက စိန်ရတနာ တကယ်ဖြစ်ရင်တော့ ဟုတ်တာပေါ့ "
ဆယ်လီက သံသယရှိဟန်ဖြင့် ပြောလိုက်ရာ ခရိတ်က -
" ဒါတွေ အားလုံးဟာ စိန်အစစ်တွေပဲကွဲ့။ အခု မြင်ရတဲ့ ကျောက်အားလုံးဟာ စိန်တွေချည်းပဲ။ ဟောဒီမယ် ကြည့် "ဟု ပြောပြောဆိုဆို သူသည် စိန်တစ်လုံးကို ကောက်ယူလိုက်သည်။
ထို့နောက် ထိုစိန်ကို မီးအိမ်၏ မှန်ပြောင်းတွင် အသာကပ်၍ ဆွဲလိုက်ရာ ကျိုခနဲ အသံမြည်သွားပြီး မှန်သား တွင် ထင်ရှားသော အစင်းကြီးတစ်ခု ဖြစ်သွားသည်။

" ကိုင်း ... မြင်ကြပြီမဟုတ်လား။ အဲဒါ စိန်အစစ်ဖြစ်ကြောင်း သေချာစေတဲ့ အထောက်အထားပဲ "
ခရိတ် က ပြောလိုက်လဆင် ဆယ်လီသည် အလွန်အံ့သြလျက် အသေးဆုံး စိန်တစ်လုံးကို

ကောက်ယူလိုက် သည်။
" စိန်အစစ် က ဒါလောက်ပဲ ကြီးကြီးရှိလို့လားရှင့်။အခု ဟာဒိ အသေးဆုံးက ကျွန်မ
လက်ညှိုးထိပ်ထက် ကြီးနေ သေးတယ် "
" ဒီလို ဖြစ်လိမ့်မယ်၊ ဟိုခေတ်က မာတာဘယ်လီ အလုပ်သမားကြီးတွေက အကြီးဆုံး
စိန်တုံးတွေကိုမှ ရွေးယူ လာခဲ့တာ ဖြစ်လိမ့်မယ်။ နောက်တစ်ချက် စဉ်းစားဖို့က ဒါတွေက
စိန်ရိုင်းတုံးတွေ ဖြစ်တဲ့အတွက် အချောကိုင် သွေးရာမှာ ခြောက်ဆယ်ရာခိုင်နှုန်းလောက်
လျော့သွားမယ်ဆိုတဲ့ အချက်ပဲ။ အခု မင်း လက်ထဲ က စိန်တုံး ဆိုရင် အချောသွေးလိုက်တဲ့အခါ
ပဲစေ့တစ်စေ့အရွယ်လောက်ပဲ ကျန်လိမ့်မယ် "

ခရိတ်က ရှင်းပြလိုက်သည်။
" အရောင်တွေကလည်း အမျိုးမျိုးပဲနော် "
တွန်ဂါတာက ဝင်၍ မှတ်ချက်ချလိုက်သည်။
တကယ်လည်း စိန်တွေက အရောင်အသွေးအမျိုးမျိုး ဖြစ်နေလေသည်။ အချို့က သံပရာသီးမှည့်
အရောင် ဖြစ်ပြီး၊ အချို့က အဝါရင့် ဖြစ်နေသည်။ အခြား အရောင်အမျိုးမျိုးလည်း ရှိလေသည်။
" ဟာဒါ ကိုလည်း ကြည့်ကြပါဦးရှင့် "
ဆယ်လီ က ခရမ်းရောင်အရင့်ရှိသော စိန်တစ်လုံးကို ကောက်ယူရင်း ပြောလိုက်သည်။

" နောက်ပြီး ဟာဒါကိုလည်း ကြည့်ကြပါဦး "
သူမက ကြက်သွေးရောင်အရင့် ကျောက်တစ်လုံးကို ပြပြန်သည်။
" ဒါလည်း ကြည့်ဦးလေ "
သည်တစ်ခါတော့ သူမသည် အစိမ်းရောင် ကျောက်တစ်လုံးကို ယူပြလေသည်။
ထို့နောက် ဆယ်လီသည် ရောင်စုံကျောက်များ တစ်လုံးစီ ရွေးယူ၍ သူမ၏ ရှေ့တွင်
စီချထားလိုက်သည်။

" သိပ်လှတာပဲနော် "
ပြောရင်းနှင့် သူမသည် ကျောက်များကို အရွယ်အစားနှင့် အရောင်အသွေးအလိုက် ရွေးချယ်ပြီး
စီနေပြန် သည်။ တစ်ဖန် အဝါရောင်၊ ရွှေရောင်ကျောက်များကို တစ်တန်းစီပြီး အနီနှင့် ပန်းနရောင်

ကျောက်များကို နောက် တစ်တန်း စီထားလိုက်သည်။
ဤတွင် ခရိတ် က စိန်အကြောင်း ရှင်းပြလေသည်။

" စိန်ရိုင်းဆိုတာက သဘာဝ အရောင်အသွေးထဲက ဘာအရောင်မဆို ရှိတတ်တယ်။
ဆယ့်လေးရာစုနှစ် တုန်းက ကမ္ဘာ့အနှံ့အပြားလှည့်ခဲ့တဲ့ ခရီးသည် ဂျွန်မန်ဒီဗေးလ် ဆိုသူက
သူမှတ်တမ်းရေးရာမှာ စိန်ရဲ့ ထူးခြားချက် တစ်ခုက တခြား ကျောက်မျက်ရတနာတွေရဲ့
အရောင်အသွေးကို စိန်ရိုင်းဘဝမှာ အတု ယူတတ် တဲ့ သဘာဝရှိတယ်လို့ ရေးသားခဲ့ဖူးတယ်။
နောက်တစ်ခုက စိန်ကို အချောကိုင်သွေးလိုက်ရင် ပုံသဏ္ဌာန် အမျိုးမျိုးဖြစ်လာနိုင်တယ်တဲ့။ ဥပမာ
စတုရန်းပုံကစပြီး အောက်တာဟီဒရွန်ပုံအထိ ဖြစ်လာနိုင် တယ်"
" အမယ်လေး အရေးထဲ ရှင်က စကားလုံးခက်ခက်တွေ ထည့်ပြောနေပြန်ပါပြီ။
အောက်တာဟီဒရွန်ဆိုတာ က ဘာများ လဲရှင့်။ ကျွန်မတော့ ကြားတောင် မကြားဖူးပါဘူး "

ဆယ်လီက ပြုံး၍ ပြောလိုက်ရာ ခရိတ်က ခပ်တည်တည်နှင့် -
" အောက်တာဟီဒရွန်ဆိုတာ ဘေးနှစ်ဖက်က တြိဂံပုံသဏ္ဌာန်ရှိပြီး အပေါ်ကတော့ ပဂရမစ်ပုံသဏ္ဌာန်
နှစ်ခု ရှိတဲ့ အရာဝတ္ထုပဲ" ဟု ပြောလိုက်သည်။
" နေပါဦး၊ ရှင်က ဒါတွေ ဘယ်လိုလုပ်ပြီး သိနေတာလဲဟင် "
" ငါ စာအုပ်တစ်အုပ်ရေးခဲ့တာ မှတ်မိတယ်မဟုတ်လား။ အဲဒီစာအုပ် တစ်ဝက်နီးပါးလောက်က
အာဖရိက တိုက် စိန်တွေအကြောင်း ပါတယ်လေကွာ "
" ဟုတ်ကဲ့ ဒါလောက်ဆိုရင် တော်လောက်ပါပြီ "

" မတော်ချင်သေးရင်လည်း ငါက ဆက်ပြီး ပြောပြနိုင်သေးတယ်။ စိန်ဆိုတာဟာ အလင်းရောင်ကို
ထောင့် အမျိုးမျိုး ဖန်တီးဖြစ်ပေါ်စေနိုင်တာမို့ တော်တော် ထူးဆန်းတယ် "
" တော်ပါတော့ရှင် "

ဆယ်လီက ဤသို့ ပြောလိုက်သော်လည်း သူမ၏ မျက်နှာအမူအရာက စိန်တွေကို စိတ်ဝင်စား
နေသေးပုံ ရသဖြင့် ခရိတ်က စကားဆက်လေသည်။
" စိန်ရဲ့ တောက်ပြောင်လှပမှုကတော့ တကယ် အံ့သြဖို့ကောင်းတယ်။ တစ်ခုပဲရှိတာက ရှေးခေတ်

လူတွေ က စိန်ရိုင်းကို အရောင်အသွေး အကောင်းဆုံးဖြစ်လာအောင် သွေးယူတဲ့ အတတ်ပညာ မတတ်ခဲ့ကြဘူး။ ဒါကြောင့် ရှေးခေတ်က ရောမလူမျိုးတွေဟာ ပုလဲရတနာကို ပိုပြီး တန်ဖိုးထားကြတယ်။ စိန်ကို ပထမဆုံးသွေးတဲ့ ဟိန္ဒူလူမျိုးပညာရှင်တွေကတောင် စိန်ရိုင်းကို အကြမ်းသဘော ပွတ်တိုက် သဘောက်ပဲ တတ်ကြတယ်။ ကမ္ဘာကျော် ကိုဟီနူး စိန်ကြီးကို ကြည့်ပါလား။ အကြမ်းလောက်ပဲ သွေးထားတယ်။ အခု ခေတ် စိန်သွေးပညာရှင်တွေက အလေးချိန် ကာရက် ခုနစ်ရာကျော်ရှိတဲ့ စိန်ရိုင်းကိုသွေးရင်း ကာရက် တစ်ရာကျော်လောက်ပဲ ကျန်တတ်ကြောင်း သိရရင် ရှေးခေတ်လူတွေ အလွန် အံ့သြကြလိမ့်မယ် "

" နေပါဦးရှင့် ကာရက်ခုနစ်ရာဆိုတာ ဘယ်လောက်ကြီးသလဲ "
ဆာရာက သိလိုၗ မေးလိုက်ရာ ခရိတ်သည် သူ၏ရှေ့ရှိ စိန်များထဲမှ စိန်ကြီးတစ်လုံးကို ရွေးထုတ် ယူလိုက်သည်။ ထိုစိန်ရိုင်းတုံး၏ အရွယ်ပမာဏမှာ ဂေါက်ရိုက်သည့် ဂေါက်သီးတစ်လုံးပမာဏခန့် ရှိသည်။
" အဲဒါက ကာရက် သုံးရာကျော်လောက်ပဲ ရှိမယ်။ ဒါကို အချောကိုင် သွေးလိုက်ရင် ကာရက် တစ်ရာကျော် လောက်ပဲ ကျန်မယ်။ ဒါတောင် အတော်ကြီးတဲ့ စိန်ဖြစ်လာမှာမို့ လူတွေက နာမည်ပေးကြလိမ့်မယ်။ ဥပမာ မဂိဘုရင်ကြီး ရှားဘုရင်ရဲ့ ရတနာ အဲဒီလို နာမည်တွေ ပေးကြလိမ့်မယ် "

" ဒီစိန်ကိုတော့ လိုဘင်ဂူလာရဲ့ မီးလှုံကြီးလို့ နာမည်ပေးရင် ကောင်းမယ် "
ဆာရာ က အကြံပြုလိုက်ရာ ခရိတ်က ခေါင်းညိတ်ပြလိုက်သည်။
" အေး ... ဟုတ်တယ်၊ ဒီနာမည်က မဆိုးပါဘူး။ လိုဘင်ဂူလာရဲ့ မီးလှုံကြီးလို့ နာမည်ပေးလိုက်ရင် ကောင်း သားပဲ "
တွန်ဂါတာက ဝင်၍ မေးခွန်းထုတ်လိုက်သည်။

" ဒါတော့ အတိအကျ ပြောရခက်သားဗျ။ ဒီစိန်ရိုင်းပုံထဲမှာ တန်ဖိုးရှိတာတွေ ပါသလို လုံးဝ တန်ဖိုးမရှိတဲ့ ကျောက်ရိုင်း တွေလည်း ရောပါနေလိမ့်မယ် "
ပြောရင်းနှင့် ခရိတ်သည် အညိုရင့်ရောင် စိန်ရိုင်းတစ်တုံးကို ကောက်ယူလိုက်သည်။
" ဟောဒါဆိုရင် အခုခေတ်မှာ တန်ဖိုးရှိတဲ့စိန်မျိုးဖြစ်လိမ့်မယ်။ ငွေကြေးပမာဏနဲ့ ပြောရရင်တော့

စိန်ကောင်း ကောင်းတစ်လုံးရဲ့ တန်ဖိုးဟာ အဲဒီစိန်သဘောကျပြီး ဝယ်တဲ့ လူကပေးတဲ့
တန်ဖိုးပဲလို့ဆိုရမယ်။ ဒီစိန်တွေ အားလုံးကို တစ်ချိန်တည်း တစ်ပြိုင်နက် ရောင်းချဖို့တော့မဖြစ်နိုင်ဘူး။
လက်ရှိ ကမ္ဘာ့ဈေးကွက် တစ်ခုလုံး က ဒီစိန်တွေအားလုံးကို တစ်ပြိုင်နက် ဝယ်နိုင်တဲ့ အင်အားမရှိဘူး။
ဒါကြောင့် ဒီစိန်မျိုးတွေ တစ်လုံးချင်း ရောင်းမှ ဖြစ်မယ်။ စိန်တစ်လုံးရဲ့ တန်ဖိုးကလည်း
အလွန်များမှာမို့ ဝယ်နိုင်မယ့်လူကို တော်တော် ရှာရလိမ့်မယ် "

" တန်ဖိုးက ဘယ်လောက်များမှာမို့လဲ "
တွန်ဂါတာက ထပ်မေးလိုက်ရာ ခရိတ်သည် နောက်ထပ် စိန်ရိုင်းတစ်လုံးကို
ကောက်ယူလိုက်ပြန်သည်။
" ဒီစိန်ဆိုရင် ကျွမ်းကျင်တဲ့ စိန်သွေးပညာရှင်တွေက အထူးဂရုစိုက်ပြီး သွေးကြလိမ့်မယ်။ စိန်ဆိုတာ
သွေးပြီး ခွဲခြမ်း စိတ်ဖြာရသေးတယ်။ ဒီလို ခွဲရာမှာ မကျွမ်းကျင်လို့ တစ်ချက်မှားသွားတာနဲ့ လုံးဝ
တန်ဖိုး မရှိ တဲ့ အဖြစ်မျိုး ကို ရောက်သွားနိုင်တယ်။ သို့သော်လည်း ပညာရှင်က တကယ်
ကျွမ်းကျင်ပြီး စိတ်ကလည်း အလွန်တည်ငြိမ်အေးဆေးစွာနဲ့ ပိုင်ပိုင်နိုင်နိုင် ခွဲလိုက်နိုင်ရင်တော့
ဒီစိန်ဟာ ကာလတန်ဖိုးနဲ့ ဒေါ်လာ ဆယ်သိန်း လောက် တန်လိမ့်မယ် "

" ဟင် ... ကျောက်တစ်လုံးတည်းက ဒေါ်လာငွေ ဆယ်သိန်းတောင် တန်မယ်လား "
ဆာရာက တအံ့တသြ မေးလိုက်သည်။
ခရိတ် ခေါင်းညိတ်ပြလေသည်။

" ဟုတ်တယ်၊ ကျုပ်က အနည်းဆုံး ခန့်မှန်းပြောတာပါ။ အဲဒါထက်မက တန်ဖိုးရှိနိုင်တယ် "
ဤတွင် ဆယ်လီသည် လက်နှစ်ဖက်ဖြင့် စိန်ရိုင်းတုံးတွေ ရနိုင်သလောက်ကို ကျုံးယူလိုက်သည်။
" ဒါဆိုရင်ကော ကာလတန်ဖိုး ဘယ်လောက်ရှိမယ် ထင်သလဲ "
" ဒေါ်လာငွေ သိန်းပေါင်းတစ်ထောင်က သိန်းပေါင်း ငါးထောင်လောက်အထိ ရှိနိုင်တယ်"
ခရိတ် က တည်ငြိမ်အေးဆေးစွာဖြင့် ပြန်ပြောလိုက်သည်။

ဆယ်လီသည် လက်ခုပ်ထဲမှ စိန်ရိုင်းများကို ပြန်သွန်ချလိုက်သည်။
ထို့နောက် အားလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သူတို့အားလုံးသည် စိတ်ဓာတ်ကျနေကြသဖြင့်

ဆိတ်ဆိတ်နေကြခြင်းဖြစ်လေသည်။ ရန်သူတွေ ပတ်ချာဝိုင်းနေသည့် အဖြစ်မှ လွန်မြောက်ရန်
အလားအလာ အလွန်နည်းနေသဖြင့် စိတ်ပျက်အားငယ်နေကြခြင်းဖြစ်လေသည်။
အတန်ကြာမှ တွန်ဂါတာက စပြောလေသည်။

" ကျုပ်တို့ အဖြစ်ကလည်း တစ်မျိုးပဲဗျ။ အခု ဒီမှာ ကျုပ်တို့ ထိုင်နေကြတဲ့ အချိန်မှာ ဒီစိန်တွေကြောင့်
ကျုပ်တို့ဟာ ကမ္ဘာမှာ အကြွယ်ဝဆုံးဆိုတဲ့ လူထက်တောင် ပိုပြီး ချမ်းသာကြွယ်ဝနေပြီလို့
ဆိုနိုင်တယ်။ ဒါပေမဲ့အ ခုလို မြေအောက်ဂူထဲမှာ အကျဉ်းကျသလို နေရာက လွတ်မြောက်ပြီး
ပြင်ပနေရောင်အောက်မှာ လွတ်လပ်လာမယ်ဆိုရင် ဒါတွေအားလုံး ကျုပ်က ပေးပစ်ဖို့
အဆင်သင့်ရှိတယ် "
သူပြောလိုက်ပုံက လွတ်မြောက်ရေးကလွဲလျှင် ဘာကိုမှ ဂရုမစိုက်ဟုဆိုလိုသည့်
ဟန်မျိုးဖြစ်နေသည်။

ဆာရာသည် ခရိတ်အား လှမ်းကြည့်ရင်း တောင်းပန်သလို ဟန်မျိုးနှင့် -
" ဒီမယ် ကျွန်မတို့ကို စကားပြောစမ်းပါ ပူဖိုးရယ်။ စိတ်ပြေလက်ပျောက်ဖြစ်အောင် ပုံတွေ
ပြောပြစမ်းပါ လားဟင် " ဟု ပြောလိုက်သည်။
ထိုအခါ ဆယ်လီကပါ ထောက်ခံသည့်အနေဖြင့် -
" ဟုတ်တယ်ရှင့်၊ ရှင်က စိန်ရတနာတွေအကြောင်း နားလည်တယ် မဟုတ်လား။ ကျွန်မတို့ကို
စိန်တွေ အကြောင်း ပြောပြစမ်းပါ။ ဒါမှ စိတ်ပြေလက်ပျောက်ဖြစ်ပြီး လက်ရှိဘဝကို မေ့နေလိမ့်မယ်"
ဟု ပြော လိုက်သည်။
ခရိတ် သည် သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၂) အဆက် (၁)

တွန်ဂါတာက မီးပုံထဲသို့ နောက်ထပ် ထင်းများဖြည့်ထည့်ပေးလိုက်စဉ် ခရိတ်သည် စိန်အကြောင်း
စပြော လေသည်။
" ကိုဟီနူးဆိုတဲ့ စိန်ကြီးအကြောင်း ကြားဖူးကြတယ် မဟုတ်လား။ ကိုဟီးနူးဆိုတဲ့ ဝေါဟာရရဲ့
အဓိပ္ပာယ်က အလင်းရောင်ဖြင့်ပြီးသော တောင်ကြီးဖြစ်တယ်ဆိုတာကော သိကြရဲ့လား။ ဒီစိန်ကြီးရဲ့

တန်ဖိုးကိုလည်း ပိုင်ရှင်ဖြစ်တဲ့ မဂိုစစ်ဘုရင်ကြီး ဂေဘာက ဘယ်လောက်တန်ဖိုးဖြတ်ခဲ့သလဲ သိလား။

အဲဒီခေတ်က တိုင်းပြည်အားလုံးပါတဲ့ ကမ္ဘာ့တစ်ခုလုံးရဲ့ နေ့စဉ်အသုံးစရိတ်ရဲ့ တစ်ဝယ်ရှိမယ်လို့ ခန့်မှန်း ခဲ့တယ်။ အဲဒီ ခေတ်ကတော့ ကိုဟီနူးစိန်ကြီးထက် ကြီးကျယ်ပြီး အရည်အသွေးကောင်းတဲ့ စိန်မျိုး မရှိခဲ့တာ တော့ အမှန်ပဲ။ ရှေးခေတ် မြို့တော်ကြီးတွေမှာ ရတနာတွေ အများကြီး စုဆောင်းထားရှိတာကိုတော့ ကြားဖူး ကြမှာပေါ့။ အိန္ဒိယပြည် ဒေလီမြို့ဟောင်းမှာက ကိုဟီနူးစိန်လို အဖိုးတန်ရတနာတွေ ဘယ်လောက် များများ ရှိခဲ့သလဲ ဆိုရင် ရှေးခေတ်ရောမမြို့တော်တို့၊ တစ်ချိန်က အလွန်ကြီးကျယ်ခဲ့တဲ့ ဘေဘီလွန် မြို့ကြီး တို့ထက် ဒေလီမြို့က အဆပေါင်းများစွာသာတယ်လို့ အဆိုရှိတယ်။

အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေကို နာမည်ပေးထားခဲ့ပုံကိုလည်း ကြည့်ဦးလေ။ " အလင်းရောင် ပင်လယ်ပြင် တဲ့ " နောက်ပြီး " လမင်းရဲ့ သရဖူ"တဲ့ အဲဒီလို နာမည်မျိုးတွေကို ပေးခဲ့ကြတယ် " ခရိတ် သည် ဤသို့ပြောပြီးနောက် ကျန်လူများ စိတ်ဓာတ်ကျနေရာမှ စိတ်ပြေလက်ပျောက်ဖြစ်လာစေရန် ရည်ရွယ်လျက် သူစဉ်းစားရသမျှ စိတ်ဝင်စားဖွယ် အကြောင်းများ၊ ပုံပြင်များကို ကြိုးစားပြောပြလေသည်။

သူသည် အတိတ်ကာလ ပြင်သစ်ပြည်မှ အလွန်သစ္စာရှိသော အစေခံ (လူယုံတော်) တစ်ဦးအကြောင်း ပုံပြင် ကိုလည်း ပြောပြလိုက်သည်။
တစ်ခါက ဒီဆင်စီဆိုသူသည် သူ၏ ကျွန်ယုံတစ်ဦးအား အလွန် အဖိုးတန်သော စိန်ကြီးတစ်လုံးကို ပြင်သစ်ဘုရင် ဟင်နရီထံသို့ လွှတ်၍ ပေးပို့ခိုင်းခဲ့ခြင်းနှင့်စပ်လျဉ်းသော ပုံပြင်ဖြစ်လေသည်။
" ဒီအကြောင်း ကို ခိုးသားဓားပြတွေက သတင်းရလေတော့ စိန်ကြီး ယူဆောင်သွားတဲ့ ကျွန်ယုံကို လမ်းခရီး ကဖြတ်ပြီး ဓားပြတိုက်ကြတယ်။ သို့သော်လည်း စိန်ကြီးကိုတော့ ဘယ်လိုမှ ရှာမတွေ့ဘူးတဲ့။ နောက်ဆုံး လူဆိုး တွေက လက်လျှော့ပြီး အဲဒီ ကျွန်ယုံအလောင်း မြှုပ်ထားတဲ့နေရာကို တူးဖော်စေပြီး ပျက်စီးနေတဲ့ အလောင်း ကို အသေးစိတ် ရှာဖွေစေသတဲ့။ ဒီတော့မှ စိန်ကြီးဟာ ဒီလူရဲ့ ဝမ်းဗိုက်ထဲမှာ သွားတွေ့ ရတယ်လို့ ဆိုတယ် "

" ဟင် ... စိတ်ညစ်စရာကြီးပဲနော် "

ဆယ်လီက အော့နလုံးနာဟန်ဖြင့် မှမ်ချက်ချလိုက်သည်။
" ဒီလိုလည်း ပြောချင် ပြောနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်ဆိုလိုတာကတော့ ကမ္ဘာ့သမိုင်းမှာ ကြီးကျယ်ခဲ့တဲ့ စိန်ရတနာ မှန်သမျှ အလားတူ နောက်ကြောင်း ရာဇဝင်တွေ၊ ပုံပြင်တွေ ရှိခဲ့တာချည်းပဲ။ စိန်ကောင်းကောင်း ရရှိဖို့ အတွက် စိန်အကြောင်း လှိုဏ်ဂုက်ချက်တွေကို စစ်ဆေးမေးမြန်းလို့ ကာယကံရှင်က မဖော်ထုတ်ဘဲ လှိုဏ်ဂုက် ထားရင် အဲဒီလူတွေကို ရေနွေးပူလောင်း၊ သံကို မီးဖုတ်ပြီး အသားမှာကပ်တဲ့ နည်းမျိုး တွေနဲ့ နှိပ်စက် ညှဉ်းပန်းပြီး စစ်ခဲ့ကြတယ်။

အမျိုးသမီးတွေဆိုရင် စိန်အတွက် သူတို့ကိုယ် သူတို့ အပျက်စီးခံပြီး လှိုဏ်ဂုက်ချက်ကို ထိန်းသိမ်း ကာကွယ် ခဲ့သလို၊ တချို့က စိန်ရဖို့အတွက် ခန္ဓာကိုယ်နဲ့ရင်းပြီး ရအောင်ယူခဲ့ကြတယ်။ စိန်ကောင်း ကျောက်ကောင်း အတွက် ဆိုရင် ဘုရင့်နန်းတော်တွေကို အတင်းဝင် တိုက်ခိုက် လုယူခဲ့တာတို့၊ ဘာသာရေးဆိုင်ရာ ဘုရားကျောင်း အဆောက်အအုံတွေကို ဝင်ဖျက်ဆီးပြီး ယူတာတို့တွေလည်း အတိတ်သမိုင်းမှာရှိခဲ့တယ်။ ဒါကြောင့် စိန်ကောင်းတစ်လုံးတွေ့ပြီးဆိုရင် အဲဒီစိန်ကြီး အတိတ်မှာ ကြေကွဲဖွယ်၊ ရင်နာဖွယ် ဇာတ်လမ်းတွေ ရှိခဲ့ပြီ လို့သာ အသေမှတ်လိုက်ပေတော့။

ဒါပေမဲ့ အံ့ဩြ ဖွယ်ကောင်းတာက စိန်ရဲ့ အတိတ်ဇာတ်ကြောင်းဟာ အဲဒီလို ဇာတ်လမ်းမျိုးတွေရှိခဲ့ပေမယ့် စိန်မြင်ရင် လိုချင်တပ်မက်တဲ့ လောဘဇောကို ဘယ်လိုမှ ချိုးနှိမ်လို့ မရဘူး။ မဂိုလ်ဘုရင်ကြီးလို့ခေါ်တဲ့ နာမည်ကျော် စိန်ကြီးအကြောင်းကဆိုရင် အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်။ ပန်ဂျပ်ပြည်ရဲ့ ခြင်္သေ့ကြီးလို့ သမိုင်း မှာ တွင်ခဲ့တဲ့ ပန်ချာဗီ စစ်သူကြီး ရမ်ဂျစ်ဆင်းက စစ်ပွဲမှာ အနိုင်ရတော့ စစ်ရှုံးသူ ရှားဘုရင် ရှုဂျာကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းပြီး မဂိုလ်ဘုရင်ကြီး စိန်ကို မရရအောင် တောင်းယူခဲ့တယ်။

တကယ်တော့ ရမ်ဂျစ်ဆင်း ဟာ တစ်ချိန်က ရှားဘုရင် ရှုဂျာရဲ့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်ခဲ့ဖူးတယ်။ သို့သော် စိန်ကြီးကို လိုချင်တဲ့ လောဘဇောကြောင့် ရန်သူဖြစ်ပြီး စစ်ခင်းတိုက်ခိုက်ခဲ့တယ်။ နောက် ရမ်ဂျစ်ဆင်းက စိန်ကြီး ကို လက်ဝယ် ရရှိပြီးတော့ စစ်ရှုံးသူ ရှားဘုရင် ရှုဂျာကို မေးသတဲ့။ အသင်သည် ဤစိန်ကြီးကို မည်မျှနှင့် တန်ဖိုးဖြတ်ပါ သနည်းလို့ မေးတော့၊ ရှားဘုရင် ရှုဂျာဟာ သေရတော့မယ့်ဆဲဆဲ ဖြစ်နေတဲ့ကြားက ဤစိန်ကြီးသည် ကောင်းကျိုးချမ်းသာကို ပေးနိုင်စွမ်းသဖြင့်

ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်။

လက်ဝယ်ရှိသူအား ကံကောင်းစေ၏။ စစ်မက်တိုက်ခိုက်၍ အနိုင်ရပြီး ဤစိန်ကြီးကို
လက်ဝယ်ရရှိသူအဖို့ ရှေ့လျှောက် အလွန် ကံကောင်းလာတော့မည်ဖြစ်ချေ၏။ ဤသည်ပင်လဆင်
မဂိုလ်ဘုရင်ကြီး စိန်၏ တန်ဖိုး ပင်ဖြစ်၏။ အဲဒီလို ပြန်ပြောခဲ့သတဲ့ "
ခရိတ်က ပုံပြင်ကို အဆုံးသတ်လိုက်ချိန်တွင် တွန်ဂါတာသည် မီးပုံထဲသို့ ထင်းစဖြင့် ထိုးနေရာမှ
ထင်းစကိုယူပြီး စိန်ရိုင်းများ စုပုံနေရာသို့ ထိုးပြရင်း -
" ဟော ဒီစိန်တွေထဲက စိန်တစ်လုံးက ကျုပ်တို့ကို နည်းနည်းပါးပါး ကံကောင်းလာအောင်
ဖန်တီးပေးနိုင်ရင် ကောင်းမှာပဲ" ဟု ပြောလိုက်လေသည်။
ကြာသော် ခရိတ်တွင် ပြောစရာ ပုံပြင် သို့မဟုတ် စိန်ရတနာအကြောင်းတွေ ကုန်သွားလေသည်။
တောက်လျှောက် မရပ်မနား ပြောခဲ့ရ၍ လည်ချောင်းထဲတွင်လည်း ခြောက်ကပ်နေပြီ ဖြစ်သည်။
သို့သော် ခက်နေသည် က ကျန်လူသုံးယောက်ကလည်း အခြားလူများ စိတ်ဓာတ်တက်အောင် ဘာမှ
မပြောနိုင်ခြင်း ပင် ဖြစ်လေသည်။

သို့နှင့်ပင် သူတို့သည် စိတ်ဓာတ်ကျလျက် ပြောင်းဖူးဖြင့်လုပ်ထားသည့် မုန့်များကို အာဟာရအလို့ငှာ
ကျိတ်မှိတ် စားလိုက်ကြလေသည်။
အားလုံး အိပ်ကြသောအခါ ခရိတ်သည် လဲလျောင်းနေသော်လည်း အိပ်မပျော်နိုင်ဘဲ အခြေအနေကို
သေချာစွာ ပြန်လည် သုံးသပ်ဆင်ခြင်နေမိလေသည်။ ယင်းသို့ စဉ်းစားမိကာမှ မျက်လုံးကျယ်ကာ
ပို၍ပင် မအိပ်ချင် တော့သဖြင့် မထူးပါဘူးဟု ဆုံးဖြတ်လျက် လွတ်မြောက်ရန် နည်းလမ်းတွေကို
အမျိုးမျိုး စဉ်းစား ကြည့်လေသည်။

ဤဂူကြီးအတွင်းမှ လွတ်မြောက်အောင် ထွက်ပြေးရန် နည်းလမ်းတစ်ခုတော့ ရှိမည်ဟု
သုံးသပ်မိလေသည်။ ယင်းကား မြေအောက်ရေအိုင်မှတစ်ဆင့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ဂူ၏
ခန်းမကျယ်ကြီးကိုဖြတ်ကာ အပြင်ဘက်သို့ ထွက်ရန်ပင်ဖြစ်သည်။
သို့သော် ထိုထွက်ပေါက်တွင် ရှိနာစစ်သားများက စောင့်နေကြမည်ဖြစ်ရာ ၎င်းတို့ မစောင့်တော့ဘဲ
ထွက်သွား တော့ မှာသာလျှင် မိမိတို့က ထွက်ပြေးလွတ်မြောက်နိုင်မည်ဖြစ်သည်။
သို့ဖြစ်လျှင် ရှိနာစစ်သားများသည် မည်မျှကြာကြာ စောင့်နေကြမည်နည်း။

တစ်ဖန် မိမိတို့၏ အခြေအနေကို ပြန်လည် လေ့လာသုံးသပ်ကြည့်သောအခါ
အဟာအာဟာရအနေဖြင့် နောက်ထပ် နှစ်ရက်စာမျှသာ ရှိတော့ကြောင်း တွက်မိလေသည်။
ရေအတွက်ကိုမူ ကျောက်ဂူအပေါ်မှ စိမ့် ကျသောရေ ရှိနေသဖြင့် ရေပြတ်စရာ အကြောင်းမရှိချေ။

သို့သော် ဓာတ်ခဲသုံးလက်ဆွဲမီးအိမ်နှစ်ခုမှ ဘက်ထရီများသည် မကြာမီ
အားကုန်သွားတော့မည်ဖြစ်သည်။ ယခုပင်လျှင် ဘက်ထရီ အားနည်း၍ မီးအလင်းရောင်က မှိန်စ
ပြုနေပြီဖြစ်သည်။
မီးဖိုရန်အတွက် ထင်းကို သစ်သားလေ့ကားက အစိတ်အပိုင်းများယူ၍ သုံးနေကြရာ နောက်ရက်
အနည်းငယ်အတွင်း ထင်းလုံးဝ ပြတ်သွားတော့မည်ဖြစ်သည်။
ဤအခြေအနေ အတိုင်း အချိန်အကန့်အသတ်မရှိ ကြာရှည်နေရပါက မိမိတို့ အားလုံး
ရူးသွပ်သွားဖွယ်ရာ ရှိပေသည်။

ခရိတ်သည် တစ်ယောက်တည်း စဉ်းစားနေစဉ် သူ၏ စဉ်းစားခန်းကို နှောင့်ယှက်ဖျက်ဆီးလိုက်သည့်
အနှောင့်အယှက်တစ်ခု ရုတ်တရက် ဖြစ်ပေါ်လာလေသည်။
သူလဲလျောင်းနေသော ကျောက်ပြားသည် မြေငလျင် ပြင်းစွာလှုပ်သလို အကြီးအကျယ်
လှုပ်ရှားသွားလေရာ ခရိတ် သည် လန့်ဖျပ်သွားကာ ချက်ချင်းထရန် ကြိုးစားလေသည်။
ထိုအခိုက်မှာပင် ဂူ၏ အပေါ်မျက်နှာကျက်နားဆီမှကျောက်တုံးကြီးတစ်ခုပဲ့ထွက်ပြီး အောက်သို့ အရှိန်
ပြင်းစွာ ဖြင့်ပြုတ်ကျလေရာ သူတို့ စုအိပ်နေသည့်နေရာမှ ခြေလှမ်းဆယ်လှမ်းမျှအကွာတွင်
ကျရောက် လာလေ သည်။

ကျောက်တုံး အပဲ့အစများနှင့် ကျောက်မှုန့်များလည်း မီးဖိုများလို ပိတ်မှောင်သွားလေတော့သည်။
ဆာရာသည် ရုတ်တရက် လန့်နိုးလာရာမှ ကြောက်အားလန့်အားနှင့် ဟစ်အော်နေရှာသည်။
တွန်ဂါတာ သည်လည်း နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ရုတ်တရက် နိုးလာပြီး အိပ်မငန်စုံမွှားနှင့်
လူးလိမ့်ရင်း ပတ်ဝန်းကျင် ကို အကဲခတ်၍ ကြည့်နေလေသည်။

မြေငလျင်လှုပ်သလို ဂူကြီးအတွင်း တုန်ခါလှုပ်သွားခြင်းသည် စက္ကန့်ပိုင်းမျှသာကြာပြီး ချက်ချင်း ပြန်၍

ငြိမ်သက်တိတ်ဆိတ်သွားလေသည်။
" အဲဒါ ဘာဖြစ်တာလဲဟင် "
ဆယ်လီ က သိလိုၗ မေးလိုက်လျှင် ခရိတ်သည် ကိုယ်တိုင် မဖြေလိုသဖြင့် အနီးရှိ တွန်ဂါတာအား လှမ်း ကြည့်လိုက်သည်။
" ကျုပ်အထင်တော့ ရှိနာစစ်သားတွေက ကျောက်ရုပ်ကြွင်းတွေရှိတဲ့ ခန်းမကြီးကို ဒိုင်းနမိုက် (ယမ်းဘီလူး)နဲ့ ဖောက်ခွဲပစ်လိုက်ပြီ ထင်တာပဲ။ အဒီဟာယ်ကတော့ သူတို့က ကျုပ်တို့ ဒီနေရာက ထွက်ပေါက် လုံးဝမရှိ တော့အောင် ဂူပေါက်ကို အသေပိတ်လိုက်တာပဲ "

တွန်ဂါတာက ခပ်တိုးတိုး ပြန်ပြောလိုက်ရာ ဆယ်လီသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားလျက်
-
" အိုး ... မိုင်ဂျ်ဒ် "ဟု ဘုရားသခင်ကို တမ်းတရင်း သူမ၏ ပါးစပ်ကို လက်ဖြင့် ပိတ်ထားလိုက်ရသည်။
" ကျွန်မ တို့ကို အရှင်လတ်လတ် ဂူသွင်းသင်္ဂြိုလ်ထားလိုက်ပြီ ဆိုပါတော့ "
ဆာရာက အခြေအနေမှန်ကို ထုတ်ဖော်ဖွင့်ပြောလိုက်သည်။

ပလက်ဖောင်း စင်မြင့်၏ အစွန်မှ ရေမျက်နှာပြင်ထိအောင် ပေတစ်ရာ့ခြောက်ဆယ်ခန့်ရှိလေရာ တွန်ဂါတာ သည် နိုင်လွန်ကြိုးဖြင့် သွယ်တန်းလိုက်လေသည်။
ထို့နောက် ခရိတ်က ယင်းနိုင်လွန်ကြိုးဖြင့် တွယ်လျက် အောက်သို့ ဆင်းလေသည်။ ဘေးနှစ်ဖက် နှစ်ချက် တွင်ကား ချောက်ကမ်းပါးကြီးရှိလေရာ ခြေချော်လက်ချော် ကျသွားပါက အရိုးတခြား၊ အသားတခြား၊ မရှုမလှ သေဆုံးရမည်မှာ သေချာပေသည်။

ခရိတ်သည် အထူးသတိထားလျက် ဆင်းသွားပြီးနောက် ရေမျက်နှာပြင်သို့ ရောက်သည့်အခါ ရေအောက်ထဲ ဆင်းငုပ်၍ အခြေအနေကို လေ့လာကြည့်လေသည်။
ကျောက်ရုပ်ကြွင်းများရှိသည့် ခန်းမကျယ်သို့ သွားသော ရေအောက်ဥမင်လိုဏ်ခေါင်းလမ်းတွင် ကျောက်တုံး ကြီး တစ်တုံး ပိတ်ဆို့နေသည်ကို တွေ့ရလေသည်။ ကျောက်တုံးကြီးသည် အပေါ်မှ ပြုလဲ လိမ့်ကျပြီး ပိတ်ဆို့ နေခြင်း ဖြစ်ဟန်တူလေသည်။

ခရိတ်လည်း ရေအောက်ထဲမှ ငုပ်၍ ပြန်လှည့်လာခဲ့လေသည်။
" ပူဖိုး ... ပူဖိုး ... ရှင် ဘာမှ မဖြစ်ဘူးနော် "
အပေါ်မှ ဆယ်လီက လှမ်းအော်မေးလိုက်ရာ။ ခရိတ်က -
" ငါ .... အိုကေပါတယ်။ ဒါပေမဲ့ တွန်ဂါတာ ထင်တဲ့အတိုင်း မှန်တယ်။ ရန်သူက ဒိုင်းနမိုက်နဲ့ ဖောက်ခွဲထားလို့ ဥမင် လိုဏ်ခေါင်းအဝမှာ ကျောက်တုံးကြီးတစ်တုံး ပိတ်ဆို့နေတယ် " ဟု ပြန်အော်ပြော လိုက်သည်။

ထို့နောက် သူသည် အပေါ်သို့ ပြန်တက်လာခဲ့သည်။
" ကျွန်မတို့ ဘာလုပ်ကြမလဲဟင် "
ဆယ်လီက မေးသည်။

" လောလောဆယ်တော့ ငါတို့ ဒီဂူအတွင်းကထွက်နိုင်ဖို့ လမ်းတစ်ခုခု ရှိလိုရှိငြား လိုက်ရှာကြည့်ကြရမယ်။ ငါတို့ လူနှစ်ယောက်စီ နှစ်သုတ်ခွဲပြီး လိုက်ကြည့်ကြမယ်။ ကျောက်ကြိုကျောက်ကြား ထွက်ပေါက် လမ်းကျဉ်း၊ လမ်းပေါင်း တစ်ခုခုရှိမလားလို့ လိုက်ကြည့်ကြမယ်။ သူငယ်ချင်း တွန်ဂါတာနဲ့ ဆာရာတို့က ဘက်ထရီ မီးအိမ်တစ်ခုယူပြီး လက်ဝဲဘက်ကို လျှောက်လေ့လာကြည့်ပါ။ မီးကိုလည်း ဘက်ထရီ မကုန်အောင် တတ်နိုင်သလောက် လျှော့သုံးပါ "

ခရိတ်က ပြောလိုက်ပြီးနောက် လူနှစ်သုတ်ခွဲပြီး ဂူအတွင်း လျှောက်လေ့လာကြည့်ကြလေသည်။ နောက် သုံးနာရီခန့်ကြာသောအခါ သူတို့သည် မီးဖိုဘေးတွင် ပြန်ဆုံကြရာ ခရိတ်က ရှေးဦးစွာ သတင်းပို့ လေသည်။
" ကျုပ်တို့ဘက်က လျှောက်ကြည့်တော့ ဥမင်လိုဏ်ခေါင်းငယ်တစ်ခု တွေ့ရတယ်။ ကျုပ်က ဝင်ပြီး ကြည့်လိုက်တော့ ဝင်သွားကာစက အဆင်ပြေပေမယ့် အတော်လေးသွားမိတော့မှ လမ်းက ပိတ်နေ ပြန်တယ်။ သူငယ်ချင်းတို့ဘက်ကတော့ ဘာများ တွေ့သေးသလဲ "

ခရိတ်၏ စကားအဆုံးတွင် တွန်ဂါတာက ခေါင်းခါပြလေသည်။

" ဘာမှ မတွေ့ပါဘူးဗျာ။ နှစ်နေရာမှာတော့ လမ်းကျဉ်း ကလေးလိုလို ဖြစ်နေလို့ သေသေချာချာ ဝင်သွား ကြည့်တော့မှ ဘာလမ်းမှမရှိဘဲ ပိတ်နေတာပဲ တွေ့ရတယ်။
" ဒါဖြင့် ဘာလုပ်ကြမလဲ "

" လောလောဆယ်ဆယ် အစာနည်းနည်းပါးပါးစားပြီး ခဏ အနားယူကြမယ်။ တတ်နိုင်ရင် အိပ်ပျော်အောင် ကြိုးစား အိပ်ကြ။ ဒါမှ ကျုပ်တို့အားလုံး အားပြည့်ပြီး ဆက်အလုပ် လုပ်နိုင်ကြမယ် "
လက်ကျန် အစားအစာထဲမှ အနည်းငယ်စီ စားလိုက်ကြပြီးနောက်
လဲလျောင်းအနားယူလိုက်ကြသောအခါ ခရိတ်သည် ပင်ပန်းလွန်း၍ပဲလား မသိ၊ ချက်ချင်းပင် အိပ်ပျော်သွားလေသည်။
သူ အိပ်ရာမှ ပြန်နိုးသောအခါ ဆယ်လီသည် သူ၏ ရင်ခွင်တွင် မှီ၍ အိပ်ပျော်နေရှာလေသည်။
သူမသည် အိပ်ပျော် နေရင်း ချောင်းခဏခဏ ဆိုးနေပေသည်။ အအေးမိထားသဖြင့် ချောင်းဆိုးဟန် တူပေသည်။

ခရိတ်အဖို့မှာမူ အိပ်လိုက်ရ၍ အားအင်ပြန်ပြည့်လာလေသည်။ သူသည် ဆယ်လီ နိုးသွားမည်စိုး၍ မလှုပ်ရှားဘဲ အသာငြိမ်နေလိုက်သည်။
မီးဖို၏ တစ်ဖက်တွင်ကား တွန်ဂါတာသည် နှစ်ခြိုက်စွာ အိပ်ပျော်လျက် ဟောက်နေပေသည်။
ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်လျက်ရှိရာ အသံဆို၍ ကျောက်ဂူအပေါ်မှ စိမ့်ကျသည့် ရေတစ်စက် တစ်စက် ကျသံသာလျှင် ကြားနေရလေသည်။

ခရိတ်သည် နောက်အသံတစ်ခုကို သဲ့သဲ့မျှ ကြားရသဖြင့် ဂရုစိုက် နားစွင့်ထောင်ကြည့်လေသည်။
အသံက သူ၏ စိတ်ကို အနှောင့်အယှက် ဖြစ်စေသည့် အသံမျိုးဖြစ်နေသည်။
အတန်ကြာကြာ နားစိုက်ထောင်ကြည့်တော့မှ အမှန်ကို စဉ်းစား၍ ရတော့သည်။ သူ သဲ့သဲ့မျှ ကြားနေရသော အသံကား ဂူအတွင်း၌ရှိသော လင်းဆွဲငှက်များ၏ အသံဖြစ်လေသည်။
သူတို့ ဤနေရာရှိ ပလက်ဖောင်း စင်မြင့်ကို စတွေ့ချိန်က
လင်းဆွဲငှက်များရှိနေကြောင်းတွေ့ရှိခဲ့ရသည်ကို ယခုမှ ပြန်သတိရမိလေသည်။

အတန်ကြာသော် ခရိတ်သည် ဆယ်လီ၏ ဦးခေါင်းကို ညင်သာစွာမ၍ ဘေးသို့ အသာချထားလိုက်ရာ

ကံအား လျော်စွာ သူမသည် မနီးဘဲ ဆက်လက်၍ အိပ်ပျော်နေရှာသည်။
ခရိတ်သည် ဘက်ထရီ မီးအိမ်တစ်ခုကို ယူ၍ ပလက်ဖောင်း (စင်မြင့်) ရှိရာသို့
လျှောက်သွားလေသည်။ ဘက်ထရီက အားကုန်လုပြီဖြစ်၍ သူသည် လိုအပ်မှသာ မီးခလုတ်ကို
ဖွင့်ကြည့်လေသည်။ ပလက်ဖောင်း စင်မြင့်ရှိရာသို့ ရောက်သောအခါ သူသည် မှောင်ထဲမှောင် ရပ်၍
အသံများကို နားစိုက်ထောင်နေလေသည်။

လင်းဆွဲငှက်များ၏ အသံသည် တောက်လျှောက် မြည်နေခြင်းမဟုတ်။ မြည်လိုက်၊ ရပ်လိုက်
ဖြစ်နေသည်။ ရံဖန် ရံခါ အုပ်စုလိုက် တစ်ပြိုင်နက် အော်မြည်သံများ ကြားရပြီးနောက်
တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။
ခရိတ်သည် ဘက်ထရီ မီးအိမ်ခလုတ်ကို ဖွင့်ကြည့်လိုက်ရာ သူ၏ လက်ပတ်နာရီအရ
ငါးနာရီထိုးနေပြီဖြစ် ကြောင်း တွေ့ရလေသည်။ သို့သော် နှနက်ငါးနာရီလား၊ ညနေ ငါးနာရီလားဟူ၍
ရုတ်တရက် ဝေခွဲ၍ မရချေ။

လင်းဆွဲငှက်များ ဤနေရာတွင် အသိုက်ပြုလုပ်နေကြပုံကို ထောက်လျှင်ကား အပြင်ဘက်တွင်
အလင်း ရောင်ရှိနေလိမ့်မည်ဟု ခန့်မှန်းရပေသည်။
ခရိတ်သည် ထိုင်ချလိုက်ပြီး တစ်နာရီခန့် စောင့်ကြည့်နေလေသည်။ အတန်ကြာသော်
လင်းဆွဲငှက်များ ဆူညံစွာ အော်မြည်သံ ကြားရပြန်သည်။ ငှက်ပေါင်းများစွာ တစ်ပြိုင်နက်
အော်မြည်နေသံဖြစ်၍ အလွန် ကျယ်လောင်လှပေသည်။

ဤတွင် အချိန်ကို ခန့်မှန်း၍ သိရလေသည်။ လင်းဆွဲငှက်များသည် ညဘက်မှ အစာထွက်ရှာသော
သတ္တဝါ များဖြစ်ရာ ယခု သူတို့ ဆူညံစွာ အော်မြည်နေပုံအရ အစာထွက်ရှာရန် ပြင်ဆင်နေကြောင်း
ထင်ရှား နေသည်။ ဤအတိုင်းဆိုလျှင် အချိန်မှာ ညနေစောင်း နေဝင်ဖျိုးဖျအချိန်ဖြစ်ရပေမည်။
လင်းဆွဲငှက်များ၏ အသံသည် တဖြည်းဖြည်း ဝေးကာ မျော်မှန်သွားလေသည်။ ခရိတ်သည်
လက်ပတ်နာရီ ကိုကြည့်လိုက် ပြန်သောအခါ ခြောက်နာရီခွဲပြီဖြစ်ကြောင်း တွေ့ရလေသည်။
ဂူအတွင်းမှ အစာရှာရန် ပျံထွက်သွားသော လင်းဆွဲငှက်အုပ်သည် ထွက်ပေါက်တစ်ခုခုမှ အပြင်ဘက်
ကောင်းကင်ပြင် သို့ ထွက်သွားကြခြင်းဖြစ်ရမည်ဟု တွက်မိလေသည်။

ခရိတ်သည် ပလက်ဖောင်းစင်မြင့်ပေါ်မှနေ၍ အပေါ်သို့ လှမ်းကြည့်ရာ လင်းဆွဲငှက်များသည် စင်မြင့်တည့်တည့်ရှိ မီးခိုးပြောင်းတိုက်ကဲ့သို့ အပေါက်မှ ပျံထွက်သွားကြခြင်းဖြစ်ရမည်ဟုလည်း ခန့်မှန်းမိသည်။
သို့သော် အပေါ်ပိုင်း၌ မှောင်မည်းနေသဖြင့် အခြေအနေကို အတိအကျ အကဲခတ်၍မရပါချေ။
မီးခိုးပြောင်း တိုင်၏ အောက်ခြေဘေး နံရံများကတော့ ချောမွတ်နေသဖြင့် တွယ်တက်ကြည့်ရန် ကိုင်စရာဟူ၍ ဘာမှမရှိ သဖြင့် တွယ်တက်ရန် လက်လျှော့လိုက်ရသည်။

ခရိတ်က အပေါ်သို့ မော့ကြည့်ရင်း လေ့လာနေစဉ် တွန်ဂါတာက အောက်မှနေ၍ -
" ဘယ်လိုလဲဗျ၊ ဘာများ တွေ့နေလို့လဲ "ဟု လှမ်းအော်မေးလိုက်သည်။
" ဒီဂူထဲက အပြင်ဘက် ထွက်ဖို့ရာ ဒီတစ်လမ်းပဲ ရှိတယ်ထင်တာပဲ "
" ဘာလဲ မီးခိုးပြောင်းတိုင်ကတစ်ဆင့် တက်ဖို့လား။ ဘယ်နည်းနဲ့မှ တွယ်တက်လို့ ရမှာမဟုတ်ဘူးဗျ "

" ဒါပေမဲ့ လင်းဆွဲငှက်တွေက အဲဒီက တစ်ဆင့်တက်ပြီး အပေါ်ဘက်နားမှာ အသိုက်လုပ်နေကြတယ် "
" ဟာဗျာ လင်းဆွဲငှက်တွေမှာ ပျံဖို့ အတောင်ရှိတယ်ဆိုတာ စဉ်းစားဦးမှပေါ့။ ဒါထက် အပေါ်ရောက်ဖို့ဆိုရင် ဘယ်လောက် ဝေးသလဲ "
တွန်ဂါတာက မေးသဖြင့် ခရိတ်က -
" ခင်ဗျားကိုယ်တိုင် လာကြည့်လေဗျာ။ ကျုပ် မီးအိမ်က ဘက်ထရီကုန်လုပြီမို့ ခင်ဗျားရဲ့ မီးအိမ်ပါ ယူလာ ခဲ့ပါ"ဟု ပြန်ပြောလိုက်သည်။
ထို့နောက် နှစ်ယောက်သား စင်မြင့်ပေါ်မှတစ်ဆင့် အပေါ်ဘက်သို့ လှမ်းကြည့်ကြလေသည်။

" ဘယ်လို သဘောရသလဲဗျ "
ခရိတ်က မေးလိုက်ရာ တွန်ဂါတာသည် မှောင်ထဲသို့ ကြည့်ရင်း -
" အတိအကျတော့ ပြောလို့မရဘူး။ ဒါပေမဲ့ မှောင်ထဲမှာ တစ်ခုခုတော့ ရှိတယ်ထင်တာပဲ။ ကျုပ်တို့ တွယ်တက် နိုင်ဖို့ တစ်ခုခု ရှိလိမ့်မယ်ထင်တယ် "ဟု ပြောလိုက်သည်။
" တစ်ခုခုရှိရင် အဲဒီနေရာကို ရောက်အောင် သွားနိုင်ဖို့ အရေးကြီးတယ် "
ခရိတ် က ပြောရင်း ဘက်ထရီမီးကို ပြန်ပိတ်လိုက်သည်။

" ဘယ်လိုလုပ်ပြီး ရောက်အောင်သွားမှာလဲ "
" မသိသေးဘူး၊ ကျုပ် စဉ်းစားနေတုန်းပဲ "
ဤတွင် နှစ်ယောက်သား ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်ပြန်သည်။ မှောင်မိုက်နေသည့်ကြားမှ သူတို့ သည် ပခုံးချင်းထိလျက် နေကြလေသည်။
အတန်ကြာသောအခါ တွန်ဂါတာက -
" ဒီမယ် ခရိတ်၊ တကယ်လို့များ ကျုပ်တို့ အဲဒီနေရာက တစ်နည်းနည်းနဲ့ လွတ်မြောက်သွားခဲ့ရင် ခင်ဗျားလည်း ဒီစိန်တွေကို တချို့တစ်ဝက် ခင်ဗျားရဲ့ ဝေစုအဖြစ် ရသင့်ရထိုက်တယ်ဗျ။ ပြီးတော့ ...
"ဟု ခပ်တိုးတိုး ပြောနေစဉ် ခရိတ်က စိတ်တိုလာဟန်နှင့် -
" တိတ်တိတ်နေစမ်းပါဗျာ၊ ကျုပ် စဉ်းစားနေတယ် " ဟု ပြန်ပြောလိုက်သည်။

သို့သော် ခဏမျှအကြာတွင် ခရိတ်ပင် စကားပြောလေသည်။
" ဒီမယ် သူငယ်ချင်း၊ သစ်သားလှေကားရဲ့ဘေးက သစ်သားပေါင်ကြီး ရှိတယ်မဟုတ်လား။ အဲဒီ သစ်သား ပေါင်ကြီး က တော်တော်ရှည်လေတော့ ကျုပ်တို့က ဝါးလုံးရှည်သဘော အသုံးပြုပြီး ဟိုဘက် ချောက်နှုတ်ခမ်း ကို ရောက်အောင် သွားရင်ဖြစ်မလား မသိဘူး "
ဤသို့ပြောပြီး သူတို့သည် အလင်းရောင်ရရှိစေရန် မီးဖိုငယ်တစ်ခု ဖိုလိုက်ကြသည်။ ယင်းမီးဖို၏ အလင်း ရောင် တွင် ခရိတ်သည် သစ်သားလှေကား၏ ဘေးပေါင်များကို သေချာစွာ စစ်ဆေးကြည့်လေသည်။

သစ်သားပေါင်တစ်ခုသည် ခရိတ်၏ လက်ကောက်ဝတ်ခန့်တုတ်ပြီး အာဖရိကတိုက်မှ ဆင်နွယ်သစ်ဟုခေါ် သော အလွန်မာကျော တောင့်တင်းသည့် သစ်သားများဖြင့် ပြုလုပ်ထားကြောင်းတွေ့ရလေသည်။ သစ်သား ပေါင် ၏ အရှည်ကလည်း တစ်ဆယ့်ခြောက်ပေခန့်ရှိသည်။
ခရိတ်သည် သစ်သားပေါင်၏ အပေါ်ထိပ်တွင် နိုင်လွန်ကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်လိုက်ပြီးနောက်ကြိုးစကို အားပြုကာ ပလက်ဖောင်း စင်မြင့်ပေါ်သို့ ပြန်တက်လိုက်သည်။ သစ်သားပေါင်ကြီး မှာ နိုင်လွန်ကြိုးစဖြင့် တုပ်ချည်ထားပြီဖြစ်၍ တွဲလောင်းဖြစ်နေလေသည်။

" အခုအချိန်ထိတော့ လုပ်ရတာ လွယ်ကူပါတယ် "
ခရိတ်က ပြောလိုက်ခြင်းမှာ ရှေ့လျှောက် အလွန်ခက်ခဲစွာ အလုပ်ဆက်လုပ်ကြရတော့မည်ဟူသော အဓိပ္ပာယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။
သစ်သားပေါင်ကြီးကို သူတို့ အသုံးပြုရခြင်းအကြောင်းမှာ ပလက်ဖောင်းစင်မြင့်မှ ဂူ၏ အပေါ်သို့တက်နိုင် မည့် မီးခိုးပြောင်းတိုင်အပေါက်အောက် တည့်တည့်နေရာသို့ ဆယ်ပေခန့် ဝေးကွာနေသောကြောင့်ပင် ဖြစ် သည်။

အောက်တွင်လည်း အလွန်နက်သော ချောက်ကမ်းပါးကြီး ရှိနေသဖြင့် သူတို့သည် ပလက်ဖောင်းစင်မြင့်မှ သစ်သားပေါင်ကို ကြိုးတန်းသဖွယ် အသုံးချကာ အပေါ်ထွက်ပေါက်နေရာအောက် တည့်တည့်သွားရန် ကြိုးစား ကြံစည်နေခြင်းဖြစ်လေသည်။
ခရိတ်နှင့် တွန်ဂါတာတို့နှစ်ယောက်က ယောကျ်ားသားများပီပီ ခွန်အားစိုက်ထုတ်လျက် မိန်းကလေးနှစ်ဦးက သစ်သားပေါင်ကြီးကို နိုင်လွန်ကြိုးဖြင့် အထပ်ထပ် ရစ်ပတ်ကာ ပလက်ဖောင်းစင်မြင့်မှ တစ်ဆင့် ဖြည်းဖြည်း ချင်း အပြင်ဘက်သို့ ရွှေ့ထုတ်ကြလေသည်။

ရည်ရွယ်ချက်ကား သစ်သားပေါင်၏ တစ်ဖက်အစွန်ကို ချောက်ကမ်းပါးတစ်ဖက်ရှိ ကျောက်တုံးတစ်ခုခုသို့ ရောက်အောင် တွန်းပို့ပြီး ခိုင်မြဲစွာ တန်းနေရန်ပင်ဖြစ်သည်။
ဤနည်းအားဖြင့် သစ်သားပေါင်က လူတစ်ယောက် သွားနိုင်လောက်အောင် ခိုင်ခံ့သော တန်းတစ်တန်း ဖြစ်လာစေရန်ပင်ဖြစ်လေသည်။

သူတို့သည် အထူးသတိထားလျက် သစ်သားပေါင်ကြီးကို တရွေ့ရွေ့ တွန်းထုတ်ကြရာ နှစ်ကြိမ်တိုင်တိုင် ချော်ထွက်ပြီး သစ်သားပေါင်ကြီးအောက်သို့ လွတ်ကျလုမတတ် ဖြစ်သွားသေးသည်။ သို့သော် လျင်မြန်စွာ ပြန်ဖမ်း လိုက်နိုင်ကြ၍ တော်သွားသေးသည်။
ထို့နောက် ဆက်လက်၍ စိတ်ရှည်လက်ရှည် ကြိုးစားကြပြန်သည်။

[တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၃)]

အခန်း (၄၃)

ခရိတ်၏ ရိုးလက်စ်အမျိုးအစား လက်ပတ်နာရီအရ ည၉်သန်းခေါင်ကျော်တော့မှပင် သူတို့သည် သစ်သား တိုင်ကြီး ၏ ထိပ်ဖျားကို တစ်ဖက်ချောက်ကမ်းပါးဆီသို့ ရောက်အောင် တွန်းပို့နိုင်ကြလေသည်။
" နည်းနည်းကလေး လိုသေးတယ်ဗျို့။ ညာဘက်ကို နှစ်လက်မလောက် တွန်းလိုက်ကြစမ်းပါ "
ခရိတ်က ညွှန်ကြားသည့်အတိုင်း အားလုံးကြိုးစား၍ တွန်းလိုက်ရာ သစ်သားပေါင်သည် တစ်ဖက်ရှိ ကျောက်တုံးကြား တွင် သွားချိတ်မိလေသည်။
တွန်ဂါတာ နှင့် ခရိတ်တို့သည် အလွန်မောဟိုက်ပင်ပန်းသည့်ကြားမှ တစ်ယောက်ကို တစ်ယောက် ပြုံးကြည့် လိုက်ကြသည်။

ယခုဆိုလျှင် သူတို့သည် ချောက်၏ တစ်ဖက်သို့ ကူးသွားရန် တံတားတစ်ခုသဖွယ်ရှိနေပြီဖြစ်သည်။
" တစ်ယောက်ယောက်ကတော့ ဒီသစ်သားတန်းနဲ့တစ်ဖက်ကို ကူးသွားရမှာပဲ "
ဆယ်လီက အမှန်ကို ပြောလိုက်ခြင်းဖြစ်သော်လည်း သူမ၏ လေသံက စိုးရိမ်တုန်လှုပ်နေသည့် ဟန်မျိုး ဖြစ်နေသည်။
" ဟိုဘက်ကို ကူးသွားလို့ ရောက်သွားရင် ဘာဖြစ်မှာလဲဟင် "
ဆာရာက မေးပြန်ရာ ခရိတ်က -
" ဒါတော့ ဟိုဘက်ရောက်မှ ငါတိုပ ပြောနိုင်မှာပေါ့ကွဲ့ " ဟု ပြန်ဖြေလိုက်သည်။

ဤတွင် တွန်ဂါတာက -
" ကျုပ်သွားပါရစေ " ဟု ပြောရာ ခရိတ်က -
" သူငယ်ချင်းက ဒီလို ကျောက်တောင်တွေပေါ်တက်တဲ့ အတွေ့အကြုံရှိလို့လား " ဟု ပြန်မေးလိုက်သည်။
တွန်ဂါတာ က ခေါင်းခါပြလိုက်လျှင် ခရိတ်က တစ်စုံတစ်ခု ဆုံးဖြတ်လိုက်ဟန်ဖြင့် -
" ဒီလိုဆိုရင် အဖြေ ရှင်းနေပြီပဲ။ ကဲ ... ကျုပ်တို့အားလုံး နှစ်နာရီလောက် အနားယူကြမယ်။ တတ်နိုင်ရင် အိပ်ပျော်အောင် အိပ်လိုက်ကြ လ ဟု ပြောလိုက်သည်။
ခရိတ် ၏ ညွှန်ကြားချက်အတိုင်း အားလုံး လဲလျောင်းအနားယူကြသော်လည်း မည်သူမျှ အိပ်၍မပျော်ချေ။

သို့နှင့်ပင် နှစ်နာရီမပြည့်သေးမီ ခရိတ်ကပင် အားလုံး ထကြရန် နှိုးလိုက်လေသည်။
ခရိတ်က တွန်ဂါတာအား ကြိုးကို ခိုင်မြဲစွာ တုပ်နှောင်ပြီး သဘော်ကျောက်ချထားသလို မတုန်မလှုပ်
မရွေ့ မလျားဘဲ တောင့်ခံနိုင်အောင် နေရာယူနည်းကို ညွှန်ကြားသင်ပြပေးလေသည်။ ကြိုးကို
သူ၏ခါးတွင် ချည် နှောင်ပြီး ခြေနှစ်ဖက်က ကျောက်တုံးကြီးတစ်ခုကို
အားပြုကန်ထားရမည်ဖြစ်လေသည်။

ကြိုးစတစ်ဖက်ကိုမူ ခရိတ်၏ ကိုယ်တွင် ချည်ထားမည်ဖြစ်သည်။
" ကျုပ်ကို သိပ်ပြီးတော့လည်း ကြိုးလျော့မပေးနဲ့ဗျ။ တကယ်လို့ ကျုပ်က ခြေချော်ကျသွားရင်
လှမ်းအော်လိုက်မယ်။ ဒီတော့ သူငယ်ချင်းက အားကုန်စိုက်ပြီး ဆွဲပေတော့။ သဘောပေါက်ပြီနော် "
ဤသို့ ပြောပြီး ခရိတ်သည် ဘက်ထရီမီးအိမ်တစ်ခုကို ကြိုးဖြင့် ပခုံးတွင် လွယ်ထားလိုက်သည်။
မိန်းကလေး နှစ်ဦး က သူတို့၏ ကိုယ်အလေးချိန်ဖြင့် သစ်သားပေါင်၏ တစ်ဖက်စွန်
(စင်မြင့်ပေါ်တင်နေသည့်အပိုင်း)ကို တအား ဖိထားကြသည်။

ထို့နောက် ခရိတ်သည် သစ်သားပေါင်ကို ခွထိုင်လျက် ဖြည်းဖြည်းချင်း ဖင်ရွေ့ကာ
တိုးသွားလေသည်။ ထိုအချိန် ၌ သူ၏ခြေနှစ်ဖက်စလုံးမှာ ဘာကိုမှ ထိမနေဘဲ လေဟာပြင်ထဲတွင်
တွဲလောင်းဖြစ်နေလေသည်။ ခါးတွင် ချည်ထားသော ကြိုးကိုမူ တွန်ဂါတာက ဖြည်းဖြည်းချင်း
လျော့ပေးနေလေသည်။
သစ်သားပေါင် ကို ချောက်ကမ်းပါးတစ်ဖက်နှင့် သွယ်တန်းထားရာ၌ အောက်မှ အပေါ်သို့
ခပ်မော့မော့ ဖြစ်နေရာ ခရိတ်သည် ပေအနည်းမျှ ရွေ့သွားပြီးသော် ဆက်သွားရန် ခက်နေလေသည်။
ထို့ကြောင့် သူသည် သစ်သားပေါ်၌ အလျားမှောက်အိပ်ချလိုက်ပြီး သစ်သားတန်းကို ထန်းပင်
တက်သူများလို ခြေဖြင့်ချိတ်လျက် ဖြည်းဖြည်းချင်း တွားသွားရလေသည်။
မကြာမီ သစ်သားပေါင်၏ အဆုံးသို့ရောက်သွားရာ တစ်ဖက်မှ ကျောက်တုံး အကွဲတစ်ခုကို လက်ဖြင့်
စမ်းမိ လေသည်။

" ဒီဘက်ကိုတော့ ရောက်ပြီဟေ့ "
ခရိတ်က လှမ်းအော်လိုက်ရာ ဆယ်လီက -

" သတိထားပြီးလည်း သွားနော် "ဟု ပြန်ပြောသံ ကြားလိုက်ရလေသည်။
ခရိတ်သည် သူ၏ခြေတုကို အသုံးပြုလျက် ချောက်၏ တစ်ဖက်ကမ်းကို ထောက်ကာ
တွယ်တက်လိုက်သည်။ ကျောက်တုံးများ အက်ကွဲချွန်ထက်နေသဖြင့်
ခြေထောက်အတုကြောင့်သာလျှင် သူသည် မနာကျင်ဘဲ တွယ်တက် နိုင်ခြင်းဖြစ်လေသည်။

မှောင်မည်းနေ၍ ဘာမှ မမြင်ရသော်လည်း ခရိတ်သည် ကြိုးစားပြီး ချောက်ကမ်းပါးတစ်ဖက်မျ
ဆက်လက်၍ ဖြည်းဖြည်းချင်း သွားကြည့်ပြန်သည်။ သူ၏ ခြေလှမ်း တစ်လှမ်းလျှင်
ဆယ့်ရှစ်လက်မနှင့်တွက်ကာ လျှောက်သွား သည့် အကွာအဝေးအတိုင်းအတာကိုလည်း
တွက်ချက်မှတ်သားသွားလေသည်။
အောက် မှ တွန်ဂါတာသည် ခရိတ် ဆက်သွားရာသို့ပ ကြိုးကို လျှော့ပေးလျက်ရှိလေသည်။

သွားရင်းနှင့် မောပန်းလာသဖြင့် ခရိတ်သည် ခေတ္တရပ်နားကာ အမောဖြေနေလိုက်ရာ ကြိုးစကို
တစ်ဖက်မှ ကိုင်ထားသူ တွန်ဂါတာက ချက်ချင်း သံသယဖြင့် -
" ဟဲလို ခရိတ်၊ သူငယ်ချင်း ဘာကြောင့် ရပ်လိုက်တာလဲ " ဟု အော်မေးလိုက်သည်။
ဆယ်လီ ကလည်း -
" ဒါလင် ... ဒါလင် ... အားမလျော့လိုက်ပါနဲ့ကွယ်၊ ဆက်လျှောက်ဖို့ ကြိုးစားပါ" ဟု
လှမ်းပြောလိုက်သည်။
ဆယ်လီ ၏ အသံ ကြားရသောအခါ ခရိတ်သည် အလိုလို စိတ်ဓာတ်တက်လာပြီး ကြိုးစား၍
ဆက်သွားပြန် လေသည်။

အလွန်ခက်ခဲ ပင်ပန်းစွာဖြင့် ဆက်သွားပြီးနောက် အတန်ကြာတော့မှ ရှေ့မလှမ်းမကမ်းတွင်
ထွက်ပေါက်ဟု ထင်ရသော ကျောက်တုံးအကွဲတစ်ခုကို မသဲမကွဲ မြင်ရလေသည်။
ခရိတ် သည် မောပန်းလွန်း၍ ခေတ္တနားနေလိုက်စဉ် အောက်မှ တွန်ဂါတာက
" ဟဲလို ... ခရိတ် ... ခရိတ် " ဟု လှမ်းအော်ခေါ်သံ ကြားရလေသည်။
" ကျုပ် ဒီမှာရှိပါတယ်၊ ခဏလေး နားနေတာပါ။ ဒီမှာ ထွက်ပေါက်နဲ့တူတာ တွေ့နေညပီ"
ခရိတ် ကလည်း ပြန်အော်ပြောလိုက်သည်။

ငါးမိနစ်ခန့် နားနေပြီးနောက် -
" အိုကေ ကျုပ် ရှေ့ကို ဆက်သွားကြည့်လိုက်ဦးမယ် "
အော်ပြောရင်း ဆက်သွားကြည့်ရာ မီးခိုးပြောင်းတိုင်၏ အဝသို့ ရောက်သွားလေသည်။
ထိုအခိုက် လင်းဆွေဌက်တစ်ကောင်၏ အော်သံကြားလိုက်ရပြီး အခြား လင်းဆွေပေါင်းများစွာကပါ ဝိုင်း အော်သံ ကိုပါ ကြားရလေသည်။
နံနက် အရုဏ်တက်ချိန် ရောက်ပြီဖြစ်၍ လင်းဆွေဌက်များ မိမိတို့ အသိုက်ရှိရာသို့ ပြန်လာကြခြင်း ဖြစ်ဟန် တူလေ သည်။
ခရိတ်သည် အပေါ်သို့ပ ခေါင်းပြူကြည့်ရင်း မီးအိမ်ခလုတ်ကို ဖွင့်လိုက်သည်။ ချက်ချင်းပင် လင်းဆွေဌက် များ၏ စူးရှသော အော်သံများကို ကြားရလေသည်။ မီးအိမ်အလင်းရောင်ကြောင့် ကြောက်လန့်၍ အော်ကြခြင်း ပင်ဖြစ်သည်။

ခရိတ်သည် မီးအိမ်အလင်းရောင်ဖြင့် သေချာစွာ ကြည့်လိုက်ရာ လင်းဆွေဌက်များ အသံကြားရာနေရာက သူ၏ ဦးခေါင်းပေါ် သုံးပေခန့်မြင့်သောနေရာမှ ဖြစ်ကြောင်း သိရလေသည်။
သူသည် ထိုနေရာသို့ လက်ဖြင့် လှမ်းရန် ကြိုးစားနေစဉ် မီးအိမ်မှ ဘက်ထရီ လုံးဝကုန်သွားလျက် မှောင်မိုက်သွားလေသည်။
ခရိတ် လည်း စိတ်ပျက်ပျက်ဖြင့် မှန်အိမ်ကို လွှင့်ပစ်ချလိုက်သည်။

" ခရိတ် ... ခရိတ် ဘာဖြစ်တာလဲ "
အောက်မှ တွန်ဂါတာက လှမ်းအော်မေးသဖြင့်၊ ခရိတ်ကလည်း -
" အိုကေ ... အိုကေ ... ဘာမှ မဖြစ်ပါဘူး။ ကျုပ်က မီးအိမ်ကို လွှတ်ချလိုက်တာပါ" ဟု ပြန်ပြောလိုက်သည်။
" အပေါ်မှာ ဘာတွေ ဖြစ်နေတာလဲဗျ "
တွန်ဂါတာက လှမ်းအော်မေးပြန်သည်။

" ဘာမှ မဖြစ်ဘူး၊ အပြင်ဘက်ကို ထွက်နိုင်တဲ့ ထွက်ပေါက် မရှိဘူး။ ကျုပ်တို့အဖို့ မျှော်လင့်ချက် မရှိသလောက် ဖြစ်နေပြီ ဆိုပါတော့။ တစ်ခုတော့ ရှိတယ် "
" ဘာများလဲ သူငယ်ချင်း "

" မိန်းကလေးတစ်ယောက် ဒီကို တက်လာပြီး ကူညီရင်တော့ မျှော်လင့်ချက်ရှိနိုင်မယ် ထင်တယ် "
ခရိတ်က ပြောလိုက်ရာ အောက်ဘက်၌ ခေတ္တငြိမ်သက်နေပြီးနောက် တွန်ဂါတာက -
" ကျုပ် တက်လာမယ်လေ " ဟု ပြောလိုက်ပြန်သည်။

" ဟာ ... မဖြစ်ပါဘူး၊ သူငယ်ချင်းရဲ့ ကိုယ်အလေးချိန်က လေးလွန်းတယ်။ ကျုပ်က ဆွဲတင်ဖို့ နိုင်မှာ မဟုတ်ဘူး "
အောက်မှ ခေတ္တငြိမ်သွားကြပြန်သည်။
ထို့နောက် ဆယ်လီ၏အသံကို ကြားရလေသည်။

" ကျွန်မ တက်လာခဲ့မယ်။ ဘာလုပ်ရမယ်ဆိုတာသာ ပြောစမ်းပါ "
" အရင်ဆုံး ကြိုးစတစ်ဖက်ကို မင်းကိုယ်မှာ မြဲမြဲချည်ထားလိုက် "
" ဟုတ်ကဲ့ ကောင်းပါပြီ"
" ကြိုးကို ခိုင်ခိုင်ချည်ပြီးရင် မင်းက သစ်သားပေါင်အတိုင်း ရှေ့ကကို တိုးလာခဲ့။ ငါက မင်းရဲ့ကိုယ်ကို ကြိုးနဲ့ ထိန်းထားမယ် "
" ဟုတ်ကဲ့ ၊ ကဲ ... ကျွန်မ စတွယ်တက်လာပါပြီ "
" ကျွန်မ ချောက်တစ်ဖက်ကမ်းကို ရောက်နေပြီရှင့်" ဟု အော်ပြောပြန်သည်။

" ဟုတ်ပြီ မင်းရဲ့ ရှေ့နားမှာ ကျောက်တုံးကြီး အက်ကွဲနေတာ မြင်ရသလား "
" ဟုတ်ကဲ့၊ မြင်ရပါတယ် "
" ကောင်းပြီ၊ ငါက မင်းကို ကြိုးနဲ့ ဆွဲတင်တော့မယ်။ မင်းကလည်း ကူညီတဲ့ အနေနဲ့ ခြေထောက်နှစ်ဖက်နဲ့ ကျောက်နံရံကို ကန်ပေးထားရမယ် "
" ကောင်းပါပြီ "
" ဒါဖြင့် ငါဆွဲတင်တော့မယ်နော်။ မင်းက အထူးသတိထားပါ "

ပြောပြောဆိုဆို ခရိတ်သည် ကြိုးကို စတင်၍ ဆွဲတင်လေသည်။ ဆယ်လီ၏ ကိုယ်အလေးချိန်မှာ အလွန် ပင်ပန်းနေသူ ခရိတ်အဖို့ အတော်ပင် လေးနေလေသည်။
အပေါ်သို့ ရောက်ခါနီးတွင် ဆယ်လီသည် ထိတ်လန့်တကြား ဟစ်အော်လိုက်ရာ ခရိတ်က -

" ဘာဖြစ်တာလဲကွ"ဟု လှမ်းမေးလိုက်သည်။

" ကျွန်မ ခြေနဲ့ကန်ထားတာ လွတ်သွားပြီရှင့် "
" ဟုတ်လား၊ စိတ်အေးအေးထားစမ်းပါ။ မင်းခြေထောက်နဲ့ ကျောက်နံရံကို ပြန်စမ်းကြည့်ပါဦး "
" ဟုတ်ကဲ့ "
" အေး ... ဟုတ်ပြီ၊ ခြေနဲ့စမ်းလို့ရရင် ပြန်ပြီး ကန်ထားလိုက်။ ငါက မင်းကို ဖြည်းဖြည်းချင်း ဆွဲတင်လိုက်မယ် "
သို့နှင့်ပင် ဆယ်လီသည် ခဲခဲယဉ်းယဉ်းနှင့် အပေါ်သို့ ရောက်လာတော့သည်။

ခရိတ်က သူမအား ကူညီဆွဲတင်ပြီး တစ်နေရာတွင် ထိုင်ခိုင်းလိုက်ရာ ဆယ်လီမှာအလွန်မောပန်းနေပုံ ရလေသည်။
" ကျွန်မ ဆက်ပြီးမသွားနိုင်တော့ဘူးရှင့်"
" ကိစ္စမရှိဘူး၊ မင်း အခု ဒီကိုတက်လာရတာက အခက်ဆုံးပဲ။ နောက်ပိုင်းမှာတော့ ဘာမှ ခက်စရာမရှိတော့ဘူး။ လွယ်လွယ်ကလေးပဲ ကျန်တော့တယ် "
" ဟင် ... ဟုတ်လား "
" အေး ... ဟုတ်တယ်။ မင်း အခု သေသေချာချာ နားထောင်ကြည့်စမ်း။ လင်းဆွဲငှက်တွေရဲ့အသံကြားရတယ် မဟုတ်လား။ ဒီဂူကြီးရဲ့ အပြင်ဘက်ကို ရောက်နိုင်တဲ့ ထွက်ပေါက်က အနီးကလေးပဲဖြစ်လိမ့်မယ်။ ဒါကြောင့် မကြာခင် ငါတို့ အပြင်ဘက် ရောက်သွားနိုင်တယ်။ ပထမဆုံးတွေ့ရတဲ့နေရောင်နဲ့ အပြင်ဘက်က လေကောင်းလေသန့် ရှူရတော့မှာကိုသာ တွေးကြည့်စမ်းပါ "
" ဒါဖြင့် ကျွန်မ ဆက်သွားပါတော့မယ် "
ဆယ်လီက ပြောရင်း မတ်တတ်ထလိုက်သည်။

ခရိတ်သည် သူမအား ကူညီတွဲယူပြီး လင်းဆွဲငှက်များ အသံကြားရာ အပေါ်ဘက်သို့ ဆက်တက်ခိုင်းလေ သည်။
ဆယ်လီလည်း ကြိုးစား၍ တက်သွားလေသည်။
သို့သော် ခဏကြာသော် သူမက -
" ဒီပေါ်မှာ ထွက်ပေါက်လည်း မရှိဘူး " ဟု လှမ်းပြောလေသည်။

" ဒီမယ် မင်းရဲ့ ခေါင်းပေါ်နားမှာ အပေါက်တစ်ခုရှိတယ်။ ပြတင်းပေါက်လို အပေါက်မျိုး။ အဲဒီနေရာကို မင်းလက်နဲ့ လှမ်းကြည့်စမ်း "

" မမီဘူးရှင့် "
" ဒါဖြင့် ဒီလိုလုပ်၊ မင်းရဲ့ ခြေထောက်ကို ငါက တံတားလိုဖြစ်နေအောင် အိပ်ပေးမယ်။ မင်းက ငှါကိုယ်ပေါ်တက်ပြီး အဲဒီအပေါ်ရှိရာကို မီအောင်လျှမ်းကြည့် "
" ဖြစ်ပါ့မလားရှင့်။ ကျွန်မရဲ့ ကိုယ်က တော်တော်လေးတယ် "
" ဟာ .... စကားရှည်မနေစမ်းနဲ့ကွာ။ မင်းကမှ ဒီလိုမလုပ်ရင် ငါတို့အားလုံး ဒီဂူထဲက ဘယ်တော့မှ ထွက်လို့ ရမှာမဟုတ်ဘူး။ ငါပြောသလိုသာ လုပ်စမ်းပါ။ ကဲ ... ပြောနေကြာတယ်၊ ငါက အောက်က တံတားခင်းသလို နေပေးမယ်။ မင်းကသာ ငှါကိုယ်ပေါ် တက်ပေတော့ "

ခရိတ်က ဇွတ်အါတင်းခိုင်းလိုက်သဖြင့် ဆယ်လီလည်း မတတ်သာဘဲ ခရိတ်၏ ကိုယ်ပေါ်ကို တံတားသဖွယ် တက်နင်းကာ ဆစ်ဖက်အစွန်သို့ သွားလိုက်ရလေသည်။
" ကျွန်မ ဒီဘက်ကို ရောက်ပြီရှင့် "
" ဟုတ်ပြီ၊ မင်းက ကျောက်တုံး အက်ကွဲနေတဲ့နေရာကို တွေ့သလား "
" ဟုတ်ကဲ့ တွေ့ပါတယ် "
" မင်းလက်နဲ့ အပေါ်ကို တတ်နိုင်သလောက် မြင့်မြင့်စမ်းကြည့်လိုက်စမ်း "

" ဟုတ်ကဲ့၊ အလို အပေါ်ဘက်မှာ အပေါက်တစ်ပေါက် ရှိတယ်ရှင့် "
" ဟုတ်လား၊ အဲဒီအပေါက်ထဲကို မင်း တိုးဝင်လို့ရမလား "
ခရိတ်က မေးလိုက်သည်ကို ဆယ်လီက ရုတ်တရက် ဘာမှ ပြန်မဖြေချေ။

သူမ၏ ကိုယ်အလေးချိန်သည် ခရိတ်၏ ကိုယ်ပေါ်တွင် အတော်ပင် လေးနေသဖြင့် ကြာရှည် ဆက်တောင့်ခံ နိုင်ပါမည်လောဟု စိုးရိမ်ဖွယ်ရာပင် ဖြစ်နေလေသည်။
သို့သော် ခဏမျှအကြာတွင် ဆယ်လီ၏ ကိုယ်အလေးချိန်သည် ခရိတ်၏ ကိုယ်ပေါ်မှ ရုတ်တရက် ပျောက်သွားလေသည်။ သူမသည် အပေါ်ဘက်ရှိ အပေါက်သို့ တွယ်တက်သွားပြီဖြစ်ကြောင်း သိသာထင်ရှားလေသည်။

" ဒီမယ်ရှင့် အပေါ်မှာ ဂူတစ်ခု တွေ့နေပြန်တယ် "
ဆယ်လီက အပေါ်မှ လှမ်း၍ ပြောလိုက်သည်။

" ဟုတ်ပြီ အဲဒီမှာ ကြိုးကို ခိုင်ခိုင်ချည်ထားဖို့ နေရာတစ်ခုခုရှာကြည့်စမ်း "
ခရိတ်သည် ပြောလိုက်ပြီးနောက် ဆယ်လီ၏အသံ တိတ်သွားပြန်သည်။ သူမသည် ကြိုးစကိုချည်ရန် နေရာလိုက်ရှာနေဟန်တူသည်။
မကြာမီ သူမ၏ အသံ ပြန်ကြားရလေသည်။
" ကြိုးကို ကျွန်မ ချည်ထားလိုက်ပြီရှင့်၊ ခိုင်ခိုင်ချည်ထားလိုက်တယ် "
ခရိတ်လည်း ကြိုးကို ဆွဲကြည့်ရာ တကယ်ပင် ခိုင်မြဲစွာ ချည်နှောင်ထားကောင်း သိရလေသည်။

ထို့ကြောင့် သူသည် ကြိုးကို အားပြုဆွဲလျက် ဆယ်လီရှိရာသို့ တွယ်တက်သွားလေသည်။
အပေါ်သို့ရောက်သောအခါ ဆယ်လီသည် ဝမ်းသာအားရ ခရိတ်အား ကလေးငယ်တစ်ယောက်ပမာ ဖက်ထားရှာလေသည်။
နှစ်ယောက်စလုံး စကားပြောနိုင်ဘဲ ရှိစဉ် အောက်မှ တွန်ဂါတာ၏ လှမ်းအော်သံကြားရလေသည်။
" အပေါ် မှာ ဘာတွေဖြစ်နေကြတာလဲဗျ "

" ဒီပေါ်မှာ ဂူတစ်ခု ထပ်တွေ့နေပြန်တယ်။ ဒီက အပြင်ဘက်ကို ထွက်ပေါက်တစ်ခုခု ရှိလိမ့်မယ် ထင်တယ်။ ပြီးတော့ ဒီမှာ လင်းဆွဲငှက်တွေလည်း ရှိတယ် "
" ကျုပ်တို့ ဘာလုပ်ရမှာလဲ "
" ကျုပ်က ကြိုးကို အောက်ချပေးလိုက်မယ်။ သူငယ်ချင်းနဲ့ ဆာရာတို့က ကြိုးနဲ့ တွယ်တက်ခဲ့ကြပါ။ အရင်ဆုံး ဆာရာတစ်ယောက်တည်း သစ်သားပေါင်ကို ဖြတ်လျှောက်ပြီး လာခဲ့ပါ။ ဒီက ကျုပ်တို့နှစ်ယောက်အားနဲ့ ဆွဲတင်မယ် "
" အိုကေ၊ ကျုပ်က ဆာရာကို အရင်တက်ခိုင်းလိုက်မယ် "

တွန်ဂါတာက ပြန်ပြောပြီးနောက် ခရိတ်သည် ကြိုးစတစ်ဖက်ကို အောက်သို့ ချပေးလိုက်သည်။ သူနှင့် ဆယ်လီတို့က အပေါ်မှနေ၍ ကြိုးကို ခိုင်မြဲစွာ ကိုင်ထားကြစဉ်မှာပင် အောက်မှ လူတစ်ယောက်ခန္ဓာကိုယ် အလေးချိန်ကြောင့် ကြိုးတင်းသွားသည်ကို သတိပြုမိကြလေသည်။

ခရိတ်နှင့် ဆယ်လီတို့သည် ကြိုးကို အားကုန်စိုက်၍ ဆွဲတင်ကြလေသည်။

မှောင်မိုက်နေ၍ သဲကွဲစွာ မမြင်ရသော်လည်း တဖြည်းဖြည်းနှင့် ကြိုး၏ အောက်ခြေတွင်
လူတစ်ယောက်၏ သက္ကာန်ကို မထင်မရှားမြင်ရစပြုလာလေသည်။
" ဆာရာ လာနေပြီဗျို့ "

တွန်ဂါတာက အောက်မှ လှမ်းအော်ပြောလိုက်သံ ကြားရပြီးနောက် ခရိတ်နှင့် ဆယ်လီတို့သည်
အထူး ကြိုးစား အားစိုက်၍ ကြိုးကို ဆွဲတင်ကြလေသည်။
ဆာရာ ၏ ကိုယ်မှာ သေးကွေး၍ အလေးချိန် မများလှသော်လည်း အပေါ်သို့ ဆွဲတင်ရသည်မှာ
အလွန် အလှမ်းဝေး သဖြင့် ခရိတ်နှင့် ဆယ်လီတို့အဖို့ အထူးပင် ကြိုးစားအားစိုက်၍
ဆွဲကြရလေသည်။
မကြာမီ ဆာရာသည် အပေါ်သို့ ရောက်လာလေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၃) အဆက်

" အိုကေ ဆာရာကတော့ ရောက်လာပြီဗျို့။ ကိုင်း ... သူငယ်ချင်း ကျုပ်တို့က သူငယ်ချင်းကို
ဆွဲတင်ဖို့ အဆင် သင့် ပဲ "
ခရိတ်က အောက်သို့ လှမ်းအော်ပြောလိုက်သည်။
ထို့နောက် ခရိတ်အပြင် ဆယ်လီနှင့် ဆာရာ မိန်းကလေးနှစ်ယောက်ပါ ပေါင်းလျက်
သုံးယောက်ပေါင်း ခွန်အား ဖြင့် ကြိုးကို ဆွဲတင်ကြပြန်သည်။
တွန်ဂါတာ သည် ဆာရာကဲ့သို့ ခန္ဓာကိုယ် သေးကွေးသူမဟုတ်ဘဲအလွန်ထွားကျိုင်း ဗလ ကောင်းသူ
ဖြစ်လေရာ ခရိတ်တို့က သုံးယောက်ပေါင်း အင်အားဖြင့် ဆွဲတင်သည့်တိုင်အောင် အလွန်
ခဲယဉ်းပင်ပန်းစွာ ဆွဲကြ ရ လေသည်။

အပေါ်သို့ ရောက်ကာနီးလေ တွန်ဂါတာ၏ ကိုယ်ထည်ပို၍ပင် လေးလာသည်ဟု ထင်ရလေသည်။
သို့သော် သုံးယောက်သား ဇွဲကောင်းကောင်းနှင့် ဆွဲတင်ကြလေရာ နောက်ဆုံးတွင် တွန်ဂါတာသည်
အပေါ် သို့ ရောက်ရှိလာတော့သည်။

လေးယောက်စလုံး အလွန်မောပန်းလျက် စကားမပြောနိုင်ကြဘဲ ဆိတ်ဆိတ်နေရင်း
အပန်းဖြေနေခိုက် ခရိတ် သည် တစ်စုံတစ်ရာ သတိရမိဟန်ဖြင့် ရုတ်တရက်ထပြီး -
" ဒုက္ခပါပဲ၊ ကျုပ်တို့က စိန်တွေ ယူလာဖို့ မေ့သွားတယ်။ စိန်တွေက အောက်မှာ ကျန်ရစ်ခဲ့ပြီဗျ" ဟု
ပြောလိုက် သည်။

ဤတွင် တွန်ဂါတာ ဘက်ထရီဓာတ်မီးခလုတ်ကို ဖွင့်လိုက်ညပီး ပြုံးပြလေသည်။
" ကျုပ်ရဲ့ ခန္ဓာကိုယ်က ဘာကြောင့် ပိုလေးတယ်လို့ ထင်ရသလဲ သိလား "
ပြောပြော ဆိုဆို တွန်ဂါတာသည် သူလွယ်ယူလာသော ကင်းဗတ်အိတ်ကို ပုတ်ပြလိုက်သည်။

အိတ်အတွင်း၌ စိန်တုံးများ အချင်းချင်း ပွတ်တိုက်ထိသံကို ကောင်းစွာ ကြားရတော့မှ ခရိတ်လည်း
သဘောကျ ကျေနပ်ဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။
" သူငယ်ချင်း တွန်ဂါတာက တယ်ပြီး စိတ်ကူးကောင်းတာကိုး။ ဒီနေရာမှာ သူငယ်ချင်းက
တကယ့်သူရဲ ကောင်းတစ်ယောက်ပဲဗျ။ ဒါပေမဲ့ ဘက်ထရီမီးကို မြန်မြန် ပိတ်လိုက်စမ်းပါ၊
ဘက်ထရီက ကုန်တော့မယ်"

သူတို့သည် ဘက်ထရီမီးအိမ်ကို ရံဖန်ရံခါမှသာဖွင့်၍ ပတ်ဝန်းကျင်ကိုလေ့လာကြည့်ကြလေသည်။
ကျောက်တုံးဖြင့်ပြီးသော ပြတင်းပေါက်လိုအပေါက်၏ အပြင်ဘက်တွင် အမိုးနိမ့်နိမ့်နှင့် ဂူငယ်တစ်ခု
ရှိနေကြောင်း တွေ့ရလေသည်။ ဂူက အလွန်ကျယ်နေသဖြင့် ဘေးနံရံများကိုပင် မမြင်ရချေ။ အပေါ်
မျက်နှာကျက် တွင်ကား လင်းဆွဲငှက်တွေ အမြောက်အများရှိပြီး ယင်းတိုပစွန့်သော အညစ်အကြေး
များက ကြမ်းပြင်တွင် ပြည့်နှက်နေတော့သည်။
တွန်ဂါတာ က ခေါင်းဆောင်လျက် သူတို့လေးဦးသည် ရှေ့သို့ တိုးသွားကြရာ ခရိတ်က နောက်ဆုံးမှ
လိုက်လေသည်။ သူ၏ ပခုံးတွင် ကြိုးခွေကို လွယ်ထားလေသည်။

ယင်းသို့ သွားကြရင်း ကြမ်းပြင်သည် တဖြည်းဖြည်း မြင့်တက်လာလေသည်။ တောင်တက်လမ်း
လိုဖြစ်လာကာ မျက်နှာကျက် အမိုးက ပို၍ နိမ့်လာသည်ဟု ထင်ရလေသည်။
ထိုအခိုက် ဆယ်လီက ရုတ်တရက် ဟန့်တားလိုက်သည်။
" နေကြဦး ရှင့်၊ ဘက်ထရီမီးကိုလည်း မဖွင့်နဲ့ဦး "

" ဘာဖြစ်လို့လဲကွ "
ခရိတ်က ဆယ်လီအား မေးလိုက်သည်။

" ဟိုရှေ့မှာ ဆင်ခြေလျှောရဲ့ အပေါ်နားမှာလေ။ ဒါမှမဟုတ် ကျွန်မကပဲ စိတ်ကူးယဉ်ပြီး မြင်ယောင်မိတာများလား "
သူမက ပြောလိုက်ချိန်တွင် ရှေ့သို့ ကြည့်ပါက ဘာမှမမြင်ရဘဲ မှောင်မည်းနေသော်လည်း ကြာရှည်ဆက် ကြည့်သော အခါ မျက်လုံး ကျင့်သားရပြီး တစ်စုံတစ်ခုကို မသဲမကွဲ မြင်ရလေသည်။
" ရှေ့မှာ အလင်းရောင် ... အလင်းရောင်ရှိနေတယ်ဗျို့ "
ခရိတ်က ပြောလိုက်ပြီးနောက် သူတို့အားလုံး ဝမ်းသာအားရဖြင့် ရှေ့သို့ တိုးသွားကြလေသည်။
အလင်း ရောင် ကလည်း တဖြည်းဖြည်း များလာလေသည်။

အလင်းရောင်ကို မြင်ရခြင်းအားဖြင့် သူတို့သည် ဂူဝကြီးတွင်းမှ အပြင်ဘက်သို့ ထွက်ပေါက်ရှိရာသို့ နီးကပ်လာပြီ ဖြစ်ကြောင်း သိသာထင်ရှားသဖြင့် အလွန်ဝမ်းမြောက်အားတက်မိကြလေသည်။
သို့သော် ထွက်ပေါက်နှင့် နီးလာ၍ပဲလား မပြောတတ်။ ဂူ၏ ခေါင်မိုးသည် နိမ့်သထက် နိမ့်လာလေရာ ကြာသော် သူတို့သည် လေးဘက်တွား၍ သွားကြရလေသည်။
အလင်းရောင်ကလည်း တဖြည်းဖြည်း ပိုများလာသည်ထက်များလာလေသည်။

ဆရာမကလေး ဆာရာသည် ဝမ်းသာလွန်အားကြီး၍ မျက်ရည်များပင် ကျနေသည်ကို ခရိတ်က သတိပြုမိ လေသည်။
တွန်ဂါတာကတော့ လွတ်မြောက်တော့မည်ဟု ဝမ်းသာအားရဖြစ်ကာ ရယ်မောနေသည်။
မကြာမီ ပြင်ပသို့ထွက်နိုင်သည့် ထွက်ပေါက်သို့ ရောက်သွားကြရာ တွန်ဂါတာသည် စိတ်အားထက်သန်စွာ ဖြင့် ဝမ်းလျားထိုးလျက် အပြင်ဘက်သို့ ထွက်တော့မည်ပြုစဉ် ခရိတ်က သူ၏ ခြေနှစ်ဖက်ကို ဖမ်းဆွဲထား လိုက်လေသည်။

" သူငယ်ချင်း နေပါဦး၊ ရှေ့လောမကြီးပါနဲ့ "
တွန်ဂါတာသည် အပြင်ဘက်ထွက်ရန် အလွန်ဆန္ဒပြင်းပြနေသဖြင့် ခရိတ်၏ လက်များကို ကန်ထုတ်ဖယ်ရှား ပစ်ရန် ကြိုးစားနေသော်လည်း ခရိတ်က မလွတ်ဘဲ အတင်းပင်

ဆွဲထားလိုက်သည်။
" ဒီမယ် သူငယ်ချင်း အပြင်ဘက်မှာ ရှိနှာစစ်သားတွေက အဆင်သင့် စောင့်နေလိမ့်မယ်ဆိုတာ ထည့်စဉ်း စားမိ ရဲ့လား "
ခရိတ်က ပြောလိုက်တော့မှ တွန်ဂါတာလည်း ငြိမ်သွားတော့သည်။ ရှိနှာဟူသော အမည်ကို ကြားလိုက်ရုံနှင့် သူတို့ အားလုံး စကားမပြောနိုင်တော့ဘဲ ဆိတ်ဆိတ်နေရင်း အခြေအနေကို စဉ်းစားသုံးသပ် နေကြ လေသည်။

ခဏမျှ အကြာတွင် တွန်ဂါတာက စတင်၍ စကားပြောလေသည်။
" ကျုပ်နဲ့ ခရိတ်တို့က အရင်ဆုံး ထွက်ပြီး အခြေအနေကို ကင်းထောက်ကြည့်ရင်း လေ့လာကြမယ် "
တွန်ဂါတာ က လက်တစ်ဖက်ဖြင့် ကျောက်တုံး ခပ်ကြီးကြီး တစ်တုံး ကောက်ယူ၍ ခရိတ်အား လှမ်းပေးရင်း -
" လောလောဆယ် တော့ လက်နက်ဆိုလို့ ဒါပဲရှိမယ်။ မိန်းကလေးနှစ်ယောက်က ဒီမှာပဲ စောင့်နေကြရမယ်။ ငါတို့ က လှမ်းခေါ်လိုက်မှ ထွက်လာကြရမယ်" ဟု ဆက်ပြောလိုက်သည်။
ခရိတ် လည်း ဘာမှမပြောဘဲ သူ၏ မျက်နှာနှင့် ခြေလက်များကို ရုပ်ဖျက်သည့် အနေဖြင့် မြေမှုန့်များ၊ သဲများ ပွတ်လိမ်း လိုက်သည်။

ထို့နောက် သူ၏ ပခုံးမှ ကြိုးခွေကို ဖြုတ်လိုက်ပြီး တွန်ဂါတာ၏ ဘေးနားသို့ ချဉ်းကပ်ကာ လေးဘက်တွား၍ အပြင်ဘက် သို့ ထွက်ရန် ပြင်ဆင်ထားလိုက်သည်။
တစ်နည်း အားဖြင့် ခရိတ်သည် ရှေ့လျှောက် တွန်ဂါတာအား ခေါင်းဆောင်အဖြစ် သတ်မှတ်ချက် သူက နောက်လိုက် လုပ်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။
ဂူကြီးအတွင်းမှာ ရှိစဉ်က ခရိတ်က တပ်မှူးသဖွယ် အရာရာကို ခေါင်းဆောင်ခဲ့သော်လည်း ယခု အပြင်ဘက် သို့ ထွက်ခါနီးတွင်မူ တွန်ဂါတာအား ခေါင်းဆောင်တင်မြှောက်လိုက်ခြင်းပင်ဖြစ်သည်။
အကြောင်း မူကား အာဖရိကတိုက်၏ တောတွင်းဒေသတွင် တွန်ဂါတာသည်သာလျှင် အလွန်ကျွမ်းကျင်ပြီး ကျားသစ် ကဲ့သို့ လျင်မြန်ဖျတ်လတ်ကာ ရန်သူအား တိုက်ခိုက်ရာ၌ သူမတူအောင် အစွမ်းရှိသောကြောင့်ပင် တည်း။

သူတို့သည် အထူးသတိထားလျက် ဖြည်းဖြည်းချင်း ရှေ့သို့ တွားသွားကြလေသည်။

အပြင်ဘက် တွင်ကား နံနက်ခင်း၏ နေရောင်သည် အလွန်ထွန်းလင်းတောက်ပနေပြီဖြစ်သည်။
သူတို့သည် မြက်ပင် ရှည်ကြီးများ၏ အကာအကွယ်ကိုယူလျက် (အကယ်၍ ပတ်ဝန်းကျင်တွင်
ရန်သူရှိနေလျှင်) ရုတ်တ ရက်မမြင် နိုင်အောင် အနည်းငယ် တိုးသွားလိုက် ခေတ္တရပ်နေလိုက်နှင့်
အခြေအနေကို အကဲခတ်ကာည့်နေ ကြလေသည်။
အတန်ကြာကြာ ငြိမ်သက်စွာ စောင့်ကြည့်နေပြီးနောက် တွန်ဂါတာသည် ညာဘက် ကျက်စားသော
တောရိုင်း သတ္တဝါ တစ်ကောင်ကဲ့သို့ လုံးဝ အသံမကြားအောင် ရှေ့သို့ တိုးသွားလေသည်။
ခရိတ်လည်း တွန်ဂါတာသွား၍ ခြေလှမ်းငါးဆယ်ခန့် အကွာသို့ ရောက်မှ နောက်မှ
အသာလိုက်သွားလေ သည်။

သူတို့တွေ့ရသော အပြင်ဘက်ရှုခင်းမှာ တောင်ခါးပန်းတစ်ခုဖြစ်ပြီး ထုံးကျောက်အမျိုးအစား
ကျောက်တုံးကြီး များ ရှိနေလေသည်။
ခရိတ်နှင့် တွန်တာရါတိုပသည် တတ်နိုင်သလောက် ချုပုတ်ငယ်များ၏ အကာအကွယ်ကို ယူလျက်
ဖြည်းဖြည်း ချင်း ဆက်သွားကြလေသည်။
ယခု သူတို့ရောက်ရှိနေသော နေရာမှာ တောင်စောင်းဖြစ်သော်လည်း တောင်ထိပ်ဘက်နှင့်
နီးကပ်သဖြင့် အကယ် ၍ ရန်သူနှင့် ပက်ပင်းတိုးလျှင် မိမိတို့က အပေါ်စီးနေရာတွင်
ရှိနေမည်ဖြစ်သည်ဟု တွက်မိကာ အား တက်မိကြ လေသည်။

နံနက်ခင်း နေရှိန်သည် ပူပြင်းစပြုလာပြီဖြစ်ရာ ခရိတ်သည် နေရောင်၏ အပူအာတ် ခံစားရသည်ကိုပင်
သဘောကျ နေမိလေသည်။
တွန်ဂါတာ သည် ခရိတ်၏ အောက်ဘက်နားတွင် နေရာယူထားရာမှ သူတို့ချင်း နားလည်သော
လက်ပြနည်း ဖြင့် အချက်ပေး လိုက်သည်။
" ကျုပ်ရဲ့ လက်ဝဲဘက်ကို အကာအကွယ် ပေးထားပါ "

ယင်းသို့ လက်ပြညွှန်ကြားလိုက်သဖြင့် ခရိတ်လည်း ဒူးဆစ်နှင့် တံတောင်ဆစ်တို့ကိုသာ အားပြုလျက်
တွား သွားပြီး နေရာယူထားလိုက်သည်။
" ရန်သူ ရှိမရှိ ပတ်ဝန်းကျင်ကို ရှာကြည့်ပါ "
တွန်ဂါတာက လက်ပြညွှန်ကြားလိုက်ပြန်သဖြင့် ခရိတ်သည် ပတ်ဝန်းကျင်တွင် ရန်သူ ရှိမရှိ

သေချာစွာ လှည့်ပတ်အကဲခတ်ကြည့်လိုက်သည်။
ထို့နောက် သူတို့သည် ဆယ်မိနစ်ခန့် လုံးဝမလှုပ်ရှားဘဲ ငြိမ်၍ နေလိုက်ကြသည်။ ထိုအတောအတွင်း နှစ် ယောက်စလုံး က ပတ်ဝန်းကျင်တွင် ရန်သူစစ်သားများချုံခို ပုန်းအောင်းနေခြင်း ရှိမရှိ သေချာစေ့စပ်စွာ လိုက် ကြည့်ကြ လေသည်။

" ရန်သူ မရှိ၊ လုံးဝ ရှင်းနေသည် "
ခရိတ်က လက်ပြနည်းဖြင့် တွန်ဂါတာအား အချက်ပေးလိုက်ပြီးနောက် ရှေ့သို့ စထွက်လေသည်။
တွန်ဂါတာ က ကုန်းမြင့်တစ်နေရာမှနေ၍ ခရိတ်အား အကာအကွယ်ပေးနေလိုက်သည်။
အဖြူ နှင့် အနက်ရောင် အဆင်းရှိပြီး အဝါရောင် နှုတ်သီးကြီးကြီးနှင့် ငှက်တစ်ကောင် သူတို့ရှိရာသို့ ပျံသန်း လာလေ သည်။ ထိုငှက်မှာ ကနေရီ အမျိုးအစားငှက်ဖြစ်ပြီး တိုင်းရင်းသားများက ငှက်၏ နှုတ်သီးအရွယ်ပမာ ဏ ကြီးနေ၍ ဟီဒစ်ဟု နာမည်ပေးထားကြသည်။

ငှက်သည် တွန်ဂါတာရှိရာနှင့် မလှမ်းမကမ်း မြေပြင်သို့ ဆင်းသက်လိုက်သည်။ သို့သော် ချက်ချင်းလိုပင် ကျယ်လောင်စွာ ထိတ်လန့်တကြား အော်မြည်လျက် ကောင်းကင်သို့ ပျံတက်သွားလေသည်။ ထို့နောက် ငှက်သည် တောင်စောင်း တစ်နေရာဘက်သို့ ပျံသန်းသွားလေသည်။
" အန္တရာယ် ရှိနေပြီ "
တွန်ဂါတာက လက်ပြနည်းဖြင့် အချက်ပေးလိုက်ပြီး နှစ်ယောက်သား လုံးဝ မလှုပ်ဘဲ အသာ ငြိမ်နေ လိုက်ကြသည်။

ထိုအခိုက် ချုံပုတ်ကြားတစ်နေရာ၌ မသိမသာ လှုပ်ရှားမှုတစ်ခုလိုလို မြင်လိုက်ရလေသည်။
မရှေးမနှောင်း မှာပင် ခရိတ်သည် တစ်စုံတစ်ယောက် သစ်သားမီးခြစ်ခြစ်လိုက်သံကို ကြားလိုက်ရပြန်သည်။
သေချာစွာ ကြည့်လိုက်သောအခါ ချုံပုတ်တစ်ခုအတွင်း မသိမသာ ပေါ်ထွက်နေသော စစ်တပ်သုံး သံခမောက် တစ်လုံး၏ အပေါ်ပိုင်းကို သတိပြုမိလေသည်။ သံခမောက်ဆောင်းထားသူသည် စီးကရက်ကို ဖွာသောက် နေသဖြင့် အနည်းငယ် လှုပ်ရှားသွားပြန်သည်။ ထိုနေရာအနီးတွင် မီးခိုးများလည်း ရှိနေလေ သည်။

ခရိတ်သည် အခြေအနေမှန်ကို ရိပ်မိလိုက်ပြီဖြစ်သည်။ သံခမောက်ဆောင်း စစ်သားသည် မီးခိုးများ ဖန်တီး ထားသည့် အကာအကွယ်နောက်မှနေ၍ စက်သေနတ် ငယ်တစ်လက် ဆင်ထားသော နေရာတွင် ဝပ်နေ ခြင်း ဖြစ်လေသည်။
စက်သေနတ်ငယ်ကို သုံးချောင်းထောက်ကိရိယာဖြင့် ထောက်ထားပြီး အဝေးမှမမြင်နိုင်အောင် လုံခြုံစွာ သစ်ခက် သစ်ရွက် များဖြင့် ဖုံးကွယ်ထားလေသည်။
" ရန်သူ ဘယ်လောက်များသလဲ "

တွန်ဂါတာက လက်ပြအချက်ပေး၍ မေးလိုက်သဖြင့် ခရိတ်လည်း ဂရုတစိုက် ကြည့်လိုက်သောအခါ ဒုတိယ မြောက် လူတစ်ယောက်ကို တွေ့ရပြန်လေသည်။
ထိုလူ သည် သစ်ပင်တစ်ပင်ကိုမှီ၍ ထိုင်နေညပီး သူ၏ဘေးနားတွင် အူဇီစက်သေနတ်တစ်လက် အသင့်ချ ထားသည်။ လူက ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင် ဗလကောင်းပြီး ဝတ်ထားသော ယူနီဖောင်းဝတ်စုံမှ တံဆိပ် အရ တပ်ကြပ်ကြီးတစ်ဦးဖြစ်ကြောင်းလည်း သတိပြုမိသည်။

ခရိတ်က တွန်ဂါတာဘက်သို့ ရန်သူ နှစ်ယောက်ဟု လက်ပြ၍ ဆက်သွယ်အကြောင်းကြားမည် ပြုစဉ်မျာပင် ရန်သူ တပ်ကြပ်ကြီးသည် စီးကရက်ဘူးတစ်ဘူးထုတ်ယူ၍ တစ်စုံတစ်ယောက်အား လှမ်းပေးလိုက်သည်။
သည်တော့ မှပင် ခရိတ်သည်လည်း တတိယမြောက် လူတစ်ယောက်ကို တွေ့မြင်မိလေတော့သည်။ စောစော က ထိုလူသည် သစ်ပင်ရိပ်တွင် ပက်လက်လဲအိပ်နေသဖြင့် ခရိတ်က ရုတ်တရက် မမြင်မိခြင်းဖြစ် လေသည်။

ထိုတတိယလူသည် ထထိုင်၍ စီးကရက်တစ်လိပ် ထုတ်ယူပြီး စီးကရက်ဘူးကို နောက်လူတစ်ယောက်ကို လှမ်းပေး လိုက်ပြန်သည်။ စတုတ္ထမြောက် လူတစ်ယောက် ပေါ်လာပြန်ပေပြီ။
ဤတွင် ခရိတ်သည် တွန်ဂါတာအား -
" ရန်သူ လေးယောက် " ဟု လက်ပြအချက်ပေးလိုက်သည်။
ရန်သူလေးဦး ၏ အနေအထားကို ဂရုစိုက်၍ လေ့လာကြည့်လိုက်သောအခါ

စက်သေနတ်တပ်ဖွဲ့ငယ်တစ်ခု အဖြစ် ဖန်တီးထားပြီးအလွယ်တကူ တိုက်ခိုက်ပစ်ခတ်နိုင်အောင် တောင်စောင်း ဆင်ခြေလျှောတွင် စနစ် တကျ နေရာယူထားကြောင်း သတိပြုမိလေသည်။

ဤကား ဗိုလ်ချုပ် ဖွန်ဂါဘီရာဇ၏ စိတ်ကူးဉာဏ်ပင် ဖြစ်တန်ရာသည်ဟုလည်း ခရိတ် တွက်မိလေသည်။
မိမိတို့ လေးဦး တောင်အောက် ဂူကြီးထဲတွင် ခိုအောင်းနေသည်ကို အတတ်သိသဖြင့် ဂူတွင်းမှ ထွက်ပေါက်များတွင် ယခုကဲ့သို့ စက်သေနတ်တပ်ဖွဲ့နေရာယူစေကာအသင့် စောင့်နေခြင်းဖြစ်ပေသည်။
စက်သေနတ်သမားသည် သေနတ်ပြောင်းကို တောင်အောက်ဘက်သို့ ချိန်ထားသည်ကိုလည်း ခရိတ်က သတိပြုမိ လေသည်။

ထိုအခိုက် တွန်ဂါတာသည်လည်း အခြေအနေကို လေ့လာသုံးသပ်ပြီးနောက် -
" ထိုးစစ်ဆင်တိုက်ရန် အသင့်ပြင် " ဟု လက်ပြ၍ ညွှန်ကြားလိုက်သည်။
ခရိတ်လည်း အသင့်ပြင်ဆင်လိုက်စဉ် တွန်ဂါတာကပင် ဆက်လက်၍ -
" လက်ယာဘက် ပန်းပြီးတက် " ဟု အချက်ပြရင်း ယင်းညွှန်ကြားချက် အရေးကြီးကြောင်း ထပ်ပြောလို သဖြင့် လက်သီးဆုပ် ပြလိုက်သည်။
ခရိတ် သည် သူ၏ လက်ထဲမှ ကျောက်တုံးကို အသင့်ဆုပ်ကိုင်ထားလိုက်သည်။

ထိုအချိန်၌ သူတို့သည် ရန်သူလေးဦးနှင့် အလွန်နီးကပ်နေပြီဖြစ်လေသည်။ စက်သေနတ်သမား သောက် နေသော စီးကရက် ထိပ်ဖျားကိုပင် ထင်ရှားစွာ မြင်နေရလေသည်။ ရန်သူလေးဦး၏ ဘေးနားတွင်လည်း စီးကရက် တိုများ၊ စည်သွတ် စားသောက်ဖွယ် ဘူးခွံများ ပြန့်ကျဲလျက်ရှိလေသည်။
ခရိတ် သည် ရန်သူလေးဦးစလုံးအား သေချာစွာ ကြည့်လိုက်ရာ တပ်ကြပ်ကြီးက သစ်ကိုင်းတိုတစ်ခုကို မောင်းချမား ဖြင့် လှီးဖြတ်နေသည်ကို လည်းကောင်း၊ နောက်တစ်ဦးက အင်္ကျီချွတ်၍ သူ၏ကိုယ်တွင် သန်းရာ သလို ငုံကြည့်နေသည်ကိုလည်းကောင်း၊ မြင်ရလေသည်။
စက်သေနတ်သမား တစ်ဦးသာလျှင် အသင့် ရှိနေပုံရလေသည်။

တွန်ဂါတာသည် တိုက်ခိုက်ရန် အသင့်ပြင်လျက် ချသ်းကပ်လာလေသည်။
" အသင့်ဖြစ်ပြီလား "
တွန်ဂါတာက လက်ပြ၍ မေးရာ၊ ခရိတ်ကလည်း -
" အသင့်ဖြစ်ပြီ"ဟု ပြန်အချက်ပေးလိုက်သည်။
တွန်ဂါတာ သည် လက်တစ်ဖက်ကို မြှောက်ထားရာမှ အောက်သို့ လျင်မြန်စွာ ချလိုက်သည်။

ဤကား စတင်တိုက်ခိုက်ရန် အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။
ခရိတ်သည် လျင်မြန်စွာ လှုပ်ရှားလျက် သူ့ကိုယ်သူ လှိမ့်ပြီး မောင်းချာနှင့် လူဆီသို့ အတင်းဝင်ကာ
ထိုလူ ၏ နားထင်သို့ ကျောက်တုံးဖြင့် တအားပစ်ထုလိုက်သည်။ အလစ်တွင် ခံလိုက်ရသဖြင့်
ထိုလူသည် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။
တစ်ချိန်တည်းမှာပင် တွန်ဂါတာက စက်သေနတ်သမားအား နောက်မှ ဝင်လုံးတိုက်ခိုက်လေသည်။
ခရိတ် လည်း အူဇီစက်သေနတ်ကို လျင်မြန်စွာ ကောက်ကိုင်၍ ချိန်ထားလိုက်သည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၄)

အခန်း (၄၄)

သူ့ကိုယ်သူ သန်းများ၊ ပိုးမွှားတရစ္ဆာန်များ ရှာဖွေရင်း ငုံ့နေခဲ့သူ ရှိနာစစ်သားသည် လျှပ်တစ်ပြက်
လျင်မြန်စွာ ဖြစ်ပျက်သွားပုံကို နားမလည်လိုက်ဘဲ ပါးစပ်ဟောင်းသားနှင့် အကြီးအကျယ် အံ့အားသင့်
နေတော့ သည်။
အံ့အားသင်ရုံမက သူ၏ မျက်နှာနားတွင် နီကပ်စွာ လာထောက်ထားသော စက်သေနတ်ပြောင်းဝ ကို
ကြည့်ပြီး ပြင်းစွာ ထိတ်လန့်တုန်လှုပ်နေသည်။
စက်သေနတ်ကိုင်ထားသူ ခရိတ်၏မျက်လုံးများကလည်း အလွန်စူးရှတောက်ပြောင်လျက် ကြောက်
စရာ ကောင်းလှ ပေသည်။
တွန်ဂါတာသည် စောစောက တပ်ကြပ်ကြီးကိုင်ထားသော စစ်တပ်သုံး မောင်းချာကို ကောက်ယူ ၍
မြေပြင် ပေါ် ပက်လက်ဖြစ်နေသူ ရှိနာစစ်သား၏ နားထင်သို့ ဓားဖျားနှင့် တေ့ထားလိုက်သည်။

ဒူးတစ်ဖက်ဖြင့် လည်း စစ်သား၏ကိုယ်ပေါ်မှ ထောက်၍ ဖိထားလိုက်သည်။

"မင်းတို့က အော်မယ်တော့ မကြံနဲ့။ အော်တာနဲ့ အသက်ပျော်ကပြီသာ မှတ်ပေတော့"
တွန်ဂါတာ က တကယ်ပင် သတ်ရန် ဝန်မလေးသည့်ဟန်ဖြင့် ခြိမ်းခြောက်လိုက်သည်။
ထို့နောက် တွန်ဂါတာသည် ခရိတ်က ကျောက်တုံးဖြင့် ထုလိုက်သော တပ်ကြပ်ကြီးအနီးသို့ သွား ၍ အသက်ရှိ သေးသလားဟု သိလိုသဖြင့် သွေးခုန်နှုန်းကို စမ်းကြည့်လေသည်။
သို့သော် ချက်ချင်းပင် ခေါင်းခါပြပြီးနောက် တပ်ကြပ်ကြီး၏ ယူနီဖောင်းဝတ်စုံကို ချွတ်ယူလိုက်သည်။ သို့ရာ တွင် သူကိုယ်တိုင် ဝတ်ကြည့်သောအခါ တပ်ကြပ်ကြီးက သူ့လောက်မထွားကျိုင်းသဖြင့် ဝတ်စုံ သည် တွန်ဂါတာနှင့်မတော်ဘဲ ငယ်နေလေသည်။

တွန်ဂါတာသည် ခရိတ်၏လက်မှ အူဇီစက်သေနတ်ကို ယူ၍ မသေဘဲကျန်သူစစ်သားနှစ်ဦးအား ချိန်ရွယ် ထားလိုက်ပြီး ခရိတ်အား
"စက်သေနတ်သမားရဲ့ ယူနီဖောင်းကို ချွတ်ယူလိုက်ပါ" ဟု ညွှန်ကြားလိုက်သည်။ စက်သေနတ်သမားမှာ ဇက်ကျိုး၍ သေဆုံးနေပြီ ဖြစ်သည်။ တွန်ဂါတာက နောက်မှ အသာချဉ်းပြီး ထိုလူ၏ သံခမောက်ကို ရုတ်တရက် နောက်သို့ လှန်ချိုးသလို ဆွဲလိုက်စဉ် သားရေမေသိုင်းကြိုးက စစ်သား၏ လည်းပင်းတွင် ချိတ်မိပြီး လည်းပင်းကို လှန်ချိုးသလို ဖြစ်သွားရာမှ ဇက်ကျိုးသေဆုံးသွားခြင်း ဖြစ်လေသည်။

စက်သေနတ်သမား၏ ယူနီဖောင်းဝတ်စုံကို ခရိတ်က ဝတ်ကြည့်ရာ ကံအားလျော်စွာ သူနှင့် တိုင်းချုပ်ထား သလို တော်နေသည်ကို တွေ့ရလေသည်။
တွန်ဂါတာသည် ရှိုနာစစ်သားနှစ်ဦးအနားသို့ ကပ်၍-
"ဟေ့.. အလောင်းတွေကို မင်းတို့ကိုယ်တိုင် ဂူဝကို ဆွဲသွားစမ်း" ဟူ အမိန့်ပေးလိုက်သည်။
စစ်သား နှစ်ဦးလည်း အလွန်တုန်လှုပ်ချောက်ချားနေပြီဖြစ်ရာ ခိုင်းသည့်အတိုင်း အလောင်းနှစ်လောင်းကို ဂူပေါက်ဝ ဆီသို့ ဆွဲသွားလိုက်ကြလေသည်။
ခရိတ် နှင့် တွန်ဂါတာတို့က အလစ်မပေးဘဲ ထိုလူနှစ်ဦးအား တောက်လျှောက်ဆင်ခြေလျှောအတိုင်း တွန်းချ ပစ်လိုက်ကြသည်။
"ကဲ...မင်းတို့ အဝတ်အစားတွေ အားလုံး ချွတ်ပစ်လိုက်စမ်း"

တွန်ဂါတာက ရှိုနာစစ်သားနှစ်ဦးအား အမိန့်ပေးလိုက်ပြန်သည်။
စစ်သားများတွင် အတွင်းခံ ဘောင်းဘီကိုသာ ကျန်သောအခါ တွန်ဂါတာက ခရိတ်အား-
"သူတို့ကို ကြိုးနဲ့တုပ်လိုက်ပါ" ဟု ပြောလေသည်။
ခရိတ်သည် စစ်သားနှစ်ဦးအား မြေပြင်တွင် မှောက်အိပ်ခိုင်းပြီးနောက် လက်နှစ်ဖက်ကို နောက်သို့ ပစ်၍ နိုင်လွန်ကြိုးဖြင့် လက်ပြန်ကြိုး ခိုင်မြဲစွာ တုပ်နှောင်လိုက်သည်.
တစ်ဖန် ခြေထောက်များကိုကွေး၍ ခြေချင်းဝတ်နှင့် လက်များကိုပါ ကြိုးနှင့်တုပ်လိုက်ပြန်သည်။
ဤကား ဝက်သတ် ရုံပို့ခါနီး ဝက်များအား တုပ်နှောင်နည်းဖြစ်၍ မည်သို့မှ ရုန်းကန်လှုပ်ရှား၍မရသော နည်းမျိုး ဖြစ်လေသည်။

တစ်ဖန် ခရိတ်က သူတို့၏ ခြေအိတ်များကို ချွတ်၍ ပါးစပ်ပေါက်တွင် ပိတ်ဆို့ကာ ကြိုးဖြင့် စည်းထားလိုက်ပြန်သည်။
ခရိတ်က အကျဉ်းသားနှစ်ဦးအား ကြိုးဖြင့် တုပ်နှောင်နေစဉ် တွန်ဂါတာသည် မိန်းကလေးနှစ်ဦးအား စစ်ဝတ်စုံ ယူနီဖောင်းများ ဝတ်ပေးနေလေသည်။
ယူနီဖောင်းတွေက အဆမတန်ကြီးနေသော်လည်း အင်္ကျီလက်နှင့် ဘောင်းဘီအောက်ပိုင်းတို့ကို ခေါက်၍ လည်းကောင်း၊ ခါးမှ ဘောင်းဘီကို အတင်းဆွဲ၍ ကျပ်နေအောင်ဝတ်၍ လည်းကောင်း ကြံဖန် ဝတ်ပေးလိုက်သည်။

"အိုကေ ပင်ဒူလာ၊ မင်းရဲ့မျက်နှာကို မည်းနေအောင် ရုပ်ဖျက်လိုက်ပါဦး"
တွန်တာက အမိန့်ပေးပြန်သဖြင့် ဆယ်လီသည် မျက်နှာကို မြေကြီးမှုန့်များဖြင့် လိမ်းကျံ ရုပ်ဖျက်လိုက်သည်။
"ဟုတ်ပြီ၊ လက်တွေကိုပါ ညိုမည်းနေအောင် လုပ်လိုက်ဦး။ ပြီးတော့ မင်းရဲ့ဆံပင်ကိုလည်း ပေါ်မနေအောင် ဖုံးအုပ် ထားဖို့ လိုလိမ့်မယ်"
ပြောပြော ဆိုဆို တွန်ဂါတာသည် ရှိုနာစစ်သားတစ်ဦး၏ သံပရာခွံဦးထုပ်ပျော့တစ်လုံးကို ဆယ်လီအား ပစ်ပေး လိုက်သည်။
"ကဲ...လာ သွားကြမယ်"

တွန်ဂါတာသည် စိတ်တွေပါလာသော ကင်းဗတ်အိတ်ကို ကောက်ယူပြီး သူကိုယ်တိုင် ရှေ့ဆောင်လျက် ရှိုနာစစ်သားများ ဆင်းထားသော စက်သေနတ်ရှိရာသို့ ခေါ်သွားသည်။
တွန်ဂါတာသည် စစ်တပ်သုံး ကျောပိုးအိတ်တစ်ခုကိုယူ၍ အတွင်းမှ ပစ္စည်းများကို သွန်ချပစ်လိုက် ပြီး စိန်တွေ ပါသော ကင်းဗတ်အိတ်ကို ကျောပိုးအိတ်အတွင်းသို့ ထည့်လိုက်သည်။ ထို့နောက် ကျောပိုးအိတ် ကို ပခုံးတွင် လွယ်ထားလိုက်သည်။

ထိုအတောအတွင်း ခရိတ်သည် ရှိုနာစစ်သားများ၏ ပစ္စည်းများကို မွှေနှောက်ရှာဖွေကြည့်လေ သည်။ လက်ပစ်ဗုံးများ တွေ့ရသောအခါ တွန်ဂါတာအား လက်ပစ်ဗုံးနှစ်လုံးပေးလိုက်ပြီး သူကိုယ်တိုင်လည်း နှစ်လုံးကို အကျီအိတ်ထဲတွင် ထည့်ထားလိုက်သည်။
လက်နက်အနေဖြင့် အသင့်တွေ့ရသော တိုကာရက်ဗ် ပစ္စတိုလ်သေနတ်တစ်လက်ကို ဆာရာအား ပေးလိုက်သည်။
တစ်ဖန် အူဇီစက်သေနတ်တစ်လက် ထပ်တွေ့သဖြင့် ဆယ်လီအတွက်ပေးလိုက်သည်။ သူကိုယ် တိုင် အတွက် အေကေ ၄၇ မောင်းပြန် ရိုင်ဖယ်သေနတ်တစ်လက်နှင့် ကျည်ဆန်ကတ် အပိုငါးကတ် ကို ယူထား လိုက်သည်။

တွန်ဂါတာကတော့ အူဇီစက်သေနတ် နောက်ထပ် တစ်လက်ကိုင်ထားသည်။
ခရိတ်သည် အဆင်သင့် တွေ့ရသော ရေဘူတစ်ဘူးကိုပါ ယူလိုက်သည်။ ရှိုနာစစ်သားများ၏ ရိက္ခာများတွင် ချောကလက်များလည်းပါရှိရာ ခရိတ်သည် ချောကလက်တစ်ဘူးကို ဖွင့်စမ်းကြည့် ရာ အလွန်အရသာ ရှိသဖြင့် သူတို့အားလုံး နည်းနည်းစီ ယူစာလိုက်ကြသည်။
"ကျုပ် ရှေ့ဆုံးကသွားမယ်။ သစ်ပင်တွေရဲ့ အကာအကွယ်ကိုယူပြီး တောင်ကြားထဲ ရောက်အောင် သွားကြ မယ်"
တွန်ဂါတာ က ချောကလက်ကို ပလုတ်ပလောင်း စာရင်း သူ၏အစီအစဉ်ကို ပြောလေသည်။

သို့နှင့်ပင် သူတို့သည် တောင်ခါးပန်းတစ်လျှောက်တွင်ရှိသော သစ်ပင်ချုံကွယ်များ၏ အကာအ ကွယ်ကို ယူကာ ဆက်လျှောက်သွားကြလေသည်။
သွား၍ သိပ်ဝေးဝေးသို့ မရောက်သေးမီ ရဟတ်ယာဉ်၏အသံကို ကြားရလေသည်။ အင်ဂျင်စက် သံကို ခန့်မှန်းရခြင်းအားဖြင့် ရဟတ်ယာဉ်သည် တော်ကြားဒေသမှတစ်ဆင့် မိမိတို့ ရှိရာဘတ်သို့

လာနေသည် ဟု ခန့်မှန်းရလေသည်။
တောင်စောင်း နှင့်ကွယ်နေသဖြင့် ရဟတ်ယာဉ်ကို မမြင်ရသော်လည်း လျင်မြန်စွာ လာနေပြီဖြစ်ကြောင်း ထင်ရှား နေပေသည်။
"အားလုံး ဝပ်နေလိုက်ကြ"

ခရိတ်က အော်ပြောရင်း အနီးရှိ ဆယ်လီအား ခပ်ကြမ်းကြမ်းပင် ပခုံးနှင့်တိုက်၍ တွန်းချလိုက်ရာ နှစ်ယောက်စလုံ လုံးထွေးလျက် လိမ့်ကျသွားလေသည်။
ထိုအချိန် ၌ ရဟတ်ယာဉ်၏ ပန်ကာဒလက်သံများက အလွန်ကျယ်လောင်လာပြီး ရဟတ်ယာဉ် သည် ရှေ့ဆက်က သွားဘဲ တစ်နေရာတည်းတွင် ရပ်နေသည်ဟု ထင်ရလေသည်။
"ရဟတ်ယာဉ် က မြေပြင်ကို ဆင်နေပြီရှင့်"

ဆယ်လီက ပြောလိုက်ပြီး မရှေ၊်မနှောင်းမှာပင် အင်ဂျင်စက်သံ ရပ်သွားလေသည်။
"ဟုတ်တယ် ရှင့်၊ ရဟတ်ယာဉ်က မြေကြီးပေါ် ရောက်နေပြီ။ ဒါကြောင့် လေယာဉ်မှူးက စက်ကို ရပ်လိုက် တာ ဖြစ်မယ်"
ဆယ်လီ ကပင် ဆက်ပြောလိုက်သည်။

အင်ဂျင်စက်သံ ရပ်သွားသော်လည်း မလှမ်းမကမ်းမှ ရှိုနာဘာသာဖြင့် အမိန့်ပေးသံများကို သဲ့သဲ့ကြားနေ ရလေသည်။
"ပူဖိုး ဒီဘတ်ကို လာခဲ့စမ်းပါ။ မိန်းကလေးနှစ်ယောက်က ခဏစောင့်နေကြဦး"
တွန်ဂါတာ က လှမ်းအမိန့်ပေးလိုက်သဖြင့် ခရိတ်လည်း ချက်ချင်းပင် ချဉ်းကပ်သွားလေသည်။

တွန်ဂါတာသည် ခရိတ်နှင့်အတူ တောင်ကမူငယ်တစ်ခုရှိရာသို့ တွားသွားပြီးနောက် မသိမသာ ခေါင်းထောင် ကြည့်လေသည်။
ထိုနေရာမှ တောက်ကြားမြေပြန့်သို့ လှမ်းမြင်နေရလေရာ သစ်ပင်တောအုပ်များအကြား မြေကွက်လပ် ငယ် တစ်ခု ရှိသည်ကိုလည်း မြင်ရလေသည်။ ကွက်လပ်၏ တစ်ဖက်အစွန်း သစ်ပင်များအနီး၌ နေပူရှိန် ကာကွယ် ရန် ကင်ဗတ် (ရွက်ထည်ဖျင်) အမိုးဖြင့် တဲတစ်ခု မိုးထားသည့် နေရာကိုလည်း သတိပြု မိကြလေသည်။

ရဟတ်ယာဉ်သည် မြေကွက်လပ်အလယ်တွင် ရှိနေပြီး လေယာဉ်မောင်းသူ(ပိုင်းလော့)က ရဟတ်ယာဉ် ပေါ်မှ ဆင်းနေလေသည်။ ရွက်ထည်တဲအနီး သစ်ပင်အောက်တွင် တတိယတပ်မဟာမှ ယူနီဖောင်း ဝတ် လက်နက်ကိုင် စစ်သားများလည်း ရှိနေကြလေသည်။

ရွက်ထည်တဲအတွင်း၌ကား လူသုံးလေးယောက်ခန့် စားပွဲတစ်လုံးနှင့် ထိုင်နေကြသည်။
"အဲဒါ ဗိုလ်ချုပ် ဖွန်ဂါဘီရာရဲ့ ရှေ့တန်းယာယီစစ်ဌာနချုပ်ပဲ ဖြစ်ရမယ်"
ခရိတ်က ခပ်တိုးတိုး မှတ်ချက်ချလိုက်ရာ တွန်ဂါတာကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်လိမ့်မယ်၊ နောက်တစ်ခုက ဒီတောင်ကြားဒေသက ကျုပ်တို့စောစောက ဝင်ခဲ့တဲ့နေရာပဲဗျ။ လိုဇာဂူ ရဲ့ အဓိက ခန်းမကျယ်ကြီးဟာ အခု ကျုပ်တို့ရှိနေရာအောက် တည့်တည့်မှာ ရှိလိမ့်မယ် ထင်တယ်"
"ဟုတ်တယ် သူငယ်ချင်းပြောတာ မှန်တယ်"
ထိုအခိုက် စစ်သည်တပ်စုတစ်စုသည် တန်းစီ၍ တောင်ကြားဒေသမှ လျှောက်ထွက်သွားနေ သည်ကို မြင်ရလေ ရာ ခရိတ်က ညွှန်ပြရင်း-
"သူတို့ ဒီနေရာက ပြန်ထွက်သွားတော့မယ် ထင်တယ်" ဟု ပြောလိုက်သည်။

"ဒီလိုလည်း ဖြစ်နိုင်တယ်။ သူတို့က ဂူထဲကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲလိုက်ပြီးတော့ အချိန်လေးဆယ့် ရှစ်နာရီလောက် စောင့်ကြည့်ကြပြီး ကျုပ်တို့ထွက်မလာတော့ ကျုပ်တို့အားလုံး သေကုန်ပြီလို့ ယူဆတာနဲ့ ပြန်ထွက်ခွာသွားတာများလား မပြောတတ်ဘူး"
"အခုမြင်ရတာ လူအင်အား ဘယ်လောက်ရှိမလဲ"
တွန်ဂါတာ က မေးလိုက်ရာ ခရိတ်သည် သေချာစွာ ပြန်ကြည့်ပြီးမှ ပြောလေသည်။
"ကျုပ် အခုမြင်ရသလောက် လူနှစ်ဆယ်လောက် ရှိတယ်။ ဒါပေမဲ့ ကျုပ်မမြင်ရတဲ့လူတွေလည်း နောက်ထပ် ရှိနိုင်တယ်"
တွန်ဂါတာ သည် ဆယ်လီအား လက်ပြခေါ်လိုက်ပြီး အနီးသို့ ရောက်သောအခါ ရဟတ်ယာဉ်ကို ညွှန်ပြ လိုက်သည်။

"အဲဒီရဟတ်ယာဉ်ကို မင်း ဘယ်လိုသဘောရလဲ"

"အဲဒါက ဆူပါဖရီလွန်လို့ခေါ်တဲ့ ရဟတ်ယာဉ် အမျိုးအစားပဲရှင့်"
ဆယ်လီက သွက်လက်စွာ ပြန်ဖြေလိုက်သည်။
"မင်းအနေနဲ့ ဒီရဟတ်ယာဉ်ကို မောင်းလို့ဖြစ်မလား"
"ကျွန်မက ဘယ်လို ရဟတ်ယာဉ်မျိုးဖြစ်ဖြစ် မောင်းတတ်ပါတယ်"
ဤတွင် ခရိတ်က သဘောမကျဟန်ဖြင့် ဆယ်လီအား လှမ်းကြည့်လိုက်သည်။

"ဆယ်လီကလည်းကွာ စကားကို လွယ်လွယ်မပြောပါနဲ့။ မင်းက ဒီရဟတ်ယာဉ်မျိုး ဘယ်တုန်းက များ မောင်းခဲ့ ဖူးလို့လဲ"
"ဒီလို ဆူပါဖရီလွန် အမျိုးအစား မဟုတ်ပေမယ့် ကျွန်မက ရဟတ်ယာဉ်မျိုးစုံကို နာရီပေါင်းငါးရာ ကျော် ပျံသန်းမောင်းနှင်ခဲ့ဖူးတယ်ရှင့်"
ဆယ်လီ က ခပ်တည်တည် ပြန်ပြောလိုက်သည်။
ထိုအခါ တွန်ဂါတာက ဆယ်လီအား မေးခွန်းထုတ်ပြန်သည်။

"ဒီမယ် ဆယ်လီ၊ မင်းက ရဟတ်ယာဉ်ပေါ်ကို ရောက်ပြီးလို့ ဘယ်လော်ကကြောရင် စပြီး ထွက်နိုင်မှာလဲ"
ဆယ်လီ က ခေတ္တစဉ်းစားပြီးနောက်-
"နှစ်မိနစ် သုံးမိနစ်လောက်ပါပဲ" ဟု ဖြေလိုက်သည်။
"ဒါဆိုရင် မဖြစ်ဘူး၊ ကြာလွန်းတယ်"
ခရိတ်က ပြန်ပြောရင်း ခေါင်းခါလိုက်သည်။

ဤတွင် တွန်ဂါတာက စိတ်ကူးတစ်မျိုး ရလာဟန်ဖြင့်-
"ဒီလိုလုပ်ရင် ကော မဖြစ်ဘူးလား။ ရဟတ်ယာဉ်ကို စပြီး စက်နှိုးနေချိန်မှာ ကျုပ်တို့က ရှိုနာစစ်သားတွေကို တခြားဘက် ကို အာရုံစိုက်နေအောင် တစ်နည်းနည်းနဲ့ လိုပ်နိုင်ရင်ကော ဘယ်လိုလဲ" ဟု ပြောလိုက်သည်။
ခရိတ် သည် ခေတ္တစဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်၏။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ့ အခန်း (၄၄) အဆက်

" အင်း ... ဒီလိုဆိုရင်တော့ ဖြစ်နိုင်ကောင်းရဲ့လို့ ထင်တယ် "
" ဟုတ်ပြီ၊ ဒါဖြင့် ကျုပ်တို့ အဲဒီအတိုင်းပဲ လုပ်ကြမယ်။ ကျုပ်က တောင်ကြားလမ်းရဲ့ အပေါ်ဘက်ကို တက် သွားမယ်။ သူငယ်ချင်းက မိန်းကလေးနှစ်ယောက်ပါ ခေါ်ပြီး မြေကွက်လပ်နဲ့ အနီးဆုံး တောစပ်ကို ရောက်အောင် သွားရမယ်။ ကျုပ်ပြောတာရှင်းရဲ့လား "
တွန်ဂါတာ က မေးလိုက်လျှင် ခရိတ်က သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။
ထိုအခါ တွန်ဂါတာသည် သူ၏ လက်ပတ်နာရီကို ကြည့်ပြီး ဆက်ပြောလေသည်။

" အခု အချိန်ကစပြီး လေးဆယ့်ငါးမိနစ်အာကာ ကိုးနာရီခွဲတိတိမှာ ကျုပ်က ရန်သူစစ်သားတွေဘက်ကို လက်ပစ်ဗုံး တွေ့လည်း ပစ်မယ်၊ အေကေ ၄၇ သေနတ်နဲ့လည်း တရကြမ်း ပစ်ထည့်လိုက်မယ်။ စစ်သားတွေ ကတော့ သူတို့ကို လူအုပ်နဲ့ လာတိုက်တာပဲလို့ထင်ပြီး သေနတ်သံကြားရာဘက်ကို မဲလိုက်လာလိမ့်မယ်။ ရဟတ်ယာဉ်ရှိတဲ့ ကွက်လပ်မှာ ဆက်နေမှာ မဟုတ်ဘူး။ သူငယ်ချင်းတို့ကတော့ သေနတ်ပစ်သံ၊ လက်ပစ်ဗုံး ခွဲသံကြားတာနဲ့ ရဟတ်ယာဉ်ဆီကို တအားပြေးပေတော့။ ရဟတ်ယာဉ် မြေပြင်က ကြွတက်တာနဲ့ ကျုပ်က ကွက်လပ်ရှိ တဲ့နေရာကို တအားပြေးမယ်။ ဟောဟိုနေရာပဲ "
တွန်ဂါတာ က လက်ဖြင့် ညွှန်ပြသည်။

" ရုတ်တရက်ဆိုတော့ ရှိနာစစ်သားတွေက ကျုပ်ကို မီလာဦးမှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားတို့က ကျုပ်ကို ရဟတ်ယာဉ်ပေါ် ဆွဲတင်ဖို့ လုပ်ရမယ် "
" ကောင်းတယ်၊ ဒီတိုင်းပဲ လုပ်ကြရအောင် "
ခရိတ်က ပြောရင်းနှင့် အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်နဲ့ လက်ပစ်ဗုံးတစ်လုံးတော့ ယူထားမယ် "
တွန်ဂါတာထံမှ စစ်သေနတ်ငယ်ကိုပါ ခရိတ် ယူလိုက်လေသည်။
သူသည် တွန်ဂါတာအား ရင်းနှီးစွာပင် ပခုံးပုတ်၍ နှုတ်ဆက်လိုက်လေသည်။

" ကိုင်း ... သူငယ်ချင်း လူချင်းခွဲကြစို့ "
တွန်ဂါတာသည် ချက်ချင်းပင် တောင်စောင်းတစ်ဖက်သို့ ထွက်သွားရာ ခရိတ်က

မိန်းကလေးနှစ်ယောက်ကို ခေါ်လျက် မြေကွက်လပ်ရှိရာသို့ ခေါ်သွားလေသည်။
ယင်းသို့ သွားရာတွင် ရန်သူစစ်သားများ၏ အခြေအနေကိုလည်း အထူးသတိထား၍ ပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ကြည့်သွားလေသည်။
ကွက်လပ် အနီး တောစပ်ရှိ သစ်ပင်အုပ်တစ်နေရာတွင် ခရိတ်က ရပ်လိုက်သည်။
" ဒါထက်ပိုပြီး အနီးကပ်သွားလို့ မဖြစ်ဘူးကွ။ ဒီတော့ ငါတို့ ဒီမှာပဲ အသာငြိမ်နေလိုက်ကြရမယ် "

သူတို့နေရာမှ ခြေလှမ်းတစ်ရာ့ငါးဆယ်ခန့်အကွာ မြေကွက်လပ်အလယ်တွင် ရဟတ်ယာဉ် ရှိနေလေသည်။ လေယာဉ်မှူး (ပိုင်းလော့)က ရဟတ်ယာဉ်၏ အရိပ်တွင် ဆောင့်ကြောင့်ထိုင်နေသည်။ ဆူပါဖရီလွန် အမျိုး အစား ရဟတ်ယာဉ် ဦးပိုင်းမှာ တိုပြီး အစိမ်းရင့်ရောင် ဆေးသုတ်ထားလေသည်။
ခရိတ် သည် ဆယ်လီ၏ နီးတွင် ထိုင်ချလိုက်ပြီး တိုးတိုးမေးလေသည်။
" ရဟတ်ယာဉ်က ခရီးအဝေး ဘယ်လောက်ထိအောင် တောက်လျှောက် ပျံသန်းနိုင်သလဲ "
" ဓာတ်ဆီတိုင်ကီ အပြည့်ရှိရင်တော့ မိုင်ခြောက်ရာလောက်တော့ ပျံသန်းနိုင်ပါလိမ့်မယ် "
" ဒါဖြင့် ရဟတ်ယာဉ်မှာ ဓာတ်ဆီတိုင်ကီအပြည့် ရှိပါစေလို့ ဆုတောင်းကြရုံပဲ "
ပြောရင်းနှင့် ခရိတ်သည် သူ၏ ရိုးလက်စနာရီကို ကြည့်လိုက်ပြန်သည်။

" ဆယ်မိနစ် လိုသေးတယ် "
ပြောရင်းနှင့် ခရိတ်သည် မိန်းကလေးနှစ်ဦးအား ချော့ကလက်တစ်ခုစီ ထုတ်ပေးလိုက်သည်။
ဆယ်လီ၏ မျက်နှာကို မြေမှုန်များ သုတ်လိမ်း၍ ရုပ်ဖျက်ထားသော်လည်း ချွေးများ ထွက်လာသဖြင့် ခရိတ်သည် မြေဘကီး အနည်းငယ်ကို ရေဘူးထဲမှ ရေနှင့် ရောစပ်လျက် ရွံ့စေးဖြစ်အောင်ပြုလုပ်ကာ ဆယ်လီ၏ မျက်နှာကို နောက်ထပ် သုတ်လိမ်းပေးလိုက်သည်။ တစ်ဖန် ဆယ်လီကလည်း ခရိတ်၏ မျက်နှာ ကို ရွံ့ဖြင့် သုတ်လိမ်းပေးလိုက်သည်။
" အချိန် နှစ်မိနစ်ဘဲ လိုတော့တယ်ကွ "
ခရိတ်က ပြောရင်း မြေကွက်လပ်ဆီသို့ လှမ်းကြည့်လိုက်သည်။

လေယာဉ်မှူးသည် ထိုင်ရာမှထ၍ အညောင်းဆန့်လိုက်ပြီးနောက် ရဟတ်ယာဉ်ပေါ်သို့ ပြန်တက်လိုက်သည်။

ယင်း အပြုအမူကို ခရိတ်က ကြည့်ပြီး -
" တစ်ခုခုတော့ ဖြစ်ညပီထင်တယ် " ဟု ခပ်တိုးတိုး ပြောလိုက်သည်။
ထိုအချိန်၌ မမြင်ရလင့်ကစား တဲအတွင်း၌ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကိုကား သတိပြုမိလေသည်။
မကြာမီ လူတစ်စု ရွက်ထည်တဲတွင်းမှ ထွက်လာလေသည်။

လက်နက်ကိုင် အစောင့်များက ပျာပျာသလဲ အလေးပြုကြပုံကို မြင်ရခြင်းအားဖြင့် တဲတွင်းမှ ထွက်လာသူ များတွင် ထိပ်သီးအရာရှိကြီးများ ပါလိမ့်မည်ဟု တွက်၍ရပေသည်။
ထိုအခိုက်မှာပင် ရဟတ်ယာဉ် စက်နှိုးသံကြားရပြီး ပန်ကာဒလက်များလည်ပတ်စပြုလာသည်။
ရဟတ်ယာဉ်၏ အိပ်ဇောပိုက်များမှ အဖြူရောင် မီးခိုးများ ထွက်လာပြီး အင်ဂျင်စက်ရှိန် တဖြည်းဖြည်း မြင့်လာ လေသည်။

ထိုအချိန်၌ ရွက်ထည်တဲတွင်းမှ ထွက်လာသူ အရာရှိနှစ်ဦးသည် ရဟတ်ယာဉ်ရှိရာသို့ လျှောက်သွားရာ ခရိတ်သည် လူတစ်ယောက်ကို ချက်ချင်း မှတ်မိလေသည်။
" ဟော့ ... ငါတို့တော့ ပြဿနာပေါ်ပြီနဲ့ တူတယ်။ အခု သွားနေတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ဟာ ဖွန်ဂါဘီရာ ပဲ။ သူတို့ ကြည့်ရတာ ဒီနေရာက ပြန်ထွက်သွားတော့မယ် ထင်တယ် " ပြောပြော ဆိုဆို ခရိတ်သည် ရှေ့သို့ တိုးသွားလေသည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ကျားသစ်ခေါင်းတံဆိပ်ပါသော သံပရာခွံဦးထုပ်ပျော့ဆောင်းထားပြီး ယူနီဖောင်း ဝတ်စုံ တင်ထားလေသည်။ ရင်ဘက်တွင်လည်း စစ်မှုထမ်းကောင်းတံဆိပ်၊ သူရဲကောင်းတံဆိပ်၊ သူရဿတ္တိ ဘွဲ့တံဆိပ် စသော တံဆိပ်တွေ တသီတတန်းကြီး တပ်ဆင်ထားသည်။ သူ၏ လက်မောင်းတွင်ကား သူကိုင် နေကျ လက်ကိုင်တုတ်တိုကို ချိုင်းကြားညှပ်ထားလေသည်။
လမ်းလျှောက်လာရင်း ဖွန်ဂါဘီရာသည် သူ၏ဘေးရှိ အရပ်မြင့်မြင့် မျက်နှာဖြူ လူမျိုးတစ်ဦးနှင့် စကား လက်ဆုံ ကျနေပုံရသည်။ ထိုမျက်နှာဖြူ အမျိုးသားမှာ ခရိတ် ယခင်က လုံးဝ မမြင်ဖူးသော မျက်နှာစိမ်းတစ် ဦးဖြစ် လေသည်။

အရပ်မြင့်မြင့်နှင့် မျက်နှာဖြူလူမျိုးသည် ဆာဖာရီဂျက်ကက်ခေါ် အာဖရိကတိုက်၌ နိုင်ငံခြားသားများတော လိုက်အမဲပစ်ရာတွင် ဝတ်လေ့ရှိသော ကာကီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဦးခေါင်း၌ ဆံပင်ကို ခေါင်းတုံး ဆံတောက် ညှပ်ထားပြီး မျက်နှာထားက လူတစ်ဖက်သား အလိုလို မုန်းချင်စရာကောင်းသည့် အဂ်ါ ရုပ်မျိုးဖြစ်နေသည်။ သူသည် ယခုခေတ်ပေါ် လက်ဆွဲအိတ်တစ်ခု ကိုင်ထားပြီး ယင်းလက်ဆွဲအိတ်ကို သံကြိုး နှင့် သူ၏ လက်ကောက်ဝတ် တစ်ဖက်တွင် သော့ခတ် ချိတ်ဆွဲထားလေသည်။

သူသည် ဗိုလ်ချုပ် ဖွန်ဂါဘီရာ ပြောနေသည့် စကားကို အာရုံစိုက်နားထောင်ရင်း ရဟတ်ယာဉ်ဆီသို့ လျှောက်သွား လျက်ရှိသည်။
ရွက်ထည်တဲမှထွက်၍ ရဟတ်ယာဉ်သို့အသွား လမ်းတစ်ဖက်သို့ အရောက်တွင် သူတို့နှစ်ဦးသည် ရုတ်တရက် ရပ်လိုက်ပြီး တစ်စုံတစ်ခုကို အပြန်အလှန် ငြင်းခုံနေကြဟန်ဖြင့် စကားများနေသည်ကို ခရိတ်က မြင်ရ လေသည်။

မျက်နှာဖြူလူမျိုးသည် လက်တစ်ဖက်မြှောက်၍ ဟန်အမူအရာလုပ်ကာ သူဆိုလိုသည့် အချက်ကို အကျောက် အကန် ပြောဆိုနေပုံရလေသည်။
ခရိတ်တို့ ပုန်းနေသော နေရာနှင့် အတော်ပင် နီးကပ်နေပြီဖြစ်ရာ မျက်နှာဖြူ အမျိုးသား၏ မျက်နှာကို ထင်ရှားစွာ မြင်နေရလေသည်။ သူ၏ မျက်လုံးများက အထူးပင် အရောင်အသွေး ဖျော့တော့တော့ဖြစ်နေ သဖြင့် အသက်မရှိသော ကျောက်ရုပ်တုတစ်ခု၏ မျက်လုံးများနှင့်တူနေသည်ဟု ခရိတ်က ထင်မိလေသည်။

ထိုလူ၏ အသားအရေတွင် ထိခိုက်ဒဏ်ရာ ရခဲ့ဖူးသော အမာရွတ်ဟောင်းများလည်း ရှိနေသည်။
ဖွန်ဂါဘီရာ နှင့် ယှဉ်ကြည့်သော် မျက်နှာဖြူ အမျိုးသား ပိုပြီး သြဇာလွှမ်းမိုးနေသည့်ပုံမျိုး ဖြစ်နေပေသည်။ သူသည် ဗိုလ်ချုပ် ဖွန်ဂါဘီရာအား အထင်သေးပုံလည်းရသည်။
ဗိုလ်ချုပ် ဖါန်ဂါဘီရာ၏ မျက်နှာထား အမူအရာမှာမူ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝ မရှိသူတစ်ယောက် ၏ အသွင်မျိုး ဖြစ်နေပေသည်။ မျက်နှာဖြူ အမျိုးသားနှင့် စကားပြောရာတွင်လည်း အပေါ်စီးဖြင့် ပြောပုံမျိုး မဟုတ် ဘဲ တိုးလျှိုးတောင်းပန်သည့် ဟန်မျိုး ဖြစ်နေလေသည်။ ဤသည်မှာ အတော် ထူးဆန်းနေတော့ သည်။

ခရိတ်အနေဖြင့် ဖါန်ဂါဘီရာအား ယခုလို ဟန်အမူအရာမျိုးနှင့် ယခင်က တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးမိချေ။
မျက်နှာဖြူ လူကြီးသည် ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏ စကားကို လုံးဝ လက်မခံသည့် ဟန်မျိုးဖြင့် လက်ကို ကာပြ လိုက်ပြီး မျက်နှာကိုပါ တစ်ဖက်သို့ လွှဲနေလိုက်သည်။
သည်တော့မှ ဖါန်ဂါဘီရာလည်း လက်လျှော့ဟန်ဖြင့် သက်ပြင်း ချလိုက်ပြီး ရဟတ်ယာဉ်ရှိရာသို့ ဆက်လျှောက်သွားလေသည်။
ထိုအခိုက် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲသည့်အသံသည် ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။
ဖွန်ဂါ ဘီရာ နှင့် သူ၏အဖော် မျက်နှာပြူလူကြီးတို့သည် ပေါက်ကွဲသံကြားရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် လက်ပစ်ဗုံးကွဲနေရာဘက်မှ အေကေ ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်ပစ်သံ အဆက် မပြတ် ထွက်ပေါ်လာပြန်သည်။
ရွက်ထည်တဲဘက်ဆီမှ ရှိုနာဘာသာဖြင့် အမိန့်ပေးသံများလည်း ကြားရလေသည်။ လက်နက်ကိုင် စစ်သား များသည် ပစ်ခတ်သံများ ထွက်ပေါ်ရာ တောင်ကြားဒေသအပေါ် နားဘက်ဆီသို့ လျင်မြန်စွာ ပြေး သွားကြကုန် သည်ကိုလည်း မြင်ရလေသည်။

နောက်ထပ် မောင်းပြန် သေနတ်ဆွဲသံ ထွက်ပေါ်လာပြန်ရာ လူအားလုံး၏ အာရုံသည် သေနတ်သံ ထွက်ပေါ်ရာ ဘက်သို့သာ ရောက်နေကြတော့သည်။
ခရိတ် လည်း အချိန်ကျပြီဟု ဆုံးဖြတ်လိုက်သည်။

" ကဲ ... လာကြဟော့၊ ဆယ်လီကတော့ မင်းဘာလုပ်ရမယ်ဆိုတာ သိပြီးသားပဲ မဟုတ်လား "
ဤတွင် သူတို့သုံးဦးသည် မြေကွက်လပ်အလယ်ဆီသို့ ထွက်လာကြလေသည်။
" သိပ်လည်း ရှေ့လောမကြီးနဲ့ကွ "
ခရိတ်က သတိပေးလိုက်သဖြင့် သူတို့သုံးဦးသည် လူစုမခွဲဘဲ အတူတူစု၍ နေကာလျင်မြန် သွက်လက်စွာ ဆက်သွားကြလေသည်။ သူတို့သည် ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့် သူ၏ အဖော်မျက်နှာဖြူ လူကြီးရှိရာသို့ ဦးတည် သွားကြခြင်းဖြစ်လေသည်။

ခရိတ်သည် လက်ပစ်ဗုံးမှ "ပင်" ခေါ် စနက်တံကို သွားဖြင့် ကိုက်ဖြုတ်ပြီး လက်ဝဲဘက်ဖြင့်
ကိုင်ထားလိုက် သည်။ လက်ယာဘက်တွင်ကား အူဇီစက်သေနတ်ကို အသင့် မောင်းတင်း၍
ကိုင်ထားသည်။
သူတို့သည် ခြေလှမ်းငါးလှမ်းမျှကွာသောနေရာသို့ ရောက်တော့မှ ဖွန်ဂါဘီရာသည်
ခရိတ်တို့ဘက်သို့လှည့် ကြည့်လိုက် မိလေသည်။ ခရိတ်၏ မျက်နှာတွင် ရှဲ့များ
သုတ်လိမ်းထားသော်လည်း ဖွန်ဂါဘီရာက ချက်ချင်း မှတ်မိပြီး အကြီးအကျယ်
အံ့အားသင့်သွားလေသည်။

ယင်းသို့ အံ့အားသင့်နေချိန်မှာပင် ခရိတ်က အူဇီသေနတ်ဖြင့် ဖွန်ဂါဘီရာ၏ ရင်ဘတ်တည့်တည့်သို့
ချိန် ထားလိုက်သည်။
" ဒီနေရာကဆိုရင် ကျုပ်ပစ်လိုက်တာနဲ့ ခင်ဗျားတစ်ကိုယ်လုံး မှုန့်မှုန့် ညက်ညက် ကြေသွားမယ်။
ဟာဒီ လက်ပစ်ဗုံးကလည်း "ပင်" အသင့်ဖြုတ်ထားပြီးသားဖြစ်တယ်။ ကျုပ်က လက်ပစ်ဗုံးကို
လွှတ်ချလိုက်တာနဲ့ ခင်ဗျားရော ကျုပ်တို့ရော အားလုံး ကိစ္စတုံးသွားမှ သေချာတယ် "
ထိုအချိန်၌ ရဟတ်ယာဉ်၏ စက်သံ ဆူညံနေသဖြင့် ခရိတ်က အော်ပြောရလေသည်။

" ကိုင်း ... ခင်ဗျားတို့ နှစ်ယောက်စလုံး ရဟတ်ယာဉ်ရှိရာကို ကျွန်ုပ်နောက် ဆက်လျှောက်သွားပါ။
မြန်မြန် လည်း မလျှောက်နဲ့၊အော်လည်း မအော်ပါနဲ့ "
ခရိတ်က အမိန့်ပေးလိုက်ပြီး သူကိုယ်တိုင် ဖွန်ဂါဘီရာတို့နောက်မှာ သုံးလှမ်းခွာလျက်
သွားလေသည်။
ရဟတ်ယာဉ်သို့ ရောက်သွားသောအခါ လေယာဉ်မှူး (ပိုင်းလော့)သည် လက်နှစ်ဖက်စလုံး အပေါ်သို့
မြှောက်လျက် မတ်တတ်ထလိုက်သည် သူ၏ နောက်နားတွင်ကား ဆာရာက ပစ္စတိုလ်သေနတ်
ချိန်လျက် ရပ်နေလေသည်။

" ဟော့ကောင် မင်း ချက်ချင်း အောက်ဆင်းလိုက်စမ်း "
ခရိတ်က အမိန့်ပေးလိုက်သဖြင့် ပိုင်းလော့သည် လျင်မြန်စွာ ခုန်ဆင်းလိုက်လေသည်။

အခန်း (၄၅)

" အားလုံးကို ပြောလိုက်စမ်း ဗိုလ်ချုပ် ဖွန်ဂါဘီရာကို ငါတို့က မားစာခံအဖြစ် ဖမ်းထားလိုက်ပြီလို့။ ငါတို့ကို တိုက်ခိုက်မယ်ကြံရင် ဗိုလ်ချုပ်ရဲ့ အသက်အန္တရာယ်ထိခိုက်လိမ့်မယ်ဆိုတာလည်း ပြောလိုက်။ ငါပြောတာ နားလည်ရဲ့လား "
ခရိတ် က ခက်ထန်စွာ ပြောလိုက်ရာ လေယာဉ်မှူးလည်း ထိတ်လန့်တုန်လှုပ်စွာနှင့်ပင် ခေါင်းညိတ်ပြလေသည်။
" ဟုတ်ကဲ့ နားလည်ပါတယ်

" ဟုတ်ပြီ၊ အခု မင်းက ဟိုရွက်ထည်တဲဆီကို ပြန်လျှောက်သွား၊ ဖြည်းဖြည်းပဲလျှောက်၊ ပြေးလည်း မပြေးနဲ့၊ အော်လည်း မအော်နဲ့ "
ခရိတ်က ထပ်မံအမိန့်ပေးလိုက်သည်တွင် လေယာဉ်မှူးသည် စိတ်ပေါ့ပါးသွားဟန်ဖြင့် လျှောက်ထွက်သွား လေသည်။ ပထမတွင် ခပ်ဖြည်းဖြည်းမှန်မှန် သွားဟန်ဖြင့် လျှောက်ထွက်သွားသော်လည်း အနည်းငယ် လှမ်းသွားသော အခါ ခပ်သွက်သွက် ပြေးသွားလေသည်။

" ကဲ ... ရဟတ်ယာဉ်ပေါ်ကို တက်လိုက်ကြပါ "
ခရိတ်က အူဇီစက်သေနတ်ဖြင့် ချိန်၍ အမိန့်ပေးလိုက်သည်။ သို့သော် ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် မလှုပ်ရှား ဘဲ ခရိတ်ကိုသာ စိုက်ကြည့်နေလေသည်။
" ဟော့လူ ခင်ဗျား လှုပ်ရှားမယ် မကြံနဲ့ "
ခရိတ်က ပြောရင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ သူသည် ဖါန်ဂါဘီရာအား အကဲခတ်ကြည့်၍ ထိုလူ၏ စိတ်ထဲ မည်သို့ အကြံရှိမည်ကို ရိပ်မိ၍ ဤသို့ ပြောလိုက်ခြင်းဖြစ်သည်။ အကျဉ်းအကျပ် တွေ့နေသူတစ်ယောက်သည် မျှော်လင့်ချက် မရှိတော့ဟု သိပြီဆိုလျှင် မိုက်ရူးရဲ လှုပ်ရှား တိုက်ခိုက် တတ်ကြောင်း ခရိတ်က သိပြီးဖြစ်၍ အလစ်မပေးသည့် သဘော နောက်ပြန် ဆုတ်လိုက်ခြင်း ဖြစ်သည်။

" ဟော့လူ ရဟတ်ယာဉ်ပေါ် တက်လေ၊ လှေကားကနေပြီး တက်လိုက်ပါ "

ခရိတ်က ပြောလိုက်စဉ်မှာပင် ဗိုလ်ချုပ်ဖွန်ဂါဘီရာသည် တကယ်ပင် မိုက်ရူးရဲစွန့်စားလျက် ခရိတ်အား အတင်းဝင်လုံးရန် ပြေးဝင်လာလေသည်။
သူသည် အူဇီစက်သေနတ်ပြောင်းဝ တည့်တည့်သို့ ပြေးဝင်လိုက်ခြင်းပင် ဖြစ်သည်။ သို့သော် ခရိတ်ကလည်း ယင်းအကွက် ကို ကြိုတင်မြင်သဖြင့် အသင့်ပြင်ထားပြီးဖြစ်နေသည်။
သူသည် လုံးဝမပစ်ခတ်ဘဲ အူဇီသေနတ်ဒင်ဖြင့် ဖွန်ဂါဘီရာ၏ နားထင်ဆီသို့ တအား လွှဲရိုက်ချလိုက်သည်။

ဖွန်ဂါဘီရာလည်း ဒူးထောက်လဲကျသွားလေသည်။
ခရိတ်သည် လျင်မြန်ဖျတ်လတ်စွာ အူဇီသေနတ်ကို မျက်နှာဖြူ အမျိုးသားဘက်သို့ လှည့်ချိန်ထားလိုက်ပြန် သည်။ ခုခံတိုက်ခိုက်ပါက ပစ်ရန် အဆင်သင့်ပြင်ထားလိုက်သည်။
" ခင်ဗျားက ဗိုလ်ချုပ်ကို ရဟတ်ယာဉ်ပေါ် တက်နိုင်အောင် ကူညီလိုက်ပါ "
ခရိတ်က လေသံတင်းတင်းဖြင့် အမိန့်ပေးလိုက်ရာ မျက်နှာဖြူ လူကြီးသည် အည့်မခံလိုသော်လည်း အူဇီစက်သေနတ်ကိုတော့ ကြောက်သဖြင့် မတတ်သာဘဲ ဖွန်ဂါဘီရာအား တွဲထူ၍ မတ်တတ်ထစေလိုက် သည်။

ဖါန်ဂါဘီရာသည် သေနတ်ဒင်ဖြင့် တအား အရိုက်ခံရသော ဒဏ်ကြောင့် သတိမေ့သော်လည်း မူးဝေ ထိုင်းမှိုင်း နေဟန် တူလေသည်။
" အခုမှတော့ မထူးတော့ပါဘူး၊ ကိစ္စတုံးနေမှပဲ "
ဖွန်ဂါဘီရာက စိတ်ပျက်အားလျော့ဟန်ဖြင့် ခပ်တိုးတိုးပြောရာ မျက်နှာဖြူကြီးက မကျေမနပ်ဖြစ်လျက် -
" ခင်ဗျား တိတ်တိတ်နေစမ်းပါ " ဟု ငေါက်လိုက်သည်။

" ဟေ့ ... လူကြီး၊ ဗိုလ်ချုပ်ကို ရဟတ်ယာဉ်ပေါ် မြန်မြန် တင်ပေးလိုက် "
ခရိတ်က စက်သေနတ်ပြောင်းဖြင့် ထောက်၍ အမိန့်ပေးလိုက်သောအခါ မျက်နှာဖြူ လူကြီးသည် ဖွန်ဂါဘီရာ အားတွဲလျက် ရဟတ်ယာဉ်လှေကားပေါ်သို့ စတက်လေသည်။
" ဟေ့ ... ဆာရာ မင်းက သူတို့နှစ်ယောက်စလုံးကို သေနတ်နဲ့ ဆက်ချိန်ထားပါ "
ခရိတ် က ရဟတ်ယာဉ်ပေါ်မှ ဆာရာအား လှမ်းအော်ပြောလိုက်ပြီးနောက် ရဟတ်ယာဉ်

ပိုင်းလော့အား လှမ်းကြည့် လိုက်ရာ ထိုလူသည် ကွက်လပ်၏ အစပ်နားဆီသို့
ရောက်လုပြီဖြစ်ကြောင်း တွေ့ရလေသည်။

" ဟော့လူတွေ မြန်မြန်တက်ကြ "
ခရိတ်က ငေါက်၍ ပြောလိုက်သဖြင့် မျက်နှာဖြူလူကြီးသည် ဖွန်ဂါဘီရာအား ရဟတ်ယာဉ်ပေါ်သို့
တွန်းတင် ပေးလိုက်သည်။
ထိုအချိန် ၌ မျက်နှာဖြူ လူကြီး၏ လက်တွင် သံကြိုးဖြင့် သော့ခတ်ထားသော လက်ဆွဲအိတ်မှာ
တွဲလောင်း ကျန ခဲ့လေသည်။

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၅) အဆက်

ခရိတ်သည် လျင်မြန်စွာ ရဟတ်ယာဉ်ပေါ်သို့ တက်လိုက်ပြီးနောက် ခုံတန်းလျားထိုင်ခုံတွင် ထိုင်ခိုင်း
လိုက်သည်။ ထို့နောက် ဆာရာအား လှမ်း၍ -
" ကဲ ... ပင်ဒူလာ (ဆယ်လီ)ကို မောင်းထွက်တော့လို့ ပြောလိုက် " ဟု အမိန့်ပေးလိုက်သည်။

ဆယ်လီလည်း ချက်ချင်းပင် မောင်းထွက်လေရာ ရဟတ်ယာဉ်သည် မြေပြင်မှ ကြွတက်ပြီး
လျင်မြန်စွာ ကောင်းကင် သို့ ပျံတက်စ ပြုလေသည်။
ခရိတ် သည် ရဟတ်ယာဉ် ပြတင်းပေါက်မှနေ၍ လက်ပစ်ဗုံးကို ပစ်ချလိုက်သည်။ လက်ပစ်ဗုံး
ပေါက်ကွဲခြင်း အားဖြင့် မြေပြင်ရှိ ရန်သူများ ရှုပ်ယှက်ခတ်ပြီး မိမိတို့အား တိုက်ခိုက်ခြင်းကို
နှောင့်နှေးဟန် တားစေလိမ့်မည် ဟု မျှော်လင့်လျက်ပစ်ချလိုက်ခြင်းဖြစ်လေသည်။

ခရိတ်သည် ဖွန်ဂါဘီရာ၏ နောက်တည့်တည့်တွင် ရပ်ကာ အူဇီစက်သေနတ်ငယ်ဖြင့် လည်ပင်းကို
ထောက် ထားလိုက်ပြီး ကျန်လက်ဆစ်ဖက်ဖြင့် ဖွန်ဂါဘီရာ၏ ခါးမှ ပစ္စတိုလ်သေနတ်ကို
ဆွဲယူလိုက်သည်။
ထို့နောက် ပစ္စတိုလ်သေနတ်ကို သူ၏ အင်္ကျီအိတ်အတွင်းသို့ ထည့်လိုက်ပြီး နောက်သို့
ပြန်ဆုတ်လိုက်သည်။ တစ်ဖန် ဆာရာဘက်သို့ လှည့်၍ -
" ဒီလူတွေကို မင်းသေနတ်နဲ့ ဆက်ချိန်ထားစမ်း" ဟု အမိန့်ပေးလိုက်ပြီး ရဟတ်ယာဉ်၏ လက်ဝဲဘက်

ပြတင်း မှ နေ၍ အပြင်ဘက်သို့ လှမ်းကြည့်လေသည်။
ချက်ချင်း လိုပင် တွန်ဂါတာအား လှမ်းမြင်ရလေသည်။ သူသည် သစ်ပင်များကြားမှ ထွက်၍ ရဟတ်ယာဉ် ဆီသို့ လက်နှစ်ဖက် ဝှေ့ယမ်းပြနေလေသည်။

" အဲဒီမှာပဲ စောင့်နေပါ။ ကျွန်မက ခပ်နိမ့်နိမ့် ပျံဆင်းပြီး ခေါ်တင်ပါ့မယ် " ဆယ်လီက ရဟတ်ယာဉ်ပေါ်မှ အသံချဲ့စက်ဖြင့် အော်ပြောလိုက်သည်။
မကြာမီ ရဟတ်ယာဉ်သည် တွန်ဂါတာ ရပ်စောင့်နေရာအနီးသို့ ခပ်နိမ့်နိမ့်ပျံဆင်းသွားလေသည်။
ဆယ်လီက ကျွမ်းကျင်စွာ မောင်းနှင်လျက် ရဟတ်ယာဉ်ကို တွန်ဂါတာ၏ အပေါ်တည့်တည့်တွင် ရပ်နေ အောင် ထိန်းမောင်းလိုက်သည်။

ထိုအခါ ရဟတ်ယာဉ်၏ ပန်ကာဒလက်များ လည်ပတ်သည့် လေအရှိန်အကြောင့် ပတ်ဝန်းကျင်ရှိ မြက်ပင်ရှည် ကြီး များသည် မြေပြင်တွင် ပြားဝပ်နေလေသည်။
တွန်ဂါတာသည် အဓေက ၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်ကို ပစ်ချလိုက်ပြီး ခရိတ်အား မော့ကြည့်လေသည်။ ထိုအချိန်၌ ရဟတ်ယာဉ်သည် မြေကြီးနှင့် ထိလုနီးပါးအလွန် နိမ့်နေပြီဖြစ်ရာ ခရိတ်က ပြတင်းပေါက်မှ သူ၏ လက်တစ်ဖက်ထုတ်၍ တွန်ဂါတာအား ဆွဲတင်ရန် ပြင်ဆင်လိုက်သည်။

တွန်ဂါတာလည်း လျင်မြန်ဖျတ်လတ်စွာ လှမ်းခုန်ကာ ခရိတ်၏ လက်မောင်းကို ဖမ်းချိတ်ပြီး တွယ်တက် လိုက်သည်။ ခရိတ်ကလည်း တွန်ဂါတာအား ရဟတ်ယာဉ်ပေးသို့ ရောက်အောင် ဆွဲတင်လိုက်လေသည်။
" အိုကေ အမြန်သာ မောင်းပေတော့ဟော့ "
ခရိတ်က လှမ်းအော်ပြောလိုက်သည်နှင့် ရဟတ်ယာဉ်သည် လျင်မြန်စွာ ကောင်းကင်အမြင့်သို့ ပျံတက် သွားလေ တော့သည်။

ပေတစ်ထောင်ကျော်ခန့်သို့ရောက်အောင် ပျံတက်ပြီးနောက် ဆယ်လီသည် ရဟတ်ယာဉ်ကို အနောက်ဘက် စူးစူးသို့ ဦးတည်ပျံသန်းသွားလေသည်။
တွန်ဂါတာ သည် အကျဉ်းသားနှစ်ဦးအား လှည့်ကြည့်ရင်း ဗိုလ်ချုပ် ဖွန်ဂါဘီရာအား ခက်ထန်သော

အမူအရာ ဖြင့် ကြည့်လိုက်သည်။
သိုပသော် ဖွန်ဂါဘီရာမှာ ဦးခေါင်းမှ ဒဏ်ရာကြောင့် မူးမိုက်နေသေးသည့်ပြင် သူတို့အနေဖြင့်
အရေးနိမ့်ရ သည် ကို စိတ်ပျက်ဟန်ဖြင့် ငုံ့နေလေသည်။
" သူတို့ကို ဘယ်မှာ သွားတွေ့တာလဲဗျ "

တွန်ဂါတာက ခရိတ်အား လှမ်းမေးလိုက်သည်။
" သူတို့တွေဟာ ကျုပ်က သူငယ်ချင်းအတွက် လက်ဆောင်ပေးတာပါပဲ။ ရော့ ... ဒါယူထား "
ခရိတ်က အူဇီသေနတ်ကို လှမ်းပေးရင်း -
" သေနတ်က ကျည်ဆန်အသင့်ထိုးထားပြီး မောင်းတင်ထားတယ်။ သူငယ်ချင်းကပဲ တာဝန်ယူပြီး
ဒီသတ္တဝါ နှစ်ဦးကို ကြည့်ထားလိုက်စမ်းပါ " ဟု ဆက်ပြောလိုက်သည်။
" ဟဲ ... ဟဲ ... ကျုပ်က ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြည့်ထားလိုက်ပါ့မယ်။ စိတ်ချပါ "

တွန်ဂါတာက ရယ်သွမ်းသွေးကာ ပြောရင်း အူဇီသေနတ်ကို အကျသ်းသားနှစ်ဦးဘက်သို့
လှည့်ချိန်ထား လိုက်သည်။
" ကျုပ်က ဆယ်လီ မောင်းနေတာ ဘယ်လိုလဲလို့ သွားကြည့်လိုက်ဦးမယ် "
ပြောပြောဆိုဆို ခရိတ်သည် ရဟတ်ယာဉ် ဦးဘက်သို့ သွားရန် ဟန်ပြင်လိုက်ပြီးမှ ရပ်လိုက်ပြန်သည်။
မျက်နှာဖြူ လူမျိုး၏ မျက်နှာကို အကဲခတ်ကြည့်လိုက်ရာတွင် ထိုလူ၏ ဟန်ကို မြင်ပြီး
သင်္ကာမကင်းဖြစ်မိ သောကြောင့် ပင် ဖြစ်သည်။ ထိုလူသည် တစ်စုံတစ်ခု ကြံစည်တော့မည်ဟု
ထင်မိသည်။

ထိုအခိုက်မှာပင် မျက်နှာဖြူလူကြီးသည် သူ၏လက်တွင် ကြိုးချည်သော့ခတ်ထားသော
လက်ဆွဲသေတ္တာ ငယ်ကို ဖြုတ်၍ ရဟတ်ယာဉ်၏ ပြတင်းပေါက်သို့ လှမ်းပစ်လိုက်သည်။ အောက်သို့
ပစ်ချလိုက်ခြင်းပင် ဖြစ် သည်။
သို့ရာတွင် ခရိတ်က သတိထားနေသဖြင့် အထူးလျင်မြန်သွက်လက်စွာဖြင့် ပြတင်းပေါက်ကို လက်ဖြင့်
ကာ ထားလိုက်ရာ လက်ဆွဲသေတ္တာငယ်သည် ပြတင်းပေါက်မျ ထွက်ကျမသွားဘဲ ရဟတ်ယာဉ်၏
ကြမ်းပြင်ပေါ် သို့ ကျသွား လေသည်။

ခရိတ်လည်း လက်ဆွဲသေတ္တာကို ချက်ချင်း ကောက်ယူလိုက်သည်။
" ဒီပစ္စည်းက ကျုပ်တို့အဖို့ အလွန်စိတ်ဝင်စားဖို့ ကောင်းလိမ့်မယ် ထင်တယ် "
ပြောရင်း ခရိတ်သည် မတ်တတ်ထလိုက်ပြီး -
" သူငယ်ချင်း တွန်ဂါတာ၊ ဒီမျက်နှာဖြူ သတ္တဝါကို အထူးသတိထားကြည့်နေပါ။ ဒီလူက အလွန်ဉာဏ်များ တယ်" ဟု သတိပေးလိုက်သည်။

ထို့နောက် ခရိတ်သည် လက်ဆွဲသေတ္တာ၏ (လက်ကိုင်အိတ်)ကို ပိုက်၍ လေယာဉ်မှူးထိုင်ခုံရှိရာဘက်သို့ သွားပြီး တွဲဖက်လေယာဉ်မှူး ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။
" ဟော့ ... ဆယ်လီ မင်းက ဘယ်ဆိုးလို့လဲကွ၊ ဒီရဟတ်ယာဉ်ကို ချောချောမောမော ပျံသန်းနိုင်သားပဲ "
ခရိတ် က ရယ်မော၍ ပြောလိုက်ရာ ဆယ်လီကလည်း ပြန်၍ ပြုံးပြလေသည်။

" ကျွန်မ အခု လင့်ရိုဗာကား ထားပစ်ခဲ့တဲ့နေရာကို ဦးတည်ပြီး မောင်းနေတယ်ရှင့် "
" ကောင်းသားပဲ၊ ဒါထက် ဓာတ်ဆီအခြေအနေကကော "
" တိုင်ကီတစ်လုံးက အပြည့်ရှိတယ်။ နောက်တစ်လုံးကလည်း တစ်ဝက်ကျော်ကျော် ရှိတဲ့အတွက် ဓာတ်ဆီ လုံလောက်ပါတယ် "
ခရိတ်သည် မျက်နှာဖြူလူကြီးထံမှ ရယူခဲ့သော လက်ကိုင်သေတ္တာငယ်ကို လေ့လာကြည့်ရာ လျှို့ဝှက် သင်္ကေတ ဖြင့် ဖွင့်ရမည့် သော့များ ခတ်ထားသည်ကို မြင်ရလေသည်။
" နယ်ခြားရောက်ဖို့ ဘယ်လောက် လိုသေးလဲကွ "
ခရိတ်က ဆယ်လီအား မေးလိုက်ပြန်သည်။

" ကျွန်မတို့ အခုပျံသန်းနေတဲ့နှုန်းက တစ်နာရီ မိုင်တစ်ရာ့ခုနစ်ဆယ်လောက် ရှိတယ်ဆိုတော့ နယ်စပ်ရောက်ဖို့ နောက်ထပ် နှစ်နာရီတောင် မကြာတော့ပါဘူး "
" ဟော့ ... ဟုတ်လား၊ ဒါဖြင့် ဘယ်ဆိုးလို့တုံး "

ခရိတ်က ရယ်မောကာ ပြောလိုက်ပြီးနောက် လက်ကိုင်သေတ္တာငယ်မှ သော့များကို မောင်းချမားဖြင့် ဖျက်ဆီး ပစ်လိုက် လေသည်။ မကြာမီ သေတ္တာငယ်၏ အဖုံးပွင့်လာလေသည်။

လက်ဆွဲသေတ္တာ၏ အပေါ်ဆုံးတွင် ရှပ်အင်္ကျီအသစ်နှစ်ထည်၊ ခြေအိတ်တစ်စုံရှိသည်။ ဇော့ဒ်ကာ အရက် တစ်ပုလင်း အေရိုဖလုတ်ခေါ် ရုရှားလေကြောင်းကုမ္ပဏီ လေယာဉ်စီးရန် လက်မှတ်များအပြင်။ ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်) လေးခုတိတိ တွေ့ရလေသည်။ ပတ်စ်ပို့များက ဖင်လန်၊ ဆွီဒင်၊ အရှေ့ ဂျာမနီ နှင့် ရုရှားနိုင်ငံမှ နိုင်ငံကူးလက်မှတ်များ ဖြစ်နေသည်။
ခရိတ် သည် ဇော့ဒ်ကာအရက်ပုလင်းကို ဖွင့်၍ အနည်းငယ်မျှ မော့သောက်လိုက်ရင်း -

" တော်တော်ပြင်းတဲ့ အရက်ပဲကွဲ" ဟု ပြောလိုက်ပြီးနောက် လက်ကိုင်သေတ္တာငယ်အတွင်းသို့ ဆက်လက် ရှာဖွေကြည့်လေသည်။
အတွင်း၌တွေ့ရသော ဖိုင်တွဲအချို့မှာ အစိမ်းရောင်ဖြစ်ပြီး တူနှင့် တံစဉ်တံဆိပ်အမှတ်အသား ရိုက်နှိပ်ထား လေရာ ခရိတ်သည် အံ့သြသွားမိသည်။
" ဟ ... ဒီလူကြီးက ရုရှလူမျိုးပါကလား၊ ကွန်မြူနစ်ကြီးတစ်ယောက်ပဲ"

ဤသို့ ပါးစပ်မှ ရေရွတ်ရင်း အပေါ်ဆုံးမှ ဖိုင်တွဲကို အမှတ်တမဲ့ ဖွင့်ကြည့်လိုက်ရာ ခရိတ်သည် ချက်ချင်းပင် စိတ်ဝင်စားလာမိလေသည်။
ဖိုင်တွင်း ၌ အင်္ဂလိပ်ဘာသာဖြင့် လက်နှိပ်စက်ရိုက်ထားသော စာရွက်များကို ခရိတ်သည် ဖတ်ကြည့်ရင်း အထူး စိတ်ဝင်စားမိ သဖြင့် ဆယ်လီက -
" ဘာတွေ ပါလို့လဲရှင့်" ဟု မေးသည်ကိုပင် ပြန်မဖြေဘဲ ဆက်လက် ဖတ်ကြည့်နေလေသည်။

သူသည် ဖိုင်တွဲကို အစမှအဆုံး ဖတ်ကြည့်သည့်ပြင် နောက်ထပ် ဖိုင်နှစ်ခုကိုလည်း ဖွင့်၍ ဖတ်ကြည့်ပြန်ရာ အချိန် မိနစ်နှစ်ဆယ်ခန့် ကြာသွားလေသည်။
" ငါဖြင့် ယုံကြည်ဖို့တောင် ခဲယဉ်းတယ်။ သူတို့က ဖွန်ဂါဘီရာ နားလည်အောင်ဆိုပြီး အင်္ဂလိပ်လိုတိတိကျကျ လက်နှိပ်စက် ရိုက်ထားတယ်ကွဲ့။ ဒီကိစ္စကိုလည်း ဖုံးကွယ်လျှိုကပ်ထားဖို့တောင် စိတ်ကူးပုံမရဘူး။ လူနာမည် တွေကို တောင် နာမည်ပျက် မသုံးဘဲ အမည်ရင်းတွေ သုံးထားတယ် "

ခရိတ်က မှတ်ချက်ချလိုက်ရာ ဆယ်လီက -
" ဘာကို ပြောနေတာလဲရှင့်" ဟု လှမ်းမေးလိုက်သည်။

" ငါတော့ ဘယ်လိုပြန်ဖြေရမှန်းတောင် မသိတော့ဘူး။ ဒီဖိုင်ကို တွန်ဂါတာကိုယ်တိုင်
ဖတ်ကြည့်မှဖြစ်မယ် "

ခရိတ်က ပြောရင်း အရက်ပုလင်းကို ပြန်ယူ၍ နောက်ထပ် အနည်းငယ် မော့သောက်ပြန်သည်။
ထို့နောက် သူသည် တွန်ဂါတာရှိရာ ရဟတ်ယာဉ်၏ နောက်ဘက်သို့ လျှောက်သွားလေသည်။
တွန်ဂါတာနှင့်ဆာရာတို့သည် ဓားစာခံနှစ်ဦး၏ ရှေ့တည့်တည့်တွင် ထိုင်နေကြလေသည်။
တွန်ဂါတာက ထိုလူနှစ်ဦးအား ရဟတ်ယာဉ်၏ ထိုင်ခုံခါးပတ်များဖြင့် ခိုင်မြဲစွာ
တုပ်နှောင်ထားလိုက်ပြီးဖြစ်သည်။
ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် အနည်းငယ် သက်သာလာပုံရပြီး တွန်ဂါတာအား စားတော့ ဝါးတော့မလို
စိုက် ကြည့်နေသည်။

ခရိတ်သည် မျက်နှာဖြူလူမျိုး၏ လက်ဆွဲသေတ္တာငယ်ကို တွန်ဂါတာ၏ ပေါင်ပေါ်သို့ တင်ပေးလိုက်ပြီး
-
" သူငယ်ချင်း ကျုပ်ကို အူဇီသေနတ်ပေးပါ၊ ပြီးတော့ အဲဒီထဲက ဖိုင်တွေကို ဖတ်ကြည့်ပါဦး"
ဟုပြောလိုက် သည်။
ထိုအချိန်၌ ခရိတ်အနေဖြင့် မျက်နှာဖြူလူကြီးသည် မည်သူမည်ဝါ ဖြစ်ကြောင်း သိရှိနေပြီဖြစ်၍ -
" ဟဲလို ဗိုလ်မှူးကြီး ဘူခါရင်ခင်ဗျား၊ ဗိုလ်မှူးကြီးနဲ့ အခုလို တွေ့ဆုံသိကျွမ်းရတာ အထူးပဲ ဝမ်းသာပါ
တယ်။ ဟဲ ... ဟဲ ... " ဟု သရော်သလို ပြောလိုက်သည်။

ခရိတ်ကပင် အူဇီသေနတ်ကို ဘူခါရင်၏ ဝမ်းဗိုက်တည့်တည့်သို့ ချိန်လျက် -
" ဗိုလ်မှူးကြီးတော့ အခုနေအခါ မော်စကိုမြို့ရဲ့ ဆောင်းရာသီကို သတိရအောက်မေ့နေမှာပဲနော်" ဟု
ဆက်ပြော လိုက်ပြန်သည်။
" ကျုပ်က သာမန်လူတစ်ယောက် မဟုတ်ဘူး၊ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု နိုင်ငံတော်ရဲ့
သံတမန် အရာရှိကြီးတစ်ဦး ဖြစ်တယ်။ ကျုပ်က ... "
ဘူခါရင်က ခပ်တည်တည်နှင့် ပြောရာ သူ၏ စကားမဆုံးမီ ခရိတ်က ကြားဖြတ်လျက် -

" ဟုတ်ပါတယ် ဗိုလ်မှူးကြီးခင်ဗျား၊ ခင်ဗျားရဲ့ တရားဝင်နာမည်ကို ကျုပ်က နာမည်ကတ်ပြားကို

ဖတ်ကြည့်ပြီးပါပြီ။ ကျုပ်အကြောင်းလည်း တစ်လှည့် ပြောပါရစေဦး။ ကျုပ်က ထွက်ပြေးနေရတဲ့ တရားခံ တစ်ယောက် ဖြစ်နေတာမို့ ဘာမဆို မိုက်ရူးရဲလုပ်ဝံ့တဲ့သတ္တိရှိနေတယ်။ ခင်ဗျားပါးစပ်ကို ပိတ်မထားပဲ ဆက်စကားများနေရင် ခင်ဗျားကို အကြီးအကျယ် အနာတရ လုပ်ပစ်လိုက်ချင်တဲ့စိတ်လည်း ရှိနေတယ်ဗျ" ဟု ခပ်တည်တည် ပြောလိုက်သည်။
ခရိတ်သည် ဖွန်ဂါဘီရာဘက်သို့ လှည့်လိုက်ပြန်သည်။

" ဘယ့်နယ်လဲ ဗိုလ်ချုပ်၊ ခင်ဗျားက ကျုပ်ရဲ့ ကင်းလင်းမွေးမြူရေးခြံကြီးကို ကောင်းကောင်း စောင့်ရှောက် ထားတယ်လို့ မျှော်လင့်ပါတယ် "
ခရိတ် သည် သရော်သလို ပြောလိုက်သော်လည်း ဖွန်ဂါဘီရာသည် ဂရုမစိုက်ဘဲ မျက်နှာထား တင်းတင်းဖြင့် ပြန်ကြည့် လေသည်။
" မစ္စတာခရိတ်၊ ခင်ဗျားဟာ တစ်ကြိမ်တော့ လွတ်မြောက်သွားခဲ့တယ်။ အဲဒါ ကျုပ်မှားသွားလို့ဖြစ်တယ်။ ဒါပေမဲ့ ကျုပ်က အမှားတစ်ခုကို နောက်ထပ် နှစ်ခါ ထပ်မှားလေ့မရှိဘူး "
ဖွန်ဂါဘီရာက ခပ်တည်တည်နှင့် ပြောလိုက်ချိန်တွင် ခရိတ်သည် သူ၏ လက်ထဲသေနတ်ရှိနေလင့်ကစား ကျောချမ်းသွားမိလေသည်။ ဖွန်ဂါဘီရာကား ရက်စက်ကြမ်းကြုတ်ရာတွင် သူမတူအောင် ရက်စက် တတ်သူဖြစ်ကြောင်း သိနေ၍ တုန်လှုပ်သွားမိခြင်းပင်ဖြစ်သည်။ မိမိကို ကြည့်နေပုံကလည်း အလွန် စက်ဆုပ် မုန်းတီးပြီး ကြည့်နေကြောင်း ထင်ရှားနေပေသည်။

ခရိတ်သည် တွန်ဂါတာဘက်သို့ လှမ်းကြည့်လိုက်ရာ ရုရှဗိုလ်မှူးကြီး၏ ဖိုင်တွဲများကို လေ့လာ ဖတ်ရှုနေကြောင်း တွေ့ရလေသည်။ ဖတ်နေရင်း တွန်ဂါတာသည် အလွန်ဒေါသထွက်လာပုံ ရလေ သည်။
" သူငယ်ချင်း ပူဖိုး၊ ဒါတွေရဲ့ အဓိပ္ပာယ်ကို သူငယ်ချင်း နားလည်သလား "
တွန်ဂါတာ က လှမ်းမေးရာ ခရိတ်က ခေါင်းညိတ်လိုက်သည်။

" နားလည်ပါတယ်၊ ဒါဟာ ဇင်ဘာဘွေနိုင်ငံမှာ နိုင်ငံရေးအာဏာကို သိမ်းယူဖို့ စီမံချက် ရေးဆွဲထားတာပဲ။ အင်္ဂလိပ်လို ရေးထားတာကတော့ ဖွန်ဂါဘီရာ နားလည်အောင် ရေးထားတာ ဖြစ်လိမ့်မယ်"
" ဟုတ်တယ်ဗျို့၊ အာဏာသိမ်းတဲ့အခါ ကွပ်မျက်သုတ်သင်ပစ်ဖို့ လူစာရင်းတောင် ရေးထားပြီး

ဖြစ်နေတယ်။ သူတို့ အာဏာသိမ်းတဲ့အခါ ကြေညာဖို့ ကြေညာချက်တောင်
အသင့်ရေးထားပြီးဖြစ်နေတယ် "
" စာမျက်နှာ နှစ်ဆယ့်ငါးကိုလည်း ကြည့်လိုက်ပါဦး "
ခရိတ်က ပြောလိုက်သဖြင့် တွန်ဂါတာသည် ဖိုင်တွဲကို လှန်ကြည့်လိုက်သည်။

" အလို ကျုပ်အတွက်တောင် အစီအစဉ် ရေးဆွဲထားပြီး ဦးနှောက်ဂျာ လုံးဝ မရှိတော့တဲ့
လူတစ်ယောက် ဖြစ်လာအောင် လုပ်မယ် ဆိုပါကလား။ ဒါမှ ကျုပ်က သူတို့ဘက်သား တိုင်းရင်းသား
သစ္စာဖောက်ဖြစ်လာပြီး မာတာဘယ်လီ လူမျိုးတွေကို သူတို့ရဲ့ ထာဝရကျေးကျွန်ဖြစ်နေအောင်
ကျုပ်ကပဲ ခေါင်းဆောင် သိမ်းသွင်း ပေးဖို့ စီမံချက် ဖြစ်နေတာကိုး "
" ဟုတ်တယ် သူငယ်ချင်း၊ သူတို့ရဲ့ လှျို့ဝှက်စီမံချက်တစ်ခုလုံးက သူငယ်ချင်းအပေါ် အခြေပြုပြီး
ဖန်တီး ထားတာ ဖြစ်တယ်။ သူငယ်ချင်း အသက်သေသွားရင် သူတို့အကြံက
မအောင်မြင်နိုင်တော့ဘူးမဟုတ်လား။ ဒါကြောင့် သူက သူငယ်ချင်းကို စောစောက
အသေမသတ်တာပေါ့။ ကျုပ်တို့တွေ တောင်ပေါ်က လိုဏ်ဂူကြီး အတွင်း မှာ ရှိနေတုန်း သူတို့က
ဒိုင်းနမိုက်နဲ့ ဖောက်ခွဲပစ်လိုက်ချိန်မှာ သူငယ်ချင်းကို ရှာမတွေ့ တော့ သေသွားပြီလို့ ယူဆရတယ်
မဟုတ်လား။ အဲဒီအချိန်ကစပြီး ဖွန်ဂါဘီရာက သူတို့ အကြံ မအောင်နိုင် တော့ဘူး လို့
စိတ်ဓာတ်ကျသွားခဲ့တယ်။ အခုလည်း သူ့မျက်နှာကို ကြည့်ပါလား "

ခရိတ်က ရှင်းပြနေသော်လည်း တွန်ဂါတာသည် နားထောင်မနေတော့ဘဲ လက်ကိုင်သေတ္တာငယ်ကို
ခရိတ်အား ပြန်ပေးလိုက်ပြီး ဖွန်ဂါဘီရာအနီးသို့သွား၍ မျက်နှာချင်းဆိုင်လိုက်သည်။
ထိုအချိန်၌ တွန်ဂါတာသည် အလွန် ဒေါသထွက်နေသည့် ဟန်မျိုးဖြစ်နေပေသည်။

" ခင်ဗျားက ဘယ်လိုလူလဲ၊ ဒီတိုင်းပြည်နဲ့ တိုင်းရင်းသား ပြည်သူတွေကို မျက်နှာဖြူ စမစ်အစိုးရ
လက်ထက်ကထက်ဆိုးတဲ့ နယ်ချဲ့စနစ်သစ်တစ်ခု လက်အောက်မှာ ကျွန်မဘဝဖြစ်သွားအောင်
ရောင်းစားဖို့ ကြံတဲ့လူပဲ။ ခင်ဗျားဟာ ကျုပ်တို့ မာတာဘယ်လီ လူမျိုးများကိုသာမက ခင်ဗျားတို့ရဲ့
ရှိနှာ တိုင်းရင်းသား တွေအပေါ်ကို သစ္စာဖောက်တဲ့ လူယုတ်မာပဲ။ ခင်ဗျားဟာ အာဏာရူးရာက
ဦးနှောက် ပျက်သွားတဲ့ ခွေးရူး တစ်ကောင်လိုပါပဲလား"

ပြောရင်းနှင့် တွန်ဂါတာသည် ဒေါသကို မချုပ်တည်းနိုင်တော့ဟန်ဖြင့် ရှေ့သို့ တိုးသွားကာ ဖွန်ဂါဘီရာအား (ထိုင်ခုံခါးပတ် ပတ်ထားခြင်းကို ချွတ်ပစ်လျက်) လူတစ်ကိုယ်လုံး ဆွဲမလိုက်သည်။ ထိုအချိန်၌ တွန်ဂါတာ သည် ဒဏ်ရာပြင်းစွာရ၍ အလွန် ဒေါသထွက်နေသော ကျွဲရိုင်းကြီးတစ်ကောင်းကဲ့သို့ အံ့သြဖွယ်ရာ ခွန်အား နှင့် ပြည့်စုံ နေလေရာ ဖွန်ဂါဘီရာအား ရဟတ်ယာဉ်၏ ပြတင်းပေါက်နား ဆီသို့ လွှဲပစ် လိုက်လေသည်။

ဆက်ရန်

[တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၅) အဆက် (၂)]

" ဟင် ... အာဏာရူး၊ ခွေးရူး "
ပါးစပ်မှ ရေရွတ်ရင်း တွန်ဂါတာသည် ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏ ဦးခေါင်းပိုင်းကို ရဟတ်ယာဉ်၏ အပြင်ဘက်သို့ တွန်းထုတ် ထားလိုက်သည်။ ရဟတ်ယာဉ် ပျံသန်းနေရင်း မြေပြင်သို့ ပစ်ချလိုက်ရန် ပြင်ဆင် ထားလိုက်ခြင်း ပင် ဖြစ်သည်။

တကယ်ပင် ရဟတ်ယာဉ်ပေါ်မှ တွန်းချတော့မည် လုပ်နေသဖြင့် ခရိတ်သည် အူဇီသေနတ်ကို ဆာရာအား လှမ်းပစ် ပေးလိုက်ပြီး လျင်မြန်စွာ တွန်ဂါတာအနီးသို့ ပြေးသွားလိုက်သည်။ ထိုအချိန် ၌ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် ရဟတ်ယာဉ်အပြင်ဘက်သို့ လုံးလုံးရောက်နေပြီး တွန်ဂါတာက ချည်နှောင် ထားသော သားရေကြိုးကို လက်တစ်ဖက်ဖြင့် ကိုင်ထား၍သာ တွဲလောင်းဖြစ်နေလေပြီ။
ပေနစ်ထောင် မြင့်သော ကောင်းကင်မှ မြေပြင်သို့ လွတ်ကျတော့မည့်ဆဲဆဲ ဖြစ်နေသည်။

" သူငယ်ချင်း တွန်ဂါတာ၊ နေပါဦး သူငယ်ချင်း "
ခရိတ်က အရေးတကြီး လှမ်းအော်ပြောလိုက်သော်လည်း တွန်ဂါတာကမူ ဖွန်ဂါဘီရာအား စက်ဆုပ်ရွံရှာ ဟန်ဖြင့် ကြည့်ရင်း -
" အာဏာရူး သစ္စာဖောက် အသေဆိုးနဲ့ သေပေတော့ " ဟု ပြောနေရာ ဖွန်ဂါဘီရာ၏ မျက်လုံးများသည် မကြုံစဖူး လွန်ကဲစွာဖြင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသည့်အသွင်

ဆောင်နေလေသည်။
သူသည် တစ်စုံတစ်ခု ပြောလိုက်လိုဟန်ဖြင့် ပါးစပ်ကို ဟလိုက်သော်လည်း ဘာသံမှ ထွက်မလာချေ။
ဤတွင် ခရိတ် ဟစ်အော်သတိပေးလိုက်လေသည်။

" သူငယ်ချင်း တွန်ဂါတာ နေပါဦးဗျ။ ဒီလူကို မသတ်လိုက်ပါနဲ့။ သူ အသက်ထင်ရှားရှိနေမှသာ ကျုပ်တို့အပါ အဝင် သူငယ်ချင်းတို့အားလုံးအပေါ် အထင်အမြင်များနေတာတွေကို ရှင်းလင်းလို့ရမယ် မဟုတ်လား။ ဖွန်ဂါဘီရာ ကသာ အရေးကြီးဆုံးသက်သေ ဖြစ်နေတယ်။ အခု သူ့ကို သတ်လိုက်ရင် သူငယ်ချင်းအနေနဲ့ ဇင်ဘာဘွေ နိုင်ငံမှာ တစ်သက်လုံး နေလို့ရတော့မှာ မဟုတ်ဘူး "
တွန်ဂါတာ သည် ခရိတ်ဘက်သို့ ခေတ္တလှည့်ကြည့်လိုက်သည်။

" ဟုတ်တယ် သူငယ်ချင်း၊ ကျုပ်တို့ ခင်ဗျားတို့ကို တိုင်းပြည်က အထင်မှားနေတာပြေလည်အောင် ဖြေရှင်းပေး နိုင်တာ က ဖွန်ဂါဘီရာ တစ်ယောက်တည်းပဲရှိတယ် "
ခရိတ် က ထပ်ပြီး ပြောလိုက်မှ တွန်ဂါတာ၏ မျက်နှာမှ ဒေါသရိပ်အနည်းငယ် ပြေပျောက်စ ပြုလာတော့သည်။
" သူငယ်ချင်း ပူဖိုး၊ ကျုပ်ကို ကူစမ်းပါဦး "

တွန်ဂါတာက ဤသို့ ပြောလိုက်ခြင်းမှာ သူသည် ရဟတ်ယာဉ်တံခါးပေါက်ကို လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး၊ ကျန်လက်တစ်ဖက်ဖြင့်သာ ဖွန်ဂါဘီရာအား ဆွဲထားရသဖြင့် သူတစ်ယောက်တည်း ပြန်ဆွဲတင်ရန် မတတ် နိုင်သော ကြောင့်ပင်ဖြစ်လေသည်။
ခရိတ်လည်း ချက်ချင်းပင် တွန်ဂါတာအား ကူညီ၍ ဖွန်ဂါဘီရာအား ရဟတ်ယာဉ်ပေါ်သို့ ပြန်ဆွဲတင်လိုက် သည်။
ထို့နောက် ရဟတ်ယာဉ်၏ တစ်နေရာတွင် ပစ်ချထားလိုက်သည်။

သည်တော့မှ ခရိတ်လည်း လေယာဉ်ဦးပိုင်းသို့ ပြန်သွားကာ တွဲဖက်လေယာဉ်မှူးထိုင်ခုံတွင် ဝင်ထိုင်လိုက် သည်။
" ဘာတွေ ဖြစ်နေတာလဲရှင့် "
ဆယ်လီ က ရဟတ်ယာဉ်မောင်းနေရာမှ မေးလိုက်ရာ ခရိတ်က -

" ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူးကွာ။ တွန်ဂါတာက ဖွန်ဂါဘီရာကို သတ်ပစ်တော့မယ့်ဆဲဆဲ ငါက အချိန်မီ ဝင်တားဆီးလိုက်ရတယ် "ဟု ပြောလိုက်သည်။

" သူ့ဘာသာသူ ဖွန်ဂါဘီရာကို သတ်ပစ်တာ ရှင်က ဘာကြောင့် ဝင်စွက်ချင်ရတာလဲ။ ကျွန်မ ကိုယ်တိုင် ကတောင် ဒီသတ္တဝါကို သတ်ပစ်ချင်တယ် လ
ဆယ်လိဇ၏ စကားကို ခရိတ်က လျစ်လျူရှုကာ -
" ဒီမယ် ဆယ်လိ၊ ဟာရာရေမြို့တော်က အမေရိကန်သံရုံးကို ရေဒီယိုနဲ့ ဆက်သွယ်လို့ ရမလား" ဟု မေးလိုက် သည်။
ဆယ်လီသည် ခေတ္တစဉ်းစားနေပြီးနောက် -
" ဒီရဟတ်ယာဉ် ပေါ်က ဆက်သွယ်လို့တော့ ရမှာမဟုတ်ဘူးရှင့် " ဟုပြန်ပြောလိုက်သည်။

" မင်းရဲ့ စက်ဆနာလေယာဉ် မှတ်ပုံတင်နံပါတ်ကို ပေးလိုက်ပါ။ အဲဒီလေယာဉ်ပျောက်ဆုံးနေတာကို ဘယ်သူ ကမှ သတင်းပို့ထားမယ် မထင်ဘူး "
" ဒီလိုဆိုရင် ကျွန်မက ဂျူဟာနစ္စဘတ်မြို့ကမှတစ်ဆင့် ဆက်သွယ်ရလိမ့်မယ်။ သူတို့ဆီကမှသာ အလှမ်း ဝေးဝေး ရေဒီယို ဆက်သွယ်လို့ ရမယ် "
" အိုကွာ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ငါ အမေရိကန်သံရုံးက " မော်ဂင်" ဆိုတဲ့လူနဲ့ အမြန်ဆက်သွယ်ချင်တာပဲ "
ခရိတ်က ပြောလိုက်ပြီးနောက် ဆယ်လီသည် ဂျူဟာနစ္စဘတ်မြို့ (တောင်အာဖရိက) လေဆိပ်မျှော်စင်သို့ ရေဒီယိုဖြင့် ဆက်သွယ် ၍ စက်ဆနာလေယာဉ်၏ သင်္ကေတကိုပြောလိုက်သည်။ ယင်းသင်္ကေတမှာ " ကီလို ယန်ကီးအယ်ဖာ" ဟူ၍ ဖြစ်သည်။

မျှော်စင် မှ ယင်းသင်္ကေတကို လက်ခံပြီးနောက် ရေဒီယိုဖြင့် ပြန်၍ ဆက်သွယ်လေသည်။
" ဟဲလို ကီလိုယန်းကီးအယ်ဖာ သင်ရောက်ရှိနေသည့် နေရာကို သတင်းပို့ပါ"
" ဘော့ဆွာနာ နိုင်ငံ မြောက်ပိုင်းမှာ ရောက်ရှိနေပါတယ်။ အခု ဖရန်စစ္စတောင်းမြို့ဘက်ကို ဦးတည် ပျံသန်း နေပါတယ် "
" ဟာရာရေမြို့ဘက်မှာ ဆက်သွယ်စကားပြောချင်တဲ့ တယ်လီဖုန်းနံပါတ်က ဘယ်လောက်လဲ "
" ပုဂ္ဂိုလ်ရေးရာ တိုက်ရိုက်ဆက်သွယ် ပြောချင်ပါတယ်။ ပြောချင်သူက ဟာရာရေမြို့

အမေရိကန်သံရုံးက ယဉ်ကျေးမှုသံမှူး မစ္စတာမော်ဂင်ဆိုသူပါပဲ။ သူ့တယ်လီဖုန်း နံပါတ်ကိုလည်း မသိပါဘူး "
" ကောင်းပြီ ခဏစောင့်နေပါ။ ကြိုးစား ဆက်သွယ်ကြည့်ပါမယ် "

နောက်တစ်မိနစ်အတွင်း အမေရိကန်သံရုံးမှ ယဉ်ကျေးမှု သံအရာရှိ မော်ဂင်၏ အသံကို ရေဒီယို တယ်လီဖုန်း မှတစ်ဆင့် ကြားရလေသည်။
" ကျုပ် မော်ဂင် ပြောနေပါတယ်။ အခု စကားပြောနေတာ ဘယ်သူပါလဲ "
" ဟဲလို မောင်ဂင်၊ ကျုပ် ခရိတ်ပါ။ မှတ်မိရဲ့လား "
ခရိတ် က ပြန်ပြောလိုက်ရာ တစ်ဖက်မှ မော်ဂင်သည် အလွန်အံ့အားသင့်သွားလေသည်။

" ဟာ ... ခရိတ်လား၊ ခင်ဗျား ဘယ်ရောက်နေတာလဲ။ ကျုပ်တို့ ခင်ဗျားကို ဘယ်များမှ ဆက်သွယ်လို့ မရဘူး။ ဒါထက် ဆယ်လိတစ်ယောက်ရော ဘယ်ရောက်နေသလဲ"
" ဒီမယ် မော်ဂင်၊ ကျုပ်ပြောတာကို လေးလေးနက်နက် နားထောင်စမ်းပါ။ အလွန် အရေးကြီးပါတယ်။ တကယ်လို့ ခင်ဗျားတို့အနေနဲ့ ရုရှ ထောက်လှမ်းရေးက ဝိုလ်မှူးကြီးတစ်ယောက်ကို စစ်ဆေး မေးမြန်းခွင့် ရရင် သဘောမကျဘူးလား။ ပြီးတော့ အာဖရိကနိုင်ငံတွေမှာ သူတို့က ဝင်ရောက် ဩဇာ လွှမ်းမိုးဖို့အတွက် စီမံချက် ရေးဆွဲထားတာ အပြည့်အစုံပါတဲ့ စာရွက်စာတမ်း အထောက်အထားတွေပါ ရရင်ရော မလိုချင် ဘူးလား "

ဤတွင် တစ်ဖက်မှ မော်ဂင်သည် ခေတ္တတိတ်ဆိတ်နေလိုက်ပြီးနောက် -
" ဟဲလို ခရိတ်၊ ခင်ဗျား ခဏလေးစောင့်ပါ။ ဆယ်စက္ကန့်လောက်ပဲ ကြာမယ် " ဟု ပြောလေသည်။
ခရိတ် သည် ဆယ်စက္ကန့်စောင့်နေရသည်ကိုပင် အလွန် ကြာလှသည်ဟု အောက်မေ့မိလေသည်။

ထို့နောက် တစ်ဖက်မှ မော်ဂင်က ဆက်သွယ်လာပြန်သည်။
" ဒီမယ် ခရိတ် နောက်ထပ် ဘာမှမပြောနဲ့တော့။ ခင်ဗျားနဲ့ ကျုပ်တို့ အမြန်ဆုံး ဆုံနိုင်မယ့်နေရာကိုသာ ပြောစမ်းပါ"
ခရိတ် လည်း မြေပုံကြည့်ပြီးနောက် နေရာတစ်ခုကို ပြောလိုက်သည်။

" အဲဒီနေရာမှာ အရေးပေါ် လေယာဉ်ကွင်းငယ်တစ်ခုရှိတယ်။ ကျုပ်တို့ အဲဒီကွင်းမှာဆင်းပြီး စောင့်နေမယ်။ ခင်ဗျားတို့လာရင် ကောင်းကင်က အလွယ်တကူ မြင်နိုင်အောင်လည်း အချက်ပြတဲ့အနေနဲ့ မီးပုံကြီး ဖို ထားမယ်။ ခင်ဗျားတို့ ဘယ်တော့လောက် ရောက်လာနိုင်မှာဘဲလေ" မနက်ဖြန် အရုဏ်တက်ချိန်လောက် ရောက်လာ လိမ့်မယ် "
" ကောင်းပြီ၊ ကျုပ်တို့ စောင့်နေပါ့မယ် "
ထိုမျှနှင့်ပင် စကားဖြတ်လိုက်ကြသည်။

သူတို့သည် ဇင်ဘာဘွေနှင့် ဘော့ဆွာနာနိုင်ငံ မြောက်ပိုင်းနယ်စပ်ကို ဖြတ်ကျော်လိုက်ကြပြီးနောက် ဆယ့်ခုနစ်မိနစ် တိတိအကြာတွင် သူတို့၏ လင့်ရိုဗာကားကို ကောင်းကင်မှ လှမ်းမြင်ရလေသည်။ လင့်ရိုဗာ သည် သူတို့ ထားပစ်ခဲ့သည့်နေရာတွင် ခြေရာလက်ရာမပျက် ရှိနေလေသည်။

ခရိတ်သည် မြေပြင်ဆီသို့ ငုံ့ကြည့်ရင်း လင့်ရိုဗာကားအနီး၌ လူတစ်ယောက်၊ နှစ်ယောက် သက္ကာန်ကို ရေးရေးမျှ လှမ်းမြင်ရာ အလွန်အံ့အားသင့်သွားမိလေသည်။
" ဆာရာ ရဲ့ ရဲဘော်များကတော့ အခုအချိန်အထိ ကျုပ်တို့ လင့်ရိုဗာကားကို စောင့်ရှောက်နေကြတုန်းပဲ။ တကယ် ချီးကျူးစရာ ကောင်းတယ်၊ အရေးကြီးတာက ကျုပ်တို့က သူတို့ကို ကြိုတင်သတိပေးဖို့ လိုမယ်။ ဘာကြောင့်လဲဆိုတော့ ပြောက်ကျားရဲဘော်တွေက ရဟတ်ယာဉ်က အစိုးရအမှတ်အသားတံဆိပ်ကို မြင်တာ နဲ့ ရန်သူ အဖြစ် လှမ်းပစ်လိမ့်မယ် "

ခရိတ်က ပြောလိုက်ရာ ဆာရာလည်း သဘောပေါက်သဖြင့် သူတို့၏ ရဟတ်ယာဉ်ဆင်းသတ်ရန် မြေပြင်သို့ ချဉ်းကပ်သွားချိန်တွင် အသံချဲ့စက်ဖြင့် ဆာရာကိုယ်တိုင် ဟစ်အော် သတိပေးလိုက်သည်။ မာတာဘယ်လီစကားဖြင့် ပြောလိုက်ခြင်းဖြစ်၍ ပြောက်ကျားများလည်း ချက်ချင်း နားလည်ဟန်ဖြင့် သူတို့၏ ရိုင်ဖယ်သေနတ်များကို အောက်သို့ ပြန်စိုက်ထားလိုက်ကြသည်ကို ခရိတ်က လှမ်းမြင်လိုက်ရလေသည်။

လင့်ရိုဗာကားအနီးတွင် မာတာဘယ်လီ လူငယ်နှစ်ဦး ရှိနေသည်ကိုလည်း ထင်ရှားစွာ မြင်နေရပြီဖြစ်သည်။

ကျွန်ုပ်အမည်ရှိ လူငယ်သည် ထိုနေ့နံနက် တောလိုက်အမဲပစ်ရင်း သမင်ငယ်တစ်ကောင်ကို ရရှိခဲ့ရာ
ညနေ ဘက်တွင် မီးပုံပွဲ (ညစာစားပွဲ)လုပ်၍ သမင်သားကင်နှင့် ပြောင်းဖူးမုန့်များကို မြိန်ရေရှက်ရေ
စားသောက် ကြပြီး နောက် လင့်ရိုဗာကားကို တစ်လှည့်စီ စောင့်ကြရန်
မဲနှိုက်ကြရာမှဤလူငယ်နှစ်ဦးက တာဝန်ကျ ခဲ့လေသည်။

ရဟတ်ယာဉ်ကို ချောမောစွာ ဆင်းလိုက်ပြီးနောက် ခရိတ်တို့သည် လင့်ရိုဗာကားဖြင့် မော်ဂင်နှင့်
ချိန်းထား သော လေယာဉ် ကွင်းငယ် ရှိရာသို့ ဆက်သွားကြလေသည်။
နောက်တစ်နေ့နံနက် အရုဏ်မတက်မီအချိန်မှာပင် (မော်ဂင် ပြောခဲ့သည့်အတိုင်း)
လေယာဉ်တစ်စင်း၏ " အင်ဂျင်စက်သံကို ကြားရလေတော့သည်။
ခရိတ်လည်း မြေပြင်မှ အခက်ပြသည့်အနေဖြင့် လေယာဉ်ပြေးလမ်းကြောင်း နှစ်ဖက်နှစ်ချက်၌
အသင့်ပြင် ဆင်ထားသော ထင်းပုံများကို မီးစတင်ရှို့ထားလိုက်သည်။
မကြာမီ တောင်စူးစူးဘက်မှ ပျံသန်းလာသော လေယာဉ်တစ်စင်းကို စတင်မြင်ကြရလေသည်။

လေယာဉ်က လော့ခ်ဟီအမျိုးအစား ကုန်တင်လေယာဉ်တစ်စင်းဖြစ်ပြီး အမေရိကန်
လေတပ်မတော်၏ အမှတ်အသား တံဆိပ်များပါရှိရာ ဆယ်လီသည် ထိုလေယာဉ်ကို ချက်ချင်းပင်
မှတ်မိလေသည်။
" အဲဒါ အမေရိကန် အာကာသလေ့လာရေးအဖွဲ့ (နာဆာ)ပိုင် လေယာဉ်ပဲရှင့်။ စကြာဝဠာကိုလွှတ်တဲ့
အာကာသယဉ်တွေ ခရီးစဉ်ကို အာဖရိကတိုက် ရှုထောင့်က လေ့လာဖို့ ကျူဟာနစ္စဘတ်မြို့မှာ တာဝန်
ချထား တဲ့ အထူးလေယာဉ်ဖြစ်တယ်ဆိုတာလည်း ကျွန်မသိတယ် "
ဆယ်လီက ပြောလိုက်ရာ ခရိတ်ကလည်း ခေါင်းညိတ်လိုက်သည်။

" ဒီအတိုင်းဆိုရင် မော်ဂင်က ငါတို့ပြောတာကို တကယ် အလေးအနက် သဘောထားကြောင်း
ထင်ရှား တယ်"
ထိုအချိန်မှာပင် လော့ခ်ဟီလေယာဉ်ကြီးသည် မြေပြင်သို့ ညင်သာစွာ ဆင်းသက်နေပြီဖြစ်သည်။
" ဒီလေယာဉ်ရဲ့ ထူးခြားချက်က လေယာဉ်ပြေးလမ်းကြောင်း အရှည်ကြီးမလိုဘဲ အလွယ်တကူ
ဆင်းနိုင် တက်နိုင် တယ်ရှင့်။ အခု ရှင်တို့ ကြည့်ကြလေ "

ဆယ်လီ က ပြောလိုက်ချိန်တွင် လော့ခ်ဟိုလေယာဉ်ကြီးသည် ဆယ်လီ၏ စက်ဆနာလေယာဉ်ငယ်
လိုအပ် သည့်လေယာဉ်ပြေးလမ်းကြောင်း ပမာဏအတိုင်းပင် ချောမောစွာ
ဆင်းသက်လိုက်လေသည်။
လေယာဉ် ရပ်၍ တံခါးပွင့်လာသည်နှင့် သံမှူး မော်ဂင်ခေါင်းဆောင်လျက် လူငါးယောက်
လေယာဉ်ပေါ်မှ ဆင်းလာကြ လေသည်။

ခရိတ်တို့လည်း ဧည့်သည်များအား ခရီးဦးကြိုပြုရန် လေယာဉ်အနီးသို့ လျှောက်သွားကြလေသည်။
လူငါး ယောက် စလုံးမှာ အာဖရိကတိုက်၌ မျက်နှာဖြူများ ဝတ်လေ့ရှိသော အဖြူရောင် ဝတ်စုံများ
ဝတ်ဆင် ထားကြပြီး သူတို့၏ လူပ်ရှားသွားလာဟန်၍ အားကစားသမားများလို သွက်လက်
ဖျတ်လတ် သူများဖြစ်ကြောင်းသိသာထင်ရှားနေလေသည်။
" ဟဲလို ဆယ်လီ၊ ဟဲလို ခရိတ် "

မော်ဂင်က ဟက်ဟက်ပက်ပက် လက်ဆွဲနှုတ်ဆက်ပြီးနောက် ခရိတ်က တွန်ဂါတာနှင့် မိတ်ဆက်
ပေးသည် ကိုလည်း ဖော်ရွေစွာဖြင့် နှုတ်ဆက်လေသည်။
" ဟဲလို ဝန်ကြီး တွန်ဂါတာ၊ ကျွန်တော်က ဝန်ကြီးကို သိနေပါတယ်။ ဟောဒါက ကျွန်တော့်ရဲ့
လုပ်ဖော် ကိုင်ဖက် တွေပါပဲ "
မော်ဂင်က သူနှင့်ပါလာသူများကို ညွှန်ပြရင်း ပြောလေသည်။ သို့သော် တစ်ဦးချင်း မိတ်ဆက်မပေးဘဲ
-
" ခင်ဗျား တို့ ဖမ်းထားတဲ့ တရားခံတွေကကော " ဟု မေးလိုက်သည်။

ဗိုလ်ချုပ် ဖွန်ဂါဘီရာနှင့် ရုရှဗိုလ်မှူးကြီး ဘူခါရင်တို့အား မာတာဘယ်လီ ပြောက်ကျားများ အစောင့်
အရှောက် ဖြင့် ရှေ့သို့ ခေါ်ထုတ်လာသောအခါ မော်ဂင်သည် အလွန် အံ့အားသင့်သွားလေသည်။
" ဟာ ... ဗိုလ်ချုပ် ဖွန်ဂါဘီရာ ဖြစ်နေပါကလားဗျ။ ဒီမယ် ခရိတ် ခင်ဗျားရူးများနေသလား။
ဒီပုဂ္ဂိုလ်ကိုများ ခင်ဗျား က နိုင်ငံတော် သစ္စာဖောက်လို့ စွပ်စွဲ ပြီး ဖမ်းလာတာ ဟုတ်မှ ဟုတ်ရဲ့လား "
မော်ဂင်က မယုံကြည်နိုင်ဟန်ဖြင့် ပြောလျှင် ခရိတ်က အသင့်ရှိနေသော လက်ကိုင်သေတ္တာငယ်ကို
လှမ်းပေး လိုက်သည်။
" အဲဒီက စာရွက်စာတမ်းတွေကို ဖတ်ကြည့်ပါဦး။ ပြီးတော့မှ ခင်ဗျားရဲ့ ထင်မြင်ချက်ကို ပြောပါ "

" ကောင်းပါပြီ၊ ခဏလေး စောင့်ကြည့်ပါဦး"
မော်ဂင်က ပြောလိုက်ပြီးနောက် အကျဉ်းသားနှစ်ဦးအား ပြောက်ကျားရဲ့ဘော် ဂျွန်ပစ်နှင့် အာရွန်ဆိုသူတို့ စောင့်ရှောက် လျက် လေယာဉ်ရှိရာသို့ ခေါ်ထုတ်သွားရာ အမေရိကန်ငါးဦးတို့က လွှဲပြောင်း လက်ခံယူကြ လေသည်။
ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏ လက်နှစ်ဖက်ကို ကြိုးဖြင့် တုပ်နှောင်ထားလျက်ပင် ရှိသေးသည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံး အနည်းငယ် သေးငယ်သွားသည်ဟုပင် ထင်ရလောက်အောင် အကြီးအကျယ် စိတ်ဓာတ်ကျနေပုံ ရလေ သည်။

အသားအရေက ဖြူဖပ်ဖြူရော်ဖြစ်လျက် လေယာဉ်ဆီသို့ လမ်းလျှောက်သွားစဉ် တွန်ဂါတာအနီးမှ ဖြတ်သွား ရချိန် တွင်လည်း ဖွန်ဂါဘီရာသည် ခေါင်းထောင်၍ မကြည့်ဘဲ ငုံ့၍သာ လျှောက်သွားလေသည်။ ဗိုလ်ချုပ် ဖွန်ဂါဘီရာ ကား မရှုမလှ အရေးနိမ့်ခြင်းကို ခန္ဓာကိုယ်နှင့်တကွ စိတ်ကပါ ပြင်းစွာ ခံစားနေရဟန် တူလေ သည်။
တွန်ဂါတာကမူ နာကြည်းခြင်း၊ ဒေါသထွက်ခြင်းတို့ကို ချုပ်ထိန်းရန် ခက်နေပုံရသည်။ သူသည် ဖြတ်လျှောက် သွားသူ ဖွန်ဂါဘီရာ ၏ မျက်နှာကို ရုတ်တရက် ဖမ်းကိုင်လိုက်သည်။
သန်မာသော လက်တစ်ဖက်ဖြင့် ဖွန်ဂါဘီရာ၏ လည်ပင်းကို ခပ်ကြမ်းကြမ်းဖျစ်ညှစ်ကာ မျက်နှာကို မော့စေပြီး အလွန်ရှုတ်ချ စက်ဆုပ်ဟန်ဖြင့် မျက်နှာကို စေ့စေ့ကြည့်နေလိုက်သည်။
တစ်စုံ တစ်ခု လုပ်တော့မည်ဟု ထင်ရသော်လည်း တွန်ဂါတာသည် ဘာမျှ မလုပ်ဘဲ စိတ်ကို ထိန်းလိုက်ပြီး ဖွန်ဂါဘီရာ အား ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။

ဖွန်ဂါဘီရာလည်း ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ လဲကျသွားတော့မလိုဖြစ်သွားရာ အမေရိကန်တစ်ဦးက ရုတ်တရက် ဝင်၍ ဖေးမတွဲထူလိုက်ရလေသည်။
တွန်ဂါတာသည် ဖွန်ဂါဘီရာအား အလွန်စက်ဆုပ် မုန်းတီးဟန်ဖြင့် ကြည့်နေရာမှ ခရိတ်ဘက်သို့ လှည့်လိုက်သည်။
" ကျုပ်ရဲ့ အတွေ့အကြုံအရ လူတကာကို နှိပ်စက်ညှဉ်းပန်းတဲ့ လူမှန်သမျှ တကယ်တော့ သူတို့ရဲ့အတွင်း နလုံးသား ထဲမှာ သူရဲဘောကြောင်တဲ့စိတ်ဓာတ်ရှိကြတာချည်ပဲ။ သတ္တိ တကယ်ရှိတာမဟုတ်ဘူး။ ဒီမယ် ပူဖိုး ကျုပ်က ဖွန်ဂါဘီရာကို သတ်မယ်လုပ်တော့ သူငယ်ချင်းက

ဝင်ဟန့်တားလိုက်တာ မှန်ကန်တယ်လို့ ဆိုရမယ်။ အခုလိုမှ သူဟာ တကယ်တရားမျှတတဲ့ အပြစ်ဒဏ်ပေးခြင်းကို ခံရလိမ့်မယ်။ ကိုင်း ... ကျုပ် သူ့ မျက်နှာ ကို ကြာရှည် မကြည့်ချင်ဘူးဗျာ။ မြန်မြန်သာ ခေါ်သွားကြပေတော့ "

တွန်ဂါတာက ပြောလိုက်ပြီးနောက် ဖွန်ဂါဘီရာနှင့် ဘူခါရင်တို့အား လော့ခ်ဟီလေယာဉ်ပေါ်သို့ ခေါ်ယူသွား ကြလေသည်။
တွန်ဂါတာတို့လည်း လင့်ရိုဗာကား၏ အရိပ်တွင် စောင့်နေကြလေသည်။ မော်ဂင်နှင့် သူ၏အဖော် အမေရိကန် လူမျိုးတစ်စုကတော့ အလုပ်များနေကြပုံရလေသည်။
" သူတို့က ဝါရှင်တန်မြို့တော်က အာဏာပိုင်တွေနဲ့ ဆက်သွယ်သတင်းပို့နေကြပုံရတယ်။ ဆက်သွယ်ရေး ဂြိုလ်တုက တစ်ဆင့် ရေဒီယိုတယ်လီဖုန်းနဲ့ ပြောလို့ရတယ်ဗျ "
ခရိတ်က သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။

ဆယ်နာရီကျော်မှ မော်ဂင်သည် အဖော် (အမေရိကန်)တစ်ဦးနှင့်အတူ ခရိတ်တို့ရှိရာသို့ လျှောက်လာပြီး မိတ် ဆက်ပေးလေသည်။
" ဟော်ဒါက ကာနယ် (ဗိုလ်မှူးကြီး) စမစ်ဖြစ်ပါတယ်။ ခင်ဗျားရရှိထားတဲ့ အထောက်အထားတွေကို ကျုပ် တို့ ဝိုင်းပြီး စီစစ်ကြည့်ပြီးပါပြီ။ ဒါတွေအားလုံးအမှန်ချည်းပဲလို့လည်း သုံးသပ်မိတယ် "
" ဒီလိုဆိုရင် တော်သေးတာပေါ့ "
ခရိတ် က ပြန်ပြောလိုက်ပြီးနောက် မော်ဂင်သည် တွန်ဂါတာဘက်သို့ လှည့်ပြောပြန်သည်။

" ဝန်ကြီး တွန်ဂါတာခင်ဗျား၊ ဝန်ကြီးအနေနဲ့ အလုပ်အလွန်များမှန်းသိပါတယ်။ ဒါပေမဲ့ ဝါရှင်တန်မြို့တော်က ပုဂ္ဂိုလ်တချို့က ဝန်ကြီးနဲ့ အလွန်စကားပြောချင်နေကြပါတယ်။ ဝန်ကြီးက အချိန်ပေးနိုင်လို့ စကားပြောမယ် ဆိုရင် နှစ်ဦးနှစ်ဖက်အကျိုးရှိပါလိမ့်မယ် "
" ကျုပ် သွားစကားပြောတဲ့အခါ ဟောဒီ အမျိုးသမီးပါ ကျုပ်နဲ့အတူ လိုက်ပါလာစေချင်တယ် "
တွန်ဂါတာ က ဘေးနားရှိ ဆာရာအား ညွှန်ပြရင်း ပြောလိုက်လေသည်။

" ဟုတ်ကဲ့ ဖြစ်ပါတယ် "
မော်ဂင်က ပြောပြီး ခရိတ်နှင့် ဆယ်လီတို့ဘက်သို့ လှည့်လိုက်ပြန်သည်။

" ခင်ဗျားတို့ နှစ်ယောက်အတွက်တော့ ကျုပ်တို့က ဖိတ်မှန်ကပြုနေတာ မဟုတ်ဘူး ခင်ဗျားတို့ကို အမိန့်ပေး ခြင်းဖြစ်တယ်။ ခင်ဗျားတို့နှစ်ယောက်စလုံးကျုပ်တို့နဲ့ လိုက်ခဲ့ရမယ်"
" ဒီရဟတ်ယာဉ် နဲ့ လင့်ရိုဗာကားကို ဘယ်လို လုပ်မလဲဗျ "
ခရိတ် က ပြန်မေးလိုက်ရာ မော်ဂင်က ပြုံးလိုက်သည်။
" ဒါအတွက် ခင်ဗျားဘာမှ မစိုးရိမ်ပါနဲ့။ သက်ဆိုင်ရာ ပိုင်ရှင်များလက်ကို ရောက်အောင် ပို့ပေးဖို့ စီစဉ် ပေးပါ့မယ်"

ဆက်ရန်

တက္ကသိုလ် နေဝင်း ဘာသာပြန် ဇင်ဘာဘွေ အခန်း (၄၆) ဇာတ်သိမ်း

အခန်း (၄၆)

နောက်ရက်သတ္တ သုံးပတ်တိတိကြာသောအခါ ကုလသမဂ္ဂဌာနချုပ် (နယူးယောက်မြို့)ရှိ ဇင်ဘာဘွေနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲထံသို့ ဖိုင်တွဲတစ်ခု ရောက်ရှိလာလေသည်။
ယင်းဖိုင်တွဲ အတွင်း၌ ခရိတ်တို့က ရုရှဗိုလ်မှူးကြီးထံမှရရှိလိုက်သော စာရွက်စာတမ်းများ၏ ကောက်နတ် ချက် မိတ္တူများ၊ ဗိုလ်ချုပ်ဖွန်ဂါဘီရာအား သက်ဆိုင်ရာ တာဝန်ရှိသူတို့က စစ်ဆေး၍ ရရှိသော ထွက်ဆိုချက် များ ပါရှိလေသည်။ ဖွန်ဂါဘီရာအား မည်သူတွေက စစ်ဆေးမေးမြန်းခဲ့သည်ဟူ၍ကား လူ အမည်များ ဖော်ပြ မထားချေ။
အဆိုပါ ဖိုင်ကို ဇင်ဘာဘွေနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကလည်း ဟာရာရေမြို့တော် ဗဟို အစိုးရ သို့ ချက်ချင်းပို့ပေးလိုက်လေသည်။

ယင်းသို့ ပို့ပေးလိုက်ခြင်း၏ အကျိုးသက်ရောက်မှုများကလည်း လျင်မြန်စွာ ဖြစ်ပေါ်လာလေသည်။
ပထမအချက်အနေဖြင့် ဇင်ဘာဘွေ အစိုးရက အမေရိကန်နိုင်ငံသို့ ဗိုလ်ချုပ်ဖွန်ဂါဘီရာအား အချုပ်တရားခံ အနေ ဖြင့် ဟာရာရေမြို့တော်တွင် တရားဥပဒေကြောင်းအရ အရေးယူနိုင်ရန်

အမြန်ပြန်ပို့ပေးပါဟု မေတ္တာ ရပ်ခံ လိုက်သည်။

ယင်းကိစ္စ အကောင်အထည်ဖော်သည့်အနေဖြင့် ဇင်ဘာဘွေ ရဲတပ်ဖွဲ့ အထူးစုံစမ်းရေးဌာန (စုံထောက်အဖွဲ့) မှ ဝါရင့်ရဲအရာရှိ (အင်စပက်တော် သို့မဟုတ် ရဲမှူး) နှစ်ဦးသည် ဗိုလ်ချုပ် ဖွန်ဂါဘီရာအား ဖမ်းယူ ခေါ်ဆောင် သွားရန် နယူးယောက်မြို့ သို့ လေယာဉ်ဖြင့် လိုက်လာခဲ့ကြလေသည်။

ပီအေအေခေါ် အမေရိကန် ခရီးသည်တင်လေယာဉ်ကြီးတစ်စင်း ဟာရာရေမြို့ လေဆိပ်သို့ ဆိုက်ရောက် ချိန်တွင် ဗိုလ်ချုပ် ဖွန်ဂါဘီရာကို ရဲမှူးတစ်ဦး၏ လက်တွင်တွဲ၍ လက်ထိပ်ခတ်လျက် ဆင်းလာလေသည်။
သူတို့အား ခေါ်ဆောင်သွားရန်အတွက် ဘေးပတ်ပတ်လည် အလုံပိတ်ကာထားသော အထူးမော်တော်ကား တစ်စီး က လေဆိပ်တွင် အသင့်စောင့်ကြိုနေလေသည်။
သို့ရာတွင် ဗိုလ်ချုပ် ဖွန်ဂါဘီရာ ဇင်ဘာဘွေနိုင်ငံသို့ ပြန်လာသည့် သတင်းကို စာနယ်ဇင်းနှင့် ရုပ်မြင်သံကြား အစီအစဉ်များ ၌ ဖော်ပြခြင်းမရှိချေ။

ဗိုလ်ချုပ် ဖွန်ဂါဘီရာအား လေဆိပ်မှ ဟာရာရေမြို့ ဗဟိုအကျဉ်းထောင်ကြီးသို့ တိုက်ရိုက်ပင် ပို့လိုက်ကြသည်။
နောက် ဆယ့်ခြောက်ရက်ကြာသောအခါ အထူးသီးသန့် အချုပ်ခန်းတစ်ခန်း၌ ဗိုလ်ချုပ် ဖွန်ဂါဘီရာသည် သေဆုံး သွားသည် ဟု သတင်းကြားရလေသည်။
သူ၏ အလောင်း ကို အကျဉ်းထောင်၏ နောက်ပေါက်မှ ထုတ်သွားသောအခါ ဗိုလ်ချုပ် ဖွန်ဂါဘီရာ၏ မျက်နှာ သည် မည်သူမည်ဝါ မှန်း မသိအောင်ပင် ရုပ်ပျက်နေသည်ဟုလည်း ဆိုကြသည်။

ထိုနေ့ ညဉ့်သန်းခေါင်ယံအချိန်တွင် ဝန်ကြီးများစီးသော အနက်ရောင် မာစီးဒီးကားတစ်စီးသည် မြို့ပြင်ဘက် တောင်ပေါ် လမ်းတစ်လမ်း၌ တိမ်းမှောက်သွားပြီးချက်ချင်းပင် မီးစွဲလောင်သွားလေသည်။
ကားပေါ် မှ လူတစ်ယောက်သာပါရှိရာ မီးလောင်သေဆုံးနေသော ထိုလူ၏ သွားများအနေအထားအရ သေသူ မှာ ဗိုလ်ချုပ်ဖွန်ဂါဘီရာပင် ဖြစ်သည်ဟု သက်ဆိုင်ရာမှ

ကြေညာလိုက်လေသည်။
ထို့နောက် သူ့အား စစ်တပ်အရာရှိကြီးများ၏ အစဉ်အလာအတိုင်းစစ်အခမ်းအနားအပြည့်အစုံနှင့်
သင်္ဂြိုလ် လိုက်ကြ လေသည်။

ခရစ္စမတ်ပွဲတော်နေ့ (ဒီဇင်ဘာ ၂၅ ရက်)နံနက် ဆယ်နာရီအချိန်တွင် ဂျာမနီပြည် ဘာလင်မြို့၌
အနောက်အုပ်စုနိုင်ငံ ထောက်လှမ်းရေးအဖွဲ့ တစ်ဖွဲ့နှင့် ရုရှထောက်လှမ်းရေးအဖွဲ့တို့က
အကျဉ်းသားချင်း အလဲအလှယ်ပြုလုပ်ကြရာ မဟာမိတ် (အနောက်အုပ်စု)ဘက်မှ
လွှတ်ပေးလိုက်သော အကျဉ်းသားမှာ ဗိုလ်မှူးကြီးဘူခါရင်ဖြစ်လေသည်။
သူသည် အမေရိကန် စစ်တပ်မှ ထုတ်ပေးသော ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ကာ အရှေ့ဘာလင်မြို့
နယ်စပ်ကို ဖြတ်ကျော်၍ လျှောက်သွားလေသည်။

အလယ်ကောင်တွင် သူတို့နှစ်ဦး ဆုံမိကြရာ ဘူခါရင်သည် စိတ်ထဲမှ -
" အင်း ... လူတစ်ယောက်ရဲ့ အသက်ကို နောက်လူတစ်ယောက်ရဲ့ အသက်နဲ့
လဲလိုက်ရတာပဲလား" ဟု ဆင်ခြင်အောက်မေ့မိလေသည်။
တစ်ဖက် (အရှေ့ဘာလင်)သို့ ရောက်သွားသောအခါ အနက်ရောင် ဆီဒင်ကားတစ်စီးက
ဘူခါရင်အတွက် အသင့်စောင့်နေလေသည်။
ထိုကားတွင် လူနှစ်ယောက်ပါလာပြီး တစ်ယောက်က ဘူခါရင်ကို မြင်လျှင် ကားပေါ်မှ
ဆင်းလိုက်သည်။ သူ၏ ဝတ်စားဆင်ယင်ထားပုံအရ ကေဂျီဘီဧဂျင်
ရုရှထောက်လှမ်းရေးအဖွဲ့မှဖြစ်ကြောင်း သိသာထင်ရှား နေပေသည်။

" ခင်ဗျား ဘူခါရင်ဆိုတာ မဟုတ်လား "
ထိုလူက မေးလိုက်ပုံမှာ ဘူခါရင်အား ပြစ်တင်ရှုတ်ချသောဟန်မျိုး ဖြစ်နေလေသည်။
ဘူခါရင်က ခေါင်းညိတ်ပြလိုက်သောအခါ ကေဂျီဘီ ထောက်လှမ်းရေးအရာရှိက
မော်တော်ကားပေါ်တက်ရန် ညွှန်ကြားလိုက်သည်။
မော်တော်ကားသည် လျင်မြန်စွာ မောင်းထွက်သွားရာ ဘူခါရင်လည်း ကား၏ထိုင်ခုံတွင် မှီရင်း
မျက်လုံး မှိတ်ထားလေသည်။

နေရပ်ဌာနီ ရုန့်ပြည်သို့ ပြန်ရောက်သွားသည့်အခါ သူ၏ လုပ်ငန်းတာဝန်(မစ်ရှင်) မအောင်မြင်ဘဲ အရေးနိမ့်ခဲ့ခြင်းအတွက် ရင်ဆိုင်ခံစားရမည့် အရေးကို တွေးမိရင် စိတ်မချမ်းမသာဖြစ်လျက် မျက်စိမှိတ်ထားလိုက်ခြင်းပင်ဖြစ်လေသည်။

နယူးယောက် မြို့ ကမ္ဘာဇော် ဌာနချုပ်ရှိ သီးသန့်ထမင်းစားခန်းမကြီးတွင် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီက ဂုဏ်ပြု နေ့လယ်စာ စားပွဲတစ်ရပ် တည်ခင်းဧည့်ခံလေသည်။
ဂုဏ်ပြုဧည့်ခံခြင်း ခံရသူတို့ကား ခရိတ်၊ တွန်ဂါတာ၊ ဆယ်လီနှင့် ဆာရာတို့ပင် ဖြစ်ကြသည်။
ဆယ်လီနှင့် ဆာရာ မိန်းကလေးနှစ်ဦးသည် တစ်ယောက်နှင့် တစ်ယောက် မတွေ့ရသည်မှာ ငါးလခန့် ရှိသွားပြီ ဖြစ်ရာ ယခု နေ့လယ်စာ စားပွဲမှ ဆုံမိကြသဖြင့် နှစ်ယောက်သား ညီအစ်မရင်းပမာ ဖက်လဲ တကင်း နှုတ်ဆက် ကြလေသည်။

တွန်ဂါတာနှင့် ခရိတ်တို့ကတော့ ခပ်တည်တည်၊ ခပ်မှန်မှန်ပင် နေကြသည်။ သို့သော် တွန်ဂါတာသည် ငယ်စဉ် က ခေါ်သည့် မာတာဘယ်လီနာမည် ပူဖိုးဟုပင် ခေါ်လေသည်။
" သူငယ်ချင်း ပူဖို၊ ကျုပ်တော့ အလွန်အားနာမိတယ်။ ငါးလဆိုတော့ အချိန်က အတော်ကြာသွားတယ် "

" အားနာစရာ မလိုပါဘူး သူငယ်ချင်းရယ်။ ကျုပ်က နားလည်မှုရှိပါတယ်။ သူငယ်ချင်းကို သူတို့က အလုပ် မအားလပ် နိုင်အောင် အလုပ်တွေ ပေးထားတာလည်း သိပါတယ်။ ကျုပ်ကိုယ်တိုင်ကလည်း ဒီ အတော အတွင်း သိပ်အလုပ်များနေခဲ့တာပါပဲ။ ကျုပ် သူငယ်ချင်းကို နောက်ဆုံး တွေ့ခဲ့ရတာကတော့ ဝါရှင်တန် မြို့တော်မှာ "
" ဟုတ်ပါတယ်၊ ကျုပ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြောဆိုခဲ့ရတာကိုက တစ်လ နီးပါး ကြာတယ်ဗျ။ ပြီးတော့ ဒီနယူးယောက်မြို့မှာလည်း ဇင်ဘာဘွေ သံအမတ်ကြီးနဲ့လည်း တွေ့ဆုံ စကား ပြောရ သေးတယ်။ ကမ္ဘာ့ဘဏ်က လူကြီးတွေနဲ့လည်း ပြောပြစရာတွေတော့ အများကြီးပဲ သူငယ်ချင်း။ ဘယ်က စပြောရမှန်းတောင် မသိဘူး "
ဤတွင် ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီက စပြောလေသည်။

" ဒါဖြင့် ကျုပ်ကပဲ အစဖော်ပါရစေ။ ဝန်ကြီး တွန်ဂါတာက ဇင်ဘာဘွေအစိုးရဆီက ဘယ်လို အခွင့်အရေး တွေ ရယူခဲ့တယ်ဆိုတာ ခရိတ်သိအောင် အဲဒါက စပြီး ပြောလိုက်ပါလား " ထိုအကြံပေးချက် ကို တွန်ဂါတာကလည်း သဘောတူလက်ခံလေသည်။

" ဟုတ်တယ်ဗျို့၊ ကောင်းသားပဲ။ ကဲ ... ပထမဆုံး ပြောချင်တာကတော့ ကျုပ်ကို တရားရုံးက မှောင်ခိုတိုက်ပွဲစွာန် တွေ ခိုးသတ်မှုနဲ့ စွဲချက်တင်ပြီး ပြစ်ဒဏ်စီရင်ချမှတ်ခဲ့တာကို လုံးဝ ပလပ်လိုက်ပြီ" " ဟာ ... ဒါကတော့ သူတို့အနေနဲ့ သူငယ်ချင်းကို လုပ်ပေးရတာ အသေးအဖွဲ့ ကိစ္စတစ်ခုပဲ " ခရိတ် က ဝင်ပြောလိုက်ရာ တွန်ဂါတာက ပြုံးလိုက်သည်။

" ဟုတ်ပါတယ်၊ ဒါက ပဏာမသဘောသာ ဖြစ်ပါတယ်။ နောက်တစ်ခုက သူငယ်ချင်းက ဖွန်ဂါဘီရာကို လက်မှတ် ရေးထိုးပေးခဲ့တဲ့ ဖြောင့်ဆိုချက်ဟာ မတရားနှိပ်စက် အကျုပ်ကိုင် ရယူခဲ့တာမို့ တရားမဝင်ဘူးလို့ ပယ်ဖျက် လိုက်တယ်။ သူငယ်ချင်းကို ဇင်ဘာဘွေ နိုင်ငံတော်ရဲ့ ရန်သူသစ္စာဖောက်လို့ သတ်မှတ် ကြေညာ ခဲ့တာ ရော၊ နောက်ပြီး ရိုလင်ကုမ္ပဏီ အစုရှယ်ယာတွေကို ဖွန်ဂါဘီရာလက်ကို လွှဲပြောင်းပေးတာတွေရော အားလုံး တရားမဝင်ဘူးလို့ ပယ်ဖျက်လိုက်ပြီ။ ကင်းလင်းမွေးမြူရေးခြံကြီးနဲ့ ဇမ်ဘောဇီမြစ်ရေ တိုးရစ်စခန်း ကြီးတို့ကို လည်း သူငယ်ချင်းနာမည်နဲ့ ပြန်လွှဲပြောင်းပေးထားလိုက်ပြီ "
ခရိတ် က အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေစဉ် တွန်ဂါတာကပင် ဆက်ပြောလေသည်။

" ဇင်ဘာဘွေနိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင်က ကျုပ်တို့ ကျူးလွန်ခဲ့ပါတယ်ဆိုတဲ့ အကြမ်းဖက်မှု အားလုံး ဟာ မိမိကိုယ်ကိုယ် ကာကွယ်ခုခံတဲ့အနေနဲ့ လုပ်ခဲ့ရတာမို့ ပြစ်မှုဆိုင်ရာ ဥပဒေ ကျူးလွန်ရာမရောက်ဘူးလို့ လက်ခံ လိုက်ပြီဖြစ်တယ်။ အဲဒီထဲမှာ သူငယ်ချင်းတို့နောက် လိုက်တိုက်တဲ့ တတိယတပ်မဟာက တပ်သား တွေ ကို တိုက်ခိုက်သတ်ခဲ့တာတွေရယ်၊ ဆူပါဖရီလွန် ရဟတ်ယာဉ်ကို လုယူ မောင်းပြေးတာတွေလည်း အကျုံးဝင် တယ်လေ။ ဒါကြောင့် ဝန်ကြီးချုပ်ကိုယ်တိုင်က သူငယ်ချင်းတို့အတွက် လုံးဝ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကိုတောင် လက်မှတ်ထိုးလိုက်ပြီ"

ခရိတ် က ဘာမှမပြောဘဲ ဆိတ်ဆိတ်နေ၍ နားထောင်နေရာ တွန်ဂါတာကပင် စကားဆက်ပြန်သည်။

" နောက် သတင်းတစ်ခု ပြောရဦးမယ်။ တတိယ တပ်မဟာကို ကျုပ်တို့ မာတာဘယ်လီ လူမျိုးတွေနေထိုင်တဲ့ ဒေသ က လုံးဝ ရုပ်သိမ်းလိုက်ပြီ။ အဲဒီတပ်ကိုလည်း ဖျက်သိမ်းလိုက်ပြီး စစ်သည်တွေကို တခြားတပ်ဖွဲ့ တွေမှာ ဖြန့်ပြီး ထည့်သွင်းထားလိုက်တယ်။ ဒါတင် မကသေးဘူး၊ မာတာဘယ်လီ နယ်မြေအတွင်းကို ပြင်ပ က လေ့လာသူတွေ သွားရောက်လေ့လာခွင့် ပိတ်ထားတာကိုလည်း ပြန်ဖွင့်ပေးလိုက်ပြီ"
" ဟုတ်လား၊ ဒါက အလွန်ကောင်းတဲ့ မဂ်လာသတင်းပဲ "

" ဟုတ်တယ်လေ၊ ကျုပ်အနေနဲ့ နောက်ထပ် ပြောစရာတွေ အများကြီး ကျန်သေးတယ်ဗျ။ ကျုပ်ကို စောစော က ဇင်ဘာဘွေနိုင်ငံသား အဖြစ်က ရပ်စဲထားတာကို ပြန်ပေးတဲ့အပြင် ကျုပ်ရဲ့ နိုင်ငံကူးလက်မှတ်ကိုပါ အခု ပြန်ရပြီ။ ကျုပ်က ဒီကနေပြီး ဇင်ဘာဘွေနိုင်ငံ ကို လွတ်လပ်စွာ ပြန်ခွင့်လည်း ရတဲ့အပြင် ရှေ့လျှောက် ကျုပ်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ဘယ်လိုမှ နောက်တွန့်ဟန့်တားခြင်း မပြုစေရ ပါဘူးလို့ အာမခံချက်ပါ ပေးတယ်။

ဇင်ဘာဘွေ အစိုးရက မာတာဘယ်လီ တိုင်းရင်းသားတွေနေတဲ့ နယ်မြေကို ဖက်ဒရယ်ပြည်ထောင်စုပုံစံနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ပေးဖို့တောင် စဉ်းစားနေပြီ။ ဒီ အတောအတွင်း ကျုပ်က လက်နက်ကိုင် တော်လှန် နေတဲ့ ပြောက်ကျားတွေကို အလင်းပြန်ဝင်ပြီး တရား ဥပဒေဘောင်အတွင်းက အခွင့်အရေးတွေ တောင်းဆို ကြဖို့ စည်းရုံးဖျောင်းဖျပေးရမယ်။ အလင်းဝင်လာတဲ့ ကျုပ်တို့ ရဲဘော်တွေ အားလုံးကိုလည်း လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ပေးဖို့ အစိုးရက ကတိဝန်ခံချက် ပေးတယ် "

" ဒါဖြင့် ဟန်တာပေါ့။ သူငယ်ချင်းကိုယ်တိုင်က ဒါမျိုးတွေဖြစ်အောင် ကြိုးစားနေခဲ့တယ် မဟုတ်လား။ ကျုပ် ဖြင့် ဝမ်းသာအားရဖြစ်ပြီး သူငယ်ချင်းကို ကွန်ဂရက်ကျူလေးရှင်းလို့ ချီးကျူးချင်ပါတယ် "
ခရိတ် က တကယ်ပင် ဝမ်းသာအားရ ပြောလိုက်သည်။
" ဒါပေမဲ့ ကျုပ်ကို သူငယ်ချင်းကပါ ကူညီမှ ဖြစ်မယ် "
တွန်ဂါတာ က ပြောရင်း ကမ္ဘာ့ဘဏ် ဒုဥက္ကဋ္ဌ ဟင်နရီဘက်သို့ လှည့်၍ -

" ဒီမယ် ကျုပ်သူငယ်ချင်းကို လိုဘင်ဝူလာရဲ့ မီးလှုံကိစ္စအကြောင်း ပြောပြလိုက်ရမလား "ဟု မေးလိုက် သည်။

" နေပါဦး၊ နောက်တော့ပြောတာပေါ့၊ လောလောဆယ် ကျုပ်တို့အားလုံး နေ့လယ်စာ အရင် စားလိုက် ကြရအောင် "
ဟင်နရီက ပြောရင်း ခရိတ်နှင့် တွန်ဂါတာနှစ်ဦးစလုံး၏ လက်ကို ဆွဲကိုင်ကာ ကပ်လျက် အခန်းဖြစ်သော ထမင်းစား ခန်းမကြီးသို့ ခေါ်သွားလေသည်။
ထမင်း စားခန်းမကြီးမှာ အလွန်ထည်ဝါ ခမ်းနားပြီး ပရိဘောဂပစ္စည်း အသုံးအဆောင်များကအစ အထူးပင် သားနား သပ်ရပ် လှပေသည်။
ဟင်နရီ သည် အိမ်ရှင်အဖြစ် စားပွဲ၏ ထိပ်ဆုံးနေရာတွင် ထိုင်ပြီး ခရိတ်အား ပြုံးလျက် -
" ကိုင်း ... ယမကာကိုတော့ စိတ်ကြိုက်သာရွေးပေတော့ " ဟု ဆိုကာ ယမကာအရက်မျိုးစုံပါရှိသည့် စာရင်းကတ်ပြား ကို လှမ်းပေးလိုက်သည်။

" ကျုပ်အနေနဲ့ ကွမ္ဘာပေါ်မှာ အကျော်ကြားဆုံး နံပါတ်တစ် ဘက်ဆယ်လာစာရင်းဝင် စာရေးဆရာကြီး တစ်ယောက် ကို ဂုဏ်ပြုဧည့်ခံဖို့ဆိုတာက လွယ်တာမဟုတ်ဘူးဗျ။ ဒီလို အခွင့်အရေးမျိုးရဖို့ အင်မတန် ခဲယဉ်း တယ်။ ဟဲ ... ဟဲ ... ဟဲ ... "
ဟင်နရီက ရယ်သွမ်းသွေးကာ ပြောလိုက်ရာ ဆယ်လီကပါ ဝင်၍ ထောက်ခံလေသည်။

" ဟုတ်တယ်နော်၊ သိပ်ဝမ်းသာဖို့ကောင်းတာပဲ။ ခရိတ်ရဲ့ စာအုပ်ထွက်လို့ တစ်ပတ်အတွင်းမှာပဲ နယူး ရောက် တိုင်း(မ်) သတင်းစာကြီးက အရောင်းရ တွင်ကျယ်ဆုံး " ဘက်ဆယ်လာ " စာရင်းမှာ ထိပ်ဆုံးက ဖော်ပြ ထားတယ် "
" ရုပ်မြင်သံကြား အစီအစဉ်ကနေပြီး ထုတ်လွှင့်ဖို့ စကားကမ်းလှမ်းတာကော၊ ငွေကြေးကိစ္စတွေ ပြီးပြတ်ပြီ လား "
တွန်ဂါတာက မေးလိုက်ရာ ခရိတ်က -
" စကား ပြောဆိုတာတွေတော့ ပြီးပြတ်ပါပြီ။ စာချုပ်ကတော့ လက်မှတ်မထိုးရသေးဘူး"
ဟုပြန်ပြောလိုက် သည်။

ဤတွင် ဟင်နရီက ထ၍ အရက်ခွက်ကို ကိုင်မြှောက်ကာ -
" ကျုပ်ရထားတဲ့ သတင်းအဆို ကတော့ ရုပ်မြင်သံကြား ကုမ္ပဏီက တစ်ရက်နှစ်ရက်အတွင်း ခရိတ်နဲ့ စာချုပ် ချုပ်မှာ သေချာပါတယ်။ ကိုင်း ... ဇည့်သည်တော်များ ခင်ဗျား စာရေးဆရာကြီး မစ္စတာခရိတ်ရဲ့ ထူးခြားစွာ အောင်မြင်တာ ကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ယမကာကို သောက်ကြပါစို့ ခင်ဗျာ " ဟု ပြောရင်း ဖန်ခွက်ကို မော့သောက်ချ လိုက်ရာ ကျန်လူများကလည်း ဖန်ခွက်ကိုယ်စီကိုင်၍ သောက်ကြလေသည်။

အင်္ဂလိပ်ဘာသာဖြင့် " တို့စ်" ခေါ် ယမကာအရက်ခွက် ကိုင်မြှောက်၍ ဆုတောင်းခြင်း၊ ဂုဏ်ပြုခြင်းပြုရာ၌ ကာယကံရှင် က မသောက်ဘဲ နေရသည်ဖြစ်ရာ ခရိတ်ကမကျေမနပ်ဟန်ဖြင့် -
" နောက်ထပ် "တို့စ်" ဆုတောင်းတာ တစ်ခုလုပ်ပါဦး။ ကျုပ်ပါ ဝင်သောက်နိုင်မယ့်ဟာမျိုး လုပ်ပါ" ဟု ပြော ရာ ဟင်နရီက ပြုံး၍ ယမကာခွက်ကို ကိုင်မြှောက်လိုက်ပြန်သည်။
" ဇည့်သည်တော်များ ခင်ဗျား ယခုတစ်ကြိမ်မှာတော့ အလွန်ထူးခြားဆန်းကြယ်တဲ့ လိုဘင်ဂူလာရဲ့ မီးလှုံ ကြီး ကို ဂုဏ်ပြုရင်း သောက်ကြပါစို့ "
ဤတွင် အားလုံး ဖန်ခွက်ကိုယ်စီကိုင်မြှောက်ကာ သောက်ကြပြန်ရာ ဟင်နရီက တွန်ဂါတာဘက်သို့ လှည့်၍ -
" ကိုင်း ... ခင်ဗျားက လိုဘင်ဂူလာရဲ့ မီးလှုံကြီးအကြောင်း ပြောပြလိုက်ပေတော့" ဟု ပြောလေသည်။ သည်တော့ မှ တွန်ဂါတာက ပြုံး၍ ပြောပြလေသည်။

" ဘုရင် လိုဘင်ဂူလာရဲ့ သခ္ဓိုင်းဂူကရခဲ့တဲ့ စိန်တွေကို မစ္စတာ ဟင်နရီက လုံခြုံစွာ ထိန်းသိမ်းထားဖို့နဲ့ စိန်တွေ ရဲ့ တန်ဖိုးကို ဖြတ်ကြည့်ဖို့ တာဝန်ယူခဲ့တယ်။ ကမ္ဘာ့စိန်အကဲဖြတ် ပါရဂူများရှိတဲ့ ဟယ်ရီဝင်စတန် ကုမ္ပဏီ က လူတွေကတော့ ခန့်မှန်းခြေတန်ဖိုး တွက်လို့ရပါပြီ"
" ဟုတ်လား၊ တန်ဖိုးဘယ်လောက် ဖြတ်သလဲတဲ့။ မြန်မြန် ပြောစမ်းပါရှင့် "
ဆယ်လီ က ဝင်ပြောလိုက်သည်။

" အားလုံးသိတဲ့အတိုင်း လောလောဆယ် အခြေအနေမှာ ကမ္ဘာ့စိန်ဈေးက ကျနေတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဒေါ်လာခုနစ်သောင်း တန်တဲ့ တစ်လုံးဟာ အခုဆိုရင် နှစ်သောင်းလောက်ပဲရတယ် လ

" ဒါတွေ ပြောမနေစမ်းပါနဲ့၊ လိုဘင်ဂူလာရဲ့ စိန်တွေရဲ့ ခန့်မှန်းခြေ တန်ဖိုးကိုသာ မြန်မြန်ပြောစမ်းပါ "
" ကောင်းပြီ ပြောပြပါ့မယ်။ အခုလောလောဆယ် ပါရဂူတွေက တန်ဖိုးဖြတ်တဲ့ အတိုင်းဆိုရင်
စိန်တွေရဲ့ တန်ဖိုး က အမေရိကန်ဒေါ်လာ သန်းပေါင်းခြောက်ရာလောက်ရှိသတဲ့ "
" ဟင် ... ဒေါ်လာ သန်းခြောက်ရာတောင်လား "
အားလုံးက အံ့အားသင့်သလောက် ဝမ်းသာအားရ ဖြစ်သွားကြပြီးနောက် တွန်ဂါတာက ဆက်ပြော
လေ သည်။

" ကျုပ်တို့ စောစောကတည်းက သဘောတူခဲ့ကြတဲ့အတိုင်း ဒီစိန်တွေကို ထိန်းသိမ်းဖို့ ဂေါပကအဖွဲ့
တစ်ဖွဲ့ ဖွဲ့စည်းပြီး တာဝန်ပေးထားမှာ ဖြစ်ပါတယ်။ အဲဒီ ဂေါပကအဖွဲ့ထဲမှာ ခရိတ်က
အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင် ဆောင်ရွက် စေချင်ပါတယ် "
" ကျုပ် လက်ခံပါတယ် "
ခရိတ်က ပြောလိုက်ပြီးနောက် တွန်ဂါတာက ဆက်ပြောလေသည်။

" ခင်ဗျားတို့ကို အသိပေးလိုတာက စိန်ဆယ့်လေးလုံးကိုတော့ ရောင်းချလိုက်ပြီးဖြစ်တယ်။ ရောင်းချဖို့
ကျုပ် ကပဲ သဘောတူလိုက်တယ်။ ရောင်းရတဲ့ငွေက ဒေါ်လာငွေ သိန်းငါးဆယ်ဖြစ်ပါတယ်။ အဲဒီငွေ
အားလုံး ကိုလည်း ကမ္ဘာ့ဘဏ်ကို လွှဲပြောင်းပေးလိုက်ပြီးဖြစ်တယ်။ ဒါက ကမ္ဘာ့ဘဏ်က
ခရိတ်ချေးယူခဲ့တဲ့ ငွေကို အပြေအလည် ပေးဆပ်လိုက်တာပဲ"
တွန်ဂါတာက ပြောရင်းနှင့် အိတ်ထဲမှ စာအိတ်တစ်အိတ် ဆွဲထုတ်ပြီး ခရိတ်အားလှမ်းပေးရင်း -
" ဟာဒီမှာ ကမ္ဘာ့ဘဏ်က ငွေပြေရရှိကြောင်း ပြေစာ။ ဒါဟာ လိုဘင်ဂူလာရဲ့ မီးလျှံလို့ခေါ်တဲ့
စိန်တွေထဲက သူငယ်ချင်း ရဲ့ အစုရှယ်ယာပဲ။ အခုအချိန်ကစပြီး သူငယ်ချင်းမှာ
ကြွေးမြီလုံးဝမရှိတဲ့အပြင် ကင်းလင်း မွေးမြူရေးခြံကြီး နဲ့ တကွ
ဇမ်ဘောဇီမြစ်ရေများတိုးရစ်စခန်းကြီးတို့ဟာလည်း သူငယ်ချင်းကိုယ်ပိုင် ဖြစ်နေပြီ။ ကျုပ် တစ်ခုတော့
သူငယ်ချင်း ပူဖိုးဆီက တောင်းချင်ပါတယ် "

" တောင်းချင်တာ တောင်းစမ်းပါဗျာ "
ခရိတ်က ပြောလိုက်သည်။
" သူငယ်ချင်းကို အာဖရိကတိုက် ပြန်လာစေချင်ပါတယ်။ ကျုပ်တို့ အာဖရိကတိုက်က

တိုင်းရင်းသားတွေ ဖွံ့ဖြိုး တိုးတက် ဖို့ ကြိုးပမ်းရာမှာ သူငယ်ချင်းတို့လို ပုဂ္ဂိုလ်တွေ အများကြီး လိုအပ်နေတယ်။

ခင်ဗျားရော ကျုပ်ရော အလွန်ချစ်မြတ်နိုးတဲ့ အာဖရိကတိုက်ကြီးဟာ နောက်ထပ် အမှောင်ထုကြီးထဲ ပြန်ရောက် သွားနိုင် တဲ့ အန္တရာယ်တွေ၊ ပယောဂတွေ၊ ရှိနေတယ်ဆိုတာလည်း
သူငယ်ချင်းအသိဆုံးပဲ "
ဤတွင် ခရိတ်က ဆယ်လီဘက်သို့လှည့်၍
" ဟော့ ... ဆယ်လီ မင်းကပဲ ပြန်ဖြေလိုက်စမ်းပါ " ဟု ပြောလိုက်သည်။
ဆယ်လီကလည်း တွန်ဂါတာအား လှမ်း၍ -
" စိတ်ချပါရှင့်၊ ကျွန်မတို့က ရှင်နဲ့အတူ တစ်ပါတည်း လိုက်ခဲ့ကြမှာပါ။ ကျွန်မတို့ ကတိပေးပါတယ်"
ဟု ပြန် ဖြေလိုက်သည်။

ခရိတ်အနေဖြင့် အလွန်သံယောဇဉ် ကြီးမားသော ချစ်မြတ်နိုးသောအာဖရိကတိုက်သို့ ပြန်ရောက် လာပြန် လေပြီ။
ဆယ်လီနှင့် ခရိတ်တို့သည် လင့်ရိုဇာကားနှင့် ကင်းလင်းမွေးမြူရေးခြံသို့ မောင်းသွားကြလေသည်။
ညနေစောင်း အချိန်ဖြစ်၍ နေရောင်တွင် တောတောင်ရေမြေ သဘာဝရှုခင်းတို့သည် ရွှေရောင် တောက်နေ သည် ဟု ထင်ရလေသည်။
မွေးမြူရေးခြံကြီး၏ အပြင်ဘက် မြက်ခင်းပြင်တွင် သူတို့၏ တပည့်များ တိုင်းရင်းသား လုပ်သားကြီးများက စုဝေး ၍ ခရီးဦးကြို ပြုနေကြလေသည်။

ခရိတ်သည် အဘိုးကြီး ရှာဒရပ်အား ဖက်လဲတကင်း နှုတ်ဆက်လိုက်ပြီးနောက် အဘိုးကြီး၏ လက်တစ်ဖက် ပြတ်နေသည် ကို မြင်လျှင် စိတ်မကောင်း ဖြစ်မိလေသည်။
သို့သော် အဘိုးကြီးက ပြုံးလျက် -
" ဘာမှ မစိုးရိမ်ပါနဲ့၊ ကျုပ်က လက်တစ်ဖက်တည်းနဲ့ ဟိုတိရွစ္ဆာန်ကောင်တွေ လက်နှစ်ဖက် လုပ်တာထက် ပိုညီး အလုပ်လုပ်နိုင်ပါတယ် "ဟု ပြန်ပြောလေသည်။
" ဒီလို လုပ်ကြရအောင်ဗျာ၊ ကျွန်တော်က ခင်ဗျားကို လက်တစ်ဖက် ငှားမယ်၊ ခင်ဗျားကလည်း

ကျုပ်ကို ခြေ ထောက်တစ်ဖက် ငှားပေါ့။ ဟဲ ... ဟဲ ... "
ခရိတ် က ရယ်စရာပြောလိုက်ရာ အားလုံးက ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။

စားဖိမှူးကြီး ဂျိုးဇက်သည် အထူးပျော်ရွှင် နေပုံရလေသည်။
" အခုမှပဲ ကျုပ်တို့ ကင်းလင်းခြံကြီးမှာ သခင်မ ကောင်းတစ်ယောက်အပိုင်ရောက်ရှိလာတော့တယ်။
ဟဲ ... ဟဲ ... "

ခရိတ်နှင့် ဆယ်လီတို့သည် လေ့ကားထိပ်တွင် တစ်ယောက်လက်ကို တစ်ယောက် တွဲလျက်
ရပ်နေကြစဉ် မာတာဘယ်လီ တိုင်းရင်းသားတို့က သူတို့အား ခရီးဦးကြိုပြုသည့် ဂုဏ်ပြုတေးများကို
မာတာဘယ်လီ ဘာသာ ဖြင့် သီဆိုဂုဏ်ပြုကြသည်ကို နားထောင်ရင်း ကြည်နူးပီတိ
ဖြစ်နေကြလေသည်။
တိုင်းရင်းသား တေးသီချင်းများ သီဆိုတီးမှုတ်၍လည်း ဖျော်ဖြေကြရာ အမျိုးသမီးများက ပျော်ရွှင်စွာ
ကခုန် နေကြစဉ် ခရိတ်သည် အလွန် စိတ်နလုံး ကြည်လင်မိရာမှ ချစ်သူ ဆယ်လီအား ယုယစွာ
နမ်းလိုက်လေ သည်။

ပြီးပါပြီ